
www.burmeseclassic.com

# The City of Joy

# မြသန်းတင့်

# သုခမြို့တော်

**Dominique Lapierre**



၁၉၉၂ ခုနှစ် အမျိုးသားစာပေ ဘာသာပြန်ဆုရ

www.burmeseclassic.com

www.burmeseclassic.com

# မြသန်းတင့်

## (၁၉၂၉-၁၉၉၈)

၁၉၂၉ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ပခုက္ကူခရိုင်၊ မြိုင်မြို့နယ် အပရွေ့နေဦးပေါ်တင့်၊ အမိဒေါ်လှိုင်တို့မှ မွေးဖွားသည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဘွဲ့ရရှိသည်။

၁၉၄၉ ခုနှစ်တွင် 'ဒုက္ခသည်' ဝတ္ထုတိုကို စတင်ရေးသားခဲ့ပြီး ပဒေသာ၊ သွေးသောက်၊ ရှုမဝ၊ ဂျာနယ်ကျော်၊ လင်းယုန်စသည့် မဂ္ဂဇင်းဂျာနယ်များ၌ ဝတ္ထု၊ ပြဇာတ်၊ ဆောင်းပါးများ ရေးသားသည်။ စာပေသစ်မဂ္ဂဇင်းကို ကိုသန်းတင်၊ ဒဂုန်တာရာ၊ မောင်ကြည်လင်၊ အောင်လင်းတို့နှင့်အတူ ဦးဆောင်ထုတ်ဝေခဲ့ပြီး စာရေးဆရာအသင်း၏ စာပေမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာအဖြစ်လည်းကောင်း၊ 'ပြည်တော်သစ်' ဂျာနယ်တွင် အယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ တိုးတက်ရေးသတင်းစာတွင် နိုင်ငံခြားရေးအယ်ဒီတာအဖြစ်လည်း ကောင်း၊ ဆောင်ရွက်သည်။ 'နွံထဲကကြာ' ဝတ္ထုမှစ၍ ကလောင်အမည်ကို 'မြသန်း' မှ 'မြသန်းတင့်' သို့ပြောင်းသည်။

ပင်ကိုယ်ရေးနှင့်ဘာသာပြန်စာအုပ် တစ်ရာခန့် ရေးသားခဲ့သည်။ ပင်ကိုယ်ရေးဝတ္ထုများအနက် နွံထဲကကြာ၊ အမှောင်ရိပ်ဝယ်၊ မာယာဘုံ၊ မားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည် တို့သည် ထင်ရှား၍ ဘာသာပြန်ဝတ္ထုများအနက်၊ 'စစ်နှင့်ငြိမ်းချမ်းရေး' သည် ၁၉၇၂ ခုနှစ် အမျိုးသားစာပေဘာသာပြန်ဆု၊ 'လေရူးသုန်သုန်' သည် ၁၉၇၈ ခုနှစ် အမျိုးသားစာပေဘာသာပြန်ဆု၊ 'ခန်းဆောင်နီအိပ်မက်' သည် ၁၉၈၈ ခုနှစ် အမျိုးသားစာပေဘာသာပြန်ဆု၊ 'သုခမြို့တော်' သည် ၁၉၉၂ ခုနှစ် အမျိုးသားစာပေဘာသာပြန်ဆု၊ 'အချစ်မိုးကောင်းကင်' သည် ၁၉၉၅ ခုနှစ် အမျိုးသားစာပေဘာသာပြန်ဆုများ ရရှိခဲ့သည်။

ဆရာမြသန်းတင့်သည် ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်နေ့ ည (၉း၁၅) တွင် ကွယ်လွန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ခွင့်ပြုချက်
စာမူ ၅၆၈/၉၈ (၁၀)
အဖုံး ၉၇/၉၉ (၂)

ထုတ်ဝေသူ
ဦးဝင်းမြင့် (မြ ၀၁၅၁၂)
ဝင်းမြင့်အောင်စာပေ
၃၁၅/ ၂/ခ ရပ်ကွက်
ထောက်ကြံ့တိုးချဲ့ မင်္ဂလာဒုံ

ပုံနှိပ်သူ
ဦးမြတ်ကျော် (၀၅၅၅)
စာလုပ်ငန်းပုံနှိပ်တိုက်
၁၉၄၊ ၃၃ လမ်း၊ ရန်ကုန်။

အဖုံးပုံနှိပ်သူ
ဦးကျော်စိန် (မြ ၀၂၉၀၉)
ကျောက်စိမ်းပုံနှိပ်တိုက်
၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်။

အဖုံး
မုတ်သုံ

ကွန်ပျူတာစာစီ
Prestige

ဖလင်
ကိုကျော်ကျော်
ဖုန်း ၂၅၂၇၈၉

ပုံနှိပ်ခြင်း
တတိယ အကြိမ်
အုပ်ရေ ၁၀၀၀၊
မေ၊ ၁၉၉၉။

တန်ဖိုး
၂၀၀၀ ကျပ်

လောကသစ်စာပေ၊
၇၊ သုဝဏ္ဏလမ်း၊
ကျိုက္ကဆံရပ်ကွက်၊
ဗဟန်းမြို့နယ်။

# မြသန်းတင့်

# သုခမြို့တော်

**Dominique Lapierre**

**The City of Joy**

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာပြန်သူ၏ အမှာ

ကျွန်တော်သည် ပြင်သစ်အမျိုးသား စာရေးဆရာ ဒိုးမီးနီလာပီယဲ၏ "သုခမြို့တော်"ကို ၁၉၈၇ ခုနှစ်က "စံပယ်ဖြူ" မဂ္ဂဇင်းတွင် အခန်းဆက်အဖြစ်ဖော်ပြခဲ့သည်။ ၁၉၈၈ ခုနှစ် "စံပယ်ဖြူ" မဂ္ဂဇင်းရပ်ဆိုင်းသွားသည့်အခါတွင် ကျွန်တော့် ဘာသာပြန်သည့် ဝတ္ထုသည် အပြီးမသတ်သေးဘဲ တစ်ပိုင်းတစ်စ ကျန်ရစ်ခဲ့သည်။ ထို့နောက် ကျွန်တော်သည် "သုခမြို့တော်" ကို ပြီးပြတ်အောင် ရေးပြီး ထုတ်ဝေသူလက်သို့ အပ်လိုက်ပါသည်။

၁၉၉၁ ခု၊ နှစ်လယ်လောက်တွင်မှ လာပီယဲ၏ "သုခမြို့တော်" နှင့် ပတ်သက်သည့် သတင်းဆောင်းပါးတစ်ပုဒ်ကို "တိုင်းမဂ္ဂဇင်း"တွင် တွေ့လိုက်ရသည်။ ယခုစာအုပ်တွင် စာရေးသူ၏ စကားလက်ဆောင်အဖြစ် ထိုသတင်းဆောင်းပါးကို မြန်မာပြန်၍ဖော်ပြလိုက်ပါသည်။

"တိုင်းမဂ္ဂဇင်း" တွင်ပါသည့် သတင်းဆောင်းပါးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"ဆင်းရဲသားတို့၏ ချွေးဖြင့် ရတတ်သမျှတို့ကို စုစည်းထားသော အကျိုးအပဲ့၊ အစုတ်အပြတ် ပုံများပေါ်မှနေ၍ ကာလကတ္တားမြို့၏ ဆင်းရဲသားရပ်ကွက်များသည် အလျှို အလျှို ပေါ်ပေါက်လာနေကြသည်။ ချမ်းသာသော နိုင်ငံခြားသားများသည် ခရီးဝေးမှရောက်လာကြကာ ထိုဆင်းရဲသားရပ်ကွက်များအနီးတွင် ငွေကုန်ကြေးကျခံ၍ ဆင်းရဲသား ရပ်ကွက်အတုများကို လာရောက် တည်ဆောက်နေကြသည်ဆိုလျှင် ယင်းမှာ ရုပ်ရှင်များထဲတွင်သာ ဖြစ်ပေလိမ့်မည်။

"သို့ရာတွင် ကာလကတ္တားမြို့သူမြို့သားတို့ကို စိတ်ဆိုးစေသော အနောက်တိုင်း လူချမ်းသာတို့၏ ပြီးပြက်တောက်ပသော ကျူးကျော်ဝင်ရောက်မှုသည် တကယ် အစစ်အမှန် ပေါ်ပေါက်ခဲ့ပါသည်။ လွန်ခဲ့သည် သီတင်းပတ် ၁၂ ပတ်အတွင်းက ဗြိတိသျှလူမျိုး ရုပ်ရှင် ဒါရိုက်တာ ရိုလန်ဂျော်ဖီ ခေါင်းဆောင်သည့် အဖွဲ့ဝင်ပေါင်း ၁၂၀ ပါသည့် ရုပ်ရှင်တစ်ဖွဲ့သည် စာရေးဆရာ ဒိုမီးနီလာပီယဲ၏ ရောင်းအကောင်းဆုံး ဝတ္ထုတစ်ပုဒ်ဖြစ်သည့် "သုခမြို့တော်" ကို ကာလကတ္တားတွင်လာ၍ ရုပ်ရှင်ရိုက်ကူး ခဲ့ကြသည်။ ယင်းဝတ္ထုမှာ ကာလကတ္တားမြို့၏ ဆင်းရဲသားများအား ချီးကျူးဂုဏ်ပြု

www.burmeseclassic.com

ထားသည့် ဝတ္ထုတစ်ပုဒ်ဖြစ်သော်လည်း ဝတ္ထုကို ကာလကတ္တား မြို့သူမြို့သားများက နှစ်သက်ခြင်းမရှိကြ။ ရုပ်ရှင်ကိုလည်း ထိုသို့ သဘောထားနေကြသည်။

ရုပ်ရှင်ရိုက်ကူးသူများသည် သရုပ်ပီပြင်စေရန် အတတ်နိုင်ဆုံး ကြိုးစားကြသည်။ အချို့သော ပြကွက်များကို ဝတ္ထုထဲတွင်ပါသည့် နေရာများသို့ သွားရောက်ရိုက်ကူးခဲ့သည်။ သို့ရာတွင် ရုပ်ရှင်ကားကို တစ်နေရာတည်းတွင်သာ ရိုက်နေလျှင် အနှောင့်အယှက်များရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဒေါ်လာ ၁.၄ သန်း အကုန်ခံကာ ကာလကတ္တားရှိ ၂.၅ ဟက်တာကျယ်ပြန့်သော သင်္ဘောကျင်း မြေကွက်လပ်ထဲတွင် ဆင်းရဲသားရပ်ကွက်များကို ပုံတူတည်ဆောက်၍ ရိုက်ကူးခဲ့ရသည်။ ညစ်ပတ်သော လမ်းကြားကလေးများ တစ်ဖက်တစ်ချက်တွင် ကြပ်ခိုးတွေ မည်းနက်ညစ်ပတ်နေသော အုတ်တိုက်ငယ်များကို ဆောက်ရသည်။ ဆင်းရဲသားရပ်ကွက်ပေါင်း ၆၀ ကို ဖန်တီးရသည်။ ဟာလာဟင်းလင်း ဖြစ်နေသော ရေဆိုးမြောင်းကြီးများထဲတွင် အညစ်အကြေးတွေလောင်းထည့်ရသည်။ အလုပ်သမား ၃၀၀ ကျော်တို့က ဆင်းရဲသားရပ်ကွက်ကလေးထဲမှ ဝါးတဲကလေးများကို ဆောက်ကြသည်။ အမိုးများကို ရေထားသည့် သံပြားများဖြင့် မိုးရသည်။ တံခါးအပေါက်အချပ် ၃၂၀ ကို လုပ်ရသည်။ ရွှံ့ဆောင်းနေသည့် ပြတင်းကြေးပေါင် ၄၂၅ ခုတို့ကို လုပ်ရသည်။ ရုပ်ရှင်ဒိုင်းထုတ်လုပ်သူ ရှိုင်းဇေါ်ကားသည် ထိုပစ္စည်းများကို ကာလကတ္တားမြို့ရှိ အဟောင်းဆိုင် အနှံ့အပြား၊ ဂိုဒေါင် အနှံ့အပြားတွင် လိုက်လံဝယ်ယူ စုဆောင်းခဲ့ရသည်။

ဇာတ်သိမ်းခန်းတွင် လေမုန်တိုင်း ကျခန်းနှင့် မိုးရွာခန်းကို ရိုက်ရန်အတွက် လေမှုတ်၊ ရေမှုတ်သည့် စက်ကြီးတစ်လုံးကို တည်ဆောက်ရသည်။ လေယာဉ်ပန်ကာကြီးများဖြင့် လုပ်သည့် လေမှုတ်ပန်ကာကြီးများက တစ်နာရီလျှင် မိုင် ၁၂၀ အရှိန်ရှိသော လေကို မှုတ်ထုတ်ပေးကြသည်။ ကရိန်းကြီးတစ်ခုပေါ်မှ ဆွဲထားသော ကြီးမားသည့် ရေပန်းကြီးများက အလိပ်လိုက်တက်လာသော ရေထုသဏ္ဍာန် ပေါ်စေရန်အတွက် တစ်မိနစ်လျှင် ရေလစ်တာပေါင်း ၁၂,၅၀၀၀ ကို ပန်းထုတ်ပေးနေကြသည်။ လေမုန်တိုင်းကြောင့် ဇာတ်ကားထဲတွင်ပါသည့် ဇာတ်ဆောင်တစ်ယောက် ခေါင်းပေါ်သို့ အမိုးကြီးပြုတ်ကျသွားသည်။ (ခေါင်းပေါ်သို့ ပြုတ်ကျရာတွင် ထိခိုက်ခြင်း မရှိရအောင် အထူးပြုလုပ်ထားသည့် ဟိုက်ဒရောလစ်စက်ဖြင့် အမိုးကို ဖြုတ်ချရသည်။) ရေကြီးသဖြင့် သရုပ်ဆောင်မှာ ရေဆိုးမြောင်းကြီးထဲသို့ မျောပါသွားရသည်။

"သို့ရာတွင် ဒါရိုက်တာဂျော်ဖီအဖို့ကား ဟိုက်ဒရောလစ်စက်ကြီးများဖြင့် ကူသော်လည်း ခံရချက် မသက်သာလှပါ။ အခြားကြောင့်မဟုတ်။ သူ့ရုပ်ရှင်ကား[illegible] ကာလကတ္တားမြို့ကြီး၏ ဆင်းရဲပုံကို ရိုက်ကူးထားသည့် ရုပ်ရှင်ဖြစ်သည်[illegible] အာဏာပိုင်များက ရိုက်ကူးခွင့်ပြုရန် နှောင့်နှေးနေကြသောကြောင့်ဖြစ်သည်။ သို့ရာတွ[illegible] မူလဇာတ်ညွှန်းကို ၁၄ ကြိမ်မြောက် ပြင်ဆင်တင်ပြပြီးနောက် ယမန်နှစ်ကုန်ခါနီးတွ[illegible]

BURMESE CLASSIC

အာဏာပိုင်တို့က သူ့ဇာတ်ကားကို ရိုက်ခွင့်ပြုလိုက်သည်။ ထိုကြောင့် ရုပ်ရှင်သည် ဝတ္ထုနှင့်မတူတော့ဘဲ တော်တော်များများ ပြောင်းပစ်ခဲ့ရသည်။ အာဏာပိုင်တို့ထံမှ ခွင့်ပြုချက်ရရုံမျှဖြင့် ဒါရိုက်တာ၏ ပြဿနာသည် အဆုံးမသတ်သေးပါ။ ရုပ်ရှင်စရိုက်ပြီး အစ်ပတ်အကြာတွင် ပိုစတာများကို ကိုင်ဆောင်ထားသော လူအုပ်များက ဆန္ဒပြ ဆန့်ကွက်ကြပြန်ပါသည်။ "သုခမြို့တော်ကို ဒိမ်မယ်မြို့တော်အဖြစ် မပြောင်းနဲ့" ဟု ပိုစတာများတွင် ရေးထားသည်။ ရှေ့နေများကလည်း ဇာတ်ညွှန်းသည် ၁၉ ရာစုနှစ်က အိန္ဒိယဘာသာရေး ပြုပြင်ပြောင်းလဲမှု ခေါင်းဆောင်တစ်ဦးကို အသရေပျက်စေသည်ဟု (အခြေအမြစ်မရှိဘဲ) စွပ်စွဲကာ ရုံးတော်တွင် တရားစွဲဆိုထားကြသည်။ ရိုက်ကွင်းတစ်ခုတွင် လူရမ်းကားအချို့က လာရောက်၍ ရိုက်ကွင်းကို လာရောက်ဖျက်ပင်သွားကြသည်။ အမည်မသိသူများက လုပ်လက်ပစ်ဗုံးများဖြင့် ရိုက်ကွင်းတစ်ခုကို လာရောက်ပစ်ခတ်သွားကြသည်။ ကံကောင်းထောက်မသဖြင့် အထိအခိုက်တော့ မရှိပါ။ သက်ဆိုင်ရာအာဏာပိုင်နှစ်ဦးက ရိုက်ကွင်းတိုင်းကိုလိုက်ပြီး ဇာတ်ညွှန်းအရ ရိုက်ခြင်း ဟုတ်မဟုတ်ကို စောင့်ကြည့် စစ်ဆေးကြသည်။ "ဒီလောက်ဆင်ဆာလုပ်တဲ့ ဒီမိုကရေစီနိုင်ငံရယ်လို့ ဘယ်မှာမှ ရှိမယ်မထင်ပါဘူးဗျာ" ဟု ဒါရိုက်တာ ဂျော်ဖီက ညည်းသည်။

ယင်းတို့မှာ တိုင်းမဂ္ဂဇင်းတွင်ပါသည့် သတင်းဆောင်းပါးမှ အချက်အလက်အချို့ဖြစ်သည်။

ယခုမူ "သုခမြို့တော်" ကို ရိုက်ကူးပြီးစီးသွားလေပြီ။ အနောက်နိုင်ငံ ဝေဖန်သူများကမူ သူ့ရုပ်ရှင်ကားကို ချီးကျူး ကြိုဆိုကြသည်။ ဝတ္ထုနှင့် ရုပ်ရှင် ဘယ်လောက်ကွဲလွဲမည်ကိုမူ မပြောနိုင်သေးပါ။

ယခု ကျွန်တော့်ဘာသာပြန်တွင်မူ လူမျိုးရေးအရ၊ ဘာသာရေးအရ ထိခိုက်စေနိုင်သည်ဟု ယူဆရသော အချက်အလက်အနည်းငယ်မှအပ အပြည့်အစုံပြန်ဆိုထားခြင်း ဖြစ်ပါသည်။

ယခုဝတ္ထုကို ဖော်ပြခဲ့သော "စံပယ်ဖြူ" မဂ္ဂဇင်းနှင့် ထုတ်ဝေသော လောကသစ် စာပေတိုက်တို့အား ကျေးဇူးတင်ကြောင်း ဖော်ပြပါသည်။

မြသန်းတင့်

၂၉-၆-၉၂

www.burmeseclassic.com

www.burmeseclassic.com

## ၁

သူ့ပုံပန်းသဏ္ဌာန်သည် မဂိုစစ်သည်တစ်ဦးနှင့် တူသည်။ ထူထဲနက်မှောင်၍ ထိုးထနေသော ဆံပင်၊ အောက်သို့ ငိုက်ဆင်းနေသော နှုတ်ခမ်းမွေးနှင့် ဆက်နေသော နားပန်းဆံမျှား၊ တောင့်တင်းကျစ်လျစ်သည့် တင်ပါး၊ ရှည်လျား၍ ကြွက်သားတို့ အပြိုင်းပြိုင်းထနေသော လက်တံများနှင့် မသိမသာခွင်သည့် ခြေတံတို့သည် မဂိုစစ်သည် တစ်ဦး၏ ပုံပန်းသဏ္ဌာန်ဖြစ်သည်။ သို့ရာတွင် အသက်သုံးဆယ့်နှစ်နှစ်သာရှိသေးသည့် ဟာစရီပါးသည် လယ်သမား အစ်ယောက်သာဖြစ်၏။ မိမိတို့ အသက်မွေးမှုအတွက် ဘုမ္မစိုးနတ်ကို ကိုးကွယ်ပသနေကြသည့် အိန္ဒိယတိုင်းရင်းသား သန်းငါးရာတို့အထဲမှ တစ် ယောက်သာဖြစ်၏။

ဟာစရီပါးသည် သုံးပင်နှစ်ခန်း တဲကလေးတစ်လုံးကိုဆောက်၍ အတာကို ရွှံ့မံကာ အမိုးကို သက်ကယ်မိုး၏။ သူ့တဲကလေးသည် ဘင်္ဂလားပြည် နယ် အနောက်ပိုင်း၊ ဘန်ကူလီရွာနှင့် မနီးမဝေးတွင်ရှိသည်။ သူ့ဇနီး အာလောကသည် အသားအရေ ကြည်လင်သည့် မိန်းမငယ်တစ်ဦးဖြစ်ပြီး နတ်မိမယ် တစ်ဦးနှင့်တူသည်။ သူ့နှာခေါင်းတွင် ရွှေကွင်းတစ်ကွင်း ဖောက်တပ် ထားပြီး ခြေတွင် ခြေကျင်းတွေ ဝတ်ထားသည်။ လမ်းသွားသည့်အခါ၌ သူ့ခြေကျင်းများသည် တချွင်ချွင်မြည်နေကြ၏။ အာလောကသည် သားသမီး သုံးယောက် မွေးခဲ့ပြီးပြီ။ အကြီးဆုံး အမ္မရစ်တာမှာ ဆယ့်နှစ်နှစ်သမီးရှိလေပြီ။ အမ္မရစ်တာသည် အဖေ့ထံမှ ဝန်းဝိုင်းသော မျက်လုံးအစုံကို အမွေရခဲ့ပြီး အမေ့ထံမှ မက်မုံသီးလို ဝါဝင်းသော အသားအရေကို အမွေရခဲ့၏။ ရှစ်နှစ်ရောက် ဘာနူးနှင့် ခြောက်နှစ်ရွယ် ရှမ်ဘူးတို့မှာ ဆံပင်နက်နက်၊ ကိုယ်လုံးကိုယ်ပေါက်

www.burmeseclassic.com



ထွားထွားနှင့်ဖြစ်ကြ၏။ သူတို့ ညီအစ်ကိုနှစ်ယောက်သည် ကျွဲကျောင်းခြင်း မပြုဘဲ ကန်ဆေားတွင် ပုတ်သင်ညိုလို လိုက်ရိုက်နေတတ်ကြသည်။ သူတို့အိမ်တွင် ဟာစရိုပါး၏ အဖေဖြစ်သူ ပရိုးဒစ်လည်းရှိသေးသည်။ ပရိုးဒစ်မှာ ပိန်ပိန်ပါးပါး၊ မျက်နှာတွင် အရေတို့တွန့်စပြုလေပြီ။ မုတ်ဆိတ်တို့မှာလည်း ဖွေးဖွေးဖြူနေလေပြီ။ ဟာစရိုပါး၏ အမေ နာလီနီမှာလည်း ခါးကိုင်းကာ မျက်နှာသည် သစ်ချသီးကဲ့သို့ ရှုံ့တွနေလေပြီ။ ထို့ပြင် သူတို့အိမ်တွင် သူ့ညီနှစ်ယောက်နှင့် သူတို့ ဇနီးများ၊ သားသမီးများလည်း ရှိသေးရာ သူတို့အိမ်တွင် စုစုပေါင်း အိမ်သားဆယ့်ခြောက်ယောက်နှင့်နှင့်ရှိ၏။

သူတို့တဲကလေးတွင် အပေါက်နိမ့်နိမ့်ကလေးတွေ ဖောက်ထားသည့်အတွက် ပူပြင်းသည့် နွေဆိုလျှင် အတန်အသင့် အေးပြီး၊ စိမ့်နေအောင်ချမ်းသည့် ဆောင်းတွင်းညများဆိုလျှင် အနည်းငယ် နွေးနေတတ်၏။ တဲကလေးတစ်ဖက်တစ်ချက်ရှိ ဝရန်တာ နှစ်ဖက်ပေါ်တွင် အနီနှင့်အဖြူရောင် ဗိုလ်ကတော်မျက်ခုံးပန်းတွေ နွယ်တက်နေသဖြင့် အရိပ်ရနေသည်။

အိမ်ရှေ့တစ်ဖက်ယပ် အဖီကလေးထဲတွင် အာလောကသည် ခြေနင်းမောင်းဆုံကို တဂျောင်းဂျောင်း ထောင်းလျက်ရှိပြီး သမီးကြီး အမ္ဗရစ်တာက စပါးများကို မောင်းဆုံထဲသို့ ထည့်ပေးနေသည်။ အခွံကျွတ်သွားသည်နှင့် မောင်းကျောက်ထဲမှ ဆန်များကို ပြန်ထုတ်ယူပြီး စပါးခွံရွေးသည်။ တစ်တင်းပြည့်လျှင် တလင်းထဲတွင်ရှိသည့် ပုတ်ထဲသို့သွား၍ ထည့်၏။ စပါးပုတ်မှာ လေးတိုင်စင်ကလေးပေါ်တွင် တင်ထားပြီး စပါးစည်အဖြစ်လည်းကောင်း၊ ခိုအိမ်အဖြစ်လည်းကောင်း အသုံးပြုသည်။

တဲပတ်ပတ်လည်ကို မျှော်ကြည့်လိုက်လျှင် ရွှေရောင်ဝင်းနေသော လယ်ကွင်းကြီးများကို မြင်ရ၏။ လယ်ကွင်းများအလယ်တွင် စိမ်းညို့နေသည့် သရက်ခြံများသည် ဆေးစက်ချထားသည့်နှယ်။ အစိမ်းရောင်လွှင်လွှင် ထန်းပင်အုပ်များနှင့် စိမ်းနုသော ဝါးရုံတောများက ခပ်လှမ်းလှမ်းတွင် ရပ်လျက်။ ရေသွင်းမြောင်းများသည် မြင်ကွင်းထဲတွင် ချုပ်ရိုးကြောင်းများသဖွယ်။ ကောင်းကင်ပြာကို ရောင်ပြန်ဟပ်ထားသည့် ဇာကွက်များနှင့်တူသည်။ ကြာပွင့်များ၊ ဗေဒါပွင့်များနှင့် တဲများပြည့်နေသည့် ရေအိုင်ပေါ်တွင် ချောင်းကူးတံတားကလေးများသည် ပေါင်းကူးလေးများလို ဖြစ်နေကြ၏။ ကလေးများက တုတ်ကလေးများကို ကိုင်ကာ ပြောင်ချောနေသည့် ကျွဲကြီးများကို တာရိုးတစ်လျှောက် မောင်းလာကြသည်တွင် သူတို့နောက်မှာ ဖုန်တွေ တထောင်းထောင်း ထ,ကျန်ရစ်ခဲ့သည်။ ပူပြင်းသည့် တစ်နေ့တာ ကုန်ဆုံးသည့်နောက် သူရိယ နေမင်းကြီးသည် အနောက် မိုးကုပ်စက်ဝိုင်းသို့ နစ်မြုပ်လုနီးနေလေပြီ။ လေပြည်သည် ပင်လယ်ဘက်မှ တသုန်သုန်တိုက်စပြုလာ၏။ ညဦးကို ကြိုဆိုသည့်နှယ် ကွင်းပြင်တစ်ဝိုက်ဆီတွင် ငှက်ကလေးများသည် စပါးပင် ထိပ်ဖျားနားအထိ ထိုးဆင်းကာ ကျီကျီကျာကျာ အော်မြည်နေကြသည်။ မှန်ပါသည်။ ဘင်္ဂလားပြည်နယ်သည် လင်္ကာစာဆို အကျော်အမော်တို့၏ အမိုးထိုက်ရတနာဖြစ်ပါသည်။ လရောင်ဝင်းပသော ညများတွင် ကရိသျှဏ နတ်မင်းသည် စောင်းညင်းပတ်သာတို့ကို ကစားဖော်များနှင့် တီးမှုတ်ရာ၊ သူ့ကြင်ယာ ရာဒြကို က,ခုန်အောင် ဂီတကို ကျူးရင့်ပေးရာ နေရာဖြစ်ပါသည်။



နေလုံးကြီး ကွယ်ပျောက်သွားသည့်အခါ နွားရိုင်းသွင်းချိန်ရောက်လာလေပြီ။ နွားတို့သည် စားကျက်မှ ပြန်လာကြပြီ။ လယ်သမားတို့သည်လည်း လယ်ထဲမှ ပြန်လာကြပြီ။ ကြက်တို့လည်း အိပ်တန်းတက်ကြပြီ။ ဟာစရိုပါးသည် ဒိုဘီကို ခါးတောင်းကျိုက်လျက် ထယ်ကို ပခုံးတွင်ထမ်းကာ လေကလေး တချွန်ချွန်ဖြင့် အိမ်သို့ ပြန်လာခဲ့သည်။ နေဝင်ဖျိုးဖျတွင် ချိုးတို့သည် ကူနေကြ၏။ မန်ကျည်းပင်တစ်ပင်ပေါ်တွင် စာကလေးတစ်အုပ်သည် သူတို့၏ ဒေသာကပွဲကြီးကို က,ပြနေကြ၏။ ရှဉ့်နှစ်ကောင်သည် သဘော်ပင်ပေါ်သို့ တက်ပြေးကြ၏။ ဗျိုင်းဖြူများနှင့် ဗျိုင်းအောက်တို့သည်လည်း အိပ်တန်းသို့ ပြန်ကြလေပြီ။ ခွေးလေတစ်ကောင်သည် ထိုနေ့ညတွင် အိပ်စရာနေရာကို ရှာရန် မြေကြီးနမ်းနေ၏။ ပုစဉ်းရင်ကွဲတို့၏ စူးရှရှ အသံသည် တဖြည်းဖြည်း ငြိမ်၍ မှိန်၍သွားလေပြီ။ ဂျောက်ကလီဂျောင်း၊ ဂျောက်ကလီဂျောင်းဆိုသည့် ဂျောက်ဆုံး မောင်းသံသည်လည်း တိတ်ဆိတ်သွားခဲ့လေပြီ။ ထို့နောက် တိတ်ဆိတ်မှုကို ရုတ်တရက် ဖြိုခွဲလိုက်သည့် ဖားအော်သံတို့၏ သံပြိုင်တေးကို ကြားရသည်။ ဖားဂုံညင်းကြီးများ၏ အော်သံသည် ထိုအသံများကြားမှ ထိုးမှန်မှန်နှင့် ပေါ်ထွက်လာသည်။

ငါးမိနစ်လောက်အတွင်းတွင် အပူပိုင်းဇုန်ညသည် ပြိုကျလာ၏။ ညစဉ်ပြုနေကျအတိုင်း ဟာစရိုပါး၏ ဇနီး အာလောကသည် ညနတ်သမီးကို ပူဇော်ရန် ခရုသင်းကိုမှုတ်၏။ သူ့ယောက်မငယ်က တစ္ဆေသရဲတို့ကို နှင်သည့်အနေဖြင့် ခေါင်းလောင်းကိုလှုပ်သည်။ လမ်းထိပ်ရှိ နှစ်တစ်ရာသက်တမ်းရှိသော

www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်အိုကြီးတွင် မကောင်းဆိုးဝါးတို့နေသည်ဟု သူတို့ယူဆသည်။ နွားကို ချည်တိုင်တွင် ချည်ပြီးလေပြီ။ အရေးထဲတွင် ဆိတ်တစ်ကောင်က ခြံထဲသို့ မဝင်ဘဲ ကိုးရိုးကားရား လုပ်နေသဖြင့် ထိုဆိတ်ကို ခြံထဲသို့ မောင်းသွင်းရသေးသည်။ နောက်ဆုံးတွင် အားလုံးကိစ္စပြီးလေပြီ။ ဟာစရိပါးသည် သူ့နွားခြံထဲသို့ ခွေးအ,များ၊ မြေခွေးများ မဝင်နိုင်ရန် ဝင်းကို သွပ်ဆူးကြိုးတံခါးဖြင့်ပိတ်သည်။ ထို့နောက်တွင် ဟာစရိပါး၏ အမေသည် အိန္ဒိယပြည်ကြီးလို အိမင်းလှပြီဖြစ်သော ပြုနေကျဝတ်ကိုပြုသည်။ နတ်ရုပ်များ ကားများရှေ့တွင် ထွန်းညှိထားသည့် ဆီမီးခွက်တွင် ဆီဖြည့်သည်။

အိမ်သူများက ရွှံ့မီးဖိုပေါ်တွင် ညစာကို ချက်ပြုတ်နေကြစဉ် ဟာစရိပါးနှင့် သူ့ညီနှစ်ယောက်တို့သည် ဝရန်တာအောက်ရှိ ဖခင်အနီးတွင်လာ၍ ထိုင်ကြသည်။ ပိုးစုန်းကြူးရောင်များဖြင့် ထိုးဆွခြင်း ခံရသော ညသည် သင်းထုံသော စပယ်နံ့ဖြင့် မွှေးနေသည်။ ကြယ်တို့ အပြောက်ခတ်ထားသည့် ကောင်းကင်ကြီးတွင် တစ်ခြမ်းပဲ့ လကလေးသည် ဝင်းပစပြုလေပြီ။ ထိုဆန်းစ,လသည် ကမ္ဘာလောကကြီးကို အစီးအပွားဖြစ်စေသော မျက်လုံးတစ်ထောင်ရှိသည့် သျှီဝကို ကိုယ်စားပြုသည်ဟု အယူရှိသည့်အတွက် ထိုဆန်းစ,လကို သျှီဝ၏ လဟုခေါ်ကြသည်။ သူတို့ သားအဖလေးယောက်သည် တိတ်ဆိတ်စွာ ထိုင်နေကြ၏။ သူတို့ သားသုံးယောက်၏ မျက်နှာကို တစ်လှည့်စီကြည့်နေသည့် သူ့ဖခင်ကို ဟာစရိပါး သတိပြုမိသည်။ ထို့နောက် တစ်ယောက်တည်းပြောနေသော အဖေ၏ စကားသံကို ဟာစရိပါး ကြားလိုက်ရသည်။

"မိုးသွေးခဲကို ရေနဲ့ ဘယ်လောက်ပဲဆေးဆေး ဖြူမလာပါဘူးကွာ၊ ကုလို့မရတဲ့ ရောဂါကို ကျိတ်မှိတ်ပြီး ခံရုံပဲရှိတယ်။"

* * *

သူမွေးလာကတည်းက သူတို့အိမ်နား ရွာက ရေကန်ကလေးထဲတွင် ကြာပွင့်တွေ ဘယ်နှစ်ကြိမ်ပွင့်၍ ဘယ်နှစ်ကြိမ် ညှိုးခဲ့ပြီးကို အဖေမသိ။ မမှတ်မိနိုင်တော့။

"အင်း... ငါ့မှတ်ဉာဏ်တွေကလည်း ပရုတ်လုံးများအတိုင်းပဲ၊ တဖြည်းဖြည်း အငွေ့ဖြစ်ပြီး ပျောက်ကုန်ကြပြီ၊ အဖြစ်အပျက်တွေက များလွန်းတော့ တချို့ကိုလည်း ကောင်းကောင်းမမှတ်မိတော့ဘူး၊ အေးလေ မမှတ်မိဆို



အသက်လဲကြီးပြီကိုး၊ မွေးလာတုန်းကတော့ နတ်သိကြားများက ငါ့ကို ဆန်အပြည့် စပါးအပြည့်နဲ့ မွေးပေးလိုက်တာပဲ။ ခုတော့ စပါး ဘယ်လောက် ရှိမှန်းတောင် မသိတော့ဘူး"

သို့ရာတွင် အဖေမှတ်မိသည့် အရာတစ်ခုတော့ရှိသည်။ သူသည် တစ်ခါက ချမ်းသာသည့် လယ်သမားတစ်ဦးဖြစ်ခဲ့ကြောင်းကိုမူ သူသတိရသည်။ ထိုစဉ်က သူပိုင်လယ်ရှစ်ကေရှိပြီး စပါးတွေ အပြည့်လှောင်ထားသည့် စပါးကျီကြီးတွေ လေးလုံးရှိခဲ့သည်။ သူ့သားများ၏ ရှေ့ရေးအတွက် ဖူလုံသည်။ သူ့သမီးတွေအတွက် ခန်းဝင်ပစ္စည်းအဖြစ် ပေးဖို့လည်း လုံလောက်သည်။ အဘိုးကြီးအဘွားကြီး အရွယ်သို့ရောက်နေသည့် သူတို့ လင်မယားနှစ်ယောက် အတွက်ကား မြေလေးတစ်ကွက်နှင့် မိဘလက်ထက်က ကျန်ခဲ့သော အိမ်ကလေး တစ်ဆောင်ရှိလျှင် လုံလောက်လေပြီ။

"ဒီလောက်ဆိုရင် ကျုပ်တို့ လင်မယားနှစ်ယောက် အေးအေးဆေးဆေး နေနိုင်ပါတယ်ဗျာ" ဟု အဖေက အမေ့ကို ပြောလေ့ရှိသည်။

သို့ရာတွင် အဖေ့ မျှော်လင့်ချက်သည် လွဲခဲ့ရ၏။ ထိုမြေကွက်ကလေးသည် သူ့အဖေအား မြေပိုင်ရှင်ကြီးက သနားချပေးခဲ့သည့် လယ်ကလေးတစ်ကွက်သာ ဖြစ်၏။ တစ်နေ့သော် မြေပိုင်ရှင်ကြီး၏ သားသည် သူ့ထံသို့ရောက်လာပြီး ထိုမြေကွက်ကလေးကို ပြန်တောင်းသည်။ ပရိုးဒစ်က ပြန်မပေးနိုင်ဟု ပြောသည်။ ဤတွင် ရုံးပြင်ကနားသို့ ရောက်ကြရသည်။ မြေပိုင်ရှင်ကြီး၏ သားသည် တရားသူကြီးကို ငွေဖြင့်ပေါက်၍နိုင်သည်။ ဤတွင် အဖေသည် သူ့လယ်ကလေးနှင့် အိမ်ကလေးကို စွန့်ခဲ့ရသည်။ တရားရှုံးအဖြစ် တရားစရိတ်များကို ကျခံရသည်ဆိုသဖြင့် သမီးထွေးဖို့ ချန်ထားသည့် ခန်းဝင်ပစ္စည်းဖိုးကလေးနှင့် သားနှစ်ယောက်အတွက် ရည်စူးထားသည့် မြေကလေးနှစ်ကွက်ကိုလည်း ရောင်းချပေးလိုက်ရသည်။

"အဲဒီ မြေရှင့်သားဟာ ခွေးအ,ရဲ့ နှလုံးသားထက်တောင်မာတယ်" ဟု အဖေက ပြောတတ်၏။ သို့ရာတွင် တော်ပါသေး၏။ သားကြီးက သူတို့ တစ်ဘွေကို သူ့အိမ်သို့ ခေါ်ထားနိုင်လောက်အောင် အခြေအနေကလေးရှိနေသည်။ ဟာစရိသည် သားလိမ္မာတစ်ယောက်ဖြစ်၏။ အဖေသည် ယာဒဗ်ကိုင်းသားစု၏ အကြီးအကဲဖြစ်ကြောင်းဖြင့် အမေ့ကို ပြောပြ၏။ အမှန်အားဖြင့်သည်း အဖေသည် ရှေ့မီနောက်မီတစ်ဦးဖြစ်၏။ ဘယ်သူ့လယ်ကန်သင်းက

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အထိရှိသည်။ ဘယ်သူ့စားကျက်က ဘယ်နေရာရောက်သည် စသည်တို့ကိုသိ၏။ ဘယ်ထုံးစံကို ဘယ်လိုလိုက်၍ ဘယ်အစဉ်အလာကို ဘယ်လိုထိန်းသိမ်းရမည်။ မြေပိုင်ရှင်ကြီးများနှင့် ပြေလည်အောင် ဘယ်လိုဆက်ဆံရမည်ကိုသိ၏။ သို့ဆက်ဆံနိုင်မှသာလျှင် လယ်သမားတို့ဘဝ ဖူလုံမည် မဟုတ်လော။

"ချောင်းထဲမှာနေတဲ့ ငါးဟာ မိကျောင်းနဲ့ တည့်အောင်နေမှဖြစ်မှာ" ဟု အဖေပြောတတ်သည်။ ပြောမည့်သာပြောသော်လည်း အဖေတွင် ဘာမျှမကျန်တော့ပြီ။ နေစရာ အိမ်ပင်မရှိတော့သဖြင့် သားအိမ်တွင်လာ၍ ခိုကပ်နေရလေပြီ။

"ဒါပေမယ့် ငါအားမငယ်ပါဘူးကွာ။ ငါ့မှာ ဘာမှ မကျန်တော့ပေမယ့် သားသုံးယောက်ရှိပါသေးတယ်။ မောင်မင်းကြီးသားများ တော်ပေလို့ပေါ့" ဟု အဖေက သူ့ကိုယ်သူနှစ်သိမ့်သည်။

သားသုံးယောက်ကြောင့်ပင် အိန္ဒိယလယ်သမားတစ်ယောက်အနေဖြင့် ကြည့်လျှင် သူ့တွင် ဖူလုံနေလေပြီ။ သူ့တွင် စပါးစည်တစ်လုံး၊ ကောက်ရိုးစင်တစ်စင်၊ နွားမနှစ်ကောင်နှင့် ကျွဲတစ်ကောင်၊ မြေကလေးတစ်ကွက်၊ မိုးထဲလေထဲတွင် ထုတ်စားရန်အတွက် စဉ့်အိုးတွေနှင့် ထည့်ထားသည့် ဆန်ကလေးနည်းနည်းအပြင် စုဗူးထဲတွင် ကျပ်ပြားကလေးနည်းနည်းပါးပါးရှိနေပြီ။ သူ့ချေးမတွေကကော။ သူတို့တစ်တွေကြောင့် သူတို့မိသားစုသည် စိုစိုပြည်ပြည် သာသာယာယာ။ သူ့ချွေးမများသည် ပါဝတီလို ချောကြ၊ လှကြသည်ချည်း။ သူတို့ မိသားစုသည် ဆင်းရဲကောင်း ဆင်းရဲကြမည်။ သို့ရာတွင် စိတ်ချမ်းသာကြသည်။ မနက်ဖြန်ဆိုလျှင် ကြာပွင့်တို့သည် နှင်းစက်များကြောင့် စိုစွတ်နေကြလိမ့်မည်။ စပါးရိတ်ချိန်လည်းရောက်ပြီ။ စပါးရိတ်ချိန်နှင့်အတူ မျှော်လင့်ချက်ချိန်လည်းရောက်ပြီ။ ဘုရားသခင်၏ ဂုဏ်တော်ကို ပူဇော်သောအားဖြင့် သစ်ပင်အိုကြီးတွင် တွယ်နေကြသော သစ်ခွပန်းတို့ ဖူးပွင့်ကြတော့မည်။

## ၂

သို့တိုင်အောင် ပရီးဒစ်တို့ မိသားစု၏ ရှေ့တွင် ကြောက်ဖွယ် အခက်အခဲအတားအဆီးတွေရှိနေသည်။ နှစ်ဆယ်ရာစုနှစ် ဒုတိယပိုင်းကာလရှိ အခြားသောဘင်္ဂလား လယ်သမား ဆယ့်နှစ်သန်းခန့်တို့နည်းတူ ကပ်ဆိုးကြီးတစ်ခု၏ သားကောင်ဖြစ်ကြရတော့မည်။ ထိုကပ်ဆိုးကြီးကို ဘောဂဗေဒ ပါရဂူတို့က ဆင်းရဲချွတ်ခြုံကျမှု သံသရာစက်ဝိုင်းဟုခေါ်ကြသည်။ ထိုစက်ဝိုင်းမှ မည်သည့်လယ်သမားမျှရှောင်၍မလွတ်။ ထိုစက်ဝိုင်းကြီးအတွင်း၌ လယ်သမားသည် မြီစား၊ ထို့နောက်သီးစား၊ ထို့နောက် မြေမဲ့ယာမဲ့။ နောက်ဆုံးတွင် လယ်မှနှင်ထုတ်ခံရသည့်အဖြစ်သို့ ရောက်ရတော့သည်။ ထိုအဆင့်မှ ပြန်တက်ဖို့လမ်းမမြင်တော့။ ရှိသည့် အခြေအနေကလေး မပြုတ်အောင် မနည်းလုပ်ကြရသည်။ ကြီးပွားဖို့ဆိုသည်ကို လားလားမျှ စိတ်ကူးမထည့်နိုင်။ ဆင်းရဲတွင်းဆိုသည်မှာ ကြာလေနက်လေ မဟုတ်လော။ မီးသွေးကို ဘယ်လောက် ရေဆေးဆေး အရောင်မပြောင်းဆိုသည့်စကားသည် မှန်သည်ဟုဆိုလျှင် ဆင်းရဲခြင်းကို ဘယ်အရောင်တွေဆိုးဆိုး ဆင်းရဲခြင်းသာဖြစ်သည်ဆိုသည့် စကားသည်လည်းမှန်ပေလိမ့်မည်။

မြေရှင်နှင့် ရုံးတွင် တရားတဆောင်ဖြစ်လိုက်သည့်အတွက် ပရီးဒစ်တို့မိသားစုတွင် မြေကလေးတစ်ဝက်လောက်သာ ကျန်ရစ်ခဲ့သည်။ သည်လယ်ကလေးပေါ်တွင် စပါးစိုက်လျှင် အလွန်ဆုံးထွက်မှ တင်းအစိတ်သုံးဆယ်။ ထိုစပါးသည် သူတို့ မိသားစုဝမ်းစာအတွက် လေးပုံတစ်ပုံမျှသာရှိလိမ့်မည်။ ဝမ်းစာကလေးရရန်အတွက် ပရီးဒစ်နှင့် သူ့သားသုံးယောက်တို့သည် သူများလယ်တွင် အငှားလုပ်ရသည်။ မြေရှင်အချို့က သီးစားခကို သုံးပုံနှစ်ပုံပေးရန် တောင်းကြ၏။ ပရီးဒစ်သည် ခေါက်ချိုးမျှသာယူရန် တောင်းတောင်းပန်ပန်ပြောခဲ့ရ၏။ သို့တိုင်အောင် သူတို့ မိသားစုအတွက် မလုံလောက်သေး။ သို့ရာတွင် ကိစ္စမရှိပါ။ ဆန်မရှိလျှင် သူတို့ခြံထဲတွင် အုန်းပင်သုံးပင်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းကလေးပေါ်တွင် ပဲလင်းမြွေတွေ စိုက်နိုင်သည်။ ကန်စွန်းဥနှင့် ရေကန်စွန်းတွေ စိုက်နိုင်သေးသည်။ ပိန္နဲပင်တွေရှိသေးသည်။ ပိန္နဲသီးကြီးတွေက တစ်လုံးတစ်လုံးလျှင် တစ်ပိဿာလောက်တော့ရှိမည်။ ပရိုးဒစ်တို့ မိသားစု ဤသို့ဖြင့် ရောကိုစား၍ နှစ်နှစ်လောက် နေခဲ့ကြရသည်။ ထိုမျှမက ဆိတ်ကလေးနှစ်ကောင်ပင် ဝယ်နိုင်ခဲ့သေးသည်။ ထို့ကြောင့် သူတို့မိသားစုသည် နတ်သိကြားများကို ကျေးဇူးတင်သည်။ ညောင်ပင်အိုကြီး ခြေရင်းတွင်ရှိသည့် နတ်ကွန်းသို့သွား၍ အမြဲပူဇော်ပသတတ်သည်။

သို့ရာတွင် တတိယနှစ်သို့ရောက်သည့်အခါ၌ကား ကပ်ဆိုးနှင့် ကြုံရပြန်သည်။ စပါးတွေ မှည့်ချိန်လောက် အရောက်တွင် နှံဖြတ်ပိုးတွေကျသဖြင့် လယ်တစ်ကွက်လုံးလုံး ပြောင်သလင်းခါသွားခဲ့သည်။ ထိုအခါ ပရိုးဒစ်သည် ရွာလယ်က အုတ်ကြွပ်မိုး အုတ်တိုက်ဆီသို့ လာခဲ့ရသည်။

ဘန်ကူလီရွာကလေးရှိ ရွာသားအားလုံးလောက်သည် ထိုအုတ်တိုက်ရှိ ငွေတိုးချေးစားသူထံသို့ လာခဲ့ကြရသည်ချည်း။ သူ့ငွေးက ဗိုက်ပူပူ၊ ခေါင်းပြောင်ပြောင်၊ သူ့ခေါင်းသည်ဘိလိယက် ဘောလုံးတစ်လုံးကဲ့သို့ ချောမွေ့ ပြောင်လက်နေသည်။ မည်သူက မည်မျှမုန်းမုန်း မြီရှင်သည် ထိုရွာကလေးတွင် အရေးတကြီး ပုဂ္ဂိုလ်ဖြစ်သည်။ မြီရှင်သည် ငွေတိုးလည်းချေးစားသည်။ အပေါင်လည်းခံသည်။ ပရိုးဒစ်သည် သူတို့ကိုယ်ပိုင် လယ်ကလေးကို မြီရှင်ထံတွင် စပါးဆယ်တင်းဖြင့်ပေါင်၏။ စပါးပေါ်ချိန်သို့ရောက်လျှင် ဆယ့်ငါးတင်းပြန်ပေးရမည်။ ထိုနှစ်မှာ သူတို့တစ်တွေ ကျပ်တည်းလိုက်သည့်ဖြစ်ခြင်း။ သို့ရာတွင် လိပ်တို့မည်သည် ပန်းတိုင်သို့ရောက်အောင် တဖြည်းဖြည်းသွားရသည် မဟုတ်လော။ ထိုနှစ်တွင် ကြွေးဆပ်လိုက်ရသဖြင့် သူတို့တွင် မျိုးစပါးမကျန်တော့။ ဤတွင် ဟာစရီပါး၏ ညီတစ်ယောက်သည် သီးစားပင် မလုပ်နိုင်တော့ဘဲ လယ်ကူလီဝင်လုပ်လိုက်ရသည်။ ထိုအချိန်ကား ဆင်းရဲခြင်း စက်ဝိုင်းကြီးသည် သူတို့ မိသားစုလည်မျိုကို တင်းကျပ်သည်ထက် တင်းကျပ်စွာ ရစ်ပတ်လာခဲ့လေပြီ။ ထိုအထဲတွင် ရာသီဥတုက ဆိုးလိုက်သေးသည်။ ဧပြီလ တစ်ညတွင် လေကြီးမိုးကြီးကျရာ သူတို့ခြံထဲရှိ အုန်းပင်ကလေးတွေနှင့် သရက်ပင်ကလေးတွေ အားလုံး ပြိုလဲသွားခဲ့ကြသည်။ ဤတွင် ကျွဲတစ်ကောင်နှင့် ခိုင်းနွားနှစ်ကောင်အနက် ရာဏီဆိုသော နွားကြီးကို ရောင်းလိုက်ရသည်။ ရာဏီကြီးသည် သူ့သခင်ထံမှ သွားလိုဟန်မရှိ။ တဘူးဘူးအော်ကာ ကြိုးမှ အတင်းရုန်းသည်။ သူ့မျက်လုံးထဲမှ နိမိတ်ဆိုးကို လူတိုင်းမြင်လိုက်ကြရသည်။



ရာဏီကြီး မရှိတော့သဖြင့် ပရိုးဒစ်တို့အိမ်တွင် နေ့စဉ်ရနေကျ နွားနို့ဆလေးမရတော့။ နွားချေးလည်းမရှိတော့။ သူ့ရှိတုန်းကဆိုလျှင် အနည်းဆုံး နွားချေးကလေးကို ကောက်ရိုးဖြင့်နယ်၍ နေလှန်းကာ ထင်းအဖြစ် သုံးရ၍ ရသေးသည်။ ဤတွင် ဟာစရီပါး သမီးငယ်နှင့် ဝမ်းကွဲညီအစ်မတစ်သိုက်သည် နေ့တိုင်း နွားချေးကောက် ထွက်ကြသည်။ သို့ရာတွင် သည်လောက် အဖိုးတန်သည့် နွားချေးကို ကောက်ချင်တိုင်းကောက်၍ ဘယ်မှာရပါ့မတုန်း။ နွားချေးကောက်သွားလျှင် ရွာသားတွေက မောင်းထုတ်လိုက်ကြသည်။ သို့ဖြင့် သူတို့ ညီအစ်မတစ်သိုက်သည် ခိုးတတ်ဝှက်တတ်လာခဲ့ကြသည်။ မိုးလင်းမှ မိုးချုပ်အထိ အမွှရစ်တာ၏ မောင်လေးတစ်သိုက်က စားစရာ သောက်စရာ ဆလေးတွေ ထွက်ရှာကြရသည်။ မန်ကျည်းသီးတို့ ဆီးသီးတို့ ခူးကြရသည်။ ဆင်းခြောက်ကောက်ကြရသည်။ တန်ပူလုပ်ဖို့ တမာကိုင်း ချိုးကြရသည်။ ဆန်စပ်တွင် ငါးဖမ်းကြရသည်။ ခရေပန်း ကောက်ကာ ပန်းကုံးသီကြရသည်။ ထိုပစ္စည်းတို့ကို ယူဆောင်ကာ သူတို့ ရွာမှ ၇ မိုင်လောက်ဝေးသည့် ငါးရက်ခြားဈေးသို့ သွား၍ ရောင်းကြရသည်။

ထိုအထဲတွင် ဘူးလေးရာ ဖရုံဆင့်သည့် ကိစ္စနှစ်ခုပေါ်လာသဖြင့် သူတို့ မိသားစုပို၍ ဒုက္ခတွေ့ကြရ၏။ အစားအသောက် ချို့တဲ့သည့်အတွက် ဟာစရီပါး၏ ညီအငယ်ဆုံးမှာ အိပ်ရာထဲတွင် လဲသည်။ တစ်နေ့သော် သွေးအန်၏။ သူတို့လို ဆင်းရဲသားအဖို့တွင် ထိုသို့ နာတာရှည်ဖြစ်ရခြင်းသည် သေသည်ထက်ပင် ဆိုးသေးသည်။ ဆရာဝန်ခနှင့် ဆေးဖိုးဝါးခသည် လပေါင်းများစွာရသည့် ဝင်ငွေနှင့် ညီနေသည်။ သူ့ညီငယ်နေထိုင်ကောင်းဖို့အတွက် နည်းလမ်းမှာ တစ်ခုတည်းသာရှိ၏။ ထို့ကြောင့် ဟာစရီပါးသည် သူ့ရွှံ့ပိုက်ဆံဘူးကို ဖောက်ကာ ရွာထဲက နတ်ဆရာထံသို့သွားပြီး နတ်ပူဇော်ရန် တောင်းပန်သည်။

ဟာစရီး၏ ညီငယ်သည် အနည်းငယ်နေထိုင်ကောင်းလာခဲ့၏။ ထိုနှစ်ထဲတွင် သူတို့မိသားစုအတွက် ထူးခြားသည့် အဖြစ်အပျက်တစ်ခုဖြစ်သော ညီမ အငယ်ဆုံး၏ မင်္ဂလာဆောင်အမိ နာလန်ထလာခဲ့၏။ ညီမငယ်ကို လက်ထပ်ပေးလိုက်ရသည့်အတွက် သူတို့မိသားစုတွင် ထပ်၍ ကြွေးတင်လာပြန်သည်။ ပရိုးဒစ်သည် သူ့သမီးငယ်ကို အိမ်ထောင်ချပေးရတော့မည်။ အိမ်ထောင်ချပေးသည်ဆိုလျှင် ထုံးစံအတိုင်း ပြုဖွယ်ကိစ္စတို့ကို လုပ်ရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးတို့ကို အိမ်ထောင်ရက်သားချပေးရသဖြင့် စီးပွားပျက်ခဲ့ရသော မျိုးဆက်ပေါင်းများစွာမှ အိန္ဒိယအိမ်ထောင်စုတွေ သန်းပေါင်းမည်မျှရှိလေပြီ မသိ။ ထုံးတမ်းစဉ်လာအရ ခန်းဝင်ပစ္စည်းပေးရတော့မည်။ ထိုစနစ်ကို တရားဝင် ဖျက်သိမ်းခဲ့ပြီး ဖြစ်သည့်တိုင် မပျောက်သေး။ သူ့သမီးကို စေ့စပ်ကြောင်းလမ်းကြသည့်အခါတွင် သတို့သားဘက်က ဘိုင်စကယ်တစ်စီး၊ ဒိုတီနှစ်စုံ၊ ထရန်စစ္စတာ ရေဒီယိုတစ်လုံး၊ ရွှေတစ်ကျပ်ခွဲသား၊ သတို့သမီးအတွက် လက်ဝတ်လက်စား အနည်းငယ်တင်ရမည်ဟု တောင်းဆိုသည်။ ကာလတန်ဖိုးဖြင့်ဆိုလျှင် တစ်ထောင်ဖိုးလောက် ရှိပေလိမ့်မည်။

ထုံးတမ်းစဉ်လာအရ မင်္ဂလာစရိတ်ကိုလည်း သတို့သမီးဘက်က ကျခံရမည်ဖြစ်ရာ ထိုစရိတ်အတွက်လည်း နောက်ထပ်တစ်ထောင်လောက် ကုန်ဦးမည်။ ထိုမျှမက လက်ထပ်မင်္ဂလာ ဆောင်နှင်းပေးသော ဘိသိက်ဆရာကိုလည်း ကန်တော့ရဦးမည်။ ဆင်းရဲသားတို့အဖို့ကား သမီးတစ်ယောက်ကို မင်္ဂလာဆောင်ပေးရခြင်းသည် သွေးစုပ်ခံလိုက်ရခြင်းနှင့် အတူတူဖြစ်သည်။ သို့ရာတွင် သမီးကို မင်္ဂလာဆောင်နှင်းပေးရဦးမည်။ ထိုဝတ္တရားသည် မိဘတို့၏ ဝတ္တရား မဟုတ်လော။ သမီးက ယောကျ်ားနောက်ပါသွားလျှင် မိဘဝတ္တရားကုန်လေပြီ။ ထိုအခါ သေမည်ဆိုလျှင်လည်း သေပျော်လေပြီ။

ပရီးဒစ်သည် မြို့ရှင်ထံသို့သွားကာ နောက်ထပ် ငွေနှစ်ထောင်ချေးရ၏။ အပေါင်ပစ္စည်းအဖြစ် ဇနီးသည် နာလီဏီ၏ နားဆွဲတစ်ရံနှင့် ငွေလက်ကောက်တစ်ရံတို့ကို အပ်၏။ ထိုပစ္စည်းများကို ဇနီးနာလီဏီသည် သူ့လက်ထပ်စဉ်က ခန်းဝင်ပစ္စည်းအဖြစ် ရခဲ့ခြင်းဖြစ်သည်။ ထိုစနစ်သည် မကောင်းသည် မှန်သော်လည်း အိန္ဒိယတွင်မူ ဇနီးမောင်နှံတို့အတွက် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်၏။ မြို့ရှင်ထံမှ တကယ်ချေး၍ ရခဲ့သည့်ငွေမှာ ပစ္စည်းတန်ဖိုး တစ်ဝက်မျှသာရှိပြီး အတိုးမှာ ငါးကျပ်တိုးဖြစ်၏။ သူတို့ လင်မယား အနှစ်လေးဆယ်ပေါင်းလာသည့် အတောအတွင်း အခါကြီးရက်ကြီးများတွင် ထုတ်၍ဝတ်ခဲ့သည့် ထိုလက်ဝတ်လက်စားကလေးများကို နောက်ထပ် ပြန်တွေ့စရာ မရှိတော့ပြီ။

ဤတွင် ပရီးဒစ်သည် သူ့သားများအား ကန်ထဲတွင် ကွန်ပစ်ရန်ခိုင်း၏။ လွန်ခဲ့သည့် တစ်နှစ်လောက်က စပါးအတွက် ကောင်းခဲ့သဖြင့် သားကြီးဟာစရီပါးက ငါးပေါက်ကလေးတွေကိုဝယ်ကာ ကန်ထဲတွင် မွေးခဲ့သည်။ ငါးတွေပွားလာပြီး၊ တချို့ ငါးတွေကလည်း တစ်ကောင်လျှင် တစ်ပိသာ



နှစ်ပိသာအချိန်စီးသည့် ငါးကြီးတွေဖြစ်လာခဲ့သည်။ အရေးရှိလျှင် စားရန်အတွက် မရောင်းဘဲထားခဲ့သော ထိုငါးများကို မင်္ဂလာဆောင်နေ့တွင် မြိုးမြိုးမြက်မြက်ကျွေးလိုက်နိုင်၏။

“ငါလဲ နေဝင်ချိန်ရောက်ပါပြီကွာ၊ ဒါပေမယ့် တို့ကံဇာတာကတော့ တက်တော့မှာ မဟုတ်ပါဘူး” ဟု အဘိုးအို ပရီးဒစ်ညည်းသည်။

* * *

“ကျွန်တော်တို့ရွာက မြေကြီးက ဝါဖျော့ဖျော့ နုန်းတင် မြေနုတွေရယ်၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ မြေကြီးဟာ ကျွန်တော်တို့ အသက်သခင် မဟုတ်လား။ ကျွန်တော်တို့ဟာ ဘုမ္မစိုးနတ်ကို ကိုးကွယ်ကြရတာပဲ မဟုတ်လား။ မြေကြီးဆိုတာ ဘယ်မှာပဲဖြစ်ဖြစ် ဒီအရောင်ပါပဲ။ ဒီအရောင်မဟုတ်တဲ့ မြေကြီးကို ကျွန်တော် မတွေ့ဖူးသေးဘူး။ ဒီတော့ ကျွန်တော်တို့လဲ မြေကြီးကို ဒီအရောင်အတိုင်းပဲ သဘောကျတယ်။ ကိုယ့်အမေရဲ့ အသားအရေဟာ ဘယ်လိုအရောင်ပဲဖြစ်နေနေ၊ ကိုယ့်အမေကိုတော့ ချစ်တတ်ကြတာချည်းပဲ မဟုတ်လား။ အမေစိတ်ဆင်းရဲရင် ကျွန်တော်တို့လဲ စိတ်ဆင်းရဲရတယ်”

“မေလလယ်ဆိုရင် ကျွန်တော်တို့ ဘင်္ဂလားမှာ သိပ်ပူတာပဲ။ ကွင်းထဲတွေ ဘာလဲပူ၊ လေကလဲပူလို့၊ နေ့တိုင်း ကောင်းကင်ကို လှမ်းကြည့်ပြီး မိုးကိုပဲ မျှော်နေရတာပဲ၊ တောင်ဘက်တစ်ခိုမှာတော့ မိုးရိပ်ကလေးတွေ မြင်နေရပါပြီ၊ ကျွန်တော်တို့ရွာက ပုဏ္ဏားဆရာကြီးပြောတော့ မကြာခင် မိုးရွာတော့မယ်တဲ့။ ပုဏ္ဏားဆရာကြီးက ပညာရှိတယ်လေ။ အသက်လဲ ကြီးတော့ ရွာသူရွာသားအားလုံးကိုလဲ သူသိနေတယ်၊ နှစ်သစ်ကူးတဲ့နေ့ဆိုရင် ကျွန်တော်တို့ ရွာသားတွေစုပြီး ပုဏ္ဏားဆရာကြီးကို သွားကန်တော့ပြီး ရေ့နှစ်မှာ ကောက်ထွက်ကောင်းကောင်း၊ ရာသီဥတုမှန်၊ မှန်၊ ကျွဲနွား အသေအပျောက် ရှိ၊ မရှိ မေးကြရတယ်၊ ပုဏ္ဏားဆရာကြီးဟာ ရာသီဥတု၊ နေသွားနေလာကို အားလုံးသိတယ်။ ထယ်ထွန်ဖို့၊ မင်္ဂလာဆောင်ဖို့၊ အခါရွေးပေးတာလဲ သူပဲမဟုတ်လား၊ ဘယ်လို တွက်ချက်သလဲဆိုတာတော့ ကျွန်တော်တို့ မသိဘူးလေ။ ဒါပေမယ့် ဆရာကြီးဟာ နက္ခတ်ဗေဒင်ကို ကျွမ်းကျင်သူဆိုတော့ ဘယ်နေ့မှာ ပျိုးကြဲဖို့ကောင်းတယ်၊ ဘယ်နေ့မှာ ကောက်ရိတ်ဖို့ကောင်းတယ်၊ ဘယ်နေ့မှာ မင်္ဂလာဆောင်ဖို့ ကောင်းတယ်ဆိုတာကို တွက်တတ်တယ်၊ ခုအချိန်ဆိုရင် မြေကောင်းနေပြီတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နှစ်မှာ ကောက်ထွက်ကောင်းမယ်တဲ့။ ဒီလို ကောက်ထွက်ကောင်းတဲ့ နှစ်မျိုးဟာ ဆယ်နှစ်မှာ တစ်ကြိမ်လောက်ပဲ တွေ့ရတာတဲ့။ မိုးခေါင်တာ၊ ရောဂါဖြစ်တာ၊ နှံဖြတ်ပိုးကျတာ၊ ကျိုင်းကောင်အုပ်ကျတာတို့ မရှိဘူးတဲ့။ ကျွန်တော်တို့ ဆရာကြီးဟာ ဒါတွေ အားလုံးကို သိတယ်လေ”

ဟာစရီပါးက ထိုသို့ပြောသည်။

သို့ဖြင့် ပျိုးကြဲချိန်သို့ ရောက်သဖြင့် မိသားစုတိုင်း ပုဏ္ဏားဆရာကြီးအား ပူဇော်ပွဲသို့ သွားကြရသည်။ ဟာစရီပါးတို့ မိသားစု တစ်စုလုံးသည် ညောင်ပင်အိုကြီး ခြေရင်းရှိ နတ်ကွန်းသို့ သွား၍ ကန်တော့ကြသည်။

“ဂေါရီရှင်မ ခင်ဗျား၊ ဂေါရီရှင်မအား ဆန်ရေစပါးတို့နဲ့ ပူဇော်ပါတယ်၊ မိုးလေမှန်အောင် မှိုင်းမတော်မူပါ ဂေါရီရှင်မ ခင်ဗျား”

ဟာစရီပါး၏အဖေ ပရိုးဒစ်သည် နတ်ကွန်းရှေ့တွင် ဆန်စေ့တို့ကို ပသ,ကာ ပူဇော်ခြင်းပြု၏။

မှန်ပါ၏။ သုံးရက်မြောက်သည့်နေ့တွင် မိုးကြီးသည်းထန်စွာ ရွာသည်။ မျိုးစေ့တို့ ရေရကြပြီ။

ယခုနှစ်တွင် နတ်မင်းသိကြားများသည် ဘန်ကူလီရွာက လယ်သမားတို့ကို မှိုင်းမတော်မူကြသည်ထင့်။ အဖေသည် ခေါင်းပြောင်ပြောင် မြီရှင်ထံမှ နောက်ထပ် ငွေနှစ်ရာချေးသည်။ လယ်ထွန်ရန်အတွက် နွားတစ်ရှဉ်းကို ငွေအစိတ်ဖြင့် ငှားသည်။ ငွေလေးဆယ်ဖိုး မျိုးဝယ်သည်။ ကျန်ငွေဖြင့် မြေဩဇာနှင့် ပိုးသတ်ဆေးဝယ်သည်။ မိုးလေ အခြေအနေကိုကြည့်လျှင် လာမည့်နှစ်တွင် စပါးထွက်ကောင်းမည် ထင်သည်။ မိုးရေ လုံလုံလောက်လောက် ရသည့်အတွက်လည်း ရေစုပ်စက်ငှားခ သက်သာသွားသည်။ ရေစုပ်စက်ငှားခမှာ တစ်နာရီလျှင် ခြောက်ကျပ်ဖြစ်ရာ ထိုခြောက်ကျပ်သည် ဆန်နှစ်ပြည်နှင့် ညီမျှသည်။

မနက်တိုင်း ဟာစရီပါးသည် အဖေနှင့်အတူ လယ်တောသို့ လိုက်သွားကာ လယ်ကန်သင်းရိုးတွင် ထိုင်၍ စပါးပင်ကလေးများကို ကြည့်သည်။ မုတ်သုံရာသီသို့ ဝင်မည့်နေ့မှာ ဇွန်လ ၁၂ ရက်နေ့ သောကြာနေ့ဖြစ်သည်။ သောကြာနေ့သည် ဟိန္ဒူပြက္ခဒိန်အလိုအားဖြင့် ပြဿဒါးရက်ဖြစ်သည်။ သို့ရာတွင် ကိစ္စမရှိ။ မုတ်သုံသည် မုတ်သုံဖြစ်သည်။ မုတ်သုံရောက်လာခြင်းသည် နတ်သိကြားတို့က ပေးသော လက်ဆောင်မဟုတ်လော။

## ၃

ိုကြီး၊ ကလေး၊ မိန်းမနှင့် ကျွဲနွား တိရစ္ဆာန်များပါမကျန် ကောင်းကင်ကိုသာ မျှော်ကြည့်နေကြသည်။ မုတ်သုံဝင်တော့မည်ဆိုလျှင် သုံးလေးရက်လောက်ကြို၍ လေပြင်းတိုက်တတ်သည်။ တိမ်တိုက်ကြီးများသည် တောင်ဘက်ဆီမှ ညို့၍ တက်လာကာ လယ်ကွင်းများပေါ်တွင် တရိပ်ရိပ်ဖြတ်သန်းသွားတတ်သည်။ ထို့နောက် ရွှေနားကွပ်ထားသည့် တိမ်တိုက်ကြီးများ တက်လာပြန်ကာ လေပြင်းနှင့်အတူ သဲတွေဖုန်တွေပါလာတတ်သည်။ တစ်ဖန် တိမ်ညိုထုကြီးတက်လာကာ ကောင်းကင်အလုံး ဖုံးအုပ်သွားသည်။ ကောင်းကင်အနှံ့တွင် မိုးချုန်းသံတွေ ကျည်းနေလေပြီ။ ဓာတ်ခဲကို ပြင်ဆင်ပြီးလေပြီ။ လူတို့နှင့် လူတို့၏ အိုးအိမ်ကို စောင့်ရှောက်သည်ဟု ဝေဒကျမ်းများတွင် အဆိုရှိသော အဂ္ဂနိမီးနတ်မင်းသည် မီးကြိုးလျှပ်နွယ်များကို ပစ်လွှတ်သည်။ ထို့နောက် မိုးပေါက်ကလေးတွေ ကျလာကာ ခဏကြာလျှင် ရေအိုးကို သွန်ချသကဲ့သို့ မိုးကြီးရွာတော့သည်။ ကိုယ်လုံးတီး ကလေးများသည် မိုးရေထဲတွင် ပြေးလွှား အော်ဟစ်နေကြသည်။ ယောကျ်ားများက ပြေးလွှားအော်ဟစ်နေကြသည်။ ယောကျ်ားများက ကခုန်ကြ၍ အမျိုးသမီးများက ဝရန်တာတွင်ထိုင်ကာ မိုးမင်းထံ ဆုတောင်းကြသည်။

ရေသည် ဘဝဖြစ်သည်။ ကောင်းကင်သည် မြေကြီးကို အသီးအနှံ ဖြိုးဝေစေသည်။ ဤအချင်းအရာသည် ပြန်လည် မွေးဖွားခြင်းဖြစ်သည်။ ဟာဘုတ ဓာတ်ကြီးလေးပါး၏ အောင်ပွဲဖြစ်သည်။ နာရီများစွာ ကြာအောင် ရွာပြီးသည့်နောက်တွင် အပင်ကလေးများသည် အစို့အညှောင့် ပေါက်လာကြပြီ။ ပန်းမျိုးများ မြူးထူးကြပြီ၊ ဖားတွေအော်ကြပြီ။ ကျေးငှက်တို့ သိုက်မြုံဆောက်ကြပြီ။ မှက်လှည့်ပြလိုက်သကဲ့သို့ လယ်ကွင်းများသည် စိမ်းစိုလာကြကာ မြရောင်သည် တဖြည်းဖြည်း ရစ်သန်းလာခဲ့ပြီ။ သို့နှင့် အိပ်မက်နှင့်အဖြစ်မှန်သည် ရောတန်ကြာမျှ ပေါင်းစည်းနေကြသည်။ ထို့နောက် မိုးစဲသွားသော ကောင်းကင်တွင် နတ်သိကြားတို့၏ သခင်ဖြစ်သော ဣန္ဒ၏လေးကိုင်းသည် ကောင်းကင်တွင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာခဲ့ပြီ။ ရိုးသားသော လယ်သမားများအဖို့ကား မိုးစဲစကောင်းကင်တွင် ပေါ်လာသည့် သက်တန့်ကြီးသည် နတ်တို့က လူ့ပြည်နှင့် စစ်မခင်းတော့ဘဲ ငြိမ်းချမ်းစွာနေတော့မည်ဆိုသည့် နိမိတ်ဟု ယူဆကြသည်။ သို့ဆိုလျှင် ရေ့တွင် ကောက်နှံအထွက် ကောင်းတော့မည်။

ကောက်နှံအထွက်ကောင်းလျှင် ပရိုးဒစ်တို့ မိသားစုတို့အဖို့ သူတို့၏ ကေငါးမုံးရှိ လယ်ကွက်ကလေးမှ စပါးတင်းအစိတ်သုံးဆယ်တော့ ထွက်မည်။ သို့ဆိုလျှင် သူတို့ မိသားစုသုံးလစာလောက်ရှိသည်။ ကျန်ရက်များအတွက် စားစရိတ် ဖူလုံရန်မှာမူ လယ်ရှင်၏ လယ်တွင် စာရင်းငှားဝင်လုပ်ဖို့သာရှိတော့သည်။ တစ်လလျှင် လုပ်ရက် လေးငါးရက်လောက်ရှိပြီး၊ တစ်ရက်လျှင် နာရီအနည်းငယ်လုပ်ရသည်။ လုပ်ခမှာ တစ်နေ့ သုံးကျပ်၊ ဆန်ကွဲအနည်းငယ်နှင့် ဘိဒီဆေးလိပ်ခြောက်လိပ်ဖြစ်သည်။

ဇွန်လ ၁၂ ရက် သောကြာနေ့သည် ကျော်လာခဲ့ပြီ။ သို့ရာတွင် မိုးရိပ်ကို တစ်ချက်မျှ မမြင်ရသေး။ နောက်ရက်များတွင်လည်း ကောင်းကင်တွင် နေကျဲကျဲတောက်ပူနေသည်။ လိုလိုမည်မည် ရေစုပ်စက်ကလေးကို ကြိုတင်ငှားထားသဖြင့် ဟာစရီတို့အဖို့ အကြောင်းမဟုတ်။ သို့ရာတွင် သူတို့လယ်ကွက်နှင့် ကပ်လျက်ရှိသည့် အဇစ်မှာမူ ဘုရားကိုသာ အားကိုးရတော့သည်။ ရက်အနည်းငယ်ကြာသည့်အခါတွင် သူ့လယ်ကွက်ထဲမှာ ပျိုးပင်စိမ်းစိမ်းစိုစိုကလေးများသည် ရင့်ရော်ဝါခြောက်၍ လိုက်လာလေပြီ။ သက်ကြီးရွယ်အိုတို့က မိုးဦးနောက်ကျသည့်နှစ်များကို ပြန်စဉ်းစားကြသည်။ တစ်ယောက်က ဝဏ်ကြီးသေသည့်နှစ်က ဂျူလိုင်လ နှစ်ရက်နေ့ကျမှ မိုးကျသည်ဟုပြောပြ၏။ တရုတ်နှင့် စစ်ဖြစ်သည့်နေ့က မိုးကြီးခေါင်သည်ဟု တစ်ယောက်က စမြို့ပြန်သည်။ သူ့ကျွဲကြီးသေသည့်နှစ်က မိုးတွေများသဖြင့် ရေတွေကြီးကာ လယ်တွေ ရေမြုပ်ကုန်သည်ဟု တစ်ယောက်က ပြောသည်။ သည်လောက် ရွာပြန်လျှင်လည်း မကောင်းသေး။

မိုးမရွာသည့်အခါတွင် အေးအေးနေတတ်သူများပင်လျှင် စိတ်ပူစပြုလာကြ၏။ ဘဝပံနတ်ဘုရားသည် သူတို့ကို စိတ်ဆိုးနေပြီလား။ ဟာစရီတို့သားအဖသည် ရွာသားများနှင့်အတူ ပုဏ္ဏားထံသို့သွားကာ မိုးရွာဖို့ ပူဇော်ပွဲကျင်းပရပြန်သည်။ ပူဇော်ပွဲကျင်းပပေးရန် သူ့အတွက် ဒိုတီနှစ်ထည်၊ သူ့ဇနီးအတွက် ဆာရီတစ်ထည်နှင့် ငွေနှစ်ဆယ်တင်ရမည်ဟုဆိုသည်။ ဤတွင်



ရွာသားများသည် မြို့ရှင်ဆီသို့ ပြေးကာ ပိုက်ဆံချေးကြရပြန်သည်။ ယခင်ကမူ မိုးနတ်ပူဇော်ပွဲတွင် ဆိတ်စသည့် တိရစ္ဆာန်တစ်ကောင်ကောင်ကို ပူဇော်ရသည်။ ယခုမူ တိရစ္ဆာန်တို့ကို ပူဇော်ခြင်း မပြုကြတော့။ ဈေးကြီးလွန်း၍ မတတ်နိုင်ကြတော့ပြီ။ ပုဏ္ဏားသည် ဆီတွင်စိမ်ထားသည့် မီးစာကို မီးညှိပြီးနောက် အတိုးစီးပွားကို စောင့်သည့် ဂါဏီသျှနတ်မင်းရှေ့တွင် ပူဇော်သည်။ မန္တာန်တို့ကို ရွတ်သည်။ ရွာသားတို့က ရိုသေစွာ နားထောင်ကြရသည်။

သို့ရာတွင် ဂါဏီသျှ နတ်မင်းသည်လည်းကောင်း၊ အခြားသော နတ်ဒေဝါများသည်လည်းကောင်း သူတို့ဆုတောင်းသံကိုမကြားကြကုန်။ သို့ဖြင့် ဟာစရီပါးသည် ရေစုပ်စက်ကို ငှားရတော့သည်။ ရေစုပ်စက်ဖြင့် စပါးပင်ကလေးများကို အသက်ဆက်ပေးရသည်။ ထိုသို့ ရေတင်ပေးပြီးသည့်နောက်တွင် ပျိုးပင်ကလေးများသည် စိမ်းစိုရှင်သန်လာခဲ့ကြလေပြီ။ ထိုသို့ ပျိုးပင်တွေ ရှင်သန်လာသည့်အခါတွင်မှ စပါးကို ပြောင်းစိုက်ကြရသည်။ သူ့လယ်ကွက်အားမှ လယ်ကွင်းများတွင်ကား ပျိုးပင်တွေ ခြောက်သွေ့ကုန်ကြလေပြီ။ ကိုယ့်လယ်တွင် ရေစုပ်စက်ငှား၍ ရေမသွင်းနိုင်သည့် လယ်သမားများသည် သူတို့အဆုံးအရှုံးကို ခန့်မှန်းကြည့်ကြ၏။ သူတို့အဖို့တော့မူ ကောက်ရိတ်စရာ မလိုတော့။ ကောက်စိုက်ဝိုင်းတွင် ငတ်မွတ်ခြင်း တစ္ဆေကြီးကို မြင်နေရလေပြီ။

မည်သူမျှ ကောင်းကင်ကို မော့မကြည့်ကြတော့။ မြို့ရှင်အိမ်တွင်ရှိသည့် ရေဒီယိုက ယခုနှစ်မိုးဦး နောက်ကျမည်ဟု ကြေညာသွားခဲ့လေပြီ။ မုတ်သုံသည် တောင်ဘက် အိန္ဒိယသမုဒ္ဒရာထဲရှိ ကပ္ပလီကျွန်းတစ်ဝိုက်တွင်သာ ရှိနေသေးသည်။

ရေဒီယိုက မကြေညာလျှင်လည်း အကြောင်းမဟုတ်ပါ။

"ပျံလွှားတွေကိုတောင်မှ မမြင်ရသေးတာ၊ ဘယ့်နှယ်လုပ် မိုးရွာဦးမှာလဲ" ဟု ဟာစရီပါး ညည်းမိသည်။

ဇူလိုင်လထဲတွင် သင်္ကန်းအဝါရောင် ဝတ်ထားသည့် ဟိန္ဒူဘုန်းကြီးများသည် ကရိသျှဏ နတ်မင်းအား ပူဇော်သည့် ဂါထာကို ရွတ်ကာ ရွာအနီးမှ ဖြတ်သွားကြ၏။ သောင်ပင်အောက်က နတ်ကွန်းသို့ဝင်ကာ မန္တာန်တွေရွတ်ကြ၏။

ထိုအချိန်မှစ၍ ဟာစရီပါးသည် သူတို့ရွာအနီးက သောက်ရေကန်ကိုသာ စောင့်ကြည့်နေသည်။ သည်အတိုင်းသာ မိုးခေါင်နေလျှင် ရေစုပ်စက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရေတာင်စရာလည်း ရှိမည်မဟုတ်တော့ပြီ။ ရေကန်ထဲတွင် တစ်နေ့တခြား ရေနည်း၍ လာခဲ့လေပြီ။ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကွဲရှို့ထဲတွင် တဖျတ်ဖျတ်လူးနေကြသော ငါးများကို ဖမ်းခဲ့ကြပြီး ခွဲဝေယူကြ၏။ အချို့အိမ်များတွင်မူ အမြော်အမြင်ရှိသည့် မိခင်က သားသမီးတို့အတွက် ငါးများကိုခွဲ၍ အခြောက်လှန်းထားကြ၏။

ဟာစရီပါး၏ လယ်ကွက်ထဲက စပါးပင်ကလေးများမှာလည်း တဖြည်းဖြည်း ရော်လာရာမှ ဝါလာခဲ့လေပြီ။ ထို့နောက်တွင်မူ သူတို့ ယုယခဲ့၊ ပြုစုခဲ့ချစ်ခဲ့သော စပါးပင်ကလေးများသည် သေသွားကြသည်။

"ကျွန်တော့် စပါးပင်ကလေးတွေကို ကြည့်ပြီး ကျွန်တော် ငိုင်နေမိတယ်" ဟု ဟာစရီပါးက ပြောသည်။ လယ်ကွက်တိုင်းတွင်လည်း လယ်သမားများသည် ခေါင်းငိုက်စိုက်ကျကာ ငူငူကြီးတွေ ဖြစ်နေကြသည်။

သူ့စပါးပင်ကလေးတွေ အဖြစ်ကိုကြည့်ပြီး ထိုညက ဟာစရီပါးသည် တစ်ညလုံး မအိပ်နိုင်။ မနက် မိုးလင်းမှ အိမ်သို့ ပြန်လာကာ ဝရန်တာအောက်က ကပြင်တွင် သားအဖတတွေ ဝိုင်းထိုင်ကြသည်။

"ဒီတစ်မိုးတော့ စပါးစိုက်လို့ မမိတော့ပါဘူး" ဟု အဖေက ပြောသည်။ ခဏကြာလျှင် နောက်ဖေးဘက်ဆီမှ ဆန်အိုးများကို လှန်နေသော အမေ့အသံကို ကြားရသည်။ ထိုဆန်သည် နောက်စပါးရိတ်ချိန်အထိ ချွေချွေတာတာ စားရန်ချန်ထားသည့် ဆန်ကလေးဖြစ်၏။ အမေသည် ဆန်ထည့်သည့် စဥ့်အိုးများကိုကြည့်ကာ ဘယ်နှစ်လလောက်ခံမည်ကို တွက်နေ၏။ ဒီအထဲမှာ နုတ်တင်တာတို့ ဘာတို့ နုတ်လိုက်ရင် တို့မှာ နှစ်လစာလောက်ပဲ ဆန်ရှိတော့တယ်" ဟု တွေးမိသည်။ အမေသည် စပါးစည်ထဲမှ ထွက်လာကာ…

"ကိုရင်ရေ၊ လေးလစာလောက်တော့ ကျန်သေးတယ်တော်ရေ၊ ဒီကြားထဲမှာလဲ အသီးကလေး၊ အရွက်ကလေး၊ သစ်ဥသစ်ဖုကလေးကို စားရမှာပေါ့တော်" ဟု အမေက အားရဝမ်းသာပြော၏။

ဤတွင် သူတို့အားလုံးသည် စိတ်အေးသွားကြဟန်ဖြင့် ကိုယ့်အလုပ်ကိုဆက်လုပ်နိုင်ကြတော့သည်။ သို့ရာတွင် ဟာစရီပါးသည် တစ်ယောက်တည်းကျန်ရစ်ခဲ့သည်။ ထိုအခါကျမှ မျက်ရည်လည်ရွဲဖြင့် ဖြစ်နေသော အမေကို သူတွေ့ရသည်။ ပရိုးဒစ်က သူ့မိန်းမကို လှမ်းကြည့်လိုက်ရင်း…



"အဘိုးကြီး…အဘွားကြီးကဖြစ်ပါတယ်ကွာ၊ဆန်မရှိတော့လဲ တခြားကြံဖန်စားကြတာပေါ့၊ ကလေးတွေကိုသာ ကျွေးလိုက်ပါ" ဟု အားပေးသည်။

သူတို့တင်မဟုတ်။ အခြားသော ရွာသားများတွင်လဲ ဘာမှမကျန်ခဲ့ကြ။ ရွာမှ ပထမဦးဆုံး ပျောက်သွားသူများမှာ ဇာတ်နိမ့်သည့် မိသားစုများဖြစ်ကြ၏။ သူတို့သည် အဆင်းရဲဆုံးဖြစ်ကြ၏။ ယခုနှစ် ကောက်ရိတ်ချိန်တွင် လယ်ကွက်တွေထဲတွင် ကောက်သင်းကောက်စရာ ဘာမျှကျန်တော့မည် မဟုတ်ကြောင်းကို သူတို့ သိကြလေပြီ။ သူတို့အကြောင်းကို မည်သူကမျှ စကားထဲထည့်မပြောကြ။ ဤသူတို့သည် ပြည်နယ်၏ မြို့တော်ကြီးဖြစ်သော ကာလကတ္တားမြို့သို့ ထွက်ခွာသွားကြောင်းကို အားလုံးသိနေကြသည်။ ထို့နောက်တွင်မူ အိမ်က ဆန်အိုးထဲတွင် ဆန်မရှိတော့သော အိမ်များမှ အဖေများနှင့်သားများ၏ အလှည့်သို့ ရောက်လာပေတော့မည်။ ထို့နောက်တွင် မိသားစုအားလုံးပင် မြို့တော်ဆီသို့ သွားကြရတော့မည်။

အိမ်နီးနားချင်းတွေ ကာလကတ္တားသို့ ပြောင်းသွားကြသည့်အခါတွင် ဟာစရီပါးတို့ မိသားစု စိတ်မကောင်းကြ။ သူတို့တတွေသည် တစ်လျှောက်လုံးနေလာခဲ့ရသည့် အိမ်နီးနားချင်းများ မဟုတ်ပေလား။ အဘိုးအိုအဓစ်သည် ထွက်ခါနီးတွင် မြေအိုးများနှင့် သူတို့ ဆွေစဥ်မျိုးဆက် တစ်ဆက်လုံး ထွန်းခဲ့သည့် မီးအိမ်ကလေးကို ရိုက်ခွဲပစ်ခဲ့သည်။ အိမ်ခေါင်းရင်းတွင် ချိတ်ထားသည့် နတ်ဘုရားကားများကို လိပ်ကာ အိပ်ရာလိပ်ထဲသို့ ထည့်၏။ သွားခါနီးတွင် ကြောင်နက်ကြီးတစ်ကောင် ဖြတ်သွားသဖြင့် စိတ်ထဲတွင် ထင့်ခနဲဖြစ်ရသေးသည်။ ထို့ကြောင့် အဓစ်သည် မိသားစုနှင့်အတူ တောင်ဘက်သို့ ထွက်ရမည့်အစား မြောက်ဘက်သို့ထွက်လာခဲ့သည်။ မြောက်ဘက်သို့ ထွက်ပြီးမှ ကွေ့ပတ်ပြီး မိသားစုကို အမီလိုက်ရမည်။ ဤနည်းဖြင့် မကောင်းဆိုးဝါးများကို လမ်းလွဲအောင် လုပ်ပစ်ခဲ့ရသေးသည်။ သားအကြီးသည် သူမသွားခင်တွင် လှောင်အိမ်ကိုဖွင့်၍ ကြက်တူရွေးကို လွှင့်ပစ်ခဲ့၏။ ကြက်တူရွေးသည် လွတ်လပ်စွာ ကောင်းကင်သို့ ပျံတက်သွားရမည့်အစား ဘာမှမလုပ်တတ်သည့်နှယ် ကြောင်တက်တက်ဖြင့် အဆောင်ကိုတဖျတ်ဖျတ်ခတ်နေသည်။ ထို့နောက်တွင်မူဖုန်ထဲတွင်ပျောက်ကွယ်သွားသော သမင်များနောက်သို့ တစ်ချုံမှတစ်ချုံကူးရင်းလိုက်ပါသွားသည်။

သို့ဖြင့် တစ်မိုးတွင်းလုံး မိုးတစ်စက်မျှမရွာဘဲ ဆောင်းတွင်းသို့ ရောက်လာခဲ့သည်။ ဆောင်းသီးထပ်ကလေး စိုက်နိုင်လိမ့်မည်ဟု မျှော်လင့်ထား

www.burmeseclassic.com



ခဲ့သည်။ သို့ရာတွင် ရေတစ်စက်မျှမရှိဘဲ မည်သည့်သီးနှံမျိုးကို စိုက်နိုင်ဦးမည်နည်း။ စပါးကို မဆိုထားနှင့်၊ ဘူးကလေးမှ မစိုက်နိုင်၊ ကန်စွန်းဥကလေးမှ မစိုက်နိုင်။ ထိုအချိန်၌ကား ဟာစရိပါးတို့ အိမ်တွင် ကျန်ခဲ့သည့် တစ်ကောင်တည်းသော နွားကြီးဘာဂမှာလည်း အရိုးပေါ် အရေတင်လျက်ရှိလေပြီ။ ဖွဲကလေး နှမ်းဖတ်ကလေး မပြောနှင့် ကောက်ရိုးကိုပင် မကျွေးနိုင်သည်မှာ ကြာလေပြီ။ သူတို့တဲအိမ်ကလေးကို မိုးနေသည့် ငှက်ပျောပင်သုံးပင်ကို ခုတ်၍ ငှက်ပျောအူကို ကျွေးခဲ့၏။ နောက်တစ်နေ့ မိုးသောက်သို့ အရောက်တွင် လျှာကြီးတန်းလန်းထွက်၍ လဲနေသော သူ့နွားကြီးကို ဟာစရိပါးတွေ့ရသည်။ သည်ပုံကို ကြည့်ရလျှင် သူတို့ နယ်တစ်ဝိုက်က ကျွဲ၊ နွား တိရစ္ဆာန်တွေ သေကြကြေကြဦးမည်မှာ ဗေဒင်မေးစရာမလိုတော့ပြီ။

အနီးတစ်ဝိုက်ရှိ မြို့များမှ နွားကုန်သည်များသည် ခွေးသေကောင်အနီးတွင် လင်းတတွေ အုံလာသကဲ့သို့ သူတို့ရွာများသို့ ရောက်လာကြသည်။ အသက်မသေကျန်နေသော ကျွဲ နွား တိရစ္ဆာန်များကို ဝယ်ယူကြသည်။ နွားတစ်ကောင် ငါးဆယ်၊ ကျွဲတစ်ကောင် တစ်ရာနီးပါးပေးဝယ်ကာ ဝယ်၍ရသမျှကို လော်ရီကားကြီးများဖြင့် တင်သွားကြသည်။

"ဒီလောက်လဲ စိတ်ထိခိုက်မနေကြပါနဲ့ဗျာ၊ နောက်နှစ်ဆိုရင် ခင်ဗျားတို့ ပြန်ဝယ်နိုင်မှာပါ" ဟု ဟန်ဆောင်ပန်ဆောင် အားပေးကြသည်။ သို့ရာတွင်ထိုအချိန်လောက်ဆိုလျှင် ကျွဲ၊ နွားများ၏ တန်ဖိုးမှာ ဆယ်ဆလောက်တက်နေမည်ကိုမူ ဖွင့်ပြောခြင်းမပြုကြ။ နောက်ရက်အနည်းငယ်ကြာသည့်အခါတွင် အမဲသားသည်များသည် ကျွဲနွားအသေကောင်များကို လာဝယ်ဖို့ ရောက်လာကြပြန်သည်။ သူတို့ပေးသည့်ဈေးနှုန်းမှာ နွားအသေတစ်ကောင်ကိုဆယ့်ငါးကျပ်မျှသာဖြစ်သည်။

နိုဝင်ဘာလသို့ ရောက်ခဲ့လေပြီ။ ကျွဲနွားတွေ မရှိတော့သဖြင့် လယ်သမားတို့ မိုးလုံ့ရန် နွားချေးလည်း မရှိတော့။ ထမင်းချက်ရန် ထင်းလည်း မရတော့။ နွားနို့လည်းမရတော့။ ကလေးတို့၏ ရယ်သံကိုလည်း မကြားရတော့ပြီ။ သူတို့ ဝမ်းဗိုက်များသည် ဘောလုံးကြီးများလို ပူလာကြ၏။ ဝမ်းရောဂါ သန်ကျရောဂါနှင့် အဖျားရောဂါကြောင့် ကလေးများစွာ သေကြေပျက်စီးကြသည်။ ထိုကလေးများသည် ငတ်မွတ်ခြင်း၏ သားကောင်များသာဖြစ်ကြသည်။

ဇန်နဝါရီလလယ်လောက်တွင် ခရိုင်မြို့ကြီးတွင် အစားအစာများကို ဝေငှနေသည်ဆိုသည့် သတင်းရောက်လာသည်။ ထိုမြို့မှာ သူတို့ ဘန်ကူလီရွာ



ကလေးနှင့် မိုင်နှစ်ဆယ်ဝေး၏။ အစတွင် မည်သူမျှ မသွားချင်ကြ။

"တို့က လယ်သမားပဲ၊ သူတောင်းစားမှ မဟုတ်တာ" ဟု အချင်းချင်း ပြောကြသည်။

"ကျုပ်တို့က အရေးမကြီးဘူးဗျ။ မိန်းမတွေနဲ့ ကလေးတွေရှိသေးတယ်။ သူက ဒါနပြုတာပဲ။ ဘာမယူနိုင်စရာရှိသလဲ" ဟု ဟာစရိပါးက ဆင်ခြေပေးသည်။

ထိုနောက်တွင် အစိုးရအာဏာပိုင်များ ရွာများသို့ ရောက်လာကြကာ ခေါင်းပါးရေးစခန်းများ ဖွင့်ပေးကြသည်။ ရွာများတွင် အလုပ်စခန်းတွေ ဖွင့်ပေးကာ တူးမြောင်းများကို အတူးခိုင်းသည်။ လမ်းတွေပြင်သည်။ ကန်ကြီးများကို ဆယ်သည်။ တာရိုးကိုဖို့သည်။ သစ်ပင်ချုံနွယ်တို့ကိုရှင်းကာ သစ်ပင်များစိုက်ရန် ကျင်းများတူးသည်။

"အစိုးရက တစ်နေ့လုပ်ခအဖြစ် ဆန်တစ်ပြည်စီဝေတယ်။ ဒီတစ်ပြည်နဲ့ တစ်အိမ်ထောင်လုံး ဘယ်နှယ်လုပ်စားလို့ရမှာလဲဗျာ။ ရေဒီယိုကတော့ သည့်ပြင်နေရာတွေမှာ ဆန်အလုံအလောက်ရှိတယ်လို့ ကြေညာတာပဲ" ဟု ပြောကြသည်။

ဇန်နဝါရီ ၂၀ ရက်လောက်တွင် ကြောက်စရာသတင်းဆိုးများကို ကြားရသည်။ ဂေါ်ရီနတ်ကွန်းအနီးရှိ ရေတွင်းမှာ ရေခန်းသွားပြီဆိုသည့် သတင်းဖြစ်၏။ အချို့က သေချာအောင်ဆိုကာ ဆင်းကြည့်ကြသည်။ တကယ်ပင် ခန်းသွားလေပြီ။ ဤတွင် မြူနီစပယ်အာဏာပိုင်တို့က ကျန်သေးသည့် အခြားရေတွင်းသုံးတွင်းမှရေကို မျှတသုံးစွဲရန် စီမံရသည်။ ရေကို ခွဲတမ်းဖြင့်သုံးရသည်။ ထေမတွင် တစ်အိမ်ထောင် တစ်နေ့လျှင် ရေတစ်ပုံးရသည်။ ထို့နောက် ဖြက်။ ထို့နောက်တစ်ယောက်ကို ရေတစ်ခွက်။ ထိုရေတစ်ခွက်ကို ရေပေးသည့်နေရာတွင် ချက်ချင်းသောက်ရသည်၊ သို့ဖြင့် ရေပေးသည့် သူကြီးအိမ်ရှေ့တွင် လူတန်းကြီးဖြစ်နေသည်။ မခန်းသေးသည့် ရေတွင်းတစ်တွင်းနားတွင် သတ်နက်ကိုင် အစောင့်အကြပ်တွေ ချထားရသည်။ မြောက်ဘက်ပိုင်းတွင် ဆင်ရိုင်းအုပ်များက ရေငတ်၍ ရေကန်တွေနားသို့ ဆင်းလာကြသည်။ အနားသို့ ချဉ်းကပ်သွားသူမှန်သမျှကို လိုက်နင်းကြသည်။

လယ်ကွင်းများအားလုံးမှာ ပပ်ကြားတွေအက်နေလေပြီ။ သစ်ပင်တို့တွင် လည်း အရွက်တွေ မရှိတော့။ ချုံပုတ်ကလေးများမှာမူ ခြောက်သွေ့သောင်းနေကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဟာစရီပါးတို့၏ ခံနိုင်ရည်သည် တဖြည်းဖြည်း နည်းလာလေပြီ။ တစ်နေ့တွင်မူ အဖေ ပရီးဒစ်က မိသားစုများအားလုံးကိုခေါ်သည်။ အားလုံး ရောက်သည့်အခါတွင် ဒိုတီကြားထဲတွင် ညှပ်ထားသည့် ဆယ်တန် ငါးရွက်နှင့် ကျပ်ပြားနှစ်ပြားကို ထုတ်ကာ ဟာစရီပါးကို ပေးသည်။

"မင်းက သားအကြီးဆုံးပဲ၊ ဒီတော့ မင်းသားမယားတွေခေါ်ပြီး ကာလကတ္တားကို သွားကြပေတော့၊ ဟိုရောက်လို့ ပိုက်ဆံကလေးဘာလေး စုမိရင်လဲ အဖေတို့ဆီ ပို့ပေါ့၊ တို့ငတ်မသေအောင် မင်းကိုပဲ အားကိုးရတော့မှာပဲ"

ဟာစရီပါးသည် မြေကြီးတွင် ထိုင်ချကာ အဖေ၏ ခြေအစုံကို ဦးခိုက်ကန်တော့၏။ အဖေသည် သားကြီး၏ ဦးခေါင်းကို ကိုင်သည်။ ထို့နောက် ပခုံးကိုဆုပ်သည်။ ဟာစရီပါးသည် ထိုင်ရာမှထလိုက်၏။ မိန်းမများသည် သူတို့ သားအဖကို ကြည့်နေကြသည်။

နောက်တစ်နေ့ မနက်တွင် အရုဏ်တက်သည်နှင့် ဟာစရီပါးတို့ မိသားစုသည် သူတို့ကို နှုတ်ဆက်ကြသူများအား လှည့်၍ပင် မကြည့်တော့ဘဲ ရွာမှ ထွက်ခဲ့ကြသည်။ ဟာစရီပါးက သမီးကြီး အမ္ဗရစ်တာနှင့်အတူ ရှေ့မှ သွားသည်။ သူ့ဇနီး အာလောက, က ဆာရီအစိမ်းလေးဝတ်ပြီး သားနှစ်ယောက်နှင့် နောက်မှလိုက်၏။ ဟာစရီပါး၏ ပခုံးပေါ်တွင် ဇနီးသည် ထုပ်ပေးထားသည့် အဝတ်ထုပ်ကလေးကို ထမ်းထားသည်။ အဝတ်ထုပ်ထဲတွင်မူ အဝတ်အနည်းငယ်နှင့် သူတို့ လက်ထပ်စဉ်က သတိုးသမီးဘက်မှ လက်ဆောင်ရခဲ့သော ဖိနပ်ကလေးတစ်ရံပါသည်။ သူတို့အဖို့ ယခုအကြိမ်သည် သူတို့ရွာမှ အဝေးဆုံးခရီးကို သွားဖူးခြင်းဖြစ်သည်။ သားငယ်နှစ်ယောက်ဖြစ်သည့် မာနူးနှင့် ရှမ်းဘူးတို့မှာ စွန့်စားခန်းကြောင့် မြူးထူးခုန်ပေါက်နေကြသည်။

"ကျွန်တော်တော့ ကြောက်လိုက်တာဗျာ၊ ရှေ့မှာ ဘယ်လိုများ နေရမလဲနဲ့ တထိတ်ထိတ်ဖြစ်နေတာပဲ" ဟု ဟာစရီပါးက ပြောသည်။

၇

ခြေကျင်တစ်မနက်၊ လှုပ်ယမ်းနေသည့် ဘတ်စ်ကားထဲတွင် နာရီပေါင်းများစွာ ပြည့်ကျပ်နေသည့် တတိယတန်း မီးရထားတွဲတစ်တွဲထဲတွင် တစ်ညလွန် မြောက်ခဲ့ပြီးနောက် ဟာစရီပါးတို့ မိသားစုသည် ကာလကတ္တားမြို့မှ ဘူတာရုံကြီး နှစ်ခုအနက် တစ်ခုဖြစ်သော ဟောင်ရာဘူတာရုံကြီးသို့ ရောက်လာခဲ့ကြသည်။ သူတို့ မြင်ရသော ရှုခင်းကိုကြည့်ကာ အံ့အားသင့်နေကြသဖြင့် စက္ကန့်အတန် ကြာမျှ မလှုပ်ရှားနိုင်ဖြစ်နေကြသည်။ သူတို့သည် အရပ်လေးမျက်နှာမှ လာနေသော လူအုပ်ကြီးထဲတွင် ရောပါသွားကြ၏။ ပစ္စည်းတွေ၊ အထုပ်အပိုးတွေ သယ်လာသည့် ကူလီများ၊ ပစ္စည်းမျိုးစုံကို ရောင်းချနေကြသည့် ဈေးသည်များက ကြည့်လျက်။ သူတို့ တစ်သက်တွင် ထိုမျှလောက် ပေါများနေသည့် အရာများကို တစ်ခါမျှမမြင်စဖူး။ လိမ္မော်သီးပုံကြီးတွေ၊ ဖိနပ်ပုံတွေ၊ ဘီးတွေ၊ ကတ်ကြေးတွေ၊ သော့ခလောက်တွေ၊ မျက်မှန်တွေ၊ လက်ကိုင်အိတ်တွေ၊ ခြုံစောင်ကြီးတွေ၊ ဆာရီတွေ၊ ဒိုတီတွေ၊ သတင်းစာတွေ၊ ထို့နောက် အမျိုးမျိုးသော စားဖွယ် သောက်ဖွယ်တွေ၊ ဆာဒူးတွေက ခရီးသည်တွေထဲတွင် အနံ့လျှောက်သွားကာ ဂင်္ဂါမြစ်ရေကလေးတစ်စက်ကို ပါးစပ်ထဲ လောင်းထည့်၍ပေးရုံဖြင့် ပြားနှစ်ဆယ် အလှူခံသွားကြသည်။ ဖိနပ်တိုက်သူ၊ ဆားဖုတ်သူ၊ ဖိနပ်ချုပ်သူ၊ လျှောက်လွှာရေး၊ ဗေဒင်ဆရာတို့က တကြော်ကြော် လှမ်းခေါ်နေကြသည်။ ဟာစရီပါးတို့ မိသားစုသည် ကြက်သေသေနေကြသည်။ ယောင်တီးယောင်ချာဖြစ်နေကြသည်။ သူတို့လိုပင် သူတို့အနီးရှိ ခရီးသည်များစွာတို့သည်လည်း ကြောင်တက်တက်ဖြစ် နေကြသည်။

"တို့ ဘာလုပ်ရမလဲ မသိဘူး၊ ဒီနေ့ည ဘယ်မှာများ သွားအိပ်ရမလဲ" ဟု ဟာစရီပါး သူ့ကိုယ်သူ မေးခွန်းထုတ်သည်။

သူတို့ မိသားစုသည် လူအုပ်ကြားထဲတွင် ယောင်လည်လည်ဖြစ်နေကြ၏။ ဘူတာရုံ ချောင်ကလေး တစ်ချောင်ထဲတွင် အိုးအိမ်လုပ်ပြီး အသည်တကျ

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်သည့် မိသားစုတစ်စုကို လှမ်းကြည့်မိ၏။ သူတို့တစ်တွေမှာ ဟာစရီပါး တို့လိုပင် မိုးခေါင်သဖြင့် ဘီဟာနယ်မှ ရောက်လာကြသည့် လယ်သမားများ ဖြစ်သည်။ ဘင်္ဂါလီ စကားကိုလည်း ကောင်းကောင်းမတတ်။ ယခုဆို ကာလ ကတ္တားသို့ ရောက်လာသည်မှာ တစ်လကိုးသီတင်းမျှ ရှိလေပြီ။ ကျစ်ကျစ်ပါ အောင် ထုပ်ပိုးထားသည့် အထုပ်အပိုးများအပြင် သံမန်တလင်းပေါ်တွင် ချထားသည့် ပန်းကန်ခွက်ယောက်များနှင့် မီးဖိုကလေးတစ်လုံးကိုလည်း တွေ့ရ၏။ သူတို့က ဘူတာရုံသို့လာ၍ စခန်းချနေကြသူများအား မောင်းထုတ် သည့် ပုလိပ်များကို သတိထားရန် ဟာစရီပါးတို့ကို သတိပေးကြသည်။ ဟာစရီပါးက သူတို့ အလုပ်အကိုင် ကိစ္စကို သူတို့ထံတွင် စုံစမ်းတီးခေါက် ကြည့်သည်။ သို့ရာတွင် သူတို့ကိုယ်တိုင် ဘာအလုပ်အကိုင်မှ မရကြသေး။ အငတ်မခံနိုင်သဖြင့် ကလေးများကို ပလက်ဖောင်းသို့လွှတ်ကာ တောင်းရမ်းခိုင်း ရကြောင်းဖြင့် ပြောကြသည်။

သူတို့ မျက်နှာများပေါ်တွင် အရှက်ကို ဖုံးကွယ်၍မရ။ သူတို့ရွာမှ ကောင်လေးတစ်ယောက်မှာ ဘာရားဘဇားခေါ် ဈေးကြီးတွင် ကူလီလုပ်နေ ကြောင်း၊ သူ့ထံသွား၍ စုံစမ်းကြည့်ရဦးမည် ဖြစ်ကြောင်းဖြင့် ဟာစရီပါးက ပြောပြသည်။ သွား၍ စုံစမ်းနေစဉ် ဇနီးနှင့် သားသမီးများကို သူတို့နှင့်အတူ ထားပစ်ခဲ့ဖို့ ပြောကြ၏။ ဟာစရီပါးသည် ကျေးဇူးဖော်ရသဖြင့် အားတက်သွားကာ ခပ်လှမ်းလှမ်းတွင် စမူဆာသွား၍ဝယ်ပြီး သူတို့နှင့် အတူတကွ အားလုံးကို ကျွေးသည်။ သူတို့တစ်တွေ အားလုံးမှာ ယမန်နေ့ကတည်းက ဘာမျှ မစားခဲ့ ကြသေး။ ဟာစရီပါးသည် ဘူတာရုံထဲမှ လူအုပ်ကြီးထဲသို့ တိုးဝင် ပျောက်ကွယ် သွားသည်။

ဘူတာထဲသို့ တောမှ ခရီးသည်တစ်ဦးရောက်လာသည်ကို မြင်သည်နှင့် ဈေးသည်များသည် အနားသို့ ဝိုင်းအုံလာကြကာ ဘောလ်ပင်၊ သကြားလုံး၊ ထီလက်မှတ်နှင့် အခြားပစ္စည်းများကို လာ၍ ရောင်းကြသည်။ သူတောင်းစား များက သူ့အနားသို့ ဝိုင်းအုံလာကြသည်။ ကိုယ်ရေရောဂါသည်များက သူ့အင်္ကျီကို လှမ်းဆွဲကြသည်။ ဘူတာအပြင်ဘက်သို့ ရောက်သည့်အခါတွင် လေမုန်တိုင်းကြီး တိုက်သည့်နှယ် သူ့ရှေ့တွင် ဖြတ်သန်းသွားလာနေကြသော လော်ရီကားများ၊ တက္ကစီကားများ၊ ဘတ်စ်ကားများ၊ လက်တွန်းလှည်းများ၊ စက်တပ်စက်ဘီးများ၊ လန်ချားများ၊ မြင်းရထားများ၊ မော်တော်ဆိုင်ကယ်များ၊



ထော်ဘီးများကို မြင်ရသည်။ ကြောက်ဖွယ် ဆူညံမြည်ဟည်းသံများ ကြားတွင် ထိုယာဉ်ရထားပေါင်းစုံတို့သည် သူ့ရှေ့မှ ဖြတ်သန်းသွားကြသည်။ ဆိုက်ကား ဟွန်းသံ၊ ဘက်ထရီဟွန်းများ နှိပ်သံ၊ စက်သံ၊ မော်တော်ကားများမှ လေဟွန်းသံ၊ လှည်းများမှ ခလောက်သံ၊ မြင်းရထားများမှ ချူသံ၊ လောက်စပီကာများမှ အသံတို့သည် အဆူပြိုင်နေကြသကဲ့သို့ အားကျမခံ ဆူညံမြည်ဟည်းနေကြသည်။ သောက်ကျိုးနည်း နားတွေကို အူပြီး ခေါင်းတွေ ကိုက်နေတာပဲ၊ မိုးချုန်းသံထက် ထောင် မြည်ပါသေးလားဟု ဟာစရီပါးအောက်မေ့မိသည်။

ထိုဆူညံသံများ အကြားတွင် ယာဉ်ရထားများကို လမ်းပြနေသည့် မျက်နှာထားတင်းတင်းနှင့် ယာဉ်ထိန်းပုလိပ်တစ်ယောက်ကို သူလှမ်းမြင်လိုက် သည်။ သူတို့ရွာက ကောင်လေးအလုပ်လုပ်သည့် ဘာရားဘဇားကို ဘယ်သို့သွားရမည်ဟု မေးရန် ဟာစရီပါးသည် ပုလိပ်ထံသို့လာခဲ့၏။

ပုလိပ်က လက်ထဲတွင် ကိုင်ထားသည့် တုတ်ဖြင့် သံယက်မကြီးတွေ ထိုးထိုးထောင်ထောင်ဖြင့် မိုးသို့ လှနေသည့် အဆောက်အအုံကို လှမ်း၍ပြသည်။ "သွားသွား၊ တံတား ဟိုးဘက်မှာ" ဟု သူ့ကို အော်ထုတ်လိုက်၏။

ထိုတံတားမှာ ကာလကတ္တားနှင့် ဟောင်ရာရပ်ကွက်ကို ဆက်သွယ်ထား သည့် တံတားဖြစ်၏။ ဟူဂလီမြစ်ကို ဖြတ်ထားသည့် တံတားဖြစ်ပြီး ကမ္ဘာ ပေါ်တွင် အသွားအလာ အများဆုံးသော တံတားဖြစ်လိမ့်မည် ထင်သည်။

လူတစ်သန်းကျော်နှင့် ထောင်ပေါင်းများစွာသော ယာဉ်များသည် အဟုန်ပြင်းသော ရေစီးကြောင်းကြီးတစ်ခုလို ဖြတ်သွားကြသည်။ ဟာစရီပါး သည် ဘေးတစ်ဖက်တစ်ချက်တွင် ပစ္စည်းများကို ပုံရောင်းနေကြသည့် လမ်းဘေးဈေးသည်များကြားက လူရေစီးကြောင်းထဲတွင် ညပ်ပါသွား၏။ ယာဉ်ကြောကြီး ခြောက်ခုပေါ်တွင် မော်တော်ကားတန်းကြီးသည် တန်းစီ၍ သွားနေသည်။ ကားတန်းကြီးက မျှော်၍ပင် မဆုံးနိုင်တော့။ လော်ရီကားများက ဓာတ်ရထားများကို ကျော်တက်ရန် အပြင်းမောင်းလာကြသည်။ အနီရောင် နှစ်ထပ်ဘတ်စ်ကားကြီးများတွင် လူတွေပြည့်ကျပ်လျက်ရှိရုံမျှမက ဘေးတွင် ခိုလိုက် သူများကို အပြွတ်လိုက် မြင်နေရသည်။ တချို့ဘတ်စ်ကားများမှာ လူတွေ ပြွတ်သိပ်ပြီး စောင်းစောင်းကြီးဖြစ်နေကာ ဘေးစောင်းလဲကျသွားတော့ မည် ထင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သေတ္တာကြီးတွေ၊ ပိုက်လုံးကြီးတွေ၊ စက်ယန္တရားကြီးတွေ အားတွင် ပစ္စည်းတွေကိုတင်၍ တွန်းလာသည့် လက်တွန်းလှည်းများကိုလည်း မြင်ရသည်။ လက်တွန်းလှည်းတွန်းသူများမှာ ကြွက်သားတွေ အပြိုင်းအရိုင်း ထနေကြသည်။ ကုလီများမှာ ခေါင်းပေါ်တွင် ဝန်ထုပ်ဝန်ပိုးများကို ထမ်းကာ မနိုင့်တနိုင်ဖြင့် သယ်လာကြသည်။ တချို့က စည်ကြီးများကို ထမ်းပိုးရှေ့နောက်တွင်ဆွဲ၍ ထမ်းလာကြသည်။ ထိုအထဲတွင် ဆိတ်အုပ်များ၊ နွားအုပ်များကလည်း ယာဉ်ရထားတွေ ကြားထဲတွင် ဖြတ်နေကြသေးသည်။ တစ်ခါတစ်ရံတွင် ဆိတ်များ၊ နွားများသည် ကားသံများကြောင့် ကြောက်လန့်ကာ ခြေဦးတည့်ရာသို့ ထွက်ပြေးကြသည်။ “တိရစ္ဆာန်တွေ ဘယ်လောက်များ ကြောက်လိုက်ကြမလဲ” ဟု တွေးမိရင်း ဟာစရိုပါးသည် တောကအလှ၊ တောကအေးချမ်း ငြိမ်သက်မှုကို လွမ်းလာသည်။

တံတားတစ်ဖက်တွင်မူ ယာဉ်ရထားများသည် ပို၍ပင် ရှုပ်ထွေးများပြားလာသည်ဟု ထင်ရ၏။ ထိုစဉ် ဟာစရိုပါးသည် လူနှစ်ယောက်တင်၍ ဆွဲလာသော လန်ချားများကို မြင်လိုက်ရသည်။ “အလိုလေး၊ ကာလကတ္တားမှာ လူမြင်းတောင်ရှိပါကလား” ဟု အောက်မေ့လိုက်မိ၏။ ဟာစရိုပါး တစ်သက်တွင် လန်ချားကို ပထဦးဆုံး မြင်ဖူးခြင်းပေတည်း။

ဈေးကြီးနားသို့ နီးလာသည့်နှင့်အမျှ လူတွေ၊ ပစ္စည်းတွေ ကုန်တွေကို တင်လာသည့် လန်ချားများကို တွေ့လာရသည်။ ဟာစရိုပါးသည် လန်ချားများကို ငေးကြည့်ရင်း သူတို့ မိသားစု စားဝတ်နေရေးအတွက် လန်ချားဆွဲလျှင် ကောင်းမည်လောဟု စဉ်းစားကြည့်သည်။ သူ့တွင် လန်ချားဆွဲနိုင်လောက်အောင် အားရှိပါမည်လော မဆိုနိုင်။

ဘာရားဘဇားခေါ် ဈေးကြီးသည် လူတွေ ပြည့်ကျပ်နေသည့် နေရာတစ်ခု ဖြစ်သည်။ တိုက်တွေကလည်း အမြင့်ကြီးတွေ။ သည်လောက်မြင့်သည့် အဆောက်အအုံကြီးတွေ ပြိုကျမသွားဘဲ မားမားကြီးရပ်နေအောင် မည်သို့များ ဆောက်ထားကြလေသည် မသိ။ လမ်းကျဉ်းကလေးတွေ၊ လမ်းကြားကလေးတွေ၊ လမ်းမြောင်ကလေးတွေထဲတွင်လည်း ဈေးဆိုင်ကလေးတွေ၊ တိုက်ဆိုင်ကြီးတွေ၊ အလုပ်ရုံကြီးတွေနှင့် ပြည့်နှက်လျက်ရှိရာ တဝီဝီအလုပ်လုပ်နေသော ပျားအုံကြီးတစ်အုံနှင့် တူနေသည်။ လမ်းမပေါ်တွင်လည်း လက်ကောက်ကလေးများ၊ ဆွဲကြိုးကလေးများ၊ ပန်းများကို ရောင်းနေသူများနှင့် ပြည့်နေသည်။



ကလေးငယ်များက တောင်လိုပုံနေသော ဘင်္ဂလားနှင်းဆီပွင့်ကြီးများ၊ စံပယ်ပန်းများ၊ အိန္ဒိယရွှေဒင်္ဂါးပန်းများ နောက်တွင်ထိုင်ကာ အဖူးကလေးတွေ၊ အငုံကလေးတွေကို ရွေးပြီး စပါးအုံးမြွေလုံးပတ်လောက်ရှိသည့် ပန်းကုံးကြီးများကို သီနေကြသည်။ သူတို့လည်တွင်လည်း ရွှေကြိုးကလေးများဖြင့် သီထားသည့် ပန်းကုံးများကို ဆင်ထားကြ၏။

ပန်းရနံ့တွေက မွှေးလွန်းသဖြင့် ဟာစရိုပါးသည် မအောင့်နိုင်တော့ဘဲ သျှိုဝနတ်ဘုရားကိုတင်ရန် ပန်းဆယ်ပြားဖိုးဝယ်သည်။ လမ်းထောင့်တစ်နေရာတွင် သျှိုဝနတ်ကွန်းကလေးတစ်ခုကို သူတွေ့ရသည် မဟုတ်လော။ ဟာစရိုပါးသည် နတ်ကွန်းရှေ့တွင် ရပ်လိုက်ကာ သူတို့ရွာက ကောင်လေးကို မြန်မြန်ရှာတွေ့အောင် မှိုင်းမဖို့ ဆုတောင်း၏။

ထို့နောက်တွင် ဟာစရိုပါးသည် ဆိုင်တန်းကြီးတစ်တန်းနားသို့ ရောက်လာသည်။ ထိုဆိုင်တန်းကြီးမှာ အခြားမည်သည့်ပစ္စည်းကိုမျှ မရောင်းဘဲ ငုလင်းကလေးတွေ၊ ဖန်ပြွန်ကလေးတွေဖြင့် ထည့်ထားသည့် ရေမွှေးများကိုသာ ရောင်းသည့် ဆိုင်များဖြစ်သည်။ ထို့နောက် အမိုးမိုးထားသည့်ရုံထဲသို့ ရောက်လာ၏။ သည်နေရာတစ်ဝိုက်မှာ ဖန်ထည်များ၊ ရွှေထည်များနှင့် ကျောက်မျက်ရတနာများကို ရောင်းသည့် ဆိုင်တန်းများဖြစ်သည်။ ဟာစရိုပါးသည် သူ့မျက်လုံးကိုပင် မယုံနိုင်။ ရွှေထည်များသည်သံတိုင်နောက်ကွယ်တွင်ရောက်နေသည့် အကျဉ်းသားများလို သူတို့ပစ္စည်းတွေထားရာ ကြက်တူရွေး လှောင်အိမ်လို ဆိုင်ကလေးများထဲတွင် အစီအရီ ထိုင်နေကြ၏။ လှပသည့်ဆာရီများကို ဝတ်ထားသည့် အမျိုးသမီးများက သံတိုင်များအနီးတွင်ကပ်ကာ ဈေးဝယ်နေကြသည်။ ကျောက်မျက်ရတနာသည်များသည် သူတို့ မီးခံသေတ္တာကြီးများကို ဖွင့်လိုက် ပိတ်လိုက်ဖြင့် အလုပ်များနေကြသည်။ ချိန်ခွင်ကလေးများဖြင့် သွက်လက်ဖျတ်လတ်စွာ ချိန်တွယ်နေကြသည်။ ဆာရီ အစုတ်စုတ် အပြတ်ပြတ်ဖြင့် သံတိုင်နားသို့လာ၍ ကြည့်နေကြသည့် အမျိုးသမီးများကိုလည်း တွေ့ရ၏။ သူတို့ ရွာမှာကဲ့သို့ ကာလကတ္တားတွင်လည်း ရွှေသည်များသည် ရွှေပေါင်ခံကြဟန်တူသည်။

ရွှေဆိုင်တန်းအလွန်တွင် ဆာရီဆိုင်တန်းကြီး ရှိလေသည်။ ထိုနေရာတစ်ဝိုက်တွင် အမျိုးသမီးများသည် လှပစွာ ဖြန့်ခင်းထားသည့် ဆာရီများကို ငေးကြည့်နေကြသည်။ အထူးသဖြင့် မင်္ဂလာဆောင် သတို့သမီးဝတ်စုံများ

www.burmeseclassic.com

www.burmeseclassic.com



ရောင်းသည့်ဆိုင်ရှေ့တွင် လူတွေ ကြိတ်ကြိတ်တိုးနေကြသည်။ ထိုဆိုင်များမှ ဆာရီများမှာ တစ်ထည်လုံး ရွှေစင်းတွေ အိနေသည်။

ထိုနေ့က နေပူလွန်းသဖြင့် ရေသည်များမှာ ဂလိုင်ကလေးတွေ လုပ်ကာ ရေရောင်း၍ မလောက်အောင်ဖြစ်နေသည်။ ဟာစရီပါးသည် ရေဆာလာသဖြင့် ရေငါးပြားဖိုး ဝယ်သောက်လိုက်၏။ အထုပ်အပိုးတွေကို ထမ်းလာသည့် ကူလီတစ်ယောက်ကို မြင်တွေ့တိုင်း သူတွေ့လိုသည့် ကောင်လေးကို မေးမြန်းကြည့်၏။ ထိုမျှ များပြားလှသော လူအုပ်ကြားထဲတွင် သူတွေ့လိုသည့် သူတို့ရွာက ကောင်လေးကို တွေ့ဖို့ဆိုသည်မှာ နတ်သိကြား ဆင်းလာ၍ ရှာပေးမှသာ တွေ့နိုင်ပေလိမ့်မည်။ သို့တိုင်အောင် ဟာစရီပါး အားမလျော့။ သူတို့ရွာက ကောင်လေးကို ညနေမိုးချုပ်အထိ လည်ရှာသည်။ ဈေးကြီးထဲမှာ ခြေကျင်လျှောက်ရှာနေရခြင်းသည် တစ်တုံးထွန် လယ်တစ်ကွက်ကို လုပ်ရသည်ထက် ပင်ပန်းသည်ဟု သူထင်သည်။ ပင်ပန်းလွန်းမက ပင်ပန်းလာသည့်အခါ၌ ဟာစရီပါးသည် ငှက်ပျောသီး ငါးလုံးကို ဝယ်ကာ ဟိုမေးသည်မေးဖြင့် တံတားကြီးဆီသို့ ပြန်လာခဲ့၏။

ကလေးတွေက ဝတ်နေသည့် စာကလေးတစ်အုပ်လို ငှက်ပျောသီးကို မြင်သည်နှင့် သူ့ဆီသို့ ပြေးလာကြသည်။ ထိုနေ့ညဉ့် သူတို့ မိသားစုသည် ဘူတာရုံထဲက သမံတလင်းပေါ်မှာပင် အိပ်ကြရ၏။ ထိုညက ပုလိပ်တို့ဘူတာကို လာရောက် ရှင်းလင်းခြင်း မပြုသဖြင့် ကံကောင်းသည်ဟုပင် ဆိုရလိမ့်မည်။

နောက်တစ်နေ့ မနက်တွင် ဟာစရီပါးသည် သားကြီး မာနူးကို ခေါ်ကာ ဘာရားဘဇား ဈေးကြီးထဲတွင် မနေ့က မရောက်ခဲ့သေးသည့် အပိုင်းဘက်သို့ လာခဲ့ပြန်သည်။ ထိုနေရာမှာ ဒန်အိုးတန်းနှင့် သံဖြူတန်းဖြစ်၏။ ထို့နောက် ဘီဒီဆေးလိပ်တွေ လိပ်သည့် ဆေးလိပ်တန်းသို့ ရောက်လာခဲ့ပြန်သည်။ ထိုနေရာတွင် ကိုယ်အထက်ပိုင်း ဗလာကျင်းနေသည့် အလုပ်သမားများသည် ဘီဒီဆေးလိပ်ကလေးများကို လိပ်နေကြသည်။ သူတို့ ဆေးလိပ်လိပ်နေသည့် ဆိုင်ခန်းကလေးများမှာ မှောင်လျက်ရှိသဖြင့် သူတို့ မျက်နှာများကို သဲကွဲစွာ မမြင်ရ။ ဟာစရီပါးသည် သူ့စကားကို အဖက်လုပ်၍ နားထောင်မည့်သူ တစ်ဦးကို တွေ့သည်နှင့် သူတို့ရွာက ကောင်လေး၏ အမည်နှင့် ပုံပန်းသဏ္ဌာန်ကို ပြောပြကာ စုံစမ်းကြည့်သည်။ သို့ရာတွင် ကောက်ရိုးပုံထဲတွင် ဆန်တစ်စေ့ကို လိုက်ရှာနေသည့်နှယ် မည်သို့ တွေ့နိုင်မည်နည်း။ သူပြောသည့်



ရုပ်မျိုးရှိပြီး သူပြောသည့် နာမည်ဖြစ်သည့် ပရမ်းကူးမားဆိုသည့်ကူလီတွေ ထောင်ချီရှိပြီး ရှိပေလိမ့်မည်။ ထိုနေ့ညနေတွင်လည်း ဟာစရီပါးသည် ငှက်ပျောသီး ငါးလုံး ဝယ်၍ ပြန်ခဲ့သည်။ ပါသမျှ ကလေးကို သူတို့နှင့်အတူနေသည့် ဘီဟာက မိသားစုကို ခွဲဝေပေးလိုက်ရသေးသည်။

တတိယနေ့ လွန်မြောက်သည့်နောက်တွင်မူ ဟာစရီပါးတွင် ပိုက်ဆံလည်း မရှိတော့ပြီ။ ငှက်ပျောသီးလည်း မဝယ်နိုင်တော့ပြီ။ ဤတွင် ဟာစရီပါးသည် မာနကြီးသော လယ်သမားတစ်ယောက် မလုပ်သည့် အလုပ်တစ်ခုကို လုပ်လိုက်ရ၏။ ဘူတာကြီးရှိ သူ့စခန်းသို့ မပြန်မီတွင် ဟာစရီပါးသည် လမ်းဘေးတွင် တွေ့သမျှ သစ်သီးခွံများနှင့် သစ်သီးအပုပ်များကို ကောက်လာခဲ့သည်။

“ညနေပိုင်းတုန်းက ငါ့မိန်းမက သမီး အမွှေရစ်တာကို ဘူတာရုံအဝင်မှာ သွားပြီးတောင်းဖို့ ပြောနေသံကြားတယ်။ သမီးကလေးက ငိုနေလေရဲ့၊ သူတို့အမျိုးက လယ်သမားတဲ့၊ သူတောင်းစား မဟုတ်ဘူးတဲ့။”

ဟာစရီပါးတို့ မိသားစုသည် ထိုမျှ အောက်တန်းကျသည့် အလုပ်ကို မလုပ်နိုင်။ သို့ဖြင့် သူတို့ မိသားစုသည် တစ်နေ့နှင့်တစ်ည ထိုင်၍ ငုတ်တုတ် အငတ်ခံကြသည်။ သို့ရာတွင် မနက်လင်းသည့်အခါတွင်မူ သူတို့သမီးလေးနှင့် သားနှစ်ယောက်ကို ဘူတာရုံအပေါက်ဝသို့ လွှတ်လိုက်ကြ၏။ ထိုနေရာတွင် ချမ်းသာ ခရီးသည်တို့သည် ကိုယ်ပိုင်ကားများ၊ တက္ကစီများပေါ်မှ ဆင်းလာတတ်ကြသည် မဟုတ်လော။

ဟာစရီပါးကား စိတ်ပျက်လက်ပျက်ဖြင့် ဘာရားဘဇားသို့ထွက်၍ ကော်ပွင့်မြဲပွင့်သည်။ သံဆိုင်ကြီးတစ်ဆိုင်ရှေ့တွင် ရပ်ထားသည့် ချယ်ဂါရီပေါ်သို့ သံချောင်းလုံးကြီးများကို တင်နေကြသည်။ ထိုအထဲမှ ကူလီတစ်ယောက်သည် သွေးတွေတပွက်ပွက် ထိုးအန်နေသည်ကိုမြင်ရ၏။ သူ့အဖော် ကူလီက သူ့ကိုတွဲ၍ တစ်နေရာတွင် အထိုင်ခိုင်းသည်။ ကူလီ၏ မျက်နှာမှာ လူသေမျက်နှာကဲ့သို့ သွေးမရှိတော့ပြီ။ ထိုစဉ် သံဆိုင်ပိုင်ရှင်က ယခုထက်ထိ ချယ်ဂါရီ မထွက်ရသေးသည့်အတွက် ကူလီများကို ဆဲဆိုကြိမ်းမောင်းနေသည်။ ဟာစရီပါးသည် သူ့အနီးသို့ ပြေးလာကာ နေမကောင်းသည့် ကူလီအစား သူဝင်၍ လုပ်မည်ဖြစ်ကြောင်းပြော၏။ ဆိုင်ရှင်သည် အတန်ကြာ စဉ်းစားနေ၏။ သို့ရာတွင် သူ့ကုန်ကို အချိန်မီ ပို့ရမည်။ ထို့ကြောင့် ဟာစရီပါးကို ငွေသုံးရူပီဖြင့် ငှားလိုက်သည်။ လုပ်ခကို သွားပို့ပြီး ပြန်လာမှ ပေးမည်ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ဟာစရီပါးသည် ဝမ်းသာအားရ အခြားကုလီများနှင့်အတူ သံချောင်းလုံး အစည်းကြီးကို ဝင်၍ ထမ်းသည်။ သူတို့ သွားပို့ရမည့်နေရာက အဝေးကြီး၊ တံတားကြီးကိုဖြတ်၊ ဘူတာကြီးကို ကျော်ပြီးမှ ရောက်မည်။ ဆိုင်ပိုင်ရှင်သည် ခရီးအကွာအဝေးကိုမူ ဟာစရီပါးကို ပြောပြခြင်းမပြု။

အလုပ်သမားများသည် လေးလံလှသည့် သံချောင်းလုံး အစည်းကြီးများကို ချယ်ဂါရီပေါ်တွင်တင်၍ တွန်းလာခဲ့ကြသည်။ ကုန်းအတက် တစ်နေရာသို့ ရောက်သည့်အခါတွင် ထိုသံလုံးချယ်ဂါရီကြီးကို မတွန်းနိုင်တော့။ ရှေ့ကဆွဲသူလည်း မဆွဲနိုင်တော့။ ဟာစရီပါးသည် ချယ်ဂါရီကြီး တွန်းရင်း သူ့လည်ပင်းရှိ သွေးကြောများ ပေါက်ကွဲထွက်ကုန်သည်ဟုပင် ထင်ရသည်။ လမ်းပေါ်တွင် ကန့်လန့်ကြီး ဆီးပိတ်နေသဖြင့် ပုလိပ်တစ်ယောက်က နံပါတ်တုတ်တစ်ချောင်းဖြင့် အနားသို့ ရောက်လာကာ ရိုက်မည်တကဲကဲ လုပ်နေသည်။

“ဟေ့ကောင်တွေ မြန်မြန်တွန်း” ဟု မော်တော်ကား ဟွန်းသံများ ဖုံးသွားအောင် အသံကုန်ဟစ်သည်။ ဤတွင် သူတို့အထဲမှ အသက်အကြီးဆုံး ကုလီတစ်ယောက်က ချယ်ဂါရီဘီးကို ပခုံးဖြင့် နောက်မှထမ်းတွန်းရင်း အခြားသူများကိုလည်း သူ့လိုတွန်းရန် အော်သည်။

ညနေစောင်းတော့ ဟာစရီပါး အားကုန်လှပြီ။ သို့ရာတွင် သည်လုပ်ခသည် သူပထမဆုံးရသည့် လုပ်ခဖြစ်သည်။ သူ့မယားနှင့် သားသမီးတွေကမူ တအံ့တဩဖြစ်နေကြလိမ့်မည်။ သို့ရာတွင် သူပျော်သည်။ ညနေမိုးချုပ်တွင် ဟာစရီပါးသည် ဝမ်းသာအားရဖြင့် ဘူတာရုံစခန်းသို့ ပြန်လာခဲ့၏။ သို့ရာတွင် အံ့ဩရသူမှာ သူ့မိသားစုမဟုတ်။ သူကိုယ်တိုင်ဖြစ်နေသည်။ ဘူတာရုံသို့ ပြန်ရောက်သည့်အခါတွင် သူ့မိသားစုကို အစအနမျှပင် မတွေ့ရတော့။ သူတို့နှင့်အတူနေသည့် ဘီဟာက မိသားစုလည်း မရှိတော့။ ဟာစရီပါးသည် အနီးတဝိုက်သို့လိုက်ရှာ၏။ နောက်ဆုံးတွင် ဘတ်စ်ကားဂိတ်ဆုံး အနီးက တာရိုးပေါ်တွင် သွားတွေ့ရသည်။

“ပုလိပ်ကလိုက်လို့ ပြေးလိုက်ရတာ မပြောပါနဲ့တော့တော်၊ နောက်တစ်ခါ ဒီနေရာကိုလာရင် ထောင်ထဲထည့်မယ်တဲ့” ဟု သူ့ဇနီး အာလောကက မျက်ရည်စမ်းစမ်းဖြင့် ပြောသည်။

သူတို့တွင် သွားစရာမရှိတော့။ သူတို့မိသားစုသည် တံတားကြီးကို ဖြတ်လာကာ ခြေကျင်လျှောက်နေကြသည်။ မှောင်၍ ညဉ့်ပိုင်းရောက်လာသည့်



တိုင် မြို့တော်ကြီးထဲတွင် လူတွေ ဥဒဟို သွားလာနေကြဆဲ။ ပိုးပရွက်တွေလို တစ်ဦးကိုတစ်ဦး တိုးဝှေ့သွားနေကြသည့် လူအုပ်ကြီးထဲတွင် တလှုပ်လှုပ်သွားနေရသည့်အတွက် စိတ်လည်းညစ်လှပြီ။ မောလည်းမောလှပြီ။ နောက်ဆုံးတွင် သူတို့မိသားစုသည် မြို့လယ်ခေါင်တစ်နေရာသို့ ရောက်လာကြ၏။ အာလောကမှာ ဆာရီကြီး တလွှားလွှားဖြင့် သားအငယ်ဆုံးကို ခါးထစ်ခွင်ချီထားသည်။ သမီးကို လက်တစ်ဖက်က ဆွဲထားသည်။

အကြီးကောင်မာန္နုက ရှေ့မှ သူ့အဖေနှင့် လျှောက်သည်။ လူချင်းကွဲသွားမည်စိုးသဖြင့် မကြာခဏလှမ်း၍ခေါ်ရသည်မှာလည်း အမောပင်။ လမ်းဘေး ပလက်ဖောင်းပေါ်တွင် ဘာဘူစောင်တွေ ခေါင်းမြီးခြုံ အိပ်နေသူများကိုလည်း အများအပြားတွေ့ရ၏။ သူတို့ကို ကြည့်ရသည်မှာ အလောင်းတွေကို စီချထားသည်နှင့် အတူတူ။ ပလက်ဖောင်းတစ်နေရာတွင် နေရာလွတ်ကလေး တစ်ခုကို တွေ့လိုက်ရသည်နှင့် ဟာစရီပါးသည် အမောဖြေနားရန် ရပ်လိုက်သည်။

သူတို့အနီးတွင်လည်း သူတို့လို နားနေသည့် မိသားစုတစ်စုကို တွေ့ရသည်။ အမေလုပ်သူက ခရီးဆောင် မီးဖိုကလေးတစ်လုံးကို ပလက်ဖောင်းပေါ်တွင်ချပြီး ချာပါတီလုပ်နေသည်။ သူတို့ မိသားစုမှာ မဒရပ်နယ်မှ ရောက်လာကြခြင်းဖြစ်၏။ ဟိန္ဒူစကားအနည်းငယ် ပြောတတ်သဖြင့် ကံကောင်းသည်ဟု ဆိုရမည်။ ဟာစရီပါးကလည်း ဟိန္ဒူလို နည်းနည်းပါးပါး တတ်သည်။ စကားပြောကြည့်သည့်အခါ သူတို့လည်း ရွာမှ ကာလကတ္တားတံလုပ်မြို့ကြီးသို့ ထွက်လာခဲ့ကြခြင်းဖြစ်ကြောင်း သိရ၏။ သူတို့က ချာပါတီကလေးကို ကျွေးပြီး သူတို့အနားတွင် စခန်းချရန် နေရာကလေးဖယ်ပေးသည်။ ဟာစရီပါးသည် သူတို့တစ်တွေ၏ ဖော်ရွေရက်ရောမှုကို ကြည့်ပြီး ဝမ်းသာသွား၏။ အလုပ်ရှာနေစဉ်တွင် သူတို့နှင့်အတူ သားမယားများကို စိတ်ချလက်ချ ထားနိုင်လေပြီ။ ထိုနေ့ညတွင် ဟာစရီပါးသည် ပြင်းထန်သည့် သင်ခန်းစာတစ်ခုကို ရလိုက်သည်။

“လူမဆန်တဲ့ ဒီမြို့ကြီးထဲမှာ လူတွေ အလုပ်လုပ်ရင်း သေသွားတာကို မြင်နေပါလျက် သူတို့နေရာမှာ အလုပ်ကလေး တစ်ခုရအောင် မရှာနိုင်ဘူးဆိုရင်တော့ လဲပြီးသေဖို့ပဲ ကောင်းတော့တယ်” ဟု သူအောက်မေ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၅

ဟာစရိပါးက "လူမဆန်" ဟုပြောသည့် မြို့ကြီးသည် တံလုပ်မြို့တော်ကြီး တစ်ခုဖြစ်သည်။ မျိုးဆက်တစ်ဆက်အတွင်း၌ ဝော်မွတ်နေသော လူခြောက်သန်းခန့်သည် သူတို့မိသားစုများကို ရှာဖွေကျွေးမွေးရန်အတွက် ထိုမြို့ကြီးသို့ ရောက်လာခဲ့ကြသည်။ လွန်ခဲ့သည့် ရာစုနှစ်ဝက်ခန့်လောက်က စီးပွားရေး အခြေအနေ မကောင်းခဲ့သည့်တိုင် ၁၉၆၀ ခုနှစ်များ တစ်ဝိုက်တွင်မူ ကာလကတ္တား သည် အာရှတိုက်တွင် အစည်ကားဆုံး၊ အချမ်းသာဆုံး မြို့ကြီးတစ်မြို့ဖြစ် လာခဲ့သည်။

ပင်လယ်ကူးသင်္ဘောဆိပ်ရှိသည်။ သတ္တုအရည်ကျိုရုံများရှိသည်။ ဓာတုဗေဒနှင့် ဆေးဝါးလုပ်ငန်းစက်ရုံများရှိသည်။ ဂျုံစက်များနှင့် အထည်စက်ရုံများရှိသည်။ ဂုန်လျှော်စက်ရုံများနှင့် ချည်မျှင်စက်ရုံများရှိသည်။ ထို့ကြောင့် ကာလကတ္တားသည် အိန္ဒိယပြည်တွင် ဒေလီနှင့် ဘုံဘေမြို့ ပြီးလျှင် လူတစ် ယောက်လုပ်ခအမြင့်ဆုံးရသည့် မြို့ကြီးဖြစ်သည်။ အိန္ဒိယပြည်၏ သွင်းကုန်သုံးပုံ တစ်ပုံနှင့် ပို့ကုန်တစ်ဝက်ကျော်ကျော်တို့သည် လွန်ခဲ့သော နှစ်ပေါင်း သုံးရာလောက်က ထိုမြို့ကြီးတည်ခဲ့ရာ ဟူဂလီမြစ်တစ်ကြောကို ဖြတ်သန်းသွားခဲ့ ကြရသည်ချည်းဖြစ်သည်။ အိန္ဒိယပြည်၏ ဘဏ်လုပ်ငန်း ၃၈ ရာနှုန်းနှင့် အခွန်တော်ငွေ သုံးပုံတစ်ပုံတို့သည် ထိုမြို့မှပင် ရခဲ့ခြင်းဖြစ်သည်။ အိန္ဒိယပြည်၏ ဝုဟာနယ်ဟု ခေါ်ကြသော ကာလကတ္တား နောက်ကျောနယ်မြေများမှ ထုတ် လုပ်သော ကျောက်မီးသွေးသည် ပြင်သစ်ပြည်တစ်ပြည်လုံးထုတ်သည့် ကျောက် မီးသွေးထက် နှစ်ဆများပြီး၊ သံမဏိသည် မြောက်ကိုးရီးယားတစ်ပြည်လုံးမှ ထုတ်လုပ်သည့် သံမဏိအထွက်နှင့် ညီသည်။ ကျယ်ပြန့်သော ကျောထောက် နောက်ခံနယ်မြေများမှ ထွက်သည့် သယံဇာတဟူသမျှတို့သည် ကာလကတ္တား စက်ရုံကြီးများနှင့် ဂိုဒေါင်များထဲသို့ ရောက်လာကြသည်။ ကြေးနီ၊ မဂ္ဂနီစီယမ်၊ ကရိုမီယန်၊ အက်စဘက်စတော့၊ ဘောဇိုက်၊ ဂရဖိုက် စသည်တို့အပြင်



ဘီဓဝန္တာမှ အဖိုးတန်သစ်များ၊ အာသံပြည်နယ်နှင့် ဒါဂျီလင်မှ လက်ဖက်ခြောက် နှင့် ကမ္ဘာ့ဂုန်လျှော်အထွက်၏ ငါးဆယ်ရာခိုင်နှုန်းတို့သည် ကာလကတ္တား နောက်ကျော နယ်မြေများမှ ရောက်လာခဲ့ကြသည်။

ထိုမှုမက နောက်ကျောနယ်မြေများမှ စားကုန်သောက်ကုန်တို့သည် လည်း ကာလကတ္တားဈေးကြီး, ဈေးငယ်များသို့ နေ့စဉ်နှင့်အမျှ စီးဝင်လာနေ ကြသည်။ ဘင်္ဂလားမှ ဂျုံစပါးနှင့်သကြား၊ ဘီဟာနယ်မှ ဟင်းသီးဟင်းရွက်များ၊ အိန္ဒိယပြည်နယ်မှ သစ်သီးများ၊ ဘင်္ဂလားဒက်ရှ်မှ ကြက်နှင့် ကြက်ဥများ၊ အနွ ရာနယ်မှ အသားများ၊ ဩရိယနယ်မှ ငါးများ၊ ဆန္တာပန်နယ်မှ ခရုများနှင့် ပျားရည်များ၊ ပတ္တနားနယ်မှ ဆေးရွက်ကြီးနှင့် ကွမ်းများ၊ နီပေါမှ ဒိန်ခဲများ စသည်တို့သည် နေ့စဉ်နှင့်အမျှ ရောက်နေကြသည်။ လူမျိုးစုံသလောက် ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင် အချက်အချာအဖြစ်ဆုံးသော အာရှတိုက်၏ မြို့ကြီးတစ်မြို့ဖြစ်သည့် ကာလကတ္တားသို့ အမျိုးမျိုးသော ပစ္စည်းတို့ ရောက်ရှိ လာကြသည်။ ကာလကတ္တားဈေးများထဲတွင် အထည်စ, အမျိုးပေါင်း နှစ်ရာ ငါးဆယ်ကျော်ခန့်ကို တွေ့နိုင်သည်။ ဆာရီအရောင်ပေါင်း ငါးထောင်ကျော်ခန့်ကို တွေ့နိုင်သည်။ ကူးသန်းရောင်းဝယ်ရေး မြို့တော်ကြီးသို့ လာခဲ့ရာတွင် ထို ကုန်ပစ္စည်းများသည် အလွန်ဆင်းရဲမွဲတေသော နယ်မြေများကို ဖြတ်သန်းခဲ့ ရသည်။ ထိုမြေများတွင် ဟာစရိပါးကဲ့သို့သော လယ်သမားများသည် မြေညံ့ အသေးတစ်ကွက်ကို ထွန်ယက်စိုက်ပျိုး၍ စားနေကြရသည်။ ရာသီဥတု ဖောက်ပြန်၍ ကပ်ဆိုက်လျှင် ထိုသူတို့သည်လည်း ကုန်စည်များကဲ့သို့ပင် ကာလကတ္တားသို့ တဖွဲဖွဲရောက်လာကြတော့မည်။

ကာလကတ္တားမြို့တော်ကြီးသည် ကမ္ဘာတွင် သယံဇာတအပေါများဆုံး နေရာတစ်နေရာဖြစ်ပြီး ကမ္ဘာတွင် ကံအဆိုးဆုံး နေရာတစ်နေရာဖြစ်သော နေရာတွင် တည်ရှိသည့် မြို့တော်ကြီးဖြစ်သည်။ ထိုနေရာသည် တချို့နှစ်များ တွင် လေတစ်ချက်မျှမလာ၊ မိုးတစ်စက်မျှ မရွာသော နေရာဖြစ်ပြီး တချို့ နှစ် များတွင် ကြောက်ဖွယ်လေမုန်တိုင်းကြီးများ တိုက်ကာ ကြောက်ဖွယ် ရေကြီးမှု ကြီးများ ပေါပေါက်ရာဖြစ်သည်။ ထိုနေရာသည် ဆိုင်ကလုန်းမုန်တိုင်းကြီးများ ဖြစ်ရာ၊ ကမ္ဘာပျက် ငလျင်ကြီးများ လှုပ်ရာ၊ နိုင်ငံရေးဒုက္ခသည်များ စုဝေး ရာနှင့် ဘာသာရေး အဓိကရုဏ်းများ ဖြစ်ပွားရာဖြစ်သည်။ ထိုနေရာက ကာဠီဘုရားမျိုး၊ ထိုနေရာက သမိုင်းမျိုး မည်သည့်တိုင်းပြည်တွင်မျှရှိမည်

www.burmeseclassic.com

www.burmeseclassic.com



မထင်။ ၁၉၃၇-ခု၊ ဇန်နဝါရီလ ၁၅ ရက်နေ့က လှုပ်ခဲ့သည့် ဘီဟာနယ်မြေငလျင်ကြီးကြောင့် လူထောင်ပေါင်းများစွာ သေကြေပျက်စီးခဲ့ပြီး ရွာကြီးတွေ ကာလကတ္တားမြို့နားသို့ ရွှေ့သွားခဲ့ကြသည်။ နောက်ခြောက်နှစ်အကြာတွင် ဘင်္ဂလားပြည်နယ် တစ်ခုတည်းတွင်ပင် ငတ်မွတ်၍ လူသုံးသန်းခွဲသေဆုံးခဲ့ရပြီး သန်းပေါင်းများစွာတို့ ဒုက္ခသည်အဖြစ်သို့ ရောက်ခဲ့ကြရသည်။ ၁၉၄၇ ခုနှစ်က အိန္ဒိယ ပါကစ္စတန် နယ်ခွဲ လိုက်သဖြင့် ဘီဟာနှင့် အရှေ့ပါကစ္စတန်တို့မှ ဒုက္ခသည်ပေါင်းလေးသန်းတို့သည် ကာလကတ္တားမြို့ထဲသို့ ရောက်လာခဲ့ကြသည်။ ၁၉၆၂ ခုနှစ်တွင် တရုတ်နှင့် နယ်စပ်စစ်ပွဲဖြစ်ခြင်း၊ ပါကစ္စတန်နှင့်စစ်ဖြစ်ခြင်းတို့ကြောင့် နောက်ထပ် လူထောင်ပေါင်းများစွာ ရောက်လာခဲ့ကြပြန်သည်။ ၁၉၆၅ ခုနှစ်တွင် မီဂါတန် သုံးတန်ရှိ ဟိုက်ဒရိုဂျင်ဗုံးဆယ်လုံးစာနှင့် အားချင်းညီမျှ၍ နယူးယောက် မြို့ကြီးကို ပြားချပ်သွားစေနိုင်သော ဆိုင်ကလုန်းမုန်တိုင်းကြီးအပြင် ဘီယာနယ်တွင် မိုးကြီးခေါင်ကာ ကာလကတ္တားသို့ လူတွေအုပ်လိုက်ချီ၍ ပြောင်းလာခဲ့ကြပြန်သည်။

ယခုနှစ်တွင်လည်း မိုးကြီးခေါင်သဖြင့် ဟာစရီပါးတို့လို ဒုက္ခသည်အမြောက်အမြားသည် ကာလကတ္တားသို့ ရောက်လာကြပြန်လေပြီ။

ထိုသို့ ဒီလှိုင်းကြီးတွေ တက်လာသလို ဒုက္ခသည် လူအုပ်ကြီးတွေ တစ်အုပ်ပြီးတစ်အုပ် အဆက်မပြတ်ရောက်လာခဲ့သဖြင့် ကာလကတ္တားသည် ကြီးမားသော သူ့အနွယ်အစုအဝေးကြီးတစ်ခုအဖြစ်သို့ရောက်လာခဲ့သည်။ နှစ်အနည်းငယ်အတွင်းတွင် ကာလကတ္တားသည် သူ့လူဦးရေဆယ်သန်းကို လူတစ်ယောက်လျှင် ပျမ်းမျှဆယ့်နှစ်ပေစတုရန်းသာ နေရာပေးနိုင်တော့သည်။ ထိုအထဲတွင် ဆင်းရဲသားအောက်တန်းလွှာ လေးငါးသန်းကို ဆင်းရဲသား ရပ်ကွက်ကလေးများထဲတွင် ပြွတ်သိပ်ထိုးထည့်ကာ တစ်ယောက်ကို စတုရန်းသုံးပေလောက်ပင် မပေးနိုင်တော့။ ဤသို့ဖြင့် ကာလကတ္တားသည် ကမ္ဘာပေါ်တွင် အကြီးဆုံးသော မြို့ပြ ဘေးအန္တရာယ်ဆိုးကြီးတစ်ရပ်ဖြစ်လာခဲ့သည်။ အပျက်အစီးမြို့ကြီးဖြစ်လာခဲ့သည်။ ထောင်ပေါင်းများစွာသော အိမ်များနှင့် အထပ်ဆယ်ထပ်မက မြင့်သော အဆောက်အအုံသစ်ကြီးများသည် အချိန်မရွေး ပြိုလဲပျက်စီးတော့မည့်ဟန် ခြိမ်းခြောက်နေကြသည်။ တိုက်မျက်နှာစာများ ပြိုကျပျက်စီးနေကြသည်။ အမိုးများက ယိုင်ရွဲ့နေကြသည်။ နံရံများတွင် သစ်ပင်တွေ ပေါက်နေကြသည်။



အချို့ရပ်ကွက်များမှာ လောလောလတ်လတ် ဗုံးကြဲခံထားရသည့်နယ် ပြားချပ်နေကြသည်။ နံရံများပေါ်တွင် ရုပ်ရှင်ကြော်ငြာတွေ၊ စီးပွားရေး ကြော်ငြာတွေ၊ နိုင်ငံရေး ပိုစတာတွေ ဖွေးဖွေးလှုပ်ကာ အဆောက်အအုံတို့ကို မြင်၍ မရအောင် အဟန့်အတားဖြစ်နေသည်။ လုံလောက်သည့် အမှိုက်သိမ်းစနစ် မရှိသည့်အတွက် တစ်နေ့တစ်နေ့လျှင် လမ်းမများပေါ်တွင် အမှိုက်သရိုက်တန်ပေါင်းတစ်ထောင့်ရှစ်ရာမျှ စုပုံနေကြသည်။ ထိုအမှိုက်သရိုက်များသည် ယင်များ၊ ခြင်များ၊ ပိုးဟပ်များ၊ ကြွက်များနှင့် အခြားသော ပိုးမွှားတိရစ္ဆာန်များကို ဖိတ်ခေါ်နေသကဲ့သို့ရှိသည်။

နွေရာသီဆိုလျှင် ထိုအမှိုက်သရိုက်များကြောင့် ကူးစက်ရောဂါတွေ ဖြစ်ကြသည်။ မကြာသေးမီအထိ ကာလဝမ်းရောဂါ၊ အသည်းရောင်ရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ ခွေးရူးကိုက်ရောဂါတို့ကြောင့် လူတွေ တသောသော သေနေကြဆဲဖြစ်သည်။

ကာလကတ္တားမြို့ကြီးသည် အခိုးအငွေ့၊ မကောင်းသည့် အနံ့အသက်၊ အညစ်အကြေးတို့ဖြင့် နံစော်ပုပ်ဟောင်နေသည့် အမှိုက်ပုံကြီးဖြစ်ကြောင်း၊ လမ်းအိုလမ်းပျက်၊ မိလ္လာပိုက် အပေါက်အပြဲ၊ ရေပိုက်အကျိုးအပဲ့၊ တယ်လီဖုန်းကြိုးအပြတ်အစုတ်တို့ဖြင့်ပြီးသည့် ပျက်စီးနေသော နေရာကြီးဖြစ်ကြောင်းဖြင့် သတင်းစာများက ရေးကြသည်။ အတိုချုပ်ပြောရလျှင် ကာလကတ္တားသည် "သေနေသောမြို့ကြီး" သာဖြစ်သည်။

သို့တိုင်အောင် ထောင်ပေါင်းများစွာသော သန်းပေါင်းများစွာသော လူများသည် ပန်းခြံများ၊ လမ်းမကြီးများ၊ လမ်းများ၊ လမ်းသွယ်များထဲတွင် နေ့ရော ညပါ သွားလာလှုပ်ရှားနေကြသည်။ ပလက်ဖောင်းများပေါ်တွင် ဈေးသည်များ၊ အထမ်းသည်များ၊ အိုးမဲ့အိမ်မဲ့များ၊ အမှိုက်ပုံများ၊ အိမ်ဆောက်ပစ္စည်းများ၊ ဆိုင်ကြီးများ၊ နတ်ကွန်းများ၊ ဘုရားကျောင်းငယ်များက နေရာယူထားကြသည်။ ထိုအရာများကြောင့် လမ်းမများပေါ်တွင် ရှုတ်ရှုတ်သဲသဲဖြစ်မှု၊ အမြင့်ဆုံးအဆင့်သို့ ရောက်သည့် ယာဉ်တိုက်မှုများ၊ လမ်းပိတ်ဆို့မှုများဖြစ်နေသည်။ [illegible]မတာ အများသုံး ရေအိမ်တို့ မရှိသဖြင့် ရာပေါင်း ထောင်ပေါင်းများစွာသော လူမြို့သားတို့သည် လမ်းမပေါ်မှာပင် အညစ်အကြေး စွန့်နေကြရသည်။

ထိုနှစ်များအတွင်းက ကာလကတ္တားမြို့၏ မိသားစုဆယ်စုအနက် [illegible]စုတို့သည် တစ်နေ့လျှင် ငွေတစ်ကျပ် နှစ်ကျပ်မျှဖြင့် အသက်ရှင်နေကြ

www.burmeseclassic.com



ရသည်။ ထိုငွေသည် ဆန်တစ်ပေါင်ဖိုးပင်မရှိ။ ကာလကတ္တားသည် ဟာစရီပါး ပြောသလို "လူမဆန်သော မြို့ကြီး" ဖြစ်သည်။ မျက်စိရှေ့တွင် လမ်းမပေါ်၌ လူတစ်ယောက် ဘုံးဘုံးလဲကျ သေသွားသည်ကိုပင် ကိုယ်နှင့် မဆိုင်သလို အသွားအလာမပျက်ဖြစ်နေသော လူများကို ဟာစရီပါး မြင်ခဲ့ရပြီမဟုတ်လော။ ကာလကတ္တားသည် ပရမ်းပတာဖြစ်မှုနှင့် အကြမ်းပတမ်းဖြစ်မှုတို့ကို သိုလှောင်ထားသည့် ယမ်းအိုးကြီး တစ်အိုးလည်းဖြစ်သည်။ တော်လှန်ခြင်း၊ လူမျိုးရေး အဓိကရုဏ်းများ ဖြစ်ပွားရသည့်အထဲတွင် ကမ္ဘာ့အဆိုးရွားဆုံးရာသီဥတု ကြီးစိုးရာ မြို့ကြီးလည်းဖြစ်သည်။ တစ်နှစ်လျှင် ရှစ်လလုံးလုံး ပူလောင်အိုက်စပ် လျက်ရှိပြီး လမ်းမပေါ်မှ ကတ္တရာစေးတွေ အရည်ပျော်ကျကာ ယောင်ရာတံတားမှ သံပေါင်ကြီးများသည် နေ့အချိန်ဆိုလျှင် ညအချိန်ထက် လေးပေခန့် ကားထွက်လာတတ်သည်။ မျက်လုံးမှကြောက်မက်ဖွယ် အရောင်တို့ ပြိုးပြက်ပြီး လည်ပင်းတွင် မြွေများဖြင့် ခေါင်းခွံကို လည်ဆွဲလုပ်၍ ဆွဲထားသည့် ကာလီနတ်သမီးသည် သေခြင်းနှင့် အကြောက်တရားတို့ကို ကိုယ်စားပြုထားသည့် နတ်ရုပ်ဖြစ်၏။ ကာလကတ္တားမြို့တော်ကြီးသည် နေရာများစွာတွင် ထိုနတ်သမီးနှင့် သဏ္ဌာန်တူနေသည်။ နံရံပေါ်မှ ကြွေးကြော်သံများသည်ပင်လျှင် ထိုမြို့ကြီး၏ ယိုယွင်းပျက်စီးနေသော အခြေအနေကို ဖော်ပြနေသကဲ့သို့ရှိကြသည်။ ကြွေးကြော်သံ ပို●တာ တစ်ခုပေါ်တွင် အောက်ပါအတိုင်း ရေးထားသည်ကို တွေ့နိုင်သည်။

"ဒီမှာ ဘာမျှော်လင့်ချက်မှ မရှိတော့ဘူး၊ ငါတို့မှာ ဒေါသပဲ ကျန်တော့တယ်"။

* * *

မြို့သူမြို့သားများက သူတို့နေထိုင်ရာ ကာလကတ္တားမြို့ကြီးသည် လူမဆန်သည့် မြို့ကြီးဟု ပြောကြ၏။ သို့ရာတွင် ကာလကတ္တားမြို့ကြီးတွင် ကြီးကျယ်ခမ်းနားသော အတိတ်သမိုင်းရှိသည်။ ၁၆၉၀–ခုနှစ်တွင် ဗြိတိသျှ ကုန်သည် တစ်စုက တည်ထောင်ခဲ့ချိန်မှစ၍ ၁၉၄၇–ခု၊ ဩဂုတ်လ ၁၅–ရက် နေ့၊ နောက်ဆုံး ဗြိတိသျှဘုရင်ခံ ထွက်ခွာသွားချိန်အထိ ကာလကတ္တားမြို့ကြီး သည် လူဖြူတို့၏ ကမ္ဘာကြီးစိုးရေး အိပ်မက်ကို အကောင်အထည်ဖော်ရာ တွင် အချက်အချာအကျဆုံးသော မြို့ကြီးဖြစ်သည်။

ကာလကတ္တားမြို့ကြီးသည် နှစ်ပေါင်း နှစ်ရာငါးဆယ်နီးပါးမျှ ဗြိတိသျှ– အိန္ဒိယ အင်ပါယာ၏ မြို့တော်ကြီးဖြစ်ခဲ့သည်။ ၁၉၁၅–ခုနှစ်အထိ အဆက်ဆက်



သော အိန္ဒိယ ဘုရင်ခံချုပ်များသည် ယနေ့ အမေရိကန်ပြည်ထောင်စုထက် ကျယ်ဝန်းရေများသော တိုင်းပြည်ကြီးကို ထိုနေရာမှနေ၍ အုပ်စိုးလွှမ်းမိုးခဲ့ကြသည်။ ပြေးပြနေသော တပ်ပေါင်းများစွာ၊ ဝေါစီး၍သွားလာနေကြသော အထက်တန်းစား၊ ဂုဏ်သရေရှိ အမျိုးများစွာတို့သည် ကာလကတ္တားမြို့ကြီးပေါ်မှ လမ်းမများ ပေါ်တွင် ဖြတ်သန်းသွားခဲ့ကြသည်။

မုတ်သုံရာသီ၏ ဒဏ်ကို နှစ်ပေါင်းများစွာ ခံခဲ့ကြရသည့်တိုင် ကာလ ကတ္တားမြို့ရှိ အများပြည်သူဆိုင်ရာ အဆောက်အအုံကြီးများ၊ အထိမ်းအမှတ် ကျောက်ရုပ်ကြီးများ၊ အရောင်းအဝယ် လုပ်ငန်းဌာနကြီးများ၊ ကျောက်ဖြူသား ခန်းမများနှင့် ကျောက်ဖြူသား တိုင်လုံးကြီးများဖြင့် ရှိနေကြသော လုပသော အိမ်ကြီးများသည် အတိတ်ကကြီးကျယ်ခမ်းနားသော အမွေအနှစ်ကို ဆက်လက် ခံယူနေကြဆဲ ရှိသေးသည်။

မြို့လယ် ရိပ်သာလမ်းမကြီးပေါ်တွင် ဗြိတိသျှအင်ပိုင်ယာကြီး၏ ဘုရင် ကောက်ခံဖြစ်သော ဂျော့ဘုရင်နှင့် မေရီမိဖုရားကြီးတို့သည် ၁၉၁၁–ခုနှစ်က ရွှေပိန်းချ ရထားကြီးဖြင့် ဒေသစာရီ လှည့်လည်လာခဲ့ဖူးသည်။

ထိုစဉ်က စကော့တောင်ပေါ်သား အဝတ်အစားများကို ဝတ်ဆင်ထား သည့် တောင်ပေါ်သား တပ်ဖွဲ့များက ဘုရင်နှင့် မိဖုရားကို စစ်သဘင်ခင်းကျင်း ပြသခဲ့ကြဖူးသည်။ ထိုရိပ်သာလမ်းမကြီးထိပ်တွင် ဧကသုံးဆယ်ကျယ်သည့် ပန်းခြံကြီးရှိပြီး ထိုပန်းခြံကြီးအလယ်တွင် အခန်းပေါင်း ၁၃၇–ခန်းရှိသော ရာတ်ဂျ်ဘာဝမ် စံအိမ်ကြီးကို မြင်ရသည်။

ထိုစံအိမ်ကြီးသည် အင်္ဂလန်တွင် အလှဆုံးကျေးလက်စံအိမ်တစ်လုံးဖြစ် သည့် ကက်လက်စတန်ဟော စံအိမ်ကြီးအတိုင်း ဆောက်ထားခြင်းဖြစ်ပြီး ထိုစံအိမ်ကြီးထဲတွင် အဆက်ဆက်သော အိန္ဒိယဘုရင်ခံချုပ်များ နေထိုင်ခဲ့ကြ သည်။ ဘုရင်ခံချုပ်တစ်ဦးဖြစ်ခဲ့သည့် လော့ဒ်ဝယ်လက်စလေသည် ထိုစံအိမ်ကြီး ၏ ကျောက်ဖြူသားညှိခန်းဆောင်ကြီးထဲတွင် ဆီဇာဘုရင်ကြီး၏ ရုပ်တု ဆယ်နှစ်ခုဖြင့် တန်ဆာဆင်ခဲ့သည်။

လွတ်လပ်ရေးမရခင်က ထိုရာတ်ဂျ်ဘာဝမ် စံအိမ်ကြီးသည် စိတ်ကူးဖြင့် ပင် လိုက်၍မမီလောက်အောင် ကြီးကျယ်ခမ်းနားသည့် ညှိခံပွဲကြီးများ၊ ကခုန်ပွဲတော်ကြီးများ ကျင်းပရာ နေရာဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပွဲတော်နေ့များ၌ အမြင့်မြတ်ဆုံးသော ဧကရီဘုရင်မကြီး "ဝိတိုရိယ ဘုရင်မ" ၏ ကိုယ်စားလှယ်တော်ဖြစ်သော အိန္ဒိယဘုရင်ခံချုပ်သည် ဘောတစ်ဖက်တစ်ချက်တွင် စစ်ဝတ်စုံအပြည့်အစုံ ဝတ်ဆင်ထားသော ကိုယ်ရံတော် ဗိုလ်အပေါင်းခြံရံလျက် ရွှေပိန်းချကတ္တီပါနီအုပ် ရာဇပလ္လင်ထက်တွင် နေရာယူစဉ် ခေါင်းပေါင်းပေါင်းထားသည့် အိန္ဒိယအမျိုးသားအစေတော်နှစ်ယောက်တို့က ဘုရင်ခံချုပ် ရှင်လန်းချမ်းမြေ့စေရန်အလို့ငှာ အနီရောင်ပိုးစဖြင့် ချုပ်လုပ်ထားသည့် လေယပ်ကြီးကို အသာအယာဆွဲကြရသည်။ ငွေအရွေးစွပ်လှံများကို ကိုင်ထားသည့် တပ်သားများက ကိုယ်ရံတော်တပ်ဖွဲ့အဖြစ် စောင့်ကြပ်ကြရသည်။

တည်ဆောက်ဆဲ အဆောက်အအုံများနှင့် ခေတ်သစ် ဆင်းရဲသားရပ်ကွက်များအလယ်ကောင်တွင် သရဖူထဲမှ စိန်ကြီးတစ်လုံးနှယ်ဖြစ်ခဲ့သော ဤကာလကတ္တားမြို့ကြီး၏ အတိတ်ကြီးကျယ်ခမ်းနားမှုကို သက်သေထူနေသည့် အလားတူ ကြီးကျယ်သော အဆောက်အအုံများလည်း ရှိသေးသည်။

အားကစားကွင်းကြီးကို ဥပမာအဖြစ် ကြည့်နိုင်သည်။ ထိုကွင်းကြီးထဲ၌ ဗြိတိသျှအင်ပိုင်ယာကြီး၏ နန်းရင်းဝန်ကြီးဖြစ်ခဲ့သော ရောဘတ်ဝါပိုး၏ ခြေဖြစ်သူ ခေါင်းဆောင်သည့် အသင်းသည် အီတန်ကျောင်းသားဟောင်းများအသင်းကို ကရစ်ကက်ကစားပွဲတွင် ၁၈၀၄-ခုနှစ်က အနိုင်ရခဲ့သည်။

ထိုကရစ်ကက်ဘောလုံးပွဲသည် အရှေ့တိုင်းတွင် ပထမဆုံးကစားသော ကရစ်ကက်ဘောလုံးပွဲဖြစ်သည်။ ထို့ပြင် ဟူဂလီမြစ်ဘေးတွင် ကေရှစ်ရာခန့် ကျယ်ဝန်း၍ အခိုင်အလုံတည်ဆောက်ထားသော နယ်မြေကြီးတစ်ခုရှိသေးသည်။ ထိုနယ်မြေထဲတွင် ကမ္ဘာ၌ လူတို့တည်ဆောက်နိုင်သော အကြီးဆုံးသော ခံတပ်ကြီးတစ်ခုရှိသည်။

ကာလကတ္တားတွင် ပထမဆုံးလာရောက်ဖွင့်လှစ်သော ဗြိတိသျှကုန်သည်တို့၏ ကုန်ရုံသုံးရုံကို အကာအကွယ်ပေးရန် တည်ဆောက်ထားသော ရဲတိုက်ကြီးတစ်တိုက်သည် ဤတပ်ထဲတွင်ရှိ၏။ ထိုကုန်ရုံသုံးရုံအနက် တစ်ရုံမှာ ကာလီနတ်သမီးကို ကိုးကွယ်သောအားဖြင့် တည်ထားသည့် ကာလီကတ္တား ဟူသော ရွာတစ်ရွာအနီးတွင် ဆောက်လုပ်ထားခြင်းဖြစ်သဖြင့် ထိုကုန်ရုံကြီးကို ကာလီကတ္တားဟုခေါ်ကြသည်။ ကာလကတ္တားမြို့ဆိုသော အမည်သည် ထိုမှ ဆင်းသက်အမည်တွင်လာခဲ့ခြင်းဖြစ်သည်။ ထို ဖို့ဝီလျံ ရဲတိုက်ကြီးသည်



ကာလကတ္တားမြို့ကြီးနှင့်တကွ အာရှတိုက်တွင် ဗြိတိသျှအင်ပိုင်ယာကြီးကို ကြီးပြင်းလာအောင် မွေးမြူပေးလိုက်သော ပခက်တစ်လုံးဟုလည်း ဆိုနိုင်သည်။

သို့ရာတွင် အတိတ်၏ ကြီးကျယ်ခမ်းနားမှုကို ဖော်ပြသည့် အရာများထဲတွင် အထင်ရှားဆုံးမှာ မိုင်ဒါကွင်းအစွန်တွင် ထီးထီးကြီးရပ်နေသည့် ကျောက်ဖြူပြတိုက်ကြီးဖြစ်သည်။ မိမိသည် လူဖြူအားလုံး၏ ကိုယ်စား ကမ္ဘာတစ်ဝန်းလုံးရှိ လူသားများအား စောင့်ရှောက်ကယ်တင်ရန် မဟာတာဝန်ကြီးကို ထမ်းရွက်ရသည်ဟု ယုံကြည်တော်မူသော ဝိတိုရိယဘုရင်မကြီး၏ ခြောက်ဆယ့်သုံးနှစ်မြောက် နန်းစံသက်ကို ရည်စူးကာ အိန္ဒိယပြည်၏ စုဆောင်းငွေဖြင့် တည်ဆောက်ခဲ့သော ဝိတိုရိယဘုရင်မကြီး၏ ပြတိုက်ရှိသည်။

ထိုခေတ်သစ် မြို့ပြအဆောက်အအုံများကြားတွင် ကိုလိုနီအုပ်စိုးမှုနှင့် ပတ်သက်၍ အပြည့်စုံဆုံး အဖိုးထိုက်ဆုံးသော ပစ္စည်းများကို ပြသထားသည်။ ထိုပြတိုက်ကြီးထဲတွင် ဒွိဟဖြစ်နေကြသော နောင်လာနောက်သားတို့အတွက် အထိမ်းအမှတ် ပစ္စည်းများကို ကောင်းစွာ သိမ်းဆည်း၍ထားသည်။

ဘုရင်မကြီး၏ ဘုန်းကျက်သရေ ထွန်းတောက်မှု အဆင့်တိုင်းတွင် ရိုက်ကူးထားသည့် ဘုရင်မကြီး၏ ရုပ်တုများ၊ အဆက်ဆက်အုပ်စိုးခဲ့ကြသော ဘုရင်မကြီး၏ ကိုယ်စားလှယ်တော် ဘုရင်ခံချုပ်မင်းများ၏ ရုပ်တုများ၊ စာဆိုဆရာကြီး ကစ်ပလင်း၏ရုပ်ပုံ၊ အိန္ဒိယပြည်အား ဗြိတိသျှအင်ပိုင်ယာထဲသို့ သွတ်သွင်းခဲ့စဉ် စစ်ပွဲများ၌ ဗြိတိသျှဗိုလ်ချုပ်များ ကိုင်ဆောင်ခဲ့သော ရွှေချကျောက်စီ လက်ကိုင်ရိုးတပ် ဓားရှည်ကြီးများ၊ ထိုတိုက်ပွဲများအကြောင်းကို အမှတ်ထားသည့် စာရွက်စာတမ်းများ၊ ရေခြားမြေခြားတွင်ရှိသော မိမိ၏ အောက်အောက်ခံ ကျေးတော်မျိုး၊ ကျွန်တော်မျိုးတို့အား ချစ်ခင်မြတ်နိုးတော်မူကြောင်း ဖော်ပြသည့် ဧကရီဘုရင်မကြီး၏ မှာတမ်းသဝဏ်လွှာများလည်း ရှိသည်။ ကာလကတ္တားသည် အပူရှိန်ပြင်းသည်။ မြွေကင်းပေါသည်။ ရောဂါထူပြောသည်။ ခွေးအ, ဝင်တတ်သည်။ တစ်ခါတစ်ရံတွင် ချောင်းရင်ဂီ လမ်းမကြီးပေါ်အထိ ကျားများဝင်ရောက်တတ်သေးသည်။ သို့တိုင်အောင် ကာလကတ္တားသည် သူ့ကို တည်ဆောက်ပေးလိုက်သည့်အရှင်သခင် အင်္ဂလိပ်တို့အား အလွန်ခံ့မ်ရှိ၍ အလွန်ချမ်းသာသော အနေအထိုင်မျိုးကို ပေးနိုင်ခဲ့သည်။ ရာစုနှစ်ခေါင်းနှစ်ရာငါးဆယ်အတွင်း၌ အဆက်ဆက်သော အင်္ဂလိပ်မင်းများသည် မိုးလင်းသည်နှင့် မြင်းတပ်သည့် ဘာဂီများဖြင့်လည်းကောင်း၊ အမိုးဖွင့်ကား

www.burmeseclassic.com

www.burmeseclassic.com



များဖြင့်လည်းကောင်း၊ မိုင်ဒါကွင်းထဲရှိ သောင်ပင်ရိပ်များ၊ သော်ကချုံရိပ်များ အနှံးတောများ ကြားထဲတွင် မနက်ခင်း လေညင်းခံထွက်ကြသည်။ နှစ်တိုင်း နာတာလူးပွဲတော် မတိုင်မီတွင် ပြိုးပြိုးပြက်ပြက်တောက်ပသော ပိုလိုရိုက်ပွဲများ၊ မြင်းပွဲများ၊ ဧည့်ခံပွဲများကို တခြိမ့်ခြိမ့်ကျင်းပကြသည်။

အာရှတိုက်ရှိ အထက်တန်းလွှာ ပုဂ္ဂိုလ်မှန်သမျှတို့သည် ကာလကတ္တားသို့ လာရောက်စုဝေးကြသည်၊ ကာလကတ္တားမြို့ကြီး ကောင်းစားစဉ်ကမူ ကာလကတ္တားရှိ အထက်တန်းလွှာ ဂုဏ်သရေရှိ အမျိုးသမီးအပေါင်းတို့၏ အဓိက မဟာလုပ်ငန်းသည် မဒရပ်နှင့် ဗာရာဏသီမှ ရက်လုပ်သည့် ပိုးဖဲကတ္တီပါတို့ကို လန်ဒန်နှင့် ပါရီရှိ အကောင်းဆုံးအပ်ချုပ်ဆိုင်များသို့ ပေးပို့က သတို့သမီးဝတ်စုံချုပ်ပြီး စမ်းသပ်ဝတ်ဆင်ကြည့်ကြသည့် လုပ်ငန်းဖြစ်သည်။ အဆိုပါ အခွင့်ထူးခံ အမျိုးသမီးတို့ နှစ်ပေါင်းငါးဆယ်လုံးလုံး ဆုံတွေ့ရာဌာနသည် ပါရီမှလာရောက်ဖွင့်လှစ်သည့် မက်ဆားမာဗေးနှင့် မက်ဆားဆီရက်ဆိုသော ဆံပင်အလှပြင်ဆိုင် နှစ်ဆိုင်ဖြစ်သည်။ ထိုသို့ အပျော်အပါး၊ အဖော်အကြွားတို့ များပြားလှသဖြင့် ကာလကတ္တားသည် အရှေ့တိုင်း၏ ပါရီဟု ထိုခေတ်က နာမည်တွင်ခဲ့ဖူးသည်။ ဧည့်ခံပွဲများ ကျင်းပတိုင်း ဟူဂလီမြစ်ရိုး တစ်လျှောက်သို့ လေညင်းခံမထွက်သော ဧည့်ခံပွဲဟူ၍ မရှိ။ ခေါင်းပေါင်း အစိမ်း၊ အနီ၊ အဖြူရောင်ဝတ်စုံတွင် ရွှေခါးစည်းကြိုးစည်းထားသည့် လှေဝော်သားလေးဝါးဆယ်ခန့် လှော်သည့်ဇိမ်ခံလှေကြီးများပေါ်တွင် ဧည့်သည်များကို တင်ကာ လေညင်းခံ ထွက်တတ်ကြသည်။

တစ်ခါတစ်ရံတွင်လည်း ဒေင်ဥယျာဉ်ဟု ခေါ်ထိုက်သည့် မြစ်ကမ်းဘေးမှ လေညင်းခံရင်း လမ်းလျှောက်ထွက်တတ်ကြသည်။ အရှေ့တိုင်းဗိသုကာကို ဝါသနာပါသည့် ဘုရင်ခံချုပ်တစ်ဦးက မြန်မာပြည်မှ တစ်ရစ်ပြီးတစ်ရစ်မှာယူ တင်သွင်း၍ တည်ထားသော စေတီတော်တစ်ဆူလည်းရှိသည်။ ညနေဆိုလျှင် မြို့စောင့်တပ်ရင်း ဘင်ခရာတီးဝိုင်းမှ ကြည်နူးဖွယ် တေးသံစုံဖြင့် ဖျော်ဖြေသည်။

ညပိုင်းသို့ရောက်လျှင် "အိန္ဒိယလူမျိုးနှင့် ခွေးများမဝင်ရ" ဟု ဆိုင်းဘုတ်တပ်ထားသည့် မြို့တော်ရှိ ကလပ်အသီးသီးတို့တွင် ပိုကာဝိုင်း၊ ဖဲဗေဒင်ဝိုင်းတို့ အမြဲရှိတတ်သည်။ ထို့ထက်ညဉ့်နက်လျှင်လည်း ချောင်ရင်ဂီလမ်းရှိ အိမ်များ၏ ကပွဲခန်းဆောင်များတွင်ဖြစ်စေ၊ လန်ဒန်ပျော်ပွဲစားရုံ၏ ကျွန်းသားကြမ်းခင်းများပေါ်တွင်ဖြစ်စေ၊ နှစ်ယောက်တွဲ ကပွဲများ အမြဲရှိတတ်သည်။



ဇာတ်သဘင် အနုပညာကို ဝါသနာပါသူတို့အတွက်လည်း ရွေးစရာတွေ တစ်ပုံတစ်ပင်။ ကာလကတ္တားသည် အာရှတိုက်၏ အနုပညာနှင့် အသိပညာဆိုင်ရာ မြို့တော်ကြီးမဟုတ်လော။ ပြဇာတ်ရုံသစ်ကြီးတွင် ညနေတိုင်း ရှိတ်စပီးယား၏ ပြဇာတ်တွေ ကနေတတ်သည်။ အခြားဇာတ်ရုံများတွင်လည်း လန်ဒန်တွင် နောက်ဆုံးပြနေသည့် ရုပ်ရှင်တွေ ပြနေတတ်သည်။

တစ်ခါတုန်းကဆိုလျှင် မစ္စက်ဇရစ်ကိုးဆိုသည့် ဂုဏ်သရေရှိ အမျိုးသမီးကြီးတစ်ဦးက သူ့ဧည့်ခန်းကို အော်ပရာဇာတ်ရုံအဖြစ် ပြောင်းလဲပစ်လိုက်ရာ ဥရောပမှ အော်ပရာအဆိုကျော်များကို ဖိတ်ခေါ်၍ အော်ပရာဇာတ်ပင် ကပြခဲ့ဖူးသေးသည်ဟု ကာလကတ္တားတွင်ရှိသည့် သမိုင်းဆရာ တစ်ဦးဖြစ်သူ ကျော်ဖရီမိုးက ရေးခဲ့ဖူးသည်။

ထိုအင်ပိုင်ယာ ဇာတ်ရုံကြမ်းပြင်များပေါ်တွင် ကမ္ဘာကျော် ရုရှားဘဲလေး ကချေသည် အင်နာပါဗလိုနာကိုယ်တိုင် ဇာတ်ခုံလောကမှ အနားမယူမီ နောက်ဆုံး ကပြခဲ့ဖူးပြီ။ ကာလကတ္တား ဆင်ဖိုနီတီးဝိုင်းသည် တည်ဆောက်သူ ဘင်္ဂါလီ အမျိုးသား ရှောဇရီ၏ ညွှန်ကြားမှုအောက်တွင် တနင်္ဂနွေနေ့တိုင်း တီးမှုတ်ခဲ့ဖူးပြီ။ ပထမကမ္ဘာစစ်ပြီးသည့်နောက် မကြာမီ ကလေးတွင် အာရှတိုက်တွင် နာမည်အကြီးဆုံး ပျော်ပွဲစားရုံဖြစ်သည့် ကြယ်သုံးပွင့်ရ ပျော်ပွဲစားရုံကြီး ရှိသည်။ ၁၉၇၀-ခု တစ်ဝိုက်လောက်အထိ ဖာပို ပျော်ပွဲစားရုံသည် အရှေ့တိုင်း၏ အကောင်း ပျော်ပွဲစားရုံဟု နာမည်ကြီးသည်။

စိန့်ပေါ ဘုရားရှိခိုးကျောင်းကြီးထဲတွင် ဘုရားဝတ်ပြုရာ ကိုယ်ပိုင်နေရာ သတ်မှတ်ထားကြသကဲ့သို့ ကာလကတ္တားမှ လူကုံထံများသည်လည်း အယ်လ်ပိုသတ္တာန် ထမင်းစားခန်းကြီးထဲတွင် စားပွဲတစ်လုံးကို အမြဲဝယ်ထားကြသည်။ အီတာလီယန် ပျော်ပွဲစားရုံပိုင်ရှင် ဖာပိုကလည်း လူများကို တကယ့် မင်းစိုးရာဇာကြီးသဖွယ် ဆက်ဆံတတ်သည်။

ပျော်ပွဲစားရုံသို့ လာရောက်သူများ၏ မျက်နှာအမူအရာ၊ အဝတ်အစား၊ အဆင်အပြင်တို့ကို သူမကြိုက်လျှင် ပျော်ပွဲစားရုံထဲမှ မောင်းနှင်ထုတ်တတ်သည်။ သူ့ပျော်ပွဲစားရုံမှ တီးဝိုင်းမှာ မှူးမတ်တစ်ဦးအဖြစ်မှ ဂီတသမားတစ်ဦးဖြစ်လာခဲ့သော စပိန်လူမျိုး ဖရန်မစ္စတာ ကာဆာနိုဗာ၏ တီးဝိုင်းဖြစ်သည်။ ဖာပို၏ ကပွဲခန်းမဆောင်သည် အာရှတိုက်မှ လူဖြူနောက်ဆုံး မျိုးဆက်တို့၏ အချစ်ဇာတ်လမ်းများ မွေးဖွားရာဖြစ်သည်။

www.burmeseclassic.com



အနောက်တိုင်း အပျော်အပါးတို့ထက် ကြွယ်ဝသော ဘင်္ဂါလီ ယဉ်ကျေးမှု အမွေအနှစ်တို့ကို မြတ်နိုးသူတို့သည်လည်း သူ့နည်းနှင့်သူ ပျက်စီးကြရသည်။ ဆယ့်ရှစ်ရာစုမှစ၍ ကာလကတ္တားသည် ဒဿနဆရာများ၊ ကဗျာဆရာများ၊ ပုံပြောဆရာများ၊ ဂီတပညာရှင်များကို မွေးဖွားပေးခဲ့၏။

ကာလကတ္တားသည် စာပေနိုဘယ်ဆုရှင် ကဗျာဆရာတဂိုးကို မွေးထုတ်ခဲ့၏။ သိပ္ပံနိုဘယ်ဆုရှင် ဂျေဝီဘို့စ်ကို မွေးထုတ်ပေးခဲ့၏။ ခေတ်သစ် သူတော်စင်များဟု ခေါ်ထိုက်သည့် ရာမာတရစ်သျှဏနှင့် ဆွာမိဝိဝေကနန္ဒာတို့ကို မွေးထုတ်ပေးခဲ့သည်။ ကမ္ဘာ့ရုပ်ရှင်လောကတွင် ဟိုးဟိုးကျော်ခဲ့သည့် ဒါရိုက်တာ ဆတ်ရာဂျစ်ရေးကို မွေးထုတ်ပေးခဲ့၏။ ယောဂဆရာကြီး ရှရ်ဩရိုဗိန္ဒုနှင့် ရီလေတစ်ဗစ်တီသီအိုရီ သုတေသန ပညာရှင်ဆတ်ယင်ဘို့စ်တို့ကို မွေးထုတ်ပေးခဲ့၏။

ကာလကတ္တားမြို့ကြီး၏ ကံကြမ္မာသည် အနိမ့်အမြင့်တို့ကို ကြုံခဲ့သည့်တိုင် အတိတ် အမွေအနှစ်တို့ အားလုံးသည် လုံးဝပျက်စီးသွားခြင်းမရှိ။ ကာလကတ္တားသည် ယခုတိုင် အိန္ဒိယပြည်ကြီး၏ အနုပညာနှင့် အသိပညာ မီးရှူးတန်ဆောင်ကြီးဖြစ်လျက်ရှိသေးသည်။ ကာလကတ္တား၏ ယဉ်ကျေးမှုသည် ယခုတိုင် ရှင်သန်ဖွံ့ဖြိုးဆဲရှိသေးသည်။ လမ်းမများတွင် စာအုပ်ဆိုင်တွေ ပြည့်လျက်။

ပထမအကြိမ်ထုတ်စာအုပ်များ၊ စာအုပ်ငယ်များ၊ ထူထဲသော ဂန္ထဝင် စာအုပ်ကြီးများနှင့် စာအုပ်အမျိုးမျိုးတို့ကိုရနိုင်သည်။ ဘင်္ဂါလီ ဘာသာဖြင့် ရေးထားသော စာအုပ်များ၊ အိန္ဒိယတိုင်းရင်းသား ဘာသာအမျိုးမျိုးဖြင့် ပုံနှိပ်သော စာအုပ်များ အများအပြားရှိသေးသည်။ ဘင်္ဂါလီ လူဦးရေသည် ကာလကတ္တား လူဦးရေ၏ တစ်ဝက်မျှသာရှိသည့်တိုင် ကာလကတ္တားသည် ပါရီနှင့် ရောမနှစ်မြို့ပေါင်းထက် စာရေးဆရာ ဦးရေ ပိုများသည်။

လန်ဒန်နှင့် နယူးယောက်တို့ထက် စာပေဝေဖန်ရေး ဂျာနယ်များ ပိုများသည်။ နယူးဒေလီထက် ရုပ်ရှင်ရုံ ဇာတ်ရုံပိုများသည်။ ကျန်အိန္ဒိယ တစ်ပြည်လုံးထက် ထုတ်ဝေသူပိုများသည်။ ညနေပိုင်းရောက်လျှင် ဇာတ်ရုံများတွင် ပြဇာတ်တွေ၊ ကဗျာရွတ်ပွဲတွေ အမြဲရှိသည်။ ကမ္ဘာကျော် ရာဝိရှန်ကာလို လူရှင်တော်တွေကအစ၊ လမ်းဘေးတွင် ပလွေကလေးတစ်ချောင်း၊ တာတာ ပလာဗုံကလေးတစ်လုံးဖြင့် တီးနေသည့် ပန်တျာသည်အဆုံး အားလုံးရှိပြီး သူတို့အားလုံးလည်း ကိုယ့်ပရိသတ်နှင့်ကိုယ်ရှိကြသည်။



အိန္ဒိယပြည်၏ ဇာတ်သဘင်အဖွဲ့ တစ်ဝက်ကျော်လောက်သည် ကာလကတ္တားမှ မွေးထုတ်ပေးလိုက်ခြင်းဖြစ်သည်။ ဘင်္ဂါလီ အမျိုးသား တစ်ယောက်ကဆိုလျှင် သူတို့ ဘင်္ဂါလီ ပညာရှင်များသည် အင်္ဂလိပ်တို့ ကြေးမုံခင်ကတည်းက ပြင်သစ်ပြဇာတ်ဆရာကြီး မော်လျဲ၏ ပြဇာတ်များကို ဘင်္ဂါလီ ဘာသာသို့ ပြန်ဆိုပြီးပြီဟု ကြွေးကြော်သည်။

သို့ရာတွင် ဟာစရီပါးတို့လို တောမှ ပြေးလာသော သန်းပေါင်းများ ပြားသော ဒုက္ခသည်များအဖို့သော်မူ ကာလကတ္တားမြို့ကြီးသည် ယဉ်ကျေးမှု အချက်အချာလည်း မဟုတ်။ ခမ်းနားသော အတိတ်သမိုင်းလည်းမဟုတ်။ သူတို့အဖို့ကား ကာလကတ္တားသည် နောက်တစ်နေ့ဆက်လက် အသက်ရှင်ရန် အတွက် ထမင်းကျန်၊ ဟင်းကျန်ကလေးကို ပေးနိုင်မည့် မျှော်လင့်ချက် မှိန်မှိန်ကလေးတစ်ခုသာဖြစ်သည်။ သည်လောက်ကြီးမားသည့် မြို့ကြီးထဲတွင် တန်းကောက်စရာ ထမင်းကျန် ဟင်းကျန်ကလေးတော့ ရှိရပေလိမ့်မည်။ ကြီးနေသည့် သူတို့ရွာ သို့မဟုတ် မိုးခေါင်သဖြင့် ပပ်ကြားတွေ အက်နေသော သူတို့ရွာတစ်ဝိုက်တွင်မူ ထမင်းကျန်၊ ဟင်းကျန်ပင် ရနိုင်စရာမရှိတော့ပြီ။

## ၆

ညရာသာဘားခေါ် ဈေးကြီးတစ်ဝိုက်တွင် နောက်တစ်နေ့ကုန်ဆုံးပြီးနောက် ညနေစောင်းတွင် ဟာစရီပါးသည် အောင်မြင်သော အပြုံးဖြင့် ပြန်ရောက်လာ၏။

"ဘုရားသိကြားမ,လို့ အလုပ်ကလေး ဘာလေးရခဲ့ပါစေတော်၊ ဟဲ့ . . . ကလေးတွေ ကြည့်စမ်း၊ နင်တို့အဖေ မျက်နှာက ပြုံးလို့ပဲ၊ တို့ရွာက ကူလီ ချင်တဲ့ ကောင်ကလေးကို တွေ့ခဲ့ပြီထင်တယ်၊ ဒါမှမဟုတ် အလုပ်တို့ ဘာတို့ များ ရခဲ့ပြီလား မသိဘူး၊ တို့တစ်တွေ မငတ်တော့ဘူးပေါ့"

အာလောက က သူ့ယောက်ျားကို ကြည့်၍ ကလေးတွေကို လှမ်းပြော၏။

ဟာစရီပါးသည် သူတို့ရွာက ကူလီကောင်လေးကိုလည်း မတွေ့ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်လည်း မရခဲ့ပါ။ သူ့လက်ထဲတွင် သတင်းစာစက္ကူဖြင့် ကတော့ပုံ ထုပ်ထားသည့် ဆန်လှော်နှစ်ထုပ်ပါလာခြင်းကြောင့် ပြုံးလာခြင်းဖြစ်ပါသည်။ သူတို့ ဆင်းရဲသားများသည် စားစရာမရှိလျှင် နောက်ဆုံးအနေဖြင့် ဆန်စေ့ကို သံပုပ္ပတွင် အိုးကင်းတိုက်ထားသည့် ဆန်စေ့လှော်ကို စားကြရသည်။ ဆန်စေ့လှော်မှာ မာလွန်းသဖြင့် အကြာကြီးစိမ်ထားရသေး၏။

သူတို့တစ်သိုက်သည် ဆန်စေ့လှော်ကို တိတ်ဆိတ်စွာ ဝါးနေကြ၏။ သားအငယ်ဆုံးက သူတို့စေ့ ကုန်သွားသည်တွင် သူဝါးနေသည်ကို လှမ်းကြည့် နေသဖြင့် ဟာစရီပါးက "ရော့ရော့... လူလေး၊ ဒါလေး ဝါးလိုက်" ဟု လှမ်းပေးသည်။

အာလောကသည် သူ့ယောက်ျား၏ ဖြစ်ပုံကို ကြည့်၍ ရင်ထဲတွင် ဆို့သွား၏။

ဟာစရီပါးမှာ ကာလကတ္တားသို့ ရောက်သည့်နောက်တွင် တဖြည်းဖြည်း နှင့် ပိန်ချုံးလာခဲ့လေပြီ။ အရိုးကြီးတွေက ငေါထွက်နေ၏။ မုတ်ဆိတ်အောက်မှ မေးတို့က ချိုင့်ဝင်လျက်။ မည်းနက်တောက်ပြောင်နေသည့် ဆံပင်တို့က ဖြူရောင်သန်းစပြုနေပြီ။ သူတို့ရသည့် လမ်းဘေးပလက်ဖောင်းပေါ်တွင်ကျောဆန့် အိပ်လိုက်သည့် ဟာစရီပါးကိုကြည့်ရင်း "ငါ့ယောက်ျားလည်း တော်တော်ကို ကျသွားရှာတယ်" ဟု အာလောကတွေးနေသည်။ သူ့ရုပ်ကိုကြည့်ပြီး ပထမဆုံး အကြိမ်တွေ့စဉ်က ရုပ်ပုံကိုပြန်၍ အမှတ်ရလာ၏။ သူတို့ တဲကလေးရှေ့က မင်္ဂလာဆောင်မဏ္ဍပ်လုပ်ထားသည့် မျက်နှာကြက်ကလေးအောက်တွင် မားမား မတ်မတ် ရပ်လျက်၊ သူ့ကို သူ့ဆွေမျိုးများနှင့် အပေါင်းအသင်းများက သူတို့ရွာမှ ဝေါဖြင့် တင်ဆောင်လာခဲ့ကြခြင်းဖြစ်သည်။ ပုဏ္ဏားက သူ့နဖူးကို ဆန်မှုန့်တို့ပေးပြီး သပြေရွက်ဖြင့် ရေဖျန်းပေးသည်။ သူ့အဝတ်အစားမှာ ဖြူဆွတ်လျက်။ ခေါင်းတွင်လည်း အဝါရောင် ခေါင်းပေါင်းကို ပေါင်းထားသည်။ မင်္ဂလာအခမ်းအနားပြီးသည့်နောက် သူ့အမေနှင့် သူ့အဒေါ်တို့က သူနှင့် ဟာစရီပါးတို့နှစ်ယောက်တည်း ထားပစ်ခဲ့သည့်အခါတွင် သူ့ရင်တွေတုန်ကာ အထိတ်တလန့်ဖြစ်နေပုံကို သူသတိရနေသည်။ ထိုစဉ်က သူက ဆယ့်ငါးနှစ်ရွယ်။ ဟာစရီပါးက ဆယ့်ရှစ်နှစ်အရွယ်။ ယခင်က သူတို့နှစ်ယောက် တစ်ခါမျှ မတွေ့ဖူးကြ။ မိဘများ၏ စီစဉ်ချက်ဖြင့် အကြင်လင်မယား ဖြစ်လာခဲ့ကြခြင်း ဖြစ်သည်။ ဟာစရီပါးက သူ့ကို စူးစိုက်ကြည့်ပြီး သူ့နာမည်ကို မေး၏။



"နင်က သိပ်လှတာ၊ နင့်လို လှတဲ့ မိန်းကလေးတစ်ယောက်ဟာ ငါ့နဲ့ ထိုက်ပါဘူးဟာ" ဟုပြောသည်။ အာလောကသည် သူ့ကို ပြုံးကြည့်လိုက်၏။ သူတို့ထုံးစံအရ လက်ထပ်ပြီးစ မိန်းကလေးတစ်ယောက်သည် မင်္ဂလာဆောင် သည့်နေ့တွင် သူ့ယောက်ျားနှင့် ရင်းနှီးစွာ စကားပြောလျှင် မတင့်တယ်ဟု ယူဆသောကြောင့်ဖြစ်သည်။ အာလောက၏ မျက်နှာသည် ရှက်သွေးဖြန်း သဖြင့် ရဲနေ၏။ သို့ရာတွင် သူ့ကို နူးညံ့စွာဆက်ဆံသည့် ဟာစရီပါးကို မြင်ရသည့်အခါတွင် အနည်းငယ် ရဲလာကာ စာတတ်သလားဟု မေးကြည့်သည်။

"စာတော့မတတ်ဘူး၊ ဒါပေမယ့် ဒီပြင် အလုပ်တွေကိုတော့ ငါကောင်း ကောင်း လုပ်တတ်ပါတယ်"

အာလောကသည် ပလက်ဖောင်းပေါ်တွင် လှဲနေသည့် သူ့ယောက်ျား ကို ကြည့်ကာ ထိုနေ့က သူတို့ မင်္ဂလာဆောင်ကိုပြန်၍ အမှတ်ရနေသည်။

"အဲဒီတုန်းကတော့ သူက တောင့်တောင့်တင်းတင်းကြီးပဲ။ တို့ရွာထိပ်က [illegible]ပျဉ်းကြီးများလိုပဲ"

ယခုမူ သူ့ယောက်ျား ဟာစရီပါးသည် သူ့အတွက်ရသည့် ပလက်ဖောင်း [illegible]ကွက်ကလေးပေါ်တွင် ပျော့ခွေလျက်။ သူ့ကို သန်မာသည့် လက်မောင်း [illegible]များဖြင့် ပွေ့ဖက်ခဲ့သူသည် သူမဟုတ်ပါလေစဟု သံသယဖြစ်မိသည်။ [illegible]ခေါ်လုပ်သူက တိုးတိုးတိတ်တိတ် မှာသွားသည့်တိုင် မင်္ဂလာဦးညက [illegible]လက်မောင်းကြီးများဖြင့် ဖက်လိုက်သည့်အခါတွင် အာလောကသည် [illegible]ကက်လန့်တကြားဖြင့် ရုန်းထွက်မိသည်။

"မကြောက်ပါနဲ့ဟာ၊ နင်နဲ့ငါ လင်မယားဖြစ်ပြီပဲ၊ နောက်ကျရင် [illegible]းတွေတောင် မွေးပေးရဦးမှာ"

အာလောကသည် အမှောင်ထဲသို့ ငေးစိုက်ကာ ထိုအကြောင်းများကို [illegible]နေသည်။ ထိုစဉ် သူတို့အနီးမှ ဆူဆူညံညံ အသံတွေကြောင့် သူ့အတွေး [illegible]သွား၏။ ဆူဆူညံညံဖြစ်ရခြင်းမှာ အခြားကြောင့်မဟုတ်။ သူတို့ကို [illegible]ဖောင်းနေရာကလေးပေးခဲ့သည့် မိသားစုတို့၏ သမီးငယ်ကလေး [illegible]နေသောကြောင့်ဖြစ်သည်။ ကလေးမကလေးက ရုပ်ချောချော၊ ဆယ့်သုံး [illegible] ကလေးမလေးဖြစ်သည်။ ဆံပင်ကို ဖွတ်မြီးထိုးထားပြီး ကျောပေါ်[illegible] [illegible]သည်။ မျက်လုံးစိမ်းကလေးတွေနှင့်။ သူ့အမည်က မာယာဟု [illegible]သည်။

www.burmeseclassic.com



မာယားသည် မနက်လင်းသည်နှင့် ချောင်ရင်ဂီလမ်းမကြီးက ဟိုတယ်ကြီး အဝင်တွင်းသို့လည်းကောင်း၊ ပန်းခြံလမ်းသို့ လည်းကောင်း သွား၍ အတောင်း အရမ်းထွက်သည်။ ထိုဟိုတယ်ကြီးများတွင် ကမ္ဘာတစ်ဝန်းမှ ကမ္ဘာလှည့်ခရီး သည်များနှင့် လုပ်ငန်းရှင်ကြီးများ တည်းခိုတတ်၏။ ထိုလမ်းပေါ်တွင် လူမိုက်ဂိုဏ်းတစ်ခုက ကြီးစိုးထားသည်။ သူတို့ ခွင့်ပြုချက်ရမှ ထိုလမ်းပေါ်သို့ လာ၍ တောင်းရမ်းနိုင်သည်။ သူတို့ ခွင့်ပြုချက်မရှိလျှင် မည်သူမျှ လာ၍ တောင်းရမ်းခြင်း မပြုရကြ။ ညနေအလုပ်ချိန်ကုန်လျှင် မာယားသည် သူတောင်းခဲ့ ရသည့် ပိုက်ဆံကလေးကို လူမိုက် ဂိုဏ်းခေါင်းဆောင်သို့ အပ်ရ၏။ ဂိုဏ်း ခေါင်းဆောင်က သူ့နေ့စဉ် လုပ်ခကို ပြန်ပေးသည်။ မာယားသည် လုပ်ခအဖြစ် ငါးကျပ်ခန့်ရ၏။ ထိုနေရာတစ်ဝိုက်တွင် တောင်းရမ်းခွင့်ရသည်မှာ မာယား ကံကောင်းသည်ဟု ဆိုရလိမ့်မည်။ လူမိုက်ဂိုဏ်းခေါင်းဆောင်များသည် ကိုယ်ခန္ဓာ ချို့တဲ့နေသည့် ကလေးငယ်များ၊ သို့မဟုတ် အင်္ဂါချွတ်ယွင်းနေသည့် လူများကို လိုချင်သည်။ သူတို့ကိုပြ၍ ပိုက်ဆံတောင်းရသည် မဟုတ်လော။ ပေးကမ်းသူ ကလည်း ရက်ရက်ရောရော ပေးကမ်းသွားမည် မဟုတ်လား။ ခြေထောက်ပြတ် နေသူ၊ ဗိုက်ပူနံကားနှင့် ကလေးငယ်ကလေးကို ချီထားသည့် စုတ်စုတ်ပြတ်ပြတ် သားသည်အမေ စသည်တို့ကို ပို၍ လိုချင်သည်။ သူတို့နှင့် ဆိုလျှင် ပိုက်ဆံ တောင်းကောင်းသည်။ အချို့ကလေးငယ်များဆိုလျှင် မွေးကင်းစကတည်းက ခြေလက်တို့ ချွတ်ယွင်းသွားအောင် လုပ်ပစ်ကာ ထိုလူမိုက်ဂိုဏ်းများက ရောင်းစားလေ့ရှိသည်ဟုပင် ဆိုကြသည်။

မာယားသည် တောင်းရမ်းရမည်ဆိုသည့်အခါတွင် အကြီးအကျယ် စိတ်ထိခိုက်ခြင်းဖြစ်ရသည်။ မနက်လင်း၍ "အလုပ်" ဆင်းခါနီးပြီဆိုသည်နှင့် မာယားသည် အမေ့ရင်ခွင်ထဲသို့ ခေါင်းဇွေ့၍ဝင်ကာ ရှိုက်ကြီးတငင်ငိုသည်။ ထိုရှုခင်းမျိုးမှာ ကာလကတ္တားမြို့ လမ်းမများတွင် ရိုးနေလေပြီ။ သို့ရာတွင် မာယားသည် သူ့အလုပ်ကို ကျိုးကျိုးနွံနွံပင်လုပ်သည်။ ငါးကျပ်ဆိုသော ငွေသည် သူ့မိသားစုအတွက် သေရေးရှင်ရေးကိစ္စ မဟုတ်လော။

ထိုနေ့ညကမှ မာယားသည် သူတို့နေရာသို့ ပြန်မရောက်လာ။ မိုးချုပ်လာသည်နှင့် အဖေနှင့်အမေသည် မာယားအတွက် စိုးရိမ်စပြုလာကြ၏။ ထ,လိုက်၊ ထိုင်လိုက် လမ်းလျှောက်လိုက်ဖြင့် ဆောက်တည်ရာမရ ဖြစ်နေကြ၏။ သူတို့သည် ပလက်ဖောင်းပေါ်တွင် နေလာခဲ့သည်မှာ သုံးလရှိခဲ့လေပြီ။ ထိုသုံးလအတွင်းတွင် သူတို့သည် အဖြစ်အပျက်မျိုးစုံကို မြင်ခဲ့ရဖူးပြီ။ ထို့ကြောင့် သူတို့ စိုးရိမ်သောကရောက်နေခြင်းကို အဆိုးမဆိုသာ။ ကာလကတ္တားတွင် ကလေးများကို ဖြားယောင်းခေါ်ယူသွားမှုများသည် ဒုနဲ့ဒေး။ လူမိုက်ဂိုဏ်းများ သည် အထူးသဖြင့် ဆယ်နှစ်နှင့် ဆယ့်ငါးနှစ်အတွင်း မိန်းကလေးများကို ဖြားယောင်းခေါ်ငင်သွားလေ့ရှိကြသည်။ သို့တိုင် ယောက်ျားကလေးများကိုလည်း အလွတ်ပေးသည်မဟုတ်။ ထိုကလေးများကို မကောင်းသည့် အိမ်များသို့ ရောင်းသည်။ ထိုအိမ်များက ကလေးငယ်များကို ဝယ်ပြီး မဒရပ်၊ ဘုံဘေ၊ ဒေလီ စသည့် မြို့များသို့ ပို့ပေးသည်။ အချို့ဆိုလျှင် ပါကျွန်းပင်လယ်ကွေ့တွင် ရှိသည့် အာရပ်နိုင်ငံမြို့ကြီးများသို့ပင် တင်ပို့သည်ဟုဆိုသည်။ သူတို့ကို ဆယ်တော့မှ ပြန်၍ မတွေ့ကြရတော့။ ကာလကတ္တားရှိ ပြည့်တန်ဆာအိမ်များ သို့ အရောင်းခံရသူများမှာ ကံကောင်းသည်ဟုပင် ဆိုနိုင်သည်။



အာလောကသည် သူတို့ အိမ်နီးနားချင်းတို့၏ အဖြစ်ကို သိရသဖြင့် အိပ်ပျော်နေသော သူ့ယောက်ျား ဟာစရီပါးကို အိပ်ရာမှနှိုးသည်။ ဟာစရီပါး အား မာယားကို သူနှင့်အတူ လိုက်ရှာမည်ဟု သူ့အဖေကိုပြော၏။ သို့ဖြင့် သူတို့နှစ်ယောက်သည် ပလက်ဖောင်းပေါ်တွင် လူတွေပြည့်ကျပ်နေအောင် အိပ်ကြသည့် လမ်းသေး လမ်းမြှာ တကာတွင် လျှောက်ရှာကြသည်။ သို့ရာတွင် မြို့ကြီးမှာ အိမ်တွေကလည်း ဆင်တူ၊ လမ်းတွေကလည်း ဆင်တူဖြစ်ကြသဖြင့် သူတို့ တောမှာလို ရှာရသည်မှာ မလွယ်လှ။

သူတို့နှစ်ယောက် ထွက်သွားသည့်အခါတွင် အာလောကသည် အိမ်နီးနား ချင်း မိန်းမအနီးသို့ သွားထိုင်၏။ ကျောက်ပေါက်မာတို့ထင်လျက်ရှိသည့် သူ့မျက်နှာတွင် မျက်ရည်တွေ ရွှဲလျက်။ သူ့ဆာရီထဲတွင်မူ ကလေးငယ်လေးတစ် ယောက်ကို ပိုက်ထား၏။ သားငယ်လေး နှစ်ယောက်မှာ သူ့ဘေး ပလက်ဖောင်း ပေါ်တွင် အိပ်ပျော်လျက်ရှိသည်။ သူငယ်ကလေးနှစ်ယောက်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေကြသည်။ လမ်းမပေါ်တွင် တဝုန်းဝုန်းဖြတ်မောင်းသွားသည့် လော်ရီကားကြီးများ၏ အသံကိုလည်း မကြား၊ သူတို့ ခေါင်းပေါ်ရှိ မီးရထား တံတားမှ ဖြတ်မောင်းသွားသည့် ရထားသံကိုလည်း မသိ။ ဗိုက်ထဲမှ ဆာ လောင်နေသည်ကိုလည်း သတိမပြု။ သူတို့သည် သည်ပလက်ဖောင်းကလေး ပေါ်တွင် လာနေကတည်းက တစ်သက်လုံးနေထိုင်သွားတော့မည့်နှယ် အိပ်သည့် နေရာနှင့် ထမင်းချက်သည့်နေရာနှင့်။ ထမင်းချက်သည့်နေရာတွင် မီးသွေး

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုနှင့် ပန်းကန်အိုးခွက်များကို ချထားသည်။ ဆောင်းတွင်းဖြစ်၍ မိုးစိုမှာကို မကြောက်ရ။ သို့ရာတွင် ဆောင်းလယ်ရောက်၍ ဟိမဝန္တာဘက်ဆီမှ မြောက် လေအေးကြီး တိုက်လာသည့်အခါမျိုးတွင်မူ ပလက်ဖောင်းပေါ်တွင် ခိုက်ခိုက် တုန်အောင် အေးသည်။ ချောင်းဆိုးသံ၊ သလိပ်ထွေးသံ၊ လည်ချောင်းရှင်းသံ တံတွေးထွေးသံတို့ကို ကြားရတတ်သည်။ အာလောက စိတ်အညစ်ဆုံးမှာ ပလက်ဖောင်းပေါ်တွင် အိပ်ရခြင်းဖြစ်သည်။

မနက်လင်းသည်နှင့် ကိုင်ရိုက်ထားသည့်နှယ် ကိုယ်လက်တွေ တောင့်တင်း နေတတ်သည်။ သူတို့နှင့် မျက်နှာချင်းဆိုင် ပလက်ဖောင်းပေါ်က ကြော်ငြာ ဆိုင်းဘုတ်ကြီးတစ်ခုက သူတို့ကို လှောင်နေသည့်နှယ်။ ထိုကြော်ငြာကြီးမှာ မွေ့ရာကြော်ငြာဖြစ်ပြီး မဟာရာဇာကြီး တစ်ဦးက မွေ့ရာထူထူကြီးပေါ်တွင် အိပ်နေသည့်ပုံဖြစ်သည်။ ဆင်မွှန် မွေ့ရာတစ်ခုကို လက်ဆောင်ပေးဖို့များ စိတ် မကူးမိဘူးလားဟု မဟာရာဇာကြီးက မေးနေဟန် ကြော်ငြာစာ ရေးထားသည်။

မာယားအဖေနှင့် ဟာစရီပါးတို့သည် တော်တော်နှင့် ပြန်မလာကြ။ ပြန်လာသည့်အခါတွင်လည်း မာယားပါမလာ။ ထိုစဉ် အာလောကသည် သူ့ယောက်ျား၏ အမူအရာကို မြင်၍ အံ့အားသင့်နေသည်။ ညနေ ဘာရေးဘဇား ဈေးကြီးက ပြန်လာခဲ့စဉ်က သူ့ယောက်ျားသည် မောပန်း၍ အားအင်ကုန်ခန်းနေ သည့် လူတစ်ယောက်။ ယခု ကြည့်လိုက်သည့်အခါတွင် ဟာစရီပါးသည် ဖျတ်လတ်တက်ကြွနေသည်။ မာယား၏ အဖေမှာလည်း ထိုအတိုင်းပင်။ သူတို့နှစ်ယောက်သည် ပလက်ဖောင်းပေါ်တွင် ထိုင်ပြီး တဟားဟား ရယ်နေကြ သည်။

"ကြည့်စမ်း ကြည့်စမ်း၊ အရေးထဲမှာ အရက်တွေ သောက်လာကြတယ်"

အာလောကသည် စိတ်ဆိုးသွား၏။ ဟာစရီပါးသည် သူ့မယား စိတ်ဆိုးနေသည်ကို ရိပ်မိသွားဟန်ဖြင့် ခပ်စောစောက ခွေးလေတစ်ကောင်လို အိပ်ပျော်နေရာ ပလက်ဖောင်းပေါ်သို့ ပြန်ခွေနေလိုက်သည်။ သူတို့ အိမ်နီးနား ချင်း မိန်းမက ဘာမျှမပြောသည်ကို ထောက်လျှင် သူ့ယောက်ျားမှာ အရက် သောက်နေကျဖြစ်ဟန်တူသည်။

လူဦးရေ အဆမတန်များနေသည့် မြို့ကြီးများ အားလုံးကဲ့သို့ပင် ကာလကတ္တားသည်လည်း အရက်ဆိုင်များ၊ ကစားဝိုင်းများ မှိုလိုပေါက်နေသည်။



ဆင်းရဲသားများသည် ညှိုးဖျင်းလှသည့် ချဉ်စုတ်စုတ် အရေကို ပြားအနည်းငယ် သောက်ခြင်းဖြင့် သူတို့၏ ဆင်းရဲမှုတို့ကို ခဏတဖြုတ်မေ့ပျောက်ထားလိုက် ကြသည်။

အာလောကသည် အိမ်နီးချင်း၏ ဇနီးသည်ကို တစ်ညလုံး ဖျောင်းဖျ နှစ်သိမ့်ခြင်းပြု၏။ ဆယ့်ငါးနှစ်ရွယ် သူ့သားအကြီးဆုံးမှာ ထောင်ထဲသို့ရောက် နေသည်ကို သူသိရသည့်အခါတွင် အာလောကသည် သူ့အတွက်ပို၍ စိတ်မကောင်း ဖြစ်ရသည်။

သူ့သား အကြီးသည် မိုးချုပ်သည်နှင့် ထွက်သွားပြီး မနက်လင်းသည်နှင့် ငွေတစ်ဆယ်ဖြင့် ပြန်လာတတ်သည်။ သူ့သားသည် ရထားတွဲများပေါ်တွင် လိုက်သည့် လူဆိုးဂိုဏ်းထဲတွင် ပါနေခြင်းဖြစ်၏။

လွန်ခဲ့သည့် နှစ်လလောက်ကမူ သူ့ကို ပုလိပ်က လာဖမ်းသွား၏။ ဆိုနောက်မှစ၍ အငယ်သုံးယောက်သည် ဆာသဖြင့် တစာစာ ငိုကြရပြန်သည်။

"အင်း . . . သူ့ခမျာလဲ ဒုက္ခ၊ သမီးကလဲ ဘယ်ရောက်လို့ ရောက်မှန်းမသိ၊ ယောင်ကလဲ အရက်မူး၊ သားက ထောင်ထဲမှာ"

အာလောကသည် သူ့အိမ်နီးချင်းအတွက် စိတ်မကောင်း။ သို့ရာတွင် သူ့ယောက်ျားသာ အလုပ်ရှာမရခဲ့လျှင် သူတို့လည်း ထိုနည်းလည်းကောင်း အတိုင်းပင်ဖြစ်မည်ဟု တွေးမိသဖြင့် လန့်သွားသည်။

မနက်လင်းအားကြီးလောက်တွင် မာယားပြန်ရောက်လာသည်။ အမေက မာယားကို ဖက်၍ငို၏။

"တစ်ညလုံး ဘယ်ပျောက်နေတာလဲ သမီးရယ်"

မာယား၏ မျက်နှာက သုန်မှုန်လျက်။ သူ့နှုတ်ခမ်းပေါ်တွင် နှုတ်ခမ်းဆိုး ဆေးတို့ စွန်းနေသည်။ သူ့ကိုယ်မှ ရေမွှေးနံ့ထွက်နေသည်။ မာယားသည် အမေ့လက်ထဲမှ ရုန်းထွက်ကာ အမေ့ကို ဆယ်တန်တစ်ချပ် လှမ်းပေးလိုက်ပြီး ကလေးနှစ်ယောက်ဘက်သို့ မေးငေါ့ပြကာ . . .

"ဒီနေ့ သူတို့ ငိုတော့မှာ မဟုတ်ပါဘူး" ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



၇

တဲ့လျှပ်မြို့တော်ကြီးထဲတွင် သူတို့ကဲ့သို့ သောင်တင်နေကြသည့် ဒုက္ခသည်ပေါင်း သုံးသိန်းရှိသည်။ အခြားသူများမှာမူ ဆင်းရဲသားရပ်ကွက် သုံးထောင်မှ တဲကလေးများထဲတွင် ပြွတ်သိပ်နေကြသည်။

ဆင်းရဲသားရပ်ကွက်ဆိုသည်မှာ မြို့သစ်များမဟုတ်။ ကျေးလက်တောရွာများမှ ပြေးလာကြသူများ နေထိုင်သည့် မြို့စွန် စက်ရုံရပ်ကွက်များကို ခေါ်ခြင်းဖြစ်သည်။ ဆင်းရဲသားရပ်ကွက်များတွင် နေရပုံကလည်း စိတ်ပျက်စရာပင်။ အများအားဖြင့် အလုပ်မရှိသူတွေ။

အလုပ်ရသူကလည်း လုပ်ခက နည်းနည်းကလေး။ ထိုအထဲတွင် အရွယ်မရောက်သည့် ကလေးများကလည်း အလုပ်လုပ်ကြရသေးသည်။ အဝို အလျှံ စုဆောင်းဖို့ မပြောနှင့်။ ဘယ်တော့မှ ပြန်ဆပ်နိုင်မည် မဟုတ်သော ကြွေးတို့ကလည်း လည်ပင်းသို့ရောက်နေပြီ။ ရှိသည့် ပစ္စည်းကလေးများကို ပေါင်နှံသုံးသည့်အခါမျိုးတွင်လည်း ရွေးနိုင်စရာ လမ်းမမြင်ရတော့။

အိမ်များတွင် အစားအသောက် အပိုအလျှံဟူ၍ မထားနိုင်။ ဈေးဝယ်တော့လည်း ဆားဆယ်ပြားဖိုး၊ ထင်း ပြားနှစ်ဆယ်ဖိုး၊ မီးခြစ်တစ်လုံး၊ သကြားတစ်ဇွန်းလောက်သာ ဝယ်နိုင်သည်။ အိမ်ကလေးတစ်လုံးတွင် လူဆယ့်ယောက်၊ ဆယ့်နှစ်ယောက် စုပြုံနေကြသဖြင့် လွတ်လပ်မှုလည်း မရှိ။

သို့ရာတွင် သူတို့ဆင်းရဲသား ရပ်ကွက်များတွင် မေတ္တာနှင့် ကရုဏာကို တွေ့နိုင်သည်။ သူတို့ကြားထဲတွင် ဇာတ်နိမ့်ဇာတ်မြင့် ရွေးခြင်းမရှိ။ သူစိမ်းတစ်ရံဆံကို ကူညီတတ်သည်။ သူတောင်းစားများ၊ ဒုက္ခိတများ၊ ကိုယ်ရေပြား ရောဂါသည်များနှင့် စိတ်မနှံ့သူများကို ပေးကမ်းစွန့်ကြဲကြသည်။ အားနည်းသူကို ကူညီစောင်မကြသည်။ မိဘမဲ့သူများကို မွေးစားကြသည်။ အဘိုးအို၊ အဘွားအိုများကို စောင့်ရှောက်ကြသည်။

ကာလကတ္တားရှိ ဆင်းရဲသား ရပ်ကွက်များမှ ပစ္စည်းမဲ့တစ်ဖြစ်လဲ ဆယ်သမားများသည် ကမ္ဘာတစ်ဝန်းရှိ အခြားသော မြို့ကြီးများမှ မြို့စွန်ရပ်ကွက်သားများနှင့်မတူ။ သူတို့သည် အခြေအနေမဲ့များ မဟုတ်။ သူတို့ ဆင်းရဲသား ရပ်ကွက်ကလေးထဲတွင် သူတို့ ကျေးလက်ဘဝကို ပြန်၍ ထူထောင်ကြသည်။

သို့ရာတွင် ကျေးလက်ဘဝနှင့်မူ မတူနိုင်တော့။ သို့တိုင်အောင် ဆင်းရဲခြင်းသည် သူတို့ယဉ်ကျေးမှုတစ်ခုဖြစ်နေလေပြီ။ သူတို့သည် ကျေးလက်မှာတုန်းကလိုပင် သူတို့ ဓလေ့ထုံးစံများကို လိုက်နာမြဲလိုက်နာသည်။ သူတို့ ယုံကြည်မှုကို ဆက်လက် ကိုးကွယ်သည်။ သူတို့ ဆင်းရဲခြင်းသည် သူတို့အပြစ်ကြောင့် မဟုတ်ဟု ယုံကြည်ကြသည်။

ကာလကတ္တားမြို့၏ အဓိကအကျဆုံးနှင့် ရှေးအကျဆုံးသော ဆင်းရဲသား ရပ်ကွက်သည် ဟောင်ရာ ဘူတာကြီးနှင့် ဆယ့်ငါးမိနစ်ခန့် ခြေကျင်ခရီးတွင် ရှိ၏။ ထိုရပ်ကွက်မှာ ဒေလီ ကာလကတ္တားသွား ရထားလမ်းတာရိုးနှင့် စက်ရုံကြီးနှစ်ရုံကြားတွင်ရှိသည်။ ရာစုနှစ်အစလောက်တုန်းက စက်ရုံပိုင်ရှင်သည် ထိုနေရာတွင်ရှိသည့် ငှက်ဖျားထူသော စိမ့်တောကြီးကိုဖို့ကာ ထိုမြေပေါ်တွင် သူ့အလုပ်သမားများကို နေရာချပေးခဲ့ပြီး ထိုနေရာကို အာနန်နဂရ (သုခမြို့တော်) ဟု အမည်ပေးခဲ့၏။

ထိုစက်ရုံပိတ်သွားသည့်တိုင် အလုပ်သမားသားစဉ်မြေးဆက်များသည် ထိုနေရာတွင် ကျန်ရစ်ကာ ရပ်ကွက်သည်လည်း ကျယ်သည်ထက် ကျယ်လာခဲ့သည်။ ယခုမူ အားကစားကွင်း နှစ်ကွင်းစာလောက်ရှိမည့် ထိုရပ်ကွက်ထဲတွင် လူပေါင်းခုနစ်သောင်း အခြေတကျ နေထိုင်လျက်ရှိလေပြီ။

ထိုအထဲတွင် ဘာသာတူသူများက သူတို့ အစုကလေးများနှင့် သူတို့စုနေကြရာ ၇၃ ရာနှုန်းမှာ မူစလင်၊ ၂၇ ရာနှုန်းက ဟိန္ဒူဖြစ်ပြီး ဗုဒ္ဓဘာသာ၊ ခရိန်ဘာသာ၊ ဆစ်ဘာသာစသည့် ဘာသာဝင်တွေလည်း နည်းနည်းစီရှိကြသည်။

အိမ်ကလေးတွေက ငယ်ငယ်ကလေးတွေ။ အလယ်ကောင် ကွက်လပ်ကလေးတစ်ခုထားပြီး ပတ်ပတ်လည်တွင် ဆောက်ထားကြခြင်းဖြစ်သည်။ လမ်းကျဉ်းကလေးတွေကလည်း အထဲတွင် ရှုပ်ယှက်ခတ်နေသည်။

သုခမြို့တော်သည် မြို့သစ်တစ်ခုနှင့် မတူဘဲ မြို့စွန်စက်ရုံရပ်ကွက်တစ်ခုနှင့် တူနေသည်။ ထိုနေရာသည် စတုရန်း တစ်မိုင်ပတ်လည်တွင် လူဦးရေ နှစ်သိန်း မိုတင်းနေထိုင်သောကြောင့်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုရပ်ကွက်တွင် လူဦးရေသုံးထောင်လျှင် သစ်ပင်တစ်ပင်မျှပင် မရှိ။ ပန်းတစ်ပွင့်မရှိ။ လိပ်ပြာတစ်ကောင် မမြင်ရ။ ငှက်တစ်ကောင် မတွေ့ရ။ ငှက်ဟုခေါ်မည်ဆိုလျှင် ကျီးကန်းနှင့် လင်းတများသာရှိသည်။ ထိုရပ်ကွက်မှ ကလေးများသည် ချုံဆိုသည်ကို နားမလည်ကြ။ သစ်တောကို မမြင်ဖူးကြ။ ရေကန်ကို မတွေ့ဖူးကြ။ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ကန့်နံ့ကြောင့် လေထုသည် ညစ်ညမ်းလျက်ရှိကာ ထိုလေထုကြောင့် တစ်အိမ်ထောင်လျှင် တစ်နှစ်ကို တစ်ယောက် သေနေကြသည်။

မိုးတွင်းမဟုတ်သည့် ရှစ်လတွင် ထိုရပ်ကွက်မှ လူများနှင့် တိရစ္ဆာန်များသည် ပေါင်းဖိုကြီးထဲတွင်ထည့်၍ အပြုတ်ခံရသလိုဖြစ်နေပြီး မိုးတွင်းဆိုလျှင် နွံအိုင်၊ အညစ်အကြေးအိုင်၊ ရေအိုင်တို့ထဲတွင် လူးနေကြသည်။ ကိုယ်ရေရောဂါ၊ ချောင်းဆိုးသွေးပါရောဂါ၊ ဝမ်းကိုက်ရောဂါတို့ကြောင့် ကမ္ဘာတွင် လူ့သက်တမ်း အတိုဆုံးသော နေရာဖြစ်သည်။

နွားချေးပုံကြီးများ အနီးတွင် ချည်ထားသည့် ရှစ်ထောင်သော ကျွဲနွားတို့က ရောဂါပိုးများဖြင့် ပြည့်နှက်နေသော ကျွဲနို့၊ နွားနို့တို့ကို ထုတ်လုပ်ပေးသည်။ သုခမြို့တော်သည် ကမ္ဘာပေါ်တွင် အဆင်းရဲဆုံးနေရာလည်းဖြစ်သည်။ လူဆယ်ယောက်လျှင် ကိုးယောက်သည် တစ်နေ့ကို ငွေတစ်ကျပ်ပင်ပြည့်အောင် မကိုင်နိုင်ကြ။

ထို့ပြင် သုခမြို့တော်မှ လူများသည် အခြားမြို့ကြီးများရှိ ဆင်းရဲသားရပ်ကွက်များမှ လူများကဲ့သို့ပင် အငြင်းပယ်ခံ၊ ဥပေက္ခာအပြုခံရသူများဖြစ်သည်။ ရာဇဝတ်မှုနှင့် သပိတ်မှောက်မှုတို့ ဖြစ်ပွားသည့်အခါကျမှသာ သူတို့တစ်တွေ လူရာသွင်း ခံရသည်။

စင်စစ် သုခမြို့တော်သည် သီးခြားကမ္ဘာ။ ကမ္ဘာလောကကြီးနှင့် အဆက်ပြတ်နေသော ကမ္ဘာ။

မျိုးဆက်ပေါင်းများစွာတို့ လာရောက် သောင်တင်ခဲ့ကြသဖြင့် သုခမြို့တော်တွင် အိန္ဒိယတိုက်ငယ်တွင်ရှိသည့် လူမျိုးပေါင်းစုံကိုလည်း တွေ့နိုင်သည်။ အာဖဂန် လူမျိုးများ၊ ပန်ချာပီများ၊ နီပေါ လူမျိုးများ၊ တိဘက် လူမျိုးများ၊ အာသံလူမျိုးများ၊ ဘင်္ဂါလီများ။

## ၈

ာလကတ္တားသို့ ဟာစရီပါးတို့ မိသားစု ရောက်လာပြီးနောက် များမကြာ တွင် ဟောင်ရာဘူတာကြီးထဲသို့ ဥရောပတိုက်သား တစ်ယောက် ရောက်လာပြန် ည်။ ထိုသူမှာ နှာခေါင်းချွန်ချွန်၊ မုတ်ဆိတ်ပါးပါး၊ ခေါင်းပြောင်ပြောင်နှင့် ည်သည်။ သူ့လမ်းလျှောက်ပုံမှာ ပေါ့ပါးသွက်လက်ပြီး အမေရိကန် ဇာတ်လိုက် င်းသား ဂျက်နီကိုလ်ဆန်နှင့် ဆင်သည်။ ထိုလူသည် အိန္ဒိယအမျိုးသားများ တ်လေ့ရှိသော ရှပ်အင်္ကျီ၊ ဂျင်းဘောင်းဘီနှင့် ဘတ်စကက်ဘော ဖိနပ်တို့ကို ထား၏။ သူ့တွင် ပစ္စည်းဆို၍ ပခုံးတွင် လွယ်ထားသည့် အဝတ်ကျောပိုးအိတ် စ်လုံးသာပါသည်။ သူ့လည်ပင်းတွင် ဆွဲထားသည့် အနက်ရောင် သတ္တု က်ဝါးကပ်တိုင်သည် သူ့အခြေအနေကို ဖော်ပြနေ၏။ ထိုသူမှာ အသက်သုံး ယ်နှစ်နှစ် အရွယ်ရှိ ပိုလန်လူမျိုး ဗရင်ဂျီဘုန်းကြီး ကိုဗာစကီးဖြစ်သည်။

သူ့အဖို့ ကာလကတ္တားသည် ရှည်ဝေးသော ခရီးပန်းတိုင် အဆုံးဖြစ်၏။ ိုဗာစကီးသည် ပိုလန်ပိုင် ဆိုက်လေးရှားပြည်နယ် ကျောက်မီးသွေးတွင်း ကလေး တစ်မြို့ဖြစ်သည့် ကရုစ်နစ်မြို့ကလေး၌ ၁၉၃၃ ခုနှစ်တွင် မွေးဖွား ။ သူ့ဘိုးဘွားမိဘများအားလုံးသည် ကျောက်မီးသွေးတွင်း အလုပ်သမားများ သည့်အလျောက် ကိုဗာစကီးသည် မည်းမှောင် ညစ်ထေးသော ကျောက် သွေးတွင်းများ တစ်ဝိုက်တွင် ကြီးပြင်းလာခဲ့သည်။ သူ့အသက် ငါးနှစ်သို့ က်သည့်အခါတွင် အဖေသည် သူတို့ မိသားစုကို ခေါ်ကာ သူ့ညီဝမ်းကွဲ ဦးရှိရာ ပြင်သစ်ပြည် မြောက်ပိုင်းသို့ ပြောင်းလာခဲ့၏။ ပြင်သစ်ပြည်တွင် ာက်မီးသွေးတွင်း အလုပ်သမားတို့၏ လစာမှာ ပိုလန်ပြည်မှာထက် က်ဆ ခုနှစ်ဆခန့်များသည်။ ၁၉၄၆ ခု တစ်ညနေတွင် လူနာတင်ကားတစ်စီး တို့ အိမ်ရှေ့သို့ ထိုးဆိုက်လာသည်ကို ကိုဗာစကီး မြင်လိုက်ရ၏။ သူ့ အကို လူနာတင် ကားထဲမှ ထမ်းထုတ်လာကြသည်။ သူ့အဖေမှာ တစ် င်းလုံး ပတ်တီးတွေ အဖွေးသားနှင့်။ ထိုနှစ်မှာ ပြင်သစ်ပြည် မြောက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မီးသွေး ချိုင့်ဝှမ်းကြီးတစ်ခုလုံး ရပ်တန့်ငြိမ်သက်သွားစေသည့် ကျောက်မီးသွေး တွင်းတူးသမားများ၏ သပိတ်ကြီး ပေါ်ပေါက်သည့်နှစ်ဖြစ်သည်။ ပုလိပ်နှင့် သပိတ်မှောက် အလုပ်သမားများ အဓိကရုဏ်းဖြစ်ကြသည်တွင် ကိုဗာစကီး အဖေသည် မီးလောင်ကာ မျက်လုံးတစ်ဖက် ပျက်သွားခဲ့သည်။ ကိုဗာစကီး အဖေသည် စကားနည်း၍ ဘာသာတရားကိုင်းရှိုင်းသည့် လူတစ်ယောက်ဖြစ်၏။ နာကျည်းဖွယ်ကောင်းသော အတွေ့အကြုံကြောင့် သူ့အဖေသည် သူတို့ ကျောက်မီးသွေးတွင်းတူးသမား၏ ဘဝကို မကျေမနပ်ဖြစ်လာကာ အလုပ်သမား လှုပ်ရှားမှု ခေါင်းဆောင်တစ်ယောက်ဖြစ်လာခဲ့သည်။ နောင်တွင် သူသည် လက်ဝဲစွန်းနိုင်ငံရေးအဖွဲ့တစ်ခုတွင် ပါဝင်ကာ အဓိကရုဏ်းများ တိုက်ပွဲများတွင် မကြာခဏ ခေါင်းဆောင်သူတစ်ယောက်ဖြစ်လာခဲ့သည်။ ဤတွင် အဖမ်းခံရ၏။ နောက်ရက်များ မကြာမီတွင် သက်ဆိုင်ရာ အာဏာပိုင်များသည် သူ့ဇနီးထံသို့ ရောက်လာကာ သူ့ယောကျ်ားသည် အကျဉ်းတိုက်ထဲတွင် သူ့ကိုယ်သူကြိုးဆွဲချ အဆုံးစီရင်သွားပြီဖြစ်ကြောင်းဖြင့် လာရောက်အကြောင်းကြားကြသည်။

ကိုဗာစကီးသည် သူ့အဖေ၏ ဖြစ်အင်ကို ထိုအတိုင်းပင် ကြည့်နေခဲ့ရသည်။ သူ့အဖေ အဆုံးစီရင်သွားခြင်းသည် သူ့အဖို့ တုန်လှုပ်ချောက်ချားစရာကြီးတစ်ခုဖြစ်နေ၏။ ကိုဗာစကီးသည် အစားအသောက်ကိုလည်း ကောင်းစွာမစားတော့။ ဘေးမှလူများကပင် သူ့အတွက် စိုးရိမ်စပြုလာကြ၏။ ကိုဗာစကီးသည် အခန်းထဲတွင်အောင်းကာ သူ့အဖေက ပေးခဲ့သည့် "ကျူရင်မြို့မှ အလောင်းတော်ခြုံလွှာ" အမည်ရှိ ဘုရားကားရှေ့တွင်ထိုင်၍ တရားကျင့်သည်။ သူ့အခန်းထဲတွင် လက်ဝါးကပ်တိုင်မှအဆင်း ခရစ်တော်၏ မျက်နှာတော်ကို ရေးထားသည့် ပန်းချီကား၊ ထိုစဉ်က ပြင်သစ်ပြည်တွင် နာမည်အကျော်ဆုံး အမျိုးသမီး အဆိုတော် အီးဒစ်ပီးယက်၏ ရုပ်ပုံ၊ ဆာဟာရသဲကန္တာရထဲတွင် သွား၍ သာသနာပြုရန် ဘုန်းကြီးဝတ်သွားသော ပြင်သစ် မှူးမတ်တစ်ဦးဖြစ်သည့် ရှားလ်ဒီဖိုးကော၏ စာအုပ်တချို့ အပါအဝင် စာအုပ်အချို့သာရှိပြီး ထိုအရာများသာလျှင် သူ့အဖော်ဖြစ်နေ၏။ တစ်နေ့မနက်၌ ကိုဗာစကီးသည် ကျောင်းသွားခါနီးတွင် အမေကို ဖက်ယမ်းနှုတ်ဆက်ကာ "ကျွန်တော်ကြီးရင် သာသနာပြုလုပ်မယ် အမေ" ဟု ပြောသည်။

ကိုဗာစကီးသည် အချိန်အတန်ကြာ စဉ်းစားခဲ့ပြီးမှ ထိုဆုံးဖြတ်ချက်ကို ချခဲ့ခြင်းဖြစ်သည်။ သူ့အဖေမရှိသည့်နောက် သူလည်း အိမ်မှာ မနေချင်တော့



ပြီ။ ထို့ပြင် သူ့အဖေက အကြမ်းနည်းဖြင့် ကြိုးစားခဲ့သည့်အရာကို အနုနည်းဖြင့် အောင်မြင်အောင် ကြိုးစားမည်ဟုလည်း သူစိတ်ကူးလာခဲ့သည်။

ထိုစဉ်က ပြင်သစ်ပြည်မြောက်ပိုင်း ကျောက်မီးသွေးတွင်းများသည် နိုင်ငံခြားအလုပ်သမားတွေ အများကြီးရောက်နေကြသည်။ အာဖရိကန်လူမျိုးတွေ၊ ဒူရက်လူမျိုးတွေ၊ ဆင်နီဂယ်လူမျိုးတွေ၊ ယူဂိုဆလပ် လူမျိုးတွေလည်း ပါဝင်ကြသည်။

"အဖေက သူ့ကိုယ်သူ တစ်ရပ်တစ်ကျေးက ပြောင်းလာတဲ့သူလို့ မထင်ဘူးလေ။ ဒီတော့ သူတို့နဲ့ တရင်းတနှီးနေတယ်။ သူ့အလုပ်သမားအဖွဲ့ တွေထဲကို ပါလာအောင် စည်းရုံးတယ်။ ဒီလိုနဲ့ သူတို့ အဖွဲ့သားတွေဟာ မိသားစုတစ်ခုတည်းလို ဖြစ်လာပြီး အဖေ့ကိုလည်း ဖခင်တစ်ယောက်လို ရိုသေလေးစားကြတယ်။

တချို့ဆိုရင် ကျောက်မီးသွေးတွင်းထဲက တက်လာပြီး အိမ်ကိုတောင် မပြန်ကြသေးဘဲ ကျွန်တော်တို့အိမ်ရောက်လာပြီး အဖေနဲ့ စကားစမြည်ပြောကြတယ်။ အဲဒီတုန်းက တယ်လီဗီးရှင်းတို့ ဘာတို့လည်း မပေါ်သေးတော့ အိမ်ရောက်တယ်ဆိုရင် တွေ့ရာလေးပါး ပြောကြတော့တာပဲ။ အများအားဖြင့် တရားမျှတမှု၊ သွေးစည်းမှု၊ ညီရင်းအစ်ကိုချစ်ခင်မှုစတဲ့ နိုင်ငံရေးအကြောင်းအရာ တွေပေါ့လေ။

တစ်နေ့တော့ ဘာဖြစ်လို့မှန်း မသိဘူး။ ဆီနီဂယ် အမျိုးသားတစ်ယောက်က အဖေ့ကို ထ,ပြီး ဝေဖန်တယ်။ ခင်ဗျားက ခင်ဗျားကိုယ်ကိုခင်ဗျား ကျွန်တော်တို့ လူမည်းတွေနဲ့ အတူတူပါပဲလို့တော့ ပြောတာပဲ။ ဒါပေမယ့် ကျွန်တော်တို့ဘဝကို ခင်ဗျား သေသေချာချာ နားမလည်ပါဘူး။

"ကျွန်တော်တို့ အလုပ်သမားတွေကို တကယ်ချစ်ရင် ခင်ဗျား အာဖရိကန် တွေနေတဲ့ မြို့သစ်တို့၊ ရွာသစ်တို့ကို သွားနေကြည့်ပါလား။ အဲဒီအခါကျရင် ကျွန်တော်တို့ ဘဝမှန်ကို သေသေချာချာ သိလာလိမ့်မယ်လို့ ပြောတယ်။ အဲဒီလူကြီးရဲ့ စကားကို ကျွန်တော် ဘယ်တော့မှ မမေ့တော့ဘူး" ဟု ကိုဗာစကီးက ပြောသည်။

ကိုဗာစကီးသည် သူ့စကားများကို နားထဲတွင် စွဲနေသည်။ ၁၉၄၀ ခုနှစ်ဝိုက်လောက်တုန်းက သူတို့ ကျောက်မီးသွေးတွင်းဝနားက ယောက်ျားကြီး

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် နောက်မှ လိုက်လာသော ဂျာမန်စစ်တပ်ကြီးကို လွတ်အောင်ပြေးလွှား နေကြသော ဘယ်လ်ဂျီယံဒုက္ခသည်များကို မြင်ခဲ့ဖူးသည်။

ကျောင်းကဆင်းသည့်အခါတွင် ကိုဗာစကီးသည် ဒုက္ခသည်များကို ဆီး၍ ရေတိုက်သည်။ ထို့နောက် ရေဝတီကလေးငယ်များအား နာဇီတို့က ဝိုင်းဝန်းဖမ်းဆီးသွားသည်ကိုလည်း သူမြင်ခဲ့ဖူးပြီ။ သူ့မိဘများနှင့်အတူ ကိုဗာစကီး သည် ရေဝတီများကို ချုပ်နှောင်ထားသည့် သံဆူးကြိုးအနီးသို့သွားကာ ပေါင်မုန့်များ၊ ဒိန်ခဲများ၊ ပိုက်ဆံများကို ပစ်ပေးခဲ့ဖူးသည်။

စစ်ကာလတစ်လျှောက်လုံးပင် ကျောက်မီးသွေးအလုပ်သမားများသည် သူတို့တွင်ရှိသည့် မဝရေစာကလေးထဲမှ ဝေကာခြမ်းကာ ရေဝတီအကျဉ်းသားများ ကို တစ်လျှောက်လုံး ကျွေးမွေးလာခဲ့ကြသည်။ ထိုတေရားမှုတို့ကို မြင်ရာမှ ကိုဗာစကီးသည် တရားမှုကို ချစ်ခင်လာတတ်ခြင်းဖြစ်သည်။ ထိုရက်စက်မှု တို့ကို တွေ့ကြုံရာမှ မေတ္တာနှင့် ကရုဏာ၏ အမိပွာယ်တို့ကို သူပိုရှိ သဘောပေါက်လာခဲ့ခြင်းဖြစ်သည်။

ကိုဗာစကီးသည် ကျောက်မီးသွေးတွင်းတူး အလုပ်သမားများ၏ မြို့ ကလေးမှ ထွက်လာခဲ့ကာ ဘယ်လ်ဂျီယံရှိ ကျမ်းစာသင်ကျောင်းတစ်ကျောင်းတွင် ကျောင်းတက်သည်။ ခရစ်ဝင်ကျမ်းကိုဖတ်ရင်း ဆင်းရဲသားများထဲတွင်သွား၍ ခရစ်ယာန် သာသနာပြုချင်စိတ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ဘယ်လ်ဂျီယံပြည် ရှိ လိုဗိန်းကျမ်းစာသင်ကျောင်းမှ ဆရာတစ်ယောက်နှင့် တွေ့သည်တွင် ဆင်းရဲသားတိုင်းပြည်များသို့ သွား၍ သာသနာပြုလုပ်ငန်းလုပ်ရန် စိစဉ်ပေးသည်။

ကိုဗာစကီးသည် ၁၉၆၀ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် သိက္ခာ တော်ရ ဘုန်းကြီးအဖြစ် သက်န်းစည်းသည်။ ထိုအချိန်၌ သူသည် ၂၇ နှစ် ရှိလေပြီ။ ထိုနေ့ညနေတွင် သူသည် ရထားဖြင့် အမေ့ထံလိုက်လာခဲ့၏။ အမေမှာ နှလုံးရောဂါကြောင့် ဆေးရုံတက်နေရ၏။

အမေသည် သူ့သားကို နောက်ဆုံးအကြိမ် ပွေ့ဖက်နှုတ်ဆက်ပြီးနောက် စက္ကူဖြင့် ပတ်ထားသည့် သေတ္တာကလေးတစ်လုံးကို ပေးလိုက်၏။ ထိုသေတ္တာကလေးထဲရှိ ငွမ်းဖတ်ပေါ်တွင် အနက်ရောင် သတ္တုဖြင့် လုပ်ထားသည့် လက်ဝါးကပ်တိုင်ကလေးတစ်ခုပါရှိသည်။ ထိုလက်ဝါးကပ်တိုင်ပေါ်တွင် သူ့မွေးနေ့နှင့် သူရဟန်းခံသည့် နေ့စွဲနှစ်ခုကို ရေးထိုးထား၏။



"ဒီလက်ဝါးကပ်တိုင်ကလေးနဲ့ ဘယ်တော့မှ မခွဲနဲ့နော် ငါ့သား၊ သည်ပင်းမှာ အမြဲဆွဲထား၊ ဘယ်သွားသွား အန္တရာယ်ကင်းတယ်" ဟု အမေ က ပြောသည်။

ကမ္ဘာတွင် အဆင်းရဲဆုံး လူမျိုးများမှာ ဥရောပတွင်မရှိ။ တတိယ ကမ္ဘာနိုင်ငံများတွင် ရှိကြောင်းကို သူသိသည်။ ထို့ကြောင့် တောင်အမေရိကသို့ သွားမည်ဟု စိတ်ကူးကာ ကျမ်းစာသင်ကျောင်း နောက်ဆုံးနှစ်တွင် စပိန်ဘာသာ ကို သင်သည်။ သို့ရာတွင် သူတို့ သာသနာပြုအဖွဲ့က သူ့ကို အိန္ဒိယပြည်သို့ သွားရန် ညွှန်ကြားလိုက်၏။

အိန္ဒိယပြည်ဆိုပါကလား။ သဘာဝပစ္စည်းတို့ အလျှံပယ် ပေါကြွယ်သည့် တိုင်းပြည်ကြီး။ သို့တိုင် အလွန် ဆင်းရဲနုံချာသည့် တိုင်းပြည်ကြီး။ စိတ်တန်ခိုး စွမ်းအင်ကို အလွန်အရေးပေးသည့်တိုင် ပြင်းထန်သည့် လူမျိုးရေး၊ နိုင်ငံရေးနှင့် ဘာသာရေး ပဋိပက္ခတို့ဖြင့် ပြည့်နှက်လျက်ရှိသည့် တိုင်းပြည်ကြီး။ ဂန္ဒီ၊ ရာမာကရစ်သျှဏာနှင့် ဆွာမိဝိဝေကနန္ဒာတို့လို သူတော်စင်တွေ ရှိသည့်တိုင် ပိုနိုင်စရာမရှိအောင် အကျင့်ပျက်နေသည့် နိုင်ငံရေး ခေါင်းဆောင်တွေ ပေါသည့် တိုင်းပြည်ကြီး။

ခုံးပျံနှင့် ဂြိုဟ်တုများကို လွှတ်တင်နေသည့်တိုင် လူဆယ်ယောက်လျှင် ရှစ်ယောက်တို့မှာ လှည်းဖြင့်သာ ခရီးသွားဖူးသည့် တိုင်းပြည်ကြီး။ လှပသည့် အဆောင်၊ အဆန်းဆန်း အကြွယ်ကြွယ်တို့ ပေါသည့်တိုင် ဘုံဘေနှင့် ကာလကတ္တား တို့မှာကဲ့သို့ ဆင်းရဲသား ရပ်ကွက်များမှ အနိဋ္ဌာရုံတို့ကို မြင်နေရသည့် တိုင်းပြည်ကြီး၊ မြင့်မြတ်မှုသည် ယုတ်နိမ့်မှုနှင့် ဘေးချင်းယှဉ်ရပ်နေသည့် တိုင်းပြည်ကြီး။

ကိုဗာစကီးသည် အိန္ဒိယပြည်တွင် ပဝတ္တိနေထိုင်သူအဖြစ် ဗီဇာလျှောက် သည်။ သို့ရာတွင် တော်တော်နှင့်မရ၊ ငါးနှစ်မျှကြာသည်။ အိန္ဒိယ အရာရှိတို့ က ရှု သက်ဆိုင်ရာ စာရွက်စာတမ်းများ ရပါစေမည်ဟု ကတိပေးကြ၏။ သို့ရာတွင် သူ့ဗီဇာမျိုးမှာ ကမ္ဘာလှည့်ခရီးသည် ဗီဇာမျိုးမဟုတ်။

ပဝတ္တိအဖြစ် နေထိုင်သူ ဗီဇာမျိုးဆိုလျှင် သံရုံးမှပေး၍မရ။ ဒေလီရှိ နိုင်ငံခြားရေး ဝန်ကြီးဌာနမှသာ ထုတ်ပေးနိုင်သည်။ ထိုအထဲတွင် သူ့ဗီဇာတွင် သူ့အလုပ်အကိုင်မှာ သာသနာပြုဟု ရေးထားသည့်အတွက် ပို၍ ခက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယသည် သာသနာပြုများကို ဝင်ခွင့်မပေးခဲ့သည်မှာ ကြာလှပြီ။ အကြောင်းကိုမူ မသိရ။ သို့ရာတွင် ဟိန္ဒူဘာသာဝင်အများအပြား ခရစ်ယာန် ဖြစ်သွားခြင်းနှင့် ပတ်သက်၍ အိန္ဒိယ အစိုးရက အကြီးအလင်း ရှုတ်ချထားသည်။

သူဘုန်းကြီးဖြစ်ပြီး ငါးနှစ်မြောက်နေ့ဖြစ်သည့် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင်မူ ကိုဗာစကီး စိတ်မရှည်နိုင်တော့ပြီ။

သာသနာပြုအဖွဲ့မှ အာဏာပိုင်များ၏ သဘောတူညီချက်ဖြင့် အိန္ဒိယသို့ သွားရန် ကမ္ဘာလှည့် ခရီးသည် ဗီဇာတစ်ခုလျှောက်လိုက်သည်။ သူ့အလုပ် အကိုင်ကိုလည်း သာသနာပြုဟု ဖော်ပြခြင်း မပြုတော့ဘဲ ကျွမ်းကျင်စက်မှု အလုပ်သမားဟု ဖော်ပြလိုက်သည်။

နောက်တစ်နေ့တွင်မူ သူ့နိုင်ငံကူး လက်မှတ်နှင့်အတူ အိန္ဒိယနိုင်ငံတော် တံဆိပ်ခေါင်းနှိပ်ထားသည့် ဗီဇာတစ်ခု သူ့ထံရောက်လာသည်။ ဗီဇာထဲတွင် သုံးလနေခွင့်ပြုသည်ဟု ဆိုထားသည့်တိုင် ကိုဗာစကီး၏ စွန့်စားခန်းသည် အစပြုနိုင်လေပြီ။ သူ့ပန်းတိုင်ဖြစ်သည့် ကာလကတ္တားသို့ရောက်လျှင် အိန္ဒိယ ပြည်တွင် ရာသက်ပန် နေထိုင်ခွင့်ရအောင် ကြိုးစားမည်ဟု သူစိတ်ကူးသည်။

ဘုံဘေသို့ရောက်လျှင် ကာလကတ္တားသို့ တိုက်ရိုက်မသွားသေး။ အိန္ဒိယ ပြည်နှင့် ကျွမ်းဝင်ရင်းနှီးအောင် အဝေးဆုံးလမ်းမှသွားရန် သူဆုံးဖြတ်သည်။ ထို့ကြောင့် ဘုံဘေမြို့ရှိ ဗိတိုရိယဘူတာရုံကြီးသို့ရောက်လျှင် တတိယတန်း လက်မှတ်တစ်စောင်ကို ဝယ်ကာ တောင်ဘက်ရှိ ထရီဗာဒရမ်သို့ လိုက်လာခဲ့ သည်။

မီးရထားသည် ဘူတာတိုင်းတွင်ရပ်၏။ ဘူတာရပ်လျှင် ခရီးသည်တို့က အောက်သို့ဆင်းကာ ချက်ပြုတ်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်းတို့ကို လုပ်ကြသည်။ အနားတွင် ခွေးတွေ၊ နွားတွေ၊ ကျီးကန်းတွေ၊ ဈေးသည်တွေ၊ ကုလီတွေထဲမှာ ပင် သူတို့တစ်တွေ ချက်ပြုတ်စားကြသည်။ သူများတွေ နေသလို သူနေသည်။ သူများတွေ စားသလို သူစားသည်။

တစ်ခါတွင် လိမ္မော်သီးတစ်လုံး ဝယ်သဖြင့် ငွေတစ်ကျပ်ထုတ်ပေးလိုက် ၏။ လိမ္မော်သီးသည်က ပြန်မအမ်း။ ပြန်အမ်းဖို့ ပြောသည့်အခါတွင် လိမ္မော် သီးသည်က စိတ်ဆိုးမာန်ဆိုးဖြင့် "သခင်ဆရာတစ်ယောက် လုပ်နေပြီး ဒီလောက် ဘိုင်ကျရသလား" ဟု အောင်ကြီးအောင်ကြီးဖြင့် ပြောသည်။



လိမ္မော်သီးကလေးကို နွှာစားမည်အပြုတွင် သူ့ရှေ့တွင် မျက်လုံး ပြူးပြူး ဆိုထားသည့် ကလေးမတစ်ယောက်လာ၍ တောင်းသဖြင့် တစ်ခြမ်း ကို ခွဲဝေပေးလိုက်ရသေးသည်။

"ကျွန်တော်က လိမ္မော်သီး ပေးလိုက်တော့ ကလေးမလေးက ပြန်ပြေး တယ်။ ဒါနဲ့ ကျွန်တော်လိုက်ကြည့်တော့ လိမ္မော်သီးကလေးတစ်ခြမ်းကို သူ့ညီအစ်ကိုမောင်နှမတစ်သိုက် ဝေစားနေတာ တွေ့ရတယ်" ဟု ကိုဗာစကီး က သူ့အမေထံ စာရေးသည်။

ဖိနပ်တိုက်သည့် ကောင်လေးတစ်ယောက် သူ့အနားတွင် ရစ်ဝဲရစ်ဝဲ လုပ်နေသဖြင့် သူက ပြုံးပြသည်။ သို့ရာတွင် သူ့အပြုံးသည် ဝမ်းဗိုက်ကို အဆာပြေအောင် မတတ်နိုင်။

ထို့ကြောင့် ဆာလျှင်စားဖို့ သူ့ကျောပိုးအိတ်ထဲတွင် ထည့်ထားသည့် ငှက်ပျောသီးတစ်လုံးကို ပေးလိုက်ရ၏။ "ဒီလိုသာ ပေးနေရရင်တော့ ကြာရင် ကျွန်တော်ပါ ငတ်ပြီးသေလိမ့်မယ်" ဟု ကိုဗာစကီးက ပြောသည်။

ရထားတွဲတွင် လူတွေကလည်း ပြွတ်သိပ်နေသည်။ အပူရှိန်ကလည်း ပြင်းသည်။ ဖုန်ကလည်းထူသည်။ ရထားစီးရင်း သူ့လည်ချောင်းတွေ ခြောက် လာသည်။ စကားပြောသံ၊ ငိုသံ၊ ရယ်သံ၊ လူနံ့တို့ ပြီးပြွမ်းနေသော ထိုရထားခရီးသည် လူထုများဆီသို့သွားမည့် မဟာခရီးဖြစ်သည်။ တောင်ပိုင်း ဘူတာရုံတစ်ခုသို့ ရောက်သည့်အခါ ကိုဗာစကီးသည် အိန္ဒိယတိုင်းရင်းသားတို့၏ အစားအသောက်နှင့် ဝဝမဆုံး ဖူးစားခဲ့ရတော့သည်။

"ကျွန်တော်ဟာ သူတို့လိုပဲ ထိုင်ပြီး သူတို့ကို အကဲခတ်ကြည့်တယ်။ သူတို့က လက်နဲ့စားတော့ ကျွန်တော်ကလဲ လက်နဲ့စားတယ်။ သူတို့ဟင်းတွေက စပ်လိုက်တာမှ စပ်လိုက်တာ အမေရယ်။ လူတွေကတော့ ကျွန်တော့်ကို အထူးအဆန်း လို ငိုင်းကြည့်ကြတာပေါ့" ဟု ကိုဗာစကီးက သူ့အမေထံသို့ ရေးသည်။

နောက် ဆယ်ရက် ကြာသောအခါတွင် ကိုဗာစကီးသည် ကာလကတ္တား သို့ ရောက်လာခဲ့လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၃

အိန္ဒိယလူမျိုးသည် ကမ္ဘာတွင် အသန့်အကြိုက်ဆုံး လူမျိုးဖြစ်သည်။ မည်မျှ ဆင်းရဲဆင်းရဲ ကာလကတ္တားမြို့ကြီးထဲက ပလက်ဖောင်းပေါ်တွင် မည်သို့နေရ နေရ၊ သူတို့ ထုံးစံကိုမူ ပြောင်းလဲခြင်းမပြု။ ဓာတ်ရထားလမ်းမှ မနက်အစောကြီး ဓာတ်ရထားသံကို ကြားသည်နှင့် ဟာစရီပါးသည် အိပ်ရာမှထကာ "သဘာဝ ကိစ္စ" တို့ကို ဆောင်ရွက်သည်။

သူတို့လမ်းနှင့်မျက်နှာချင်းဆိုင်ရှိ မြောင်းနှုတ်ခမ်းသို့သွားကာ အခြားသူ များနည်းတူ ကိုယ်လက်သုတ်သင်သည်။ သို့ရာတွင် အစာရေစာကောင်းစွာ မစားရသည့်အလျောက် သူ့ကိစ္စသည် ဘာမျှမကြာလိုက်။ သူတို့အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ကြည့်လည်း မကြည့်။ သူတို့သည် ပြုဖွယ်ကိစ္စကို ပြုနေကြခြင်းသာဖြစ်သည် မဟုတ်လော။

အာလောကနှင့် အမျိုးသမီးများသည်လည်း ယောကျ်ားများထက်စော၍ အိပ်ရာမှထကာ သူတို့ကိစ္စကို လုပ်ဆောင်ပြီးစီးကြလေပြီ။ ထို့နောက် ဟာစရီပါးသည် ရေချိုးရန် ရေဘုံပိုင်သို့သွား၍ တန်းစီ၏။ အမှန်အားဖြင့် ရေချိုးသည့် ရေဘုံပိုင်မဟုတ်။ မီးသတ်ပိုက်ခေါင်းတစ်ခုသာဖြစ်သည်။

ညစ်ပတ်နောက်ကျိနေသော ရေသည် မီးသတ်ပိုက်ခေါင်းမှ ဒလဟော ထွက်နေ၏။ သူ့အလှည့်သို့ရောက်သော် ဟာစရီပါးသည် ဆောင့်ကြောင့် ထိုင်ကာ ခေါင်းကို ရေတစ်ခွက်လောင်းသည်။ ထို့နောက် သဲဆပ်ပြာကြမ်းဖြင့် သူ့တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံး ခပ်ကြမ်းကြမ်းပွတ်သည်။ မည်မျှလောက် ချမ်းအေးသည်ဖြစ်စေ၊ မည်မျှလောက် ဆာလောင်သည်ဖြစ်စေ ထိုသန့်စင်ခြင်း ကိုကား လူကြီး လူငယ်မရွေး မနက်တိုင်း လုပ်ကြသည်။

ထို့နောက်တွင်မှ ဟာစရီးသည် သူ့ကလေး အကြီးနှစ်ကောင်ကိုခေါ် ၍ ဈေးကြီးသို့ ထွက်လာခဲ့၏။ ဈေးကြီးထဲတွင် ပုပ်ရိစပြုနေသော စားစရာတွေ တစ်ပုံကြီးရှိသည်။ ထိုအပုံကြီးထဲမှ ကောင်းနိုးရာရာကို ရွေး၍ ကောက်သည်။ သူတို့လိုပင် စွန့်ပစ်သည့် ပစ္စည်းပုံထဲတွင် ကောက်နေသူတွေ တစ်ပုံတပင်။

ကာလကတ္တားသို့ သူတို့ရောက်သည်မှာ ခြောက်ရက်ရှိသွားလေပြီ။ ထိုနေ့မနက်၌ ဟာစရီပါးသည် ကလေးနှစ်ယောက်ကို အမှိုက်ပုံတွင် ထားပစ်ခဲ့ ကာ သူကိုယ်တိုင်မှာမူ ဈေးကြီးထဲတွင် လျှောက်၍ သူတို့ရွာမှ ကူလီကောင် လေးကိုလိုက်ရှာသည်။ ရှာရင်းလည်း ဆိုင်တကာဆိုင်ဝင်၍ ကူလီလိုသလားဟု စုံစမ်းသည်။

တစ်ခါတစ်ရံတွင် တစ်ခါတုန်းကလို အားပြတ်၍လဲကျသူရှိလျှင် ခင်း၍လုပ်နိုင်ရန် ပစ္စည်းတွေ တနင့်ကြီးတင်သွားသည့် ချယ်ဂါရီကြီးများ နောက်သို့ မယောင်မလည်ဖြင့် လိုက်သွားတတ်သည်။

ဝမ်းဗိုက်လည်း ဆာလှပြီ။ ခေါင်းကလည်း မူးလှပြီ။ စိတ်ပျက် အားငယ်မှုကြောင့် သူ့ရင်ထဲတွင်လည်း လေးလံနေပြီ။ ဟာစရီပါးသည် မူးသလိုလိုဖြစ်လာသဖြင့် နံရံတစ်ခုကိုမှီ၍ ထိုင်လိုက်သည်။

"ဗိုက်ဆံကလေးဘာလေးရတဲ့ အလုပ်လုပ်မလား" ဟု မေးသံတစ်သံကို ကြားလိုက်ရသဖြင့် မျက်လုံးများကို ဖွင့်ကြည့်လိုက်၏။

အရုပ်ပုပု၊ လူခပ်သေးသေးတစ်ယောက်၊ မျက်မှန်နှင့်။ သူ့ကိုကြည့်ရ သည်မှာ ဈေးသည်နှင့် မတူ။ ရုံးအမှုထမ်းတစ်ယောက်နှင့်တူသည်။ ဟာစရီပါး သည် သူ့ကို တအံ့တသြဖြင့် လှမ်းကြည့်ကာ ခေါင်းညိတ်ပြလိုက်၏။

"ဒါဖြင့်လာ၊ ငါနဲ့လိုက်ခဲ့၊ တစ်နေရာရောက်ရင် မင်းသွေးကို ဖောက်ယူ ထိမ့်မယ်၊ ပြီးတော့ မင်းကို ငွေသုံးဆယ်ပေးလိုက်လိမ့်မယ်၊ အဲဒီအထဲက မင်းက ဆယ့်ငါးကျပ်ယူ၊ ငါ့ကို ဆယ့်ငါးကျပ်ပေး"

"ဗျာ၊ ကျွန်တော့်သွေးကို ငွေသုံးဆယ်ပေးမယ် ဟုတ်လား၊ ကျွန်တော့် လို ဆင်းရဲသားရဲ့ သွေးကို ဘယ်သူက ငွေသုံးဆယ်ပေးမှာလဲဗျ"

"မင်း နားမလည်ပါဘူးကွာ၊ သွေးဟာ သွေးပဲပေါ့၊ ပညာရှိဆီကလာ လာ၊ သူတောင်းစားဆီကလာလာ၊ ဗိုက်ကြီးရွှဲနေတဲ့ မာရဝါရီ ကုန်သည်ကြီးဆီ ကပဲ ဖြစ်ဖြစ်၊ မင်းလို လမ်းဘေးက ဆင်းရဲသားဆီကပဲဖြစ်ဖြစ် သွေးဟာ သွေးပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟာစရီပါးသည် သူပြောသည့် စကားကို သဘောပေါက်သွား၏။ ထိုင်ရာမှထကာ သူ့နောက်သို့ လိုက်လာခဲ့သည်။

ထိုသူမှာ ကာလကတ္တားမြို့ အနှံ့တွင် တွေ့ရတတ်သည့် သွေးပွဲစား ဖြစ်၏။ ကာလကတ္တားတွင် ဘယ်အလုပ်ဖြစ်ဖြစ် ပွဲစားတွေ ပြည့်နေသည်။ ယခု ထိုသူမှာလည်း ကာလကတ္တားမြို့တွင်ရှိသည့် သွေးဘဏ်များအတွက် သွေးရှင်ကို လိုက်ရှာနေသည့် ပွဲစားဖြစ်သည်။

သွေးပွဲစားသည် စက်ရုံများ၊ ဈေးများ၊ အလုပ်စခန်းများသို့သွားကာ အလုပ်မရှိသူများကို လိုက်ရှာသည်။ အစ္စလာမ် ဘာသာဝင်တို့မှာ သွေးလှူခြင်းကို တားမြစ်ထားသဖြင့် သွေးပွဲစားသည် ဟိန္ဒူဘာသာဝင်များကို အဓိကထား၍ လိုက်ရှာတတ်သည်။

ကြံရာမရဖြစ်နေသူ တစ်ယောက်အဖို့ သူ့အသက်ရှင်ရေးအတွက် ဒီနည်းမှ လွဲ၍ အခြားနည်း မရှိတော့ပြီ။ ဤတွင် အချောင်သမားတို့ကလည်း ထိုသွေးဖြင့် စီးပွားရှာကြသည်။ ကာလကတ္တားမြို့ကြီး တစ်မြို့မှ ဆေးရုံများ၊ ဆေးခန်းများ အတွက် တစ်နှစ်လျှင် သွေးပုလင်း ထောင်ဆယ်ပေါင်းများစွာ လိုသည်။

ဘင်္ဂလားပြည်နယ် အစိုးရသည် သွေးဘဏ်လေးခုလောက် ဖွင့်ထားသည့် တိုင် ထိုဘဏ်များမှ သွေးသည် ဆင့်ပါးစပ်ကိုနှမ်းပက်သည့်နှယ်။ ဤတွင် ပုဂ္ဂလိက စီးပွားရေးသမားများက သွေးအရောင်းအဝယ်ဈေးကွက်သို့ ဝင်လာကြသည်။ ဆရာဝန်တစ်ယောက်နှင့် ပေါင်းပြီး ဆေးခန်းလိုင်စင်ရအောင် ကျန်းမာရေး ဌာနတွင် လိုင်စင်လျှောက်သည်။

အခန်းကလေးတစ်ခု ငှားသည်။ ရေခဲသေတ္တာတစ်လုံး ဝယ်သည်။ ဆေးထိုးအပ်၊ သွေးပိုက်၊ သွေးပုလင်းတို့ကို ဝယ်ကာ ဆေးခန်းကလေး တစ်ခန်း ဖွင့်ပြီး ဆရာဝန်တစ်ယောက်ကို ငှားသည်။ တစ်လလျှင် ဆယ်သိန်းလောက် ဝင်ငွေရှိသည်ဆို၏။ အပြိုင်အဆိုင်များလာလျှင်မူ ဝင်ငွေလျော့သွားတတ်သည်။

ဟာစရီပါးသည် သူ့ကို ပိုက်ဆံရှာပေးမည့် မျက်မှန်နှင့် ကျေးဇူးရှင် မောင်မင်းကြီးသားနောက်သို့ လိုက်လာခဲ့သည်။ သူ့ကို လမ်းကွေ့ လမ်းကောက် များအတိုင်း ခေါ်သွားပြီး ချောင်ရင်ဂီလမ်းမကြီးသို့ ရောက်သည်။

ထို့နောက် ပျော်ပွဲစားရုံ၊ ကပွဲများ၊ ဓိမ်ခံပစ္စည်းစသည့် ဆိုင်များရှိသည့် ပန်းခြံလမ်းသို့ ခေါ်သွားသည်။ ထို့နောက် အထက်ဆုံး ဘလောက်သို့



ခေါ်သွားပြီး ဆေးခန်းတစ်ခန်းရှေ့တွင် ရပ်လိုက်သည်။ ထိုနေရာမှာ ယခင်က အဆောက်အအုံဟောင်းတစ်ခုဖြစ်၏။

မရှေးမနှောင်းပင် ဆေးခန်းဝမှ မျက်နှာချုံးကျလျက် ကွမ်းတွေ ဝါးထားသည့် လူတစ်ယောက်ထွက်လာကာ "ဘာလဲ သွေးရောင်းမလို့လား" ဟု ခပ်တိုးတိုးမေးသည်။ မျက်မှန်နှင့်လူက ခေါင်းညိတ်ပြလိုက်၏။

"ဒါဖြင့်လာ၊ ကျွန်တော်နဲ့လိုက်ခဲ့၊ ဒီဆေးခန်းက သိပ်ဈေးမပေးဘူး၊ ဈေးဆယ်ပေးတဲ့ ဆေးခန်းတစ်ခန်းရှိတယ်၊ ငါးကျပ်ကို ကျွန်တော့်ပေး၊ ကျန်တာတော့ ခင်ဗျားတို့ ယူကြပေါ့"

ထိုလူမှာလည်း ကြားပွဲစား တစ်ယောက်ပင်။ လမ်းနှစ်လမ်းကျော်ရှိ ဆေးခန်းမှ ပွဲစားလည်းဖြစ်၏။

ဆေးခန်းရှေ့တွင် ပိုင်ရှင်သုံးဦး၏အမည် အတိုကောက်ကို ဆိုင်းဘုတ်ချိတ် ထား၏။ ထိုဆေးတိုက်၏ အမည်မှာ စီအာစီ ဆေးတိုက်ဖြစ်ပြီး ကာလကတ္တား တွင် ရေးအကျဆုံးသော ဆေးခန်းတစ်ခန်းလည်းဖြစ်၏။ သူများဆေးခန်းထက် ငွေတစ်ဆယ်ပိုပေးခြင်းမှာ စေတနာကောင်းသောကြောင့်မဟုတ်။

သူများ ဆေးခန်းက သွေးရှစ်အောင်စထုတ်ယူသည်ကို သူတို့ ဆေးခန်းက သွေးဆယ်အောင်စ ထုတ်ယူလိုက်သောကြောင့်ဖြစ်၏။ ထို့ကြောင့် အပိုကြေး အဖြစ် သွေးရောင်းသူအား ငှက်ပျောသီးတစ်လုံး၊ ဂလူးကို့ ဘီစကွတ် သုံးချပ် စသည်း ကျွေးလိုက်သေးသည်။ ထိုဆေးခန်းတွင် အကြီးအကဲမှာ နာမည်ကျော် သွေးပါရဂူတစ်ဦးဖြစ်သည့် ဒေါက်တာရာနာဆိုသူဖြစ်သည်။

ဒေါက်တာရာနာသည်လည်း သွေးအရောင်းအဝယ် လုပ်ငန်းတွင် ခွေးသွား လိုကလေးတစ်ခုဖြစ်၏။ သူသည် အစိုးရ သွေးလှူဘဏ်တစ်ခုတွင် ညွှန်ကြားရေး မှူးဖြစ်နေသဖြင့် သူ့ဘဏ်သို့လာ၍ သွေးလှူသူများ၊ သွေးဝယ်သူများကို သူ့ ကိုယ်ပိုင်ဆေးခန်းသို့ သွားရန် ညွှန်ကြားလေ့ရှိ၏။

သူ့နေရာမှာနေ၍ ထိုအလုပ်ကိုလုပ်ရသည်မှာ လွယ်ကူခြင်း။ သွေးလှူလာ သူ သွေးရောင်းလာသူကို သူ့ဆေးခန်းသို့ ညွှန်လိုက်ရုံသာရှိ၏။ သွေးဝယ်လာ သူကိုလည်း ထိုဆေးခန်းတွင် လိုသည့် သွေးအုပ်စုကို ရနိုင်ကြောင်း ပြောလိုက်ရုံ သာ။ သို့ရာတွင် ထိုသို့ သွေးအရောင်းအဝယ်ကိစ္စထက် ဆိုးသည့် ကိစ္စရှိသေး၏။ အချို့ ဆေးတိုက်များ၌ သွေးဝယ်သွေးရောင်းကိစ္စများတွင် လိုအပ်သည့်ဆေးဘက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာ ကာကွယ်မှုများကို ပြုလုပ်ခြင်းမရှိကြ။ သွေးမထုတ်မီတွင် မည်သို့ စမ်းသပ်စစ်ဆေးရမည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ထားသည့် စည်းမျဉ်းတွေရှိသည်။ ထိုစည်းမျဉ်းများမှာလည်း ဘာမှ ခက်ခက်ခဲခဲ မဟုတ်ပါ။

အသည်းရောင် ဘီပိုးရတ်စ်ရောဂါပိုး၊ ကာလသားရောဂါပိုးစသည်တို့ ရှိမရှိ စမ်းသပ်ကြည့်ရုံမျှသာဖြစ်သည်။ သို့ရာတွင် စီအာစီအပါအဝင် ပုဂ္ဂလိက သွေးလှူဘဏ်များတွင် ထိုပိုးရပ်စ်ရောဂါပိုးများသည် ဘာမျှ အရေးမကြီး။ သူတို့အဖို့ အရေးကြီးသည်မှာ အမြတ်အစွန်းရရေးသာဖြစ်သည်။

ဆေးခန်းသို့ရောက်သည့်အခါတွင် ဟာစရီပါးအား ခွေးခြေကလေး တစ်လုံးပေါ်တွင် အထိုင်ခိုင်းသည်။ အမျိုးသား သူနာပြုတစ်ဦးက သူ့လက်မောင်း အိုးတွင် ကြက်ပေါင်ကြိုးတစ်ခုကိုပတ်ပြီး ခပ်တင်းတင်းချည်လိုက်သည်။

အခြားတစ်ယောက်က သူ့လက်မောင်း အကြောချိုင့်ထဲတွင် ထင်းထင်း ကြီးပေါ်လာသည့် သွေးကြောထဲသို့ အပ်တစ်ချောင်းစိုက်လိုက်၏။ သူတို့နှစ် ယောက်သည် ပုလင်းထဲတွင် တဖြည်းဖြည်းမြင့်တက်လာသော နီရဲရဲအရာဝတ္ထု ကို စိုက်ကြည့်နေကြသည်။

သွေးကို မြင်၍လော၊ သို့မဟုတ် ဘာရေးဘာရာထဲတွင် တွေ့ရသော ရေရောင်းသူလက်ထဲက ဆိတ်ရေခွံအိတ်ကြီးထဲက ရေတွေလို မိမိသွေးတွေ ထွက်သွားသည်ကို သိလိုက်သောကြောင့်လော အဘယ်ကြောင့်ဟူ၍မသိ။

ဟာစရီပါးသည် အားပျော့နုံးခွေစပြုလာသည်။ အမြင်က မှုန်ဝါးစပြုလာ သည်။ ခိုက်ခိုက်တုန်အောင် ချမ်းနေသည့်တိုင် သူ့မျက်နှာပေါ်တွင် ချွေးသီး ချွေးပေါက်ကြီးတွေ ကျလာသည်။ သူနာပြုနှစ်ယောက်၏ အသံသည် အခြား သော ဂြိုဟ်မှ ပြောနေသည့်နှယ် သဲ့သဲ့မျှသာဖြစ်နေသည်။

မှုန်ဝါးနေသော မျက်လုံးများဖြင့် မျက်မှန်နှင့် ကျေးစွားရှင်ကို သူလှမ်း ကြည့်၏။ ထို့နောက် လက်နှစ်ဖက်သည် သူ့ကိုလာကိုင်ကာ ခွေးခြေကလေး ပေါ်သို့ တွဲအထိုင်ခိုင်းလိုက်သည်ကို သူသတိရသည်။ ထို့နောက် ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားကာ သတိလစ်သွားသည်။

သူတို့အဖို့သော် ထိုအဖြစ်မျိုးသည် ရိုးနေလေပြီ။ အလုပ်လုပ်ပင် မပျက်ကြ၊ သူ့လိုသွေးလာရောင်းရင်း မူးမေ့လဲကျသွားသူတို့ကို တွေ့ရဖန်များနေ လေပြီ။ သူတို့သဘောအတိုင်းသာဆိုလျှင် တစ်ကိုယ်လုံး ခန်းခြောက်သွားအောင်



သွေးထုတ်ပစ်ဆိုလျှင်လည်း စုတ်ထုတ်ပစ်ကြမည်သာ။ သူတို့ကိုလည်း သွေးပုလင်းက ထမင်းကျွေးထားသည် မဟုတ်လော။

သတိရ၍ မျက်လုံးကို ဖွင့်ကြည့်လိုက်သည့်အခါ အိပ်မက်ဆန်ဆန်မြင် ကွင်းတစ်ခုကို မြင်ရ၏။ တစ်ကိုယ်လုံး ဝတ်ရုံဖြူဝတ်ထားသူတစ်ဦးက သူ့ ကို ငှက်ပျောသီးတစ်လုံး လှမ်းပေးသည်။

“ကဲကဲ၊ စားလိုက်ဦးကလေးမ၊ ဒီငှက်ပျောသီးကိုစားလိုက်ရင် ဗီမိန်မှာလို အားရှိလာလိမ့်မယ်” ဟု တစ်ယောက်က သူ့ကို လှောင်သည်။ (ဗီမိန်မဟာဘာ ရတ ဇာတ်ထဲမှ ညီနောင် ငါးဦးတွင် ခွန်အားအကောင်းဆုံး ညီတွေးဖြစ်သည်။)

ဝတ်ရုံဖြူနှင့် လူသည် သူ့အိတ်ထဲမှ ပြေစာစာအုပ်တစ်အုပ်ကို ဆွဲထုတ်၏။

“နာမည် ဘယ်လိုခေါ်သလဲ”

ဟာစရီပါးက နာမည်ကို ပြောသည့်အခါ* ခပ်သော့သော့ရေးချပြီး စာရွက်ကို ဆုတ်လိုက်သည်။

“အဲဟိုမှာသွား လက်မှတ်ထိုး”

ဟာစရီပါးသည် လက်အုပ်ချီကာ သူပြောသည့် နေရာသို့သွား၍ငွေထုတ် ၏။ ငွေလေးဆယ်ကို အိတ်ထဲသို့ထည့်လိုက်သည့်အခါတွင် သူ့ကို သည် ဆေးတိုက်သို့ လိုက်ပို့သည့် လင်းတနှစ်ကောင်က အငမ်းမရသည့် မျက်လုံးများ ဖြင့် ကြည့်နေကြသည်။ အပြင်ရောက်လျှင် ပိုက်ဆံကို ခွဲဝေပေးရဦးမည်။

သူလက်မှတ်ထိုးခဲ့သည့် ပြေစာပေါ်တွင် ငွေလေးဆယ် မဟုတ်ဘဲ ငွေလေးဆယ့်ငါးကျပ် ရေးထားသည်ကိုမူ ဟာစရီပါးမသိ။ ဆေးတိုက်မှ သူနာပြု များက သူတို့အတွက် ကော်မရှင်ကို နှုတ်ယူလိုက်ခြင်းဖြစ်သည်။

ဟာစရီပါးသည် ခေါင်းထဲတွင် မူးရိပ်ရိပ်ဖြစ်ကာ ဒယီးဒယိုင်ဖြင့် ပြန်လာခဲ့သည်။ သူတို့နေသည့် ပလက်ဖောင်းကို တော်တော်နှင့် ရှာမတွေ့။ ရှာမိသည်နှင့် ကလေးတွေက သူ့ကို မျှော်လှပြီ။ ပွဲစားနှစ်ယောက်ကို ပေးပြီး သူ့အိတ်ထဲတွင် ကျန်သည့် ငွေဆယ့်ခုနစ်ကျပ်ခွဲအနက် ငွေငါးကျပ်ကို သူ့ ခင်ပွန်းသားစုနှင့်အတူ “လူမဆန်သောမြို့ကြီး” ထဲတွင် ပထမဆုံး လုပ်ခအဖြစ် ရသည့်အတွက် အောင်ပွဲခံသည့် အထိမ်းအမှတ်အဖြစ် သုံးရန် ဆုံးဖြတ်သည်။

ဟာစရီပါးသည် ဘာလီတစ်ပေါင်ဝယ်သည်။ ထို့နောက် ဂျုံစေ့ပြုတ်

www.burmeseclassic.com

www.burmeseclassic.com



အချိုရည်ဆမ်း နည်းနည်းဝယ်သည်။ ဆန်လှော်စေ့ အထုပ်နှစ်ဆယ်ဝယ်သည်။ ဆန်လှော်စေ့ကို သူ့အိမ်နီးနားချင်းများကိုလည်း ကျွေးရဦးမည် မဟုတ်လော။ ထို့နောက် သူကိုယ်တိုင်အတွက် ကွမ်းယာမွှေးတစ်ရာဝယ်သည်။ ကွမ်းယာသည် အားကို ဖြစ်စေသည် မဟုတ်လော။ ခံတွင်းချဉ်သည်ကိုလည်း ပြေပျောက်စေသည် မဟုတ်လော။

အာလောကသည် သူ့ယောကျ်ားကို မြင်လိုက်သည့်အခါတွင် လန့်သွား၏။ သူ့ယောကျ်ား သည်ည အရက်တွေသောက်လာပြန်ပြီလား မဆိုနိုင်။ လက်ထဲတွင် ပိုက်လာသည့် အထုပ်တွေကို မြင်သည့် အခါတွင်လည်း သူ့ယောကျ်ား အလစ်သုတ်လာပြီဟု ထင်လိုက်မိသည်။

ယောကျ်ားထံ အပြေးအလွှား လာ၍ ကြိုသော်လည်း ကလေးတွေက သူ့ရှေ့က ရောက်နေကြလေပြီ။ ဒရယ် မိလာသည့် ခြင်္သေ့ကြီးရှေ့တွင် ရောက်နေသည့် ခြင်္သေ့ပေါက်ကလေးများလို လုယူနေကြသည်။

ဟာစရိုပါး၏ လက်မောင်းကြားထဲတွင် ယခုတိုင် မြင်နေရသေးသည့် သွေးစို့နေသည့် အပ်ရာကလေးကိုမူ မည်သူမျှ သတိမထားမိကြ။

၁၀

သည်နေရာ၊ သူသွားချင်နေသည့်နေရာသည် သည်နေရာဖြစ်သည်။ ယခုသူတို့ အတူ နေနိုင်သည့်နေရာသို့ ရောက်လေပြီ။ ညစ်ပတ်သော၊ မွဲညစ်နေသော၊ ဆင်းရဲသော၊ သနားစရာကောင်းသော၊ ရွှံ့ပုပ်စော်နံသော သည်နေရာသည် သူသွားချင်နေသည့် နေရာဖြစ်သည်။ မိန်းမတွေ၊ ယောကျ်ားတွေ၊ ကလေးတွေ တိရစ္ဆာန်တွေနှင့် လုံးထွေးနေသော သည်နေရာသည် သူသွားချင်ခဲ့သည့် နေရာဖြစ်သည်။ ရွှံ့တွေ၊ အညစ်အကြေးပုံတွေ၊ မြောင်းပုပ်တွေ၊ ကန့်နံ့နှင့် အနံ့အသက်ပေါင်းစုံတွေ၊ အသံဗလံမျိုးစုံတွေ၊ အော်သံတွေ၊ ငိုသံတွေ၊ တဒိုင်းဒိုင်းထုသံတွေ၊ တဂျုန်းဂျုန်းမြည်သံတွေ၊ အသံချို့စက်အသံတွေ ပြည့်နှက်



နေသည့် သည်နေရာသည် သူသွားချင်ခဲ့သည့် နေရာဖြစ်သည်။ ဟုတ်သည်။ ဘုရားသခင်သည် ကမ္ဘာ့အစွန်အဖျားရှိ လူဆင်းရဲ ရပ်ကွက်ကလေးတစ်ခုသို့ သူ့ကို ပို့လိုက်လေ၏။

“ကျွန်တော် ရောက်ချင်လှတဲ့ နေရာကို ရောက်ရတဲ့အတွက် ဘယ်လောက်ပျော်သလဲ ဆိုတာတော့ မပြောနဲ့တော့။ ပျော်လွန်းလို့ မီးကျိုးခဲတွေပေါ် လျှောက်ပြဆိုရင်တောင် လျှောက်ပြမိမှာပဲ” ဟု နောင်တွင် ကိုဗာစကီးက ပြောသည်။

ကိုဗာစကီးသည် ရထားမှဆင်းလျှင် ဆင်းခြင်း ကာလကတ္တားရှိ ဂိုဏ်းချုပ်ထံသို့သွားသည်။ ဂိုဏ်းချုပ်၏ အိမ်မှာ ကိုလိုနီခေတ်က ဆောက်ထားခဲ့သည့် အိမ်ကြီး။ လှပ၍ ဘေးတွင် ပန်းခြံကြီးကလည်း ကျယ်သည်။ ဂိုဏ်းချုပ်မှာ အသက်ငါးဆယ်ခန့်ရှိသည့် အင်္ဂလိပ်–အိန္ဒိယ ကပြားတစ်ဦးဖြစ်ပြီး၊ ဆံပင်ဖြူကြီးနှင့် ခန့်ညားသောအသွင်ကို ဆောင်နေသည်။ ခေါင်းပေါ်တွင် ခရင်ဂျီဘုန်းကြီးတို့ ဆောင်းသည့် ဦးရစ်ကလေး ဆောင်းထားကာ လက်တွင် ခရင်ဂျီဘုန်းကြီးတို့ ဝတ်ဆင်လေ့ရှိသည့် လက်စွပ်ကို ဝတ်ထား၏။

“ဆင်းရဲသားတွေနဲ့ နေရအောင် ကျွန်တော်လာပါတယ်” ဟု ကိုဗာစကီးက ပြောသည်။

“ဆင်းရဲသားတွေကို တွေ့ဖို့ မခက်ပါဘူး၊ နေရာတကာမှာရှိပါတယ်” ဟု ဂိုဏ်းချုပ်ကပြောသည်။

ခရင်ဂျီဂိုဏ်းချုပ်သည် မြစ်တစ်ဖက်ကမ်း အလုပ်သမားရပ်ကွက်ရှိ ခရင်ဂျီဘုန်းကြီးကျောင်းတစ်ကျောင်းသို့ သူ့ကိုထောက်ခံစာ ရေးပေးလိုက်သည်။

ခရင်ဂျီဘုရားရှိခိုးကျောင်းက ဖြူဖွေးနေသည့် စုလစ်မွမ်းချွန် အမြင့်ကြီးကို အဝေးကပင် မြင်နိုင်သည်။ ပြတင်းပေါက်၊ တံခါးပေါက်ကြီးများတွင် ရောင်စုံမှန်တွေ တပ်ထားလျက်။ ဘုရားရှိခိုးကျောင်းထဲတွင်လည်း သူတော်စင်ရုပ်တုတွေ အများအပြားရှိသည်။ အချို့နေရာများတွင် အလှူခံသေတ္တာကြီးများကို တွေ့ရသည်။ ဘုရားဝတ်ပြုရာ ခုံတန်းများ အထက်တွင်မူ ပန်ကာများ တွဲလွဲဆွဲလျက်။ ရှေ့ကွက်လပ်နှင့် ဘေးပတ်ပတ်လည် လမ်းကျဉ်းကလေးများထဲတွင် စခန်းချနေကြသည့် ဒုက္ခသည် ဆင်းရဲသားများအား ဘုရားရှိခိုးကျောင်းသည်က စိန်ခေါ်နေပုံရနေသည့်နှယ်။ ရှေ့ဝင်ပေါက်မုခ်ဦးကြီး တစ်ခုလုံးပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



စာလုံးကြီးများဖြင့် "ချစ်ခင်ကြင်နာသော နှလုံးသားပိုင်ရှင် မယ်တော် ဘုရားရှိခိုးကျောင်း" ဟု ကမ္ပည်းထိုးထားသည်။

ထိုဘုရားရှိခိုးကျောင်း သင်းအုပ်ဆရာသည် ဂိုအာမှရောက်လာသော ဘုန်းတော်ကြီး အယ်လ်ဘာတိုကော်ဒေရိုဖြစ်သည်။ အသားမှာ မည်းနက်ပြောင်လက်လျက်ရှိပြီး၊ ဆံပင်မှာ လှိုင်းတွန့်လို ဝေ့လျက်ရှိ၏။ ပါးစုန့်အစ်အစ် မိုက်ပွပွ၊ ဖြူဖွေးနေသည့် ဝတ်ရုံရှည်ကြီးနှင့်ဖြစ်ပြီး သူ့ကိုကြည့်ရသည်မှာ ဆင်းရဲသားတွေကြားတွင် သွားနေသည့် သာသနာပြုတစ်ဦးနှင့်မတူဘဲ၊ ရော မှူးမတ်ကြီးတစ်ဦးနှင့် တူနေသည်။ ဘုရားရှိခိုး ကျောင်းဝင်းထဲတွင် သူ့ကားကြီးက အခန့်သားရပ်လျက်။ ဘုရားရှိခိုး ကျောင်းတစ်ကျောင်းကို အုပ်ချုပ်ရသည့် သင်းအုပ်ဆရာတစ်ယောက်နှင့် ညီအောင် များစွာသော ခရစ်ယာန် ဘာသာဝင်တို့က သူ့ကို လိုလေသေးမရှိ လှူဒါန်းကြရသည်။

ယခု ဂျင်းဘောင်းဘီနှင့် ဘတ်စကက်ဘော ကစားသည့် ရှူးဖိနပ်တို့နှင့် ပေါက်လာသော သာသနာပြု ဘုန်းကြီးတစ်ပါးကို တွေ့လိုက်သည့် အခါ၌ သင်းအုပ်ဆရာသည် တော်တော်စိတ်ပျက်သွား၏။

"ခင်ဗျားမှာ ကိုယ်ရဲ့ (သင်္ကန်း) မပါဘူးလား" ဟု သင်းအုပ်ဆရာက မေးသည်။

"ဒီလောက် ပူတဲ့ အိုက်တဲ့ ခင်ဗျားတို့ တိုင်းပြည်မှာ ဒါကြီး ဘယ့်နှယ်လုပ် ခြုံနေနိုင်မှာလဲဗျ"

"အင်း...ခင်ဗျားတို့ နိုင်ငံသားတွေကတော့ ထင်ရာလုပ်ပြီး လုပ်တိုင်း တင့်တယ်နေကြတယ်ပေါ့လေ။ ကျုပ်တို့ အိန္ဒိယတိုင်းရင်းသား ဗရင်ဂျီ ဘုန်းကြီးတွေကျတော့ ဒီကိုယ်ရဲ့သင်္ကန်းဟာ သာသနာတော်ရဲ့ သင်္ကေတဆိုလဲ ဟုတ်တာပဲ၊ ကျုပ်တို့အတွက် အကာအကွယ်ဆိုလဲ ဟုတ်တာပဲ၊ ဘာသာတရားကို အထွတ်အမြတ်ထားတဲ့ တိုင်းပြည်မျိုးမှာ ကိုယ်ရဲ့သင်္ကန်းကို ဝတ်ထားရင် အခွင့်အရေး ရတာပေါ့ဗျာ"

အိန္ဒိယတိုင်းရင်းသား သင်းအုပ်ဆရာသည် ဂိုဏ်းချုပ်ပေးလိုက်သော ထောက်ခံချက်ကို ဖတ်ကြည့်ပြီးနောက်...

"ဆင်းရဲသား ရပ်ကွက်တွေထဲမှာ ခင်ဗျား တကယ်သွားနေမှာလား နေကော နေနိုင်ပါ့မလား"



"နေဖို့ ကျွန်တော် ဒီကိုရောက်လာတာပဲ"

ဘုန်းတော်ကြီး ကော်ဒေရိုသည် မျက်နှာဖြူဖပ်ဖြူရော်ဖြစ်သွား၏။ ထို့နောက် လေးနက်စွာ စဉ်းစားလျက်ရှိဟန်ဖြင့် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

"ကျွန်တော်တို့ သာသနာပြုအဖွဲ့ရဲ့ ရည်ရွယ်ချက်က ဒီလို ဆင်းရဲသားတွေထဲကို သွားနေဖို့ မဟုတ်ဘူးလေ၊ သူတို့အထဲသွားနေရင် ခင်ဗျားဒုက္ခရောက်သွားမှာပေါ့၊ ခင်ဗျားကတော့ လက်ဖျားထိပ်ကလေးလောက်ကိုပဲ ပေးတာပဲ၊ ဒါပေမယ့် သူတို့က ဒီလောက်နဲ့ ကျေနပ်မှာ မဟုတ်ဘူး၊ လက်မောင်းတစ်ဖက်လုံးကို ဖြုတ်ယူသွားကြမှာ၊ ဒီမှာ ခင်ဗျား သူတို့နဲ့အတူသွားနေလို့လဲ သူတို့မှာ ဘာမှ အကျိုးထူးလာမှာ မဟုတ်ပါဘူး၊ ခင်ဗျား ဒီလိုသွားနေရင် သူတို့ပျင်းတာ ဖျင်းတာတွေကို အားပေးသလို ဖြစ်နေမှာပေါ့၊ ပြီးတော့ သူတို့ကလဲ ခင်ဗျားအပေါ်မှာ အစဉ်သဖြင့် မှီခိုနေကြတော့မှာပေါ့"

ဘုန်းတော်ကြီး ကော်ဒေရိုသည် လမ်းလျှောက်နေရာမှ ကိုဗာစကီးရှေ့သို့ ရောက်တွင် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

"ပြီးတော့ ခက်တာက ခင်ဗျားလဲ သူတို့အထဲမှာ အစဉ်အမြဲနေနိုင်မှာ မဟုတ်ဘူး၊ ခင်ဗျားက တစ်နေ့ကျရင် ကိုယ့်တိုင်းပြည် ကိုယ်ပြန်သွားမှာ၊ ဒီတော့ အဲဒီ လူတွေ ကျုပ်အိမ်ထဲလာပြီး သာသနာဘက်က ပုဂ္ဂိုလ်တွေက သူတို့အတွက် ဘာမှလုပ်မပေးဘူးလို့ ပြောကြဆိုကြဦးမှာ၊ တကယ်လုပ်ပေးတော့လဲ ကျုပ်တို့လို အိန္ဒိယ သင်းအုပ်ဆရာတွေကို အထင်ကြီးတာ မဟုတ်ဘူး"

ဆင်းရဲသား ရပ်ကွက်ထဲသို့ သွားပြီး သူတို့နှင့်အတူနေထိုင်ဖို့ ဆိုသည်ကို ဘုန်းတော်ကြီး ကော်ဒေရို တစ်ခါမှ စိတ်ကူးမထည့်ဖူးသေး။ အမှန်အားဖြင့် အိန္ဒိယ သင်းအုပ်ဆရာများသည် ဆင်းရဲသားများပေါ်တွင် စေတနာတရားကင်းသောကြောင့် မဟုတ်။ သာမန်ဆင်းရဲသား လူထုများနှင့် ရင်းရင်းနှီးနှီး ရောယှက်တီးတီး မနေလိုခြင်းကြောင့်ဖြစ်ကြောင်းကို ကိုဗာစကီး တွေ့လာရ၏။ အိန္ဒိယပြည်တွင် ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားသည့် ထုံးစံအတိုင်း အိန္ဒိယတိုင်းရင်းသား သာသနာပြုဆရာများသည်လည်း သူတို့နှင့် ဆင်းရဲသားများသည် နေမှု အဆင့်အတန်းချင်း မတူကြဟု ယူဆကြပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်းအုပ်ဆရာ ကော်ဒေရီသည် ခပ်အင်အင် လုပ်သည့်တိုင် တတ်နိုင်သ[illegible] ကူညီပါ၏။ ကော်ဒေရီသည် သူတို့ ဘုရားရှိခိုးကျောင်းအနီးရှိ အာနန်နဂရအမည် ရှိ သုခမြို့တော်ခေါ် ဆင်းရဲသား ရပ်ကွက်ကလေးထဲတွင် အခန်းတစ်ခန်းရှာ[illegible] ရန် သူ့လက်ထောက်တစ်ယောက်ကို သူနှင့်အတူ ထည့်လိုက်သည်။

ကိုဗာစကီးနှင့် သူ့လမ်းပြတို့သည် နောက်တစ်နေ့ ညနေ ငါးနာရီခ[illegible] တွင် ထိုဆင်းရဲသား ရပ်ကွက်ကလေးထဲသို့ ရောက်လာကြ၏။ နေလုံးကြ[illegible] သည် မှိုင်းမှောင်သည့် မီးခိုးများကြားထဲတွင် ဖျော့တော့လျက်ရှိ၏။ ညနေ[illegible] ချက်ပြုတ်ချိန်ဖြစ်သဖြင့် အိန္ဒိယပြည် အနံ့အပြားတွင် တွေ့ရတတ်သည့် အတိုင်း လေသည် နောက်ချေးနံ့၊ ထင်းမီးဖိုနံ့ဖြင့် မွန်နေသည်။ လမ်းကျဉ်းကလေ[illegible] များထဲသို့ ရောက်လျှင် စူးရှနံစော်သည့် အနံ့များကြောင့် အဆုတ်တွေ[illegible] လည်ပင်းတွေ ပူလောင်သွားမည်လောဟုပင် ထင်ရ၏။ အခြား အသံဗလံမျာ[illegible] ထဲမှ ထူးထူးခြားခြား သီသီသာသာ ပေါ်ထွက်နေသော အသံတစ်သံကိုကာ[illegible] အမြဲကြားနေရ၏။ ထိုအသံမှာ ရင်ဘတ်များစွာတို့ကို ပွင့်ထွက်စေမည့် ချောင်းဆိုးသံများဖြစ်သည်။

ကာလကတ္တားကို မလာခင်တုန်းက ကိုဗာစကီးသည် မဒရပ်အနီး[illegible] သတ္တုတွင်းတစ်ခုနားက ဆင်းရဲသားရပ်ကွက်ကလေး တစ်ခုထဲမှာ နေကြည့်[illegible] ဖူးသေးသည်။ ထိုဆင်းရဲသား ရပ်ကွက်မှာ အလင်းရောင်နှင့် မမျှော်လင့်ချက်တ[illegible] အပြည့်ရှိနေသော ဆင်းရဲသားရပ်ကွက်ဖြစ်သည်။ အလုပ်သမားများသည် မနက်စောစော အလုပ်ဆင်းကြသည်။ တစ်နေ့တွင် သူတို့ နေရာကလေးသည် ကြီးမားသည့် စက်မှု ရပ်ကွက်ကလေးတစ်ခုဖြစ်လာလိမ့်မည်ဟု သူတို့ သိကြ[illegible] သည်။ အာနန်နဂရခေါ် သုခမြို့တော်တွင်မူ ထိုသို့မဟုတ်။ သူတို့ဘဝသည် မျောက်လောင်း၊ မျောက်လောင်းမျှသာဟုသာ သဘောထားကြသည်။ သူတ[illegible] ရပ်ကွက်ကလေးသည် လှုပ်လှုပ်ရှားရှား၊ သွားသွားလာလာ၊ ပြေးပြေးလွှားလွှာ[illegible] ရုတ်ရုတ်ရက်ရက်ဖြင့် အသက်ဝင်နေသည်။ ထိုမျှ လှုပ်ရှားနေသော လူများ[illegible] သည် ဂိုဏ်းအုပ်ပြောလိုက်သလို လူပျင်းလူဖျင်းများ ဖြစ်နိုင်ပါမည်လောဟ[illegible] ကိုဗာစကီး သံသယရှိသည်။ အဘိုးအိုမှ ကလေးငယ်အထိ သူတို့အားလုံးသည် ပုရွက်ဆိတ်များလို အလုပ်များနေကြသည်။ အိမ်လှေကားရင်းများ၊ အိမ်တံခါ[illegible] ပေါက်များ၊ အလုပ်ရုံကလေးများ၊ အိမ်ဆိုင်ကလေးများထဲတွင် လူတွေ[illegible] ရောင်းလျက်၊ ဝယ်လျက်၊ သန့်ရှင်းရေးလုပ်လျက်၊ ထုတ်လုပ်လျက်၊ ဖိနပ်ချု[illegible]



[illegible]၊ ဖာထေးလျက်၊ ပြင်ဆင်(ခဲ)ရပ်ကွက်[illegible]ချုပ်လျက်၊ လှဲကျင်းလျက်၊ [illegible]လျက်၊ သံရိုက်လျက်၊ ကော်ကပ်လျက်၊ လွှန်ပူဖောက်လျက်၊ သယ်ယူ[illegible]၊ ဆွဲငင်လျက်၊ တွန်းပို့လျက်။

အမှတ် ၄၉၊ နိုင်ဇာမူဒင် လမ်းသွယ်၊ ရွှံ့တဲကလေးတစ်လုံးရှေ့တွင် [illegible]အဖြစ် သံရိုက် ပိတ်ထားသည့် ပျဉ်ပြားနှစ်ချပ်ပေါ်တွင် အိမ်နံပါတ် [illegible]ထား၏။ အကျယ်မှာ သုံးပေ၊ အလျား ခြောက်ပေလောက် ရှိလိမ့်မည်။ [illegible]ကြီးက ရွှံ့မံလျက်၊ ခေါင်မိုးက အုပ်ကြွပ်ပြားအချို့၊ လပ်နေသဖြင့် [illegible]ယ်မြင်, လမြင်။ အိမ်ထောင် ပရိဘောဂမရှိ။ လျှပ်စစ်မီးမရှိ၊ ရေမရှိ၊ သူ့ရှာ[illegible]သည့် ဆင်းဆင်းရဲရဲ စုတ်စုတ်ချာချာ ပတ်ဝန်းကျင်မျိုးဖြစ်သဖြင့် ကိုဗာစကီး [illegible]ဘောကျသည်။

တံခါးမှ ထွက်လိုက်လျှင် အန်ချင်စရာ ကောင်းသည့် ညစ်ပတ် [illegible]သော မြောင်းပုပ်ရှိသည်။ မြောင်းပုပ်၏တစ်ဖက်တွင် အမှိုက်ပုံကြီးက [illegible]ည်းလျက်။ လက်ဝဲဘက်နားတွင် မြောင်းကို ခွဆောက်ထားသည့် ဝါးကပ်မိုး [illegible]တ်ဖက်ရည်ဆိုင်လေးတစ်ဆိုင်ရှိသည်။ သည်ရပ်ကွက်တွင် နေသူများအားလုံး [illegible] လက်ဖက်ရည်ဆိုင်ပိုင်ရှင် အဘိုးကြီးမှ လွဲလျှင် အားလုံး မွတ်ဆလင်များ [illegible]ကြသည်။ လက်ဖက်ရည် ရောင်းသည့် အဘိုးကြီးတစ်ယောက်သာလျှင် [illegible]ဖြစ်၏။

ကိုဗာစကီး ငှားနေသည့် အခန်းကလေးကို ပိုင်သူမှာ အနောက်တိုင်း [illegible]စုံကို ဝတ်ထားသည့် ဘင်္ဂါလီအမျိုးသားတစ်ယောက်ဖြစ်သည်။ သူတို့ [illegible]ကွက်ကလေးထဲတွင်မူ ရေမ သူဌေး ကြီးပေတည်း။ လမ်းထိပ်ရှိ အိမ်သာများ၊ [illegible]တွင်းများ တစ်ဝိုက်တွင်လည်း သူပိုင်သည့် အိမ်တန်းလျားတစ်လုံးရှိသေးသည်။

"ဒီနေရာဆိုရင် ဆရာကြီး သဘောကျမှာပါ" ဟု အိမ်ပိုင်ရှင်ကဆို၏။

"သဘောကျပါတယ်၊ အိမ်လခကကော ဘယ်လောက်ပေးရမလဲ"

"တစ်လကို နှစ်ဆယ့်ငါးကျပ်ပါ၊ ကြိုတော့ ပေးထားရမယ်"

"ဘာ...နှစ်ဆယ့်ငါးကျပ် ဟုတ်လား၊ ဒီလောက် နေရာကလေးကို [illegible]ဆယ့်ငါးကျပ် ပေးရမလား၊ သက်သက် ဓားပြတိုက်တာ" ဟု ကိုဗာစကီးကို [illegible]ကိပို့သည့် ကပြားသင်းအုပ်ဆရာက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်" ဟု ကိုဇာစကီးက ပြောကာ သုံးလစာ ကျသင့်ငွေကို ထုတ်ပေး၏။

သို့ဖြင့် ကိုဇာစကီး၏ အိန္ဒိယ ညဦးသည် အစပြု၏။

"ညက မှောင်ပိန်းနေတာပဲ၊ အပူပိုင်းဒေသမှာ ခပ်စောစော မိုးချုပ်တတ်တယ်၊ အိမ်တစ်အိမ်က ငှားလို့ရတဲ့ ရေနံဆီမီးခွက်ကလေးကို ထွန်းလိုက်တယ်၊ အလိုက်တသိပဲ ကျွန်တော့်ဖို့ဆိုပြီး မီးခြစ်ဘူးလည်း ထားပစ်ခဲ့တယ်။ ကျွန်တော့်ကို လာပေးထားတဲ့ ဖျာကလေးတစ်ချပ်ကို မြေကြီးပေါ်ခင်း၊ နံရံကို ကျောမှီပြီး ခြေဆင်းထိုင်နေမိတယ်။ မာဆေးလ်မှာတုန်းက အာရပ်၊ ရပ်ကွက်တစ်ခုက ဝယ်လာခဲ့တဲ့ ကျောပိုးအိတ်ကို ဖွင့်လိုက်တယ်။ အိတ်ထဲက မှတ်ဆိတ်ရိတ်ဓားကိုထုတ်၊ မှတ်ဆိတ်ရိတ်သုံး ဝက်မှင်ဘီး၊ သွားပွတ်တံ၊ မိတ်ဆွေတွေက ပေးလိုက်တဲ့ ဆေးသေတ္တာကလေးနဲ့ သမ္မာကျမ်းစာအုပ်ကို ထုတ်တယ်။ တစ်နည်း ပြောရရင်တော့ ကျွန်တော့်မှာရှိတဲ့ စည်းစိမ်ဥစ္စာအားလုံးဆိုပါတော့။ ခရစ်ဝင်ကျမ်းစာကြားထဲမှာတော့ တစ်လျှောက်လုံး ကျွန်တော့် ကိုယ်နဲ့မကွာ ဆောင်ခဲ့တဲ့ ဓာတ်ပုံကလေးညှပ်ထားတယ်။ အထူးသဖြင့် ဆင်းရဲဒုက္ခ ကြုံတုန်းမှာဆိုရင် ကျွန်တော်ကြည့်နေကျ ဓာတ်ပုံကလေး။ ခုလဲ အဲဒီဓာတ်ပုံကလေးကို ကျွန်တော် ဖွင့်ကြည့်လိုက်တယ်"

ထိုဓာတ်ပုံမှာ ကျူရှင်မြို့မှ အလောင်းတော်ရှုလွှာဆိုသည့် ဓာတ်ပုံဖြစ်ပြီး၊ သူ့အဖေက ပေးခဲ့ခြင်းဖြစ်၏။ ထိုရှုလွှာပေါ်တွင်မူ ခရစ်တော်၏ မျက်နှာတော်။ စက္ကန့်ခြေကိုချလျက်။ ပါးတို့က ယောင်အန်းလျက်။ နဖူးပြင်တွင် ဒဏ်ရာတွေ ပြည့်လျက်။ မုတ်ဆိတ်တို့က ဖရိုဖရဲဖြစ်လျက်။ လက်ဝါးကပ်တိုင်ပေါ်တွင် အသက်ကို စွန့်လှူခဲ့ရသော ကိုယ်တော်၏ ရုပ်ပုံတော်။ ထိုနေ့ညနေတွင်မူ ထိုရုပ်ပုံတော်သည် သူ့လိုဆင်းရဲသား ရပ်ကွက်တွင် လာရောက်၍ သာသနာပြုကြသော သာသနာ့ အာဇာနည်တို့ ဝင်စားထားရာ ရုပ်ပုံတော်ဟု ထင်မိ၏။

ကိုဇာစကီးသည် ခရစ်တော်ပုံတော်ကို နံရံတွင်ကပ်ကာ မီးခြစ်ဆံတစ်ချောင်းဖြင့် ညှပ်ထား၏။ ဝတ်ပြုဆုတောင်းရန် ကြိုးစားသေးသည်။ သို့ရာတွင် ဝတ်ပြု၍မရ၊ သူသည်ကြောင်တက်တက်ဖြစ်နေသည်။ သူ့ပတ်ဝန်းကျင်သည် သူ့ဘဝသစ်နှင့် နေသားကျအောင် လုပ်ရဦးမည်။ ထိုသို့ သုစဉ်းစားနေစဉ် တံခါးဝတွင် ကလေးမတစ်ယောက်လာ၍ ရပ်သည်။ ဖိနပ်မပါ၊ အဝတ်အစားကား စုပ်စုပ်ပြတ်ပြတ်၊ သို့ရာတွင် ကျစ်ဆံမြီး ကျစ်ထားသည့် ဆံပင်အဖျားတွင် ပန်းပွင့်ကလေးတစ်ပွင့် ပန်ထားလျက်။ သူ့လက်ထဲတွင် ထမင်းနှင့် ခင်းသီး ဟင်းရွက်ကြော်များ ထည့်ထားသည့် ဒန်ထမင်းဘူးကလေးတစ်ဘူး ကိုင်ထား၏။ ကလေးမကလေးသည် ထမင်းဘူးကို ကိုဇာစကီးရှေ့တွင် ချထား လက်နှစ်ဖက်ကို ယှက်၍ နှုတ်ဆက်ပြီးနောက် ထွက်ပြေးသွားသည်။

"ကျွန်တော့်ကို လာပြီး ထမင်းကျွေးတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်တယ်။ ပြီးတော့ သူတို့တစ်တွေစားသလို လက်နဲ့စားတယ်" ဟု ကိုဇာစကီး ပြောသည်။

ညကိုးနာရီလောက်တွင်မူ လမ်းမမှ အသံဗလံများသည် တိတ်ဆိတ်သွားကြလေပြီ။ ထိုအခါတွင်မူ ကိုဇာစကီးသည် သူ့ပတ်ဝန်းကျင်မှ ပုံတင်သံများကို သတိပြုမိသည်။ အခန်းနီးချင်းမှ စကားပြောသံ၊ ငြင်းခုံသံ၊ ငိုသံ၊ ချောင်းဆိုးသံ။

ထို့နောက် အသံချဲ့စက်မှ မိန်းမသံ စူးစူးဖြင့် ရွတ်ဖတ်နေသော ကိုရန်ကျမ်းစာဖတ်သံကို ကြားရသည်။ ထိုအသံပြီးလျှင် လက်ဖက်ရည်ဆိုင်မှ ဟိန္ဒူအဘိုးကြီး၏ "ဥုံ" ရွတ်သံ ပေါ်လာပြန်သည်။ သန်းခေါင်ကျော်သည့်အခါတွင်မူ သုခမြို့တော်သည် တိတ်ဆိတ်ငြိမ်သက်စ ပြုလေပြီ။ ဘုရားစာရွတ်သံ၊ ဥုံရွတ်သံ၊ ကလေးငိုသံ၊ ချောင်းဆိုးသံတို့သည်လည်း တိတ်ဆိတ်သွားခဲ့လေပြီ။ သုခမြို့တော်သည် အိပ်မောကျလေပြီ။ ကိုဇာစကီးသည် စိတ်လှုပ်ရှားနေသည်။ အိပ်စက်အနားယူချင်လှပြီ။ သူသည် သူ့ ဂျင်းဘောင်းဘီနှင့် ဆွယ်တာအင်္ကျီကို ခေါက်၍ ခေါင်းအုံးလုပ်၏။ ဖျာကြမ်းကလေးပေါ်တွင် ကိုယ်ဆန့်၍ လှဲလိုက်သည်။ ယခုမှ သူ့အခန်းသည် သူ့အရပ်ခြောက်ပေနှင့် အံကိုက်ဖြစ်နေသည်ကို သူသတိပြုမိသည်။ ကိုဇာစကီးသည် နံရံတွင် ညှပ်ထားသည့် ခရစ်တော်ပုံကို ကြည့်ကာ မှန်အိမ်ကို ငြိမ်းလိုက်သည်။

ထိုစဉ် ခေါင်းပေါ်မှ တရှန်းရှန်းအသံများကို ကြားရ၏။ မှန်အိမ်ထွန်းကြည့်လိုက်သည့်အခါတွင် ကြွက်တစ်အုပ်သည် ဝါးလုံးထုပ်တန်းပေါ်တွင် ပြေးလွှားနေကြရာမှ ဆူညံသော အသံကိုပြုကာ နံရံအတိုင်း အောက်သို့ ဆင်းလာသည်ကို မြင်ရ၏။ ကိုဇာစကီးသည် ထ၍ခုန်ကာ ကျူးကျော်သူတို့ကို ဖိနပ်ဖြင့် အသာလိုက်ရိုက်သည်။ အခန်းနားနီးချင်းတွေ နိုးမည်စိုးသဖြင့် ဆူဆူညံညံမလုပ်ရဲ။ သို့ရာတွင် တစ်အုပ်ထွက်သွားသည်နှင့် နောက်တစ်အုပ်



www.burmeseclassic.com

www.burmeseclassic.com



သည် ခေါင်မိုးပေါ်မှ အောက်သို့ဆင်းလာပြန်သည်။ နောက်ဆုံးတွင် မတတ်နိုင် သည့်အတွက် ကိုဗာစကီးသည် လက်လျှော့လိုက်ရ၏။ ကြွက်များနှင့် ပေါင် ဖော်နေထိုင်ရသည်မှာ မည်မျှ စက်ဆုပ်ရွံရှာဖွယ် ကောင်းပါသနည်း။ သို့ရာတွင် မတတ်နိုင်ပြီ။ ထိုအရာများသည် သူ့ဘဝသစ်တွင် လွှဲရှောင်၍ရသော အရာများ မဟုတ်။ ထို့ကြောင့် ကိုဗာစကီးသည် စိတ်နှလုံးကို ဒုန်းဒုန်းချကာ အိပ်ရာပေါ်သို့ ပြန်လှဲသည်။ ထိုစဉ် ဆံပင်တွေထဲက လှုပ်လှုပ်, လှုပ်လှုပ်ဖြစ်လာသဖြင့် ကိုဗာစကီးသည် မှန်အိမ်ကို ထွန်းရပြန်သည်။ ကြည့်လိုက်သည့်အခါတွင် အမွေးထူထူနှင့် ကင်းခြေများကြီးတစ်ကောင်။ ကိုဗာစကီးသည် မဟတ္တမဂန္ဒီ ကြည်ညိုရ၍ ဂန္ဒီ၏ အကြမ်းမဖက်ရေးတရားကို ယုံကြည်သည့်တိုင် ကင်းခြေများ မှ နင်းချေသတ်ပစ်လိုက်၏။ ကိုဗာစကီးသည် အိပ်ရာပေါ်သို့ ပြန်၍လှဲ၏။ သို့ရာတွင် သုခမြို့တော်ကြီး၏ အံ့သြဖွယ်တို့သည် ကုန်နိုင်ဖွယ်မရှိ။ ခြင်ကောင် များသည် မကိုက်ခင်တွင် ကိုက်ရအံ့လော, မကိုက်ရအံ့လောဟု စဉ်းစားနေ ဟန်ဖြင့် တဝီဝီသော မြည်သံကို ပြုနေကြ၏။

သို့ဖြင့် ကိုဗာစကီးသည် သုခမြို့တော်၏ အံ့ဖွယ်တို့ကို တစ်ခုပြီးတစ်ခု တွေ့ကြုံပြီးနောက် အိပ်ပျော်သွား၍ မကြာမီမှာပင် ဝုန်းခနဲမြည်သော အသံကြီး တစ်သံကြောင့် အိပ်ရာမှ နိုးလာ၏။ တံခါးကို ဖွင့်ကြည့်လိုက်ရာ မီးသွေးဆိုင် သို့လာ၍ မီးသွေးပို့သည့် လှည်းဖြစ်နေကြောင်း တွေ့ရသည်။ ပြန်အိပ်မည်ပြု အမှောင်ထဲတွင် ချောင်းနေသည့် သူခိုးပေါက်စနှစ်ယောက်ကို လှမ်းမြင်ရပြ သည်။ မီးသွေးဆိုင်ရှင်လည်း ထိုသူခိုးလေးများကို မြင်ပုံရသည်။ ထို့နောက် သူခိုးဟူသော အော်သံများနှင့်အတူ လိုက်သံပြေးသံများကို ကြားရပြီးနောက် အညစ်အကြေး မြောင်းကြီးထဲသို့ လူတစ်ယောက်ကျသွားသံကို ကြားလိုက် သည်။

၁၁

ရှောင်းရသည့် ပိုက်ဆံကလေးသည် ဟာစရီပါးတို့ မိသားစု၏ လေးရက်စာ မင်းဖိုးဖြစ်၏။ ထမင်းဖိုးဆိုသည့်တိုင် ထိုရက်များအတောအတွင်း၌ သူတို့ သားစုသည် ငှက်ပျောသီးဖြင့် ကိစ္စပြီးရသည်။ ငှက်ပျောသီးမှာ ပစ္စည်းလည်းပေါ၊ ဈေးလည်းချိုသဖြင့် သူတို့အဖို့ ဘုရားပေးသည့် အစာဟုပင် ဆိုရတော့မည်။ ယာရလည်းဖြစ်၊ ဆေးဖက်လည်းဝင်သည့်အတွက် ကာလကတ္တားမှ ဆင်းရဲများသည် ငှက်ပျောကို ကိုးကွယ်လေ့ရှိကြသည်။ အခါကြီး ရက်ကြီးများ သူတို့သည် မြို့စောင့်နတ်သမီး ဒူးရ်ဂါးကို ပူဇော်သောအားဖြင့် ပလ္လင်များ ပေါ်တွင် ငှက်ပျောပင်များကိုတင်၍ ကိုးကွယ်ကြသည်။ ပစ္စည်းဥစ္စာကို စောင့်ရှောက်သော နတ်မင်းဂါနက်ရှ၏ ကြင်ရာနတ်သမီးကို ပူဇော်သော အားဖြင့် ငှက်ပျောပင်လုံးပတ်ကို အနီကွပ်သည့် ဆာရီတွေပတ်၍ လွှမ်းခြုံကိုးကွယ် လေ့ရှိကြသည်။

ဟာစရီပါးက အလုပ်ထွက်ရှာနေချိန်တွင် ကလေးအကြီးနှစ်ယောက် အရှုံးဘစားထဲက ကောက်လာခဲ့သည့် စားစရာကလေးများကို စားကြရ၏။ သူတို့ကောက်လာသည့် အာလူး ဟင်းသီးဟင်းရွက်တို့ကို အိမ်နီးချင်း၏ မီးဖိုပေါ်တွင်ချက်ပြုတ်ရန်အတွက် နွားချေးလေး လေးပြား ဝယ်လိုက်သည့်အခါ ရှင်ကား သူတို့တွင် ရှိသမျှသော နောက်ဆုံးပိုက်ဆံကလေးသည် ကုန်သွား သည်ပြီ။ နောက်ဆုံး ဘာမျှမကျန်တော့သည့်အခါ၌ ဟာစရီပါးသည် ရဲရင့် သော ဆုံးဖြတ်ချက်တစ်ရပ်ကို ချရပြန်သည်။ အခြားမဟုတ်။ သွေးပွဲစားဆီသို့ သွား၍ သွေးရောင်းရန်ဖြစ်သည်။

ဆေးပညာအမြင်ဖြင့် ကြည့်လျှင် ကိုယ့်သွေးကို ရောင်းစားရသည့် ကိစ္စသည် ရှုံးသွပ်မှုတစ်ခုဖြစ်သည် မဟုတ်ပါလော။ များစွာသော မြို့ ဆင်းရဲသားများသည် ကြံရာမရသည့်အဆုံးတွင် သွေးဘဏ်သို့လာ၍ နေ့စဉ်နှင့် အမျှ သွေးရောင်းလျက်ရှိကြောင်းဖြစ်၍ ဆေးဘဏ် အစီရင်ခံစာတစ်စောင်တွင်

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြထားသည်။ ထိုသူများသည် အသက်ရှည်ရှည် မနေကြရတော့။ သွေးအား နည်းရောဂါကြောင့် လမ်းမပေါ်တွင် လဲကျသေဆုံးသူတို့ သေဆုံးကြသည် အချို့မှာလည်း သိလရင် ထရီဇာ၏ ဂေဟာသို့ လာရောက်ပြီး သေကြသည် အောက်စီဂျင်မရသဖြင့် ဟတ်ကနဲငြိမ်းသွားသော ဖယောင်းတိုင်တစ်တိုင် မီးတောက်ပမာ ဤသို့ ဘဝဆုံးသွားခဲ့ကြရသည်။ ထိုအစီရင်ခံစာအရ သွေးရောင် သူတို့အနက် လေးယောက်လျှင် တစ်ယောက်သည် သတ်မှတ်ထားသည် ဟေမိုဂလိုဗင်ဓာတ်၏ တစ်ဝက်မျှပင်မပြည့်။ သွေးဝယ်သည့်ဌာနများကလည် သွေးထဲတွင် ဟေမိုဂလိုဗင် ရာနှုန်းပြည့်မပြည့်ကို ဂရုမစိုက်ကြတော့။ သို့ရ တွင် ဟေမိုဂလိုဗင်အတုကို ဘယ်လိုဖန်တီးရသည်ကို နောင်တွင် ဟာစရီပါးတို့ တောသားတွေပင် သိလာခဲ့သည်။

ထိုနေ့က စီအာစီ သွေးဘဏ်မှပေးသော ဈေးနှုန်းမှာ မက်လောက်သဖြ သွေးဘဏ်ရှေ့တွင် လူတွေကျိတ်ကျိတ်တိုးနေကြသည်။ အချို့သော သွေးဘဏ် များမှ ပွဲစားများလည်း စီအာစီသွေးဘဏ်ရှေ့သို့ မယောင်မလည် ရောက်လာ ကြကာ သူတို့ဘဏ်အတွက်လာ၍ မြှူဆွယ်ကြသည်။ ထိုစဉ် ဟာစရီပါးအနီးသို့ ရွှေသွားနှစ်ချောင်းတပ်ထားသည့် လူတစ်ယောက် ရောက်လာသည်။ သူက ပြည့်တန်ဆာ ဈေးခေါ်သည့် လေသံမျိုးဖြင့် "လေးဆယ်ပေးမယ်လေ မင်းအတွက် သုံးဆယ်၊ ငါ့အတွက်တစ်ဆယ်" ဟုပြောသည်။

သုံးဆယ်ဆိုတော့ အရင်တစ်ခါ ဆိုင် ထက် ထက်ဝက်ကြီးတော ပိုသည်။ ကာလကတ္တားတွင် သွေးဈေးနှုန်းသည် ဒါလဟိုဇီပန်းခြံရပ်ကွက် ကုန်စည်ဒိုင်မှ ဂုံလျှော်ဈေးနှုန်းလို၊ မုန်ညင်းဆီဈေးနှုန်းလို နေ့တိုင်းပြောင်းလ သည်ကို ဟာစရီပါးမသိ။ သွေးဈေးနှုန်းသည် ကြားပွဲစားများ ပါးစပ်ထဲမ ပြောတိုင်းဖြစ်နေသည်။ သူတို့ပွဲခများများယူလိုလျှင် ဈေးနှိမ်သည်။ သူတို့ ပွဲခလျှော့လျှင် ဈေးပိုသည်။ သွေးပွဲစားသည် ဟာစရီပါး၏ လက်မောင်း အပ်ရာကို မြင်လိုက်သည်နှင့် ဟာစရီပါးကို သွေးရောင်းသူမှန်း ချက်ချင်းသိ လိုက်လေပြီ။

ထိုလူက သူ့ကိုနိဗ္ဗာန်ကူးတို့ သွေးဘဏ်သို့ခေါ်သွားသည်။ အမည်နှင့် လိုက်ပါပေ၏။ ဆေးခန်းနံရံများကို ပန်းနုရောင်ခြယ်ထားပြီး ထိုင်ခုံကြီးတွေ လည်း အိနေသည်။ သွေးဘဏ်ကို ကာလကတ္တားရှိ နာမည်ကျော်ဆေးခန်းကြီး တစ်ခန်းနှင့် တွဲပြီး ဖွင့်ထားသည်။ ထိုဆေးခန်းသို့ ချမ်းသာသည့် မာရဝါ



နှင့်သည်ကြီးများ၊ သူတို့မိသားစုများသာ လာရောက်ပြသလေ့ရှိကြသည်။ ကိုယ်လုံး ဖွေးနေသည့်ဝတ်စုံကို ဝတ်ထားပြီး ဦးထုပ်ဖြူကလေးကို ဆောင်းထားသည့် သူနာပြုဆရာမသည် သွေးလာရောင်းသူကို မြင်လိုက်သည့် အခါတွင်မျက်နှာတစ်ချက် ရှုံ့လိုက်၏။ ထို့နောက် ဟာစရီပါးကို နောက်မှီ ကုလားထိုင်တစ်လုံးပေါ်တွင် အထိုင်ခိုင်းသည်။ သူနာပြုဆရာမသည် စီအာစီ သွေးဘဏ်မှ သူနာပြုများလို သူ့သွေးကြောထဲသို့ အပ်စိုက်သွင်းမပြု။ လက်ညိုး ထိပ်ကို အပ်ကလေးဖြင့်ပေါက်၍ မှန်ပြားပေါ်တွင် သွေးစက်ကို ချလိုက်သည်။ ရွှေသွားနှင့် ပွဲစားက သူနာပြုဆရာမ ပညာပြနေကြောင်းကို ရိပ်မိလိုက်လေပြီ။

သူထင်သည့်အတိုင်းပင်။ ခဏအကြာတွင် ယခုသွေးမှာ သူတို့ဆေးခန်းက သတ်မှတ်ထားသည့် အဆင့်ကို မမီဟုဆိုသည်။ အခြားမဟုတ်။ ကာလကတ္တား ရှိ လူဆင်းရဲများအားလုံး ထုံးစံသွေးထဲတွင် လိုအပ်သည့် ဟေမိုဂလိုဗင်ဓာတ် မပြည့်ခြင်းဖြစ်သည်။

ဟာစရီပါးသည် စိတ်ပျက်သွား၏။

"သွေးဝယ်တဲ့ တစ်ခြားနေရာများ နောင်ကြီးသိသေးသလား"

သူတို့နှစ်ယောက် လမ်းကြားသို့ ပြန်ရောက်လာသည့်အခါတွင် ဟာစရီပါး က ပြော၏။ ပွဲစားသည် ပခုံးကို ဖက်လိုက်ကာ–

"တွေ့ရာဆိုင်တွေကို လျှောက်ပြီး ရောင်းမနေနဲ့လေကွာ၊ ခုလို ဆိုင်ကြီး တွေကို ရောင်းမှ ပိုက်ဆံရတာ၊ ခု မင်းသွေးကြောထဲမှာ သွေးကောင်းကောင်း မရှိဘဲ ရေတွေချည်းဖြစ်နေလို့ မဝယ်တာ၊ ဒီအတိုင်းသာ ကြာကြာနေရင် မင်းလဲ မကြာခင် ကိစ္စချောပြီး ပြာကို ဟူဂလီမြစ်ထဲ မျှောချရတော့မှာ"

သူပြောသဖြင့် ဟာစရီပါးသည် တကယ်ပင် လန့်သွားသည်။

"ကျွန်တော်တို့အားလုံး စားရမဲ့ သောက်ရမဲ့ ဖြစ်နေပြီဗျ၊ ဒီအတိုင်းဆို ငတ်ပြီး သေတော့မှာ ထင်ပါရဲ့" ဟု ဟာစရီပါးက ညည်းသည်။

"ဒီလောက်လဲ အားမလျှော့နဲ့ဦးကွာ၊ လာ လိုက်ခဲ့၊ မင်းကို လက်ဆောင် ပေးလိုက်မယ်" ဟု ဆိုကာ ပွဲစားသည် သူတို့အနီးရှိ ဆေးဆိုင်တစ်ဆိုင်သို့ ခေါ်သွားပြီး ဆေးတစ်ပုလင်းကို ဝယ်ပေးလိုက်သည်။ ဆွမ်ဓာလန်ပြည် ဆေးဝါးစက်ရုံများမှ ဓာတ်ခွဲပါရဂူများသည် ကမ္ဘာတွင် သူတို့ဆေးများအား မည်သို့ သုံးစွဲကြောင်းကို ကြိုတင်သိဟန်မတူ။

www.burmeseclassic.com



ပွဲစားသည် သူ့ကို သံဓာတ်ပါသည့် ဆေးပုလင်းကို လှမ်းပေးလိုက်ရင်း-

"ရော့- ဟောဒီဆေးကို တစ်နေ့သုံးလုံးနဲ့ တစ်ပတ်စားပြီးတော့ ငါ့ဆီလာခဲ့၊ မလာဘဲတော့ မနေနဲ့နော်၊ မလာရင် မင်းသွေးကြောထဲမှာ သွေးတွေ သိပ်များပြီး ပေါက်ကွဲကုန်ရင်တော့ ငါ့တာဝန်မဟုတ်ဘူး။ အဲဒီတော့ သွေးကောင်းကောင်းဝယ်တဲ့ ဆေးခန်းကို လိုက်ပို့မယ်၊ သွေးကောင်းပုံတော့ မပြောနဲ့၊ မင်းသွေးကို အကြောထဲမှာ တစ်စက်မကျန်အောင် ထုတ်မယူရက်ကောင်း"

၁၂

သုခမြို့တော်သို့ ကိုဇာစကီးရောက်ပြီး နောက်တစ်နေ့တွင် ဘာမျှ ထူးထူးခြားခြားမရှိ။ သို့တိုင်အောင် လူပေါင်း ခုနစ်သောင်းမျှ အရောရောအနှောနှော နေထိုင်၍ သန့်ရှင်းရေး အစီအစဉ် ညံ့ဖျင်းသည့် နေရာမျိုးတွင် နေ့စဉ် လုပ်ဆောင်ဖွယ်ကိစ္စကို ပြုလုပ်ရသည်မှာ အများကြီး ပြဿနာရှိသည်။ ဥပမာအားဖြင့် ကိုယ်လက်သန့်ရှင်းရေးကို ကြည့်လျှင် သိနိုင်သည်။ သင်းအုပ်ဆရာက ကိုယ်လက်သန့်ရှင်းရေး ကိစ္စများတွင် ဟိန္ဒူခရစ်ယာန်များနေသည့် ရပ်ကွက်များက ရေအိမ်များသို့သွားရန် ကိုဇာစကီးကို အကြံပေးသည်။

ဟိန္ဒူတစ်ယောက်အဖို့ "သဘာဝကိစ္စ" ကို ဆောင်ရွက်ရခြင်းသည် ထုံးတမ်းစဉ်လာများနှင့်အညီ ပြုလုပ်ရသော ကိစ္စတစ်ခုဖြစ်သည်။ ဟိန္ဒူတစ်ယောက် ကိုယ်လက်သန့်စင်ရန် ရွေးချယ်သောနေရာသည် ဘုရားကျောင်းဆောင်တစ်ဆောင်၊ သောင်ပြင်တစ်ပြင်၊ မြစ်ကမ်းတစ်ခု၊ ရေတွင်းတစ်တွင်း၊ ရေကန်တစ်ကန်၊ သို့မဟုတ် လူအများ သွားလာလေ့ရှိသော လမ်းဆုံလမ်းခွတစ်ခုအနီးတွင် မဖြစ်စေရ။ ညီညာပြန့်ပြူး၍ လူနှင့်သူနှင့်ဝေးသော နေရာအရပ်ဖြစ်ရမည်။ ပြုဖွယ်ကိစ္စကို မပြုမီတွင် ဖိနပ်ကို ချွတ်ရမည်။ နိမ့်နိုင်သမျှ နိမ့်နိမ့်ထိုင်၍ ကိစ္စမပြီးခင် တိုးလိုးတန်းလန်းဖြင့် မတ်တတ်ထခြင်း မပြုရ။ ကိစ္စကို ပြုနေစဉ် နေ၊ လ၊ ကြယ်တာရာ၊ မီး၊ ဗြဟ္မဏမျိုးနွယ်၊ သို့မဟုတ်



အထွတ်အမြတ်ထားသော ရုပ်ပုံကို မကြည့်ရ။ တိတ်ဆိတ်စွာနေပြီးနောက် မိမိ၏ ကိစ္စဝိစ္စတို့ မည်သို့ရှိမည်ဟူသော သဘောဖြင့် ဘေးပတ်ပတ်လည်သို့ လှည့်၍ မကြည့်ရ။ နောက်ဆုံးတွင် မြေကြီးနှင့် ရေကိုသုံး၍ ကိုယ်လက်သန့်စင်ခြင်းအမှုကို မည်သို့ အဆုံးသတ်ရမည်ဆိုသည့် နည်းလမ်းများအထိ အစဉ်အဆက် ကျင့်သုံးခဲ့သည့် ဓလေ့တွေရှိနေသည်။

ထိုထုံးတမ်းဓလေ့များကို ချမှတ်ခဲ့သူတို့သည် နောင်နှစ်ပေါင်းများစွာ ကြာသည့်အခါ၌ မြို့ကြီးများထဲတွင် လူသန်းပေါင်းများစွာ နေထိုင်ကြမည်ကို စဉ်းစားမိခဲ့ဟန် မတူကြ။ ထို့ကြောင့် သုခမြို့တော်တွင် မိုတင်းနေထိုင်ကြသော ဟိန္ဒူတို့အဖို့မှ ဟင်းလင်းဖြစ်နေသော မြောင်းကြီးများ ဘေးတွင်သော်လည်းကောင်း၊ မြို့စီမံကိန်း ရေးသူများက တည်ဆောက်ပေးခဲ့သည့် ခပ်ကျဲကျဲမျှသာရှိသော "ရေအိမ်" များတွင်သော်လည်းကောင်း သူတို့ သဘာဝကိစ္စများကို ဆောင်ရွက်ကြရသည်။

ထိုသို့သော နေရာမျိုးသို့ ပထမဦးဆုံးအကြိမ် သွားရောက်ခြင်းသည် ကိုဇာစကီးအဖို့ ကြီးစွာသော စွန့်စားခန်းကြီးတစ်ခုကို လုပ်ရသည်နှင့်တူသည်။ နံနက်လေးနာရီမျှသာရှိသေးသည့်တိုင် ထိုနေရာသို့ ဝင်သည့်အဝတွင် လူတွေတန်းစီလျက်ရှိနေလေပြီ။ ရှေ့ဆုံးမှလူမှာ ထိုနေရာတွင် စောင့်နေရသည်မှာ နှစ်နာရီမျှပင် ရှိနေသေးပြီ။ သူတို့အထဲသို့ ဂျင်းဘောင်းဘီဝတ်၍ ဘတ်စ်ကတ်ဘော ဖိနပ်ကိုစီး၍ ရောက်လာသော သခင်ဆပ်တစ်ယောက်ကို မြင်ရသည့်အခါတွင် သူတို့အားလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ ဟိန္ဒူတို့၏ ထုံးစံကို မသိဘဲ ခွင့်မလွှတ်နိုင်သည့် အမှားတစ်ခုကို ကျူးလွန်သည့်အတွက်လည်း သူ့ကိုကြည့်၍ လှုပ်လှုပ်ရွရွ ဖြစ်နေခြင်းဖြစ်သည်။ ထိုအမှားကား အခြားမဟုတ်ပါ။ ရေအိမ်သုံးစက္ကူ သုံးလေးစကို ယူလာခဲ့မိခြင်း ဖြစ်ပါသည်။ ဤတွင် လူငယ်တစ်ယောက်က သူ့လက်ထဲတွင် ကိုင်လာသည့် ရေထည့်ထားသည့် ဒန်ခွက်ကိုပြရင်း ရေဖြင့် သုံးသင့်ကြောင်း၊ ရေသုံးပြီးခွက်ကို ဆေးကြောပစ်ရမည်ဖြစ်ကြောင်း လက်ဟန်ခြေဟန်ဖြင့် ပြောပြသည်။ ကြည့်လိုက်သည့်အခါ၌ လူတိုင်း၏ လက်ထဲတွင် ရေအပြည့်ထည့်ထားသည့် ခွက်တွေနှင့်။

ဤတွင် အဘိုးအိုတစ်ယောက်က ရေခွက်ကိုလာပေးသည်။

"ကျွန်တော်က ကျေးဇူးတတင်နဲ့ ခွက်ကို လှမ်းယူလိုက်တယ်၊ လှမ်းယူလိုက်လို့ သူတို့တစ်တွေ ဝိုင်းရယ်တော့ ကျွန်တော်နောက်ထပ် အမှားတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



လုပ်မိပြန်ပြီဆိုတာ သိရတယ်။ ကျွန်တော်က ခွက်ကို ဘယ်ဘက်နဲ့ ကိုင်လိုက်မိတာကိုး။ ဘယ်ဘက်ဆိုတာ အညစ်အကြေးတို့ဘာတို့ သုတ်သင်တဲ့လက်ပဲ မသန့်ဘူးပေါ့။ ရေအိမ်ဆီမရောက်ခင် အညစ်အကြေးအိုင်ကြီးကို ကျော်ဖြတ်ရသေးတယ်။ ဒါကလဲ တခြားကြောင့် မဟုတ်ဘူးဗျ။ မိလ္လာသိမ်းသမားတွေက သပိတ်မှောက်နေလို့၊ သူတို့ သပိတ်မှောက်နေတာ ငါးလကျော်သွားပြီ။ အနံ့ကလဲဆိုးလိုက်တာ မပြောပါနဲ့တော့၊ အနံ့ကပဲဆိုးသလား၊ မြင်ကွင်းက ဆိုးသလားဆိုတာ ကျွန်တော်ဖြင့် ခွဲတောင် မခွဲတတ်တော့ဘူး၊ သူတို့အဖို့ကတော့ ရိုးနေပြီပေါ့လေ၊ ရယ်လိုက်၊ မောလိုက်၊ စကားပြောလိုက်နဲ့၊ ကျွန်တော်က ခပ်သုတ်သုတ် ကိစ္စပြီးအောင်လုပ်ပြီး ရေအိမ်ဘက်က ပြန်လာခဲ့တယ်။ လူကတော့ လက်ဝှေ့ကြိုးဝိုင်းအတွင်း ပထမဆုံးအချီမှာ အလဲထိုးခံလိုက်ရတဲ့ လက်ဝှေ့သမားလို ယိုင်တိုင်တိုင်ဖြစ်နေပြီ၊ ဒီလောက်ဆိုးဝါးတဲ့ အနံ့ရှု မြင်ကွင်းမျိုးကို တစ်ခါမှ မတွေ့ဖူးသေးဘူး” ဟု ကိုဗာစကီးက ပြောသည်။

သူပြန်လာသည့်အခါတွင် သူ့ကို မကျေနပ်သည့် အမူအရာများဖြင့် ကြည့်နေသူများကို တွေ့ရ၏။ တခြားကြောင့်မဟုတ်။ ကိုဗာစကီးသည် ဗရင်ဂျီ ဘုန်းကြီးတစ်ပါးဖြစ်ကြောင်း သိသွားကြသောကြောင့်ဖြစ်သည်။ မွတ်ဆလင်များအကြားတွင် ထိုသို့ ဗရင်ဂျီဘုန်းကြီးတစ်ပါး ရောက်လာခြင်းသည် သူတို့ကို စော်ကားသည့်နှယ်ဖြစ်နေသည်။

“အဲဒီနေ့က စိတ်ဓာတ်ကျလိုက်ပုံတော့ မပြောပါတော့။ အစားစားချင်စိတ်လဲ မရှိတော့ဘူး၊ စကားပြောချင်စိတ်၊ လှုပ်ရှားချင်စိတ်ဆိုတာတွေ မရှိတော့ဘူး။ အဲ...ဘုရားဝတ်ပြုလို့ရသေးလို့ တော်သေးတာပေါ့”

ကိုဗာစကီးသည် မနက်လင်းသည်နှင့် တစ်နာရီခန့် ဘုရားဝတ်ပြု တရားထိုင်ခဲ့သည်မှာ ကာလအတန်ကြာခဲ့လေပြီ။ လေယာဉ်ပျံပေါ်တွင် ဖြစ်စေ ရထားပေါ်တွင်ဖြစ်စေ မည်သည့်နေရာသို့ ရောက်ရောက် ထိုဝတ်ကို မပျက်အောင် လုပ်ခဲ့သည်။ ခရစ်ဝင်ကျမ်းကို ကောက်လှန်ကာ တွေ့ရာ အပိုဒ်တစ်ပိုဒ်ကို ကောက်ဖတ်သည်။ ထိုအခါမျိုးတွင် သူ့စိတ်သည် အညစ်အကြေးတို့ ကင်းဝေးလျက် ငြိမ်းချမ်းသာယာမှုကိုရသည်။ ထိုနေ့မနက်တွင် ကိုဗာစကီးသည် တရားကို နှလုံးသွင်းသည့်တိုင် ဖြောင့်ဖြောင့် မသွင်းနိုင်တော့ပြီ။

## ၁၁

ကောင်...ခုနစ်ရက်ပြည့်မှ လာပါဆိုတာ ဒီလောက်မှ နားမလည်ဘူးလားကွ။ ရက် မရေတတ်တော့ဘူးလား”

သူ့ဆီသို့ တည့်တည့်ကြီးလာနေသော ဟာစရိပါးကို ကြည့်၍ သွေးပွဲ က ဆီးငေါက်သည်။ သွေးအရောင်းအဝယ်ကိစ္စ မဟာန်သဖြင့် သူ့ကို တ်အားတိုးဆေးပေး၍ လွှတ်လိုက်သည်မှာ နှစ်ဆယ့်လေးနာရီတင်းတင်းပင် ပြည့်တတ်သေး။

“ဒီမှာ နောင်ကြီး...နောင်ကြီး” ဟု ဟာစရိပါးက အားရဝမ်းသာ မ်းခေါ်သည်။ သူအားရဝမ်းသာဖြစ်နေပုံကိုကြည့်၍ သွေးပွဲစားပင် အံ့အား င့်နေသည်။

“ငါ့လူ ဘာဖြစ်လာတာလဲ၊ သိန်းထီပေါက်လာလို့လား”

“ခု ကျုပ်အလုပ်ရပြီဗျ၊ ဒါကြောင့် သွေးနီအောင်လုပ်တဲ့ ခင်ဗျားဆေး ကို ပြန်လာပေးတာ။ သွေးနီအောင်လုပ်ဖို့ မလိုတော့ဘူး။ တခြားလိုတဲ့ တစ်ယောက်ယောက်ကို ပေးလိုက်ပေတော့”

ကံတရားသည် ဘင်္ဂါလီ လယ်သမားတစ်ဦးဖြစ်သည့် ဟာစရိပါးကို က်နှာသာပေးပြီထင်သည်။ ဟာစရိပါးသည် ဘရားဘဇားအနီးရှိ မီးရထားတွဲ က်ကိုရီယာလုပ်သည့် အလုပ်ရုံနားသို့ မယောင်မလည်ရောက်သွားသည်။ နေရာမှာ ကူလီတစ်ယောက်လဲကျသွားသဖြင့် ငွေငါးကျပ်ဖြင့် လူစားဝင် ခဲ့သည့်နေရာဖြစ်သည်။ ယခုတစ်ကြိမ်တွင်မူ အလုပ်သမားနှစ်ယောက်သည် ဓာတ်လေးကြီးများကို လက်တွန်းလှည်းကလေးတစ်စင်းပေါ်သို့ တင်နေကြ သည်။ ထိုစဉ် တစ်ယောက်က ကျောက်ခဲတက်နင်းမိကာ လဲကျပြီး ခြေထောက် လေးထုပ်ကြီးပိသွားသည်။ သူ့ခြေထောက်မှာ ကြေသွားလေပြီ။ ဟာစရိပါး သည် သူ့ကို ထူပေးရန် ပြေးလာခဲ့၏။ သူဝတ်လာသည့် ဒိုတီအိုဖြကာ

www.burmeseclassic.com

www.burmeseclassic.com



လှူနာ၏ သွေးတိတ်ရန် ခြေထောက်ကို စည်းပေးသည်။ ကာလကတ္တားတွ ထိုသို့ အရေးအကြောင်းရှိမှ ပုလိပ်အကူအညီ၊ သူနာပြုကား အကူအညီရဖို့ဆိုသည် မှာ ခက်ခဲဘိခြင်း။ ဤတွင် ရင်စေ့စွပ်ကျယ်အင်္ကျီ ဝတ်ထားသည့် ခပ်ဝဝပိုင်ရှ သည် အလုပ်ရုံထဲမှ ထွက်လာကာ လန်ချားတစ်စင်းပေါ်သို့ တင်ပေးလိုက်သည် ပိုင်ရှင်သည် အရေးထဲတွင် ထိခိုက်မှုဖြစ်သဖြင့် စိတ်ဆိုးမာန်ဆိုးဖြင့် အော်ငေါ ကာ အိတ်ထဲမှ ငါးကျပ်တန် တစ်အုပ်ကို ဆွဲထုတ်လိုက်ပြီးနောက် တစ်ရွက်ကို လှူနာအားပေးပြီး ကျန်တစ်ရွက်ကို လန်ချားသမားအားပေးလိုက်သည်။ လဲ သွားသည့် ကူလီကို ထူမ ပေးသည့် ဟာစရီပါး ပြန်သည့်အခါ၌ ပိုင်ရှင်က သူ့ကိုလည်း ငါးကျပ်တန်တစ်ရွက် ထုတ်ပေးသည်။

"ရော့...တစ်ရွက်ကို မင်းယူ၊ နောက်တစ်ရွက်ကိုတော့ ဆေးရုံထဲကို ဝင်ခွင့်ရအောင် ဂိတ်စောင့်ကိုပေး"

ပိုင်ရှင်သည် ငေး၍ကြည့်နေသော လန်ချားသမားဘက်သို့ လှည့်ကာ-

"ဟေ့ကောင်...သွားလေ၊ ဘာ ရပ်ကြည့်နေတာလဲ" ဟု အော်လိုက် သည်။

ဟာစရီပါးက လန်ချားပေါ်သို့ မည်သို့တက်ရမည် မသိသဖြင့် ဆုတ် ဆိုင်းဆိုင်းဖြစ်နေသည်။ လန်ချားသမားက-

"ငါ့လူက လန်ချား မစီးဖူးဘူးလား" ဟု မေးသည်။

"မစီးဖူးဘူးဗျ" ဟု ဖြေရင်း ဟာစရီပါးက လှူနာဘေးတွင် ဝင်ထိုင်သည်။

လန်ချားလှည်းသန်နှစ်ချောင်းကြားတွင် ရောက်နေသည့် လူမြင်းသည် လန်ချားကို ကောက်ကိုင်သည်နှင့် လန်ချားလည်း ဆောင့်ခနဲ ထွက်လာခဲ့၏။ ဖြူဖွေးစပြုနေသော ဆံပင်များနှင့် ရှုံ့တွနေသည့် ပခုံးကို ထောက်သော် လန်ချားသမား၏ အသက်သည် ငယ်ဟန်တော့မတူ။ သို့ရာတွင် လန်ချားသမား ဆိုသည်မှာ အသက်နှင့် ခွန်အားကို မှန်း၍မလွယ်။ လန်ချားများဆွဲရသဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့်လည်း အိုစနာကျချင် ကျနေတတ်သည်။

အရှိန်ရလာသည့်အခါတွင် လန်ချားသမားက လန်ချားဆွဲနေရင်းမှ...

"မင်းက ဒီနယ်က မဟုတ်ဘူးထင်တယ်"

"မဟုတ်ဘူးဗျ၊ ကျွန်တော်က ဘန်ကူလီနယ်က"



"ဘန်ကူလီကလား၊ ဒီလိုဆိုရင် ငါ့ရွာနဲ့ ဘာဝေးလို့လဲ၊ မိုင်နှစ်ဆယ် ဘက်ပဲ ဝေးတာပဲ၊ ငါက..."

မော်တော်ကား ဟွန်းသံကြောင့် လန်ချားသမား၏ ရှာနာမည်ကို ကွဲစွာ မကြားလိုက်သည့်တိုင် ဟာစရီပါးသည် လန်ချားပေါ်မှ ခုန်ဆင်းကာ န်ချားသမားကို ပြေးဖက်လိုက်ချင်သည်။ လူမဆန်သည့် မြို့ကြီးထဲတွင် တို့ နယ်သားတစ်ယောက်ကို တွေ့ရလေပြီ။ လန်ချားဆောင့်တိုင်း လှူနာက ော်လျက်ရှိသဖြင့် ဟာစရီပါးသည် သူ့ဝမ်းသာကြောင်းကို မပြနိုင်။ လန်ချား ားက ခြေခွင်ခွင်ကို အားကုန်နှင်ကာ ဆေးရုံကြီးဆီသို့ ပြေးနေသည်။ ခါတစ်ရုံတွင် ရှေ့မှာ မော်တော်ကားတို့၊ လော်ရီကားတို့ ဖြတ်သဖြင့် န်ချားသမားက တုံ့ခနဲရပ်လိုက်သည်နှင့် လန်ချားသည် နောက်သို့ထောင် ားတတ်၏။

ကာလကတ္တား ပြည်သူ့ဆေးရုံကြီးသည်လည်း မြို့ကြီးတစ်မြို့နှင့်တူ၏။ းရုံကြီးတွင် ဟောင်းနွမ်းအိုမင်းနေသည့် အဆောင်များစွာရှိပြီး တစ်ဆောင် တစ်ဆောင်ကို စင်္ကြံများနှင့် ဆက်ထားသည်။ အဆောက်အအုံများ ယ်ကောင်ရှိ ကွက်လပ်များထဲတွင်လည်း ကျူးကျော်တဲကလေးတွေ ားကြီးရှိသည်။ ဆေးရုံကြီးအဝင်က ကျောက်ပြားတစ်ချပ်ပေါ်တွင် "ဤ ါးမကြီးမှ အရှေ့တောင်ဘက် ကိုက်နှစ်ဆယ်အကွာ ဓာတ်ခွဲခန်းတစ်ခုထဲ က်များရောဂါသည် ခြင်မှမည်သို့ ကူးစက်ဖြစ်ပေါ်လာပုံကို အိန္ဒိယဓာပ်မတော် ဆရာဝန် ဗိုလ်မှူးရိုနယ်ရော့စ်က ၁၈၇၈ ခုနှစ်တွင် တွေ့ရှိခဲ့သည်" ဟူသော ာန်းကို ရေးထိုးထားသည်။ လန်ချားသမားသည် လန်ချားကို အရေးပေါ် ဲခန်းဆီသို့ တိုက်ရိုက်ဆွဲသွား၏။ နာမကျန်းဖြစ်သူများကို ဤဆေးရုံကြီး မကြာခဏ သူခေါ်ခဲ့ဖူးပြီ မဟုတ်လော။ ကာလကတ္တားတွင် လန်ချားများ ည် အရေးပေါ် သူနာတင်ယာဉ်များအဖြစ် များစွာ အသုံးဝင်လှပါ၏။

"ကျွန်တော်တို့ရှေ့မှာ စောင့်နေတဲ့ လူတန်းကြီးက အရှည်ကြီးပဲဗျ။ ဖြစ်သံတွေ၊ အော်သံတွေကိုလဲ ကြားရတယ်။ ကချို့မိန်းမတွေက ကလေး းတွေ ပိုက်လာကြတယ်။ ကလေးတွေဆိုတာ ဘယ်လောက်အားနည်းနေ ဲ မမေးနဲ့။ ငိုတောင် မငိုနိုင်တော့ဘူး။ ထမ်းစင်နဲ့ အလောင်းတွေထုတ် တာကိုလဲ မကြာခဏမြင်ရတယ်။ ကျွန်တော်တို့ အလှည့်ရောက်တော့ ်တော်က ငါးကျပ်တန်ကလေးကို အစောင့်လက်ထဲကို ထည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဟာနဲ့သူတော့ ဟုတ်တာပဲဗျ။ တခြားလူတွေကို နှင်ထုတ်ပေမယ့် ကျွန်တော် တို့ကိုတော့ နှင်မထုတ်ဘူး။ အထဲကအခန်းတစ်ခန်းမှာ သွားထိုင်ဖို့ ပြောလိုက် တယ်" ဟု ဟာစရီပါးက ပြန်ပြောသည်။

သူတို့နှစ်ယောက်သည် လူနာကို ထမ်းစင်တစ်ခုပေါ်သို့ချကြ၏။ ထမ်းစင် မှာ ယခင်လူနာ၏ သွေးတို့ ပေကျံလျက်။ အခန်းတစ်ခုလုံးကလည်း ပိုးသတ် ဆေးနံ့ စူးစူးကြီး ထွက်နေသည်။ သို့ရာတွင် အနံ့ထက် အံ့သြစရာကောင်းသော အရာမှာ နံရံပေါ်တွင် ဖွေးဖွေးလှုပ်နေသည့် နိုင်ငံရေး ပိုစတာကြော်ငြာများ ဖြစ်သည်။ အသွေးအရောင် အမျိုးမျိုးရှိသော နိုင်ငံရေး အယူအဆတို့သည် နံရံပေါ်တွင် လာရောက် စုပေါင်းကာ ရုပ်စုံပဒေသာကပွဲကြီး ခင်းနေသကဲ့သို့ ရှိ၏။ အလံနီများ၊ တူ, တံစဉ်များ၊ အင်ဒီရာဂန္ဒီ၏ ရုပ်ပုံများ၊ ကြွေးကြော်သံ များဖြင့် ရှုပ်ယှက်ခတ်နေ၏။ ဟာစရီပါးသည် ထိုအရာများကိုကြည့်၍ တအံ့တသြဖြစ်နေသည်။ လန်ချားသမားက...

"အဲဒါ ရွေးကောက်ပွဲမှာ သူတို့ကို မဲထည့်ဖို့ မဲဆွယ်တဲ့ ကြော်ငြာတွေပဲ သေခါနီး လူမမာဆီတောင်လိုက်ပြီး မဲဆွယ်နေသေးတယ်" ဟု မြို့သာ လန်ချားသမားက ပြောသည်။

"လူနာကို ခွဲခန်းထဲမှာ ဘယ်လောက် ကြာကြာထားပြီး ဘာတွေလုပ်သ ဆိုတာတော့ ကျွန်တော်လဲ မသိဘူးဗျ။ ဒီတုန်းမှာ ကျွန်တော့်စိတ်ထဲမှ သတိရလာတာတစ်ချက်ရှိတယ်။ တကယ်လို့များ လူနာသေသွားရင် ဘယ်နှ လုပ်မလဲ။ ခွဲစိတ်ရင်း မတော်တဆ သေသွားလို့ ကျွန်တော်တို့က မှုကျေ ဖြစ်မှာစိုးလို့များ ထုတ်မလာတာလား ဘာလားနဲ့ ကျွန်တော့်စိတ်ထဲမှာအမျိုးမျ တွေးနေမိတယ်။ ဒီလိုတော့လဲ မဖြစ်နိုင်ဘူးတင်တာပဲလေ။ ဘာဖြစ်လို့လဲ တော့ ကျွန်တော်တို့နဲ့ ခပ်လှမ်းလှမ်း အပေါက်ကနေပြီး ထမ်းစင်တွေ လူနာ တွေကို တစ်ယောက်ပြီးတစ်ယောက် ထုတ်လာနေတာကို တွေ့ရတာကို ဒါပေမယ့် လူနာပဲလား၊ လူသေတွေလားဆိုတာတော့ မပြောတတ်ဘူး တကယ်လို့ တစ်ခုခုဖြစ်လာရင်လဲ ဒီလူမဆန်တဲ့ မြို့ကြီးမှာ ကျွန်တော်တို့ ဆင်းရဲသားတွေ ဘာမှပြောရကြဲမှာ မဟုတ်ပါဘူး။ ဒီအတိုင်းပဲ ငုံ့ခံနေရမှာပဲ လန်ချားက ပေါ်ရီကားကြီး ဝင်တိုက်မိသလိုဖြစ်မှာပေါ့"

"နောက်ဆုံးတော့ ဆေးရုံအလုပ်သမားနှစ်ယောက်က အထုပ်တစ်ထုပ် ထမ်းစင်ပေါ်မှာ ခွေခွေကလေးပါလာတဲ့ လူတစ်ယောက်ကို ထမ်းစင်ပေါ်သ



ပြီး ထွက်လာကြတယ် ခင်ဗျ။ သူနာပြုဆရာမတစ်ယောက်က သူ့အကြောထဲ ထိုးထားတဲ့ အပ်နဲ့ ဆက်ထားတဲ့ ပုလင်းတစ်လုံးကိုကိုင်ပြီး ဘေးကလိုက်လာ တယ်။ လူနာက အိပ်ပျော်နေတယ်။ ကျွန်တော်လည်း အသာအနားကပ်ပြီး ကြည့်လိုက်တယ်။ ကျွန်တော်တို့ လူနာရယ်ခင်ဗျ။ ခြေထောက်တစ်ဖက်မှာ ပတ်တီးထူထူကြီးတစ်ခုကိုစည်းလို့။ ဒီတော့မှ သူတို့ဘယ်လိုလုပ်လွှတ်လိုက် တယ်ဆိုတာ ကျွန်တော်သိတော့တာကိုး။ လက်စသတ်တော့ ကိုယ့်လူတွေက လူနာရဲ့ ခြေထောက်ကို ဖြတ်လွှတ်လိုက်ကြတာကိုး ခင်ဗျ"

"သွားသွား၊ ဒီမှာလာစောင့်မနေကြနဲ့၊ လူနာက တော်တော်နဲ့ နိုးမှာ မဟုတ်သေးဘူး။ နှစ်ရက်လောက်ရှိတော့မှ လာခေါ်လှည့်ကြ" ဟု ဆရာမက သူတို့ကို အော်ငေါက်လွှတ်လိုက်၏။

ဟာစရီပါးတို့နှစ်ယောက်သည် ကွက်လပ်ထဲတွင် ဆိုက်ထားသည့် လန်ချားဆီသို့ ပြန်လာခဲ့ကာ ဆေးရုံကြီးမှ ပြန်ခဲ့ကြသည်။ အတန်ကြာမျှ သူတို့နှစ်ယောက်သည် တိတ်ဆိတ်စွာ လျှောက်လာခဲ့ကြသည်။ဟာစရီပါးမှာ စိတ်တွေတုန်ကာ စကားပင် ကောင်းကောင်း မပြောနိုင်တော့ပြီ။

"မင်းက ဒါမျိုးတွေ မြင်နေကျမဟုတ်သေးဘဲကိုးကွ၊ ဒီလောက် စိတ်ထိခိုက်နေလို့ ဘာလုပ်မလဲကွာ၊ နောင်မှာ ဒီထက်မကတွေ အများကြီး တွေ့ရဦးမှာ" ဟု လန်ချားသမားက ပြောသည်။

"ဒီလောက် မြင်ရရင် တော်ပါပြီဗျာ၊ နောက်ထပ်လဲ မမြင်ချင်တော့ပါဘူး"

လန်ချားသမားက ရယ်လိုက်သည်။

"မမြင်ချင်လို့ ဘယ်ရမလဲကွာ။ မင်းလဲ အမှိုက်ပုံကြီးထဲမှာ ငါ့လို ဆယ်နှစ်နေရရင် ဒါတွေကို မမြင်ချင်ဘဲနေလို့ ဘယ်ရမလဲ"

သူတို့နှစ်ယောက်သည် လမ်းပြပုလိပ်တစ်ယောက် ရပ်၍ လမ်းပြနေသော လမ်းဆုံတစ်ခုသို့ ရောက်လာခဲ့ကြသည်။ လန်ချားသမားက သူ့အိတ်ထဲက ငွေကြေးပြားတစ်စေ့ကိုထုတ်၍ လမ်းပြပုလိပ်ကို လှမ်းပေးလိုက်သည်။

"ဒါက တို့ဆီမှာ ထုံးစံပဲကွ၊ ဒီလိုလုပ်လိုက်တော့ အန္တရာယ်ကင်းတာ ပေါ့ကွာ။ လန်ချားဆွဲဖို့ လိုင်စင်မရှိတဲ့အခါမျိုးဆိုရင် ဒီလိုလုပ်မှ အဆင်ပြေ တယ်၊ မင်းကော လန်ချားဆွဲမလား"

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေးကြောင့် ဟာစရီပါးသည် အံ့အားသင့်သွား၏။ သူ့လို တော သားသည် မည်သို့လန်ချားဆွဲတတ်ပါမည်နည်း။ သူ့ကို လေယာဉ်ပျံ မမောင်း ချင်ဘူးလားဟု မေးသည်နှင့် အတူတူ။

"ကျွန်တော်ကတော့ အလုပ်မရွေးပါဘူး၊ ဘယ်အလုပ်ဖြစ်ဖြစ် လုပ်ဖို့ အဆင်သင့်ပါ"

ဟာစရီပါးသည် သူ့ကို စိတ်ပါလက်ပါ ကူညီသည့် လန်ချားသမား ကို ကျေးဇူးတင်သည်။

"ကဲ...ဒါဖြင့် စမ်းကြည့်စမ်း၊ ရှေ့က လှည်းသန်နှစ်ချောင်းကြားထဲကို ဝင်ရပ်လိုက်၊ ဟုတ်ပြီ...ဆွဲ၊ ဘီးလိမ့်ပြီးပါလာအောင် ကိုယ်ကို ဆောင့်ရုန်းပြီး ဆွဲလိုက်"

ဟာစရီပါးက သူပြောသည့်အတိုင်း ကိုယ်အထက်ပိုင်းကို ရှေ့သို့ ဆောင့်ရုန်းလိုက်သည်။

"ဟုတ်တယ်ခင်ဗျ၊ ကိုယ်အထက်ပိုင်းကို ဆောင့်ရုန်းလိုက်တော့ ဘီးက လိမ့်လိုက်လာတယ်၊ ဒါပေမယ့် ဒီလောက်မခက်ဘူး၊ ကျွဲတစ်ကောင်လောက် နီးနီး အားရှိဖို့တော့ လိုတာပေါ့လေ၊ ဒါပေမယ့် ပိုပြီးခက်တာက ရပ်ရတာ ပဲ၊ ပြီး ခက်တာ၊ အရှိန်နဲ့ လိမ့်သွားပြီးမှ ရပ်ဖို့ဆိုတာ တော်တော်ကိုခက်တာ လန်ချားက အရှိန်လဲရနေတော့ သူ့ကိုယ်တိုင်မှာများ စက်ပါလာသလား မသိဘူး။ နောက်က အတင်းလိမ့်လိုက်လာတာပဲ၊ မီးပွိုင့်တို့ ဘာတို့ရောက်လို့ ချက်ချင်းရပ်လိုက်ရရင် သာပြီးတောင် အရပ်ရခက်သေးတယ်၊ ကျွမ်းကျင်မှု မရှိရင် ရကိုမရဘူး၊ ဒီအထဲမှာ လန်ချားပေါ်မှာလဲ ပါစင်ဂျာ ပါလာတော့ ကိုယ်ဆွဲလာရတဲ့ အလေးချိန်ဟာ မရှိဘူးဆိုရင် အနည်းဆုံး ပေါင်သုံးရာလောက် ရှိတယ်" ဟု ဟာစရီပါးက နောင်တွင် ပြန်ပြောသည်။

လန်ချားသမားက လှည်းသန်ပေါ်တွင် ရေးထားသည့် အမှတ်အသားကို ပြသည်။ ထိုနေရာတွင် သဘော်ဆေးတို့ပြယ်နေလေပြီ။

"ဒီမှာ သေသေချာချာကြည့်ကွ၊ လန်ချားဆွဲရာမှာ အရေးကြီးဆုံးက ကိုယ်ဆွဲမယ့် အလေးချိန်အတွက် ဘယ်နေရာဟာ ဟန်ချက်အညီဆုံးလဲဆိုတာ ရွေးတတ်ဖို့လိုတယ်"



ဟာစရီပါးသည် သူ့ကို စိတ်ရှည်လက်ရှည် ပြသနေသည့် လန်ချားသမား ကို ကြည့်၍ ကျေးဇူးတင်သည်။ ကာလကတ္တားမြို့ကြီးသည် သူထင်သလောက် စိတ်မကောင်းသေးဟု ဟာစရီပါး အောက်မေ့မိသေး၏။ ဟာစရီပါးသည် လှည်းသန်ကို လန်ချားသမားလက်သို့ ပြန်၍ ပေးပြီးနောက် သူ့နဖူးမှ ချွေးတို့ကို လုံချည်စဖြင့် သုတ်သည်။

"ဒီနေ့မင်းကို လန်ချားသမားဖာတ်သွင်းတဲ့နေ့ပေါ့ ဟုတ်လား၊ ဒီတော့ အောင်ပွဲအနေနဲ့ အရက်ဆိုင်ကိုသွားပြီး တစ်ခွက်လောက် မော့ချည်ရအောင် ဘုတာကြီးနောက်ဘက်မှာ အရက်ကောင်းကောင်းရတဲ့ ဆိုင်တစ်ဆိုင်ရှိ တယ်၊ ဈေးလဲပေါတယ်"

လန်ချားသမားသည် ခပ်အင်အင်ဖြစ်နေသော ဟာစရီပါးကို ကြည့်၍ အံ့အားသင့်နေ၏။ ဟာစရီပါးက သူရခဲ့သည့် ငါးကျပ်တန်ကလေးကို ထုတ်ကာ...

"ကျွန်တော့် မိန်းမနဲ့ ကလေးတွေ ဘာမှ မစားရသေးဘူး၊ သူတို့ဖို့ စားစရာကလေးဘာလေး ဝယ်ရဦးမှာ"

"ရပါတယ်ကွ၊ ငါတိုက်ပါ့မယ်"

သူတို့နှစ်ယောက်သည် အိမ်ကုပ်ကုပ်ကလေးများ၊ လမ်းကျဉ်းကျဉ်း ကလေးများကို ဖြတ်၍ လျှောက်လာခဲ့ကြသည်။ အသံချဲ့စက်များမှ သီချင်းသံ သည် ဆူညံစွာ ပေါ်ထွက်လျက်ရှိ၏။ အိမ်ခေါင်မိုးနိမ့်နိမ့်အစွန်များပေါ်တွင် လျှော်ပြီးသား အဝတ်များကို လှန်းထားကြသည်။ သူတို့နှစ်ယောက်သည် သိုတစ်ခုနှင့် ကျောင်းတစ်ကျောင်းကို ဖြတ်လာခဲ့ကြ၏။ မုလာကြီးတစ်ယောက် သည် အင်္ကျီရှည်၊ ဘောင်းဘီရှည်နှင့် မျက်နှာကို ဖုံးထားသည့် ကလေးမတစ်သိုက် ကို စာသင်လျက်ရှိ၏။ ထိုနေရာမှာ မွတ်ဆလင်ရပ်ကွက်ဖြစ်သည်။ ထို့နောက် တွင် သူတို့သည် ကာလကတ္တားမြို့ကြီး၏ မီးနီပြရပ်ကွက်တစ်ကွက်ကို ဖြတ် လာခဲ့ကြသည်။ အမျိုးသမီးများက တောက်တောက်ပပ ဂါဝန်များကို ဝတ်လျက် သည်ဟိုက် အင်္ကျီများကို ဝတ်လျက် မျက်နှာပေါ်တွင် မိတ်ကပ်တို့ ထူထပ်စွာ သိမ်းကျုံလျက် ရယ်မောလျက်။ စကားပြောလျက်။

ဟာစရီပါးသည် သူတို့ကိုကြည့်၍ ကြက်သေ သေနေသည်။ သူ့တစ်သက်တွင် ထိုသို့ ဝတ်စားထားသော အမျိုးသမီးများကို တစ်ခါမှ

www.burmeseclassic.com

www.burmeseclassic.com



မမြင်စဖူး။ သူတို့တောတွင်ဆိုလျှင် အမျိုးသမီးများသည် ဆာရီများကိုသာ ဝတ်ကြ၏။

“တချို့ မိန်းမတွေက ကျွန်တော့်ကို လှမ်းခေါ်ကြတယ်ဗျ၊ မိန်းမတ ယောက်ကတော့ တော်တော်လေးကို လှတယ်ဗျာ၊ တော်တော်လဲ ချမ်းသာ ရတယ်၊ ရွှေလက်ကောက်တွေကလဲ ဝတ်ထားလိုက်တာ တံတောင်ဆစ်ရော နေပြီ၊ ဒါပေမယ့် ကျွန်တော့် မိတ်ဆွေကတော့ သူတို့ခေါ်တာတွေကို မစိုက်ဘူးဗျ၊ ရှေ့က စိုက်စိုက် စိုက်စိုက်နဲ့ သွားတာပဲ၊ တော်တော်စိတ်ဓာတ်ခိုင် လူဗျာ”

တစ်လမ်းလုံးမှာ လန်ချားတွေ ပြည့်နှက်လျက်ရှိ၏။ ထိုလန်ချားများမှာ အပန်းဖြေလာကြသူများ၏ လန်ချားများဖြစ်ကြလေသည်။ ဆင်းရဲသားများ ကူလီများ၊ အလုပ်သမားများ၊ အလုပ်လက်မဲ့များသည် စင်္ကြံများပေါ်တွ ယောင်လည်လည်ဖြင့် လျှောက်နေကြသည်။ ကာလကတ္တားသည် ယောကျ်ား တွေ အလွန်ပေါသည့် မြို့ကြီးဖြစ်သည်။ ထောင်ပေါင်းများစွာသော ဒုက္ခသည် များသည် သားမယားများ မပါဘဲ ကာလကတ္တားမြို့ကြီးသို့ရောက်လာခဲ့ကြ ဖြစ်သည်။

အမျိုးသမီး တစ်ယောက်က ဟာစရီပါး၏ လက်ကို လှမ်းဆွဲလိုက်၏။ ထို့နောက် မခို့တရို့ဖြင့် ကြည့်လိုက်ကာ...

“ယူမလားဟင်၊ ပျော်ရမယ်လေ၊ လေးကျပ်တည်းရယ်”

ဟာစရီပါးမှာ ရှက်လွန်းသဖြင့် မျက်နှာတွေ နီရဲနေလေပြီ။ လန်ချားသမား ရောက်လာကာ သူတို့ကို မောင်းနှင်ထုတ်လိုက်သဖြင့် တော်ပေသေး၏ သူ့လန်ချားဦးကြီးဖြင့်၊ လှည်းသန်စွမ်းဖြင့်လည်း ပြည့်တန်ဆာအမျိုးသမီး ဝမ်းဗိုက်ကို ထိုးမည်ပြုသည်။ ပြည့်တန်ဆာအမျိုးသမီးသည် သူတို့နှစ်ယောက် တစ်လမ်းလုံးကြားအောင် ဆဲရေးတိုင်းထွာ၍ ထွက်သွား၏။ လူတွေ သူတို့ နှစ်ယောက်ကို ကြည့်၍ ရယ်ကြသည်။

“မင်း လန်ချားသမားလုပ်ရင် အဲဒီလို ကောင်မမျိုးတွေ လန်ချားလာငှ တာနဲ့ ပိုက်ဆံကြိုတောင်းထား၊ ဒါမှမဟုတ်ရင်လဲ သူတို့ကို သေသေချာချာ စောင့်ကြည့်နေ၊ ဒီလိုမဟုတ်ရင်တော့ ငရှဉ့်များလို လက်ကြားထဲက လျှောထွ သွားမှာ”



ပြည့်တန်ဆာတွေ ပြည့်နေသည့် လမ်းကို လွန်ပြီးနောက် သူတို့နှစ် ယောက်သည် ကွက်လပ်ကြီးတစ်ခုကို ဖြတ်ခဲ့ကြ၏။ ထို့နောက် မှန်ဦးကြီး တစ်ခုအောက်သို့ဝင်ကာ ထိုမှန်ဦးမှနေ၍ အဆောက်အအုံများ ပတ်လည်ဝိုင်းရံ ထားသည့် မြေကွက်လပ်တစ်ခုသို့ ရောက်လာခဲ့ကြပြန်သည်။ အဆောက်အအုံ များမှာ အိုမင်းဟောင်းနွမ်းကာ မျက်နှာစာများ၊ ဝရန်တာများမှာလည်း ကျိုးပဲ့နေကြလေပြီ။ ဝရန်တာများပေါ်တွင်မူ ဒိုဘီလျှော်ဖွပ်ပြီး လှန်းထားသည့် အဝတ်အစားမျိုးစုံကို တွေ့ရ၏။ ကွက်လပ်ထဲတွင် ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက် စသည် တိရစ္ဆာန်မျိုးစုံတို့သည် စွန့်လွှတ်ကစားနေကြသည့် ကလေးတွေ ကြားထဲတွင် သွားလာလျက်ရှိကြ၏။ ကောင်းကင်ထဲတွင်မူ အရောင်အမျိုးမျိုးရှိသည့် စက္ကူစွန်ကလေးများသည် အပြောက်အပြောက် ထင်နေကြသည်။

ကွက်လပ်အစွန်းသစ်သား ဝင်းထရံလေးနားရှိ ဆင်ဝင်အမိုးတစ်ခုအောက် တွင်မှ ညစ်ပတ်သော စွပ်ကျယ်အင်္ကျီတစ်ထည်ဝတ်ထားသည့် လူတစ်ယောက် ထိုင်လျက်ရှိ၏။ ထိုသူမှာ အရက်ဆိုင်ရှင်ဖြစ်သည်။ လန်ချားသမားသည် လှေခါးတွင်ရှိသည့် တစ်လုံးတည်းသော စားပွဲမှ ခွေးခြေကလေးတစ်လုံး ပေါ်တွင် ဟာစရီပါးကို အထိုင်ခိုင်းသည်။ ထိုနေရာ တစ်ဝိုက်မှာ အရက်နံ့ တွေ ထောင်းထောင်းထလျက်ရှိပေ၏။ ဆိုင်ရှင်က လက်ခုပ်တီးလိုက်သည့်အခါ တွင် နှုတ်ခမ်းကွဲနှင့် ကောင်လေးတစ်ယောက်သည် ဖန်ခွက်နှစ်လုံးနှင့် အဖုံးလည်းမပါ ဖော့ဆို့လည်း မပါသည့် ပုလင်းတစ်လုံးကို ယူလာသည်။ အရည်က ပြာတာတာ၊ နောက်ကျိကျိ၊ မျက်နှာပြင်တွင် အမြှုပ်ကလေးတွေ စီစီနှင့်။ လန်ချားသမားသည် ခါးကြားထဲမှ အထုပ်တစ်ထုပ်ကိုဖြေကာ တန် ဆယ့်လေးရွက်ကို သေချာစွာ ရေတွက်လိုက်ပြီးနောက် ဆိုင်ရှင်ကို ပေးသည်။ ထို့နောက် ဟာစရီပါး၏ ဖန်ခွက်ထဲသို့ ငှဲ့ပေး၏။ ဟာစရီပါး သည် ချဉ်စူးစူး အနံ့ကြောင့် တွန့်သွား၏။ သို့ရာတွင် သူ့အဖော်က်မှ ထို အရည်ကို သဘောတွေ့နေပုံရသည်။ ထို့ကြောင့် ဟာစရီပါးသည် မည်သို့မျှ ပြောတော့ဘဲ ဖန်ခွက်ထဲမှအရည်ကို ကုန်အောင် မော့ချလိုက်၏။

အရှိန်ကလေးရလာသည့်အခါတွင်မှ လန်ချားသမား ရမ်ကျူရာသည် သူ့အကြောင်းကို ဇာတ်စုံခင်းပြသည်။

* * *

www.burmeseclassic.com



"အဖေဆုံးတော့ ငါလဲ ရွာကထွက်လာခဲ့တာပဲကွ၊ ငါ့အဖေလဲ သူ့အဘ လက်ထက်ကတည်းက အစဉ်အဆက်တင်ခဲ့တဲ့ အကြွေးကို ကြိုးစားဆပ်တာ ဒါပေမယ့် ဒီကြွေးက မကျေတော့ပါဘူးကွာ၊ ဆပ်လိုက် ပြန်ယူလိုက် နောက်ဆုံးတော့ လယ်ကို အပ်လိုက်ရတာပါပဲ၊ ဒါတောင် အတိုးမကျေဘူး အဖေဆုံးတော့ သူ့သင်္ဂြိုဟ်စရိတ်လိုတာနဲ့ ငါကလဲ အဲဒီအပေါ်က ထပ်ယူရပြ ရော၊ အဖေ့သင်္ဂြိုဟ်တော့လဲ အစဉ်အလာတွေကို မလုပ်လို့ မကောင်းဘူး မဟုတ်လား၊ ဒီတော့ ငါ့မှာ သင်္ဂြိုဟ်စရိတ်ကချည်း နှစ်ထောင်လောက် ကုန်သွား တယ်၊ ပထမ အလောင်းကို ပြင်ဖို့ဆိုပြီး ဒိုတီလေးထည်လောက် ဝယ်ရတယ်ကွ ပြီးတော့ မန္တာန်ဆရာကို ကန်တော့ဖို့ ချည်စက ကိုက်တစ်ရာကျော်လော ဝယ်ပေးရသေးတယ်ကွ၊ ပြီးတော့ ညှော်သည်တွေ ကျွေးဖို့ဆိုပြီး ဆန်က သုံးလေးအိတ်၊ ဂျုံကလဲ သုံးလေးအိတ်၊ ဆီ၊ သကြား၊ အမွှေးအကြိုင် ဟင်းသီးဟင်းရွက်တို့ ဘာတို့စသဖြင့် ညှော်သည်တွေ ကျွေးဖို့မွေးဖို့က တော်တော်လေးကုန်တယ်၊ ပြီးတော့ အလောင်းကို မီးသင်္ဂြိုဟ်ဖို့ ထင်း ဘာတို့ကလဲ ဝယ်ရသေးတယ်၊ သင်္ဂြိုဟ်တဲ့ လူတွေကိုလဲ ပေးရသေးတယ် ဒီတော့ ငါ့မှာ ဝင်ငွေရတဲ့ မြေကလေးကို ပေါင်လိုက်ရပြီ ဆိုကတည်းက ဒီကြွေးကို ဘယ့်နှယ်လုပ်ပြီး ဆပ်နိုင်တော့မှာလဲ၊ ဘယ်တော့မှ ဆပ်နိုင်စရာ အကြောင်း မရှိတော့ဘူး"

"ဒီလိုနေတုန်း ဒုရ်ဂါပွဲတော် ရောက်လာတော့ မြို့မှာ အလုပ်လုပ်နေတဲ့ ငါ့သူငယ်ချင်းတစ်ယောက် ရွာကို ပြန်လာတယ်၊ သူက ကာလကတ္တားမှာ လန်ချားဆွဲနေတာ။ မင်းဒီမှာ မနေချင် ငါနဲ့လိုက်ခဲ့တဲ့၊ ဟိုရောက်တော့ မင်းဖို့ လန်ချားတစ်စီး ငါရှာပေးမယ်တဲ့၊ တစ်နေ့ကို တစ်ဆယ်၊ ဆယ့်နှစ်ကျပ် လောက်တော့ ရပါတယ်တဲ့၊ ဒါနဲ့ ငါလဲ သူနဲ့လိုက်လာခဲ့တာပဲ၊ ငါလာတုန်း က ငါ့မိန်းမက သားလေးကိုချီပြီး အိမ်ပေါက်ဝမှာ ငိုကျန်ရစ်ခဲ့တာကို ခုထိ မြင်နေသေးတယ်။ အရင်တုန်းကတော့ မြို့ကိုသွားပြီး အလုပ်လုပ်မယ်လို့ မကြာခဏပြောဖူးပေမယ့် မသွားဖြစ်ခဲ့ဘူး၊ ခုတော့ သွားဖြစ်ပြီပေါ့ကွာ၊ မိန်းမက ငါ့ရှပ်အင်္ကျီကလေး တစ်ထည်နှင့် မျက်နှာသုတ်ပဝါကလေးကို ဒိုတီအဟောင်းကို ဖျက်ချုပ်ထားတဲ့ လွယ်အိတ်ကလေးနဲ့ ထည့်ပေးလိုက်တယ်၊ လမ်းမှာစားဖို့ဆိုပြီး ချာပါတီတွေ၊ ဘာဂျီတွေလဲ ပေးလိုက်တယ်၊ ဒီရှုခင်းကလေးကို ငါတော့ သေတောင် မျက်စိထဲက ထွက်တော့မှာ မဟုတ်တော့ဘူး။ မြို့ရောက်လို့လေးလ ကြာတော့ ငါ့သူငယ်ချင်းရှာပေးတာနဲ့ လန်ချားဆွဲတဲ့အလုပ်ကိုရရော ဆိုပါစို့ကွာ"



"ဟော့ကောင်ရေ၊ ဒီ ကာလကတ္တားဆိုတဲ့ မြို့ကြီးမှာ အလုပ်ရှာရတာ တော်တော်ခက်တယ်၊ တစ်ခါတစ်လေမှာ နှစ်, ချီပြီး စောင့်ရတယ်၊ ဒီကြား မှာ ငတ်သေမလို့ဖြစ်တာကလဲ အခါနှစ်ဆယ်တောင် ကမှာ မဟုတ်ဘူး။ ကိုယ့်မှာ လူခံမရှိလို့ကတော့ ငရဲပြည်သွားရတာတောင် မလွယ်ဘူး၊ ဘယ်လောက် ဆွဲတဲ့ အလုပ်ကလေးဖြစ်ဖြစ် လိုချင်ရင် ကိုယ့်မှာ အဆက်အသွယ်ရှိရတယ်၊ နဲ့ လိုက်နိုင်ရတယ်၊ ဘယ်နေရာရောက်ရောက် အိတ်ထဲက ပိုက်ဆံကလေး တ်ပေးလိုက်မှ အဆင်ပြေတယ်၊ ကာလကတ္တားဆိုတဲ့ မြို့ကြီးဟာ ဘီလူးမကြီး အတူတူပဲကွ၊ ကာလကတ္တားက လူတွေဟာ မင်းမှာရှိသမျှကလေးကို စ်ရစ်ပြီး တစ်ရစ် ချွတ်ယူမယ့် လူမျိုးတွေချည်းပဲ၊ ဒီလို လူတွေပဲ ကြီးပွား ကြတာ၊ ငါကလဲ တောကရောက်ခါစ ဘယ်လောက်များ အ,သလဲဆိုရင် ာလကတ္တားရောက်တာနဲ့ ငါ့သူငယ်ချင်းကတော့ လန်ချားပိုင်ရှင်ဆီကို ါသွားပြီး လန်ချားအဆွဲခိုင်းဖို့ ငါ့ကို ပြောပေးမှာပဲလို့ အောက်မေ့နေတာ၊ န်ချားပိုင်ရှင်က ဘီဟာနယ်သားတဲ့ကွ၊ လန်ချား အစင်းသုံးရာလောက် ိုင်တယ်၊ အစင်းနှစ်ရာလောက်က မှတ်ပုံတင် မရှိဘဲ ဆွဲနေတာ၊ လိုင်စင်တို့ ှတ်ပုံတင်တို့မရှိလဲ အကြောင်းမဟုတ်ဘူးလေ၊ ပုလိပ်လက်ထဲကို စက္ကူကလေး ည့်လိုက်ရင် ကိစ္စပြီးတာပဲ၊ ဒါပေမယ့် ငါ့ကို ချက်ချင်း အလုပ်ခန့်ဖို့ ကိစ္စ ူတော့ ငါထင်သလို ဘယ်လွယ်မလဲ မောင်ရာ၊ လန်ချားသူဌေးကို တစ်ခါ ှတောင် မမြင်ဖူးဘူး၊ ဘယ်မှာနေမှန်းလဲ ဘယ်သူမှ မသိကြဘူး၊ တကယ့် သူဌေးကိုးကွ၊ သူ့လန်ချားကို ဘယ်သူတွေ ဆွဲနေသလဲ ဘာလဲဆိုတာတွေကို သူဘယ်သိမလဲ၊ သူ့အဖို့တော့ ညနေ လန်ချားငှားခတွေရရင် ပြီးနေတာပဲ ဟုတ်လား၊ ဒါတောင် ဒီပိုက်ဆံတွေကို သူကိုယ်တိုင် လက်ခံတာမဟုတ်ဘူး၊ သူ့ကိုယ်စားလှယ်ရှိတယ်၊ တို့လန်ချားဆွဲဖို့ အလုပ်တောင်းရင် သူ့ကိုယ်စား လှယ်ဆီမှာ တောင်းရတယ်၊ သူ့ကိုယ်စားလှယ်ကိုလဲ လွယ်လွယ်တွေ့လိမ့်မယ် ထင်နဲ့၊ သူ့ကိုတွေ့ခွင့်ရဖို့ကိုက တော်တော်ခက်တာ။ သူ့အသိနဲ့ တစ်ဆင့် ဆက်မှရတာ၊ အသိက မင်းရဲ့ အမျိုးအနွယ်တို့၊ ဇာတိတို့ကို ပြောပြရတယ်၊ သူနဲ့ တွေ့ပြီဆိုရင် သူ့ကို တကယ့် ဆာဒူးကြီးများကို ဆက်ဆံသလို ရိုရို သေသေ လေးလေးစားစားဆက်ဆံရတယ်၊ လန်ချားဆွဲလို့ လုပ်ခကလေးရတော့ လမ်းမှာ ပုလိပ်တွေရင်ပေးဖို့ ပိုက်ဆံတို့ ဘာတို့လဲ အသင့်ဆောင်ထားရတယ် ဥပမာ လမ်းမကြီးတစ်ခုပေါ်မှာ ပုလိပ်နဲ့ ရင်ဆိုင်တွေ့ပြီဆိုပါတော့၊ သူ့ကို မြင်ရင် အသာကလေး ပိုက်ဆံထုတ်ပေးလိုက်၊ အဲဒီလမ်းမကြီးတွေပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



လန်ချားမဆွဲရဘူးလို့ သတ်မှတ်ထားတာ ကိုယ်က သွားမိတာကိုး၊ ဒီတော့ သူ့ကို ပေးရမှာပေါ့၊ တစ်ခါမင်းက လန်ချားပေါ်မှာ ကုန်တွေတင်လာတယ် ဆိုပါစို့၊ အဲဒါ ပုလိပ်နဲ့တွေ့ရင် ပိုက်ဆံပေးလိုက်ဦး၊ လန်ချားက လူပဲတင် မှာ၊ ကုန်မတင်ရဘူးလို့ သတ်မှတ်ထားတာကိုး၊ ဒီတော့ ပုလိပ်ကို မင်းပေးလိုက် ဦး၊ ပြီးတော့ ပိုင်ရှင်ရဲ့ လန်ချားထားတဲ့ တဲမှာ အိပ်ခွင့်ရအောင် မင်းပိုက်ဆံပေး ရမယ်၊ မင်းလန်ချားက စပုတ်တိုင် ကျိုးသွားရင် ပြင်ဖို့ပိုက်ဆံအသင့် ဆောင် ထားရမယ်၊ ပြီးတော့ အရင်လူက သူ့လန်ချားကို မင်းကို ဆွဲခွင့်ပေးအောင် သူ့ကိုလဲ ပိုက်ဆံပေးရဦးမယ်၊ ဒီတော့ အဲဒါတွေကို မင်းပေးနိုင်မှ ပိုင်ရှင် သွေးစုပ်တာကို ခံနိုင်မှ လန်ချားဆွဲခွင့်ရမှာ။ ဒီလောက်မှ မခံနိုင်လို့ကတော့ လန်ချားဆွဲဖို့ စိတ်မကူးလေနဲ့။ ဒီလို မပေးနိုင်ရင် ပုလိပ်က မင်း လန်ချားကို ဖမ်းသွားမယ်၊ ဒါမှမဟုတ်ရင်လဲ ပိုင်ရှင်က မင်းကို ထုတ်ပစ်မယ်"

"ငါက လန်ချားဆွဲတဲ့ အလုပ်ကလေးရအောင် လေးလလောက် စောင့်ခဲ့ရတယ်၊ ဒါတောင် နတ်ကောင်း နတ်မြတ်များ ကယ်ပေလို့။ ငါမှာ မနက်တိုင်း ထမင်းရယ်၊ ခရေဖူးရယ်၊ ငှက်ပျောသီးရယ် ဝယ်ပြီး မနက်တိုင်း ဂါနတ်သျှံ နတ်ကွန်းကိုသွားပြီး နတ်တင်နိုင်လွန်းလို့ ရတာ၊ ပန်းခြံအဝိုင်းကြီး နားမှာ ဂိုထောင်ပျက်ကြီးတစ်လုံးရှိတယ်ကွ၊ တို့လန်ချားသမားတွေ အဲဒီမှာပဲ စုနေကြတာ၊ သူတို့လဲ ငါ့လိုတောမှာ သားမယားပစ်ပြီး မြို့တက်လာခဲ့ကြ တာ၊ အဲဒီမှာ စပုတ်တိုင်တို့၊ လန်ချားဘီးတို့ကို ပြင်ပေးတဲ့ လက်သမား အဘိုးကြီးတစ်ယောက်ရှိတယ်ကွ၊ တို့အားလုံး ဟိန္ဒူတွေဆိုတော့ အဲဒီမှာပဲ စုစားကြတာပဲ"

"ကာလကတ္တားကို ငါရောက်စတုန်းက ငါ့သူငယ်ချင်းက အဲဒီ ဂိုထောင်ပျက်ကြီးကို ခေါ်သွားတာပေါ့၊ အိပ်စရာကတော့ မြေကြီးပေါ်မှာ နေစရာမရှိတော့လို့ ငါ့သူငယ်ချင်းက ထုပ်တန်းကလေးပေါ်မှာ ဝါးလုံးတန်း ကလေးနှစ်တန်းထိုး အဲဒီနှစ်တန်းပေါ်ကမှ ပျဉ်းပြားခင်းပြီး အဲဒီပေါ်မှာပဲ အိပ်ရတာပဲ။ အမိုးနဲ့တော့ ကပ်နေတာပေါ့ကွာ။ ငါလဲ အလုပ်ရနိုးနဲ့ မနက် လင်းတာနဲ့ တစ်ပြိုင်နက် နတ်ကွန်းသွားပြီး ကန်တော့ပွဲ တင်ရတာပေါ့၊ ငါထင်တဲ့ အတိုင်းပဲဟေ့၊ တစ်မနက်မှာ ငါနတ်ကွန်းကပြန်လာတော့ လန်ချား သူဌေးရဲ့ ကိုယ်စားလှယ်ရယ် ဘိုင်စကယ်ကလေးစီးပြီး တို့ဂိုထောင်ကို ရောက်နေနှင့်တယ်။ တို့ဆီကို လန်ချားခတွေ လာလာသိမ်းတော့ သူ့ကို



ပြီမကြာ မြင်ဖူးနေတာကိုးကွ၊ သိတာပေါ့။ ဒီတင် ငါ့သူငယ်ချင်းက ငါဆဲ လန်ချားဆွဲချင်တဲ့အကြောင်း သူ့ကို ပြောပြတယ်။ ကိုယ်စားလှယ်က ပုခင်သေးသေး ညှက်ညှက်ကလေးရယ်ကွ၊ မျက်လုံးကလေးတွေက သေးသေး ကျဉ်းကျဉ်းကလေးတွေ။ ဒါပေမယ့် တော်တော်စူးရှတဲ့ မျက်လုံးကွ။ မျက်လုံး ထဲက မီးပွင့်တွေထွက်နေသလား အောက်မေ့ရတယ်။ ငါလဲ ဂိုထောင်ထဲကို ရောက်လာတော့ သူ့ကို ထိုင်ရှိခိုးပြီး အလုပ်ပေးပါလို့ တောင်းတာပဲ။ ဒီတော့ လန်ချားတစ်စီးက လန်ချားသမား ခြေကျိုးသွားလို့ အားနေတဲ့ လန်ချားတစ်စီးရှိတယ်တဲ့။ အဲဒီလန်ချားကိုဆွဲတဲ့။ လောလောဆယ်တော့ သူ့ကို ငွေအစိတ်ပေးရမယ်တဲ့။ ပြီးတော့ အရင်လန်ချားသမားလို တစ်နေ့နှစ် ကျပ်ပေးရမယ်တဲ့။ လန်ချားငှားခကတော့ တစ်နေ့ကို ပိုင်ရှင်ကို ခြောက်ကျပ် ပေးရမယ်တဲ့"

"ပြီးတော့ လန်ချားက လိုင်စင်မရှိဘူးတဲ့။ ဒီတော့ ငါ့လက်ထဲမှာ လိုင်စင်မရှိလို့ ပုလိပ်ဖမ်းရင် ကိုယ့်ဘာသာကိုယ်တာဝန်ယူတဲ့။ ဒီလိုနဲ့ ငါ လန်ချားသမားဖြစ်လာခဲ့တာပဲကွ၊ ခုတော့ သားကျွေးမှု မယားကျွေးမှုအတွက် လန်ချား လှည်းသန့်နှစ်ချောင်းကြားမှာ ရုန်းနေရဦးမှာပဲ ငါ့လူရေ့"

## ၁၄

ဆင်းရဲသားရပ်ကွက်တွင် ကိုဗာစကီး ပထမဆုံးအကြိမ် ရေချိုးပုံသည် အိန္ဒိယ တိုင်းသားတို့၏ ထုံးစံနှင့် ဖီလာဖြစ်နေသည်။ ကိုဗာစကီးသည် အခြားသူများ ထုပ်သလို အောက်ခံဘောင်းဘီကလေးသာ ကျန်သည်အထိ အဝတ်အစားများကို ချွတ်၏။ ထို့နောက် လက်တွင် ရေပုံးကိုဆွဲကာ တဲကလေးထဲမှ ထွက်၍ လမ်းကြားကလေးအတိုင်းလာခဲ့သည်။ ရေဘုံဘိုင်နားသို့ ရောက်သော် အခြား သော အိန္ဒိယတိုင်းသားတို့နည်းတူ ခြေဖျားထောက်ပြီး ဆောင့်ကြောင့်ထိုင်သည်။ အနောက်တိုင်းသားတို့အဖို့ကား အတော်ကသိကအောက်နိုင်သည့် အနေအထား ပေတည်း။ ကိုဗာစကီးသည် ခြေထောက်ကိုစ၍ ရေလောင်းပြီး ကြေး[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဥ်မျက်နှာချင်း လက်ဖက်ရည်ဆိုင်ရှင် ဟိန္ဒူ အဘိုးကြီးက အလန့်တကြား လှမ်းအော်၏။

"ဆရာကြီး၊ ရေချိုးရင် ဒီလိုမချိုးရဘူးလေ၊ ခေါင်းကို ပထမဆုံး လောင်းရတယ်၊ တစ်ကိုယ်လုံး လောင်းပြီးနောက်ဆုံးကျမှ ခြေထောက် လောင်းရတယ်"

ကိုဗာစကီးက တစ်စုံတစ်ရာ ပြန်ပြောမည်ပြုသည်။ ထိုစဥ် သူ့ ထမင်းလာကျွေးသည့် ကလေးမလေး ပေါက်လာပြီး သူရေချိုးနေပုံကိုကြည့်က အားရပါးရ ရယ်သည်။

"ဆရာကြီးက ဘာဖြစ်လို့ ရေချိုးနေရတာလဲ။ ဆရာကြီးအသား ဖြူပြီးသားပဲ" ဟု ပြောသည်။

ခဏကြာသည့်အခါတွင်လည်း ကိုဗာစကီးသည် နောက်ထပ် အမှား တစ်ခုကို ပြုမိပြန်သည်။ သူ့ အိပ်ရာကိုလိပ်သည့်အခါတွင် ခေါင်းရင်းဘက်မှစ၍ မလိပ်ဘဲ ခြေရင်းဘက်မှစ၍လိပ်ခြင်းဖြစ်သည်။ နောက်တစ်နေ့ည အိပ်ရာ ခင်းပြန်လျှင် ခြေရင်းခေါင်းရင်းတွေ လွဲကုန်တော့မည်ဟု သူ့ကို စိတ်ပျက် လက်ပျက်ဖြင့် ပြောကြသည်။

ရေချိုးရာမှ ပြန်လာသည့်အခါ၌ ကိုဗာစကီးသည် သူ့အား ခပ်ရှောင် ရှောင် ဆက်ဆံကြသည်ကို သတိပြုမိ၏။ လမ်းတွင် မိန်းမများက သူ့ကိုမြင် သည်နှင့် ခေါင်းမြီးခြုံကို ခြုံလိုက်ကြ၏။ ဂေါ်လီရိုက်နေသော ကလေးများက သူ့ကိုမြင်သည်နှင့် ယုန်ကလေးများလို အဝေးသို့သွားကြ၏။ သူ့ကို ဝိုင်းပယ်ခြင်း မပြုသည့်အရာမှာ ပိုးဟပ်များနှင့် ကြွက်များသာဖြစ်သည်။ ကြွက်များကဲ့သို့ ပင် ကင်းခြေများကြီးများသည် သူ့အနားသို့ ရောက်လာကြ၏။ ယင်ကောင် များက သူ့ကို သနားသည့်နှယ် သူ့အနားတွင် ဝိုင်းဝိုင်းလည်ခစားနေကြ၏။

"ယင်ကောင်တွေ များလိုက်ပုံကတော့ မပြောပါနဲ့တော့၊ ယင်စိမ်းကြီးတွေ ရော၊ ယင်မည်းကြီးတွေရော၊ ယင်ကောင်ကြီးတွေရော အမျိုးကို စုံနေတာပဲ၊ ပွန်းရာပဲ့ရာကလေးမရှိလိုက်နဲ့၊ ရှိတာနဲ့တစ်ပြိုင်နက် တပ်ကြီးချီပြီး ရောက်လာ တော့တာပဲ။ ပိုပြီး ဆိုးတာကတော့ နားရွက်တွေ၊ နှာခေါင်းပေါက်တွေ၊ မျက်လုံးတွေထဲဝင်တာပဲ။ တစ်ခါတစ်လေမှာလဲ အစာနဲ့ရောပြီး ပါးစပ်ထဲကို ဝင်လာကြသေးတယ်၊ ရဲလိုက်တာလဲ အလွန်ပဲ။ ရိုက်ရင်တောင် တော်တော်နဲ့



ပြေးချင်ဘူး။ တစ်နေရာမှာနားလို့ ခြောက်လိုက်ရင် နောက်တစ်နေရာမှာ နားကြတယ်။ သူတို့နှိပ်စက်သမျှကို ခံနေရတော့တာပဲ။ နောက်ဆုံး တော့နိုင်တော့ ယင်တွေ အနားခံပြီး စိတ်ချမ်းသာစရာတွေကိုပဲ တွေးရတော့ တယ်။ ကျွန်တော်အကြိုက်ဆုံး မုန့်လုပ်ပေးဖို့ ကြက်ဥခေါက်နေတာ၊ ညနေတိုင်ရင် ကျောမှာ ကျောက်မီးသွေးမှုန့်တွေ ပေပြီး အဖေအိမ်ပြန်လာတာစတဲ့ ရှေးဟောင်း ကောင်းဖြစ်တွေ တွေးရင်း သူတို့ နှိပ်စက်တာကို ကျိတ်မှိတ်ခံရတော့တာပဲ" ဟု ကိုဗာစကီးကပြောသည်။

ရောက်စမနက်တွင် ကိုဗာစကီးသည် ဘုရားရှေ့တွင် ဒူးထောက်ထိုင်ကာ ဆုတောင်းစာများကို ရွတ်သည်။ နံရံတွင် ကပ်ထားသည့် ခရစ်တော်၏ ပုံတော် ကိုကြည့်ကာ သူ့ဝတ်ရွတ်သံကို သူ့နှလုံးခုန်သံနှင့် ရောသွားအောင် အာရုံပြုသည်။ ထိုသို့ အာရုံပြုနိုင်သည့်အခါမှပင် သူ့ဘေးတွင် ရှိနေသည့် အနှောက်အယှက် အကောင်းတို့ကို ဥပေက္ခာထားနိုင်တော့သည်။ ထိုအခါမျိုးတွင်ကား ယင်တို့ နှောင့်ယှက်ကြသည်ကိုလည်း သူဂရုမထားတော့ပြီ။

ထိုသို့ ဘုရားကို အာရုံပြုနေစဥ် ဂိုဏ်းအုပ်ထံမှ လွှတ်လိုက်သည့် ငယ်စားလှယ်သည် ပြုံးရွှင်သော မျက်နှာဖြင့် တံခါးဝတွင် ပေါ်လာ၏။ ကောင်းရဲ့သား ရပ်ကွက်တွင် ကိုဗာစကီး မည်သို့နေထိုင်သည်ကို လာ၍ကြည့်ခြင်း ဖြစ်သည်။ အိမ်သာတက်ရသည့် အခက်အခဲ၊ ကြွက်တွေ၊ ပိုးဟပ်တွေ ကင်းခြေများတွေ နှောင့်ယှက်သည့် အခက်အခဲတို့ကို ကြားရသည့်အခါတွင် သူသည် အံ့အားသင့်နေသည်။

"ဘုန်းတော်ကြီး ကော်ဒေရိုက လွှတ်လိုက်တယ်၊ ဆရာကြီးအတွက် အဆင်ကောင်းတဲ့ အခန်းတစ်ခန်း ဘုန်းတော်ကြီးကျောင်းမှာ ရှိတယ်တဲ့၊ ဒါဆိုတော့ ဘုန်းကြီးကျောင်းမှာ ကြိုက်သလောက် လာနေနိုင်ပါတယ်တဲ့၊ ဒါကြောင့် ကျွန်တော်လာခေါ်တာ၊ အမှန်ကတော့ ဒီနေရာဟာ ဘုန်းကြီးနေဖို့ကောင်းတဲ့ နေရာ မဟုတ်ပါဘူးဗျာ"

အင်္ဂလိပ် အိန္ဒိယကပြားသည် သူ့ကိုကြည့်၍ စိတ်မသက်မသာဖြင့် ခေါင်းယမ်းနေသည်။ ထို့နောက် လက်ထဲတွင် ပါလာသည့် သားရေအိတ်မှ စာအုပ်နှစ်အုပ်ကို ထုတ်ပေး၏။ ဘုန်းတော်ကြီး ကော်ဒေရိုက ပေးလိုက်ခြင်း ဖြစ်၏။ တစ်အုပ်မှာ ဘင်္ဂါလီ သဒ္ဒါစာအုပ်ဖြစ်ပြီး နောက်တစ်အုပ်မှာ ဟိန္ဒူ ဘာသာပြန်ထားသည့် ခရစ်ဝင်ကျမ်းဖြစ်သည်။ ကိုဗာစကီးသည် ထိုလက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



များကို ရသဖြင့် ဝမ်းသာသွားသည်။ သူနှင့် သူ့ပတ်ဝန်းကျင်သစ်တို့ကြား ရှိသည့် တိတ်ဆိတ်မှု တံတိုင်းကြီးကို ထိုလက်နက်များဖြင့် ဖြိုခွင်းနိုင်တော့ မဟုတ်လော။

ခေတ်သစ် အိန္ဒိယပြည်၏ အဓိက ဘာသာစကားဖြစ်သော ဟိ ဘာသာစကားသည် လူဦးရေ သန်းနှစ်ရာငါးဆယ်ခန့်သုံးစွဲ ပြောဆိုနေသေ ဘာသာစကားဖြစ်သည်။ သုခမြို့တော်တွင် ရှိသူများ အားလုံးလောက်သ လည်း ဟိန္ဒူစကားကိုသာ သုံးစွဲပြောဆိုကြသည်။ သူတို့ ဆင်းရဲသ ရပ်ကွက်ကလေးတွင် ဘာသာစကားသုံးဆယ်ခန့်ကို ပြောဆိုကြသည့် ဟိန္ဒူသည် အဓိက ဘာသာစကားဖြစ်၏။ ကိုဗာစကီးသည် မနက် ဘု ဝတ်တက်ပြီးသည်နှင့် ခရစ်ဝင်ကျမ်းကိုဖွင့်၍ ဟိန္ဒူဘာသာသင်သည်။ ကြမ်း တွင် တင်ပြင်ခွေထိုင်ကာ ပြင်သစ်လို ရေးထားသည့် ခရစ်ဝင် ကျမ်းစာအုပ် ပေါင်တစ်ဖက်ပေါ်တွင် တင်ပြီး ဟိန္ဒူဘာသာပြန်ထားသည့် ခရစ်ဝင်ကျမ်းစာ ကို တစ်ခြား ပေါင်တစ်ဖက်ပေါ်တွင်တင်ကာ စာကြောင်းများကို တိုက်ဖတ်သည် သူတို့ ဟိန္ဒူအက္ခရာများက ရှေးဟောင်း အီဂျစ်စာများနှင့် ခပ်ဆင်ဆ ပထမသော် အက္ခရာများကို မသိသဖြင့်ခက်သည်။ ထို့ကြောင့် ဟိန္ဒူဘာသာ ပြန်ဆိုခြင်း မပြုဘဲ မူရင်းအတိုင်း ထားသည့် စာလုံးတစ်လုံးကို အလျှင်လိုက် သည်။ တစ်နေ့တွင်မူ ဟိန္ဒူအက္ခရာဖြင့်မပြန်ဘဲ ရောမအက္ခရာဖြင့် ရေး သည့် စာလုံးတစ်လုံးကို ဟိန္ဒူဘာသာပြန် စာအုပ်ထဲတွင် သွားတွေ့သည် ဤတွင် ကိုဗာစကီးသည် သူ့ပြင်သစ်ဘာသာပြန် စာအုပ်ကို ဖွင့် ထိုအခန်းနှင့် ထိုစာပိုဒ်ကိုလိုက်ရှာ၏။ ထိုစကားလုံးမှာ မြို့၏ အမည်တစ် ဖြစ်သည်။ ထိုအမည်သည် သူ့အဖို့ သင်္ကေတနှစ်ခုဆောင်နေသည်။ တစ်ခု ယခု သူနေထိုင်သည့် မြို့လို ဆင်းရဲသားတွေနေသည့် မြို့ကလေး။ နော သင်္ကေတတစ်ခုမှာ ဘုရားသခင်အား ယုံကြည်မှုကို သက်ဝင်သွားသ မြို့ကလေး။ ထိုမြို့ကလေးအမည်က ကင်ပါနွန်။

## ၁၅

ဖြစ်ခဲ့သော ကမ္ဘာမြို့တော်ကြီးတိုင်းမှာပင် သူတို့ကို လမ်းမများပေါ်မှ ထုတ်ပစ်ခဲ့ပြီးလေပြီ။ လူလူချင်း သွေးစုပ်ချယ်လှယ်ခြင်းဖြစ်သည့် တ် လူ့ဂုဏ်သိက္ခာကို ကျစေသည်ဟူသော အမြင်ဖြင့် သူတို့ကို များ ပေါ်မှ မောင်းထုတ်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာတွင် ဘယ်မြို့ကြီးတွင်မျှ များမရှိတော့။ လန်ချားရှိသော မြို့ဆို၍ ကာလကတ္တားတစ်မြို့သာ ကျန် သည်။ ကာလကတ္တားတွင်မူ ယနေ့တိုင်အောင်ပင် "လူမြင်း" များ သည့် လန်ချားများသည် ထောင်ရာပေါင်းများစွာ ကျန်နေသေးသည်။ န်ချားများသည် တစ်နေ့လျှင် အိန္ဒိယလေကြောင်း ကုမ္ပဏီမှ ပျံသန်းနေသော င်းလေယာဉ်ပျံများ၊ အဲယားဘတ်စ် လေယာဉ်ပျံများ ပျံသန်းသည့် ထက် အများကြီးပိုသည်။ နေ့တိုင်းပင် ကာလကတ္တားရှိ လန်ချားများ ခရီးသည် တစ်သန်းကျော်ကို သယ်ယူပို့ဆောင်ပေးနေကြသည်။ ကတ္တားတွင် လူ့ချွေးသည် ဓာတ်ဆီတို့၊ ဒီဇယ်ဆီတို့ထက် ဈေးပေါ ခွမ်းအင်မဟုတ်လော။ ခေတ်မမီတော့သော ထိုလန်ချားများကို အရှည် သော မြို့ပြ ဗိသုကာအချို့ကသာလျှင် သမိုင်းပြတိုက်ထဲသို့ ပို့ချင်ပေလိမ့် ။ အခြားသူတို့ကမူ ပို့ချင်မည် မဟုတ်။

ားတစ်ဖက်တစ်ချက်တွင် သစ်သား စမုတ်တံတွေ တပ်ထားသည့် နှစ်ဘီး တပ်ထားကာ လည်းသန်နှစ်ချောင်းတပ်ပြီး အပေါ်တွင် မိုးကလေးတင်ထားသည့် လန်ချားသည် အဘိုးတို့ အဘွားတို့ ခေတ်က သော ပက်လက် ရထားကလေးနှင့် ခပ်ဆင်ဆင်တူသည်။ ဆယ့်ရှစ်ရာစုနှစ် နှစ်က ဂျပန်ပြည်တွင် ဥရောပတိုက်သား သာသနာပြုတစ်ဦးက တီထွင် ထိုယာဉ်ကို ဂျပန်ဘာသာဖြင့် "ဂျီရီကီရှော" ဟု ခေါ်ရာမှ ဘာသာဖြင့် "ရစ်ကရှော" ဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။ အဓိပ္ပာယ် ဖြင့် မောင်းနှင်သော ယာဉ်ဖြစ်၏။ အိန္ဒိယပြည်တွင် ပထမဆုံးသော

www.burmeseclassic.com

www.burmeseclassic.com



လန်ချားသည် အင်္ဂလိပ်အရှင်သခင်များ နွေရာသီအပန်းဖြေရာ ဆင်းမလားမြို့တွ
၁၈၈၀ ခုနှစ်က ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ နောက်နှစ်ပေါင်း နှစ်ဆ
လောက်ကြာသည့် အခါတွင် ထိုလန်ချားများသည် ကာလကတ္တား
ရောက်လာခဲ့ကြ၏။ တရုတ်ကုန်သည်များက ကုန်ပစ္စည်းများ တင်ပို့ရာတွ
အသုံးပြုခြင်းဖြစ်သည်။ ၁၉၁၄–ခုနှစ်တွင်မှ ထိုတရုတ်ကုန်သည်များသ
လန်ချားများပေါ်တွင် လူစီးခွင့်ပေးရန် ဆိုင်ရာသို့ လိုင်စင် လျှောက်ထာ
ကြသည်။ လန်ချားသည် ရှေးက သုံးခဲ့သည့် ဝေါ်များထက်လည်းမြန်သ
ပက်လက်ရထားများလောက်လည်း တာဝန်မကြီးသည့်အတွက် လန်ချား
သည် မကြာမီတွင် အာရှတိုက်ပင်လယ်ဆိပ်ကမ်းမြို့ကြီးများတွင် အလျှို့အ
ပေါ်ပေါက်လာခဲ့ကြသည်။ ထို့နောက်မှ အာရှတိုက်မြို့တော်တိုင်းတွင် ခေတ်
လာခဲ့ခြင်းဖြစ်၏။ လွတ်လပ်ရေးရပြီးသည့်နောက် ကာလကတ္တားမြို့တော်
ရောက်လာကြသည့် သန်းပေါင်းများစွာသော လယ်သမားများ၊ ဒုက္ခသည်များ
လန်ချားလှည်းသန်နှစ်ချောင်းကြားမှ ကွက်လပ်ကလေးသည် လောလော
ထမင်းတစ်လုပ်စားနိုင်အောင် ဖန်တီးပေးလိုက်သည့်နေရာကလေးဖြစ်
ကမ္ဘာတွင် လန်ချားများရှိနေသေးသောတစ်ခုတည်းသော မြို့ကြီးဖြစ်သ
ကာလကတ္တားမြို့ထဲတွင် လန်ချားဦးရေမည်မျှရှိသည်ကိုမသိ။ ၁၉၃၉ ခုနှစ်
ဗြိတိသျှအစိုးရက ကာလကတ္တားတွင် လန်ချားဦးရေခြောက်ထောင်အထိ
ခွင့်ပြုထားခဲ့၏။ ထို့နောက်မှစ၍ ၁၉၄၉–ခုနှစ်တွင် တစ်ကြိမ်မှတ်ပုံတင်သ
မှအပ တစ်ခါမျှ မှတ်ပုံတင်ခြင်း မပြုတော့။ ယခုအချိန်တွင် တရားဝင်စာ
များအရဆိုလျှင် ကာလကတ္တားတွင် လန်ချားပေါင်း တစ်သောင်းခန့်ရှိသည်
သိရ၏။ တရားမဝင် စာရင်းအရဆိုလျှင်မူ ထို့ထက် လေးငါးဆလောက်
ပြီး နံပါတ်အတုဖြင့် ပြေးနေကြသည်ဟု ဆိုသည်။ ထိုငါးသောင်းမျှ အရေအတွ
ရှိသော လန်ချားတို့အနက် လန်ချားတစ်စီးတိုင်းသည် လန်ချားသမားနှစ်ဦး
ထမင်းကျွေးလျက်ရှိ၏။ လန်ချားသမားတစ်ယောက်လျှင် ယနေ့မနက်နေထွ
နောက်နေ့နေထွက်အထိ ဆွဲခွင့်ရ၏။ ထိုလန်ချားသမားပေါင်း တစ်သိန်း
ချွေးသည် မိသားစုများစွာကို ကျွေးမွေးထား၏။ ထို့ကြောင့် ကာလကတ္တ
လူပေါင်းတစ်သန်းခန့်သည် ထမင်းတစ်လုပ်အတွက် လန်ချားကို အမှီပြု
သည်။ ဘောဂဗေဒ ပါရဂူများကမူ လန်ချားမှပေါ်ထွက်လာသော ငွေ
ပမာဏကို စာရင်းပြုပြကြသည်။ ကာလကတ္တားတွင် လန်ချားမှရ
ဝင်ငွေသည် နှစ်စဉ် ပေါင်သုံးသန်းခန့်မျှရှိရာ ထိုငွေသည် ပါရီလိုမြို့ကြီး



မြို့၏ သယ်ယူပို့ဆောင်ရေး ဘတ်ဂျက် လေးပုံတစ်ပုံနှင့် ညီမျှသည်။ ယင်းငွေ အနက် လေးပုံတစ်ပုံခန့်ဖြစ်သော ပေါင် ၇၅,၀၀၀ ကို ပုလိပ်နှင့် အခြားသော အာဏာပိုင်တို့အား လာဘ်ထိုးရ၏။ ကာလကတ္တားတွင် လမ်းတွေကြပ်သည်ထက် ကြပ်လာသဖြင့် အချို့လမ်းများတွင် လန်ချားများကို ပိတ်ထားသဖြင့် ဆွဲခွင့်ရအောင် လာဘ်ပေးရခြင်းဖြစ်သည်။

"ဟော့၊ တစ်ခွက်လောက်သောက်ရင် ဗိုက်ထဲမှာ ကျားရောက်နေသလို အားရှိလာတယ်ကွ"

ရမ်ကျူနှက ပြောသည်။ ထိုစကားမှာ ကာလကတ္တားရှိ နံရံများပေါ်တွင် မကြာခဏတွေ့ရသော အရက်ကုမ္ပဏီတစ်ခုမှ ကြော်ငြာဖြစ်သည်။ ရမ်ကျူနှသည် သူ့အဖော်ကိုတွဲကာ ဆိုင်ပြင်သို့ထွက်လာခဲ့၏။

"ဟုတ်တယ်ဗျ၊ တစ်ခွက်လောက် သောက်လိုက်တာ၊ ချာပါတီ ငါးချပ်လောက်နဲ့ ငါးဟင်းတစ်ခွက် စားလိုက်ရသလို အားကို ပြည့်သွားတာပဲ၊ တစ်ခုတော့ရှိတယ်ဗျ၊ ဒီခေတ်ဆိုက ဗိုက်ထဲမှာတော့ တော်တော်ခုတ်တဲ့ ခေတ်ဆိုပါ"

ဟာစရီပါးက မျက်နှာကို ရှုံ့ပြကာ ဗိုက်ကိုပွတ်သည်။

သူ့ဝမ်းထဲက အင်ဂျင်စက်ကို ခုတ်မောင်းနေသည်မှာလည်း အံ့ဩစရာမဟုတ်။ သူတို့နှစ်ယောက် သောက်ခဲ့သည့်အရက်မှာ အလွန်ပြင်းသည့်ချက်အရက်ဖြစ်ပါ၏။ ထိုအရက်ကို ကာလကတ္တားမြို့စွန်ရှိ စွန့်ပစ်အမှိုက်ပုံကြီးများအနီးတွင်ရှိသည့် ရွာကလေးတစ်ရွာမှ ချက်လုပ် ရောင်းချခြင်းဖြစ်သည်။ ထိုရွာကလေးအနီးတွင် ကျင်းကြီးများရှိပြီး အမျိုးမျိုးသော စွန့်ပစ်ပစ္စည်းများ၊ တိရစ္ဆာန်အသေကောင်တို့၏ ဝမ်းတွင်းသားများကို စိမ်ရေဖြင့်ဖောက်ပြီး ရာဝင်အိုးကြီးများဖြင့် ကျင်းကြီးများထဲတွင် နှစ်, လုံးပေါက် စိမ်ထားကြသည်။ အဆိပ်ပြင်းသော ထိုအရက်ကြောင့် လူတွေမည်မျှ အသက်ဆုံးရှုံးရသည်ကို အိန္ဒိယသတင်းစာများထဲတွင် နေ့တိုင်း သတင်းတွေပါနေသည်။ ထိုအရက်ကြောင့် သေသူဦးရေသည် ငှက်ဖျားကြောင့် သေသူဦးရေထက် မနည်း။ ထိုသေရည်တွင် အကျိုးထူးတစ်ခုသာရှိ၏။ ယင်းမှာ အခြားမဟုတ်၊ ဈေးပေါခြင်းဖြစ်သည်။ အခွန်အကောက်မဆောင်ဘဲ တိတ်တိတ်ပုန်းရောင်းသည့် အရက်ဖြစ်သဖြင့် တစ်ပုလင်းကို ၇ ကျပ်လောက်သာကျသည်။ ဤသည်မှာ အစိုးရတော်လုပ် ရောင်းချသည့် ရမ်တစ်ပုလင်းဈေးထက် လေးငါးဆနည်းသည်။

www.burmeseclassic.com



ရောင်းရင်းကြီးနှစ်ယောက်တို့သည် လမ်းမတွင် ယိုင်တီးယိုင်တိုင်ဖြင့် လျှောက်လာကြသည်။ လျှောက်လာ၍ ခဏကြာလျှင် မှဆိုးမဝတ်ရုံဆာရှိ အပြုံဝတ်ထားသည့် မိန်းမဝဝကြီးတစ်ယောက်က ရမ်ကျန္၏ လန်ချားကို လှမ်းခေါ်သည်။ ဟာစရိပါးက မိန်းမဝဝကြီးကို လန်ချားပေါ်သို့ တွဲတင်ပေးလိုက်ပြီးသည့်နောက်၌ ရမ်ကျန္သည် လန်ချားကို ခပ်သုတ်သုတ်ဆွဲ၍ ထွက်သွားသည်။

ဟာစရိပါးသည် သူ့ကိုငေးကြည့်ရင်း ကျန်ရစ်ခဲ့၏။

"အင်း...သူကတော့ လူတွေရဲ့ မျက်နှာကို စေ့စေ့ကြည့်ရဲမှာပေါ့လေ။ သူ့မှာ အလုပ်နဲ့အကိုင်နဲ့ကိုး။ ဂုဏ်ရှိတာပေါ့။ ငါ့မှာသာ လမ်းတကာလျှောက်သွားနေတဲ့ ခွေးဝဲစားလိုဖြစ်နေတာ"

သူတို့နှစ်ယောက် မခွဲခင်တွင် နောက်တစ်နေ့၌ ပန်းခြံအဝိုင်းကြီးရှိ လန်ချားဆိပ်တွင် ဆုံရန် ချိန်းခဲ့ကြသည်။ ထိုနေရာမှာ ဓာတ်ရထားလမ်းဆုံဖြစ်၏။ ရမ်ကျန္သည် သူ့ကို လန်ချားပိုင်ရှင်ကိုယ်စားလှယ်နှင့် တွေ့ဆုံပေးမည်ဟု ပြောသွားခဲ့သည်။

"ကံကလေးကလဲလိုက်၊ ဘောက်ဆူးကလေးလဲများများပေးနိုင်ရင်တော့ မင်းဖို့ လန်ချားအိုကလေးတစ်စီးတော့ ရမှာပေါ့ကွာ" ဟု ရမ်ကျန္က ပြောသည်။

"ဒီလိုဆိုတော့လဲ ငါ့ကံက ဘယ်ဆိုးလို့တုန်း၊ ငါ့ကိုယ်ငါတောင် မယုံနိုင်ဘူး။ အရက်ကလဲ တော်တော်မူးသား၊ အတောင်ပေါက်ပြီး ပျံသွားချင်စိတ်တောင် ပေါက်လာပြီ"

သူတို့နှစ်ယောက်သည် ဆေးရုံရောက်နေသည့် ကုလိကို သွားမေးရန်လည်း တိုင်ပင်ထားကြသည်။

ဟာစရိပါးသည် တစ်ယောက်တည်း မြို့ကြီးထဲတွင် တလည်လည်ဖြစ်နေပြီး အတော်ကြီးကြာမှ သူ့မိသားစုကို ရှာတွေ့၏။

"တိုက်ဆိုင်ကြီးတွေ၊ ကန္တားကြီးတွေ၊ ဈေးဆိုင်ကြီးတွေကလဲ ဆုံးပဲမဆုံးနိုင်တော့ပါဘူးဗျာ။ ပလက်ဖောင်းတွေပေါ်မှာဆိုတာလဲ လူတွေက ဥဒဟို။ လမ်းမကြီးတွေမှာလည်း လူတွေရှုပ်ယှက်ခပ်လို့။ မြို့ကြီးမှာရှိတဲ့ လူတစ်ဝက်က ဈေးသည်လုပ်ပြီး ကျန်တဲ့တစ်ဝက်က ဈေးဝယ်သူတွေချည်းထင်ပါရဲ့။ ကျွန်တော် တစ်သက်မှာ တစ်ခါမှ မတွေ့ဘူးတဲ့ ပစ္စည်းတွေကလဲ အများကြီးပဲ။ သစ်သီး



အခွံနွာတဲ့ ဓားတွေ၊ အရည်ညှစ်တဲ့ပစ္စည်းတွေဆိုရင် ကျွန်တော်တစ်ခါမှ မမြင်ဖူးဘူး။ ပြီးတော့ အိုးခွက်ပန်းကန်တွေ၊ စက်ပစ္စည်းတွေ၊ ဖိနပ်၊ ရှပ်အင်္ကျီ၊ ခါးပတ်၊ အိတ်၊ ဘီး၊ ဖောင်တိန်၊ နေကာမျက်မှန်၊ အိုး...စုံလို့ပဲ၊ အချို့နေရာတွေမှာဆိုရင် လူတွေကလဲကြပ်၊ ပစ္စည်းတွေကလဲ ညပ်နေတော့ လမ်းသွားလို့တောင် ကောင်းကောင်းမရချင်ဘူး၊ တစ်နေရာရောက်တော့ ကျွန်တော့်ကလေးတွေဖို့ အာလူးပူတာတွေဝယ်လာတယ်။ အာလူးကို ကြွပ်ကြွပ်ကလေးကြော်ပြီး သကြားဖြူးထားတာလေ၊ ဒါမျိုးဆိုရင် ကျွန်တော့် ကလေးတွေက သိပ်ကြိုက်တာကိုး၊ လမ်းဘေးဈေးသည်ဆီက ဝယ်ခဲ့တာပေမယ့် ငါးကျပ်ကျော်ကျော် ချော်သွားတာပဲ။ ဒီထက်လဲများများ မဝယ်နိုင်ဘူးလေ။ အမှန်ကတော့ ဒါဝယ်မယ့်အစား တစ်အိမ်လုံးစားရအောင် ဆန်လှော်ဝယ်ခဲ့တာက ပိုကောင်းမယ်ထင်တယ်။ ဒါပေမယ့် လူကလဲ အရက်ကလေးနည်းနည်းသွေးနေတော့ ဒါတွေ မစဉ်းစားနိုင်တော့ဘူးလေ။ စိတ်ကူးရတာ ကောက်ဝယ်လာခဲ့ရတာပေါ့"

သူတို့မိသားစု စခန်းချရာ လမ်းကိုရှာ၍ ပြန်တွေ့သည့်အချိန်၌ မိုးတော်တော်ချုပ်နေလေပြီ။ သူ့မိသားစုကို ရှာမတွေ့ခင် ထိုအနားတစ်ဝိုက်တွင် လူတွေ ရုတ်ရုတ်သဲသဲဝိုင်းအုံနေကြသည်ကို မြင်လိုက်ရသဖြင့် ဟာစရိပါး ပြေးလာခဲ့သည်။ အနီးသို့ရောက်သည့်အခါတွင် အော်ဟစ်နေသော မိမိတို့ လက်ဖောင်းနီးချင်း အမျိုးသမီးကို တွေ့ရ၏။ သူ့မျက်နှာမှာ သွေးတွေ ပေကျံလျက်၊ ပခုံးနှင့် လက်မောင်းတွင်လည်း ဒဏ်ရာတွေအပြည့်၊ လင်ဖြစ်သူ အရက်မူးပြန်လာကာ မယားကို ရိုက်ခြင်းပေတည်း။

လင်အရက်မူးလာသည်တွင် မယားနှင့် ရန်ဖြစ်ကြသည်။ ဤတွင် လင်က သူ့ကို သံတုတ်ဖြင့် ကောက်ရိုက်သည်။ အနီးအပါးမှ ရှိသူများကသာ ဝင်ရောက်မဆွဲလျှင် သေလောက်ပေပြီ။ လင်ဖြစ်သူသည် ကလေးနှစ်ယောက်ကိုလည်း ရိုက်သေးသည်ဆို၏။ ထို့နောက်တွင် လင်ဖြစ်သူသည် သူ့အဝတ်ထုပ်ကလေးကို ကောက်၍ ထွက်သွားတော့သည်။ မိန်းမမှာ လောလောဆယ် ကလေးသုံးယောက်နှင့် ကျန်ရစ်ခဲ့သည်။ ထိုအထဲတွင် တောထဲသို့ရောက်နေသည့် သားတစ်ယောက်နှင့် ပြည့်တန်ဆာဖြစ်နေသည့် သမီးတစ်ယောက်တို့ ရှိသေးသည်။

"ဘယ်တတ်နိုင်မလဲ ကံပေါ့" ဟု ဟာစရိပါးက တွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက သူတို့ မိသားစု အနည်းငယ် ကံကောင်းသည်ဟု ဆိုရမည် ဟာစရိပါ၏ ကလေးအကြီးနှစ်ယောက်သည် ဘုရားဘားခေါ် ဈေးကြီး စွန့်ပစ်အမှိုက်ပုံထဲမှ မုန့်လာဥနှင့် ဘူးသီးတို့ ရလာခဲ့သည်။ ကလေးတွေကလည် သူတို့တစ်တွေ စားစရာများများရလာသဖြင့် ပျော်နေကြသည်။ ဈေးအမှိုက်ပုံ ထဲတွင် ကောက်သူများမှာ ဒုနဲ့ဒေးဖြစ်ရာ ထိုအထဲတွင် ပစ္စည်းကောင်းရ မလွယ်။ သူ့မိန်းမက နေရာနီးချင်းထံမှ ဓားငှားပြီး အသီးအရွက်များက လှီးဖြတ်၍ ဟင်းချက်သည်။ ဟင်းချက်သည့်အခါတွင် သူတို့အနားက အ စွန့်သွားသည့် ကလေးတွေကိုလည်း ခေါ်ကျွေးသည်။ အာလူးကြော်တွေ လည်း ကျွေးသည်။ အစားကောင်း အသောက်ကောင်းစားရလျှင် တော်တော် တန်တန် သောကတို့သည် ပျောက်သွားတတ်ကြသည် မဟုတ်လော။ အထ သဖြင့် အမိုးအကာဟူ၍ သွပ်ပြားကလေးတစ်ချပ်မျှပင် မရှိသည့် ပလက်ဖောင် တွင် နေရချိန်၌ ခုလို အစားကောင်း အသောက်ကောင်းကလေး စားရခြင် သည် မည်မျှကြီးသည့် စည်းစိမ်ချမ်းသာပေနည်း။

ထိုနေ့ညတွင် သူတို့မိသားစုနှစ်စုသည် ခါတိုင်းထက်ပို၍ ရင်းနှီးသွားကြ သည်။ ဆင်းရဲသား အချင်းချင်းသာလျှင် ကူညီရိုင်းပင်းတတ်သည် မဟုတ်လော

## ၁၆

ညတိုင်း ဆယ့်တစ်နာရီလောက်ရောက်သည်နှင့် ထိုအသံသည် ပေါ တတ်၏။ ပထမတွင် မျက်ရည်တွေ ကျလာသည်။ ထို့နောက် ရင်ထဲ တဖြည်းဖြည်းကျပ်လာသည်။ အသက်ရှူသံသည် တဖြည်းဖြည်း ပြင်း၍လာ အော်သံသည် တစ်ဘက်နံရံကို ဖောက်ထွင်း၍ ပေါ်လာသည်။ သူ့အခန်း ကပ်လျက် တစ်ဘက်ခန်းမှ ဆယ်နှစ်ရွယ် သူငယ်ကလေးမှာ အဆုတ်ရော ဖြစ်နေသည်။ သူငယ်၏နာမည်မှာ ဆဘီးယားဖြစ်သည်။

"ဒီလောက် ဒုက္ခဆင်းရဲဖြစ်ရတဲ့အထဲမှာ အပြစ်မဲ့တဲ့ ဒီကလေး ဘာဖြစ်လို့များ ရောဂါကပ်ရတာလဲ" ဟု ကိုဗာစကီး တွေးသည်။



စောစောပိုင်းညများတွင် ကိုဗာစကီးသည် ထိုအော်သံကို နားမထောင် အော်သံကျယ်လာသည်နှင့် သူ့နားကို ဂွမ်းတွေ ဆို့ထားလိုက်သည်။ ါင်းများစွာ ကြာလာသည့်အခါတွင်မှ ဆဘီးယား၏ ငိုသံကို သူနားထောင်ရဲ သည်။ သို့ဖြင့် သူ့အိမ်နားမှ ကလေး၏ရောဂါသည် ဆိုးသည်ထက် လာကာ ငိုသံသည် ပို၍ကျယ်သည်ထက် ကျယ်လာသည်။ တစ်မနက်တွင် ကိုဗာစကီးသည် ဘတ်စ်ကားတစ်စီးပေါ်သို့ တက်လာခဲ့ကာ ဆေးရုံသို့ ခဲ့၏။

ဆေးရုံမှ ဆေးဆိုင်သို့ ရောက်သည့်အခါတွင် အကျိုးအကြောင်းကို ပြကာ ငွေသုံးဆယ်ကို ထုတ်ပေးလိုက်ပြီးနောက်...

ဆေးထိုးအပ်တစ်ချောင်းနဲ့ မော်ဖိန်းနည်းနည်းလိုချင်တယ်ဗျာ" ဟု သည်။

ကိုဗာစကီးသည် ထိုသူငယ်ကလေး ရောဂါ ပျောက်ကင်းစေရန် ားသခင်ထံ ဆုတောင်း၏။ သို့ရာတွင် ဘုရားသခင်လည်း မတတ်နိုင် ပြီ။

"သူ့ရောဂါက ပျောက်မယ့် ရောဂါလဲမဟုတ်ဘူး။ ဒီတော့ ငါဆုတောင်း သို့လဲ ဘာမှ အကျိုးမထူးဘူး။ ဒီတော့ သေရင်လဲ ညင်ညင်သာသာ ါစေတော့" ဟု နောင်တွင် ကိုဗာစကီးသည် သူ့ကိုယ်သူဖြေသိမ့်သည်။

ဆဘီးယား၏ အမေသည် မဆိုးမဖြစ်၏။ ငါးနှစ်၊ ရှစ်နှစ်နှင့် ့တစ်နှစ်အရွယ် သမီးသုံးယောက် အကူအညီဖြင့် လမ်းကြားကလေးထဲတွင် တာ သတင်းစာစက္ကူဟောင်းများဖြင့် စက္ကူအိတ်များ ချုပ်သည်။ သူတို့ အမိတတွေသည် ထိုစက္ကူအိတ်များရောင်း၍ရသည့်ငွေကလေးဖြင့် သောက်နေကြခြင်းဖြစ်သည်။ စက္ကူအိတ်ချုပ်နေရင်းကလည်း လမ်းကြားထဲသို့ ကယ်တို့၊ လူည်းတို့ ဝင်လာလျှင် လမ်းဖယ်ပေးနေရသေးသည်။ ဤသို့ ယ်ပေးရသည်မှာ တစ်နေ့လျှင် အခါတစ်ရာလောက်ရှိလိမ့်မည် ထင်သည်။ င် သူ့မျက်နှာပေါ်တွင် အပြုံးသည် ပျောက်ကွယ်သွားခြင်းမရှိ။

ဆဘီးယားတို့ တဲကလေးရှေ့သို့ သူရပ်လိုက်သည့်အခါတွင် အချို့ တမှာအကြည့်ဖြင့် လှမ်းကြည့်ကြသည်။ သည်တိုက္ကိက မှုဆလင် လူမ ့မှာ ဘာသွားလုပ်နေတာလဲဆိုသည့် အကြည့်မျိုးဖြစ်သည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ဘာသာထဲသို့ ဆွဲသွင်းမည်လော။ ရပ်ကွက်ကလေးထဲတွင် သူ့ကို မယုံသင် ဖြစ်နေသူကလည်း အများအပြား။ တချို့ကလည်း ခရစ်ယာန် သာသနာပြု နေရာတကာမှာ ဝင်ရှုပ်နေသည်ဟု ပြောကြသည်။ ယခုလည်း ဘုန်းကြီးဝတ် ကို ခြုံလာလျှင် လူတွေ လက်မခံမည် စိုးသဖြင့် သာမန် အရပ်သားလိုလာသ ဟု ပြောသူက ပြောကုန်ကြပြီ။

မည်သူက မည်သို့ပြောစေ၊ ဆဘီးယား၏ အမေကမူ သူ့ကို အပြုံးဖြ ဆီးကြိုသည်။ သမီးကလေးကို ဟိန္ဒူအဘိုးကြီးဆိုင်သို့သွား၍ လက်ဖက်ရေ အဝယ်ခိုင်း၍ သူ့ကို တဲထဲသို့ ဖိတ်ခေါ်သည်။ တဲဝသို့ ရောက်သည့်အခါတွ သောင်းခနဲ ပုပ်စော်နံသဖြင့် ခဏရပ်လိုက်၏။ ထို့နောက် အသက် ကြီးစား၍ ရှုကာ မှောင်ရီရီ တဲကလေးထဲသို့ ဝင်လာခဲ့သည်။

ဆဘီးယားက အိတ်စုတ်တွေ ခင်းထားသည့် ကြမ်းပြင်ပေါ်တွ အိပ်နေသည်။ လက်နှစ်ဖက်က ရင်ဘတ်ပေါ်တွင် ယှက်လျက်။ အရေပြား တွင်လည်း အနာကြီးတွေဖြစ်နေလေပြီ။ အချို့ နေရာများတွင် လောက်တ တက်နေလေပြီ၊ ကိုဗာစကီးသည် သူ့အနားသို့ တိုးလာခဲ့၏။ လူမမာကလေ ငယ်က မျက်လုံးကို ဖွင့်ကြည့်သည်။ သူ့မျက်လုံးသည် အရောင်တောက်စပြု ၏။ ကိုဗာစကီး ဝမ်းသာသွားသည်။ ကလေးငယ်တစ်ယောက်ထံမှ တည်ငြိမ်မှု တွေ့လိုက်ရသဖြင့် သူအံ့ဩနေသည်။ ကိုဗာစကီးသည် မော်ဖိန်း ပုလင်း လက်ဖြင့် ဆုပ်ထားလိုက်သည်။

"ဆလံ ဆဘီးယား" ဟု ကိုဗာစကီးက ပြုံး၍ နှုတ်ဆက်သည်။

"ဆလံ ဆရာကြီး၊ ဆရာကြီး လက်ထဲက ဘာလဲဟင် ချိုချဉ်လား

ကိုဗာစကီးသည် လန့်ဖျတ်သွားကာ လက်ထဲက မော်ဖိန်းဆေးပုလင်း လွှတ်ချလိုက်၏။ ဆေးပုလင်းသည် အစိတ်စိတ် အမြွာမြွာ ကွဲသွားသည်

"ဆဘီးယားကို မော်ဖိန်းထိုးပေးဖို့ မလိုပါဘူး။ ဒီလောက် ဝေဒနာပြ ပြင်းထန်ထန် ခံစားနေရတာတောင် အရှုံးမပေးဘူး၊ ဆဘီးယားဟာငါ့ကိုအ အတန်ဆုံး သင်ခန်းစာကို ပေးလိုက်တာပဲ၊ ဘယ်တော့မှ စိတ်မပျက်နဲ့ဘယ်ဆေ မှ အရှုံးမပေးနဲ့ဆိုတဲ့ သင်ခန်းစာ၊ အမှောင်ထဲမှာ ထွန်းပေးလိုက်တဲ့အလင်းရောင်

ထိုဆင်းရဲသား ရပ်ကွက်ကလေးမှ လူပေါင်းများစွာတို့သည် သူ့အ ဆဘီးယားကဲ့သို့ အလင်းရောင်ကို ထွန်းညှိပေးလိုက်ကြ၏။ သူက ဆေး



လေးယူသွားရုံ၊ စားစရာကလေး ယူသွားရုံ၊ နှစ်သိမ့်အားပေးရုံမျှဖြင့် သူတို့ ည် သူ့အား အဖိုးတန်သည့် သင်ခန်းစာများကို ပေးခဲ့ကြသည် မဟုတ်လော။

မျက်မမြင် ကိုယ်ရေရောဂါသည် ခရစ်ယာန် အမျိုးသမီးကြီးထံသို့ ရောက်သည့် အခါတွင်လည်း ကိုဗာစကီးသည် စိတ်ဓာတ်အားတက်ရပြန်သည်။ အမျိုးသမီးကြီးမှာ မီးရထားလမ်းဘေး တဲကုတ်ကလေးတစ်လုံးတွင် နေသည်။ ဂါရင့်နေသည့်တိုင် သူ့စိတ်ဓာတ်သည် တည်ငြိမ်လျက်၊ ထိုအမျိုးသမီးကြီး ည် အလင်းရောင်မရှိ၊ လေကောင်းလေသန့် မရသော တဲတွင် တစ်နေကုန် လျှောင်းကာ ဘုရားစာကို ရွတ်ဖတ်နေတတ်သည်။ သူ့နောက် နံရံပေါ်တွင်မှ တ်ဝါးကပ်တိုင်တစ်ခုကို ချိတ်ဆွဲထား၏။ တံခါးဝရှိစင်ကလေးတစ်ခုပေါ်တွင် မယ်တော်မာရီ၏ ပုံတော်ကို ချိတ်ဆွဲထားသည်။ ပုံတော်မှာ ကြပ်ခိုးတို့ နေလေပြီ။ ကိုယ်ရေရောဂါသည် အမျိုးသမီးမှာ ပိန်ချုံးကာ အရိုးတွေ ငေါ်ကြီး ပေါ်နေကြသည်။ အသက် ဘယ်လောက်ရှိမည်ကိုမူ သူမပြောနိုင်။ ရာတွင် သူထင်သည်ထက် ငယ်ပေလိမ့်မည်။ အလွန်ဆုံးရှိလျှင် လေးဆယ်ခန့် သာ ရှိပေလိမ့်မည်။ မျက်စိကွယ်ရုံမျှဖြင့် ဓလုံလောက်သေးဟု ထင်သည်လော ပြောတတ်။ ကိုယ်ရေရောဂါ စွဲနေလိုက်သေးသည်။ ကိုယ်ရေပြားရောဂါကြောင့် တ်ချောင်းများသည် ငုံးတိတိ ဖြစ်လျက်ရှိကာ မျက်နှာမှာလည်း မြင်မကောင်း ောင် ဖြစ်နေလေပြီ။ ထိုအမျိုးသမီးသည် မြူနီစီပယ် အလုပ်သမားတစ်ဦး၏ းသည် မုဆိုးမဖြစ်ပြီး ထိုရပ်ကွက်ကလေးထဲတွင် နေလာခဲ့သည်မှာ အနှစ် ဆယ်ကျော်ခဲ့လေပြီ။ သူကိုယ်ရေပြားရောဂါ မည်သို့ စွဲကပ်လာသည်ကို သူမျှမသိ။ သို့ရာတွင် ရောဂါကမူ ကုမရအောင် ရင့်နေလေပြီ။ အခန်းထောင့် ်မှ နှစ်နှစ်နှင့်ခြောက်နှစ်အကြားရှိ သူ့မြေးငယ်လေးယောက်တို့သည် လန်ကြဲနေသော ဘာဘူစောင်ကလေး တစ်ထည်ပေါ်တွင် အိပ်ပျော်နေ ကြသည်။

ဆင်းရဲသား ရပ်ကွက်ကလေးထဲတွင် နေရသည့်တိုင် သူတို့တွင် ကူညီ င်မသူတွေ ခုနဲ့ဒေးရှိသည်။ သူတို့ကို ကူညီသူများမှာ ဟိန္ဒူများဖြစ်သဖြင့် ဆုံးခြားနေသည်။ အိမ်နားနီးချင်း ဟိန္ဒူများသည် သူတို့ကိုလာ၍ထမင်းဟင်း သွားကြသည်။ ရေချိုးရာတွင်လာ၍ ကူညီကြသည်။ ကလေးငယ်များကို ကျောင်းပေးကြသည်။ ထို ဆင်းရဲသားရပ်ကွက်ကလေးသည် အခြားအကြော င်းမဲ့သော်လည်း မည်သည့် ဆေးရုံကမျှ မပေးနိုင်သော အရာကို သူတို့ပေးကြ ည်။ ထိုအရာမှာ အခြားမဟုတ်၊ မေတ္တာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်မမြင် အမျိုးသမီးသည် ကိုဇာစကီး ရောက်လာသည်ကို အလိုလို သိလိုက်ပုံရ၏။ အနားသို့ သူရောက်လာသည်ကိုသိသည်နှင့် သူ့ကိုယ်ကို သန့်ရှင်းသပ်ရပ်အောင် ပြုပြင်သည်။ ငုံးတိတိဖြစ်နေသော လက်ချောင်းတို့ ကလေးများဖြင့် သူ့ဆံပင်ကလေးများကို သပ်သည်။ ထိုမျှ ဆင်းရဲနွမ်းပါးသော ဒုက္ခတွေ ဝေနေသော ပတ်ဝန်းကျင်တွင် ထိုအပြုအမူသည် စိတ်ထိခိုက်စရာ ကောင်းနေသည်။ ထို့နောက် အမျိုးသမီးသည် လက်ဖြင့်စမ်းကာ စုတ်ပြတ်နေ သော ကုရှင်တစ်လုံးကို ထိုးပေးပြီး ပုတီးကို ဆက်စိပ်နေသည်။

"မင်္ဂလာပါ ဆရာကြီး"

သူ့ခြေသံကို ကြားသည်နှင့် အမျိုးသမီးက လှမ်း၍ နှုတ်ဆက်သည်။

"မင်္ဂလာပါ အမေကြီး၊ ဒီနေ့ အမေကြီး နေလို့ ထိုင်လို့ ကောင်းတယ် နော်"

သူ့ထံမှ တစ်ခါမျှ ညည်းတွားသံမကြားဖူးခဲ့။ ယနေ့တွင်မူ ရောဂါ ဝေဒနာခံစားနေရသော မျက်နှာပေါ်မှ ရွှင်လန်းသည့် အမူအရာကြောင့် ကိုဇာစကီး ပို၍ပင် အံ့အားသင့်နေသည်။

အမျိုးသမီးကြီးသည် သူ့ကို အနီးတွင် ထိုင်ရန် လက်ပြ၏။ သူထိုင်မိ သည်နှင့် အမျိုးသမီးသည် သူ့မျက်နှာကိုလက်ဖြင့် စမ်းကြည့်သည်။ "အခု ကတော့ နည်းနည်း အနေရခက်သွားသေးတယ်ဗျာ။ ဒါပေမယ့် နောက်တော့ သူ့အတွေ့အထိဟာ မိခင်အတွေ့လို နူးညံ့တယ်လို့ ထင်လိုက်မိတယ်။ ပုပ်သိုး နေတဲ့ သူ့အသားနဲ့ ထိလိုက်ရတာဟာ ကမ္ဘာကြီးတစ်ခုလုံးရဲ့ အပွေ့အဖက်ကို ခံလိုက်ရသလိုပဲ" ဟု နောင်တွင် ကိုဇာစကီးက ပြောသည်။

"ဆရာကြီးရယ်၊ ကျွန်မကို ဘုရားသခင် မြန်မြန်ခေါ်စေချင်လို့ပြီ၊ မြန်မြန်ခေါ်အောင် ဆုတောင်းပေးပါလား"

"ဘုရားသခင်က အမေကြီးကို မခေါ်သေးဘူးဆိုရင် အမေကြီး ဒီမှာ ရှိနေသင့်သေးလို့ ဖြစ်မှာပေါ့၊ အမေကြီးရယ်၊ ဘာဖြစ်လို့ ခေါ်စေချင်ရတာလဲ"

"ဘုရားက အမေကြီးကို ဒုက္ခဝေဒနာတွေကို ခံဦးဆိုရင်လဲ ခံရမှာပေါ့ လေ၊ အမေကတော့ ဒီပြင်လူတွေရဲ့ ဒုက္ခတွေကိုလဲ မျှဝေပြီး ခံချင်ပါတယ်၊ သူတို့ ဒုက္ခဝေဒနာတွေကို အမေကြီးကို ပေးပါလား၊ သူတို့ကို ကူညီနိုင်အောင် ဘုရားသခင်ဆီမှာ ဆုတောင်းပေးပါနော် ဆရာကြီး"



ကိုဇာစကီးက အဆုတ်နာ စွဲကပ်နေသည့် ကလေးငယ်တစ်ယောက်ထံ ရောက်ခဲ့ကြောင်းကို ပြောပြ၏။ အမေသည် မမြင်ရသော မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်ရင်း တိတ်ဆိတ်စွာ နားထောင်နေသည်။

"သူ့အတွက် အမေဆုတောင်းပေးတယ်ဆိုတာ ပြောလိုက်ပါ ဆရာကြီး ရယ်"

ကိုဇာစကီးသည် သူ့အိတ်ထဲတွင် လက်ကိုင်ပဝါတစ်ထည်ဖြင့် ထုပ်ယူ လာခဲ့သော ချာပါတီကိုထုတ်သည်။ မနက်ဘုရား ရှိခိုးစဉ်က အထွတ်အမြတ် ထား၍ တင်ခဲ့သော မုန့်ဖြစ်သည်။ အမျိုးသမီးကြီးက လှုပ်လှုပ်ရှားရှားဖြစ်သည့် အသံကို နားထောင်ရင်း

"ဆရာကြီး ဘာတွေလုပ်နေတာလဲ"

"အမေကြီးဖို့ ဘုရားသခင်က စွန့်လိုက်တဲ့ ပဏ္ဏာကလေးတွေပါတယ်၊ အမေကြီး လက်ခံပါ"

ကိုဇာစကီးသည် ချာပါတီကို ဖွဲ့၍ သူ့ပါးစပ်ထဲသို့ ခွံ့သည်။ "အာမင်" ဟု အမေက ဆိုသည်။ သူ့မျက်နှာသည် ဝင်းထိန်ကြည်လင်လျက်ရှိ၏။ အခန်းထဲတွင် တိတ်ဆိတ်လျက်။ တဝီဝီ မြည်နေသော ယင်မြည်သံနှင့် အပြင် ဘက်မှ စကားပြောသံတို့ကို ကြားရသည်။ ဓာင်စုတ်ပေါ်တွင် အိပ်နေသည့် ကလေးလေးယောက်လည်း တုတ်တုတ်မျှမလှုပ်။

ကိုဇာစကီးက ပြန်ရန် ထ,သည့်အခါတွင် အမေသည် ပုတီးကို စိပ်လျက်၍ ဆုတောင်းနေသည်။

"ဒုက္ခဝေဒနာကို ခံစားနေရတဲ့ သူတွေ တွေ့ရင် အမေက သူတို့အတွက် ဆုတောင်းပေးတယ်လို့ ပြောလိုက်ပါနော်"

ထိုနေ့ညသို့ ကိုဇာစကီးသည် သူ့နေ့စဉ် မှတ်တမ်းထဲတွင် ဤသို့ရေးသည်။

"အမေရဲ့ ဒုက္ခဝေဒနာဟာ ကားစင်ပေါ်ကို ရောက်နေတဲ့ သခင်ခရစ်တော် ရဲ့ ဝေဒနာနဲ့ အတူတူပဲ။ အမေ့ဆီက ပြန်လာတိုင်း ငါ့မှာ ခွန်အားတွေ တိုးလာရတယ်။ သုခမြို့တော်က ဆင်းရဲသားရပ်ကွက်ထဲမှာ ဘာဖြစ်လို့ ကြည်လင်ချက် ကင်းရမှာလဲ၊ ဘာဖြစ်လို့ စိတ်ပျက်အားငယ်ရမှာလဲ၊ ဒါကြောင့် ဒီနေရာကို သုခမြို့တော်လို့ ခေါ်တာ ထင်ပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com

## ၁၇

ပြည့်တန်ဆာ ခေါင်းဆောင်သည် ပြည့်တန်ဆာမအပေါင်းတို့ကို အုပ်[illegible] သကဲ့သို့ သူသည်လည်း သူ၏ ရာပေါင်းများစွာသော လန်ချားတို့ကို အုပ်[illegible] သည်။ သူ့ကို မည်သူမျှ မမြင်ဖူးကြ။ သို့ရာတွင် လန်ချားသမား ကို[illegible] စားလှယ်များနှင့် ပုလိပ်များသည် လွန်ခဲ့သည့် နှစ်ပေါင်းငါးဆယ်လုံးလုံ[illegible] သူ၏ တန်ခိုးသြဇာအောက်တွင် နေလာခဲ့ကြရသည်။ ထိုသူကား အခြားမဟုတ်[illegible] ကာလကတ္တားမြို့ရှိ လန်ချားအပေါင်းတို့၏ အရှင်သခင်လန်ချား သူဌေးကြီ[illegible] ဗိပင်နာရိန္ဒရာဖြစ်သတည်း။

သူ၏ အုပ်ချုပ်မှုအောက်တွင် လန်ချားဘယ်နှစ်စီးရှိသည်ကို မည်သူမျှ မသိကြ။ ကောလာဟလများအရဆိုလျှင် သူ့ကိုယ်ပိုင် လန်ချား အစီးလေးရာကျ[illegible] တစ်ဝက်ကျော်ကျော်တို့မှာ နံပါတ်မရှိ လိုင်စင်မရှိဘဲ တရားမဝင် ပြေးဆွဲ[illegible] သော လန်ချားများဖြစ်သည်ဟု ဆိုကြသည်။ သို့တိုင်အောင် ကာလီနတ်သမီး[illegible] ဝတ်ကျောင်းအဆင်းတွင် တွေ့လျှင်မူ သူ့ကို သူတောင်းစား ထင်က[illegible] တစ်ပြားတစ်ချပ် စွန့်ကြဲမိကောင်း စွန့်ကြဲမိပေလိမ့်မည်။

သူ့ကိုယ်ပေါ်တွင် ဝတ်ထားသည့် ဘောင်းဘီက ပွယောင်းယောင်း[illegible] ဖိနပ်က နောက်မြီးတိုနေလေပြီ။ အပေါ်ပိုင်းတွင် ဝတ်ထားသည့် ရှပ်အင်္ကျီ ကလည်း အစွန်းအထင်းတွေနှင့်၊ ခြေတစ်ဖက်ဆာနေသဖြင့် ချိုင်းထောက်ကြီး ကလည်း ပါလိုက်သေးသည်။ ထိုအဆင်အပြင်မျိုးဖြင့်ရှိသော နာရိန္ဒရာသည် လန်ချားသူဌေးနှင့် မတူဘဲ သူတောင်းစားတစ်ယောက်နှင့် တူနေသည်။ သူ၏ ခေါင်းပြောင်ကြီးပေါ်တွင် အမြဲဆောင်းထားသည့် ကြက်လျှာစွန်း ဦးထုပ်ကလေးသာလျှင် သားသားနားနားရှိသည်။ သူ့အသက်ကို မည်သူမျှ မသိကြ။ သူကိုယ်တိုင်ပင်လျှင် တိတိကျကျ မပြောနိုင်။ နှစ်နှစ်, သုံးနှစ်ခွာ ပြီး ခန့်မှန်းခြေလောက်ကိုသာ ပြောနိုင်သည်။ အချို့ကလည်း သူ့အသက်သည် ကိုးဆယ်တွင်းသို့ ရောက်နေပြီဟု ပြောကြ၏။ သူ့တစ်သက်တွင် အရက်ဆို၍



[illegible]စက်ကလေးကိုမျှ မသောက်စား။ ဆေးလိပ်ဆို၍ တစ်ဖွာမျှ မရှူမဖူး။ [illegible]သားဆို၍ တစ်ဖဲ့ကိုမျှ မစားစဖူး။ လန်ချားဆွဲသဖြင့် လူပေါင်းများစွာ [illegible]ဆုံးခဲ့ကြပြီး သူကိုယ်ကိုတက် ချမ်းသာလာခဲ့သည့်တိုင် လန်ချားလှည်းသန်ကြား [illegible]သို့ သူတစ်ခါမှ မရောက်စဖူး။

ပြန်တွေးလိုက်လျှင် သူ့ဇာတိဘီဟာနယ်မှ ကာလကတ္တားသို့လာ၍ [illegible]လုပ်လုပ်ရသည့်အချိန်ကို ကောင်းကောင်းမှတ်မိသည်။

“အဲဒီတုန်းက ဥရောပတိုက်မှာ စစ်ကြီးဖြစ်နေတုန်းပေါ့၊ ကာလကတ္တား [illegible]မြို့လုံးမှာလဲ စစ်သားတွေချည်းပဲ၊ တစ်နေ့တစ်နေ့ သင်္ဘောကြီးတွေနဲ့ [illegible]တ်သွားတာကလဲ မနည်းဘူး၊ မိုင်ဒန်ကွင်းထဲမှာ စစ်ရေးပြ အခမ်းအနား [illegible]လုပ်၊ ဘင်ခရာတွေ တီးလို့ တယ်ပျော်စရာကောင်းတာကိုး၊ ကျုပ်မိဘတွေ [illegible]တော့ မြေမဲ့ယာမဲ့ လယ်သမားတွေပါ၊ လယ်ကူလီတွေဆိုပါတော့ဗျာ၊ [illegible]ပ်အဖေနဲ့ အစ်ကိုတွေက မြေပိုင်ရှင်ဆီမှာ စာရင်းငှားလုပ်ကြရတယ်။ [illegible]ဆမမယ့် တစ်နှစ်မှာ လုပ်ချိန်က နည်းနည်းကလေးပါ၊ မသေရုံလောက်ဧး [illegible]တာပါ”

နာရိန္ဒရာက သူ့အကြောင်းကို ပြန်ပြောတတ်သည်။

နာရိန္ဒရာသည် သူတို့ရွာမှ ဘတ်စ်ကားတစ်စီးတွင် စပယ်ယာနောက်လိုက် [illegible]ခဲ့သည်။ သူ့အလုပ်မှာ ကားရပ်သည့်အခါတွင် ခရီးသည်များ အဆင်းအတက် [illegible]ပ်ရန် ကားတံခါးဖွင့်ပေးခြင်း၊ ပစ္စည်းတို့ကိုကူညီတင်ချပေးခြင်းဖြစ်သည်။ [illegible]့အပြင် စပယ်ယာတစ်ယောက်လည်း ရှိသေးသည်။ စပယ်ယာက ခရီးလမ်း [illegible]း‌ကိုလိုက်၍ ကျသင့်သည့် ကားခကို တောင်းရသည်။ ကားရပ်ရန်၊ ကား [illegible]က်ရန်အတွက် ခေါင်းလောင်းကြိုးကလေးကို ဆွဲရသည်။

“အဲဒီတုန်းက စပယ်ယာကို အားကျလိုက်တာ မပြောပါနဲ့တော့၊ [illegible]က်ဆံသိမ်းတော့လဲ သူပဲသိမ်းရတာကိုး၊ အပိုကလေးဘာလေးရရင် သူနဲ့ [illegible]ိုင်ဘာခွဲဝေ ယူကြရသေးတယ်၊ လမ်းမှာ ကားတစ်စီးနဲ့တစ်စီး လုပြီး အပို [illegible]င်လို့ရတာတွေလဲရှိသေးတယ်”

သုံးနှစ်ကြာသည့်အခါတွင် သူတို့ ကားပိုင်ရှင်သည် နောက်ထပ် ဘတ်စ်ကားတစ်စီး ထောင်ပြန်သည်။ ထိုကားတွင် နာရိန္ဒရာသည် စပယ်ယာ [illegible]ထူးကို ရခဲ့၏။ ကာလကတ္တားမြို့ထဲတွင် ဘတ်စ်ကားဖြင့် ခေါက်တုံ့ခေါက်

www.burmeseclassic.com



ပြန် ပြေးရသည်မှာ မိုင်ပေါင်း မရေတွက်နိုင်တော့။ သို့ရာတွင် ထိုစဉ် ကာလကတ္တားသည် ယခုကဲ့သို့ မဟုတ်သေး။ လူတွေကလည်း သည်လော မများသေး။ လမ်းတွေကလည်း သန့်ရှင်းကာ ကောင်းမွန်စွာ ထိန်းသိမ်းပြုပြ ထားသည့် လမ်းများဖြစ်သည်။

“အင်္ဂလိပ်တွေက သိပ်ပြီး စည်းကမ်းရှိတာ၊ အလုပ်မလုပ်ဘဲ အချောင် တဲ့ လူရယ်လို့ မရှိဘူး” ဟု ပြောတတ်သည်။

လန်ချားသည် စ၍ ပေါ်ပေါက်ကတည်းက လူသုံးများခဲ့သည်။ တက္ကစီ မြင်းရထားတို့ထက် ဈေးပေါသောကြောင့်ဖြစ်သည်။ ၁၉၂၀ ခုနှစ် တစ်နေ့တွ မှ နာရိန္ဒရာသည် ကိုယ်ပိုင် လန်ချားနှစ်စီးဝယ်ထောင်သည်။ အသစ်တစ် လျှင် နှစ်ရာလောက်သာ ပေါက်ဈေးရှိ၏။ သို့ရာတွင် နာရိန္ဒရာသည် အသ ကိုမဝယ်။ အဟောင်းနှစ်စီးကို ငါးဆယ်ဖြင့် ဝယ်လိုက်သည်။ ထိုလန်ချားနှ ကို သူတို့ရွာမှ ကာလကတ္တားသို့ ပြေးလာသည့် ရွာသားနှစ်ယောက်ကို အ နိုင်းသည်။ ထို့နောက် နာရိန္ဒရာသည် သူ့ သူဌေးထံမှ ငွေတစ်ထောင်ချေး ရာချေးကာ ဂျပန်လုပ် အသစ်စက်စက် လန်ချားရှစ်စီးဝယ်သည်။ ထိုအချိန် စ၍ နာရိန္ဒရာ စီးပွားဖြစ်လေပြီ။ နောက်နှစ် အနည်းငယ် အကြာ၌ ယခင် “ဘီဟာနယ်သား” ဟု ခေါ်ကြသော နာရိန္ဒရာသည် လန်ချားအစီးသုံးဆ ပိုင်လာခဲ့သည်။ နေ့စဉ်လန်ချားငှားရသောငွေကို စုလာခဲ့ပြီးနောက် ကာလကတ္တ တောင်ပိုင်းရှိ ဘာလီဂန်ဂျီရပ်တွင် မြေတစ်ကွက်ဝယ်သည်။ ထိုမြေပေါ်တွ အိမ်တစ်လုံးဆောက်သည်။ ဘာလီဂန်ဂျီသည် မူဆလင်နှင့် ဟိန္ဒူအလုပ်သမားမျ နေသည့် ဆင်းရဲသားရပ်ကွက်တစ်ခုဖြစ်သည်။ မြေဈေးကလည်း ချိုသည် ထိုအတောအတွင်း နာရိန္ဒရာသည် အိမ်ထောင်ပြုသည်။ သူ့ ဇနီးတွင် ကလေ တစ်ယောက် ကိုယ်ဝန်ရှိတိုင်း အိမ်ကိုနောက်ထပ် အခန်းတစ်ခန်း တိုးချဲ့သည် ယခုအချိန်တွင်မူ နာရိန္ဒရာ၏ အိမ်ကြီးသည် လေးထပ်တိုက်ကြီးဖြစ်နေပြ ထိုရပ်ကွက်ထဲတွင် အကြီးဆုံး၊ အမြင့်ဆုံးအိမ်ကြီးတစ်အိမ်ဖြစ်နေလေပြီ သူ့တွင် သားသုံးယောက်၊ သမီးခြောက်ယောက်နှင့် သားသမီး စုစုပေါ ကိုးယောက်ရှိခဲ့လေပြီ။

နာရိန္ဒရာသည်အလုပ်ကြိုးစားသူတစ်ယောက်ဖြစ်၏။ နှစ်ပေါင်း နှစ်ဆ ငါးနှစ်လုံးလုံး သူသည် မနက်ငါးနာရီအိပ်ရာမှထသည်။ ဘိုင်စကယ် ကလေး စီးကာ လန်ချားဆိပ်သို့လာပြီး သူ့လန်ချား ငှားခများကို ကောက်သည်။



“ကျုပ်က စာလဲ မရေးတတ်ဘူး၊ ဖတ်လဲ မဖတ်တတ်ဘူး၊ ဒါပေမယ့် န်းတော့ ပေါင်းတတ်တယ်၊ ကျုပ်ရစရာရှိတဲ့ ပိုက်ဆံကို တစ်ပြားမှ ပေးဘူး” ဟု သူဂုဏ်ယူစွာ ပြောတတ်သည်။

သူ့သားတွေ အရွယ်ရောက်လာသည့်အခါတွင် နာရိန္ဒရာသည် လုပ်ငန်းကို ခဲ့သည်။ သားအကြီးကို သူနှင့်အတူခေါ်ပြီး လန်ချားလုပ်ငန်းတွင် ိုင်းသည်။ ယခုအချိန်၌ လန်ချားအစီးပေါင်း သုံးရာကျော်နေလေပြီ။ ယသားကို မီးရထားဌာနသို့ သွင်းရန်အတွက် မူလီလုပ်သည့် အလုပ်ရုံ ခုထောင်ပေးသည်။ တတိယသားကို ဘတ်စ်ကားထောင်ပေးကာ ဒါလဟိုစီ န်းခြံမှ မြို့စွန်ဂါရီယားရပ်ကွက်သို့ ပြေးသည့်လိုင်းတွင် သွင်းပေးထားသည်။ တ်စ်ကားလိုင်းမှာ အလွန်လူစီးများ၍ ဝင်ငွေကောင်းသည့်အတွက် ထိုလိုင်း ရန် မြူနီစပယ်မှ ဘာဘူတစ်ယောက်ကို လာဘ်ကောင်းကောင်းထိုးခဲ့ရ သည်။ သမီးသုံးယောက်ကိုလည်း အိမ်ထောင်ချပေးခဲ့ပြီးပြီ။ သူတို့ရသည့် မ်ထောင်များကလည်း ဟန်ကျပန်ကျတွေချည်းဖြစ်သည်။ နာရိန္ဒရာသည် ားသမီး ကံကောင်းသည်ဟု ဆိုရမည်။ သမီးအကြီးမှာ ဒုတိယ ဗိုလ်မှူးကြီး တော်၊ ဒုတိယသမီးမှာ ရေတပ်ဗိုလ်မှူးကတော်၊ နောက်နှစ်ယောက်မှာ ပ်ငန်းပိုင်ရှင်ကြီးများ၏ ဇနီး၊ နောက်တစ်ယောက်မှာ မြေပိုင်ရှင်တစ်ဦး၏ နီးဖြစ်ပြီး၊ အငယ်ဆုံးသမီးမှာ ဘင်္ဂလားပြည်နယ် အစိုးရထံတွင် လုပ်နေသည့် ဂျင်နီယာကတော်ဖြစ်နေသည်။ ချုပ်၍ ပြောရလျှင် ဘီဟာနယ်မှ လက်ချည်း င်းသက် လာခဲ့သည့် လယ်ကူလီတစ်ယောက်၏ သားသမီးများသည် “အကောင်” တွေချည်းဖြစ်နေပြီဟု ဆိုရလိမ့်မည်။

သို့ရာတွင် ဘဝဆည်းဆာရောက်လာသည့် အချိန်တွင်မူ နာရိန္ဒရာသည် ငယ်တုန်းကလို ထက်သန်မှုတို့ မရှိတော့။

“အရောင်းအဝယ် လုပ်ငန်းကလဲ အရင်ကလို လုပ်လို့ မကောင်းတော့ပါ ဗျာ၊ ခုခေတ်မှာ ပိုက်ဆံရှာရတာက ကျီးလန့်စာ စားနေရသလိုပါ။ ပိုက် ရှာတာ၊ အောင်မြင်တာ၊ စီးပွားဖြစ်တာတွေဟာ ရာဇဝတ်မှုဖြစ်နေပြီ။ လာတဲ့ အစိုးရတွေကလဲ ချမ်းသာတဲ့ လူတွေကိုပဲ မျက်စောင်းထိုးနေပြီ။ သာတဲ့ လူဆိုရင် သိပ်သဘောမကျချင်ကြဘူး။ လူမွဲပြောင်၊ လူပြောင်ခဲ့ တာ ဒီခေတ်မျိုးပေါ့။ တခြားမကြည့်နဲ့ ကျုပ်တို့ ဘင်္ဂလားနယ်ကိုပဲကြည့်လေ၊ ချက်တော်ထဲမှာ ကွန်မြူနစ်တွေ အာဏာရလာတော့ ပုဂ္ဂလိကပစ္စည်းတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်လို့ ကန့်သတ်ဥပဒေတွေ ဘာတွေ ထုတ်တယ်။ လန်ချားပိုင်ရှင်... ရင်လဲ ဆယ်စီးထက်ပိုပြီး မပိုင်ရဘူးတဲ့၊ ကြည့်ပါဦးဗျာ၊ လန်ချားကလေးဆယ်... ပိုင်ရုံနဲ့ ဘယ်နှယ်လုပ်ပြီး ထမင်းစားလောက်မှာလဲ။ လန်ချားတွေကို ပြင်ရ... တယ်။ တိုက်မှုတို့ ဘာတို့ဖြစ်ရင် လျော်ကြေးပေးရတာတွေ ရှိသေးတယ်... ဒီတော့ ကိုယ်လဲ ကိုယ့်စီးပွားရေးကို ကိုယ်ပြန်ကြည့်ရတာပေါ့။ ဒီတော့ ကျ... ဘာလုပ်သလဲ၊ လယ်ပိုင်ရှင်တွေလိုလုပ်တယ်၊ လယ်ပိုင်ရှင်တွေမှာ တစ်ယောက်... ကေလေးဆယ်ထက်ပိုပြီး မပိုင်ရဘူးလို့ ပြဋ္ဌာန်းလိုက်တော့ ဆွေမျိုးသားချင်းတွေ... နာမည်နဲ့ ဦးပိုင်ပြောင်းလျှောက်ကြသလိုပေါ့၊ ကျုပ်လဲ လူတစ်ယောက်... လန်ချားဆယ်စီးထက်ပိုပြီး မပိုင်ရဘူးလို့ဆိုတော့ ကျုပ်သားသမီးကိုးယောက်... နာမည်၊ မြေးနှစ်ဆယ့်နှစ်ယောက် နာမည်နဲ့ ပြောင်းထားရတော့တာပေါ့... ကျန်တာတွေကိုလဲ ကျုပ်တူတွေ နာမည်တွေနဲ့ ထားရတာပေါ့။ ဒီတော့... တရားဝင်ကြည့်လိုက်ရင် ကျုပ်လန်ချား သုံးရာလေးဆယ့်ခြောက်စီးဟာ ပိုင်ရှ... သုံးဆယ့်ငါးယောက် နာမည်နဲ့ စာရင်းပေါက်နေတာပေါ့"

စင်စစ်တွင်မူ ထိုလန်ချားတပ်ကြီး တစ်တပ်လုံးသည် နာရိန္ဒရာ၏ ပစ္စည်းများသာဖြစ်၏။

လန်ချားသူဌေးကြီး နာရိန္ဒရာ၏ မျက်နှာကို လန်ချားသမားတိုင်း... မြင်ဖူးကြသည်မဟုတ်။ အချို့ကဆိုလျှင် လူကို မြင်ဖူးသည့်တိုင် သူမှန်းမသိ... ကြ။ သူကိုယ်တိုင် လန်ချားငှားခတို့ကို လိုက်၍ မတောင်းသည်မှာ ဆယ်နှစ်... လောက်ရှိပြီ။

"ခုတော့ ကျုပ်လဲ အဘိုးအိုကြီးဖြစ်ပြီလေ၊ တောင်ဝေးကိုင်နေရပြီ... သေခါနီးမှာ ဒါတွေ သိပ်မလုပ်ချင်တော့ဘူး။ အေးအေးဆေးဆေးပဲ နေချင်... တော့တယ်။ ဒါပေမယ့် ကျုပ်လိပ်ပြာသန့်ပါတယ်။ ကျုပ်လန်ချားသမားတွေ... အပေါ်မှာ တစ်သက်လုံး ကြင်ကြင်နာနာ သဘောထားကြီးကြီး ဆက်ဆံခဲ့တာ... ချည်းပဲ။ တကယ်လို့ လန်ချားသမား တစ်ယောက် လန်ချားငှားခပေးစရာမရှိဘူး... ဆိုရင် တစ်ရက်နှစ်ရက်ကို အကြွေးထားလိုက်တာချည်းပဲ။ ဒါပေမယ့် ထုံးစံ... အတိုင်း အတိုးကလေး ဘာလေးတော့ ယူတာပေါ့ဗျာ။ အတိုးဆိုပေမယ့်... သိပ်မများပါဘူး။ အတိုးက တစ်နေ့ကို နှစ်ဆယ့်ငါး ရာခိုင်နှုန်းပဲရှိပါတယ်... တကယ်လို့ လန်ချားသမားတစ်ယောက်ယောက် နေထိုင်မကောင်းဖြစ်တယ်... တိုက်မှုတို့ဘာတို့ဖြစ်လို့ ဒဏ်ရာရတယ်ဆိုရင်လဲ ကျုပ်ပဲ ငွေကြိုတင်စိုက်ထုတ်ပြီး



...သူ့ကို ဆေးရုံတို့ ဘာတို့ပို့၊ ဆေးဖိုးဝါးခတို့ ဘာတို့ကို ထုတ်ပေးရတာပဲမဟုတ်...။ ပြန်ကျန်းမာလာလို့ လန်ချားပြန်ဆွဲတဲ့အခါကျတော့ သူ့ကို ငှားတဲ့ ...ချားငှားခကို ပိုတင်ရတာပေါ့။ ဒါမှ ကျုပ်ကြိုတင်စိုက်ထားရတဲ့ ကြွေးကျေ...ကိုး။ ခုတော့ ဒါတွေကို ကျုပ်ကိုယ်တိုင် မကြည့်တော့ပါဘူး။ ကျုပ် ...ကိုယ်စားလှယ်ကပဲ ကြည့်ပါတော့တယ်။ ခုခေတ်မှာ လန်ချားသမားတွေကလည်း ...ရင်ကလို လူရိုးလူကောင်းရယ်လို့ သိပ်မရှိတော့ဘူးလေ၊ ပိုင်ရှင်ဆီက ...ခွင့်အရေး တောင်းဖို့လောက်ပဲ နားလည်ကြတော့တယ်။ ပြီးတော့ သူတို့ ...ကိုယ်ပိုင်လန်ချား ထောင်ချင်ကြသတဲ့။ ဒါကြောင့် သူတို့မှာ လန်ချားသမဂ္ဂ ...ဆိုလား ဘာလားဖွဲ့ထားတယ် ထင်ပါရဲ့။ တစ်ခါတလေလဲ တောင်းဆိုချက် ...ရင် သပိတ်မှောက်တတ်သေးတယ်။ အင်း... လောကကြီးက ဇောက်ထိုး ...ပြောင်းပြန် ဖြစ်နေပြီကိုး။ ဒီတော့ ကျုပ်မှာလဲ ကိုယ့်အခွင့်အရေးကို ကာကွယ်ဖို့ ...အတွက် အသင်းအပင်းတို့ ဘာတို့ ဖွဲ့ရတော့တာပေါ့။ ကျုပ်တို့မှာ ဘင်္ဂလားနယ် ...ဆိုင်ရာ လန်ချားပိုင်ရှင်များအသင်းဆိုပြီး ဖွဲ့ထားတယ်။ ပြီးတော့ ကျုပ်တို့ ...ခွင့်အရေးတွေကို ကာကွယ်ဖို့ လူမိုက်တို့ ဘာတို့ကိုလဲ မွေးထားရတယ်။ ...ပြင်နည်းလမ်းမရှိတော့ဘူးလေ။ အစိုးရကလဲ အားအားရှိရင် လန်ချားသမား ...ကို မြှောက်ပေးပြီး ကျုပ်တို့ကို အတိုက်ခိုင်းနေတာကိုး။ သူတို့ကတော့ ...တန်းစားတိုက်ပွဲတဲ့လေ။ ပြီးတော့ သူတို့ ခေါင်းဆောင်တွေကလဲ လန်ချားကို ...ဖျက်ချင်နေကြတယ်။ လန်ချားဆွဲတာဟာ လူလူချင်း သွေးစုပ်တာတဲ့၊ ...ဂုဏ်သိက္ခာကို စော်ကားတာတဲ့၊ လူတွေကို မြင်းလို နွားလို ခိုင်းတာတဲ့၊ ...လကားဟာတွေပါဗျာ၊ အော်စမ်းပါစေ။ သူတို့ ပြောတဲ့ လူ့ဂုဏ်သိက္ခာတို့ ...တို့ဆိုတာတွေ အကြောင်းကို ပါးစပ်က အမြှုပ်ထွက်အောင် ပြောစမ်းပါစေ။ ...တို့လျှာထွက်သေရုံပေါ့၊ ဘယ်နှယ်ဗျာ ကာလကတ္တားမြို့ကြီးမှာ လန်ချားကို ...ဖျက်လိုက်ရင် လူပေါင်း တစ်သိန်းလောက်ကို သူတို့ ဘယ့်နှယ်လုပ်ပြီး ...လုပ်ပေးမှာလဲ၊ ဒီလူတစ်သိန်း အလုပ်လက်မဲ့ ဖြစ်သွားရင် လူကိုးသိန်းလောက် ...ငတ်ကြတော့မှာကိုတော့ သူတို့ မကြည့်ဘူး။ ဒါဟာ သာမန်စဉ်းစားဉာဏ်နဲ့ ...စားလိုက်ရင် ရပါတယ်။ တစ်ခုတော့ရှိတယ်လေ၊ နိုင်ငံရေးနဲ့ သာမန်စဉ်းစား ...ဉာဏ်ဟာ နွားမတစ်ကောင်တည်းရဲ့ နို့အုံမှမဟုတ်ဘဲကိုး။ ဒီတော့ ကျုပ်တို့လဲ ...နှုန်းမှာ တတ်နိုင်သလောက် စီးပွားရှာရတာပဲ"

ညနေမိုးချုပ်၍ သူ့ကိုယ်စားလှယ်က တစ်နေ့တာ လန်ချားငှားခကို ...လာသည်နှင့် လောကကြီးသည် ဘာမှ ပြောင်းလဲခြင်း မရှိသေးကြောင်း

www.burmeseclassic.com



နာရီနှံရာသိရသည်။ နာရီနှံရာသည် ဘဝဆည်းဆာချိန်သို့ ရောက်နေသည့်တိ
သူ့ကိုယ်စားလှယ်၏ ရုပ်အင်္ကျီအိတ်ထဲတွင် ပိုက်ဆံတွေ ဖောင်းပြည့်လာသည်
မြင်ရလျှင် ကျေနပ်သည်။

"နိဗ္ဗာန်ဆိုတာ ချမ်းသာသုခကို ရတဲ့နေရာတဲ့။ ရှေးက အရိယာပုဂ္ဂိ
တွေ ပြောဖူးတယ်။ ကျုပ်အဖို့တော့ အခု အသက်ကြီးဆယ်ကျော်မှာ ည
မိုးချုပ်လို့ ကာလကတ္တားမြို့ လမ်းမကြီးတွေပေါ်မှာ ပြေးလွှားနေတဲ့ ကျုပ်လန်ချ
သုံးရာ လေးဆယ့်ခြောက်စီးကရလာတဲ့ ငွေဒင်္ဂါးတွေကို ရေနိုင်နေသေး
သုခဘုံပဲ ဗျ"

၁၈

နောက်တစ်နေ့တွင် ဟာစရီပါးသည် ချိန်းထားသည့်အတိုင်း ပန်းခြံအဝို
ကြီးနားက လန်ချားဆိပ်သို့လာခဲ့၏။ သို့ရာတွင် သူ့မိတ်ဆွေ လန်ချားသမ
ရမ်ကျွန်ကို မတွေ့ရ။ ထိုနေရာမှာပင် စောင့်မည်ဟု ဟာစရီပါး စိတ်ကူ
သည်။

"ငါ့အဖို့တော့ သူ့ပဲ အားကိုးရတော့မှာပဲ၊ ဒီငရဲပြည်ကြီးထဲမှာ အားထ
စရာဆိုလို့ သူတစ်ယောက်ပဲရှိတယ်၊ ညနေထိအောင် စောင့်ဆိုလဲ စောင့်ရမှာ
ဒီညကုန်လို့ မနက်လင်းသည်အထိ စောင့်ဆိုလဲ စောင့်ရမှာပဲ" ဟု ဟာစရီပါ
တွေးသည်။

မွန်းလွဲပိုင်းလောက်တွင် ရမ်ကျွန် ရောက်လာသည်။ သူ့တွင် လန်ချာ
ပါမလာတော့။ ကြည့်ရသည်ကလဲ စိတ်ပျက်လက်ပျက်ဖြစ်နေပုံရသည်။

"ငါ့လန်ချားကိုတော့ ဖမ်းသွားပြီကွာ၊ မနေ့ညက မင်းတင်ပေးလိုက်တဲ့
အဘွားကြီးကို လိုက်ပို့လိုက်ပြီးတော့ အိမ်ကို ပြန်လာတယ်၊ မိုးတော
ချုပ်နေပြီပေါ့ကွာ။ လမ်းရောက်တော့ ပုလိပ်ကဆီးပြီး မင်းလန်ချားမှ
မီးမပါဘူးတဲ့၊ ငါကလဲ တောင်းပန်ပါသေးတယ်၊ မနက်ကထွက်လာလ



အိမ်မေ့ခဲ့လို့ပါဆိုပြီး တောင်းပန်တာပဲ၊ ဒါပေမယ့် မရဘူးကွာ၊ ထုံးစံအတိုင်း
အစီအစဉ်လုပ်ပါတဲ့"

"ထုံးစံအတိုင်း အစီအစဉ်လုပ်ပါဆိုတာ ဘာလဲဗျာ"

"သူ့ကို ဆယ့်ငါးကျပ် ပေးရမှာတဲ့၊ ဆယ့်ငါးကျပ်မပေးရင် ဖမ်းမယ်တဲ့၊
ဆယ့်ငါးကျပ် မရှိလို့ပါဗျာ၊ ပါတာကလေးနဲ့ပဲ ကျေနပ်ပါဆိုတော့ မရဘူးဆို
ဂါတ်တဲကိုခေါ်သွားတယ်ကွာ၊ ဟိုရောက်တော့ လန်ချားကို သိမ်းထားလိုက်
မနက်ဖြန်ကျရင် ပုလိပ်ရုံးကြီးကို လာအမှုဆိုင်လှည့်ဆိုပြီး ပြန်လွှတ်လိုက်
ယ်၊ ဒဏ်ငွေသုံးဆယ်တော့ အေးအေးကလေးပဲ"

ရမ်ကျွန်လက်တွင် ညှပ်ထားသည့် ဗီဒီဆေးလိပ်တိုကို လက်ခုပ်ဖြင့်
ခံ၍ ရှူလိုက်ပြီးနောက်...

"လာကွာ... တစ်ခုခု သွားစားချေရအောင်။ ဗိုက်ကလေး ဘာလေး
ပြည့်သွားတော့ ဒုက္ခကို နည်းနည်းပါးပါး ခံနိုင်တာပေါ့"

ရမ်ကျွန်က ဒုရ်ဂါလမ်းရှိ အပေါစား ထမင်းဆိုင်တစ်ဆိုင်သို့ ခေါ်သွား၏။
ထိုနေရာမှာ ရမ်ကျွန်စားသောက်နေကျဆိုင်ဖြစ်သည်။ ဆိုင်ကလေးက ကျဉ်းကျဉ်း
ကလေး။ ကျောက်ဖြူခင်းထားသည့် စားပွဲငါးလုံးသာဆံ့သည်။ မှုဆလင်
အသားဝင် ဆိုင်ပိုင်ရှင်သည် အပေါ်ပိုင်း ဟာလာဟင်းလင်းဖြင့် ဟင်းအိုးများ
နောက်တွင် ရပ်နေသည်။ သူ့နောက်ဘက်နံရံတွင် မက္ကာရှိ ကျောက်တုံးနက်ကို
ထားသည့် ပုံတူတစ်ခု ချိတ်ထားသည်။ စားပွဲတိုင်းတွင် ဆားပန်းကန်
ပန်းကန်နှင့် ရေတ်သီးမှုန့်တစ်ပန်းကန်စီ ချထား၏။ မျက်နှာကြက်မှ
ကာအိုကြီးသည် အားကုန်၍ ပြုတ်ကျတော့မည့်နှယ်တအိအိလည်လျက်ရှိ၏။
ပြုတ်ကြော်လှော်သည့် အနံ့ကမွှန်ထူလျက်။ သူငယ်ကလေး တစ်ယောက်က
တို့အတွက် ထမင်းပန်းကန်နှင့် ပဲဟင်းတစ်ပန်းကန်စီ လာချပေးသည်။
တို့နှစ်ယောက်သည် ထမင်းပန်းကန်ထဲသို့ ပဲဟင်းကိုလောင်းချကာ တိတ်ဆိတ်
စားနေကြသည်။ ဟာစရီပါးအဖို့ကား ပွဲတော်ကြီးပေတည်း။ ကာလကတ္တားသို့
ရောက်ပြီးနောက် ပထမဆုံးအကြိမ် ထမင်းစားရခြင်းပေတည်း။ ထမင်းစားပြီး
သွားသည့်အခါ ရမ်ကျွန်သည် ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိသွားဟန်တူ၏။

"ကာလကတ္တားမြို့ကြီး ဒီလောက် ချမ်းသာနေတာပဲကွာ၊ လူတိုင်းအတွက်
စရာတော့ ရှိတာပေါ့၊ တကယ်ပါကွာ၊ မယုံမရှိနဲ့၊ အေး... မင်းကတော့

www.burmeseclassic.com

www.burmeseclassic.com



တောသားလိုပဲ တွေးနေသေးတာကိုးကွ၊ နည်းနည်းနေသားကျသွားတော့ မင်းလဲ ကာလကတ္တားဝါလားဖြစ်ပြီး လူရည်လည်လာမှာပါ"

ရမ်ကျွန် စားပွဲပေါ်သို့ ငွေသုံးကျပ် တင်ထားခဲ့၏။ သူတို့ နှစ်ယောက်သည် ဆေးရုံသို့ ထွက်လာခဲ့ကြသည်။ ဓာတ်ရထား လမ်းမကြီးအတိုင်း လျှောက်လာခဲ့ကြရာ ခဏကြာလျှင် ဆီလဒါး ဘူတာရုံကြီးသို့ ရောက်လာခဲ့ကြသည်။ ဘူတာရုံအလွန် ဈေးထဲသို့ဝင်ပြီး ဆေးရုံတက်နေသည့် လူမမာကို ပေးရန် လိမ္မော်သီးနှင့် ငှက်ပျောသီးတွေ ဝယ်ခဲ့ကြသည်။

ဆေးရုံရှေ့က လူအုပ်ကြီးမှာ မနေ့ကထက်ပင် များသေးသည်။

"ဆေးရုံထဲဝင်မလို့ တန်းစီနေကြတာလေ။ အပြင်နဲ့ အတွင်းနဲ့ ဆေး ပြောနေကြတာကလဲ ညံနေတာပဲဗျ။ မနေ့က ကျွန်တော်တို့ လူနာသွားပို့ အရေးပေါ်ခန်းနားရောက်တော့ ကြက်ခြေနီတံဆိပ်ရေးထားတဲ့ သူနာတင် ကားကြီးက အတင်းမောင်းဝင်လာတာဗျ၊ ကံကောင်းလို့ လူတွေဝင်တိုက်မိတော့ မလို့၊ လူအုပ်ကြီးက စိတ်ဆိုးပြီး ဒရိုင်ဘာကို ဝိုင်းရိုက်မယ်လုပ်တော့ ဒရိုင်ဘာလဲ အတင်းထွက်ပြေးတယ်၊ မိများမိရင် ဆုတ်ဖြဲပစ်ကြမလား မပြောတတ်ဘူး၊ ကားနောက်ခန်းထဲမှာတော့ လူနာတွေ တစ်ပုံကြီးဗျ၊ သွေးတွေ ကလဲ ရဲနေတာပဲ၊ မီးလောင်ထားတာလား ဘာလား မသိဘူး၊ ခြေသလုံးတွေ ဆိုရင်လဲ အသားနီတွေလန်ပြီး စုတ်ပြဲတ်လို့၊ တကယ့် အနိဋ္ဌာရုံတွေချည်းပါပဲ ဗျာ၊ ဒါပေမယ့် ကျွန်တော်တို့ ရောက်နေတာ ဆေးရုံလေ၊ လယ်ကွင်းထဲ ရောက်နေတာမှ မဟုတ်တာ၊ ဆေးရုံထောင့် တစ်ထောင့်မှာ သံချေးတက်ပြီး မှန်တွေကွဲနေတဲ့ သူနာတင်ကား အပျက်တွေရှိတယ်၊ ကားဘော်ဒီမှာ ရေးထားတဲ့ ကြက်ခြေနီက ကောင်းကောင်းတောင် မပေါ်တော့ဘူး၊ ဆေးရောင်တွေ ပြယ်နေပြီ၊ အဲဒီမှာ ကိုယ်ရေရောဂါသည်တွေ အိုးအိမ်လုပ်နေကြတယ်။

"ကျွန်တော်တို့နှစ်ယောက်လဲ ဆေးရုံစင်္ကြံတွေမှာ လျှောက်ပြီး ကျွန်တော် တို့ မိဘတွေကို လိုက်ရှာကြတယ်၊ သူနာပြုဆရာမတစ်ယောက်ကို မေးတော့ အခန်းတစ်ခန်းကို ညွှန်လိုက်တယ်ဗျ၊ ကြည့်ရတာက သူနာပြု ဆရာမကြီးတစ် ယောက်နဲ့ တူတာပဲ၊ ခါးမှာ ခါးပတ်အပြားကြီးပတ်ထားပြီး သော့တွဲကြီးတွေလဲ ချိတ်ထားတယ်၊ ပခုံးမှာလဲ တံဆိပ်တွေနဲ့၊ သူ့ကြည့်ရတာကိုက ကြောက်စရာကြီး ကျွန်တော်တို့ သောတစ်ဖက်တစ်ချက် အခန်းတွေမှာလဲ ဆေးရုံအမှုထမ်းတွေ ထင်ပါရဲ့၊ တချို့က စာရေးလို့၊ တချို့က စကားပြောလို့၊ တချို့က



ဖက်ဖက်ရည်သောက်လို့၊ သူတို့ရှေ့က စားပွဲတွေပေါ်မှာလဲ ကြိုးနီကလေးတွေ ချည်ထားတဲ့ စာရွက်တွေက တောင်ပုံရာပုံပဲ။ တချို့ စာရွက်တွေကတော့ စားပွဲတွေပေါ်မှာ ရောက်နေတာကြာပြီထင်တယ်၊ စာရွက်တွေက ဟောင်း ပြီး ကျင့်ပြီး ခြေကျတော့မလား ထင်ရတယ်။ တချို့လဲ ကြွက်ကိုက်ထားလို့ စာရွက်တွေ စုတ်ပြဲတ်နေပြီ၊ ကြွက်ဆိုလို့ ပြေးလွှားနေတာကို မြင်ရတယ်၊ ကြွက်တွေကတော့ ဗိုက်ကျနေတာပေါ့ဗျာ၊ တစ်ခါတလေတော့ ကြွက်တွေက လူနာတွေ၊ ဒဏ်ရာရနေတဲ့ လူတွေ အိပ်ပျော်နေတုန်း ဝင်ပြီး ကိုက်တယ်ဆိုကိုး၊ မိတ္တူနှက ပြောတယ်။ မိန်းမကြီး တစ်ယောက်ဆိုရင် အိပ်ပျော်နေတုန်း ဘက်နဲ့ခြေကို ကြွက်တွေ တက်ကိုက်သွားလို့ ကိုယ်တစ်ပိုင်းတောင် သေသွား တယ်၊

"ခွဲစိတ်ပြီးတဲ့ လူနာတွေကို ထားတဲ့ အခန်းနား ရောက်တော့ မိတ္တူနှက အမျိုးသား သူနာပြု လက်ထဲကို ငါးကျပ်တန်တစ်ရွက် ထည့်လိုက် တယ်၊ အခန်းကြီးက အကျယ်ကြီးဗျ၊ ပြတင်းပေါက်ကြီးတွေကလဲ အမြင့်ကြီး တွေ၊ မျက်နှာကြက်မှာလဲ ပန်ကာတွေ တပ်ထားတယ်၊ အခန်းထဲမှာ သံသိပ်ထည့်ထားတာ ခုတင်အလုံး ငါးဆယ်ကျော်လောက် ရှိလိမ့်မယ် ထင်တယ်၊ ခုတင်တိုင်းလိုလိုပဲ ခေါင်းရင်းမှာ တိုင်ကလေးတွေ ထောင်ထားပြီး ပုလင်းတွေ ချိတ်ထားတယ်။ အဲဒီပုလင်းထဲက ဆေးရည်တွေကို ပိုက်ကလေးနဲ့ သွယ်ပြီး လူနာတွေရဲ့ လက်မောင်းမှာ စိုက်ထားတယ်၊ တချို့ပုလင်းတွေမှာတော့ ဆားလိုပဲကြည်လို့ တချို့ပုလင်းတွေမှာတော့ သွေးပုလင်းတွေ ထင်တာပဲ၊ ဟို ကိုယ့်သားသမီးတွေကို ကျွေးဖို့ သွေးကို ဖောက်ရောင်းခဲ့ရတဲ့ ကျွန်တော့်လို ဆင်းရဲသားတွေရဲ့ သွေးတွေပဲ ဖြစ်မှာပေါ့၊ ကျွန်တော်တို့လဲ ခုတင်တွေကြား လျှောက်ပြီး ကျွန်တော်တို့ မိတ်ဆွေကို လိုက်ရှာကြတယ်၊ ကြည့်ရတာကတော့ သိမ်ချမ်းသာစရာပဲဗျာ၊ အဘိုးကြီးတစ်ယောက်ဆိုရင် ခေါင်းကနေ ခြေဖျားအထိ တစ်ကိုယ်လုံး ပလာစတာတွေ ကိုင်ထားတယ်၊ သူ့မျက်နှာ ကွယ်ကွက်ကလေး ပဲ မြင်ရတော့တယ်။ သူနာပြု ဆရာမတွေက အရောင်မျိုးစုံရှိတဲ့ ပုလင်းမျိုးစုံ တွေ၊ ဂွမ်းတွေ၊ ပတ်တီးတွေ၊ ကိရိယာတွေ တင်ထားတဲ့ လှည်းကလေးတွေကို တွန်းပြီး ခုတင်တစ်ခုက တစ်ခုဆီ သွားနေကြတယ်။ ဒီလိုအလုပ်မျိုးကို လုပ်နိုင်တဲ့ မိန်းမတွေဟာ တော်တော်စိတ်ကောင်း နှလုံးကောင်းရှိတဲ့ မိန်းမတွေ ဖြစ်မှာပဲနော်၊ တချို့လူမမာတွေက သူတို့ ဆာရီတွေကို ဆွဲထားကြတယ်။ တချို့လူနာကျတော့လဲ သူတို့ကို အော်ဟစ်ဆဲဆို မောင်းထုတ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကြိုးပုခက်ကလေးတစ်လုံးပေါ်မှာ ကျွန်တော်တို့ မိတ်ဆွေကို သွား တွေ့ရတယ်။ ကြိုးပုခက်ပေါ် ရောက်နေတာကတော့ တခြားကြောင့် မဟုတ်ပါဘူး။ အခန်းထဲမှာ လူနာထားဖို့ သံခုတင်မရှိတော့လို့ပါ။ သူလဲ ကျွန်တော်တို့ မြင်တော့ ဝမ်းသာနေတယ်။ သူ့ခြေထောက်က သိပ်နာတာပဲတဲ့။ သူ့မျက်လုံး လဲ မျက်ရည်တွေဝဲလို့။ ဝဲမှာပေါ့လေ။ သူ့ခြေထောက်ဖြတ်ပစ် လိုက်ရတာ သူလဲ ဒီလောက်ဆို သိလောက်ရောပေါ့။ ရမ်ကျွန့က ပါလာတဲ့ သစ်သီးလေးတွေ ကို ထုတ်ပေးတယ်။ သူက ပြုံးပြီးတော့ လိမ္မော်သီးတစ်လုံးကိုယူပြီး သူ့ ခုတင်ချင်းကပ်လျက်မှာနေတဲ့ သူငယ်ကလေးတစ်ယောက်ကို အပေးခိုင်းတယ်။ သူငယ်ကလေးကလဲ တစ်ကိုယ်လုံး ပတ်တီးတွေ ဖွေးနေတာပဲ။ ရေနွေး မီးဖိုပေါ်က်ပြီး မီးလောင်တာတဲ့။ ကောင်လေးက ကောင်းကောင်းတောင် မညည်းနိုင်တော့ဘူး။ ယဲ့ယဲ့ပဲ အသံထွက်နိုင်တော့တယ်။ ကျွန်တော်က သူအပေးခိုင်းလိုက်တဲ့ လိမ္မော်သီးကို အခွံနွှာပြီး ကောင်လေး ပါးစပ်နား တေ့ပေးတယ်။ ကောင်လေး ပါးစပ်ဟပြီး စားတယ်။ ဒါပေမယ့် စားလို့မ စားတယ်။ သူ့ခမျာ ကောင်းကောင်းတောင် မမျိုနိုင်ရှာပါဘူး။ ကောင်လေးက ကျွန်တော့်သား ရှမ်ဘူးနဲ့ဆိုရင် ရွယ်တူလောက်ပဲ ရှိဦးမယ်။

"ကျွန်တော်တို့ မိတ်ဆွေကို ကြည့်ရတာလဲ တော်တော်လေး ကြည့်ရဆိုးနေပြီ။ မုတ်ဆိတ်တွေလဲ ရှည်လို့၊ မျက်လုံးတွေကလဲ အထဲ ချိုင့်ဝင်နေတယ်။ သူ့မျက်နှာကိုကြည့်လိုက်တော့လဲ တော်တော့်ကို စိတ်ဓာတ် ကျပြီး အားငယ်နေတဲ့ပုံမျိုး။ ကျွန်တော်နဲ့ ရမ်ကျွန့တို့ကလဲ အားပေးပါတယ် ဘာမှ အားမငယ်နဲ့ပေါ့။ ကျွန်တော်တို့နှစ်ယောက် မကြာမကြာလာပြီး ကြည့်မယ်ပေါ့။ ကာလကတ္တားမှာ သူ့ကိုလာကြည့်မယ့်လူ ဆိုလို့ တစ်ယောက် မှ မရှိဘူးလေ။ ကျွန်တော်တို့ပဲ ဆွေမျိုးသားချင်းလို ဖြစ်နေပြီလေ။ ရမ်ကျွန့တို့ လူမျိုးကို ဆွေမျိုးသားချင်းတော်ရတာတော့ မပြောတတ်ဘူး။ ကျွန်တော်တို့ ကောင်ကို ဆွေမျိုးသားချင်းတော်ရလို့ကတော့ ဘာမှ ထူးမှာ မဟုတ်ပါဘူး။ ကျွန်တော်က ဘာတတ်နိုင်တဲ့ ကောင်မှတ်လို့။ ကိုယ့်ဘာသာကိုယ်မှ အနိုင်နိုင် နိုင်ရယ်။

"ကျွန်တော်တို့လဲ သူနဲ့ အတန်ကြာ ထိုင်နေကြတယ်။ သူ့ကြည့်ရတာ တော်တော်လဲ ဖျားနေပုံရတယ်။ သူ့နဖူးက အမြဲတမ်း စိုနေတာပဲ။ နောက်ဆုံး တော့ ကျွန်တော်တို့ကို အမျိုးသား သူနာပြုက လာပြီးနှင်တယ်။ ကျွန်တော်တို့ မိတ်ဆွေက ကျွန်တော်တို့ကို မပြန်စေချင်ဘူး။ လက်ကို အတင်းဆွဲထားတယ်။



ဒါပေမယ့် နေလို့မရဘူးလေ။ ပြန်ရမှာပေါ့။ ကျွန်တော်တို့ကလဲ နေကောင်းအောင် နေဦး၊ စိတ်အားမငယ်ဖို့အကြောင်း၊ ကျွန်တော်တို့လဲ နောက်တစ်ခေါက်လာဦး မယ့်အကြောင်းပြောပြီး ပြန်လာခဲ့ကြတယ်။ အခန်းထဲက ထွက်ခါနီးလို့ နောက်တစ်ခေါက် လှည့်ကြည့်လိုက်တော့ ကျွန်တော်တို့ကို လက်ကလေး လှုပ်ယမ်းပြီး ပြနေတယ်။ ကျွန်တော့်စိတ်ထဲမှာ လေထဲမှာ လှုပ်နေတဲ့ ကျူပင် ကလေးတစ်ပင်လို့ ထင်လိုက်မိတယ်။

## ၁၉

ဟိုတာစကီး၏ အခန်းနှင့် ကပ်လျက် အိမ်ခေါင်းကလေးထဲတွင် မွဆလင်ဘာသာ ဝင် မိသားစု ခုနစ်ဦးနေကြသည်။ ကလေးလေးယောက်နှင့် လူကြီးသုံးယောက်တို့ ဖြစ်ကြ၏။ အိမ်ထောင်ဦးစီးအမည်မှာ မာဘူဖြစ်သည်။ မာဘူမှာ အသက်သုံးဆယ် ကျော်ကျော်ဖြစ်ပြီး အရပ်ပုပု၊ ကိုယ်လုံးကျစ်ကျစ်နှင့် ဖြစ်သည်။ သူ့ကိုကြည့်လိုက်လျှင် အမြဲတမ်း လှုပ်ရှားလျက်ရှိပြီး ဆံပင်ကောက်ကောက်တို့ ဖုံးအုပ်နေသော နဖူးနှင့် ထူထဲသော မျက်ခုံးမွေးများအောက်မှ မျက်လုံးများထဲတွင် တစ်ခုခု တွေးမိလျှင် မဖြစ်မနေလုပ်မည့်ဟန်မျိုးပေါ်နေသည်။ သူ့ဇနီးဆလီနာ၏ ခေါင်းပေါ်တွင် ကျောက်တစ်လုံးကို မြှုပ်ထားသည်။ ဆလီနာ၏ ကိုယ်ဝန်မှာ ရင့်နေပြီ။ သို့ရာတွင် ဆလီနာသည် နားရသည်ဟူ၍မရှိ။ အလုပ်နှင့်လက်နှင့် မပြတ်အောင်လုပ်နေရ၏။ တံမြက်စည်းလှဲ၊ အိုးတိုက်၊ ထမင်းချက်၊ အဝတ်လျှော်၊ မာဘူ၏ အမေမှာ ခေါင်းတွင် ဖြူဖွေးသော ဆံပင်တို့နှံ့ကလေးနှင့်ဖြစ်ပြီး မျက်စိများက ကောင်းကောင်း မမြင်ရတော့။ မာဘူ၏ အမေသည် လမ်းကြား ကလေးထဲတွင် ထိုင်ရင်း ကိုရန်ကျမ်းစာမှ တရားစာများကို တစ်နေကုန် ရွတ်နေတတ်သည်။ မာဘူ၏ သားဖြစ်သူ ဆယ်နှစ်သားအရွယ်ရှိ နာဆားမှာ အလုပ်ရုံကလေးတစ်ရုံတွင် အလုပ်လုပ်ရပြီး သူ့ညီမငယ်နှစ်ယောက်မှာ ကိုရန်ကျမ်း စာသင်ကျောင်းသို့ သွားရ၏။ အငယ်ဆုံးဖြစ်သည့် သုံးနှစ်အရွယ် ကလေးမှာ တစ်နေ့လုံး လမ်းမတွင် ဆော့ကစားနေတတ်သည်။ သူ့မိသားစု

www.burmeseclassic.com

www.burmeseclassic.com



မှာ ချောင်လည်သည်ဟု ဆိုရပေလိမ့်မည်။ မာဘူမှာ ကာလကတ္တား အရှေ့ပိုင်း ရေတပ်ဝင်းထဲတွင် အလုပ်လုပ်လာသည်မှာ ဆယ့်သုံးနှစ်ရှိပြီ။ သူ့အလုပ် ရေတပ်မော်တော်ဘုတ်များတွင် တပ်သည့် ရေယက်ကြီးများကို ပန်းပဲလုပ်ရခြင်း ဖြစ်သည်။ တစ်လကို သုံးရာကျပ်ရသည်။ တစ်နေ့ တစ်ကျပ်ပင် ဝင်ငွေမရှိသည့် သူတို့ဆင်းရဲသား ရပ်ကွက်ကလေး ထဲတွင် သူဌေးကလေးဟုပင် ဆိုနိုင်သည်။

ကိုဗာစကီးသည် သူ့အိမ်နီးချင်းများနှင့် နေ့တိုင်း ဆလမ်မာလေးကွမ်း ၍ နှုတ်ဆက်ရုံမျှအပ သူတို့နှင့် စကားတစ်ခွန်းမှ မပြောဖူးသေး။ သူတို့ကို ကြည့်ရသည်မှာ သူတို့ ရပ်ကွက်ကလေးထဲသို့ ဗရင်ဂျီ ဘုန်းကြီးတစ်ပါးရောက် လာသည်ကို မနှစ်သက်သယောင်ရှိသည်။ သို့ရာတွင် ကိုဗာစကီးနှင့် သူ့ ဆက်ဆံရေးသည် ကလေးငယ်များကြောင့် ပို၍ အဆင်ပြေချောမွေ့လာ သည်။ ကလေးများနှင့် အဆင်ပြေရန်မှာလည်း များစွာခက်လှသည် မဟုတ်ပါ။ သူတို့တစ်တွေ ကစားသည်ကို စိတ်ပါလက်ပါ ထိုင်ကြည့်လိုက်ရုံမျှသာ ဖြစ် ပါသည်။

တစ်ခါတွင် အဖြစ်အပျက်တစ်ခုဖြစ်လာသည့်အတွက် ကိုဗာစကီးနှင့် မာဘူတို့ အိမ်သားစု ဆက်ဆံရေးသည် အားလုံး ချောမော အဆင်ပြေသွား ခဲ့သည်။ တစ်ညနေတွင် မာဘူသည် စိတ်ပျက်ကုန်ခန်းလျက် ရှိဟန်ဖြင့် အလုပ်မှ ပြန်လာခဲ့သည်။ ရေတပ်ဝင်းထဲမှ အလုပ်ကို ရပ်ဆိုင်းလိုက်သောကြောင့် ဖြစ်၏။ လုပ်သက်ရင့် အလုပ်သမားများအားလုံးကို လခစားအဖြစ် ခန့်အပ် မည်ဟူသော ဥပဒေတစ်ရပ် ထွက်လာခဲ့သည်တွင် ထိုဥပဒေကို ရှောင်ကွင်းသည့် အနေဖြင့် အချို့သော ဌာနများက အလုပ်သမားများကို ဖြုတ်ပစ်ခဲ့ကြသည်။ ထိုဥပဒေမှာ လွှတ်တော်က ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သော်လည်း ထိုဥပဒေကို အစိုးရကလည်း မကြိုက်၊ ဆိုင်ရာ ဌာနများကလည်း မကြိုက်၊ အလုပ်သမား သမဂ္ဂကလည်း မကြိုက်ကြ။ အစိုးရက မကြိုက်ခြင်းမှာ အလုပ်သမားများ လခစား ဖြစ်သွားလျှင် သမဂ္ဂများ အင်အားတောင့်တင်းသွားမည် စိုးသောကြောင့် ဖြစ်သည်။ ဆိုင်ရာဌာနများက မကြိုက်ခြင်းမှာ လခစားအလုပ်သမားထက် နေ့စားပျံကျ အလုပ်သမားများကပို၍ ခိုင်းကောင်းသောကြောင့် ဖြစ်သည်။ သမဂ္ဂများက မကြိုက်ခြင်းမှာ သူတို့သမဂ္ဂများတွင် လခစားအလုပ်သမားများ လာလျှင် သမဂ္ဂထဲတွင် လူနည်းစုဖြစ်သော သူတို့ အခွင့်အရေးလောက်ကို သာကြည့်မည် စိုးသောကြောင့်ဖြစ်သည်။ ထိုသို့သော လက်တွေ့ကျသည့်



ကြောင်းများအပြင် အတိတ်က အမွေထားခဲ့သော အစဉ်အလာ အကြောင်းများ လည်း ရှိသေး၏။ လခစားအလုပ်သမားဖြစ်လာလျှင် အဖေအစား သားဖြစ်သူကို ဆက်လက် ခန့်ထားရသည့် ထုံးစံအတိုင်း စက်ရုံက ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ သားကို ဆက်လက် ခန့်ထားရတော့မည်ဖြစ်၏။ ထို့ကြောင့် ဥပဒေကို အားလုံးက ဝိုင်း၍ ဆန့်ကျင်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် ပ်ရုံးအာဏာပိုင်များသည် အလုပ်သမားများကို လခစားအဖြစ် မခန့်လိုသဖြင့် ဦးစွာ အလုပ်ရပ်စဲထားလိုက်ပြီး နောက်မှ ကန်ထရိုက်စာချုပ် အသစ်ဖြင့် အားပြန်၍ ခန့်ထားလေ့ရှိ၏။ တစ်ဆက်တည်းဆိုလျှင် လခစား အလုပ်သမား ဖြစ် ခန့်ရမည် စိုးသောကြောင့် လုပ်သက်ပြတ်သွားအောင် စာချုပ်ကိုရပ်စဲကာ ကို အလုပ်မှ ဖြုတ်ထားလိုက်ခြင်းဖြစ်၏။ မာဘူ နေ့စားအလုပ်သမား လာခဲ့သည်မှာ ဆယ့်သုံးလေးနှစ်ရှိလေပြီ။ ထို့ကြောင့် လုပ်သက်ကို တ်သွားအောင် သူ့ကို အလုပ်မှ ရပ်စဲထားလိုက်ခြင်းဖြစ်သည်။ ထိုနေ့ နေက မာဘူစိတ်ပျက်လာခြင်းမှာ ထိုအကြောင်းကြောင့်ဖြစ်သည်။

မာဘူမှာ အရပ်ပုသည့်တိုင် အလုပ်ကြမ်းကိုချည်း တစ်သက်လုံး ခဲ့ရသဖြင့် လက်မောင်းကြွက်သားကြီးများ၊ ပခုံးကြွက်သားကြီးများ၊ လုံး ကြွက်သားကြီးများသည် တောင့်တင်းနေကြသည်။ သို့ရာတွင် မှ မာဘူ၏ ကိုယ်ခန္ဓာသည် ကိုဗာစကီး မျက်စိရှေ့မှာပင် ကျုံ့လှီစပြုလာခဲ့ ပြီ။ ရက်အနည်းငယ် အတွင်းတွင် မာဘူသည် ခြောက်သွေ့နေသော သီးတစ်လုံးလို ကျုံ့သွားခဲ့၏။ သူ့ဝမ်းဗိုက်က ရှပ်လျက်။ မာဘူသည် လကတ္တားရှိ စက်ရုံအနှံ့ သွားကာ အလုပ်ရှာသော်လည်း ဘာအလုပ်မျှ ညနေတိုင်လျှင် မာဘူသည် ခြေကုန်လက်ပန်းကျ၍ ပြန်လာတတ်ကာ ဗာစကီး၏ အခန်းသို့ရောက်လာပြီး ဝတ်ရုံလွှမ်းထားသည့် ခရစ်တော်၏ တော်အောက်တွင် စကားတစ်လုံးမျှ မပြောဘဲ အတန်ကြာထိုင်၍ မှိုင်တွေချနေ တတ်သည်။ တစ်ခါတစ်ရံတွင်လည်း မာဘူသည် တင်ပျဉ်ခွေကာ ကိုဗာစကီးရှေ့ တွင် အကြာကြီး ထိုင်တတ်သည်။

မာဘူတို့ မိသားစု ခုနစ်ယောက်သည် သားအကြီး နာဆားရလာသည့် ကလေးပေါ်တွင် အမှီပြုနေရတော့သည်။ နာဆားမှာ အလုပ်ရုံတစ်ရုံတွင် နေ့လျှင် ဆယ့်နှစ်နာရီ အလုပ်လုပ်ရပြီး တစ်လလျှင် ကျပ်နှစ်ဆယ်ရသည်။ သူ့အလုပ်မှာ ဘောပင်ခဲတံများတွင် တပ်သည့် ကလစ်ကလေးများကို ကရိုမီယမ်

www.burmeseclassic.com

www.burmeseclassic.com



အရည်ထဲတွင် စိမ်ရသည့် အလုပ်ဖြစ်၏။ အလွန်ပြင်းသည့် အဆိပ်ငွေ့များ တစ်နေကုန်ရှူနေရသည့်တိုင် နာဆားသည် ကိုယ်ခန္ဓာ ကျန်းမာတောင့်တင်းသ လူငယ်ကလေးတစ်ယောက်ဖြစ်သည်။ ဤသည်မှာလည်း ဘာမျှ အံ့သြစ မဟုတ်ပါ။ ဆင်းရဲသည့် အိမ်ထောင်များတွင် အလုပ်လုပ်သူများကို ဦးစားပေး ကျွေးရသည် မဟုတ်လော။ အခြားသူများက လျှော့ပေါ့စားကြရသည် မဟု လော။ နာဆားသည် အလုပ်ရုံမှ လစာနှစ်ဆယ်ရသည့်အပြင် ကိုဗာစကီး ထောက်ပံ့သည့် ငွေကလေးတစ်ဆယ်လည်းရသေးသည်။ နာဆားသ မနက်လင်းသည်နှင့် ရေတစ်ပုံးကိုဆွဲကာ အိမ်သာတန်းစီပေးရသည်။ ကို အလှည့်ရောက်သည်နှင့် နာဆားသည် ရေပုံးကိုချကာ ကိုဗာစကီးကို ပြေးလာ ခေါ်သည်။ ထို့အတွက် တစ်လ ငွေတစ်ဆယ်ရသည်။ မာဘူသည် ကိုဗာစကီး အခန်းထဲရှိ ခရစ်တော်၏ ပုံတော်ရှေ့တွင်ထိုင်၍ အာရုံပြုနေရာမှ သူ အခန်းကလေးထဲသို့ အလည်လိုက်လာရန် ကိုဗာစကီးကိုဖိတ်၏။ အခန်းကလေ မှာ ခြောက်ပေ–လေးပေခန့်သာ ကျယ်လိမ့်မည်။ အခန်းကလေး၏ သုံးပုံနှစ်ပုံ သစ်သားကွပ်ပျစ်ကလေးခင်းထားပြီး နေ့တွင် ထမင်းစားပွဲအဖြစ် အသုံးပြု ညတွင် အိပ်ရာအဖြစ်အသုံးပြုသည်။ အိပ်တော့မည်ဆိုလျှင် စောင်စုတ်ကလေး ခင်းလိုက်ရုံမျှသာ။ အငယ်ဆုံးကလေးမှာ ကွပ်ပျစ်ပေါ်တွင် သူ့အမေနှင့်အဘ ကြားတွင် အိပ်သည်။ နာဆားနှင့် သူ့ညီမငယ် နှစ်ယောက်က ကွပ်ပျစ်အော တွင် အိပ်ကြရသည်။ မာဘူကမူ တဲအပြင်ဘက် တံစက်မြိတ်မှာ အိပ်သည် သူတို့အိမ်ကလေးထဲတွင်ရှိသည့် အခြားတစ်ခုတည်းသော ပရိဘောဂပစ္စည်း ပွဲတော်နေ့များတွင် ဝတ်သည့် အဝတ်အစား အသစ်ကလေးများ ထည့်သ သံသေတ္တာတစ်လုံးသာဖြစ်သည်။ အဝတ်အစားသစ်များကို ကာလကတ္တားတို နံရံများတွင် တွေ့ရတတ်သည့် ရုပ်ရှင်ကြော်ငြာ ပိုစတာများဖြင့် ထုပ်ထား အိန္ဒိယပြည်ရှိ သန်းပေါင်းများစွာသော အခြားအမျိုးသမီးများကဲ့သို့ပင် ဆလီ သည်လည်း မီးရထားလမ်းဘေးမှ ကောက်လာသည့် နွားချေးကို ဖြားထားသ ထင်းမီးဖြင့် သူ့မီးဖိုကလေးကို မီးစာကျွေးသည်။ သူတို့ အိမ်ခေါင်းကလေးထဲ ပြတင်းပေါက်မရှိ၊ လျှပ်စစ်မီးမရှိသော်လည်း သူတို့အိမ်ခေါင်းကလေးမှာအလ သန့်ရှင်းသည်။ မြေမံထားသည့် ကြမ်းခင်းသည် ကျောက်ဖြူခင်းထားသည့်နှ ပြောင်ချောနေတော့သည်။ထိုမြေခင်းပေါ်သို့တက်လျှင်ဖိနပ်ချွတ်၍တက်ကြသည

သူတို့အိမ်သားများသည် ဆင်းရဲလာသည်နှင့်အမျှ ပို၍ ဖော်ရွေ ကြသည်။ သူတို့အိမ်ထဲသို့ ကိုဗာစကီးရောက်သွားသည့်အခါတွင် လက်ဖက်ရ



သာဘီနှင့် ဘင်္ဂါလီလူမျိုးတို့ စားလေ့ရှိသည့် အချိုမုန့်များဖြင့် တည်ခင်း ခဲ့ကြသည်။ ကိုဗာစကီးကို ဧည့်ခံရသည်နှင့် သူတို့ သုံးလေးရက်စာ င်းစရိတ်ကလေးသည် ပြောင်သွားလေပြီ။

ကိုဗာစကီးသည် သူတို့မိသားစုကို ကူညီချင်ပါ၏။ သို့ရာတွင် နိုင်ငံခြား သနာထဲသို့ သွတ်သွင်းလိုသဖြင့် ထိုသို့ ကူညီသည်ဟု အထင်လွဲမည်ကို ိုးရိမ်သည်။ ဤသို့ရှိနေစဉ် ပြဿနာတစ်ခုပေါ်လာသဖြင့် ကိုဗာစကီးအဖို့ ူအညီပေးရလွယ်သွားသည်။ တစ်နေ့မနက်၌ ကိုဗာစကီးသည် သူ့ရေနံဆီ ဖြင့် ထမင်းချက်နေစဉ် လက်ကို မီးလောင်သွားသည်။ ဤတွင် ဆလီနာကို င်းကူချက်ပေးရန် သူတောင်းပန်သည်။ ထိုသို့ ထမင်းချက်ပေးသည့်အတွက် နေ့ကို သုံးကျပ်ပေးသည်။ သူတို့ဆင်းရဲသားရပ်ကွက် စံဖြင့်တိုင်းလျှင် သုံးကျပ်ဆိုသည်မှာ နည်းသည့်ငွေမဟုတ်။ ကိုဗာစကီးက သူ့ကိုလည်း ို့စားသည့် အစားမျိုးကိုပင် ချက်ကျွေးရန် ပြောသည်။

ဆလီနာသည် သူ့ကို တအံ့တသြဖြင့်ကြည့်ကာ…

“ဆရာကြီးက ချမ်းသာတယ်ဆို၊ ကျွန်မတို့စားတဲ့ အစားအသောက်တွေ ဘယ်မှာစားနိုင်ပါ့မလဲ၊ ဆရာကြီး စားလို့မဖြစ်ပါဘူး။ ဆရာကြီး စိတ်မှ င်းသေးရဲ့လား”

“ဘာဖြစ်လို့ မစားနိုင်ရမှာလဲဗျ။ ကျွန်တော့်ကို ကူညီချင်တယ်ဆိုရင် ပြန်စပြီး ခင်ဗျားတို့စားတဲ့ အစားမျိုးကိုပဲ ချက်ကျွေးပါ။ ရပါတယ်”

နောက်တစ်နေ့မနက်တွင် ဆလီနာ၏ သမီးကလေး တစ်ယောက်က အတွက် အစားအစာလာပို့သည်။ ယင်းတို့မှာ ထမင်းအနည်းငယ်၊ မုန်လာဥ ခေါ်ဖိရွက်ကြော်၊ ပဲဟင်းတို့ဖြစ်သည်။ ပဲဟင်းကား အိန္ဒိယတိုင်းရင်းသား းစုကြီးအတွက် အကောင်းဆုံးသော ပရိုတိန်းဓာတ်ပေတည်း။ သူတို့ ွက် ကလေးတွင် တစ်နေ့လျှင် တစ်နပ်မျှသာ စားရသူတွေ အများအပြားရှိရာ ထမင်းစားပွဲသည် သူတို့ ရပ်ကွက်ထဲတွင်မူ သူဌေးစာဖြစ်ပေသည်။ သို့ရာတွင် နာချက်ပေးသည့် ဟင်းများမှာ အပူအစပ်တွေ များလွန်းသည်။ ထို့ကြောင့် ပြည်းသာ စားနိုင်သည်။ တစ်နေ့တွင် ကိုဗာစကီးက အိန္ဒိယ တိုင်းရင်းသား အပူအစပ်စားသည့် ကိစ္စနှင့်ပတ်သက်၍ အိန္ဒိယတိုင်းသား ဆ ယောက်ကို မေးမြန်းကြည့်သည်။ အပူအစပ်သည် ချွေးထွက်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးလှည့်ပတ်မှုကို မြန်စေသည်။ အစာကို ကျေညက်လွယ်စေသည်ဟု
ဆိုသည်။ အထူးသဖြင့် အစပ်သည် အစာအာဟာရ ချို့တဲ့နေ
သန်းပေါင်းများစွာသော လူများ၏ ဆာလောင်မွတ်သိပ်ခြင်းကို ပြေပျောက်
သည်ဟု ဆိုသည်။ မည်မျှ ပုပ်သိုးနေသော အစာကိုပင်ဖြစ်စေ အစပ်ကလေး
မွှောချလျှင် အာခံတွင်းမြိန်သည်ဟု ဆိုသည်။

ကိုဇာစကြီးသည် သူ့အစားသစ်ကို နှစ်ရက် စားကြည့်၏။ အာ
သိပ်မပါသဖြင့် ကိုယ်လက်လှုပ်ရှားမှုကို များများစားစားလုပ်စရာမလို
ဆာလျှင် မျက်နှာချင်းဆိုင်ရှိ ကာကာဆိုင်မှ လက်ဖက်ရည်တစ်ခွက်လော
သွားသောက်လိုက်သည်။ သို့ရာတွင် တတိယနေ့တွင်မူ ပြဿနာပေါ်လေ
ကိုဇာစကြီးသည် ထိုင်ရာမှထလိုက်တိုင်း တရိပ်ရိပ်မူးကာ အေးစက်
ချွေးသီးချွေးပေါက်ကြီးတွေ ကျလာတတ်သည်။ ထိုနေ့က ထမင်းတစ်န
ပြီးသည့်နောက်တွင် ကိုဇာစကြီးသည် ကောင်းကောင်းပင် မရပ်နိုင်တော့
ဗိုက်ထဲက နာစပြုလာသည်။ ထို့ကြောင့် ဖျာပေါ်မှာပင် ဝမ်းလျားမှောက်နေ
ကိုဇာစကြီးသည် ဝတ်ပြုသော်လည်း သူ့စိတ်သည် သူ့ဝမ်းဗိုက်ကဲ့သို့
ဟာလာဟင်းလင်းဖြစ်နေလေပြီ။ ထိုနေ့ကရော၊ နောက်ရက်များတွင်ပါ ဆာလေ
လိုက်သည့်ဖြစ်ခြင်း။ ထိုအစာကို ရက်အတန်ကြာ စားလာသည့်အခါ
သူ့သွေးခုန်နှုန်းသည် မြန်စ, ပြုလာကာ အသက်ရှူနှုန်းသည်လည်း မြန်လာ
ကိုဇာစကြီးသည် သူ့ကိုယ်သူရှက်သည်၊ သူတို့ အိန္ဒိယတိုင်းသားများ
သူ့ထက် အဆများစွာ နည်းသည့် ကယ်လိုရီပါသော အစားအသောက်
စားနေရသည့် တိုင် သူတို့မှာ လှည်းဆွဲနိုင်သေးသည်။ လန်ချား ဆွဲနိုင်သေးသ
ချယ်ဂါရီ ဆွဲနိုင်သေးသည်။ သို့ရာတွင် သူ့မှာမူ သေကောင် ပေါင်း
ဖြစ်နေလေပြီ။ သို့ရာတွင် ရက်အနည်းငယ် ကြာသွားသည့်အခါ၌
ထိုဝေဒနာများလည်း ပျောက်သွားကြကာ ဝမ်းဗိုက်ထဲမှ ဆာလောင်မှုသည်
လက်နှင့် ယူပစ်လိုက်သလို ပျောက်သွားသည်။ သူ့ခန္ဓာကိုယ်သည် အခြေအ
သစ်နှင့်အညီ နေထိုင်တတ်သွားလေပြီ။ ကိုဇာစကြီးသည် ဆာလောင်
မဖြစ်တော့ရုံမျှမက နေ၍ထိုင်၍ပင် ကောင်းလာသည်ဟု ထင်ရသည်။

ထိုစဉ် ကိုဇာစကြီးသည် အမှားတစ်ခုကို ပြုမိသည်။ ပြင်သစ်မှ
လာသည့် မိတ်ဆွေတစ်ယောက်က သူ့ကို ငါးဆုပ်လုံးဘူး တစ်ဘူး
ကာမင်နက်ဒိန်ခဲဘူးတစ်ဘူးပေးသည်။ ကိုဇာစကြီးသည် ထိုစားစရာများ



တို့ကို ပေးလိုက်၏။ မာဘူက သူတို့ချည်းမစားနိုင်၊ ကိုဇာစကြီးပါစားမှ
ဘက်ဆောင်ပစ္စည်းများကို လက်ခံမည်ဟုဆိုသည်။ ဤတွင် ပျောက်ကွယ်
သော ကိုဇာစကြီး၏ ချဉ်ခြင်းတပ်မှုကို ပြန်နှိုးလိုက်သကဲ့သို့ဖြစ်သွားသည်။
အစာများကို စားပြီး တိုင်းရင်း အစားအစာကို ပြန်စားသည့်အခါ၌
ဇာစကြီးသည် ယခင်ကထက်ပင် မူးဝေခြင်း၊ အော့အန်ခြင်း၊ ဆာလောင်
စသည့် ဝေဒနာများ ပြန်ပေါ်လာခဲ့သည်။ ကိုဇာစကြီးသည် တစ်နေ့ထက်
နေ့ အားနည်းလာသလိုဖြစ်လာသည်။ ကြွက်သားများမှာ ပျော့တွဲလာခဲ့
သည်။ သူ့ခြေထောက်များ လက်များသည် အားမရှိတော့သလိုဖြစ်နေသည်။
အလေးချိန်လည်း ကျသွားသည်။ ရေဘုံပိုင်သွား၍ ရေတစ်ပုံးဆွဲလျှင်ပင်
နေတော့သည်။ နာရီဝက်လောက် ထိုင်လိုက်လျှင်ပင် ပင်ပန်းနေလေပြီ။
ယောင်ချောက်ချားဖြစ်စပြုကာ အိပ်လျှင်လည်း ခြောက်အိပ်မက်တွေကို
မက်နေတတ်သည်။ ပိန်ချုံးလျက်ရှိသော လူများသည် သူ့ကိုယ်ပေါ်ကို
အားသည့် အိပ်မက်မျိုးတွေကိုချည်း မြင်မက်နေသဖြင့် အိပ်မပျော်အောင်
တွေက တရုန်းရုန်းဖြစ်နေသည်ကိုပင် ကျေးဇူးတင်ရသေးသည်။ သို့ဖြင့်
ဇာစကြီးသည် သူနေသည့် သုခမြို့တော်မှ လူများစုကဲ့သို့ဖြစ်လာသည်။
သို့ဖြစ်လာလျှင် သူ့ရည်ရွယ်ချက် အောင်လေပြီ။

"ဒါပေမယ့် ခက်တာက ကျွန်တော်ငတ်တာက အပျော်တမ်းငတ်သလို
နေတယ်။ အပျော်တမ်း ဒုက္ခခံရတယ်ဆိုတာ တစ်နေ့မှာ ကယ်မယ့်သူ
လာတာပဲ။ ကိုယ့်မှာခံနိုင်ရည်ကုန်သွားတာနဲ့ တစ်ပြိုင်နက် အပျော်တမ်း
ခံတာကို စွန့်လွှတ်ပစ်လို့ရတယ်။ ဒါပေမယ့် သူတို့ ဒုက္ခခံတာ၊ သူတို့
တာတွေကတော့ တကယ်ငတ်နေရတာ။ ဘယ်သူမှ ကယ်မယ့်လူမရှိဘူး
လား။ ဒီတော့ ကျွန်တော်ဟာ သူတို့လို ဘယ်လောက်ပဲ အငတ်ခံခံ
နဲ့တော့ ဘယ့်နှယ်မှ တစ်သားတည်း မဖြစ်နိုင်ဘူး။ သူတို့နဲ့ တစ်ထပ်တည်း
နိုင်ဘူး။"

နောင်တွင် ကိုဇာစကြီးက ထိုသို့ ပြောပြသည်။

"အမှန်ကတော့ မာဘူနဲ့ သုခမြို့တော်ထဲက လူတွေ အားလုံးဟာ
ကမ်းတင်တွေပါ။ သူတို့မှာ ဗိုက်ထဲက ပိုးမျိုးရှစ်ဆယ်ရဲ့ အော်သံတွေ
ကြားနေရုံမကဘူး မျှော်လင့်ချက်မရှိတဲ့ ဘဝကြောင့် သောကထပ်ပြီး
လိုက်သေးတယ်၊ ဒါပေမယ့် တစ်ချက်ကလေး မညည်းကြဘူး။ လေးက

www.burmeseclassic.com

www.burmeseclassic.com



သိပ်ဆာလို့ အော်ငိုတဲ့အခါမျိုးတွေမှာတော့ မာဘူ နည်းနည်းမျက်နှာပျက်သွ တတ်တယ်။ ဒါပေမယ့် ချက်ချင်း ဣန္ဒြေဆယ်လိုက်ပြီး ကလေးကို ကောက်ချီ ပုံပြောနေတတ်တယ်။ ဒါမှမဟုတ် သီချင်းသီဆိုနေတတ်တယ်။ ကလေးကလ ဆာတာတွေ မေ့သွားပြီး ခဏနေတော့ အဖေ့ပေါင်ပေါ်က လျှောဆင်း လမ်းကြားထဲမှာသွားကစားနေတာပဲ။ တစ်ခါတလေမှာ ကလေးက ဆက်တို ငိုနေရင် မာဘူက အိမ်နီးနားချင်းတွေဆီသွားပြီး ချာပါတီကလေး ဘာ တောင်းကျွေးတယ်။ ဆင်းရဲသား အချင်းချင်းဟာ ဘယ်တော့မှ အိမ်တံခါးပိ မထားဘူး။ ဒါဟာ သုခမြို့တော်ထဲမှာ အားလုံး လိုက်နာနေကြတဲ့ ဥပဒေ ဟု ကိုဇာစကီးက ပြောသည်။

၂၀

သူဝတ်ထားသည့် အင်္ကျီမှာ အပြာရောင် ပိုလိုရှိက်သည့် စပို့ရှပ်ဖြစ်သ ဘောင်းဘီကလည်း သက္ကလတ်ဘောင်းဘီဖြစ်ပြီး ဖိနပ်က သားရေ ခြေညှပ်ဖိ ဖြစ်သည်။ ထို့ကြောင့် မူစဖာပရာဆပ်သည် အခြားသော "လူမြင်း"များနှင့် ဘဲ တစ်မူကွဲနေ၏။ လန်ချား လှည်းသန်နှစ်ချောင်းကြားထဲတွင် အနှစ်နှစ်ဆ ကုန်းရုန်းလုပ်ခဲ့ပြီးနောက် မူစဖာသည် ပိုက်ဆံရှိသည့်နေရာသို့ပြောင်းလာခဲ့လေ

ဘီဟာနယ်က ထွက်ပြေးလာခဲ့သည့် ဒုက္ခသည် လယ်သမားသ အသက် လေးဆယ့်ရှစ်နှစ်အရောက်တွင် သူဌေးကလေးဖြစ်နေလေပြီ။ မူစ သည် လန်ချား သူဌေးကြီး နာရိန္ဒရာ၏ စိတ်ချရသော လူယုံတော်တစ်ဦးဖြစ် လေပြီ။ မုန်ညင်းဆီ ရွှဲရွှဲလိမ်းထားသဖြင့် တောက်ပ မည်းနက်နေသော ဆံ လိပ်ကလေးများအောက်ရှိ သူ့ဦးနှောက်သည် ကွန်ပျူတာ တစ်ခုလို မှန်မှ အလုပ်လုပ်နေသည်။ နားရွက်ကားကား မေးတွဲတွဲဖြင့် မူစဖာသည် လန်ချ ပေါင်း သုံးရာလေးဆယ့်ခြောက်စီးနှင့် လူမြင်း ခုနစ်ရာခန့်တို့ရှိသော လန်ချ အင်ပိုင်ယာကြီးကို ကြီးကြပ်အုပ်ချုပ်သူဖြစ်သည်။ ထိုသို့ အုပ်ချုပ်ရ မူစဖာသည် စာ, တစ်လုံးမှ ရေးတတ်ဖတ်တတ်ခြင်း မရှိသည့်အတွက် စ နှင့် ခဲတံကို တစ်ခါမှ မသုံးစဖူး။



သို့ရာတွင် တန်ခိုးစွမ်းပကား ကြီးလှသော သူ့ကြီးကြပ်မှုအောက်မှ ညည်သည့်အရာမျှ ရှောင်တိမ်း၍မလွတ်။ အရိပ်ထဲတွင် ဖာရင်ဟိုက်ဒီဂရီ စ်ရာ့တစ်ဆယ်လောက်ရှိသည့် နေ့မှာပင်ဖြစ်စေ၊ မိုးသက်မုန်တိုင်းတွေ နေသည့် မိုးတွင်းကြီးမှာဖြစ်စေ မူစဖာသည် သူ့ဘိုင်စကယ်လေး ချောက်ချက် ချက်ချက်ဖြင့် တစ်နေ့လျှင် မိုင်, ဒါဇင်ပေါင်းများစွာသွားကာ လန်ချား ကို လျှောက်ကြည့်သည်။ သူ့ခြေထောက် ခွင်ခွင်ဖြင့် ဘိုင်စကယ်နင်းပုံက တ္တတ့တနိုင်သဖြင့် သူ့ကို လန်ချားသမားများ အားလုံးက "ဗိုလ်ကွတ" ဟု ကြသည်။ သို့ရာတွင် လူမဆန်သော မြို့ကြီးထဲရှိ လမ်းမပေါ်မှ လူများ းလုံးလောက်ကပင် သူ့ကို ချစ်ခင်ကြသည်။ သည်တစ်ချက်ကမူ ထူးဆန်း သည်။

"အဘိုးကြီးက ကျွန်တော့်ကို ခေါ်ပြီး သူ့ကိုယ်စား လန်ချားတွေကို ပ်ချုပ်ရမယ်ဆိုတော့ ကျွန်တော့်စိတ်ထဲမှာ ခေါင်းပေါ်ကို မိုးပြိုကျလာသလား အောက်မေ့လိုက်တယ်ဗျာ၊ သူ့ဆီမှာ အလုပ်လုပ်လာတဲ့ အနှစ် နှစ်ဆယ် တွင်းမှာ ကျွန်တော့်ကို အရေးမကြီးတဲ့ ကိစ္စကလေးတွေလောက်ကိုပဲ ငးတာ၊ ဥပမာ လန်ချားပြင်တဲ့ကိစ္စ၊ ပုလိပ်နဲ့ စကားပြောရတဲ့ကိစ္စ၊ ည့်တိုက်မှုကိစ္စတို့ ဆိုပါတော့၊ ဒါပေမယ့် လန်ချားခ သိမ်းတာမျိုးကျတော့ ယ်တော့မှ မလွှဲဘူး၊ သူကိုယ်တိုင် လိုက်သိမ်းတာပဲ၊ တစ်ရက်ကလေး က်ဘူး၊ တစ်ခါတလေ လမ်းတွေပေါ်မှာ ရေတွေပေါင်လယ်လောက် နေတာတောင် သူကိုယ်တိုင် လိုက်သိမ်းတာပဲ။ လန်ချားသမားတွေကို တာဆိုလို့ သူပဲရှိတာကိုး။ တချို့ လန်ချားတွေက နေ့စဉ် ငွေခပေးရတယ်။ ချို့ကျတော့လည်း သီတင်းသုံးပတ်ကုန်မှ အခပေးရတာ ရှိတယ်။ တချို့လည်း ကုန်မှ ပေးရတာတွေရှိတယ်။ တချို့ လန်ချားကျတော့လည်း ဈေးလျှော့ပြီး တယ်။

အဲဒီ လန်ချားတို့ ဘာတို့ပျက်ရင် လန်ချားသမားရဲ့ အိတ်ထဲက ပ်ပြင်ရတာကိုး။ ပြီးတော့လည်း တချို့ လန်ချားတွေက လိုင်စင်မရှိဘဲ နေတော့ ဈေးလျှော့ပြီး ငှားရတာပေါ့။ အဘိုးကြီးက လန်ချားတစ်စီးကို သူ အလှည့်ကျ လန်ချားသမားနှစ်ယောက်ထားတော့ အဘိုးကြီးဆီမှာ ငင်နေတဲ့ လန်ချားသမားကိုက ခုနစ်ရာ ရှစ်ရာလောက်ရှိတယ်။ အဘိုးကြီးက လောက် အသက်ကြီးတာတောင် ဒီလန်ချားတွေကို အုပ်ချုပ်နိုင်သေးတယ်ဗျာ။

www.burmeseclassic.com



တော်တော် ခေါင်းကောင်းတဲ့ အဘိုးကြီး။ ဒါပေမယ့် အသက်နည်းနည်းကြီးလာ
တော့ ဒီတာဝန်တွေကို ယူရတာ ပင်ပန်းလာပုံရတယ်။ ဒီတင် အဘိုးကြီး
ကျွန်တော့်ကိုခေါ်ပြီး မူစဖာ၊ မင်းနဲ့ ငါနဲ့ သိလာတာ ကြာလှပြီတဲ့၊ ငါ့လက်
အောက်မှာမင်း အလုပ်လုပ်လာတာလဲ အနှစ်နှစ်ဆယ်လောက်ရှိပြီတဲ့၊ မင်း
ဘီဟာနယ်သားဆိုတော့ မင်းကို ငါယုံတယ်တဲ့၊ ဒီတော့ ဒီကနေ့ကစပြီ
ငါ့ကိုယ်စားလှယ် လုပ်တဲ့၊ လန်ချားခတွေကို ငါ့ကိုယ်စား မင်းပဲလိုက်သိမ်း
ရမယ်တဲ့၊ ညနေကျရင် လန်ချားငှားခတွေကို လာပို့လှည့်တဲ့၊ မင်းအ
ကော်မရှင်အဖြစ် တစ်ကျပ်ကို ငါးပြားပေးမယ်တဲ့။

"နောက်တစ်နေ့ မနက်ကျတော့ မနက် ၄–နာရီမှာ အိပ်ရာကထတယ်
အိမ်သာတက်တဲ့ကိစ္စ၊ ရေချိုးတဲ့ကိစ္စကို သူများထက်ဦးအောင် စောစောထရတာ
ကျွန်တော်နဲ့ တဲကလေးတစ်လုံးထဲမှာ အတူနေတဲ့ လူလေးယောက်ကတော့
မထကြသေးဘူးလေ။ သူတို့ လေးယောက်စလုံးလည်း အဘိုးကြီးဆီမှာ
အလုပ်လုပ်ကြတယ်။ တစ်ယောက်က ဘတ်စ်ကားမောင်းတယ်။ တစ်ယောက်
က လန်ချားဆွဲတယ်၊ တစ်ယောက်က မက္ကင်းနစ်လုပ်တယ်၊ ကျန်တစ်ယောက်က
ဂဟေဆက်သမား လုပ်တယ်။ သူတို့လဲ ဘီဟာနယ်သားတွေပဲ။ တောမှာ
သားမယား တွေကိုထားခဲ့ပြီး ကာလကတ္တားမှာ လာအလုပ်လုပ်နေကြတာ

၄ နာရီလည်းခွဲရော ကျွန်တော်လည်း ဘိုင်စကယ်ကလေးစီးပြီ
ဂျားဂူးဈေးကြီးနားမှာရှိတဲ့ လက်ချမီးမယ်တော်ရဲ့ နတ်စင်ကို လာခဲ့တယ်
လက်ချမီးဆိုတာ ကျွန်တော်တို့ကို စည်းစိမ်ဥစ္စာတိုးအောင် မှိုင်းမတဲ့ ကျွန်တော်
တို့နတ်လေ။ ကျွန်တော်ရောက်သွားတော့ မိုးတောင် ကောင်းကောင်း မလင်းသေး
ဘူး။ မှောင်နေတုန်းပဲရှိသေးတယ်။ ဆာဒူးကြီးတောင် အိပ်ရာက မနိုးသေးဘူး
သံဇကာ ကာထားတဲ့ ဘုရားကျောင်းထဲမှာ အိပ်နေတုန်း ရှိသေးတယ်။

ကျွန်တော်က ခေါင်းလောင်းကလေးကို လှုပ်လိုက်တော့ သူအိပ်ရာက
လာပြီး တံခါးဖွင့်ပေးတယ်။ ကျွန်တော်က ဒီနေ့ လာဘ်လာဘရှင်အောင်
ပူဇော်ပွဲလုပ်ချင်ပါတယ်ဆိုပြီး ငွေတစ်ဆယ်ထုတ်ပေးလိုက်တယ်၊ လက်ထဲမှာ
ဆန်နည်းနည်းရယ်၊ ငှက်ပျောသီးနှစ်လုံးရယ်၊ ပန်းတွေရယ် ပါလာသေးတယ်
ဆာဒူးကြီးက ကျွန်တော့် လှူဖွယ်ပစ္စည်းတွေကို ဗန်းကလေးတစ်ချပ်ထဲထည့်ပြီ
ကျွန်တော်တို့နှစ်ယောက် ဘုရားကျောင်းခန်းထဲကို ဝင်လာခဲ့ကြသည်။ အထဲ
ရောက်တော့ ဆာဒူးကြီးက ဆီမီးခွက်တွေကို လိုက်ထွန်း၊ မန္တာန်တွေကို ရွတ်



ရတာပါပဲ။ ကျွန်တော်ကတော့ ကိုယ်လိုချင်ရာ ဆုတောင်းရတာပေါ့လေ။
ပူဇော်ပွဲပြီးသွားတော့ ကျွန်တော့် စိတ်ထဲမှာ ကြည်နူးသွားတယ်။ နေ့တိုင်း
နေ့တိုင်း ငွေတွေရတော့မယ်လို့လည်း စိတ်ထဲမှာ ယုံကြည်သွားတယ်။
ပိုက်ဆံများများရတိုင်း ပူဇော်ပွဲတွေ မကြာခဏလုပ်ပါ့မယ်လို့လည်း လက်ချမီး
မယ်တော်ရှေ့မှာ ကျွန်တော် သစ္စာပြုတယ်။

ပူဇော်ပွဲပြီးတော့ ဘယ်လီဂျူးဆေးသင်တန်းကျောင်းနားက လိုခေါင်လမ်း
ကို ဘိုင်စကယ်လေးနဲ့ ထွက်လာခဲ့တယ်။ အဲဒီနားမှာ အဘိုးကြီးရဲ့ လန်ချား
လောက်စီးရှိတယ်လေ။ စောသေးတော့ အဲဒီနားမှာပဲ လန်ချားအားလုံးကို
တွေ့ရသေးတယ်။ ကိုယ့်လူတွေက ခြေထောက်နှစ်ချောင်းကို အပြင်ထုတ်
ထောင်ပြီး လန်ချားခုံပေါ်မှာ အိပ်နေကြတုန်းရယ်။ လန်ချားသမား တော်တော်
များများမှာ နေစရာအိမ်မရှိဘူး မဟုတ်လား။ ဒီတော့ အဲဒီလန်ချားပေါ်မှာပဲ
သူတို့အိပ်ရတာပေါ့။ တစ်ခါတလေတော့လည်း လန်ချားက တစ်စီးတည်း၊
လန်ချားသမားက နှစ်ယောက်ဆိုတော့ လန်ချားပေါ်မှာ သူအိပ်မယ် ငါအိပ်မယ်
ဆိုပြီး ရန်ဖြစ်တတ်ကြသေးတယ်။ ဒီတော့ ကျွန်တော်ကပဲ ဝင်ဖျန်ဖြေပြီး
အဆုံးအဖြတ်ပေးရတယ်။ သိပ်တော့ မလွယ်ဘူးပေါ့လေ။

အဲဒီကနေပြီးတော့ ကျွန်တော်ဓာတ်ရုံလမ်းကိုသွားတယ်။ အဲဒီနားမှာ
အဘိုးကြီးရဲ့ လန်ချားတစ်ကျိပ်ကျော်ကျော်လောက်ရှိတယ်။ ပြီးတော့ ဘယ်ရင်
တန်လမ်းဖက်ကို ချိုးဝင်ခဲ့တယ်။ အဲဒီလမ်းက လူချမ်းသာတွေ၊ နိုင်ငံခြားသား
တွေနေတဲ့ ရပ်ကွက်ဆိုတော့ တိုက်အိမ်ကြီးတွေ၊ ပန်းခြံကြီးတွေနဲ့ သိပ်လှတာပဲ၊
အဲဒီလမ်းပေါ်မှာ ယူနီဖောင်းဝတ်ထားတဲ့ အစောင့်တွေစောင့်ပြီး အမေရိကန်အလံ
လွှင့်ထားတဲ့ တိုက်ကြီးတစ်တိုက်ရှိတယ်၊ အဲဒီလမ်းတစ်ဝိုက်မှာ အဘိုးကြီးရဲ့
လန်ချားအစီးသုံးဆယ်လောက်ရှိတယ်။ လူချမ်းသာ ရပ်ကွက်ဆိုတော့ ဒီနေရာဟာ
ကျွန်တော်တို့ လန်ချားတွေအဖို့ ပြဿနာရပ်ကွက်ပဲ။ အဲဒီနေရာရောက်ရင်
ကျွန်တော်တို့ လန်ချားသမားတစ်ယောက် နှစ်ယောက်ကတော့ ပုလိပ်အဆွဲခံ
ရတာချည်းပဲ။ အကြောင်းပြချက်ကတော့ အမျိုးမျိုးပေါ့လေ။ လန်ချားကို
ဖမ်းပြီး ပုလိပ်က ပိုက်ဆံတောင်းတယ်။ ဒီနေရာမှာ ဆွဲတဲ့လန်ချားသမားကလည်း
အခြားတစ်နေရာက လန်ချားသမားထက် ဝင်ငွေကောင်းတယ်ဆိုတာ သိတာကိုး။
ဆေးဗီယားကောလိပ်နား ရောက်လာလို့ ပတ်လမ်း ပုလိပ်ဌာနကို
လှမ်းကြည့်လိုက်ရင် ဖမ်းပြီး တစ်စီးနဲ့တစ်စီး သော့ခတ် ပူးချည်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



လန်ချားတန်းကြီးကို မြင်ရတာပဲ။ လန်ချားတွေ ဆိုက်ထားလိုက်တာ
အရှည်ကြီးပဲ။ ကိုက်တစ်ရာလောက်ရှိမယ် ထင်တယ်။ အဲဒီနေ့ မနက်က
ပုလိပ်လက်ဖဝါးထဲကို ဆီသွားထည့်ရတာပေါ့ဗျာ။ လန်ချားတချို့
ပြန်လွတ်အောင် လုပ်ခဲ့ရတာ ငွေခြောက်ဆယ်လောက် ကုန်ခဲ့တယ်။

အဲဒီကထွက်ပြီး မာလစ်ဈေးနားမှာရှိတဲ့ လန်ချားဆိပ်ကို ကျွန်တော်
ခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ လန်ချားအစီးသုံးဆယ်လောက် ရှိတယ်
ပတ်လမ်းနားရောက်တော့ လက်ဖက်ရည်ဆိုင်ဝင်ပြီး လက်ဖက်ရည်သောက်
တယ်။ အဲဒီဆိုင်က လက်ဖက်ရည်က သိပ်ကောင်းတာဗျ။ လက်ဖက်ခြောက်
ကျကျနပ်ပြီး ခပ်လေးလေးနဲ့ ချိုကျဆိုပါတော့။ အရှုဆိုတဲ့ ပန်ချာပီရဲ့ဆိုင်
လက်ဖက်ရည်ဖျော်ရာမှာတော့ အရှုလောက် ကောင်းတဲ့လူ တစ်ယောက်
မတွေ့သေးဘူး။ ကာလကတ္တားလမ်းဘေး လက်ဖက်ရည်ဆိုင်တွေမှာ
အရှုဆိုင်က အကောင်းဆုံးပဲ။

အရှုဆိုင်မှာ လက်ဖက်ရည်သောက်ပြီးတော့ ကျွန်တော် ပတ်လမ်းအို
ကြီးနားမှာရှိတဲ့ အသားဈေးနဲ့ ဟင်းသီးဟင်းရွက်ဈေးကို သွားတယ်။ အဲဒီ
လည်း ကျွန်တော်တို့ လန်ချား ငါးဆယ်လောက်ရှိတယ်။ လန်ချားဆိပ်တစ်ဆိပ်
ထွက်လာတိုင်း ကျွန်တော့် ရှပ်အင်္ကျီအဖျားမှာ ချုပ်ထားတဲ့ အိတ်ကလည်း
ငွေစက္ကူတွေနဲ့ ဖောင်းသည်ထက် ဖောင်းလာတယ်။ အဲဒီအချိန်ကျတော့မြို့ထဲ
လန်ချားတွေ ပြေးစပြုနေပြီလေ။ လမ်းတွေမှာ လန်ချားက ခေါင်းလောင်းသံ
တချွင်ချွင်နဲ့ မြည်နေပြီ။ ဒါဆိုရင် ကျွန်တော်မြို့ကို လှည့်တာ တစ်ဝက်လော
ရောက်ပြီဆိုတဲ့ သဘောပဲ။ အဲ မွန်းတည့်ချိန်လောက်ရောက်တာနဲ့ ကျွန်
ကောလိပ်ကျောင်းတွေနားကို ရောက်နေပြီ။ အဲဒီနားမှာ လန်ချားတွေမှာ
ချိပြီးစုတဲ့ အချိန်နှစ်ချိန်ရှိတယ်။ ကျောင်းဆင်းချိန်နဲ့ ကျောင်းတက်ချိန်ဆို
တော့။ ကျောင်းတက်ချိန်တို့ ကျောင်းဆင်းချိန်တို့မှာ ကျောင်းသားကျောင်း
တွေက ကိုယ့်လန်ချားနဲ့ ကျောင်းတက်ကြတယ်။ သူတို့ကလည်း သူတို့စီး
ကျ လန်ချားကိုပဲ စီးတော့ လန်ချားသမားအဖို့ ပုံမှန်ဝင်ငွေလေးရတာပေါ့

ကျွန်တော့်ကိုယ်စားလှယ်အလုပ်က သိပ်တော့မလွယ်ဘူးဗျ။ စိတ်ဖို
တယ်၊ ကျွန်တော့် အဘိုးကြီးလို နှလုံးသားက ကျောက်ခဲလိုမာရတ
တစ်ခါတလေမှာ လန်ချားတစ်ခေါက်မှမဆွဲရသေးပေမယ့် လန်ချားသမားဆီ
နေ့တွက်ကို မညှာမတာတောင်းရက်တဲ့ သံတွဲမျိုးရှိရတယ်။ လူပါးတဲ့နေ့



ချားဆိုရင် လန်ချားသမားတွေမှာ လန်ချားငှားခပေးလိုက်ကတာနဲ့ သူ့မှာ
စရာတောင်မကျန်တော့ဘူး။ သနားတော့ သနားပါတယ်။ ဒါပေမယ့်
တတ်နိုင်ဘူးလေ။ အဲဒီလိုနေ့မျိုးမှာ ထမင်းကလည်း ကောင်းကောင်းမစားရ၊
န်ချားစီးမယ့်လူကလဲ မိန်းမဝဝကြီးနှစ်ယောက်၊ ပစ္စည်းတွေကလဲ ပါလိုက်သေး
ယ်ဆိုရင်တော့ အဲဒီလန်ချားသမား သေပေရောပဲ။ ကာလကတ္တားကလမ်းမတွေ
ါမှာ နေ့စဉ် မှုးမေ့လဲကျသွားတဲ့ လန်ချားသမားတွေက နည်းလို့လား။
ဒီလို လဲသွားလို့ကတော့ ဒီလန်ချားသမားတော်တော်နဲ့ နာလန်မထူနိုင်တော့
ဘူး။ ဒီတော့ ကျွန်တော်တို့ကလည်း လန်ချားကို အလကား အအားမထား
နိုင်ဘူးလေ။ ဒီတော့ လူစားရှာရတော့တာပေါ့။ လူစားမရမှာတော့ မစိုးရိမ်ရ
ဘူး။ ဆွဲချင်တဲ့ လူတွေမှ ပုံနေတာပဲ။ ကျွန်တော်တို့ အဘိုးကြီးကလည်း
လူစားလိုရင် ထည့်ရအောင်ဆိုပြီး အရန်တွေအများကြီး ထားတယ်လေ။
အဘိုးကြီးက လူရွေးပြီဆိုရင်လည်း သေသေချာချာ စေ့စေ့စပ်စပ် ရွေးတာ။
ဖြစ်သလို ရွေးတာမဟုတ်ဘူး။ အဲဒီလူရဲ့ နောက်ကြောင်း ရာဇဝင်ကို
သေသေချာချာ စုံစမ်းမေးမြန်းပြီးမှရွေးတာ။ ဒီလိုရွေးမှလည်း တော်ကာကျတယ်
လေ။ အဘိုးကြီးက သူ့လန်ချားသမားတွေထဲမှာ နိုင်ငံရေးတွေ ဘာတွေ
စိတ်ရှုပ်တာကို မကြိုက်ဘူး။ တော်တော်ကြာ အခွင့်အရေး တိုက်ပွဲတွေဘာတွေ
ဖြစ်လာမယ် မဟုတ်လား။ ငါ့မာလကာသီးထဲမှာ ပိုးဝင်ကိုက်တာမျိုး အဖြစ်မခံနိုင်
ဘူးတဲ့။ မကြာခဏ ကျွန်တော်တို့ကို ပြောလေ့ရှိတယ်။ လန်ချားသမားတွေရဲ့
တွေရှိတယ်လေ။ ဒီတော့ အစိုးရက သူတို့လူတွေကို လန်ချားသမားတွေဆီ
ပြီး လန်ချားပိုင်ရှင်တွေဆီက အခွင့်အရေးတောင်းတာတို့ ဘာတို့လုပ်လာ
ပြဿနာ သိပ်ရှုပ်မယ် မဟုတ်လား။ လန်ချားသမားတွေဟာ သူတို့ရဲ့
တန်ဆာပလာပိုင်ရှင်တွေ ဖြစ်ရမယ်လို့ သတင်းစာတွေထဲမှာ မကြာခဏ
တက်ကြတယ် မဟုတ်လား။ ခုထိတော့ လန်ချားသမားတွေထဲမှာ ကိုယ်ပိုင်
ချားရှိသူဆိုလို တစ်ယောက်မှ မတွေ့ဖူးသေးပါဘူး။ တချို့ကတော့
တော့်လိုပဲ ပိုင်ရှင်ရဲ့ ကိုယ်စားလှယ်ဖြစ်လာတာတွေတော့ ရှိတယ်။
လဲ လန်ချား လှည်းသန်တွေကြားထဲက ထွက်ပြီး တက္ကစီဒရိုင်ဘာဖြစ်
သာတွေ ရှိတယ်။ ဒါပေမယ့် ကိုယ်ပိုင် လန်ချားရှိတဲ့ လန်ချားသမားရယ်
တော့ တစ်ယောက်မှ မတွေ့ဖူးသေးဘူး။

လက်ချမီး မယ်တော်ဆီမှာ ကျွန်တော်ဆုတောင်းတာဟာ အချည်းနှီး
ပါဘူး။ တစ်ပတ်လောက်ရှိတော့ ကျွန်တော့်မှာ ငွေလေးတစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ်လောက် စုမိလာတယ်။ ဒါနဲ့ကျွန်တော် ပတ်လမ်းက စာတိုက်ရှေ့မှာ ရှိတဲ့ လျှောက်လွှာစာရေးဆီကိုသွားပြီး မန်နီအော်ဒါသွားရေးတယ်။ ကျွန်တော့် ရွာက သာမယားတွေကတော့ အံ့အားသင့်နေမှာပါပဲ။ မကြာခင်ကပဲ ကျွန်တော့် ဆီကို ပို့ငွေတောင်းတဲ့ ပို့စကတ်ကလေးရောက်လာသေးတာကိုး။ အိမ်ကလာတဲ့ ပို့စကတ်ကတော့ ဘာမှမထူးဘူး။ ငွေတောင်းတဲ့ စာပါတယ်။ အရင်တစ်ပတ် က ပို့လိုက်တဲ့ငွေရောက်တဲ့အကြောင်း၊ သည်ငွေနဲ့ အိမ်မှာလိုတဲ့ ပစ္စည်းကလေး နဲ့ လယ်ယာသုံးပစ္စည်းကလေးတွေကို ဝယ်တဲ့အကြောင်းလောက်တော့ ပါတာ ပေါ့လေ။ ရွာကအိမ်မှာ အဖေရယ်၊ အမေရယ်၊ ကျွန်တော့် မိန်းမရယ်၊ သား သုံးယောက်ရယ်၊ သမီးနှစ်ယောက်ရယ်၊ ချွေးမသုံးယောက်ရယ်၊ သူတို့ကလေး တွေရယ် ကျန်ရစ်ခဲ့တယ်။ စုစုပေါင်း အိမ်မှာစားမယ့် ပါးစပ်ပေါက်က နှစ်ဆယ်လောက်ရှိတယ်လေ။ ကျွန်တော်သာ ငွေမပို့နိုင်ခဲ့ရင် လွန်ခဲ့တဲ့ လေးဆယ့်ရှစ်နှစ်က ကျွန်တော်မွေးခဲ့တဲ့ ကလေးထဲမှာ သရေကြီး ခိုင်းသွား မှာပေါ့။

ပတ်လမ်း စာတိုက်ရှေ့မှာ ကျွန်တော်အမြဲလျှောက်လွှာအရေးခိုင်းတဲ့ လျှောက်လွှာစာရေးရှိတယ်။ သူ့နာမည်က ဒီရှဇာတဲ့။ ခရစ်ယာန်။ သူက အိန္ဒိယပြည် ဟိုတစ်ဖက် ဘုံဘေမြို့အောက်နားက ဂိုအာက လာတာ။ ကျွန်တော်နဲ့ ခင်နေတော့ ကျွန်တော်ကလည်း လန်ချားသမားတွေ ငွေပို့ချင်ရင် မန်နီအော်ဒါရေးဖို့ သူ့ဆီကို ခေါ်သွားတာပဲ။ သူကလည်း ကျွန်တော့်ကို ကော်မရှင်လေးဘာလေး ပေးတယ်။ ဒါက ကျွန်တော်တို့ ထုံးစံပဲလေ။ ကျွန်တော်တို့ ဆင်းရဲသား အလုပ်သမားတွေ ကြားမှာတော့ ပိုက်ဆံပေးနိုင်ရင် အဆင်ပြေတာပဲ။

အဲဒီနေ့က ကျွန်တော်လျှောက်လွှာစာရေးဆီကို အသွားမှာ ကျွန်တော်တို့ လန်ချားသမား ရမ်ကျန္ဒရာနဲ့ တွေ့တာပဲ။ ရမ်ကျန္ဒရာက ဆယ်တန်နှစ် ရွက်ကိုကိုင်ပြီး ကျွန်တော့်ဆီ ပြေးလာတယ်။ မနေ့ညက သူ့လန်ချားမှာ မီးမပါလို့ ပုလိပ်ဆွဲခံရတယ်။ အမှန်ကတော့ဗျာ မြို့ထဲမှာ မီးမပါဘဲ သွားနေ တဲ့ မော်တော်ကားတွေ၊ လော်ရီတွေ ပြည့်လို့ပါ။

ဘောက်ဆူးလိုချင်လို့ အကြောင်းတစ်ခုခုပြပြီး ဖမ်းတာပါ။ ဒါပေမယ့် ကျွန်တော့်ဆီကို ဆယ်တန်ကလေး နှစ်ရွက်ကိုင်ပြီးလာတာက မနေ့ညက အဖမ်းခံရတဲ့ သူ့လန်ချားကို ပြန်ရွေးပေးနိုင်ဖို့ လာတာ မဟုတ်ဘူး ခင်ဗျ



သူ့အဖော်ကို လန်ချားဆွဲခွင့်ရအောင် လာပြောတာ။ အနားရောက်တော့ ဆာဒါဂျီးရယ်၊ ဆာဒါဂျီးဟာ ကာလီမယ်တော်ရဲ့ သားပါတဲ့။ သူ့ကို သနား ပါတဲ့၊ သူတို့ရွာက သူ့သူငယ်ချင်းပါတဲ့။ သူ့မျိုးရိုး အစဉ်အဆက်ကို သူ ကောင်းကောင်းသိပါတယ်တဲ့။ သူအလုပ်လည်း ကြိုးစားပြီး ရိုးသားပါတယ်တဲ့။ သူ့ကို လန်ချားတစ်စီးလောက် ဆွဲခွင့်ပေးပါတဲ့။

ကျွန်တော်လည်း သူ့လက်ထဲက ဆယ်တန်နှစ်ရွက်ကို လှမ်းယူလိုက်ပြီး သူ့နောက်မှာ ခပ်ရိုရိုရပ်နေတဲ့ သူ့အဖော်ကို ကြည့်လိုက်တယ်။ လူကတော့ ခပ်ပိန်ပိန်ပဲ ခင်ဗျ၊ ဒါပေမယ့် လက်မောင်းတွေနဲ့ ပခုံးသားတွေကတော့ တော်တော်သန်မာပုံပါ။ ဒါနဲ့ကျွန်တော်က သူ့ပေါင်နဲ့ ခြေသလုံးကို ကြည့် ချင်တာနဲ့ ခါးတောင်းအကျိုက်ခိုင်းလိုက်တယ်။ ကျွန်တော်တို့ အဘိုးကြီးက လန်ချားသမား တစ်ယောက်ကို လန်ချားပိုင်ခန့်တော့မယ်ဆိုရင် ဒီလိုပဲ ပေါင်တို့ ခြေသလုံးတို့ကို ကြည့်တတ်တယ်။ လန်ချားပိုင်ခန့်ရင် ကြည့်ခန့် ရှတဲ့။ ဘယ်တော့မှ ဆိတ်ကလေးလို သေးသေးကွေးကွေး ကောင်ကို မခန့် ဆနဲ့တဲ့။ ကျွန်တော်လည်း သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး အဖြေပေး လိုက်သည်။

“အေး...မင်း ကံကောင်းတယ်၊ မနေ့ညကတွင် ဘိုဝါနီဘူတာနားမှာ လန်ချားသမားတစ်ယောက် လဲကျသေသွားလို့ လန်ချားတစ်စီးအားနေတာနဲ့ အတော်ပဲ” လို့ ပြောလိုက်တယ်။

## ၂၁

ဤမြို့တော်မှ မှုဆလင်ရပ်ကွက်ကလေးသည် ပွဲတော်ကျင်းပရန်အတွက် လှုပ်လှုပ်ရွရွဖြစ်နေသည်။ အမျိုးသမီးများက သူတို့ အဝတ်အစားများကို သိမ်းဆည်းရာမှ ထုတ်ကြသည်။ အမျိုးသားများက လမ်းကြားကလေး တစ် လျှောက်တွင် အလံကလေးတွေ၊ ပန်းကလေးတွေ ရောင်စုံဆင်နေကြသည်။ သမားများက လျှပ်စစ်ကြိုးများကို သွယ်တန်းကာ အသံချဲ့စက်များ တပ်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ လမ်းထောင့်တိုင်းတွင် အချိုမှုန့်မျိုးစုံလုပ်ထားသည့် ဗန်းကလေးများ ရှေ့တွင် ချထားသည့် ဈေးသည်တွေ ပြည့်နေသည်။ သူတို့ဆင်းရဲမှု၊ သူတို့ သောကများကို မေ့သွားကြလေပြီ။ ဆင်းရဲသား ရပ်ကွက်ကလေးထဲရှိ ငါးသောင်း ခန့်မျှသော မူဆလင် အမျိုးသားများသည် တမန်တော် မဟာမက် မွေးနေ့ကို ကျင်းပရန် ပြင်ဆင်နေကြခြင်းဖြစ်သည်။

တရားစာရွတ်သံများကြောင့် သူတို့ ရပ်ကွက်ကလေးသည် မိန်းမော ငြိမ်သက်ရာမှ လှုးလွန့်ကာ ပွဲတော်အသွင်ကို ဆောင်လာခဲ့သည်။

မူဆလင် အမျိုးသား ထောင်ပေါင်းများစွာတို့သည် ဆင်းရဲသား ရပ်ကွက်ကလေးထဲရှိ ပလီခြောက်ခုတို့တွင် ဝပ်တွားကာ မက္ကာမြို့ရှိရာ ရှိခိုးကြသည်။ ဆံပင်ညှပ်ဆိုင်၊ အပ်ချုပ်ဆိုင်၊ ရတနာဆိုင်များတွင် လူတွေ ပြည့်လျက်။ ဆင်းရဲသားများသည် မင်းသားလို ဝတ်ဆင်လျက်။ ဟိန္ဒူအမျိုးသမီး များကလည်း သူတို့ ထုံးစံအရ စားသောက်ဖွယ်များကို ချက်ပြုတ်ကာ အိမ်နီး ချင်း မူဆလင်များထံလာ၍ လက်ဆောင်ပေးကြသည်။ အချို့က ဘီးများ၊ ဆံညှပ်များ၊ ပန်းများ၊ ဖဲကြိုးများဖြင့် ဆံပင်များကို ပြင်ပေးကြသည်။ အချို့ ကလည်း မြေနီမှုန့်၊ မြေဝါမှုန့်ကို ယူကာ သူတို့ မိတ်ဆွေများကို လိမ်းခြယ် ပြင်ဆင်ပေးကြသည်။ ကလေးများကား ပြင်ဆင် မွမ်းမံ၍ပင် မပြီးနိုင်တော့ မျက်လုံးပတ်လည်တွင် ခိုသွေးခြယ်သည်။ ကိုယ်ပေါ်တွင် ပြောင်လက်တောက် သည့် အင်္ကျီရှည်နှင့် ဘောင်းဘီရှည်တို့ကို ဝတ်သည်။ ခေါင်းတွင် တူရကီဖိနပ် စီးသည်။ သူတို့ကို ကြည့်ရသည်မှာ "တစ်ထောင့်တစ်ည" ပုံပြင် စာအုပ် တွင် ရေးဆွဲထားသည့် အရုပ်ကလေးများနှင့် တူသယောင်ယောင်။

ပွဲတော်မှ အသံဗလံများ၊ အသံချဲ့စက်များ ဆူညံနေသည့်တိုင် သူ့အခန်း ဆောမှ ညည်းညူအော်ဟစ်သံကို ကိုဗာစကီး ကြားနေရသေးသည်။ သူ့ အခန်းဆောရှိ ဆာဘီးယားသည် ညည်းညူအော်ဟစ်နေဆဲ။ သုခမြို့တော် ဂျာမာမက်စဂျစ် ပလီကြီးထဲမှ မျက်မမြင်မူလာကြီး၏ တရားစာ ရွတ်ဖတ် သည် အသံချဲ့စက်မှ ပေါ်လာပြီး နောက်မှ တရားစာလိုက်ရွတ်နေသူများ၏ အုတ်အုတ်ကျက်ကျက် အသံများကို ကြားနေရဆဲဖြစ်သည်။ ဂျာမာမက်စဂျစ်ပ ကြီးက ဖြူဖွေးလျက်။ ပလီထိပ်ဖျား လေးထောင့်တွင်ရှိသည့် စုလစ်မွမ်းချွန် များက ဖယောင်းတိုင်ကြီးများသဖွယ်။ ထိုရပ်ကွက်ကလေးထဲတွင် ထိုပလီကြီး သည် အမြင့်ဆုံး အကောင်းဆုံးဖြစ်သည်။ ပုရွက်ဆိတ်အုံကဲ့သို့ ပြည့်ကျပ်နေသော



ဆင်းရဲသားရပ်ကွက်ကလေးထဲတွင် အကျယ်ဆုံးနေရာဆို၍ ထိုပလီဝင်းကြီး ခဲ့သာရှိသည်။ ထိုပလီကွက်လပ်ကြီးထဲမှာ လမ်းသေး လမ်းမြွာများထဲမှာ ဘော်သွားသည့် လူတွေ ရှုပ်ယှက်ခတ်လျက်။

ဝတ်ရုံဖြူတို့ကို ဝတ်ဆင်ထားသည့် မျက်မမြင် မူလာကြီးသည် သို့ သွားနေသော လူတန်းကြီးကို ခေါင်းဆောင်လာသည်။ သူ့ရှေ့တွင် ပြာဝတ်ထားသည့် အစ္စလာမ်သာသနာဘက်ဆိုင်ရာ ပုဂ္ဂိုလ်နှစ်ဦးက ကြီးကို လမ်းပြပေး၏။ အသံချဲ့စက်ကို ဆိုက်ကားပေါ်တွင် တင်ထားပြီး ကြီးက အသံချဲ့စက်ခွက်ကို ကိုင်ကာ နှစ်မိနစ်လျှင် တစ်ကြိမ်ကျ ရပ်၍ ရားစာကို တိုင်ပေးသည်။ ကျန်အစ္စလာမ်ဘာသာဝင်တို့က မူလာကြီးရှေ့မှ ပေးသော တရားစာကို လိုက်ဆိုကြသည်။ ခဏကြာလျှင် ပလီသို့သွားနေသည့် တန်းကြီးသည် တစ်မိုင်ကျော်မျှ ရှည်လျားလာခဲ့လေပြီ။ ပြွတ်သိပ်ကျပ်ခဲနေ သာ အိမ်ကလေးများ၊ တဲကလေးများကြားမှ လမ်းသေးလမ်းမြွာ ကလေးများ တွင် တရားစာကိုရွတ်ဆိုနေသည့်လူတန်းကြီးသည်တရွေ့ရွေ့သွားလျက်ရှိ၏။

ကိုဗာစကီးသည် သူ့အိမ်ခေါင်းကလေးအဝတွင် ရပ်ရင်း တရွေ့ရွေ့ ဘပ်လာနေသော လူတန်းကြီးကို တအံ့တသြ ကြည့်နေမိသည်။ ထိုမျှ မှာ ဆင်းရဲသော ရပ်ကွက်ကလေးထဲမှာ ထိုမျှ လှပသော ရှုခင်းမျိုး မည်သို့ ပေါ်ပေါက်လာလေသနည်း။ ကလေးငယ်များကို ကြည့်ရသည်မှာ ပို၍ စရာကောင်းသေးသည်။ သူတို့ ကိုယ်တွင် ဝတ်ထားသည်က ရောင်စုံ။ ပြာရောင်၊ အစိမ်းရောင်၊ ရွှေရောင်၊ ပန်းနုရောင်။ မိန်းကလေးများ ထားသည့် ရှာလဝါနှင့် ဂါဂရာများက ငှက်ခါးရောင်။ သူ့လက်ထဲတွင် လာမ် သာသနာ့အလံကို ကိုင်ထားသည့် သူ့အိမ်နီးချင်း မာဘူကို တတိယ တန်းထဲတွင် ကိုဗာစကီး မြင်လိုက်ရသည်။ ဘာသာရေးပွဲတော်နေ့သည် လုပ်လက်မဲ့ဖြစ်၍ ငတ်ပြတ်နေကြသော အလုပ်သမားများကို တမန်တော် ဟာမက်၏ စစ်သည်များအဖြစ် ပြောင်းလဲပစ်လိုက်လေပြီ။ ကလေးများထဲတွင် ဘူ၏ သားငယ် နာဆားကို သူမြင်လိုက်ရသည်။ ဆာဗီးယား၏ ညီမငယ် လေးများနှင့်အတူ လိုက်ပါလာသော မာဘူ၏ သမီးငယ်များကိုလည်း လိုက်ရသည်။ မိန်းကလေးများမှာ မင်းသမီးလေးများနှင့်ပင် တူနေတော့သည်။ တို့ကိုယ်ပေါ်တွင် ဖန်လက်ကောက်၊ ကြေးလက်ကောက်၊ ငွေလက်ကောက် ပြီးပြိုးပြက်ပြက် တောက်ပလျက်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် နောက်မှ ခေါ်လိုက်သည့်အသံ တစ်သံကို ကိုဗာစ ကြားလိုက်ရ၏။

"ဆရာကြီး ကျွန်မ သားကလေးဆုံးသွားပြီ၊ အသုဘ မချခင်ဆရာ လာပြီး ဆုတောင်းပေးလှည့်ပါဦး။ ကျွန်မသားကလေး ဆာဗီးယာ ဆရာကြီးကို သိပ်ချစ်တာ၊ ဆရာကြီးလာပြီး ဆုတောင်းပေးလှည့်ပါ"

နောက်သို့ လှည့်ကြည့်လိုက်သည့်အခါတွင် ဆာဗီးယား၏ အမေ တွေ့ရသည်။ ဆာဗီးယားသည် ယခုပင် ဆုံးသွားခဲ့ပြီ။

ဆာဗီးယား၏ အမေသည် သောကပရိဒေဝပြစ်နေသည့် ကြားထဲက ဣန္ဒြေပျက်ခြင်းမရှိ။ သူ့ဘဝတစ်လျှောက်လုံး ဆင်းရဲဒုက္ခနှင့် ကြုံတွေ့ရစဉ် လည်း ထိုအမျိုးသမီးသည် စိတ်ပျက်အားငယ်ဟန်ကို မပြ။ ပရိယေ အလို့ငှာ လမ်းကြားထဲတွင် စက္ကူအိတ်များကို ချုံးနေသည်မှာပင်ဖြစ်စေ၊ ရေထမ်း၍ ရောင်းသည့်အခါမှာပင်ဖြစ်စေ၊ သားငယ် ဆာဗီးယား အိပ်ရာဝင် တရားစာရွတ်နေချိန်မှာပင်ဖြစ်စေ၊ ဆာဗီးယားအမေသည် ခေါင်းကို မော့ ကာ တည်ကြည်သော အပြုံးကို ဆင်ယင်ထားမြဲပင်။

"ဒီလိုမိန်းမမျိုးကို ကျွန်တော် မတွေ့ဖူးသေးဘူးဗျာ၊ ဒုက္ခ၊ သုက္ခ ရောက်တုန်းမှာလဲကြည့်၊ ဣန္ဒြေမပျက်ဘူး၊ လောကကြီးကို အရှုံးပေး စိတ်နာတာလဲ မရှိဘူး၊ လူ့ဘဝကိုသူတည်တည်ကြည်ကြည်နဲ့ရုန်းကန်သွားတာ ခြသေ့်မတစ်ကောင်နဲ့ တူတယ်လို့တောင် ထင်မိတယ်၊ ဆေးဖိုးဝါးခကလေး ပေးဖို့၊ ဆရာဝန် ခေါ်ကြွခပေးဖို့ သူ့မှာရှိတဲ့ ပစ္စည်းကလေးတွေကို ရောင်းပေးလို့ ရတယ်၊ သူ့မှာရှိတဲ့ ပစ္စည်းဆိုတာကလည်း ငွေလက်ကောက်ကလေး တစ် ရယ်၊ ငွေနားနှာသီးကွင်းကလေးရယ်၊ နားဆွဲကလေး တစ်ရန်ရယ် ဒါပဲရှိ ပါ။ ညညဆိုရင် သူ့သားကလေး ဝေဒနာ သက်သာအောင်ဆိုပြီး သားအိပ် ဘေးမှာထိုင်ပြီး တစ်ညလုံး တရားစာတွေကို ရွတ်နေတာပဲ။ သူ့မှာ မျှော် ထားရတာလည်း မရှိဘူး။ ကျိန်ဆဲတာလည်း မရှိဘူး။ ဒီမိန်းမဟာ ယုံကြည် တရားနဲ့ မေတ္တာတရားကို ဘယ်လိုရအောင် လုပ်ရတယ်ဆိုတာ ကျွန်တော့် သင်ကြားပေးလိုက်တာနဲ့ အတူတူပဲ" ဟု ကိုဗာစကီးက ပြောသည်။

ဆာဗီးယား၏ အမေသည် အသုဘလာမေးသည့် ပရိသတ်များကြား ကိုဗာစကီးကို အလောင်းနားသို့ခေါ်လာခဲ့၏၊ ဆာဗီးယားသည် စင်က



ခုပေါ်တွင် လဲလျောင်းလျက်။ ကိုယ်ပေါ်တွင် အဝတ်ဖြူတစ်ခုကို လွှမ်းထား ရင်ဘတ်ပေါ်တွင် ပန်းစည်းတစ်စည်းကို တင်ထားသည်။ မျက်လုံးကမှိတ် လျက်။ သူ့မျက်နှာသည် ပကတိငြိမ်းချမ်းခြင်းကို ဆောင်လျက်။ ကိုဗာစကီး သည် ဆာဗီးယား၏ နဖူးပြင်ပေါ်သို့ လက်မဖြင့် ဝေ့ဝဲကာ လက်ဝါးကပ်တိုင် အတ်အသား ကြက်ခြေခတ်လိုက်သည်။ ခဏကြာသည့်အခါတွင် ဆာဗီးယား သည် လမ်းကြားထဲမှ လူငယ်ကလေးများ၏ လက်ထဲတွင် သူ့အိမ်ခေါင်း ကလေးမှ နောက်ဆုံးခရီးကို ထွက်ခွာသွားခဲ့လေပြီ။ ကိုဗာစကီးသည် မျက်နှာငယ် ကို လိုက်ပို့၏။ ပွဲတော် ကျင်းပချိန်ဖြစ်ပြီး ပလီထဲတွင် လူတွေရောက် သဖြင့် လမ်းတစ်လျှောက်တွင် လူများများစားစားမရှိ။ ထိုမျှမက သုခမြို့ တွင် သေခြင်းတရားသည် နေ့စဉ်နှင့်အမျှ တွေ့ကြုံနေရသော ကိစ္စကြီးဖြစ် သည့်အတွက် လူ့လောကမှ ထွက်ခွာသွားသော ဆာဗီးယားကို မည်သူကမျှ သည်း ထူးထူးထွေထွေ သတိမထားလိုက်မိကြ။

## ၂၂

ဟာစရီပါးသည် မတ်တတ်ရပ်ကာ သူ့ရှေ့တွင်ရှိသည့် လန်ချားကိုကြည့် နေသည်။ ဆင်းရဲသားတို့၏ နတ်ဘုရား ဂါနက်သျှနတ်မင်း ကိုယ်ထင်ပြသည် ဟု မြင်လိုက်သည့်နှယ် သူ့ရှေ့တွင်ရှိသည့် လန်ချားကို မျက်တောင်မခတ် တအံ့တသြဖြင့် စိုက်ကြည့်နေသည်။

သူ့စိတ်ထဲတွင် လန်ချားလှည်းသန်နှစ်ချောင်းကို မမြင်။ ဆင်ခေါင်းရှိသည့် ဂါနက်သျှနတ်မင်း၏ အစွယ်နှစ်ချောင်းဟု မြင်နေသည်။ လန်ချားဘီး နှစ်ဘီးကိုလည်း ဂါနက်သျှ နတ်မင်း၏ နားရွက်နှစ်ဖက်ဟု ထင်နေသည်။ နောက်ဆုံး၌ ဟာစရီပါးသည် လန်ချားအနီးသို့ ရှိသေစွာ ချဉ်းကပ်လာခဲ့ကာ သူ့လက်စွပ်မှ ကျောက်ကို လန်ချားလှည်းသန်ဖြင့် ပွတ်လိုက်ပြီး နောက် ထိုလက်ဖြင့် သူ့ရင်ဘတ်နှင့် နဖူးကိုထိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပလက်ဖောင်းမှာ ရပ်ထားတဲ့ လန်ချားတွေဟာ ဘုရားဆေး ပစ္စည်းတွေဗျ၊ ကျွန်တော့် သားမယားတွေ စားဖို့၊ ရွာမှာရှိတဲ့ ကျွန်ခေ ဆွေမျိုးသားချင်းတွေကို ထောက်ပံ့ဖို့ ကျွန်တော် ချွေးနဲ့ရင်းပြီး လုပ်ရ မြို့ပေါ်က ထွန်တုံးတွေနဲ့ အတူတူပဲ၊ ဒါပေမယ့် ခက်တာက ကျွန်တော် လန်ချားက အအိုကြီးဗျ၊ ပြီးတော့ လိုင်စင်လည်း မရှိဘူး။ အပြင် သုတ်ထားတဲ့ သဘော်ဆေးတွေကလည်း အဖတ်လိုက် ကွာကျကုန်ပြီ။ ထို အခင်းကလည်း စုတ်ပြတ်ပြီးအထဲက ကောက်ရိုးစတွေ ထွက်နေပြီ။ ပြီးတေ အမိုးကလည်း စုတ်နေပြီ။ ဘီးမှာတပ်ထားတဲ့ ရော်ဘာတာယာကလ စုတ်ဖွာပြီး အောက်က သစ်သားဘီးကြီးကိုတောင် မြင်နေရပြီ။ ထိုင်ခုံအော မှာ လန်ချား ပစ္စည်းထည့်ဖို့ သေတ္တာကလေးတစ်လုံးရှိတယ်။လန်ချားဝင်ရိုးထ ဖို့ ဆီပုလင်းရှိတယ်။ ဘီးဝက်အူတွေကို ကြပ်ဖို့ ခွရှိတယ်။ ညမှာထွန် မီးခွက်ပါတယ်။ မှုဆလင် အမျိုးသမီးတို့ ဘာတို့ စီးရင် ရှေ့ကဖုံးရအော ဒါမှမဟုတ်ရင်လည်း မိုးတွင်းကျရင် ပါဆင်ဂျာတွေ မိုးမပက်အောင်ကာ တာရပတ်ကလေးတစ်စရှိတယ်။

ဒါတွေရှိမှန်းကို အစက မသိပါဘူး။ ကျွန်တော့် မိတ်ဆွေ ရမ်ကျနွ နဲ့ ကူလီကို ဆေးရုံသွားပို့တော့ သူ့လန်ချား ထိုင်ခုံအောက်က သေတ္တာကလေး ဖွင့်ပြတော့မှ ကျွန်တော် တွေ့ဖူးတာပါ။ ဒါပေမယ့် ကျွန်တော့် လန်ချားထိုင် အောက်က အံကလေးထဲမှာတော့ ဘာမှမပါဘူးဗျ။ အရင် လန်ချားသ လမ်းပေါ်မှာ လဲကျသေသွားတုန်းက တစ်ယောက်ယောက်က ဖွင့်ယူသွားတာ ဖြစ်မှာပေါ့။ ရမ်ကျနွရာကတော့ မင်းရှုနေတဲ့ လေကို ခိုးလို့ရရင် အဲဒီလေ ခိုးမယ့်လူတွေတောင် ကာလကတ္တားမှာ ရှိတယ်လို့ ကျွန်တော့်ကို သတိပေ ဖူးတယ်။

"လန်ချားနောက်က သံပြားကလေးပေါ်မှာ လန်ချား နံပါတ် အခြားစာတွေ ရေးထားတယ်။ ဘာတွေ ရေးထားမှန်းတော့ ကျွန်တော်လဲမသိဘူ ဒါပေမယ့် လန်ချားနံပါတ်ကိုတော့ ကျွန်တော့်စိတ်ထဲမှာ အလွတ်ကျက်ထာ လိုက်ရတယ်။ သိုက်တူးမယ့် သိုက်ဆရာများ ဂါထာမန္တန်တွေကို အကု အလွတ်ကျက်ရသလိုပေါ့ဗျာ။ ကျွန်တော်က ဝမ်းသာအားရနဲ့ ကျွန်တေ လန်ချားနံပါတ်ပေါ်မှာထားတဲ့ တစ်ဂဏန်းနဲ့ ကိုးဂဏန်းသုံးလုံးကို ကျွန်တေ ကျေးဇူးရှင် ရမ်ကျနွရာကို သွားပြတယ်။ အမှန်ကတော့ တကယ့်နံပါတ်အစ



တ်ဘူးဗျ။ နံပါတ်အတုကြီး တပ်ထားတာ။ ဒါပေမယ့် မတတ်နိုင်ဘူးလေ။ များသော ချေးခါးသော တွေးနေရင် ကျွန်တော်ငတ်သွားမှာပေါ့။

"လန်ချားကို သေသေချာချာ စစ်ဆေးကြည့်ပြီး လှည်းသန်နှစ်ချောင်း ထဲကို ကျွန်တော်ဝင်ရပ်လိုက်တယ်။ ပြီးတော့ ခပ်စောစောကလေးကအထိ င်လန်ချားသမားကိုင်သွားတဲ့ လှည်းသန်ပေါ်က ခွက်ဝင်နေတဲ့ လက်ရာ လေးပေါ်ကို ကျွန်တော်ကိုင်ပြီး လန်ချားကို မ,ကြည့်လိုက်တယ်။ တင်ပါး ောက်ပစ်၊ ခါးကိုကော့ပြီး ဆွဲလိုက်တော့ လန်ချားဘီးက ကျောက်ခဲကလေး ကြိတ်သံကို ကြားလိုက်ရတယ်။ အဲဒီအသံကို ကြားလိုက်တာဟာ န်တော်တို့ရွာမှာ မောင်းထောင်းတဲ့ မှမောင်းထောင်းသံကြားလိုက်ရသလို န်တော် အားရှိသွားတယ်။ ဘုရားတရား ဂုဏ်ကျေးဇူး ဘယ်လောက်ကြီးသလဲ တာ အဲဒါသာကြည့်ပေတော့ဗျာ။ ပိုပြီးဟန်ကျတာက ကျွန်တော်စပြီး ချားဆွဲတဲ့နေ့ကလဲ သောကြာနေ့ဗျ။ ကျွန်တော်ကို လန်ချားသမားတွေအဖို့ ချားဆွဲလို့ အကောင်းဆုံးနေ့ဟာ တနင်္လာနေ့နဲ့ သောကြာနေ့ပဲ။ အဲဒီနေ့ မှာ လူတွေ ဈေးဝယ်ထွက်ကြတာကိုး၊ ပြီးတော့ သောကြာကလဲ လဆန်း ာကြာရက်ဗျ။ အဲ လလယ်ပိုင်းရောက်ရင်တော့ လူတွေ တော်တော်ကျပ်လာပြီ။ တ်ထဲက တစ်ပြားအထွက်မခံတော့ဘူး၊ လက်ကို ကျစ်ကျစ်ပါအောင် ဆုပ် လိုက်ပုံတော့ မမေးနဲ့။ သျှိုဝနတ်မင်းရဲ့ ခက်ရင်းခွကျနေတာပဲ။ ကျွန်တော့် တ်ဆွေ ရမ်ကျနွရာက သူ့တို့ လန်ချားသမားတွေရဲ့ ပရိယာယ်တွေကို န်တော့်ကိုပြောပြတယ်။ လန်ချားစီးတဲ့လူဆိုတာ လူအမျိုးမျိုးပဲတဲ့၊ ာင်းတဲ့လူရှိသလို ဆိုးတဲ့လူလဲရှိတယ်။ အမြန်ဆွဲခိုင်းတဲ့လူရှိသလို တချို့ တော့လဲ အေးအေးဆေးဆေးပဲ အဆွဲခိုင်းတယ်။ တချို့ကျတော့လဲ တစ်ပြားကို ပြားမှတ်လို့ ချွာနေတဲ့လူတွေ။ အကောင်းဆုံးကတော့ နိုင်ငံခြားသားကို တာကတော့ အကောင်းဆုံးပဲတဲ့။ ပိုက်ဆံများများရတယ်တဲ့။ ရမ်ကျနွရာဟာ န်ချားလိမ်စီးတဲ့ လူတွေကိုလည်း သတိထားဖို့ ကျွန်တော့်ကို ပြောပြတယ်။ ချို့ဆိုရင် ဆင်းတဲ့နေရာရောက်လို့ ခဏကလေးစောင့်နေဦး ဘာဦးနဲ့ ပြီး မပေါ်လာတော့ဘူးတဲ့။ ပြည့်တန်ဆာမတွေလဲ ဒီလိုပဲ လန်ချားလိမ်ပြီး ာတ်သတဲ့။ ပြီးတော့ ကိုယ်လက်တွေ ကိုက်ခဲတယ်ကွ၊ မုန်ညင်းဆီလေး ်ပုလင်းလောက်ကို အမြဲဆောင်ထား၊ ကိုယ်လက်နာရင် မုန်ညင်းဆီကလေး ိမ်းလို့ သူက ကျွန်တော့်ကို နည်းလမ်းပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"လူတွေ ပြည့်နှက်နေတဲ့ ကာလကတ္တားမြို့ကြီးထဲမှာ ကျွန်တော် လန်ချားကလေး တစ်ချောက်ချောက်နဲ့ ပြေးလွှား ရုန်းကန်ရတာ တွေးကြည့်ရင်တော့ လန့်စရာကြီးပေါ့ဗျာ။ ကိုယ့်မှာ အားကိုးအားထားဆို ဘယ်သူမှလဲရှိတာ မဟုတ်ဘူး။ ပြီးတော့ လမ်းသေးလမ်းမြွာတွေက များပါဘိသနဲ့။ ဝင်္ကပါလိုကွေ့ကောက်နေတဲ့ လမ်းကလေးတွေထဲမှာ ဘယ်လို လမ်းရှာသလဲလို့ ခင်ဗျားတို့က မေးကောင်းမေးမယ်။ ဒါမှမဟုတ်ရင် ဘတ်စ်ကားတွေ၊ လော်ရီကားတွေ၊ ယာဉ်တွေ တဝေါဝေါကြားထဲ ဘယ်လိုလုပ်ပြီးများ လန်ချားဆွဲသလဲလို့ မေးကောင်းမေးမယ်။

"ရမ်ကျန္ဒရာက အကြံပေးတဲ့အတိုင်း လန်ချာစထွက်ထွက်ချင်း ကျွန်တော် ပတ်လမ်းအဝိုင်းမှာ လန်ချားသွားထိုးတယ်။ အဲဒီနေရာက သိပ်လူစည်တဲ့နေ မဟုတ်လား။ ဓာတ်ရထားဆိုလဲ လိုင်းပေါင်းစုံ၊ ဘတ်စ်ကားဆိုလဲ လိုင်းပေါ စုံ ဒီနေရာကပဲ ဖြတ်ကြတာပဲ။ အဲဒီနားမှာ အလုပ်ရုံကလေးတွေရှိတယ် ကျောင်းတွေရှိတယ်၊ ဈေးကြီးလဲရှိတယ်။ အဲဒီဈေးကြီးကို လူချမ်းသာအိမ်ရှင် တွေ ဈေးလာဝယ်တတ်တယ်။ အဲဒီနားဆိုရင် ဆိုက်ထားလိုက်တဲ့ လန်ချား ဟာ နည်းတာမဟုတ်ဘူး။ ကျွန်တော်ရောက်သွားတော့ လန်ချားသမားတွေ ကျွန်တော့်ကို ဝမ်းသာအားရ ဆီးကြိုမယ်လို့တော့ မထင်လိုက်နဲ့။ ဒီ လူမဆန့် မြို့ကြီးမှာ ပေါင်မုန့်အပဲ့ကလေးတစ်ခုရဖို့ဆိုတာ အင်မတန်ခက်တဲ့ အခွင့်အရေး ကြီးမဟုတ်လား။ ဒီတော့ တချို့က ကျွန်တော်ရောက်လာတာကို ဘယ်ကြိုက်မလဲ အများအားဖြင့် လန်ချားသမားကလေးတွေက အသက်ငယ်ငယ်ကောင်လေးတွေ ခပ်ကြီးကြီးတွေတော့ ရှိတာပေါ့လေ၊ သူတို့လည်း လန်ချားဆွဲလို့သာ ဆွဲနေရ တာ တော်တော် အိုနေပါပြီ၊ စုတ်ပြတ်နေတဲ့ အင်္ကျီကြားကနေပြီး နံရိုး တောင် လှမ်းရေလို့ရတယ်။

"ဒီလိုနဲ့ လန်ချားဆွဲတဲ့ ကိုယ့်အလှည့်ကို စောင့်ရတယ်။ ရှေ့က လန်ချားတွေ ကုန်သွားပြီဆိုတော့ ကျွန်တော့်အလှည့်နီးလာပြီ၊ ကျွန်တော့်ရင်ထဲ မှာ တဒိတ်ဒိတ်ဖြစ်နေတာပဲဗျာ။ လူတင်ပြီးဆွဲရင် ဆွဲမှဆွဲနိုင်ပါ့မလားဟဲ့ဆိုပြီး တထိတ်ထိတ်ဖြစ်နေတာပေါ့၊ လန်ချားပေါ် လူတင်ပြီး လူတွေ၊ ယာဉ်တွေ ဥဒဟိုသွားလာနေတဲ့ကြားမှာ ဆွဲလို့ဖြစ်မှဖြစ်ပါ့မလားလို့ တွေးရင်း ခြေလက် တွေ သွက်ချာပါဒလိုက်သလို ဖြစ်နေတယ်။ ဒါနဲ့ ကျွန်တော် အားရှိအောင်ဆိုပြီး အနားမှာရှိတဲ့ ကြံရည်ဆိုင်ကိုသွားပြီး ကြံရည်တစ်ခွက်ကို ပြားနှစ်ဆယ်



သောက်လိုက်ရသေးတယ် အမယ် သူ့ကြံရည်ဆိုင်ကလည်း ရောင်းလို့ ကောင်းပုံရတယ်။ ကြံရည်ဆိုင်ရှေ့မှာ တန်းစီနေတဲ့ လူတန်းကြီး မနည်းဘူး။ ကြံရည်တစ်ခွက်လောက်သောက်ပြီး တစ်နေ့လုံး ဘာမှ မစားဘဲနေတဲ့ လူတွေ လဲ အများကြီးဆိုတော့ ကြံရည်ရောင်းလို့ သိပ်ကောင်းတာပေါ့။ တချို့မှာ ကြံရည်တစ်ခွက်တောင် ဝယ်မသောက်နိုင်လို့ ကြံတစ်ချောင်းကို ဝယ်ပြီး တစ်နေကုန် ကြံစုပ်နေရတဲ့ လူတွေတောင် ရှိသေးတယ်။ ကြံတစ်ချောင်းမှ ငါးပြားလောက်ပဲ ပေးရတာကိုး။ ကြံရည်တစ်ခွက်လောက် သောက်လိုက်ရင် ကားထဲ ဓာတ်ဆီထည့်လိုက်သလို အားပြည့်သွားတာပဲဗျာ။ ဗိုက်ထဲလဲရောက် ရော ပေါင်တွေမှာ အားရှိသွားတယ်လို့ ထင်လိုက်ရတယ်။ ဒီအတိုင်းသာဆို လန်ချားကို ဟိမဝန္တာတောင်ထိပ်ရောက်အောင် ဆွဲသွားနိုင်မလား မသိဘူး။

"လန်ချား ဆွဲခါနီးတော့ ကျွန်တော် ငယ်ငယ်တုန်းက လယ်ထဲမှာ နွားကို ထွန်မှာတပ်ပြီး မောင်းရတာကို သွားသတိရနေတယ်။ ဒီလိုတွေးနေတုန်းမှာ လန်ချား ဝါလားလို့ ခေါ်သံကြားလိုက်ရတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ အိပ်မက်မက်သလို ဘာလိုလိုပဲ၊ ခေါ်သံကြားလို့ လှမ်းကြည့်လိုက်တော့ ဆံမြီးခါးထိအောင် ချထားတဲ့ ကောင်မလေးတစ်ယောက်ရယ်ဗျ၊ ဘလောက် အကျီ အဖြူကလေးနဲ့၊ ဂါဝန်အပြာကလေးနဲ့၊ အနားမှာရှိတဲ့ ကွန်ဗင့်ကျောင်း က ကျောင်းသူကလေး၊ သူ့အနားရောက်လို့ လန်ချားဆိုက်တော့ လန်ချားပေါ် တက်ပြီး သူ့အိမ်အပို့ခိုင်းတယ်။ သူနေတဲ့ လမ်းကို ကျွန်တော် ကောင်းကောင်း မသိဘူးဆိုတာ သိသွားတော့ ဘယ်ချိုးညာချိုးနဲ့ ကျွန်တော့် လန်ချားပေါ်က လမ်းပြသွားတယ်၊ အဲဒီတုန်းကများ လမ်းမပေါ်က ယာဉ်တွေကြားထဲကို ဘယ်လိုကနေ ဘယ်လိုရောက်သွားလိုက်မှန်း မသိဘူးဗျာ။ ကျွန်တော့်စိတ်ထဲမှာ သေသွားမလားလို့တောင် ထင်မိတယ်။ ကျွန်တော့်အဖြစ်က ဘာနဲ့တူသလဲဆိုတော့ နောက်ကကျားလိုက်လို့ ရေထဲဆင်းပြေးတာ ရေထဲရောက်တော့ မိကျောင်းနဲ့ တွေ့တဲ့ အဖြစ်မျိုးနဲ့ တူနေတယ်၊ ဘတ်စ်ကားဒရိုင်ဘာတွေနဲ့ လော်ရီဒရိုင်ဘာတွေ ဟာ စိတ်ကောင်းမရှိဘူးဗျ၊ သူတို့စိတ်ထဲမှာ လန်ချားသမားကို ကိုးယိုးကားယား ဖြစ်အောင်လုပ်ရတာ ပျော်တယ်ထင်ပါရဲ့။ ဟွန်းတွေ တတီတီတီးပြီး ကျွန်တော့် ဆီကိုအတင်းမောင်းဝင်လာတာပဲ။ သူ့တို့ထက်ဆိုးတာက ဘတ်စ်ကားလေး တွေမောင်းတဲ့ ဒရိုင်ဘာတွေနဲ့ တက္ကစီမောင်းတဲ့ ပန်ချာပီ ဒရိုင်ဘာတွေပဲ။ နောက်တော့ ကျွန်တော်ဖြင့် လန်ချားကို အပြေးအလွှားတောင် မဆွဲရဲတော့ဘဲ ဖြည်းဖြည်းပဲ ဆွဲလာရတယ်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကလည်း ဘယ်ညာကို ကျီးကန်းတောင်းမှောက်ကြည့်လာ တယ်။ စဉ်းစားကြည့်လေ။ လန်ချားကို နောက်လန်မသွားအောင် ချိန်သားကိုက် အောင်လည်း ထိန်းလာရသေးတယ်။ လက်ကိုင်မယ့်နေရာမှာ လက်ကျ နေသားကျအောင် တင်ရသေးတယ်။ ဒီလိုနေရာမှန်မှ အလေးချိန် ညီသွား လန်ချားဆွဲလို့ ရမှာကိုး။ ပြောရတာတော့ လွယ်လွယ်ကလေးပဲ။ ဒါပေမယ့် ယာဉ်တွေ ဥဒဟိုသွားလာနေတဲ့ လမ်းမကြီးမှာ ဒီလို ချိန်သားကိုက်အောင် လုပ်ဖို့ဆိုတာ တော်တော်မလွယ်တဲ့ ကိစ္စ။ လမ်းကလည်း ကျင်းတွေ ချိုင့်တွေ၊ အပေါက်တွေ၊ အပြိတွေနဲ့။ ဒီအထဲမှာ အဖုံးမရှိလို့ ပွင့်နေတဲ့ မိလ္လာပိုက် အပေါက်ကြီးတွေ ရှိသေးတယ်။ ဓာတ်ရထားလမ်း မြှောင်းကြောင်း တွေ ရှိသေးတယ်။ တော်တော့်ကို သတိထားရတယ်။ ဒါပေမယ့် ဂါနက်သျှ ကိုယ်တော်ကြီး မှိုင်းမလို့ ကျွန်တော် ပထမဦးဆုံးအခေါက်မှာ ဘာမှမဖြစ်ဘူး ဗျ။ ကျောင်းသူမလေးရဲ့ အိမ်ကို ချောချောမောမောပဲ ရောက်သွားတယ်။

လန်ချားပေါ်က ဆင်းတော့ ကောင်မလေးက ဘယ်လောက်ပေးရမလဲတဲ့။ ကျွန်တော်လည်း ဘယ်လောက်တောင်းရမှန်းမသိဘူး။ ဒါနဲ့ မင်းကြိုက်သလောက် ပေးပါကွယ်လို့ ပြောလိုက်တယ်။ ကောင်မလေးက သူ့သားရေအိတ်ထဲကြည့် လိုက်ပြီး သုံးကျပ်တော့ ကျန်သေးတယ်။ သုံးကျပ်ဆိုရင် ရှင့်ခါတိုင်းနှုန်းထက် ပိုပါတယ်နော်။ ရှင်ကကောင်းတာပေါ့ဆိုပြီး ကျန်တဲ့ သုံးကျပ်ပေးလိုက်တယ်။

ကျွန်တော်လည်း ပိုက်ဆံသုံးကျပ်ကိုယူပြီး ရင်ဘတ်မှာ ကပ်ထားလိုက် တယ်။ ကျေးဇူးတင်လိုက်တာဗျာ၊ တော်တော်လည်း စိတ်ချမ်းသာသွားတယ်။ ပိုက်ဆံကလေးတွေကို ကျွန်တော် အကြာကြီး ကိုင်ကြည့်နေမိတယ်။ ကာလကတ္တား လန်ချားသမားတစ်ယောက်အနေနဲ့ ပထမဆုံး ဦးဦးဖျားဖျားရတဲ့ ပိုက်ဆံမဟုတ်လား။ ကျွန်တော့် စိတ်ထဲမှာလည်း အားရှိသွားတယ်။ ဒီအတိုင်း ကြိုးစားရှာလိုက်ရင် ကျွန်တော့် သားမယားကို ကျွေးနိုင်ပြီပေါ့။

ပထမဆုံးရတဲ့ ပိုက်ဆံကို မိန်းမနဲ့ ကလေးတွေရဲ့ လက်ထဲ အပ်ချင်တယ်။ သူတို့အတွက် တစ်ခုခုဝယ်ချင်တယ်။ ဒါနဲ့ အနီးမှာရှိတဲ့ အာလူးကြော်ဆိုင်တစ်ဆိုင်ဝင်ပြီး ကျွန်တော့်မိသားစုစခန်းချတဲ့ ပလက်ဖောင်း ဆီကို လာခဲ့တယ်။ ကျွန်တော်က လန်ချားကြီးဆွဲပြီး ရောက်လာတော့ ကျွန်တော့်အနားမှာ လူတွေဝိုင်းအုံလာကြတယ်။ ပလက်ဖောင်းမှာ အိုးမဲ့ အိမ်မဲ့ရှိနေတဲ့ လူတစ်ယောက် လန်ချားဝါလား ဖြစ်လာပြီဆိုပြီး အုတ်အော



င်းတင်းဖြစ်ကုန်ကြတယ်။ ကျွန်တော့် လန်ချားကြီးက စုတ်ပေမယ့် ရှိဘူးလေ။ ကလေးတွေက လန်ချားပေါ် တက်ထိုင်ကြတယ်။ ယောကျ်ား လန်ချားကို မ,ကြည့်ကြတယ်။

"မိန်းမတွေက ကျွန်တော့်ကို ချီးကျူးတဲ့ အကြည့်နဲ့ ကြည့်ကြတယ်။ ဘာရတ ပြဇာတ်ထဲက အရဇာနတ်မင်းက စစ်ရထားကြီး စီးလာတာကို ရတာထက်တောင် ကျွန်တော်လန်ချားဆွဲလာတာကို ကြည့်တာက င်းနေသလားတော့ မပြောတတ်ဘူး။ ကျွန်တော့်လို တောက လယ်ကိုပစ် ရောက်လာသူတွေအဖို့တော့ ကျွန်တော့် အခြေအနေကိုကြည့်ပြီး မျှော်လင့်အား စရာ ဖြစ်လာကြတာပေါ့။

"သူတို့က ကျွန်တော့်ကို ဒီလိုအားကျတဲ့ အနေနဲ့ ကြည့်တော့ တော့်ရင်ထဲမှာ ရေတ်သီးစိမ်း တစ်ပန်းကန်စားလိုက်ရတာ ထက်တောင် လက်သွားသေးတယ်။ ကျွန်တော်လည်း သူတို့ဆီက ပြန်ထွက်လာလို့ လေးငါးလှမ်းလောက်လည်း ရောက်ရော မိန်းမဝဝကြီးနှစ်ယောက်က ခေါ်တယ်ဗျ။ ဂါနက်သျှလမ်းက ဟင်းရပ်ရှင်ရုံကို လိုက်ပို့ပေးပါတဲ့။ နှစ်ယောက် ပေါင်းရင် ပေါင်လေးရာလောက် ရှိမယ်ထင်တယ်။ ချားဘီးလည်း စလိမ့်လိုက်ရော ကျွန်တော့်လန်ချားအိုကလေးတော့ ပြိုကျ တော့မလားလို့တောင် စိတ်ထဲမှာ ထင်လိုက်မိသေးတယ်။ ဝန်ရိုးကလည်း တွတ်ကျွတ်မြည်လာတယ်။ လှည်းသန်နှစ်ချောင်းကလည်း မုန်တိုင်းတွေ တဲ့နေ့မှာ ယိမ်းထိုးနေတဲ့ ကျူပင်နှစ်ပင်လို ကျွန်တော့်လက်ထဲမှာ ခါလှုပ်ယမ်းနေတယ်။ ဘယ်လိုထိန်းထိန်း မရဘူး။ ကျွဲတစ်ကောင်က ကြီးတစ်ဆောင်လုံးကို ဆွဲလာရတာမျိုးဖြစ်မှာပေါ့။

အပေါ်က လိုက်လာတဲ့ မိန်းမဝဝကြီးနှစ်ယောက်လည်း ကျွန်တော့် ခြေအနေကို ရိပ်မိသွားပုံရတယ်။ သူတို့က ကျွန်တော့်ကို အရပ်ခိုင်းတယ်။ တော့ လန်ချားပေါ်ကဆင်းပြီး တခြားလန်ချားတစ်စီးကို လှမ်းခေါ်လိုက် ယ်။ ကိုယ့်လူကတော့ သူတို့နှစ်ယောက်ကိုတင်ပြီး ဆွဲသွားလိုက်တာ ပေါ့ကလေးရယ်ဗျာ။ ကိုယ့်လူ ဘယ်လို ရေတ်သီးမျိုးများ စားလာခဲ့လို့ သောက် ပေါ့နေသလဲတော့ မပြောတတ်ဘူး။

မိန်းမဝဝကြီးနှစ်ယောက်ကို တင်ပြီး မဆွဲနိုင်ဘူးဆိုတော့ လန်ချားသမား ကြားထဲမှာ ကျွန်တော် သိက္ခာကျတာပေါ့ဗျာ။ ဒီတော့ သိက္ခာဆယ်တဲ့အနေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ တွေ့သမျှကို လျှောက်တင်တာပဲ။ ကျွန်တော်ဆွဲနိုင်မှန်းသိအောင် တစ် တလေမှာ အလကားတင်ပြီး ဆွဲပြလိုက်မယ် စိတ်ကူးထားတယ်။

တစ်နေ့ကျတော့ အခန့်သင့်ပဲဖြစ်သွားတယ်။ အဲဒီနေ့က ပန်းခြံလ ထောင့်မှာ ကျွန်တော်လန်ချား စိုက်ထားတယ်။ ပန်းခြံလမ်းဆိုတာ မြို့လ ကောင်က လမ်းမကြီး။ ဘေးတစ်ဖက်တစ်ချက်မှာ ဆိုင်ကြီး ကနားကြီးတွေချ ပဲ။ ကျွန်တော်ရပ်နေတုန်းမှာ ကောင်လေးနဲ့ ကောင်မလေးတစ်ယော မုန့်ဆိုင်တစ်ဆိုင်ထဲက ထွက်လာပြီး ကျွန်တော့်ကို လက်ယပ်ခေါ်လိုက်တ သူတို့လက်ထဲမှာ ရေခဲမုန့်ကလေးတွေကိုင်လို့။ ကောင်လေးက ကျွန်တော့်ရှေ မိုးကာကို ချပေးဖို့ ပြောတယ်။

မိုးတွင်းဆိုရင် မိုးမပက်အောင်၊ မှုဆလင် အမျိုးသမီးတွေဆိုရင်လ လူမမြင်ရအောင်ဆိုပြီး လန်ချားမှာ ရှေ့က မိုးကာ တာလပတ်ကလေး တပ်ထားတယ်မဟုတ်လား။ ဒါပေမယ့် ခက်တာက ကျွန်တော့်လန်ချား ရှေ့က အကာမပါဘူး ခင်ဗျ။ ကျွန်တော့် လန်ချားပေါ်မှာ ကျွန်တော် အသင့်ဆောင်လာတဲ့ ဒိုတီတစ်ထည်ပါလာတယ်။ ဒီတော့ ကျွန်တော် အမိုးအကာတော့ မပါဘူး။ ဒိုတီအပိုတစ်ထည်တော့ရှိတယ်။ ကာပေးမယ် ပြောတယ်။ ကောင်လေးက ကောင်မလေးကို လန်ချားပေါ် တွဲတင်ပြီးလမ်း လျှောက်ဆွဲနေစမ်းဗျလို့ ပြောတယ်။ ကျွန်တော့် စိတ်ထဲမှာ နည်းနည်းတေ ဆန်းတယ်လို့ အထင်သား။ ဒါပေမယ့် ကျွန်တော်လည်း ဘာမှ မမေးတော့ပါဘူ ရှေ့မှာ ကျွန်တော့် ဒိုတီကို ကာပေး၊ သူတို့နှစ်ယောက်တင်ပြီး အစီအစဉ်မရှိ လျှောက်ဆွဲပေးနေတယ်။ ကျွန်တော်ဆွဲလို့ ဘာကြာလိုက်သလဲ လမ်းတစ် ပဲ ရောက်ကာရှိသေးတယ်။ ကျွန်တော့်လန်ချားက ယိမ်းလှုပ်နေတာ ကျွန်တော်လည်း ယိုင်တီးယိုင်တိုင်နဲ့ လန်ချားကိုထိန်းပြီး ဆွဲလာရတာပေ တော်တော်ရုပ်တဲ့ ကောင်းလေးနဲ့ ကောင်မလေး။

ကာလကတ္တားဟာ ကျွန်တော့်အဖို့ ကျိန်စာသင့်တဲ့ မြို့ကြီးမဟုတ်တော ဘူး။ ဘင်္ဂလားက ပြေးလာရတဲ့ ကျွန်တော့်လို လယ်မဲ့ယာမဲ့ လယ်ကူ ဒုက္ခသည် တစ်ယောက်ကို ထမင်းကျွေးတဲ့ မြို့ကြီးဖြစ်လာပြီ။ အဲဒီ ပထမနေ ထဲမှာတင် ကျွန်တော့်မှာ ဆယ့်ခုနစ်ကျပ် စီ,လိုက်တယ်။ ဒီနေ့မှာတွင် ခု ခေါက်လောက် ချောချောမောမော ဆွဲနိုင်ခဲ့လို့ အဖမ်းအဆီးမရှိ အတိုက်အခိုက်မ ချောချောမောမောဖြစ်ခဲ့လို့ ဂါနက်သျှနတ်မင်းကို ကျွန်တော် ကျေးဇူးတင



ည်။ အဲဒီနေ့ကရတဲ့ ပိုက်ဆံကလေးထဲက နေပြီး ကျွန်တော့် လန်ချားအတွက် ည်းကလေးတစ်ခုလည်း ဝယ်ချင်တယ်။ အဲဒီပစ္စည်းကလေးဟာ ကျွန်တော် လန်ချားသမားတွေရဲ့ အမှတ်တံဆိပ်မဟုတ်လား။ လယ်သမားမှာ တံးတို့၊ တံစဉ်တို့စတဲ့ ပစ္စည်းကိရိယာတွေ ရှိရတယ်။ ဒီပစ္စည်းတွေ ာကာမာရ်နတ်ကိုတင်ပြီး သုံးရတယ် မဟုတ်လား။

ဒါကြောင့် ကျွန်တော့်လန်ချားအတွက် မရှိမဖြစ်တဲ့ ပစ္စည်းကလေးတစ်ခု ချင်တယ်။ အဲဒါကတော့ ခေါင်းလောင်းကလေး။ ကာလကတ္တားမှာ ချားသမားတိုင်းလိုလို ခေါင်းလောင်းကလေးတွေ ကိုယ်စီရှိကြတယ်။ င်းလောင်းကြီးကွင်းကလေးထဲမှာ လက်ညှိုးစွပ်ပြီး တင်တင်, တင်တင်နဲ့ အောင် လှည်းသန်ကို ခေါက်ပြီး လူခေါ်ရတယ်။ ခေါင်းလောင်းကလည်း မျိုး၊ ဆိုက်အမျိုးမျိုး၊ အရွယ်နဲ့ ပုံသဏ္ဍာန်ကိုလိုက်ပြီး ဈေးလည်း မျိုးရှိတယ်။ တချို့ခေါင်းလောင်းတွေကျတော့ ပြာမည်းမည်းနဲ့၊ သံကြွပ်နဲ့ ားတဲ့ ခေါင်းလောင်းတွေ။ တချို့ခေါင်းလောင်းတွေများကျတော့ ခေါင်းလောင်းတွေ။ ပြောင်လိုက်တာကလည်း လက်နေတာပဲ။ ဗြဟပတိ တ်လား အောက်မေ့ရတယ်။ တချို့ခေါင်းလောင်းသံကျတော့ ကန်ပေါင်မှာ နေတဲ့ ကြိုးကြာလို သိပ်အသံသာတယ်။ တချို့ ခေါင်းလောင်းတွေ တော့လည်း ပုစဉ်းလိုက်ထိုးနေတဲ့ ပိန်ညင်းငှက်အော်သံမျိုး။ ဒါနဲ့ ကျွန်တော် ပန်းခြံအဝိုင်းကြီးနားက လန်ချားဆိပ်မှာထိုးတဲ့ လန်ချားသမားတစ် က်ဆီက ခေါင်းလောင်းကလေးတစ်လုံး ဝယ်လိုက်တယ်။ ကျွန်တော့်ရဲ့ ဆုံး ခေါင်းလောင်းဆိုပါတော့။ ခေါင်းလောင်းက သားရေကြိုးကလေး ည်း အကောင်းစားလေးဗျ။ ကျွန်တော့် လက်ညှိုးက ဥသဖရား စွပ်ကလေးနားမှာ စွပ်ကြည့်လိုက်တော့ ကျွန်တော့်လက်နဲ့ အတော်ပဲ။ သဖရားလက်စွပ်ကလေးကို စွပ်ထားလိုက်ရင် ကျွန်တော့် ကိုယ်ထဲမှာ ားတွေ ပြည့်လာတတ်တယ်။ ကျွန်တော့် ကံလို့ပဲ ဆိုရမှာပေါ့လေ။

"နောက်တစ်နေ့ မနက်ကျတော့ ကျွန်တော့်တစ်ကိုယ်လုံး ကိုင်ရိုက်ထား တောင့်နေတာပဲဗျ။ လက်မောင်းတွေရော၊ ခြေထောက်တွေရော၊ ာထဲကရော နာလိုက်တာ မပြောနဲ့တော့။ ကုပ်ပိုးကဆိုရင် အဆိုးဆုံးပဲ။ င်းတောင် လှည့်လို့မရဘူး။ မတ်တတ်ရပ်လို့လဲ ကောင်းကောင်းမရချင်ဘူး။ တော့်မိတ်ဆွေ ရမ်ကျန္ဒရာကတော့ အပြောသား။ မင်းဘာသာမင်း ထဲမှာ ဘယ်လောက်ပဲ အပင်ပန်းခံနိုင်ခံနိုင် တစ်နေ့တည်းနဲ့ လှမြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မလာနိုင်ဘူးကွတဲ့၊ လန်ချားကို ဆွဲစရှိမှ ဆွဲနိုင်လာတာတဲ့။ လန်ချား ခုန်တာတွေ၊ ဆောင့်တာတွေ ခံနိုင်ရတယ်တဲ့။ အခုန်အပျံတွေကို တတ်ရတယ်တဲ့။ ကိုယ်ကိုလည်း ထိန်းနိုင်ရတယ်တဲ့။ ပြီးတော့ တိုက်မိခိုက်မိတာတို့ ဘာတို့ဖြစ်မယ်ဆိုရင်လည်း တစ်ကိုယ်လုံးမှာရှိတဲ့ အ အခြင်တွေကို ချက်ချင်း တောင့်သွားအောင်လုပ်ပြီး အရှိန်သတ် ရပ်ပစ်လို တယ်တဲ့၊ မင်းက အစာကောင်းကောင်း မစားရတာ ကြာပြီဆိုတော့ ဒီလို လုပ်နိုင်ဦးမှာလဲတဲ့။ ပြီးတော့ မင်းကပိန်လွန်းတယ်တဲ့။ အားမရှိဘူးတဲ့

ကျွန်တော်လည်း ရမ်ကျန္ဒရာ အကြံပေးတဲ့အတိုင်း ကျွန်တော့် တစ် လုံးကို မုန်ညင်းဆီတွေ လိမ်းတာပဲ။ ဒါပေမယ့် သိပ်မထူးလှပါ ကိုယ်တွေကတော့ နာမြဲနာနေတာပဲ။ ဟောင်ရာ တံတားကြီးပေါ်မှာ လာလ နပန်းသတ်တဲ့ နပန်းသမားတွေလို နာလိုက်တာ မပြောပါနဲ့တော့၊ လန်ချာ ဖို့ မပြောနဲ့ လန်ချားကိုတောင် မ,မနိုင်သေးဘူး။ ငိုချင်လိုက်တာ မပြောပါနဲ့ ဒါနဲ့ ကျွန်တော်ကလည်း လန်ချားကို မိန်းမအပ်ပြီး ပန်းခြံလမ်း အဝိုင်းကြီးနာ လန်ချားဆိပ်ကို လာခဲ့တယ်။ အံ့နာခ ငါးကျပ်ကို ကျွန်တော်ပေးရ မဟုတ်လား။ ဒါပေမယ့် ကျွန်တော် ဒီနေ့ မဆွဲနိုင်တော့ အံ့နာခပေး မရှိတော့ဘူးလေ။ ကျွန်တော်လည်း ဒီနေ့ ထမင်းအငတ်ခံရတော့မှာ ဒါနဲ့ ကျွန်တော့် ဥသဿဖရား လက်စွပ်ကလေးကို ငွေငါးကျပ်နဲ့ ပေါင်မယ်ဆို ငွေတိုးချေးစားတဲ့ ချစ်တီးဆီကို လာခဲ့တယ်။ ဒီနေ့တွက် အံ့နာခကို မပေးလို့ ဘူးလေ။ ကျွန်တော့်အတွက် သေရေးရှင်ရေး မဟုတ်လား။ အံ့နာခ မပေးနိုင် ကျွန်တော့် လန်ချားကို ယူမယ့်လူတွေ ထောင်ချီပြီး ရှိနေကြတာ။

"ပန်းခြံလမ်းအဝိုင်းက လန်ချားဆိပ်ကို ရောက်တော့ ရမ်က အခန့်သင့်သွားတွေ့တယ်။ မနေ့ညက ပုလိပ်ဖမ်းသွားတဲ့ လန်ချားလ ပြန်ရလာပြီ။ မင်းကို ကြည့်ရတာ လူအိုကြီးလိုပဲ။ ခြေဒရွတ်ဆွဲလို့ပါလား မင်းကြည့်ရတာ ရယ်စရာ ကောင်းလိုက်တာကွာလို့ သူက ပြောတယ်။

"မင်း ခု ဘာမှမဖြစ်သေးဘူး မဟုတ်လား။ ဒီအတိုင်းသာ သွားလို့က နောက် သုံးလမကြာခင်မှာ မင်းချောင်းဆိုးရင် သွေးပါလာမှာပဲ"

ဒီတော့မှ အမြဲတမ်း ရွှင်ရွှင်လန်းလန်းနေပြီး အမြဲတမ်း ကိုယ့်ကိုယ် ယုံကြည်မှုရှိတဲ့ ကျွန်တော့်မိတ်ဆွေ ရမ်ကျန္ဒမှာ အဆုတ်ရောဂါရှိတယ်ဆို ကျွန်တော်သိရတယ်။



ကျွန်တော်က ခင်ဗျား ဆေးလေးဘာလေး မစားဘူးလားလို့ မေးတော့ သူက ကျွန်တော့်ကို တအံ့တဩနဲ့ လှမ်းကြည့်တယ်။

"မင်းမို့လို့ ပြောရက်ပလေတယ်ကွာ၊ ဆေးရုံတွေမှာ လူတွေ ရာထောင် ပြီး တန်းစီစောင့်နေကြတာ မင်း မမြင်ဘူးလား၊ မနက် အရုဏ်တက်သွားပြီး န်းစီတာတောင် ညနေမိုးချုပ်အထိ စောင့်နေရတုန်းပဲ မဟုတ်လား၊ ဒီတော့ းဝါးအဖြစ်နဲ့ ကွမ်းပဲ ခဏခဏဝါးနေရတာပေါ့ကွ" တဲ့။

ဘာဖြစ်လို့ ကွမ်းဝါးတာလဲ လို့ မေးတော့ ဒါဟာ ရန်သူကို လှည့်စားတာ မျိုးတဲ့၊ ချောင်းဆိုးလို့ သလိပ်ကို ထွေးလိုက်ရင် ကွမ်းသွေးမှန်း သွေးမှန်း သိရတော့ ကောင်းတာပေါ့တဲ့၊ ဒီလို မသိတော့ စိတ်မညစ်ရတော့ဘူးပေါ့တဲ့။

"ခဏနေတော့ ဆေးရုံတင်ထားတဲ့ ကျွန်တော်တို့ မိတ်ဆွေကို သွားကြည့် အောင်ဆိုပြီး သူကခေါ်တယ်၊ ကျွန်တော်တို့ ဆေးရုံကို မရောက်တာ ရက်လောက်ရှိပြီလေ၊ ဒီနှစ်ရက်အတောအတွင်းမှာ ဘယ်လိုများနေသလဲပေါ့၊ ျွန်တော် လမ်းမလျှောက်နိုင်တာကို မြင်တော့ ရမ်ကျန္ဒက သူ့လန်ချားပေါ် တင်ပြီး ကျွန်တော့်ကို ဆေးရုံခေါ်သွားတယ်။ ကျွန်တော်တို့နှစ်ယောက်ဖြစ်နေပုံ လဲ ကြည့်ဦးလေ၊ ကျွန်တော့်ကို လန်ချားပေါ် တင်ဆွဲတာ မြင်တော့ န်ချားဆိပ်မှာရှိတဲ့ လန်ချားသမားတွေက ကျွန်တော်တို့ကိုကြည့်ပြီး ယ်ကြတယ်၊ သူတို့ခမျာလဲ ဒီလို ရယ်ရယ်မောမောနေရတဲ့ အချိန်က ပ်မရှိဘူး မဟုတ်လား။

"အံမယ် ကိုယ်က ပါဆင်ဂျာအဖြစ် လန်ချားပေါ်တက်စီးလိုက်လာရ တော့ စိတ်ထဲမှာ တစ်မျိုးကြီးပါကလား၊ လှည်းသန်နှစ်ချောင်းကြားမှာဝင်ပြီး န်ချားဆွဲရတာထက်တောင် ကြောက်စရာကောင်းသေးတယ်လို့ ထင်မိတယ်။ ားကြီး ကားငယ်တွေက ကိုယ့်အနားမှာ ဝီးခနဲ ဝီးခနဲ ဖြတ်သွားကြတာဗျ၊ တ်နားနားလေးတွင် ကပ်ဖြတ်သွားတာ၊ တက္ကစီတွေဆိုတာလဲ မြင်းရိုင်းအုပ်၊ ရိုင်းအုပ်ကြီးများ ပြေးလာသလို ကျွန်တော်တို့ တည့်တည့်ဆီကို တဝေါဝေါနဲ့ ပြေးလာကြတယ်၊ ရမ်ကျန္ဒဆိုတာ အနားရောက်မှ တုံ့ခနဲရပ်ပစ်လိုက်ရတယ်။ တ်ရထားကြီးဆိုတာကလဲ တဝေါဝေါနဲ့ ပြေးလာလိုက်တာ၊ ရှေ့မှာ နံရံကြီး နေတာတောင် အဲဒီနံရံကြီးကို ဝင်တိုက်သွားတော့မယ့်ပုံပဲ။ လန်ချား လှည်းသန် ါမှာ ရမ်ကျန္ဒလက်ထားပုံကလဲ တော်တော့်ကို လှတယ်၊ တစ်ခါတလေများ န်ချားဆွဲနေရင်းက လက်ကို တစ်နေရာကနေ တစ်နေရာ အသာပြောင်းကိုင်

www.burmeseclassic.com

www.burmeseclassic.com



သွားတာ သိပ်ကြည့်လို့ကောင်းတာပဲဗျာ၊ လက်ထဲက ခေါင်းလောင်းကလေး ကိုင်ထားတော့ သောက်ကျိုးနည်း သူ့ကိုကြည့်ရတာ တောင်ပိုင်းက ကာလီနယ်က ဖာရစီ ကချေသည် ကျနေတာပဲ။

"ဆေးရုံက တော်တော်ဝေးတယ်ဗျာ၊ တော်တော်နဲ့ မရောက်နိုင် လမ်းမှာ အလံတွေထူပြီး ဆန္ဒပြပွဲတွေ လုပ်နေကြတော့ လမ်းတွေ အသွားအ တွေ အကုန်ပိတ်နေတယ်၊ ဒီလို နိုင်ငံရေး ဆန္ဒပြပွဲတွေဟာ ကာလကတ္တ အဆင်တန်ဆာပဲလေ၊ ကာလကတ္တားရောက်မှ ကျွန်တော်မြင်ခဲ့ရတဲ့ ဆန္ဒ တွေကိုက မနည်းတော့ဘူး။ အလုပ်သမားတွေဆိုတာ စိတ်တန်းလှည့် ဆန္ဒပြပြီး အခွင့်အရေးတောင်းနေကြတာပဲ၊ ကျွန်တော်တို့ တောမှာ ဒါမျိုးတွေ မရှိပါဘူး။

"အေးလေ၊ တောမှာ ဘယ်သူ့ကို ဆန္ဒပြပြီး ဘယ်သူ့ဆီသွား တောင်းဆိုနေရမှာလဲ၊ မိုးမကျသေးဘူးဆိုပြီး ကောင်းကင်ကြီးကို သွားဆ တောင်းဆိုနေလို့ကော ရမှာတဲ့လား၊ ဒီမှာတော့ အစိုးရဆီမှာ ဆန္ဒပြတောင် လို့ ရတာပေါ့။

"ဈေးနားရောက်တော့ လူနာဖို့ သစ်သီးကလေးဘာလေး နည်းနည်း တယ်၊ ဒီတစ်ခါတော့ အိတ်ထဲမှာ မနေ့ကရတဲ့ ပိုက်ဆံကလေး နည်းနည်း သေးတာကိုး၊ နာနတ်သီးတစ်လုံးဝယ်ပြီး ဈေးသည်ကိုပဲ အခွံနွာ အစိတ်ခိုင်းလိုက်တယ်၊ ဒီက အဆင်သင့် လုပ်သွားတော့ ဟိုရောက် လူမမာ အဆင်သင့်စားနိုင်တာပေါ့လေ။

"ဆေးရုံမှာတော့ လူတွေ ပြည့်ကျပ်နေတုန်းပဲခင်ဗျ၊ ကျွန်တော်တို့ အရင်တစ်ခါလာခဲ့တဲ့ အဆောင်ကို တန်းလာခဲ့ကြတယ်။ အရင်တစ်ခါတုန်းက ရမ်ကျွန္ဒက သူ့လန်ချားကို ခတ်တိုင်တစ်တိုင်မှာ သံကြိုးနဲ့ပူးချည်ပြီး သော့ ပစ်ခဲ့တယ်၊ လန်ချားထိုင်ခုံအောက်က သေတ္တာကလေးထဲမှာရှိတဲ့ ပစ္စည်းက တွေကိုတော့ ယူလာခဲ့တာပေါ့။ ခွဲစိတ်ပြီးစ လူနာတွေကိုထားတဲ့ အဆောင် အရင်အစောင့်ပဲ စောင့်နေတယ်ဗျ။ ဒါနဲ့ ကျွန်တော်တို့လဲ သူ့ကို ငွေနှစ်ကျပ်ပေး အထဲကို ဝင်လာခဲ့ကြတယ်၊ ဆေးရုံမှာတော့ အနံ့ကြီးက အရင်လိုပဲ စူးစူးဝါး ကြီး နံနေတုန်းပဲ၊ ဒါနဲ့ ကျွန်တော်တို့လဲ ဆေးရုံအဆောင် အစွန်ဆော ကလေးမှာရှိတဲ့ ကျွန်တော်တို့ လူနာဆီကို လာခဲ့ကြတယ်။ သူ့အနား လေမီးဖိုပေါက်လို့ မီးလောင်ထားတဲ့ ကလေးတစ်ယောက်လည်း ရှိတယ်ဆေး



"အရင်တစ်ခေါက်လာတုန်းက သူ့ကိုတောင် လိမ္မော်သီးကျွေးခဲ့သေး င် မဟုတ်လား၊ ကျွန်တော်က ကိုယ်တွေလက်တွေ နာနေလို့ နောက်က ဖြည်းပဲ လိုက်လာခဲ့တယ်။ ရှေ့က သွားနှင့်တဲ့ ရမ်ကျွန္ဒက ကျွန်တော့်ဆီ လှည့်ပြီး ဒီနေရာမှာ မရှိတော့ဘူးကွလို့ လှမ်းပြောလိုက်တယ်။

"ကျွန်တော်တို့ မိတ်ဆွေရဲ့ ခုတင်မှာ မုတ်ဆိတ်တိုနံ့နံ့ကလေးနဲ့ လင်အဘိုးကြီး တစ်ယောက်ရောက်နေတယ်။ သူ့တစ်ကိုယ်လုံးမှာလဲ တ်တီးတွေ စည်းလို့၊ အကျိုးအကြောင်း မေးကြည့်တော့ သူလဲ အရင်လူနာ င်ရောက်သွားတယ်ဆိုတာ မသိဘူး၊ အစောင့်ကို မေးကြည့်တော့ အစောင့် ဲ မသိဘူးတဲ့၊ ကျွန်တော်တို့ကလဲ သူ့နာမည်ကို မသိတော့ ခက်နေတာပေါ့၊ နေရာရာကိုပဲ ပြောင်းလိုက်ကြပြီလား၊ ဒါမှမဟုတ် သူ့ထက် အရေးကြီးတဲ့ တွေကို ထားဖို့အတွက် ဆေးရုံကပဲ အဆင်းခိုင်းလိုက်ကြပြီလား၊ ား အဆောင်တွေကို ကျွန်တော်တို့ လိုက်ရှာကြည့်တယ်၊ ခွဲစိတ်ခန်းနားက တွေကိုလဲ လိုက်ရှာတယ်၊ ကျွန်တော်တို့ မိတ်ဆွေကိုတော့ မတွေ့တော့ဘူး။

ဆေးရုံထဲက ထွက်အလာမှာ လူနာတစ်ယောက်ကို ထမ်းစင်နဲ့ ယ်လာတဲ့ ယောကျာ်းသူနာပြုနှစ်ယောက်ကိုတွေ့တယ်၊ ကြည့်လိုက်တော့ စင်ပေါ်မှာ ကျွန်တော်တို့ မိတ်ဆွေရယ်။ မျက်လုံးကြီးတွေကလဲ လက်တစ် င်လောက်ဟောက်လို့၊ မုတ်ဆိတ်တွေကလဲရှည်လို့၊ ပါးစပ်ကဟ,လို့၊ န်တော်တို့ကို တစ်ခုခုပြောချင်နေပုံရတယ်၊ ဒါပေမယ့် အသက်မရှိတော့ လေ၊ ကိုယ့်လူ နောက်ဘဝမှာ လန်ချားသမားပဲ ဖြစ်မလား၊ ဒါမှမဟုတ် စီဒရိုင်ဘာပဲဖြစ်မလားလို့ တွေးနေမိတယ်။

"သူ့ကို ဘယ်ကို ပို့မှာလဲလို့ ရမ်ကျွန္ဒက သူနာပြုနှစ်ယောက်ကို မေးတော့ မှာ ပိုင်ရှင်မရှိဘူးတဲ့။ မြစ်ထဲကို မျှောရမယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com

## ၂၄

ဆာတီးယား သေသွားသည့်အခါတွင် အိမ်နီးနားချင်းများသည် ကိုဗာစကီးအပေါ် တွင် သဘောထား ပြောင်းသွားကြ၏။ ယခင်က သူ့ကို စကားမပြောသူ ကလည်း စကားပြောလာကြ၏။ သူ့ကို မယုံကြည်ဆုံး သူများကပ ယခုဆိုလျှင် သူ့ကို ဆလမ်မာလေကွမ်းဖြင့် နှုတ်ဆက်ကြလေပြီ။ ကလေးတွေက သူ့ရေပုံးကိုယူကာ ရေဘုံပိုင်တွင် အလုအယက် ရေခပ်ပေးကြလေပြီ။

ဤပြောင်းလဲမှုကို ပြည့်စုံအောင် လုပ်ပေးလိုက်သည့် နောက်ထပ်အဖြ အပျက်တစ်ခု ပေါ်ပေါက်လာခဲ့ပြန်သည်။ သူ့အခန်းနှင့် လေးငါးခန်းခြားလော တွင် ရောဂါပိုးဝင်သွားသဖြင့် မျက်စိကွယ်သွားသည့် အသက်ဆယ့်လေးငါးနှ ရှယ် သူငယ်မလေးတစ်ယောက်ရှိသည်။ မျက်လုံးတွင် အနာကြီးတွေဖြစ်နေ သဖြင့် သူငယ်မလေးသည် ငိုယိုကာ လောကကြီးကို ကျိန်ဆဲ၍သာ နေတော့ သည်။ သူ့အမည်မှာ ဘန်နီဖြစ်ပြီး သူ့ဆံပင်များသည် မဂိုခေတ် ပန်းချီကားများ ထဲက ဘုရင်မများ၏ ဆံပင်ကဲ့သို့ ရှည်လျားကာ နောက်ကျောတွင် ကျစ်ဆံ မြီးထိုးထားရ၏။ တစ်နေ့မနက်တွင် သူငယ်မလေး၏ အမေသည် သူ့တဲကံခါး ရှေ့သို့ ရောက်လာကာ လက်နှစ်ဖက်ကိုဖြန့်၍ တောင်းခံသည်။

"ဆရာဝန်ကြီးရယ် ကျွန်မသမီးကလေးကို ကယ်ပါ။ ဒီအတိုင်း ကြည့်နေတော့မှာလား" ဟု သူကပြောသည်။

သူ့တွင် အက်စပရင်ဆေးပြား၊ အကိုက်အခဲဆေးပြားနှင့် အနာလိမ်းသည့် ဖယောင်းချက် တစ်တောင့်သာရှိ၏။ ထိုရောဂါမျိုးကို ဘယ်မှာလျှင် ပျောက် ကင်းအောင် ကုနိုင်ပါမည်နည်း။ ကိုဗာစကီးသည် သူငယ်မလေး၏ မျက်လုံးပေါ် တွင် ဆေးဖယောင်းချက်ကို ထည့်ပေးရန် စိတ်ကူးရသည်။ သုံးရက်လိမ်းလိုက် သည့်အခါတွင် အနာသက်သာသွားကာ ရောဂါပျောက်စပြုလာသည်။ သီတင်း တစ်ပတ် ကုန်သည့်အခါတွင် ဘန်နီသည် မျက်စိကောင်းကောင်းမြင်ရလေပြီ။



သတင်းသည် သူတို့ရပ်ကွက်ကလေးထဲတွင် တောမီးပမာပျံ့နှံ့၍သွား၏။ သူဖြူမျော်ဆရာ ကုပေး၍ ပျောက်သည်ဟုလည်း ပြောနေကြသည်။

ဤတွင် ရပ်ကွက်မှလူများသည် ကိုဗာစကီးကို ယုံကြည်လေးစားသွား ကာ ယခင်က သူ့ကို တလွဲထင်ခဲ့သည့် အထင်တို့သည်လည်း ပျောက်ကွယ် သွားကြ၏။ သို့ဖြင့် လူမမာများ၊ ရောဂါသည်များသည် သူ့နေရာကလေးသို့ ရောက်လာကြသည်။ ကိုဗာစကီးသည် ငြင်းပယ်၍ မရတော့ပြီ။ ဆေးများကို တောင်းကာ သူတို့အား သင့်ရာဆေးများကို ပေးရ၏။ သူ့တဲကလေးတွင် ဆေးခန်းဖွင့်လှစ်ထားသည်ဟု ဆို၍မရ၊ လူဆေးဖြစ်မြောက်သည်ဟူ၍မရှိ။ တဲကလေးထဲတွင် လူနာတွေ တရုန်းရုန်းနှင့် ဖြစ်နေ သည်။ သူ့တဲကလေးသည် ရောဂါဝေဒနာသည် အပေါင်းတို့၏ ခိုလှုံရာဖြစ်နေ သည်။ တစ်မနက်တွင်မူ အထမ်းနှစ်ယောက်တို့သည် သူ့တဲထဲသို့ လူတစ်ယောက် ကို ထမ်းစင်ဖြင့် ခေါ်လာခဲ့ကြသည်။ ထိုလူနာ၏ ခေါင်းတစ်ခုလုံးမှာ အဝတ်တွေ သုတ်လိမ်းထား၏။ ထိုလူနာတွင် လက်ချောင်းတို့လည်း မရှိတော့၊ ခြေချောင်းတို့လည်း မရှိတော့ပြီ။ ထိုလူနာမှာ ကိုယ်ရေရောဂါသည်တစ်ယောက် ဖြစ်သည်။ သို့တိုင် သူ့မျက်နှာသည် အံ့သြလောက်အောင် လန်းဆန်းထက်သန် နေ၍ရှိ၏။

"ကျွန်တော့်နာမည်က အန်နွာလို့ ခေါ်ပါတယ် ဆရာကြီးရယ်၊ကျွန်တော့် ကို ကယ်ပါနော် ဆရာကြီး"

အန်နွာ၏ မျက်လုံးများသည် ဝတ်ရုံလွှမ်းထားသည့် ခရစ်တော်၏ ရုပ်ကို စိုက်ကြည့်နေ၏။ ထိုနောက် တအံ့တသြဖြင့်...

"သူက ဘယ်သူလဲ ဆရာကြီး"

"ယေရှုခရစ်တော်"

ကိုယ်ရေရောဂါသည် အန်နွာသည် မယုံနိုင်သော မျက်နှာဖြင့် သူ့ကို ကြည့်ကြည့်သည်။

"မဖြစ်နိုင်တာ ဆရာကြီးရယ်၊ သခင်ယေရှုရဲ့ ပုံတော်တွေကို ကျွန်တော် မြင်ဖူးသားပဲ။ ဒီလိုမှမဟုတ်တာ။ ခုဆရာကြီးချိတ်ထားတဲ့ သခင် ခရစ်တော်ရဲ့ ပုံက မျက်လုံးကို မှိတ်လို့။ ပြီးတော့ ကြည့်ရတာကလည်း စိတ်မချမ်းမသာ ဖြစ်နေတဲ့ပုံဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယပြည်တွင် ဆွဲသည့် သခင်ခရစ်တော်၏ ပုံထဲ၌ သခင်ခရစ်တော်သည် ပြည့်ဖြိုးကြည်လင်နေသည်။ မျက်လုံးပြာပြာ၊ အောင်မြင်သော မျက်နှာထားဖြင့် ဟိန္ဒူနတ်ဘုရားများကဲ့သို့ အရောင်အသွေးတို့ တောက်ပလျက်

"သခင်ခရစ်တော်ဟာ ဝေဒနာကို ခံစားခဲ့ရတယ်လေ"

ကိုဗာစကီးက ပြောသည်။ သို့ရာတွင် အန်နွာသည် ထိုမျှလောက် ပြောရုံဖြင့် နားလည်မည် မထင်။ ထို့ကြောင့် မာဂရီတာ၏ သမီးကလေး တစ်ယောက်က သူ့စကားကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ပြောပေးရ၏။

"သခင်ခရစ်တော်ရဲ့ မျက်လုံးတွေ မှိတ်ထားတာကတော့ ကျွန်တော်တို့ကို ပိုပြီး မြင်အောင် မှိတ်ထားရတာ၊ သခင်ခရစ်တော်က မျက်လုံးမှိတ်ထားတော့ ကျွန်တော်တို့အဖို့လည်း ခရစ်တော်ကို သေသေချာချာကြည့်နိုင်တာပေါ့။ သခင်ခရစ်တော်ရဲ့ မျက်လုံးတွေကို ဖွင့်ထားရင် ကျွန်တော်တို့ဟာ ခရစ်တော်ကို သေသေချာချာ စိုက်မကြည့်ရဲဘူးလေ။ ကျွန်တော်တို့ မျက်လုံးတွေဟာ မသန့်ရှင်းတော့ သခင်ခရစ်တော်ကို သေသေချာချာမကြည့်ရဲဘဲဖြစ်နေတယ်။ ကျွန်တော်တို့နှလုံးသားတွေဟာလည်း မသန့်ရှင်းဘူး မဟုတ်လား။ ခုလို သခင်ခရစ်တော် ဝေဒနာကို နာကျင်စွာ ခံစားနေရတာဟာ ကျွန်တော်တို့ ပယောဂလည်း မကင်းဘူး။ သခင်ခရစ်တော်ဟာ ဝေဒနာကို ခံစားနေရတယ် ဆိုရင် ဒီလို ခံစားရတာဟာ ကျွန်တော်တို့ကြောင့် ခံစားရတာဖြစ်တယ်။ ကျွန်တော်တို့ရဲ့ ဒုစရိုက်တွေ၊ ကျွန်တော်တို့ ကျူးလွန်တဲ့ မကောင်းမှုတွေကြောင့် ခံရတာဖြစ်တယ်။ ဒါတောင်မှ သခင် ခရစ်တော်ဟာ ကျွန်တော်တို့ကို မေတ္တာထားနိုင်သေးတယ်။ ကျွန်တော်တို့ကို ခွင့်လွှတ်နိုင်သေးတယ်။ သခင်ခရစ်တော်ဟာ သူ့ကိုကြည့်ခြင်းဖြင့် ကျွန်တော်တို့ အပြစ်တွေကို ဆေးကြောပေးတယ်။ ဒါကြောင့် ခရစ်တော်ဟာ မျက်လုံးကို မှိတ်ထားတာ။ သူမျက်လုံးကို မှိတ်ထားတာမြင်တော့ ကျွန်တော်တို့တစ်တွေလည်း မျက်လုံးကိုမှိတ်ပြီး သခင်ခရစ်တော်ကို အာရုံပြုချင်လာတယ်၊ ကိုယ့်ရင်ထဲမှာရှိတဲ့ ဘုရားသခင်ကို အာရုံပြုလို စိတ်ပေါ်လာတယ်။ ဒီတော့ ကျွန်တော်တို့မှာလည်း သခင်ခရစ်တော်လို လူတွေကို မေတ္တာထားတတ်လာတယ်။ ခွင့်လွှတ်တတ်လာတယ်။ အထူးသဖြင့် သူ့လို ဝေဒနာခံရသူတွေကို ပိုပြီး မေတ္တာထားတတ်လာတယ်"

ကိုယ်ရေရောဂါသည် အန်နွာနောက်တွင် ထိုင်နေသည့် ကလေးမလေး တစ်ယောက်သည် ရှေ့သို့တိုးလာကာ ခရစ်တော်၏ပုံကို နမ်းရှုပ်ပြီးနောက်



တော်ကို လက်ချောင်းကလေးများဖြင့် တယုတယကိုင်နေရာမှ စိတ်ထိခိုက်မှုဟန်ဖြင့် မျက်ရည်ဝဲလာသည်။

"သခင် ခရစ်တော်ဟာ ဝေဒနာကို ခံစားနေရပေမယ့် သူ့အတွက် ယ်သူမှ မငိုစေချင်ဘူး။ ဝေဒနာခံစားနေရတဲ့ တခြားလူတွေအတွက်သာ ချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူကိုယ်တိုင်ဟာ အဲဒီဝေဒနာခံစားနေရသူ ရဲ့ ရင်ထဲမှာ ရောက်နေလို့ပဲ။ ခရစ်တော်ဟာ ဝေဒနာခံစားရသူတွေရဲ့ လုံးသားထဲမှာရှိတယ်။ အပေါင်းအဖော်မဲ့တဲ့ သူတွေရဲ့ နှလုံးသားထဲမှာ တယ်။ စွန့်ပယ်ခံရသူတွေရဲ့ နှလုံးသားထဲမှာရှိတယ်။ စက်ဆုတ် ရွံရှာခြင်း ရသူတွေရဲ့ နှလုံးသားထဲမှာရှိတယ်။ စိတ်မနှံ့သူ၊ စိတ်ချောက်ချားသူတွေရဲ့ သားထဲမှာရှိတယ်။ ဒါကြောင့်မို့ ဒီပုံတော်ကို ကျွန်တော် သဘောကျတာ။ တော်ကို ကြည့်လိုက်တာနဲ့ အဲဒါတွေကို သတိရလာတယ်။"

အန်နွာသည် ခေါင်းကို ဖြည်းဖြည်း ညိတ်နေ၏။ ထို့နောက် ငုံးတိတိဖြစ်နေသော လက်နှစ်ဖက်ဖြင့် ပုံတော်ကို ထိုးပြပြီးနောက်…

"ဆရာကြီးရဲ့ ပုံတော်ထဲက ခရစ်တော်ဟာ ကျွန်တော်တို့ပုံတော်တွေထဲက စ်တော်ထက်ပိုပြီး မြင့်မြတ်သန့်ရှင်းတယ်နော်" ဟု ပြော၏။

၂၄

ဒီနေ့က ကျွန်တော့်လန်ချားပေါ် တက်စီးတဲ့ ပထမဆုံး ပါဆင်ဂျာကတော့ ယ် စိတ်ပျက်ဖို့ ကောင်းတယ်ဗျာ။ လက်ချောင်းကလေးတွေကလည်း တုတ်တိုတိုကလေးတွေ။ လက်ချောင်းတွေမှာ ရွှေလက်စွပ်တွေကိုလည်း ကွင်းပြီး တစ်ကွင်း ဆင့်ဝတ်ထားလိုက်သေးတယ်။ အလိပ်လိပ်ထနေတဲ့ ခေါက်ထူကြီးကိုလည်း ရုပ်အင်္ကျီပါးပါးကလေးထဲက အတိုင်းသား မြင်နေရ ။ ဆံပင်မှာလည်း လိမ်းထားလိုက်တဲ့ ဆီမွှေးကလည်း ရှဲ့နေတာပဲ။

ဟာဒစရီပါးက ထိုနေ့မနက်က သူပထမဆုံး လန်ချားတင်ဆွဲရသည့် သည်အကြောင်းကို ပြန်၍ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအထဲမှာ ပြောပုံဆိုပုံကလဲ မောက်မာလိုက်သေးတယ်။ ဒါပေမဲ့ ကိုယ့်ဆီလာတဲ့ ခရီးသည်ကို ကျွန်တော် မငြင်းရဲဘူးလေ။ ကျွန်တော့် ဝိုက်ဆံလိုနေတယ် မဟုတ်လား။ သူက မာရဝါရီကုန်သည်ကြီးဗျ။ ခါတိုင်းတော တက္ကစီတို့ ဘာတို့စီးနေကျထင်ပါရဲ့။ လန်ချားပေါ်တက်ပြီး မြန်မြန် မြန်မြန် အတင်းခိုင်းနေတာပဲ။ ပြီးတော့ မြင်းဆိုရင် ကြိမ်နဲ့ ရိုက်မယ်ထင်တယ် ခုကြိမ်မပါတော့ ကျွန်တော့်ကို ခြေထောက်နဲ့ နံရိုးကို လှမ်းကန်ပြီး မြန်မြ အဆွဲခိုင်းနေတယ်။ ဖိနပ်ဦးချွန်ဆိုတော့ နာလိုက်တာဗျာ။

"ဒါပေမယ့် ခက်တာက သူက ဘယ်ကိုသွားမယ်လို့ ပြောတာမဟုတ် ဗျ။ လန်ချားပေါ် တက်ပြီး ဒီလမ်းအတိုင်း မြန်မြန်ဆွဲစမ်းလို့ပဲ ပြောတာ သူ့ကျေချင်နေတဲ့နေရာရောက်မှ ဘယ်လှည့် ညာလှည့် မြန်မြန်ဆွဲဆို ပြောတာ။ သူက လန်ချားပေါ်ကနေပြီး အတင်းဆွဲခိုင်းနေတော့ ကျွန်တော် ဘတ်စ်ကားတွေ၊ လော်ရီတွေကြားထဲမှာ အကွေ့အရှောင်တွေ၊ အခုန်အပျံ နဲ့ ဒလကြမ်းဆွဲလာခဲ့ရတာပေါ့။ တစ်ခါတလေကျတော့လည်း တစ်နေရာ ရပ်ဆိုပြီး အရပ်ခိုင်းလို့ ရပ်ပေးရတယ်၊ တစ်ခါ ဆွဲဆိုပြီး အဆွဲခိုင်းပြန်ရော အဲဒီလို တုံ့ခနဲ အရပ်ခိုင်းလိုက်ပြီဆိုရင် ဆွဲတဲ့လူတော့ သေချင်စော်နံနေတာ ဘယ်မသေချင်ဘူး ရှိပါ့မလဲ၊ အားကုန်ပြေးလာရာကနေပြီး တုံ့ခနဲရပ်လိုက်တာ အပေါ်က အလေးချိန်နဲ့ ဟန်ချက်ညီသွားအောင် ခါးကို ဆတ်ခနဲ တောင့်ထားပြီ ရှေ့ကို ပြန်ကုန်းလိုက်ရတာ။ အဲဒီလို အခါမျိုးကျရင် ခါးကနာလိုက်တာ ဘာပြောကောင်းမလဲ။ ခါးရိုးကြီး ဖျောင်းခနဲ ကျိုးသွားတော့မလားလို့တော ထင်လိုက်ရတယ်။ လန်ချားရဲ့ အလေးချိန်ရော၊ ခရီးသည်ရဲ့ အလေးချိန်ရော ခါးနဲ့ ထိန်းထားရတာကိုး။ ပြန်ဆွဲတဲ့အခါမှာတော့ ဒီလောက်တော့ မနာဘူး ဒါပေမယ့် အဲဒီအခါကျတော့ ပခုံးသားတွေနဲ့ လက်မောင်းသားတွေ သိပ်နာလာပြန်ရော။ လန်ချားကို လိမ့်နေအောင် ပခုံးနဲ့ လက်မောင်း အားပြုပြီး ထားရတာကိုး။ ကျွန်တော်တင်မဟုတ်ဘူး။ အဲဒီအခါမျိုးဆိုရ လန်ချားလည်း သနားစရာပဲ။ ကျွန်တော်က တုံ့ခနဲ ရပ်လိုက်တာနဲ့ လန်ချားဝ နဲ့ လှည်းသန်တွေကလဲ ကျိုးကျိုးကျွတ်ကျွတ် မြည်ကုန်ကြတယ်။ ကျွန်တေ အရိုးတွေ မြည်သလိုပေါ့။ အဲဒီနေ့ကလဲ ပူလိုက်တာ မပြောပါနဲ့တော နှစ်ရက်သုံးရက်အတွင်းမှာ ကာလကတ္တားမှာ အပူချိန်များလာတယ်။ တချို့ ပြောတော့ အပူလှိုင်းလာတယ်ဆိုလား ဘာလားပဲ။ အဲဒီအပူရှိန်ကြောင့်လာ မသိဘူး၊ အဲဒီနေ့က ဘတ်စ်ကား ဒရိုင်ဘာတွေနဲ့ တက္ကစီဒရိုင်ဘာတွေက



တိုလိုက်ကြတာဗျာ။ လမ်းကွေ့တစ်ခုနားရောက်တော့ ဆာဒါဂျီးတစ်ယောက် ကျွန်တော့်လှည်းသန်ကိုကိုင်ပြီး လန်ချားကို ဘေးကိုတွန်းပစ်လိုက်တယ်။ တော်လဲ မထိန်းနိုင်တော့ဘူးလေ။ လန်ချားက ဦးယမ်းပြီး မှောက်မလို သွားတယ်။ ဒီတွင် အပေါ်က ကျွန်တော့်ခရီးသည်က ကျွန်တော့်ကို ထောက်နဲ့ တစ်ချက် ဆောင့်ကန်လိုက်တယ်။ လမ်းပြတိုင်မှာ လမ်းပြနေတဲ့ ပ်ကလဲ ကျွန်တော့်ကို တစ်ချက်လှမ်းဆဲလိုက်တယ်။ တစ်နေရာရောက် တော့ လန်ချားက ဓာတ်ရထားနဲ့ ယှဉ်လာတယ်။ ဓာတ်ရထားမှာ တွဲလောင်းခို လာတဲ့ ကောင်လေးတစ်သိုက်က ကျွန်တော့်ခေါင်းကို ခြေထောက်နဲ့ ကန်လိုက်သေးတယ်လေ။ ဒါပေမယ့် ဘာလုပ်လို့ ရမှာလဲ။ ဓာတ်ရထား လည်း ပြေးနေတာ။ ကျွန်တော်ကလည်း ပြေးနေတာ။ သည်လိုပဲ ခံလိုက် တာပေါ့။

ထိုနေ့က လန်ချားသိမ်းခါနီးတွင် ဟာစရိပါးသည် ပန်းခြံအနီးက ပွဲစားရုံတစ်ခုသို့ ခရီးသည်တစ်ယောက်ကို လိုက်ပို့ခဲ့ရသေးသည်။ ခရီးသည် င်းရန် လန်ချားဦးကို အောက်နှိမ့်ကာ လှည်းသန်ကို မြေကြီးပေါ်သို့ ချမည် င်း လန်ချားခ ငါးကျပ်ကို တောင်းသည်။ ဤတွင် ခရီးသည်သည် သူ့ကို နတ်ဖြင့်ထောက်၍ ဓားပြ အတိုက်ခံလိုက်ရသည့်နှယ် မျက်နှာကြီး ည်းသွားကာ စိတ်ဆိုးမာန်ဆိုးဖြင့် . . .

"ဘာငါးကျပ်လဲကွ၊ မြင်းကျိုးစီးလာရတာကို ငါးကျပ်ပေးရမလား" အော်သည်။

ထိုစဉ် အဖြစ်အပျက်တစ်ခု မမျှော်လင့်ဘဲ ပေါ်လာခဲ့သည်။ ခရီးသည်က ကြီးဟစ်ကျယ် ငြင်းနေသံကို ကြားသည့်အခါတွင် အနီးရှိ လန်ချားသမား ဝိုင်းလာကြ၏။ ဤတွင်မှ ခရီးသည်သည် လန့်ဖျပ်သွားကာ အိတ်ထဲသို့ ၍ ပိုက်ဆံရှာနေသည်။ ထို့နောက် အိတ်ထဲမှ ငါးကျပ်တန် အသစ်ကျပ်ချွတ် လေးတစ်ချပ်ကို ထုတ်ပေးလိုက်၏။

"ခွေးတွေ ဝိုင်းဟောင်တော့ ကျားလက်သည်း ပြန်ကုပ်သွားတယ်ဆိုတဲ့ တော်တို့ စကားပုံလိုပေါ့ဗျာ" ဟု ဟာစရိပါးက ပြော၏၊

ကာလကတ္တားမြို့ကြီးသည် တောကြီးတစ်တောနှင့် တူသည်။ တော တောတွင် တော၏ဥပဒေသများနှင့် တော၏ ဘုရင်ရှိသည်။ အဆင့်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ရာ စားကြသည်။ ဆင်၊ ကျား၊ ကျားသစ်၊ မြွေ စသဖြင့် တစ်ကောင့်တ
ကောင်နိုင်ရာ စားကြသကဲ့သို့ ကာလကတ္တားမြို့ကြီးမှ မြို့တိရစ္ဆာန်များသ
လည်း တစ်ကောင့်တစ်ကောင် နိုင်ရာစားကြသည်။ ဘုမသိဘမသိဖြ
ကျားကို ကျားမှန်းမသိလျှင် ဒုက္ခနှင့် လှလှကြီး တွေ့ပြီသာ မှတ်ပေရော

တစ်နေ့၌ ဟာစရီပါးသည် ပန်းခြံအပိုင်းနားရှိ နာမည်ကြီး ညကလ
တစ်ခုဖြစ်သော ကစ်ကက်ကလပ်နားတွင် လန်ချားထိုးထားသည်။ ထို
ဗန်ချာပီ တက္ကစီသမားတစ်ယောက်က ထိုနေရာတွင် သူ့ကားဆိုက်မည်ဖြ
နေရာဖယ်ပေးရန် သူ့ကို လှမ်း၍ လက်ပြ၏။ ဟာစရီပါးက မသိသလိုလ
နေလိုက်သည်။ ကား လက်ကိုင်ဘီးနောက်တွင် ထိုင်နေသည့် ပန်ချာပီကြီး
ခေါင်းပေါင်းသည် ဒေါသကြောင့် လှုပ်ယမ်းစပြုလာလေပြီ။ ထိုးတော့မ
ဆင်ကြီးတစ်ကောင် အော်သည့်နှယ် ပန်ချာပီဒရိုင်ဘာသည် သူ့မော်တော်ကား
အဆက်မပြတ် ကျယ်လောင်စွာ တီးနေသည်။ ဟာစရီပါးသည် ကာလကတ္တ
တောကြီးထဲတွင် လိုက်နာရသည့် ထုံးတမ်း ဥပဒေတစ်ခုကို နားမလည်
လန်ချားသည် တက္ကစီကိုနေရာဖယ်ပေးရမည်ဟု တော၏ ဥပဒေကဆိုသ
မဟုတ်လော။

ပန်ချာပီဒရိုင်ဘာက သူ့လန်ချားကို ဝင်တိုက်တော့မည့်အခါတွ
ဟာစရီပါးသည် သူ့လန်ချားကလေးကို ဆွဲကာအနိုင်နိုင် လွတ်အောင် ရှော
လိုက်ရသည်။

ဟာစရီပါးအဖို့ ကာလကတ္တားတောကြီးထဲတွင် လူမြင်းအဖြစ် ပင်
ပန်းပန်း ရုန်းကန်လှုပ်ရှားရခြင်းသည် သည်လောက် အရေးမကြီးပါ။ သူ့
တုန်းကလည်း ထိုနည်းနှင်နှင် ပင်ပင်ပန်းပန်းလုပ်ခဲ့ရပြီး ဖြစ်ပါသည်။ မိန်း
ဝဝကြီးနှစ်ယောက်ကို ဘာရားဘဇားသို့လိုက်ပို့ရသလိုပင် ရွာတွင်ရှိစဉ်ကလည
အလုပ်ကြမ်းလုပ်ခဲ့ဖူးပါသည်။ သို့ရာတွင် ရွာက အလုပ်ကြမ်းမှာ အခါရာသီန
လုပ်ရသည့်အလုပ်ဖြစ်၏။ ရာသီမတိုင်သေးလျှင် နားနားနေနေ နေနိုင်သေး
ကာလကတ္တားတောကြီးထဲက လန်ချားဝါလား အလုပ်ကား တစ်ပတ်လျှ
ရက်တိုင်း၊ တစ်နှစ်လျှင် အပတ်တိုင်း ကျွန်ခံနေရသော ကျွန်စနစ်ပေတည

တစ်ခါတလေကျတော့လည်း ဟောင်ရာတံတားဟောင်းကြီး တစ်ဖက်
ရှိတဲ့ ဘူတာကြီးကို လိုက်ပို့ရတာတွေရှိတယ်ဗျ။ ဟောင်ရာတံတားတစ်ဖက်
လန်ချားကို ကျွန်တော်တို့လို ခြေကျင်မဆွဲဘဲ ဘိုင်စကယ်နဲ့ ဘေးတွဲဆွဲ



ားလန်ချားတွေရှိတယ်။ ဘေးတွဲဆွဲတဲ့ လန်ချားဘိုင်စကယ်ကို ကျွန်တော်
စ်ခါမှတော့ မစီးဖူးပါဘူး။ ဒါပေမယ့် ကျွန်တော်အထင်ပြောရရင်တော့
န်တော်တို့ ခြေကျင်ဆွဲရတာထက်တော့ သက်သာမယ် ထင်တာပဲ။ ဒါနဲ့
စ်နေ့တော့ ကျွန်တော်က ဒီအကြောင်းကို ရမ်ကျန္ဒကို ပြောမိတယ်။
တော့ သူက တင်ပါးကလေးကို လက်နှစ်ဖက်နဲ့ ပွတ်လိုက်ပြီး "မင်းတော်
ော်အ,သေးတဲ့ကောင်ပဲ။ ဘိုင်စကယ်ကုန်းနှီးပေါ်မှာ တစ်နေ့ကို ဆယ်နာရီ
ယ့်နှစ်ရီလောက် ထိုင်နေတာ ဘယ်လောက် ပင်ပန်းတယ်ထင်သလဲတဲ့။
င်းခုနေ တက်စီးကြည့်ပါလား။ ကုန်းပေါက်ပြီး တင်ပါးတစ်ခုလုံး အနာတွေ
ည်းပဲဖြစ်ကုန်မှာ။ ပြီးတော့ ရွှေပန်းလည်း တိုသွားမှာကွတဲ့။

ရမ်ကျန္ဒဆိုသူဟာ တော်တော် အံ့သြဖို့ကောင်းတဲ့လူဗျာ။ သူပြောလိုက်ရင်
ယ့်ထက်ဆိုးတဲ့ လူချည်းပဲ ရှိတယ်လို့ တွေးပြီး ကိုယ့်ကိုယ်ကို တော်တော်
ောင့်ရဲနိုင်တဲ့လူ။

၂၇

န်တော်ပြောတာကို သေသေချာချာ စဉ်းစားပါ ဆရာ။ ဆရာ့ကို သူတို့က
ိအသားအကုန်လုံး ဝါးမျိုပစ်လိုက်မှာ။ နောက်ဆုံး အရိုးချည်းပဲ ကျန်တော့မှာ။
ာက လူဖြူဆိုတော့ အရေးရှိရင် ဆရာ့ဆီကိုပဲလာပြီး တောင်းကြရမ်းကြ
ဲ။ မဟုတ်တာ ဆရာရယ်။ ရပ်ကွက်ထဲမှာ ဥရောပတိုက်သား အငတ်ငတ်
ြတ်ပြတ်သွားနေတယ်ဆိုတာ ကျွန်တော်ဖြင့် ဒီတစ်ခါပဲ ကြားဖူးသေးတယ်။

ကိုဗာစကီးသည် သာသနာပြု အသင်းမှ အိန္ဒိယအမျိုးသား သင်းအုပ်
ာတစ်ယောက် ပြောလိုက်သော စကားများကို ကြားယောင်နေသည်။
ာစကီးသည် ဖျားနေသော ကလေးငယ်တစ်ယောက်အတွက် ဆေးလာ
ာင်းသော ကလေးအမေတစ်ယောက်ကို အကဲစပရင် ဆေးပြားတွေ
နေသည်။ မျက်စိကွယ်နေသည့် မိန်းကလေး၏ မျက်လုံးပြန်မြင်သွားခြင်း၊
ါဝေဒနာသည်တို့အား ဂရုတစိုက် ပြုစုစောင့်ရှောက်ခြင်းတို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုဗာစကီးသည် သုခမြို့တော်တွင် ဆန်တာကလော့စ်လိုဖြစ်နေသည်။ ကိုဗာစကီးသည် သူတို့ ပြောသည့် စကားများကို စိတ်ဝင်စားစွာ နားထောင်သည်။ သူတို့၏ ခံစားချက်များကို စာနာ နားလည်သည်။ သူတို့ကလည်း သူ့ကို မျှော်မှန်းချက်များ၊ ခံစားချက်များကို ဖွင့်ပြောကြသည်။ သို့ဖြင့် သုခမြို့တော် လူများသည် အရေးကိစ္စကြုံလာသည်နှင့် ကိုဗာစကီးကို "ကယ်တင်ရှင်" ဟု အောက်မေ့လာကြသည်။ မြူနီစပယ်က သူ့ဆုံးဖြတ်ချက်နှင့်သူ သူတို့ ရပ်ကွက်တွင် ရေတွင်း တူးပေးလျှင်လည်း ကိုဗာစကီးကြောင့်ဟု ထင်ကြသည်။ ဆောင်းရာသီ အချမ်းပေါ့လျှင်လည်း သူ့ကြောင့်ဟု ထင်ကြသည်။ အကြောင်း ကိစ္စတစ်ခု ကြုံလာလျှင် လူပုဂ္ဂိုလ်တစ်ယောက်၏ စွမ်းဆောင်မှုကြောင့်ဟု ထင်ယောင်ကြသည်မှာ ဟိန္ဒူတို့၏ ဝိညာဉ်တွင် အမြစ်တွယ်နေလေပြီ။ ဤ သည်မှာလည်း မဆန်းပါ။ အိန္ဒိယတွင် အစဉ်အလာရှိခဲ့သည့် ဇာတ်ခွဲခြားသည့် စနစ်ကြောင့်ဖြစ်ပါသည်။ ထို့ပြင် လူမှုအစုတိုင်းတွင် သူတို့အစု၏ သက်သာချော ချိရေးကို ဦးဆောင်ဦးရွက် လုပ်ပေးသူတစ်ယောက်ယောက်ရှိနေတတ်သော ကြောင့် ဖြစ်ပါသည်။ အိန္ဒိယပြည်တွင် လူဖြစ်ရသည်မှာ မလွယ်ပါ။

ကိုယ့်တွင် အဆက်အသွယ်ကောင်းကောင်း မရှိလျှင် သို့မဟုတ် ပေါက်ပေါက်ရောက်ရောက် မရှိလျှင် ဘာအခွင့်အရေးမျှ ရဖို့မလွယ်ပါ။ အုပ်ချုပ်ရေးဘက်တွင် ဖြစ်စေ၊ ပုလိပ်ဘက်တွင်ဖြစ်စေ၊ ဆေးရုံတွင်ဖြစ်စေ အဆက်အသွယ်ကလေးမှ မရှိလျှင် ဘာမျှမလွယ်ပါ။ ဤတွင် သူတို့ရပ်ကွက် ထဲသို့ ရောက်လာသော ကိုဗာစကီးသည် လူဖြူဖြစ်နေသည့်အတွက် သူလုပ် ပေးလျှင် အားလုံး ဖြစ်နိုင်သည်ဟု သူတို့ထင်လာကြသည်။ သူ့ လည်ပင်းတွင် ချိတ်ဆွဲထားသည့် လက်ဝါးကပ်တိုင်နှင့် သူ့သားရေအိတ်ကလေးထဲတွင် ရှိသည့် ပိုက်ဆံကလေးများသည် သူတို့ ရပ်ကွက်မှ ဆင်းရဲသူ ဆင်းရဲသား အမြင်ဖြင့်ကြည့်လျှင် ကာလကတ္တားမှ နာမည်ကျော် ကုဋေကြွယ် သူဌေးကြီး ဖြစ်သည့် ဂျီ၊ ဒီ၊ ဘားလား ကဲ့သို့ပင် အလှမ်းမမီနိုင်လောက်အောင် ဝေးသ သည့် အရာများဖြစ်နေသည်။

ကိုဗာစကီးသည် သူ့ကို ဆင်းရဲသားများက ဤသို့ ထင်ကြသည့်အပေါ် တွင် တော်တော် စိတ်ပျက်သွား၏။ သူသည် သူတို့ အမြင်တွင် ဆန်တာကလော့စ် လို ဖြစ်ချင်သူမဟုတ်။ သူတို့ကို ကုသစောင့်ရှောက်ပေးသည့် ကယ်တင်ရှင် ဖြစ်ချင်သူမဟုတ်။ သူတို့လို ဆင်းရဲသား အညတရဖြစ်ချင်သည်။



ကျွန်တော့် ရည်ရွယ်ချက်က သူတို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့ လူတွေ ဖြစ်စေချင်တယ်။ ဒါမှ စိတ်ပျက်အားငယ်တာတွေ ပျောက်ပြီး သူတို့ ဘဝ တိုးတက်ရေးအတွက် သူတို့ဘာသာ ဆောင်ရွက်ရဲ၊ လုပ်ရဲကိုင်ရဲ ရှိလာ မယ်ဟု ကိုဗာစကီးက ပြော၏။

ဒုဂါပွဲတော် မတိုင်မီကလေးတွင် ကိုဗာစကီး၏ ဆန္ဒပြည့်သွား၏။ တစ်ညနေ၌ မာဂရီတာ ခေါင်းဆောင်သည့် အိမ်နီးနားချင်း တစ်သိုက်သည် သူ့တဲကလေးသို့ ရောက်လာကြ၏။

"ဆရာကြီး၊ ကျွန်မတို့ ရပ်ကွက်ထဲက လူထုအတွက် ကျွန်မတို့ လုပ်ချင်တာလေးတစ်ခုရှိလို့ပါ၊ အဲဒါ ဆရာကြီးနဲ့ လာတိုင်ပင်ကြတာ"

မာဂရီတာက အစပျိုး၏။ သူနှင့်အတူ ဟိန္ဒူအမျိုးသား လင်မယား နှစ်ယောက်၊ အင်္ဂလိပ် ကပြား ခရစ်ယာန်တစ်ယောက်၊ မူဆလင် အလုပ်သမား တစ်ယောက်၊ အသက်နှစ်ဆယ်အရွယ်ရှိ အာသံသူ မိန်းကလေးတစ်ယောက် ပါလာကြသည်။ ဆင်းရဲသား ရပ်ကွက်တွင်ရှိသည့် ဆင်းရဲသား ခြောက် ယောက်တို့က သူတို့ လူထုကောင်းကျိုးအတွက် တစ်ခုခုလုပ်ချင်သည်ဆိုသည်မှာ ကောင်းသော လက္ခဏာဖြစ်သည်။ ဟိန္ဒူဘာသာဝင် လင်မယားနှစ်ယောက် ဖြစ်သည့် ဂိုရှ်၏ ဇနီးမောင်နှံမှာ သနားကမား ရှိကြသည်။ ကျန်းမာ၍ ထက် မြက်သန်သန် ရှိကြသည်။ မိန်းကလေးမှာ ဇာပဝါ အနီကလေးကို မျက်နှာပေါ် တွင် လွှမ်းထား၏။ သူ့ဇာပန်းပဝါ အနီအောက်မှ ကြည်လင်ဝင်းဖန့်သော သူ့အသားအရေနှင့် သူ့မျက်နှာပုံပန်းသည် ရီနေဆွန်းခေတ်က ပန်းပုရုပ်တု တစ်ရုပ်နှင့် တူနေသည်။ တဖျပ်ဖျပ်တောက်နေသော သူ့မျက်လုံးများသည် ထိုမိန်းကလေးက ထက်သန်မှုကို ဖော်ပြနေသကဲ့သို့ရှိ၏။ သူ့အမည်မှာ ကွန်တာဖြစ်ပြီး ဂင်္ဂါမြစ်ဝကျွန်းပေါ်ရှိ နယ်ကြီး တစ်နယ်မှ လယ်သမားတစ်ဦး၏ သမီးဖြစ်သည်။ သူ့အဖေသည် ကလေးရှစ်ယောက်ကို ကျွေးရန်အတွက် သူတို့ရွာမှ တံငါသည်များနှင့်အတူ ရေလွှမ်းနေသည့် ဆန္ဒာဗနတောကြီးထဲသို့ ထွက်သွားကာ ပျားဖွပ်ရ၏။ တစ်နေ့တွင်မူ သူ့အဖေသည် ပျားဖွပ်ရာမှ ပြန်မလာတော့။ ထိုတောထဲတွင် သောင်းကျန်းနေသည့် လူသားစား ကျားကြီးနှင့် တွေ့သောကြောင့်ဖြစ်သည်။ ထိုတောထဲတွင် ကျားကိုက်ခံရသည့် ပျားဖွပ် သမားပေါင်း သုံးရာကျော်လောက် ရှိခဲ့လေပြီ။ သျှန်တာသည် မူလတန်းကျောင်း ကလေးတစ်ကျောင်းရှိ ရေတွေ အိုင်ထွန်းနေသော ရွှံ့ကြမ်းပြင်ပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်ဖားဖားနှင့် သူ့ယောက်ျား ကျောင်းဆရာ အာရှစ်ကို တွေ့ခဲ့ခြင်းဖြစ် အာရှစ်မှာ ထိုစဉ် အသက်နှစ်ဆယ့်ခြောက်နှစ်ရှိ လေပြီ။ လယ်ကူလီတစ်ယော ၏ သားဖြစ်သည်။

သူတို့ နှစ်ယောက်သည် အချစ်အတွက် လက်ထပ်ခဲ့ကြသည်။ တပည့် အစဉ်အလာကို ဆန့်ကျင်ခဲ့ကြ၏။ ထို့ကြောင့် အသိုက်အဝန်း ဝိုင်း၍ ကြဉ်ကြသည့်အခါ၌ သူတို့နှစ်ယောက်သည် တစ်နှစ်လောက် အ ငတ် အပြတ်ပြတ်ဖြင့် ဘဝကို ရင်ဆိုင်ခဲ့ကြသည်။ ထိုနောက်တွင် အာရှစ်သ သီလရှင် ဆရာကြီး မာသာထရီဇာ ဖွင့်လှစ်ထားသည့် မသန်မစွမ်း ကလေး ကျောင်းတွင် ဆရာအလုပ်ကို ရခဲ့သည်။ သျှန်တာမှာလည်း ဟောင်ရာတ ကြီး တစ်ဖက်ရှိ မူလတန်းကျောင်းကလေး တစ်ကျောင်းတွင် ကျောင်းဆ အလုပ်ရလာခဲ့သည်။ သားဦးကလေးကို မွေးပြီးသည့်နောက်တွင် သုခမြို့တော် ဟိန္ဒူရပ်ကွက်ထဲတွင် အခန်းကလေးတစ်ခန်းရလာကြသည်။ သူတို့ လင်မယား နှစ်ယောက်၏ နှစ်ယောက်ပေါင်း လခသည် တစ်လမှ ငွေနှစ်ရာကျော် ကလေးရှိသော်လည်း သုခမြို့တော်တွင် ထိုသို့သော လစဉ်ဝင်ငွေသည် နည်းသ ဝင်ငွေမဟုတ်။ သူတို့နှစ်ယောက်သည် ဤရပ်ကွက်က လူတွေအတွက် တ နိုင်သည့် ကုသိုလ်တစ်ခု လုပ်ချင်နေကြသည်။

သူတို့နှင့်အတူပါလာသည့် အင်္ဂလိပ်–အိန္ဒိယ ကပြားအမည်မှာ နည်းနည် တော့ ကြီးကျယ်သည်ဟု ဆိုရမည်။ သူ့အမည်အရ အရစ်တိုတယ် လူက သေးသေးညှက်ညှက်၊ မျက်နှာက ညှိုးငယ်လျက်။ ထိုရပ်ကွက်ကလေး လူများထုံးစံ တစ်စုံတစ်ရာကို စိုးရိမ်သောက ရောက်နေသည့်ဟန်။ သူသ မီးရထားဌာနတွင် အလုပ်လုပ်သူဖြစ်သည်။ နောက်တစ်ယောက်မှာ အသ ငါးဆယ့်နှစ်နှစ်ရှိ မွဆလင်အမျိုးသား ဆာလာဒင်ဖြစ်သည်။ မုတ်ဆိတ်တို ကလေးနှင့်။ ခေါင်းပေါ်တွင် အစ္စလာမ်ဘာသာဝင်တို့ ဆောင်းသည့် အ ဦးထုပ် အပြားကလေးကို ဆောင်းထားသည်။ သူတို့အထဲတွင် ဆာလာဒင်သ သည်ရပ်ကွက်ကလေးထဲသို့ အစောဆုံးရောက်သူဖြစ်သည်။ လွန်ခဲ့သော အ နှစ်ဆယ်၊ အရှေ့အနောက် ပါကစ္စတန်ပြည်နယ်ကို ခွဲကြတုန်းက သတ်ကြဖြ ကြရာတွင် ဆင်လာဒင်သည် ထွက်ပြေးလွတ်မြောက်လာခဲ့ပြီး သုခမြို့တော်တွ မှလာကြီးနှစ်ဦးအား ထမင်းကျွေးရင်း သူတို့နှင့်အတူ တဲကလေးတစ်လုံး တွင် အတူနေခဲ့သည်။



ယခု သုခမြို့တော် အမည်တွင်သော ဆင်းရဲသားရပ်ကွက်ကလေးထဲတွင် ငါးယောက်က ကောင်းမှုကုသိုလ် တစ်ခုခုလုပ်ချင်သည်ဟု ပြောနေလေပြီ။ ပေါင်းခုနစ်သောင်းလောက် မှီတင်းနေထိုင်သည့် သည်ရပ်ကွက်ကလေးသည် အားဖြင့် မရဏ စခန်းထောက်တစ်ခုနှင့် တူသည်။ ထိုရပ်ကွက်ကလေး နှစ်စဉ် လူပေါင်းရာပေါင်းများစွာတို့သည် ချောင်းဆိုးသွေးပါရောဂါ၊ ရေရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အစာအာဟာရချို့တဲ့သဖြင့် ဖြစ်ပွားသော ပေါင်းစုံတို့ဖြင့် တဖြုတ်ဖြုတ် သေနေကြသည်။ သည်ရပ်ကွက်ကလေး နေထိုင်သူတို့သည် အသက်လေးဆယ်ပြည့်အောင် နေရသူများ ရှားလှဘိ ထိုရပ်ကွက်မျိုးတွင် အများ၏ သက်သာချောင်ချိရေးအတွက် ကုသိုလ်ပြု ဆိုလျှင် ကုသိုလ်ပြုစရာတွေ အများကြီးရှိသည်။ ဆေးပေးခန်းဆောက် ၊ ကိုယ်ရေရောဂါသည် ဆေးရုံဖွင့်မလား၊ ကလေးဆေးရုံဖွင့်မလား၊ မဟုတ်သေးလျှင် အစာအာဟာရချို့တဲ့သည့် ကလေးများအတွက် နို့မှုန့်ဝယ်၍ မည်လား၊ သောက်ရေအလို့ငှာ ရေတွင်းတွေ တူးပေးမည်လား။ ရေဘုံပိုင် ပေးမည်လား။ သို့မဟုတ်သေးလျှင် အိမ်သာတွေ တူးပေးမည်လား။ ပြောင်းပုပ်တွေ ဆယ်ပေးမည်လား။ လုပ်စရာတွေ တစ်ပုံတစ်ပင်ရှိသည်။

"ဒီရပ်ကွက်မှာ လူတွေအတွက် ဘာအရေးကြီးဆုံးလဲ၊ သူတို့ ဘာကို ချင်ဆုံးလဲဆိုတာကို ကိုယ့်ဘာသာကိုယ်လေ့လာကြည့်ကြပါ"

ကိုဗာစကီးက ပြောသည်။

သုံးရက်အကြာတွင် အဖြေထွက်လာလေပြီ။ သူတို့အဖြေများမှာ သောတည်းဖြစ်နေသည်။ ရပ်ကွက်လူထု သို့မဟုတ် သုခမြို့တော်လူထု၏ ထားချက်မှာ ကိုဗာစကီး မျှော်လင့်ထားသည်နှင့် တစ်ခုမျှမတူ။ သူတို့၏ ရေး ထိုင်ရေး အခြေအနေကို ပြောင်းလဲဖို့ တစ်ခုမျှမပါ။ သူတို့ ကလေး များ၏ ခန္ဓာကိုယ် တိုးတက်ဖွံ့ဖြိုးဖို့ကိစ္စ တစ်ခုမျှမပါ။ သူတို့ကလေး များ၏ စိတ်ဓာတ်ပြုပြင်ရေးနှင့် ပတ်သက်သော ကိစ္စဖြစ်သည်။ သူတို့ လုံးကပင် ကလေးငယ်များ၊ အထူးသဖြင့် ဈေးဆိုင်များ၊ အလုပ်ရုံများတွင် ရသည့် ကလေးငယ်များအတွက် ညကျောင်းတစ်ကျောင်းထောင်ပေးရန် ရှိကြသည်။

သူတို့က ကျောင်းစာသင်ခန်း အဆောက်အအုံရှာပြီး မိမိက ကျောင်းဆရာ ယောက်အတွက် ထောက်ပံ့ကြေးကို ရှာမည်ဟု ကိုဗာစကီးက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါလဲ သူတို့ဘဝကို သူတို့ဘာသာ ပြောင်းလဲအောင် ကြိုးပမ်း ကြိုးပမ်းမှု တစ်ခုပေါ့။ ဒီတော့ ကျွန်တော့်ရည်ရွယ်ချက် အောင်မြင်တာပါ" ဟု ကိုဖာစကီးက ဆိုသည်။

ပထမ ခြေလှမ်းအဖြစ် တစ်ဦးနှင့်တစ်ဦး ညီညွတ်ပြီး အများအကျိုး သည့် လုပ်ငန်းကလေးများကို လုပ်ရန် အစည်းအဝေးကလေးတစ်ခု ကျင်းပသည် ထိုအစည်းအဝေးတွင် ကိုဖာစကီးက လူနာများကို ကာလကတ္တား ဆေးရုံကြီး ပို့ပေးသည့် လုပ်ငန်းကိုလည်း လုပ်သင့်သည်ဟု အကြံပေး၏။ ရောဂါသည် သည် သူတို့ဘာသာ သူတို့ ဆေးရုံသို့ သွားရမည်ကို ကြောက်ကြသည် မကြောက်ဘဲ ရှိပါမည်လော။ ဆေးရုံတက်ခွင့်အောင် လုပ်ရသည့် ကိစ္စသည် သေရခြင်းထက်ပင် ခက်သည့်ကိစ္စဖြစ်သည်။ ထို့ကြောင့် သေသာ သေလို ချင်သည်။ ဆေးရုံကိုတော့ မသွားချင်ကြ။

ကိုဖာစကီး၏ အခန်းလေးထဲတွင်လုပ်သည့် အစည်းအဝေးသို့ မည် မဆို တက်နိုင်ခွင့်ရှိသည်။ ဤတွင် သူတို့ရပ်ကွက်ရှိ လူများသည် ကိုဖာစ တို့ အဖွဲ့ကလေးကို ယုံကြည်လာခဲ့ကြသည်။ ကိုဖာစကီးက သူ့အဖွဲ့ကလေး "အပြန်အလှန် ကူညီရေးအသင်း" ဟု အမည်ပေး၏။ ထိုအခါတွင် လောကတွင် မိမိတို့ထက် အခြေအနေဆိုးသူတွေ ရှိပါသေးတကားဟု လူ သဘောပေါက်လာကြသည်။ အစည်းအဝေးကို ခရစ်ဝင်ကျမ်းမှ စာတစ်ပိုဒ် ဖတ်ပြီးမှ ဖွင့်ရန် စည်းကမ်းချမှတ်ထား၏။

"ဆင်းရဲသားတွေ ကြားထဲမှာတော့ ခရစ်ဝင် ကျမ်းလောက် ဖတ်ဖို့ကော တဲ့ ကျမ်းစာအုပ် မရှိတော့ဘူးလေ။ ခရစ်တော်ဟာ ဆင်းရဲသားတွေအပေါ် ဘယ်လို ကူညီစောင်မတော်မူတယ်၊ ဘယ်လို မေတ္တာထားတယ် ဆိုတာ ထင်ထင်ရှားရှား သိနိုင်တာပေါ့။ ဘယ် ဘာသာဝင်ပဲဖြစ်ဖြစ်၊ ခရစ်တော် ထေရုပ္ပတ္တိကိုဖတ်ရင် သာဓုမခေါ်ဘဲ မနေနိုင်ဘူး မဟုတ်လား။ ခရစ်ဝင်ကျမ်း ဟောကြားတဲ့ ဒေသနာတော်တွေနဲ့ ခရစ်တော်ရဲ့ ဝေဒနာကြားမှာပဲ ဖြစ် တစ်ခုနဲ့တစ်ခု ဆက်သွယ်နေတယ်ဆိုတာကို ခရစ်ဝင်ကျမ်းကို ဖတ်လိုက် သဘောပေါက်လာကြမှာပဲ မဟုတ်လား"

ထိုဆက်သွယ်မှုကို သဘောပေါက်ဆုံးသူမှာ အာသံနယ်သူ အမျိုးသ ကလေးဖြစ်သည်။ သူ့အမည်မှာ ဗန်ဒူနာဟုခေါ်သည်။ ဗန်ဒူနာသည် ဗုဒ္ဓဘာသာ ဝင်တစ်ဦးဖြစ်သည့်တိုင် ခရစ်ဝင်ကျမ်းလာ ဒေသနာတို့ကို ကောင်း



သဘောပေါက်သည်။ ပရဟိတကို ဆောင်ခြင်းဖြင့် ဘုရားသခင်ကို တွေ့နိုင် သည်ဟူသော ခရစ်ဝင်ကျမ်းလာ စကားကို သူနားလည်သည်။

ဗန်ဒူနာဟာ တော်တော်ထူးခြားတဲ့ ကလေးမပဲ။ သူတစ်ပါးက သူတို့ ဒုက္ခဝေဒနာတွေကို ပြောပြရင် သေသေချာချာ နားထောင်ပြီး အဲဒီဝေဒနာတွေကို ခံစားတတ်တယ်။ သူများရဲ့ ဒုက္ခဝေဒနာကို ကိုယ့်ဒုက္ခဝေဒနာလို့ သုံးသွင်းနိုင်တယ်။

သို့ရာတွင် သူတစ်ပါး၏ ဒုက္ခဝေဒနာကို ခွဲဝေခံစားရာတွင် ထက်သန်ပြင်း သော ဗန်ဒူနာသည် သူ့ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်လာလျှင်မူ ကက်စရာ ကောင်းလောက်အောင် လျှို့ဝှက်လွန်းနေသည်။ သူ့အကြောင်း မေးလိုက်လျှင် ဗန်ဒူနာသည် ဘာကိုမျှ မပြောတော့ဘဲ ဆာရီအဖျားကို နှာတွင် ဆွဲဖုံးလိုက်ကာ ခေါင်းငုံ့နေတတ်၏။

"သခင်ယေရှုက သူများတွေ ကိစ္စကို ဒီလောက် မစူးစမ်းပါဘူး ဆရာ ယ်၊ ဒါတွေက သိပ်အရေးမကြီးပါဘူး" ဟု ပြောတတ်သည်။

သို့ရာတွင် တစ်ခွန်းစ နှစ်ခွန်းစ ပြောကြည့်ခြင်းဖြင့် မြင့်မားဝေသီ သည့် တောင်တန်းကြီးများပေါ်မှ အာသံနယ်သူကလေးသည် ညစ်ပတ်ပေရေ သော ကာလကတ္တားဆင်းရဲသား ရပ်ကွက်များတွင် အဘယ့်ကြောင့် သောင်တင်နေကြောင်း ကိုဖာစကီး တဖြည်းဖြည်း သိလာခဲ့ရသည်။

သူ့အဖေသည် ဟိမဝန္တာ တောင်ခြေရင်းရှိ ကလင်ပုံနယ်မြေမှ အာသံ လယ်သမားတစ်ဦးဖြစ်၏။ ထိုဒေသက လယ်သမားများနည်းတူ သူ့အဖေသည် ဆင်ပေါ်တွင် လှေကားထစ် လယ်တည်ကာ စပါး စိုက်ခဲ့သည်။ သူတို့ မယားနှင့် သားသမီး လေးယောက် စားလောက်ရုံလောက်တော့ ရပါ၏။ တွင် မကြာမီမှာပင် ကာလကတ္တားမှ လုပ်ငန်းရှင်များ ရောက်လာကာ တောင်ခြေရင်းက တောကြီးများကို ခုတ်ထွင် ရှင်းလင်းကြသည်။ နှစ်မကြာမီ ခွင်းတွင် ထိုဒေသသည် အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့လေပြီ။ ဒေသတွင် လက်ဖက်ခြံများ စိုက်ပျိုးရန် သစ်ခုတ်သမားတွေလာပြီး သစ်ခုတ် ဖြင့် တဖြည်းဖြည်း တောပြုန်းသွားခဲ့သည်။

ဤတွင် လယ်သမားများမှာ ထင်းမရှိတော့သဖြင့် ခပ်ဝေးဝေးမှ များထဲသို့သွား၍ ထင်းခုတ်ကြရသည်။ လယ်သစ်တီလိုလျှင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဆေးဝေးသို့သွား၍ မြေသစ် ရှာကြရသည်။ ထို့ကြောင့် တောမီးရှို့ကြသ ဤတွင် သစ်ပင်တို့အချိန်မီ မပေါက်လာတော့ဘဲ မြေဆီတိုက်စားကာ ခန်းသ ခဲ့သည်။ စားကျက်များ ပြုန်းကုန်သဖြင့် ကျွဲ၊ နွား တိရစ္ဆာန်အများအပြ သေကြေခဲ့ကြရသည်။ ထင်းရှားသဖြင့် နွားချေးစသည်တို့ကို ထင်းလ အသုံးပြုကြသည့်အတွက် မြေဩဇာ မချနိုင်တော့ဘဲ မြေများ ညံ့ဖျင်း အထွက်လျော့လာခဲ့သည်။ သစ်တောပြုန်းသဖြင့် ရေမထိန်းနိုင်တော့ဘဲ ရေ လာခဲ့သည်။ ချောင်းများတွင် ရေခန်းကုန်ကြပြီး ကန်များတွင်လည်း ရေမရှိတေ အာသံပြည်သည် ကမ္ဘာပေါ်တွင် မိုးရေချိန်အများဆုံး ဒေသဖြစ်သည့်အတွ (တစ်နှစ်လျှင် မိုးရေချိန် လက်မ ၆၀ မှ ၄၀၀ အတွင်းရှိသည်။) စိုက်ပျိုး ကောင်းသော မြေဆီမြေနှစ်များ မိုးတွင်းဆိုလျှင် မျောပါကုန်ကြကာ ကျောက် ကုန်းကြီးတွေ၊ ကျောက်တောင်ကြီးတွေ ပေါ်၍ ကျန်ရစ်ခဲ့ကြသည်။ နှစ်အန ငယ်အတွင်းတွင် ထိုဒေသသည် သဲကန္တာရကြီး တစ်ခုနယ်ဖြစ်သွားခဲ ထိုဒေသခံတို့အဖို့ သူတို့ ဇာတိကို စွန့်ကာ သူတို့ကို လာရောက်ဖျက် သွားသည့် မြို့ကြီးများသို့ ပြောင်းရွှေ့နေထိုင်ရန်မှအပ တခြားလမ်းမရှိတေ

ကာလကတ္တားသို့ ပြောင်းလာသည့်အခါတွင် ဗန်ဒူနာသည် လေး သမီးသာရှိသေး၏။ အထည်ဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်နေသော ဆွေ တစ်ယောက်၏ အကူအညီဖြင့် သုခမြို့တော်တွင် အခန်းကလေးတစ်ခ သည်။ သုခမြို့တော်ရောက်ပြီး ငါးနှစ်အကြာတွင် သူ့အမေသည် ချောင်းဆိုး ပါ ရောဂါဖြင့် ဆုံးပါးသွားခဲ့သည်။ သူ့အမေသည် ကလေးလေးယောက် ရတတ်သမျှဖြင့် ရှာဖွေကျွေးခဲ့သည်။ နောက်တစ်နှစ်ကျော်တွင် သူ့အမေသ အိမ်ထောင်သစ် ထူလိုက်၏။ သို့ရာတွင် သူ့ယောကျာ်းသည် မကြာမီမှာ အလုပ်လုပ်ရန် အိန္ဒိယတောင်ပိုင်းသို့ ထွက်သွားခဲ့သည်။ ဤတွင် သူ့အ သည် အမှိုက်ပုံများထဲမှ သံတိုသံစများ၊ ကြေးတိုကြေးစများကို ကောက် အရည်ကျို၍ ရောင်းသည့် သံတိုသံစဆိုင်များသို့သွား၍ သွင်းခြင်းဖြင့် သ သားသမီးလေးယောက်ကို ရှာဖွေကျွေးခဲ့ရပြန်သည်။

ဗန်ဒူနာသည် အသက်ဆယ့်တစ်နှစ်အရောက်တွင် အလုပ်ဝင်လုပ်ရသ ပထမ ကွပ်စက္ကူသေတ္တာလုပ်သည့် အလုပ်ရုံတစ်ခုတွင် လုပ်ပြီး ထိုနောက် မော်တော်ကား အပိုပစ္စည်းလုပ်သည့် ဝပ်ရှော့တစ်ခုတွင် အလုပ်လုပ်သ ထိုအချိန်မှစ၍ ဗန်ဒူနာသည် အိမ်တွင် မိသားစုကို ထမင်းရှာကျွေးရ



ဒန်ကို တစ်ဦးတည်း ယူခဲ့ရလေပြီ။ သူ့အမေမှာ ချောင်းဆိုးသွေးပါ ဂါဖြင့် အိပ်ရာထဲတွင် လဲခဲ့လေပြီ။ ဗန်ဒူနာသည် မနက်ငါးနာရီထိုးသည် အိမ်မှ ထွက်ကာ ညဆယ်နာရီထိုးမှ အိမ်ပြန်ရောက်တော့သည်။ သူ့ ပ်သို့ ဘတ်စ်ကားစီးရသည်ကပင် နှစ်နာရီကျော်ကြာသည်။ သုံးမိုင်ကျော် ာက်လည်း ခြေကျင်လျှောက်ရသေးသည်။ တစ်ခါတလေ လျှပ်စစ်ဓာတ်အား တ်သည်နှင့် ကြုံလျှင် ဗန်ဒူနာသည် အိမ်သို့ပြန်၍ မရတော့ဘဲ စက်ဆောမှာပင် ်ရသည်။ လျှပ်စစ်ပြန်လာလျှင် တစ်နေ့အတွက် အလုပ်ချိန်ပြည့်အောင် ်ပေးရန်လည်း စောင့်နေရခြင်းဖြစ်၏။

ကာလကတ္တားတွင် ရာထောင်ပေါင်းများစွာသော အလုပ်သမားများသည် ်စစ်ဓာတ်အား ပြတ်သည့်အခါမျိုးတွင် နေ့တွက်လုပ်ခအပြည့်ရရန်အတွက် ို့ပင် စက်နားတွင် စောင့်အိပ်ပြီး လျှပ်စစ်ဓာတ်အား လာသည်နှင့် ထ၍ ပ်လုပ်ကြရသည်။ ဗန်ဒူနာသည် တစ်နေ့လျှင် လုပ်ခ လေးကျပ်ရ၏။ လေးကျပ်သော အသပြာသည် သူတို့နေထိုင်သည့် "အခေါင်း" ကလေး တွက် တစ်နေ့တာ အခနှင့် အမေနှင့် မောင်လေးများအတွက် ထမင်းတစ်ပန်း န် သို့မဟုတ် ချပါတီ နှစ်ချပ်ကို တစ်ခါစားနိုင်သည်။ တနင်္ဂနွေနေ့များနှင့် တော်နေ့များတွင် ဗန်ဒူနာသည် အနားမနေ။ သူနှင့် အရွယ်တူများလိုလည်း မ်းသဘင်တွေကို လျှောက်သွားခြင်းမရှိ။ သူတို့ ရပ်ကွက်ကလေးထဲသို့ ောက်သွားပြီး ဆင်းရဲဒုက္ခရောက်သူများကို ကူညီသည်။

သို့ဖြင့် ကိုဗာစကီး၏ တဲကလေးသို့ တစ်ညနေတွင် ဗန်ဒူနာရောက်လာ ြင်းဖြစ်၏။ ဗန်ဒူနာသည် လူနာများကို ဆေးရုံကြီးသို့ လိုက်ပို့တတ်သည်။ တ်တော်ယာဉ် မျိုးစုံတို့ ဥဒဟိုသွားလာနေသော ကာလကတ္တားမြို့ကြီးထဲတွင် ည်းကောင်း၊ လူနာတွေ ပြည့်ကျပ်နေသော ကာလကတ္တားဆေးရုံကြီး စင်္ကြံ တွင်လည်းကောင်း၊ ထိုလူနာများကို ရောက်အောင်ခေါ်သွားရသည့် ကိစ္စသည် ယ်ကူသောကိစ္စ မဟုတ်ပါ။

ကာလကတ္တားဆေးရုံကြီးဆိုသည်မှာ အလွန် ဟိတ်ဟန်ကြီးသော ရာဖြစ်ရာ အဆက်အသွယ်မရှိသော ဆင်းရဲသားတစ်ယောက်အဖို့ ဆရာဝန် ် ဆေးစစ်ခန်းထဲသို့ ရောက်ဖို့အရေးမှာ အလွန်ရှည်လျားသည့် ခရီး ပါသည်။ ဆရာဝန်၏ ရှေ့သို့ ရောက်သည့်တိုင်လည်း သူဘယ်လိုခံစား နေသည်ကို ဆရာဝန် နားလည်အောင် မပြောတတ်ပါ။ ဆရာဝန်ပြောသည်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း သူနားမလည်ပါ။ အများအားဖြင့် သူတို့သည် ကာလကတ္တ
ကျောထောက်နောက်ခံနယ် အင်္ဂတ်ဘေးမှ ထွက်ပြေးလာကြသူများဖြစ်သ
အလျောက် ဘာသာစကားမျိုးစုံဖြစ်ပါသည်။ ဆရာဝန်ပြောသည့် ဘင်္ဂလီစကား
ကို သူနားမလည်ပါ။ ကာလကတ္တားသို့ ရောက်လာသည့် ဒုက္ခသည်များ
တွင် လူမျိုးစုံဖြစ်သဖြင့် ဘာသာစကားမှာလည်း သုံးလေးဆယ်ခန့်ရှိပါသည်။

ဇန်ဒူနာသည် သူခေါ်လာသည့် လူနာများကို ဆေးရုံထဲသို့ ဝင်ခွင့်ပြု
အတင်းတောင်းဆိုသည်။ တောင်းဆို၍မရလျှင် တံခါးကိုဖွင့်၍ အတင်း
သည်။ ထိုအခါမျိုးတွင် ဇန်ဒူနာသည် တိရစ္ဆာန်ရိုင်းကလေးတစ်ကောင်
တူနေသည်။ ကြာလာသည့်အခါတွင်မူ ဇန်ဒူနာသည် သူတို့၏ အပြန်အလှ
ကူညီရေးအသင်းကလေးတွင် ခြေသည်းလက်သည်းဖြစ်လာခဲ့ပြီ။ သူ့ဦးနှော
သည် ဆင်းရဲသား ရပ်ကွက်ကလေးထဲတွင်ရှိသည့် ဆင်းရဲဒုက္ခအပေါင်းတို့
မှတ်တမ်းတင်ထားသည့် အညွှန်းကတ်ပြားတစ်ခုနှယ်ဖြစ်နေသည်။ သူ့အ
ကြောင့်လည်းကောင်း၊ သူ့ကြင်နာမှုကြောင့် လည်းကောင်း သူ့ကို "သုခမြို့
တော်၏ နတ်တမန်" ဟု အများက ခေါ်ကြသည်။

တစ်ညနေတွင်မူ ဇန်ဒူနာသည် ဆေးရုံတွင် လူနာတစ်ယောက်ပို့
ပြန်လာရာမှ ကိုဇာစကီး၏ တဲကလေးသို့ ဒုံးပျံတစ်စင်းကဲ့သို့ အရှိန်ပြင်း
ရောက်လာကာ ကိုယ်ဝန်သည်တစ်ယောက်တွင် သေလောက်သည့် ကိုယ်ဝ
ရောဂါ စွဲကပ်လျက်ရှိသည်ဟု ဆရာဝန်က ပြောလိုက်ကြောင်း၊ သူ့အတွ
ထိုးဆေးမှာ အိန္ဒိယပြည်တွင်မရှိဘဲ အင်္ဂလန်တွင်သာရှိသည်ဟု ပြောလို
ကြောင်းဖြင့် ကိုဇာစကီးကို ပြောသည်။

"ဆရာကြီးရယ်၊ အဲဒီဆေးကို မှာပေးပါလား၊ ဒီဆေးသာ မရဘူးဆို
တော့ ကလေးရော အမေရော နှစ်ယောက်စလုံး သေတော့မှာပဲ။ မှာပေး
နော် ဆရာကြီး"

နောက်တစ်နေ့၌ ကိုဇာစကီးသည် ဟောင်ရာဟံတားဘက်ရှိ ကြေးနန်း
သို့သွားကာ ဘီလပ်ရှိ သူတို့အသင်းတော်သို့ ကြေးနန်းရိုက်၍ ထိုဆေး
မှာသည်။ ကံအားလျော်စွာပင် ထိုဆေးသည် နောက်တစ်ပတ်ခန့်အကြာ
အကောက်ခွန်အရာရှိတို့ကြားမှ လွတ်ထွက်လာကာ သူတို့ထံသို့ ချော
မောမော ရောက်လာခဲ့၏။



ထို့နောက်မှစ၍ သူ့တစ်သက်တွင် မမေ့နိုင်သော ခရီးရှည်ကြီးသည်
စပြုလေပြီ။

## ၂၆

ထမ်းပေါ်မှာများ ဗိုင်းခနဲ လဲကျသောသွားမလား မသိဘူး" ဟု ဟာစရီပါးသည်
ကြောက်ကြောက်ဖြင့် တွေးနေသည်။ သူ့မိတ်ဆွေ ရမ်ကျန္ဒ၏ ရင်ဘတ်ကြီးသည်
တရက် ဖောင်းဖောင်းကြီးဖြစ်လာကာ လေကို ပင်ပန်းကြီးစွာ ရှူသွင်းလျက်
၏။ နံရိုးကြီးများသည် သူ့အရေပြားကို ဖောက်ထွက်လာတော့မည်ပုံ
နေသည်။ သူ့မျက်နှာသည် ဖြူရော်သွားကာ ပါးစပ်သည် ရေနစ်နေသူလို
လျက်ရှိ၏။ ထိုအထဲတွင် ရုတ်တရက် ချောင်းဆိုးလာပြန်သဖြင့် သူ့တစ်ကိုယ်
သည် တုန်ခါယိမ်းထိုးလျက်ရှိသည်။ ရင်ခေါင်းသံကြီးနှင့် ချောင်းဆိုးသံကြီး
လည်း ရေစုပ်စက်မှ ပစ္စတန်ကြီးတစ်လုံး မြည်သည့်နှယ်။ ရမ်ကျန္ဒသည်
ခပ်ထဲမှ တံတွေးကို ထွေးထုတ်လိုက်၏။ သို့ရာတွင် ကွမ်းယာဝါးထား
ဖြင့် သူထွေးထုတ်သည့် အရာသည် ကွမ်းသွေးလော၊ သွေးလောဆိုသည်ကိုမူ
သိနိုင်ပြီ။ ဟာစရီပါးသည် သူ့မိတ်ဆွေ ရမ်ကျန္ဒကို သူ့လန်ချားပေါ်သို့
င်သည်။ အိမ်ကို ပြန်ပို့မည်ဟု ပြောသည်။ ရမ်ကျန္ဒက ခေါင်းယမ်းပြ၏။

"ကိစ္စမရှိပါဘူးကွာ၊ အအေးမိလို့ ချောင်းဆိုးတာပါ၊ ခဏနေရင်
ပျောက်သွားမှာပါ"

ထိုနှစ်က ဘင်္ဂလားပြည် ဆောင်းသည် အလွန်အေးသည်။ ဟိမဝန္တာမှ
အအေးကြီးတိုက်သဖြင့် အပူရှိန်သည် ဆယ့်လေးဒီဂရီသို့ ရောက်သွားသည်။
အပူရှိန်သည် တစ်လလုံးလုံး နေပူလှန်းခံခဲ့ရသည့် ထိုပြည်နယ်သားများ
သော်မှ သွေးခဲလောက်သည့် အပူရှိန်ဖြစ်သည်။ "လူမြင်းများ" အဖို့ကား
သော အအေးသည် ကြောက်ဖွယ်လိလိဖြစ်သည်။ လန်ချားဆွဲပြီး ချွေးထွေ
တွေ တရွဲရွဲဖြင့် ဖြစ်နေရာမှ ငုတ်တုတ်ထိုင်၍ လူစောင့်ရသည့် အခါမျိုးတွင်
တို့၏ အာဟာရချို့တဲ့သည့် ခန္ဓာကိုယ်သည် ခံနိုင်စွမ်းမရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



"ကာလကတ္တား တောကြီးမျက်မည်းထဲမှာ ရမ်ကျန္တဟာ ကျွန်တော့်အစ်ကို ဆိုလည်း ဟုတ်တယ်။ အမေဆိုလည်း ဟုတ်တယ်။ ကျွန်တော့်ကို လန်ချားသမား ဖြစ်အောင် သူလုပ်ပေးခဲ့တာ။ လန်ချားကလေးတစ်စီး ဆွဲခွင့်ရအောင် သူရှာပေး ခဲ့တာ။ လန်ချားဂိတ်မှာ ဆံပင်အဖွေးသားနဲ့ သူ့ကို မြင်လိုက်တာနဲ့ ကျွန်တော် လည်း ကျွန်တော့်လန်ချားကလေးဆွဲလာပြီး သူ့အနားမှာ ထိုးရပ်တာပဲ။ ပန်းခြံလမ်းအဝိုင်းကြီးနားမှာ၊ ဝယ်စလေလမ်းမကြီးပေါ်က လန်ချားဂိတ်မှာ ဒါမှမဟုတ် အောက်မြို့ပတ်လမ်း ဈေးကြီးနားက လန်ချားဂိတ်မှာ သူနဲ့ ကျွန်တော်အတူ လန်ချားဂိတ်ထိုးရင်း စကားတွေ ပြောခဲ့လှပြီလေ။ မြို့ပတ်လေ က ဈေးကြီးကိုတော့ ကျွန်တော်တို့က "လေအေးစက်ဈေး" လို့ခေါ်တယ် အဲဒီဈေးကြီးထဲမှာ လေအေးစက်တွေ တပ်ထားတာကိုးဗျ။ အထဲကို ဝင်လိုက် တာနဲ့ တစ်ပြိုင်နက် ဟိမဝန္တာလေအေးတိုက်လာသလို တစ်ကိုယ်လုံးအေးသွား တာပဲ။ ရမ်ကျန္တက ဒီလန်ချားဆွဲလို့ ပိုက်ဆံကလေးနည်းနည်းပါးပါး စုမိရင် ရွာပြန်ပြီး ကုန်စုံဆိုင်ကလေးထောင်မယ်တဲ့။ ကုန်စုံဆိုင်ကလေးဖွင့်နိုင်ရင် တစ်နေ့ရာတည်းမှာ အေးအေးဆေးဆေးထိုင်ပြီး ရောင်းနိုင်ပြီပေါ့ကွာ၊ အမောဆို့ အောင် ပြေးလွှားနေစရာမလိုတော့ဘူးပေါ့တဲ့။ သူ့ဆိုင်မှာ ဆန်ရောင်းမယ် ပဲရောင်းမယ်၊ ကရဝေးတို့ဘာတို့စတဲ့ ဟင်းခတ် အမွှေးအကြိုင်တွေ ရောင်းမယ် ဟင်းသီးဟင်းရွက်တွေ ရောင်းမယ်။ စင်ပေါ်မှာ ဆပ်ပြာတောင့်တို့၊ အမွှေးတိုင် တို့၊ ဘီစကွတ်မုန့်တို့၊ သကြားလုံးတို့ တင်မယ်တဲ့။ ဆေးပတ်လည်မှာ ကုန်ပစ္စည်းမျိုးစုံ ခြံရံလို့ပေါ့လေ။ သျှီဝနတ်မင်းဟာ သူ့ကျောက်တုံးနတ်ကွန်း မှာ စံမြန်းသလို သူလည်း သူ့ဆိုင်ကလေးထဲမှာ ပစ္စည်းတွေ ပတ်လည်ဝိုင်းပြီး စိမ်နဲ့နေတော့မယ်တဲ့။ အေးအေးဆေးဆေး ဈေးရောင်းစားတော့မယ်" တဲ့

သို့ရာတွင် ထိုစိတ်ကူးကလေးကို အကောင်အထည်မဖော်မီတွင် ရမ်ကျန္တသည် သူ့တွင် တာဝန်တစ်ခုရှိထားသည်။ သူ့အဖေ၏ အသုဘတုန်းက မြေရှင်ထံမှ ငွေချေးခဲ့ရသဖြင့် ထိုကြွေးကို ပြန်ဆပ်ရဦးမည်။ ထိုသို့ မဆပ်နိုင်လျှင် အပေါင်အာမခံဖြင့်ထားသည့် သူတို့လယ်ကွက်ကလေး ဆုံးသွား တော့မည်။ မြေရှင်ထံသို့ ကြွေးဆပ်ရမည့်အချိန် နီးသည့်အခါတွင် ရမ်ကျန္တသည် ရွာနီးချုပ်စပ်မှ ငွေချေးစားသူတစ်ဦးထံမှသွား၍ ငွေချေးရပြန်သည်။ မြေရှင်၏ ကြွေးတို့ကို သတ်မှတ်သည့်ရက်တွင် မပေးနိုင်လျှင် မြေကွက်ကလေးဆုံးမည် မဟုတ်လော။ ရမ်ကျန္တသည် နောက်တစ်ယောက်ထံမှ ငွေလှည့်ချေးပြီး ကြွေးဟောင်းကို ဆပ်ရပြန်သည်။ သို့ဖြင့်အချိန် နီးလာတိုင်း ကြွေးသစ်ယူပြီး



အခြားသူ၏ ကြွေးဟောင်းကို ဆပ်၍ သွားနေခြင်းဖြင့် နောက်ဆုံးတွင် အနှီယ လယ်သမားသည် မြေကွက်ကလေး ဆုံးခဲ့ရခြင်းဖြစ်သည်။

မကြာမီဆိုလျှင် ဒုဂါးရ်ပွဲတော် ရောက်တော့မည်။ ရမ်ကျန္တ လန်ချားသမား ဖြစ်သည်မှာ ငါးနှစ်ပြည့်တော့မည်။ ရမ်ကျန္တသည် ကျန်းမာရေး မကောင်းသည့် အခိုင် လန်ချားမဆွဲဘဲ နေ၍မရသဖြင့် အလုပ်ကိုဆက်လုပ်ရသည်။ တစ်နေ့ နောက်တွင် ဟာစရီပါးသည် စာတိုက်ကြီးရှေ့လမ်းပေါ်တွင် ရမ်ကျန္တနှင့် သွား ဆုံ၏။ ယခင်ကတောင့်တင်းသန်မာခဲ့သည့် ရမ်ကျန္တသည် ယခုမူ အရိုပ်တစ်ခု သို့ ပါးပါးလှပ်လှပ်ကလေးဖြစ်နေလေပြီ။ စာတိုက်အနီးရှိ ငွေလွှဲစာရေး ထံလာပြီး ငွေကလေးတွေကို ထုတ်ရန် ပုံစံလာအဖြည့်ခိုင်းခြင်းဖြစ်သည်။ ရမ်ကျန္တက သူ့ဒိုတီကြားထဲတွင် ညှပ်လာသည့် ငွေစက္ကူအထပ် တစ်ထပ်ကို ဆွဲထုတ်ပြသည်။

"အလိုလေ၊ ခင်ဗျား ဘဏ်တိုက်က လုလာတာလား" ဟု ဟာစရီပါးက အလန့်တကြားမေးသည်။

"မဟုတ်ပါဘူးကွာ၊ စာတိုက်မှာ စုထားတဲ့ ငွေတွေကို ထုတ်လာတာပါ၊ ဒီလတော့ ဒီငွေတွေအားလုံးကို ပို့ရတော့မယ်ကွ၊ ဒီလထဲမှာ အကြွေးမဆပ်နိုင်ရင် အိုးမြေကလေး ဆုံးသွားတော့မှာ"

သည်လောက်များသည့် ငွေကို တစ်လတည်းနှင့် စုဖို့ဆိုသည်မှာ လွယ်။ တစ်နေ့ကို ချာပါတီနှစ်ချပ်နှင့် လက်ဖက်ရည်တစ်ခွက်၊ သို့မဟုတ် ရေနွေးကြမ်းတစ်ခွက်လောက် သောက်ပြီး လပေါင်းများစွာ အငတ်ခံစုမှသာ ရနိုင် မည်ဟု ထင်မှတ်ရသည်။ ဆလိမ့်မည်။

* * *

အိမ်နားက ကောင်လေးတစ်ယောက် ကျွန်တော်တို့ လန်ချားဂိတ်ကို ပြေးလာတာမြင်လိုက်တော့ ကျွန်တော်သိလိုက်ပါပြီ။ ဒီသတင်းဟာ ကျွန်တော် တို့ အနားတစ်ဝိုက်က လန်ချားဂိတ်တွေ အားလုံးမှာ ချက်ချင်းပျံ့သွားတယ်။ ဒါနေတော့ ကျွန်တော်တို့ လန်ချားသမား စုစုပေါင်းသုံးဆယ်လေးဆယ် လောက်ဟာ ရမ်ကျန္တနေတဲ့ တဲကလေးထဲကို ရောက်သွားကြတယ်။ အဲဒီတဲ ကလေးက စိတ္တရာဂျံဆေးရုံကြီးနောက်ဖေးမှာ။ ကာလကတ္တားမှာနေခဲ့တဲ့ ငါးနှစ်လုံးလုံး သူအိပ်ခဲ့တဲ့ သစ်သားစင်ကလေးပေါ်မှာ လဲလို့။ ငြိမ်သက်ငြိမ်းဖွေးနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေဟာ သူ့ခေါင်းပတ်လည်မှာ ဝဲကျနေကြတယ်။ မျက်လုံးတွေက တစ်ဝက်ပွင့်နေပြီး ပါးစပ်ကတော့ဟလို့။ ဒါပေမယ့် ဟနေတဲ့ သူ့ပါးစပ်ဟာ ကျွန်တော်တို့ မကြာခဏမြင်ဖူးနေတဲ့ အပြုံးကို ပြုံးပြနေသလိုပါပဲ။ ကျွန်တော် တို့ကို ရယ်စရာမောစရာပြောပြီးရင်၊ နောက်ပြောင်ပြီးရင် သူဒီလိုပဲ ပြုံးနေတတ် တယ်လေ၊ ခုလည်း သူဒီအတိုင်းပါပဲ၊ ကျွန်တော်တို့ကို နောက်ပြောင်ကျီစယ် ပြီး ပြုံးနေသလိုပဲ။ သူနဲ့အတူတူနေတဲ့ လက်သမားကြီးက ပြောတော့ ရမ်ကျူ ဟာ အိပ်ပျော်နေရင်း အသက်ထွက်သွားတာတဲ့။ ဟုတ်တဲ့မှာပဲ။ ဒါကြောင့် မျက်နှာဟာ တည်ငြိမ်နေတာပေါ့။ မနေ့ညတုန်းကတော့ သိပ်ပြီး ချောင်းဆိုး ဆိုးတယ်တဲ့။ သွေးတွေလည်း အန်တယ်တဲ့။ ပြီးတော့ အိပ်ပျော်သွားတယ်တဲ့။ ဟုတ်တပ်ပါတယ်။ အိပ်ပျော်သွားတာမှ ဘယ်တော့မှမနိုးတဲ့ အိပ်ခြင်းနှင့် အိပ်သွား ပြီလေ။

အသုဘကိစ္စကို ကျွန်တော်တို့ တစ်တွေကပဲ စီစဉ်ရတာပေါ့။ ကျွန်တော် တို့ ဘဝတူ လန်ချားသမားတွေစုပြီး သူ့ကိုခြေကျင်သယ်ရမလား၊ ဒါမှမဟုတ် အသုဘလှည်း ငှားမလားလို့ စဉ်းစားကြတယ်။ ကာလကတ္တားမှာ သုံးဘီးလ တွန်းလှည်းကလေးတွေရှိတယ်။ တစ်နာရီကို သုံးကျပ်ပေးရတယ်။ နာတာ သုသာန်က နည်းနည်းလှမ်းတော့ ကျွန်တော်တို့အားလုံးကပဲ လှည်းငှား ဆုံးဖြတ်ပြီး ကုန်ကျစရိတ်ကို ကျွန်တော်တို့အားလုံးဆီက ကောက်ခံဖို့ ဆုံး ဖြတ်ကြတယ်။ တချို့ကနှစ်ဆယ်၊ တချို့က ငါးကျပ် စသည်ဖြင့် ကိုယ်တတ်နိုင် သလောက် ထည့်ကြပါတယ်၊ ကျွန်တော်က သူ့ခါးကြားမှာ ပိုက်ဆံထားတတ် မှန်းသိလို့ ခါးကြားထဲကို နှိုက်ရှာတော့ ငွေအစိတ် ထွက်လာတယ်။ ရမ်ကျူ ဟာ ဒီနားတဝိုက်မှာ လူချစ်လူခင်များလေတော့ အိမ်နီးနားချင်းတွေကလည်း တတ်နိုင်သလောက် ကူကြပါတယ်။ ဘယ်သူက တိုက်မှန်းတော့ မသိဘူး လက်ဖက်ရည်ဆိုင်က လက်ဖက်ရည်တွေလာပို့တာတဲ့။ ကျွန်တော်တို့တစ်တွေ ကျွန်တော်တို့ မိတ်ဆွေကြီး ရမ်ကျူရဲ့အနားမှာ လက်ဖက်ရည်သောက်ကြ တယ်။ မိုးတိုးမတ်တတ်ပါပဲ။ ထိုင်စရာရယ်လို့မှ မရှိတာ။ သူ့နှုတ်ခမ်း ပြုံးနေလို့လား မသိဘူး။ ရမ်ကျူရဲ့ မျက်နှာပေါ်မှာ ထိတ်လန့်ကြောက်ရွံ့ အမူအရာမရှိဘူး။ ပူဆွေးကြောင့်ကြတဲ့ အမူအရာ မရှိဘူး။ သူရှိနေတုန်းက လူတွေကလည်း တဲကလေးထဲဝင်ပြီး ဝင်လာကြ၊ ထသွားလိုက်ကြ၊ စကားပြော လိုက်ကြနဲ့ စည်ကားနေတာပဲ၊ ကျွန်တော်လည်း လုပ်ဖော်ကိုင်ဖက် သုံးယောက်



နဲ့တော့ ဈေးထဲသွားပြီး အသုဘအတွက် ဝယ်စရာရှိတဲ့ ပစ္စည်းကလေးတွေကို ဝယ်တယ်၊ အလောင်းတင်ဖို့ လှည်းငှားတယ်၊ သုသာန်ကိုသွားပြီး လုပ်စရာရှိ တာကို လုပ်တယ်။ ပြီးတော့ အမွှေးတိုင်တချို့ရယ်၊ ဂီးထောပတ် တစ်အိုးရယ်၊ အလောင်းပတ်ဖို့ ဖျင်စ ငါးကိုက်ရယ်၊ ကြိုးရယ်၊ စံပယ်ပန်းကုံးနှစ်ကုံးရယ်၊ ဂင်္ဂါမြစ်ထဲက ရေကိုခပ်ပြီး သူ့ပါးစပ်ထဲနဲ့ သူ့ခေါင်းကို လောင်းပေးဖို့ ရေထည့်တဲ့ မြေအိုးတစ်လုံးရယ် ဝယ်လာခဲ့တယ်။

ကျွန်တော်တို့စိတ်ထဲမှာ ရမ်ကျူဟာ ကျွန်တော်တို့ သားချင်းဆွေမျိုးထဲ ကလိုပဲ အောက်မေ့နေမိတယ်။ ဒါကြောင့် အလောင်းကို ရေမိုးချိုး သန့်စင်တော့ လည်း ကျွန်တော်တို့ ကိုယ်တိုင်ပဲ လုပ်ကြတယ်။ မကြာပါဘူး။ ခဏလေးနဲ့ ပြီးပါတယ်။ သူ့ကို သန့်စင်ပြီးတော့ ဝယ်လာတဲ့ ဖျင်စနဲ့ သူ့အလောင်းကို ပတ်တယ်။ မျက်နှာနဲ့ ခြေဖျားကလေးကိုပဲ ဖော်ထားတယ်။ စိတ်မကောင်းလိုက် တာဗျာ။ သူ့အလောင်းကို မကြည့်တော့ ကိုယ်က ပေါ့ပေါ့ကလေးပါကလား။ လန်ချားသမားဆိုတာ ဒီလို ပိန်ပိန်လှပ်လှပ်၊ ပေါ့ပေါ့ပါးပါးတွေချည်းပါပဲ။ ဒါပေမယ့် သည်အထဲမှာ ရမ်ကျူကတော့ အပိန်ဆုံး၊ အပေါ့ဆုံးဖြစ်မယ် ထင်တယ်။ လွန်ခဲ့တဲ့ ဆောင်းတွင်းကစပြီး သူ့ကိုယ်အလေးချိန်ပေါင်လေးဆယ် လောက် ကျသွားလိမ့်မယ် ထင်တယ်။ နောက်ပိုင်းမှာ ခပ်ဝဝ ပါဆင်ဂျာဆိုလျှင် ဆိမ်မဆွဲနိုင်တော့ဘူးလေ။ သူများကို ပေးလိုက်ရတာချည်းပဲ မဟုတ်လား။ ဒီလေ ဆိတ်တစ်ကောင်သွားပြီး ဆင်အဆွဲခိုင်းလို့ ဘယ့်နှယ်လုပ်ရနိုင်ပါ့မလဲ။

နောက်တော့ အလောင်းတင်မယ့် လှည်းကလေးပေါ်ကို စံပယ်ပန်းကုံး တွေ ချိတ်တယ်။ ထောင့်လေးထောင့်မှာ အမွှေးတိုင်တွေ ထွန်းတယ်။ အလောင်းဘေးမှာ တန်းစီပြီး တစ်ယောက်ပြီးတစ်ယောက် နောက်ဆုံးနှုတ်ဆက် ကြတယ်။

အသုဘချခါနီးတော့ တဲထဲမှာ ကျန်တဲ့သူ့ပစ္စည်းကလေးတွေကို ကျွန်တော်စုပြီးသိမ်းတယ်။ များများစားစားမရှိပါဘူး။ ထမင်းဟင်းချက်တဲ့ အိုးခွက်ကလေးတွေရယ်၊ ဒိုတီတစ်ထည်ရယ်၊ ရှပ်အင်္ကျီတစ်ထည်ရယ်၊ ပွဲတော် ရက်တွေမှာ ဝတ်လေ့ရှိတဲ့ ဆောင်းဘီကလေးတစ်ထည်ရယ်၊ ထီးတစ်ချောင်း ရယ် ဒါပဲရှိတယ်။

ကျွန်တော်နဲ့ တခြားငါးယောက်က သူ့အလောင်းတင်တဲ့ လှည်းကလေး ကို တက်လိုက်လာခဲ့ကြတယ်။ တခြားလူတွေကတော့ ဘတ်စ်ကားစီးပြီး

www.burmeseclassic.com

www.burmeseclassic.com



မြစ်ဆိပ်မှာရှိတဲ့ မီးသင်္ဂြိုဟ်တဲ့ နေရာကို သွားနှင့်ကြပြီ။ ကျွန်တော်တို့ လှည်း ပေါ်မှာ နတ်ရုပ်မဟုတ်ဘဲ ကျွန်တော်တို့ မိတ်ဆွေရဲ့ အလောင်းတင်ထားတာ လွဲလျှင် ခုဂါးရုံပွဲတော် လှည့်လာသလိုပါပဲ။ မြို့ အရှေ့ဖျားကနေ အနောက်ဖျား သွားရတာဆိုတော့ တစ်နာရီကျော်ကျော်လောက် ကြာတယ်။ တစ်လမ်းလုံးလည်း ကျွန်တော်တို့တစ်တွေ ဓမ္မသီချင်းတွေကို ရွတ်လာခဲ့ကြတယ်။ ဓမ္မသီချင်းတွေ ကတော့ ဘဂဝါဂီတ ကျမ်းထဲက ဓမ္မသီချင်းတွေပါ။ ဟိန္ဒူတိုင်း ငယ်ငယ်ကလေး ကတည်းက သည်ဓမ္မသီချင်းတွေကို ရပြီးသား မဟုတ်လား။

မြစ်ဆိပ်နားက သင်္ဂြိုဟ်မယ့်နေရာကိုရောက်တော့ ကျွန်တော်တို့ ပြန်ဆုံ ကြတယ်။ တချို့ အလောင်းတွေလည်း သင်္ဂြိုဟ်စင်ပေါ်မှာ တင်ပြီး မီးရှို့နေ ကြပြီ။ တချို့ အလောင်းတွေကလည်း လှည်းတွေနဲ့ တန်းစီနေကြတုန်း ရှိသေးတယ်။ ကျွန်တော်က မီးသင်္ဂြိုဟ်တဲ့နေရာက တာဝန်ခံဆီသွားပြီး ပြော တယ်။ သူက အသုဘတွေကို မီးသင်္ဂြိုဟ်တဲ့နေရာမှာ ကျွမ်းကျင်နားလည်တဲ့ ဒွန်းစဏ္ဍားမျိုးထဲကလူ။ သူတို့ မိသားစုတွေလဲ သချိုင်းနားမှာပဲ နေကြတာပဲ သူက ထင်းဖိုးချည်းပဲ တစ်ရာနှစ်ဆယ်ပေးရမယ်လို့ တောင်းတယ်။ အလောင်း တစ်လောင်းကို သင်္ဂြိုဟ်ဖို့ထင်းကလဲ နည်းတာ မဟုတ်ဘူး။ ဒီလောက် ဈေးကြီးတော့ တချို့လဲ ဘယ်တတ်နိုင်ကြမလဲ။ အဲဒီလို အလောင်းကိုတော့ မီးသင်္ဂြိုဟ်မနေတော့ဘဲ မြစ်ထဲကို ဒီအတိုင်း မျှောလိုက်တာပေါ့။ တိုတိုပြောရရင် ကျွန်တော့် မိတ်ဆွေရဲ့ အလောင်းကို မီးခိုးဘဝရောက်သွားသည်အထိ ဆိုရင် ငွေတစ်ရာ့ငါးဆယ် ကုန်မယ်။ သူ့အလှည့်ရောက်တော့ ကျွန်တော်လဲ မြေအိုး ရေစပ်ကို ဆင်းသွားပြီး ရေခပ်လာခဲ့တယ်။ ပြီးတော့မှ ကျွန်တော်တို့တစ်တွေ သူ့ပါးစပ်ထဲကို တစ်ယောက်တစ်လှည့် ရေစက်ချပေးကြတယ်။ ဗြဟ္မဏ တစ်ယောက်က ကျွန်တော်တို့ ယူလာတဲ့ ဂီးထောပတ်အိုးထဲကနေပြီး သူ့နဖူး ဆီသုတ်ပေးပြီး မန္တန်တွေ ရွတ်ပေးတယ်။ ပြီးတော့ အလောင်းကို မီးသင်္ဂြိုဟ် စင်ပေါ်ကို တင်လိုက်တယ်။ ထင်းတွေ အလောင်းမြုပ်သွားအောင် ထပ်တင်လိုက် ပြီး ဗြဟ္မဏက အဲဒီအပေါ်မှာ ထောပတ်တွေကို ထပ်လောင်းတယ်။

"အလောင်းကို မီးသင်္ဂြိုဟ်ခါနီးတော့ ကျွန်တော့် ရင်ထဲမှာ တင်းကျပ် လာပြီး မျက်ရည်တွေ ဝဲလာတယ်။ ဘယ်လောက်ပဲ စိတ်ခိုင်တဲ့လူလို့ပြောပြော ကိုယ့်အစ်ကိုတစ်ယောက် ထင်းပုံကြီးတွေအောက်မှာ မီးသင်္ဂြိုဟ်ခံရတော့မယ် ဆိုတော့ မနေနိုင်ဘူးဗျာ။ စိတ်ထိခိုက်တာပဲ။ အလောင်းစင်ကို ငေးကြည့်ရင်



ကျွန်တော့် မျက်စိထဲမှာ ရုပ်ပုံလွှာတွေ တစ်ခုပြီးတစ်ခု ပေါ်လာတယ်။ ဘာရေးဘာစားလို့ခေါ်တဲ့ ဈေးကြီးနားက ဂိုဒေါင်နားမှာ ကျွန်တော်တို့ နှစ်ယောက် တွေ့ကြတာတွေ၊ ကျွန်တော်တို့နှစ်ယောက် ဒဏ်ရာရတဲ့ ကူလီကို ဆေးရုံလိုက် ပို့တာတွေ၊ ပန်းခြံအဝိုင်းကြီးနားက ခနီရည်ဆိုင်ကလေးနောက်ဖေးမှာ တနင်္ဂနွေ နေ့ဆိုရင် ကျွန်တော်တို့ တစ်တွေ ဖဲရိုက်ကြတာတွေ၊ ကျွန်တော့်ကို လန်ချားတစ်စီး ဝယ်ပြီး လန်ချားသူဌေးရဲ့ ကိုယ်စားလှယ်ဆီကို သူနဲ့ နှစ်ယောက်သွားပြောခဲ့ ကြတာတွေ၊ အားလုံး မျက်စိထဲမှာ ပေါ်လာကြတယ်။ ဟုတ်တယ်...လူမဆန် တဲ့ ကာလကတ္တား မြို့တော်ကြီးထဲမှာ ရမ်ကျွန်ရာဟာ ကျွန်တော့်အဖေပဲ။ ခု သူမရှိတော့ ကျွန်တော်ဟာ အဖမဲ့သား တစ်ယောက်လို ယောင်လည်လည်ဖြစ် ကျန်ရစ်ခဲ့တယ်။ လန်ချားသမား တစ်ယောက်က ကျွန်တော် စိတ်ထိခိုက်နေတာ ကို သတိထားမိလို့ထင်ပါရဲ့၊ ကျွန်တော့်အနားလာ ကျွန်တော့်ပခုံးကိုဖက်ပြီး ငိုပါနဲ့ဗျာ တစ်နေ့ကျတော့ လူတိုင်း သေကြရမှာပဲတဲ့။ အားပေးရှာတယ်။ သူပြောတဲ့ စကားဟာ ဖြေသာတဲ့စကားတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော် ချက်ချင်း ပြန်သတိရသွားတယ်။ ဒါနဲ့ရှေ့ မီးသင်္ဂြိုဟ်စင်နားကို ကျွန်တော်ကပ်လာခဲ့တယ်။

"ကာလကတ္တားမှာ သူ့ဆွေမျိုးရယ်လို့ မရှိတော့ အရင်းဆုံးဖြစ်တဲ့ ကျွန်တော်ကပဲ ထင်းပုံကိုစပြီး မီးရှို့ပါလို့ ဗြဟ္မဏကခိုင်းတယ်။ ကျွန်တော် လည်း ထုံးစံအတိုင်း အလောင်းကို ငါးပတ်ပတ်ပြီး ခေါင်းဘက်က စ,ပြီး မီးရှို့လိုက်တယ်။ မီးတောက်ကြီး ဟုန်းခနဲတက်လာပြီး မီးပွားတွေ လွင့်လာတယ်။ ဒီတော့ ကျွန်တော်တို့လဲ အနားမှာ မနေနိုင်တော့ဘဲ နောက်ကို ဆုတ်လာခဲ့ရတယ်။ ကိုယ်ခန္ဓာကို စလောင်တဲ့အချိန်လောက်ရောက်တော့ ကောင်းရာသုဂတိကို လားဖို့ ကျွန်တော်ဆုတောင်းတယ်။ နောင်ဘဝမှာ ကောင်းပြီး မြေရှင်ကြီးရင်လဲ ဖြစ်ပါစေ၊ လန်ချားသူဌေးကြီးရင်လဲဖြစ်ပါစေ လို့ ကျွန်တော် ဆုတောင်းမိတယ်။

"မီးသင်္ဂြိုဟ်တဲ့ ကိစ္စက တော်တော်ကြာတယ်၊ နောက်ဆုံး ပြာမှုန့်ကလေး တွေပဲ ကျန်တော့တဲ့အခါမှာ မီးသင်္ဂြိုဟ်စင်မှာရှိတဲ့လူက ပြာတွေကို ရေနဲ့လိုက် ဖျန်းတယ်။ ပြီးတော့ မြေအိုးတစ်လုံးထဲကို ပြာတွေထည့်တယ်။ ကျွန်တော်တို့ အားလုံး ရေစပ်ကို ဆင်းလာပြီး ပြာမှုန့်ကလေးတွေကို မြစ်ရေထဲကို ကြဲချ လိုက်ကြတယ်၊ အဆုံးအစမရှိတဲ့ ဘုံကြီးကို ရောက်ပါစေပေါ့။ ပြီးတော့မှ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အားလုံး သန့်စင်သွားအောင် မြစ်ဆိပ်မှာ ရေချိုးပြီး ပြန်လာ
ကြတယ်။

"အသုဘနဲ့ ပတ်သက်လို့ ကျွန်တော်တို့မှာ နောက်ဆုံးလုပ်
တစ်ခုပဲ ရှိတော့တယ်။ ဒါကတော့ အစဉ်အလာမို့လို့ လုပ်တဲ့သဘော
သင်္ချိုင်းဟာ စင်နားမှာ ဖွင့်တဲ့ အရက်ဆိုင်တွေရှိတယ်။ အဲဒီကိုလာပြီး ကျွန်
တို့ မူးအောင်သောက်ပစ်လိုက်ကြတယ်။ ပြီးတော့ ထမင်းရယ်၊ ပဲဟင်းရ
ပဲချက်တနီးရယ်၊ အချိုမုန့်တွေရယ် ဝအောင် စားပစ်လိုက်ကြတယ်။ ဆင်းရဲ
တစ်ယောက်ရဲ့ အသုဘမှာ သူဌေးတစ်ယောက်ရဲ့ စားသောက်ပွဲမျိုးဆိုပါတော

၂၇

အဆောက်အအုံကြီးက အိုမင်းဟောင်းနွမ်းနေလေပြီ။လှေကား တစ်လျော
သေးစော်က ဟောင်လျက်။ ဒိုတီဝတ်ထားသည့် အရိပ်များသည် ဟိုမှသည်
ကူးလူးသွားလာနေကြသည်။ ထိုနေရာကား အစဉ်အလာအရ ဗျူရိုတ
ကြီးစိုးသည်ဟု နာမည်ကြီးခဲ့သော ကာလကတ္တား အကောက်ခွန်ရုံးကြီးပေတည်

ကိုဗာစကီးသည် သူ့အား ဆေးပို့လိုက်သည့် ပြေစာလက်မှတ်ကလေး
ဖေ့ယမ်းပြကာ အကောက်ခွန်ရုံးကြီး၏ အောက်ခြေသို့ ဝင်လာခဲ့သည
သို့ရာတွင် အထဲသို့ ခြေတစ်လှမ်းလှမ်းလိုက်မိသည်နှင့် စောစောက စိတ်အ
ထက်သန်မှုတို့သည် သူ့ကိုစွန့်ခွာ ထွက်ပြေးကြလေပြီ။ ကိုဗာစကီးသ
ရုံးခန်းထဲတွင် မြင်လိုက်ရသည့် ရှုခင်းကြောင့် ရှေ့သို့ မတိုးနိုင်တော
တုံ့ခနဲ ရပ်လိုက်မိသည်။ သူ့ရှေ့တွင်မူ များပြားလှသော စားပွဲများ
မျှော်မဆုံးနိုင်။ စင်ကြီးတွေကလည်း အစီအရီ၊ ထိုစင်ကြီးများပေါ်တွ
စက္ကူညှပ်ထားသည့် ဖိုင်တွဲကြီးများက တောင်လိုပုံလျက်။ အချို့ ဝါကျင့်နေသေ
စာရွက်များက ကြိုးကြီးတွေဖြင့် အစည်းလိုက် တန်းစီလျက်။ စင်ကြီးများ
တောင်လိုပုံနေသော ထိုဖိုင်တွဲများ၊ ထိုစာရွက်ထပ် အစည်းကြီးများအောက်တွ
ညွှတ်ကျတော့မယောင်ထင်ရသည်။ အချို့စာရင်းစာအုပ် ထူထူကြီးများမှ



ည်း အထပ်လိုက် စုတ်ပြတ်ကာ ကြွက်ကိုက်သည့်နေရာကကိုက်ပြီး ခြစားသည့်
ရာက စားနေလေပြီ။ အချို့စာရင်းစာအုပ်ကြီးများမှာ လွန်ခဲ့သည့်ရာစုက
အုပ်ကြီးတွေများလားဟုပင် ထင်ရသည်။ ကွဲအက်နေသည့်သမံတလင်း
ပြင်ပေါ်တွင်လည်း စက္ကူစုတ်တွေ ပြန့်ကြဲလျက်။တိုးလိုးတန်းလန်းဖွင့်ထား
သော အံဆွဲများထဲတွင် ပုံစံစာရွက်များသည် ပြည့်သိပ်မို့မောက်နေကြသည်။
ပေါ်တွင်မူ လွန်ခဲ့သည့် နှစ်အတန်ကြာက ပြက္ခဒိန်ဟောင်းတစ်ခု ချိတ်ထား
ဖုန်တက်နေသော ပြက္ခဒိန်ပေါ်တွင် မိန်္ဓာနတ်ဝင်စားသည်ဆိုသော ကျွဲ
ယူးတစ်ယောက်ကို သတ်နေသည့် ဒုရ်္ဂါနတ်သမီး၏ ပုံတော်ကို ရေးဆွဲထား၏။

ထိုမှ ရှုပ်ပွေပြန့်ကျဲနေသော အခန်းကျယ်ကြီးထဲတွင် ဒိုတီဝတ်ထားသည့်
ဘူများသည် စားပွဲအသီးသီးတွင် ထိုင်နေကြသည်။ သူ့တို့ ခေါင်းပေါ်မှ
ဘာများလည်နေသဖြင့် စိုစွတ်ထိုင်းမှိုင်းသောလေသည် စားပွဲပေါ်ရှိ စာရွက်
ကို တဖျပ်ဖျပ် လှုပ်နေသည့်နှယ်။ အချို့က လိပ်ပြာလိုက်ဖမ်းသည့်နှယ်
ရွက်များကို တဖျပ်ဖျပ်လှုပ်နေကြပြီး အချို့ကလည်း ဟောင်းနွမ်းလှပြီဖြစ်
သော လက်နှိပ်စက်အိုကြီးများကို လက်ညှိုးတစ်ချောင်းဖြင့် တချောက်ချောက်
နေကြ၏။ စာတစ်လုံးရိုက်ပြီးတိုင်းလည်း မှန်မမှန်စစ်သည့်နှယ် လက်နှိပ်စက်
စာရွက်ကို လှမ်း၍ ကြည့်နေသည်။ အချို့ကလည်း ဘယ်လိုင်းနှင့်မျှ
ဆက်အသွယ်ရှိဟန် မတူတော့သော တယ်လီဖုန်းအိုများကိုင်၍ စကားပြောနေ
သည်။ သူတို့အားလုံးကို ကြည့်ရသည်မှာ ယား၍မျှ မကုတ်အားသည့်နှယ်။
တွင် တကယ်အလုပ်များနေကြခြင်း မဟုတ်ပါ။ အချို့က သတင်းစာဖတ်
ကြသည်။ အချို့က လက်ဖက်ရည်သောက်နေကြသည်။ အချို့က စားပွဲပေါ်
တင်ထားသည့် စာရွက်ပုံ အထပ်ကြီးများ ကြားထဲတွင် ခေါင်းထိုး၍
နေကြသည်။ သူတို့ကို ကြည့်ရသည်မှာ ကျူရိုးအိပ်ရာပေါ်တွင် လဲလျောင်း
သည့် ရှေးအိဂျစ်မံမီများနှင့် တူသည်။ အချို့ကလည်း ချက်ချင်း သမထပေါက်
တော့မည်နှယ် ကုလားထိုင်များပေါ်တွင် မတ်မတ်ကြီးတွေထိုင်ပြီး ယောဂ
နေကြသည်။

အခန်းအဝင်ရှိ စင်တစ်ခုပေါ်တွင်မူ ဟိန္ဒူဘာသာဝင်တို့ ကိုးကွယ်သည့်
နှပ်သုံးခုသည် ထူထပ်လှစွာသော ပင့်ကူမျှင်များကြားထဲတွင် စံပယ်ကာ
ားကျယ်ပြန့်လှသော ရုံးခန်းကြီးကို ကြည့်ရှုလျက်ရှိပြီး ဖုန်အလိမ်းလိမ်း
နေသည့် မဟာတ္တမဂန္ဒီ၏ ရုပ်ပုံသည် ဖရိုဖရဲပြန့်ကြဲနေသော ရုံးခန်းကို

www.burmeseclassic.com



တည်ကြည်သော ကုန္ဓြေသံပတ္တိဖြင့် ကြည့်နေသည့်နှယ်။ မျက်နှာချင်းဆိုင် နံရံတာစ်ခုပေါ်တွင်မူ ဝါကျင့်ဟောင်းနွမ်းနေသည့် ပိုစတာတစ်ရွက်ကပ်ထားလျက် ပိုစတာပေါ်တွင် စုပေါင်းအင်အားဖြင့်သာ ပန်းတိုင်သို့ ရောက်နိုင်ကြောင်း စသည့် စည်းလုံးမှု၏ ကောင်းခြင်းအဖြာဖြာတို့ကို ရေးထားသည်။

သူတို့ ရုံးခန်းကြီးထဲသို့ နိုင်ငံခြားသားတစ်ယောက် ဝင်လာသည့်အခါတွ မည်သူကမျှ စိတ်ဝင်စားဟန် မပြကြ။ ထိုစဉ် ကိုဗာစကီးသည် မိမိအနီး ဖိနပ်မပါဘဲ လက်ဖက်ရည်အိုးကို ကိုင်၍ ဖြတ်သွားသည့် လူသေးသေးညှ ညှက်ကို လှမ်းမေးလိုက်သည်။ ထိုသူက လက်ညှိုးတစ်ချောင်းတည်းဖြ လက်နှိပ်စက်အိုကြီးတစ်လုံးကို တချောက်ချောက်ရိုက်နေသည့် အရာရှိ မေးငေါ့၍ ပြလိုက်၏။ ကိုဗာစကီးသည် ကြမ်းပြင်ပေါ်တွင် ဖရိုဖရဲဖြစ်နေသ ဖိုင်တွဲများကြားမှ ခြေဖျားထောက်၍ ကျော်လာခဲ့ကာ ထိုလူထံသို့ လျှောက်တ ခဲ့ပြီး စာတိုက်မှရောက်လာသည့် ပြေစာ စာရွက်ကလေးကို လှမ်းပေးလိုက် မျက်မှန်တပ်ထားသည့် ဘာဘူသည် ပြေစာ စာရွက်ကို အကြာကြီး ကြည့် ပြီးနောက် သူ့ကို မော့ကြည့်လိုက်ကာ...

"ဆရာကြီးက လက်ဖက်ရည်ကို နို့နဲ့ သောက်သလား၊ နို့မပါဘဲသော သလား"

ကိုဗာစကီးသည် အံ့အားသင့်သွားကာ...

"နို့နဲ့သောက်ပါတယ်" ဟု ပြောလိုက်၏။

ထိုလူသည် စားပွဲပေါ်တွင် တင်ထားသည့် ခေါင်းလောင်းကို အကြိမ်မျ စွာ နှိပ်လိုက်၏။ ပိရမစ်လောက်မြင့်သည့် စာအုပ်တွေကြားထဲမှ အရိပ်တ ထွက်လာသည်။

ဘာဘူက လက်ဖက်ရည်တစ်ခွက်မှာလိုက်ပြီး စာရွက်များကို တဖျပ်ဖျ လှန်နေသည်။

ထို့နောက် နာရီကို ငုံ့ကြည့်လိုက်၏။

"ခု နေ့လယ်ရုံးဆင်းချိန်ရောက်တော့မယ် ဆရာကြီး၊ ဆရာကြီးဖိုင် ကို လိုက်ရှာနေရင် ဒီနေ့ညနေ မီတော့မှာ မဟုတ်တော့ဘူး၊ မနက်ဖြန်မနက် လာခဲ့ပါ"



"အရေးကြီးလို့ပါ ဘာဘူကြီးရာ၊ ဆေးတွေပို့လိုက်လို့ပါ၊ ဒီဆေးမရရင် လူမှာ သေသွားနိုင်ပါတယ်"

အရာရှိသည် သူ့ကို သနားသွားဟန်ပြလိုက်၏။ ထို့နောက် သူ့ပတ်ပတ် လည်တွင် ဝိုင်းရံနေသည့် စာရွက်ပုံကြီးကို လက်ညှိုးထိုးပြရင်း...

"ကောင်းပြီလေ၊ လက်ဖက်ရည်သောက်ပါဦး၊ ကျွန်တော်တို့ အတတ်နိုင်ဆုံး မြန်မြန်ရအောင် လုပ်ပေးပါမယ်"

ဘာဘူသည် ထိုသို့ ယဉ်ကျေးစွာ ပြောပြီးနောက် တစ်နေရာသို့ သွား၏။

နောက်တစ်နေ့မနက် ရုံးဖွင့်ချိန် ဆယ်နာရီတွင် ကိုဗာစကီးသည် အကောက်ခွန်ရုံးကြီးသို့ ရောက်လာပြန်၏။ သူ့ရှေ့တွင် လူသုံးဆယ်လောက် တန်းစီရပ်နေကြသည်။ သူ့အလှည့်သို့ရောက်ခါနီးတွင် မနေ့က တွေ့ခဲ့သည့် မျက်မှန်နှင့် အရာရှိသည် စားပွဲမှထသွားသည်ကို မြင်လိုက်ရသည်။ အချိန်မှာ နေ့လယ်ရုံးဆင်းချိန်သို့ ရောက်နေလေပြီ။ ကိုဗာစကီးသည် သူ့နောက်မှ ပြေးလိုက်သွား၏။ အရာရှိက မျက်နှာထားဖြင့် သူ့လက်မှနာရီကို ထိုးပြသည်။ ကိုဗာစကီးက တောင်းပန်သည်။ နေ့လယ်ရုံးဆင်းချိန်ဟု သူကပြော၏။ ကိုဗာစကီးက အောက်ကျို့သည်။ သို့ရာတွင် အချည်းနှီးသာတည်း။ သို့ဖြင့် ကိုဗာစကီးသည် သူ့နေရာတွင် ပြန်ရပ်ကာ ထိုအရာရှိ ပြန်အလာကို စောင့် နေရသည်။ သို့ရာတွင် ထိုအရာရှိသည် ထိုတစ်ညနေလုံး ရုံးသို့ ပေါ်မလာတော့။

နောက်နှစ်ရက်မှာ စနေ၊ တနင်္ဂနွေဖြစ်နေသဖြင့် ကိုဗာစကီးသည် တနင်္လာနေ့ထိအောင် စောင့်ရသည်။ တနင်္လာနေ့သို့ရောက်၍ ကွမ်းသွေးတို့ ဆကျဲ့လျက်ရှိသော လှေကားထစ်များပေါ်တွင် တန်းစီ၍ စောင့်နေစဉ် မျက်မှန်နှင့် အရာရှိကို တွေ့ရပြန်သည်။

"မင်္ဂလာပါ ဆရာကြီး၊ ဆရာကြီး လက်ဖက်ရည်ကို နို့နဲ့ ကြိုက်သလား၊ နို့မပါဘဲ ကြိုက်သလား"

ယခုတစ်ကြိမ်တွင်မူ ကိုဗာစကီးတွင် မျှော်လင့်ချက်အပြည့်ဖြစ်နေသည်။ အရာရှိသည် ခါးကြားထဲတွင် ယူလာသည့် ကွမ်းယာကို ပါးစောင်တွင် ငုံလိုက်၏။ အတန်ကြာ တောင်းပန်သည့်အခါတွင်မှ အရာရှိသည် သံသေတ္တာ အိုတစ်လုံးဆီသို့ ထသွားကာ လက်ကိုင်ကို လှည့်ဖွင့်သည်။ လက်ကိုင်က

www.burmeseclassic.com

www.burmeseclassic.com



တော်တော်နှင့်လှည့်၍မရ။ နောက်ဆုံး တံခါးပွင့်သွားသည့်အခါတွင် ဗီရိုထဲ၊ ဖိုင်တွေ၊ စာရွက်စာတမ်းတွေ၊ လယ်ဂျာစာအုပ်တွေ ဝုန်းခနဲ အန်ကျလာသည်။ ကံကောင်း၍ အရာရှိကြီး စက္ကူတွေ မပိခြင်းဖြစ်သည်။ လူကိုသာမထိလျှင် ကိုဇာစကီးသည် ရယ်မိပေလိမ့်မည်။ သို့ရာတွင် သူ့ကိစ္စကလည်း အရေးကြီး နေသဖြင့် ကိုဇာစကီး မရယ်နိုင်။ ကိုဇာစကီးသည် စက္ကူထပ်များ စာအုပ်များ ကြားထဲတွင် မြုပ်နေသော အရာရှိကြီးဆီသို့သွားကာ သူ့ကို တွဲထူပေးသည်။

ကိုဇာစကီးသည် ဗျူရိုကရေစီ စနစ်ထဲက ထိုသို့သော မသိမသာ ပညာပြမှုများကို တွေ့ဖူးသူမဟုတ်။ အရာရှိကိုသွား၍ ထူမအပေးတွင် အခြား ဘာဘူတစ်ယောက် ကုလားထိုင်ဘေးတွင် ချထားသည့် အုန်းသီးကြီးတစ်လုံး ဝင်တိုက်မိသဖြင့် လဲမလိုဖြစ်ခဲ့သေးသည်။ မနက်ခင်း ရေငတ်လျှင် အုန်းရည် သောက်ရန် အနားတွင်ချထားခြင်းဖြစ်သည်ဟူ၏။

ထိုသို့ သွား၍ ထူပေးလိုက်သည့်အတွက် သူကံကောင်းသည်ဟု ဆိုရမည်။ မျက်မှန်နှင့် အရာရှိသည် ဗီရိုထဲမှ လယ်ဂျာစာအုပ်များကို တစ် အုပ်ပြီး တစ်အုပ်ထုတ်၍ လှန်နေသည်။ ကိုဇာစကီးသည် သူ့ကို အတန်ကြာ စောင့်ကြည့်နေ၏။ ထို့နောက် လယ်ဂျာစာအုပ်ထဲက စာမျက်နှာများပေါ်တွင် လက်ထောက်ပြီး ရှာနေ၏။ ဘာဘူ၏ လက်ညှိုးသည် တစ်နေရာသို့ အရောက် တွင် ရပ်သွားသည်။ ဘာဘူသည် ကုန်း၍ ကြည့်လိုက်ပြီး သူ့မျက်လုံးများကို သူမယုံနိုင်အောင်ဖြစ်နေသည်။ ငုံ့၍ ကြည့်လိုက်သည့်အခါတွင် သူ့နာမည်ကို တွေ့လိုက်ရ၏။

နာမည်ကိုတော့ တွေ့ပြီ။

ဤတွင် ကိုဇာစကီးသည် စာရွက်ထပ်တွေ၊ ဖိုင်တွဲတွေ ပြည့်နှက်နေသည့် အခြား ဌာနတစ်ခုသို့ သွားရပြန်သည်။ စာရွက်တွေက နည်းသည့် စာရွက်တွေ မဟုတ်။ ပင်လယ်ကြီးတမျှ အောက်မေ့ရသည်။ ထိုဌာနမှ ဘာဘူသည် ပုလဲ ရှာသူတစ်ယောက်ကဲ့သို့ လက်ချောင်းကလေးများဖြင့် စာရွက်ထပ်များကို လှန်နေပြန်သည်။ ထို့နောက် အဝါရောင် ဖုံးထားသည့် ဖိုင်တွဲတစ်တွဲကို ကောက်ဆွဲယူလိုက်၏။ ထိုဖိုင်ပေါ်တွင် ဉာဏ်အမည်ကို ဒုတိယအကြိမ် တွေ့ရပြန်လေပြီ။ ခဏလောက်စောင့်လိုက်လျှင် သူ့လူနာအတွက် အသက်ကယ် ဆေးရည်ကို ရတော့မည်။ ထို့ကြောင့် ကိုဇာစကီးသည် သည်းခံ၍ စောင့်ခဲ့၏။ ထိုစဉ် ဘာဘူသည် ခါးကို ဆန့်လိုက်ကာ...



"နေ့လယ်စာစားချိန်ရောက်နေပြီ ဆရာကြီး၊ ပြန်တက်တော့မှ ရှာကြ ရအောင်လား"

နေ့လယ်ပိုင်း ရုံးပြန်တက်သည့် အခါတွင် ဘာဘူသည် မျက်နှာထားတင်း နေ၏။

"လယ်ဂျာထဲမှာတွေ့တဲ့ အချက်အလက်နဲ့ ဆရာကြီး ပြောတဲ့ပေါ်မှာ ရေးထားတဲ့ အချက်အလက်က ကွဲနေတယ်၊ ဒီတော့ တခြားလယ်ဂျာတွေထဲကို ရှာဦးမယ်"

ကိုဇာစကီးသည် စိတ်တိုလာလေပြီ။ "သူ့မျက်နှာက ရိုးရိုးသားသားပုံ ပေါ်နေလို့။ နို့မို့လျှင် ကျွန်တော်တစ်ခုခု လုပ်မိလိမ့်မယ်ထင်တယ်" ဟု ကိုဇာစကီးက နောင်တွင် ပြောပြသည်။

သို့ဖြင့် ခုနစ်ရက်မြောက်နေ့ ကုန်သွားသည်။ သူပြောသည့် လယ်ဂျာကိုမှ ရှာ၍မတွေ့သေး။ ရှစ်ရက်မြောက်နေ့တွင်မှ ဘာဘူက ငွေလေးဆယ်တောင်း သည်။ အရှာနိုင်းမည့် စာရေးနှစ်ယောက်ကို ပေးရန်ဟုဆို၏။ သို့ဖြင့် ရက်တစ်ပတ် ကုန်သွားပြန်သည်။ ဗျူရိုကရေစီသည် စေတနာကောင်းကို ငါးမျိုပစ်ခဲ့လေပြီ။ သို့ဖြင့် သီတင်းခြောက်ပတ်ကုန်လာခဲ့သည်။ တစ်ရက်တွင် သူ၏ အထုပ်ကိုလာရောက် ရွေးယူရန် အကြောင်းကြားစာတစ်စောင် တိုက်မှ ရောက်လာ၏။ ကံကောင်းထောက်မ၍ လူမမာ မသေခဲ့ခြင်းပင်တည်း။

သူရောက်သွားသည့်အခါတွင် ဘာဘူက မိတ်ဟောင်း ဆွေဟောင်းတစ် ယောက်ကို ဆီးကြိုသည့်နှယ် လှိုက်လှိုက်လှဲလှဲဆီးကြို၏။ ကိုဇာစကီးကို မြင်သဖြင့် တကယ် ဝမ်းသာသွားဟန်လည်းရှိသည်။ ဘာဘူက တံဆိပ်ခေါင်းဖိုး ဆိုကာ နောက်ထပ် ငွေသုံးဆယ် တောင်းသည်။ စားပွဲပေါ်က ကော်ဘူးကို ယူပြီး စုတ်တံကလေးဖြင့် ကော်ယူသည်။ ထို့နောက် တံဆိပ်ခေါင်းကပ်ရမည့် နေရာကို ကော်သုတ်သည်။ ထိုစဉ် ပြတင်းပေါက်မှ လေတစ်ချက်ဝှေ့လိုက် သဖြင့် တံဆိပ်ခေါင်းသုံးလုံးသည် စာရွက်ပုံတွေကြားတွင် ငုံလျှိုးသွားကြသည်။ ဤတွင် နောက်ထပ် တံဆိပ်ခေါင်းသုံးလုံးဖိုးဟု ဆိုကာ နောက်ထပ် ငွေသုံး ဆယ် ထပ်ပေးလိုက်ရပြန်သည်။ ထို့နောက် သူပေးဆောင်ရမည့် အကောက်ခွန် ငွေများ ရေးထားသည့် ပုံစံစာရွက်တစ်ရွက်တွင် လက်မှတ်ထိုးရသည်။ ပုံစံဖြည့်ရသည်။ ထိုသို့ ပုံစံဖြည့်ခြင်း၊ ပေးဆောင်ရမည့် အကောက်ခွန်ကို

www.burmeseclassic.com



တွက်ချက်နေခြင်းဖြင့် တစ်နေကုန်သွားပြန်သည်။ ပေးဆောင်ရမည့် အကော ခွန်မှာ သုံးရာငါးဆယ့်ခြောက်ကျပ် ကျသည်။ ဆေးပြေစာပေါ်တွင် ရေးထား ဆေး၏ တန်ဖိုးငွေထက် လေးဆနှင့်နှင်ရှိသည်။ သို့ရာတွင် လူတစ်ယော အသက်တစ်ချောင်းကို ငွေဖြင့် တန်ဖိုးမဖြတ်စကောင်း။

ကိုဗာစကီးက သက်ပြင်းတစ်ချက် ချလိုက်ရင်း...

"ဒါတောင် ကိစ္စက မပြတ်သေးဘူးခင်ဗျ။ အကောက်ခွန်ငွေကို အကော ခွန်အရာရှိက တိုက်ရိုက်လက်ခံလို့ မရဘူး။ ဒီငွေကို ဗဟိုဘဏ်ကိုသွား ရတယ်၊ ဗဟိုဘဏ်က ချက်လက်မှတ် တစ်စောင်ပေးလိုက်တယ်၊ ချလန်ကို ယူလာပြီးမှ နောက်တစ်နေ့မှာ အကောက်ခွန်ရုံးမှာ တစ်စား တစ်စားပွဲ တစ်နေကုန်သွားရသေးတယ်"

ကိုဗာစကီးသည် လွန်စွာ အဖိုးတန်လှသော ချလန်ကို ရင်ဝယ်ပိုက် အကောက်ခွန် ရုံးကြီးသို့ ပြန်လာခဲ့သည်။ ထိုအခါ၌ကား ကိုဗာစကီး အကောက်ခွန် ရုံးကြီးတွင် လူစိမ်းတစ်ယောက် မဟုတ်တော့ပြီ။ "မင်္ဂလာ ဆရာကြီး" ဟု သူ့ကို နှုတ်ဆက်ကြသည်။

သို့ရာတွင် သူ့ဘာဘူကား ကြီးစွာသော ဣန္ဒြေကို ဆောင်ထား ကိုဗာစကီးယူလာသည့် ချလန်စာရွက်ကို ယောင်၍မျှ လှည့်မကြည့် သူ့နောက်သို့လိုက်ခဲ့ရန် ခေါ်သွားသည်။ အောက်ထပ်နှစ်ထပ်ကို ဖြတ်ပြီး ကမ္ဘာတစ်ဝန်းလုံးမှ ရောက်နေသည့် အထုပ်များ၊ သေတ္တာကြီးများ အခန်းကြီးတစ်ခန်းထဲသို့ ရောက်သွားကြသည်။ ဘာဘူက ယူနီဖောင်းဝတ် သည့် အကောက်ခွန်အရာရှိတစ်ယောက်အား အထုပ်ကို သွားရှာ ပြောသည်။ အတော်ကြီးကြာမှ စီးကရက်ဘူး နှစ်ဘူးလောက်သာရှိ အထုပ်ကလေးတစ်ထုပ်ကို လက်ခံရရှိခဲ့သည်။

သူ့အဖို့သော် ထိုအထုပ်ကလေးသည် ဘဝနှင့် မျှော်လင့်ချက် အရောင်၊ ပဥ္စလက်တစ်ခု။

ကိုဗာစကီးက အထုပ်ကလေးကို လှမ်းယူသည်။ ယူနီဖောင်းဝ အရာရှိက...

"ဝမ်းနည်းပါတယ် ဆရာကြီး၊ ဆရာကြီးကို ယူခွင့်မပြုနိုင်ပါ



အရာရှိက အခန်းတစ်ခန်းကို ညွှန်ပြ၏။ အခန်းပေါက်တွင် "ပစ္စည်း ဖျက်ဆီးရေးဌာန" ဟု ဆိုင်းဘုတ် ရေးထားသည်။

"ဆရာကြီးအတွက် ပို့လိုက်တဲ့ ဆေးတွေဟာ လွန်ခဲ့တဲ့ သုံးရက်ကပဲ တမ်းကုန်သွားပါပြီ၊ ကျွန်တော်တို့မှာ ဖျက်ဆီးဖို့ တာဝန်ရှိပါတယ်၊ နိုင်ငံတကာ လိုက်နာရတဲ့ စည်းကမ်းပါ"

ယခုအချိန်အထိ စကားတစ်လုံးမျှ မပြောသေးဘဲ ဘေးတွင် ရပ်နေသည့် ဘူက ထိုအရာရှိ၏ အင်္ကျီကို လှမ်းဆွဲလိုက်ပြီးနောက်...

"ဆရာကြီးက သာသနာဘက်ကပါဗျာ၊ ဆင်းရဲသားတွေအတွက် ပ်လုပ်နေတဲ့ ပုဂ္ဂိုလ်ပါ၊ အိန္ဒိယအမျိုးသမီးတစ်ယောက်ရဲ့ အသက်ကို ဖို့အတွက် ဒီဆေးကို မှာတာပါ၊ ရက်ကုန်နေပေမယ့် ပေးလိုက်ပါ"

ယူနီဖောင်းဝတ်အရာရှိသည် ကိုဗာစကီး၏ ဖာရာတွေထပ်နေသော ကိုကြည့်နေသည်။

"ဘာ... ဆရာကြီးက ဆင်းရဲသားတွေအတွက် လုပ်နေတယ် လား"

ကိုဗာစကီးက ခေါင်းညိတ်ပြသည်။ အကောက်ခွန်အရာရှိက "ပယ်ဖျက်" ဆိုသည့် စာလုံးကလေးကို ပြန်ဖျက်နေသည်။

"ဘယ်သူ့ကိုမှတော့ မပြောလိုက်ပါနဲ့နော် ဆရာကြီး။ ဘုရားသခင် မပါစေဗျာ"

ဆေးရသည့်တိုင် ကိုဗာစကီး၏ လူမမာသည် အသက်မရှင်တော့။ များမကြာမီ ကွယ်လွန်သွားခဲ့သည်။ လူမမာမှာ အသက်နှစ်ဆယ့်ရှစ်နှစ် ရှိ မဆိုးမဖြစ်၏။ သူ့တွင် သားသမီးလေးယောက် ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၈

ဆင်းရဲသား ရပ်ကွက်ကလေးပေါ်တွင် မီးပန်းတွေ လွှတ်နေသည့်အတွ
ကောင်းကင်ပြင်တွင် အလျှံတောက်သော မြွေတွေ တွန့်လိမ်နေကြသကဲ့
ရှိသည်။ ဟိန္ဒူဘာသာဝင်တို့၏ ဒေဝါလီ မီးထွန်းပွဲတော်သည် ဆယ့်နှစ်လအန
အမှောင်ဆုံးညတွင် ထွန်းညှိသည့် ပွဲတော်ဖြစ်ပြီး ဆောင်းကြိုသည့် ပွဲတော်လည
ဖြစ်သည်။ ဒဏ္ဍာရီများနှင့် သင်္ကေတတို့ ကြီးစိုးရာ တိုင်းပြည်ဖြစ်သည့်
အိန္ဒိယပြည်၌ ဒေဝါလီ ပွဲတော်သည် အလင်းရောင်က အမှောင်ကို အောင်ပွဲခံ
ပွဲတော်ဟုလည်း ဆိုနိုင်သည်။ ဒသဂီရိဆောင်ယူရာ သီဟိုဠ်ကျွန်းသို့ပါသွ
သော သီတာကို ရာမမင်းသားက ပြန်လည်ခေါ်ဆောင်လာသည့် အထိမ်းအမှ
အဖြစ် ကျင်းပခြင်းဖြစ်သည်ဟုလည်း ဆိုကြသည်။ ဘင်္ဂလားတွင်မူ သေသူတို
ဝိညာဉ်များ ကောင်းရာသုဂတိသို့ သွားနိုင်ရန်အတွက် မီးထွန်းပေးခြင်းဖြစ်သ
ဟုလည်း ဆိုကြသည်။ ထို့ပြင် မှောင်မည်းနေသည့် အိမ်တစ်အိမ်ထဲ
မည်သည့်အခါမျှ ဝင်ရောက်လေ့မရှိသည့် လက်ချမ်းနတ်သမီးကို ပူဇော်သ
ပွဲဟုလည်း ဆိုကြသေးသည်။ လက်ချမ်း နတ်သမီးသည် အလှနှင့် စည်းစိ
ဥစ္စာကိုပေးသည့် နတ်သမီးဖြစ်ရာ ထိုသို့ မီးထွန်းပူဇော်ခြင်းဖြင့် ဥစ္စာတိုးသ
ဟုလည်း ယူဆကြသည်။

သုခမြို့တော်မှ လူဆင်းရဲရပ်ကွက်ကလေးတွင်လည်း ဟိန္ဒူဘာသာ
တို့သည် ဒေဝါလီ မီးထွန်းပွဲတော်ကို ဆင်နွှဲရန် အားကြိုးမာန်တက် ပြင်ဆ
နေကြ၏။ အချို့ကလည်း ထိုမီးထွန်းပွဲတော်သည် သျှိဝနတ်သားက သစ္စာမဲ့သ
ကြင်ယာနတ်သမီး ပါဝတီနှင့် အန်စာလောင်းကစားခြင်း ပြုရာတွင် အနိုင်
သဖြင့် ယင်းကို ပူဇော်သည့်အနေဖြင့် ကျင်းပသည်ဟု ဆိုကြသေး၏။ ထို့ကြော
ဒေဝါလီပွဲတော်သည် လောင်းကစားခြင်းကို ပူဇော်သည့် ပွဲဟုလည်း ဆိုနိုင်သည

ထိုနေ့ညတွင် ဟိန္ဒူဘာသာဝင်များသည် ဖဲကစားကြသည်။ သို့မဟုတ်
ကြွေအန်ကစားကြသည်။ ပိုက်ဆံရှိသူတို့က ပိုက်ဆံနှင့် ကစားကြသည်



ဆံမရှိသူတို့က ငှက်ပျောသီး၊ ဗာဒံစေ့၊ သကြားလုံး စသည်တို့ဖြင့်
စားကြသည်။ ကိုဗာစကီးလည်း ထိုညတွင် ကစားသည်။ မှဆလင်အမျိုးသား
နေသည့် လမ်းကြားလေးထဲမှာပင် မီးတွေ ထိန်ထိန်ဝေနေတော့သည်။

ဟိန္ဒူလက်ဖက်ရည်ဆိုင် ပိုင်ရှင်ကြီးက ကိုဗာစကီးကို ပိုကာ ကစားရန်
ခေါ်သည်။ ထိုနေ့ညက လက်ဖက်ရည်ဆိုင်တွင် ပိုကာကစားပြီး ပြန်လာသည့်
အခါတွင် ကိုဗာစကီးသည် ထိုသတင်းကို ကြားရခြင်းဖြစ်၏။ သတင်းမှာအခြား
မဟုတ်။ သူ့အိမ်နီးနားချင်းဖြစ်သည့် မာဘူ၏ ဇနီးသည် ကိုယ်ဝန် ခုနစ်လနှင့်
ဆယ်လီမတစ်ယောက် ပျောက်ဆုံးသွားသည်ဆိုသည့် သတင်းဖြစ်သည်။

လွန်ခဲ့သည့် သုံးရက်လောက်က ဆယ်လီမ ရေဘုံဘိုင်တွင် အဝတ်လျှော်နေ
သူ့ဆီသို့ အိမ်နီးနားချင်းတစ်ဦး ရောက်လာသည်။ ထိုအိမ်နီးနားချင်းမှာ
ဘီဘီဖြစ်သည်။ ဘီဘီမှာ ငယ်ငယ်က ကျောက်ပေါက်ခဲ့သဖြင့် မျက်နှာတစ်ခုလုံး
ကျောက်ပေါက်မာတွေ ပြည့်လျက်။ သူတို့ ရပ်ကွက်ကလေးထဲတွင် လူတိုင်း
တစ်ယောက်အကြောင်းကို တစ်ယောက်သိနေကြသည့်တိုင် ဘီဘီအကြောင်းကိုမူ
မည်သူမျှ သေသေချာချာမသိကြ။ သူ့ယောကျ်ားမှာ သာမန်စက်ရုံအလုပ်သမား
တစ်ယောက်ဖြစ်သည့်တိုင် ဘီဘီသည် သုံးနိုင်ဖြုန်းနိုင်သည်။ သူတို့လမ်းထဲတွင်
ဘီဘီတို့အိမ်သည် တစ်ခုတည်းသော တိုက်ဖြစ်သည်။ သူတို့တိုက် မျက်နှာကြက်
၌ အံ့သြဖွယ်ကောင်းသည့် ပစ္စည်းတစ်ခု ချိတ်ထားသည်။ ယင်းမှာ အခြား
မဟုတ်။ လျှပ်စစ်မီးပွင့်ဖြစ်သည်။ ထို့ပြင် အနီးနားတစ်ဝိုက်ရှိ အိမ်ခန်းများမှာ
လည်း ဘီဘီတို့ပိုင်သည့် အိမ်ခန်းများဖြစ်သည်ဟု ပြောကြသည်။ သို့ရာတွင်
အဘယ်ကြောင့် ထိုမျှ ပိုက်ဆံတွေ ပေါနေရသည်ကို မည်သူမျှ မသိနိုင်ပြီ။
အချို့ကမူ ဘီဘီသည် စုန်းတတ်သည်ဟု ဆိုကြသည်။ သူတို့ ရပ်ကွက်က
ဂိုဏ်းခေါင်းဆောင်သည် သူတို့အိမ်သို့ မကြာခဏလာတတ်သည်။
ဆေးခြောက်ရောင်းခြင်း၊ အရက်ပုန်းရောင်းခြင်း၊ ပြည့်တန်ဆာထောင်
ခြင်း စသည့်စသည့် ဒုစရိုက်လုပ်ငန်းတို့ကို လုပ်သည်ဟုလည်း နာမည်ကြီး
သည်။ ထိုမျှမကသေး မိန်းကလေးများကို ဝယ်၍ ဒေလီနှင့် ဘုံဘေသို့ပို့ကာ
ကုန်ကူးသည်ဟုလည်း နာမည်ကြီးသည်။ သို့ရာတွင် မည်သူမျှ အထောက်
အထား မရှိဘဲ မပြောရဲကြ။

"ဘုံပိုင် ကပြန်လာရင် ငါ့အိမ်ကို ခဏဝင်ခဲ့ဦးအေ။ ညည်းကို ပြောစရာရှိ
တယ်" ဟု ဘီဘီက မှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်လီမမှာ ထူးဆန်းသည့် သူ့စကားကြောင့် အံ့အားသင့်နေသ
သို့ရာတွင် အပြန်တွင် သူမှာသည့်အတိုင်း ဘီဘီအိမ်သို့ဝင်၏။ ဆယ်လီ
ယောကျ်ားမှာ အလုပ်မှပြုတ်သဖြင့် ဆယ်လီမသည် အရိုးပေါ် အရေတင်
ပိန်ချုံးနေလေပြီ။ ချောမောလှပသည့် သူ့မျက်နှာသည် ယခုအချိန်၌ မျက်
ယောက်ပက်နှင့် ဖြစ်နေလေပြီ။ နှာခေါင်းပေါ်တွင် တပ်ထားသည့် ကျေ
ကလေးမှာလည်း အပေါင်ဆိုင်သို့ ရောက်နေလေပြီ။ သူ့ဆာရီမှာ စုတ်
နေလေပြီ။ အဝေးကကြည့်လျှင် အဘွားအိုကြီးတစ်ယောက်နှင့် တူနေသ
ပြည့်ဖောင်းနေသည့် အရာဆို၍ သူ့ဝမ်းဗိုက်တစ်ခုသာလျှင်ရှိသည်။ ဆယ်
သည် ဂုဏ်ယူဝင့်ကြွားစွာဖြင့် သူ့ကိုယ်ဝန်ကိုဆောင်သည်။ သူပိုင်ပစ္စည်း
သည်တစ်ခုသာရှိတော့သည် မဟုတ်လော။ နောက်နှစ်လဆိုလျှင် သူ့ဗိုက်
တွင် လှုပ်ရှားနေသည့် ကလေးငယ်သည် မွေးဖွားလာပေတော့မည်။ ထိုက
သည် သူ၏ ငါးယောက်မြောက် ကလေးဖြစ်သည်။

ဘီဘီက လက်ဖက်ရည်တစ်ခွက် ဖျော်ထားကာ သူ့ကို အဆင်
စောင့်နေသည်။ သူရောက်လာသည့်အခါတွင် သစ်သားကွပ်ပျစ်ကလေးပေ
အထိုင်ခိုင်း၏။

"ဒီကလေးကို ညည်းမမွေးချင်ဘူးဆိုရင် ငါ့ကို ရောင်းပါ
ငါဝယ်မယ်လေ" ဟု ဘီဘီက ပြောသည်။

"ရှင်...၊ ကျွန်မကလေးကို ရောင်းမလား ဟုတ်လား"

"ခုရှိနေတဲ့ ကလေးတွေကို ပြောတာ မဟုတ်ပါဘူး။ ညည်းဗိုက်
ကလေးကို ပြောတာပါ။ ဈေးကောင်းကောင်းပေးပါ့မယ်၊ နှစ်ထောင်ပေးမယ်
ဘယ့်နှယ်လဲ"

သူတို့ ရပ်ကွက်ကလေးထဲက သူဌေးမဘီဘီသည် ကာလကတ္တား
နောက်ဆုံးပေါ်နေသည့် အရောင်းအဝယ်ကိစ္စကို ပြောနေခြင်းဖြစ်သ
ကာလကတ္တားတွင် သန္ဓေသားများကို ရောင်းဝယ်နေကြသည်။ ထိုလုပ်င
ကြီးကိုင်လုပ်ကိုင်နေကြသူများမှာ နိုင်ငံခြားသားများဖြစ်သည်။ နိုင်ငံခြာ
အဝယ်တော်များသည် ဂျင်နက်တစ်ခေါ် မျိုးစေ့ပညာရပ် သုတေသနအဖွ
ဓာတ်ခွဲခန်းများ၊ ဆေးသုတေသနဌာနများကို ပေးသွင်းရန်အတွက် တတိယ
များတွင် ထိုပစ္စည်းများကို လိုက်လံဝယ်ယူနေကြသည်။ ဝယ်သူမျာ
အများအားဖြင့် ဆွစ်ဇာလန် လူမျိုးများနှင့် အမေရိကန်လူမျိုးများဖြစ်ကြ



သူများက သန္ဓေသားများကို လိုက်လံဝယ်ယူကာ ဆေးသုတေသနဌာနများသို့
ဆေး၊ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုရှိ လူချမ်းသာများအတွက်
မှုပြန်အားတိုးဆေး ထုတ်လုပ်ရန်ဖြစ်စေ လိုက်လံဝယ်ယူနေကြသည်။
ပွားရေး လုပ်ငန်းသည် ကမ္ဘာတွင် ခေတ်စားလာနေသည်။ ဤတွင်
လကတ္တားမြို့ကြီးသည် ကုန်ကြမ်းဝယ်ယူရာဌာနကြီး တစ်ခုဖြစ်လာခဲ့သည်။

ကာလကတ္တားတွင် ထိုရှားပါးလှသော ကုန်ပစ္စည်းကို ဒိုင်ခံဝယ်ယူ
သူမှာ ဆေးဆိုင်ပိုင်ရှင်ဟောင်းတစ်ဦးဖြစ်သူ ဗိုဗရာဆိုသူဖြစ်သည်။ ဗိုဗရာ
ည် သားဖျက်ချသည့် ဆေးခန်းများမှ ထိုပစ္စည်းများကို မှန်မှန်ကြီးဝယ်၍
သည်။ ထိုပစ္စည်းများကို အယ်ရီဖလုတ် လေကြောင်းဖြင့် မော်စကိုမှ
ဆင့် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသို့ ပို့ပေးနေသည်။

ဝယ်သူတို့ အကြိုက်ဆုံးပစ္စည်းမှာ ရင့်မာနေသည့် သန္ဓေသားများဖြစ်
ည်။ သို့ရာတွင် ထိုသန္ဓေသားကို ဝယ်ရသည်မှာ အလွန်ခက်သည်။ ရှား
ည်း ရှားသည်။ နှစ်လသုံးလသားဆိုလျှင် ပေါက်ဈေး နှစ်ရာလောက်သာရှိပြီး
စ်လ ရှစ်လသားဆိုလျှင် ပေါက်ဈေး နှစ်ထောင်လောက်အထိ ရှိသည်။
းမတစ်ယောက်အဖို့ သန္ဓေသား ခြောက်လခုနစ်လလောက်ရောက်လာလျှင်
သန္ဓေသားကို ဖျက်ချရန် ဝန်လေးတတ်သည့်အတွက် ထိုသို့ ရှားပါး၍
ကောင်းနေခြင်းဖြစ်သည်။ မည်မျှ ဆင်းရဲသည့် အိမ်ထောင်ပင်ဖြစ်စေ
သမီးတစ်ယောက် ထွန်းကားမွေးဖွားလာသည်ကို ဝမ်းသာအားရ ရှိကြသည်
တ်လော။ သူတို့အဖို့ သားသမီးများသည် ရတနာများပင် မဟုတ်လော။

ဘီဘီက လူကြီးသူမ လေသံမျိုးဖြင့်...

"ဒါတော့ အဆိုးအကောင်းကို ညည်းဘာသာ စဉ်းစားပေါ့အေ။
ည်းမှာက ကလေးကလဲ လေးယောက်၊ ဒီအထဲမှာ ယောကျ်ားကလဲ အလုပ်
ဆိုတော့ ညည်းတို့မှာ နေ့တိုင်း ထမင်းမစားရဘူးလို့ ကြားရတော့ ငါလဲ
မကောင်းပါဘူး။ ဒီအထဲမှာ ကျွေးစရာ ပါးစပ်တစ်ပေါက်က တိုးလာဦးမယ်၊
တော့ ငွေနှစ်ထောင်လောက် ရလိုက်ရင် ညည်းတို့မှာ နေ့တိုင်း ထမင်းစား
တာပေါ့၊ မဟုတ်ဘူးလား"

သည်လောက်ကိုတော့ ဆယ်လီမလည်း ကောင်းကောင်းသိပါသည်။
သူ့အဖို့ ပါးစပ်ပေါက်တွေကို နေ့စဉ် ရှာကျွေးနေရသည်မှာ မည်မျှဆင်းရဲ
င်ပန်းလှပြီနည်း။

www.burmeseclassic.com

www.burmeseclassic.com



"ငွေနှစ်ထောင် ပိုက်လာပြီး ဗိုက်ထဲ ဟိုဒင်းပါမလာတော့ ကျွန် ယောက်ျားက ဘယ်လိုပြောမလဲရှင်"

ဆရာမကြီးက ပြုံးလိုက်လျက်...

"ဒါက အကြောင်းမဟုတ်ပါဘူး အေ၊ ငွေနှစ်ထောင်ကို လုံးခနဲ မ သွားချင်ရင် ညည်းကို လစဉ် နည်းနည်း၊ နည်းနည်းပေးသွားမှာပေါ့၊ ဒီအေ ညည်းယောက်ျားက ဘာထူးထူးထွေထွေ ထင်တော့မှာလဲ၊ ဒီလိုဆိုရင် ညည်း သားအမိ တစ်တွေလဲ နေ့တိုင်း ထမင်းနပ်မှန်အောင် စားနိုင်တာပေါ့၊ မဟုတ် ဘူးလား"

ဤတွင် သူတို့နှစ်ယောက် လူချင်းခွဲခဲ့ကြသည်။ ပြန်မည်အပြုတွင် ဘိဘိက လှမ်း၍...

"ဩော်...ညည်းကို ပြောဖို့ တစ်ခုမေ့နေတယ်၊ တကယ်လို့ ညည်း သဘောတူတယ်ဆိုရင် ညည်းအတွက် ဘာမှ စိုးရိမ်စရာ မလိုဘူး၊ ညည်း ကျကျနန ဆေးတိုက်မှာ ခွဲစိတ်ပေးမှာ၊ လိုလေသေးမရှိစေရဘူး၊ ပြီးတော့လည်း ထုတ်တာက ဘာမှ မကြာလိုက်ဘူးဟဲ့၊ မိနစ်ပိုင်းကလေးအတွင်းမှာတင် ပြီးသွားတာ၊ အသွားအပြန် အလွန်ဆုံးကြာရင် သုံးနာရီပေါ့အေ"

ထူးတော့ထူးဆန်းသည်။ ဆယ်လီမသည် ထိုကိစ္စကို တွေးစဉ်က သေမည့်ကိစ္စကို နည်းနည်းမျှ ထည့်၍ မစဉ်းစားမိ။ သူတို့လို ဆင်းရဲသား ရပ်ကွက်တွင် သေခြင်းသည်လည်း အဆန်းမဟုတ်တော့ပြီ။

ဆယ်လီမသည် ထိုနေ့တစ်ညလုံး၊ နောက်တစ်နေ့လုံးလုံး ထိုအကြောင်း ကိုပင် စဉ်းစားနေသည်။ တစ်ခါတစ်ရံတွင် ဗိုက်ထဲက ကလေးလှုပ်သည်။ ထိုလှုပ်ရှားမှုတို့သည် ငြင်းဆန်ကန့်ကွက်သော လှုပ်ရှားမှုဟု သူ့စိတ်ထဲတွင် ထင်နေမိသည်။ ထိုကိစ္စသည် လူသတ်မှုဖြစ်သည်။ ထိုကိစ္စကို ငွေလေးနှစ်ထော ဖြင့် မလုပ်နိုင်။ မလုပ်ရဲ။ သို့ရာတွင် ညတွင် အခြားသော အသံများကလည်း သူ့ကို ခြောက်လှန့်နေကြသေးသည်။ ထိုအသံများမှာ ဆာလောင်ငတ်မွတ်သဖြင့် တကျီကျီငိုကြွေးနေကြသော သူ့ကလေးငယ်များ၏ အသံဖြစ်သည်။ မနက်လင်း သည့်အခါတွင် ဆယ်လီမသည် ဆုံးဖြတ်ချက် ချလိုက်လေပြီ။

နောက်နှစ်ရက်အကြာတွင် အလုပ်စမည်ဟု အကြောင်းပြန်လိုက်သည်။ ထိုသတင်းကို ကြားသည့်အခါတွင် သန္ဓေသား ကုန်သည်ကြီး ဗိုဗရာသည်



သတ်ဆေးရည်တို့ကို ပြင်သည်။ ခုနစ်လသားဆိုသည်မှာ မွေးကင်းစကလေး နှစ်ယောက်နှင့် အရွယ်ချင်းအတူတူ။ ပုံသဏ္ဌာန်ချင်း အတူတူ။ ဗိုဗရာသည် သန္ဓေသားထည့်မည့် ဖန်ဘူးကလေးကို ခွဲစိတ်မည့် ဆေးခန်းသို့ ယူသွားသည်။ နေးထဲတွင် ဒေါ်လီပွဲနှင့်ဆုံနေသဖြင့် ဟိန္ဒူဆရာဝန်များက အလုပ်မဆင်းကြ။ ရာသည် ထိုကိစ္စကိုမဆိုင်းနိုင်။ ထို့ကြောင့် အခြားဆရာဝန်တစ်ယောက်ကို သည်။

ဆယ်လီမကို ခေါ်သွားသည့် ဆေးတိုက်မှာ ဆေးတိုက်ဟု အမည်တပ်ထား လည်း ဆေးပေးခန်းသာသာမျှသာ။ အခန်းထဲတွင် လိုက်ကာကလေးတစ်ခု ထားပြီး နှစ်ပိုင်းခွဲထားသည်။

ရှေ့ခန်းမှာ ဆရာဝန်က လက်ခံတွေ့ဆုံ၍ ဆေးကုသပေးသည့် နေရာ ပြီး နောက်ပိုင်းမှာ ခွဲစိတ်ခန်းဖြစ်သည်။ ခွဲစိတ်ကုသသည့် ပစ္စည်းများမှာ မရှိလျှင် မဖြစ်သည့် အခြေခံပစ္စည်းမျှလောက်သာရှိသည်။ ယင်းတို့မှာ စားပွဲတစ်လုံး၊ မီးချောင်းတစ်ချောင်း၊ အရက်ပြန်တစ်ပုလင်း၊ စင်ပေါ် တင်ထားသည့် မေ့ဆေးပုလင်းတစ်ပုလင်းတို့သာဖြစ်သည်။ ပိုးသတ်သည့် ယာမရှိ။ အောက်ဆီဂျင်ဘူးမရှိ။ သွေးသွင်းရန် သွေးပုလင်းမရှိ။ ခွဲစိတ်သည့် ပင်မရှိ။ သက်ဆိုင်ရာ ဆရာဝန်က သူ့ပစ္စည်းသေတ္တာနှင့် ဘူလာခြင်း သည်။

ဆေးခန်းသို့ ဝင်လာသည့်အခါတွင် နံရံနှင့် ကြမ်းပြင်တွင် စွဲနေသည့် နံ့ကြောင့် ဆယ်လီမ မူးနောက်နောက်ဖြစ်နေသည်။ ဆယ်လီမသည် ခုတည်းသော ပရိဘောဂဖြစ်သည့် ခွေးခြေကလေးပေါ်တွင် ထိုင်ချလိုက်၏။ ဉ်က အကြောက်ကြောက်အရွံ့ရွံ့ဖြင့် လာခဲ့ခြင်းဖြစ်သည့်တိုင် ဆေးခန်းထဲသို့ သွားသည့်အခါတွင် အကြောက်ပြေသွားကာ စိတ်အေးသလိုလိုဖြစ်သွား ။ "အို...ညနေကျရင် ငါ့ယောက်ျားနဲ့ ကလေးတွေ ထမင်းဝဝလင်လင် တော့မှာ" ဟု သူ့ကိုယ်သူအားပေးသည်။ သူ့အင်္ကျီရင်ဘတ်ကြားထဲတွင် က ပေးလိုက်သည့် စရန်ငွေ သုံးဆယ်ရှိသည်။ ထိုငွေဖြင့် ဆန်လေးပြည် တ် ဝယ်နိုင်သည်။

သူ့ကို ခွဲစိတ်ပေးဖို့ ခေါ်ထားသည့် ဆရာဝန်မှာ အသက်ငါးဆယ် ထိပ်ပြောင်ပြောင်၊ နားရွက်မွေးထူထူနှင့်ဖြစ်သည်။ ဆရာဝန်က ဆယ်လီမကို ပေါ်သို့ အလှဲခိုင်းပြီး သေချာစွာ စစ်ဆေးသည်။ သူ့နောက်တွင်မှ

www.burmeseclassic.com



သန္တေသားကုန်သည် ဗိုဗရာသည် ဂနာမငြိမ်နိုင်အောင် ဖြစ်နေလေပြီ။ ဆေး ဖလုတ် လေယာဉ်သည် နောက်လေးနာရီဆိုလျှင် ထွက်တော့မည်။ ခွဲစိတ်လျှင်ပင် ပစ္စည်းကို လေဆိပ်သို့သွားပို့မှ မီတော့မည်။ ဗိုဗရာသ နယူးယောက်ရှိ ပစ္စည်းဝယ်သူနှင့် စကားပြောပြီးပြီ။ သူ့အတွက် အသားတ အမြတ် ပေါင် ၇၅၀ ရမည်။

"ဆရာ ဘာစောင့်နေတာလဲ"

ဆရာဝန်က သူ့ပစ္စည်းသေတ္တာကို ဖွင့်၍ ပစ္စည်းများကို ထုတ်သည်။ အင်္ကျီရှည်ကို ဝတ်ပြီးနောက် လက်ဆေးရန် ဆပ်ပြာနှင့် ရေဇလုံတောင်းသည်။ ထို့နောက် ဂွမ်းဖတ်ကြီးတစ်ဖက်ကိုယူ၍ မေ့ဆေးဆွတ်လိုက်ပြီး ဆယ်လီမ၏ နှာဝနှင့် ပါးစပ်ဝသို့ တေ့ပေးလိုက်သည်။ ဆယ်လီမကို မေ့ဆေးပေးထား ဆရာဝန်သည် ဂနာမငြိမ်နိုင်အောင်ဖြစ်ကာ သူ့မုတ်ဆိတ်မွေးတွေကို ဆွဲလိမ် သည်။ ထို့နောက် ခွဲစိတ်ဓားကို ထုတ်လိုက်၏။

မိနစ်နှစ်ဆယ်ကြာသည့်အခါတွင်ကား ဆရာဝန်သည် သားအိမ် စီးကျလာသည့် သွေးများကို ဂွမ်းဖြင့် သုတ်ပေးကာ ပစ္စည်းကို ဗိုဗရာ ကိုင်ထ သည့် ဗန်းကလေးထဲသို့ ထည့်လိုက်သည်။ သန္တေသားက ယောကျ်ားကလေး

ချက်ကြိုးကိုဖြတ်ပြီးသည့်နောက်တွင် ပြဿနာပေါ်လေပြီ။ ဆယ်လီမ သားအိမ်ထဲမှ သွေးခဲနီနီကြီးတစ်ခု ကျလာပြီးနောက် သွေးမည်းမည်း ဆင်းလာသည်။ ထို့နောက် သွေးတွေ ဒလဟောထွက်လာသည်။ ခဏကလေး အတွင်းမှာ တစ်ခန်းလုံး နီရဲနေလေပြီ။ ကြမ်းပြင်တွင် သွေးတွေ အိုင်ထွန်း လေပြီ။ ဆရာဝန်သည် ဝမ်းဗိုက် အောက်ပိုင်းကို ပတ်တီးဖြင့် တင်းကျပ် စည်း၏။ သို့ရာတွင် သွေးတို့သည် ဒီရေတက်သကဲ့သို့ ဒလဟော ဆင်းနေသည် ဆရာဝန်သည် ပတ်တီးကိုဖြေ၍ ဝမ်းဗိုက်သွေးကြောမကြီးကို စစ်ကြည့်သည် သွေးကြောကို တွေ့သည်နှင့် လက်သီးဖြင့် အတင်းဖိကာ သွေးရပ်အော ကြိုးစားကြည့်သည်။ သွေးတိတ်ဆေးများများသုံးနိုင်မှ ပြီးမည့် ကိစ္စမျိုးဖြစ်သ တိုင် သူ့တွင် သွေးတိတ်ဆေးဆို၍ တစ်စက်မျှမပါ။ မည်မျှ ကြိုးစားသည့်တို အပေါ့သက်မျှသာ။ ဆရာဝန်သည် ဆယ်လီမ၏ လက်ကောက်ဝတ်မှ သွေး ကြောကို စမ်းကြည့်၏။ မျှင်းမျှင်းကလေးမျှသာ စမ်းရတော့သည်။ သို့တိုင်အော မှန်မှန်မဟုတ်။ ထိုစဉ် တံခါးဖွင့်သံကြားသဖြင့် သူလှည့်ကြည့်လိုက်သည် သန္တေသားကုန်သည်ကြီး ဗိုဗရာသည် သန္တေသားဖန်အိုးကြီးကိုကိုင်၍ ထွက်သွ



သည်ပြီ။ ပွဲစားမကြီး ဘီဘီသည်လည်း ဆယ်လီမ၏ ရင်ဘတ်ကြားမှ ရာသုံးဆယ်ကိုယူပြီး ထွက်သွားလေပြီ။ ဆရာဝန်သည် သေငယ်ဇောဖြင့်မြော နေသည့် ဆယ်လီမ၏ ကိုယ်ပေါ်သို့ ဆာရီကို လွှမ်းပေးလိုက်၏။ ထို့နောက် သွေးတွေ စွန်းပေနေသည့် သူ့ဝတ်ရုံအင်္ကျီကိုချွတ်၍ သေချာစွာ ခေါက်သည်။ ထို့နောက် သူ့ခွဲစိတ်ပစ္စည်းများကို အတက်ချိကင်းဗတ် အိတ်ထဲသို့ ထည့်သည်။ ထို့နောက် သူလည်း ထိုနေရာမှ ထွက်ခွာသွားသည်။

ဆယ်လီမသည် ဆေးခန်းမှ အလုပ်သမားတစ်ဦးနှင့်အတူ ကျန်ရစ်ခဲ့၏။ ဝီဝီ မြည်နေသော ပန်ကာသံများအကြားမှ အပြင်ဘက်မှ ပြောနေသော စကားသံများပေါ်လာသည်။ သူ့မျက်နှာပေါ်တွင် မေ့ဆေးတွေ စိုရွှဲနေသည့် ဂွမ်းဖတ်ကြီး ဖုံးလျက်။ အလုပ်သမားမှာ ခပ်ပုပုညက်ညက်၊ မျက်ခုံးမွေးထူထူ၊ ရုပ်ယောင်ကောက်ကောက်နှင့်ဖြစ်သည်။ သူ့အဖို့မူ စားပွဲပေါ်မှ သွေးမရှိတော့သော အလောင်းသည် ဒေဝါလီ ပွဲတော်တွင် ဖဲနိုင်ခဲ့သည်ထက် အကျိုးရှိနေသည်။ သူ့အတွက် အသုံးကျသည့် လိပ်စာတစ်ခုကို သူသိသည်။ ထိုနေရာမှာ အမည်မသိသူတို့၏ အလောင်းများကို ဖြတ်တောက်ဖျက်ဆီးကာ လူ့အရိုးကို နိုင်ငံခြားသို့ တင်ပို့သည့်နေရာဖြစ်သတည်း။

## ၂၆

ကာလကတ္တားမြို့တွင်ရှိသည့် လန်ချားအစီးငါးသောင်းတို့အနက် တစ်စီးစီးပေါ် တွင် ဗုံးအလုံးငါးသောင်းစီကြဲချလျှင်ပင် ထိုမျှလောက် အုတ်အော်သောင်းတင်း ဖြစ်မည် မထင်။ ကာလကတ္တားမြို့ရှိ လန်ချားပိုင်ရှင်များက လန်ချားအုံနာခ ဈေးမြှင့်မည်ဟု ကြေညာလိုက်လေပြီ။ နောက်တစ်နေ့ဆိုလျှင် အုံနာခကို မြှင့်လိုက်လေပြီ။

လန်ချား အုံနာခကို တိုးမြှင့်လိုက်ခြင်းသည် လန်ချားသမားများအပေါ် ကြမ်းကြုတ်ဆုံးသော ထိုးနှက်ချက်ကြီးတစ်ခုဖြစ်၏။ ၁၉၄၈ ခုနှစ်တုန်းက အုံနာခကို နေ့ငှားခနှင့် ညငှားခနှစ်မျိုးပေးရမည်ဟု လန်ချားပိုင်ရှင်များက

www.burmeseclassic.com

www.burmeseclassic.com

တောင်းဆိုခဲ့သဖြင့် အိန္ဒိယပြည် ရာဇဝင်တွင် ပထမဆုံးသော လန်ချားသ သပိတ်ကြီး ပေါ်ခဲ့ဖူးသည်။ ထိုသပိတ်ကြီးသည် ဆယ့်ရှစ်ရက်ကြာခဲ့သည် ထိုသပိတ်ကြီးတွင် လန်ချားသမားတို့က အနိုင်ရသွားခဲ့ကာ သပိတ်အပြီးတွ လန်ချားသမားများ သမဂ္ဂကို ဖွဲ့စည်းနိုင်ခဲ့ကြ၏။ ယခု ပြဿနာသည် ထိုသပိတ်ကြီးပေါ်ပေါက်ခဲ့သည့် နောက်တွင် ပထမဆုံး ပေါ်ပေါက်ခဲ့သ အပြင်းထန်ဆုံး ထိုးနှက်ချက်ဖြစ်၏။ သမဂ္ဂကို စတင် တည်ထောင်ခဲ့သူ ဖြူဖွေးထူထဲသော ဆံပင်များရှိသည့် ဘီဟာနယ်သား လယ်သမားဟောင်းတစ် ဖြစ်သူ ဂိုလန်ရာဆူးဆိုသူဖြစ်သည်။ ရာဆူးသည် ယခုအချိန်တွင် အသက်ငါးဆ လေးနှစ်ရှိလေပြီ။ လန်ချားသမားများ၏ ပျမ်းမျှသက်တမ်းသည် သုံးဆယ်အော ဖြစ်ရာ ရာဆူး၏ သက်တမ်းသည် လန်ချားသမားများထဲတွင် စံချိန်ထာ လောက်သည့် သက်တမ်းဖြစ်၏။ ရာဆူး လန်ချားဆွဲခဲ့သည်မှာ ရက်ပေါ တစ်သောင်းသုံးထောင်ကျော်ခဲ့လေပြီ။ လန်ချားလှည်းသန် နှစ်ချောင်းကြားတွ သူဝင်၍ ဆွဲခဲ့သည့် ခရီးအကွာအဝေးကို ဆန့်ထုတ်လိုက်လျှင် ကမ္ဘာမြေပြင် လ၏ အကွာအဝေး လေးခေါက်စာနှင့် ညီမျှနေလေပြီ။ မိုးရာသီ၊ ယာ တိုက်မှု၊ ဓော်ကားမှုတို့ကို ရာစုနှစ် သုံးပုံတစ်ပုံလောက် ခံခဲ့ရပြီးသည့်နောက် လန်ချားသမားတို့၏ အသံကို ကြားအောင်လုပ်ရန် တစ်ခုသော နည်းလမ်း လန်ချားသမားများ၏ သမဂ္ဂတစ်ခုကို တည်ထောင်ရန်ဖြစ်သည်ဆိုသ အချက်ကို ရာဆူးသဘောပေါက်လာခဲ့သည်။ သို့ရာတွင် လန်ချားသမား သည်မှာ စက်ရုံလုပ်သားကဲ့သို့ စုပေါင်း၍ လုပ်ကြသည် မဟုတ်။ တစ်ဦး တစ်ကွဲစီလုပ်ရခြင်းမျိုးဖြစ်သည့်ပြင် လန်ချားသမားတွင် မျှော်မှန်းချက် လည်း ကြီးကြီးမားမားမရှိသဖြင့် သူတို့ကို စည်းရုံးရသည်မှာ မလွယ်လှ

ရာဆူးသည် အရေးအဖတ် သင်၏။ ကြေညာစာတမ်းစသည်တို့ ဖတ်၏။ ထို့နောက် လူထုအစည်းအဝေးများ လှုံ့ဆော်ကျင်းပရာတွင် ကျွမ်းကျ သူတစ်ဦးဖြစ်သည့် ဘင်္ဂလားလွှတ်တော်အမတ်တစ်ဦးဖြစ်သည့် ကွန်မြူ တစ်ဦးဖြစ်သူ အဗ္ဗဒူရာမန်နှင့် အဆက်အသွယ်ရသွားသည်။ "ကာလကတ္တား ရှိတဲ့ လူမြင်းတွေကို တိရစ္ဆာန်တွေလို သဘောမထားဘဲ လူတွေလို သဘော စေချင်ရင် လန်ချားသမားတွေကို စုရုံးပြီး တိုက်ပွဲဝင်ရမယ်" ဟု ရာမန် သူ့ကို ပြောသည်။

သို့ဖြစ်၍ ကမ္ဘာတွင် ထူးခြားသည့် သမဂ္ဂတစ်ခုဖြစ်သော လန်ချားသမ



ား သမဂ္ဂပေါ်လာခဲ့ခြင်းဖြစ်သည်။ လူမြင်းများသည် ခေါင်းမော့ကာ သူတို့ ခွင့်အရေးများကို တောင်းဆိုရန် စည်းရုံးမိကြလေပြီ။ သူတို့ လန်ချားသမား ား သမဂ္ဂသည် အိန္ဒိယပြည်လုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်နှင့် က်မိကြသည်။ ထိုလန်ချားသမားများ သမဂ္ဂ၏ ခေါင်းဆောင်မှာ အဗ္ဗဒူရာမန် ၏။ အတွင်းရေးမှူးမှာ ထူထဲဖြူဖွေးသော ဆံပင်များရှိသည့် လန်ချားသမား ဟောင်းကြီး ရာဆူးဖြစ်သည်။ အိုမင်း ယိုင်နဲ့နေပြီဖြစ်သည့် အလုပ်သမားသမဂ္ဂ ဖွဲ့ချုပ်တည်ရာ အဆောက်အအုံရှိ စတုတ္ထထပ်မှ အခန်းနှစ်ခန်းကို သူတို့ န်ချားသမားများ သမဂ္ဂ ဌာနချုပ်ရုံးခန်းအဖြစ် ဖွင့်ထားသည်။ မနက် ၆ စီထိုးသည်နှင့် ရာဆူးသည် သူကိုယ်တိုင် လန်ချားလှည်းသန် နှစ်ချောင်း ားထဲသို့ မဝင်ခင်တွင် သူ့ရဲဘော်များ၏ နစ်နာချက်များကို ကြားနာသည်။ ပ်နှင့်ဖြစ်စေ၊ အုံနာနှင့်ဖြစ်စေ ရင်ဆိုင်ရန်အတွက် သူ့ရဲဘော်များအား အပ်သည့် ညွှန်ကြားချက်များ၊ အကြံဉာဏ်များကို ပေးတတ်သည်။

အစတွင် သူတို့ လန်ချားသမားများ အစည်းအဝေးမှာ လူသိပ်မရှိ။ ိုးကျဲတဲမျှသာ။ နောက်ပိုင်းတွင်မူ တစ်မြို့လုံးရှိ လန်ချားသမားများသည် တို့ အစည်းအဝေးများသို့ လာကြသည်။ ညနေတိုင်သည်နှင့် ရာဆူးသည် ချားလှည်းသန်ကြားမှထွက်ကာ လန်ချားသမားနှင့် လားလားမှ မအပ်စပ် ာ ပစ္စည်းကို ကောက်ကိုင်သည်။ ထိုပစ္စည်းမှာ ဘောပင်တစ်ချောင်းဖြစ်သည်။ ူးသည် ကာလကတ္တား မြူနီစီပယ် ရုံးကြီးရှိ ယာဉ်ရထားများနှင့် ယာဉ်များဌာနရှိ ဖုန်တက်နေသော လယ်ဂျာစာအုပ်ပုံကြီးများနောက်တွင် ကာ လန်ချားလိုင်စင်များ အသစ်လဲပေးရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ င့် ဆွေးနွေးသည်။ သူတို့ ဆွေးနွေးသော အခန်းကလေးထဲတွင် ပင့်ကူအိမ်တွေ လျက်။ ခေါင်းပေါ်မှ အားကုန်နေသည့် ပန်ကာကလေးက လေးကန်စွာ ပတ်နေသည်။ တစ်ဖက် နံရံပေါ်တွင်မူ ပန်းဝတ်ရုံကို ခြုံထားသည့် လေးဖက်နှင့် ကာလီနတ်သမီး၏ပုံတော်။ စာထဲတွင်မူ လန်ချားလိုင်စင်ခ ဆယ့်နှစ်ပြားသာဖြစ်၏။ ထိုနှုန်းသည် ၁၉၁၁ ခုနှစ် ကတည်းက မှတ်ခဲ့သည့်နှုန်းဖြစ်သည်။ လက်တွေ့၌မူ လန်ချားသမားသည် ထိုအဖိုးတန် မှတ်ကလေးကို ရဖို့အတွက် ပုလိပ်ကို ဘောက်ဆူးသုံးဆယ် ပေးရသည်ဟု ရှိသည်။ သူတို့ကို ကာကွယ်သူ ရာဆူးမပါသည့်အခါမျိုး တွင်ဆိုလျှင် ာက်သုံးဆပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်သူဆိုသည့် အသုံးအနှုန်းသည် မှန်ကန်သည့် အသုံးအနှုန်း ဖြစ်သည်။ သမဂ္ဂသက်တမ်း အနှစ်သုံးဆယ်အတွင်း၌ ရာဆူးသည် သူတို့အတွက် အတွက် မမောမပန်း တိုက်ခိုက်ခဲ့၏။ ကန့်ကွက်အစည်းအဝေးများ၊ စိတ် လှည့်လည်ပွဲများ၊ သပိတ်များကို အခါအားလျော်စွာ ခေါင်းဆောင်ခဲ့ သို့ဖြင့် ရာဆူးသည် ကာလကတ္တားရှိ လူမြင်းများအား သူတို့ကို သွေးစုပ်သူ နှင့် ပုလိပ်ကို ကန့်ကွက်ဆန့်ကျင်ရန် ခေါင်းဆောင်စည်းရုံးခဲ့သည်။ မြို့တော် ရှိ လမ်းများပေါ်တွင် ယာဉ်တွေကျပ်နေသည်ဟုဆိုသည့် အကြောင်းပြချက် လမ်းသစ်များပေါ်တွင် လန်ချားဆွဲခွင့်မပြုဟူသော မြူနီစီပယ်အာဏာပိုင်တို့၏ အမိန့်ကို ကန့်ကွက်ဆန့်ကျင်ခဲ့သည်။ ကာလကတ္တားမြို့ကြီး၏ မြို့ပြဆိုင်ရာ အကျပ်အတည်းကြီးသည် ပုလင်းဝလို ပြွတ်သိပ်ကျဉ်းမြောင်းနေသည့် လမ်းမများ ပေါ်တွင် ရာဖွေစားသောက်နေရသူများအတွက် အန္တရာယ်ကြီးတစ်ခုဖြစ်လာ သည်။ တိမ်းတတ်ရှောင်တတ်သည့် လန်ချားသမားပင်လျှင် ထိုပိုက်ကွန်ကြီး ထဲတွင် အစင်းသားမိနေတတ်သည်။ ပိုက်ကွန်ကြီးနှင့် တားမြစ်ပိတ်ထားသော နေရာများကို ကွေ့ပတ်ရှောင်ကွင်း၍ သွားကြရ၏။ သို့ဖြင့် ခပ်နီးနီးခရီး အဝေးကြီး ကွေ့ပတ်သွားနေကြရသည်။

ယခုတဖန် အုံနာခတွေကို မြှင့်လိုက်သည့်အခါတွင် သူတို့အဖို့ နောက်ထပ် ပြဿနာတစ်ခု တိုးလာပြန်လေပြီ။ သို့ဖြင့် တစ်လမ်းမှသည် တစ်လမ်း ရပ်ကွက်တစ်ခုမှသည် တစ်ခု၊ ဟူဂလီမြစ်ကမ်းတစ်လျှောက်မှသည် ချောင်ရပ် ရပ်ကွက်ရှိ မိုးထိတိုက်ကြီးများအထိ၊ ဟောင်ရာတံတားအနီးရှိ ဆင်းရဲသား ရပ်ကွက်များမှသည် သစ်တောလမ်းရှိ ဝင်းကြီး ခြံကြီးများအထိ၊ ကာလကတ္တား မြို့ကြီးတစ်မြို့လုံးသည် ထူးဆန်းသည့် ပြဇာတ်ကြီးတစ်ခုမှ တီးလုံးသံများနှင့် ပဲ့တင်ထပ်လျက်ရှိ၏။ ထိုတီးလုံးသံမှာ အခြားမဟုတ်။ ကန့်ကွက်ဆန္ဒပြသော လန်ချားသမားများက လန်ချားလှည်းသန်ကို ခေါက်နေသည့် ချူသံများ ဖြစ်သတည်း။

* * *

တချို့လူတွေမှာ သူတို့ကိုယ် သူတို့ ကာကွယ်ဖို့အတွက် ခါးမြှောင်တွေ ရှိတယ်။ သေနတ်တွေရှိတယ်။ တချို့များဆိုရင် ဒီထက် ကြောက်စရာကောင်းတဲ့ လက်နက်တွေတောင်ရှိတယ်။ ကျွန်တော်တို့မှာတော့ ကွမ်းသီးလုံးလောက်ရှိတဲ့ ကြေးနဲ့ လုပ်တဲ့ ချူကလေးပဲရှိတယ်။ ဒါပေမယ့် လန်ချားလှည်းသန်နဲ့ဖြစ်ဖြစ် လမ်းခတ်မီးတိုင်နဲ့ဖြစ်ဖြစ် ခေါက်လိုက်ရင် အသံမြည်လာတဲ့ ဒီချူကလေး ဟာ တခြားလက်နက်တွေထက် အားကောင်းတယ်။ အဲဒီချူသံဟာ ကျွန်တော် တို့ရဲ့ အသံပဲ။ ကာလကတ္တားမြို့ကြီးက လန်ချားသမား အားလုံးရဲ့ အသံပဲ။ အဲဒီနေ့မနက်က ကျွန်တော်တို့ တီးလိုက်တဲ့ခေါင်းလောင်းသံတွေ၊ ချူသံတွေ ဟာ ပဲ့တင်မြည်ဟည်းသွားတယ်။ လန်ချားသူဌေးတွေရဲ့ ကိုယ်စားလှယ်တွေဟာ ကျွန်တော်တို့ဆီကို အပြေးအလွှားရောက်လာကြပြီး လန်ချားအုံနာခ ဘာကြောင့် မြှင့်ရတယ်ဆိုတာကို လာရှင်းပြကြတယ်။ ခါတိုင်းဆိုရင်တော့ ဒီကိုယ်စားလှယ် တွေဟာ ကျွန်တော်တို့အပေါ်မှာ မာရေကျောရေ ဆက်ဆံပြီး သူတို့ပြောချင်တာ ကို ပြောသွားတာပဲ။ အေးလေ...ဟုတ်တာပေါ့။ ကျွန်တော်တို့လို လူတွေကို ဘယ်မှာ လေကုန်ခံပြီး စိတ်ရှည်လက်ရှည် ရှင်းပြနေပါ့မလဲ။ ဒါပေမယ့် အဲဒီနေ့ မနက်ကတော့ တစ်မြို့လုံး ခေါင်းလောင်းသံတွေ ဆူနေတော့ ကျွန်တော်တို့ တစ်တွေဟာ တိရစ္ဆာန်ရုံထဲက ဆိတ်ကလေးတွေလို သူတို့ ကျွေးသမျှကို မျိုချမယ့် သတ္တဝါတွေ မဟုတ်ဘူးဆိုတာ သဘောပေါက်သွားကြ နေတယ်။ သူတို့ တိုးတဲ့ အုံနာခကလည်း များလွန်းတာကိုး။ အဲဒီနေ့က ကျွန်တော့်လန်ချားသူဌေးရဲ့ ကိုယ်စားလှယ် မွတ်စတာဖာက ခေါင်းလောင်းသံ တွေကြားထဲက အော်ပြီး ကျွန်တော့်ကို ပြောနေတယ်။ ဒီခေတ်မှာ လန်ချား စပုတ်တိုင်တစ်ချောင်း ကျိုးသွားရင် ဘယ်လောက်ပေးရသလဲဆိုတာ မင်းလဲ သိသားနဲ့ပါလို့ ကျွန်တော့်ကို လှမ်းပြောနေတယ်။ တစ်ယောက်ကလည်း လန်ချားအမိုးစ, ကုကောကွာတဲ့။ နောက်တစ်ယောက်က ပုလိပ်ကို ပေးရတဲ့ ဘောက်ဆူးကိုလည်း ကြည့်ပါဦးကွာတဲ့။

"အမှန်ကတော့ ဒီလူတွေဟာ အမြဲတမ်းအပေါ်စီးနဲ့ ပြောလာတဲ့လူတွေ။ ဒါပေမယ့် ကျွန်တော်တို့ကလည်း သူတို့ပြောတဲ့ စကားတွေကို တစ်လုံးမှ နားမဝင်နိုင်ဘူး။ သူတို့ဘာသာသူတို့ စပုတ်တိုင်တစ်ချောင်းကို ဘယ်လောက်ပဲ ပေးရပေးရ၊ ပုလိပ်ကို ဘောက်ဆူးဘယ်လောက်ပဲ ပေးရပေးရ။ ကျွန်တော်တို့ အလုပ်မဟုတ်ဘူး။ လန်ချားလှည်းသန်နှစ်ချောင်းကြားထဲမှာ ခါးကျိုးမတတ် ကျွန်တော်တို့တစ်တွေ ဆွဲခဲ့ကြတာဟာ အုံနာတွေ ပြဿနာရှိရင်၊ အခက်အခဲ ရှိရင် ဝိုင်းဝိုင်းပေးဖို့ ဆွဲခဲ့ကြတာမဟုတ်ဘူး။ ကျွန်တော်တို့အဖို့ အရေးကြီးတာက တကန်ရင် လျှောက်လွှာ စာရေးဆီသွားပြီး မန်နီအော်ဒါနဲ့ တောကိုပြန်ပို့ရမယ့် ပိုက်ဆံထုပ်ကလေးတွေပဲ။ သူတို့ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာတင် ကျွန်တော်နဲ့ လန်ချားသူဌေးရဲ့ ကိုယ်စားလှယ်တို့ ဆွေးနွေးကြတယ်။ ဒါပေမယ့် အသံတွေ ဆူညံနေလို့ ကျွန်တော်တို့နှစ်ယောက် အော်လို့မကြား ဖြစ်နေကြတယ်။ ဒီတုန်းမှာ လန်ချားသမားသမဂ္ဂ အတွင်းရေးမှူး ရာဆူးရောက်လာတဲ့အတွက် အသံတွေ တိတ်သွားတယ်။ ရာဆူးဟာ အပြင်ပန်း ကြည့်လိုက်ရင်တော့ ပိန်ပိန်ပါးပါးကလေးရယ်။ အသိုက်ထဲက ပြုတ်ကျနေတဲ့ စာကလေးတစ်ကောင်လိုပဲ။ ဒါပေမယ့် တော်တော်သြဇာရှိတဲ့လူ။ သူက ကျွန်တော်နဲ့ လာဆွေးနွေးနေတဲ့ လန်ချားသူဌေးရဲ့ ကိုယ်စားလှယ်တွေဘက် လှည့်ပြီး အခနှုန်းကို မမြှင့်ဖို့ ခင်ဗျားတို့ သူဌေးတွေကို သွားပြောပါ။ အခနှုန်း မြှင့်လိုက်ရင်တော့ ကာလကတ္တားမြို့လမ်းမတွေပေါ်မှာ လန်ချားတစ်စီးမှ တွေ့ရတော့မှာ မဟုတ်ဘူးလို့ ပြောလိုက်တယ်။

"ရာဆူး က သူ့လက်ထဲမှာ ပါလာတဲ့ ဂျပ်သေတ္တာကလေးကို ဖွင့်ပြီး ကျွန်တော်တို့ကို ကြေညာချက်တွေ ဝေတယ်။ ကျွန်တော်တို့အားလုံး တစ်ယောက်မှ ရေးတတ်ဖတ်တတ်ကြတာ မဟုတ်ပေမယ့် ကြေညာချက်ထဲမှာ ဘာတွေပါသလဲဆိုတာ ကျွန်တော်တို့သိတယ်။ ဘာပါရမှာလဲ၊ သပိတ်မှောက်ဖို့ လှုံ့ဆော်တဲ့ စာတွေပါတာပေါ့။ လန်ချားသူဌေးရဲ့ ကိုယ်စားလှယ်တွေလည်း သတင်းပို့ဖို့ ပြန်သွားကြတယ်။ သူတို့မှာလည်း လန်ချားပိုင်ရှင်များ အသင်းရယ်လို့ ရှိသေးတာကိုး။

"ကျွန်တော်တို့ စုနေတဲ့ စုရပ်ကို ရပ်ကွက်အသီးသီးက လန်ချားသမားတွေ ရောက်လာကြတယ်။ ဟူဂလီမြစ်တစ်ဖက်မှာရှိတဲ့ ရပ်ကွက်တွေ ဘာရက်ပူရစတဲ့ ရပ်ကွက်တွေမှာရှိတဲ့ ဆားတွဲလန်ချားတွေလည်းပါတယ်။ ဆားတွဲလန်ချားကလည်း ကျွန်တော်တို့ ဘဝတူတွေပါပဲ။ သူတို့က ဆိုင်ကယ်နဲ့ နင်းရလို့ တစ်နေ့တစ်နေ့မှာ ကျွန်တော်တို့ထက်အောင် ခရီးရှည်သေးတယ်။

"ခဏနေတော့ ပန်းခြံလမ်း အဝိုင်းကြီးအနီးက ကွက်လပ်မှာ လန်ချားတွေ တင်းကြမ်းပြည့်သွားပြီ။ ဘတ်စ်ကားတို့၊ ယာဉ်တို့ သွားလာလို့မရဘဲ ဖြစ်သွားတယ်။ ပုလိပ်ကားတွေ ပေါက်လာပြီး ယာဉ်တွေ ပိတ်မနေအောင် လမ်းလာရှင်းတယ်။ ဒါပေမယ့် ဒီလောက်များတဲ့ လူအုပ်ကြီးကို ပုလိပ်ကလေးသုံးဆယ်လောက် လာပြီးရှင်းလို့ ဘယ်ရမလဲဗျာ။ ပုလိပ်က နံပါတ်တုတ်နဲ့ ဟိုရိုက်သည်ရိုက် လျှောက်လုပ်သေးတယ်။ မရတော့ သူတို့လဲ နောက်ဆုတ်သွားကြတယ်။ ကျွန်တော်တို့ သမဂ္ဂဝင်တစ်ယောက်က ဝါးလုံးရှည်နှစ်ချောင်းမှာ



ချိပ်လာတဲ့ အလံနီကို ဖြေလိုက်တယ်။ နဖူးစည်းအောက်မှာ ကျွန်တော်တို့ လန်ချားသမား သမဂ္ဂအမည်ရေးထားတယ်။ ဝါးလုံးတစ်လုံးစီကို လူတစ်ယောက်စီ ကိုင်ပြီး မြှောက်လိုက်တဲ့အခါမှာ စာတန်းနီကြီးဟာ ကျွန်တော်တို့အပေါ်မှာ တိမ်ဦးကြီးတစ်ခုလို မိုးနေတယ်။

"လန်ချားသူဌေးရဲ့ ကိုယ်စားလှယ်တွေ နောက်တစ်ခေါက် ကျွန်တော်တို့ဆီကို ပြန်လာတော့ သူတို့မျက်နှာကို ကြည့်ရတာ တော်တော်ကြီး စိတ်ပျက်လက်ပျက် ဖြစ်နေတဲ့ပုံပဲ။ သူတို့ အခနှုန်းတွေကလည်း သူတို့ တိုးမြှင့်တောင်းထားတဲ့ လန်ချားအခနှုန်းကို တစ်ပြားမှ မလျှော့နိုင်ဘူးလို့ တင်းခံနေတယ်။ ရာဆူး ခုံမြင့်ကလေးပေါ်မှာ မတ်တတ်ရပ်လိုက်ပြီး အသံချဲ့စက်ခွက်ကို ကိုင်လိုက်တယ်။ ဒီလောက် သေးကွေးတဲ့ ခန္ဓာကိုယ်ထဲက ဒီလောက် အောင်မြင်တဲ့ အသံဘယ်လိုလုပ်များ ထွက်လာသလဲ လို့ ကျွန်တော် စဉ်းစားမရဘူး။ ရဲဘော်တို့ ခင်တို့ရဲ့ လန်ချားပိုင်ရှင်များဟာ အမြတ်အစွန်းကိုရသည်ထက် ရအောင် လုပ်ချင်နေကြတယ်။ သူတို့ရဲ့ လောဘဟာ အဆုံးမရှိဘူး။ သူတို့ဟာ နေ့အခနှုန်းနဲ့ ညအခနှုန်းနှစ်မျိုးပေးရမယ်လို့ မနေ့က တောင်းခဲ့ကြတယ်။ ဒီနေ့ကျတော့ အခနှုန်းကို ငါးဆယ်ရာနှုန်း တိုးပေးရမယ်လို့ ပြောလာကြပြန်ပြီ။ မနက်ဖြန်ဆိုရင် ငါတို့အပေါ်မှာ ဘယ်လိုနင်းပြီး ဘာတွေကို တောင်းဦးမယ် ဆိုတာနိုင် မသိနိုင်ဘူးလို့ သူက ပြောတယ်။

ရာဆူးဟာ အတော်ကြာကြာ စကားပြောနေတယ်။ သူ့မျက်နှာဟာ အသံချဲ့စက်နောက်မှာ ပျောက်နေတယ်။ ဒီလို အခနှုန်းတွေ မြှင့်လိုက်ရင် ကျွန်တော်တို့ ကလေးတွေ ငတ်ပြတ်သေဖို့သာ ရှိတဲ့အကြောင်း၊ ကျွန်တော်တို့ဟာ ရွာကို စွန့်လွှတ်ခဲ့ကြရတဲ့အကြောင်း၊ ကာလကတ္တားတောကြီးမျက်မည်းထဲမှာ မသေရုံသာ စားနေကြရတဲ့အကြောင်း၊ ဒီအတိုင်းသာ ငုံ့ခံနေကြလျှင် ကျွန်တော်တို့မှာ သေဖို့မှအပ တခြားလမ်းမရှိတဲ့အကြောင်း၊ လန်ချားပိုင်ရှင်တွေရဲ့ ခြိမ်းခြောက်မှုကို တွန်းလှန်ဖို့လိုတဲ့အကြောင်း၊ သူတို့ နောက်ဆုတ်သွားအောင် လုပ်နိုင်တဲ့ အင်အား ကျွန်တော်တို့မှာ ရှိတဲ့အကြောင်း၊ ဒါ့ကြောင့်မို့ အဆုံးအသတ်မရှိ လန်ချားသပိတ်မှောက်ဖို့ ဆန္ဒပေးစေလိုတဲ့အကြောင်း ပြောသွားတယ်။

"ကျွန်တော်တို့ကလည်း "အရေးတော်ပုံ အောင်ရမည်၊ လန်ချားသမားအရေး တို့အရေး" လို့ အော်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့တစ်တွေ ကြွေးကြော်သံတွေကို စိတ်အားထက်သ
အော်ကြတယ်။ ကျွန်တော်တို့ မိတ်ဆွေ ရမ်ကျန္ဒကို သတိရလိုက်တာ
ကျွန်တော်တို့ ထမင်းအိုးကလေး မကွဲအောင် ကျွန်တော်တို့ ဘဝတွေတွေ
သွေးစည်းတာကို မြင်ရင် သူဘယ်လောက် ဝမ်းသာရှာမလဲ မသိဘူး။ ရမ်
ဟာ မကြာခဏဆိုသလို သူ့အခွင့်အရေးကို တစ်ယောက်တည်း တိုက်ခိုက်ရ
မဟုတ်လား။ ကျွန်တော်တို့ဟာ မိုးသက်မကျခင် ရောက်လာတဲ့ မုန်တိုင်းကြီး
မျှောသလို ကျွန်တော်တို့ အားမာန်နဲ့ ကျွန်တော်တို့ တက်ကြွနေကြတ
တော်လှန်ရေး အောင်မြင်ရမယ်လို့လည်း အော်ကြတယ်။ အော်လို
အော်ရတယ်။ ဘာမှန်းတော့ ကျွန်တော်တို့လည်း မသိဘူး။ ကျွန်
လိုချင်တာကတော့ လစဉ် မန်နီအော်ဒါနဲ့ ငွေကလေး မြိုးမြိုးမြက်မြက် ပို့
ဖို့နဲ့ မကြာခဏ ကျွန်တော့် မိတ်ဆွေတွေနဲ့ ခနိရည်ကလေး သောက်နိုင်ဖို့

"ရာဆူးက သပိတ်မှောက်ချင်တဲ့လူ လက်မြှောက်ပြီး ဆန္ဒပေးပါ
ပြောတယ်။ ကျွန်တော်တို့အားလုံး ဘာမှ မပြောဘဲ တစ်ယောက်ကို တစ်ယော
လှမ်းကြည့်နေကြတယ်။ တစ်နေ့စာ အငတ်ခံပြီး ဘယ်သူစပြီး ဆန္ဒပေးမလဲဆို
သဘောနဲ့ တစ်ယောက်ကို တစ်ယောက် အကဲခတ်နေကြတယ်။ ကျွန်တော်
လန်ချားတွေ မထွက်ရင် အုံနာတွေကတော့ ဘာအရေးလဲ။ သူတို့ ဆန်အိုးထဲ
ဆန်အပြည့်။ သူတို့ခါးက အဆီကလေးတစ်ရစ်လောက် မကျခင်မှာ ကျွန်တော်
အကုန်လုံး ငတ်ကုန်ကြမှာ။ ဒါပေမယ့် ခက်တာက ကျွန်တော်တို့
တခြားလမ်းလည်း ရွေးစရာမရှိဘူး။

"ကျွန်တော့် ဘေးက လူတစ်ယောက် လက်ညှိုးထောင်လိုက်တ
သူက ဘီဟာနယ်သား၊ မြင်ရုံနဲ့ ကျွန်တော်သိတာပေါ့၊ သူ့ကို ကျွန်တော်တို့
ပါးမည်းလို့ ခေါ်ကြတယ်။ တစ်ခါတုန်းက ပုလိပ်ရိုက်ခံရလို့ မျက်နှာ
အမာရွတ်ကြီးရှိနေလို့ ခေါ်တာ၊ သူလည်း ရမ်ကျန္ဒလို ချောင်းတဟွတ်ဟွ
နဲ့ပဲ။ ဒါပေမယ့် သူက ကွမ်းတော့မစားဘူး၊ ဒီတော့ သူတံတွေးထွေးလို့ အ
ရောင်တွေ ထွေးရင် ဘာတွေလဲဆိုတာ ကောင်းကောင်း သိတာပေါ့၊ သူ့အ
ကတော့ သပိတ်မှောက်မှောက်၊ မမှောက်မှောက် ဘာမှ ထူးမှာ မဟုတ်ပါဘူ

"သူလက်မြှောက်တော့ တချို့လည်း လိုက်မြှောက်ကြတယ်၊ နော
လူတွေလည်း လိုက်မြှောက်ကြတယ်၊ နောက်ဆုံးကျတော့ အားလုံး လက်ထော
ကြတယ်။ ကျွန်တော်လည်း ပါတာပေါ့၊ ကျွန်တော်တို့အားလုံး လက်



ထားကြတာပါ၊ လက်သီးတွေ ဘာတွေ ဆုပ်မထားဘူး၊ ကျွန်တော်တို့
အရာထဲမှာ မုန်းတီးတဲ့ အမှုအရာ မပါဘူး၊ ဆုတ်ဆိုင်းတဲ့ အမှုအရာပဲ ရှိတယ်။
တ်မှောက်တဲ့ နည်းလမ်းမှအပ တခြား မရှိဘူးလို့ ရာဆူးက ဘယ်လောက်ပဲ
ပြော မထူးပါဘူး၊ ကျွန်တော်တို့ လန်ချားသမားအားလုံးဟာ စိတ်မပါတပါနဲ့
ထောင်နေကြတာပဲ မဟုတ်လား။ ပိုင်ရှင်ကို ဘယ်မှာ ဆန့်ကျင်ရဲပါ့မလဲဗျာ၊
တော်တို့ လန်ချားသမားများသမဂ္ဂဟာ ဒန်းလော့စက်ရုံတို့ ဘာတို့
တဲ့ စက်ရုံတွေက အလုပ်သမားသမဂ္ဂမျိုးတွေမှ မဟုတ်တာ၊ သူတို့ စက်ရုံ
မှာတော့ ဘာအရေးလဲ၊ အလုပ်သမားတွေ သပိတ်မှောက်လို့ ဝင်ငွေမရှိရင်
က ရန်ပုံငွေတွေ ထုတ်ပေးတယ်၊ အကြာကြီး သပိတ်မှောက်လို့
ပေါ့။

"ရာဆူးက အသံချဲ့စက်ကို ကောက်ကိုင်လိုက်ပြီး သပိတ်မှောက်ဖို့
ညီတစ်ညွတ်တည်း ဆုံးဖြတ်ကြောင်း ကြေညာတယ်၊ ရဲဘော်တို့ ငါတို့ရဲ့
အားအပ်တဲ့ ဥက္ကဋ္ဌကြီး အဗ္ဗဒုရာမန်က ဒီနေ့ညနေ သုံးနာရီမှာ ငါတို့ရှိရာ
န်ကွင်းကို လာရောက် မိန့်ခွန်းပြောမယ်၊ ငါတို့ဟာ စည်းလုံးညီညွတ်စွာနဲ့
ရဲ့ ဒေါသအမျက်ကို ပြကြရမယ်၊ စည်းလုံးညီညွတ်စွာနဲ့ လန်ချားအုံနာ
ကို တိုက်ဖျက်ကြရမယ်လို့ သူကပြောတယ်၊ ပြီးတော့ သူက တော်လှန်ရေး
ကြော်သံတွေ တိုင်တယ်၊ ကျွန်တော်တို့ကလည်း လိုက်အော်ကြရတာပေါ့၊
တော်တော့ ဘာမှ စဉ်းစားမနေဘူး၊ ကြွေးကြော်သံတွေကို လိုက်အော်တာပဲ။
မှာပေါ့၊ ကျွန်တော်တို့ တစ်တွေဟာ အော်ဖို့ ဒီကိုလာပြီး စုဝေးနေကြတာ
လား။

"ဒီတုန်းမှာ အံ့ဩစရာကောင်းတဲ့ ခံစားချက်တစ်ခုပေါ်လာတယ်၊
တော်တို့ရဲ့ ရင်ထဲမှာ ကာလကတ္တားမြို့ကြီးကို လက်စားစေချင်တဲ့ ဆန္ဒ
ပေါ်လာတယ်၊ ကာလကတ္တားမြို့ကြီးကို ကျွန်တော်တို့ ပိုင်တယ်၊
ဒရိုင်ဘာတွေ၊ ဘတ်စ်ကားဒရိုင်ဘာတွေ၊ လော်ရီဒရိုင်ဘာတွေ၊
ကားခံနေရတဲ့ ကျွန်တော်တို့ လန်ချားသမားတွေ ပိုင်တယ်၊ ပုလိပ်တွေ
န်းနှိပ်စက်သမျှကို ခံနေရတဲ့ ကျွန်တော်တို့တစ်တွေပိုင်တယ်။ ပိုက်ဆံ
တစ်ပြားကို နှစ်ပြားမှတ်လို့ ချွာပြီး ကျွန်တော်တို့ကို မတရားချေးဆစ်
ည်တွေရဲ့ ဗိုလ်ကျတာတွေကို ခံနေရတဲ့ ကျွန်တော်တို့ လန်ချား
ဘယ်။ လန်ချားအုံနာတွေ၊ ငွေရှင်ကြေးရှင်တွေရဲ့ ကျွန်ဖြစ်နေကြရပြီး

www.burmeseclassic.com

www.burmeseclassic.com



ဈေးထွက်သံယို လုပ်နေကြတဲ့ ကျွန်တော်တို့တစ်တွေပိုင်တယ်။ ကျွန်တော် လန်ချားသမားတွေဟာ အရှင်သခင်တွေ ဖြစ်လာကြတယ်။ ထောင်သောင်း လန်ချားတွေ ပိတ်ဆို့ထားတဲ့အတွက် ကာလကတ္တားမြို့ကြီးထဲမှာ ဘယ်ယာ ဖြတ်သန်းလို့ မရဘူး။

"လန်ချားသမားတွေ ကာလကတ္တားမြို့ လမ်းမကြီးတွေပေါ်မှာ ချီတ လာနေပုံဟာ မိုးဦးကျ ဒီရေကြီး တက်လာတာနဲ့ တူနေတယ်။ ကျွန်တော် လူတွေ ဘယ်လောက်ရှိမယ်လို့တော့ ကျွန်တော် မပြောနိုင်ဘူး။ ဒါပေ ငါးသောင်းလောက်တော့ ရှိမယ်ထင်တယ်။ ဂင်္ဂါမြစ် လက်တက်ထဲ ရေတွေ လျှံတက်လာသလို ချောင်ရင်ဂိ ရပ်ကွက်ထဲမှာရော၊ မိုင်ဒန်ကွင်းထဲ ရော ကျွန်တော်တို့တစ်တွေချည်းပဲဆိုတော့ ယာဉ်အသွားအလာတွေ အ ပိတ်ဆို့ကုန်တယ်။ တစ်နေ့က ကျွန်တော်တို့ကို ဖမ်းဆီး၊ နံပါတ်တု ရိုက်ခဲ့တဲ့ ပုလိပ်တွေဟာ ဒီနေ့တော့ သံခမောက်အဖြူတွေ ဆောင်းထာ ကျွန်တော်တို့ကို ကြည့်နေကြတယ်။ သူတို့ရဲ့ တောက်ပြောင်နေတဲ့ သာ ခါးပတ်တွေမှာ သေနတ်တွေချိတ်၊ လက်ထဲမှာ နံပါတ်တုတ်တွေကို ကိုင်

"လမ်းတစ်လျှောက်မှာ ကျွန်တော်တို့ ခေါင်းဆောင်တွေက ကြေညာ တွေကို ဝေငှသွားကြတယ်။ ကျွန်တော်တို့ ကာလကတ္တား လန်ချားသမား ကို အံ့နှာခ တိုးမြှင့်တောင်းတဲ့အတွက် သပိတ်မှောက်လာကြတဲ့ အကြော ကြေညာချက်ထဲမှာ ရေးထားတယ်။ ပုလိပ်တွေက ကျွန်တော်တို့ကို ညှဉ် နှိပ်စက်တာကို ကန့်ကွက်ရှုတ်ချပြီး ကျွန်တော်တို့ဟာ အခြားသူများ ကိုယ့်ထမင်းအိုးအတွက် လွတ်လပ်စွာ အလုပ်လုပ်ခွင့်ရှိတဲ့အကြောင်း ဖော်ပြ တယ်။ လမ်းသွားလမ်းလာတွေက ကျွန်တော်တို့ကို တအံ့တဩနဲ့ ကြည့် ကြတယ်။ သူတို့တစ်သက်မှာ ဒီလောက်များတဲ့ လန်ချားတွေကို တစ် စုစုဝေးဝေး မမြင်ဖူးသေးပဲကိုး။ ဓာတ်ရထား လက်မှတ်စစ်တွေ သပိတ်မှော တာ၊ စာရေးစာချီတွေ သပိတ်မှောက်တာ၊ မီးရထားအလုပ်သမားတွေ သ မှောက်တာကို သူတို့မြင်ခဲ့ဖူးတယ်။ တစ်နည်းပြောရရင် လခကောင်းကောင် ဗိမ်ကျကျအလုပ်လုပ်ရတဲ့ လူတွေ သပိတ်မှောက်တာကို သူတို့ မြင် တယ်။ ဒါပေမယ့် ကျွန်တော်တို့လို ဖွတ်ကျောပြာစုနေတဲ့ အောက်ဆုံးအလွှာ လူတွေ သပိတ်မှောက်တာကို တစ်ခါမှ မမြင်ဖူးဘူး။ ဒီလိုလူတွေက သပိတ်မှော ရဲလိမ့်မယ်၊ ဆန္ဒပြရဲလိမ့်မယ်လို့လည်း သူတို့ မမျှော်လင့်ဘူး။



"လမ်းမပေါ်မှာ စီတန်းလှည့်လည်လာရင်း ကြွေးကြော်သံတွေကို ကြိုကြတယ်။ လန်ချားမှာ တပ်ထားတဲ့ ချူကလေးတွေကို လှုပ်ကြတယ်။ င်းဆေးလမ်းထောင့်ရောက်တော့ အုန်းသီးဆိုင်တစ်ဆိုင်က အုန်းရည်တွေကို ကက်ပြီးတိုက်တယ်။ နောက် ဂရင်းဟိုတယ်နားရောက်လာတယ်။ အဲဒီနားမှာ မှိုက်ပုံကြီးတစ်ခုရှိတယ်။ ကျွန်တော် လန်ချားသမားမဖြစ်ခင်တုန်းက သမီးတွေ တူ ဒီအမှိုက်ပုံကြီးနားလာပြီး အစာအကြွင်းအကျန်တွေကို ကောက်ခဲ့ဖူး သေးတယ်။ ဂရင်းဟိုတယ်ရှေ့ရောက်တော့ နိုင်ငံခြားခရီးသည်တွေ ကျွန်တော် တို့ကို ရပ်ကြည့်နေကြတယ်။ တစ်လမ်းလုံး ကျွန်တော်တို့ လန်ချားတွေချည်းပဲ ကြည့်နေတော့ သူတို့ ကားတွေ ဆိုက်ထားတဲ့နေရာကို သွားလို့ မရဘူးလေ။ သူတို့အထဲက တချို့က ကျွန်တော်တို့ လန်ချားသမားတွေ ဆန္ဒပြတာကို ဓာတ်ပုံရိုက်သူက ရိုက်ကြတယ်။ ကျွန်တော်တို့ စီတန်းလှည့်လည်ပွဲ ဆုံးမယ့် နေရာက မိုင်ဒန်ကွင်းမှာ။ အဲဒီမှာ ချီတက်လာတဲ့ လန်ချားသမားတွေနဲ့ ဆုံပြီး လူထုအစည်းအဝေးကြီးလုပ်မှာ။

"လူထုအစည်းအဝေးကြီးလုပ်မယ့် နေရာကို ရောက်ပြီး မကြာခင်မှာ ကျွန်တော်တို့ လန်ချားသမားများ သမဂ္ဂရဲ့ ဥက္ကဋ္ဌကြီး ရောက်လာပြီဆိုပြီး အဆူးက အသံချဲ့စက်က ကြေညာတယ်။ ကျွန်တော်တို့ ဥက္ကဋ္ဌက ခပ်ဝဝ ဘာဘူကြီးတစ်ယောက်ဗျ။ သူ့ကို ကြည့်ရတာ နိုင်ငံရေးခေါင်းဆောင် တစ်ယောက်ရဲ့ ဟန်အပြည့်ပဲ။ ကျွန်တော်တို့ လန်ချားသမားတွေရဲ့ ဥက္ကဋ္ဌ လုပ်နေပေမယ့် သူဘယ်မှာ လန်ချားဆွဲနိုင်မှာလဲဗျာ။ အရင်ဘဝတုန်းက ဆွဲခဲ့ဖူးရင်တော့ မပြောတတ်ဘူး။ သူ့နောက်မှာလည်း လူလေးငါးဆယ်ယောက် လာတယ်။ သူတို့က ဥက္ကဋ္ဌကြီးအတွက် လမ်းရှင်းပေးကြတယ်။ တချို့များ အဲဒီဘာဘူရဲ့ ခြေထောက်က ဖုန်တွေကို သုတ်ပေးမတတ်ပဲဗျာ။ ကျွန်တော်တို့ ဥက္ကဋ္ဌက လူတွေထဲကို ဖြတ်သွားရင်း လက်ကို ဝှေ့ယမ်းပြသွားတယ်။ သူ့ လက်မှာ ဝတ်ထားတဲ့ လက်စွပ်တွေဟာ သာမန် ဥဿဖရား လက်စွပ်တွေ မဟုတ်ဘူးဗျ။ အဖိုးတန်ကျောက်တွေ ခြယ်ထားတဲ့ ရွှေလက်စွပ်ကြီးတွေ။ ကျွန်တော်တို့ ဥက္ကဋ္ဌဟာ စင်မြင့်ပေါ်ရောက်သွားပြီး တခြားခေါင်းဆောင်တွေနဲ့ အတူထိုင်နေတယ်။

"ကျွန်တော်တို့ ဥက္ကဋ္ဌက ကျွန်တော်တို့ သပိတ်ကို ထောက်ခံဖို့ရောက်လာ ကြတဲ့ အခြားသမဂ္ဂခေါင်းဆောင်တွေနဲ့ မိတ်ဆက်ပေးမယ်လို့ ပြောသွား

www.burmeseclassic.com

www.burmeseclassic.com



ကြေညာတယ်။ ဂုန်လျှော်စက်ရုံ၊ ဟိန္ဒူစတန် မော်တော်ကား စက်
သဲဘော်ကျင်းတွေက ကိုယ်စားလှယ်တွေ၊ တစ်ခြားသမဂ္ဂခေါင်းဆောင်တွေ
တစ်ယောက်ပြီးတစ်ယောက် မိတ်ဆက်ပေးတယ်။ ကျွန်တော်တို့ကလည်း
အရေးတော်ပုံအောင်ရမည်လို့ အော်ကြတယ်။ ကျွန်တော်တို့က ကြွေးကြော်
တွေကို အော်လိုက်တိုင်း အနားမှာရှိတဲ့ သစ်ပင်ပေါ်က ကျီးကန်းတွေ လန့်
တခြားကို ပျံပျံပြေးကြတယ်။ ကျွန်တော်တို့ကို ထောက်ခံမှုရှိတယ်ဆိုတာ
သိရတော့ ကျွန်တော်တို့ရင်ထဲမှာ နွေးပြီး အားတက်လာတယ်။ နောက်ဆ
ကျွန်တော်တို့ ဥက္ကဋ္ဌစကားပြောမယ်လို့ ရာဆူးက ကြေညာတယ်။ လက်စွပ်
အများကြီး ဝတ်ထားတဲ့ ကျွန်တော်တို့ လန်ချားသမားများသမဂ္ဂဥက္ကဋ္ဌကြီး
ထိုင်ရာကထပြီး စကားပြောတယ်။

"ဥက္ကဋ္ဌကြီးဟာ ဒီလိုဟောပြောရာမှာ တော်တော်အတွေ့အကြုံရှိ
တူတယ်။ သူ့လက်ဟန်အမူအရာတွေက တော်တော့်ကို ကြည့်လို့ကောင်းတယ်
ပြီးတော့ သူတော်တော်လဲ မင်မောင်းကောင်းတယ်။

"ကြည့်လေ၊ ဥက္ကဋ္ဌကြီးဟာ မတ်တတ်ရပ်လိုက်ပြီး တော်တော်
စကားမပြောသေးဘဲ အကြာကြီးရပ်ပြီး ကျွန်တော်တို့ကို ခေါင်းတညိတ်ညိတ်
လှည့်ကြည့်နေတယ်။ အမူအရာက စပါးတွေ အောင်လို့ စပါးခင်းကြီး
ေးကြည့်ပြီး ပီတိဖြစ်နေတဲ့ လယ်သမားတစ်ယောက်ရဲ့ ဟန်မျိုး။ တော်တော်
ကြာတော့မှ ဥက္ကဋ္ဌကြီးက ဟင်ဒီဘာသာတစ်ဝက်၊ ဘင်္ဂါလီဘာသာတစ်ဝက်
စကားပြောတယ်။ ကျွန်တော်တို့ ဘီဟာနယ်သားတွေက သူပြောတာတွေ
ဘယ်မှာအကုန်နားလည်မလဲ။ ဟင်ဒီလို ပြောတာလောက်ကိုပဲ နားလည်တာပေါ့
ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ ဘာဘူကြီးက သိပ်စကားပြောကောင်းတာ
ဗျာ။ လန်ချားအိုနာတွေဟာ ကျွန်တော်တို့ လန်ချားသမားတွေကို ဝေတ်အော
လုပ်နေတဲ့အကြောင်း၊ ကျွန်တော်တို့ သွေးတွေ၊ ကျွန်တော်တို့ ချွေးတွေ
အရင်းတည်ပြီး သူတို့ရဲ့ အနာဂတ်ကို တည်ဆောက်နေတဲ့အကြောင်း
အရင်းရှင်အစိုးရက သူတို့ ပိုင်တဲ့ လန်ချားတွေကို သိမ်းပြီး ကျွန်တော်တို့
မပေးသေးသမျှ ကျွန်တော်တို့ဘဝဟာ ဒီလိုပဲဖြစ်နေမယ့်အကြောင်း၊ လန်ချား
တွေကို ကိုယ်တိုင်ဆွဲတဲ့ ကျွန်တော်တို့တစ်တွေသာလျှင် ဒီလန်ချားတွေ
ပိုင်သင့်တဲ့အကြောင်း စသဖြင့် ပြောသွားတယ်။ ကျွန်တော်တို့ သိပ်သဘော
ကျတာပဲဗျာ။



"ကျွန်တော်တို့ လန်ချားသမားများ သမဂ္ဂ ဥက္ကဋ္ဌ အဗ္ဗဒုရာမန်က
ရင်းပြောရင်း အရှိန်ရသထက် ရလာတယ်။ အသံကလည်း ကျယ်သထက်
ယ်လာတယ်။ သူစကားပြောနေပုံဟာ ရာမယဏကိုရွတ်တာ ကျနေတာပဲဗျာ။
ကလည်းပါ၊ မာန်ကလည်းပါ၊ အသံကလည်းပါဆိုတော့ သိပ်နားထောင်
ာင်းတာပဲ။ ဒီအထဲမှာ ခင်ဗျားတို့ လန်ချားပိုင်ရှင်တွေဆိုပြီး လေထဲကို
ည်သျှိုးထိုးပြီး ပြောတဲ့အခါမျိုးမှာဆိုရင် သူ့လက်ညှိုးတွေဟာ လန်ချားသမား
ရှင်တွေရဲ့ ရင်ဝကို ထိုးစိုက်ပစ်မယ့် ဓားမြှောင်တွေများလားလို့တောင်
ာ်ထင်လိုက်မိတယ်။ ကျွန်တော်တို့ကလည်း စိတ်ဓာတ်တွေ တက်ကြွ
ပြီး လက်သီးလက်မောင်းတန်း၊ ကြွေးကြော်သံတွေကို အော်ကြတယ်။
ဘော်တို့ မပြောပါနဲ့လေ၊ ကျွန်တော်တို့ လူအုပ်တွေကြားလာပြီး သကြားလုံး
ကွမ်းယာတို့၊ ဆေးလိပ်တို့ ရောင်းတဲ့ ကောင်လေးတွေတောင်လိုက်ပြီး
သီးလက်မောင်းတန်း ကြွေးကြော်နေကြတယ်။ ဒီရှုခင်းကြီးကို လန်ချား
တွေနဲ့ သူတို့ရဲ့ ကိုယ်စားလှယ်တွေ မြင်ရင် ဘယ်လိုများ နေကြမလဲ၊
ဘော်တို့ရဲ့ ကြွေးကြော်သံတွေကို သူတို့များကြားရင် ဘယ်လောက်များ
က်ဒူးတုန်ကြမလဲလို့ ကျွန်တော်တွေးပြီး အားတက်နေတယ်။

"ဒီတုန်းမှာ ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခု ပေါ်လာတယ်။ ကျွန်တော်
လန်ချားသမားတစ်ယောက် လူအုပ်ထဲက ပြေးထွက်၊ စင်ပေါ်ကိုတက်သွား
ဗ္ဗဒုရဲ့ ရှေ့မှာထားတဲ့ အသံချဲ့ခွက်ကို ဆွဲယူလိုက်တယ်။ အားလုံးအံ့အား
ပြီး ကြည့်နေမိကြတော့ သူ့ကို ဘယ်သူကမှ မဆွဲလိုက်မိဘူး။

"သူက ... ရဲဘော်တို့၊ ဘာဘူ ပြောသွားတာတွေဟာ ငါတို့ကို ဘိန်းကျွေး
တာ၊ ငါတို့ရဲ့ ဒေါသတွေကို စကားလုံး လှလှတွေထဲမှာ ပျောက်သွားအောင်
တော။ သူချွေးသိပ်တဲ့ စကားတွေကို နားထောင်နေရင်းတို့တစ် တွေအားလုံး
ယ်ကလေးတွေလို ကျားစာဖြစ်ပြီး အစားခံရလိမ့်မယ်တဲ့။

"စကားပြောတဲ့ လူကို သေသေချာချာကြည့်လိုက်တော့ ကျွန်တော်တို့ထဲ
လန်ချားသမားပါးမည်းရယ်ဗျ။ စင်မြင့်ပေါ်မှာရှိတဲ့ လူတွေကလည်း
က်ထဲက အသံချဲ့ခွက်ကို ဘယ်သူကမှ မလုရဲဘဲ ရပ်ကြည့် နေကြဘယ်၊
အဆုတ်ရောဂါရှိလို့ စကားကို ကောင်းကောင်း မပြောနိုင်ဘူး
ပြောရင်း မောနေတယ်။

"ရဲဘော်တို့၊ ငါတို့ရဲ့ ဒေါသကို ပြဖို့အတွက် ဘယ်သူ့ကိုမှ အားကိုးစရာ

www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး။ ဒီကွက်လပ်ထဲမှာ ရပ်နေလို့ ဘာမှ အကျိုးမရှိဘူး။ ငါတို့ အုံနာ ရဲ့ အိမ်ရှေ့ကိုသွားပြီး ဆန္ဒပြရမယ်။ နာရီနှုရာဆိုတဲ့ လန်ချားသူဌေး အိမ်ကို သိကြတယ် မဟုတ်လား။ သူတစ်ယောက်တည်းမှာတင် လန်ချားအ သုံးလေးရာ ပိုင်တယ် ဆိုတာ ရဲဘော်တို့ သိကြတယ် မဟုတ်လား။ ရဲဘေ တို့၊ အဲဒီလန်ချားသူဌေးနဲ့ လန်ချားပိုင်ရှင်များအသင်းတိုက်ရှေ့မှာ သွား ငါတို့ဆန္ဒပြကြမယ်၊ ချီတက်ကြ"

"ဒီတုန်းမှာ ကာကီယူနီဖောင်းဝတ်တဲ့ လူလေးငါးဆယ်လောက် စင် တက်လာပြီး ပါးမည်းကို အောက်ကိုဆွဲချသွားကြတယ်၊ ကျွန်တော်တို့ ဥ ကြီးက "ရဲဘော်တို့၊ အဲဒီလူဟာ ရန်သူရဲ့ သူလျှိုဖြစ်တယ်။ တို့အစည်းအ ကို ပျက်အောင်လုပ်တာဖြစ်တယ်" လို့ ပြောတယ်။

"ဒီတင် အားလုံး ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြတယ်။ တချို့က သူ့ ဆွဲထုတ်သွားကြပြီး တချို့ကလည်း သူ့ကိုလိုက်လုကြတယ်။ အချင်းချ ရန်းရင်းဆန်ခတ် ဖြစ်ကုန်ကြတယ်။

"အစည်းအဝေးကို ဆက်လုပ်ပြီး ကျွန်တော်တို့ ဥက္ကဋ္ဌကြီးက စကားဆို တယ်။ သူပြောပြီးတော့ အလုပ်သမား သမဂ္ဂကိုယ်စားလှယ်တွေ တစ်ယောက် တစ်ယောက်ထပြီး စကားပြောကြတယ်။ သူတို့က အားတက်စရာ၊ စိတ်တက် စရာ စကားတွေ ဘယ်လိုပဲ ပြောပေမယ့် ရုတ်ရုတ် ရုတ်ရုတ်ဖြစ်ပြီးတဲ့နော မှာ ကျွန်တော်တို့တစ်တွေ စိတ်ထက်သန်တာကလေးတွေ ပျောက်သွားပြီ သူတို့ပြောတာကို နားထောင်နေတာနဲ့ ကျွန်တော်တို့မှာ ဒီနေ့ အလုပ်မလု တော့ဘူး၊ ထမင်းဖိုး မရတော့ဘူးလို့ ကျွန်တော့်စိတ်ထဲမှာ ထင်လာကာ ကျွန်တော်တို့ဟာ လန်ချား သပိတ်ကို ဘယ်လောက်ကြာကြာ မှောက်နိုင်မှာ

# ၃၀

ချိန်က ကာလကတ္တားတွင် နိုင်ငံရေးအခြေအနေ မငြိမ်မသက်ဖြစ်နေသည်။ လကတ္တားမြို့ပေါ်တွင် အဓိကရုဏ်းများ၊ ဆူပူမှုများဖြစ်နေသည်။ နယ်များ င် နာဇာလိုက်ဟုခေါ်ကာ သူပုန်တို့၏ ထကြွမှုများ ပေါ်နေသည်။ ဤတွင် ကလည်း ကွန်မြူနစ်တို့၏ လက်ချက်ဖြစ်သည်ဟု ဆိုကြသည်။ အချို့ သည်း စီအိုင်အေလက်ချက်ဟုဆိုကြသည်။ ကာလကတ္တား ပုလိပ်များသည် လကတ္တားတွင် ရောက်နေသည့် နိုင်ငံခြားသားများကို စောင့်ကြည့်ကာ ကိုခေါ်ယူ စစ်ဆေးနေသည်။

ဤတွင် ကိုဗာစကီးလည်း ပုလိပ်တို့၏ စစ်ဆေးမှုကို ခံရတော့သည်။

ကိုဗာစကီးသည် ပိုလန်အမျိုးသား သာသနာပြုတစ်ယောက်ဖြစ်ရုံမျှမက လကတ္တားတွင် သူရောက်နေပုံကလည်း ဥပဒေနှင့် မလွတ်မကင်းဖြစ်နေ၏။ စကီးသည် ကာလကတ္တားသို့ ကမ္ဘာလှည့် ခရီးသည်ပြည်ဝင်ခွင့်လက်မှတ်ဖြင့် လာခြင်းဖြစ်ရာ သူ့လက်မှတ်မှာ သက်တမ်းလွန်နေသည်မှာ ကြာနေ ပြီ။ ကိုဗာစကီးသည် ကာလကတ္တားတွင် အမြဲတမ်းနေထိုင်ခွင့်ရရန် လျှောက်ထားခဲ့သော်လည်း အချည်းနှီးမျှသာ။ အိန္ဒိယပြည်တွင် ဗျူရိုကရေစီစနစ် ယ်လုပ်ပုံသည် အလွန်နှေးကွေးသည်။ ထို့ကြောင့်သူနေထိုင်ခွင့်ကို တရားဝင် ပြီး မပြုသေးသမျှ ကိစ္စမရှိသေး။ သို့ရာတွင် ခက်သည်မှာ အာဏာပိုင် သည် ထိုမှုစုတ်ပြတ်ဆင်းရဲသည့် ရပ်ကွက်ထဲတွင် ကိုဗာစကီးလာ၍ ထိုင်ခြင်းကို သင်္ကာမကင်းဖြစ်နေခြင်းဖြစ်သည်။ ကိုဗာစကီးသည် ဆင်းရဲသား သို့ နေထိုင်ကာ သာသနာပြုနေသည်ဆိုခြင်းကို မယုံနိုင်။ အခြားသော ကြောင်းများရှိမည်ဟု တွက်ကြသည်။

သို့ဖြင့် တစ်မနက် ရှစ်နာရီလောက်တွင် ကာလကတ္တား အထူးထောက် ရေး ဌာနခွဲမှ အနောက်တိုင်း ဝတ်စုံများကို ဝတ်ထားသည့် အရာရှိ ဦးတို့သည် ကိုဗာစကီးနေထိုင်ရာ နိုင်ခမ်မူဒင် လမ်းကြားကလေးထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့ကြ၏။ သူတို့ လမ်းကြားကလေးထဲသို့ ပုလိပ်အရာရှိများရော လာသည့်အခါတွင် အနီးအနား တစ်ဝိုက်တွင်လည်း အလန့်တကြားဖြစ် ကြသည်။

ထိုအချိန်၌ ကိုဇာစကီးသည် တရားကျင့်နေချိန်ဖြစ်၏။ ကိုဇာစကီးသည် တင်ပျဉ်ခွေထိုင်ကာ မျက်လုံးမှိတ်၍ အသက်ကို ဖြည်းညင်းစွာ ရှူရင်း ဘုရား ကို အာရုံပြုနေသည်။

"ပုလိပ်တွေက ကျွန်တော့် တံခါးကို ထုနေတာကို ကျွန်တော် မကြား မိဘူး၊ မကြားဆို ဘုရားအာရုံပြုနေတာကိုး၊ ဘယ်ကြားပါ့မလဲ" ဟု နော တွင် ကိုဇာစကီးက ပြော၏။

ရှေ့ဆုံးမှဝင်လာသည့် ပုလိပ်အရာရှိမှာ အရပ်ပုပု၊ ခပ်ဝဝဖြစ် သူ့သွားများမှာ ကွမ်းစားထားသဖြင့် နီရဲနေသည်။ သူ့အင်္ကျီအိတ်ကပ် ဘောပင်သုံးချောင်းထိုးထား၏။

"ဒါ ခင်ဗျားနေရာလား" ဟု ပုလိပ်အရာရှိက ခပ်ထန်ထန်မေးသည်

"ဟုတ်ပါတယ်"

ပုလိပ်အရာရှိသည် အခန်းပတ်ပတ်လည်ကို မသင်္ကာသလို လှည့်ကြ သည်။ ထိုနောက် သူ့မျက်လုံးများသည် နံရံပေါ်ရှိ ဝတ်ရုံလွှမ်းထားသ ခရစ်တော်၏ ပုံတော်ပေါ်သို့ ရောက်သွားကြ၏။ ပုလိပ်အရာရှိသည် ရုပ်ပုံအနီး ကပ်လာ၍ သေသေချာချာကြည့်သည်။

"သူက ဘယ်သူလဲ"

"ကျွန်တော့် ဘုရားပုံတော်ပါ"

"ခင်ဗျား အရှင်သခင် ဆိုပါတော့"

"ဟုတ်ကဲ့၊ ပြောလို့ရပါတယ်"

ပုလိပ်အရာရှိသည် သူ့ကို ပျူပျူငှာငှာ စကားပြောခြင်းမရှိ။ ရုပ်ပုံ သေသေချာချာကြည့်နေပြီးနောက် သက်သေအထောက်အထားတစ်ခု တွေ့ ဟန်ဖြင့် သူ့နောက်တွင်ပါလာသည့် လက်အောက်အရာရှိတစ်ယောက် လှမ်းခေါ်နေပြီး ပုံတော်ကို ဖြုတ်ယူရန် အမိန့်ပေးလိုက်သည်။

"ခင်ဗျား ပစ္စည်းတွေကော"



ကိုဇာစကီးက သံသေတ္တာကလေး တစ်လုံးကို လက်ညှိုးထိုးပြလိုက်သည်။ စာကျမ်းစာအုပ်၊ ဆေးဝါးအချို့နှင့် သူ့ကိုယ်ပိုင်အဝတ်အစား အနည်းငယ်ကို ည့်ထားရန် အိမ်နီးချင်း တစ်ဦးက လှူထားသည့် သေတ္တာကလေးဖြစ်သည်။

ပုလိပ်အရာရှိက သေတ္တာကလေးကို ဖွင့်ကာ ပစ္စည်းများကို တစ်ခုချင်း သည်။ ပိုးဟပ်များသည် သေတ္တာထဲမှ ကြမ်းပေါ်သို့ ခုန်ဆင်း ထွက်ပြေးကြ၏။

"ဒါပဲလား"

ပုလိပ်အရာရှိက တအံ့တသြမေးသည်။

"ဟုတ်ပါတယ်"

"ခင်ဗျားမှာ ရေဒီယိုတို့ဘာတို့ မရှိဘူးလား"

"မရှိပါဘူး"

ပုလိပ်အရာရှိသည် အခန်းနံရံများကို လိုက်၍ တီးခေါက်ကြည့်နေပြန် သည်။ ထို့နောက် အိတ်မှ မှတ်စုစာအုပ်တစ်အုပ်ကို ထုတ်၍ အခန်း၏ နေအထားကို ပုံဆွဲနေ၏။ ပုံက တော်တော်နှင့်မပြီး၊ ဘောပင်သုံးချောင်းက ချောင်းမှ ကောင်းကောင်းရေး၍ မရသဖြင့် တစ်လှည့်စီ ထုတ်ရေးနေရသည်။

ထိုစဉ် အခြားသူများထံမှ သတင်းရသဖြင့် ဇန်ဒိုနာသည် ဒေါသအမျက် ခြောင်းခြောင်းဖြင့် တဲထဲသို့ ပြေးဝင်လာခဲ့သည်။ အားသန်သူ ဇန်ဒိုနာသည် ပ်အရာရှိကို ဆွဲကာ တံခါးမှ တွန်းလွှတ်လိုက်ပြီး...

"ရှင်တို့ ဘာလာအနှောင့်အယှက်ပေးကြတာလဲ၊ ဆင်းရဲသားတွေကို ဆီရအောင် ဘုရားက လွှတ်လိုက်တဲ့သူရှင်၊ ရှင်တို့ အပါယ်ငရဲကျကုန်မယ်၊ လား"

ပုလိပ်အရာရှိမှာ အံ့အားသင့်နေသဖြင့် ဘာမျှမပြောနိုင်။ အပြင်ဘက်တွင် လူတွေ ဝိုင်းအုံနေလေပြီ။

ပုလိပ်အရာရှိသည် ကိုဇာစကီးကို ဆလန့်ပေးလိုက်ကာ...

"ဆရာကြီး၊ ကျေးဇူးပြုပြီး ကျွန်တော်တို့နဲ့ ခဏလိုက်ခဲ့ပါ၊ အထက် ကြီးတွေနဲ့ တွေ့ပြီး ဆွေးနွေးရုံကလေးပါ" ဟုဆိုကာ ဇန်ဒိုနာနှင့် ကြသည့် လူအုပ်များဘက်သို့ လှည့်လိုက်ပြီးလျှင်...

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ စိတ်မပူပါနဲ့၊ ခင်ဗျားတို့ ဆရာကြီးကို ကျွန်တော်ပြန်ပို့ပေး
ခဏကလေးပါ"

သူ့မိတ်ဆွေများကို လက်ပြနှုတ်ဆက်ပြီးနောက် လမ်းထိပ်
ရပ်နေသည့် ပုလိပ်ကားပေါ်သို့တက်၏။ ဆယ်မိနစ်အကြာတွင်မူ ဟောင်
ဘုတာကြီးအနီးရှိ ဟောင်းနွမ်း အိုမင်းနေသော ပုလိပ်ရုံး အဆောက်အ
ကွမ်းတံတွေးတို့ပေကျံကာ မည်းမှောင်နေသည့်လှေကားများအတိုင်း
အထိ တက်လာခဲ့ပြီးသည့်အခါတွင် ဖိုင်တွဲတွေ စာရွက်တွေ တင်ထား
ခြစားနေသည့် သစ်သားစင်ကြီးများရှိသည့် အခန်းတစ်ခုထဲသို့ ရောက်သွား
ပန်ကာလေကြောင့် စာရွက်တွေ လွင့်မသွားရန် အပေါ်တွင် သံတုံး
ဖိထားသည်။ ထိုအချိန်မှာ လက်ဖက်ရည်သောက်ချိန်ဖြစ်ပုံရ၏။ အခန်း
အရာရှိများသည် နိုင်ငံတော် လုံခြုံရေးနှင့် ပတ်သက်သည့် ဖိုင်တွဲများ
စကားများခြင်း၊ လက်ဖက်ရည်သောက်ခြင်းစသည့် လုပ်ငန်းများဖြင့် အလုပ်
နေကြသည်။ သူတို့ အခန်းထဲသို့ ဘတ်စကက်ဘောဖိနပ် စီးထား
ကိုဗာစကီး ရောက်လာသည့်အခါတွင် သူတို့ စကားဝိုင်းသည် တိတ်သွား

"ဟောဒါ သုခမြို့တော်မှာနေတဲ့ သင်းအုပ်ဆရာပဲ" ဟု ကိုဗာစကီး
ခေါ်လာသည့် ပုလိပ်အရာရှိက ဂုဏ်ယူဝင့်ကြွားစွာဖြင့်ပြောသည်။ သူ့အသံ
မဟာတ္တမကန္ဒီအား လုပ်ကြံသတ်ဖြတ်သူကို ဖမ်းဆီးရမိလာသည့် အသံမျိုးဖြစ်

ဆံပင်ဖြူဖြူ၊ ဒိုတီကို သေသပ်စွာ ဝတ်ထားပြီး အထက်အရာရှိ
တူသူတစ်ယောက်က သူ့ရှေ့က ကုလားထိုင်တွင် ထိုင်ရန် ပြော၏။ သူသ
ကိုဗာစကီးကို လက်ဖက်ရည်တစ်ခွက်ပေးပြီး စီးကရက်ကို ဖွာနေသည်။

"ဘယ်နှယ်လဲ၊ ကျွန်တော်တို့ တိုင်းပြည်ကို သဘောကျ
မဟုတ်လား"

"သဘောကျပါတယ်"

ပုလိပ်အရာရှိသည် အတန်ကြာ စဉ်းစားနေသည်။ သူစီးက
သောက်နေပုံကလည်း ဆန်းသည်။ သူသည် စီးကရက်ကို လက်ညှိုးနှင့်
ခလယ်ကြားတွင် ညှပ်ထားပြီး လက်ညှိုးနှင့် လက်မကျွေးထားသည့် အခေါ
ကလေးထဲကြားမှနေ၍ စီးကရက်ကို ဖွာနေ၏၊ သူ့ကို ကြည့်ရသည်မှာ ဆေး
ငွေကို ရှုနေသည်နှင့် မတူ။ အရည်တစ်ခုခုကို သောက်နေသည်နှင့် တူနေသ



"ကျွန်တော်တို့ တိုင်းပြည်ကိုလာတဲ့ နိုင်ငံခြားသား တစ်ယောက်အဖို့
သွားတဲ့နေရာ အများကြီးပါဗျာ။ သုခမြို့တော်လို စုတ်ပြတ်နေတဲ့ ဆင်းရဲသား
ရွက်ထက် ကောင်းတာ မရှိတော့ဘူးလား"

"ရှိပါတယ်၊ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက်လာတဲ့ ရည်ရွယ်ချက်
င်း ဘယ်တူမလဲ၊ ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ်ပေါ့"

ပုလိပ်အရာရှိက စီးကရက်ကို တစ်ရှိုက်ဖွာလိုက်ပြန်သည်။

"ဒါဖြင့် ဒီဆင်းရဲသား ရပ်ကွက်မှာ ခင်ဗျား သွားနေတဲ့ ရည်ရွယ်ချက်က
လဲ"

ကိုဗာစကီးသည် ကြိုးစား၍ ရှင်းပြ၏။ သူကြိုးစား၍ ရှင်းပြလျှင် သူ့ကို
ဆေးနေသူများသည် သူ့အပေါ်တွင် သံသယပျောက်သွား လိမ့်မည်ဟု
င်လင့်၏။ သို့ရာတွင် သူ့အထင်သည် တက်တက်စင် လွဲနေလေပြီ။

"နေစမ်းပါဦး၊ ခင်ဗျားက ဘာဖြစ်လို့ အိမ်ထောင်မပြုသလဲ" ဟု
င်ဆိတ်မွေးနှင့် အရာရှိတစ်ဦးက မေး၏။

"ကျွန်တော် အိမ်ထောင်ပြုပြီးပြီလေ၊ သာသနာနဲ့ အိမ်ထောင်ပြု
တာပေါ့"

သူ့အခန်းကို ရှာခဲ့သည့် အရာရှိက ခရစ်တော်၏ပုံကို စားပွဲပေါ်သို့
င်လိုက်ကာ...

"သူ့အခန်းထဲက တွေ့ခဲ့တဲ့ပုံ ဆရာ"

သူတို့အထဲမှ အကြီးဆုံးအရာရှိက ထိုပုံကို သေသေချာချာကြည့်၏။

"သခင်ယေရှုရဲ့ပုံပါ၊ ကားတိုင်တင် အသတ်ခံရပြီးနောက်ရေးတဲ့ပုံတော်
" ဟု ကိုဗာစကီးက ရှင်းသည်။

ထိုလူက ခေါင်းတညိတ်ညိတ် လုပ်နေ၏။

"ခင်ဗျားက သူနဲ့ အိမ်ထောင်ပြုတယ်ပေါ့"

ကိုဗာစကီးက စကားတွေ များကုန်မည်စိုးသဖြင့်...

"ကျွန်တော်က ခရစ်တော်ရဲ့ အစေအပါးပါ"

www.burmeseclassic.com

www.burmeseclassic.com



ဘာသာတရား ကိုင်းရှိုင်းသည့် အိန္ဒိယပြည်ဖြစ်၍လောမသိ။ တို ပြောလိုက်သည့်အခါတွင် သူ့ဘေးဝန်းကျင်ရှိ အရာရှိများ၏ မျက်နှာ အနည်းငယ် ချိုသာလာသည်ဟု သူထင်လိုက်သည်။

သို့ရာတွင် သူထင်သလို မဟုတ်ပါ။ ထိုအခါကျမှပင် အရာရှိ၏မျက် သည် ပို၍ တင်းမာလာ၏။ အရာရှိသည် ကုလားထိုင်တွင် ပြန်ထိုင်ချလိုက်က

"ကဲ...ရှင်းရှင်းပဲ မေးမယ်ဗျာ၊ ခင်ဗျားနဲ့ စီအိုင်အေနဲ့ အဆက်အသွ သလား"

ကိုဗာစကီးသည် သူ့မေးခွန်းကြောင့် အံ့အားသင့်သွားသဖြင့် မည် ဖြေရမည်ကိုပင် မသိ။

"မရှိပါဘူး"

အရာရှိသည် သူ့စကားကို ယုံဟန်မတူ။

"ဒါဖြင့် စီအိုင်အေနဲ့ အဆက်အသွယ်ရှိတဲ့ လူကော ခင်ဗျ အဆက် အသွယ်ရှိသလား"

ကိုဗာစကီးက ခေါင်းယမ်းလိုက်သည်။

"ဒီမှာ လာလုပ်နေတဲ့လူ နိုင်ငံခြားသား လူမှုဝန်ထမ်း အလုပ်သ တွေလို့ ခေါ်တဲ့ လူတွေဟာ အများအားဖြင့်တော့ စီအိုင်အေ ကိုယ်စားလှယ ပဲဗျ။ ဒီတော့ ခင်ဗျားကော ဘယ့်နှယ်လုပ် ခြွင်းချက်ဖြစ်နိုင်မလဲ"

ကိုဗာစကီးသည် စိတ်တိုစပြုလေပြီ။ သို့ရာတွင် သူ့စိတ်ကို အနိုင ချုပ်တီးကာ လေသံအေးအေးဖြင့် ဖြေ၏။

"ဒီမှာ ရောက်နေတဲ့ လူမှုဝန်ထမ်း အလုပ်သမားဆိုတဲ့ လူတွေ စီအိုင်အေကိုယ်စားလှယ် ဟုတ်တယ်, မဟုတ်ဘူးဆိုတာတော့ ကျွန်တော် ဘူးဗျာ၊ ကျွန်တော် ငယ်ငယ်တုန်းကတော့ စပိုင်ဝတ္ထုတွေထဲမှာ ဖတ်ခဲ့ဖူးတ ဒါပေမယ့် အဲဒီအထဲမှာ နှစ်ဆယ့်လေးနာရီလုံးလုံး ဆင်းရဲသား ရပ်ကွက်တွေ မှာ သွားနေတဲ့ ဆင်းရဲသားတစ်ယောက်ဟာ စပိုင်တစ်ယောက်ဖြစ်တာ တစ်ခါမှ မတွေ့ဖူးဘူး။ ပြီးတော့ ကျွန်တော်တို့ဆီလာတဲ့ လူတွေဟာလဲ ဆင်းရဲသားရပ်ကွက်က လူတွေချည်းပဲ၊ တခြား ဘယ်သူမှ မလာ ခင်ဗျားတို့ ပုလိပ်အဖွဲ့ စေ့စေ့စပ်စပ် လုပ်တယ်ဆိုရင်တော့ ဒီလောက်



ပေါ၊ ဒီတော့ အဓိပ္ပာယ်မရှိတဲ့ စကားတွေ ပြောပြီး ခင်ဗျားတို့ အချိန်ကို ကျွန်တော့် အချိန်ကိုရော မဖြုန်းတာ ကောင်းမယ် ထင်တယ်"

ဆံပင်ဖြူဖြူနှင့် အရာရှိသည် ငြိမ်သက်စွာ နားထောင်နေ၏။ ထိုအချိန် သူတို့နှစ်ယောက် ဘေးတွင် ပုလိပ်အရာရှိတွေ ဝိုင်းနေလေပြီ။

"ရှရီကိုဗာစကီးရာ၊ ခင်ဗျားကို ဒီလို အနှောင့်အယှက်ပေးရတဲ့အတွက် တော်တို့ တောင်းပန်ပါတယ်၊ ကျွန်တော်တို့ ဝတ္တရားမို့လို့ မေးရတာပါ။ နာဇာလိုက် သူပုန်တွေနဲ့ ခင်ဗျားနဲ့ ဘယ်လို အဆက်အသွယ်ရှိသလဲ ကို ပြောပြစေချင်တယ်"

"ဘာ၊ နာဇာလိုက် သူပုန် ဟုတ်လား"

ကိုဗာစကီးသည် အံ့အားသင့်နေသည်။

"ခင်ဗျားကတော့ အံ့အား သင့်ချင် သင့်မှာပေါ့လေ၊ ခင်ဗျားတို့ သာန်တွေနဲ့ နာဇာလိုက် သူပုန်တွေနဲ့ ရည်ရွယ်ချက်ချင်း တူတယ် လား၊ ခရစ်တော်ရဲ့ ရည်ရွယ်ချက်ကလဲ မတရားမှုတွေ ဆန့်ကျင်ဖို့၊ ရည်ရွယ်ချက်ကလဲ ဒီအတိုင်းပဲ မဟုတ်လား"

"တူချင်တော့ တူမှာပေါ့ဗျာ၊ ဒါပေမယ့် နည်းလမ်းတော့ ကွာပါတယ်။ တော်က မတရားမှုတွေကို မေတ္တာတရားနဲ့ တိုက်ဖျက်တယ်၊ နာဇာလိုက် တွေကတော့ မတရားမှုကို လူသတ်ပြီး တိုက်ဖျက်တယ်"

"ဒါဖြင့် ခင်ဗျား နာဇာလိုက်သူပုန်တွေကို ဆန့်ကျင်တယ်ပေါ့"

"ဆန့်ကျင်တယ်၊ သူတို့ ရည်မှန်းချက်ဟာ မတရားမှုကို တိုက်ဖျက်ဖို့ ဖြစ်မယ်၊ ဒါပေမယ့် သူတို့ နည်းလမ်းတွေကို ကျွန်တော် မကြိုက်ဘူး"

"ဒါဖြင့် ခင်ဗျားဟာ ကွန်မြူနစ်ကိုလည်း ဆန့်ကျင်တယ်ပေါ့"

"သူများ ခေါင်းကို ဖြတ်ပြီး ပျော်ရွှင်မှုကို ရှာမယ်ဆိုတဲ့ နည်းလမ်း ကို ကျွန်တော် ဆန့်ကျင်တယ်"

ထိုနေရာသို့ အရောက်တွင် အရာရှိ အကြီးဆုံး၏ မျက်နှာသည် ငယ်ချိုသာစပြုလာ၏။ သူက စီးကရက်အသစ်တစ်လိပ်ကို ကောက်ညှိ တစ်ယောက်က လက်ဖက်ရည်ထပ်ငှဲ့ပေးသည်။ အရာရှိက နောက်ထပ် နှ်းတစ်ခု မေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ စိအိုင်အေလဲ မဟုတ်ဘူး နာဇာလိုက်သူပုန်လဲ မဟုတ် ကွန်မြူနစ်လဲ မဟုတ်ဘူးဆိုတော့ ခရစ်ယာန် သာသနာပြုလား"

ကိုဇာစကီးသည် အတန်ကြာမျှ ကိတ်ဆိတ်နေ၏။ ဒေါသလည်း ထွက်၏။ ဝါးလုံးကွဲ ရယ်ပစ်ချင်စိတ်လည်း ပေါ်လာသည်။

"ကျွန်တော်ဟာ သာသနာပြုတစ်ယောက်လို့ ဝန်ခံအောင် အတင်း နေတယ် ဆိုရင်တော့ ခင်ဗျားတို့ အချိန်ကုန်ရုံပဲရှိမှာပဲ၊ ကျွန်တော်ဟာစိအိုင် ကိုယ်စားလှယ်တစ်ယောက်မဟုတ်သလို သာသနာပြုတစ်ယောက်လဲမဟုတ်

"နာဂလူမျိုးစုတွေကြားထဲမှာ သာသနာပြုတွေ ခြေရှုပ်နေတယ် ခင်ဗျားလဲ ကြားမှာပေါ့"

"ကျွန်တော် မသိဘူး"

"သာသနာပြုတွေဟာ လူမျိုးစုတွေကြားထဲသွားပြီး ပြည်နယ်တို့ဘာ ခွဲထွက်ရမယ်ဆိုပြီး မြှောက်ပေးနေကြတယ်"

ကိုဇာစကီးမှာ အနည်းငယ် စိတ်တိုလာလေပြီ။

"ဒီမှာ ကျွန်တော်ပြောမယ်။ အိန္ဒိယပြည်မှာ ရောက်နေတဲ့ သာသနာ ပုဂ္ဂိုလ်အများစုကြီးဟာ အများကောင်းကျိုးအတွက် လုပ်နေကြတာဗျ၊ သာသနာ ပြု စိတ်ဓာတ်ဆိုတာဟာ အခြားသူတွေရဲ့ ကောင်းကျိုးကို ဆောင်ရွက်လို စိတ်ဓာတ်၊ အိန္ဒိယပြည်မှာရှိတဲ့ ညီနောင်တွေရဲ့ တိုးတက်ရေးကို ဆောင်ရွ ချင်တဲ့ စိတ်ဓာတ်ကို ခေါ်တာ"

အတန်ကြာ ကိတ်ဆိတ်နေ၏။ ထိုနောက် အရာရှိသည် ထိုင်ရာ ရုတ်တရက် ထ၊လိုက်ကာ ကိုဇာစကီးကို ရှိသေစွာ လက်ကမ်းပေးသည် အခြားသူများကလည်း သူ့ကို မတ်တတ်ထ၍ လက်ဆွဲနှုတ်ဆက်ကြသည် သူ့ကို နားလည်သွားကြဟန်တူ၏။

ကိုဇာစကီးကို လိုက်ပို့မည်ပြုစဉ် အရာရှိက စားပွဲပေါ်တွင် တင်ထားသည် ခရစ်တော်၏ ပုံကို ညွှန်ပြကာ...

"ကျွန်တော်ဟာ ဟိန္ဒူဘာသာဝင်တစ်ယောက်ပါ။ ဒါပေမယ့် ကျွန်တော် တို့ တွေ့ဆုံကြတဲ့ အထိမ်းအမှတ်သဘောနဲ့ အဲဒီပုံတော်ကို ကျွန်တော် သိမ်းထားချင်ပါတယ်"



ကိုဇာစကီးသည် သူ့နားများကို သူမယုံနိုင်အောင်ဖြစ်နေသည်။ ပုလိပ် ရာရှိက ခရစ်တော်ပုံကို လိုချင်သည်ဆိုပါကလား။

"ဒီပုံတော်က ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်က လက်ဆောင်ပေး ကိုတာပါ။ လိုချင်တယ်ဆိုရင် ဓာတ်ပုံကူးပြီး ယူပါ"

ထိုနောက် ပုလိပ်အရာရှိသည် တံဆိပ်တွေ ရိုက်ထားသည့် ပုံစံတစ်ခုကို ရှေ့သို့ ထိုးပေး၏။

"ဒီပုံစံကို ရရင်တော့ ဆရာကြီး သဘောကျမှာပါ၊ ဒီပုံစံက ဆရာကြီးကို နေထိုင်ခွင့်ပြုတဲ့ ပါမစ်ပါ။ ဆရာကြီးတို့လို စိတ်ထားမြင့်မြတ်တဲ့ လ်တွေကို ကျွန်တော်တို့ တိုင်းပြည်က အမြဲကြိုဆိုပါတယ်"

## ၃၁

သည် အောင်ဆုကို ပေးသည့် နတ်သမီးဖြစ်သည်။ မကောင်းဆိုးဝါးနှင့် မိုက်မဲမှုတို့ကို တိုက်ဖျက်သူဖြစ်သည်။ သျှိဝနတ်သား၏ ကြင်ယာဖြစ်သည်။ ဝန္တာတောင်မင်းကြီး၏ သမီးပျိုဖြစ်သည်။ အသွင်သဏ္ဌာန် အမျိုးမျိုးတို့၏ ရှိဖြစ်သည်။ နတ်ဒေဝါအပေါင်းတို့၏ ဣဋ္ဌိလိင်အင်အားစုဖြစ်သည်။ ကြင်နာသနားခြင်းနှင့် ရက်စက်မှုတို့၏ သင်္ကေတလည်း တစ်လှည့်စီ ဖြစ်တတ် သည်။ ဟိန္ဒူဝါဒ၏ ပုရာဏ်ကျမ်းများမှ ထောင်ပေါင်းများစွာသော ာများထဲတွင် အသွင်အမျိုးမျိုးဖြင့် သူရရှိခဲ့သည့် အောင်မြင်မှုများကို ားသည်ကို တွေ့နိုင်သည်။

ကြင်နာသနားသည့် တန်ခိုးကို ပြသသည့်အခါတွင် သူ့ကို ဥမ္မာနတ်သမီး ခေါ်ကြသည်။ အသားအရေကောင်းခြင်းကို ပြရာတွင် သူ့ကို ဂေါရီ သမီးဟု ခေါ်ကြသည်။ တောင်များ၏ ကေရီဖြစ်သဖြင့် ပါဝတီဟုလည်း ကြသည်။ စကြဝဠာကြီး၏ မိခင်ဖြစ်သဖြင့် ဂျဂန်မာတာဟုလည်း ကြသည်။ အဖျက်စွမ်းအားကို ပြသည့်အခါတွင် သူ့ကို အသားညိုကြွတ်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကာလီနတ်သမီးဟုခေါ်ကြသည်။ ကြောက်မက်ဖွယ်ကောင်းသဖြ ဘိုင်ရာဝီဟုလည်း ခေါ်ကြသည်။ ဒေါသအမျက်ကြီးသဖြင့် ကျန္ဒီဟုလ ခေါ်ကြသည်။ အလှမ်းကွာလွန်းသဖြင့် ဒုရ်ဂါး နတ်သမီးဟုလည်း ခေါ်ကြသ ဘင်္ဂလားနယ်တွင် သူ့ကို ကိုးကွယ်ကြခြင်းမှာ ဒုရ်ဂါးနတ်သမီးအ မကောင်းဆိုးဝါးတို့ကို တိုက်ဖျက်နှိမ်နင်းနိုင်သော တန်ခိုးစွမ်းပကားကြော ဖြစ်သည်။ သူ၏ ဆန်းကြယ်သော အတ္တုပ္ပတ္တိကို လူတိုင်းလိုလို သိကြသ

လွန်ခဲ့သော နှစ်ပေါင်းများစွာတုန်းက ဘီးလူးသဘက်ကြီး တစ်ကော သည် ကမ္ဘာမြေပြင်တွင် ရမ်းကားသောင်းကျန်းခဲ့၏။ ရာသီဥတုကို ဖောက် ဖောက်ပြန် ဖြစ်အောင်လုပ်ခဲ့၏။ မည်သည့် နတ်ဒေဝတာတို့မှ သူ့ နှိမ်နင်းနိုင်ခြင်းငှာ မတတ်နိုင်ကြကုန်။ ဤတွင် ထိုဘီလူးသဘက်ကို နှိမ် နိုင်မည့်သူကို ရှာသော် သျှိဝနတ်သားမှမွေးသော သားတော်သာလျှင် သူ့ နှိမ်နင်းနိုင်ကြောင်းဖြင့် ကမ္ဘာကိုဖန်ဆင်းသူ ဗြဟ္မာက ကြွေးကြော် သို့ရာတွင် ထိုအချိန်၌ သျှိဝနတ်သား၏ ကြင်ယာတော်မှာ စုတေခဲ့ပြီးဖြစ်သ သျှိဝနတ်သားသည် နောက်ထပ် သားတော်တစ်ယောက် မမွေးနိုင်ဘဲ ကြင် တော်ကို လွမ်းဆွတ်သော စိတ်ဖြင့်သာ သောကပရိဒေဝတောက်လောင်လျ ၏။ ထိုစဉ်က သျှိဝနတ်သားသည် ကိုယ်တွင် ပြာမှုန့်တို့ လိမ်းကျံကာ မွေရှည်လျားသော ဦးဆံတို့ဖြင့် ဖုန်းတောင်းယာစကာအဖြစ် တစ်ရွာ တစ်ရွာထွက် လျှောက်သွားနေသည်။

ထိုအတောအတွင်း၌ကား ကမ္ဘာမြေပြင်တွင် ကသောင်းကနင်းဖြစ် နေလေပြီ။ နတ်ဒေဝတာများသည် သျှိဝနက်မင်း လက်မထပ်သည့်အတွ စိတ်ရှုပ်နေကြသည်။ ဤတွင် နတ်ဒေဝတာတို့သည် တဏှာနှင့် ရမ္မက်တို့ စိုးသော ကာမနတ်မင်းထံ ချဉ်းကပ်ကာ သျှိဝ၏ ရင်တွင်းတွင် ထိုဆန္ဒတို့ အောင် လုပ်ပေးရန် တောင်းပန်ကြသည်။ ကာမသည် ကြင်ယာတော် ရှာ ကိုခေါ်၍ သျှိဝနတ်ကိုလိုက်ရှာရာ တောင်ခြေရင်းတစ်ခုတွင် တရားဘာဝ အားထုတ်နေသော သျှိဝနတ်သားကို တွေ့ရ၏။ တရားဘာဝနာအားထုတ် သည့်နောက် ကာမနတ်မင်းသည် မိမိ၏ ပန်းလေးမှ စံပယ်ပွင့်များ လွှတ်လိုက်၏။ ထိုအချိန်မှစ၍ သျှိဝနတ်သားသည် ဟိမဝန္တာတောင်မင်းကြီး သမီးပျိုဖြစ်သော ဥမ္မာကို စွဲလမ်းနှစ်သက်ခြင်း ဖြစ်လာခဲ့သည်။ အခက် များစွာကို ကျော်ဖြတ်ပြီးနောက် ဥမ္မာသည် ပါဝတီ (တောင်မင်းကြီး



မီးပျို) ဟူသော အမည်ဖြင့် သျှိဝနတ်သား၏ ကြင်ယာတော်ဖြစ်လာခဲ့သည်။

သို့တိုင်အောင် ဘီလူးသဘက်သည် ကမ္ဘာမြေပြင်ကို ဖျက်ဆီးလျက်ရှိ၏။ နတ်သားတွင် သားတစ်ယောက်ရသည်ထိ စောင့်ဆိုင်းနေလျှင် အချိန် င်းလေတော့မည်။ ဤတွင် နတ်ဒေဝတာအပေါင်းတို့ စုရုံးကြကာ မိမိတို့ အားမှန်သမျှကို စုစည်းပြီးနောက် ပါဝတီ ကိုယ်ပေါ်တွင် မီးကို မှုတ်ထုတ်သည် ပါဝတီလည်း ပဋိသန္ဓေကိုဆောင်လာခဲ့သည်။ ထိုအချိန်မှစ၍ ပါဝတီ ည် အလှမ်းဝေးသော ဒုရ်ဂါးမည်သော နတ်သမီးဖြစ်လာသည်။ နတ်ဒေဝတာ သည် ဒုရ်ဂါး နတ်သမီးတို့ လက်ဆယ်ချောင်း ဖန်တီးပေးကာ သူတို့ နက်များကိုလည်း လက်ဆယ်ချောင်းထဲတွင် ထည့်ပေးလိုက်ကြ၏။ ဖြစ်သူ ဟိမဝန္တာတောင်မင်းက သမီးတော် ဒုရ်ဂါးစီးရန် ခြင်္သေ့တစ်ကောင် လိုက်ပြီး လနတ်သားက ဝိုင်းသော မျက်နှာဖြစ်အောင် လုပ်ပေးကာ င်းက မည်းနက်သော ဆံပင်တို့ကို ပေးလိုက်၏။ သူ့အသားအရောင် ည် အရုဏ်ကဲ့သို့ဖြစ်၏။

ဤတွင် ဘီလူးသဘက်လည်း ခွန်အားကြီးသော ကျွဲကြီးအယောင် င်ပေါ်လာ၏။ သူ့နောက်မှလည်း ကျွဲစစ်သည်တို့ များစွာပါလာခဲ့သည်။ နောက် ဘီလူးသဘက်နှင့် ဒုရ်ဂါးတို့သည် စစ်အင်ခင်းကျင်းကြ၏။ င်းများ၊ လှံများ၊ မြားရှားသည် အာကာသအနန့်တွင် ပျံနှံ့လျက်ရှိကြ၏။ တောတစ်ခုကို မီးလျှံတို့ ဝါးမျိုသကဲ့သို့ ဒုရ်ဂါးနတ်သမီး၏ ခြင်္သေ့သည် စ်သည်တို့ကို တစ်ကောင်ပြီးတစ်ကောင် ဝါးမျိုပစ်၏။ ဒုရ်ဂါးနတ်သမီး တိုင်သံချပ်ဝတ်လက်ဖြင့် ရန်သူတို့၏ ဆင်များ၊ မြင်းများ၊ စစ်ရထားများ ဖျက်ဆီး တိုက်ဖျက်ပစ်သည့်အတွက် ရန်သူတို့သည် အလဲလဲအကွဲကွဲ တုန်ကြ၏။ ဒေါသအမျက်ခြောင်းခြောင်းထွက်နေသော ကျွဲအော်သံကြီး ဖြင့် ကမ္ဘာကြီးသည် တုန်ဟည်းလျက်ရှိ၏။ ကျွဲကြီးသည် သူ့ဦးချိုများဖြင့် င်ကြီးများကို ဖြိုချကာ ဒုရ်ဂါးနတ်သမီးကို မြေစိုင်ခဲကြီးများဖြင့် ပစ်ခတ်၏။ ါးနတ်သမီးကလည်း ထိုမြေစိုင်ခဲကြီးများကို သူ့မြားများဖြင့် မှုန့်မှုန့်ညက် ကြေအောင်လုပ်၏။ သို့ဖြင့် ထိုစစ်ပွဲသည် သုံးရက်ကြာမျှ အပြင်းအထန် င်ခိုက်ကြ၏။ တစ်ခါတစ်ရံတွင် ဒုရ်ဂါး နတ်သမီးသည် စစ်ရှုံးမည့်နယ် နေ၏။ တတိယမြောက် ညနေတွင် နတ်သမီးသည် နတ်ဒေဝတာများ သလိုက်သည့် နတ်ငုဝါရည်တို့ကို သောက်ရန် စစ်ပွဲကို ခဏနား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နတ်သမီးသည် ဘီလူးသဘက်ကြီး၏ ရင်ကို မှိန်းဖြင့် တအားစိုက်လိုက်၏။ ဘီလူးသည်ဒဏ်ရာ အကြီးအကျယ်ရသဖြင့် သူ့ကိုယ်မှ ထွက်ရှိမည်ပြုရင်း သန်လျက်တစ်ချောင်းကို ကိုင်၍လာသော စစ်သည်တစ်ယောက်၏ ပါးစပ်မှ ထုတ်အန်လိုက်၏။ ဤတွင် နတ်သမီးကလည်း ထိုစစ်သည်၏ ဦးခေါင်းကို ဖြတ်ပစ်လိုက်၏။

ထိုစဉ်မှာပင် ဒုရ်ဂါးနတ်သမီးသည် ကိုယ်လုံး နက်မှောင်သွား၏ ကာလီနတ်သမီးဟု အမည်တွင်လာခဲ့သည်။ ကာလီနတ်သမီး၏ ကိုယ်သည် အားလုံးကို ဝါးမျိုစားသောက်သော ကာလတည်းဟူသော ပစ္စည်းကဲ့သို့ နက်မှောင်၏။ ကောင်းကင်နှင့် မြေကြီးသည် အောင်မြင်ခြင်း အထိမ်းအမှတ် ဖြင့် တေးသံတို့ဖြင့် မြည်ဟည်းလျက်ရှိ၏။

မိုးရာသီ ကုန်ဆုံးသည်နှင့် တစ်ပြိုင်နက် ကာလကတ္တားရှိ ရှစ်သန်းမျှသော ဟိန္ဒူတို့သည် ထိုအထိမ်းအမှတ်ပွဲတော်ကို လေးရက်တိုင်တိုင် တစ်နှစ်တစ်ခါ ကျင်းပကြသည်။ ထိုပွဲတော်လောက် ကြီးကျယ်ခမ်းနား၍ ထိုပွဲတော်လောက် အပျော်ကြူးသည့် ပွဲတော်မျိုးကမ္ဘာတွင် ရှိမည်မထင်။ ထိုလေးရက်အတွင်း ကာလကတ္တားမြို့ကြီးသည် အလင်းရောင်တွေထိန်နေသည့် မြို့တော်ကြီး ဖြစ်သည်။ ပျော်ရွှင်မှုနှင့် မျှော်လင့်ချက်တွေ ဝေနေသည့် မြို့တော်ကြီးဖြစ်သည်။ ပွဲတော် မကျင်းပမီ လပေါင်းများစွာကပင်လျှင် ပွဲတော်အတွက် ပြင်ဆင်နေကြလေပြီ။ အိုးထိန်းသည်တို့ နေထိုင်ရာရပ်ကွက်၌ အိုးထိန်းသည်တို့သည် ကာလီနတ်သမီးရုပ်တုကို ထုလုပ်ကြလေပြီ။ အိုးထိန်းသည်တို့သည် အကောင်းဆုံးရုပ်တု ထုလုပ်နိုင်ရန် အပြိုင်အဆိုင် ကြိုးပမ်းကြ၏။ ကောက်ရိုး ကျစ်ထားသည့် အောက်ခံပေါ်တွင် အိုးထိန်းသည်တို့သည် ရွှံ့ပုံများကို လောင်းကြည့်ကြ၏။ ထို့နောက် ဆေးခြယ်ကာ အဝတ်အစားတို့ ဆင်မြန်းကြ၏။ ထို့နောက် မိသားစုများ၊ စက်ရုံများ၊ ကော်မတီများ၊ အသင်းအဖွဲ့များက မှာကြားသည့် ဒုရ်ဂါးနတ်သမီး သို့မဟုတ် ကာလီမယ် တော်ပုံတို့သည် နေရာတိုင်းသို့ ရောက်၏။ ကာလကတ္တားမြို့ကြီးရှိ လမ်းမများ၊ ကွက်လပ်များ ပန်းခြံများထဲတွင် ထိုးထားသည့် မဏ္ဍပ်များထဲရှိ မျက်နှာကြက် များအောက်တွင် ကာလီမယ်တော်ရုပ်ပုံများကို နေရာအနှံ့အပြားတွင် တွေ့နိုင် သည်။ တစ်ဦးနှင့် တစ်ဦး မဏ္ဍပ်ပြိုင်ကြသည်။



ထိုပွဲတော် မတိုင်မီတွင် ကိုဗာစကီးထံသို့ လူကြီးနှစ်ဦးရောက်လာသည်။ သင်းတို့မှာ သုခမြို့တော်ရပ်ကွက်ရှိ ကာလီမယ်တော် ပူဇော်ရေး မဏ္ဍပ်ကြီးမှ လူကြီးများဖြစ်ကြသည်။ ထိုသူများသည် သူတို့ရပ်ကွက်နှင့် မလိုက်အောင် ခမ်းနားစွာ ဝတ်ဆင်၍ ရောက်လာကြကာ သူ့ကို မှတ်စုစာအုပ်ကလေးတစ်အုပ် ပြကြသည်။ ထိုမှတ်စုထဲတွင် အလှူရှင်များ၏ စာရင်းကို ရေးမှတ်ထားသည်။

ရပ်ကွက်လူကြီးနှစ်ယောက်သည် သူ့ကိုလည်း သူတို့သတ်မှတ်ထားသည့် အတိုင်း အလှူငွေထည့်ရန် မေတ္တာရပ်ခံကြသည်။ ရပ်ကွက်ကလေးထဲတွင် အိမ်ဝင်တစ်အိမ်ထွက်ဖြင့် ကောက်ခံခဲ့ရာ ထိုနေ့တစ်မနက်တည်းတွင်ပင် ငွေတစ်ထောင်ကျော် ရခဲ့လေပြီ။

ကိုဗာစကီးသည် ထိုပွဲတော်အတွက် ထိုမျှငွေတွေ သုံးရသည်ကိုကြည့်၍ အံ့မကောင်းဖြစ်သွားသည်။ ထိုမျှ ဆင်းရဲသည့် ရပ်ကွက်ကလေးထဲတွင် ထိုမျှများသော ငွေများကို ကောက်ရသည်မှာ ခဲယဉ်းလိမ့်မည်ဟုလည်း သူထင်သည်။ သို့ရာတွင် သူ့အထင် မှားနေပြန်ပြီ။ အိန္ဒိယပြည်သားများသည် နတ်ဒေဝတာများနှင့် ကင်း၍ မနေနိုင်ကြောင်းကို သူသဘောမပေါက်နိုင်။ မိုးခေါင်ခြင်း၊ စီးပွားပျက်ခြင်း၊ အလုပ်ရခြင်း၊ မိုးခေါင်ခြင်း၊ ဝတ်မှုတ်ခြင်း၊ ရောဂါရခြင်း၊ သေခြင်း စသည်တို့သည် နတ်ဒေဝတာတို့ကြောင့် ဖြစ်ရသည်ဟု သူတို့ ယုံကြည်ကြသည်။ ထို့ကြောင့်ပင်လျှင် အိန္ဒိယပြည်သမိုင်းတွင် အမိုင်းရေးအရ ထူးခြားသည့် နေ့ရက်များကို ထိုမျှလောက် ခမ်းခမ်းနားနား ကျင်းပခြင်းမရှိဘဲ ပူဇော်ပွဲများကို ခမ်းနားစွာ ကျင်းပခြင်း ဖြစ်ဟန်တူသည်။ အိန္ဒိယပြည်အတွက် အရေးအကြီးဆုံးဖြစ်သည့် လွတ်လပ်ရေးနေ့ကိုပင် ထိုမျှ ခမ်းနားစွာ ကျင်းပခြင်းမရှိ။ ထိုအခါတွင် ကာလကတ္တားမြို့ကြီးကား အဆိုးဆုံး သော ကာလကတ္တားမြို့ကြီးသည် အခြားသောမြို့များထက်ပင် နတ်ဒေဝတာ တို့ကို ယုံကြည်သေးသည်။

နေ့တိုင်းလိုလိုပင် ကာလကတ္တားတွင် နတ်ပွဲတစ်ခုခုတော့ ရှိနေတတ်သည် သာ။

လွန်ခဲ့သည့် တစ်ပတ်က ကိုဗာစကီးသည် ချစ်ပူရီလမ်းတွင် ဗုံမောင်းတွေ တီးလာသည့် တီးဝိုင်းတစ်ဝိုင်းနှင့် သွားတိုးနေသည်။ သူတို့တီးဝိုင်းကြောင့် တစ်လမ်းလုံး ပိတ်ဆို့နေလျက် ကပြသူများသည် သူတို့ ပုရောဟိတ်ဟူစိမ့်နေ အမည်ကို ရွတ်ဆိုကာ ခေါင်းပေါ်တွင် ဓားများကို ဝှေ့ယမ်းကပြကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စားသွားများကို ဝေ့ယမ်းကပြကြသည်။ စားသွားများမှာနေရောင်ဖြ
တပြောင်ပြောင်လက်နေသည်။ ထိုပွဲမှာ မူဆလင်ဘာသာဝင်တို့၏ နှစ်စဉ်
ကြီးဆိုသည့် မဟာရန်ပွဲတော်ဖြစ်သည်။ ကာလကတ္တားတစ်မြို့လုံးမှာကဲ့သို့
ကိုဖာစကီးနေသည့် ဆင်းရဲသား ရပ်ကွက်ကလေးထဲတွင်လည်း ရှိအာမူဆ
ဘာသာဝင်ကိုသည် အဝတ်သစ် အစားသစ်တို့ကို ဝတ်လျက်။ ထိုပွဲတော်နေ့သ
အစိုးရရုံးပိတ်ရက် မဟုတ်လော။ ကာလကတ္တားမြို့သည် ဘာသာ
အသွယ်သွယ်၊ မျိုးနွယ်အသီးသီးတို့နေထိုင်ရာ မြို့ကြီးဖြစ်ရာ သူ
ပွဲတော်များအတွက် ရုံးပိတ်ရက်သည် တစ်နှစ်လျှင် ဆယ့်လေးရက်နှင့်နှင့်ရှိသည်

ထိုပွဲတော်မတိုင်မီ လွန်ခဲ့သော နှစ်ရက်ကလည်း နာဇာမူဒင်လမ်း
ကလေးရှိ လူများသည် ဆူညံမြည်ဟည်းလှသော ဗြောက်အိုးသံကြော
လန့်နိုးလာခဲ့ကြသည်။ ထိုရပ်ကွက်ထဲရှိ ဆစ်ဘာသာဝင်များက သူတို့ဆစ်ဘာသာ
ဝင်များ ကိုးကွယ်သည့် ဂုရုဏာနက်၏ မွေးနေ့ကို ကျင်းပသောကြောင့်ဖြစ်သည်
ဦးပေါင်းထုပ်ပေါင်းထားကာ သူတို့ရိုးရာ ကိုင်နေကျဖြစ်သော ကာဝန်ဓားကော
များကို ကိုင်ထားသည့် ပန်ချာပီအမျိုးသားများသည် ထိုရပ်ကွက်ကလေးထဲ
ဆစ်ဘုရားကျောင်းသို့ အိုးစည်ဗုံမောင်းများဖြင့် လှည့်လည်လာကြသည်
ကာလကတ္တားမြို့တော်ကြီးရှိ အခြားရပ်ကွက်များတွင်လည်း ပန်ချာပီအမျိုးသ
များသည် လှည်းများတွင် ပန်းကုံးများ ဆင်ယင်ကာ ရပ်ကွက်အသီးသီး
ဆစ်ဘုရားကျောင်းသို့သွား၍ ပူဇော်ကြသည်။ ဘုရားကျောင်းထဲတွင် ဆစ်ဘာသာ
ဝင် ဘုန်းတော်ကြီးများက ဆစ်ဘာသာဝင်တို့၏ ဂရန်ကျမ်းစာကို အသံ
ရွတ်ဖတ်ကြသည်။ မိုင်ဒန်ကွင်းကြီးထဲတွင် ကြီးမားသော ရွက်ထည်တဲ
တစ်လုံးထိုးကာ ပွဲတော်ကျင်းပကြ၏။ ထိုပွဲတော်သို့ သူတို့ရပ်ကွက်ရှိ ပန်ချာ
အမျိုးသားများ၏ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ပရိယေသနအားဖြင့် တ
ဒရိုင်ဘာလုပ်သည့် ပန်ချာပီ အမျိုးသား ဂိုဗန်ဆင်းက ဖိတ်သဖြင့် ကိုဖာစ
သည် ထိုပွဲတော်သို့ ရောက်သွား၏။ လည်တွင်ပဝါသိုင်းကာ ပန်ချာပီဘောင်း
ကျပ်ကို ဝတ်ထားသည့် ပန်ချာပီ အမျိုးသမီးကြီးများ၊ ခေါင်းတွင် ဦးပေါင်း
များကို ပေါင်းထားကာ မုတ်ဆိတ်ဖွားဖွားတွေရှိသော ပန်ချာပီအမျိုးသားမျ
ထောင်ပေါင်းများစွာ လာရောက်ကြသည်။ ထမင်းနှင့် ဟင်းရွက်ကြော်
ထည့်ထားသည့် ဇန်းကြီးများကို ကိုင်ထားသည့် ဧည့်ခံသူများက ဧည့်သည်တို
၏ ရှေ့တွင် ငှက်ပျောရွက်ခင်းကာ ထမင်းဟင်းတို့ကို ခပ်ထည့်ပေးကြသည်
မျက်လုံးတွင် ခိုရောင်တွေခြယ်ထားသည့် မိန်းမပျိုကလေးများက တစ



ပြီးလျှင် စွန့်ပစ်ရမည့် မြေအိုးခွက်ကလေးများထဲတွင် နို့နှင့် လက်ဖက်ရည်
ထည့်ပေးကြသည်။ ထိုနေ့ တစ်နေ့လုံး အသံချဲ့စက်မှ အသံများသည်
ညံမြည်ဟည်း လျက်ရှိကြ၏။

ထို့အလျင်တစ်ရက်ကလည်း ဟူဂလီမြစ်တစ်ဖက်ကမ်းရှိ ဘရားဘဇား
ဈေးကြီးတစ်ဝိုက်တွင် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့သေးသည်။ ထိုပျော်ပွဲ
ပွဲများမှာ ဂျိန်းဘာသာဝင်တို့၏ ပွဲဖြစ်၏။ ရှေ့ဆုံးက မြင်းရုပ်ကြီးနှစ်ရုပ်ကို
ထားပြီး ထို့နောက်တွင် ဂျစ်ကားဘော်ဒီကိုဆွဲလာသည်။ မော်တော်ကားများ၊
ကြီးများ၊ လန်ချားများ၊ ထောင်ပေါင်းများစွာ လမ်းသွားလမ်းလာများကြား
တွင် လူတန်းကြီးများ လှည့်လည်လာလေသည်။ အလယ်တွင် ပန်းရထားကြီး
စီးကို ဆွဲလာပြီး ပန်းရထားပေါ်တွင် သူတို့ဂိုဏ်း၏ အကြီးအကဲဖြစ်သူ
လိုက်လာသည်။ လမ်းဘေးတွင်ရှိသည့် ဂျိန်းဘာသာဝင်တို့က အိုးစည်ဗုံမောင်း
လင်းကွင်းများကို ဆူညံစွာ တီးမှုတ်ပူဇော်ကြသည်။

သို့ရာတွင် ကာလကတ္တားမြို့ရှိ ဘာသာရေးပွဲတော်များအနက်
ဘာသာဝင်တို့၏ ဒုရ်ဂါးမယ်တော်ပူဇော်ပွဲကား အကြီးဆုံးဖြစ်၏။ နှစ်ကာလ
သောင်းသဖြင့် ထိုမယ်တော်ပူဇော်ပွဲသည် ကုန်စည်တို့ကိုကြော်ငြာသည့်
ပွဲ အသွင်သို့ ဆောင်သည့်တိုင် ကာလကတ္တားမြို့တွင် အကြီးကျယ်ဆုံးသော
သာရေးပွဲတော်ကြီးဖြစ်နေသေးသည်။ ဖိုဖောင်ဒေးရှင်း၏ အဆိုအရ
ရပ်ကွက်ရှိ ဆင်းရဲသားများ၏ အခြေအနေသည် သက္ကရာဇ် ၂၀၂၀ အထိ
တိုးတက်လာဦးမည်မဟုတ်ဟုဆိုသော်လည်း ထိုဒေသမှာလောက်
သာရေးတရားတို့ကို လေးနက်ယုံကြည်သောနေရာဟူ၍ ရှိမည်မထင်။
ဆင်းရဲငတ်ပြတ်စေကာမူ သူတို့အစဉ်အလာဖြစ်သော ဘာသာရေးပွဲတော်
စိတ်အားထက်သန်စွာဖြင့် တခမ်းတနားကျင်းပကြရာ ကမ္ဘာတွင် ထိုမျှကြီး
ယ်သော ဘာသာရေးအခမ်းအနားဟူ၍ ရှိမည်မထင်တော့။

မည်မျှ ဆင်းရဲငတ်ပြတ်ကြသည့်တိုင် ထိုဒေသမှလူများသည် ထမင်း
တ်ခံကာ ပွဲတော်တွင်ဝတ်ဖို့ ဝတ်ကောင်းစားလှများကို ဝယ်ကြသည်။
ကြွေးတင်ခံကြသည်။ သူတို့အဖို့ ပွဲတော်သည် ဘာသာကိုးကွယ်မှုကို ဖော်ပြ
ပုံသဏ္ဌာန်တစ်ခုဖြစ်နေသည်။

အလှူခံပုဂ္ဂိုလ်အစစ်တွေရှိသလို၊ အလှူခံပုဂ္ဂိုလ်အလိမ်တွေလည်း ဒုနဲ့ဒေး
သည်။ အလှူခံလိမ်တို့သည် ဆင်းရဲသားတို့၏ ထမင်းဝန်းကန်ထဲမှ ထမင်းကို

www.burmeseclassic.com

www.burmeseclassic.com





လိမ်စားကြသည်။ သူတို့ သုခမြို့တော်တွင် ထိုသို့သော အလှူခံလိမ်ေ ပေါ်ပါဘိခြင်း။ သူတို့သည် အကြောင်းအမျိုးမျိုးပြကာ လန်ချားသမားမျ ဆိုက်ကားသမားများ၊ ချယ်ဂါရီသမားများထံမှ အလှူခံကြသည်။လမ်းမကြီး ပေါ်သို့ထွက်၍ ဘတ်စ်ကားများ၊ လော်ရီကားများကို ရပ်ခိုင်းပြီး ဒရိုင်ဘာမျ ခရီးသည်များထံမှလည်း အလှူခံတတ်ကြသည်။ သုခမြို့တော် အစွန်တွင် သည့် ကိုယ်ရေရောဂါသည်များကိုပင် သူတို့ အလွတ်မပေးကြ။ ထိုအလှူ များသည် သက်ဆိုင်ရာကျောင်းကန်ဘုရားများ၏ အလှူခံသေတ္တာထဲ ဘယ်လောက်ရောက်ပြီး သူတို့အိမ်များထဲသို့ ဘယ်လောက်ရောက်သွားသည် မည်သူမျှမသိနိုင်ပြီ။

ပွဲတော်နေ့ နီးကပ်လာသည်နှင့် သူတို့ ရပ်ကွက်ထဲတွင် မဏ္ဍပ်ေ အလျှိုလျှိုပေါ်လာတတ်ပြီး မဏ္ဍပ်များတွင် ပန်းကုံးတွေ ဆင်လျက်။ မဏ္ဍပ်ပန် ဆရာတို့က မဏ္ဍပ်များတွင် ဆေးရောင်စုံတွေ ခြယ်သကြသည်။ ဘုရားကျောင် ဆင်းတုများတွင်လည်း ပန်းခွေတွေဖုံးလျက်၊ စံပယ်၊ နှင်းဆီ၊ သော်ကစသည် ပန်းမျိုးစုံနေသည်။

ထိုပန်းများ၏ ရနံ့သည် ပတ်ဝန်းကျင်တွင်ရှိသည့် အပုပ်နံ့ဟူသမျှ လွှမ်းခြုံသွားသည်။ မဏ္ဍပ်တွေ ပြင်ဆင်ထားသည်မှာလည်း တစ်ခုနှင့်တစ် အနိုင်ရအောင် ပြိုင်နေကြသည့်နှယ်။ ဓဏ္ဍပ်တိုင်းတွင် လျှပ်စစ်မီးရောင်စုံမျ မီးမောင်းကြီးများသာမက အချို့မဏ္ဍပ်တိုင်များတွင်ဆိုလျှင် ဝီတိုရိယခေတ် မီးပဒေသာပန်းဆိုင်းကြီးတွေပင် ပါလိုက်သေးသည်။ အသံချဲ့စက်များမှ ပေါ်ထွ လာသည့် တေးဂီတသံတို့ကလည်း ဆင်းရဲသား ရပ်ကွက်ကလေးတစ်ခုလုံးတွ ဆူညံလျက်။ အိန္ဒိယပြည်တွင် ပွဲတိုင်း ဂီတမပါလျှင် မပြီး။

ထိုသို့သော ပွဲတော်ချိန်မျိုးဆိုလျှင် ဟိန္ဒူဘာသာဝင်များသာ ခရစ်ယာန် ဘာသာဝင်များနှင့် မွဆလင်ဘာသာဝင်တို့သည်လည်း အငြိမ်ေ ကြ။ သူတို့ တဲကလေးများကို သန့်ရှင်းကြသည်။ ဈေးများ၊ အိမ် ဥပစာမျ ရေတွင်းပေါင်များကို ဆေးသုတ်ကြသည်။ ကိုတာစကီး၏ တဲငယ်ကလေးရှေ့တွ ရှိသည့် လက်ဖက်ရည်ဆိုင်မှ ဟိန္ဒူဆိုင်ပိုင်ရှင်ကြီးသည် သူ့အိမ်ရှေ့ကို ဆေ လာသုတ်ပေးသည်။ ထိုနေ့မျိုး၌ ကာလကတ္တားတွင် ရှိသမျှသော ဆင်းရဲသ အပေါင်းတို့သည် အဝတ်သစ် အစားသစ်များကို ထုတ်ဝတ်ကြသည်။ မရှိသူ က ထိုနေ့အတွက် အဝတ်အစားအသစ်ဝယ်သည်။ ကာလကတ္တားရှိ အထည်ဆို

ြီးများ အားလုံးကလည်း အဝတ်အထည်များကို လျှော့ဈေးဖြင့် ရောင်းကြသည်။

ပွဲတော်နေ့သို့ရောက်၍ ညနေခြောက်နာရီ ထိုးသည်နှင့် လွှမ်းဆွတ်ဖွယ် သင်းမှုတ်သံများနှင့် အဆက်မပြတ် ဗုံတီးသံများကို ကြားရတတ်သည်။ င်းမှာ ဒုရ်ဂါး မယ်တော်ပူဇော်ပွဲ စတင်သည့် အထိမ်းအမှတ်ပေတည်း။ နေ့တွင် သုခမြို့တော်မှ ဆင်းရဲသူ ဆင်းရဲသားများသည် ကာလကတ္တားရှိ ခြားရပ်ကွက်များမှ မြို့သူမြို့သားများကဲ့သို့ ဝတ်ကောင်းစားလှတို့ကို ်ဆင်ကာ မဏ္ဍပ်များသို့ လာကြသည်။ အမျိုးသားများက ဘောင်းဘီရှည်ပေါ် င် လည်ပင်းထိအောင် ကြယ်သီးတပ်ထားသည့် ရှာဝါနီဝတ်စုံများကို ်လျက်။ အမျိုးသမီးများက အစိမ်းရောင် ဆာရီများနှင့် နားဆွဲများကို ်ဆင်လျက်။

ထိုနေ့တွင် ဘောပင်စက်ရုံတွင် အလုပ်လုပ်သည့် မာဘူ၏ သားကြီးသည် ည်းကောင်း၊ သူ့ညီမငယ်များသည် လည်းကောင်း၊ သန်ကောင်တွေ ်သဖြင့် ဗိုက်ကြီးကားနေသည့် သူ့ညီမအငယ်သည် လည်းကောင်း လှပ ်ရယ်စွာ ပြင်ဆင် ဝတ်စားကာ ပွဲတော်သို့ လာကြသည်။ သူတို့နှင့်မလှမ်းမကမ်း င် ရှိသည့် လက်ဖက်ရည်ဆိုင် ပိုင်ရှင် ဟိန္ဒူအဘိုးကြီးသည်လည်း ်သို့ သွားသည်ကို လှမ်းမြင်လိုက်ရသည်။ အဘိုးကြီးမှာ သျှိဝနတ်မင်း ကိုးကွယ်သူတို့ ထုံးစံအတိုင်း နဖူးတွင် ပြာသုံးချက် တို့ထားသည်။

ပူဇော်ပွဲ စတုတ္ထမြောက်နေ့တွင်မူ ကာလကတ္တားမြို့တွင်းရှိ ဒုရ်ဂါးမယ် ်၏ ရုပ်တုဟူသမျှသည် လှည်းများပေါ်သို့ရောက်နေကြလေပြီ။ ထိုလှည်းများ ည်လည်း ပန်းကုံးတွေ၊ ပန်းပွားတွေ ဆင်ယင်ထားကြသည်။ ထိုလှည်းများ က်တွင် ဗုံမောင်းသံတွေ၊ လင်းကွင်းသံတွေ၊ ခရာသင်းသံတွေ ဆူညံလျက်။ လူတန်းကြီးသည် ဟူဂလီမြစ်ကမ်းတိုင်အောင် ရှည်လျားသည်။ ထိုအချိန် င် ကာလကတ္တားမြို့ရှိ အခြားသော ရပ်ကွက်များမှ လှည်းတန်းကြီးများသည် ည်း ပန်းကုံးများ၊ ပန်းပွားများကို ဆင်ယင်ကာ ဒုရ်ဂါး မယ်တော်ကို ဆောင်လျက် ဟူဂလီမြစ်ကမ်းဆီသို့ လာနေကြသည်။ အချို့မှာ လှည်းများ ဟုတ်ဘဲ လော်ရီကြီးများ၊ တက္ကစီများ၊ ကိုယ်ပိုင်ကားများ၊ ဆိုက်ကားများ၊ ်ချားများဖြင့် ဒုရ်ဂါးမယ်တော် ရုပ်တုကို ပူဇော်ရန် မြစ်ဆိပ်သို့ ပင့်လာ သည်။ သို့ဖြင့် ဟူဂလီမြစ်ကမ်းတွင် ထောင်ပေါင်းများစွာသော ဒုရ်ဂါးမယ် ်၏ ရုပ်တုများသည် ရောက်ရှိနေကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှ မျှားပြားသော လူများ၊ ယာဉ်များထဲတွင် ၁၉၉၉ ဟု နံပါတ်ပြ... တပ်ထားသော ဟာစရီပါး၏ လန်ချားကိုလည်း တွေ့ရသည်။ ဟာစရီပါးသည် သူ့လန်ချားပေါ်တွင်ပါသည့် ဒူရ်ဂါးမယ်တော်၏ ရုပ်တုကို ပြန်လှည့် ကြည့်မိ၏။ သူ့လန်ချားအိုပေါ်တွင် ပါလာသည့် ဒူရ်ဂါးမယ်တော် ရုပ်တု... လူတစ်ရပ်လောက်ရှိပေလိမ့်မည်။ လက်မောင်းက ဆယ်ချောင်း၊ ဆံပင်... ရှည်လျားမည်းနက်လျက်။ ခေါင်းထက်တွင် ရွှေမကိုဋ်ကို ဆောင်းထားသည်... မယ်တော် စောင်မတဲ့အတွက် ငါ့လန်ချားအိုကလေးတောင် နတ်ကွန်းတစ်ခု... သားသားနားနားဖြစ်လို့ပါကလားဟု တွေးမိရင်း ဟာစရီပါး ပီတိဖြစ်နေသည်။

ထိုနေ့ညနေ၌ ထောင်ပေါင်း သောင်းပေါင်းများစွာသော ကာလကတ္တား မြို့သူမြို့သားများသည် ဟူဂလီမြစ်ကမ်းတွင် ကမ်းလုံးညွတ်မျှ ကြိတ်ကြိတ် တိုးနေကြသည်။ ဟာစရီပါးသည် ရေစပ်သို့ရောက်အောင် အတန်ကြာ... လန်ချားကို ဆွဲလာရသည်။ ရေဆိပ်သို့ရောက်၍ နောက်မှ လန်ချားတစ်စီး... လိုက်လာသော မယ်တော်ပင့်သူ မိသားစုက မယ်တော်ရုပ်တုကို ဖြည်းညင်း... လန်ချားပေါ်မှချကာ ပန်းကုံးတို့ဖြင့် ထပ်မံ ပူဇော်ပြီးလျှင် ရေသို့ချသည်။ ဟာစရီပါးသည် ရေစီးဖြင့် မျောပါသွားသော ဒူရ်ဂါးမယ်တော်၏ ရုပ်တု... ငေးကြည့် ကျန်ရစ်ခဲ့သည်။

အခြား ထောင်ပေါင်းများစွာသော ဒူရ်ဂါးမယ်တော် ရုပ်တုများနည်း... ထိုရုပ်ထုသည်လည်း ကာလကတ္တားမြို့သူမြို့သားများ၏ ပျော်ရွှင်မှုများ၊ ဆင်း... များကို အပြောကျယ်သော ပင်လယ်ကြီးများဆီသို့ သယ်ဆောင်သွားခဲ့လေပြီ။

## ၃၂

ကာလကတ္တားမြို့ရှိ ပြင်သစ်ကောင်စစ်ဝန်စာရေးသည် အခန်းတံခါးကို... မခေါက်တော့ဘဲ ကောင်စစ်ဝန်၏ ရုံးခန်းသို့ အယားဖားယားဖြင့် ဝင်လာ...

“အပြင်မှာ အိန္ဒိယအမျိုးသမီးတစ်ယောက်ရောက်နေပါတယ်၊ ကောင်စစ်... ဝန်မင်း၊ ကောင်စစ်ဝန်နဲ့ ချက်ချင်း တွေ့ချင်တယ်တဲ့၊ သူနေတဲ့ ဆင်းရဲသား...



...ကွက်တစ်ခုမှာ ပိုလန်အမျိုးသား သာသနာပြုတစ်ယောက် ကာလဝမ်းရောဂါ ...သည်းအသန်ဖြစ်နေတယ်တဲ့၊ သူ့မှာ ပြင်သစ်နိုင်ငံကူးလက်မှတ်ပဲရှိတယ်တဲ့၊ ...ကြောင့်မို့ ပြင်သစ်ကောင်စစ်ဝန်ဆီကို လာတွေ့တာတဲ့၊ သူ့ကို ဆေးတိုက်ကို ...ယ်ဆိုတော့ မသွားဘူးလို့ ငြင်းနေပါတယ်တဲ့၊ အဲဒီဆင်းရဲသားရပ်ကွက်မှာ ...တဲ့ တခြားလူနာတွေလိုပဲ သူ့ကို ပြုစုပါလို့ ပြောတယ်တဲ့”

ပြင်သစ်ကောင်စစ်ဝန်ဂျူးမောင်သည် အသက်ခြောက်ဆယ့်နှစ်နှစ် ...ပြီ။ ဝတ်စုံကို အပြည့်အစုံ ဝတ်ထားပြီး အင်္ကျီတွင် ပြင်သစ်လီဂျင်းအော်အော် ...း တံဆိပ်ကြီးကို ချိတ်ထား၏။

ပြင်သစ် ကောင်စစ်ဝန်သည် မုတ်ဆိတ်ကို ကုတ်လိုက်ပြီးနောက် ...ခန်းအဖြစ် လုပ်ထားသည့် အပြင်ဘက် စင်္ကြံသို့ထွက်လာခဲ့သည်။ အာရှ ...င် ကောင်စစ်ဝန်လုပ်လာခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်ရှိလေပြီ။ ထိုနှစ်များ ...တွင်း၌ ပြင်သစ်အမျိုးသားတွေ၊ ပြင်သစ်နိုင်ငံကူးလက်မှတ် ဆောင်ထားသူ ...သူ့ကို မကြာခဏလာ၍ ဒုက္ခပေးပေါင်းများလှလေပြီ။ ဟစ်ပီများ၊ ...သမားများ၊ လေလွင့်နေသူများ၊ ကမ္ဘာလှည့်ခရီးသည်များ သူ့ထံမကြာခဏ ...ရောက်ကာ အလုခံရသဖြင့် သူတို့ကို ဆိုင်ရာသို့ ပြန်ပို့ရသည့်အကြိမ် ...င်းမှာ မရေတွက်နိုင်တော့ပြီ။ သူ့ထံလာ၍ အကူအညီတောင်းသူ မှန်သမျှကို ...နိုင်သမျှ အကူအညီပေးခဲ့သည်ချည်းဖြစ်၏။ သို့ရာတွင် အိန္ဒိယ ဆင်းရဲသား ...ကွက်ထဲတွင် လာနေသည့် ကာလဝမ်းရောဂါဖြစ်နေသော သာသနာပြု ...ယောက်ကိုမူ ယခုတစ်ကြိမ်သာ တွေ့ဖူးသေးသည်။

သုခမြို့တော်ရှိ သဟာယအသင်းမှ အမှုဆောင်များဖြစ်သည့် ရှန်တာနှင့် ...ဂီတာတို့ မနေ့က ကိုဗာစကီးထံရောက်လာသည့်အခါတွင် တဲစုတ်ကလေးထဲ ...မှ မြောနေသော ကိုဗာစကီးကို တွေ့ကြရသည်။ သူ့ကိုယ်မှာ ခန်းခြောက်လျက် ...ပြီ။ သူ့သွေးပတ်ဝန်းကျင်မှာလည်း အန်ဖတ်တွေ၊ အညစ်အကြေးတွေ ...ပွလျက်။ ရောဂါပိုးတို့သည် သူ့ကိုယ်တွင်းမှ ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့ကို ...စားသောက်လျက်ရှိသည်ထင်ရ၏။ သူ့ကြွက်သားများမှာလည်း ပျော့တွဲ ...ကျရှိလေပြီ။

အရိုးပေါ်တွင် အရေတင်လျက်ရှိသော သူ့အသားအရေသည် ကျား ...သည့်နယ် တင်းနေလေပြီ။ ကိုဗာစကီးသည် သတိရနေသေးသည့်တိုင် ...မပြောနိုင်တော့ပြီ။ စကားကလေးတစ်ခွန်းထွက်နိုင်အောင် အားထုတ်ရခြင်း

www.burmeseclassic.com

www.burmeseclassic.com



သည် သူ့ကိုယ်ထဲတွင် ကျန်သည့်နောက်ဆုံး အားအင်တို့ကို ဆောင်သွားမ မည်လောဟုပင် ထင်ရသည်။

ရှန်တာနှင့် မာဂရီတာတို့သည် သူ့ရောဂါကို ချက်ချင်းသိလိုက်ကြသည် သူ့ရောဂါက အခြားမဟုတ်၊ ဒေါင်ဒေါင်မြည် ကျန်းမာသည့် လူကြီးတစ်ယော ကိုပင် ချက်ချင်း ဝိညာဉ်နုတ်ယူသွားနိုင်သည့် ကာလဝမ်းရောဂါဖြစ်သည်

မနေ့ညကတည်းက ကိုဗာစကီးသည် ရောဂါလက္ခဏာတို့ကို သတိပြု သည်။ ဗိုက်ထဲမှ ရစ်ရစ်နာကာ အိမ်သာသို့ မကြာခဏသွားခဲ့၏။ အပူရှိန် ထန်သည့်တိုင် သူ့တစ်ကိုယ်လုံးသည် ခိုက်ခိုက်တုန်နေသည်။ လက်မျ ခြေဖျားတွေ ယားလာသည်။ ထိုနောက်တွင် ကြွက်သားတွေ လှုပ်လာသ သူ့ခြေထောက်များသည် ပြာစပြုလာကြသည်။ သူ့အသားအရေသည် ခြော ခန်းသွားကာ ရှုံ့တွတွန့်လိမ်စပြုလာသည်။ ချွေးတွေ မတရားထွက် တစ်ကိုယ်လုံး အေးစက်စပြုလာသည်။ သူ့မျက်နှာပြင်မှ ကြွက်သားများသ လျော့ကျသွားကာ ပါးပြင်သည် မေးရိုးပေါ်တွင်ဆွဲ၍ ကားကျက်ထားသည့် တင်းစပြုလာ၏။ ထိုနောက် နှာခေါင်း၊ နဖူးနှင့် ခေါင်းခွံတို့ပင် တင်းလာသည်ဟု ထင်လိုက်ရသည်။ မျက်လုံးနှင့် ပါးစပ်တို့လည်း ကောင်းဖွင့်မရချင်တော့ပြီ။ ကိုဗာစကီး၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ ဆတ် တုန်စပြုလာ၏။ ရေသောက်ဖို့ ကြိုးစား၏။ သို့ရာတွင် သူ့လည်ချောင်းသ အကြောတို့ မရှိတော့သည့်နှယ် မျို၍မရတော့ပြီ။ မနက်ငါးနာရီလော ရောက်သည့်အခါတွင်မူ သွေးလည်းကောင်းကောင်း စမ်းမရတော့။ ထို ကိုဗာစကီးသည် သတိမေ့သွားသလိုဖြစ်သွားသည်။

အိပ်ရာမှ နိုးသည့်အခါတွင် ကိုဗာစကီးသည် အိမ်သာတက်ချင်လာ သည်။ သို့ရာတွင် မတ်မတ်ပင် မရပ်နိုင်တော့ပြီ။ ဒူးထောက်၍လည်း မ နိုင်တော့ပြီ။ ထိုနေရာမှာပင် အခင်းကြီးသွားရတော့သည်။ ခဏကြာ သူသေတော့မည်ကို သိလေပြီ။ သို့ရာတွင် ကိုဗာစကီးသည် ထိတ်လန့် မဖြစ်မိ၊ အင်အားချည့်နဲ့နေဆဲမှာပင် ကိုဗာစကီးသည် သန္တိသုခကိုရနေသ

ထိုသို့ သန္တိသုခကို ခံစားနေချိန်တွင် အိန္ဒိယအမျိုးသမီးနှစ်ယော ရောက်လာခြင်းဖြစ်သည်။ သို့ရာတွင် ရှန်တာနှင့် မာဂရီတာသည် သူ ဆရာကြီးကို သည်လိုအခြေအနေတိုက် အသေမခံနိုင်။ မာဂရီတာသ ရေအင်တုံတစ်လုံးကို ယူလာကာ သူ့ဆရာကြီး၏ မျက်နှာနှင့် ကိုယ်ခန္ဓာ



ကြွတ်လာစေရန် ရေဖတ်တိုက်ပေးသည်။ မာဂရီတာသည် ဆရာကြီး၏ ခန္ဓာကိုယ်တွင် ရေခန်းသွားခြင်း ရှိမရှိကို သတိထားကြည့်သည်။ ကိုယ်ခန္ဓာထဲ သို့ အားရည်သွင်းပေးနိုင်မှသာ ဝမ်းရပ်သွားပြီး အသက်ရှင်နိုင်ကြောင်းကို သူသဘောပေါက်သည်။ သူတို့ဆရာကြီးကို အထူးကြပ်မတ် ကုသရေးဌာနသို့ ပို့ဖြစ်တော့မည်။

"ဆရာကြီး သတိထားနော်၊ ဆရာကြီးကို ဘယ်လီဗျူးပို့ပေးမယ်၊ သည်းခံထားဦး" ဟု မာဂရီတာက သူ့ဆာရီစွန်းဖြင့် မျက်နှာကို ရေဆွတ် သုတ်ပေးရင်းပြောသည်။

ကာလကတ္တားရှိ အဆင်းရဲဆုံးဆိုသော ဆင်းရဲသားများပင်လျှင် ပန်းခြံ လမ်းမကြီးပေါ်ရှိ ဘယ်လီဗျူးဆေးတိုက်ကို သိကြသည်။ ကာလကတ္တားရှိ အကောင်းဆုံးသော နာမည်ကြီး ဆရာဝန်များသည် ထိုဆေးတိုက်သို့လာ၍ ဓနရှင်ကုန်သည်ကြီးများကို ခွဲစိတ်ကုသပေးကြ၏။ အစိုးရအရာရှိကြီးများ၊ ကာလကတ္တားရှိ နိုင်ငံခြားသားများကို ကုသပေးကြ၏။ ထိုဆေးတိုက်တွင် ခုတင်ခင်းသန့်ရှင်း၍ ဆေးဝါးပြည့်စုံသဖြင့် အနောက်တိုင်းရှိဆေးတိုက်စံချိန် ကို မီ၏။ ဘယ်လီဗျူးဆေးတိုက်သည် အနောက်တိုင်းသား သခင်ဆပ်တစ်ဦး ဖြစ်သည့် သူတို့ဆရာကြီးကို ငြင်းဆန်မည်မဟုတ်ဟု မာဂရီတာ ယူဆသည်။

ကိုဗာစကီးသည် မျက်နှာကို ရှုံ့မဲ့လိုက်၏။ စကားပြောချင်သော်လည်း ထွက်မထွက်နိုင်တော့ပြီ။ မာဂရီတာသည် သူ့ကိုငုံ့ကြည့်သည်။ ကိုဗာစကီးသည် အစုတ်ကလေးမှ ဘယ်ကိုမျှ မထွက်ဟု ပြောချင်နေကြောင်းကို သူသဘော ပေါက်သည်။ သူ့ကို ရပ်ကွက်ရှိ လူဆင်းရဲများလို ကုသစေချင်ကြောင်း ပြောနေသည်ကို သူသဘောပေါက်သည်။ သုခမြို့တော်တွင် သည်လိုပင် ကာလဝမ်းရောဂါဖြစ်၍ သေဆုံးသွားကြသူများကို ကိုဗာစကီး မြင်ခဲ့ဖူးလေပြီ။ သူတို့သည် ဘယ်ဆေးရုံကိုမျှ မတက်ကြ။ သူတို့အထဲမှ အကြမ်းပတမ်းခံနိုင် သောသူများသည် အသက်ရှင်ကျန်ရစ်ခဲ့ကြပြီး မခံနိုင်သူတို့မှာ သေသွားခဲ့ ကြပြီ။ ကာလဝမ်းရောဂါဖြစ်သူ ဦးရေသည် မိုးတွင်းတွင်ဆိုလျှင် ပို၍ များလာတတ်သည်။ ခုတင်မရှိခြင်း၊ ဆေးဝါးမပြည့်စုံခြင်း၊ ဆရာဝန် မလုံလောက် ခြင်းတို့ကြောင့် ဆေးရုံများကလည်း လာသမျှ လူနာကို လက်မခံနိုင်ကြ ကြောင့် ကိုဗာစကီးသည်လည်း အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် ဆေးရုံ တက်၍ ကုသခြင်း မပြုလိုပေ။

www.burmeseclassic.com

www.burmeseclassic.com



ကိုဗာစကီးက သူတို့ကို မမျှော်လင့်ဘဲ ငြင်းဆန်နေသည့်အခါ ရှန်တာနှင့် မာဂရီတာတို့သည် အိမ်နီးနားချင်းများထံသို့ လာခဲ့ကာ အကူအ တောင်းကြသည်။ အားလုံးကပင် ဘုရားရှိခိုးကျောင်းမှ သင်းအုပ်ဆရာကို ပြောရန် သဘောတူကြ၏။ သင်းအုပ်ဆရာကို သွားပြောလျှင် သူတို့အချင်း တိုင်ပင်ကာ ဘယ်လိုဖျူးဆေးတိုက်သို့ ပို့ပေးလိမ့်မည်ဟု ယူဆကြသ သို့ရာတွင် သွား၍ ပြောသည့်အခါတွင် ဘုန်းတော်ကြီး ကော့ဒေရီ အစတွင် အေးစက်စက်လုပ်နေပြီး နောက်ပိုင်း၌ ကိုဗာစကီး၏ ကိုယ်ရေးကိုယ် နှင့် ပတ်သက်၍ ဘာမျှ မပြောလိုဟု ပြောင်ပြောင်တင်းတင်းပင် ငြင်းဆန်လို သည်။

"ငါမြင်သလောက်တော့ နည်းလမ်းတစ်လမ်းပဲ ရှိတယ်။ ပိုလန်ကော စစ်ဝန်ကို အကြောင်းကြားရင် ကောင်းမယ်။ ပြင်သစ် ကောင်စစ်ဝန်ဆီ အကြောင်းကြားရင်တော့ အကောင်းဆုံးပေါ့လေ။ သူက ပြင်သစ်နိုင်င လက်မှတ်ကို ကိုင်ထားတာကိုး။ တာဝန်အရှိဆုံးကတော့ သူ့ကို နိုင်ငံကူးလ မှတ်ပေးလိုက်တဲ့လူပဲ။ သူက ဒီနိုင်ငံခြားသားကို ထုံးစံအတိုင်း ဆေးကုခံအေ ပြောရမှာပေါ့၊ နားချရမှာပေါ့"

ဤတွင် မာဂရီတာကို ထိုပုဂ္ဂိုလ်အား သွားပြောရန် တာဝန်ပေးလို ကြသည်။ သို့ဖြင့် မာဂရီတာသည် ပြင်သစ်ကောင်စစ်ဝန်ရုံးသို့ ရောက်လာခဲ့ ဖြစ်၏။ ပြင်သစ်အလံကို လွှင့်ထားသည့် ပြင်သစ်လုပ် ဗူဂျို ၅၀၄ လေးတစ်စီးသည် ထိုနေ့ပိုင်းတွင် သုခမြို့တော် ရပ်ကွက်ထိပ် လမ်းမပေါ် ထိုးဆိုက်လာသည်။ ထူးထူးဆန်းဆန်း ရောက်လာသော သံရုံးကားကလေး မြင်သည့်အခါတွင် လူတွေ ကြိတ်ကြိတ်တိုးမျှ ဝိုင်းအုံနေကြသဖြင့် ကောင်စစ် ဂျူးမောင်သည် လူတွေကြားထဲမှ မနည်းတိုး၍ လာရသည်။ ဂျူးမောင်သ ရွံ့ဗွက်တွေ ထနေသော လမ်းကျဉ်းကလေးထဲတွင် ဘောင်းဘီကို ဒူးဆစ်ထိအေ မ,တင်ရသည်။ အနံ့အသက်တွေကလည်း ဆိုးလိုက်သည့်ဖြစ်ခြင်း။ ဂျူးမော သည် လမ်းတွင် နှစ်ကြိမ် သုံးကြိမ်မျှရပ်ကာ အော်ဂလီဆန်သဖြင့် သူ့နှု လည်ပင်းတွင် စီးကျလာသည့် ချွေးတို့ကို သုတ်သည်။ ဂျူးမောင်သ အာရှတိုက်ပြည်များတွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိခဲ့ဖူးသူတစ်ယော ဖြစ်၏။ သို့ရာတွင် ထိုမျှ ညစ်ပတ်စုတ်ချာသော ပတ်ဝန်းကျင်ကို တစ်ခေါ မရောက်ဖူးသေး။ ဗွက်များကို ရှောင်ကွင်းလာရင်း ထိုမျှ စုတ်ချာ



ဝန်းကျင်တွင် လာနေသည့် ကိုဗာစကီးသည် အရူးတစ်ယောက်ဖြစ်ရမည် ဟု တွေးမိသေးသည်။ တဲအမှောင်ထဲတွင် လဲနေသည့် ဖျော့တော့ ပိန်ချုံး သည့် ကိုဗာစကီးကို မြင်သည့်အခါတွင် ပြင်သစ်ကောင်စစ်ဝန် ဂျူးမောင်သည် တောင်းလုပ်ယူရသော အသံဖြင့် နှုတ်ဆက်သည်။

"မင်္ဂလာနေ့ပါ ဆရာကြီး၊ ပြင်သစ်သမ္မတနိုင်ငံကြီးက နှုတ်ဆက်လိုက်ပါ ယ်။ ကျွန်တော် ကာလကတ္တားမှာရှိတဲ့ ပြင်သစ်ကောင်စစ်ဝန်ပါ"

ကိုဗာစကီးသည် မျက်လုံးများကို အနိုင်နိုင် ကြိုးစား၍ ဖွင့်ကြည့်သည်။

"ကျွန်တော့်ကို ဘာဖြစ်လို့ လာကြည့်နေရတာလဲဗျာ" ဟု ကိုဗာစကီးက အသံသဲ့သဲ့ဖြင့် မေးသည်။

"ကိုယ့်နယ်မှာရှိတဲ့ ကိုယ့်နိုင်ငံသားတစ်ယောက်ကို စောင့်ရှောက်ဖို့ ကောင်စစ်ဝန်တစ်ယောက်မှာ တာဝန်ရှိတယ်လေ"

"ကျေးဇူးတင်ပါတယ် ကောင်စစ်ဝန်မင်း၊ ဒါပေမယ့် ဒီမှာ ကျွန်တော့်ကို စောင့်ရှောက်မယ့် မိတ်ဆွေတွေ ရှိပါတယ်"

"အဲဒီမိတ်ဆွေတွေက ကျွန်တော့်ကို လာအကြောင်းကြားလို့ ကျွန်တော် ရောက်လာတာပါ။ ခင်ဗျား ကျန်းမာရေး အခြေအနေက..."

"ဘာလဲ ကျွန်တော့်ကို ပြန်ပို့မလို့ပေါ့ ဟုတ်လား။ နှ...ခင်ဗျားကလည်း ကျွန်တော့်ကို ပြန်ပို့ဖို့ လာတာပေါ့။ ကျန်းမာရေး အခြေအနေမကောင်းလို့ ပြန်ပို့မယ်ပေါ့။ ဒီလောက် ဒုက္ခမခံပါနဲ့ဗျာ။ ကျွန်တော့်ကို ခုလို ဂရုတစိုက် လာကြည့်တဲ့အတွက် ကောင်စစ်ဝန်မင်းကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဖြစ်လို့ ကျွန်တော့်အတွက် မလိုအပ်တဲ့ ငွေတွေကို ဖြုန်းတီးပစ်နေမှာလဲ။ ကျွန်တော့်လို ဆင်းရဲသားရပ်ကွက်မှာနေတဲ့ လူမျိုးကို ပြန်ပို့စရာ မလိုပါဘူး"

ကိုဗာစကီးသည် ခေါင်းအုံးပေါ်တွင် ခေါင်းကို ပြန်မှီလိုက်ကာ မျက်လုံး ကို မှိတ်လိုက်၏။ ကိုဗာစကီးက လေသံခပ်ပြတ်ပြတ် ပြောလိုက်သည့်တိုင် ကောင်စစ်ဝန်သည် အလျှော့မပေးသေး။ "တော်တော် အပြောရခက်တဲ့လူ" သုတ္တေးသည်။

ကောင်စစ်ဝန်သည် အတန်ကြာ စဉ်းစားနေပြီးမှ သူလက်ခံနိုင်မည့် ချက်ကို တင်ပြသည်။

www.burmeseclassic.com



"အေးလေ၊ ပြန်မပို့ရဘူးဆိုရင်လဲ အနည်းဆုံး ဆေးတိုက်ကောင်းကော တစ်ခုမှာတော့ တက်ကုဖို့ လိုတာပေါ့။ ခင်ဗျား အသက်ရှင်နေသေးတယ်ဆို ခင်ဗျား မိတ်ဆွေတွေရဲ့ အကျိုးအတွက် ခင်ဗျား လုပ်နိုင်တာပေါ့။ ခင် သေသွားရင် ဘာလုပ်နိုင်တော့မှာလဲ"

"ကျွန်တော့်ဘဝကို ဘုရားဆီမှာ လှူပြီးပြီ ကောင်းစစ်ဝန်မင်း၊ ဘု အလိုတော်အတိုင်းပဲ ဖြစ်ပါစေတော့"

"ဟုတ်ပါတယ်၊ ဘုရားအလိုအတိုင်း ဖြစ်ရမှာပေါ့၊ ခင်ဗျား နေ မကောင်းတာကို ကျွန်တော်လာတွေ့ပြီး ဆေးရုံတက်ဖို့ ပြောတာကိုက ဘု အလိုတော်အတိုင်းမှန်လို့ ဒီကို ရောက်လာရတာပေါ့"

ထိုစကားကိုမူ ကိုဇာစကီး ငြင်းနိုင်ဟန် မတူတော့။ သူ့စကား ယုတ္တိကျသည်ဟု သူတွေးမိသည်။

"အေးလေ၊ ဒါတော့ ဟုတ်ချင် ဟုတ်မှာပေါ့"

"ဒီလိုဆိုရင် ခင်ဗျားကို ဆေးရုံတင်ပေးဖို့ ခင်ဗျား မိတ်ဆွေတွေ ခွင့်ပြုလိုက်ပါ"

"လူတိုင်းတက်လို့ရတဲ့ ဆေးရုံတစ်ရုံကို ပို့ပေးပါ၊ ဒါပေမယ့် လူချမ်း တွေချည်းသာ တက်လို့ရတဲ့ ဆေးတိုက်တို့ ဘာတို့ကိုတော့ မပို့ပါနဲ့"

သည်လောက်ဆိုလျှင် သူ့ရည်ရွယ်ချက် တစ်ဝက်လောက်အောင်ပြီ ဂျူးမောင့်ယူဆသည်။ နောက်ထပ် စိတ်ရှည်ရှည်ထား၍ ဆွေးနွေးလိုက်ဖ ကိုဇာစကီးသည် သူ့တင်ပြချက်ကိုလက်ခံလာလိမ့်မည်ဟု ဂျူးမောင့်တွေးသ

"မြန်မြန် ပျောက်သွားတော့ ကောင်းတာပေါ့ဗျာ၊ ကိုယ်လုပ်ချင်တာတွေ လုပ်နိုင်တာပေါ့"

"ကျွန်တော့် ဆန္ဒကတော့ လုပ်ချင်တာတွေကို လုပ်ဖို့ မဟုတ် ကောင်စစ်ဝန်မင်း၊ ကျွန်တော့် ဘေးပတ်ဝန်းကျင်မှာရှိတဲ့ လူတွေကို ကြည် အရှက်မရအောင်နေဖို့"

"ဟုတ်ပါတယ်၊ ကျွန်တော် နားလည်ပါတယ်၊ ခင်ဗျားကို ကုသဖို့အတွ ဆင်းရဲသားတွေဆီက တစ်ပြားတစ်ချပ်မှ မကောက်ပါဘူး၊ ကျွန်တော် ကောင်စစ်ဝန်ရုံးက အကုန်အကျခံမှာပါ"



ကိုဇာစကီးသည် သက်ပြင်းချလိုက်သည်။ ဤမျှလောက် စကားပြောရ ချင်ပင် သူ့အဖို့ တော်တော်ပန်းနေလေပြီ။

"ကျေးဇူးတင်ပါတယ် ကောင်စစ်ဝန်မင်း၊ ကျွန်တော်ပြောနေတာက င်ဆံတွေကို ပြောနေတာ မဟုတ်ပါဘူး။ ကျွန်တော့်ကို စေတနာနဲ့ ကူညီ င်ရောက်တဲ့ ကျွန်တော့် အိမ်နီးနားချင်းတွေကို လေးစားဖို့ ကိစ္စပါ၊ ခု န်တော်ဖြစ်နေတဲ့ ရောဂါဟာ ဘုရားအလိုတော်အရဖြစ်နေတဲ့ ရောဂါပါ၊ တော့ ကျွန်တော့်ကို နောက်ထပ် မတောင်းပန်ပါနဲ့တော့"

ကိုဇာစကီးသည် တစ်ချက်မျှ လှုပ်ပြီးနောက် ငြိမ်ကျသွား၏။ ာင်စစ်ဝန် ဂျူးမောင့်သည် မလှုပ်မယှက်ဖြစ်နေသည့် ခန္ဓာကိုယ်ကို ာန်ကြာ စိုက်ကြည့်နေသည်။ ကိုဇာစကီး၏ အသက်ရှူသံက နှေးလိုက် ်လိုက်။

တဲအပြင်ဘက်တွင်မူ ရှန်တာ၊ မာဂရီတာ၊ မာဘူ၊ ဆူရေးယား၊ ဥမ္မ် ာလာဒင်၊ အရစ္စတိုတယ် စသည့် အိမ်နားနီးချင်းများသည် စိုးရိမ်တကြီးဖြင့် ဆီသို့ ကြည့်နေကြသည်။ တဲထဲမှ ကောင်စစ်ဝန် ထွက်လာသည့်အခါတွင် ့သည် အနီးသို့ ဝိုင်းအုံလာကြ၏။

"ဘယ့်နှယ်နေသေးသလဲဟင်" ဟု မာဂရီတာက မေးသည်။ ာင်စစ်ဝန်က လည်စည်းကို ပြင်လိုက်လျက်...

"တစ်ဝက်ပဲ အောင်ခဲ့တယ်ဗျ။ ဆေးတိုက်ကို တင်ဖို့ကတော့ လုံးလုံး ာမခံဘူး၊ ဒါပေမယ့် လူတိုင်း တက်လို့ရတဲ့ ဆေးရုံတစ်ရုံကိုတော့ ာမယ်တဲ့၊ အဲဒါ သူ့စကားအတိုင်း ပြောတာပဲ၊ အေးလေ၊ သူ့ဆန္ဒအတိုင်း ်ပေးရမှာပေါ့"

* * *

ကောင်စစ်ဝန် ထွက်သွားသည်နှင့် မာဂရီတာသည် လန်ချားတစ်စီးကို ်ကာ ကိုဇာစကီးကို ဆေးရုံကြီးသို့ ခေါ်လာခဲ့သည်။ ဆေးရုံကြီးရှေ့ ်ခင်းပြင်မှာ ညီညာစိမ်းလန်းနေ၏။ ရေကန်၊ ရေပန်းတွေနှင့် ဗိုလ်ကတော် ်ခြံပင်ကလေးတွေ တစ်ဖက်တစ်ချက် စိုက်ထားသည့် ကျောက်လမ်းကလေး ာသည်း ဖြောင့်တန်းလျက်။ အပြင်ပန်းကြည့်လိုက်လျှင် သာယာသည့် ်န်းကျင်ကလေးတစ်ခုဖြစ်သည်။ အရေးပေါ်အခန်းထဲတွင် အနီရောင်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကြီးထဲသို့ ဝင်ရမည့်လမ်းကိုပြထားသည်။ တံခါးနှစ်ရွက်ကမူ ကျိုးပဲ့ ရှိလေပြီ။ မာဂရီတာသည် လန်ချားသမားကို ပြန်လှည့်ခိုင်းမည် စိတ်ကူးလေ သုခမြို့တော်တွင် တွေ့ခဲ့ရသည့် ပတ်ဝန်းကျင်ကိုပင်လျှင် မာဂရီတာ ထိုမျှ လန့်ခြင်းမဖြစ်မိ။ သွေးစွန်းနေသော ပတ်တီးစများ၊ ဂွမ်းဖတ်များသည် ပေါ်တွင် ပြန့်ကြဲနေကြသည်။ ကျိုးပဲ့နေသော လူနာကုတင်ဟောင်းများပေါ် အမှိုက်သရိုက်တွေ လာ၍စုပုံထားသည်။ ပေါက်ပြဲနေသော မွေ့ရာများထဲ ကြမ်းပိုးတွေ တရွရွသွားနေသည်ကို အတိုင်းသားမြင်နေရ၏။ ဘယ်နေရာ သွားသွား ကြမ်းပြင်ပေါ်တွင် အမှိုက်သရိုက်၊ အပုပ်အစိုး၊ အစအန ရှောင်၍မလွှတ်။ အဆိုးဆုံးမှာ ထိုဆေးရုံကြီးကိုလာ၍ တစ္ဆေခြောက်သ ရှိနေသော လူနာများ၏ မြင်ကွင်းကိုပင်ဖြစ်သည်။ နှလုံးရောဂါ၊ မေးခိုင် အူရောင်ငန်းဖျားရောဂါ၊ တိုက်ဖက်စ်ရောဂါ၊ ကာလဝမ်းရောဂါ၊ ကူးစက် သောရောဂါ စသည့် အသည်းအသန်ဖြစ်သော လူနာများ၊ မီးလောင်သည့် ခြေလက်တို့ကို ဖြတ်ထားရသည့်လူနာ၊ ထိခိုက်ဒဏ်ရာရသည့် လူနာ လူနာပေါင်းစုံတို့သည် ဆေးရုံကြီးတစ်ရုံလုံးတွင် မြင်မကောင်းအောင် ဖြ သည်။ အချို့မှာ ကြမ်းပြင်ပေါ်တွင် ပိုးလိုးပက်လက်။

မာဂရီတာသည် ဝါးဖြင့်လုပ်ထားသည့် ထမ်းစင်ကလေးတ ပစ္စည်းပုံတစ်ပုံကြားမှ သူကိုယ်တိုင် ဆွဲယူလာခဲ့ကာ သတိမေ့နေသည့် ကိုဗာ ကို ထမ်းစင်ပေါ်သို့ တင်သည်။ လူနာကို မည်သူမျှ လာရောက်စစ်ဆေး မပြုသည့်အတွက် မာဂရီတာသည် အမျိုးသားသူနာပြုတစ်ဦးလက်သို့ ငွေ တစ်ရွက် အသာထည့်လိုက်ကာ ဆားငန်ရည်နှင့် ဆေးထိုးအပ်တစ်ချောင် တောင်းရသည်။ သူကိုယ်တိုင် ဆေးထိုးအပ်ကို လူမမာ၏ လက်မောင်း စိုက်သည်။ ထို့နောက် ကာလဝမ်းရောဂါ တိုက်ဖျက်ဆေးများကို တောင်းသ သို့ရာတွင် အခြားသော ဌာနများကဲ့သို့ပင် ဆေးရုံကြီးတွင်လည်း ဆေး လောက်လောက်မရှိ။ ဆေးရုံကြီးက ဆေးများကို ခိုးထုတ်ပြီး အပြင်ဆေး များသို့ ရောင်းနေသည့် ကိစ္စနှင့်ပတ်သက်၍ သတင်းစာများက ဖော်ထုတ်ရေး ခဲ့ကြသော်လည်း ဘာမျှအကြောင်းမထူး။

"ရေ...သောက်ချင်တယ်"

ကိုဗာစကီးသည် မျက်လုံးများကို ဖွင့်ကာ ခြောက်အိပ်မက် ကမ္ဘာကြီးနှင့်တူသော ပြည်သူ့ဆေးရုံကြီးကို မျက်စိဖွင့်၍ ကြည့်သည်။



င်ဘေးတွင် ရေချိုင့်နှင့်တူသည့် အရာဆို၍ ဘာမျှမရှိ။ ကောင်လေးတစ် ောက်က သားရေဘူးဖြင့်ထည့်ကာ လူနာများထံ မကြာခဏ ရေလာရောင်း သည်။ ရေတစ်ခွက်ကို ငါးမူးပေးရသည်။ စင်္ကြံအဆုံးတွင် အိမ်သာများရှိ၏။ ိသာမှာ တံခါးမရှိတော့ပြီ။ ရေပိုက်များကလည်း ပိတ်ဆို့နေကြလေပြီ။ သစ်အကြေးများသည် လျှံထွက်ကာ စင်္ကြံတစ်လျှောက် စီးဆင်းနေကြသည်။ င်ကောင်တို့အဖို့ကား ပွဲတော်ကြီးပေတည်း။

သို့ဖြင့် လူနာရာပေါင်းထောင်ပေါင်းများစွာတို့သည် ဆေးရုံတွင် င်စုတ်ကလေးတစ်လုံးရရန် သို့မဟုတ်လျှင်လည်း ကြမ်းပြင်တစ်နေရာစာ လေးရရန် တန်းစီနေကြသည်။ တချို့မှာလည်း ရောဂါမပျောက်လျှင်နေ၊ းအသောက်ကလေး နည်းနည်းပါးပါးစားရလျှင် တော်ပြီဆိုသည့် သဘော ဆေးရုံလာတက်ကြခြင်းဖြစ်သည်။ ကုသဆောင်တွင်သာမဟုတ်၊ ဆေးရုံ ရှိ အခြား မွေးလူနာဆောင်တွင်လည်း ခုတင်တစ်လုံး၊ မွေ့ရာတစ်ခုပေါ်တွင် လေးအမေ သုံးယောက်နှင့် ကလေးသုံးယောက်မျှ နေကြရသည်။ ထိုအခြေ နေမျိုးသည် မွေးကင်းစကလေးတစ်ဦး အသက်ရှူကျပ်၍ ချက်ချင်း သေသွား သော အခြေအနေမျိုးဖြစ်၏။ ဆေးရုံကြီးတွင် တွေ့ကြုံနေရသည့် ပေါ့လျော့မှု၊ ှင့်ပျက်မှု၊ ခိုးမှုတို့ကို သတင်းစာများကလည်း ဝေဖန်ရေးသား နေကြသည်။

ကိုဗာစကီးတက်နေသည့် ဆေးရုံကြီးတွင် ကိုဘော့ရောင်ခြည်ဖြင့် သည့် စက်တစ်လုံးရှိ၏။ သို့ရာတွင် ထိုစက် သုံးမရသည်မှာ လပေါင်းများ ကြာလေပြီ။ ထိုစက်ကိုပြင်လျှင် ငွေပေါင်းခြောက်ထောင့်ရှစ်ရာ ကုန်ကျမည် ော ထိုစရိတ်ကို လှူမည့်သူတစ်ဦးတစ်ယောက်မျှ မပေါ်သေး။ နှလုံးပြန်ခုန် အောင်လုပ်သည့် စက်မှာလည်း လေအေးစက်မရှိသည့်အတွက် ပိတ်ထားရ ည်မှာ ကြာလေပြီ။ ဆေးရုံကြီးတွင် နှလုံးစစ်သည့် အီးစီဂျီစက် ဆယ့်နှစ်လုံး ဆယ်လုံးမှာပျက်နေသည်။ ဆေးရုံအဆောင်တိုင်းတွင် ရှိရမည့် အောက်ဆီဂျင် င် ပိုးသတ်ရန်ထားသည့် ဓာတ်ငွေ့ဘူးများလည်း မရှိ။ ကာလကတ္တားတွင်ရှိ ည့် ဆေးရုံများမှ စက်များအနက် အလုပ်လုပ်နေသည့် စက်ဆို၍ ဂိုဗရာစိတ် ါ အထူးကုဆေးရုံရှိ လျှပ်စစ်ဓာတ်အားဖြင့် ကုသည့် စက်တစ်လုံးသာလျှင် ။ သို့ရာတွင် ထိုစက်သည်ပင်လျှင် တစ်ခါတစ်ရံတွင် လျှပ်စစ်ဓာတ်အား ်သဖြင့် ကောင်းကောင်းမလည်နိုင်။ ဆေးရုံကြီးတွင် ခွဲစိတ်ဆောင်သစ်ကြီး ဆောက်လုပ်ပြီးစီးသွားသော်လည်း ထိုအဆောင်ကို မဖွင့်နိုင်သေး

www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ရာ ကျန်းမာရေးဌာနက ဓာတ်လှေကားမောင်းသူတစ်ယောက် သေးသည့်အတွက် ဖြစ်သည်ဆို၏။ ကျွမ်းကျင်သူများနှင့် ဓာတ်မှန်ပြ မရှိသဖြင့် ဓာတ်မှန်ရိုက်လိုသူတစ်ယောက်သည် လပေါင်းများစွာ ကြာအော စောင့်နေရသည်။ ဘူတာကြီးနားက ဆီလဒါဆေးရုံတွင်ဆိုလျှင် သူနာတင် ဆယ့်နှစ်စီးအနက် ဆယ့်တစ်စီးမှာ စက်ပျက်၍ ဘာမှမသုံးရတော့။ အမိုး လည်း ပိန်ရှုံ့နေပြီ။ အင်ဂျင်စက်ကိုလည်း ခိုးသွားကြပြီ။ ဘီးတွေ မရှိကြတော့။ အချို့သော ဆေးရုံများ၊ ဆေးပေးခန်းများတွင်ဆိုလျှင် ခွဲစိတ် ညှပ်၊ ကလစ်နှင့် ကြောင်အူများ မရှိတော့ဘဲ ဆေးသေတ္တာများမှာ ဟာလာဟင်းလင်းဖြစ်နေကြသည်။ အထဲရှိ ပစ္စည်းများကိုမူ ဝန်ထမ်းများ ခိုးယူသွားခဲ့ကြလေပြီ။ သူတို့ မခိုးဘဲ ကျန်သည့်ပစ္စည်းများမှာလည်း သံချေးတက်နေသော ပစ္စည်းများသာဖြစ်သည်။ ကြောင်အူများမှာလည်း အ များဖြစ်သဖြင့် ချုပ်ရိုးတွေ မကြာခဏ ပြတ်သတ်ကုန်ကြသည်။ ဆေးရုံ စွာတွင် သွေးပိုသိုလှောင်ထားခြင်းမရှိ၊ ခွဲစိတ်ကုသမှုများ လုပ်လျှင် သက်ဆိုင် လူနာနှင့် ဆွေမျိုးသားချင်းများက ဟာစရီပါးတို့တစ်တွေရောင်းထား သွေးလှောင်ဌာနများတွင် သွား၍ ဝယ်ကြရသည်။ သွေးစုပ်သမားများ ထိုသို့သော လုပ်ငန်းမှနေ၍ အမြတ်အစွန်းတွေရကာ ချမ်းသာနေကြသ ဆေးရုံပွဲစားအချို့လည်း ရှိသေးသည်။ သူတို့က လူနာများ အထူးသ တောမှတက်လာသည့် လူနာများအား ဆေးရုံတက်ရအောင် လုပ်ပေး ဓာတ်မှန်ရအောင် လုပ်ပေးမည်ဆိုကာ ငွေညှစ်ကြသည်။ အချို့မှာ မတန် ပေးရပြီး အချို့မှာလည်း ပွဲစားလိမ်များ ထွက်ပြေးသဖြင့် ငွေဆုံးကြရသ အချို့ကလည်း သူတို့ကိုယ်သူတို့ ဆရာဝန်ဟန်ဆောင်ကာ သူတို့ဖွင့်ထားသ ဆေးခန်းများသို့ ခေါ်သွားပြီး စမ်းသပ်ခယူကြသည်။ သူတို့ဖွင့်ထားသ ဆေးတိုက်များတွင် သူတို့နှင့် အပေါင်းပါ ဆရာမများက ဆေးစစ်ပေးကြသ

အချို့ ဆေးရုံများတွင်ဆိုလျှင် လူနာများအတွက်ပေးသည့် အ အသောက်များကိုပင် ခိုးထုတ်ကြသည်။ ခိုးထုတ်လွန်းသဖြင့် အစားအသော လျှင် သော့ခတ်ထားသည့် အလုံကားကြီးများဖြင့် ပို့ရသည်။ ဆေးရုံအတွ ထုတ်ပေးသော နို့ဆီစသည်တို့ကို အနီးတစ်ဝိုက်ရှိ လက်ဖက်ရည်ဆိုင်များ ခိုးရောင်းကြသည်။ ကြက်ဥနှင့် သကြားဆိုလျှင် ဆေးရုံအနီးတစ်ဝိုက်တွ ပေါက်ဈေးထက် နှစ်ဆသက်သာသည်။ ထိုမျှသာ ခိုးကြသည်မဟုတ် ဆေးရုံမှ တံခါးရွက်ကြီးများ၊ မှန်ပြတင်းများကိုပင် ချမ်းသာမပေးကြ။ တ



ဆေးရုံများတွင်ဆိုလျှင် ဖန်သီးများကို ခိုးသွားကြသဖြင့် ညအလုပ်လုပ်လျှင် ဖယောင်းတိုင်ထွန်း၍ အလုပ်လုပ်ကြရသည်ဟု သတင်းစာများအရ သိရသည်။

သို့ရာတွင် အဆိုးထဲတွင် အကောင်းကလေးတွေရှိနေသေး၍ တော်သေး သည်ဟု ဆိုရမည်။ ယင်းမှာ အခြားမဟုတ်။ မိမိတို့ဘဝတူ အချင်းချင်း၊ ဆင်းရဲသား အချင်းချင်း ကူညီရိုင်းပင်းသည့် အလေ့ဖြစ်သည်။ ကိုဇာစကီးနှင့် ကုတင်နှစ်ချပ်ခြား၊ သုံးချပ်ခြား ကြမ်းပြင်ပေါ်တွင် ကားတိုက်မှုဖြစ်သဖြင့် ဆိုးရသောကြောင့် ခေတ်သစ်ခွဲစိတ်မှုပညာတွင် အခက်ခဲဆုံးသော ခွဲစိတ်မှု ဖြင့် ကုသခံနေသည့် လူနာတစ်ယောက်ရှိသည်။ ယင်းမှာ ခါးရိုးသွင်သွင်ကျိုး များသဖြင့် ကျောရိုးကိုခွဲစိတ်၍ ဆက်ပေးရသည့် ကိစ္စဖြစ်သည်။ ညစ်ပတ်ပေရေ ၍ အောက်ကျနောက်ကျ နိုင်လှသော လူနာဆောင်ကြီးထဲတွင် အနားရှိ လူမမာများသည် သူ့ကိုကောင်းစွာ ဂရုစိုက်ကြသည်။ မနက်လင်းလျှင် သူနာပြုဆရာမများက သူ့ကိုတွဲထူကာ လမ်းလျှောက်နိုင်အောင် လေ့ကျင့်ပေး ကြသည်။ အလုပ်တွေအလွန်များသည့် ခွဲစိတ်ဆရာဝန်ကလည်း သူ့ကို ဂရုတစိုက်လာရောက် စစ်ဆေးအားပေးတတ်သည်။ သူနှင့် မလှမ်းကမ်း ကုတင်မှ ကလေးအမေတစ်ယောက်သည် ပုခက်ထဲတွင် ထည့်ထားသည့် ကလေးငယ် လူမမာအနီးတွင် ထိုင်ကာ ကလေးကို ပြုစုနေသည်။ သူ့ကလေးငယ်မှာ ဝက်သက်ပေါက်သဖြင့် ဆေးရုံသို့ တင်ထားရခြင်းဖြစ်၏။ သို့ရာတွင် သူ့ကို မည်သူကမျှ မောင်းချခြင်းမပြု၊ ကုသဆောင်သို့ ရောက်လာပို့သည့် သူနာပြုကဆိုလျှင် သူ့အတွက်ပင် ထမင်းတစ်ပန်းကန် ယူပေးသွားတတ်သေးသည်။

သူတို့အချင်းချင်းကြားက စာနာမှု၊ ရိုင်းပင်းမှုမှာ တကယ်အံ့သြဖို့ ကောင်းသည်။ တချို့လူနာများသည် သူတို့အိပ်ရာထဲမှ ဖင်ဒရွတ်ဆွဲ၍လာကာ ကိုဇာစကီးထံလာပြီး ဆေးစာအညွှန်းကို အဖတ်ခိုင်းတတ်သည်။ မျက်နှာမဲ့ လူနာတို့ကို အလွန် ဂရုစိုက်ကြသည့် ဆရာဝန်များကို တွေ့လျှင် ကိုဇာစကီး အံ့ခေါ်မိသည်။

လူမဆန်သော ထိုမြို့တော်ကြီးတွင် လူဆန်သော မြင်ကွင်းကလေးများ တွေ့ရသေးသဖြင့် သူစိတ်ချမ်းသာသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မာဂရီတာလုပ်ခဲ့သည့် ကိစ္စကို ကိုဗာစကီးသိလျှင် စိတ်ဆိုးမည်အ
မာဂရီတာသည် ပန်ကာအောက် တည့်တည့်တွင် ကိုဗာစကီးအတွက် ခုတင်
လုံးရအောင် သူနာပြု ဆရာမကို ငွေနှစ်ဆယ်ပေးခဲ့ရသည်။ ဤသည်မှာလ
ဘာမျှမဆန်းပါ။ ပိုက်ဆံမပေးနိုင်သဖြင့် ထိုနေရာကလေးကို နောက်
ဝယ်လိုက်သောကြောင့် ဆေးရုံက ဆင်းခဲ့ရသူတွေ ဒုနဲ့ဒေးရှိခဲ့ပြီ မဟုတ်

မာဂရီတာသည် သူတို့ ဆရာကြီးအတွက် လိုအပ်သည့် ဆားငံ
ဆေးဝါး၊ အစားအသောက်တို့ကို နေ့တိုင်းယူလာခဲ့သည်။ ထိုသို့ မဟုတ်
ကိုဗာစကီးသည် အစောကြီးတည်းကပင် သေလောက်နေပြီ။ မာဂရီတာ
သူတို့ ရပ်ကွက်ကလေးထဲတွင် ဆရာကြီးအတွက် ရန်ပုံငွေလိုက်ကောက်သ
ဆရာကြီးအတွက် အားလုံးကလည်း စေတနာထက်သန်စွာ လှူဒါန်းကြသ
မာဘူ၏ ကလေးများက မီးရထား လမ်းဘေးတွင် ကျကျန်ခဲ့သည့် ကျော
သွေးခဲကလေးများကို လိုက်ကောက်ကာ ဆရာကြီး မီးလှုံဖို့ ရှာပေးကြသ
ဟိန္ဒူလက်ဖက်ရည်ဆိုင်ပိုင်ရှင် အဘိုးကြီးက သူ့အတွက် နို့ဆီ၊ သ
စသည်တို့ ပို့ပေးသည်။ တစ်လောက အဆုတ်ရောဂါဖြင့် သေသွားသ
ကလေး၏ အမေက ဆရာကြီး၏ အဝတ်စုတ်တို့ကို ယူ၍ ချုပ်ပေးသ
ကိုယ်ရေပြားရောဂါသည်များကပင်လျှင် သူတို့နေ့စဉ် တောင်းရမ်း၍ရ
ကလေးထဲမှ သူ့အတွက် လာလှူကြသည်။ ကိုဗာစကီးသည် သူ့ရောဂါအတွ
အများသူငါ ဆင်းရဲသားများကဲ့သို့ ဆေးရုံတက်ချင်သည်ဆိုလျှင် သူ့ရည်
ချက်သည် အောင်မြင်ခြင်းမရှိ။ သူ့ကို အားလုံးက ဝိုင်းဝန်းထောက်ပံ့ကြသ
အတွက် သူလိုသည်ထက်ပင် ပိုနေသေးသည်။

**၃၃**

ကာလကတ္တားမြို့ကြီးတွင် ထိုနေ့က လန်ချားတစ်စီးမျှ ပြေးဆွဲခြင်းမ
လန်ချားများ အားလုံးသည် ဆွဲမည့်သူကင်းလျက်။ ထိုသို့သော နေ့မျိုး
ကာလကတ္တားတွင် တစ်ခါမျှ မကြုံဖူးသေး။ ကမ္ဘာတွင် နောက်ဆုံး လူမြင်းတို့
ပထမဆုံးသော သပိတ်ကြီး ပေါ်ပေါက်သဖြင့် ကာလကတ္တားတစ်မြို့လုံး



သွားအလာ အများဆုံးသော ပို့ဆောင်ရေး စခန်းကြီးသည် မလှုပ်မရှားနိုင်
အောင် ဖြစ်သွားခဲ့သည်။

"ဒါပေမယ့် ခက်တာက သပိတ်မှောက်တယ် ဆိုတာ လူဆင်းရဲတွေ
တဲ့ အလုပ်မဟုတ်ဘူးဗျ၊ လူချမ်းသာတွေမှလုပ်နိုင်တာ" ဟု ဟာစရီပါးက
ဂသံဖြင့် ပြောသည်။

"ရဲရဲတောက် ဆုံးဖြတ်ချက်တွေ ချတာကတော့ ဟုတ်ပါရဲ့၊ ဒါပေမယ့်
ကဆာလာပြီး ခေါင်းထဲမှာလည်း အရေလဲထားတဲ့ မြွေရေခွံလို အခွံချည်း
တော့တဲ့ အခြေအနေမျိုးကို ရောက်လာရင် ဘယ်သူမှ ကြာကြာ
မခံနိုင်ကြတော့ဘူးလေ၊ လန်ချားပိုင်ရှင်တွေကလည်း ဒါကို ကောင်းကောင်း
တယ်၊ ကျွန်တော်တို့ လန်ချားသမားတွေ မကြာခင် အချင်းချင်းစိတ်ဝမ်းကွဲ
မယ်ဆိုတာ သူတို့ သိတယ်၊ ခုကြည့်လေ၊ သပိတ်မှောက်တာ ဘာကြာသေး
လဲ၊ နှစ်ရက်လောက်လည်းရှိရော ကျွန်တော်တို့အထဲက ရဲဘော်တွေ
ချားက လှည်းသန်ကို ကောက်ကိုင်ကြတော့တာပဲ မဟုတ်လား၊ ဒီတော့
ားသူတွေလည်း သူတို့နောက်ကို လိုက်သွားကြတော့တာပေါ့၊ မကြာပါဘူး
နောက်တော့ အားလုံး လန်ချား လှည်းသန်ကြားထဲ ပြန်ရောက်ကုန်ကြပြီး
ပေါ်မှာ လန်ချားစီးမယ့်လူနောက်ကို လိုက်ကြရတာပဲ မဟုတ်လား၊
လောက်တောင် ဈေးကျသွားသလဲဆိုရင် ငါ့ဝမ်းပူဆာ မနေသာတော့
တော်တို့မှာ လန်ချားခကိုတောင် လျှော့ပြီး ဆွဲလိုက်ရသေးတယ်၊ ပြီးတော့
ခဆိုလည်း တောင်းတဲ့အတိုင်း ပေးလိုက်ရတယ်၊ ဒါပေမယ့် ကံကောင်း
တော့ လူတစ်ယောက်နဲ့ သွားတွေ့တယ်။

"ကျွန်တော့် လုပ်ဖက်ကိုင်ဖက်ဖြစ်တဲ့ ဂုပတားကို ပထမတွေ့လိုက်တုန်းက
တော့် မျက်စိကို ကျွန်တော် မယုံလို့ မျက်စိကို ပွတ်ကြည့်ရတယ်၊ အဲဒီ
က ကျွန်တော်က ရပ်ဆယ် လမ်းထောင့်မှာ လန်ချားစီးမယ့်သူ စောင့်နေတုန်း
န်းမှာ သူ့ကို မြင်လိုက်တော့ ကျွန်တော့် စိတ်ထဲမှာ ရုပ်ရှင်ကားတစ်ကားကို
ည့်နေရသလားလို့ ထင်လိုက်မိတယ်။ သူ့ဂိုက်က ကျွန်တော်တို့ အိန္ဒိယရုပ်ရှင်
သား ဂိုက်ကိုးဗျ၊ လူက ရပ်ကလည်း ဖြောင့်တယ်၊ မုတ်ဆိတ်ကလည်း
သေချာချာ သ,ထားပြီး ဆံပင်ကို ပြောင်အောင်ဖီးလို့၊ မျက်နှာကလည်း
ည်ပြည့်၊ ဝတ်စားထားတာကလည်း ရှိုးကောင်းကောင်းရယ်၊ ရှိုးကောင်းဆို
တ်ထားပုံကိုလည်း ကြည့်ဦးလေ၊ ရှပ်အင်္ကျီကလည်းအသစ်၊ ကောင်းဘီ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း အသစ်၊ ဒီအထဲမှာ ခြေအိတ်စွပ်ပြီး ရှူးဖိနပ်ကိုလည်း စီးထားလို့ သေးတယ်၊ ရှူးဖိနပ် အကောင်းစားဗျ၊ ခပ်ပေါပေါ ပလတ်စတစ် ရှူးဖိနပ် မဟုတ်ဘူး၊ သားရေပတ်ဖိနပ်၊ ပို့ပြီး အံ့သြစရာကောင်းတာက လက်မှာလည်း ရွှေရောင် လက်ပတ်နာရီကို ပတ်ထားတော့ ဘယ်လောက် သားနားသလဲဆို ခင်ဗျားပဲ စဉ်းစားကြည့်တော့လေ။

"ရုပ်ရှင်တွေထဲမှာ ဇာတ်လိုက်မင်းသား လန်ချားသမားလုပ်တာ ကျွန်တော်မြင်ဖူးပါတယ်၊ ဒါပေမယ့် ဒါက ရုပ်ရှင်ထဲမှာလေ၊ ခု ကျွန် လူ ဂုပတားကတော့ တကယ့် လန်ချားသမားဗျ၊ သူဘယ်ဇာတိလဲဆိုတာ ဘယ်သူမှ မသိကြဘူး၊ ကာလကတ္တားဆိုတာကလည်း လူချင်းပေါင်းလို့ ပေါင်းနေကြပေမယ့် တစ်ယောက်အကြောင်းကို တစ်ယောက် မသိကြတဲ့လူ အများကြီးမဟုတ်လား၊ ကိုယ့်ရွာမှာ ဆိုရင်တော့ တစ်ယောက်အကြောင်း တစ်ယောက် ဘိုးဘေးကအစ သိကြတာပေါ့၊ သေချာတာတစ်ခုတော့ ရှိတ ဂုပတားဟာ ကျောင်းတို့ ဘာတို့ နေခဲ့ဖူးရမယ်၊ ဘာဖြစ်လို့လည်းဆိုတော့ သူက ဗဟုသုတသိပ်ရှိတာကိုး၊ ကျွန်တော့် အထင်တော့ ကာလကတ္တားမှာ ဖြဟ္မဏ အနွယ်ဝင်တွေအားလုံး ပေါင်းတာထက်တောင် ပညာရှိလိမ့်ဦးမ လို့ထင်တယ်၊ ကြည့်လေ ရာမယဏထဲကစာတွေကို တော်တော်များများ ရွတ်နိုင်တယ်၊ သူ့လို ရွတ်နိုင်တဲ့လူဆိုလို့ ကျွန်တော်တစ်ယောက်မှ မတွေ့ သေးဘူး၊ ပြီးတော့ တကယ့် ဇာတ်လိုက်ဗျ၊ ဘယ်နေရာရောက်ရော ကဗျာတို့ ဘာတို့ကို ရွတ်ပြပါဆိုရင်လည်း ကျကျနန ရွတ်ပြနိုင်တယ်၊ အဲ သူကဗျာရွတ်တာနဲ့ သူ့အနားမှာ လူတွေ ဝိုင်းအုံပြီး နားထောင်ကြတော့တာ ကျွန်တော်တို့ တစ်တွေဆိုတာ သူကဗျာရွတ်ပြီဆိုရင် ခြေထောက်မှာ ခလုတ်တို့ မိထားတာ၊ ကျော့အောင့်တာ၊ ခါးအောင့်တာတွေ လုံးလုံး သတိမရတော့ဘူး နေပူတာတွေ ပင်ပန်းတာတွေလည်းပျောက်ကုန်တာပဲ၊ တကယ်တော့ ဂုပတား ဟာ ကျွန်တော်တို့ကို ဂါထာမန္တန်နဲ့ ညှို့ထားသလားတောင် အောက်မေ့ရတယ် ပြီးတော့ သူများထက်ထူးတာက သူက ရာမအလှည့်ရောက်ရင်လည်း ရာမ တူအောင် ပြောတတ် ဆိုတတ်တယ်၊ သီတာအလှည့်ရောက်ရင်လည်း သီတာ တူအောင် ရွတ်တတ်တယ်၊ ရာဝဏအလှည့်ရောက်ရင်လည်း ဒီအတိုင်းပဲ၊ သူ ရာမယဏကို ရွတ်ရင် ကျွန်တော်တို့တစ်တွေ နေ့မှန်း ညမှန်းတောင် မသိ တော့ဘူး၊ အဲဒီထဲမှာပါသလို တောတွေ၊ တောင်တွေ၊ ပင်လယ်တွေ အင်းအိုင်တွေပေါ်ကို ဖြတ်သန်းနေသလားလို့ ထင်နေမိတယ်၊ အဲဒီအသံကိုသ



ထောင်ပြီး လန်ချားဆွဲရမယ်ဆိုရင် လန်ချားကြီးဟာလည်း ဒီလောက် တယ်လို့ မထင်တော့ဘူး၊ ဒီလိုနဲ့ မကြာခင်မှာပဲ ဂုပတားဟာ ကာလကတ္တား လန်ချားသမားတွေ ကြားထဲမှာ သူ့ရဲကောင်းဖြစ်လာခဲ့တယ်၊ ကျွန်တော့်လို ချားသမား ပါမွှားတစ်ယောက်ရဲ့ ရင်ထဲမှာ သူ့ကို ဘာဖြစ်လို့ စွဲသွားသလဲ တာ ကျွန်တော်ခုထိ စဉ်းစားလို့မရဘူး။

"တချို့ကပြောတော့ ဂုပတားဟာ သူလျှိုတဲ့၊ တချို့က ပြောတော့လည်း တားဟာ နိုင်ငံရေးသမားတဲ့၊ ဂုပတားက ကျောင်းလမ်းမှာ အခန်းတစ်ခန်း နေတယ်၊ ကျောင်းလမ်းဆိုတာ ကျွန်တော်တို့ ကာလကတ္တားမှာ ထူးထူးဆန်း န်း လူတွေနေတဲ့နေရာ၊ ထူးထူးဆန်းဆန်း လူတွေဆိုတာ ဒီလိုပါ၊ အဲဒီ း်းကို စိပ်ပုတီးကြီးတွေ လည်ပင်းဆွဲထားတဲ့ နိုင်ငံခြားသားတွေလည်း ာခဏလာတယ်၊ တချို့များ ဖိနပ်တောင် မပါဘူး၊ တချို့ နိုင်ငံခြားသားတွေ တော့လည်း ဆံပင်ရှည်ကြီးကြီးတွေ ခြေထောက်မှာ ခြေကျင်းကြီးတွေ ဝတ်ထားကြ ယ်၊ တချို့ကပြောတော့ အဲဒီလူတွေဟာ ဆေးစွဲနေတဲ့ လူတွေတဲ့၊ ဂုပတား တော့ ဖိနပ်မစီးဘဲ မသွားပါဘူး၊ ဆေးလိပ်တို့ဘာတို့ သောက်တာလည်း တွေ့ရဘူး၊ အလုပ်ကိုလည်း ကျွန်တော်တို့လိုပဲ ကြိုးကြိုးစားစား ပင်ပင်ပန်းပန်း ်တယ်၊ တခြားမကြည့်နဲ့လေ၊ မနက်မိုးလင်းလို့ လန်ချားဂိတ်မှာ လန်ချား အာနဲ့ တစ်ပြိုင်နက် သူရောက်နှင့်ပြီ၊ သူအစောဆုံးပဲဆိုပါတော့၊ လန်ချား း်တော့လည်း မိုးချုပ်မှ သိမ်းတယ်၊ ကြည့်ရတာကတော့ ကျွန်တော်တို့ ်ချားသမား အများစုလို တော်ပြတ်ပြီးမှ လန်ချားသမားဖြစ်လာတာ တ်ဘူး ထင်တာပဲ၊ သူ့လန်ချားကလည်း အသစ်ကြီးရှိသေးတယ်၊ ကျွန်တော် အများစုလို သူ့မှာ လန်ချားလိုင်စင် မရှိဘူး၊ ဒါပေမယ့် ဒါကတော့ န်းမဟုတ်ပါဘူး၊ ကျွန်တော်တို့လည်း ဒီလိုပဲ ဆောက်သွားပေးပြီး လန်ချားဆွဲ ကြရတာပဲ မဟုတ်လား"

"ဘာဖြစ်ဖြစ်ဗျာ၊ ဂုပတားကတော့ ကံကောင်းတယ်လို့ဆိုရမလား ဘူး၊ တချို့ အမျိုးသမီးတွေဆိုရင် သူ့လန်ချားကို သူစီးမယ် ငါစီးမယ်ဆို တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ကြတာတွေတောင်ရှိတယ်၊ သူတို့ ထဲမှာ အဲဒီလန်ချားကို ရုပ်ရှင်မင်းသား မနုကုမာဆွဲတယ်လို့များ ထင်နေ သလား မသိဘူး၊ ဒါပေမယ့် ကျွန်တော်တို့လန်ချားလောကမှာက လန်ချား သားဟာ စုတ်ပြတ်ပြီး သနားစရာ ကောင်းနေမှပေါ့၊ ဘယ့်နှယ် ဇာတ်လိုက် သားဂိုက်ဖမ်းနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီတော့ ခံရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ကောင်မလေးနှစ်ယောက်ကို လန်ချားပေါ်တင်ဆွဲလာ ဟယ်ရင်တန် လမ်းသို့ အရောက်၌ ဂုပတားသည် ထိုအဖြစ်မျိုးကို ကိုယ် ကြုံလိုက်ရ၏။ လမ်းထဲသို့အရောက်တွင် သူ့ရှေ့၌ အမှိုက်ကားကြီးထ ပျက်နေသဖြင့် လမ်းမလယ်ခေါင်တွင် ထိုးရပ်နေ၏။ တစ်လမ်းလုံး ပိတ်ဆို့ အသွားအလာတွေ ပိတ်ကုန်သည်။ ဂုပတားက ဘေးပလက်ဖောင်း တက်ဆွဲပြီး ကျော်တက်မည်ပြုသည်။ ပုလိပ်က သူ့ကိုတား၏။ ဤ ပုလိပ်နှင့် တစ်ယောက်တပြန် စကားများကာ ပုလိပ်က ပါလာသည့် နံ တုတ်ဖြင့် ရိုက်သည်။ ဂုပတားကလည်း လန်ချားကိုချကာ ပုလိပ်ကိုပြန် သည်။ သို့ဖြင့် သူတို့နှစ်ယောက်သည် လမ်းမပေါ်တွင် လုံးထွေးသတ် နေကြသည်။ နောက်ဆုံးတွင် ပုလိပ်က ပုလိပ်ဌာနသို့ ပြန်ပြေးပြီး တ ခေါ်လာသည်။ ပုလိပ်တို့ ရောက်လာပြီး လန်ချားသမား ဂုပတားကို ဖမ်း ကြသည်။

မှုန်းတည့်ချိန်လောက်တွင် သူ့ကို ပြန်လွှတ်လိုက်သည့်အခါ၌ ဂုပတားတစ်ယောက် တစ်ကိုယ်လုံး ဖူးဖူးရောင်ကာ အညိုအမည်းတွေ စွဲနေ ပြီး ပုလိပ်များသည် ဂုပတားကို လက်နှစ်ဖက်တွင်ချည်ပြီး ချိတ်တွင် ဆွဲ ကြသည်။ ထိုနောက် ခြေထောက်နှစ်ဖက်ကို ပူးချည်ပြီး ခေါက်ထိုးဆွဲထား သည်။ တစ်ကိုယ်လုံး ကြိမ်ဖြင့် ရိုက်ကြသည်။ သူတို့ လူတစ်ယောက် ပြန်ထိုးရုံအတွက်မျှသာမက လန်ချားသမားတန်မဲ့ ရှူးဖိနပ်စီးရသလော၊ ရွှေ လက်ပတ်နာရီ ဝတ်ရသလော၊ အဝတ်အစားကောင်းကောင်းဝတ်ရသလော စိတ်ချဉ်ပေါက်ပေါက်ဖြင့် ရိုက်နှက်ကြခြင်းဖြစ်သည်။ လန်ချားသမား မနေရကောင်းလောဟုဆိုကာ ရိုက်နှက်ကြခြင်းဖြစ်၏။

ပုလိပ်တို့သည် ထိုမျှနှင့် မကျေနပ်သေးဘဲ သူ့ကို ကာလကတ္တ သမာခိမြို့ဝန်ရုံးသို့တင်၍ တရားစွဲလိုက်သေးသည်။

"ဂုပတားကို ကြည့်ရတာ မဟာရာဇာ တစ်ဦးလိုလို၊ ဒူးရိုဂါးမယ် ရုပ်လိုလို ဖြစ်နေတယ်ဗျ၊ တစ်ကိုယ်လုံးမှာလဲ ပတ်တီးတွေ အဖွေးသားပေါ မျက်နှာကလည်း ကောင်မလေးတွေ ဆေးဆိုးထားသလို ညိုမည်းနေတာ ဟု ဟာစရိပါးက ပြောပြသည်။

သမာခိ မြို့ဝန်ရုံးမှာ ဒါလဟိုစီ ပန်းခြံအနီးရှိ အိုမင်းသော အဆောက်အ ကြီး တစ်ခုထဲတွင်ရှိသည်။ ရုံးဝင်းထဲရှိ ကြီးမားသော ညောင်ပင်ကြီးတစ်



အနီးတွင် ဘုရားကျောင်းတစ်ဆောင်ရှိသည်။ သူ့ရဲဘော် လန်ချားသမားများက ဂုပတားကို ညောင်ပင်ကြီးအနီးရှိ ဘုရားကျောင်းသို့ခေါ်သွားကြ၏။ ဘုရား ကျောင်းထဲတွင် သျှိဝ၊ ကာလီမယ်တော်နှင့် ဟာနုမန် မျောက်မင်းတို့၏ ရုပ်တုများရှိသည်။ ဂုပတားမှာ ဘုရားတရား ကြည်ညိုသူဖြစ်သည့်အတွက် အမှုမစစ်ခင် ဘုရားရှေ့တွင် ဆုတောင်းလိုသည် ဆိုသဖြင့် ခေါ်သွားကြခြင်း ဖြစ်သည်။ ဂုပတားသည် ဘုရားတွင် ဆီမီးကပ်ကာ ခေါင်းလောင်းထိုး၍ ဆုတောင်းသည်။

တရားရုံးထဲတွင်မူ သူတို့အမှုကို လာရောက် နားထောင်ကြသည့် လန်ချားသမားများနှင့် ပြည့်နေသည်။ ဘေးတွင် ဈေးဆိုင်တန်းကြီးတွေ ရှိသဖြင့် ဈေးဆိုင်တန်းဆီမှ အညှော်နံ့တွေ ပျံ့လွင့်လာသည်။ အညှော်နံ့သည် သိပ်သည်းသော လေထဲတွင် ဝေ့ဝဲလျက်ရှိ၏။ ရုံးအဝင်ဝတွင် လူတွေတန်းစီပြီး လျှောက်လွှာရေးရန် စောင့်နေကြသည်။ လျှောက်လွှာစာရေးများက လက်နှိပ်စက် များကို တချောက်ချောက်ရိုက်လျက်။

ရုံးဝင်းထဲတွင် အုန်းရေသောက်သူ၊ လက်ဖက်ရည်သောက်သူ၊ ဘီလပ်ရည် သောက်သူတို့က အပြည့်။ သူတောင်းစားများကလည်း လှေကားထစ်များပေါ် တွင် ထိုင်လျက်။ လူတွေကလည်း ရုံးထဲတွင် ဝင်လိုက်ထွက်လိုက်။ အချို့က ဝင်သွားပြီး ပြန်ထွက်လာကြပြန်သည်။ ပုလိပ်များက တရားခံများကို လက်ထိပ် တန်းလန်းဖြင့် ဆွဲခေါ်လာကြသည်။ ဘောင်းဘီအစင်း၊ အင်္ကျီနက် ဝတ်ထား သည့် ရှေ့နေများသည် တရားခံများ၊ တရားခံဆွေမျိုးများနှင့် စကားပြောနေကြ ၏။ ဂုပတားနှင့် သူ့မိတ်ဆွေများသည် အောက်စော်နံနေသည့် ဆင်ဝင်ကလေး ထဲသို့ ဝင်လာခဲ့သည်။ အမျိုးသမီးအချို့က ခုံရှည်များပေါ်တွင် ထိုင်ကာ ကလေးများကို နို့တိုက်လျက်။ အချို့က ထမင်းစားလျက်။ တချို့က ကြမ်းပြင်ပေါ်တွင် အဝတ်လေး ခေါင်းအုံးကာ အိပ်ပျော်လျက်။

ဂုပတားအား ရှေ့နေတစ်ယောက် သွားငှားရန် မိတ်ဆွေတစ်ယောက်က အကြံပေးသည်။ စင်္ကြံထိပ်က ခပ်မှောင်မှောင် အခန်းထဲတွင် အင်္ကျီနက်ဝတ်ထား သည့် ရှေ့နေတွေ တစ်လှေကြီး ထိုင်နေကြသည်။ ခေါင်းပေါ်တွင် လည်နေသည့် ပန်ကာကြောင့် စားပွဲပေါ်တွင် တင်ထားသည့် သူတို့စာရွက်များသည် တဖျတ်ဖျတ် လန်နေကြ၏။ ဂုပတားသည် ဂိုက်ဆိုက်ကောင်းသည့် သက်လတ်ပိုင်း ရှေ့နေတစ်ယောက်ကို ငှားလိုက်သည်။ ထိုရှေ့နေ၏ အင်္ကျီနက်ကြီးအောက်၌

www.burmeseclassic.com



ရှပ်အင်္ကျီနှင့် လည်စည်းမှာ လရောင်တွင် တောက်နေသည့် ရေကန်တစ်ကန် မျက်နှာပြင်လို တဖိတ်ဖိတ်လက်နေသည်။ တရားခံ ရှေ့နေကြီးသည် သူ့ သည်ကို သေးစော်နံနေသော လှေကားချောင် တစ်ခုဆီသို့ ခေါ်သွား အားရုံးခန်းထဲတွင် တရားသူကြီးများသည် သူတို့ စီရင်ချက်များကို ပါး နှုတ်တိုက်ရွတ်ပြနေပြီး စာရေးများက လက်ချောင်းတစ်ချောင်းတည်း လက်နှိပ်စက် ရိုက်နေကြသည်။

သူတို့လူစုသည် နောက်ဆုံးတွင် အခန်းကျယ်ကြီးတစ်ခုသို့ရောက် ကြ၏။ နံရံပေါ်တွင် ဟောင်းနွမ်းနေသော မဟတ္တမဂန္ဒီ၏ ရုပ်ပုံတစ်ပုံ ထားသည်။ အခန်းနောက် သံမဏိစင်ကြီးများပေါ်တွင် ရာဇဝတ်မှုကြီး တွင် အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများကို သိမ်းဆည်းထားသ ယင်းတို့အထဲတွင် ဓားမြှောင်များ၊ သေနတ်များ၊ အမျိုးမျိုးသော လက်နက် ခိုးရာပါ ပစ္စည်းများပါသည်။ ခန်းမကြီး၏ လက်ယာဘက်မှာ ဝင်လာ သံဝရန်တာပေါင်းကူးကြီးအဆုံးတွင် ဝက်ခြံတစ်ခုရှိ၏။

"ဒီလိုသံလက်ရန်းတွေ တပ်ထားတဲ့ စကြံမျိုးကို ဆပ်ကပ်တွေထဲမှာ မြင်ဖူးသေးတယ်၊ ကျားတွေ ကျားသစ်တွေ ထွက်လာရင် အဲဒီသံပေါင်းကူးကြီး က ထွက်လာရတယ်လေ" ဟု ဟာစရီပါးက နောင်တွင် ပြောပြသည်။

ထိုနေရာကား တရားခံများကို တရားခွင်သို့ ထုတ်လာသည့် လမ်း တည်း။

ဂုပတားမှာ အာမခံရသဖြင့် ထိုသံပေါင်းကူးကြီးထဲသို့ မဝင်ရ။

ခဏကြာလျှင် အခန်းတစ်ခန်းလုံး လန်ချားသမားတွေ ပြည့်နေလေ အချို့က လက်ဖက်ရည်သောက်လျက်။ အချို့က ဘီဒီဆေးလိပ်များ ဖွာလျက်။ အမှုစတင်စစ်ဆေးမည့်အချိန်ကို စောင့်နေကြခြင်းဖြစ်သည်။ ဂုပတား မှာ ရှေ့ဆုံးခုံတွင် သူ့ရှေ့နေနှင့်အတူ ထိုင်နေသည်။

နောက်ဆုံးတွင် ညစ်ပတ်သော ဒိုတီကို ဝတ်ဆင်ထားသည့် အမျိုးသား နှစ်ယောက် ရုံးခန်းတွင်းသို့ ဝင်လာကြ၏။ အမှုတွဲတစ်ထပ်ကြီးကို ချိုင်းကြားတွင် ညှပ်ထားကြသည်။ သူတို့ကို ကြည့်ရသည်မှာ သူတို့အလုပ်တွင် အတော်ငြီးငွေ့နေ ကြပုံရ၏။ သူတို့နှစ်ယောက်မှာ ရှေ့ဖတ်စာရေးကြီးများဖြစ်သည်။ စာရေး တစ်ယောက်က ရုံးခန်းတစ်ခုလုံး ငြိမ်သက်သွားစေရန် လက်ခုပ်တီး၍ အချက်



ပေးလိုက်ပြီး တရားခွင်အထက်တွင် ဆွဲထားသည့်ပန်ကာများကိုဖွင့်ရန် အချက် ပေးလိုက်သည်။ ပန်ကာကြီးများမှာ များစွာ အိုမင်းဟောင်းနွမ်းနေလေပြီ။ ခလုတ်ဖွင့်ပြီး အတော်ကြာသည်အထိ ရုတ်တရက်မလည်သေး။ ခွေးသေ ချင်းပုပ်တို့ကို ဝလင်စွာစားသောက်ပြီးနောက် ရုတ်တရက် မပျံနိုင်သေးဘဲ နေသည့် လင်းတအိုကြီးတစ်ကောင်၏ တောင်ပံများနှင့် တူနေသည်။

နောက်ကျောဘက်ရှိ အခန်းတံခါးပွင့်လာပြီး တရားသူကြီး ဝင်လာလေ သည်။ တရားသူကြီးကား မျက်မှန်တပ်လျက် ညှိုးငယ်သော မျက်နှာထားကို ဆောင်ထားသည့် ပိန်ပိန်သေးသေး လူတစ်ယောက်ဖြစ်၏။ သူ့ကိုယ်ပေါ်တွင် အမွေးကွပ်ထားသည့် ဝတ်ရုံနက်ကြီးတစ်ထည်ကို ဝတ်ထားသည်။ တရားသူ ကြီးဝင်လာသည့်အခါတွင် အားလုံးမတ်တတ်ရပ်ကြသည်။ ဂုပတားမှာလည်း ကိုက်ခံထားရသည့် ဒဏ်ချက်များကြောင့် တစ်ကိုယ်လုံး နာကျင်လျက်ရှိရာမှ မတ်တတ်ထ၍ အရိုအသေ ပေးရသည်။ တရားသူကြီးသည် စင်မြင့်အလယ်ခေါင် ရှိ ရုံးတံဆိပ်တပ်ထားသည့် ကုလားထိုင်ကြီးပေါ်တွင် ထိုင်လိုက်၏။ စားပွဲ တစ်ခုလုံး အိန္ဒိယ ရာဇသတ်ကြီးစာအုပ်ကြီးနှင့်တကွ အမှုတွဲတွေ၊ စာရွက်ပုံကြီး ပြည့်နေသဖြင့် တရားသူကြီး၏ မျက်နှာကို ကောင်းကောင်း မမြင်ရ ပြီ။ တရားသူကြီးထိုင်၍ မကြာသေးမီမှာပင် ခိုကလေးတစ်ကောင်သည် စားပွဲပေါ်က စာအုပ်ကြီးပေါ်တွင် လာနားနေကာ လုပ်နေကျ သဘာဝကိစ္စကို သွားသည်။ စာရေးတစ်ယောက်ထလာပြီး ဒိုတီဖြင့် စာအုပ်ပေါ်တွင် ကျန်နေသည့် ခိုချေးတွေကို သုတ်ပစ်ရ၏။ များစွာသော ခိုများသည် ဘက်မှ စာအုပ်စင်ကြီးများ၊ ဗီရိုပေါ်က ကလေးများထဲတွင် အိုးအိမ်တည်ထောင် ကြသောကြောင့်ဖြစ်၏။

များမကြာမီ တရားသူကြီး ထွက်လာသည့် အခန်းမှပင် ကာကီဝတ်စုံ ကို ခြုံထားသည့် လူသေးသေးညက်ညက်တစ်ယောက် ထွက်လာပြန်သည်။ မှာ မျက်စိစွေလှသဖြင့် ညာဘက်သို့ ကြည့်နေသည်လော၊ ဘယ်ဘက်သို့ နေသည်လော ဆိုသည်ကို မည်သူမျှ ခွဲခြားမရနိုင်ပြီ။ ထိုပုဂ္ဂိုလ်ကား လိုက် အင်စပက်တော်ကြီးပေတည်း။ တရားခွင်၏ လက်ဝဲဘက်တွင်မူ ဆောင်းဝတ်ထားသည့် ပုလိပ်အရာရှိတစ်ဦး ရပ်နေသည်။

ရှေ့ဖတ် စာရေးကြီးတစ်ယောက်က ဂုပတားသည် ဆယ်ရီတန်လမ်းတွင် ပိတစ်ယောက်ကို ရိုက်နှက်ခဲ့ကြောင်းဖြင့် စွဲချက်ကို ဖတ်ပြသည်။ တရားသူ

www.burmeseclassic.com

www.burmeseclassic.com



ကြီးသည် မျက်မှန်ကို ချွတ်ကာ မျက်လုံးများကို မှိတ်လိုက်ပြီးနောက် ခေါ ကို နောက်သို့မှီ၍ နားထောင်နေသည်။ ဖိုင်တွဲ ပုံကြီးနားမှ တဖိတ်ဖိတ်တောက် သော ခေါင်းပြောင်ကြီးကိုသာ မြင်ရသည်။ ရှေ့ဖတ်စာရေးကြီးက စွဲချက် ဖတ်ပြ၍ ဆုံးသွားသည့်အခါ၌ တရားသူကြီးက တရားခံရှေ့နေအား ဘာ စရာရှိသနည်းဟု လှမ်းမေး၏။ ဂုပတားက ရှေ့နေကို ထမပြောဖို့ ရှေ့ ပခုံးကို လှမ်းကိုင်ပြီး ဆွဲထားသည်။ ဂုပတားသည် သူ့အမှုကို သူ့ဘာ လျှောက်လဲချင်သည်။

ဂုပတားက ပုလိပ်တို့က ဌာနတွင် သူ့အား မည်သို့ နှိပ်စက်ကြောင် အသေးစိတ် ပြောပြသည့်အခါတွင် ရုံးတွင် လာရောက်နားထောင်သူတို့ နှပ်ညှစ်သူညှစ်၊ ငိုသူငိုနှင့် ဖြစ်နေလေပြီ။ အစိုးရ ရှေ့နေကြီးနှင့် အမှု အင်စပက်တော်တို့က ကြားဖြတ်၍ ပြောသော်လည်း အချည်းနှီးပင်။ တရား ကြီးမှာလည်း စာအုပ်ပုံနောက်ကွယ်တွင် နှပ်တရှုပ်ရှုပ်နှင့် ဖြစ်နေသ နောက်ဆုံးတွင် ဂုပတားအား အပြစ်မရှိကြောင်းဖြင့် တရားသေ လွှတ်လိုက် သူ့လန်ချားကို ပြန်ပေးရန် ရုံးတော်က စီရင်ချက်ချလိုက်သည်။

အမှုစစ် ခြင်း မှာ ဆယ်မိနစ် မျှသာကြာ၏။

ဂုပတားအား ရုံးတော်မှ လွှတ်လိုက်သည်ဆိုသည့် သတင်း ကာလကတ္တားမြို့ရှိ လန်ချားသမားများ လောကတွင် တောမီးသဖွယ် သွားသည်။ ပုလိပ်တို့၏ ညှဉ်းပန်းနှိပ်စက်မှုကို ကန့်ကွက် ဆန္ဒပြသောအား လန်ချားသမားတို့၏ ဆန္ဒပြပွဲတစ်ခု ပြုလုပ်ရန် ရာဆူးနှင့်တကွ လန်ချားသ သမဂ္ဂခေါင်းဆောင်များက အဆိုတင်ကြသည်။ သူတို့နှင့်အတူ ဆန္ဒပြ ချယ်ဂါရီသမားများ သမဂ္ဂနှင့် ဆိုက်ကားသမားများ သမဂ္ဂကိုလည်း အကြော ကြားကြသည်။

ညနေပိုင်းတွင် ဆန္ဒပြသည့် လူတန်းကြီးသည် ပန်းခြံအဝိုင်းကြီးမှ ထွက်လာလေသည်။ နိုင်ငံရေး ပါတီများက အလံနီများ၊ ပိုစတာကြီးများ လာပေးကြသည်။ ဆန္ဒပြလူတန်းကြီး တစ်ခုလုံးမှာ အလံနီများဖြင့် နီရဲနေ သည်။ လန်ချားတစ်စီးပေါ်တွင်မူ ဂုပတားသည် ပန်းကုံးများ ဆင်ယ လိုက်ပါလာ၏။ သူ့ကို လန်ချားသမားများက ကိုက်တစ်ရာပြည့်တိုင်း ဝ ဆွဲပေးကြသည်။ လေးနှစ်လုံးလုံး ဟာစရီပါး ဆွဲခဲ့သည့် လန်ချားအမှ ၁၉၉၉ မှာ ဂုပယားစီးဖို့ လန်ချားအဖြစ် အရွေးခံရသည်။



လမ်းမသို့ ရောက်သည့်အခါတွင် ချယ်ဂါရီဆွဲသူများလည်း နောက်ထပ် ပါလာကြ၏။ သူတို့ ဆန္ဒပြပွဲကြောင့် မြို့ထဲတွင် ယာဉ်အသွားအလာတွေ ကုန်သည်။ ကြွေးကြော်သံများကို လက်သီးလက်မောင်းတန်း၍ ကြွေးကြော် သည်။ သို့ဖြင့် ဆိုလူတန်းကြီးသည် ဒါလဟိုဇီ ပန်းခြံထိပ်သို့ ရောက်အောင် ရာရှိကျော်မျှ ချီတက်ခဲ့ရသည်။ အစိုးရရုံးကြီး အနီးသို့ ရောက်သည့်အခါ င် ပုလိပ်တို့က မော်တော်ကားများ၊ အဓိကရုဏ်းနှိမ်နင်းရေး ကားများဖြင့် တားကာ သေနတ်များ၊ နံပါတ်တုတ်များ စွဲကိုင်၍ အသင့်ဆောင့်နေကြသည်။ တွင် တားဆီး ပိတ်ဆို့ထားသည့် နေရာသို့ ရောက်သည့်အခါတွင် တန်းကြီးသည် ရပ်သွား၏။ ထိုစဉ် ပုလိပ်အရာရှိ တစ်ယောက်ထွက်လာ ဝန်ကြီးချုပ်၏ အတွင်းဝန်များရုံးသို့ တင်ပြစရာရှိသလောဟု မေးသည်။ တားက မိမိတို့သည် ဝန်ကြီးချုပ်နှင့် တွေ့ဆုံလိုကြောင်းဖြင့် ပြော၏။ ထိပ်က သူတို့ တောင်းဆိုချက်ကို ဆိုင်ရာသို့ တင်ပြပေးမည်ဖြစ်ကြောင်း ပြော၏။

ခဏကြာလျှင် ပုလိပ်အရာရှိ ပြန်ရောက်လာကာ ဝန်ကြီးချုပ်က သူတို့ ကိုယ်စားလှယ်လေးဦးကို လက်ခံတွေ့ဆုံမည်ဆိုသဖြင့် ရာဆူး၊ ဂုပတားနှင့် ခြားခေါင်းဆောင်နှစ်ယောက်တို့ အကာအရံထဲသို့ ဝင်လာခဲ့ကြသည်။ နာရီဝက် ကြာ၍ ပြန်ထွက်လာသည့်အခါတွင်ကား သူတို့မျက်နှာများမှာ ဝင်းထိန်နေကြ သည်။ အထူးသဖြင့် ဂုပတားမှာ ပို၍ပင် ဝင်းထိန်နေသည်။ နောင်တွင် ဆိုသို့ ညှဉ်းပန်းခြင်း မပြုအောင် အရေးယူမည်ဟု ပြောလိုက်ကြောင်း၊ သက်ဆိုင်သူ ထိပ်များကိုလည်း အရေးယူမည်ဖြစ်ကြောင်းဖြင့် ပြောလိုက်ကြောင်း သိရသည်။

လက်ခုပ်သြဘာသံများ ပေါ်လာကာ ရာဆူး၊ ဂုပတားနှင့် ခေါင်းဆောင် နှစ်ဦးကို ပန်းကုံးများ စွပ်ကြသည်။

ထိုနေ့က ဆန္ဒပြပွဲမှာ ချောချောမောမော ပြီးသွားသည်။ ဂုပတားက ဟာစရီပါး၏ လန်ချားပေါ်သို့ တက်သည်။ သူတို့ မိတ်ဆွေတစ်သိုက်သည် အောင်ပွဲအထိမ်းအမှတ်အဖြစ် ဂန်ဂူလီလမ်းက ဘုံဆိုင်တစ်ဆိုင်သို့သွား၍ အရက်သောက်ကြသေးသည်။ အရက်ဆိုင်မှ ထွက်ခါနီးတွင် စက်ဘီး ဘီးခေါက် သံလိုလို အသံတစ်ခုကို ဟာစရီပါးကြားလိုက်ရ၏။ ဂုပတားသည် တစ်ချက် အော်ကာ လန်ချားလှည်းသန်ကို မှီနေရာမှ မြေကြီးပေါ်သို့ လဲကျသွားသည်။ ကြည့်လိုက်သည့်အခါတွင် ဂုပတား၏ နားထင်တွင် အပေါက်ဟောင်းလောက်

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရပြီး သွေးတွေ စီးထွက်နေသည်။ ဂုပတားသည် စကားပြော ကြိုးစားသေး၏။ သို့ရာတွင် မပြောနိုင်တော့ပြီ။

"ကျွန်တော်တို့ ရန်သူတွေက ကျွန်တော်တို့ကို လက်စားချေလိုက် လေ၊ ကျွန်တော်တို့မှာ သူ့ရဲကောင်းတစ်ယောက်ဆုံးရှုံးသွားခဲ့ရပြီပေါ့" ဟု ဟာစရီပါးက ပြောသည်။

## ၃၄

ဆင်းရဲသား ရပ်ကွက်ကလေး အစွန်တွင် တဲသိုက်ကလေးတစ်ခုရှိသည်။ တဲသိုက်ကလေးအဆုံးတွင်မှ မီးရထားလမ်းရှိသည်။ အပြင်မှကြည့်လျှင် ထို သိုက်ကလေးသည် အခြားသော တဲသိုက်ကလေးနှင့် ဘာမျှ ထူးခြားခြင်း သူတို့ တဲသိုက်ကလေးပေါ်တွင် ကာရံထားသည့် အကာအရံကလည်း အခြား နေရာများနှင့် အတူတူ။ အမိုးများ အပေါ်တွင် အဝတ်တွေ လှန်းထားသည် ကလည်း အခြားနေရာများနှင့်အတူတူ။ အဖုံးမရှိသော ရေမြောင်းများကလည်း အခြား နေရာများနှင့် အတူတူ။

သို့ရာတွင် ထိုတဲသိုက်သည် အခြားသော တဲသိုက်များထက် ထူးခြားသော တဲသိုက်ဖြစ်သည်။ ထိုတဲသိုက်ကလေးသို့ ရပ်ကွက်ထဲမှ မည်သူမျှ မလာရဲ ထိုနေရာကား အခြားမဟုတ်။ သုခမြို့တော် ရပ်ကွက်ရှိ ခြောက်ရာမျှသော ကိုယ်ရေရောဂါသည်တို့ နေထိုင်ရာ တဲသိုက်ဖြစ်သတည်း။

ကိုယ်ရေရောဂါသည်များသည် အခန်းကလေး တစ်ခန်းထဲတွင် လူ ယောက်မှ ဆယ့်နှစ်ယောက်အထိ နေကြသည်။

အိန္ဒိယပြည်တွင် ကိုယ်ရေရောဂါသည် ငါးသန်းခန့်ရှိသည်။ ငုံးတိုတို ဖြစ်နေသော လက်ချောင်း ခြေချောင်းများ၊ ပိုးမျိုးရှစ်ဆယ်တို့ ခိုအောင်း ပြည်တည်ရွှံ့ဖြစ်နေသည့် အနာကြီးများကြောင့် သုခမြို့တော်ရှိ ကိုယ်ရေရောဂါသည် များကို ဝိုင်းပယ်ကာ သီးခြားထားကြသည်။ ကိုယ်ရေရောဂါသည်များသည် အရပ်ထဲတွင် လွတ်လပ်စွာ သွားလာနိုင်သော်လည်း စကားလုံးဖြင့် ဖော်ပြခြင်း



ရှိသော ဥပဒေအရ လူကောင်း၏ အိမ်ဝင်းထဲသို့ လည်းကောင်း၊ အိမ်ထဲသို့ လည်းကောင်း ဝင်ခွင့်မရှိ။ ယခုမူ ကိုယ်ရေရောဂါသည် အန်န္နာသည် ထို သုံးကမ်းကို ဖောက်ကာ ကိုဗာစကီး၏ တဲလေးထဲသို့ ရောက်နေလေပြီ။ ထို ကျူးလွန်မှုသည် သူ့အသက်ကို ဆုံးရှုံးစေနိုင်သည်။ ထိုသို့ ကျူးလွန်ခဲ့ကြသဖြင့် ရောဂါကူးစက်မည်ကိုစိုးသည်ထက် အမြင်မကောင်းသဖြင့် ထိုသို့သော ရောဂါ သည်မျိုးကို အပျောက်ရှင်းပစ်ခဲ့သည့်သာဓကတွေ အများကြီးရှိခဲ့ဖူးပြီ။ သူတို့သည် ကုသိုလ်ကောင်းမှုပြုသည့်အနေဖြင့် ကိုယ်ရေရောဂါသည်ကို ငွေကြေးစွန့်ကြဲကြ သည့်တိုင် ထိုရောဂါသည် ဘုရားကဒဏ်ခတ်သည့်ရောဂါဟုယူဆလေ့ရှိကြသည်။

ကိုယ်ရေရောဂါသည်များ၏တဲသိုက်ကလေး အလယ်တွင် ဝါးကပ်မိုး၊ ကာတဲကလေးတစ်လုံးရှိသည်။ ထိုတဲကလေးမှာ ကာလကတ္တားရှိ ပလက် ဖောင်းများပေါ်မှ လာရောက်ခိုလှုံကြသော ရောဂါသည်များအတွက် သီးသန့် ထားသည့် တဲငယ်ကလေးဖြစ်သည်။ အန်န္နာကား ထိုသို့သော ခိုလှုံသူတစ်ဦး ဖြစ်လေသည်။

အန်န္နာရဲ့ မျက်နှာဟာ ပြုံးနေတတ်တယ်။ ဒါပေမယ့် သူ့ရောဂါကြောင့် အပြုံးကို ခွဲခြားဖို့ တော်တော်ခက်တယ်။ အန်န္နာညည်းညူသံကို ကျွန်တော် ဘယ်ခါမှ မကြားဖူးဘူး။ လမ်းမှာ ကျွန်တော်တို့နဲ့ တွေ့တိုင်း ဆရာကြီးနေကောင်း ရဲ့လားနော်လို့ ကျွန်တော့်ကို အမြဲနှုတ်ဆက်တတ်တယ်။

ရွှံ့တဲထဲမှာနေပြီး ပျက်စီးယိုယွင်းနေတဲ့ ခန္ဓာကိုယ်ရှိတဲ့ လူတစ်ယောက်က လူကောင်းတစ်ယောက်ကို နေကောင်းရဲ့လားလို့ နှုတ်ဆက်တာဟာ နည်း နည်းတော့ ထူးဆန်းတာပေါ့။ သူသည်လို နှုတ်ဆက်လျှင် ကျွန်တော် ဘယ်လိုဖြေရမှန်း မသိဘူး။ ကျွန်တော့်အကျင့်ကလည်း သူ့ကို တွေ့လျှင် ပြန်နှုတ်ဆက်ပြီး ငုံးတိုတိုဖြစ်နေတဲ့ သူ့လက်ချောင်းကလေးတွေကို ဆွဲပြီး နှုတ်ဆက်တတ်တယ်။ သူ့ကို ပထမဆုံးအကြိမ် သည်လို လက်ဆွဲလိုက် တုန်းက အန်န္နာဟာ ဝမ်းသာဂုဏ်ယူတဲ့ ဟန်နဲ့ ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်နေတယ်။ မြင်တယ်မဟုတ်လား။ သူလည်း လူပါပဲ။ သူ့ကို ဆရာကြီးက လက်ဆွဲနှုတ်ဆက်နေတယ် မဟုတ်လားလို့ ထုတ်ပြောနေသလိုပဲ။ ကိုဗာစကီးက ပြောလေ့ရှိသည်။

အန်န္နာ၏ ရောဂါမှာ အတော်ကျွမ်းသည့်အဆင့်သို့ ရောက်နေသပြီ။ ရောဂါသည် အာရုံကြောများထဲအထိ ရောက်နေသည့်အတွက် သူ့အတွက်

www.burmeseclassic.com



ဘာမျှ လုပ်ပေး၍ မရတော့။ ရောဂါသည်း၍ နာကျင်လာလျှင် အန်န္နာအ ကိုဇာစကီး၏ တဲသို့ရောက်လာတတ်သည်။ ကိုဇာစကီးကလည်း သူ့ မော်ဖိန်းတစ်လုံး ထိုးပေးသည်။ ကိုဇာစကီးသည် ရောဂါပြင်းထန်သူများအ အသုံးပြုရန် ဟောင်ရာဆေးရုံကြီးမှ မော်ဖိန်းထိုးဆေးအချို့ကို ရှာထားရသ

သူ့ကို မော်ဖိန်းတစ်လုံး ထိုးပေးလိုက်ပြီး နောက်တစ်နေ့၌ ကိုဇာ သည် လမ်းကြားထဲတွင် အန်န္နာနှင့် သွားတွေ့သည်။ အန်န္နာကို ကြည့်ရ မှာ ခါတိုင်းကဲ့သို့ သွက်သွက်လက်လက် မဟုတ်ဘဲ ခပ်ငိုင်ငိုင်။

"အန်န္နာ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား" ဟု ကိုဇာစကီး စိုးရိမ်တကြီး မေး၏

"ဘာမှမဖြစ်ပါဘူး ဆရာကြီး၊ ကောင်းပါတယ်၊ ဒါပေမယ့် ကျွန်မ အိမ်နီးချင်း ဆာအစ်တစ်ယောက်ကောင်းကောင်း နေမကောင်းဘူး ဆရာ ဆရာကြီးလိုက်ကြည့်ပေးပါလား၊ အစာလဲ မစားနိုင်ဘူး၊ အိပ်လို့လဲ မရ

အညစ်အကြေးပုံထဲတွင် လျှောက်သွားနေသည့် ကိုယ်ရေရောဂါသ အန်န္နာသည် သူ့အတွက် ဘာမျှ တောင်းဆိုခြင်း မပြုဘဲ သူ့အိမ်နီးချင်းအတွ ပူပင်သောကရောက်နေသည်။ "အတူတကွ ဆင်းရဲဒုက္ခရောက်နေသည့် အ မျိုးတွင် ဆင်းရဲဒုက္ခသည် မရှိ" ဆိုသော အိန္ဒိယ စကားပုံကို သာဓက ဆော နေသော သက်ရှိ လူတစ်ယောက်လို ဖြစ်နေသည်။

ကိုဇာစကီးက ထိုနေ့ ညနေပိုင်းတွင် လာခဲ့မည်ဟု ကတိပေးလိုက်

* * *

ထိုခရီးသည် အနန္တ ကြောက်ဖွယ်ထဲသို့ သွားရသည့် ခရီးနှင့်တူသ ကိုဇာစကီး ရောက်သွားသည့် နေရာသည် ကိုယ်ရေပြားရောဂါသည်တို့ နေရာနှင့်မတူ။ အရိုးအိုးဂူကြီးတစ်ခုတည်းသို့ ဝင်ရသည်နှင့် တူနေသ သွေးဆိပ်တက်သော ရောဂါကြောင့် အရိုးကြီးတွေ ငေါငေါပေါ်ကာ မျက်လုံး မှို့ပွင့်ကြီးတွေ ပိတ်ထားသလို မျက်ခွံကြီးတွေ ဖူးဖူးယောင်နေသူများသ လူများမှ ဟုတ်ပါ၏လော။ ကွဲအက်နေသော အရေပြားတွေ ကြားထဲမှ ဝါ သော အရည်တွေ တစ္စိုစိုထွက်နေသော အသက်ရှူနေသည့် အလောင်းကော များပင်လော။ သူတို့၏ မြင်ကွင်းကမှ တော်သေးသည်။ သူတို့ကိုယ်မှ ထွ သော အနံ့နှင့်စာလျှင် ထိုမြင်ကွင်းသည် ကလေးကစားစရာ ဖြစ်နေသည်



"ဒီလောက်ဆိုးတဲ့ အနံ့ကို တစ်ခါမှ မတွေ့ဖူးသေးဘူးဗျာ၊ အပုပ်နံ့ ရော၊ အရက်ပျံနံ့ရော၊ အမွှေးတိုင်နံ့ရော၊ စုံနေရာပဲ၊ ဒီလောက်ဆိုးတဲ့ အနံ့ ခံနိုင်ဖို့အတွက် စိတ်နှလုံး တော်တော်ကြီးဖို့ လိုလိမ့်မယ်" ဟု ကိုဇာစကီး ပြောသည်။

အညစ်အကြေး၊ အမှိုက်သရိုက်ပုံများထဲတွင် ကလေးတို့သည် အော်ဟစ် ညံစွာ ကျားကစားနေကြသည်။ ကိုဇာစကီးသည် အန်န္နာပြောလိုက်သည့် ကို ခက်ခက်ခဲခဲမရှာရ။ ဆာအစ်သည် အသက်လေးဆယ်ခန့်ရှိလေပြီ။ တွင် ခြေနှင့် လက်တို့ မရှိကြတော့။ ကိုယ်ရေရောဂါသည် သူ့နှာခေါင်းကို စားကာ သူ့မျက်ခုံးတို့ကို ဝါးမျိုသွားကြပြီ။ အန်န္နာက မိတ်ဆက်ပေးသော ခါတွင် ဆာအစ်သည် နှာခေါင်းရာ၊ မျက်လုံးရာတို့ မရှိတော့သော သူ့ နှာပြင်ကို ကိုဇာစကီးဘက်သို့ လှည့်၏။ သူ့မျက်နှာပြင်ပေါ်တွင် အပြုံး တစ်ခုကို မြင်လိုက်မိသည်ဟု ကိုဇာစကီးထင်သည်။

"ကျွန်တော် နေကောင်းပါတယ် ဆရာကြီးရယ်၊ ဘာဖြစ်လို့ ဒုက္ခခံပြီး ကြည့်တာလဲ"

ဆာအစ်က ပြောသည်။ အန်န္နာက ခေါင်းကို ရမ်းလိုက်ရင်း...

"ဘယ်ကလာ နေကောင်းရမှာလဲ၊ ခင်ဗျား တော်တော်ဝေဒနာခံနေရ သယ် မဟုတ်လား"

ကိုဇာစကီးသည် သူ့လက်မောင်းကို ဆွဲယူကာ လက်ချောင်း ငုတ်တိုများ စမ်းကြည့်၏။ လက်ချောင်းက ဒဏ်ရာမှာ စိမ်းပြာပြာ၊ အရိုးတွင် ာက်တွေ တဖွားဖွားတက်လျက်။ ဆာအစ်ကို ကုသ၍ ရနိုင်ဖွယ် မမြင်တော့။ ဇာစကီးသည် ဆေးထိုးအပ် ထုတ်၍ မော်ဖိန်းတစ်လုံးသွင်းကာ မာကြော အက်နေသော အရေပြားအောက်တွင် သွေးကြောကို ရှာကြည့်သည်။ ထိုမှ ဘာမျှ မတတ်နိုင်ပြီ။

အနီးရှိ စောင်ကြမ်းတစ်ထည်ပေါ်တွင်မိန်းမတစ်ယောက်သည် ကလေးတို တွင်ထားသော အိပ်နေသည်။ ကလေးမှာ အကောင်းပကတိ။ ဆေးကြွသဖြင့် ၏ မျက်နှာမှာဖူးဖူးယောင်အမ်းလျက်ရှိကာ အကွက်ကွက်တွေ ဖြစ်နေသည်။

ကိုယ်ရေရောဂါ တိုက်ဖျက်ဆေးများကျွေးလျှင် ထိုသို့ပင် ဆေးကြွ တတ်ကြသဖြင့် ကိုယ်ရေရောဂါသည် အများအပြားမှာ အကုမခံချင်ကြ

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးသည် မေးဖျားအထိစောင်ကြီးတစ်ထည်ပတ်ထားသည်။ ကိုဗာစကီး ကလေးကို ကောက်ချီလိုက်သည်။

"တော်တော်ထွားတဲ့ ကောင်ကြီးနော်" ဟု ကိုဗာစကီးက ပြော ကလေးအမေက တစ်ဖက်သို့ လှည့်သွား၏။ သူ့စကားကြောင့် စိတ်ထိခိုက် ပုံရသည်။

"ချီစမ်းပါဦး၊ ခင်ဗျားသားကြီး ဘယ်လောက် ချစ်စရာကောင်းသ ခင်ဗျားနဲ့ ခွဲထားလို့ ဘယ်ဖြစ်ပါ့မလဲ"

အတန်ကြာမျှ တိတ်ဆိတ်နေသည်။ အမေက ကလေးကို လှမ်း ငိုလျက် နောက်ဆုံးတွင် စောင်ခြုံထဲမှ လက်ကို ထုတ်၍ လှမ်းလိုက်သ သူ့လက်တွင် လက်ချောင်းတို့ ငုံးတိတိ။

ကိုဗာစကီးသည် ကလေးကို သူ့အားတွင် အသာချလိုက်သ ထို့နောက် အိန္ဒိယလူမျိုးတို့ ထုံးစံအတိုင်း လက်ယှက်၍ နှုတ်ဆက်ပြီး စကားတစ်လုံးမျှ မပြောတော့ဘဲ ထွက်လာခဲ့၏။ အပြင်ဘက်တွင်မှ ခြေ တို့ ငုံးတိဖြစ်နေသူများ၊ မျက်မမြင်များသည် သူ့ကို စောင့်နေကြသ သူတို့သည် ဆရာကြီးထံမှ သဒ္ဓါကြေး ကလေးများ တောင်းခံရန် စုရုံး ရှိနေကြခြင်းဖြစ်သည်။

"သူတို့အားလုံးလဲ ပြုံးနေကြတယ်၊ ဒါပေမယ့် သူတို့ အပြုံး အတင်းလုပ်ယူရတဲ့အပြုံး မဟုတ်ဘူး။ တောင်းပန် တိုးလျှိုးတဲ့ အပြုံး မဟုတ်ဘူး။ သူတို့ အပြုံးဟာ လူသားရဲ့အပြုံး၊ တည်ကြည်တဲ့ အပြုံး၊ သိ ရှိတဲ့ အပြုံး၊ တချို့က ငုံးတိဖြစ်နေတဲ့ လက်ခုပ်တီးပြီး ကျွန်တော့်ကို ကြ တယ်။ တချို့က အတင်းတိုးဝှေ့လာပြီး ကျွန်တော့်ကို လာကိုင်ကြ တွယ် တယ်" ဟု ကိုဗာစကီးက ပြောသည်။

အန်နွာသည် ကိုဗာစကီးအား ရောဂါသည်လေးဦး ဖဲကစားနေသည့် သို့ ခေါ်သွားသည။ သူလာသည့်အခါတွင် သူတို့အားလုံးက ဝိုင်းသိမ်း ပြုသည်။ သို့ရာတွင် ကိုဗာစကီးက ဆက်ကစားရန်ပြော၏။ သူတို့ဖဲကစား သည်ကို ကြည့်ရသည်မှာ ဆပ် ကပ်တစ်ခုတွင် မျက်လှည့်ပြနေသည် ကြည့်ရသည်နှင့်တူသည်။ ဖဲချပ်များသည် လက်ဖဝါးထဲမှနေ၍ ရှေ့သို့ပျံ လာတတ်ကြသည်။



အခြားဝိုင်းတစ်ဝိုင်းတွင်မူ ကိုယ်ရေရောဂါသည်များက သူ့ကို ဗုံမောင်း ဆီးကြိုကြသည်။ သူရောက်လေရာရာတွင် ရောဂါသည်များသည် တဲကုပ် လေးများထဲမှ ထွက်လာကာ သူ့ကို ဝမ်းသာအယ်လဲ ကြိုဆိုကြသည်။ အလည်လာခြင်းသည် သူတို့အတွက် မင်္ဂလာပွဲကြီးတစ်ပွဲပင်။

"တစ်နေ့ရာရောက်တော့ မျက်မမြင်အဘိုးကြီးတစ်ယောက်က သူမွေးစား တဲ့ သုံးနှစ်သားကလေးကို ကျွန်တော့်ဆီကို ထိုးပေးတယ်၊ အဲဒီအဘိုးကြီးဟာ တင်ရာဘူတာကြီးရှေ့မှာ တောင်းစားတဲ့ အဘိုးကြီး။

တစ်နေ့မနက်မှာ အဲဒီကလေးငယ်ဟာ လည်ပတ်မပါတဲ့ ခွေးငယ်တစ် ကောင်လို သူ့အနားမှာ ကပ်လာတယ်။ နေ့တိုင်း တောင်းစားတာတောင်မှ ကိုယ်သူ ဝလင်အောင် မစားရတဲ့ အဲဒီအဘိုးကြီး၊ ဘယ်တော့မှ မပျောက်တဲ့ ဂါစွဲကပ်နေတဲ့ ဒီအဘိုးကြီးဟာ အဲဒီကလေးလေးကို ကောက်မွေးခဲ့တယ်။"

တစ်နေ့ရာ အရောက်တွင် လက်ချောင်းများ အကောင်းပကတိ ကျန်နေ သည့် သူငယ်မလေး တစ်ယောက်က သူ့ရင်ခွင်ထဲတွင် ငိုနေသည့် င်ငယ်ကလေး၏ ဝမ်းဗိုက်ကို နှိပ်ပေးနေသည်ကို မြင်ရသဖြင့် ကိုဗာစကီး ည်နုးသွားသည်။ အန်နွာက ကိုဗာစကီးလို ဧည့်သည်မျိုးကို လမ်းပြရသည့် က် ဂုဏ်ယူသည့်ဟန်ဖြင့် ရှေ့မှဦးဆောင်၍ သူ့ကို ခေါ်သွားသည်။

တစ်နေ့ရာသို့ ရောက်သည့်အခါတွင် အမျိုးသမီးတစ်ဦးက ကပျာကယာ ဂုန်နီအိတ်စုတ်များဖြင့်ချုပ်ထားသည့် အခင်းတစ်ခုကိုဆွဲလာပြီးသူတို့ ခင်းပေးသည်။ သူ့အားတွင် ကိုယ်ရေရောဂါသည်တွေ လာထိုင်ကြသည်။ ခါကျမှ သူ့ကို ထမင်းကျွေးဖို့ စီစဉ်မှန်း ကိုဗာစကီး သဘောပေါက်သည်။

"ဆရာကြီး၊ ဒီမှာ ခဏတော့ ထိုင်ပါဦးနော်" ဟု အန်နွာက သည်။

"ကျွန်တော်ဟာ ဆင်းရဲဒုက္ခတွေနဲ့ ရင်းနှီးကျွမ်းဝင်နေပြီလို့ ကိုယ့်ကိုယ်ကို တယ်။ ဒါပေမယ့် သူတို့နဲ့ ထမင်းအတူစားရမယ်ဆိုတော့ စိတ်ထဲမှာ ဘူးဗျာ။ ဒီတော့မှ ငါဟာ တော်တော်ညံ့ပါသေးလား။ ငါသွားရမယ့် အဝေးကြီးလိုပါသေးလားဆိုတာ ကျွန်တော်သဘောပေါက်သွားတယ်

ကိုဗာစကီးသည် သူ စိတ်မသက်မသာဖြစ်နေသည်ကို ကြိုးစားဖုံးသည်။ လျှင် သူတို့ ဧည့်ဝတ်ပျူငှာရှိပုံကိုကြည့်၍ ထိုမသက်မသာဖြစ်နေသည်တို့

www.burmeseclassic.com



ပျောက်သွားသည်။ အမျိုးသမီးများက အငွေ့တထောင်းထောင်းထနေသော
ထမင်းများ၊ ဟင်းသီးဟင်းသီးရွက်ကြော်များ ထည့်လာသည့် ဒန်ခွက်များ
ယူလာကြသည်။ ထမင်းပွဲ စလေပြီ။ ကိုဇာစကီးသည် ထမင်းကိုဆုပ်၍
နေသည့် လက်ချောင်းငုံးတိတိများကို မမြင်ပျောက်ရန် ကြိုးစားသည်။ အိမ်သူ
များမှာ ကျေးဇူးတင်လွန်း၊ ဝမ်းသာလွန်းသဖြင့် ပျော်နေကြသည်။ သူ
တစ်သက်တွင် နိုင်ငံခြားသားတစ်ယောက်နှင့် ပထမဆုံးအကြိမ် ထမင်းအ
စားဖူးခြင်းဖြစ်သည်။

"ရင်ထဲမှာ အော်ဂလီဆန်နေပေမယ့် သူတို့ကို ခင်မင်တယ်ဆိုတာ
ကျွန်တော်ပြချင်တယ်လေ၊ သူတို့ကို မကြောက်ဘူးဆိုတာလဲ သိစေချင်တ
သူတို့ကို ကျွန်တော် ခင်တာဟာ ဘုရားသခင်ကို ချစ်ခင်တဲ့အတွက်ဝ
တခြားသူတွေထက် သူတို့အဖို့ ခင်မင်မှုလိုတယ် မဟုတ်လား။ သူတို့
အောက်တန်းအကျဆုံးထဲက အထက်တန်းအကျဆုံးလူတွေပါ"

ကိုဇာစကီးသည် သူတို့နှင့်အတူ မရွံ့မရှာ ထမင်းစားရင်း စိတ်ထဲ
မကျေမနပ်ဖြစ်နေသည့် အချက်တစ်ချက်ရှိသည်။ သူတို့သည် အဘယ့်ကြေ
သူတို့ကိုယ်သူတို့ လူဖြစ်ရှုံးအောင် နေနေရသနည်း၊ ကိုယ်ရေပြားရောဂါသ
သေလောက်သည့် ရောဂါမဟုတ်။ အချိန်မီ ကုသလျှင် လုံးဝပျောက်ကင်း
မက နောက်ဆက်တွဲရောဂါစသည်တို့လည်း မရှိနိုင်။ ထို့ကြောင့် ကိုဇာ
သည် သုခမြို့တော်ထဲတွင် ကိုယ်ရေပြားရောဂါကု ဆေးခန်းတစ်ခန်းဖွင့်
ဆုံးဖြတ်သည်။ သူ့ဆေးခန်းတွင် ကျွမ်းကျင်သည့် သမားတော်ကြီးများ
ထားနိုင်အောင် စီစဉ်မည်။

နောက်တစ်နေ့တွင် ကိုဇာစကီးသည် ဘတ်စ်ကားတစ်စီးပေါ်သို့တက်
ဟုဂလီတစ်ဖက်ကမ်းသို့လာခဲ့သည်။ မိမိအား အကူအညီပေးနိုင်မည့် တ
တည်းသော သူရှိရာသို့လာခဲ့ခြင်း ဖြစ်ပေသတည်း။

၁၇

မျိုးများ၊ လမ်းကြားများ၊ တဲကုပ်များ၊ စတိုးဆိုင်များ၊ ဇရပ်များကြားမှ မိုးသို့
တက်နေသော ကာလီမယ်တော်၏ ဝတ်ကျောင်း အမိုးခုံးခုံးကြီးသည်
ချောင်သို့ လုစ်ပွင့်နေသည့် နေကြာပန်းကြီးတစ်ပွင့်နှင့်တူသည်။ သူသေ
ကို မီးသဂြိုဟ်ရာ ဂင်္ဂါမြစ်လက်တက်တစ်ခုဘေးရှိ ဟိန္ဒူဘာသာဝင်တို့
လွတ်အမြတ်ထားရာ ထိုဝတ်ကျောင်းသည် ကာလကတ္တားတွင် လူအများဆုံး
ရောက်သည့်နေရာဖြစ်သည်။ မွဲပြာသော အုတ်တံတိုင်းကြီးထဲတွင် ဝတ်ပြုသူ
သည် နေ့ညမဟူ အမြဲရှိနေတတ်သည်။ လက်ထဲတွင် လျှော်သစ်သီးဝလံ
ကို ရွှေပြားစက္ကူကြီးများဖြင့် ပတ်၍လာသည့် လူချမ်းသာများကိုလည်း
နိုင်သည်။ ဝတ်ဖြူစင်ကြယ်ကိုဝတ်ကာပူဇော်ရန် ဆိတ်များဆွဲလာသူများ
သည်း တွေ့နိုင်သည်။ ဦးခေါင်းတွင် ရှုပ်ထွေးပွေလိမ်သော နန္ဒင်းရောင်
န်းဝါထိန်ထိန်တို့ကို ဝတ်ထားသည့် ဟိန္ဒူဘုန်းကြီးများကိုလည်း တွေ့
သည်။ သက်ပြင်းချသည့်နှယ် ဂါထာမန္တန်တို့ကို ရွတ်ဆိုလာကြသော
ပြုသူများကိုလည်း တွေ့နိုင်သည်။ ပန်တျာသည်၊ ကုန်သည်၊ ကမ္ဘာလှည့်
သည် စသည်တို့ကိုလည်း တွေ့နိုင်သည်။ သို့ဖြင့် လူမျိုးစုံတို့သည် ထို
တစ်ဝိုက်တွင် ပွဲတော်ကြီးတမျှ စည်စည်ကားကား အုတ်အုတ်ကျက်ကျက်
နေတတ်သည်။

ထိုနေရာသည် လူဦးရေပိုလျှံနေသည့် ကာလကတ္တားမြို့ကြီးတွင်
စည်ကားဆုံးနေရာ ဖြစ်သည်။ ဝတ်ကျောင်းဘေးပတ်လည်လည်တွင်
တန်းများက ပြည့်နှက်လျက်။ ထိုနေရာတွင် ပစ္စည်းမျိုးစုံ ဝယ်၍ရနိုင်
။ သစ်သီး၊ ပန်းခိုင်၊ ပေါင်ဒါ၊ ရတနာအတု၊ ရေမွှေး၊ လျှော်ပစ္စည်းမျိုးစုံ
ည်စိမ်ကြေးအိုး၊ ကစားစရာ၊ ငါးအရှင်နှင့်လှောင်အိမ်ထည့်သည့် ငှက်များ
ရနိုင်သည်။ ပိုးပုရွက်အုံလို တရှုံရှုံ ဖြစ်နေသည့် ထိုလူအုပ်၏ အသံ
အသုဘလောင်တိုက်များမှ ပျံ့လွင့်လာသည့် မီးခိုးများသည် ထောင်းထောင်း

www.burmeseclassic.com

www.burmeseclassic.com



တွင် အုံ့ဆိုင်းလျက်။ ထိုအထဲတွင် အမွှေးတိုင်နံ့နှင့် လူသေကို မီးရှို့သ အနံ့ကလည်း စူးဝါးလျက်။ အသုဘယာဉ်များသည် နွားအုပ်တွေ၊ ခွေး ကစားနေသော ကလေးတွေကြားထဲမှ ဖြတ်သန်းကာ မြစ်ဆိပ်ဆီသို့ သွား ကြသည်။ ကာလီဝတ်ကျောင်း အနီးတစ်ဝိုက်တွင် အလှုပ်ရှား အတက် ဆုံးသော ဘဝသည် သေခြင်းနှင့်ယှဉ်ပြိုင်ကာ ရှင်သန်လှုပ်ရှားလျက် ရှိသည်

ထိုဝတ်ကျောင်းနှင့် မနီးမဝေးတွင်မူ ခပ်နိမ့်နိမ့်အဆောက်အအုံတစ် ရှိသည်။ ထိုအဆောက်အအုံ ပြတင်းပေါက်များမှာ ကျောက်ပန်းတွေ စီခြယ်ထားသည်။ အင်္ဂတေပန်းကိုင်ထားသည့် အဝင်ဝတွင် တံခါးမရှိ။ အဆောက်အအုံထဲသို့ မည်သူမဆို ဝင်ခွင့်ရှိသည်။ ထိုအပေါက်ဝ အင်္ဂလိပ်ဘာသာ ဘင်္ဂါလီဘာသာဖြင့် ဆိုင်းဘုတ်တစ်ခု ချိတ်ထား 'ကာလကတ္တားမြို့တော် မြူနီစပယ်အဖွဲ့၊ သေလုဆဲခိုကိုးရာမဲ့တို့၏ ဂေဟာ ဟု ရေးထားသည်။

သူသွားလိုသည့်နေရာသို့ ကိုဇာစကီးရောက်ပြီ။ သူသည် လှေကား များကို ကျော်နင်းကာ အဆောက်အအုံထဲသို့ ဝင်လာခဲ့၏။ ဖော်ပြ၍ မရ သော အနံ့အသက်ကြီးသည် စူးစူးဝါးဝါး မွှောပျံ၏။ ထိုအနံ့ကို မည်သူ ပိုးသတ်ဆေးနံ့ကမျှ ဖုံးအုပ်နိုင်မည်မထင်။ မှောင်ရီရီ အလင်းရောင်ထဲ မျက်လုံးများ ကျင့်သားရသွားသည့်အခါ၌ မွေ့ရာပါးပါးကလေးတွေခင်း တစ်ခုနှင့်တစ်ခု ကပ်ညပ်နေသည့် အိပ်ရာသုံးခုကို ကျော်လာခဲ့သည်။ အိပ် တိုင်းရှေ့တွင် နံပါတ်ပြားကလေးတွေ တပ်ထား၏။ ထိုအိပ်ရာများကြား မည်းမည်းသဏ္ဌာန်များသည် တိတ်ဆိတ်စွာ လှုပ်ရှားနေကြသည်။ အိပ်ရာ ပေါ်တွင်မူ အသားမရှိတော့သော ကိုယ်ခန္ဓာများသည် ပုံသဏ္ဌာန်အမျိုးမျိုး လဲလျောင်းကာ ဝေဒနာအမျိုးမျိုးကို ခံစားနေကြရသည်။ ဒုတိယအခန်းတွင် အမျိုးသမီးများအတွက် သီးသန့်ထားသော အိပ်ရာများ ခင်းထားသည်။

ထိုနေရာမှာ ဆိတ်ငြိမ်ချမ်းမြေ့လွန်းသဖြင့် ကိုဇာစကီး အံ့သြနေသည် ကြောက်ဖွယ်မရှိ။ သည်နေရာကို ရောက်သူများတွင် သောကဖြစ်ခြင်း ခိုကိုးရာမဲ့ဖြစ်ခြင်း၊ လျစ်လျူပြုခံရခြင်းတို့မရှိ။ သည်နေရာတွင် မေတ္တာတရား ငြိမ်းချမ်းမှုကို တွေ့ရသည်။

'သန့်စင်သော နှလုံးသားဂေဟာ'တွင် ရောက်လာကြကုန်သော တစ် တစ်ဆယ်သော ဒုက္ခသည်တို့သည် သတ္တိကောင်းသော သေးသေးညှက်ညှက်



မျိုးသမီးကြီးတစ်ဦးကြောင့် ထိုနေရာတွင် ငြိမ်းချမ်းခြင်းကို ရနေကြသည်။ အမျိုးသမီးကြီးမှာ အပြာရောင်အနားကွပ်ထားသည့် ချည်ဆာရီတစ်ထည်ကို ထား၏။ ထိုအမျိုးသမီးကြီးသည် အခန်းစွန်တစ်နေရာရှိ သေအံ့မူးမူး တစ်ယောက်အား ငုံ့ကြည့်နေသည်ကို ကိုဇာစကီး မြင်လိုက်ရသည်။ တ္တာတရားကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ထိုအမျိုးသမီး ော်စင်အမည်ကို အိန္ဒိယတစ်ပြည်လုံးနှင့် ကမ္ဘာတစ်ဝန်းလုံးမှ အသိအမှတ်ပြု ကြရလေပြီ။ ကာလကတ္တားမြို့ရှိ လမ်းမများပေါ်မှ စွန့်ပစ်ခံရသည့် လေးငယ်များနှင့် သေအံ့မူးမူး ခိုကိုးရာမဲ့သူများအား ကောက်ယူပြုစုခဲ့သည့် ခင်ဂျီ သီလရှင်ဆရာကြီးကို သတင်းစာများ၊ မဂ္ဂဇင်းများက အရေးတယူ ပြနေကြသည်။ သူ့ကုသိုလ်ကောင်းမှုသည် အိန္ဒိယပြည်နယ်နိမိတ်ကို ဖြတ်သွားကာ တိုင်းပြည်အများအပြားကပင် သူ့အား အမြင့်ဆုံးသော ထူးဘွဲ့ထူးများကို ပေးနေကြလေပြီ။ ငြိမ်းချမ်းရေး နိုဘယ်ဆုရှင်ကြီး လာခဲ့လေပြီ။

ကိုဇာစကီးနှင့်တွေ့စဉ်က သူ့အသက်သည် ငါးဆယ့်နှစ်နှစ်မျှသာ ရှိ ၏။ သူ့အမည်ကား မာသာထရီဇာခေါ် သီလရှင်ဆရာကြီး အမေထရီဇာ တည်း။

သီလရှင်ဆရာကြီး ထရီဇာသည် တောင့်တင်းသည့်တိုင် အရွယ်နှင့် ျင် အိုမင်းနေသည်ဟု ထင်ရ၏။ သူ့မျက်နှာပေါ်တွင် နက်ရှိုင်းသော တို့ ထင်စပြုလေပြီ။ ကိုင်းနေသော သူ့သဏ္ဌာန်သည် နှစ်ပေါင်းပရိစ္ဆေဒ ောင်းခဲ့သော သူ့စွန့်လွှတ်မှုနှင့် အိပ်ရေးပျက်ခဲ့သော ညများကို သက်သေ သက်သို့ ရှိသည်။

* * *

အင်္ဂနိစ်ဗိုဂျာဟူးခေါ် သီလရှင်ဆရာကြီး ထရီဇာသည် ယူဂိုစလား ပြည်၊ စကော့ပ်ယီအရပ်တွင် အယ်ဘေးနီးယန်းလူမျိုးမိဘများမှ မေါက်ဖွား ။ သူ့အဖေမှာ ချမ်းသာသော ကုန်သည်တစ်ယောက်ဖြစ်၏။ ထရီဇာ ငယ်ငယ်ကတည်းကပင် အိန္ဒိယပြည်သို့သွား၍ သာသနာပြုလိုသော ပေါ်ပေါက်ခဲ့သည်။ အသက်ဆယ့်ရှစ်နှစ်အရွယ်တွင် ထရီဇာဟူသော မယ်ယူကာ လောရက်တို သီလရှင်ကျောင်းတွင် သီလရှင်ဝတ်ခဲ့သည်။

www.burmeseclassic.com



၁၉၃၁ ခု၊ အောက်တိုဘာလ ၂၀ ရက်နေ့၌ အင်္ဂလိပ်အင်ပိုင်ယာထဲ လန်ဒန်မြို့မှလွဲလျှင် အကြီးဆုံးဖြစ်သည့်ကာလကတ္တားသို့ သွားမည့် သင်္ဘော တစ်စင်းပေါ်သို့ တက်လိုက်လာခဲ့သည်။ ကာလကတ္တားသို့ရောက်လျှ နာမည်ကြီး (ကွန်ဗင့်) သီလရှင်ကျောင်းတစ်ကျောင်းတွင် အထက်တန်း ဗြိတိသျှနှင့်ဘင်္ဂါလီ လူကုံတန်များ၏ သမီးများကို ပထဝီသင်ပေးသည် ပထဝီသင်ပေးရသော စာပြကျောင်းဆရာမအလုပ်ကို ဆယ့်ခြောက်နှစ် လုပ် သည်။

၁၉၄၆ ခုနှစ်၊ တစ်ရက်တွင် ဒါဂျီလင်သို့ မီးရထားဖြင့် ထွက်လာခဲ့ ရထားပေါ်တွင် အသံတစ်ခုကို သူကြားရသည်။ ထိုအသံမှာ သက်ဆေး သက်သာရှိသော ကွန်ဗင့်ကျောင်းဆရာမအလုပ်ကို စွန့်ကာ ကာလကတ္တား အဆင်းရဲဆုံးရပ်ကွက်များသို့သွားကာ အဆင်းရဲဆုံးတကာ့ အဆင်းရဲ လူများနှင့်အတူ လာရောက်နေထိုင်ရန် တိုက်တွန်းသော ဘုရားသခင် အသံဖြစ်သည်။ သီလရှင်ဆရာမကြီးထရီဇာသည် အဖြူရောင် ချည် ဝတ်ခွင့်ရရန် ပုပ်ရဟန်းမင်းထံ ခွင့်တောင်းပြီးနောက် သီလရှင်ဂိုဏ်းတစ်ဂိုဏ်း ထူထောင်သည်။ ထိုဂိုဏ်း၏အလုပ်မှာ အငြင်းပယ်ခံလူထုများအား ဆင် ဒုက္ခအပေါင်းမှ လွတ်မြောက်အောင် လုပ်ရန်ဖြစ်သည်။

၁၉၅၀ ခုနှစ်၌ သီလရှင်ဆရာကြီး ထရီဇာသည် ဒါနဝေပုလ္လကျော တိုက်ကို တည်ထောင်ခဲ့သည်။ နောင် ၃၅ နှစ်အကြာ၌ ထိုကျောင်းတိုက်ကြီး ကျောင်းတိုက်ခွဲများသည် ၁၈၅ တိုက်မျှ ရှိလာခဲ့ကာ ကမ္ဘာအနှံ့အပြား ထိုကျောင်းတိုက်မှ ဖွင့်လှစ်သော ဌာနခွဲပေါင်း ထောင်ချီ၍ ရှိလာခဲ့သည် ကိုဗာစကီး ရောက်လာသော သေအံ့ဆဲဆဲ ခိုကိုးရာမဲ့များ၏ ဂေဟာမှာ တစ် နေ့တွင် သီလရှင်ဆရာကြီး ထရီဇာ ကြုံတွေ့ခဲ့ရသည့် စိတ်ထိခိုက်ဖွယ် အ အပျက်တစ်ခုကြောင့် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

အချိန်မှာ ၁၉၅၂ ခု၊ နွေလဖြစ်၏။ ထိုစဉ်က ကမ္ဘာမီးကြီးရွာသ ကာလကတ္တားတွင် မိုးကြီးသည်းထန်စွာ ရွာလျက်ရှိ၏။ အဝတ်ဖြူ ဝတ်ထားသည့် ခပ်ကိုင်းကိုင်းသဏ္ဌာန်တစ်ခုသည် ကာလကတ္တား ဆေးကော ဆေးရုံကြီး၏ အုတ်တံတိုင်းနံရံကို ခိုကာ မိုးရေထဲတွင် တစ်နေရာ သွားလျက်ရှိ၏။ ထိုစဉ် မြေကြီးပေါ်တွင် လဲကျနေသည့် တစ်စုံတစ်ခု ခလုတ်တိုက်မိသည်။ ဖြူဖြူသဏ္ဌာန်သည် မြေကြီးပေါ်သို့ ငုံ့ကြည့်လိုက်



ရေထဲတွင် လဲကျနေသော အဘွားအိုတစ်ဦးကို သူမြင်ရသည်။ အဘွားအို အသက်ကိုပင် ကောင်းကောင်း မရှုတော့ပြီ။ ခြေချောင်းကလေးများမှာ ကြွက်ကြီးကို ကိုက်စားထားသဖြင့် အရိုးဖွေးဖွေး ပေါ်နေပြီ။ သီလရှင် ရာကြီး ထရီဇာသည် ထိုအဘွားအိုကို ပွေ့ချီကာ ဆေးရုံကြီးသို့ ပြေးလာ သည်။ အရေးပေါ်ဌာနကို တွေ့သဖြင့် အခန်းထဲသို့ ဝင်လာခဲ့ကာ အဘွားအို လူနာတင် ထမ်းစင်ပေါ်သို့ ချလိုက်သည်။ အစောင့်တစ်ယောက် တ်တရက်ပေါ်လာပြီး သူ့ကို မောင်းထုတ်၏။

'ဒီအဘွားကြီးကို ပြန်ခေါ်သွားပါ။ ကျွန်တော်တို့ ဘာမှ လုပ်မပေးနိုင်ဘူး'

သီလရှင်ဆရာကြီး ထရီဇာသည် အဘွားအိုကို ပွေ့လျက် အပြင်သို့ ထွက်လာခဲ့သည်။ မလှမ်းမကမ်းတွင် အခြားဆေးရုံတစ်ခု ရှိသေးသည်။ ဘွားအိုထံမှ ရွှဲဖောက်လာသံ ကြားရ၏။ သူ့လက်ထဲတွင် ပွေ့ထား ည့် ခန္ဓာကိုယ်သည် တောင့်တင်းစ ပြုလာလေပြီ။ နောက်ကျသွားသည်ကို သိလိုက်လေပြီ။

သီလရှင်ဆရာကြီး ထရီဇာသည် အဘွားအိုကို အောက်သို့ချကာ ပွင့် သော မျက်လုံးများကို ပိတ်ပေးလိုက်ပြီးနောက် မိုးရေထဲတွင် ဒူးထောက် ကာ အလောင်းအားတွင် ဆုတောင်းသည်။ 'ဒီမြို့ကြီးမှာ လူဖြစ်ရတာ င် ခွေးဖြစ်ရတာကမှ ကောင်းသေးတယ်' ဟု သက်ပြင်းချရင်း အနီးမှ ည့်ထွက်လာခဲ့သည်။

နောက်တစ်နေ့တွင် သီလရှင်ဆရာကြီး ထရီဇာသည် မြူနီစီပယ် ကြီးသို့ အမောတကောပေါက်လာကာ တစ်ခန်းဝင်တစ်ခန်းထွက်သည်။ ဆာရီအဖြူကို ဝတ်ထားသည့် ဥရောပသူ သီလရှင်တစ်ပါး တစ်ခန်းဝင် ခန်းထွက် အလုပ်များနေသည်ကိုကြည့်၍ အချို့က တအံ့တဩ ဖြစ်နေ သည်။ နောက်ဆုံးတွင် မြို့တော်ဝန်၏လက်ထောက်တစ်ယောက်က သူ့ကို ခဲ့တွေ့ဆုံသည်။

'ဒီမြို့တော်ကြီးကလူတွေ လမ်းမပေါ်မှာ ဒီအတိုင်းသေနေတာဟာ ရာ ကောင်းလွန်းပါတယ်။ ဒီတော့ ဆရာကြီးကို အဆောက်အအုံတစ်ခု ပါ။ သေခါနီးလူတွေ ဘုရားသခင်ရှေ့တော်မှောက်မှာ ထာတော်နဲ့ သေနိုင်တာပေါ့' ဟု အမေထရီဇာက ပြောသည်

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်အကြာတွင် ကာလကတ္တား မြူနီစီပယ်အဖွဲ့က ကား မယ်တော် ဝတ်ကျောင်းအနီးရှိ ဇရပ်တစ်ဆောင်ကို ပေးလိုက်သည်။ ဆရာ ထရီဇာ ဝမ်းသာ၍ မဆုံးတော့။

'အဲဒါ ဘုရားသခင်က ပေးလိုက်တာ၊ ပေးလိုက်တဲ့နေရာကလဲ အထ ပဲ။ ဆင်းရဲသားတွေ၊ ခိုကိုးရာမဲ့တွေ သေစရာရှိရင် ဝတ်ကျောင်းကဖို လောင်တိုက်တွေပေါ်မှာ မီးသဂြိုဟ်ခံရအောင် လာလေ့ရှိတဲ့နေရာ'

ပထမသော် လည်းတွင် ကားတိုင်ကိုဆွဲထားပြီး ဆာရီအဖြူဝတ်သ ဗရင်ဂျီ မယ်သီလရှင်တစ်ဦး သူတို့ အထွတ်အမြတ်ထားသော နေရာအနီး ရောက်လာသည့်အတွက် အံ့သြကြသည်။ ထို့နောက် အယူသီး ဟိန္ဒူဘာသာ တို့က မကျေမနပ် ဖြစ်လာကြသည်။ သီလရှင်ဆရာကြီး ထရီဇာနှင့်သီလ များသည် သေအံ့ဆဲဆဲ ခိုကိုးရာမဲ့များကို ခရစ်ယာန်ဘာသာထဲသို့ ဆွဲသွ ကြသည်ဟု သတင်းဖြစ်လာသည်။ ပြဿနာတွေ ပေါ်လာသည်။ တစ်နေ့ သေတော့မည့် ခိုကိုးရာမဲ့တစ်ဦးကို ဂေဟာသို့ ခေါ်လာစဉ် သူနာတင်ကား ခဲတွေ၊ ပုလင်းတွေဖြင့် ပစ်ခတ်ကြသည်။ သီလရှင်များကို ခြိမ်းခြောက် ကားကြသည်။ နောက်ဆုံးတွင် သီလရှင်ဆရာကြီး ထရီဇာသည် မကျေ ဆန္ဒပြနေသည့် လူအုပ်ရှေ့တွင် ဒူးထောက်ထိုင်လိုက်သည်။

'ကျုပ်ကိုသတ်ကြပါ၊ ကျုပ်သေသွားရင် ကောင်းကင်ဘုံကို မြန် ရောက်တာပါပဲ' ဟု ဆိုကာ ကားစင်တင်ခံထားရသည့်ပုံ လက်နှစ်ဖက် ဘေးသို့ထားသည်။

ဤတွင် လူအုပ်ကြီးသည် သူ့အပြုအမူကို လေးစားသွားကာ ပြန်သွား ၏။ သို့ရာတွင်ပြဿနာကမပြီးသေး။ အသင်းအဖွဲ့များက မြို့တော်ဝန်မနှင့်ရဲ သို့ ကိုယ်စားလှယ်တွေလွှတ်ကာ 'နိုင်ငံခြားသားသီလရှင်'ကို တိုင်းပြည်မှနှင်ထု ရန် တင်ပြကြသည်။ ရဲမင်းကြီးက သူတို့တောင်းဆိုချက်ကို လုပ်ပေးမည် ကြောင်း ပြောသည်။ သို့ရာတွင် သူကိုယ်တိုင် အခြေအနေကို စုံစမ်းကြည့်သ

ရဲမင်းကြီးသည် သူကိုယ်တိုင် ဂေဟာသို့လာခဲ့၏။ ဂေဟာထဲသို့ လိုက်သည့်အခါ၌ လမ်းမမှ ကောက်လာသော သေအံ့ဆဲ လူမမာတစ်ယော အနီးတွင် ဒူးထောက်ထိုင်ကာ ဘုရားစာ ရွတ်နေသော သီလရှင်ဆရာ ထရီဇာကို တွေ့ရသည်။ လူမမာမှာ လွန်စွာ ညစ်ပတ်လျက်ရှိကာ ခြေထော



တွင် ပြည်တရွဲရွဲ အနာကြီးတွေနှင့် ဖူးဖူးရောင်နေလေပြီ။ မရွံမရှာ ပြုစုနေသော သီလရှင်ဆရာကြီး ထရီဇာကို မြင်သည့်အခါတွင် ရဲမင်းကြီးသည် အံ့အား သင့်နေသည်။

သီလရှင်ဆရာကြီး ထရီဇာသည် လူမမာ၏ခြေထောက်မှ အနာများကို ဆေးကြောကာ ဆေးထည့်ပေးနေသည်။ နှစ်သိမ့်စကားတို့ကို ပြောနေသည်။ သူ့မျက်နှာက ပကတိ တည်ငြိမ်အေးချမ်းလျက်၊ ရဲမင်းကြီးသည် ဆရာကြီး ထရီဇာ ပြုစုနေပုံကို မြင်သည့်အခါတွင် များစွာ စိတ်ထိခိုက်သွား၏။

'ဆရာကြီးရဲ့ဂေဟာကို လိုက်ကြည့်ဦးမလား' ဟု သီလရှင်ဆရာကြီး ထရီဇာက မေးသည်။

'တော်ပါပြီ ဆရာကြီး၊ မလိုတော့ပါဘူး'

ဂေဟာပြင်သို့ ထွက်လာသည့်အခါတွင် အယူသီး ဟိန္ဒူဘာသာဝင် လူငယ်များသည် ဝင်းဝတွင် ရပ်နေကြ၏။

'ကောင်းပြီ၊ မင်းတို့တောင်းဆိုတဲ့အတိုင်း ဒီနိုင်ငံခြားသူ သီလရှင်ကို ပြည်နှင်ဒဏ်ပေးမယ်၊ ဒါပေမယ့် မင်းတို့အမေတွေနဲ့ မင်းတို့အစ်မတွေ၊ ညီမ တွေကို ဒီကိုခေါ်လာပြီး သူလုပ်တဲ့ အလုပ်မျိုးတွေကို လုပ်ပေးဖို့ ပြောပေးပါ၊ ဒီလို ပြောပေးနိုင်ရင် ငါ သူ့ကို နှင်ထုတ်မယ်'

သို့တိုင် တိုက်ပွဲမအောင်သေး။ နောက်တစ်နေ့တွင် ဆူပူသူများသည် ဂေဟာကို ခဲများ၊ အုတ်ခဲများဖြင့် ပစ်ကြသည်။ တစ်မနက်တွင်မူ ကာလီ မယ်တော်၏ ဝတ်ကျောင်းရှေ့တွင် စုဝေးနေသော လူအုပ်တစ်အုပ်ကို ဆရာကြီး ထရီဇာ မြင်လိုက်ရ၏။ သူတို့အနီးသို့ လာသည့်အခါ လူအုပ်ကြားထဲတွင် ပြိုလန်၍ လဲနေသော လူတစ်ယောက်ကို တွေ့ရသည်။ သူ့မျက်နှာမှာ သွေးလုံးဝ မရှိတော့ဘဲ ဖြူလျက်ရှိလေပြီ။ သူ့ရင်တွင် ကြိုးသုံးကြိုး တပ်ထား သည်ကို ကြည့်ခြင်းဖြင့် ထိုလူမှာ ကာလီမယ်တော်၏ ဝတ်ကျောင်းမှ ပုဏ္ဏားတစ်ဦးဖြစ်ကြောင်း သိရသည်။ မည်သူမျှ သူ့ကို မထိရဲကြ။ ကာလ နာရောဂါဖြစ်နေကြောင်း သူတို့အားလုံး သိနေကြသည်။

သီလရှင်ဆရာကြီး ထရီဇာသည် အနီးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး ထိုလူကို ပွေ့၍ သူ့ဂေဟာဆီသို့ ခေါ်ဆောင်သွားသည်။ နေ့ရော ညပါ ပြုစုသဖြင့် ထိုလူမှာ သက်သာသွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွပ်ဟာ အနှစ်သုံးဆယ်လုံးလုံး ကျောက်နဲ့ထုထားတဲ့ ကာလီမယ်
ကို ကိုးကွယ်ခဲ့တယ်၊ ခု အသွေးအသားနဲ့ ဖွဲ့စည်းထားတဲ့ ကာလီမယ်တော်
ကျွပ်တွေ့ပြီ၊ သူကမှ တကယ့် ကာလီမယ်တော်အစစ်' ဟု ထို
နောင်တွင် ပြောသည်။

ထိုနောက်တွင်မှ အဝတ်ဖြူ ဝတ်ထားသည့် သီလရှင်တို့ကို
ပစ်ခတ်ခြင်း မပြုကြတော့။ ထိုသတင်းသည် ကာလကတ္တား တစ်မြို့လုံး
ပျံ့သွား၏။ သေအံ့ဆဲဆဲ လူမမာများကို တင်လာသည့် သူနာတင်ကား
ရဲကားများသည် သီလရှင်ဆရာကြီး ထရီဇာ၏ဂေဟာသို့ နေ့စဉ်နှင့်
ရောက်လာကြသည်။ 'သန့်စင်သော နှလုံးသားဂေဟာသည် ကာလက
မြို့ကြီးရဲ့ ရတနာအစစ်' ဟု သီလရှင်ကြီး ထရီဇာ ကြွေးကြော်သည်။
ရတနာကို တစ်မြို့လုံးကပိုင်း၍ ကာကွယ်စောင့်ရှောက်ကြသည်။ မြို့တော်
သတင်းစာဆရာများနှင့် မြို့မျက်နှာဖုံးများသည် သူ့ဂေဟာကို အပြေးအ
လာကြည့်ကြသည်။ အထက်တန်းစား အမျိုးသမီးများသည် ထိုဂေဟာ
ရောက်လာကာ သေအံ့ဆဲဆဲ ခိုကိုးရာမဲ့များကို သီလရှင်များနှင့်အတူ ပြု
သည်။ ထိုအထဲမှ အမျိုးသမီးတစ်ယောက်သည် သီလရှင်ဆရာကြီး ထရီ
မိတ်ဆွေကြီးတစ်ဦး ဖြစ်လာခဲ့သည်။

အမ်ရီတာရှိုင်းသည် အသက် ၃၅ နှစ်သာ ရှိသေးသည်။ လှ
ချမ်းသာသည်၊ တန်ခိုးသြဇာကြီးသည်။ သူ့ဦးကြီး ဒေါက်တာ ဘီစီရှိုင်း
စိတ်ရင်းကောင်းသူတစ်ဦးဖြစ်ပြီး ဘင်္ဂလားပြည်နယ် ဝန်ကြီးချုပ် ဖြစ်
နေရာတကာတွင် ခက်ခဲသောမြို့ကြီး၌ သူတို့ကို တတ်နိုင်သမျှ အကူ
ပေးသည်။ ကာလကတ္တားသည် ရာသီဥတု ဆိုးသည်။ လေထုညစ်ညမ်းသ
လူဦးရေထူထပ်သည်။ ဗျူရိုကရေစီအုပ်စိုးမှုအားကြီးသည်။ ကိုဗာစကီးကဲ့
သီလရှင်ဆရာကြီး ထရီဇာသည် အကောက်ရုံးကြီးတွင် ရောက်နေ
ဆေးသေတ္တာများ၊ နို့မှုန့်သေတ္တာများကို ရက်ပေါင်းများစွာ စောင့်ဆိုင်း
ရွေးယူရသည့်အခါတွေ ရှိသည်။

သေခါနီး ခိုကိုးရာမဲ့များကို ကောက်ယူပြုစုခြင်းမှာ သီလရှင်ဆရာ
ထရီဇာအဖို့ ပထမခြေလှမ်းသာရှိသေး၏။ အသက်ရှင်နေသူများကိုလည်းက
ဖို့ လိုသေးသည် မဟုတ်လော။ အသက်ရှင်လျက်ရှိသူများထဲတွင် ဥပေ
အခံရဆုံးမှာ ကလေးငယ်များ ဖြစ်သည်။ တစ်ခါတစ်ရံတွင် စွန့်ပစ်ထား



လေးငယ်များကို အမှိုက်ပုံများထဲတွင်လည်းကောင်း၊ ရေမြောင်းထဲတွင်လည်း
ကောင်း၊ဘုရားရှိခိုးကျောင်းအဝတွင်လည်းကောင်းတွေ့ရတတ်သည်မဟုတ်လော။

တစ်နေ့တွင် ဘုရားသခင်၏ စေခိုင်းချက်ကြောင့် ဆရာကြီးထရီဇာသည်
စားဝတ်ပြုပြီး အနီးရှိ လူမနေသည့်အိမ်ကြီးတစ်အိမ်အဝသို့ အမှတ်မဲ့
ရောက်သွား၏။ ဝင်းဝပလက်ဖောင်းပေါ်တွင် သတင်းစာစက္ကူဖြင့် ပတ်ထား
သည့် နေ့မစေ့ဘဲ မွေးလာသည့် ကလေးငယ်ကလေးတစ်ဦးကို တွေ့ရသည်။
ကလေးငယ်သည် ၁၉၅၃ ခုနှစ်တွင် တည်ထောင်လိုက်သော 'ရှီရှုဘဝမ်'
ကလေးဂေဟာသို့ ပထမဆုံး ရောက်လာသူ ဖြစ်သည်။ ကလေးငယ်မှာ
ပေါင်ပင် မပြည့်ချင်။ ဆရာကြီး ထရီဇာက နို့ဘူးဖြင့် တိုက်သည့်အခါတွင်
ခေါင်းကို စုပ်ရန်ပင် အားမရှိတော့။

ထို့ကြောင့် နှာခေါင်းမှပိုက်ဖြင့် နို့သွင်းရသည်။ သီလရှင်ဆရာကြီး
ထရီဇာသည် ထိုကလေးငယ်ကို အသက်ရှင်အောင် ကြိုးစား၍ မွေးသည်။
မကြာမီ သူ့ကလေးဂေဟာတွင် ကလေးငယ် ဒါဇင်ပေါင်းများစွာကို
ကလေးတွေ၊ ပုခက်ကလေးတွေနှင့် ထားနိုင်သောအခြေသို့ ရောက်လာ
ပြီ။ သူ့ဂေဟာသို့ တစ်နေ့လျှင် ကလေးငါးဦး၊ ခြောက်ဦးခန့် ရောက်လာ
သည်။ သူ့လက်ထောက် သီလရှင်များမှာ ခေါင်းကိုက်နေလေပြီ။ ထိုမျှ
သော ကလေးငယ်များကို မည်သို့ ပြုစုကျွေးမွေးမည်နည်း။ သေခါနီး
ကိုးရာမဲ့များနှင့်ပေါင်းလျှင် တစ်နေ့တစ်နေ့ ရာပေါင်းများစွာသော ပါးစပ်
ကို ကျွေးမွေးရတော့မည်။

သူ့အဖြေက လွယ်သည်။

'ဘုရားသခင်က စောင့်ရှောက်ပါလိမ့်မယ်' ဟု သူဖြေသည်။

မှန်သည်။ ဘုရားသခင်က စောင့်ရှောက်သည်။ လူချမ်းသာများက
သာများကိုလွှတ်၍ ဆန်၊ သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ငါး စသည်
တို့ လှူသည်။

တစ်ညနေတွင် သူရောက်စက သူ့ကို အိမ်ခန်းတစ်ခန်း လှူဖူးသော
တစ်ယောက်နှင့် ဆရာမကြီး ထရီဇာတွေ့သည်။

'သိပ်ဟန်ကျတာပဲ ဒကာကြီးရေ့၊ ကျုပ်တို့ ကလေးဂေဟာက ကလေး
တွေအတွက် အစိုးရက တစ်လကို သုံးဆယ့်သုံးကျပ် ကောက်ပုံမယ်' ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ထရီဇာက အားတက်သရော ပြောသည်။ သူက ဆရာကြီး ထရီဇာကို သနားသလိုကြည့်ရင်း ....

'ဘာ ....အစိုးရကထောက်ပံ့တယ် ဟုတ်လား၊ ဆရာကြီး ကျွန်တော် အစိုးရ ဗျူရိုကရေစီယန္တရား ဘယ်လောက်ရှုပ်ထွေးမှန်းမှ မသိဘဲကိုး'

သူပြောသည့်အတိုင်းပင် ထောက်ပံ့ငွေ သုံးဆယ့်သုံးကျပ်ရမည် သည့်တိုင် ခြောက်လကြာသည်အထိ တစ်ပြားတစ်ချပ်မျှမရသေး။ ခြောက်လ ကြာသည့်အခါတွင်မှ အစိုးရရုံးကြီး တစ်ရုံးထဲတွင် ဒိုတီဝတ်ထားသော အရာရှိများသည် အစည်းအဝေး ထိုင်ကြကာ ဆရာကြီး ထရီဇာ၏ က ဂေဟာမှ စာရင်းစာအုပ်များကို စစ်ဆေးကြ၏။ မေးခွန်းများကို မေးကြ မလိုအပ်သည့် အသေးစိတ်များကို စစ်ဆေးကြ၏။ ဝေဖန်ကြ၏။

ဆရာကြီး ထရီဇာသည် သည်းမခံနိုင်တော့။ သူတို့ရှေ့တွင် မတ်တ ရပ်လိုက်သည်။

'လူကြီးမင်းများကို ဆရာကြီးတစ်ခုပြောချင်တယ်၊ လူကြီးမင်း ထောက်ပံ့တဲ့ငွေလေး သုံးဆယ့်သုံးကျပ်နဲ့ လူကြီးမင်းတို့ ပို့ပေးတဲ့ က ငယ်တွေကိုပဲ ပြုစုစောင့်ရှောက်ရမယ်လို့ မတောင်းဆိုပါနဲ့၊ ဆရာကြီး တခြားက ကောက်ရတဲ့ကလေးတွေ အများကြီးကို ဆယ့်ခုနစ်ကျပ်နဲ့ ကျွေး ရတာပါ၊ ဒီတော့ လူကြီးမင်းတို့ပို့တဲ့ ကလေးကိုတော့ သုံးဆယ့်သုံး သုံးရမယ်၊ ကျန်တဲ့ကလေးတွေအတွက်တော့ ဆယ့်ခုနစ်ကျပ်ပဲ သုံးရ ဆိုတာမျိုးကို ဆရာကြီး မလုပ်နိုင်ပါဘူး၊ ကျေးဇူးတင်ပါတယ်၊ လူကြီးမင်း မထောက်ပံ့ပေမယ့်လဲ ကိုယ့်ဘာသာကိုယ်ရှာပြီး ကျွေးပါမယ်'

ဆရာကြီးထရီဇာသည် ရုံးခန်းမှ ထွက်လာခဲ့သည်။

ကာလကတ္တားသည် ကလေးမွေးနှုန်း အလွန်မြင့်သည့်မြို့ကြီး ကိုယ်ဝန်ကို ဖျက်ချတတ်ကြသဖြင့် ထိုကိစ္စကိုလည်း ကိုင်တွယ်ရ ထို့ကြောင့် ဆရာကြီး ထရီဇာသည် သီလရှင်များ၏ အကူအညီဖြင့် မြို့ထဲ ပိုစတာတွေ ကပ်သည်။ မည်သည့်ကလေးကိုမဆို မိမိထံပို့ပေးလျှင် ကျွေး ပြုစုမည်ဟု ပိုစတာတွင် ဖော်ပြသည်။ ညမှောင်လျှင် ကိုယ်ဝန် မိန်းကလေးများသည် ဆရာကြီး၏ဂေဟာသို့ ပေါက်လာကာ သူတို့က များကို မွေးပေးရန် တိတ်တိတ်စာရင်းသွင်းကြသည်။



ကရုဏာနတ်သမီးသည် ဒုက္ခရောက်သူတို့ထံ အတောင်ပံခတ်၍ အမြဲ လာတတ်သည်။ သေခါနီး ခိုကိုးရာမဲ့တို့၏ဂေဟာကို ဖွင့်ပြီးပြီ။ စွန့်ပစ်ခံ သည့် ကလေးငယ်များဂေဟာကိုလည်း ဖွင့်ပြီးပြီ။ ကိုယ်ရေရောဂါသည် တို့၏ကိစ္စ ကျန်သေးသည်။ ကာလကတ္တား စက်မှုရပ်ကွက်ရှိကွက်သစ်တစ်ခု ဖြစ်သော တီတာဂါးရပ်ကွက်တွင် ဆရာကြီး ထရီဇာသည် မီးရထားကုမ္ပဏီ တစ်ခုထံမှ မြေကွက်တစ်ကွက် ငှားပြီး သွပ်မိုး၊ အုတ်ကာ ရုံတစ်ရုံ ဆောက်သည်။ အခြေအနေဆိုးနေသည့် ကိုယ်ရေရောဂါသည်များကို လက်ခံ ကာ သူတို့ကို နေ့တိုင်း ဆေးကုပေးသည်။ အားပေးစကား ပြောသည်။

ခဏကြာလျှင် မေတ္တာအိုအေစစ်သို့ လာ၍ ကုသခံသည့်ရောဂါသည်တွေ များ ရှိလာခဲ့သည်။

တီတာဂါးသည် အစမျှသာ ဖြစ်သည်။ ထို့နောက်တွင် ဆရာကြီး ထရီဇာသည် သီလရှင်များကို မြို့ထဲသို့ လွှတ်ကာ ကိုယ်ရေရောဂါသည် ဆေးပေးခန်း ၇ ခုကို ဖွင့်လှစ်ခဲ့သည်။ တစ်ယောက်က ဆရာကြီး ထရီဇာ အဆုံး ကိုယ်ရေရောဂါသည်ကို ပြုစုခဲ့ရာ ရပ်ကွက်တစ်ခုတွင် သူ့ကြိုးပမ်း မှုဖြင့် ဆေးပေးခန်းတစ်ခု ထောင်သည်။ ထိုဆေးပေးခန်းသို့ ရောဂါသည်တွေ လိုက် နေ့စဉ် လာကြသည်။ မြို့တော်ခန်းမတွင် အမှုထမ်းသည့် အရာရှိ တစ်ဦးက သူတို့အိမ်အနီးတွင် ထိုသို့သော အနိဋ္ဌာရုံစခန်းများ လာရောက် သည်အတွက် ကန့်ကွက်ကာ သက်ဆိုင်ရာသို့ တိုင်မည်ဟု ခြိမ်းခြောက် သည်။ နောက်ဆုံးတွင် ဆရာကြီး ထရီဇာ အလျှော့ပေးလိုက်ရသည်။ သို့ရာ တွင် အရှုံးထဲမှ အကောင်းကို သူရှာသည်။

'ဒီလိုဆိုရင်လဲ တစ်နေရာတည်းမှာ မဖွင့်ဘဲ လှည့်လည်ဆေးပေးခန်း လေးတွေ ဖွင့်ရမှာပေါ့' ဟု ပြော၏။

ဒါန ဝေပုလ္လကျောင်းတိုက် တံဆိပ်တပ်ထားသည့် မော်တော်ယာဉ် ဖြူကလေးများသည် ကာလကတ္တားမြို့ကြီးထဲတွင် နေရာအနှံ့သွားကာ လိုအပ်ဆုံးသူများအား ကူညီနေသည်ကို မြင်နိုင်သည်။

* * *

ကိုဗာစကီးသည် သူနေသည့် သုခမြို့တော်ရှိ ကိုယ်ရေရောဂါသည်များ အတွက် ထိုသို့သော မော်တော်ယာဉ်တစ်စီးလောက် လိုချင်သည်။ သူဖွင့်

www.burmeseclassic.com



မည့် ဆေးပေးခန်းကလေးတွင် အကူအညီပေးမည့် သီလရှင်နှစ်ယော
သုံးယောက်လည်း လိုချင်သည်။ ထို့ကြောင့် သီလရှင်ဆရာကြီး ထရီဇာ
လာခဲ့ခြင်း ဖြစ်သည်။

ကိုဗာစကီးသည် ပို့လို့ပက်လက် ဖြစ်နေသည့် လူမမာများကြာ
ဖြတ်ကာ ဒုံးထောက် ထိုင်နေသည့်သဏ္ဍာန်ဆီသို့ လာခဲ့၏။ ဆရာ
ထရီဇာသည် အရိုးပေါ် အရေတင်လျက်ရှိသည့် လူငယ်တစ်ဦးအား သန့်
ဆေးကြောပေးနေသည်။ သူ့တွင် အသားတို့ မရှိတော့။ အရေသည် ထ
ကြက်ထားသကဲ့သို့ အရိုးပေါ်တွင် တင်းနေပြီ။ ဆရာကြီး ထရီဇာသ
ထိုလူရွယ်ကို ဘင်္ဂါလီဘာသာဖြင့် ခပ်တိုးတိုး ပြောနေသည်။

'အဲဒီလူရဲ့ မျက်နှာကို ကျွန်တော် ဘယ်တော့မှ မေ့တော့မှာ မဟု
ဘူးဗျာ၊ စောစောက ဝေဒနာကြောင့် ရှုံ့မဲ့နေတဲ့ မျက်နှာဟာ အံ့သြတဲ့အသွ
ကို ပြောင်းသွားတယ်၊ ပြီးတော့ သူ့ကို ဒီလို ချစ်ချစ်ခင်ခင် ပြုစုပေးနေ
အတွက် ငြိမ်းချမ်းကြည်လင်သွားတယ်' ဟု ကိုဗာစကီးက ပြောသည်။

အနီးတွင် လူတစ်ယောက် ရောက်လာမှန်း သိလိုက်သဖြင့် အ
ထရီဇာသည် ထိုင်ရာမှ ထ၏။ ကိုဗာစကီး၏ ရင်ဘတ်ပေါ်တွင် ဆွဲထားသ
ကားတိုင် မြင်လိုက်သဖြင့် ဗရင်ဂျီခင်ကြီးမှန်း သိသွားကာ ........

'ဆရာကြီးလား၊ ကျုပ်ဘာများ အကူအညီပေးနိုင်ပါသလဲ' ဟု ကျို
စွာ မေးသည်။

ကိုဗာစကီးသည် ရှုံ့နေသည်။ မိမိသည် လူမမာတစ်ဦးအား နှစ်သိ
ပေးနေသူတစ်ဦးကို သွားရောက်နှောင့်ယှက်မိနေပါပကောဟု လူမမာ၏ မျက်နှ
ဆရာကြီး ထရီဇာကို တောင်းပန်တိုးလျှိုးသည့်အကြည့်ဖြင့် ကြည့်နေသည်
ကိုဗာစကီးက သူကိုယ်သူ မိတ်ဆက်သည်။

'ဪ ........ ဟုတ်လား။ ဆရာကြီးရဲ့အကြောင်းကို ကြားဖူးပါတယ်'
ဟု အမေ ထရီဇာက ဝမ်းသာအားရ ပြောသည်။

'ဆရာကြီးဆီကို ကျွန်တော် အကူအညီတစ်ခု တောင်းချင်လို့ပါ'

'ဆရာကြီးကို အကူအညီမတောင်းနဲ့လေ၊ ဘုရားသခင်ဆီကို တော
မှပေါ့၊ ဆရာကြီးက ဘာတတ်နိုင်မှာလဲ'



ကိုဗာစကီးက သူ့ရပ်ကွက်တွင် ကိုယ်ရေရောဂါသည်တို့အတွက်
ဆေးပေးခန်းကလေးတစ်ခု ဖွင့်ချင်ကြောင်း ပြောသည်။

'သိပ်ကောင်းတာပေါ့ ဆရာကြီးရယ်၊ သိပ်ကောင်းတာပေါ့၊ ဆရာကြီး
ဟာ ဘုရားအလိုတော်အတိုင်း လုပ်နေတာပဲ၊ ကောင်းပြီလေ၊ ဆရာကြီး
သီလရှင်သုံးဦး ပို့ပေးမယ်၊ သူတို့က ကိုယ်ရေရောဂါသည်တွေကို ကိုင်တွယ်
အကျ သူတွေပါ'

ထိုစဉ် သီလရှင်ပျိုတစ်ပါး ရောက်လာကာ တစ်စုံတစ်ရာကို တိုးတိုး
ပြောသည်။ ကိစ္စရှိ၍ ဆရာကြီး ထရီဇာကို လာခေါ်ခြင်း ဖြစ်သည်။

'ကဲ........ သွားဦးမယ် ဆရာကြီး၊ ဆရာကြီးတို့နဲ့ လာပြီး
မနက်လောက် ဘုရားဝတ်ပြုလှည့်ပါဦးလား' ဟု ဆရာကြီး ထရီဇာက
ပြောသည်။

ကိုဗာစကီးသည် ဝမ်းသာနေသည်။

'ကာလကတ္တားမြို့ကြီးရေ၊ ကောင်းချီးသာခု ခေါ်ပေတော့၊ မင်းဟာ
ယ်လောက် ဆင်းရဲစုတ်ပြတ်ပေမယ့် သူတော်စင်တွေကိုတော့ မွေးပေးနိုင်
ဲ့ မြို့ကြီးပါ'

သူ တိုးတိုးရွတ်သည်။

## ၂၈

ခြအနေသည် တဖြည်းဖြည်း ဆိုးလာခဲ့၏။ အဆင့်ဆင့် ပိတ်ဆို့မှု
ကြောင့် လမ်းမများပေါ်တွင် ယာဉ်အသွားအလာ ကျပ်တည်းပိတ်ဆို့သော
သည်။ တစ်ခါတစ်ရံတွင် ရှေ့ကို ခြေတစ်လှမ်းစာကလေး ရောက်ဖို့ပင်လျှင်
ည်းသွားယူရ၏။ လျှပ်စစ်ဓာတ်အား ပြတ်သွား၍ ရပ်ထားရသော ဓာတ်ရထား
း၊ ရေဆူသဖြင့် စက်ခေါင်းမှ ရေနွေးငွေ့တွေ တထောင်းထောင်းဖြင့် ထ
ကန်နေသော မော်တော်ကားများ၊ ဝင်ရိုးကျိုးလျက် သို့မဟုတ် ဘီးလုံးကြီး

www.burmeseclassic.com

www.burmeseclassic.com



လဲလျက်ရှိသော နှစ်ထပ်ဘတ်စ်ကားကြီးများကြောင့် လမ်းမတစ်ခုလုံး ပိတ်ဆို့နေတတ်သည်။ အဝါရောင်ဆေး မညီမညာ သုတ်ထား တက္ကစီကားများသည် ဖွန်းသံ တတီတီဖြင့် ရှေ့သို့ အတင်းတက်နေကြ ဝန်အပြည့် တင်ထားသည့် ကျွဲလှည်းများနှင့် ခေါင်းပေါ်တွင် ပစ္စည်း ထမ်းပိုးလာကြသည့် ကုလီများသည် ကြီးမားကျယ်ပြန့်လှသော ထိုဒီ ထဲတွင် ကူးခတ်နေကြသည်။ ရေပိုက်များနှင့် မိလ္လာပိုက်များ ပေါက်သ လမ်းမကြီးများပေါ်တွင် ဗွက်တွေ အိုင်တွေ ထွန်းနေရာ ကတ္တရာ ကွက်ကွက်ကလေးသာ ကျန်တော့သည်။

လန်ချားများနှင့် လမ်းသွားလမ်းလာများသည် ထိုကတ္တရာ မာမာလေးကို လုသွားနေကြသည်။ အရာအားလုံးသည် တစ်နေ့ထက်တစ် ပို၍ အက်အက်လာပြီး ပို၍ ပြိုပြိုလာသည်ဟု ထင်ရသည်။

'လန်ချားစီးတဲ့သူတစ်မျိုး ရှိသေးတယ်၊ လန်ချားခေါ်စီးပြီး ဆင် ဆင်းရော ဗိုက်ကို ဓားနဲ့ထောက်ပြီး ဆွဲလို့ရတဲ့ လန်ချားခကလေးကို သွားတဲ့ လူမျိုးတွေ၊ အရက်သမားကို တင်လာမိရင်လဲ အဆင်းမှာ လက်သီး ထိုးသွားတယ်၊ ပြည့်တန်ဆာတို့ဘာတို့ကျတော့ လန်ချားပေါ်ကဆင်း လစ်ပြေးတယ်၊ ပိုက်ဆံပေးမသွားဘူး။ ပိုက်ဆံဝါလားတွေကျတော့လဲ တစ် နှစ်ပြားနဲ့ ကပ်ပြီး ဆစ်ချင်ဆစ်နေတာ' ဟု ဟာစရီပါးက ပြောသည်။

တစ်နေ့၌ ဟာစရီပါးသည် ငွေသွားပို့ရင်း မန်နီအော်ဒါငွေပို့သည့် အောက်ပိုင်း ကွက်လပ်ကလေးထဲတွင် အဖေ့ဖို့စာတစ်ကြောင်း နှစ်ကြော လောက် ရေးချင်ကြောင်း လျှောက်လွှာစာရေးကို ပြောသည်။ ကျွန်တော် အားလုံး ကျန်းမာကြပါသည်။ ယခု ကျွန်တော် လန်ချား ဆွဲနေပါသည် ထိုစာတိုကလေးထဲတွင် ရေးထား၏။ ဟာစရီပါးသည် သူ့ကို မိခင်နေ မိဘများထံ ဤသို့ အလုပ်ရှိကြောင်း ပြောလိုက်ရသည့်အတွက် ဝမ်းသာသ ဂုဏ်ယူသည်။ ဟာစရီပါးသည် သူ့ဇနီး၊ သားသမီးသုံးဦးတို့နှင့်အတူ ချနေရာ လမ်းဘေးပလက်ဖောင်းသို့ ပြန်လာခဲ့သည်။ သူ့တွင် သတင်းကော တစ်ခု ပြောစရာရှိသည် မဟုတ်လော။

'မိန်းမရေ၊ ကျူးကျော်ရပ်ကွက်တစ်ခုထဲမှာ အိမ်ခန်းကလေးတစ် ရခဲ့ပြီကွ' ဟု သူ့မိန်းမကို လှမ်းပြောသည်။ သူ့မိန်းမ အာလောကသည် အိမ်နီးချင်းတစ်ယောက်၏ ဒန်အိုးကို ဆေးပေးနေ၏။



ကျူးကျော်ရပ်ကွက်ဆိုပါကလား။ သူတို့ တောမှာဆိုလျှင် ကန်ထဲတွင် င်း ရေချိုး၍ ရသည်။ တဲထဲတွင် သန့်သန့်ရှင်းရှင်း ကျယ်ကျယ်လွင့်လွင့် နိုင်သည်။ လတ်လတ်ဆတ်ဆတ် အစာကို စားနိုင်သည်။ ယခု ဆင်းရဲသား ရပ်ကွက်ထဲက တဲကုပ်ကလေးတွင် နေရတော့မည်။ ရေမရှိ။ ရေမြောင်းမရှိ။ ါ တစ်ရုံတွင် အိမ်သာပင်မရှိ။ ထို့ကြောင့် ဆင်းရဲသားရပ်ကွက်ထဲက တဲကုပ်ကလေးတစ်လုံးကို ရမည်ဆိုသည့်အခါတွင် ထူးထူးခြားခြား ဝမ်းသာခြင်း မဲ့။

သို့ရာတွင် ပလက်ဖောင်းပေါ်တွင် နေရသည်ထက်တော့ ကောင်း ။ ယခု ပလက်ဖောင်းပေါ်တွင်ဆိုလျှင် သေတ္တာလေးလုံးပေါ်တွင် သွပ်ပြား းခင်းကာ ဓာင်ကလေးတွေကို မိုးထားရသည်။ ဆောင်းတွင်ဆိုလျှင် ်လိုနေရမည်မသိသေး။ မိုးတွင်းဆိုလျှင်လည်းဒုက္ခ။

ဟာစရီပါး ရှာတွေ့ခဲ့သည့် စတုရန်းပေသုံးဆယ်ရှိ အခန်းကျဉ်းကလေး ကျူးကျော်တဲသိုက်မှာ မြို့လယ်ခေါင်ချောင်ရင်ဂီလမ်းမအစွန်တွင် ရှိ ။ ယခင်က ထိုနေရာတွင် တိုက်ပျက်ကြီးတစ်လုံးရှိ၏။ တောမှလာသည့် သည်များသည် ကာလကတ္တားသို့ ရောက်လာကြကာ နေစရာမရှိသဖြင့် ပန်းခြံလမ်းနှင့် ချောင်ရင်ဂီလမ်းမကြီးကြားက တိုက်ပျက် အုတ်ခုံဟောင်း ပေါ်တွင် လာ၍ စတည်းချကြသည်။ မူလက သုံးလေးဦးမျှသာ ဖြစ်၏။ သည့်အခါတွင် တိုင်ကလေးတွေထူကာ အဝတ်စကလေးများကို မိုးကြသည်။ ာက်တွင် နောက်လူများ တဖွဲဖွဲ ရောက်လာကြကာ မြို့တော်ကြီး၏ ကားရာ မြို့လယ်ခေါင်တွင် ကျူးကျော်တဲသိုက်ကြီးတစ်ခု နေ့ချင်းညချင်း လာခဲ့သည်။ မည်သူကမျှ သူတို့ကို ကန့်ကွက်ခြင်း မပြုကြ။ မြူနီစီပယ် ာပိုင်များကသော်လည်းကောင်း၊ ပုလိပ်ကသော်လည်းကောင်း၊ ပိုင်ရှင် သော်လည်းကောင်း မည်သို့မျှ အရေးယူခြင်းမရှိ။ မြို့တော်ကြီးတစ်ခုလုံးတွင် သော ဆင်းရဲသားရပ်ကွက်တွေ့ မွစာတက်ကာ လုံချည်ပေါက် ဖာသည့် များလို ပြည့်နှက်လျက်။ ထိုကျူးကျော်တဲသိုက်များတွင် အခြေခံ မဲ့ လူထောင်ပေါင်းများစွာတို့ တိုးဝှေ့နေနေကြသည်မှာ ဘာမျှမဆန်း။ ို့ ရပ်ကွက်များတွင်ဆိုလျှင် ရေဘုံပိုင်တို့၊ ရေတွင်းတို့ပင် မရှိ။ ထိုသို့သော င်းရဲသားရပ်ကွက် ကျွန်းငယ်ကလေးများသည် ကာလကတ္တားမြို့ကြီးထဲတွင် က်တစ်ဆက်လောက် ကြာခဲ့ပြီ။ သို့ရာတွင် ထိုဆင်းရဲသား ကျူးကျော်

www.burmeseclassic.com



တဲသိုက်ကလေးထဲသို့ ရောက်လာသူများကို စိတ်မဝင်စားသူမရှိ မဟုတ် စိတ်ဝင်စားသူများလည်း ရှိပါသည်။ သူတို့ကျူးကျော်ရပ်ကွက် တည်ထော အတ်ခုံပေါ်သို့ လူသစ်တစ်ယောက် ရောက်လာသည်နှင့် ထိုအနီးအနားတ ရှိ လူမိုက်ဂိုဏ်းများသည် အချို့သော အာဏာပိုင်တို့၏ ပူးပေါင်း ငွေညှစ်ကြပါသည်။ ထိုလူမိုက်ဂိုဏ်းမှာ ယခုကမ္ဘာတွင် နာမည်ကျော်နေ အီတလီ အမေရိကန် လူမိုက်ဂိုဏ်းထက်ပင် စောစွာ ပေါ်ပေါက်ခဲ့ ပြည်တွင်းဖြစ် လူမိုက်ဂိုဏ်းဖြစ်ပါသည်။

ကျူးကျော် ရပ်ကွက်ကလေးထဲသို့ ပြောင်းတော့မည်ဆိုသ ဟာစရီပါးထံသို့ အရပ်ပုပု ဂင်တိုတိုနှင့် ဘာမှန်းမသိသည့် လူတစ်ယော သူ့ဆီသို့ ပေါက်လာသည်။ သူ့ကိုယ်သူ ထိုမြေကိုပိုင်သည့် သူဌေး၏ကိုယ် လှယ်ဟု ပြောသည်။ တစ်နည်းပြောရလျှင် ရပ်ကွက်လူမိုက်ဖြစ်သည်။ သည်များ အခြေချသည့် ကျူးကျော်ရပ်ကွက်တိုင်းမှာလိုလိုပင် လူမိုက်ဂို ကိုယ်စားလှယ်များသည် သူတို့ထံသို့ ရောက်လာကြသည်။ သူတို့လက်ထဲ ကျူးကျော်တဲများကို ဖျက်သိမ်းမည်ဖြစ်ကြောင်း ဖော်ပြထားသည့် တရား နိုတစ်စာအစစ်အမှန်များကို ကိုင်လာကြသည်။ ဤတွင် ကျူးကျော်တဲပိုင်ရှ ဖို့ ပြဿနာရွေးစရာ လမ်းနှစ်လမ်း ပေါ်လာသည်။ သက်ဆိုင်ရာတို့ကို လ ငှားခပေးမည်လော။ သို့မဟုတ် မြေကွက်ကလေးကို အပိုင်ဝယ်မည်လော ဟာစရီပါးသည် စတုရန်းပေ သုံးဆယ်မျှသာရှိသည့် မြေကွက်ကလေးအ သော့ဖိုးအဖြစ် ငွေငါးဆယ်ပေးလိုက်ရပြီး ငှားခအဖြစ် ကြိုတင်၍ တစ်လနှစ် ပေးရသည်။ သွေးစုပ်သမားများသည် သူတို့ထံမှ ငှားခနှင့် လူနေခွန်ကော မျှသာမကသေး၊ ထိုကျူးကျော်ရပ်ကွက်က ကိစ္စမှန်သမျှကိုလည်း သူတို့ လက်ဝါးကြီးအုပ်၍ ချုပ်ကိုင်ထားကြသည်။ လူမိုက်ဂိုဏ်းသည် ထိုရပ်ကွ ကလေးတွင် တစ်ဦးတည်းသော အာဏာပိုင်ဖြစ်ရာ ထိုရပ်ကွက်တွင် လူကြီး လျှင်လည်း သူတို့ပင်လျှင် လူကြီး ဖြစ်ကြသည်။ ဟုတ်သလောက်တော့လ ဟုတ်သည်။ လူမိုက်များသည် အရပ်ထဲတွင် ရန်ဖြစ်လျှင် ဖျန်ဖြေပေးတတ်သ ရွေးကောက်ပွဲနားနီးလျှင် သူတို့အတွက် ရိက္ခာခွဲတမ်း ကတ်ပြားများရအေ လုပ်ပေးခြင်း၊ ရေပိုက်အဆက်ကို ဖြတ်ပေးခြင်း၊ ဘုရားကျောင်း ဆောက်လုပ် ခြင်း၊ ကလေးကို အစိုးရကျောင်းတွင် ထားခွင့်ရအောင် လုပ်ပေး စသည်တို့ကို ဆောင်ရွက်ပေးတတ်ကြသည်။



ထိုမြေအောက်အာဏာစက် တရားဝင်မဝင် ဆိုသည်ကိုမူ သွား၍ င်းလေနှင့်။ အာမခံလေနှင့်။ အာခံသည်နှင့် ထိုလူမှာ ရက်စက်စွာ အပြစ် ခံရတတ်သည်။ ကျူးကျော်တဲသိုက်များတွင် မကြာခဏ မီးလောင်တတ် သည်။ တစ်ခါတစ်ရံတွင် ကျူးကျော်ရပ်ကွက်ကြီး တစ်ခုလုံး ပြာကျသွားတတ် သည်။ တစ်ခါတစ်ရံတွင်လည်း ဓားဒဏ်ရာဖြင့် သေဆုံးနေသော အလောင်းတစ် လောင်းကို တွေ့ရတတ်သည်။

သို့ဖြင့် စက်ရိုပ်ကြီးကြသော အာဏာရှင်စနစ်သည် ပုံသဏ္ဌာန်အမျိုးမျိုး ဖြင့် ကိုယ်ထင်ပြလေ့ရှိသည်။ ဟာစရီပါးတို့ ကျူးကျော်ရပ်ကွက်တွင်ဆိုလျှင် အမျိုးမျိုးသော လူမိုက်ဂိုဏ်းမှ ကိုယ်စားလှယ်များ နေထိုင်ကြသည်။ ဆောက် လုပ်ရေးစခန်း၊ အရက်ဖို၊ အမှိုက်ပုံ၊ ကျောက်စရစ်ကျင်း စသည့် ယာယီ နေရာမျိုးတွင်ဆိုလျှင် လူမိုက်ဂိုဏ်းများသည် ထိုလုပ်ငန်းပိုင်ရှင်များမှတစ်ဆင့် ကိုင်ချုပ်ကြသည်။ ထိုအခါမျိုးတွင် ပိုင်ရှင်တို့သည် ဆင်းရဲသားများကို ချွေအနိုင်ကျင့်ကြသည်။ ဆင်းရဲသားများမှာလည်း ဝမ်းစာအတွက် သူတို့ကို မှီနေရသဖြင့် အောင့်အည်း သည်းခံကြရသည်။ အချို့နေရာများတွင်လည်း လူမိုက်ဂိုဏ်းများသည် ကော်မတီများ၊ အသင်းအဖွဲ့များမှ တစ်ဆင့် အုပ်စိုးကြ သည်။ အမှန်အားဖြင့် အသင်းအဖွဲ့၊ ကော်မတီစသည်တို့မှာ အကာအကွယ်မျှ ဖြစ်၏။ ဘာသာရေးအသင်းများ လူမျိုးရေးအဖွဲ့များနှင့် မြို့နယ်အသင်းများ စသည်တို့ကလည်း ကျူးကျော်ရပ်ကွက်မှ ဆင်းရဲသားများကြားထဲသို့ လူမိုက် ဂိုဏ်းများ အာဏာစက် သက်ရောက်နိုင်အောင် အခွင့်အလမ်း ဖွင့်ပေးကြရသည်။ အခါများတွင် လူမိုက်ဂိုဏ်းကိုယ်စားလှယ်များသည် ပို၍ သြဇာကြီးလာကြကာ တွင်းရေး၊ လင်မယားကိစ္စ၊ သားရေးသမီးရေးကိစ္စများကိုပင် ဝင်ရောက် စွက်ဖက်လာခဲ့ကြသည်။ သူတို့သည် လူတစ်ယောက်ကို ပြစ်ဒဏ်မည်ရွေ့ မည်မျှ ပေးသင့်သည်ဟု သတ်မှတ်ကြသည်။ ဘာသာရေး ပွဲတော်များအတွက် အလှူငွေကောက်ကြသည်။ စေ့စပ်ကြောင်းလမ်းသည့်ကိစ္စများတွင်ပါလာကြသည်။ လင်မယား ကွာရှင်းသည့်ကိစ္စများကိုဆုံးဖြတ်ကြသည်။ မွေးစားသည့်ကိစ္စ၊ အမွေ ကိစ္စ၊ ဘာသာဝင်အဖြစ်မှ ထုတ်ပယ်ပစ်သည့်ကိစ္စ စသည်ဖြင့် မွေးသည့်ကိစ္စမှ သေသည့်ကိစ္စအထိ အကုန်ပါလာကြသည်။ သူတို့သဘော မကျလျှင် မှဆလင် ဘာသာဝင်တစ်ယောက်အတွက်သင်္ချိုင်းမြေနေရာရဖို့ခက်သည်။ ဟိန္ဒူဘာသာဝင် တစ်ယောက်အတွက် မီးသဂြိုဟ်ခံရဖို့ခက်သည်။ သူတို့ကို သတ်မှတ်ထား သည့် ဆက်ကြေးပေးမှသာလျှင် ထိုကိစ္စများ အလွယ်တကူ ပြီးမြောက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟာစရီပါးတို့ မိသားစုသည် တစ်ညသည်၌ အမှောင်ကို ခိုကာ ပလက်ဖော မှ ကျူးကျော်ရပ်ကွက်ထဲသို့ ပြောင်းလာခဲ့ကြသည်။ သူတို့ ရှိစုမဲ့စု ပစ္စည်းက များကို လန်ချားပေါ်သို့ တင်၍ လမ်းချိုးသို့ မရောက်မီပင် နောက် မိသားစုတစ်စုသည် သူတို့နေရာကလေးကို သိမ်းပိုက်လိုက်လေပြီ။

၃၇

ရေအိမ်ထဲမှ ကိုဗာစကီး ထွက်လာသည့်အခါတွင် ထိုရှုခင်းကို လှမ်းမြင်လို ရသည်။ အော်သံများကို ကြားရပြီးနောက် ကလေးများနှင့် လူကြီးများသ သူ့ထံသို့ ပြေးလိုက်လာနေသည်ကို ကိုဗာစကီး မြင်လိုက်ရ၏။ ကျော များ၊ တုတ်တိုများ စသည့် ပစ္စည်းမျိုးစုံတို့သည် ရေအိမ်အနီးတစ်ဝိုက် မိုးသီး မိုးပေါက်များနှယ် ကျလာကြသည်။ ကံကောင်း၍သာ သူ့ မမှန်ခြင်းဖြစ်၏။

ကိုဗာစကီးသည် နောက်သို့ ပြန်၍ခုန်လိုက်၏။ ထိုအခါတွင်မှ သူ တစ်တွေပစ်နေသည့် ပစ်မှတ်ကို သူသွားတွေ့သည်။ အခြားမဟုတ်၊ စုတ်ပြ နေသည့် အဝတ်အစားတို့ကို ဝတ်ထားသည့် အမျိုးသမီးတစ်ယောက်။ ဆံ ဖရိုဖရဲ၊ မျက်နှာတွင် အိုးမဲတွေ၊ သွေးတွေ စွန်းပေလျက်။ ထိုအမျိုးသမီး မျက်လုံးများသည် မုန်းတီးစက်ဆုတ်သော အရောင်ဖြင့် ဝင်းဝင်းတောက် သည်။ သူ့ပါးစပ်သည် အမြှုပ်တစီစီထွက်နေသည်။ အသားမရှိတော့သေ လက်နှစ်ဖက်ကို ဝေ့ကာယမ်းကာဖြင့် ပါးစပ်မှ အယုတ္တ အနတ္တတို့ကို ရေရွတ် သည်။ သူက ဆဲလေလေ လူအုပ်ကြီးကလည်း သူ့နောက်သို့ သဲသဲမဲမဲလို လေလေ။ ကျူးကျော်ရပ်ကွက်ကလေးတစ်ခုလုံးတွင်ရှိသည့် မျိုးသိပ်ထားရသေ ဒေါသတို့သည် ရုတ်တရက် ပေါက်ကွဲထွက်လာသလောဟုပင် ထင်ရသ ဟုတ်သည်။ သုခမြို့တော်သည် ထွက်ပေါက်တစ်ခုတော့ လိုနေပြီ။ ကိုဗာစ သည် သူ့ထံသို့ ပြေးလာခဲ့ကာ ကံဆိုးသည့် အမျိုးသမီးကို ကယ်ဆယ်ရ ကြိုးစားသည်။ သို့ရာတွင် တစ်ယောက်က သူ့ကို လှမ်းဆွဲထားပြီး နောက်ဘက် ပြန်တွန်းနေသည်။



လူအုပ်ကြီးမှာ အမျိုးသမီးကို မီလုမီခင်ဖြစ်နေလေပြီ။ ယောက်ျားများ ဓားတွေကို ထုတ်ထားကြသည်။ မိန်းမတွေက ဝိုင်း၍ အော်ပြီး အားပေး မြှောက် လုပ်နေကြသည်။ ထိုမြင်ကွင်းကို ကြည့်ရသည်မှာ ကြောက်စရာ ကောင်းသည်။

ထိုစဉ် တုတ်တစ်ချောင်းကို မြှောက်၍ ထွက်လာသော ဆံပင်ဖြူဖြူ ည်သေးသေး လူတစ်ယောက်ကို ကိုဗာစကီး လှမ်းမြင်လိုက်၏။ ထိုသူမှာ တဲနှင့် မျက်စောင်းထိုးတွင် လက်ဖက်ရည်ဆိုင် ဖွင့်နေသည့် ဟိန္ဒူအဘိုးကြီး သည်။ ဟိန္ဒူအဘိုးကြီးသည် တုတ်ကြီးကို ဝှေ့ယမ်းကာ အမျိုးသမီးအနီးသို့ ပြီးနောက် သူ၏ ပိန်လှီသော ကိုယ်ကလေးဖြင့် အကာအကွယ်ပေးရင်း အုပ်ကြီးကို ပြောနေသည်။

“ဟောကောင်တွေ၊ ဒီမိန်းမကို ဘာမှမလုပ်ကြနဲ့၊ ဘုရားအလိုတော် တိုင်း ဖြစ်ပေ့စေ”

သောင်းကျန်းနေသော လူအုပ်သည် တွန့်သွားကာ ငြိမ်ကျသွား၏။ သံများ အားလုံးသည်လည်း တိတ်သွား၏။ သူတို့ မျက်လုံးများအားလုံး ည် ဟိန္ဒူအဘိုးကြီးဆီသို့ ရောက်နေကြသည်။

ထိုခဏသည် စက္ကန့်ပိုင်းမျှသာ ကြာသော်လည်း ကိုဗာစကီး၏ တ်တွင်မူ တစ်ကမ္ဘာလောက် ကြာသည်ဟု ထင်မိသည်။ ထိုစဉ် လူအုပ်ထဲမှ ယောက်သည် ဓားမြှောင် တစ်ချောင်းကို ကိုင်ကာ အဘိုးကြီးအနီးသို့ လာသည်။ အနားသို့ ရောက်သည်နှင့် လက်မှဓားမြှောင်ကို လွှတ်ချလိုက်၏။ ိုးကြီး၏ ခြေအစုံကို နဖူးဖြင့်တိုက်ရင်း ဦး၏။ ထိုနောက် ထိုလူသည် တတ်ထကာ လှည့်၍ပြန်ထွက်သွားသည်။ အခြားသူများကလည်း သူ့လိုပင် ပြီး ပြန်ထွက်သွားကြသည်။ မိနစ်ပိုင်းအတွင်း၌ လူအုပ်ကြီး မရှိတော့။

ဟိန္ဒူအဘိုးအိုသည် စိတ်မနှံ့သော မိန်းမဆီသို့ လျှောက်လာခဲ့၏။ ရူးမသည်လည်း ထိုအဘိုးကြီးအား စိုက်ကြည့်နေသည်။ အဘိုးအိုသည် အင်္ကျီစဖြင့် ထိုအရူးမ၏ မျက်နှာတွင် ပေကျံနေသည့် သွေးစသွေးနများကို ညင်သာစွာ သုတ်ပေးသည်။ ထိုနောက် လဲကျနေသော အရူးမကို ဆွဲထူ သူ့လက်ဖက်ရည်ဆိုင်သို့ ခေါ်လာခဲ့လေသည်။

* * *

www.burmeseclassic.com



အတန်ကြာသည့်အခါမှပင် ကိုဗာစကီးသည် လက်ဖက်ရည်ဆိုင်ပိုင် ဟိန္နုအဘိုးကြီး ဆူရေးယားအကြောင်းကို သိလာရခြင်းဖြစ်သည်။

လွန်ခဲ့သည့် သုံးနှစ်တုန်းက ယခုလက်ဖက်ရည် ပန်းကန်များ လက်ဖက်ရည် ကရားတို့ကို ကိုင်တွယ်နေသည့် အဘိုးကြီး ဆူရေးယား လက်များသည် ကျောက်ဘီးကြီးတစ်ခုပေါ်တွင် ပါလာသည့် ရွံ့လုံးများ တဖတ်ဖတ်ဖြင့်ရိုက်၍ အိုးလုပ်ခဲ့ရသည်။ ကာလအတန်ကြာသည့်အခါ အိုးထိန်းသည်၏ ဘီးနှင့် သူ့လက်ချောင်းများကြားတွင် ထိုရွံ့လုံးများ အိုးပုတ်ကလေးများ၊ ခွက်များ၊ အိုးများ၊ ပန်းကန်ပြားများ၊ ဆီမီးခွက် ရေတာကောင်းများကိုလုပ်သည်။ တစ်ခါတစ်ရံ မင်္ဂလာဆောင်များအတွ ခြောက်ပေခန့် အမြင့်ရှိသည့် ရေတာကောင်းကြီးများကိုပင် လုပ်တတ်သ ဆူရေးယားသည် ဘီလီဝ္ဂရိမှ အိုးသည်တစ်ဦးဖြစ်သည်။ ဘီလီဝ္ဂ ကာလကတ္တား မြောက်ဘက် မိုင်တစ်ရာ့နှစ်ဆယ်ဝေးပြီး လူဦးရေ တစ်ထော ခန့်ရှိသည့် ရွာကြီးတစ်ရွာဖြစ်သည်။ သူ့ဘိုးဘေးများသည်လည်း အိုးသ များဖြစ်ကြသည်။ ပုဏ္ဏားနှင့် ငွေတိုးချေးစားသူ လို အိုးသည်သည် ကျေးရွာ အရေးပါသူ တစ်ယောက်ဖြစ်သည်။ ဟိန္နူမြိသားစုတိုင်းသည် နှစ် အခမ်းအနားတွေ လုပ်တတ်ကြသည်။ အခမ်းအနားလုပ်တိုင်းလည်း အိုးတွေ ခွဲကြရသည်။ ကလေးမျက်နှာမြင်လျှင်လည်း လူ့လောကသို့ရောက်လာ တစ်ဦးကို ကြိုဆိုသည့်အနေဖြင့် အိုးခွဲရသည်။ အသုဘဖြစ်လျှင်လည်း နောင် လွန်တွင် ရေအိုးနှင့် ထမင်းထုပ် အပြည့်အစုံရှိပါစေဆိုသည့် သဘော ရေအိုးကို ခွဲရသည်။ မင်္ဂလာဆောင်လျှင်လည်း သတို့သမီး အိမ်ထောင်စုအ ဖြင့် သမီးငယ်တစ်ယောက် ဆုံးရှုံးပြီဆိုသည့် သဘောဖြင့် အိုးခွဲရသ သတို့သား အိမ်ထောင်အနေဖြင့် အိမ်ထောင်စုသားတစ်ယောက် မွေးဖွားလာသ ဆိုသည့် သဘောဖြင့် အိုးခွဲရသည်။ အမျိုးမျိုးသော ပွဲတော်အခါများ လည်း အိုးခွဲရသေးသည်။နတ်ဒေဝတာများက ကမ္ဘာမြေကြီးပေါ် အစစအရာရာကို အသစ်ဖြစ်စေလိုသည့် ဆန္ဒရှိသဖြင့် ထိုသို့ ရိုက်ခွဲရခြင်း သည်။ ချုံ၍ပြောရလျှင် အိန္ဒိယပြည်တွင် အိုးသည်တစ်ယောက်အတွ အလုပ်မရှိမှာကို မပူရ။

ဆူရေးယားတို့ရွာတွင် သူတို့အပြင် အခြားအိုးလုပ်သမား ၇ ခန့်လည်း ရှိသေး၏။ သူတို့ အိုးဆိုင်များကို ရွာလယ်က ကွက်လပ်



င်ထားကြသည်။ သူတို့အနားတွင် ပန်းပဲဆရာ၊ လက်သမား၊ ခြင်းတောင်းရက် ငွေပန်းထိမ်ဆရာ၊ ရက်ကန်းသမား၊ ဖိနပ်ချုပ်သမား၊ ဆံပင်ညှပ်ဆရာစသူတို့ သည်းရှိသည်။ ဆူရေယား၏ အိုးဆိုင်တစ်ဖက်တစ်ချက်၌ ကုန်စုံဆိုင်ပိုင်ရှင် မုန့်ဆိုင်ပိုင်ရှင်တို့ရှိသည်။ ရွာတွင် အလှူအတန်း၊ ပွဲတော် စသည်တို့ ပ်လျှင် သူ့မုန့်ဆိုင်က သကြားထက် ပို၍ချိုသည့် အချိုမုန့်တွေ မပါလျှင် စည်။

ထိုနှစ် မိုးရာသီအကုန်၌ သူတို့ ဘီလီဝ္ဂရိ ရွာကလေးတွင် အရေးမကြီးဟု င်ရသည့် အဖြစ်အပျက်ကလေးတစ်ခု ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် ဦးက ထိုအဖြစ်အပျက်ကလေးကို မည်သူမျှ သတိမပြုမိခဲ့ကြ။ တစ်နေ့၌ ကန်းသည်၏ သားအကြီးဖြစ်သူ အရှေ့သည် ကာလကတ္တားတွင် လုပ်သွားလုပ်နေရာမှ ရွာသို့ပြန်လာခဲ့သည်။ သူ့တွင် မိန်းမဗိုဝယ်လာသည့် နေသော ပလတ်စတစ် ရေပုံးတစ်ပုံးပါလာခဲ့သည်။ သူတို့လို ချောင်ကျသည့် ကလေးတစ်ရွာတွင် ပလတ်စတစ်ပုံးကို တစ်ခါမျှ မမြင်ဖူးသေး။ ပေါ့ပါး၍ ပျောင်းသော ပလတ်စတစ်ပုံးသည် သူတို့အတွက် အထူးအဆန်းဖြစ်နေ ည်။ သူတို့တစ်သိုက်သည် ပလတ်စတစ်ပုံးကို ကိုင်ကြည့်ကြ၏။ ထိုပလတ် တစ်ပုံး၏ အသုံးဝင်ပုံကို ပထမဆုံး သဘောပေါက်သူမှာ ကုန်စုံဆိုင်ရှင်ဖြစ် ည်။ နောင်သုံးလအကြာတွင်မှ သူ့ကုန်စုံဆိုင်တွင် အရောင်အသွေးအမျိုးမျိုး၊ ယ်အစားအမျိုးမျိုးရှိသော ပလတ်စတစ်ပုံးတွေ ရောက်နေလေပြီ။ အိုးများ၊ ပန်းကန်များ၊ ဘူးခြောက်များသည် ချောင်ထဲသို့ ရောက်သွားကြလေပြီ။ သတ်စတစ်သည် ဈေးကွက်သစ်တစ်ကွက်ကို ရသွားလေပြီ။ ဤတွင်ရွာထဲရှိ သည်တို့သည် အကြီးအကျယ် ထိခိုက်ကြသည်။

ဆူရေးယား၏ အိုးဆိုင်တွင် အိုးဝယ်သူတွေ ကျဲသွားသည်။ တစ်နှစ် ည့်မိတွင် ဆူရေးယားနှင့်သူ့သားနှစ်ယောက်သည် စီးပွားရေး ကျပ်တည်းလာခဲ ည်။ သားနှစ်ယောက်နှင့် သူတို့ အိမ်ထောင်များမှာ ရေကြည်ရာ မြက်နုရာ ကြီးများသို့ ပြောင်းသွားကြပြီး ဆူရေးယားသည် သူ့ရွာတွင် ကုတ်ကတ်နေရန် စား၏။ ပလတ်စတစ် အဖျားရောဂါမရောက်သေးသည့် သူတို့ရွာနှင့် သုံးဆယ်အကွာရှိ ရွာကလေးတစ်ရွာတွင် အိုးထိန်းအလုပ်ကို ရသည်။ ရွာတွင် ပလတ်စတစ်ရောဂါပိုးသည် ပျံ့နှံ့လျက်ရှိရာ အတန်ကြာသည့်အခါ ထိုရွာသူရွာသားတို့မှာလည်း ပလတ်စတစ်ရောဂါ ကူးစက်သွားကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ပြည်နယ်အစိုးရက ကာလကတ္တားမှ လုပ်ငန်းရှင်ကြီးတစ်ဦး အား ငွေထုတ်ချေးကာ ပလတ်စတစ်စက်ရုံ ထောင်ခွင့်ပေးလိုက်၏။ နောက် တစ်နှစ်တွင်မူ ထိုဒေသက အိုးသည်အားလုံး ချုတ်ခြုံကျသွားကြလေပြီ။

ဆူရေးယားအဖို့ ကာလကတ္တားသို့သွား၍ အလုပ်ရှာရန်မှအပ အခြားလမ်း မရှိတော့။ သူနှင့်အတူ ဇနီးသည်ကိုလည်းခေါ်ခဲ့သည်။ သို့ရာတွင် ပန်းနာရော သည် သူ့ဇနီးမှာ ကာလကတ္တားမြို့ကြီး၏ လေထုညစ်ညမ်းမှုဒဏ်ကို မခံနိုင်ရှာ ရောက်၍ တစ်လခန့်အကြာမှာပင် သူတို့ ခေတ္တစခန်းချရာဖြစ်သည့် ကာ ကတ္တားမြို့တော်ကြီး၏ တစ်ခုသော ပလက်ဖောင်းပေါ်တွင် ကွယ်လွန် အ ရောက်သွားခဲ့သည်။

သူ့ဇနီးကို ဟူဂလီမြစ်ဘေးရှိ အခမဲ့ သင်္ဂြိုဟ်ရသည့် သချိုင်းတွ သင်္ဂြိုဟ်ပြီးနောက် ဆူရေးယားသည် မြစ်ဘေးတွင် ယောင်လည်လည်နှ လျှောက်နေသည်။ ဟောင်ရာတံတားကြီးမှ တစ်မိုင်ခန့်ဝေးသည့် မြစ်ကမ်းဘေ တွင် ရွှံ့များကို ခူးကာ ခြင်းတောင်းတစ်တောင်းထဲသို့ ထည့်နေသည့် တစ်ယောက်ကို သူလှမ်းမြင်သည်။ ဆူရေးယားသည် သူ့အနားသို့ ရောက်သွ ပြီး စကားပြောကြည့်၏။ ထိုလူမှာ သုခမြို့တော် အစွန်ရှိ အိုးဆိုင်တစ်ခု၏ အလုပ်လုပ်သူဖြစ်သည်။ သူတို့ဆိုင်မှ လက်ကိုင်မပါသည့် လက်ဖက်ရည်ပန်းက များကို ထုတ်လုပ်သည်ဟု သိရသည်။ နောက်တစ်ရက်တွင် ဆူရေးယားသ အိုးဆိုင်ရှိ အိုးထိန်းဘီးနောက်တွင် ထိုင်ရင်း မြေပန်းကန်လေးတွေ လုပ်သည် တွေ့ရသည်။ သူတို့ဆိုင်က သုခမြို့တော်ရှိ လက်ဖက်ရည်ဆိုင်များ အားလုံး လက်ဖက်ရည်ပန်းကန်များ သွင်းသည်။

တစ်နေ့တွင်မူ လက်ဖက်ရည်ဆိုင် အလုပ်သမား အဘိုးကြီးသည် အ အခန်းလေးထဲတွင် ကြိုးဆွဲချ၍ သေနေသည်ကို တွေ့ရသည်။ ဆူရေးယားသ အလုပ်ကြမ်းကောင်းကောင်း မလုပ်နိုင်တော့။ ထို့ကြောင့် လက်ဖက်ရည်ဆိုင် သွားကာ သူ့ကို အလုပ်ပေးရန် တောင်းသည်။ ဆိုင်ရှင်ကလည်း သူ့ အလုပ်ပေးလိုက်၏။ ထိုအချိန်မှစ၍ ဆူရေးယားသည် လက်ဖက်ရည်ဆို ပိုင်ရှင်ဖြစ်လာခဲ့လေသည်။

သူ့မီးဖိုမှ မီးခိုးများသည် ရပ်ကွက်ကလေးထဲတွင် အမြဲမွှန်နေသည့်တို စိတ်ရင်းကောင်းသဖြင့် တစ်ရပ်ကွက်လုံးက သူ့အပေါ်တွင် ကြည်ဖြူကြသည်



ကိုဗာစကီး ထိုရပ်ကွက်ကလေးထဲသို့ ရောက်ပြီး မကြာမီ ဆူရေးယား သည် သူ့ထံသို့ ရောက်လာလေသည်။ ဟိန္ဒူအဘိုးကြီး ဆူရေးယားသည် လက်နှစ်ဖက်ကို ရင်တွင်ယှက်ကာ သူ့တဲကလေးထဲသို့ ဝင်လာခဲ့သည်။ အဘိုးကြီး၏ ပါးစပ်မှာ သွားတွေ မရှိတော့သည့်တိုင် သူ့အပြုံးသည် နွေးသွားစေသည်။ ကိုဗာစကီးက သူ့ကို နေရာထိုင်ခင်းပေးသည်။ သူတို့နှစ် ယောက်သည် အတန်ကြာမျှ ရပ်တာတစ်ယောက်ကို တစ်ယောက် စိုက်ကြည့် နေကြသည်။

"အနောက်တိုင်းမှာဆိုရင်တော့ တစ်ယောက်ကို တစ်ယောက် သမန်ကာ လမ်းကာလောက်ပဲ လှမ်းကြည့်လိုက်ကြတာပဲ၊ ဒီအဘိုးကြီးရဲ့ မျက်လုံး တွေကတော့ သူ့ဝိညာဉ်ကို ဖွင့်ပြသွားသလိုပဲ" ဟု နောင်တွင် ကိုဗာစကီးက ပြော၏။

ဟိန္ဒူအဘိုးကြီးသည် ဆယ်မိနစ်ခန့် ရပ်နားနေပြီးနောက် ဦးခေါင်းကို ညွှတ်၍ တဲပြင်သို့ ထွက်သွားသည်။ နောက်တစ်နေ့တွင်လည်း ထိုအတူ ရောက်လာပြန်သည်။ ထိုအတူပင် စကားတစ်လုံးမျှ မပြောဘဲ ရပ်ပြီး နောက်ပြန်ထွက်သွားသည်။ တတိယနေ့တွင် ကိုဗာစကီး မအောင့်နိုင်တော့။ ဘာယ့်ကြောင့် စကားမပြောဘဲ ပြန်သွားရသနည်းဟု အကျိုးအကြောင်း မေးကြည့်သည်။

"ဆရာကြီးဟာ သူတော်ကောင်းမဟုတ်လား၊ သူတော်ကောင်းတွေ ရှေ့မှာ စကားလုံးတွေကို ပြောဖို့ မလိုပါဘူး"

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် မိတ်ဆွေများ ဖြစ်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၃၈

ဖလော်ရီဒါနယ်ရှိ မိယာမိမြို့သည် ကာလကတ္တားမြို့၏ အနောက်ဘက်
ရှစ်ထောင်အကွာတွင်ရှိသည်။ သို့ရာတွင် ထိုမြို့နှစ်မြို့၏ ကွာဟချက်
အလင်းနှစ်များနှင့်သာ တိုင်းထွာ၍ ရနိုင်လိမ့်မည်။

မှန်ပါသည်။ ကာလကတ္တားမှာကဲ့သို့ပင် မိယာမိတွင်လည်း ဆင်းရဲ
ရပ်ကွက်များရှိပါသည်။ ကျူးဘား၊ ဟေတီနှင့် အခြားသော တောင်အမေရိ
တိုင်းပြည်များမှ ထွက်ပြေးလာကြသော ဒုက္ခသည်များ ထူထောင်ခဲ့ကြ
ကျူးကျော်ရပ်ကွက်များနှင့် လူမည်းများ၏ ကျူးကျော်ရပ်ကွက်များ ရှိပါသ
၁၉၇၀ ခုနှစ်များအတွင်းကဆိုလျှင် ဆေးစွဲသူဦးရေ တိုးပွားလာသည့်အလျော
လုယက်မှုများ၊ ဖောက်ထွင်းမှုများ၊ အနုကြမ်းစီးမှုများ၊ အဓမ္မကျင့်မှုများ
ကြီးကျယ်သည့် ရာဇဝတ်မှုကြီးများ အများအပြား ပေါ်ပေါက်ခဲ့သ
လူကောင်းများမှာ အထိတ်ထိတ် အလန့်လန့်ဖြင့်နေကြရသည်။ ထို့ကြော
လူကောင်းသူကောင်း အများအပြားသည် တခြားနေရာသို့ ပြောင်းရွှေ့
ကြသည်။

ကာလကတ္တားမှ လူဆင်းရဲ ရပ်ကွက်များတွင်ကား ထိုသို့မဟု
ဆင်းရဲသားရပ်ကွက်တွေရှိသည့်တိုင် ကာလကတ္တား မြို့သူမြို့သားတို့သ
မိမိတို့၏ လုံခြုံရေးအတွက် ထိုမျှ စိုးရိမ်ခြင်း မဖြစ်ကြရ။ ကာလကတ္တ
တစ်မြို့လုံးတွင်ဖြစ်သည့် ရာဇဝတ်မှုများသည် မိယာမိ မြို့လယ်ခေါင်
ဖြစ်သည့် ရာဇဝတ်မှုလောက်ပင် အရေအတွက် များပြားခြင်းမရှိ။ ချုပ်
ပြောရလျှင် ကာလကတ္တားမှ လမ်းများပေါ်တွင် အန္တရာယ်ဟူ၍ ကြီးကြီးကျ
ကျယ်မရှိ။ မိန်းမပျို တစ်ယောက်သည် ကာလကတ္တား မြို့လယ်ခေါ
ချောင်ရင်ဂီ လမ်းမကြီးပေါ်တွင် လည်းကောင်း၊ အခြား လမ်းမလမ်းပေါ်
လည်းကောင်း ညသန်းခေါင်ယံတွင် တစ်ယောက်တည်း လျှောက်သွားသ
တိုင် မည်သည့် အန္တရာယ်ကိုမျှမတွေ့နိုင်။ ဈေးဝယ်ပြန်လာသည့် အိမ်ရှ

မျိုးသမီးသည် လမ်းတွင် ပါးစပ်ပိတ်၍ အလုခံရမည်ကို မကြောက်ရဘဲ
အေးအေးဆေးဆေး ပြန်လာနိုင်သည်။

တောင်အမေရိက တိုက်သို့ သွားသည့် တံခါးမဟု ခေါ်ကြသည့်
ယာမိမြို့တွင် ကျူးကျော်ရပ်ကွက်တွေ၊ ဆင်းရဲသား ရပ်ကွက်တွေရှိသလို
ာလကတ္တားတွင် အချမ်းသာဆုံးဆိုသည့် လူများပင် စိတ်ကူးမထည့်နိုင်သည့်
ူချမ်းသာတို့၏ ရိပ်မြုံတွေရှိသည်။ ထိုသို့သော ရိပ်မြုံတစ်ခု၏ အမည်မှာ
င်းအက်စတိတ်ဟု ခေါ်သည်။ ကင်းအက်စတိတ်သည် လှပသော
န်းပင်တန်းများနှင့် ကုက္ကိုပင်များကြားတွင် လဲလျောင်းနေသည့် လှေဆိပ်
စ်ခုလည်းဖြစ်သည်။ သန်းကြွယ်သူဌေးကြီးများ၏ ရိပ်မြုံဖြစ်ပြီး သူတို့၏
ိန်းနားထည်ဝါသော ဂေဟာလည်းဖြစ်သည်။ ထိုဂေဟာများတွင် ရေကူးကန်ရှိ
ည်။ တင်းနစ် ကစားကွင်းများလည်းရှိသည်။ ပင်လယ်ကူး သင်္ဘောကြီးတွေ
င်မှုရှိသော အပျော်စီးရွက်လှေများ၊ သင်္ဘောများ ဆိုက်ကပ်ရာ ကိုယ်ပိုင်
သင်္ဘောဆိပ်များလည်း ရှိသည်။ အချို့ ဂေဟာများတွင် ရဟတ်ယာဉ်ကွင်းများရှိ
 အချို့ဂေဟာများတွင် ပိုလိုရိုက်ကွင်းများနှင့် မြင်းကောင်ရေ တစ်ဒါဇင်
ာ်လောက်ထားနိုင်သည့် မြင်းဇောင်းများရှိသည်။ ထိုရိပ်မြုံကြီးကို သံပန်း
ံးအရံကြီးများဖြင့် ပတ်ပတ်လည် ကာထားသည်။ ကိုယ်ပိုင် လက်နက်ကိုင်
စောင့်များ၊ မီးမောင်းများနှင့် ဥဩများ တပ်ဆင်ထားသည့် သူတို့
ကိုတရောင်ကားများက ထိုရိပ်မြုံကို နေ့ရောညပါ လှည့်ပတ် စောင့်ကြပ်နေကြ
ည်။ ထိုရိပ်မြုံထဲသို့ မည်သူမျှ ဝင်ခွင့်မရှိ။ အပတ်စဉ် စကားဝှက်ကို
ောင်းပေးထားသည့် သံလိုက်ပြား ဝင်ခွင့်လက်မှတ်ရှိမှသာလျှင် ဝင်ခွင့်ရသည်။
ဟုတ်လျှင်လည်း အစောင့်များက စိတ်တိုင်းကျ စစ်ဆေးပြီးသူများသာလျှင်
ခွင့်ရသည်။

စင်စစ် ထိုရိပ်မြုံသည် လူချမ်းသာတို့၏ အကျဉ်းထောင်ကြီးတစ်ခုနှင့်
ည်။ ထိုအကျဉ်းထောင်မှ ထင်ရှားသည့် အကျဉ်းသားတစ်ဦးမှာ အလွန်
ည်ကြီးသည့် ခွဲစိတ်ဆရာဝန်ကြီးတစ်ဦးဖြစ်သော အာသာလို့အက်ဆိုသူ
သတည်း။ ဖြူဖွေးသော နံရံများဖြင့် လှပသည့် မက္ကစီကို ဗိသုကာ
ဆန်အိမ်ကြီး။ ထိုအိမ်ကြီးမှ လသာဆောင်များ၊ ထိုအိမ်ကြီးရှေ့မှ ရေပန်းများ
 ကျောက်တိုင်ကြီးများ ထောက်ထားသည့် စင်္ကြံများသည် ထိုရိပ်မြုံကြီး
ုလုံး၏ အလှအပပစ္စည်းများဖြစ်သည်။ အာသာလို့အက်သည် အလုံးအရည်

www.burmeseclassic.com

www.burmeseclassic.com



ကြီးခိုင်သည့် လူတစ်ယောက်ဖြစ်၏။ သူ့ဆံပင်နီနီများတွင် ယခုအ
အဖြူရောင် မသမ်းကြသေး။ အာသာလို့အက်သည် လောကကြီး
အရာလေးခုကိုသာ စိတ်ဝင်စားသည်။ ယင်းတို့မှာ စုံထောက်ဝတ္ထုဖတ်ခြ
ပင်လယ်ရေနက်တွင် ငါးမျှားခြင်း၊ ကျေးငှက်ဗေဒနှင့် ခုတင် ၁၄၀ ရှိသ
သူ၏ ခမ်းနားသော ဘဲလ်အဲယား ဆေးကုခန်းတို့ပင်ဖြစ်သည်။ ထိုဆေးရုံ
အသက်ရှူလမ်းကြောင်းတွင် ဖြစ်တတ်သည့် ရောဂါများကို ကုသပေးသ

ဂလိုရီယာ လာဇာအမည်ရှိ အမျိုးသမီးနှင့် လက်ထပ်ခဲ့သည်
နှစ်ဆယ့်ကိုးနှစ်ရှိလေပြီ။ ဂလိုရီယာက ငွေရောင်ဆံပင်တွေရှိသည့် မိန်မ
တစ်ယောက်ဖြစ်ပြီး အသံထွက် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်ကြီးတစ်ဦး၏ သမီး
သည်။ သူတို့တွင် သားသမီးနှစ်ယောက်ရှိသည်။ အငယ်မ ဂါဘီမှာ အသ
နှစ်ဆယ်ရှိပြီး ဆံပင်နက်နက်နှင့်ဖြစ်သည်။ ဂါဘီသည် မိယာမီ အနယ
ကောလိပ်တွင် ဗိသုကာပညာကို သင်ကြားလျက်ရှိ၏။ နောက် တစ်ယော
အသက်နှစ်ဆယ့်ငါးနှစ်ရှိ မက်စ်လို့အက်ဖြစ်ပြီး သူ့အဖေလိုပင် ဆံပင်နီ
ဖြစ်သည်။ မက်စ်သည် နယူးမော်လီယန်းရှိ ကျူလိန်းဆေးကောလိပ်မှ
ရပြီး နောက်နှစ်နှစ်အတွင်းတွင် ခွဲစိတ်ကုသမှုတွင် အထူး - လေ့လာ
စိတ်ကူးထားသည်။ အာသာလို့အက်သည် သူ့သား မက်စ်ကိုကြည့်၍
လည်းယူသည်။ ဝမ်းလည်းသာသည်။ မက်စ်သည် အဖေ၏ခြေရာကို နင်းရှ
တစ်နေ့တွင် ဘဲလ်အဲယား ဆေးတိုက်ကြီးကိုလည်း ဆက်ခံ၍ စီမံအုပ်ချုပ်မည
သူ့အဖေမျှော်လင့်ထားသည်။

"ပါမောက္ခကြီး၊ ကျွန်တော်နိုင်ငံခြားကို သွားမယ်လို့ စိတ်ကူးထားတ

ထိုအမည်ကို သူ့သားသမီးများက အပြောင်အပြက်ခေါ်ကြခြင်းမဟု
ကိုလံဗီယာတက္ကသိုလ်မှ သူ့ကို ဂုဏ်ထူးဆောင် ဆေးပညာပါမောက္ခအ
ခန့်အပ်လိုက်သည့် နေ့မှစ၍ သူ့သားသမီးများက အမြတ်တနိုးခေါ်ကြ
ဖြစ်သည်။

အာသာလို့အက်သည် မြင်းဇက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထား
လျှော့ထားလိုက်ရင်း သူ့သားကို လှမ်းကြည့်လိုက်သည်။

"ဘာပြောတယ်ကွ၊ ဘယ်နိုင်ငံခြားကို သွားမှာလဲ"

"ကျွန်တော် အိန္ဒိယပြည်ကို တစ်နှစ်လောက်သွားချင်လို့ပါ"



"ဘာ အိန္ဒိယကို သွားမယ် ဟုတ်လား၊ ကျောင်းစာမေးပွဲကကော"

"ကျွန်တော် ဆိုင်းဖို့ ခွင့်တောင်းထားတယ် ခင်ဗျ"

"ဘာ...ဆိုင်းရမယ် ဟုတ်သလား"

"ဟုတ်ပါတယ်"

မက်စ်လို့အက်က အသံတုန်တုန်နှင့် ပြောသည်။

သူ့အဖေ အာသာလို့အက်သည် မြင်းဇက်ကို ဆောင့်ဆွဲကာ ခပ်သော့သော့
၍ ထွက်သွား၏။

"ငါတော့ အံ့ဩတယ်ကွာ၊ မင်းဘာစိတ်ကူးနဲ့ သွားမှာလဲ"

နှစ်ယောက်သား မြင်းဆက်စီးလာကြသည့်အခါတွင် အဖေကပြောသည်။
က်စ်သည် သူ့အဖေ မနှစ်သက်ဟန်ပြသည်ကို မသိယောင်ပြုနေလိုက်၏။

"ဘာကြောင့်မှတော့ မဟုတ်ပါဘူး၊ ကျွန်တော် အပြောင်းအလဲကလေး
လေးလဲ တွေ့ချင်၊ ပြီးတော့ တစ်ယောက်ယောက်ကို ကျွန်တော်အကျိုးပြုချင်
ယ်လေ"

"တစ်ယောက်ယောက်ကို အကျိုးပြုချင်ထယ်ဆိုတာ ဘာလဲကွ၊ ဘာကို
ပြာတာလဲ"

"ဘာရယ်လို့ မဟုတ်ပါဘူး၊ အကူအညီလိုတဲ့ လူတွေကို အကူအညီ
းချင်တာပါ"

မက်စ်လို့အက်သည် ဇဝေလည်ကြောင်ပတ် ပြောနေ၍ မဖြစ်တော့ကြောင်း
ို သိသဖြင့် တိုက်ရိုက်ပင် ပြောလိုက်သည်။

"ဆေးတိုက်တစ်တိုက်မှာလာပြီး အလုပ်လုပ်ဖို့ ကျွန်တော့်ကို ခေါ်နေ
ပါ"

"ဘယ်မှာလဲ၊ အိန္ဒိယမှာလား၊ အိန္ဒိယပြည်ဆိုတာ အကျယ်ကြီးပဲကွ"

"ကာလကတ္တားမှာပါ၊ ပါမောက္ခကြီး"

အာသာလို့အက်သည် သူ့စကားကြောင့် အံ့အားသင့်သွားကာ ခြေနင်း
ွင်းတွင် စွပ်ထားသည့် ခြေထောက်များပင် ဘေးသို့ ချော်ထွက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာကြီးက အကျယ်ကြီးပါကွာ၊ ဒီလောက်ကျယ်တဲ့ ကမ္ဘာကြီးထဲမှ ကာလကတ္တားကိုမှ သွားချင်ရသတဲ့လား" ဟု ဆိုကာ ခေါင်းကိုယမ်းနေသည်။

ဒေါက်တာ အာသာလို့အက်သည် အခြားသော အမေရိကန်များလိုပင် အိန္ဒိယပြည်ကို နှစ်သက်ခြင်းမရှိလှ။ ကာလကတ္တားမြို့ကိုကား "မနှစ်သက်ရုံ မက စက်ဆုတ်ရွံရှာသလိုပင်ဖြစ်စေသေးသည်။ ကာလကတ္တားဆိုသည်မှာ သူ့တော စားပေါ်ခြင်း၊ ဆင်းရဲခြင်း၊ ပလက်ဖောင်းများပေါ်တွင် လူတွေသေရခြင်း စသည်တို့ကို ဖော်ပြသည့် ကြောင်းတူသံကွဲ စကားလုံးတစ်လုံးဖြစ်သည်ဟု သူထင်သည်။ ကာလကတ္တားမြို့၏ အနိဋ္ဌာရုံများ စိတ်မချမ်းမြေ့ဖွယ်အခြင်း များကို ရုပ်မြင်သံကြားအစီအစဉ်များတွင် သူကြည့်ခဲ့ဖူးပြီ၊ စာနယ်ဇင်းများတွင် သူဖတ်ခဲ့ဖူးပြီ၊ ဒေါက်တာ လို့အက်သည် တော်မွှတ်ခြင်း၊ လူဦးရေ ထူထပ်ခြင်း နှင့် ဆင်းရဲခြင်းတို့ကြောင့်သာ ကာလကတ္တားကို စက်ဆုတ် ရွံမုန်းသည် မဟုတ်။ လူတစ်ယောက်ကြောင့်လည်း ကာလကတ္တားကို မုန်းတီးခြင်းဖြစ်၏။ ထိုလူမှာ အခြားမဟုတ်။ ကုလသမဂ္ဂစင်မြင့်မှနေ၍ မောက်မာဝင့်ကြွားသော မျက်နှာဖြင့် ကမ္ဘာကြီးအား လူ့ကျင့်ဝတ်အကြောင်းကို ဟောကြားနေသော လူတစ်ယောက်ဖြစ်သည်။ ၁၉၅၀ ခုနှစ်များတစ်ဝိုက်က ထိုစဉ်က အိန္ဒိယပြည်၏ ကုလသမဂ္ဂကိုယ်စားလှယ်ဖြစ်သော တရစ်ရှနားမီနွန်သည် အမေရိကား ပြည်ထောင်စုအား အပြင်းအထန် ပုတ်ခတ်ပြောဆိုခဲ့ခြင်းကို များစွာသော အမေရိကန်များ နည်းတူ ဒေါက်တာ လို့အက်လည်း မမေ့နိုင်သေး။ မီနွန်သည် အန္တရာယ်ကြီးသည့် ပုရောဟိတ်တစ်ယောက်ဟု သူထင်သည်။ တတိယကမ္ဘာ၏ ယဉ်ကျေးမှုဟုဆိုကာ အဆိပ်ငွေ့တို့ကို မှုတ်ထုတ်နေပြီး တတိယကမ္ဘာ၏ တန်ဖိုး စသည်တို့ကို လူဖြူတို့က ဖျက်ဆီးပစ်ခဲ့ကြသည်ဟု တရစ်ရှနားမီနွန် ကြွေးကြော်ခဲ့ဖူးသည်။

"မင်းနယ်ကွာ၊ ကိုယ့်အစွမ်းအစကို ပြဖို့နေရာ ကမ္ဘာမှာ ဒီလောက် ရှားသလား၊ တော်တော်လဲ နံ့တဲ့ကောင်ပဲ၊ ဟိုရောက်တော့ မင်းကိုရော နွေးနွေးထွေးထွေး ကြိုဆိုမယ်လို့များ ထင်သလား၊ မင်းပြန်လာလို့ရှိရင် မင်းနဲ့ အတန်းတူ ကောင်တွေက ဘွဲ့တွေရပြီး မင်းပဲ ယောင်ချာချာဖြစ်ကျန်ရစ် ခဲ့မှာ"

မက်စ်က မည်သို့မျှမပြော။

"မင်းအမေရော သိပြီလား"



"သိပါတယ်"

"သူကကော သဘောတူလို့လား"

"တူတယ်ရယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော် ရှင်းပြတော့ နေမနားလည်သွားတယ်လို့ ထင်တာပဲ"

"ဆယ်ဗီယာ ကကော"

ဆယ်ဗီယာပိန်းမှာ မက်စ်၏ ရည်းစားဖြစ်သည်။ အရပ်မြင့်မြင့်၊ ရုပ်ချောချောနှင့် အသက်နှစ်ဆယ့်သုံးနှစ်ရှိ အားကစားမယ်ကလေးတစ်ဦးဖြစ်၏။ ဆံပင်များမှာ လို့အက်တို့ ခြံနှင့် ကပ်လျက်ခြံတွင် နေကြသည်။ သူ့အဖေသည် ဘာမိနေ့စဉ် သတင်းစာတစ်စောင်ဖြစ်သော "သမာဓိ" သတင်းစာတိုက် ပိုင်ရှင်ဖြစ်၏။ သူတို့နှစ်ယောက်မှာ ငယ်စဉ်ကတည်းက သိကျွမ်းလာခဲ့ကြ သူများဖြစ်သည်။ မက်စ် စာမေးပွဲပြီးလျှင် လက်ထပ်ကြရန် စီစဉ်ထားသည်။

"ဟုတ်ကဲ့၊ ဆယ်ဗီယာလဲ သိပါတယ် ပါမောက္ခကြီး"

"သူကကော ဘာမှ မပြောဘူးလား"

"သူလဲ ကျွန်တော်တို့နဲ့အတူ လိုက်မယ်လို့ ပြောပါတယ်"

## ၃၉

ဆံပင်တို့ကို ချိတ်ထားသည့် ရွှေပေါင်းထဲမှ ရုပ်ပုံသည် ခွန်အားရှိခြင်းနှင့် ခံ့ထည်တင့်တယ်ခြင်းကို ဖော်ပြနေသည်။ ကျောက်မျက်ရတနာတွေ စီခြယ်ထား သည့် ကော်ဇောကြီးခင်းထားသည့် ဆင်ကိုယ်ပေါ်တွင် လိုက်ပါလာသည့် ခန့်ထည်သည့် အောင်ပွဲတစ်ပွဲကို ရလာသည့် မဟာရာဇာတစ်ဦးနှင့် တူသည်။ သူ့ဒူးကျပ်ဘောင်းဘီတွင် ရွှေမျှင်တို့ဖြင့် ရွှေချည်ထိုးထားပြီး ကျောက်မျက်ရတနာတွေ ခြယ်ထားသည်။ သူ့ကိုယ်ခန္ဓာတွင် ပေါက်နေသည့် သံဆင်ပံနှစ်ဖက်နှင့် ပုဆိန်၊ တူ၊ မြားနှင့် ချိန်ခွင်တို့ကို ကိုင်ထားသည့် လက်လေးဘက်တို့သာလျှင် လူနှင့် ခြားနားသွားခြင်းဖြစ်၏။

သူ့အမည်မှာ ဘိသျှဝါတာမဖြစ်၏။ သူသည် လူလည်းမဟုတ်၊ နတ်သားတစ်ပါးလည်းမဟုတ်ဘဲ ဟိန္ဒူနတ်တစ်ပါးဖြစ်သည်။ ဘိသျှဝါတာမ

www.burmeseclassic.com

www.burmeseclassic.com



သည် အိန္ဒိယဒဏ္ဍာရီများထဲရှိ နတ်အပေါင်းတို့တွင် တန်ခိုးအကြီးဆုံးသော နတ်တစ်ပါးဖြစ်ပြီး ဖန်တီးခြင်း စွမ်းအား၏ ပြယုဂ်လည်းဖြစ်သည်။ ရှေး… ကျမ်းများ၌ ဘိသျှုကာမအား "စကြာဝဠာကြီးကို တည်ဆောက်သူ ဗိသုကာ"၊ ကောင်းကင်နှင့် မြေကြီးကို ဖန်တီးသော တန်ခိုးရှင်၊ ကမ္ဘာများကို ဖန်တီးသူ၊ ထိုကမ္ဘာများ၏ ဖခင်နှင့် နတ်ဒေဝတာတို့ကို အမည်ပေး… အမတဘုံတွင် မှီတင်းနေထိုင်သူ" ဟု ဆိုညွှန်းကြ၏။ မဟာဘာရတ… အလိုအရဆိုလျှင် ဘိသျှုကာမသည် အမွန်အဦးဖြစ်သော ဗိသုကာမျှသာ… နတ်ဒေဝတာတို့နှင့်တကွ ယင်းတို့ ကိုင်ဆောင်သော လက်နက်စကြာများ ဖန်တီးသူ၊ သိပ္ပံအတတ်မျိုးစုံတို့၏ အရှင်၊ အနန္တစကြာဝဠာတို့ကို တည်ဆော… သည့် လက်သမား၊ နတ်ရထားတို့ကို ပြုလုပ်သူ၊ အဆင်တန်ဆာအားလုံးတို့ ဖန်တီးသူလည်းဖြစ်၏။ ဘိသျှုကာမသည် လက်မှုအတတ်ပညာမျိုးစုံတို့ ကာကွယ်စောင့်ရှောက်သူဖြစ်သည်။ ထို့ကြောင့်ပင်လျှင် အိန္ဒိယပြည်… အလုပ်သမားများ၊ လက်မှုပညာသည်များက သူ့ကို ကိုးကွယ်လေ့ရှိကြသည်…

ခရစ်ယာန် ဘာသာဝင်တို့သည် စကြာဝဠာကြီးကို ဖန်ဆင်းတော်မူ… မိမိတို့အား ပေါင်မုန့်ပေးသော ထာဝရဘုရားသခင်ကို ကိုးကွယ်ကြသည့်နည်း… အိန္ဒိယ တိုင်းရင်းသားများသည်လည်း လုပ်အားနှင့်ဘဝကို ဖန်တီးပေး… ဘိသျှုကာမကို ပူဇော်ကိုးကွယ်ကြသည်။ စက်တင်ဘာလသို့ ရောက်သည်… ကာလကတ္တား လူဆင်းရဲရပ်ကွက်များရှိ အလုပ်ရုံကလေးများတွင် လည်းကော… ခေတ်မီ စက်ရုံကြီးများတွင် လည်းကောင်း သူ့ပုံတော်များကို ချိတ်ဆွဲ… နှစ်ရက်တိုင်တိုင် ပူဇော်ပွဲကျင်းပလေ့ရှိကြသည်။ ထိုပွဲတော်သို့ ရောက်… အလုပ်သမားနှင့် အလုပ်ရှင်၊ ဆင်းရဲသားနှင့် လူချမ်းသာတို့သည် အဆင့်အ… ခွဲခြားခြင်း မပြုကြတော့။ ဘိသျှုကာမ နတ်မင်းသားအား သဒ္ဓါရှိညွတ်ခြ… အချင်းချင်း ပေါင်းစည်းမိကြတော့သည်။

ကာလကတ္တားရှိ အခြားသော လူဆင်းရဲရပ်ကွက်များမှာကဲ့သို့ သုခမြို့တော်တွင်လည်း ဘိသျှုကာမနတ်မင်းအား ပူဇော်ပွဲကို ခြိမ့်ခြိမ့်… ကျင်းပလျက်ရှိ၏။ အမှန်အားဖြင့်လည်း သုခမြို့တော်သည် အလုပ်သမား… စုဝေးရာ ရပ်ကွက်မဟုတ်လော။ နေ့တိုင်းလိုလိုပင် စက်ဖြင့် တစ်စုံတစ်… သွေးသံတို့ကို ကြားရတတ်သည်။ ပစ္စည်းအတိုအစတို့ ပုံထားသည်ကို မြင်ရ… သည်။ဘယ်နေရာသွားသွား အလုပ်ရုံလေးတစ်ရုံကို တွေ့ရတတ်သည်။ တစ်…



…ခွင် အကျီဗလာဖြစ်နေသည့် ကလေးငယ်တစ်သိုက်သည် ဒန်ခွက်ကလေးများ …ယ်ရန် ဒန်ပြားများကို ထုနေကြသည်။ အချို့က လုပ်ပြီးသား သံဖြူခွက်များ …ီ အဆိပ်ငွေ့တွေ ထွက်နေသည့် သံကနဲ့ထဲသို့ နှစ်နေကြသည်။ အချို့ကလေး …များမှာ မီးခြစ်များ ဖြောက်အိုးများကို လုပ်ကြရသည်။ မီးစုန်းခေတ်၊ သွပ် …ောက်ဆိုက်၊ အက်စဘက်တော့ အမှုန့်၊ ကော်စသည့် ပစ္စည်းမျိုးစုံကို …ိုင်ရသဖြင့် သူတို့ကိုယ် သူတို့ အဆိပ်သင့်အောင်လုပ်သည့်နှယ် ဖြစ်နေသည်။

ကိုဟာစကီး၏ တဲနှင့် မျက်နှာချင်းဆိုင်တွင် ပန်းပဲဖိုတစ်ခုရှိသည်။ …ပန်းပဲဖိုထဲတွင် မည်းနက်နေသော သဏ္ဌာန်များသည် သံကြွပ်အပိုင်းအစများ …ီ မီးဖုတ်ကာ ထုရိုက်နေကြသည်။ သံကြွပ်ကို မီးလောင်သည့်အနံ့၊ ချော်နံ့ …ိက မွန်ထူလျက်။ ပြတင်းပေါက် မရှိသည့် ကပ်လျက် အခန်းတစ်ခန်းထဲတွင် …ည်းမည်းအရိပ် တစ်ဒါဇင်ခန့်တို့သည် ဘီဒီလိပ်နေကြသည်။ သူတို့အားလုံး …ောက်မှာ လန်ချားတစ်စီးကို မဆွဲနိုင်တော့သော ချောင်းဆိုးသွေးပါ …ောဂါစွဲကပ်နေကြသူများဖြစ်သည်။

တစ်နေ့ကုန် တစ်မိနစ်မျှ မနားဘဲ လိပ်လျှင် တစ်နေ့ကို ဘီဒီဆေးလိပ် …ေါင်း တစ်ထောင်သုံးရာလောက် လိပ်နိုင်သည်။ ဘီဒီတစ်ထောင်လျှင် …ိပ်ခ ဆယ့်တစ်ကျပ်ခန့်ရ၏။ ထိုအခန်းနှင့် ခပ်လှမ်းလှမ်း တဲကလေးတစ်လုံးထဲ …ွင်မှ ကြီးမားသော သဆော်ပန်ကာကြီးတစ်ခုကို ပန်းပဲဖိုကြီးအနီးတွင် …ြင်ရ၏။ ဝမန်းယက်ကြီးမှာ ကြီးမားလှသဖြင့် ပန်းပဲဖိုလုပ်သည့် အခန်း …ဲကလေးမှ မြေဖြင့် ဖို့ထားသည့် နံရံပေါက်ကိုခွဲ ပုဆိန်ဖြင့် ဖဲ့ထုတ်ပြီးမှ …အပြင်သို့ ထုတ်ယူနိုင်သည်။ လူသုံးယောက်တို့သည် ထိုဝမန်းယက်ကြီးကို …ချယ်ဂါရီတစ်စီးပေါ်သို့ ကုတ်ဖြင့်ကော်၍ တင်ကြ၏။ ထို့နောက် ကြိုးများကို …ခေါင်းတွင် သိုင်း၍ ရှေ့မှ အားကုန် ကျိတ်၍ ဆွဲကြ၏။ ခဏကြာလျှင် ချယ်ဂါရီ ဘီးကြီး လိမ့်စပြုလာသည်။ ထိုအခါကျမှပင် ပန်းပဲဖို ပိုင်ရှင်သည် …ိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းချလိုက်၏။ သုံးယောက်တည်းဖြင့် ဆွဲနိုင်သဖြင့် နောက်ထပ် အလုပ်သမား အပိုမငှားရတော့သောကြောင့်ဖြစ်သည်။ သို့ရာတွင် ယောင်ရာတံတားကြီးနားက ဟာရီးသို့ရောက်လျှင် သူတို့ သုံးယောက်တည်းဖြင့် ထိုချယ်ဂါရီကြီးကို ဘယ်လိုရောက်အောင် ဆွဲတင်လေမည်နည်း။

သူတို့ ရပ်ကွက်ကလေးမှ ကလေးလူကြီးအားလုံးသည် အလုပ်လက်ရှာ …ဖြောက်သည်ဟု ပြောနိုင်သည်။ မော်တော်ကား အပိုပစ္စည်းများ စလိုက်ရှာ…

www.burmeseclassic.com



ရက်ကန်းစင်အတွက် လွန်းများ၊ မူလီများ၊ လေယာဉ်ပေါ်တွင် တင်သ တိုင်ကီများ၊ တာဘိုင်များကအစ လုပ်ကြသည်။ အစုတ်အပဲ့များ၊ သံ သံစများမှနေ၍ အကောင်းပကတိဖြစ်အောင် လုပ်နိုင်သည်။ ပုံတူ လုပ် သည်။ သူတို့ ရပ်ကွက်ထဲတွင် အသေးဆုံးသော သံကြွပ်စက်လေ အသေးဆုံးသော အပျက်အစီးကလေးသည် လွင့်မပစ်ရ။ အချည်းနှီးမ ပြန်သုံး၍ရအောင် လုပ်သည်။ အသစ်ဖြစ်အောင်လုပ်သည်။

"ဘယ်လောက်စုတ်တဲ့ ပစ္စည်းဖြစ်ဖြစ် လွှင့်ပစ်ဖို့ မလိုဘူးဗျ၊ အသ ဖြစ်အောင် ပြန်လုပ်တတ်တယ်" ဟု ကိုဗာစကီးက ပြောသည်။

အိန္ဒိယပြည်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၂၄ ၌ စက်ရုံတစ်ခု ဖြစ်စေ၊ သတ္တုတွင်းတစ်ခုတွင် ဖြစ်စေ၊ သို့မဟုတ် အန္တရာယ်ရှိသည့် အ နေရာဌာနတစ်ခုခုတွင်ဖြစ်စေ ကလေးငယ်တစ်ဦးအား အလုပ်လုပ်ခိုင်း မပြုရဟု ပြဋ္ဌာန်းထားသည်။ သို့ရာတွင် အကျိုးအမြတ်အတွက်လည်းကော ဩဇာအာဏာ တည်စေရန်အတွက် လည်းကောင်း၊ အိန္ဒိယပြည် အနှံ့အပြား ကလေးငယ်များအား ခိုင်းနေသည်ကို တွေ့ရသည်။ အလုပ်ရှင်များကလ ကလေးကိုပို၍ သဘောကျကြသည်။ ကလေး၏ လက်ချောင်းများမှာ အလုပ် ရာတွင်လည်း ကျွမ်းကျင်ကြသည်။ လုပ်ခကလည်း လူကြီးလောက် မပေးရ နည်းနည်းသာ ပေးသည်။

ဆင်းရဲသား ရပ်ကွက်များမှ အလုပ်သမားများမှာ အခြေအနေ အဆိုး ဖြစ်သည်။ သူတို့တွင် လူမှုဖူလုံရေးမရှိ။ ကမ္ဘာတစ်ဝန်းရှိ တီရှစ္စာန်ရုံများ တီရှစ္စာန်များကိုပင် မထားကြသော အခန်းကျဉ်းကလေးမျိုးထဲတွင် တစ်နေ့လ နာရီပေါင်း ဆယ့်နှစ်နာရီအထိ အလုပ်လုပ်ကြရသည်။ အများအားဖြင့် အလုပ်သမားများသည် ထိုနေရာတွင် အလုပ်လုပ်၊ ထိုနေရာတွင်ပင် ထမင်း ပြီး ထိုနေရာတွင်ပင် အိပ်ကြရသည်။ သူတို့နေရာတွင် လေဝင်ပေါက်မ အလင်းရောင်မရှိ။ သူတို့အဖို့ သီတင်းပတ်ကုန် နားရက်မရှိ။ နွေရာသီရက်အ မရှိ။ တစ်နေ့ အလုပ်မဆင်းမိသည်နှင့် အလုပ်လက်မဲ့ဖြစ်ရတော့သည် စကားပြော များလျှင်၊ တောင်းဆိုချက်တင်လျှင်၊ စာဒကတက်လျှင်၊ အလုပ် တစ်နာရီလောက် နောက်ကျရောက်မိလျှင် အလုပ်မှ ချက်ချင်း ထုတ်ပစ်ခံရတော သည်။ လျော်ကြေးရဖို့ဆိုသည်မှာ ဝေလာဝေး။ ပုံနှိပ်စက်တတ်သူ၊ သံပြားတတ်သူ တွင်ခုံ ကိုင်တတ်သူလောက်သာလျှင် အလုပ်မပြုတ်ကြခြင်းဖြစ်သည်။



သုခမြို့တော်တစ်ခုတည်း အတွင်းမှာပင် ထိုသို့သော ပုံကျအလုပ်သမား ထောင်ချီရှိသည်။ ကာလကတ္တားတစ်မြို့လုံးတွင်ဆိုလျှင် မရေတွက်နိုင်ပြီ။

ပုံကျအလုပ်သမားတွေ၊ အလုပ်လက်မဲ့တွေ သည်လောက် များပါလျက်နဲ့ ည်အင်အားကိုသုံးပြီး သူတို့ ကံကြမ္မာကိုပြောင်းလဲအောင် မလုပ်နိုင်ကြတော့ း‌တဲ့လားဗျာ။ ကျွန်တော့် ခေါင်းထဲမှာ သူတို့ကို ကြည့်ပြီး သည်အမေးကို ည်း မေးနေမိတယ်။ သူတို့ အများစုဟာ ကျေးလက်ကလာကြသူတွေဖြစ်တော့ ည်လို တောင်းဆိုတာတို့ ဘာတို့ကိုလည်း မလုပ်တတ်ကြတော့ဘူး ထင်ပါရဲ့။ င်းရဲလိုက်တာကလည်း မပြောပါနဲ့တော့။ မုန့်ဆိုင်ကလေးတစ်ဆိုင်လောက်မှာ လုပ်ရရင်ကို သူတို့အဖို့တော့ တကယ့် လာဘ်ကြီးတစ်ပါးဖြစ်နေပြီ။

လူတွေမှာ သည်လောက် အလုပ်အကိုင်မဲ့ဖြစ်နေတော့ သူတို့ကို မင်းကလေး တစ်လုပ်ကျွေးထားတဲ့ အလုပ်ကို ကောင်းကောင်း၊ မကောင်း ာင်း လုပ်ရတော့တာပေါ့၊ ဘယ်မှာ တောင်းဆိုချက်တွေ ဘာတွေ ပ်နေနိုင်ပါတော့မလဲ။ အိမ်ထောင်စုမှာ အဖေမကျန်းမာလို့၊ ဒါမှမဟုတ် သလို့ရှိလျှင် ဘယ်ကမှ ဝင်ငွေ မရှိတော့ဘူး။ သည်တော့ရှိတဲ့ ကလေးတွေဟာ လုပ်မလုပ်ဘဲ ဘယ်နေလို့ရပါတော့မလဲ။ သူတို့ဟာ အစတုန်းကတော့ ရိုက္ခအရာမှာ ကောင်းကြပါတယ်။ ဒါပေမယ့် သေရေးရှင်ရေးနဲ့ ကြုံလာတဲ့ ါကျတော့ စာရိတ္တကို စဉ်းစားမနေ နိုင်တော့ဘူးလေ။ ဘင်္ဂလားမှာ လုပ်သမားအဖွဲ့တွေရှိပါတယ်။ အင်အားလည်း ကောင်းပါတယ်။ သည်အဖွဲ့ ွက သူတို့အတွက် ဘာတွေများ လုပ်ပေးနိုင်မလဲ။ အိန္ဒိယပြည် တစ်ဝန်းလုံး အလုပ်သမားအဖွဲ့ပေါင်း တစ်သောင်းခြောက်ထောင်လောက်ရှိတယ်။ ည်အထဲမှာ အဖွဲ့ပေါင်း ၇၄၅၀ က ဘင်္ဂလားပြည်နယ်ထဲမှာရှိတယ်။ ဒါပေမယ့် ခမြို့တော်လို နေရာမျိုးမှာ ဘယ်သူလာပြီး သပိတ်မှောက်ဖို့ လှုံ့ဆော်ရဲမှာ ။ သူတို့ သပိတ်မှောက်သွားလျှင် သူတို့နေရာကို ဝင်လုပ်မယ့် လုပ်လက်မဲ့တွေက အဆင်သင့်။ သည်သုခမြို့တော်က လူတွေဟာ ကမ္ဘာမှာ ာက်တန်းအကျဆုံး လူတွေလို့တောင် ကျွန်တော်ပြောချင်တယ်။ သူတို့ဟာ တ်သောရဲ့ ကျေးကျွန်တွေ။ ဒါပေမယ့် နှစ်စဉ် ပွဲတော်ချိန်ရောက်လျှင် ည်ပါကာမကိုတော့ ပူဇော်ကြတာပဲ။

ပူဇော်ပွဲမတိုင်မီ တစ်နေ့ကတည်းကပင် အလုပ်သမားများသည် သူတို့ ာ်များ၊ သူတို့ပစ္စည်းကိရိယာများကို ဆေးကြောသုတ်သင်ကာ

www.burmeseclassic.com



သစ်ရွက်သစ်ခက်များဖြင့် အလှဆင်ကြသည်။ ပိုင်ရှင်များသည် ဟော တံတားကြီးနားက အိုးဆိုင်များသို့သွားကာ ဆင်စီးနေသည့် လက်လေးဖ ဘီသျှုဝါကာမနတ်၏ ပုံတော်ကို ဝယ်ကြသည်။

တတ်နိုင်သူက နတ်ရုပ်ကြီးကြီးဝယ်သည်။ မတတ်နိုင်သူက ခပ်သေး ဝယ်သည်။ အချို့စက်ရုံကြီးများတွင်ဆိုလျှင် ဘိသျှုဝါကာမနတ်ရုပ်မှာ လူ နှစ်ဆသုံးဆလောက် ကြီးပြီး တန်ဖိုးအားဖြင့်လည်း ထောင်ချီပေးရသ

အကြိုနေ့ညဉ့်ကား ဆင်ရဲဒုက္ခတို့ ခိုအောင်းနေရာတဲသိုက်ကလေး သည် ပွဲဈေးပွဲများ ကျင်းပရာ ပလ္လင်ကြီးများနှင့် တူနေသည်။ ပန်းကုံး ဆင်ထားသည့် ယာယီပလ္လင်များကို အများအပြားတွေ့ရသည်။ မနက်လင်း ကြီး အချိန်အထိ ဆင်းရဲသားရပ်ကွက်ကလေးသည် ပွဲတော်၏ အသံဗလံများ ဆူညံနေတော့သည်။

မနေ့က ကျွန်အဖြစ်ရုန်းခဲ့ကြရသော သူများသည် ပွဲတော် ရောက်သည့်အခါတွင် ဝတ်ကောင်းစားလှတို့ ဝတ်ဆင်၍ ထွက်လာကြ သူတို့ ဇနီးများ၊ သားသမီးများကလည်း သေတ္တာထဲတွင် နှစ်လုံးပေါက် သိမ်းထားခဲ့သည့် ဆာရီများ၊ အင်္ကျီများကို ထုတ်၍ ဝတ်လာကြ ကလေးများကလည်း မင်းသားကလေးများနှယ် အဝတ်အစားသစ် ခါတိုင်းစက်သံပြားထုသံ၊ တွင်ခုံလှည့်သံတို့ဖြင့် ဆူညံနေသည့်တိုင် ထို ထိုအသံများကို မကြားရတော့၊ ဗုံမောင်းသံ၊ ခရုသင်းသံ စသည်တို့ ကြားရသည်။ ရှေ့ဆုံးတွင် ပုဏ္ဏားက လက်တစ်ဖက်တွင် ခေါင်းလေ လက်တစ်ဖက်တွင် သန့်စင်သော မီးရှူးတိုင်ကို ကိုင်လျက်။

ထိုနေ့တွင် အချို့မိတ်ဆွေများက ကိုဇာစကီးထံ ရောက်လာပြီး အတွက် ဆုတောင်းပေးပါရန် ပြောသဖြင့် ကိုဇာစကီးသည် သူတို့အ ဆုတောင်းပေးရသေးသည်။

ထိုနောက် ပွဲတော်ကြီး စလေပြီ၊ ပိုင်ရှင်နှင့် ကိုယ်စားလှယ် အလုပ်သမားများနှင့် သူတို့သားသမီးတို့အား ထမင်းဟင်းတို့ ကျွေးမွေး ပုရီကျွေးသည်။ ထန်းရည်တိုက်သည်။ ကသူ,က၊ ရယ်သူရယ်၊ သောက်သူ ဖြင့် သူတို့အားလုံး သူတို့၏ ဘဝကို မေ့ပစ်လိုက်ကြသည်။ ဘိသျှ ဝါကာမနတ်မင်းသည် ထောင်ပေါင်းများစွာသော ပန်းကုံးများအောက်မှ



ကြည့်၍ ပြုံးပေလိမ့်မည်။ မိမိသည် အလုပ်သမားနှင့် အလုပ်ရှင်တို့အား လုပ်ဖြင့် ညီညွတ်အောင် ပေါင်းစည်းပေးနိုင်သူ မဟုတ်ပေလော။

ဤသို့ဖြင့် သူတို့သည် တစ်ညလုံး ပျော်ကြသည်။ တစ်နေရာမှ တစ်နေရာ၊ လုပ်ရုံတစ်ခုမှ တစ်ခုသို့သွားပြီး ဘိသျှုဝါကာမ နတ်မင်း၏ ပုံတော်ကို ကြည့်ကြသည်။မည်သည့်စက်ရုံ၏ ပုံတော်က အလှဆုံး၊ မည်သည့်စက်ရုံ၏ တော်က အကြီးဆုံးစသည်ဖြင့် အချင်းချင်းဝေဖန်ကြသည်။

နောက်တစ်နေ့တွင်မူ စက်ရုံအသီးသီးမှ အလုပ်သမားများသည် မိမိတို့ ရုံတွင် ဆင်ထားသည့် ဘိသျှုဝါကာမ၏ ပုံတော်ကြီးကို ချယ်ဂါရီများပေါ်သို့ ကြ၏။ အိုးစည်ဗုံမောင်းများဖြင့် ပုံတော်များကို ဟူဂလီမြစ်ကမ်းသို့ လာကြ၏။ မြစ်ကမ်းရောက်သောအခါ လှေများပေါ်သို့တင်ကာ မြစ်လယ်သို့ ခဲ့ကြ၏။ ထိုနောက်တွင် ရုပ်ရုပ်များ ရေနက်တွင် အရည်ပျော်စေသောငှာ ပေါ်မှ ရေထဲသို့ ပစ်ချကြ၏။ ဘိသျှုဝါကာမနတ်မင်း သက်တော်ရာကျော် ပါစေဟု ဆုတောင်းကြသည်။

ထိုနောက်တွင်ကား သူတို့စက်ရုံများသို့ ပြန်လာကြကာ စက်များဘေးတွင် ကဲ့သို့ ပင်ပန်းကြီးစွာ အလုပ်လုပ်ကြပြန်လေသတည်း။

## ၄၀

ဝါကာမ ပွဲဈေးပွဲကို ကျွန်တော်တို့က လန်ချားပွဲတော်လို့ ခေါ်ကြတယ်။ တော်တို့ကို ထမင်းကျွေးနေတဲ့အလုပ်ရုံက ဘီးနှစ်ဘီး၊ ကိုယ်ထည်တစ်ခု၊ သန်နှစ်ချောင်းနဲ့ လုပ်ထားတာ မဟုတ်လား။ ဘီးကလည်း ချိုင့်ထဲကျ ချင်ခွေသွားနိုင်တယ်။ ဝင်ရိုးကလည်း လော်ရီနဲ့ ချိတ်မိပြီး ကောက်ချွင် သွားတတ်တယ်။ ဘော်ဒီဆိုတာကတော့ ဘတ်စ်ကားနဲ့ ဝင်ဆောင့်လိုက် ချာပါတီများလို ပြားချပ်သွားတာ။ အဲသလိုဖြစ်လို့ကတော့ ဟာစရီး တော်ပေရော့ပဲ။ ပိုင်ရှင်ဆီသွားပြီး ငိုပြနေလို့လည်း အလကားပဲ

www.burmeseclassic.com

www.burmeseclassic.com



မသနားတဲ့အပြင် ရိုက်တောင် လွှတ်လိုက် လိမ့်ဦးမယ်။ ဒီ ကျွန်တော်တို့မှာ နတ်မင်းကို အားမကိုးလို့ ဘယ်သူ့ကို အားကိုးရမှာ ကျွန်တော်တို့ လန်ချားတွေ ဘေးမသီ ရန်မခဖြစ်အောင် နတ်မင်း အားကိုးရမှာပဲ။ ကျွန်တော်တို့တစ်တွေ အလုပ်တို့ဘာတို့ မပြတ်အောင် နတ်မင်းကိုပဲ အားကိုးရမှာပဲ။ ခြေထောက်ကို သံစူးပြီး ဖျားပြီဆိုရင် ဝတ်ပေတော့။

ဟာစရီပါးက လန်ချားသမားတို့အတွက် ဘိသျှဝါကာမ နတ်မင်း မည်မျှအားထားရပုံကို ပြောပြတတ်သည်။

လန်ချားသမားများသာမက လန်ချား ပိုင်ရှင်များသည်လည်း ဘိသျှ ကာမကို ကိုးကွယ်ကြရသည်သာ။ လန်ချားပိုင်ရှင်များ အားလုံးလို ပူဇော်ပွဲကို သူတို့အိမ်များတွင် တခမ်းတနား ကျင်းပတတ်ကြသည်။ လန် သူဌေးကြီး နာရိန္ဒာကား သူ့အိမ်လိပ်စာကို မည်သူ့ကိုမျှ အသိမခံသည့်အလေ အိမ်တွင် ကျင်းပခြင်းမပြု။ နာရိန္ဒာ၏ သားကြီးသည် ပန်းခြံလမ်း ခြံကြီးတစ်ခြံထဲရှိ အိမ်ကြီးတစ်ဆောင်ကို ငှားကာ ကြီးကျယ်လှပ မဏ္ဍပ်ကြီးသုံးဆောင်ကို ဆောက်သည်။ ထိုမဏ္ဍပ်ကြီးများကို ပန်းကုံး စပ်ပန်းချီများဖြင့် ရေးခြယ် ဆင်ယင်ပြီးနောက် ကိုယ်ပိုင်မီးစက်ဖြင့် ထွန်း မီးလုံးရောင်စုံများစွာကို တပ်ဆင်သည်။

စွဲတော်မတိုင်မီ တစ်ရက်တွင် လန်ချားသမားတိုင်းသည် သူတို့လန်ချား ကောင်းစွာ ဆေးကြော သုတ်သင်ရ၏။ ဟာစရီပါးသည် သဘော အနက်တစ်ဘူးဝယ်ကာ သစ်သားလှည်းသန်ပေါ်က ပွန်းရာခြစ်ရာများ ပျောက်အောင် ဆေးခြယ်သည်။ ဝင်ရိုးကို ညက်နေအောင် မုန့်ညင်း နည်းနည်း လောင်းထည့်သည်။ ထိုနောက် လန်ချားကို လှပစွာ ပြင်ဆင် ဇနီးနှင့် ကလေးများကို သွားခေါ်သည်။

အာလောကသည် သူ့အတွက် ပွဲတော်တွင် ဝတ်ဖို့ အဝတ်အစားများ အဆင်သင့်ထုတ်ထား၏။ မရမ်းရောင် ကွက်တုံးတွေ ဖော်ထား ပလေကပ်လုံချည်နှင့် ရှပ်အင်္ကျီအစင်းတို့ဖြစ်သည်။ သူကိုယ်တိုင်မှာမူ ယူလာသည့် ရွှေရောင်အနားသတ် ဆာရီအနီကို ဝတ်ထားသည်။ ထိုဆာရီ သူလက်ထပ်တုန်းက ဝတ်ခဲ့သည့် ဆာရီဖြစ်၏။ ကြွက်ရန်၊ ပိုးဟပ် စိုထိုင်းသည့် ဒဏ်တို့မှ လုံခြုံအောင် ကာကွယ်ခဲ့ပြီး ရိုသေစွာ သိမ်းဆည်းထား



သည့် ဆာရီကလေးဖြစ်သည်။ ကလေးတွေကလည်း ပြောင်ပြောင်ရောင်ရောင် ဝတ်စားထားကြသဖြင့် အားလုံးကပင် အံ့သြချီးမွမ်းကြရသည်။ သို့ကလောက် ချင် ဘိသျှဝါကာမ နတ်မင်းလည်း ကျေနပ်လောက်လေပြီ။ သူတို့၏ ဂေဟာသည် အခေါင်းကလေးဖြစ်ချင်ဖြစ်မည်။ သို့ရာတွင် သူတို့ ယနေ့ ဝတ်စားလာသည့် အဝတ်အစားများမှာ ရွှေမင်းသားများနှင့် တူနေသည်။

အာလောက၊ သမီးအကြီးနှင့် သားအငယ်တို့က လန်ချားပေါ်သို့ တက်လိုက်ကြသည်။ လန်ချားအိုကလေးသည် ထိုမျှဂုဏ်ယူဖွယ်ကောင်းသည့် သည်တို့ကို တစ်ခါမျှ မတင်ခဲ့ရသေး။ လန်ချားပေါ်တွင် လိုက်ပါလာသည့် သည် သုံးယောက်တို့သည်လည်း သဇင်သုံးခက်နှင့် တူနေသည်။ ထိုနေ့၌ စရီပါးမှာ သူ့အင်္ကျီအသစ်စက်စက် ချွေးတွေသံတွေ ပေမည်စိုးသည့်အတွက် န်ချားမဆွဲဘဲ သူ့သားအကြီး မာနူးက ဝင်ဆွဲပေးသည်။

လန်ချား သူဌေးကြီး၏သား ငှားထားသည့် ပူဇော်ပွဲကျင်းပရာ အိမ်မှာ တို့ရပ်ကွက်နှင့် သိပ်မဝေးလှ။ လူဆင်းရဲရပ်ကွက်များနှင့် လူချမ်းသာ ကွက်များ နီးကပ်စွာ တည်ရှိနေခြင်းသည် ကာလကတ္တားမြို့၏ ထူးခြားချက် ဆိုရလိမ့်မည် ထင်သည်။

လန်ချားသူဌေးကြီး နာရိန္ဒာသည် ပူဇော်ပွဲအတွက် သူ့မဏ္ဍပ်ကို ကောင်းစွာ ပြင်ဆင်ထားသည်။ မုခ်ဝတွင် ပန်းနီ ပန်းဖြူတွေ ချိတ်ဆွဲထားပြီး န်းလက်တွေ၊ ငှက်ပျောရွက်တွေ စိုက်ထားကြသည်။ မဏ္ဍပ်အလယ်ခေါင်ရှိ ယ်ပန်း ကော်ဇောကြီးပေါ်တွင်မူ ကြီးမားလှစွာသော ဘိသျှဝါကာမ ရုပ်ကြီးကို တင်ထားသည်။ နှုတ်ခမ်းတွင် ဆေးနီဆိုးကာ မျက်လုံးတွင် ောင်ခြယ်ထားလိုက်သေးသည်။

ကြည့်စမ်းဗျာ၊ ကျွန်တော်တို့ နတ်မင်းရဲ့ ပုံတော်ကို ကြည့်ရတာ ယ်လောက်အားရှိလဲ။ လက်ကို မြှောက်ထားလိုက်တာက မဏ္ဍပ်အမိုးကို တော့မယ်။ လက်က ပုဆိန်ကြီးနဲ့တူကြီးကို ကိုင်ထားပုံကလည်း ကောင်းကင် လက်ဆောင်တွေကို အတင်းမရမနေ တောင်းနေတဲ့ အတိုင်းပဲ။ သူ့ရင်အုပ် င်းနေပုံကလည်း အသက်များ ရှူထုတ်လိုက်ရင် မုန်တိုင်းတစ်ခု တိုက်လာ မယ်လို့တောင် ထင်ရတယ်။ လက်မောင်းကြီးတွေက တောင်ကြီးတွေကို ရွှေ့နိုင်လောက်အောင် အင်အားကြီးတဲ့ပုံ။ ခြေထောက်ရပ်နေပုံက ခင်းတွေကို နင်းချေပစ်နေတဲ့ပုံ။ ဒီလောက် တန်ခိုးကြီးတဲ့ နတ်မင်းရှိရင်

www.burmeseclassic.com



ကျွန်တော်တို့ လန်ချားအိုကလေးတွေဟာ တစ်နေ့မှာ နတ်ရထားတွေ ဖြစ်လာ မှာပေါ့။ လန်ချားကို ဆွဲနေတဲ့ ကျွန်တော်တို့ တစ်တွေဟာလည်း နတ်မြင်း တွေလို ဖြစ်လာရမှာပေါ့။ မဟုတ်လား။

ဟာစရီပါးနှင့် သူ့မိသားစုသည် ဘိသျှဝါကာမ နတ်မင်း၏ ရှေ့ ဦးခိုက်ပူဇော်ကြ၏။ ဘာသာတရား ကိုင်းရှိုင်းသည့် အာလောကသည် ငှက်ပျော သီး၊ ဆန်တစ်ဆုပ်၊ စံပယ်တစ်ကုံးနှင့် ပန်းပွင့်အကျိုးတို့ကို လှူဖွယ်ပစ္စည်း အဖြစ် ယူလာကာ နတ်မင်း၏ ခြေရင်းတွင် ပူဇော်ပသခြင်းပြု၏။ ဟာစရီ သည် သူ့လန်ချားကို ခြံထဲတစ်နေရာတွင် အခြားလန်ခြားများနှင့်အတူ စီတန်းထားသည်။

လန်ချားများ စုံလောက်၍ နေရာအသီးသီးတွင် ဆိုက်ပြီးသည့်အခါ ဗုံသံနှင့် လင်းကွင်းသံများကို ကြားရသည်။ အသက်ကြီးကြီး ဟိန္ဒူဘုန်းကြီး တစ်ပါးသည် ရွှေနားကွပ်သည့် အနီရောင် ဘောင်းဘီတိုကို ဝတ်ထား ပန်တျာသည် ငါးဆယ်လောက်ကို ခေါင်းဆောင်၍ မဏ္ဍပ်ထဲသို့ ဝင်ရောက် သည်။ ပုဏ္ဏားပျိုတစ်ယောက်က စည်သံတချွင်ချွင်ဖြင့် အခါတော် ရောက် ကြောင်းကို သတိပေးသည်။ ဘုန်းတော်ကြီးက လန်ချားတန်းကြီး အနီး ကပ်လာကာ လန်ချားတိုင်းကို ဂင်္ဂါမြစ်ရေ နှစ်စက်ဖြင့် ဖျန်းပေး၏။ ထိုအခါ ၌ကား လန်ချားသမားတိုင်းသည် ဝမ်းသာကြည်နူး၍ မဆုံးတော့ပြီ။ မိမိ ၏ လန်ချားတွင် သုတ်လိမ်းထားသည့်အရာမှာ မျက်ရည်များနှင့် ချွေးစက် မဟုတ်၊ ဘုရားသခင်၏ ရေစင်ဖြစ်သည်ဟု မှတ်ထင်လျက်ရှိကြလေ၏။

ဘုန်းကြီးသည် ရေဖျန်း မင်္ဂလာကို ပြုလုပ်ပြီးနောက် နတ်ရုပ်ရှေ့ ရောက်လာကာ နတ်ရုပ်၏ ပါးစပ်ကို ဆန်စေ့တို့ဖြင့် ကြိပက်ပူဇော် ပုဏ္ဏားပျို ယူဆောင်လာသည့် ခွက်ကလေးထဲမှ ထောပတ်တို့ဖြင့် သုတ်လိမ်း ထို့နောက် နာရိန္ဒာ၏ သားတစ်ယောက်က ဘိသျှဝါကာမ နတ်မင်းသက် ရာကျော် ရှည်ပါစေဟု အော်လိုက်သည့်အခါတွင် ခြောက်ရာမျှသော လန် သမားတို့ကလည်း ထို့အတူ သုံးကြိမ်မျှလိုက်၍ ကြွေးကြော်ကြလေ ထိုကြွေးကြော်သံများသည် ရိုးသားစွာ အော်လိုက်သော ကြွေးကြော်သံများ လျက် လန်ချားပိုင်ရှင်တို့၏ နားတွင်မူ သပိတ်မှောက်တုန်းက ကြွေးကြေ ကြသော နိုင်ငံရေး ကြွေးကြော်သံများထက် များစွာ နားဝင်ချိုလှမည်

# ၄၁

...တ် ၄၅ နိုင်ဇန်မူဒင် လမ်းကြားရှိ အိမ်တံခါးကို တစ်စုံတစ်ယောက်လာ ခေါက်နေသည်။ ထိုသူမှာ အန်နွာဖြစ်သည်။ ကိုဇာစကီးသည် ခြေမသန်သည့် ...တ အန်နွာကို တွဲခေါ်လာခဲ့ကာ သူ့အိပ်ရာလုပ်ထားသည့် ကောက်ရိုးဖျာ ...တွင် ထိုင်ခိုင်းသည်။ ကိုယ်ရေရောဂါသည် အန်နွာသည် အားတုံ့အားနာ ...နေသည်။ အန်နွာသည် ရောဂါကျွမ်းနေသည့် လက်နှစ်ဖက်ကို ယှက်ကာ...

“ဆရာကြီးကို ကျွန်တော် အကူအညီကလေးတစ်ခုတောင်းစရာရှိလို့ပါ”

“ညီအစ်ကိုတွေပဲဗျာ၊ လိုချင်တာ တောင်းနိုင်ပါတယ်”

“မိထာကို လက်ထပ်ခွင့်ပေးပါလို့ ပူလိဆိုကို ပြောပေးပါလား ဆရာကြီး”

“မိထာကို ဟုတ်လား၊ မိထာက သူ့မိန်းမပဲဟာ”

ကိုဇာစကီးသည် အံ့အားသင့်နေသည်။

“ဟုတ်ပါတယ်၊ ဒါကြောင့်မို့ သူ့ကို ပြောပေးဖို့ ဆရာကြီးကို ...ပြောနေတာပါ၊ ဆရာကြီး ပြောရင် ရမှာပါ၊ သူက ဆရာကြီး စကားကို ...ထောင်ပါတယ်၊ ပြီးတော့ ဆရာကြီးကို အားလုံးကလဲ လေးစားကြတယ်။”

ပူလိမှာ အသားမည်းမည်း၊ ပိန်ပိန်ညှက်ညှက်၊ အသက်ငါးဆယ်လောက်ရှိ ...ပြီး သူသည် တောင်ပိုင်းသားဖြစ်၏။ ကာလကတ္တားသို့ တစ်ခေါက်လာလည် ...နောက် ပူလိသည် ဘယ်တော့မျှ မပြန်တော့ပြီ။ ပူလိသည် ငယ်စဉ်ကတည်းက ...တာကာ လှည့်လည် သွားလာနေခဲ့သူဖြစ်ရာ ကိုယ်ရေရောဂါသည် ...ကတည်းကပင် စွဲကပ်လာခဲ့ဟန် တူ၏။ တစ်ခါတွင် သူသည် ...ပွဲပြစားခဲ့ဖူး၏။ ထို့နောက်တွင် သူတောင်းစားဖြစ်လာခဲ့သည်။ ထို့နောက် ...သည် ကာလီမယ်တော် ဝတ်ကျောင်းတွင် မှီခိုနေထိုင်ခဲ့သည်။ သို့နေခဲ့ ...ရပ်ရှိ သူတောင်းစားများကို မိုက်ကြေးခွဲစားသည့် လူမိုက်... နှင့်

www.burmeseclassic.com



ရန်ဖြစ်ကာ သူ့ကို မောင်းထုတ်လိုက်ကြသဖြင့် တစ်ဖက်ကမ်းရှိ ယော ဘူတာကြီး ပလက်ဖောင်းပေါ်သို့ ရောက်လာခဲ့သည်။ ပူလီသည် လှုပြက်ခြေ ရှိသူဖြစ်သည့်အလျောက် လမ်းဘေးတွင် အပြောင်အပြက် လုပ်ပြခြ ဝင်ငွေ အထိုက်အလျောက်ရခဲ့သည်။ ပရိသတ်များကလည်း သူလုပ်ပြ အပြောင်အပြက်များကိုလည်းကောင်း၊ သူ၏ ကြောက်ဖွယ်ကောင်း ရောဂါကိုလည်းကောင်း အထူးအဆန်းသဖွယ်လာ၍ ကြည့်ကြကာ ပိုး ကလေးတွေ စွန့်ကြဲသွားခဲ့ကြသည်။ ထိုစဉ်က သူ့ရောဂါသည် ထိုမျှထေ မဆိုးသေး။ သို့ရာတွင် ပူလီသည် တစ်ကိုယ်လုံးကို ကျပ်စည်းသလို ပ တွေ စည်းထားပြီး အဝတ်တွင် အိုင်အိုဒင်းအရည်တွေ ဆိုးထားတတ် ပူလီသည် သုခမြို့တော်ရှိ အဆင်းရဲဆုံး၊ အောက်တန်းအကျဆုံး၊ အည ဆုံးသော ဝင်းကြီးတစ်ခုထဲတွင် သူ့ဇနီးသည်နှင့် အတူနေထိုင်ကြ သူ့ဇနီးသည် မိထာမှာ ချစ်စရာကောင်းသည့် အသက် ၂၇ နှစ်အရွယ် ငယ် တစ်ယောက်ဖြစ်ပြီး သူတို့တွင် ခြောက်လသားမှ သုံးနှစ်အရွ ရှိသော ချစ်စရာကလေးငယ်သုံးယောက်ရှိသည်။

မိထာသည် အရှေ့ပါကစ္စတန်မှ ပြေးလာသော အိုးထိန်း တစ်ယောက်၏ သမီးဖြစ်သည်။ အသက် ဆယ့်ခြောက်နှစ်ရောက်၍ မိဘ က သူတို့နှင့် ဇာတ်တူသော အိုးထိန်းသည် တစ်ယောက်နှင့် ပေးစားမည် မိထာ၏ ညာဘက်ပါးပြင်ပေါ်တွင် ပွေးလိုလို ထူအမ်းအမ်း အကွက်တ ပေါ်လာသည်။ သိတင်းပတ်ပေါင်းများစွာ ချိတုံချတုံဖြစ်နေပြီးနောက် မိထာ ယောင်ရာ ဆေးရုံကြီးတွင်ပြရန် သွား၍ တန်းစီသည်။ ဆေးဘက်ဆိုင်ရာက ချက်ချင်းအဆုံးအဖြတ်ပေးလိုက်၏။ ထိုအကွက်မှာ ကိုယ်ရေရောဂါအ ဟု ပြောလိုက်သည်။ သူ့မိဘများကမူ မိထာကို ဘုရားက ကျိန်စာတိုက်လို ဟုပင် ယူဆကြသည်။ မိဘများက မိထာကို သူတို့နေသည့် တဲကလေး ထုတ်လိုက်ပြီး အပြင်တွင် တဲကလေးတစ်လုံးဖြင့် သပ်သပ်ထားကြ ထိုသို့ မလုပ်လျှင် သူတို့မိသားစုတစ်ခုလုံးကို အရပ်မှ နှင်ထုတ်ပစ်ပေတော့ မိထာသည် ဘူတာရုံတစ်ဝိုက်တွင် တောင်းရမ်းနေရာမှ သူ့ကို ဘ တစ်ယောက်ကတွေ့ကာ ကာလကတ္တားရှိ ပြည့်တန်ဆာအိမ်တစ်အိ ရောင်းသွားခဲ့သည်။ သူ့ရောဂါအကြောင်းကို သိသွားသည့်အခါတွင် ပြည့်တ ခေါင်းသည် သူ့ကို အညိုအမည်းစွဲအောင် ရိုက်နှက်၍ အိမ်မှ နှင်ထုတ်



။ ဤတွင်သူ့ကို အမှိုက်ကောက်သူများက တွေ့သွားကြကာ သီလရှင် ကြီး ထရီဇာ၏ သေလုနီး လူမမာများကိုထားရာ ဆေးရုံသို့ လာပို့သွား သည်။ အချိန်မီ အသက်ဘေးမှ လွတ်လာခဲ့ခြင်းပေတည်း။ သက်သာလာ ည့်အခါတွင် မိထာသည် ဆေးရုံမှ ဆင်းလာကာ ဘူတာရုံတစ်ဝိုက်ရှိ တောင်းစား လောကထဲသို့ ပြန်ရောက်လာခဲ့ပြန်သည်။ ဤတွင် သူတောင်းစား ာကထဲသို့ ပြန်ရောက်လာခဲ့ပြန်သည်။ ဤတွင် မျောက်ပွဲပြသည့် ပူလီက ကို ကယ်ဆယ်ထားခဲ့ကာ နောက်တစ်နှစ်အကြာတွင် သူ့ကို လက်ထပ်ယူခဲ့ ည်။

ကိုဗာစကီးသည် အန်နွာနောက်ထပ်တောင်းခံသည့် အကူအညီတစ်ခု ွက်လည်း အံ့အားသင့်နေသည်။ သူတို့ ကိုယ်ရေရောဂါသည် လောကသည် ခြားကမ္ဘာကြီးနှင့် စကြဝဠာကြီးလောက် ခြားနားနေခြင်းကို သူမသိသေး။ ထိုလောကတွင် ထူးခြားသည့် သူတို့ကိုယ်ပိုင် စည်းကမ်းဥပဒေတွေရှိသည် သည်း သူမသိသေး။ ကိုယ်ရေရောဂါသည် ရောဂါပြင်းထန် ဆိုးရွားလာ ည်နှင့်အမျှ ဖိုမစိတ်ကို အားပေးလှုံ့ဆော်တတ်သည်။ ထို့ကြောင့်ပင်လျှင် ယ်ရေရောဂါသည်များတွင်မယားတွေ အများကြီးရှိပြီး ကလေးတွေ အများ ရှိနေခြင်းဖြစ်သည်။ ကိုယ်ရေရောဂါသည်များသည် လူ့လောကမှ အကြဉ်ခံ ရပြီး ဘုရားကျိန်စာ တိုက်ခြင်းကို ခံစားရသည်ဟု သူတို့ဘာသာ သူတို့ သည့် အလျောက် လောကတွင် လိုက်နာအပ်သော စည်းကမ်းထုံးတမ်း တို့ကိုလည်း လိုက်နာခြင်း မပြုကြတော့ပြီ။ တရားဥပဒေကို ထိန်းသိမ်း ွယ်သည့် မည်သည့် ကိုယ်စားလှယ်ကမှလည်း သူတို့ကိစ္စများကို ရောက် စုံစမ်းစစ်ဆေးခြင်း မပြုကြတော့ပြီ။ သုခမြို့တော်ရှိ ကိုယ်ရေရောဂါ ည်များသည် မိန်းမ မရှိလျှင် မနေနိုင်ကြ။ သူတို့တောင်းရမ်း၍ ရသည့် င့် မိန်းမတို့ကို ဝယ်ယူကြသည်။ ဤတွင် ကိုယ်ခန္ဓာချွတ်ယွင်း၍သော် း‌ကောင်း၊ မကျန်းမာ၍သော်လည်းကောင်း မိမိတို့ သမီးများကို လက်ထပ် ပြားပေးခြင်း မပြုနိုင်သည့် မိဘများသည် သမီးများကို ကိုယ်ရေ ရောဂါ ည်တို့ထံ ရောင်းလိုက်ကြရတော့သည်။ သို့ရာတွင် ရောဂါဖြစ်နေသည့် ယောကျ်ားတို့သည် မိန်းမတစ်ယောက်တည်းဖြင့် အားရတင်းတိမ်ခြင်း ကြကုန်။ ဤတွင် ထိုယောကျ်ားတို့အတွက် မိန်းမအရောင်းအဝယ် လုပ်ငန်း ပေါ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုယောကျ်ားတို့ကလည်း မိန်းမများကို အခြားသော မင်္ဂလာဆောင်နှင့်မတူ ထူးထူးခြားခြား ခမ်းခမ်းနားနား လက်ထပ်ယူကြသည်။

"တောင်းပေးပါ ဆရာကြီးရယ်၊ ဆရာကြီး အခက်အခဲမရှိအောင် ကျွန်တော်လဲ စီစဉ်ထားပါတယ်၊ သူ့ကို ကျွန်တော် ကျေနပ်အောင်လုပ်ပေးမှာ"

အန်န္တာသည် သူ၏ လက်ချောင်းငုံးတိုဖြင့် ဒိုတီခါးကြားတွင် ထိုးထား သည့် ငွေစက္ကူတစ်ထပ်ကို ဆွဲထုတ်လိုက်သည်။

"ဟောဒီမှာ ငွေသုံးရာခင်ဗျ၊ ဒီလောက်ဆိုရင် သူငြင်းမှာ မဟုတ်ပါဘူး"

"မိထာကိုရော မေးပြီးပြီလား၊ သူကကော သဘောတူမှာတဲ့လား"

ကိုဗာစကီးက မေးသည်။ ထိုမေးခွန်းသည် သူ့အတွက် အရေးကြီးသည့် ထို့ကြောင့် မေးရခြင်းဖြစ်၏။

အန်န္တာသည် သူ့မေးခွန်းကို ကြားရသည့်အခါတွင် အံ့အားသင့်နေသည်။

"သူ့ယောကျ်ားက သဘောတူရင် မိထာလဲ သဘောတူမှာပေါ့ ဆရာကြီး"

ကိုဗာစကီးသည် မရှောင်မလွှဲသာပင် ထိုကိစ္စကို ငြင်းလိုက်၏။ ညီအစ်ကိုတော်များဖြစ်သော ကိုယ်ရေရောဂါသည်တို့၏ အခြားသော ကိစ္စများ သူလုပ်ပေးရန် အဆင်သင့်ရှိပါသည်။ သို့ရာတွင် ယခုကိစ္စကိုမူ သူလုပ်မပေးနိုင်။ သည်လောက်တောင် သဘောကျသည်ဆိုလျှင်မူ အန်န္တာသည် ကာယကံရှင် ယောကျ်ားဖြစ်သူထံ သူကိုယ်တိုင်သွားပြောရုံမျှသာရှိသည်။

နှစ်ဖက် အကျေအလည် ဈေးစပ်ဆွေးနွေးပြီးသည့်နောက်တွင် ငွေငါးရာဖြင့် ဈေးတည့်ကြသည်။ ထိုငွေမှာ သူ့တွင်ရှိသည့် ငွေထက် နှစ်ရာပိုများနေသည်။ လိုသည့် ငွေနှင့် မင်္ဂလာစရိတ်အတွက် ကုန်ကျမည့် ငွေကို သူတို့ရပ်ကွက်ထဲရှိ ငွေတိုးချေးစားသူ ပန်ချာပီ ဝဝကြီးထံမှ ချေးယူသည်။ ပန်ချာပီကြီးသည် သူတောင်းစားများကို မွေးထားသူဖြစ်၏။

မိမိတို့သည် ဘုရား၏ ဒဏ်ခတ်ခြင်းကို ခံရသူများဖြစ်သည့် ကိုယ်ရေ ရောဂါသည်များဖြစ်ကြောင်းနားလည် လက်ခံထားကြသည့် သူတို့ လောကမှာ ဘာသာတရားသည်လည်း ဘာမျှမတတ်နိုင်။ ဟိန္ဒူ ဘုန်းကြီးများ၊ ပြဟ္မဏ မူလာကြီးများသည် သူတို့ လောကက မင်္ဂလာဆောင်များသို့ လာရောက်ခြင်း



မပြုကြ။ ဤတွင် ကိုယ်ရေရောဂါသည်များကလည်း သူတို့ မူလကိုးကွယ်ထားသည့် ဘာသာတရားနှင့်ခပ်ကင်းကင်းဖြစ်လာကြသည်။ သို့ရာတွင် မင်္ဂလာဆောင်ရန်အတွက် နေ့ကောင်းရက်သာရွေးသည့် ထုံးတမ်းဓလေ့မျိုးကိုတော့ ထိန်းသိမ်းထားကြသေးသည်။ ကိုယ်ရေရောဂါသည်တို့၏ လောကတွင် သူတို့ ကိုယ်ပိုင် ဗေဒင်ဆရာရှိသည်။ ထိုသူမှာ မုတ်ဆိတ်ဖြူဖြူနှင့် ဂျိုဂါးဆိုသူဖြစ်၏။ ထိုဂျိုဂါး ဗေဒင်ဆရာလုပ်လာခဲ့သည်မှာ အနှစ်လေးဆယ်ရှိခဲ့လေပြီ။ ဂျိုဂါးသည် မိုင်ဒန်ကွင်းဘေးက သစ်ပင်ရိပ်အောက်တွင် ကျောက်သင်ပုန်း တစ်ချပ်ဖြင့် ဗေဒင်တွက်ပေးလေ့ရှိသည်။ သူ၏ အလုပ်မှာလည်း အခါခပ်သိမ်း လွယ်ကူသည်မဟုတ်။ ဥပမာအားဖြင့် အန်န္တာတို့လို၊ မိထာတို့လို လူမျိုး မင်္ဂလာဆောင်ချင်ပြီဆိုလျှင် သူတို့တစ်တွေ၏ မွေးနေ့ မွေးရက်ကို မသိသဖြင့် ဗေဒင်တွက်၍ မရဘဲဖြစ်နေတတ်သည်။ ဤတွင် ဗေဒင်ဆရာ ဂျိုဂါးသည် သူ့ဘာသာသူစိတ်မှန်းဖြင့် သူတို့ မွေးနေ့တစ်နေ့ကို သတ်မှတ်လိုက်ကာ ဖိတ်သွား ဂြိုဟ်လာကောင်းသည့် နေ့ တစ်နေ့ကို သတ်မှတ်၍ အိန္ဒိယလူမျိုး အတွက် ပြဿဒါးရက်ဖြစ်သော အင်္ဂါနေ့၊ စနေနေ့နှင့် တနင်္ဂနွေနေ့တို့ကို ရှောင်ကာ မင်္ဂလာရက်ကို သတ်မှတ်ပေးရသည်။ မင်္ဂလာနေ့မျိုးတွင်ဆိုလျှင် သူတို့ ကိုယ်ရေပြားလောက ကလေးသည် မြူးထူး ဆူညံနေတော့သည်။ ထိုနေ့တွင် မီးတွေကလည်း ထိန်နေအောင် ထွန်းထားကာ အသံချဲ့စက်မှ သီချင်းသံတွေကလည်း ဆူညံနေတတ်သည်။

ထိုနေ့က ကိုဗာစကီးသည် မကြည်သည့်နှလုံး၊ မပြုံးသည့် မျက်နှာနှင့် သူတို့မင်္ဂလာဆောင်သို့ ရောက်လာခဲ့၏။ ကိုဗာစကီးသည် ထိုမင်္ဂလာဆောင်ကို လာချင်။ သို့ရာတွင် သူ့မိတ်ဆွေ၏ ဖိတ်ကြားချက်ကို ငြင်းပယ်ခြင်းငှာ မတတ်နိုင်။

သူရောက်သွားသည့်အခါ၌ ကိုယ်ရေရောဂါသည် အမျိုးသမီးများသည် ပြိုးပြက်ပြက် တောက်ပသည့် အဝတ်အစားတို့ကို ဝတ်ဆင်ကာ သတို့သားနှင့် သတို့သမီးတို့၏ ဂုဏ်ထူးဆောင် အထူးဧည့်သည်တော်ကြီးဖြစ်သည့် ကိုဗာစကီး ဦး စံပယ်ပန်းကုံးများ စွပ်၍လည်းကောင်း၊ နဖူးတွင် ဆေးခြယ်ပေးခြင်းဖြင့် လည်းကောင်း ဆီးကြိုကြသည်။

ကိုဗာစကီးသည် ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်မိ၏။ သူမြင်ရသည့် မြင်ကွင်းကို သူမယုံနိုင်။ အဝတ်အစားသစ်များကို ဝတ်ဆင်ကာ မုတ်ဆိတ်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



စင်ကြယ်စွာရိတ်၍ ပတ်တီးအသစ်တို့ကို ပတ်ထားသော ကိုယ်ရေရောဂါသ
တို့သည် လူ၏ ပုံသဏ္ဍာန်ကို ပြန်၍ ဆောင်နေကြသည်။ သူတို့ ပျော်ရွှင်
ထူးနေကြပုံလည်း အားတက်စရာ ကောင်းသည်။ ထိုအခမ်းအနား
အခမ်းအနားမှူး လုပ်သူကား သတို့သမီး၏ ပထမ ယောကျ်ားဖြစ်သူ
ကိုယ်တိုင်ပင်ဖြစ်သတည်း။ ပူလီသည် တစ်နေ့ရာက ရလာသော ကုတ်အင်္ကျီ
ဝတ်၍ ဦးထုပ်မြင့်မြင့်ကို ဆောင်းထားသည်။

"ဆရာကြီးကို ကြိုဆိုပါတယ် ခင်ဗျာ"

ပူလီက ပြောကာ သူ့ကို ဆီးကြိုခေါ်သွားသည်။

သူ့ပါးစပ်မှ အနံ့ကြောင့်မင်္ဂလာပွဲအတွက် စီစဉ်ထားသည့် ယ
များကို သောက်သုံးပြီးဖြစ်ကြောင်း သိနိုင်သည်။ ပူလီသည် သူ့ကို သတို့သာ
တဲငယ်ဆီသို့ ခေါ်သွား၏။ သတို့သားရှိရာ အန်နွာ၏တဲငယ်ကို သူမမှတ်မိ
ကိုယ်ရေရောဂါသည်များသည် အန်နွာ၏တဲကို ဆေးရောင်စုံတွေခြယ်ပေး
ကြ၏။ မျက်နှာကြက်တွင် ပန်းကုံးတွေ ချိတ်ဆွဲထားပြီး မာသိပ်နေ
မြေကြီးပေါ်တွင် ဂုန်နီကော်ဇောကြီး တစ်ချပ်ကို ခင်းထား၏။ တဲအလယ်
တွင် ခုတင်တစ်လုံး ချထားပြီး ထိုခုတင်ပေါ်တွင် ဆားပတ်ပတ်လည်
ပန်းကုံးတွေ ဆွဲထား၏။ ခုတင်ပေါ်တွင်မူ အကောင်းစား မဒရပ် အိပ်ရာ
တစ်ခု ခင်းထား၏။ အိပ်ရာခင်းမှာ စတုရန်းကွက်ကလေးတွေ ခြယ်လှ
ထိုမင်္ဂလာအိပ်ရာပေါ်တွင်မူ သတို့သား အန်နွာထိုင်နေသည်။ သူ့ဘေး
သူ့ကို သယ်ဆောင်သွားမည့် ဝေါတစ်ခုချထား၏။ အန်နွာသည် လူပျိုရုံလှ
ကိုဗာစကီးကို ကောင်းစွာ ဆီးကြိုခြင်းပြုသည်။ ထို့နောက် သူ့မျက်နှာသ
ချက်ချင်းဆိုသလို တည်သွား၏။

"ဆရာကြီး၊ ကျွန်တော့်အတွက် ဆေးရှိသေးသလားဟင်၊ မနေ့ည
နာလိုက်တာ ဆရာကြီးရယ်" ဟု အန်နွာက ခပ်တိုးတိုးမေးသည်။

ကိုယ်ရေရောဂါသည်တို့ထံ အလည်သွားလျှင် အိတ်ထဲတွင် မော်
တစ်လုံးနှစ်လုံး ဆောင်ရကြောင်းကို အတွေ့အကြုံအရ ကိုဗာစကီး သိပြီးဖြစ်
သူ့ကို မော်ဖိန်းထိုးပေးလိုက်လျှင် ဆိုနေ့မင်္ဂလာပွဲတွင် လည်းကော
သတို့သမီးနှင့် တွေ့ဆုံရာတွင်လည်းကောင်း မည်သို့ရှိမည်နည်းဟု ကိုဗာ
စဉ်းစားသည်။ သို့ရာတွင် ကိုဗာစကီးသည် ဘေးဆီးရန်ကာ သဘော



န်နွာကို မော်ဖိန်းတစ်ဝက် ထိုးပေးလိုက်သည်။ သူ့ဆေးထိုးအပ်ကို အိတ်ထဲသို့
ပြန်ထည့်နေစဉ် ဝတ်ရုံရှည်များကို ဝတ်ကာ ခေါင်းတွင် မကိုဋ်တို့ ဆောင်းလျက်
န်းမန်နံ့သာတို့ကို လိမ်းခြယ်ထားသည့် လက်ထပ်ပြီး မိန်းမခြောက်ယောက်ခန့်
ောက်လာကြကာ မမ္ဘသီချင်းများကိုဆိုနေကြသည်။ အလှပြင်ထားကြသဖြင့်
ူတို့၏ ရောဂါလက္ခဏာများကို မေ့လျော့နေကြသည်။ အန်နွာသည်
လင် ဘာသာဝင်တစ်ဦးဖြစ်သည့်တိုင် သူတို့လက်ထပ်ပွဲတွင် ဟိန္ဒူထုံးစံများ
ငအညီ ဆောင်ရွက်ကြသည်။

သူတို့သည် အန်နွာ၏ ခန္ဓာကိုယ်ကို အမွှေးရည် အမျိုးမျိုးတို့ဖြင့်
ေးကြော သန့်စင်ပေးကာ ကတိုးနံ့ထွက်သည့် ဝါတာတာ အမှုန့်တစ်မျိုးဖြင့်
ိမ်းကျံပေးကြသည်။ သူတို့သုတ်လိမ်းပေးနေသည့် ခန္ဓာကိုယ်ကြီးသည်
စ်ပိုင်းတစ်စပျက်စီး ယိုယွင်းနေသော ခန္ဓာကိုယ်ကြီးသာ မဟုတ်ခဲ့လျှင်
ူတို့ လုပ်နေပုံကို ကြည့်ရသည်မှာ တော်တော် ရယ်စရာကောင်းပေလိမ့်
ည်။ သို့ရာတွင် ကိုဗာစကီး မရယ်ရက်ပါ။ ခန္ဓာကိုယ်ကို သန့်စင်ပြီးသည့်
ါတွင် မိန်းမခြောက်ယောက်တို့သည် သူ့ကို အဝတ်အစားများ လဲပေးကြ၏။
တို့သား အန်နွာသည် ကလေးငယ်တစ်ယောက်ပမာ သူတို့ပြုသမျှ နေနေရသည်။
ို့နောက် သူတို့သည် အန်နွာအား အင်္ကျီအသစ် ဝတ်ပေးကြ၏။ အင်္ကျီတွင်
ရောင်ကြယ်သီးများက ပြောင်လက်လျက်။ ဘီးလေးဘီး တပ်ထားသည့်
ျှဉ်ချပ်ပေါ်တွင် လက်ဖြင့် ရွှေ့သွားနေရသည့် ဒုက္ခိတတစ်ဦးအဖို့ သည်လို
ဝတ်အစားမျိုးကို အဘယ်မှာလျှင် အိပ်မက် မက်ဖူးပါမည်နည်း။

"ဒုက္ခိတဖြစ်နေတဲ့ ကိုယ်ရေရောဂါသည်ကြီးက အဝတ်သစ် အစားသစ်
ွေ ဝတ်ပြီး ပြင်ဆင်ထားတော့ ကျွန်တော့်စိတ်ထဲမှာ တမျိုးကြီးပဲဗျာ" ဟု
ိုဗာစကီး ပြောသည်။ သူတို့ မင်္ဂလာဆောင်မှာ ဘာသာရေး ထုံးတမ်းစဉ်လာ
ွေ မပါတော့သဖြင့် ကိုဗာစကီးပင် ကြီးကြပ်ရသည်။ သူတို့ ကိုယ်ရေပြား
ောဂါသည် ခေလာကသို့ မည်သည့် ဘာသာရေး ပုဂ္ဂိုလ်ကမျှလည်း လာရောက်
ဆောင်ရွက်ပေးခြင်း မပြုကြ။ ထိုမင်္ဂလာပွဲတွင် ရေပန်းအစားဆုံးသူကား
ိပေတည်း။ သတို့သားထံမှ သတိုးသမီးထံ လက်ဆောင်ပို့သည့်ကိစ္စ
ွင်လည်း သူပင် စီစဉ်ရသည်။

"ဆရာကြီးက လူပျိုရုံမဟုတ်လား။ ဒီတော့ သတို့သားက သတို့သမီးဆီ
ို လက်ဆောင်ပို့တဲ့ ကိစ္စကို ဆရာကြီးပဲ ဆောင်ရွက်ပေးပါ" ဟု ဆိုကာ

www.burmeseclassic.com

www.burmeseclassic.com



မျက်စိတစ်ဖက်မှိတ်ပြသည်။ သဘောမှာ ကိုဇာစကီး ကိုယ်တိုင် ဆောင်ရွက်… မည်ဆိုလျှင် လမ်းတွင် လက်ဆောင်ပစ္စည်း အပျောက်အရှ မရှိဘဲ စိတ်ချ… ချ ရောက်နိုင်သည် ဆိုသည့် သဘောဖြစ်သည်။ အန်နွာက မွေ့ရာအောက်… ထိုးထားသည့် သူ့လက်ဆောင်ပစ္စည်းများကို ထုတ်ယူနေသည်။ လက်ဆော… ပစ္စည်းများမှာ သတင်းစာစက္ကူဖြင့် ထုပ်ထားပြီး သားရေကွင်းကလေးများ… ပတ်ထားသည်။ ထိုလက်ဆောင်ကလေးများထဲတွင် အလှအပပစ္စည်းကလေး… လက်ဝတ်လက်စားကလေးတွေ ပါသည်။ ငွေလက်ကောက် သုံးရံမှ… အခြားပစ္စည်းများမှာ ဈေးထဲက ကုန်စုံဆိုင်တွင် ရောင်းလေ့ရှိသည့် အထ… ပစ္စည်းကလေးများဖြစ်၏။ ခြေချောင်းတွင် စွပ်သည့် ခြေစွပ်ကလေးတ… နားဆွဲတစ်ရံ၊ နှာခေါင်းတွင်မြှုပ်ရန် ဥသျှဖရားကျောက်တစ်လုံး၊ ပယင်းဆွဲ… တစ်ကုံးနှင့် သတို့သမီးများ ဝတ်လေ့ရှိသည့် မကိုဋ်တစ်ခုတို့ဖြစ်သ… ထိုလက်ဆောင်ပစ္စည်းကို ပူလီနှင့် အန်နွာတို့ စေ့စပ်ဆွေးနွေးပြီးမှ ဝယ်… ခြင်းဖြစ်သည်။ ထိုပစ္စည်းများအပြင် ဆာရီနှစ်ထည်လည်း ပါသေးသ… စပ်ပြားချဉ်နှစ်ထုပ်နှင့် ပါးဆိုးဆေးနှစ်ဘူးတို့လည်းပါသေးသည်။ ပူလီသ… ထိုပစ္စည်းများကို ခြင်းတောင်းတစ်လုံးထဲတွင် သေချာစွာ ထည့်ပြီးနော… ကိုဇာစကီးသို့ လက်ရောက်အပ်လိုက်ကာ သူ့ကိုလိုက်ပို့မည့်သူကို ခေါ်လို… သည်။

ခေါင်းတွင် ဦးထုပ်နီ ဆောင်းကာ အင်္ကျီအဝါဘောင်းဘီအဖြူတို့… ဝတ်ဆင်ထားသည့် ကိုယ်ရေရောဂါသည် ရှစ်ယောက်တို့သည် အခန်းထဲ… ဝင်လာကြ၏။ ယင်းတို့မှာ ဂီတပညာရှင်များ ဖြစ်ကြသည်။ နှစ်ယောက်… တိုနေသော လက်ချောင်းများကြားတွင် ဗုံတီးသည့် လက်ခတ်ကလေးများ… ကိုင်ထားကြ၏။ နှစ်ယောက်က လင်းကွင်းများကို ကိုင်ထားပြီး အခြားနှစ်ယော… တို့က ပိန်ရှုံ့နေသော လေမှုတ်ကိရိယာများကို ကိုင်ထားကြ၏။ ပူလီ… ဦးထုပ်ကို မြှောက်ပြလိုက်သည့်အခါ၌ သူတို့တစ်သိုက်သည် အုတ်အု… ကျက်ကျက်ဖြင့် ကြည့်နေသည့် လူအုပ်များကြားမှဖြတ်၍ သတို့သမီး၏တဲဆီ… လာခဲ့ကြသည်။

ပူလီကား မင်္ဂလာပွဲသို့ လာရောက်သည့် အထူးဧည့်သည်ကြီး ကိုဇာစ… အတွက် ဂုဏ်ယူမဆုံးတော့ပြီ။ ပူလီသည် သတို့သမီးအိမ်သို့ လမ်းဖြောင့်အတို… မသွားစေဘဲ တစ်ရပ်ကွက်လုံး သိစေရန် ကွေ့ကောက်၍ ခေါ်သွားသည်။ …



…ဘာခရာ ရောက်ခဲ့သော ကိုယ်ရေပြားရောဂါသည်တို့၏ ရပ်ကွက်ကလေးမှာ …ကွင်အပြင် ပြောင်းလျက်ရှိသဖြင့် ကိုဇာစကီးသည် ကိုယ့်မျက်လုံးများကိုပင် …ယုံနိုင်အောင်ဖြစ်နေသည်။ သူတို့ ဝင်းတစ်ခုလုံးမှာ ခေါင်းမြီးခြုံတွေ ပြည့်နေတော့ …သည်။ နှင်းဆီ၊ စံပယ်၊ မြတ်လေး စသည့် ပန်းကုံးတွေကလည်း ဖွေးဖွေးလှုပ် …နေ၏။ မင်္ဂလာဆောင်အတွက် ခတ်မီးစက် ငှားထားသဖြင့် ထိုနေရာ …တဝိုက်တွင် လင်းထိန်နေသည်။

မိထာနေသည့် တဲ၊ တံခါးဝသို့ ရောက်သည့်အခါ၌ ကိုဇာစကီးသည် …ယူလာသည့် ခန်းဝင်ပစ္စည်းတွေ ထည့်သော ခြင်းတောင်းကို အပျိုရံတစ် …ယောက်ကို လှမ်းပေးလိုက်သည်။ ထို့နောက်တွင်မှ ကိုဇာစကီးသည် ပူလီတို့ …တစ်သိုက်နှင့်အတူ တေးသံတွေ ဆူညံနေသည့် ကြားထဲက သူတို့သား …နွာ၏ တဲဆီသို့ ပြန်လာခဲ့၏။ အချိန်မှာ သန်းခေါင်တိုင်ခဲ့လေပြီ။ …လာအခမ်းအနားကို မင်္ဂလာရှိသော သန်းခေါင်ယံအချိန်တွင် ကျင်းပမည်ဖြစ် …သည်။

သတို့သားဖြစ်သူ ကိုယ်ရေရောဂါသည်အား သတို့သမီးရှိရာ မင်္ဂလာတဲသို့ …ဆောင်သွားမည့် မြင်းဖြူကြီးတော့မရှိပါ။ သို့ရာတွင် သတို့သားလိုက်ပါမည့် …လားထိုင်မှာမူ ပန်းကုံးတွေ ဆင်ယင်ထားပြီး လူလေးယောက်တို့က …ကို ထမ်းသလို သတို့သား၏ ကုလားထိုင်ကို ထမ်းလာကြရမည်ဖြစ်၏။ …ယ်ရေရောဂါသည် လေးဦးတို့ ထမ်းမည့် ထိုကုလားထိုင်သည်လည်း …တို့သားစီးမည့် မင်္ဂလာမြင်းကြီးကဲ့သို့ ခမ်းနားတင့်တယ်သည်သာဖြစ်ပါ …သည်။ သို့ဖြင့် ရှေ့မှ ပူလီကိုယ်တိုင်လိုက်ပါလာသော လူတန်းကြီးအလယ်၌ …ခေါင်းတွင် ရွှေခြည်ထိုးဦးပေါင်းထုပ်ကို ဆောင်းလာသည့် သတို့သားအန်နွာ …သည် ဘိသိက်ခံပွဲသို့ တက်လာသည့် မင်းဘုရင်တစ်ပါးနှယ် ခန့်ညားနေပါသည်။ …နောက်တွင်မှ ကိုဇာစကီးသည် ပိတ်အုပ်ကိုကိုင်၍ နောက်မှလိုက်လာ၏။ …ဂလာတဲအိမ်သို့ သတို့သားဝင်တော့မည်ဆိုသည်နှင့် ထိုပိတ်စဖြင့် ကိုယ်ရေ …ရောဂါသည် သတို့သား၏ ခန္ဓာကိုယ်ကို စည်းနှောင်ရမည်ဖြစ်၏။

ရှေ့မှသွားသည့် ပူလီက ဦးထုပ်ကိုချွတ်၍ မြှောက်ပြလိုက်သည့်အခါ …င် လူတန်းကြီးသည် ရပ်လိုက်၏။ သတို့သမီး၏ တဲရှိရာဝင်းသို့ ရောက်သည် …တို့သား၏ မျက်နှာကို အဝတ်ဖုံးရတော့မည်ဖြစ်၏။ အပျိုရံ နှစ်ယောက် …သည် ကိုဇာစကီးလက်တွင် ကိုင်လာသည့် အဝတ်စကိုယူပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



သတို့သား၏ မုတ်ဆိတ်မွေးတို့ အပြိုင်းပြိုင်းထနေသည့် သတို့သား၏ မျက် သည် ကြည့်နေသူတို့၏ မြင်းကွင်းမှ ပျောက်ကွယ်သွား၏။ ပူလီ၏ ဦး မြင့်မြင့်ကြီး စတင်ရွေ့လျားသည့်အခါတွင် လူတန်းကြီးသည်လည်း လင်းတွင် ဗုံသံများကြားထဲတွင် စတင်ရွေ့လျားစပြုလာပြန်သည်။

သူ့တို့သမီး စောင့်ဆိုင်းနေရာ တဲငယ်ကလေး၏ ရွှံ့ကြမ်းခင်းပေါ်တွ ဆီမီးခွက်ကလေးတစ်ခွက်သည် ခပ်မှိန်မှိန်လင်းနေသည်။ ထိုဆီမီးခွ မင်္ဂလာပွဲများ ထုံးစံ နတ်တို့ကို ပူဇော်ပသသည့်အနေဖြင့် ထွန်းညှိထား ဆီမီးခွက်ကလေးဖြစ်သည်။ ဖျော့တော့သည့် သတို့သမီး မိတ္တာသည် ခေါ င့်လျက် ထိုင်ခုံတစ်ခုပေါ်တွင် ထိုင်နေသည်။ သူ့မျက်နှာတွင် ဓားပဝါတစ် အုပ်လျက် သူ့ကိုကြည့်ရသည်မှာ ကမ္ဘဋ္ဌာန်းဘာဝနာကို စီဖြန်းနေသူတစ်ဦး မလှုပ်မယှက်။ သူ့ခေါင်းပေါ်တွင်မူ အနီနွာက ခြင်းတောင်းထဲတွင် ထည့်ထို သည့် မကိုင်ရှိကို ဆောင်းထားသည်။ အမွေးတိုင်များမှ အနံ့များသည် မီး မှိုင်းဝေလျက်ရှိသော လေထုထဲတွင် စူးရှနေကြသည်။

လူတန်းကြီးသည် ဝင်းထဲတွင် သုံးပတ်ပတ်ပြီးသည့်အခါ၌ ပူလီ သတို့သမီး၏ လက်ဝဲဘက်တွင် နေရာယူရန် ကိုဗာစကီးကို အချက်ပြ သည်။ သတို့သား အန်နွာကိုလည်း သတို့သမီး၏ လက်ယာဘက် နေရာချပေးရန် အထမ်းသမားများကို လှမ်းပြောလိုက်၏။ ထို့နောက် ပူလီ အဆမတန်ကြီးနေသည့် ကုတ်အင်္ကျီထဲမှရင်ကို ကော့ကာ မင်္ဂလာအခမ်းအနား စတင်ရန် ကြေညာသည်။

သည်နေရာတွင်မူ ပူလီကို ပုဏ္ဏားများပင် မီနိုင်မည်မထင်။ ပူလီ အသံကို မြှင့်ကာ မဆုံးနိုင်သော ဂါထာမန္တန်များကို ရွတ်ဖတ်လျက် တစ်ချီတစ်ချီတွင် လင်းကွင်းကို ဝင်တီးပေး၏။ ပရိသတ်သည် မန္တန်များ စူးစိုက်နားထောင်နေကြသည်။ ထိုသို့ ပဏာမပျိုးပြီးသည့်နောက်တွင် ပူလီ မင်္ဂလာအခမ်းအနားကို စတင်ဆောင်ရွက်ခြင်းပြုသည်။ ဟိန္ဒူတို့၏ မင်္ဂ အခမ်းအနားတွင် ပါနီဂရောဟံခေါ် အခမ်းအနားမှာ အဓိကဖြစ်ရာ ပူလီ အိတ်ထဲတွင် အသင့်ပါလာသည့် အနီရောင် ကတ္တီပါကြိုးကလေးကို ထုတ် လိုက်ပြီးနောက် သတို့သားနှင့် သတို့သမီးတို့ ညာလက်နှစ်ဖက်ကို ဆွဲယူ ကြိုးဖြင့်စုလျား ရစ်ပတ်ပေးပြီးနောက် သူတို့နှစ်ဦး၏ အမည်ကို ကျယ်လော စွာ အထပ်ထပ် ရွတ်ဆိုခြင်းပြု၏။ သို့ဖြင့် ယောကျ်ားနှင့် မိန်းမတို့ ပထ



ကြိမ် ကိုယ်လက်နှီးနှောခြင်း အစပြုလေပြီ။ ပူလီက နောက်ထပ် ဂါထာမန္တန် ကို ဆက်လက်ရွတ်ဆိုနေချိန်တွင် ကိုဗာစကီးသည် သတို့သမီးနှင့်သတို့သား ဦးတို့၏ တုတ်တိုနေသော လက်ချောင်း ငုံးတိတိများကို ငေးကြည့်နေသည်။

ထိုနောက်တွင်မူ မင်္ဂလာအခမ်းအနားသည် အထွတ်အထိပ်သို့ ရောက်လေ ပူလီက သတို့သားနှင့် သတို့သမီးတို့အား နှစ်ဦးနှစ်ဖက် နှုတ်ဆက်ကြရန် ခေါ်လိုက်သည့်အခါတွင် ဆိုင်းသံ၊ ဗုံသံတို့သည် ပကတိ တိတ်ဆိတ်လျက် ၏။ သတို့သမီးနှင့် သတို့သားတို့သည် လွတ်နေသော လက်တစ်ဖက်စီဖြင့် ဦး၏ မျက်နှာပေါ်တွင် ဖုံးထားသည့် မျက်နှာဖုံးတို့ကို တဖြည်းဖြည်း းလိုက်ကြသည်။ မုတ်ဆိတ်ဖားဖားကြီးနှင့် ပျော်မြူးနေသော သတို့သား၏ နှာသည် ဆေးတွေခြယ်ထားသည့် မိတ္တာ၏ ကြီးမားပြူးကျယ်သော လုံးများရှေ့တွင် တဖြည်းဖြည်းပေါ်လာသည်။ ကိုဗာစကီးသည် ကိုယ်ကို သို့ကိုင်းကာ ကာမပိုင် လင်ယောကျ်ား၏ အရောင်းခံလိုက်ရသော ကိုယ်ရေ ါသည် သတို့သမီး၏ ခံစားချက်ကို အကဲခတ်ကြည့်သည်။ သတို့သမီး၏ ားသော မျက်လုံးများထဲတွင် မျက်ရည်တွေ ဝဲနေသည်ကို သူမြင်ရ၏။

ဟိန္ဒူမင်္ဂလာပွဲများတွင် ရိုးရာအလိုက် ပြုလုပ်ရသည့် အခမ်းအနား၊ ောင်အယောင်တွေ အများကြီးရှိပြီး တစ်နယ်နှင့် တစ်နယ် အနည်းငယ် းကြသည်။ သို့ရာတွင် မည်သည့်နယ်တွင်ဖြစ်စေ မလွှဲမရှောင်သာလိုက်နာရ ထုံးစံတစ်ခုတော့ရှိသည်။ လက်တွင် စုလျား ရစ်ပတ်ထားလျက်က သား၊ သတို့သမီးတို့ မီးပုံကို ခုနစ်ပတ်လှည့်ရသည့် အခမ်းအနားဖြစ်သည်။ ခမ်းအနားမပါလျှင် မည်သည့်ဟိန္ဒူလက်ထပ်မင်္ဂလာ အခမ်းအနားမျှ မြောက်ပြီဟု မခေါ်နိုင်။ ပူလီက သတို့သား သတို့သမီးတို့ကို မီးပုံတွင် ပတ်ပူဇော်ရန် ဖိတ်ခေါ်လိုက်၏။ ကိုယ်ရေရောဂါသည် သတို့သား လျှောက်နိုင်သည့်အပြစ်ကို ပူလီ မေ့သွားလေပြီ။ ဤတွင် ပူလီက မ်းသမားများကို လှမ်းခေါ်ရသည်။

သို့ရာတွင် ကိုဗာစကီးသည် ထိုင်ရာမှ ထလာ၏။ လက်နှစ်ဖက်ကို ာန်းကာ ထလာသော ကိုဗာစကီးကို မြင်လိုက်ရသည်။

“ကဲ…လာ…လာ…။ မီးပုံကို ပတ်နိုင်အောင် ကျွန်တော်တွဲပေးမယ်” ကိုဗာစကီးက ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုဗာစကီးသည် ပေါ့ပါးသေးငယ်သော အန်နွာ၏ ခန္ဓာကို ပွေ့ချီလိုက်၏။ သူတို့သုံးဦးသည် မီးပုံကို ခုနစ်ပတ်ပတ်၍ လျှောက်ကြ ဝင်းထဲမှ လာရောက်ကြည့်ရှုသူများမှာ ပြည့်နေတော့သည်။ ကိုဗာစ အန်နွာကို သူ့နေရာတွင် သူပြန်ချပေးသည့်အခါ၌ အန်နွာက...

"ဆရာကြီးကော၊ ဘယ်တော့ လက်ထပ်မှာလဲ"

သူ့စကားကို ကြားသည့်အခါတွင် ပူလီက တဟားဟားရယ်

"အဲဒီအခါကျရင် ကျွန်တော်ပဲ ဘီသိက်သွန်းပေးရမှာပေါ့"

သူ့စကားကြောင့် အားလုံးပွဲကျသွားကြသည်။ မိထာတစ် သာလျှင် မရယ်နိုင် မပြုံးနိုင်။

အကျွေးအမွေးဖြင့် ညှော်ခံရန် အချိန်ရောက်လာလေပြီ။ အချက်ပြလိုက်သည်တွင် ကလေးငယ်များသည် ငှက်ပျောရွက်များကို ယူ မင်္ဂလာပွဲလာ ပရိသတ်ကို တစ်ရွက်စီကမ်းပေး၏။ ချက်ချင်းဆိုသ အမျိုးသမီးများက အငွေ့တထောင်းထောင်းထနေသည့် ထမင်းအိုးများ၊ ကြော်အိုးများ၊ ငါးဟင်းအိုးများကို သယ်လာကြသည်။ မိန်းကလေး ထမင်းဟင်းများကို ငှက်ပျောရွက်များပေါ်သို့ လိုက်ပုံပေးကြ၏။ ပရိသတ် ရယ်ကြမောကြ၊ စားကြ သောက်ကြ၊ တစ်ယောက်နှင့်တစ်ယောက် နော ပြောင်ကြဖြင့် သောသောညံနေသည်။ နှာခေါင်းမရှိတော့သော ကိုယ်ရေ သည် တစ်ယောက်က သူ့မျက်နှာကို မျက်နှာဖုံးတပ်ဟန် လုပ်ပြပြီး ကလေ တစ်ယောက်ကို စ,နေသည်။ ထမင်းဟင်းများကို ပုံပေးပြီးသည်နှင့် အကြိုင်တွေ ခတ်ထားသော ဟင်းအနံ့မှာ တစ်ဝင်းလုံး မွှေးနေတော့ အသံချဲ့စက်က ဆူညံလျက်။ လက်ထပ်ပြီးစ ဇနီးမောင်နှံ အသံစက် ကိုဗာစကီးတို့သည် တဲအလယ်ကောင်ရှိ ထိုင်ခုံပေါ်တွင် ထိုင်ကာလာ နှုတ်ဆက်သူတို့ကို ပြန်လှန်နှုတ်ခွန်းဆက်နေသည်။ ပူလိမှာကား မိနစ်နှ ဝမ်းသာမြူးတူးလျက်ရှိသဖြင့် ရယ်စရာ စကားတို့ကို အမျှင်မပြတ် ပြော ရှိ၏။ ပူလီသည် ပျောက်သွားလိုက်၊ ပြန်ပေါ်လာလိုက်ဖြင့် လူကြားထဲ အလုပ်များနေသည်၊ နောက်တစ်ခါ ပြန်ပေါ်လာသည့်အခါတွင်လည်း ပို၍ ပျော်ရွှင်မြူးထူးလာသည်ဟု ထင်မှတ်ရ၏။ ကိုဗာစကီးသည် လုပ်နေသည်ကို နားမလည်နိုင်ဘဲ ကြည့်နေသည်။



ထိုနောက်တွင်ကား အရက်ဖြင့် ညှော်ခံလေသည်။ စောစောက မင်္ဂလာပွဲ ည် တဖြည်းဖြည်းနှင့် သောက်ပွဲကြီးအသွင်သို့ ပြောင်းလာလေပြီ။ ခပ်စော ာက သူတို့တဲများနောက်ကွယ်တွင် ဖုက်ထားသည့် အရက်အိုးများသည် ဖြည်းဖြည်းနှင့် ပရိသတ်များကြားသို့ ရောက်လာခဲ့လေပြီ။ အရက်၏ န်ခိုးမှာလည်း အံ့သြဖွယ်ကောင်းလေစွ။ ကိုယ်ခန္ဓာတွင် ပျက်စီးယိုယွင်းပြီး ာဟာရချို့တဲ့သော ဤကိုယ်ရေရောဂါသည်များအတွက်အရက်သည် စိတ်ပျက် ငယ်စေမည့်အစားသွေးကြွစရာဖြစ်နေသည်။ လက်ချောင်းကလေးများလောက် ွင်သာ ရောဂါဖြစ်နေသည့် ကိုယ်ရေရောဂါသည်များသည် အရက်အနည်းငယ် သွားသည်နှင့် ထ၍ ကခုန်နေကြလေပြီ။ ဤသို့ဖြင့် လက်ချောင်းတိုကလေး ွ တစ်ခုပြီးတစ်ခု ထ,ကနေကြလေရာ ခဏကြာလျှင် ဝင်းကြီးတစ်ခုလုံး ညံလျက်ရှိလေပြီ။ ကလေးတွေကဝင်းထဲတွင် လိုက်တမ်းပြေးတမ်း ကစားနေ ကြသည်။ မိန်းမများကလည်း အရက်ကလေး အနည်းငယ် ဝင်သွားကြသဖြင့် ကြီး ပတ်ပတ်လည် ကခုန်နေကြ၏။ ထိုမျှခွန်အားရှိ နေပြီး ထိုမျှသန်မြန်ခြင်း ကြည့်၍ ကိုဗာစကီး အံ့အားသင့်နေသည်။ ဘဝကို စိတ်ပျက်အားငယ်ခြင်း ဘဲ ဘဝကို ခံမင်တွယ်တာနေကြသေးသည်ကို ကြည့်၍လည်း သူအံ့အားသင့် ည်။ ကိုယ်ရေရောဂါသည်များသည် သနားစရာကောင်းသူများ၊ အစုတ်အပြတ် းကို ထုပ်ထားသည့် အထုပ်များ၊ အပျက်အစီးများကို စုဆောင်းထားသည့်အစု ပုံများဟု အများတကာ ပြောကြသည့် စကားများကို သူမယုံချင်တော့။သူတို့ ိုယ်တိုင်သည်ဘဝပင်မဟုတ်လော။ သူတို့ကိုယ်ထဲတွင်လှုပ်ရှားသက်ဝင်နေသည့် ဓာတ်မဟုတ်လော။ကာလကတ္တားမြို့ကြီး၏အခြားသောဘဝများနည်းတူသူတို့ ည်လည်း ထိုမြို့ကြီးကို ပေါင်းစပ်ဖွဲ့စည်းထားသည့် ဘဝတစ်ခု မဟုတ်လော။

ထိုစဉ် အံ့သြဖွယ်ကောင်းသော အဖြစ်အပျက်တစ်ခုပေါ်လာသည်။

ပူလီက ဦးထုပ်မြှောက်၍ အချက်ပေးလိုက်သည်နှင့် ကခုန်နေသူ းလုံးတို့သည် ရပ်သွားကြသည်။ အသံချဲ့စက်မှ သီချင်းသံနှင့် တေးသီဆိုသံ ည် တိတ်သွားကြသည်။ ကြိုးများဖြင့် သွယ်တန်းထားသည့် မီးပွင့်များသည် ငြိမ်းသွားကြသည်။ တဂျုပ်ဂျုတ် မောင်းနေသော မီးစက်သည် ရပ်သွားသည်။

အမှောင်ထုနှင့် တိတ်ဆိတ်ခြင်း ဝတ်ရုံလွှာကြီးသည် လူအုပ် ာတ်တရက် ဖုံးအုပ်လိုက်သည်။ ဘာသံမျှ မကြားရ။ စကားပြောသံ ကြားရ။ ကလေးများပင် တိတ်ဆိတ်လျက်။

www.burmeseclassic.com

www.burmeseclassic.com



အထူးဧည့်သည်နေရာတွင် ထိုင်နေသည့် ကိုဗျာစကီးသည် အသက်ထို မရှုရဲအောင်ဖြစ်နေသည်။ အဘယ်ကြောင့် ရုတ်တရက် တိတ်ဆိတ်သွားရသနည်း။ ရုတ်တရက် မှောင်သွားရသနည်း။ အရိပ်များသည် တဲများဆီသို့ ဝင်ရော ပျောက်ကွယ်သွားသည်။ အမိုးများပေါ်မှ ထိုင်ကြည့်နေသူများသည်လည်း ပျောက်ကွယ်သွားကြသည်။ အချို့သည် အမှောင်ထုကြီးထဲတွင် ပျောက်ကွယ် သွားကြသည်။ သူ့အနားတွင် ထိုင်နေသည့် အသစ်စက်စက် ဇနီးမောင်နှံ သည်လည်း ပျောက်ကွယ်သွားကြသည်။ ထိုနောက် ညည်းသံလိုလို သုံ့သုံ့ ပြောသံများကို သူကြားလိုက်ရသည်။ ကြိတ်၍ အော်သံအချို့ကိုပင် သူကြားလို ရသည် ထင်သည်။

မင်္ဂလာအခမ်းအနားသည် ပြီးဆုံးခြင်း မရှိသေး။ ယခုအထွတ်အထိပ် ရောက်ပြီ။ တန်ခိုးစွမ်းပကားကြီးသောဘဝကို ပူဇော်သည့် နောက်ဆုံး ရောက်ပြီ။

သုခမြို့တော်မှ ကိုယ်ရေရောဂါသည်များသည် အချစ်ပွဲတော်ကြီး ကျင်းပနေကြသည်တကား။

## ၆၂

"ပထမတော့ ကျွန်တော့်ကိုယ်ထဲမှာ အင်အားတွေ ကုန်ခန်းပြီး ပျော့ခွေသွား လို့ ထင်ရတယ်၊ နောက်တော့ အရိုးတွေထဲက တဆစ်ဆစ်ကိုက်လာတာ ပုလိပ်က နံပါတ်တုတ်နဲ့ ရိုက်ထားသလိုပဲ၊ အစတုန်းကတော့ အလုပ်ပင်ပန်း အသက်ငယ်ငယ်နဲ့ ဇရာထောင်းတယ်လို့ပဲ ထင်တာပေါ့။ ကျွန်တော် လန်ချားသမားအများစု ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုပဲ ဝေဒနာဖြစ်ခဲ့ကြဖူးတာ ကာလကတ္တားမှာ သစ်ရွက်တွေတောင် ကျွန်တော်တို့ တောမှာထက်စော ကြွေကြတယ် မဟုတ်လား။ ရင်ထဲမှာလည်း ပူတူတူကြီး။

လန်ချားခတောင်းနေတုန်းမှာတောင် ကျွန်တော့်ရင်ထဲမှာ ပူပြီး တစ်ကိုယ် လုံး ခြေဖျားမှ ငယ်ထိပ်အထိ ချွေးစေးကြီးတွေ ပြန်နေတယ်။ ပိုပြီး ထူးဆ တာက အဲဒီအချိန်က ကာလကတ္တားမှာ ဆောင်းတွင်းကြီး ခင်ဗျ။ ဆောင်းတွင်



ကြီး ဖြစ်ရက်နဲ့ ကျွန်တော့်ကိုယ်မှာ ချွေးတွေ နစ်နေတာပဲ။ ကာလကတ္တား ဆောင်းတွင်းဆိုတာကလည်း သိတဲ့အတိုင်းပဲလေ။ ဆောင်းတွင်းဆိုလျှင် ခိုက်ခိုက်အောင် ချမ်းပြီး နွေဆိုလျှင် ရက်ရက်စက်စက် ပူတာ မဟုတ်လား။

ကျွန်တော့်မှာ ခရီးသည် တစ်ယောက်က ပေးထားတဲ့ ဆွယ်တာ ဟောင်းလေး တစ်ထည်ရှိတယ်။ အဲဒီ ဆွယ်တာကို ချွတ်ထားလျှင်လည်း ချမ်းတာပဲ၊ အဲဒီဆွယ်တာကို ဝတ်ထားလျှင်လည်း ချမ်းနေတာပဲ။ ကြည့်ရတာ တော့ ကျွန်တော့်မှာ ခြင်ကိုက်တဲ့ ရောဂါရှိနေပြီ ထင်တာပဲ။ တက္ကစီမောင်း ကျွန်တော့် သူငယ်ချင်း ချိုမိုကားက ပြောတော့ အဲဒီရောဂါဖြစ်လျှင် လိုက်တာမှ ခိုက်ခိုက်ကိုတုန်နေတာပဲတဲ့။ သူ့မှာလည်း အဲဒီရောဂါရှိတယ်တဲ့။ ဒီရောဂါဖြစ်လျှင် ဆေးပြားဖြူဖြူကလေးတွေ သောက်ရတယ်တဲ့။ သူက ဆေးလုံးကလေးတွေကို သတင်းစာစက္ကူနဲ့ ထုပ်လာပြီး ကျွန်တော့်ကို ပေးတယ်။ နေ့ကို နှစ်လုံးသောက်ရမယ်တဲ့။ အဲဒီ ဆေးလုံးကလေးကို နေ့တိုင်းကျွန်တော် အရက်နဲ့ သောက်တယ်။ အရက်ဟာ သည်ရောဂါအတွက် အကောင်းဆုံးဆိုတာ ကမ္ဘာလုံးက အသိအမှတ်ပြုထားကြတယ်ဆိုပဲ။

ဒါပေမယ့် ကျွန်တော်တော့ မဟုတ်ဘူး ထင်တာပဲဗျာ။ ဘာဖြစ်လို့လည်း ဆိုတော့ သည်ဆေးနဲ့ အရက်ကို ဖိသောက်နေပေမယ့် ကျွန်တော့်မှာတော့ ချွေးတွေ နစ်နေအောင်ထွက်မြဲထွက်ပြီး ချမ်းမြဲချမ်းနေတာပဲ။ ကျွန်တော့် ရင်ထဲကလည်း သိပ်ပူနေတော့ အသက်ရှူလိုက်တိုင်း လူက ဘယ်လိုနေမှန်း မသိဘူးဗျာ။ သိပ်မောတာပဲ။ ကြာကြာ မဆွဲနိုင်ဘူး။ ဘယ်လောက်ပဲ ပေါ့တဲ့ ခရီးဖြစ်ပစေ တစ်ယောက်လောက် နားနားပြီးမှ ဆွဲလို့ရတယ်။ တစ်နေ့တော့ ကျွန်တော်လည်း ကျွန်တော့်အဖြစ်ကို ကြည့်ပြီး တော်တော်လေး လန့်သွားတယ် ဗျ။ အဲဒီတုန်းက ကျွန်တော် ပန်းခြံလမ်း လန်ချားဆိပ်မှာ။ လန်ချားကို ထားချပြီး တစ်ဖက်လမ်းက ဆိုင်တန်းတွေရှိတဲ့ဆီကို သွားပြီး ဘီဒီတစ်လိပ် ဝယ်မယ်ဆိုပြီး ဖလာရီရဲ့ မှန်ဆိုင်ရှေ့က ဖြတ်လာခဲ့တယ်။

အဲဒီမှန်ဆိုင်ရှေ့ရောက်တော့ မှန်ဆိုင်မှာ ချိတ်ထားတဲ့ မှန်ကြီးထဲမှာ ကျွန်တော့်ကိုယ်ကို ကျွန်တော် ပြန်မြင်လိုက်ရတယ်။ ကျွန်တော့် ပါးတွေဟာ ချိုင့်လို့၊ ပါးပြင်ပေါ်မှာလည်း မုတ်ဆိတ်ငုတ်တိုတွေ ပေါက်လို့။ တစ်ခေါင်း လုံးဆံပင်လည်း ဖွေးဖွေးဖြူလို့။ ရုတ်တရက်တော့ ကျွန်တော့်ကိုယ်ကို ကျွန်တော် သိအောင် မမှတ်မိဘူး။ မှန်ဆိုင်ထဲက မှန်ရှေ့မှာ ရပ်နေတာ ဘယ်သူပါလိမ့်လို့

www.burmeseclassic.com



ကျွန်တော့်ဘာသာ ကျွန်တော်တောင် ရုတ်တရက် သံသယဖြစ်သွားတ
ကျွန်တော် ကာလကတ္တားကို ထွက်မလာခင် ကျွန်တော့် အဖေကိုကန်
ခဲ့တုန်းက မြင်ခဲ့ရတဲ့ ကျွန်တော့်အဖေအတိုင်းပါပဲ။ အဖေ့ရုပ်ကို ကျွန်
ပြေးပြီး သတိရလိုက်မိတယ်။

"စကားစပ်မိလို့ ပြောလိုက်ရဦးမယ်၊ တစ်ခါတလေမှာ ကျွန်
မိန်းမက ကျွန်တော့်ကို စိုက်စိုက်ကြည့်နေတတ်တယ် ခင်ဗျ၊ ကျွန်
မိန်းမဟာ ကျွန်တော့် ကျန်းမာရေးအတွက် စိုးရိမ်ပုံရတယ်။ အထူးသ
ကျွန်တော့် အမူအရာတွေ၊ ကျွန်တော်ပြောတဲ့ စကားတွေကို အထူးသတိထား
ရှိတယ်။ နေထိုင်ကောင်းတယ်၊ ဘာမှမဖြစ်ဘူးဆိုတာမျိုးကို ကျွန်
ပြောရင် သူ့စိတ်ထဲမှာ တော်တော် ဆင်းရဲနေတဲ့ပုံပဲ ခင်ဗျ။ ပြောပါရစေ
ခင်ဗျာ၊ တစ်ခါတလေမှာ ကျွန်တော်က လင်မယားလိုနေဖို့ ပြောကြည့်
ကျွန်တော့်ကို အထူးအဆန်းလို ကြည့်နေတတ်တယ်၊ အထူးအဆန်းစကား
ကို ပြောနေတာမျိုး တအံ့တသြနဲ့ နားထောင်နေတတ်တယ်။ ခက်တာ
ကျွန်တော်မှာ အားသာကုန်ခန်းပြီးလာတယ်၊အဲဒီစိတ်တွေကလဲ မပျော
ခင်ဗျ၊ အားကုန်လေ အဲဒီစိတ်တွေက များလာလေလေပဲ၊ ကြည့်ရတာက
ပျက်စီးစပြုနေတဲ့ ကျွန်တော့်ကိုယ်ခန္ဓာထဲမှာရှိတဲ့ ခွန်အားတွေဟာ အဲဒီဘ
စုပြုံရောက်သွားသလား မပြောတတ်ပါဘူးဗျာ။

သည်လို နေထိုင်မကောင်းဖြစ်ပြီးလို့ မကြာခင်မှာပဲ သူ့မှာ ကိုယ်ဝ
အကြောင်း ကျွန်တော့် မိန်းမက ပြောတော့တာပါပဲ။ ကျွန်တော် ဝမ်းသာ
ပုံကတော့ ဘာပြောကောင်းမလဲ ခင်ဗျ။ သည်သတင်းကိုလည်း ကြားပြီး
ကျွန်တော် ချွေးတွေ ထွက်တာ၊ ချမ်းတာ၊ ကျွန်တော်ပင်ပန်းအားကုန်တာ
အားလုံးကိုတောင် မေ့သွားတယ်။

သည်နောက်တော့ ပြဿနာဖြစ်တော့တာပါပဲ။ တစ်နေ့တော့ မာ
ကုန်သည်ကြီးတစ်ယောက်ကို တင်ပြီး ဆွဲလာတယ် ခင်ဗျ။ သူနဲ့
အထုပ်ကြီးတစ်ထုပ်လည်း ပါလာတယ်။ သည်လို ဆွဲလာတုန်းမှာ ရင်ဘတ်
မခံမရပ်နိုင်လောက်အောင် နာလာတာနဲ့ လန်ချားကို ချပြီး ခဏနားတ
ရင်ဘတ်ထဲ နာလိုက်တာကတော့ ဘယ်လိုနေသလဲ မသိဘူး ခင်ဗျ။ ရင်
ထဲကို တံစို့ကြီးတစ်ချောင်း ကန့်လန့် လျှို့ထိုးထားသလိုပဲ။ ဒါနဲ့ ကျွန်
ခဏ နားနေတုန်းမှာ ကျွန်တော် မဟန်နိုင်တော့ဘူးဗျို့။ ဒူးတွေ ညွတ်ကျသွ



ကြီးပေါ် ဘိုင်းခနဲ လဲကျသွားတော့တာပဲ။ အသက်လည်း ကောင်းကောင်း
လို့ မရတော့ဘူး။

မာရဝါရီ ကုန်သည်ကြီးကလည်း သဘောကောင်းရှာပါတယ်။
ကျွန်တော့်ကို ဆဲရေးတိုင်းထွာပြီး တခြားလန်ချားကို ခေါ်သွားနိုင်သားပဲ။
ပေမယ့် သူမခေါ်ဘူး။ ကျွန်တော်လဲကျတော့ ကျွန်တော့်ကို ထူပြီး
ကျွန်တော်အသက်ရှူလို့ ကောင်းအောင် ကျောကို ပုတ်ပေးတယ်။ သည်လို
ပေးလိုက်တော့ ကျွန်တော့် ပါးစပ်ထဲမှာ ပူလောင်လောင် စေးထန်းထန်း
သွေးတွေ ပြည့်လာတယ်။ ဒါနဲ့ ကျွန်တော် ထွေးချလိုက်တယ်။ မာရဝါရီ
ကုန်သည်ကြီးက တံတွေးတွေကို မျက်နှာရှုံ့သွားတယ်။ ခဏနေတော့ သူက
ကျပ်တန်တစ်ရွက်ပေးပြီး သူ့အထုပ်ကိုလည်း တခြားလန်ချားတစ်စီးပေါ်
တင်ပြီး ထွက်သွားတယ်။ လန်ချားပေါ်ကနေပြီး ကျွန်တော့်ကို လက်ပြသွားတယ်။

သည်လိုနဲ့ အဲဒီနေရာမှာ ကျွန်တော် အကြာကြီးထိုင် အမောဖြေပြီးမှ
နိုင်တယ်။ တံတွေးထွေးလိုက်ရလို့လား မသိဘူး။ ကျွန်တော်နေသာထိုင်သာ
သွားတယ်။ တဖြည်းဖြည်းနဲ့ အသက်ရှူလို့ ချောင်သွားတော့မှ ကျွန်တော်လည်း
အဲဒီနေရာက ထ,လာနိုင်တော့တယ်။ အဲဒီနေ့ကတော့ ကျွန်တော့်ကို ဘုရားက
တဲ့နေ့ပဲ။ ကျွန်တော်က အဖြစ်အပျက်ကို ပြန်ပြောတော့ ကျွန်တော့်
မကငိုတယ်။ မိန်းမတွေဟာ တိရစ္ဆာန်တွေနဲ့ တော်တော်တူတယ်ခင်ဗျ။
ကောင်းဆိုးဝါး တစ်ခုခုဖြစ်တော့မယ်ဆိုရင် သူတို့က ကျွန်တော်တို့ ယောက်ျား
ထက် ကြိုတင်သိနေတတ်တယ်။ သူက ကျွန်တော့်ကို ဆေးဆရာတစ်ယောက်
သွားပြပြီး ဆေးတို့ဘာတို့ သောက်ဖို့ ပြောတယ်။ ဆေးဆရာဆိုတာ
ဆေးမှာထိုင် ဆေးကုတဲ့လူကို ပြောတာခင်ဗျ။ တကယ့်ဆေးဆရာဆိုရင်
ကို သွားပြရင် ငါးကျပ်တစ်ဆယ်ပေးရတယ်။ သူကတော့ ဘာရောဂါကိုပဲ
နှစ်ကျပ်ပဲ ပေးရတယ်။

ဆေးဆရာဆီ မသွားခင် သုပဏ္ဏက ဘီလူးရဲ့ နတ်ကွန်းကို သွားပြီး
ဦးလို့ ကျွန်တော့် မိန်းမကပြောလို့ နတ်ကွန်းကိုသွားရသေးတယ်။
တော့် မိန်းမလည်းပါတယ်။ သူက ပန်းကန်ပြားတစ်ချပ်ထဲမှာ ငှက်ပျောသီး
စံပယ်ပွင့် တစ်ဆုပ်ရယ်၊ ဆန်တစ်ဆုပ်ရယ် ထည့်လာပြီး ဝတ်ကျောင်း
အရင်သွားရတယ်။ ဝတ်ကျောင်းရောက်တော့ ဗြဟ္မာလက်ထဲကို

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်ကြီးဆီကရခဲ့တဲ့ ငါးကျပ်တန် ကလေးကို ထည့်လိုက်တယ်။ မန္တန်တွေ ရွတ်ပေးတယ်။

ပြီးတော့ ကျွန်တော်တို့ ပူဇော်တဲ့ ဝတ္ထုတွေကို ဂါနက်သျှနတ် ရုပ်တုရှေ့မှာ ဦးချရှုပြီး အမွှေးတိုင်တွေ ထွန်းတယ်။ မီးခိုးတွေ ဆင်ခေါင်းပါတဲ့ ဂါနက်သျှနတ် မင်းပျောက်ကွယ်သွားတော့ ကျွန်တော်တို့ နောက်ကို ဆုတ်လာခဲ့ကြတယ်။ ဂါနက်သျှနတ်မင်းဟာ သုပဏ္ဏက ဘီ တိုက်ဖျက် မောင်းနှင်ပစ်တော့မှာကိုး။ နောက်တစ်နေ့လည်းရောက် ကျွန်တော်လည်း အားတွေ ခွန်တွေပြည့်ပြီး လန်ချားလှည်းသန် နှစ်ချောင်း ထဲထိုင်ပြီး ကောင်းကောင်း ဆွဲနိုင်သွားပြီလေ။

အဲဒီတုန်းက ကာလကတ္တားမှာ မြောက်ဘက်က လေအေးကြီးတို့ ရာသီဥတု ဖောက်ပြန်တဲ့အချိန်ခင်ဗျ။ နွေတုန်းက လန်ချားဆွဲရင် ကတ္တ လမ်းတွေက ပူလွန်းလို့ ခြေမချနိုင်သလို ဆောင်းတွင်းကျတော့လည်း ကတ္တ လမ်းတွေက အေးလွန်းတော့ ခြေကောင်းကောင်း မချနိုင်ဘူးဗျာ။ ည လည်း အေးလိုက်တာ ခိုက်ခိုက်ကို တုန်နေတာပဲ။ ကျွန်တော်တို့ တစ် ပစ္စည်းထည့်တဲ့ ထင်းရှူးသေတ္တာကြီးထဲမှာ ဝင်ပြီး တစ်ယောက်နဲ့ တစ်ယော ကျောချင်းကပ်ပြီး ကွေးပေမယ့် အေးတာပဲ။

ဝက်စလေလမ်းက လမ်းဘေးဆေးဆရာပေးလိုက်တဲ့ ဆေး အာနိသင်ထူးတဲ့ ဆေးတွေ ပါပုံရတယ်ခင်ဗျ။ အဲဒီဆေးလည်း နှစ်ပုလင်းလော ကုန်ရော ကျွန်တော့် ရင်ထဲမှာ ပူနေတာတွေလည်း ပျောက်သွားပြီး အရိုး တဆစ်ဆစ် ကိုက်တာလည်း ပျောက်သွားတယ်။ ဒီအတိုင်းဆိုရင် မှန်ဆို မှန်ရှေ့သွားပြီး ကျွန်တော့်ရုပ်ကို ကျွန်တော် ရဲရဲကြည့်နိုင်တော့မယ် ထင်တ အဲဒီတုန်းက လည်ချောင်းအရင်းမှာ ထူးထူးဆန်းဆန်းယားလာပြီး ချောင်း ဆိုးတော့တာပါပဲ။ ချောင်းကလည်း ချောင်းခြောက်ကြီးခင်ဗျ။ ချောင်းထ ဆိုးပြီဆိုရင် လူ့ကို လေမုန်တိုင်းမိတဲ့ အုန်းပင်ကျနေတာပဲ။ တစ်ကိုယ် ယိမ်းထိုးတုန်ခါနေတော့တာပဲ။ ချောင်းဆိုးပြီးရင်လည်း လူ့ကို မောနေတာ ဒီချောင်းဆိုးသံဟာ လန်ချားခေါင်းလောင်းသံလို ကျွန်တော်တို့ လန်ချားသ တွေ အမြဲကြားရတတ်တဲ့ ဂီတသံပဲခင်ဗျ။ ဘုရားဟာ ကျွန်တော်တို့ ဆုတောင်း တွေကို မကြားရတော့ဘူးထင်တယ်။

## ၄၃

မော်တော်ဆိုင်ကယ်သည် ရုပ်ရှင်များထဲတွင် တွေ့ရတတ်သော ပြောင်ပြောင် က်လက်၊ တောက်တောက်ပပ ပစ္စည်းတစ်ခုနှင့် တူနေသည်။ လက်ကိုင်ပေါ် င် မီးလုံးတွေ၊ ဟွန်းတွေက အပြည့်။ ဘီးခွေတွင်လည်း အစိမ်းရောင်၊ နီရောင်တွေ ခြယ်ထားလိုက်သေးသည်။ ဓာတ်ဆီတိုင်ကီက ငွေရောင်တောက် က်။ ဖင်ထိုင်ခုံကို ကျားသစ်ရေ ဖုံးထားသည်။ သားရေ ခေါင်းလောင်း ာင်းဘီရှည်၊ ပိုးရှပ်အင်္ကျီကို ဝတ်ထားသည့် လူတစ်ယောက်သည် ရွှံ့တွေ က်တွေ ထူထပ်သည့် သုခမြို့တော် လမ်းကြားကလေးထဲသို့ မော်တော်ဆိုင် ယ်ကို စီးလာ၏။ သူသည် ကျေနပ်အားရသည့် ဟန်ဖြင့် သူ့မော်တော်ဆိုင် ယ် မီးခိုးပိုက်မှ မီးခိုးများကို တဘုတ်ဘုတ်မြည်အောင်ထုတ်လာသည်။ ကောက်ပွဲ မဲဆွယ်သူတစ်ဦးကဲ့သို့ မိမိအား ပြုံးပြ၊ လက်ဝှေ့ယမ်းပြကြသူ ကို ပြန်၍ နှုတ်ဆက်သွားသည့် မျက်မှန်နက် တပ်ထားသည့် မော်တော် ိုင်ကယ်သမားကို ထိုရပ်ကွက်တွင် လူတိုင်းသိကြသည်။ ပလီကြီးမှမျက်မြင် ာကြီးနှင့်မိရထားလမ်းဘေး ဘုရားကျောင်းမှ ဗြဟ္မဏ အဘိုးအိုကြီးကို ကြသကဲ့သို့ ထိုရပ်ကွက်ထဲတွင် သူ့ကိုလည်း မသိသူမရှိ။ သူ့နာမည်မှာ ယသမိုင်းတွင် ထင်ရှားသည့် ဧကရာဇ်တစ်ပါး၏ အမည်နှင့်ဆင်တူ၊ သောကဟု ခေါ်သတည်း။

အာသောကသည် အခြားသူမဟုတ်။ ကာလကတ္တားရှိ လူမိုက်ဂိုဏ်း င်းဆောင်တစ်ဦး၏ အကြီးဆုံးသားကြီး ဩရသဖြစ်ပြီး သူ၏ လက်ထောက် ည်းဖြစ်၏။

သုခမြို့တော်သည် လူဦးရေ ခုနစ်သောင်းရှိသည့် ရပ်ကွက်တစ်ခုဖြစ် ည့်တိုင် ထိုမြို့တော်တွင် မြို့တော်ဝန်မရှိ။ ပုလိပ်အဖွဲ့မရှိ။ မည်သည့် တရား ေ အာဏာပိုင်မှုမရှိ။ အခြားသော ဆင်းရဲသား ရပ်ကွက်များနည်းတူ မြို့တော်တွင်ရှိသည့် ထိုလစ်လပ်သော နေရာတွင်လည်း လူမိုက်ဂိုဏ်းက

www.burmeseclassic.com

www.burmeseclassic.com



အစားဝင်ရောက်ကြီးစိုးလာခဲ့သည်။ လူမှုရေး ကိစ္စအဝဝကို သူတို့
ဆွေညှစ်သည်။ သူတို့ကပင် စီရင်ဆုံးဖြတ်သည်။ မည်သူမျှ သူတို့ အာဏာ
ကို မတွန်းလှန်ရဲကြ။ အပြိုင်အဆိုင် လူမိုက်ဂိုဏ်းများ ရှိကြသည့်
အာဏာစက် အပြင်းဆုံးမှာ မျက်မှန်ထူထူကြီး တပ်ထားသည့် ဟိန္ဒူ
ဂိုဏ်းခေါင်းဆောင်ဖြစ်သည်။ ထိုလူမိုက်ကြီးသည် သူ့သားများ၊ သူ့ဇနီး
သူ့အခြွေအရံများနှင့်အတူ ကာလကတ္တား အေလီ ရထားလမ်းဘေးရှိ တကိုက်
ခေတ်မီလေးထပ်တိုက်ကြီးတွင် နေထိုင်လျက်ရှိ၏။ ထိုလူမိုက် ခေါင်းဆော
ကြီးမှာ အသက် ၆၀ ခန့်ရှိပြီး သူ့ကို ကာတစ်ဘာဘာဟု ခေါ်ကြသည်။
တို့၏ နတ်ဘုရားဖြစ်သူ သျှိဝနတ်မင်း၏ သားတော်ကို ဂုဏ်ပြု
အနေဖြင့် သူ့အဖေက ထိုနာမည်ကို ပေးခဲ့ခြင်းဖြစ်သည်။

ဆင်းရဲသားရပ်ကွက်ရှိ အရက်ပုန်းဆိုင်ဟူသမျှသည် ထိုလူမိုက် ဂိုဏ်း
ခေါင်းဆောင်၏ ဆိုင်များသာ ဖြစ်ကြ၏။ အလားတူပင် မူးယစ်ဆေး
အရောင်းအဝယ်နှင့် ထိုရပ်ကွက်က ပြည့်တန်ဆာ လုပ်ငန်းကိုလည်း သူ
ချုပ်ကိုင်၏။ သုခမြို့တော်ရှိ မြေယာအများကို အများဆုံး ပိုင်သူမှာလည်း
သူပင်ဖြစ်သည်ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောလေ့ရှိ၏။ သူ့မြေယာအိမ်ခြေ
ကို ငှားရမ်းရာတွင် အိမ်ငှား မြေငှားတို့ကိုလည်း သူကျွမ်းကျင်စွာ ရွေး
ချယ်တတ်၏။ သူသည် သူ့မြေယာများကို ဒုက္ခသည်များကို ငှားရမ်းမည့်အ
ကျွဲနွား တိရစ္ဆာန်များကို ထား၏။ ထိုရပ်ကွက်တွင် ကျွဲနွား တိရစ္ဆာန်ဦး
ပေါင်း ရှစ်ထောင့်ငါးရာရှိရာ ထိုကျွဲနွားတို့ကိုထားသည့် တင်းကုပ်
အားလုံးသည် သူပိုင်တင်းကုပ်များချည်းဖြစ်၏။ နံစော်သောအနံ့၊ သန်း
များစွာသော ယင်ကောင်များနှင့် မြစ်ချောင်းသဖွယ်စီးဆင်းနေသော တိရစ္ဆာ
ကျင်ကြီး ကျင်ငယ်ရေတို့ကို ယူဆောင်လာသည့် ထိုကျွဲနွား တိရစ္ဆာ
အုပ်ကြီး၏ ကျူးကျော်မှုသည် ကာလကတ္တား မြူနီစီပယ်မှ ကျွဲနွားတင်း
များကို မောင်းထုတ်လိုက်သည့် အချိန်မှ စ၍ ထိုရပ်ကွက်သို့ ချဉ်းနင်းရော
လာခဲ့၏။ မြို့စွန်တွင် ကျွဲနွားခြံများ ပေါ်ပေါက်လာသည့်အခါ၌ သတင်း
များက အုတ်အော်သောင်းတင်း ကန့်ကွက်ရေးသားခဲ့ကြသော်လည်း ခါတိုင်း
ပင် ဘာမျှမဖြစ်။ သို့ဖြင့် ကျွဲနွားတင်းကုပ်များသည် သုခမြို့တော်နှင့် အ
တူ ဆင်းရဲသားရပ်ကွက်များထဲသို့ ရောက်ရှိလာခဲ့ကြသည်။ လူမိုက် ဂိုဏ်း
ခေါင်းဆောင်ကြီးကား ထိုလုပ်ငန်းမှ အများဆုံး အမြတ်ထွက်သူတစ်ဦးဖြစ်



ဦးရေ ကိုးယောက်ရှိသည့် မိသားစုတစ်စုကို ငှားရမ်းရခြင်းထက် နွားတစ်
ကောင်ကို ထားရခြင်းက ပို၍ အကျိုးကျေးဇူးရှိသည် မဟုတ်လော။

"ဘာထူးသလဲဗျ၊ အဆောက်အအုံကလဲ အဆောက်အအုံပဲ၊ လခကလဲ
လခပဲ၊ နေရာအကျယ်အဝန်းကလဲ ဒီလောက်ပဲ၊ ဒီတော့ လူတွေ ဘာဖြစ်လို့
စားတော့မှာလဲ၊ လူတွေငှားရင် ဟိုဟာလုပ်ပေးပါဦး၊ ဒီဟာ ပြင်ပေးပါဦးနဲ့
ယ်ပြီး စကားများတယ်ဟု သူပြောလေ့ရှိသည်။

လူမိုက်ဂိုဏ်းခေါင်းဆောင်ကြီးတွင် အခြားသော ဝင်ငွေများရှိသေးကြောင်း
လည်း အားလုံးသိကြ၏။ အထူးသဖြင့် သူသည် မီးရထား သံလမ်းဘေးတွင်
ထားသည့် သံဇကာများကို ဝယ်ရောင်းလုပ်နေသူများ အားလုံးကို ချုပ်ကိုင်
၏။ ထိုလုပ်ငန်းတစ်ခုတည်းမှရသည့် ဝင်ငွေတို့ပေါင်းလျှင် နှစ်တိုင်း
နှုန်းချို၍ ရနေသည်။ ထို့ပြင်မကသေး အလွန် အရုပ်ဆိုးသော သွေးစုပ်
လုပ်ငန်းတစ်ခုမှလည်း ဝင်ငွေ အမြောက်အမြားကို ရရှိလိုက်သေး၏။ ယင်းမှာ
အခြားမဟုတ်။ သုခမြို့တော်မှ ကိုယ်ရေ ရောဂါသည်များကို ခေါင်းပုံဖြတ်
ခြင်းပေတည်း။

ကိုယ်ရေရောဂါသည်များအား ငှားရမ်းထားသည့် တဲများမှ ရသည့်
ငွေများဖြင့် သူ မကျေနပ်နိုင်သေး။ ထို့ကြောင့် ဟောင်ရာဘူတာကြီး အနီး
ပလက်ဖောင်းပေါ်တွင် တောင်းရမ်းစရာ နေရာကလေးတစ်ခု ရရှိရေးနှင့်
နေရာတွင် တောင်းစားခွင့်ရသူအား ကာကွယ်ပေးရသည့်အတွက်ဟု ဆိုကာ
တစ်ယောက်ကို တစ်နေ့လျှင် တစ်ကျပ်မှ နှစ်ကျပ်အထိ အခယူလိုက်သေးသည်။
လုပ်ငန်းများကို ချောမောစွာ လုပ်ဆောင်နိုင်ရန်အတွက် လူမိုက်ခေါင်းဆောင်
ကြီးတွင် နိုင်အားကောင်းသည့် နိုင်ငံရေး နောက်ခံရှိနေဖို့လိုသည်။ သူသည်
အာဏာရနိုင်ငံရေးပါတီကို ရန်ပုံငွေအမြောက်အမြား ထည့်ဝင်သူတစ်ဦးဖြစ်ရုံ
မက ရွေးကောက်ပွဲတွင် ထိုပါတီမှ အမတ်လောင်း၏ ကိုယ်စားလှယ်အဖြစ်
လည်း ဆောင်ရွက်တတ်သေးသည်ဟု ကောလာဟလများကို ဆိုကြ၏။
သုခမြို့တော်ရှိ ကိုယ်ရေရောဂါသည်များ အပါအဝင် မဲဆန္ဒရှင်များ၏ မဲပြား
များကို အရောင်းအဝယ် လုပ်ရာတွင်လည်း သူပင်ကြီးကြပ်သည်။ ထိုသို့
မဲပြားအရောင်းအဝယ်လုပ်ကြသည့် ကိစ္စကို ထိုရပ်ကွက်ရှိ မဲဆန္ဒရှင်များကလည်း
သဘောတူနှစ်ကြသည်ဟုဆို၏။ ထို့ပြင်မက ထိုမဲအရောင်းအဝယ် ကိစ္စတွင် မကျေနပ်မှု
များ ပေါ်ပေါက်လာခဲ့လျှင်လည်း သူကပင် မှန်အောင် လုပ်ပေးသည်ဟု

www.burmeseclassic.com



ဆို၏။ ထို့ကြောင့် သူသည် ,ထိုအရပ်တွင် ရော်ဗင်ဟွဒ်လို လူစွမ်းကော
ဖြစ်နေသည်။

သို့ရာတွင် သူကိုယ်တိုင် ဖျန်ဖြေပေးခြင်းကား မဟုတ်။ သူ့သား
အာသောကကိုဖြစ်စေ၊ အခြားတပည့်တပန်းတစ်ယောက်ယောက်ကိုဖြစ်
ဝင်ရောက် ဖျန်ဖြေခိုင်းတတ်၏။ နောက်ဆုံး အဆုံးအဖြတ်မှာ သူ့အပေါ်
တည်၏။ သူ့တန်ခိုးသြဇာကို ခိုင်မြဲရန် နည်းအမျိုးမျိုးကိုလည်း သုံးတတ်
ဥပမာအားဖြင့် သူ့တန်ခိုးသြဇာ မှေးမှိန်လာသည်ဟု ထင်သည်နှင့် တစ်ပြိုင်
သူ့လူမိုက်များကို အရက်ဆိုင်တစ်ဆိုင်သို့ လွှတ်လိုက်ကာ ဝရုန်းသုန်း
အလုပ်ခိုင်းလိုက်၏။ ထိုအခါမျိုးတွင် သူ့သားကြီး အာသောကကို လွှတ်
အဖျန်ဖြေခိုင်း၏။ အလွန် အရေးကြီးသည့် ပြဿနာမျိုးတွင်ဆိုလျှင် သူကိုယ်
တိုင် လာရောက် ဖြေရှင်းပေးလေ့ရှိ၏။ ဤသို့ဖြင့် သူသည် မည်မျှ တန်
သြဇာကြီးကြောင်းကို ပြသလေ့ရှိ၏။ ထို့မှုမက အာသောက, က ဖြစ်
အခြား တပည့်တပန်း တစ်ဦးဦးကဖြစ်စေ၊ အရပ်ထဲမှ မိန်းကလေးတစ်ယောက်
ဆော်ကားခံမိလျှင် သက်ဆိုင်ရာမိဘများ ကျေနပ်အောင် သူကိုယ်တိုင် လိုက်
တောင်းပန်ခြင်း၊ လျော်ကြေးပေးခြင်း စသည့် နည်းလမ်းများဖြင့်
ဖြေရှင်းပေးတတ်၏။ ထိုအခါ ကာယကံရှင်များကလည်း ကျေနပ်သွား
နှုတ်ပိတ်ရေငုံလုပ်နေလိုက်ကြတော့သည်။ ဤနည်းဖြင့် သူသည် တရားမှု
ကို ဆောင်ကြဉ်းပေးသည့် တရားသူကြီးတစ်ဦးဖြစ်လာခဲ့သည်။

ထိုမနက်က ကိုဗာစကီး၏ တဲကုပ်ကလေးရှေ့သို့ အာသော
မော်တော်ဆိုင်ကယ် ထိုးရပ်လိုက်သည့်အခါတွင် ရပ်ကွက်တစ်ခုလုံး လှုပ်
ရှုရှုဖြစ်သွားကြသည်။ "ဆရာကြီးနဲ့ "ဖခင်ကြီး" စကားများကြလို့ "ဖခင်
က ဆရာကြီး ကိုဗာစကီးကို သည်ရင်ကွက်က နှင်ထုတ်တော့မယ်
ကောလာဟလများ ပေါ်ထွက်လာသည်။

ပထမသော် သူတို့ စိုးရိမ်မှုသည် အခြေအမြစ်မရှိဟု ထင်
မည်သို့ အခြေအမြစ်ရှိနိုင်ပါမည်နည်း။ တဲကုပ်ရှေ့သို့ ရောက်သည်
အာသောကသည် ကာ့လီမယ်တော်ကို ဦးချသည့်နှယ် ဆရာကြီး ကိုဗာ
ရှေ့တွင် ဝပ်တွားလိုက်ကာ...

"ဆရာကြီးခင်ဗျာ၊ ဆရာကြီးကို ကျွန်တော့်အဖေက အဖိတ်ခိုင်း
ပါတယ်" ဟု ပြော၏။



"ဗျာ...အဖိတ်ခိုင်းလိုက်တယ် ဟုတ်လား"

ကိုဗာစကီးက တအံ့တသြ မေးသည်။

"ဟုတ်ပါတယ်၊ ဆရာကြီးနဲ့ ကိစ္စကလေးတစ်ခု ဆွေးနွေးချင်လို့ပါတဲ့၊
သိပ်တော့ အရေးမကြီးပါဘူးတဲ့"

လူမိုက်ဂိုဏ်းခေါင်းဆောင် "ဖခင်ကြီး" အတွက် အရေးမကြီးသော
မရှိ။ ဤသည်ကို ကိုဗာစကီး သိသည်။ ဖြင်းနေ၍ အကြောင်း

"ကောင်းပြီလေ၊ ဒီလိုဆိုရင်လဲ လိုက်တာပေါ့"

အာသောကက အမွေးပြိုင်းပြိုင်းထနေသည့် လက်များကို ရမ်းပြလိုက်

"အို...အခုလိုက်ဖို့ မလိုပါဘူး၊ အဖေကလဲ ချက်ချင်း တွေ့ဖို့ အချိန်
သေးပါဘူး၊ မနက်ဖြန် မနက် ၁၀ နာရီမှာလာဖို့ ပြောလိုက်ပါတယ်၊
ဖြန်ကျရင် ကျွန်တော် လာခေါ်ပါ့မယ်"

တောက်ပသစ်လွင်၍ ဆူညံသော အသံကိုပြုကာ မော်တော်ဆိုင်ကယ်
ဖြင့် ရောက်လာသည့် အာသောကကိုကြည့်၍ ကိုဗာစကီးသည် သူ့အဖြစ်ကို
ချင်သည်။

"ဟိုးရှေးတုန်းက မဂိုဘုရင်တွေနဲ့ ဟိန္ဒူဘုရင်တွေက သူတို့ ကျေးတော်
ကျွန်တော်မျိုးတွေကို ဘယ်လို လက်ခံတွေ့ဆုံသလဲဆိုတာတော့ ကျွန်တော်
ပါဘူး၊ ဒါပေမယ့် ဖခင်ကြီးက ကျွန်တော့်ကို လက်ခံတွေ့ဆုံပုံကိုတော့
တော် မမေ့နိုင်တော့ဘူးဗျာ" ဟု နောင်တွင် ကိုဗာစကီးက ပြောပြ၏။

သူ့အိမ်ကြီးမှာ တကယ့် နန်းတော်ကြီး သဏ္ဌာန်။ အိမ်ရှေ့တွင်
အမျိုးအစား ကားသုံးစီး ရပ်လျက်။ ကားတိုင်းတွင် ကြိုးမဲ့
နန်းတိုင်တွေ ထောင်ထားပြီး ကျည်ကာတွေ တပ်ထားသည်။ ကားရှေ့
နိုင်ငံအကြီးအကဲများ၊ ဝန်ကြီးများသွားလျှင် ရှေ့တော်ပြေးအဖြစ်
သည့် မော်တော်ဆိုင်ကယ်တွေရပ်လျက်။ အောက်ထပ် ဖိနပ်ချွတ်ကို
လိုက်သည်နှင့် အရှေ့တိုင်းဖြစ် သားမွေးကော်ဇောကြီးများ ခင်းလျက်ပြည့်
ထားသည့် ဧည့်ခန်းထဲသို့ ရောက်သွားသည်။ ဧည့်ခန်းထဲတွင် ဆိုက်သော

www.burmeseclassic.com



*ဆိုဖာကြီးများက အစီအရီ။ အခန်းထောင့် တစ်နေရာတွင် သို့ဝနတ်ဆေး*
နတ်ကွန်းနှင့် အခြားသော နတ်များ၏ နတ်ကွန်းများ စီတန်းနေကြသည်
နတ်စင်များရှေ့တွင် နတ်ပူဇော်ရန် တီးသည့် ခေါင်းလောင်းကလေးတစ်လုံး
သည်။ အခိုးတလူလူထွက်နေသည့် အမွှေးတိုင်များက မွှေးယစ်ရီဝေစေသော
အနံ့တို့ကို ထုတ်လျက်။

"ဖခင်ကြီး" သည် ပန်းခက် ပန်းကြွကို ဖော်ထားသော ဆင်စွယ်နှင့်
တို့မြုပ်ထားသည့် ရာဇပလ္လင်လိုလို ကုလားထိုင်ကြီးပေါ်တွင် ထိုင်နေသည်
အဖြူရောင် ဦးထုပ်ချွန်ကလေးကို ဆောင်းထားပြီး ရှပ်အင်္ကျီအဖြူရောင်
အနက်ရောင် ခါးပြတ်အင်္ကျီကို ဝတ်ထား၏။ မီးခိုးရောင် ထည့်ထားသော
ထူထဲသည့် နေကာမျက်မှန်ကို တပ်ထားသဖြင့် သူ့မျက်လုံးများကိုမူ ကော
ကောင်း မမြင်ရ။ သို့ရာတွင် ထူထဲသော မျက်ခုံးမွှေးများ တွန့်ချိုး
လုပ်နေသည်ကို ကြည့်လျှင် သူ့တုံ့ပြန်မှုကို သိနိုင်သည်။ အာသော
သူ့အဖေရှေ့တွင်ရှိသည့် ဆိုဖာတစ်လုံးတွင် ဝင်ထိုင်ရန် ညွှန်သည်ကို အ
အရောင်ပြ၏။ ဦးပေါင်းထုပ် ပေါင်းထားသည့် အစေခံများက လက်ဖက်ရည်
ရေခဲစိမ် လိမ္မော်ရည်နှင့် ဘင်္ဂါလီမုန့်များကို လာချကြသည်။ "ဖခင်ကြီး"
လိမ္မော်ရည် တစ်ပုလင်းကို ကောက်ယူသောက်လိုက်ပြီးနောက် တိုး
လက်ညှိုးတွင် ဝတ်ထားသည့် မဟူရာလက်စွပ်ဖြင့် ကုလားထိုင်လက်တန်း
တဒေါက်ဒေါက် ခေါက်နေ၏။

"ကြိုဆိုပါတယ် ဆရာကြီး၊ ကိုယ့်အိမ်လို သဘောထားပါ"
ခပ်အေးအေး အသံဖြင့် ပဋိသန္ထာရစကားဆို၏။ ထိုနောက် ကိုဗာစကီး
စကားအပြန်ကို မစောင့်ဘဲ လည်ချောင်း ရှင်းလိုက်ကာ လက်ယာ
ခြေထောက်နားတွင် ချထားသည့် ပြောင်လက်နေသော ကြေးထွေးခံထဲ
တံတွေးတစ်ချက် ထွေးလိုက်၏။

သူ့ခြေထောက်ဆီသို့ မျက်စိရောက်အသွား၌ သဲကြိုးတွင် ကျောက်မျက်
ရတနာများ စီခြယ်ထားသည့် လွှာဖိနပ်တစ်ရန်စီးထားသည်ကို ကိုဗာစ
သတိပြုမိသည်။

"ဆရာကြီးနဲ့ ခုလို အသိအကျွမ်းဖြစ်ရတာ ဂုဏ်ယူပါတယ်ဗျာ"
သူက ဆက်ပြောသည်။



အစေခံတစ်ယောက်က ဖဲကြိုးစည်းထားသည့် ဆေးပြင်းလိပ်ထုပ်တစ်ထုပ်
ဗန်းထဲတွင်ထည့်၍ ယူလာ၏။ "ဖခင်ကြီး" က ဖဲကြိုးကိုဖြေပြီး ကိုဗာစကီးကို
တစ်လိပ်ကမ်းသည်။

ကိုဗာစကီးက ငြင်းသည့်အခါတွင် "ဖခင်ကြီး" သည် သူ့အတွက်
တစ်လိပ်ယူ၍ မီးညှိရင်း အချိန်ယူသည်။

"ဖခင်ကြီး" သည် ဆေးပြင်းလိပ် မီးခိုးများကို မှုတ်ထုတ်လိုက်ပြီး
နောက်...

"ဆရာကြီးကတော့ တော်တော်ထူးတဲ့ ပုဂ္ဂိုလ်ပဲ ခင်ဗျာ၊ ကျွန်တော်တော့
ကြားရတဲ့ သတင်းကို ယုံတောင် မယုံနိုင်ဘူး။ အိန္ဒိယနိုင်ငံသားအဖြစ် ခံယူဖို့
လျှောက်လွှာတင်တယ်ဆို"

"ကြားတဲ့အတိုင်း အမှန်ပဲခင်ဗျာ" ဟု ကိုဗာစကီးက အတည်ပြုသည်။

"ဖခင်ကြီး" က တစ်ချက်ရယ်လိုက်ပြီး ကုလားထိုင်တွင်နေရာပြင်ထိုင်၏။

"ဒီမှာ နိုင်ငံခြားသားဆိုရင် ကောင်းကောင်းနေရတယ်။ အခွင့်အရေးဆိုလဲ
ပူစရာမရှိဘူးဗျာ၊ ဒီကြားထဲ ဒီအခွင့်အရေးတွေကို လက်လွှတ်ပြီး အိန္ဒိယ
နိုင်ငံရဲ့သား ရပ်ကွက်ထဲမှာ လူဆင်းရဲတစ်ယောက်အနေနဲ့ နေချင်တယ်ဆိုတာ
ကတော့ တော်တော်ကို အံ့သြစရာကောင်းတာပဲ"

"ဒါကတော့ စည်းစိမ်ဥစ္စာ ပေါများတာ၊ ချမ်းသာတာနဲ့ ပတ်သက်လို့
သူကြီးမင်းနဲ့ ကျွန်တော် အမြင်ချင်းမတူလို့ ဖြစ်ပါလိမ့်မယ်"

"ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ကျွန်တော်တို့ တိုင်းရင်းသားတွေထဲမှာ
ဆရာကြီးတို့လို လူတစ်ယောက် တိုးလာတယ်ဆိုတာကိုတော့ ကျွန်တော်အများ
ကြီး ဂုဏ်ယူပါတယ်။ ဒီတော့ ဆရာကြီး နိုင်ငံသားဖြစ်ခွင့်ရရေးနဲ့ပတ်သက်
ပြီး အခက်အခဲရှိရင် ကျွန်တော် သိပါရစေ။ ကျွန်တော့် မိတ်ဆွေတွေ ရှိပါ
တယ်၊ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ရဖို့ မရဖို့ကတော့ ကျွန်တော်ဘုရားသခင်
အပေါ် အားကိုးပါတယ်"

"ဖခင်ကြီး" သည် သူကြားရသည့် စကားကို ယုံကြည်လိုခြင်း မရှိသနှယ်
ခေါင်းရမ်းလိုက်၏။ မိမိ၏ အကူအညီကို ငြင်းပယ်သူဆို၍ လောကတွင်
ရှိသေးသလော။

www.burmeseclassic.com

www.burmeseclassic.com



“ဖခင်ကြီး”က လေသံခပ်မာမာဖြင့်...

“ဒီမှာ ဆရာကြီး၊ ကျွန်တော် သတင်းတစ်ခုကြားနေတယ်ဗျာ။ ဒီ ရပ်ကွက်မှာ ကိုယ်ရေပြားရောဂါကု ဆေးရုံတစ်ရုံဆောက်မယ်လို့ ဆရာ ကြီးစားနေတယ်လို့ ကြားတယ်၊ အဲဒါ အမှန်ပဲလား”

“ကိုယ်ရေရောဂါကု ဆေးရုံဆိုတဲ့ နာမည်က ကြီးကျယ်လွန်းပါ ခင်ဗျာ၊ အင်မတန် ဆိုးရွားနေတဲ့ လူနာတွေကို ကုသဖို့ ဆေးပေးခန်းကလေး ဒီကိစ္စအတွက် သီလရှင်ဆရာကြီး ထရီဇာကို သူ့ကျောင်းက သီလရှင်တစ် နှစ်ပါးလောက် အကူအညီပေးဖို့ တောင်းထားပါတယ်”

“ဖခင်ကြီး” သည် ကိုဗာစကီးကို စိမ်းစိမ်းကြီး ကြည့်လိုက်၏။

“ကျွန်တော့် ခွင့်ပြုချက်မရဘဲနဲ့ အဲဒီရပ်ကွက်က ရောဂါသည်တွေအ ဘယ်သူမှ ဘာမှလုပ်ပေးပိုင်ခွင့် မရှိဘူးဆိုတာ ဆရာကြီး မသိဘူးထင်တယ်”

“ဒီလိုဆိုရင်လဲ လူကြီးမင်းကိုယ်တိုင်ဝင်ကူညီလိုက်ပါလားခင်ဗျာ၊ ဒီ ကူညီလိုက်ရင် ပိုပြီး ထိရောက်တာပေါ့”

“ဖခင်ကြီး” ၏ မျက်ခုံးမွှေးများသည် ထူထဲသော မျက်မှန်အထက် တက်သွား၏။

“အဲဒီရပ်ကွက်က ကိုယ်ရေရောဂါသည်တွေကို ကျွန်တော် စောင့်ရှော လာတာ ဆယ့်နှစ်နှစ်ရှိပြီဗျ။ ဒီလိုကာကွယ်ပေးဖို့က သူတို့အတွက် အရေး ဆုံးပဲ၊ ကျွန်တော်သာ အကာအကွယ်မပေးရင် တခြားလူကောင်းတွေ သူတို့ကို မောင်းထုတ်ပစ်တာ ကြာလှပြီ”

သူသည် ရုတ်တရက် တိုင်ပင်စရာကိစ္စ ပေါ်လာသည့်နှယ် ကိုယ် ရှေ့သို့ ကုန်းလိုက်ပြီးနောက်...

“ဒီမှာ ဆရာကြီး၊ ခင်ဗျားက ဆေးပေးခန်းဆိုတာကို ဖွင့်ပါပြီး ဆေးခန်းဖွင့်လို့ ရောဂါသည်တွေ လာလာပြီး ပြကြပါပြီတဲ့၊ ခင်ဗျား အိမ် နားချင်းတွေက ဒီအတိုင်းကြည့်နေမှာတဲ့လား”

“ကျွန်တော်ကတော့ ကျွန်တော့်ညီနောင်တွေမှာ သနားကရုဏာရှိတယ် ယုံကြည်တာပဲ”



“ဘာ သနားကရုဏာလဲဗျ၊ ဆရာကြီးတို့ ဘုန်းတော်ကြီးတွေဟာ သနားကရုဏာဆိုတဲ့ စကားကို သိပ်ပြောကြတာပဲ၊ ဆရာကြီးသနားတာက ကိစ္စမရှိဘူး၊ ဆရာကြီး သနားလို့ဘေးကလူတွေ မကျေမနပ်ဖြစ်ပြီး ရန်းရင်းဆန် ခတ် လုပ်လာရင် ဘယ့်နှယ်လုပ်မလဲ။ ဆရာကြီးရဲ့ ဆေးပေးခန်းကို မီးရှို့ပြီး ရောဂါသည်တွေကို ရိုက်နှက်လွှတ်ရင် ဘယ့်နှယ်လုပ်မလဲ”

ကိုဗာစကီးသည် ဘာမျှပြန်မပြောနိုင်။ အံကိုသာ အသာကျိတ်နေသည်။ သူပြောသည့် အတိုင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

“ဖခင်ကြီး” က ဆေးပြင်းလိပ်ကို မီးညှိပြီးနောက် တစ်ချက် ရှိုက် ဖိုက်ကာ ခေါင်းကို နောက်သို့ လှန်လိုက်၏။

“ဆရာကြီးကို ဒီလိုပြဿနာတွေ မပေါ်အောင် လုပ်နိုင်တဲ့ နည်းလမ်း တစ်ခုပဲ ရှိတယ်ဗျ”

“ဘယ်လိုနည်းလမ်းပါလိမ့် ခင်ဗျာ”

“သူတို့ကို ကာကွယ်စောင့်ရှောက်ရေးနဲ့ ပတ်သက်လို့ စာချုပ်တစ်ခုချုပ် ဖို့ပါ”

“ခင်ဗျာ၊ စာချုပ်တစ်ခု ဟုတ်လား”

“သိပ်မကုန်ပါဘူး၊ ဆရာကြီးအတွက် တစ်လကို သုံးထောင်လောက်ပဲ ကုန်မှာပါ၊ အမှန်ကတော့ ကျွန်တော်တို့ကြေးက ဒီထက်တောင် များပါတယ်။ ဒါပေမယ့် ဆရာကြီးက သာသနာဘက်ကဖြစ်နေတော့ ကျွန်တော်တို့ လျှော့ယူ ပါတယ်၊ ကျွန်တော်တို့ တိုင်းပြည်မှာ ဘာသာတရား ကိုင်းရှိုင်းကြပါတယ်”

“ဖခင်ကြီး” သည် ကိုဗာစကီး၏ အဖြေကို မစောင့်ဘဲ လက်ခုပ် သံချက်တီးလိုက်သည်။ သူ့သားကြီး အာသောက ဝင်လာ၏။

“ကဲ... တို့နှစ်ယောက် ပြေလည်သွားကြပြီ။ စာချုပ်အသေးစိတ်တွေကို မင်း ဆရာကြီးနဲ့ ဆွေးနွေးပြီး လုပ်ပေတော့”

“ဖခင်ကြီး” သည် ကြီးမြတ်သူတစ်ယောက်ဖြစ်၏။ ထိုသို့သော အသေးစိတ်များတွင် အချိန်ကုန်မခံနိုင်ချေတကား။

ထိုနေ့ညနေ၌ သုခမြို့တော်ရှိ အပြန်အလှန် ကူညီရေးအသင်း ခေါင်း ဆောင်များသည် “ဖခင်ကြီး” ၏ ရာဇသံကို ဆွေးနွေးရန်အတွက် ကိုဗာစကီး ၏ တဲကုပ်ကလေးထဲတွင် စုဝေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆာလာဒင်က–

"ဖခင်ကြီး" က တော်တော် တန်ခိုးကြီးတယ်နော်၊ ပြီးခဲ့တဲ့ ရွေး... ပွဲတုန်းက ကြည့်ပါလား၊ လက်ပစ်ဗုံးတွေ၊ သံတုတ်တွေဆိုတာ ပလူပျံနေ... သေတဲ့လူသေ၊ ဒဏ်ရာရတဲ့လူရနဲ့၊ ရောဂါသည်တွေဆိုတာကလဲ လူသေတ... ဖြစ်နေပြီ၊ ဒီတော့ ဒီရောဂါသည်တွေအတွက် ကျွန်တော်တို့ ဒီလောက်... အဖြစ်ခံကြမလား၊ တောင်းတဲ့အတိုင်း ပေးလိုက်တာ ကောင်းမယ်ထင်တ...

"ကိုယ်ရေရောဂါသည် ကလေးတစ်စုကို ပြုစု စောင့်ရှောက်... ဒီလောက်ပေးရတာကတော့ များတာပေါ့" ဟု မာဂရက်တာက မကျေနပ်သ... ပြော၏။

"ခင်ဗျားတို့က သူတောင်းတာကို မကျေနပ်တာလား၊ ပေး... ငွေများလို့ မကျေနပ်တာလား" ဟု ကိုဗာစကီးက မေးသည်။

မာဂရက်တာသည် သူ့မေးခွန်းကြောင့် အံ့အားသင့်သွား၏။

"ပေးရမယ့်ငွေက များလွန်းလို့ပါ"

သူထင်သည့်အဖြေမျိုးပင်ဖြစ်သည်။ သူတို့လို ဆင်းရဲသား ရပ်... ကလေးမှာပင် ငွေညှစ်ခြင်း၊ မိုက်ကြေးခွဲခြင်း၊ အကျင့်ပျက်ခြင်းတို့... အရိုးသို့ စွဲနေလေပြီ။ သူတို့အားလုံးကပင် ဆာလာဒင်နှင့် သဘောတူကြ... သဘောမတူသူဆို၍ အာသံနယ်သူ ဇန်ဒိုနာတစ်ယောက်သာရှိ၏။

"သေခြင်းဆိုးကြီး သေပါစေတော်၊ ဒီလူကြီးကို တစ်ကျပ်... ကျွန်မတို့ ဆင်းရဲသားတွေအပေါ် တစ်ကျပ်ဖိုး သစ္စာဖောက်တာပဲ"

ကိုဗာစကီးသည် သူ့စကားကို ကြားလိုက်ရသည့်အခါတွင် လျှပ်စ... အတို့ခံလိုက်ရသည့်နှယ် ဖြစ်သွား၏။

"ဟုတ်တယ်၊ ဇန်ဒိုနာပြောတာ မှန်တယ်၊ ကျွန်တော်တို့ မပေးနိုင်... ငြင်းရလိမ့်မယ်၊ ခုခံရလိမ့်မယ်၊ ကျွန်တော်တို့မှာလဲ မိတ်ဆွေတွေရှိတယ်ဆို... ကျွန်တော်တို့ပြရလိမ့်မယ်၊ ခုအချိန်မှာ ပြရင်ပြ၊ မပြရင် နောက် ဘယ်တေ... ပြစရာ မရှိတော့ဘူး"

နောက်တစ်နေ့ မနက်စောစောတွင် တဖုန်းဖုန်းမြည်သော အာသော... မော်တော်ဆိုင်ကယ်သည် ကိုဗာစကီး၏ တဲကုပ်ကလေးရှေ့တွင် ထိုးရပ်လိုက်...



...၏။ သူ့အဖေ ညွှန်ကြားသည့်အတိုင်း အာသောကသည် စာချုပ်ပါ အချက်အလက်များကို အသေးစိတ် ဆွေးနွေးရန် ရောက်လာခြင်းဖြစ်သည်။ သို့ရာတွင် သူတို့ ဆွေးနွေးပွဲသည် စက္ကန့်အနည်းငယ်သာ ကြာလိုက်၏။ တောင်းဆိုချက်များကို မလိုက်လျောနိုင်ဟူသော စကားတစ်ခွန်းသာ ပြောကြားလိုက်၏။ ဤကား သုခမြို့တော်ကို လွှမ်းမိုးနေသည့် တန်ခိုးကြီးလှသော "ဖခင်ကြီး" ...ကို ပထမဆုံး ဆန့်ကျင် အန်တုလိုက်သည့် ခြေလှမ်းပေတည်း။

နောက်တစ်ပတ်ကြာသည့်အခါတွင်မှ သူတို့ ဆေးပေးခန်း ကလေးသည် ...ကိုယ်ရေ ရောဂါသည်များကို လက်ခံရန်အဆင်သင့်ဖြစ်နေလေပြီ။ ဇန်ဒိုနာနှင့် ...သုံအားပေး ခြောက်ယောက်တို့သည် အရေးကြီးသည့် ရောဂါသည်ခြောက်ဦး ...ကို ခေါ်ရန် ထွက်သွားကြသည်။ ကိုဗာစကီးက ထိုလူနာများကို အလျင် ...ဆုံးရုံတင်ချင်သည်။ သူကိုယ်တိုင်မှာမူ သီလရှင်ဆရာကြီး ထရီဇာ၏ ...ကျောင်းတိုက်သို့ ထွက်လာခဲ့၏။ ဇန်ဒိုနာတို့ တစ်သိုက် ပလီရှေ့ကွက်လပ်သို့ ...ရောက်တွင် တုတ်များ၊ သံတုတ်များကို ကိုင်ထားသည့် ခပ်ငယ်ငယ်လူမိုက် ...တစ်သိုက်က သူတို့ကို ဆီးတားကြသည်။ သွားဖုံးဟောင်းလောင်းဖြစ်နေသည့် ...ညှိတန်ဆာခေါင်းလိုလို လူမိုက်ခေါင်းဆောင်က "တစ်ယောက်မှ ရှေ့ကို ...ဆက်မသွားကြနဲ့" ဟု ပြော၏။

အာသံသူ ဇန်ဒိုနာသည် ရှေ့သို့ ဆက်လာ၏။ သို့ရာတွင် တုတ်ဖြင့် ...အချက်ပေါင်းများစွာ ဆီးရိုက်လိုက်သဖြင့် လဲကျသွားသည်။ ထိုစဉ် ကိုဗာစကီး ...သည် သီလရှင် သုံးဦးနှင့်အတူ လမ်းထိပ်မှ ပေါ်လာသည်။ တစ်ဖက် ...လမ်းထိပ်တွင် ရန်းရင်းဆန်ခတ်ဖြစ်နေသည်ကို မြင်ရသည့်အခါတွင် ကိုဗာစကီး ...သည် အံကြိတ်လိုက်၏။ ထိုစဉ် ပေါက်ကွဲသံနှင့် အော်သံများ ပေါ်လာသည်။ ...အခြား လူမိုက်အဖွဲ့တစ်ဖွဲ့သည် တုတ်များ၊ သံတုတ်များ ကိုင်ဆောင်ကာ ...ဆေးပေးခန်းလုပ်မည့် ကျောင်းကလေးကိုဝင်၍ ဖျက်ဆီးကြသည်။ ဤတွင် ...ဈေးဆိုင်များသည်လည်း လန့်ဖျပ်ကုန်ကာ ဆိုင်တံခါးတွေ ပိတ်ကြသည်။ ...ကာလမ်းမကြီးပေါ်ရှိ ဆိုင်ကြီးများမှလည်း ပြတင်းပေါက် တံခါးတွေကို ...အမောတကော ပိတ်ကြသည်။ ဆေးပေးခန်းကို ဖျက်ဆီးပြီးချိန်လောက်တွင် ...အခြားလူမိုက်အဖွဲ့တစ်ဖွဲ့ပေါ်လာပြန်သည်။ သူတို့လက်ထဲတွင် ပုလင်း... ...ဖောက်ခွဲရေး ကိရိယာများကို ကိုင်ထားကြသည်။ အချို့ကလည်း ကျော...အိတ်... ...များတွင် ထည့်လာကြ၏။ လမ်းမကြီးပေါ်တွင် လူသူဆို၍ တစ်ယောက်မျှ...

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့။ နေဆာလှုံနေကြသည့် ကလေးများနှင့် ခွေးများပင် ကြက်ပျော ငှက်ပျောက် ပျောက်ကုန်ကြသည်။ ပေါက်ကွဲသံတစ်ခုထွက်ပေါ်လာကာ အ များသည် သုခမြို့တော်တစ်ခုလုံးကို ပဲ့တင်ရိုက်ခတ်သွားသည်။ အ ယောင်ရာဘူတာဘက်ဆီမှပင် ထိုအသံများကို ကြားနေရ၏။

သီလရှင် သုံးဦးသည် ကိုဗာစကီး၏ ဘေးတွင် ရပ်ကာ ဝတ်ရွတ် ကျယ်လောင်စွာ ရွတ်နေကြသည်။

ကိုဗာစကီးသည် သီလရှင် သုံးဦးကို မာဂရက်တာ၏ ဝင်းထဲသို့ခေါ် ပြီး ဆွံ့အ, နားမကြား ဒုက္ခသည် ဂန်ဂါးလက်သို့ အပ်ပစ်ခဲ့၏။ သူကိုယ်တိုင် မှ ဗုံးပေါက်ကွဲရာဘက်သို့ ပြေးလာခဲ့သည်။ နောက်မှ သူ့ကို ပြန်လာ ခေါ်သည့်အသံတစ်သံကို ကြားလိုက်ရသည်။ လှည့်ကြည့်လိုက်ရာ မာဂရက် ဖြစ်နေသည်ကို တွေ့ရ၏။

"ဆရာကြီး၊ အဲဒီနားကို မသွားပါနဲ့၊ ဆရာကြီးကို သတ်ပစ်ကြလိမ့်မ

ထိုစဉ် ရပ်ကွက်ထိပ်မှ အလံများ၊ ပိုစတာများကို ကိုင်ဆောင်လာ လူတန်းတစ်တန်းကို တွေ့ရသည်။ စာတန်းများကို ဟိန္ဒူဘာသာ၊ အူရဒူဘာ တို့ဖြင့် ရေးထား၏။ စာတန်းက "ကိုယ်ရေရောဂါဆေးရုံအလိုမရှိ" ရေးထားသည်။ လူတန်း၏ ထိပ်တွင် လူတစ်ယောက်က အော်လံတစ်ခု ကိုင်၍ ကြွေးကြော်သံ တိုင်ပေးနေသည်။ ကိုယ်ရေရောဂါသည် အလို သာသနာပြုဘုန်းကြီး ပြန်သွား။

အမှန်အားဖြင့် ထိုလူသိုက်သည် ထိုရပ်ကွက်မှ မဟုတ်။ ဤသည်မှာလ အဆန်းမဟုတ်ပါ။ ကာလကတ္တားမြို့ကြီးသည် ကမ္ဘာပေါ်တွင် ကြေး စီတန်းလှည့်လည်သူ အရန်အင်အား အများဆုံးသော မြို့ကြီးဖြစ်ပါသ မည်သည့်နိုင်ငံရေး အသင်းအဖွဲ့မဆို ကြေးစားစီတန်းလှည့်လည်သူမျာ တစ်ယောက်လျှင် တစ်နေ့ငါးကျပ်နှုန်းဖြင့် ထောင်ချီ၍ ငှားနိုင်ပါသ ယနေ့ညနေတွင် အလံနီများဖြင့် ဆန္ဒပြခဲ့သော လူထုသည် နောက်တစ်နေ့ နေတွင် အာဏာရ ကွန်ဂရက်ပါတီ၏ ဆန္ဒပြပွဲတွင်လည်း ပါလာပြန်ပါသ "ဆူပွက်နေသော တင်းမာမှုကြီး" အမြဲရှိနေသည့် မြို့ကြီးတစ်မြို့တွင် ပြသ တိုင်းသည် အခိုးအငွေ့တို့ လျှံထွက်စရာအကြောင်းဖြစ်နေပါသည်။ သုခမြို့ တွင် ကိုယ်ရေရောဂါသည်များ မထားရန် ကြွေးကြော်နေကြ သူတို့



ဆက်ထဲတွင် အင်ဒိရာဂန္ဒီ၏ အာဏာရ ကွန်ဂရက်ပါတီ၏အလံကို မြင်လိုက် သည့်အခါ၌ ထိုရပ်ကွက်ရှိ ကွန်မြူနစ်ပါတီခေါင်းဆောင် ဂျိုဂါဘန္ဓုကာသည် သူ့ရဲဘော်များကို စုလာသည်။ ခဏလေးအတွင်းမှာပင် သူ့နောက်တွင် ကပ်ပါလာသည့် ရာပေါင်းများစွာသော လူထုများကို တွေ့လိုက်ရသည်။ ဖြင့် ကိုဗာစကီးနှင့် "ဖခင်ကြီး" တို့၏ အားပြိုင်ပွဲသည် နိုင်ငံရေး အားပြိုင်ပွဲ တစ်ခုဖြစ်လာခဲ့သည်။

နောက် ပေါ်ပေါက်လာသော နောက်ဆက်တွဲ ရလဒ်များမှာလည်း ဆန်းပါ။ ခပ်စောစောပိုင်းက လူအုပ်နှစ်အုပ်သည် တစ်ဖက်ကို တစ်ဖက် ဲရေး တိုင်းထွာနေကြသော်လည်း နောက်ပိုင်းတွင် လက်ပါလာကြပြီး ာက်ဆုံးတွင် ကိုယ်ထိလက်ရောက် ခုတ်ကြထစ်ကြသဖြင့် သေသူသေဒဏ်ရာ သူရဖြစ်ခဲ့သည့် အကြိမ်များလည်း မရေတွက်နိုင်တော့ပြီ။ အရှူးမကြီး စ်ယောက်ကို ဝိုင်းရိုက်ကြမည်အပြုတွင် သူ့ကယ်လာခဲ့သည့်နေ့က ဆူရေးယား ာသဖြင့် အကြမ်းဖက်မှု စက်ယန္တရားကြီး လည်ပတ်ပုံကို ကိုဗာစကီး ခဲ့ရသည်။

"ပြဿနာတစ်ခုခုဖြစ်လာရင် ခေါင်းငုံ့ထား၊ ပါးစပ်ကိုပိတ်ထား၊ သမျှကို ဒီအတိုင်းခံနေလိုက်၊ ကိုယ့်ကို အိမ်ရှင်က မတရားသွေးစုပ်နေရင်လဲ မှ မပြောနဲ့၊ ဆရာကြီးကို သွေးခန်းအောင် စုပ်နေတဲ့ ငွေတိုးကြီးစားကိုလဲ မှ ပြန်မပြောနဲ့၊ ဆန်ဈေးတင်တဲ့ အမြတ်ကြီးစားကိုလဲ ကြိတ်ခံ၊ အလုပ် ပစ်တဲ့ စက်ရုံပိုင်ရှင်ကိုလဲ ခေါင်းငုံ့ခံနေ၊ အိမ်နားနီးချင်းကလေးက တ်တွေ ကွဲမတတ် ချောင်းဆိုးလို့ တစ်ညလုံး အိပ်လို့မရရင်လဲ သည်းခံ၊ ို့လိုချင်တာကို ခိုင်းပြီး ဆရာကြီးကို ဂရုစိုက်ဖော်တောင် မရတဲ့ နိုင်ငံ ပါတီကိုလဲ ဘာမှမပြောနဲ့၊ ငွေတစ်ဆယ်ယူပြီး မန္တန်ကလေးတစ်ပုဒ်လောက် စုပ်ပေးတဲ့ ဗြဟ္မဏကိုလဲသွားပြီး စောဒကတက်မနေနဲ့၊ ရွှံ့တွေ၊ င်တွေ၊ ဘင်ပုပ်တွေ၊ ပုလောင်အိုက်စပ်တာတွေ၊ ပိုးမွှားတွေ၊ ကြွက်တွေကိုလဲ ာင့်အည်းသည်းခံနေပေတော့။ တစ်နေ့မှာ ဒါတွေအကြောင်းကို အော်ဟစ် င်တန်းဖို့ အခွင့်အရေး ရလာလိမ့်မယ်၊ အဲဒီတော့မှအော်"

ထိုမျှ ညစ်ပတ်နံချာသော ပတ်ဝန်းကျင်တွင် ဆူပူအကြမ်းဖက်မှုများ စွာ ဖြစ်လေ့မရှိသည်ကို ကြည့်၍ ကိုဗာစကီး အံ့သြနေသည်။ ဖြစ်သတ်ပုတ်ကြသည့်တိုင် နောက်ဆုံးတွင် ဆဲရေးတိုင်းထွာခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အဆုံးသတ်သွားကြသည်။ တစ်စုံတစ်ခု သွေးထွက်သံယို ဖြစ်မည်ကို ရှောင်ရှား လိုကြပုံရသည်။ သုခမြို့တော်မှ လူများသည် သတ်ပုတ်ရန်ဖြစ်ကြခြင်း အကျိုးကို ကောင်းစွာ သိခဲ့ကြပြီ မဟုတ်လော။ ခွဲရေးတွဲရေး ကာလတုန်း ဖြစ်ခဲ့ကြသည့် သတ်ဖြတ်မှုတွေကို သူတို့ မမေ့နိုင်သေး။

သို့ရာတွင် ထိုနေ့မနက်၌မှ သုခမြို့တော်ထဲသို့ ချင်းနင်းဝင်ရောက်လာ သည့် လူအုပ်၏ ဒေါသသည် ဖက်သတ်နိုင်ဟန် မတူတော့။ စိတ်နှလုံးလှုပ်ရှား လာသော လူအုပ်ကြီးနှစ်အုပ်သည် တာလမ်းမကြီးပေါ်တွင် ဆုံမိကြသည်။ တစ်ဖက်နှင့် တစ်ဖက် လက်လုပ် လက်ပစ်ဗုံးများ၊ အုတ်ခဲများ၊ တုတ်များ ပတ်ခတ်ကြသည်။ သူငယ်စဉ်က ကျောက်မီးသွေးတွင်း အလုပ်သမား ပုလိပ်တို့ အဓိကရုဏ်းဖြစ်စဉ် နံပါတ်တုတ်ဖြင့် အရိုက်ခံရသည့် သူ့အဖေ သွေးသံရဲရဲမျက်နှာကို သူသွား၍ မြင်သည်။ ယခု အဓိကရုဏ်းကမူ ထိုစဉ်က ပင် ပြင်းထန်သေးသည်။

"အဲဒီနေ့ကတော့ သူတို့မျက်နှာပေါ်မှာ ကျွန်တော်မမြင့်ဖူးသော အမူအရာကို ပထမဆုံးအကြိမ်မြင်ရတယ်။ ကိုက်စားကြတော့မလော တစ်ယောက်ကို တစ်ယောက် မုန်းတီးစက်ဆုပ်နေတဲ့ မျက်နှာထားတွေ ကျွန်တော်မြင်ရတယ်၊ မျက်နှာကြီးတွေ ရှုံ့မဲ့လို့၊ မျက်လုံးတွေက မီးလျှံ တောက်လို့၊ အဲဒီအချိန်မှာ သူတို့ဟာ ကစားနေတဲ့ ကလေးအုပ် လက်ပစ်ဗုံးပစ်သွင်းတော့မယ်အတိုင်းပဲ၊ လူတွေအပြည့်စီးလာတဲ့ ရထားတွဲ ကို မီးရှို့မယ်ဆိုရင်လဲ ရှို့တော့မယ့်ပုံပဲ။ မပြေးနိုင်တဲ့ လူအိုလူမင်းတွေ သတ်မယ်ဆိုရင်လဲ သတ်တော့မယ်ပုံပဲ။ ပိုပြီး ထူးဆန်းတာက အဲဒီ တစ်ဖက်နဲ့ တစ်ဖက် သဲသဲမဲမဲ တိုက်ကြတဲ့အထဲမှာ မိန်းမတွေလဲပါတာ တချို့ကို ကျွန်တော်သိတယ်၊ ဒါပေမယ့် သူတို့မျက်နှာတွေက ဒေါသတွေ ရှုံ့မဲ့နေကြတော့ ချက်ချင်း မမှတ်မိဘူး၊ တစ်ရပ်ကွက်လုံးဟာ စဉ်းစား ဆိုလို့ လုံးလုံးမရှိတော့ဘူး၊ ကာလကတ္တားတစ်မြို့လုံးမှာရှိတဲ့ ဆင်းရဲသားတွေ ဒီလို အုပ်နဲ့ချီပြီး လူချမ်းသာတွေရဲ့ အိမ်ကို ဝင်သောင်းကျန်းကြမယ်ဆို ဘယ်လိုဖြစ်မလဲဆိုတာ ကျွန်တော် တွေးကြည့်တယ်"

ထိုစဉ် ခရာသံတစ်ချက် ပေါ်လာကာ ဝုန်းခနဲ ပေါက်ကွဲသံ ကြားလိုက်ရပြီးနောက် ကိုဗာစကီးနှင့် မာဂရက်တာတို့နှစ်ယောက်စလုံး ထ သွားကြသည်။ သူတို့နှစ်ယောက်စလုံးအနီးတွင် မီးခိုးတွေ ဖုံးနေသည်



ာကိုမှ မမြင်ရ။ မီးခိုးတွေ စဲသွားသည့်အခါ၌ သူတို့နှစ်ယောက်သည် လူအုပ်ကြီးအလယ်ကောင်တွင် ရောက်နေသည်ကို တွေ့ရသည်။ ထိုလူအုပ်ကြား ထဲမှ ထွက်ပြေးစရာလမ်းမရှိတော့ပြီ။ သို့ရာတွင် ကံကောင်းသည်ဟု ဆိုရမည်လောမသိ။ လူအုပ်ကြီးသည် ခဏရပ်တန့်သွားကာ စစ်တိုက်ခြင်းကဲ့သို့ ေး ကျသည့် လုပ်ငန်းတစ်ခုလုပ်ရန် တာစူလိုက်သည်။ ထိုလုပ်ငန်းကား ိုယက်သောင်းကျန်းခြင်းပေတည်း။ ထိုနောက်တွင်မူ ပုလင်းများ၊ ခဲများ ွာသကဲ့သို့ တရစပ် ကျလာကြပြန်သည်။

ရက်စက်ကြမ်းကြုတ်မှုသည် သွေးရူးသွေးတန်းဖြစ်မှုသို့ ကူးပြောင်းသွား ၏၊ ဘေးပတ်ပတ်လည်တွင်လည်း ဒဏ်ရာရသူ အတုံးအရုံးဖြစ်နေလေပြီ။ ား ငါးနှစ်ရွယ် ကလေးတစ်ယောက်သည် မြောင်းဘေးတွင် ကျလာသည့် ပလင်းတစ်လုံးကို ကောက်၍ ပစ်လိုက်ရာ မပစ်မိ သူ့လက်ထဲမှာပင် ပေါက် သွားကာ သူ့လက်တစ်ဖက်သည် ပြုတ်သွား၏။ ခဏအကြာတွင်မာဂရက်တာ ၏ ခေါင်းသို့ သံတုတ်ကြီးတစ်ချောင်း ဝဲကျသွားသည်ကို သူမြင်လိုက်ရသည်။ ိုဗာစကီးသည် မာဂရက်တာ၏ ရှေ့မှ ဆီးကာလိုက်ပြီးနောက် သံတုတ်ကြီး ို လက်ဖြင့် ခံထားလိုက်သည်။ တစ်ယောက်က သူတို့နှစ်ယောက်ကို တုတ် ြင့် မရိုက်နေသည်။ သူ့ကိုရိုက်မည့်အပြုတွင် လက်တစ်ဖက်နောက်မှပေါ်လာ ာ ရိုက်မည့်သူ၏ လည်ကုတ်ကို ဖမ်းဆွဲလိုက်ပြီး နောက်သို့ ဆွဲလှဲ့လိုက်သည် ် သူမြင်လိုက်ရသည်။ ကြည့်လိုက်သည့်အခါတွင် တစ်ခါက သူ့အိမ်နီးချင်းဖြစ် သော မာဘုဖြစ်နေသည်ကို တွေ့ရ၏။ သူ့လက်ထဲတွင် သံတုတ်ကြီးနှင့်။ ခနီး ကွယ်လွန်ပြီးသည့်နောက် မာဘုသည် မိခင်အိုကြီးနှင့် ကလေးများကို ားအကြီးဖြစ်သူ နာဆာထံ အပ်ပစ်ခဲ့ပြီး ပျောက်ကွယ်ခဲ့သည်မှာ အတန် ာခဲ့လေပြီ။ ယခုမူ မာဘုသည် "ဖခင်ကြီး" ၏ အာဏာသားအဖြစ် ာက်ခဲ့ခြင်းဖြစ်သည်။ သူ့မျက်နှာတွင်လည်း ဒဏ်ရာဒဏ်ချက်တွေနှင့် ထဲသည့် သူ့မုတ်ဆိတ်မွေးများသည် သွေးများဖြင့် ကြပ်ခဲကြီးဖြစ်နေသည်။

လူငယ်များကား အသောင်းကျန်းဆုံးပင်။ သူတို့ကို ကြည့်ရသည်မှာ ူး၍ သတ်ဖြတ်နေသည်နှင့် တူနေသည်။ ဆယ်ကျော်သက်ရွယ် သူငယ်ကလေး စ်ယောက်သည် အမျိုးသမီးတစ်ယောက်၏ ဗိုက်ကိုဓားဖြင့် ထိုးစိုက်လိုက် ည်ကို သူမြင်လိုက်ရ၏။ ထိုနောက်တွင်မူ မျက်မှန်မည်းတပ်ထားသော ာသောကကို လှမ်းမြင်လိုက်ရသည်ဟု သူထင်လိုက်သည်။ ထိုနောက်

www.burmeseclassic.com



အာသောကာ၏ အမိန့်ပေးသံကို ကြားလိုက်ရပြန်သည်။ တစ်ခုခုတော့ ဖြစ် ဦးမည်။

ကြာကြာ မစောင့်လိုက်ရပါ။

“ကြိမ်စကြာနဲ့ ရိုက်လိုက်သလား မသိဘူးဗျာ၊ သတ်ဖြစ်နေကြတာ ချက်ချင်းရပ်သွားတယ်၊ ရန်ရှင်းဆန်ခတ်ဖြစ်နေတဲ့ လူတွေဟာ သူတို့လက် တွေကို သူတို့ ကောက်ကိုင်ပြီး ပြန်လှည့်သွားကြတယ်၊ မိနစ်ပိုင်းအတွင်း အားလုံးပုံမှန် ပြန်ဖြစ်သွားတယ်၊ ဘာမှမဖြစ်သလိုပဲ၊ ဒဏ်ရာရသူတွေ ညည်းတွားသံတွေ၊ အုတ်ခဲပိုင်းတွေ၊ မီးခိုးတွေသာ အဓိကရုဏ်းဖြစ် အမှတ်အသားအဖြစ် ကျန်ရစ်ခဲ့တော့တယ်”

“ဖခင်ကြီး” မှာ ကျေနပ်သွားလေပြီ၊ သူပေးလိုသော သင်ခန်းစာ ပေးလိုက်ရလေပြီ။ ကိုဇာတကီးမှာလည်း နို့တစ်စာတစ်စောင်ရလိုက်လေ ထိုနို့တစ်စာကား သုခမြို့တော်တွင် မည်သူမျှ ဖခင်ကြီးကို အန်တုနိုင်ခြင်း ဆိုသည့် နို့တစ်ဖြစ်လေသည်။

## ၄၄

“သူကိုက အပြောအဟောလဲကောင်း၊ သူတို့ပြောတဲ့ ကတိတွေကလဲ မက် တွေချည်းဆိုတော့ ကျွန်တော်တို့လဲ ခိုကလေးများလို ထောင်ချောက် ဆင်းသွားမိတာပေါ့။ သူတို့ကို ရွေးကောက်တင်မြှောက်ပြီး ခေါင်းဆောင် လိုက်တာနဲ့ တစ်ပြိုင်နက် ဘာရားဆပ်တွေဟာ ကျွန်တော်တို့ကို ကျော်ခိုင်း ကြတော့တာပဲ”

ထိုစဉ် ဘင်္ဂလားပြည်တွင် လက်ဝဲအစိုးရတက်နေသည်။ ဟာစရီပါး သူတို့ ရွေးကောက်တင်မြှောက်လိုက်သော အစိုးရအကြောင်းကို ပြောပြ

“သူတို့လဲတက်လာရော လွှတ်တော်ထဲမှာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းလို တယ်၊ အဲဒီဥပဒေအရ အစိုးရအမိန့်မရဘဲ ဆွဲတဲ့ လန်ချားတွေကို သိမ်းရုံ



တော့ဘူး၊ ဖျက်ဆီးပစ်ရမယ်တဲ့၊ ဒါအလုပ်သမား လူတန်းစားကို ကာကွယ်တဲ့ သူတွေတဲ့လားဗျာ၊ သူတို့ပါးစပ်ထဲမှာတော့ အခွင့်အရေးတို့၊ တရားမျှတမှုတို့ဆို တဲ့ စကားလုံးတွေ ပြည့်နေတာပဲ၊ ဓနရှင်တွေကို တိုက်ကြ၊ သွေးစုပ်သူတွေကို န်ကျင်ကြလို့ပြောခဲ့တဲ့ လူတွေဟာ သူတို့လဲ အာဏာရလာရော လှမ်းကြည့်ဖော် အောင် မရဘူး၊ လန်ချားကို ဖျက်ဆီးပစ်ရမယ်လို့ ပြောတာဟာ လယ်ကွင်း ထဲက စပါးတွေကို မီးရှို့ပစ်လို့ပြောတာနဲ့ အတူတူပေါ့၊ သူတို့က ဥပဒေကို ပြဋ္ဌာန်းလိုက်တော့ ဘယ်သူတွေခံရသလဲ၊ လန်ချားပိုင်ရှင်တွေ ခံရတယ် ထင်သလား၊ ဘယ်ခံရမလဲ၊ သူတို့အဖို့ လန်ချားငှားခငွေလေးငါးခြောက် ဆုံးမရတော့ ဘာဖြစ်သွားမှာလဲ၊ ဘာမှမဖြစ်ဘူး၊ ကျွန်တော်တို့မှာသာငတ်တာ”

ဟာစရီပါးသည် မကျေနပ်သဖြင့် သူတို့လန်ချားများ အဖျက်ခံရသည့် အကြောင်းကို လန်ချားသမားများ သမဂ္ဂသို့ သွားတိုင်သည်။ သူတို့ ခေါင်းဆောင် တစ်ဦးဖြစ်သူ မုတ်ကြီးကမူ သူတို့ လန်ချားများကို မီးရှို့ဖျက်ဆီးခြင်းမှာ ဥပဒေများကြောင့်မဟုတ်။ အစိုးရသည် ယှဉ်ပြိုင်မှုကို မလိုလားသောကြောင့် ဖြစ်ကြောင်း၊ သူတို့ကိုသာ လိုင်စင်ထုတ်မပေးသော်လည်း အစိုးရ အရာရှိကြီး များမှာ လန်ချားပိုင်ရှင်များဖြစ်ကြကြောင်း၊ သူတို့ လန်ချားများမှာ လိုင်စင် ရှိကြောင်း၊ ထို့ကြောင့် သူတို့လန်ချားများကို ယှဉ်ပြိုင်မည်စိုးသဖြင့် မိမိတို့ လန်ချားများကို မီးရှို့ဖျက်ဆီးခြင်းဖြစ်ကြောင်းဖြင့် ပြောပြသည်။

သမဂ္ဂခေါင်းဆောင်တစ်ဦးဖြစ်သော ရာဆူးကမူ ယခုလန်ချားများကို ဖျက်ဆီးခြင်းမှာ ကာလကတ္တားမြူနီစီပယ်ရှိ အရာရှိဆိုးများကြောင့် ဖြစ်ကြောင်းဖြင့် ရှင်းပြသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်တစ်မျိုး ပြောနေကြသည်။ မည်သူက မည်သို့ပြောစေ၊ အစိုးရကမူ လိုင်စင်မရှိသည့် လန်ချားများကို ဖျက်သိမ်းပစ်တော့ မည့် ဥပဒေပြဋ္ဌာန်းပြီး၍ မကြာမီမှာပင် အကောင်အထည်ဖော်သည့် အနေဖြင့် လိုင်စင်မရှိသော လန်ချားများကို သိမ်းလိုက်သည်။ ယာဉ်ထိန်းပုလိပ်များရှိနေ သည့် လမ်းမကြီးများပေါ်သို့ မည်သည့် လန်ချားသမားမျှ မဖြတ်သန်းရဲ တော့ပြီ။

တချို့ ပုလိပ်များကလည်း လန်ချားဆိပ်သို့လာ၍ စစ်ဆေးကြသည်။

“နောင်ကြီး၊ ခင်ဗျားလိုင်စင်ကလေးပြစမ်းပါ”

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ လိုင်စင်မရသေးဘူးဗျ" ဟု ဆိုကာ လန်ချားသ
သည် ခါးကြားထဲတွင် လိမ်ထားသည့် စက္ကူကလေးကို ထုတ်ပေး၏။

သို့ရာတွင် ယခုတစ်ကြိမ်တွင်မူ ပုလိပ်ကလည်း ငွေစက္ကူကလေး မမြင်ချင်ယောင် ဆောင်နေလေပြီ။ သူ့ကိုလည်း ဆိုင်ရာက တင်းကျ အမိန့်ပေးထားပေပြီ။ ဘောက်ဆူးပေးသည့် အလေ့အထသည် မရှိတော့ တစ်ခါတစ်ရံတွင်မူ လန်ချားသမားသည် ပုလိပ်ကိုလည်း ဘာမျှမပြောတော့ ပခုံးကိုသာ တွန့်ပြလိုက်၏။ ဆိုးရွားလှသော ကံကြမ္မာနှင့် တွေ့ဖက် ရှိုးနေလေပြီ။

ဤတွင် ပုလိပ်ကလည်း လန်ချားကို အနီးရှိ အခြားလန်ချားတစ် နီးရာဌာနသို့ ဆွဲသွားတော့သည်။ မကြာမီပင် ပုလိပ်ဌာနများရှေ့တွင် တစ် တစ်စီးပူးကပ်၍ ဆိုက်ထားသော လန်ချားတန်းကြီးများကို တွေ့ရသည်

လန်ချားဘီးများတွင် သံကြိုးကြီးများဖြင့် ခတ်လျက်။ မလှုပ်မယှက် သော လန်ချားကြီးများကို ကြည့်ရသည်ကပင် စိတ်မကောင်းစရာ။

သစ်သီးခြံထဲတွင် လေမုန်တိုင်း ဝင်မွှေသွားသဖြင့် အမြစ်မှ ကျွတ် လဲကျနေသည့် သစ်ပင်များနှင့်လည်း တူသည်။ ပိုက်ကွန်ထဲတွင် ရောက်နေ ငါးများနှင့်လည်း တူသည်။

"ကြည့်ရတာ စိတ်မကောင်းစရာကြီးဗျာ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်လန် သံကြိုးခတ်ထားတာမြင်ရပေမယ့် တစ်နေ့တော့ ဒီလန်ချားကြီးတွေဟာ ရောင်းကောင်းဝယ် လုပ်စားသူတွေ လက်ထဲကို ပြန်ရောက်ရမှာပဲလို့ မျှော် ချက်ရှိသေးတယ်၊ ခုတော့ ဒီမျှော်လင့်ချက်လဲ မရှိတော့ဘူး၊ ဒီလန်ချား ဖျက်ဆီးပစ်တော့မလို့တဲ့"

ယခု ထိုမျှော်လင့်ချက်ပင် ပြိုလဲသွားခဲ့လေပြီ။ ထိုလန်ချား မီးရှို့ဖျက်ဆီးပစ်တော့မည်။

ဥပဒေ ပြဋ္ဌာန်းလိုက်သည်နှင့် တရားသူကြီးများကလည်း လိုင်စင်မဲ့ လန်ချားများကို မီးရှို့ပစ်ရန် အမိန့်ပေးလိုက်ကြသည်။

တစ်ညနေတွင်မူ လန်ချားများကို မြူနီစီပယ်အမှိုက်ကျုံးသည့် ဝါဝါကြီးများပေါ်တွင် တင်ကာ အမည်မသိသော တစ်နေရာသို့ သယ်သွ



သည်။ နောက်မှ မသိမသာလိုက်ကြည့်သည့်အခါတွင် မြို့စွန် သားရေရုံများအနီးရှိ အမှိုက်ပုံကြီးဆီသို့ သယ်သွားသည်ကို တွေ့ရ၏။

မကြာမီဆိုလျှင် ထိုလန်ချားများကို မီးရှို့ဖျက်ဆီးပေတော့မည်။

ခါတိုင်းဆိုလျှင် လန်ချားသမားများမှာ တစ်ကွဲတပြားနေကြသည့်အတွက် စုရန် တော်တော်ခက်သည်။

သို့ရာတွင် ယခုတစ်ကြိမ်တွင်မူ လူစုရန်မခက်။ နာရီပိုင်းအတွင်းတွင် ဘာက်မြို့ပတ်လမ်းပေါ်၌ စီတန်းလှည့်လည်နေသော လန်ချားသမား တန်းကြီးကို တွေ့သည်။

သူတို့လက်တွင် အလံတွေ၊ ပိုစတာတွေ၊ အသံချဲ့စက်တွေနှင့်။ လူတန်းကြီးကို ရာဆူး၊ မုတ်ကြီးနှင့် လန်ချားသမားသမဂ္ဂ ခေါင်းဆောင်များ င်းဆောင်လာခဲ့ကြသည်။ "လန်ချားဟာ ငါတို့အသက်" ဟူသော ပိုစတာများ လည်း ကိုင်လာကြသည်။

အခြားသော လန်ချားသမားများလည်း ဆန္ဒပြပွဲတွင် ပါဝင်လာကြ၏။ ာလကတ္တားတွင် ဆန္ဒပြရခြင်းသည် ပါဝင်သူများအဖို့ ဟာနေသော ဝမ်းဗိုက်ကို ပျောက်သွားစေသည်မှာတော့ အမှန်ပင်ဖြစ်သည်။

လမ်းထောင့်များသို့ ရောက်လျှင် ပုလိပ်များကလည်း ယာဉ်များကို ပေးစေပြီး ဆန္ဒပြပွဲကို ဖြတ်သန်းခွင့်ပြုလိုက်ကြသည်။ ဤသည်မှာ ကာလ တ္တား၏ ထုံးစံဖြစ်သည်။

သူတို့သည် မြို့ထဲမှ မိုင်ပေါင်းများစွာ ချီတက်လာခဲ့ကြရာ နောက်ဆုံးတွင် ပြင်ကွင်းပြင်တစ်နေရာ ရောက်သွားကြ၏။

"အဲဒီနေရာရောက်တော့ ကျွန်တော်တို့အားလုံး လန့်သွားကြတယ်၊ လိုက်တဲ့ အနံ့ကြီးဗျာ၊ အလောင်းပုံတွေကို မီးရှို့နေတဲ့ အနံ့ကြီးလိုလို၊ ကကြီးတစ်ခုလုံးပဲ ပုပ်သိုးသွားတော့ သလိုလို ထင်လိုက်မိတယ်" ဟု စရိပါးက ပြော၏။

သူတို့ရှေ့ ကိုက်လေးရာခန့်အကွာတွင် အနံ့အသက်တို့ ဆိုးရွားလှသည့် ောင်ကြီးတစ်လုံး။

ထိုတောင်ကြီးမှာ မြို့တော်မှ စွန့်ပစ်သော အမှိုက်ပုံကြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုင်ဒန်ကွင်းလောက် ကျယ်သည့် ထိုအမှိုက်ပုံကြီးပေါ်တွင် လော်ရီကား မြေညှိစက်များသည် ဖုန်တထောင်းထောင်းဖြင့် အသွားအပြန် မောင်းနေကြ

အမှိုက်ပုံ အထက်ကောင်းကင်ယံတွင်မူ ကျီးကန်းများ၊ လင်းတ များသည် ပျံဝဲလျက်ရှိကြ၏။ ကျီးကန်းအုပ်များ၊ လင်းတအုပ်များ ကောင်းကင်သည် မိုးရာသီလို အုံ့မှိုင်းလျက်ရှိသည်။

ထို့ထက်ပို၍ အံ့သြစရာကောင်းသည့် အချက်တစ်ချက်ရှိသေး အခြားမဟုတ်။ အနက်ကြီး တစ်ခုပေါ်တွင် လောက်ကောင်များ တရွရွ သကဲ့သို့ အမှိုက်ပုံကြီးကြားထဲတွင် ပြန့်ကြဲနေသော အမှိုက်ကောက်သူ ဖြစ်သတည်း။

အမှိုက်ပုံကြီးအနီးသို့ ရောက်သည့်အခါ၌ တစ်ဖက်အမှိုက်ပုံ စုပြုံထားသော သူတို့လန်ချားများကို လှမ်းမြင်ရသည်။ လန်ချားများ တစ်စီးနှင့် တစ်စီး ထိစပ်ကာ မြွေကြီးတစ်ကောင်လို ကွေ့ကောက် တစ်မျှော်တခေါ်ကြီးမြင်နေရသည်။

"ကျွန်တော်တို့ကို ထမင်းကျွေးခဲ့တဲ့ ပစ္စည်းတွေကို ဒီလို ပစ္စလက် မြင်ရတဲ့အခါကျတော့ ဝမ်းနည်းတယ်ဗျာ။ ဒီအစိုးရကို ရွေးကောက် တင်မြှောက် ပေးလိုက်တဲ့ ရွေးကောက်ပွဲနေ့တုန်းက နတ်သိကြားတွေ ဘယ်များ သွား ကြသလဲ မရှိဘူး" ဟု ဟာစရီပါးက ပြောသည်။

ထို့နောက် မြင်ရသည့် ရှုခင်းကိုမူ ဟာစရီပါး မမေ့နိုင်တော့။ အမှိုက် ပုံကြီးနှင့် လန်ချားတန်း၏ ကြားတွင် ပုလိပ်ကားသုံးစီး ရပ်ထားသည်။ ပြလူတန်းကြီးက အမှိုက်ပုံအနီးသို့ ရောက်လာသည့်အခါတွင် ပုလိပ်များသ ယာဉ်ပေါ်မှ ဆင်းလာကြကာ သူတို့ရှေ့တွင် ရပ်နေကြ၏။

ယာဉ်ထိန်းရဲများ မဟုတ်။ သံခမောက်ကို ဆောင်းကာ သေနတ်များ ဒိုင်းများကို ကိုင်ထားကြသည့် အဓိကရုဏ်းနှိမ်နင်းရေး ပုလိပ်များဖြစ်သ

သူတို့တာဝန်မှာ ဆန္ဒပြသူများကို မောင်းထုတ်ပြီး လန်ချားများ ဖျက်ဆီးပစ်ရန်ဖြစ်သည်။

ရာဆူးက အသံချဲ့ခွက်ကိုကိုင်ကာ မိမိတို့ လန်ချားသမားများသ လန်ချားများကို ဖျက်ဆီးသည့်ကိစ္စကို ကန့်ကွက်သည့်အနေဖြင့် ဆန္ဒပြ



ကြောင်း ပြောသည်။ ထိုအခိုက်တွင် သတင်းထောက်များ ရောက်လာကြ၏။ ဓါတ်ပုံတွေ၊ ဘောင်းဘီတွေ ဝတ်ထားသည့် သတင်းထောက်များနှင့် အမှိုက်ပုံ ကြီးသည် တစ်ခြားစီဖြစ်နေ၏။

ခဏကြာလျှင် အမှိုက်ပုံကြီးနားတွင် လူတွေပြည့်နေလေပြီ။ အမှိုက် ကောက်သူများကလည်း သူတို့ကို ငေးကြည့်နေကြသည်။ ခပ်လှမ်းလှမ်းရှိ များက လူတွေလည်း ထွက်လာကြည့်ကြသည်။ ပုလိပ်များက သေနတ်များကို ချိန်ယမ်း၍ ရှေ့သို့ တက်လာ၏။ သို့ရာတွင် လန်ချားသမားများက နောက် ဆုတ်။ သူတို့နေရာတွင် ရပ်မြဲရပ်နေကြသည်။

"သူတို့ပစ်လိုက်ရင် ကျွန်တော်တို့အားလုံး သေကုန်မှာပဲ၊ ဒါပေမယ့် ချင်လဲ သေပါစေ၊ ကျွန်တော်တို့အတွက် အရေးကြီးတယ် မဟုတ်လား၊ ကျွန်တော်တို့တစ်တွေ သပိတ်ကြီးအောင်ခဲ့လို့ ပိုင်ရှင်တွေက ကျွန်တော်တို့ တောင်းဆိုချက်တွေကို လိုက်လျောခဲ့ရတယ်၊ အခုလဲ ကျွန်တော်တို့ တောင်းဆို ချက် အောင်မြင်မယ်လို့ ယုံကြည်တယ်၊ လန်ချားဝင်ရိုးနဲ့ လန်ချားဘီးဟာ မရသလို ကျွန်တော်တို့ လန်ချားသမားတွေဟာလဲ ခွဲလို့မရအောင် သွတ်ဖို့လိုတယ်"

ထိုသို့ တင်းမာနေစဉ် ဓာတ်ပွဲစလေပြီ။

ပုလိပ်တစ်ယောက်ကမီးခြစ်ကို ခြစ်လိုက်ပြီး မီးတုတ်တစ်ခုတွင် ညှိလိုက် နောက် အလယ်ရှိ လန်ချားကို စတင်၍ မီးရှို့လိုက်သည်။ မီးတောက်များသည် ချားအမိုးကို စွဲသွားကြ၏။ ထို့နောက် အခြားလန်ချားတစ်စီးသို့ ကူးသွား သည်။

လန်ချားသမားများသည် အတန်ကြာမျှ ကြောင်ကြည့်နေ၏။ ထို့နောက် လူအုပ်ကြီးသည် ပုလိပ်များကို တိုးကာ လန်ချားများဆီသို့ ပြေးကြသည်။ တွင် ပုလိပ်များကို ဖောက်ထွင်း၍ မရ။

ထိုသို့ ရုတ်ရုတ်သဲသဲဖြစ်နေစဉ် ဟာစရီပါးသည် မုတ်ကြီးကို လှမ်းမြင် သည်။ မုတ်ကြီးသည် လူတစ်ယောက်၏ ပခုံးပေါ်သို့ တက်လာကာ တို့ခေါင်းပေါ်မှ ကျော်ပြီးနောက် မီးလောင်နေသော လန်ချားပေါ်သို့ လိုက်သည်။ မုတ်ကြီးသည် မီးပုံကြီးထဲသို့ ရောက်သွား၏။ ထို့နောက် လောင်သောသည့် လန်ချားများကို တစ်စီးပြီးတစ်စီး တစ်ဖက်ချောင်းထဲ

www.burmeseclassic.com



သို့ တွန်းချနေသည်။ ထိုအပြုအမူသည် ရှုံးသွပ်သည့် အပြုအမူတစ် တွ၏။ ပုလိပ်များပင်လျှင် သူ့အပြုအမူကိုကြည့်၍ ကြောင်နေကြသည်။

မီးစွဲလောင်နေသည့်မှတ်ကြိုးထဲမှ ကျယ်လောင်သော အော်သံ ကြားလိုက်ရသည်။ ထိုနောက် လှည်းသန်ကို လှမ်းဆွဲနေသည့် လက်တစ် မြင်လိုက်ရသည်။ ထိုနောက် မီးခိုးတွေ ဖုံးသွားသဖြင့် ဘာကိုမျှ မ အနီးပတ်ဝန်းကျင်တွင် အသားကို မီးလောင်သည့် ညှော်နံ့ကြီးပေါ်ထွ သည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် တိတ်သွား၏။ လန်ချားများကို မီး သည့် အသံများကိုသာ ကြားရသည်။

သည်တစ်ပွဲတွင် ဘာဘူတို့ အောင်ပွဲခံသွားလေပြီ။

မီးတွေ ငြိမ်းသွားသည့်အခါ၌ ဟာစရီပါးသည် အမှိုက်ကော တစ်ဦးထဲမှ နို့ဆီခွက်တစ်ခွက် တောင်းသည်။ မီးခဲများ အကြားမှ မှ ၏ အရိုးပြာတို့ကို လိုက်ကျုံးသည်။

သူနှင့် သူ့ရဲဘော်များသည် သူ့အရိုးပြာများကို ဂင်္ဂါမြစ်လက် ဖြစ်သော ဟုဂလီမြစ်ထဲသို့ မျှောချပေလိမ့်မည်။

## ၆၁

ဆောင်းရာသီ ညနေစောင်းလျှင် ထိုရှုခင်းသည် မြင်နေကျ။ အမျိုးသမီးမျာ ညနေစာ ချက်ပြုတ်ရန် နောက်ချေးချပ်ကလေးများဖြင့် မီးမွှေးကြသ တစ်ပြိုင်နက် နေလုံးနီနီကြီးသည် မှိုင်းပြာသောမီးခိုးကန့်လန့်ကာကြီး နော ပျောက်ကွယ်သွားတတ်သည်။ ကောင်းကင်ပေါ်သို့ ရောက်သွားသည့်အ မီးခိုးများသည် ရွေ့လျားခြင်း မရှိတော့ဘဲ အိမ်မိုးများပေါ်တွင် အုပ်ဆိုင် ဆင်းရဲသားရပ်ကွက်ကလေးထဲမှ လူများမှာ ချောင်းတဟွတ်ဟွတ် ဆိုးသူ တံတွေးတပျစ်ပျစ် ဖြစ်သူဖြစ်၊ အသက်ရှုကျပ်သူကျပ်ဖြစ်ကုန်ကြသ အချို့ညနေများတွင်ဆိုလျှင် မီးခိုးမှိုင်းတွေအုပ်နေသဖြင့် ရှေ့လေးငါး ခြေ လောက်ကိုသာ လှမ်းမြင်ရတော့သည်။ ထိုအခါမျိုး၌ ကန့်နံ့သည် အရာအား



ဖုံးလွှမ်းသွားသည်။ လူများ၏ မျက်လုံးများနှင့်အသားအရေတို့မှာ ကျိန်းစပ် နေလေပြီ။ သို့ရာတွင် မည်သူမျှ ဆောင်းရာသီကို ငြူစူကျိန်ဆဲခြင်း မပြုရဲကြ။ ကာလကလေးသည် ပူပြင်းသော နွေရာသီထိုးစစ်ကြီး မလာမီ အနားရသည့် ကြားကာလကလေး မဟုတ်လော။

ထိုနှစ်နွေသည် မိုးကြိုးပစ်သလို ပြင်းထန်သည်။ စက္ကန့်အနည်းငယ်အတွင်း ခင်းကြောင်တောင်ကြီးထဲမှ ညအမှောင်ရောက်လာသည်။ ဆင်းရဲသား ကွက်ထဲရှိ လူများသည် ကယောင်ကတမ်းဖြင့် တဲများထဲမှ လမ်းမပေါ်သို့ ထွက်လာကြသည်။ အိမ်ရှေ့အဖီတွင် ထိုင်၍ ဆေးပုလင်းများကို ရွေးနေသော တစ်ကြီးသည် ရုတ်ခြည်းပြောင်းလဲသွားသော ရာသီဥတုကို ကြည့်၍ အားသင့်နေသည်။ သည်လိုအပြောင်းအလဲမျိုးကို သူတစ်ခါမျှ မမြင်ဖူးသေး။ ဆံတရက်ပင် သံလိုက်ဝင်ရိုးစွန်းမှ လင်းလက်လိုက်သော လျှပ်စစ်အလင်းရောင် တစ်ခုဟု သူထင်လိုက်၏။ သို့ရာတွင် လျှပ်စီးရောင်မဟုတ် လျှပ်စီးအပုန်ဖြင့် င်းရဲသား ရပ်ကွက်ကလေးပေါ်သို့ ကျလာနေသော ဝါကျင့်ကျင့် သဲမှုန် န့်လန့်ကာကြီးဖြစ်သည်။ ပုန်းရှောင်စရာ အချိန်မရှိတော့။ လေဆင်နှာမောင်း ကြီးသည် သူတို့အပေါ်သို့ ရောက်လာလေပြီ။

လေဆင်နှာမောင်းကြီးသည် သူ့လမ်းတွင် တွေ့သမျှအရာတိုင်းကို က်ခတ်ဖျက်ဆီးသွား၏။ အိမ်ခေါင်မိုးတို့ကို ခွာယူဆုတ်ဖြဲပစ်လိုက်၏။ ထဲရှိ လူများကို ချိမြှောက်လွှင့်ပစ်လိုက်၏။ တင်းကုပ်များထဲမှ ကျွဲနွားများ သည် ကြောက်လန့်တကြား အော်နေကြသည်။ ခဏကြာလျှင် ဆင်းရဲသား ကွက်ကလေးတစ်ခုလုံးသည် အဝါရောင် ကန့်လန့်ကာကြီးအောက်တွင် ပျောက်ကွယ်သွားခဲ့လေပြီ။ ထိုအမှောင်ထုကြီးထဲတွင် လျှပ်စီးတွေ တလက်လက် နေသည်။ မိုးကြီးသည်းထန်စွာ ရွာတော့မည့် နိမိတ်ပေတည်း။ ထိုနောက်တွင် မိုးသီးတွေ ကျလာကာ မိုးတွေ တအုန်းအုန်းရွာချတော့သည်။ အတန်ကြာ ရွာပြီးသော် မိုးစဲသွား၏။ ထိုအခါတွင်ကား နေသည် ကျဲကျဲတောက် ထိုက်လေသည်။ ခေါင်မိုးများပေါ်မှ ပူလောင်သော အခိုးအငွေ့တွေ တထောင်း ထောင်းထလျက် ရှိလေ၏။ ပြဒါးတိုင်တွင် အပူချိန်သည် ဆယ့်ငါးဒီဂရီလောက် က်လာကာ တစ်ရာ့လေးဆယ်အထိ ရောက်လာလေသည်။ တိုတောင်းသော ဆောင်းရာသီ နားချိန်သည် ကုန်ဆုံးသွားလေပြီ။ သူတို့အဖို့ ပူလောင်လှသော နေသည် ဆိုက်ရောက်လာလေပြီ။ ထိုနှစ် မတ်လ ၁၇ ရက်နေ့တွင် နွေရာသီ သည် သုခမြို့တော်သို့ရောက်လာခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



နွေသမပိုင်း ဒေသများတွင်မူ နွေကို မျှော်ကြသည်။ ချစ်ကြသော [illegible] သို့ရာတွင် သုခမြို့တော်မှ ဆင်းရဲသားများအဖို့သော်မူ ထိုနွေသည် ကြောက်စရာ [illegible] သော ဆင်းရဲဒုက္ခအပေါင်းကို ယူဆောင်လာခဲ့သည်။ ထိုဆင်းရဲ ဒုက္ခဒဏ် [illegible] အခံရဆုံးမှာ ဆင်းရဲသားရပ်ကွက်များတွင် နေထိုင်ကြသည့် မရှိဆင်းရဲ [illegible] များဖြစ်သည်။ ပြတင်းပေါက် မရှိသော အိမ်ခေါင်မိုးကလေးများထဲ [illegible] လူဆယ့်ငါးယောက်အထိ ပွတ်သိပ်နေကြရသည်။ ဆယ့်နှစ်နာရီလုံးလုံး နေ [illegible] တောက်အောင် ပူနေသော ဝင်းကလေးများထဲတွင် နားခိုစရာရယ်လို့ ဘာမျှ [illegible] ကျဉ်းမြောင်းသော လမ်းကြားကလေးများထဲတွင် လေဆိုလို့ တစ်ချက်က [illegible] မတိုက်။ ဆင်းရဲသဖြင့် လျှပ်စစ်ဓာတ်အားမရှိ။ လျှပ်စစ်ဓာတ်အား မရှိသ [illegible] ဖန်ကာကိုမသုံးနိုင်။ မုတ်သုံရာသီမတိုင်မီ ရွေ့ပြောင်းရောက်လာတတ်သော နွေရာသီသည် တော်မှတ်ခြင်းကဲ့သို့ပင် လူအပေါင်းတို့ကို ဖိစီးနှိပ်စက် [illegible] ညှဉ်းပန်းခြင်းတစ်မျိုးဖြစ်နေသည်။

ကာလကတ္တားမြို့ကြီး၏ လမ်းမများပေါ်တွင် ထီးမဆောင်းဘဲ အပြင် [illegible] ထွက်သူဆို၍ မည်သူမျှမရှိ။ ယာဉ်များကို လမ်းပြနေသည့် ယာဉ်ထိန်းပု [illegible] များပင်လျှင် လက်တွင် ထီးကိုင်ထားချိန် မရသဖြင့် သူတို့ သားရေစလွယ် [illegible] တွင် အဝတ်ကလေးများကို ချိတ်၍ ခေါင်းကို အုပ်ထားကြရသည်။ အချို့ [illegible] လက်ဆွဲအိတ်ဖြင့် ခေါင်းကို မိုးထားကြသည်။ တချို့က စာအုပ်ကို မိုးလျှ [illegible] တချို့က သတင်းစာကို မိုးလျက်၊ အချို့က ဆာရီကို ခေါင်းတွင်ခြုံလျှ [illegible] အချို့က ဒိုတီကို ခေါင်းတွင်မိုးလျက်၊ နေက ပူရသည့်အထဲတွင် စိုထိုင်းဆကြော [illegible] ပူလောင်ရုံမျှမက အိုက်စပ်မွန်းကျပ်နေသည်။ စိုထိုင်းဆမှာလည်း တစ်ခါတ [illegible] တွင် ရာနှုန်းပြည့်ရှိနေတတ်သည်။ နည်းနည်းကလေး လှုပ်လိုက်ရုံ၊ ခြေလှမ်းတ [illegible] လှမ်းလှမ်းလိုက်ရုံ၊ လေ့ကားတစ်ထစ်ကို တက်လိုက်ရုံမျှဖြင့် ချွေးတွေ ရွှဲ [illegible] နေတော့သည်။ မနက် ဆယ်နာရီကျော်သည်နှင့် အသွားအလာ၊ အလှုပ်အရှား [illegible] လုပ်ဖို့ မကောင်းတော့ပြီ။ ငြိမ်သက်လျက်ရှိသော လေထဲတွင် လူ [illegible] လှုပ်ရှားရန် ဝန်လေးနေကြသည်။ လေကလည်း တစ်ချက်မျှ မတိုက် [illegible] အုတ်နံရံများပေါ်တွင် ဟပ်သည့် နေရောင်ကလည်း စူးရဲလှသဖြင့် နေကာမျက်မှန် [illegible] မပါဘဲ ကြာကြာကြည့်မိလျှင် မျက်လုံးထဲတွင် ခဲတွေ အရည်ကျိုလောင်း [illegible] လိုက်ကဲ့သို့ ပြာဝေကျိန်းစပ်နေတော့သည်။ အငွေ့တွေ တထောင်းထောင်းထ [illegible] သည့် ကတ္တရာလမ်းပေါ်တွင် ဖိနပ်မပါဘဲ လျှောက်ရလျှင်ကား ပူလောင်လိုက် [illegible] သည်မှာ ဆိုဖွယ်မရှိတော့ပြီ။



ပူလောင်လှသော ကတ္တရာစေး ကော်ဇောကြီးပေါ်တွင် လန်ချားဆွဲရသည့် [illegible] လုပ်ကား တော်တော် သတ္တိနှင့် မလုပ်နိုင်။ ပြေးလိုက်၊ ရပ်လိုက်၊ ရှန်း [illegible] ကိ။ ထိုအထဲတွင် ကတ္တရာစေးတွေ အရည်ပျော်သဖြင့် လန်ချားဘီး [illegible] သွားသည့်အခါမျိုးကလည်း ရှိတတ်သေးသည်။ ခြေဖဝါးတွေ အပူလောင်ကာ [illegible] တွေ ဖြစ်ကုန်သဖြင့် ဟာစရီပါးသည် လန်ချားဆွဲသည့်အခါတွင် လွှာဖိနပ် [illegible] လေးတစ်ရန်ကို ဝယ်ရန် စိတ်ကူးကြည့်သည်။ ဖိနပ်ဝယ်စီးဖို့ဆိုသည်မှာ [illegible] သက်သက်သွားနေလာနေကြသော အိန္ဒိယလူမျိုးသန်းပေါင်းများစွာအတွက် [illegible] အနန်း ကိစ္စကြီးတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ဟာစရီပါးသည် လက်ထပ်စဉ်က [illegible] တို့သမီးဘက်မှ ခန်းဝင်ပစ္စည်းအဖြစ် ပေးခဲ့သည့် လွှာဖိနပ်ကလေးကို [illegible] တစ်သက်တွင် ပထမဆုံးအကြိမ်အဖြစ် စီးကြည့်သည်။ သို့ရာတွင် ဟာစရီပါး [illegible] အားထုတ်မှုသည် အချည်းနှီးသာ။ လန်ချားကို မ၍ ခြေကို ကြွလိုက်သည် [illegible] ထိုဖိနပ်ကလေးသည် အရည်ပျော်နေသော ကတ္တရာစေးနှင့်ကပ်၍ [illegible] တ်ကျန်ရစ်ခဲ့သည်။

သုခမြို့တော်မှ ဆင်းရဲသားများသည် ခြောက်ရက်တိုင်တိုင် ထိုအပူဒဏ် [illegible] ကို ကျိတ်ခံခဲ့ကြသည်။ ခြောက်ရက်ကျော်သည့်အခါတွင်ကား မခံနိုင်တော့ [illegible] ညစ်ညမ်းသော လေကြောင့် လောင်ကျွမ်းနေသော အဆုတ်များနှင့် [illegible] ပူရှိန်ကြောင့် အရေတို့ ခန်းခြောက်လျက်ရှိသည့် ပန်းနာရောဂါသည်၊ [illegible] ဆုတ်ရောဂါသည်များနှင့် ကလေးငယ်များစွာတို့သည် ဒဏ်ကို မခံနိုင်ကြတော့ [illegible] တဖျတ်ဖျတ် သေကုန်ကြသည်။ ကိုဗာစကီး ခေါင်းဆောင်သည့် ကူညီ [illegible] ပင်းရေးအသင်းဝင်များသည် ဆင်းရဲသား ရပ်ကွက်ထဲတွင် တစ်အိမ်မှတစ်အိမ် [illegible] သန်းကာ လူနာများကို လိုက်၍ပြုစုကြသည်။ ထိုအချိန်က "ပြေးသည်" [illegible] သော စကားသည် အဘိဓာန်တွင် မရှိတော့။ မူးဝေလဲကျသွားမည်စိုးသဖြင့် [illegible] ခြေလှမ်းတစ်လှမ်းကိုပင် သတိထား၍ လှမ်းနေရသည်။ ထိုအပူရှိန်ကြောင့် [illegible] တစ်ယောက်၏ ခန္ဓာကိုယ်တွင်းရှိ ရေဓာတ်သည် နာရီအနည်းငယ်အတွင်း [illegible] ကုန်ခန်းခြောက်သွေ့သွားနိုင်သည်။

"နည်းနည်းလေး လှုပ်လိုက်တာနဲ့ ချွေးတွေ တဒီးဒီး ယိုစီးကျလာပြီး [illegible] တ်နဲ့ သုယ်ယူလိုက်လို့ မကုန်အောင်ဖြစ်နေတယ်။ ပြီးတော့ ချမ်းသလိုလို [illegible] လိုလိုဖြစ်လာပြီး တုန်လာတယ်။ ခေါင်းကလဲ တရိပ်ရိပ် မူးလာသလို [illegible] နဲ့ အပူရှုပ်တဲ့သူရှုပ်၊ ရေဓာတ် ခန်းခြောက်တဲ့သူ ခန်းခြောက်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာ ရပ်ကွက်ထဲမှာ မတ်တတ်ရပ်နိုင်တဲ့သူဆိုလို့ ဆိပ်မရှိတော့
ဟု ကိုဇာစကီးက ပြောပြသည်။

သမပိုင်းဇုန်ရာသီတွင် မွေးဖွားကြီးပြင်းခဲ့သည့် ကိုဇာစကီးသည်
ကျဲကျဲတောက်ပူသည့် အပူရှိန်ကြီးအောက်တွင် ဘာမှမဖြစ်သည်မှာ အံ့ဩဖွယ်
ကောင်းသည်။ ဟာလာဟင်းလင်းဖြစ်နေသည့် လည်ပင်းတွင် ခြစ်ခြစ်တော
နေသော သံမဏိလက်ဝါးကပ်တိုင် တယမ်းယမ်းဖြင့် ခါးတွင် လုံချည်ကိုစည်း
ချွေးတဒီးဒီးဖြင့် သွားလာသော သူ့ကိုကြည့်ရသည်မှာ သူရဲကျွန်းတွင် ရောက်
သည့် အကျဉ်းသားတစ်ယောက်နှင့် တူနေသည်။ ဆယ်ရက်မြောက်နေ့ရ
အပူချိန်သည် နှစ်ဆယ့်ငါးနှစ်အတွင်း စံချိန်ကျိုးသွားအောင် တက်လာ
ကာကာ လက်ဖက်ရည်ဆိုင်ထဲတွင် ချိတ်ထားသည့် ပြဒါးတိုင်တွင် ပြဒါး
အရိပ်ထဲမှာပင် အပူချိန် ဖာရင်ဟိုက်တစ်ရာ့လေးဆယ်အထိ တက်သွားသ
စိုထိုင်းဆကိုပါ ထည့်တွက်လျှင် နေရောင်ထဲတွင် အပူချိန်တစ်ရာ့သုံးဆယ်
ညီနေသည်။

"အပူချိန်ပြင်းလာတာနဲ့ ရောဂါတွေ ဖြစ်လာပြီး လူတွေ တဖြုတ်ဖြုတ်
သေကုန်ကြတော့တာပဲ၊ နဂိုက ငှက်ဖျားရှိနေတဲ့အထဲမှာ အူရောင်ငန်း
ရောဂါတို့၊ ကာလဝမ်းရောဂါတို့ဖြစ်လာတယ်။ အဆိုးဆုံးကတော့ ဝမ်းကျလာ
ရောဂါပဲ၊ လူကောင်း ပကတိတစ်ယောက်ဟာ နှစ်ဆယ့်လေးနာရီအတွင်း
ကိစ္စချောသွားနိုင်တယ်" ဟု ကိုဇာစကီးက ပြောပြသည်။

သို့ရာတွင် ဤသည်မှာ အစမျှသာရှိသေး၏။ ကိုဇာစကီးနောက်
တွေ့ရမည့် ပြဿနာတွေ အများကြီးရှိသေးသည်။ ရပ်ကွက်ထဲတွင် အနာစိမ်း
သွေးစုနာကြီးတွေ၊ မျက်စိနာတွေ ဖြစ်ကုန်ကြသည်။ သို့ဖြင့် ထိုရောဂါ
သည် ကာလကတ္တားတစ်မြို့လုံး ပျံ့နှံ့သွားတော့သည်။ အထူးသဖြင့် နေပူထဲ
ဖိနပ်မပါဘဲ အလုပ်လုပ်ရသည့် လန်ချားသမားတွေ ဂါရီဝါလားတွေမှာ
ရောဂါများကို အများဆုံးလှိမ့်ခံကြရသည်။ အနာကိုဆေးမထည့်ခြင်း၊ ပဋိ
ဆေးများ ရှားပါးခြင်းတို့ကြောင့် ကိုယ်ရေရောဂါသည် တစ်မြို့လုံး ရှိနေသည်
ကိုဇာစကီးနှင့် ကပ်လျက်နေသည့် မာဘာ၏ ကလေးငယ်များမှာ အသားအရေ
အက်ကွဲကာ အနာကြီးတွေ ထွက်လာကြသည်။ မာဘာ ကိုယ်တိုင်မှာလည်း
တစ်ကိုယ်လုံး သွေးစုနာကြီးတွေ ပေါက်နေသဖြင့် ကိုဇာစကီးက ဓားဖြင့်ခွဲ
ပေးရ၏။ မတ်လကုန်ခါနီးသည့် အခါတွင်မူ အပူချိန်သည်ပို၍ပင် မြင့်လာ



သည်။ ထိုအခါတွင်ထူးခြားဆန်းကြယ်သော အဖြစ်အပျက်ကြီးတစ်ခုပေါ်လာ၏။
ဆင်းမှာ အခြားမဟုတ်။ ယင်ကောင်များ အတုံးအရုံး သေကုန်ကြခြင်းဖြစ်သည်။

ထို့နောက် ခြင်တွေ သေကုန်ကြပြန်သည်။ ခြင်ဥများမှာ မပေါက်ခင်မှာပင်
ပျက်စီးကုန်ကြသည်။ ကင်းခြေများတွေ၊ ကင်းမြီးကောက်တွေလည်း ပျောက်ကုန်
ကြသည်။ မသေမပျောက် ကျန်သည့် သတ္တဝါဆို၍ ကြမ်းပိုးများသာ ရှိတော့
သည်။ အခြားသတ္တဝါများ မရှိတော့သည့် နေရာတွင် သူတို့က နေရာယူလိုသည့်
ယ် ကြမ်းပိုးများသည် ကြောက်စရာကောင်းလောက်အောင် ပွားလာသည်။
ကိုဇာစကီးသည် ညဆိုလျှင် စိတ်ဆိုးဆိုးဖြင့် ကြမ်းပိုးတို့ကို နှိမ်နင်းသည့်တိုင်
ကြမ်းပိုးတို့သည် နှစ်ဆတိုးကာ ပွားသည်ထက် ပွားလာကုန်ကြ၏။ အချို့
ကြမ်းပိုးများသည် ခရစ်တော်၏ ပုံကားနောက်တွင် သွား၍ အောင်းနေသည်။

အပူဒဏ်ကို အပြင်းဆုံးခံရသူများမှာ ဆင်းရဲသားရပ်ကွက်များစွာရှိ
အလုပ်ရုံကလေးများ၊ စက်ရုံကလေးများထဲတွင် အလုပ်လုပ်ကြရသော အလုပ်
သမားများဖြစ်သည်။ လေပေါက်မရှိသည့် တဲကုပ်ကလေးများတွင် စက်တွေနှင့်
ပန်းလုံးနေရအောင် သူတို့အဖြစ်သည် မှုပ်နေသော ရေငုပ်သင်္ဘောတစ်စင်းထဲ
တွင် ရောက်နေသူများနှင့် တူနေသည်။ အမျိုးသမီးများမှာလည်း ဆာရီကြီးတွေ
ကာ မျက်နှာဖုံးတွေ တပ်ထားရသဖြင့် နည်းနည်းလေး လှုပ်လိုက်သည်နှင့်
ချွေးတွေ ရွှဲနေတော့၏။

တစ်မနက်၌ ကိုဇာစကီးသည် မုတ်ဆိတ်ရိတ်ရန်အတွက် မှန်ရှေ့
ရပ်လိုက်သည့်တည့်တွင် သူ့မျက်နှာကို ကြည့်လိုက်၏။ သူ့ပါးများမှာ ချိုင့်ဝင်နေသည်။
နှုတ်ခမ်းထောင့်တွင်လည်း နက်ရှိုင်းသည့် အစင်းကြီးနှစ်စင်း ပေါ်နေသည်ကို
တွေ့ရ၏။ သူ့အသားအရေမှာ ဖယောင်းလို ဖွေးဖွေးဖြူနေလေပြီ။ ပါးပြင်ပေါ်မှ
အရေပြားသည် ပါးရိုးနှစ်ဖက်ပေါ်တွင် ဆွဲဆန့်ထားသည့် ဖယောင်းပုဆိုးစနှင့်
တူနေသည်။

ဧပြီလ တစ်ညတွင်မူ ကိုဇာစကီးသည် ချိုင်းကြားနှင့် ဝမ်းဗိုက်ဆီမှာ
နေနိုင် မထိုင်နိုင် ယားယံလာ၏။ နာရီအနည်းငယ်အတွင်း၌ကား တစ်ကိုယ်လုံး
ခံမရပ်နိုင်အောင် ယားလာလေပြီ။ ထို့ကြောင့် တဗျင်းဗျင်းကုတ်သည်။
ထိုနောက်၌ကား သူ့ကိုယ်ပေါ်တွင် အနာများဖြစ်လာ၏။ နောက်ဆုံးတွင်
မှုလည်းပူ၊ မွန်းလည်းမွန်းသဖြင့် ကိုဇာစကီးသည် အိပ်ရာပေါ်တွင် ပက်လက်ကြီး
ဖြစ်နေတော့သည်။ သို့ဖြင့် ကိုဇာစကီးသည် အိပ်ရာမှ မထနိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



ကိုဘစကီးတစ်ယောက် ပျောက်ချက်သား ကောင်းနေသည်ကို ပထ... သတိပြုမိသူမှာ အိမ်နီးချင်းဖြစ်သူ မာဘု၏သား နာဆား ဖြစ်၏။ နာဆား... မနက်တိုင်း သူ့အတွက် အိမ်သာတွင် တန်းစီပေးလေ့ရှိ၏။ ကိုဗာ... တစ်ယောက် အိပ်ရာထဲတွင် လဲနေသည်ကို တွေ့သည့်အခါတွင် နာဆား... သူ့အဖေမာဘုကို သွား၍ အကြောင်းကြားသည်။ မာဘုက ဗန်ဒိ... လိုက်ရှာပြီး ပြန်ပြောသည်။ ကိုဗာစကီး နေထိုင်မကောင်းဖြစ်နေ... သတင်းသည် မိနစ်အနည်းငယ်အတွင်းတွင် ဆင်းရဲသားရပ်ကွက်အ... ပျံ့နှံ့သွားလေ၏။ မျက်နှာချင်းဆိုင်တွင် လက်ဖက်ရည်ပိုင်ရှင် ဆူရေး... လက်ဖက်ရည်၊ နွားနို့နှင့် ဘီစကွတ်တစ်ပန်းကန်ကို ယူလာသည်။ ဆာဗီယာ... အမေက ရုံးပတီသီးနှင့် ဟင်းသီးဟင်းရွက်များကို ကြော်ထားသည့် ဘာဂျီ... ကို လာပို့၏။ စား၍ ကောင်းအောင်ဟုဆိုကာ ဘူးသီးများနှင့် မုန်လာဥမျာ... လည်း ထည့်လာသေးသည်။

ထိုနေရာမျိုးတွင် ထိုအစားအစာသည် တော်ရုံတန်ရုံလူတို့စားနိုင်သော... အစားအစာမဟုတ်။ ထိုနောက်တွင် ဗန်ဒိနာရောက်လာသည်။ ဗန်ဒိနာသ... ကြည့်လိုက်ရုံမျှဖြင့်ပင် သူ့အခြေအနေကို ရိပ်မိလိုက်၏။ ကိုဗာစကီးသ... ပိုးမွှားများကိုက်သဖြင့် တစ်ကိုယ်လုံး ယားယံနေခြင်းဖြစ်ကြောင်း တွေ့ရသည်... သို့ရာတွင် ထိုပိုးမွှားမှာ ကြမ်းပိုး၊ သန်းစသည့် ပိုးမွှားမျိုး မဟုတ်။ အဏ္ဏ... ဟုခေါ်သော ကပ်ပါးပိုးမွှားတစ်မျိုး အကိုက်ခံရခြင်းဖြစ်ကြောင်းကို သိလိုက်သည်... ထိုးမွှားသည် တစ်ကိုယ်လုံး ယားယံနေပြီး သူတို့ဆင်းရဲသားရပ်ကွက်တွင်... မကြာခဏဖြစ်ပွားလေ့ရှိသည်။

"ဆရာကြီးကတော့ ဝဲပေါက်ပြီ" ဟု ဗန်ဒိနာက ပြုံး၍ ပြောသည်။

ဧပြီလကုန်တွင်မူ ပြဒါးတိုင်မှ အပူရှိန်သည် မြင့်သည်ထက် မြင့်လာ၏။ သုခမြို့တော်တွင် တစ်ခုတည်းသော ကြားနေကျ အသံတစ်သံလည်း တိတ်သွား... လေပြီ။ ထိုအသံမှာ သုခမြို့တော်၏အလှကို တန်ဆာဆင်ပေးသော ကျီးကန်း... သံများဖြစ်သည်။ ကျီးကန်းများသည် တအာအာ အော်မြည်ခြင်း မပြုနိုင်တော့... ရက်အနည်းငယ် ကြာသည့်အခါတွင် ကျီးကန်းအသေကောင်များကို အိမ်ခေါင်... မိုးပေါ်နှင့် ဝင်းထဲတွင် တွေ့ရ၏။ နှုတ်သီးများတွင် သွေးတို့ ယိုစီးနေသည်... ကိုလည်း တွေ့ရသည်။ အပူရှိန်ကြောင့် ကျီးကန်းများ၏ အဆုတ်မျာ... ပေါက်ကွဲသဖြင့် သေကြခြင်းပေတည်း။ အခြား တိရစ္ဆာန်များလည်း အလား...



...ကြုံကြရပေတော့မည်။ မကြာမီတွင် ကြွက်များ ထောင်ချီ၍ သေကြသည်။ ...ဆာဗီယာ၏ အမေသည် သူ့သမီးငယ် ကျောက်ပေါက်နေသဖြင့် ဆာရီကို ...လျှော်လှန်းထားရာ ဆာရီပေါ်တွင် လောက်တွေ တဖွားဖွားတက်နေသည်ကို ...တွေ့ရသည်။ ထို့ကြောင့် အထက်သို့ မော့ကြည့်လိုက်ရာ ထုပ်ပေါ်တွင် ...သနေသော ကြွက်တစ်ကောင်ကို တွေ့ရ၏။

ဖြစ်ချင်တော့ ထိုအချိန်တွင် မြူနီစီပယ်မှ သန့်ရှင်းရေး အလုပ်သမားများ ...သပိတ်မှောက်ချိန်နှင့် ကြုံနေသည်။ မကြာမီတွင် သုခမြို့တော်သည် အညစ်အကြေး ...ကြီးများထဲတွင် နစ်လုနစ်ခင်ဖြစ်နေလေပြီ။ ကျွဲချေး၊ နွားချေးတွေ စုပုံနေသဖြင့် ...မြောင်းတွေ ပိတ်ကုန်ပြီး ရေစီးရေလာတွေ ရပ်ကုန်သည်။ နေရာတကာတွင် ...ချေးဗွက် နွားသေးကွက်တွေချည်း မည်းနက်နံစော်လျက်။ မေလ မကုန်ခင်တွင် ...ကြီးတစ်ချီ ရွာလိုက်သည့်အခါတွင် အိမ်သာတွေ၊ မြောင်းတွေ ရေလျှံကာ ...စီးညတွင်းမှာပင် နှစ်ပေလောက် အညစ်အကြေးရေတွေ တက်လာသည်။ ...ကြွက်သေ၊ ကျီးသေ၊ ခွေးသေ၊ ကြမ်းပိုးသေ၊ ကင်းမြီးကောက် သေတို့ ...အိုင်ထဲတွင် မျောပါလျက်။ တစ်ခါတစ်ရံတွင် ဗိုက်ကြီးတွေ ဖောင်းနေသည့် ...တ်သေနှင့် ကျွဲသေတို့ကိုပင် မြင်ရတတ်သေးသည်။ မိုးကျလာသည့်အခါ၌ ...ဆထားခြင်းမရှိသော အန္တရာယ်တစ်ခုပေါ်လာပြန်သည်။ ယင်းမှာ သန်းပေါင်း ...ထွာသော ယင်ဥတို့မှ ယင်ကောင်များ ပေါက်ဖွားလာခြင်းပေတည်း။ ...မြောင်းထဲမှ လျှံလာသော ရေတို့သည် အိမ်ခေါင်းကလေးထဲသို့ ဝင်လာကြကာ ...ထဲတွင် အိုင်ထွန်းနေကြသည်။

## ၄၆

...တရက် အရှိန်သတ်လိုက်သဖြင့် ထိုင်ခုံပေါ်တွင် ထိုင်နေသော သူ့ခန္ဓာ ...ယ်သည် နောက်သို့လန်သွား၏။ ဘိုးအင်းဂျက် လေယာဉ်ကြီးသည် ...ပြင်သို့ ထိုးစိုက်ဆင်းလာခဲ့ရာ အုန်းပင်များ၊ လယ်ကွင်းများ စသည့် ...ိုသော မြေပြင်ရှုခင်းကို မြင်နေရလေပြီ။ ခြောက်သွေ့သည့် အိုဆိ... ...ယ်ပိုင်းကို နှစ်နာရီကျော်မျှ ဖြတ်၍ ပျံခဲ့ရပြီးနောက် စိမ်းစိုသည့် ...င်ကွင်းများကို မြင်လိုက်ရသည့်အခါတွင် မက်စ်လိုးအက်အပ္ပ် အိုအေစစ်

www.burmeseclassic.com



ကလေးတစ်ခုထဲသို့ ရောက်သွားသည့်နှယ် ထင်မိသည်။ ကြည့်လေရာ ရေမြောင်းတွေ၊ အင်းအိုင်တွေနှင့် ရေမြောင်းထဲတွင် ဗေဒါပင်များက အုပ် မျောပါလျက်။ ဖလော်ရီဒါမှ အဲဗားဂလိတ်နှင့် မက္ကစီကိုနယ်စပ်မှ ချောင်း များကိုပင် သွား၍ သတိရမိသေးသည်။ စိမ်းလန်းသော လယ်ကွင်းများထဲ ကျွဲအုပ်မည်းမည်းကြီးတွေကိုလည်း လှမ်းမြင်လိုက်ရသည်။ လေယာဉ် တစ်ဖက်သို့ လှည့်လိုက်သည်တွင် မြို့ကြီးကို လှမ်းမြင်လိုက်သည်။

မြို့ကြီးက တကယ့်မြို့ကြီး၊ အဆုံးအစပင် ရှိမည်မထင်။ မိုးကုပ်စက်ဝိုင်း မမြင်။ မြို့လယ်တွင် ညိုဝါရောင် မြစ်ကြီးတစ်မြစ်က စီးဆင်းလျက်။ ထဲတွင် သင်္ဘောကြီးများသည် လန့်ဖျပ်နေသည့် ဘဲငန်းကြီးများလို ကျေ ရပ်နားလျက်။ သို့ရာတွင် မီးခိုးတို့ အုပ်ဆိုင်းလျက်ရှိသဖြင့် မြို့ကြီး နိမ့်မြင့် အနေအထားကို သဲကွဲစွာ မမြင်ရ။ အိမ်ခေါင်မိုးများက မီးခိုးတွေကြား မှ ပြူစီထိုး၍ ပေါ်နေကြသည်။ တစ်ခါတစ်ရံတွင် မိုးသို့ လှတက်နေ ဓာတ်ဆီလှောင်ကန်ကြီးများကို လက်ခနဲ မြင်လိုက်ရ၏။ တစ်ခါတစ်ရံ လည်း မြစ်ဆိပ်မှ ဝန်ချီစက်ကြီးများကို ရိပ်ခနဲတွေ့လိုက်ရတတ်သ သို့မဟုတ်လျှင်လည်း မီးခိုးများထဲမှ စက်ရုံတစ်ရုံ၏ သွပ်မိုးပြောင်ပြောင် မြင်ရတတ်သေးသည်။

လေယာဉ်မယ်က လေယာဉ် ကာလကတ္တားသို့ ဆင်းတော့မည် ကြောင်း ကြေညာသည်။ မက်စ်သည် ဘုရားရှိခိုးကျောင်းတစ်ကျောင်းပေါ် ဂိုးသစ် ဗိသုကာပုံစံဖြင့် ဆောက်ထားသည့် ခေါင်းလောင်းစင်၊ မြင်းပြိုင် တစ်ကွင်းမှ ပြေးလမ်းများနှင့် လမ်းမကြီးတစ်ခုပေါ်တွင် ပြေးသွားနေသ နှစ်ထပ်ဘတ်စ်ကားကြီးများကို ရိပ်ခနဲမြင်လိုက်၏။ နောက်ဆုံးတွင် လေယာ ကြီးသည် ပြေးလမ်းနှင့်အညီ ဆင်းလာကာ မြေပြင်သို့ ဆင်းလိုက်သည်။

လေယာဉ်တံခါးကို ဖွင့်လိုက်သည်နှင့် အပြင်ဘက်မှ အပူရှိန်သ လေယာဉ်ထဲသို့ တိုးဝင်လာ၏။

"ဆံပင်ခြောက်တဲ့ အပူစက်နဲ့ မျက်နှာကို ဟပ်လိုက်သလိုပဲ ပူသွားတာပဲ၊ လူကိုတွန့်သွားပြီး အသက်တောင် အနိုင်နိုင်ရှူလိုက်ရတယ် လေယာဉ်လှေကားပေါ်ရောက်တော့လဲ အပြင်ဘက်က စူးနေတဲ့ အလင်းရော ကြောင့် မျက်လုံးတွေ ပြာသွားပြီး လဲကျမသွားအောင် လက်ရန်းကို ဖမ်းထ လိုက်ရတယ်"



မက်စ်က နောင်တွင် ကိုဗာစကီးကို ပြောပြသည်။ ရုတ်ရုတ်သဲသဲ ဆိပ်ထဲသို့ ဝင်လာသည့်အခါတွင် ပန်းကုံးဝါဝါကြီးကို သူ့ကို မြှောက်ပြ သော ကိုဗာစကီးကို မြင်လိုက်ရ၏။ သူတို့နှစ်ယောက်သည် တစ်ယောက်ကို ယောက် ချက်ချင်း အလိုလို သိလိုက်ကြ၏။ သူတို့ နှစ်ယောက်သည် လှဲတကင်း နှုတ်ဆက်ကြသည်။

ကိုဗာစကီးက တက္ကစီတစ်စီးပေါ်သို့ တက်လိုက်ရင်း...

"ခင်ဗျားကို ဂရင်းဟိုတယ်မှာထားမယ် စိတ်ကူးတယ်၊ ဒီဟိုတယ်က တော့ အကောင်းဆုံး ဟိုတယ်တစ်ခုပဲ၊ ကျွန်တော်တော့ အထဲကို တစ်ခါ ရောက်သေးဘူး၊ ဒါပေမယ့် သုခမြို့တော်ကိုလာတဲ့ သူတစ်ယောက်အဖို့တော့ လောလောဆယ် အဲဒီ ဟိုတယ်မှာ ခဏနေလိုက်ရင် ကောင်းမယ်ထင်တယ်၊ ယ် မြို့တော်ကို မမြင်ရသေးခင် အေးအေးဆေးဆေး နေတာပေါ့ဗျာ"

မက်စ်မှာ ချွေးဒီးဒီးကျနေလေပြီ။ ကိုဗာစကီးက ပြုံးကြည့်လိုက်ရင်း...

"လောလောဆယ်တော့ ဒီမှာ နေဦးဗျာ၊ ဟိုရောက်ရင် ခင်ဗျားအထဲကို သွားလိမ့်မယ်၊ မြုပ်သွားမှာဆိုတာ တကယ် နစ်သွားမှာ၊ ခုလောလောဆယ်မှာ နိုးပယ် အလုပ်သမားသပိတ်မှောက်နေတော့ နေရထိုင်ရတာ တော်တော် မယ်၊ အေးလေ ဒါဟာ ဖလော်ရီဒါ မဟုတ်ဘူးဆိုတာတော့ ခင်ဗျားလဲ ပေါ့"

မက်စ်သည် မျက်နှာကို မရှုံ့မိအောင် မနည်းချုပ်တည်းထားလိုက်ရသည်။

"ခင်ဗျား ကိုယ်ပေါ်မှာလဲ ဘာဖြစ်လို့လဲ၊ အနာတွေလား"

"ဝဲတွေလေဗျာ"

ဒေါက်တာမက်စ်သည် တစ်ချက် ညည်းလိုက်၏။ မှန်သည်။ ကိုဗာစကီး သည့်အတိုင်း ရာသီဥတုကို ကျင့်သားရသွားအောင် ဟိုတယ်တစ်ခုတွင် နားလျှင် ကောင်းမည်ထင်သည်။ သန်းကြွယ် သူဌေးတစ်ဦး အိမ်မှ သို့ ချက်ချင်းဆင်းလာခြင်းသည်များစွာ အန္တရာယ်ကြီးနိုင်သည်။ မက်စ် သည် ထိုသို့သော အပြောင်းအလဲများကြောင့် ကသိကအောက်ဖြစ်ခဲ့သည့် ကိစ္စ ကို မြင်ခဲ့ဖူးလေပြီ။ ငြိမ်းချမ်းရေး တပ်ဖွဲ့သားများ အာဖရိကတိုက်စသည့် များသို့ သွားရောက်သည့်အခါတွင် အခက်အခဲတွေ့ခဲ့သည်များကို သူမြင် သည် မဟုတ်လော။ ထိုရာသီဥတုကို ခံနိုင်အောင် တဖြည်းဖြည်း ကျင့်ယူ

www.burmeseclassic.com

www.burmeseclassic.com



မှသာလျှင် အမြော်အမြင်ရှိရာ ရောက်လိမ့်မည်။ လေအေးစက် တပ်ထား
အခန်းကလေးထဲတွင် ခဏတစ်ဖြုတ်တော့ နေရဦးမည်။ စကော့ဝီစကီ
တော့ သောက်လိုက်ရဦးမည်။ မွှန်တီကရစ္စတို ဆေးပြင်းလိပ်ကောင်း
ကလေးတော့ ခဲလိုက်ရဦးမည်။ ဘာ့ကြောင့် အလျင်စလို လုပ်ရမည်

သို့ရာတွင် အတန်ကြာသည့်အခါ မက်စ်သည် ကိုဗာစကီး
လှည့်လိုက်ကာ…

"နေပစေတော့ဗျာ၊ ခင်ဗျားနဲ့အတူ သုခမြို့တော်ကို တစ်ခါ
လိုက်ခဲ့တော့မယ်"

နောက်တစ်နာရီခန့် ကြာသည့်အခါ၌ ဆင်းရဲသား ရပ်ကွက်က
ထမင်းဆိုင်တစ်ခုမှ မှုန်ရီသော မှန်အိမ်အောက် စားပွဲကလေးတစ်လုံး
သူတို့ နှစ်ယောက်မျက်နှာချင်းဆိုင် ထိုင်မိကြ၏။ အားကုန်နေသော ပန်ကာ
သည် ဟင်းနံ့တို့ဖြင့် မွန်ထူနေသော ညစ်ညမ်းသော လေထဲတွင် လှုပ်ရှား
ရှိ၏။

သူငယ်ကလေးတစ်ယောက်က ဟင်းပန်းကန်ကို လာချပေးသည့်
တွင် မက်စ်က…

"ဘာလဲဗျ၊ ကျွဲသားပြုတ်ကြော် ဟုတ်လား"

"တကယ့် ကျွဲသားပြုတ်ကြော် မဟုတ်ပါဘူး၊ ကျွဲသားပြုတ်ရည်
တကယ့်အသားတော့ ရှာလို့တွေ့မှာ မဟုတ်ဘူး၊ အရိုးရယ်၊ အ
ချဉ်ဆီရယ်၊ ဝမ်းတွင်းသားတွေရယ်ကို ပြုတ်ထားတာ၊ ပရိတ်နိ
ကောင်းကောင်းရပါတယ်။ နယူးယော့က နွားကလေး ပေါင်သားကြော်
ဗျာ၊ တစ်ပန်းကန်မှ ပြားသုံးဆယ်ဆိုတော့ ဘဲသားတို့၊ သံလွင်သီးတို့
ဘယ်ရမလဲ"

မက်စ်က မျက်နှာကို တစ်ချက် ရှုံ့ပြလိုက်သည်။ သူ့ကို ကြည့်ရ
မှာ မသတီသည့်ပုံ။

"ကျွန်တော်တို့ ဒီလို စားပွဲလွတ်ကလေးတစ်လုံး ရတာ
က်ကောင်းတယ်လို့ ဆိုရမယ်၊ ဒီမှာတော့ မက္ကဇင်းရဲ့ ပျော်ပွဲစားရုံလို အ
နားဆုံး နေရာပေါ့လေ"



မက်စ်သည် မျက်မှောင်ကုတ်ခြင်း မရှိတော့။ သို့ရာတွင် စုတ်ပြတ်နေသော
င် အခင်းအကျင်းနှင့် စားသောက်သူများကို သူအကဲခတ်သည်။ ဆူဆူညံညံ
သံတွေ ကြားထဲတွင် စားသောက်သူ နှစ်ဆယ်ခန့်တို့သည် စားသောက်ဖွယ်များ
အားရပါးရ စားနေကြ၏။ ထိုသူများမှာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်သမား
လွတ်များဖြစ်ကြပြီး လျှပ်စစ်ဓာတ်အားပြတ်သဖြင့် စက်နားတွင် အမြဲတမ်း
, စားနေကြသူများဖြစ်သည်။ ဆိုင်ပိုင်ရှင်မှာ နာဆားအမည်ရှိ မူဆလင်
မျိုးသားတစ်ဦးဖြစ်သည်။ နာဆားသည် ဒယ်အိုးငွေ့တွေ တထောင်း
ထောင်း ထွက်နေသော ဒယ်အိုးကြီးနှင့် မနီးမဝေး ကောင်တာတွင် ထိုင်လျက်
။ နာဆားသည် ထိုရပ်ကွက်ရှိ မတ်ဝါဒီ ကွန်မြူနစ်ပါတီ ကလာပ်စည်းခေါင်း
ဆောင်ဖြစ်သည်။ နာဆားသည် ရာသီဥတု မည်မျှ ပူပြင်းသည်ဖြစ်စေ သူ့
ပွဲခုံမှမထ။ ထိုနေရာမှနေ၍ ဒါဇင်ဝက်မျှသော သူ့အလုပ်သမားများကို
ကြပ်ခန့်ခွဲသည်။ သူ့အလုပ်သမားများက ကိုဗာစကီးကို "ဦးလေး" ဟု
သည်းကောင်း၊ "ဆရာကြီး" ဟု လည်းကောင်း ခေါ်ကြသည်။

အလုပ်သမားဆိုသည့်တိုင် ကြီးကြီးမားမားတွေ မဟုတ်။ ရပ်ကွက်ထဲမှ
င်းရဲသား ကလေးငယ်များဖြစ်ပြီး အကြီးဆုံးပင်လျှင် ရှစ်နှစ်ထက်မပို။
တို့သည် မနက် ခုနစ်နာရီမှ ညဉ့်သန်းခေါင်အထိ အလုပ်လုပ်ရပြီး အစား
သောက်နှင့် လခအဖြစ် ငွေတစ်ဆယ်စီရကြသည်။ သူတို့တွင် ဖိနပ်မပါ။
ကြိုက စုတ်ပြဲလျက်။ သူတို့သည် ရေတွင်းသို့သွား၍ ရေခပ်ရသည်။ စားပွဲ
ကို သုတ်ရသည်။ ယင်မောင်းရသည်။ စားသောက်ဖွယ်များကို ချပေးရသည်။
သောက်သူတို့ကို ခေါ်ရသည်။ သူတို့တစ်သိုက်ကို ကြည့်ရသည်မှာ
ပန်းသည်ဟူ၍ မရှိ။ ဟေးလားဝါးလားဖြင့် ပျော်နေကြ၏။ ဟင်းရွက်သင်နေ
သည့် ကလေးသုံးယောက်မှာ စိတ်မကောင်းသည့် ကလေးများဖြစ်သည်။

နာဆားသည် ထိုကလေးငယ်များကို လော်ရီများကြားတွင် တောင်းစားနေ
တွေ့သဖြင့် ခေါ်လာခဲ့ခြင်းဖြစ်သည်။ သူတို့သည် သည်မှာပင် အိပ်ကြသည်၊
ပိုင်ရှင်က သူတို့အတွက် တံစက်မြိတ်တွင် ကွပ်ပျစ်ကလေးတစ်လုံး
ပေးပြီး အပေါ်တွင် အိပ်စေသည်။ စားသောက်ပြီး ပန်းကန်များကို
မြင် တစ်ယောက်နှင့် မျက်စိတစ်ဖက်လပ်နေသူတစ်ဦးတို့က ဆေးကြော
သည်။ မျက်မမြင်ကြီးမှာ ဖြူဖွေးနေသည့် မုတ်ဆိတ်မွေး တိုနံ့နံ့ကလေးရှိ
ကိုရန်ကျမ်းစာမှ တရားစာများကို တတွတ်တွတ် ရွတ်နေတတ်
စကီးသည် ထိုဆိုင်နားသို့ ဖြတ်လျှင် သူနှင့် စကားပြောလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြားနားသော ကမ္ဘာလောကတစ်ခုမှ ရောက်လာသည့် အမေရိ... လူမျိုးတစ်ဦးအား ထိုသို့သော အပြောင်းအလဲများကို မည်သို့ သဘော... အောင် ပြရမည်နည်း။ သုခမြို့တော်အကြောင်းကို ဖြန်းစားကြီးသိ၍... ဆေးသောက်သလို နည်းနည်းစီ နည်းနည်းစီသိမှသာ ဖြစ်မည်။ ကိုဗာစ... အတွေ့အကြုံအရ သုခမြို့တော် အကြောင်းကို သိရေးသည် ချက်ချင်းလု... သော ကိစ္စမျိုးမဟုတ်။ တဖြည်းဖြည်းမှသာ လုပ်၍ရနိုင်သော ကိစ္စဖြစ်သ...

သို့ရာတွင် ရောက်သည့် ညနေမှာပင် သုခမြို့တော်အကြောင်း... ပို၍လျင်မြန်စွာ နားလည်စေသည့် အဖြစ်အပျက်တစ်ရပ် ပေါ်ပေါက်လာခဲ့... ထမင်းစားသောက်ပြီးသည့်အခါတွင် ကိုဗာစကီးသည် ဘင်္ဂါလီလူမျိုး... စားလေ့ရှိသည့် ဘာဖီးခေါ် သကြားလုံးတစ်လုံးပေးသည်။ ထိုစဉ် ခပ်သေ... လူတစ်ယောက်ဆိုင်ထဲသို့ ပြေးဝင်လာကာ ကိုဗာစကီး၏ ခြေထော... ဖက်ပြီး ဘင်္ဂါလီဘာသာဖြင့် တစ်စုံတစ်ရာကို ပြောနေသည်။ ထိုသူပြော... အရေးတကြီးဖြစ်နေပြီး လှိုက်လှိုက်လှဲလှဲ ပြောနေခြင်းဖြစ်သည်။ သူ့လက်... ကလေးများ ငုံးတိတိဖြစ်နေသည်ကို မက်စ် သတိပြုလိုက်မိသည်။

"သားဖွား ပညာရပ်ကို ခင်ဗျားသိတယ်နော်" ဟု ကိုဗာစ... ထိုင်ရာမှထရင်း သူ့ကိုမေး၏။

မက်စ်က ပခုံးကို တွန့်ပြလိုက်ရင်း...

"သိပ်တော့ မသိဘူး၊ ကျောင်းတုန်းက သင်ရသလောက်ပဲ သိ...

"ဒါဖြင့်လာဗျာ၊ ဘာမှ မသိတာနဲ့ စာရင်တော့ တော်သေးတာ... ဟောဒီက ကျွန်တော့် မိတ်ဆွေက ခင်ဗျားဆီမှာ အကူအညီ တောင်းစရာက... နေတယ်"

မက်စ်သည် အံ့အားသင့်နေသည်။ ကိုဗာစကီးက...

"ဟုတ်တယ်...ဒေါက်တာ၊ ခင်ဗျားကို ကလေးအသစ်က... တစ်ယောက်ပေးချင်လို့တဲ့"

"ဘာလဲ၊ ကျွန်တော်က မွေးပေးရမယ် ဆိုပါတော့"

"ခင်ဗျားက ဘယ်လို ထင်လို့လဲ"

သူတို့နှစ်ယောက်သည် လာခေါ်သူနောက်သို့ လိုက်လာခဲ့ကြ... ခြေသလုံးလောက် ရောက်သည့် ရွှံ့တွေဗွက်တွေထဲတွင် တစွတ်စွတ်...



လျှောက်လာခဲ့ကြသည်။ တစ်ခါတစ်ရံတွင် ဖိခနဲ တက်နင်းမိသဖြင့် ကြည့်လိုက်ရာ ရွှံ့ဗွက်ထဲတွင် ရောက်နေသော ခွေးသေကောင်၊ ကြွက်သေကောင်ဖြစ်နေသည်ကို တွေ့ရသည်။ အပူပိုင်းဇုန်တွင် ညသည် ချက်ချင်းရောက်လာတတ်သည်။ ညက မင်ရောင်လို မည်းမှောင်လျက်။

"အဲဒီနားမှာ ရေမြောင်းကြီးရှိတယ်နော်၊ မြောင်းကြီးထဲကို ကျသွားမယ်၊ သတိထား" ဟု ကိုဗာစကီးက ပြောသည်။ ထိုအနီးတဝိုက်တွင် သုခမြို့တော်မှ ဖြတ်သွားသည့် ခြောက်ပေခန့်နက်သော ရေမြောင်းကြီးတစ်ခုရှိသည်။

"ကျသွားရင် ဖလော်ရီဒါကမ်းခြေ သောင်စပ်ကို ရောက်သွားတယ်လို့ပဲ သဘောထားမှာပေါ့ဗျာ"

"ဖလော်ရီဒါ ကမ်းခြေကို ရောက်သွားတာက အရေးမကြီးဘူးဗျ၊ အဲဒီထဲကျသွားရင် အသက်မသေတာ ကံကောင်းတယ်လို့ ဆိုရမယ်။ အထဲရောက်သွားရင် အပုပ်နံ့တွေကြောင့် တစ်ခါတည်း အသက်ပျောက်သွားနိုင်တယ်"

သူတို့နှစ်ယောက်သည် နာရီဝက်ကြာမျှ လျှောက်လာခဲ့ကြသည်။ လမ်းဘေးတွင် လူများက သူတို့နှစ်ယောက်ကို တအံ့တသြဖြင့် ငေးကြည့်နေကြသည်။ ဒီအချိန်တွင် သူတို့ နှစ်ယောက် ဘယ်သွားနေကြသနည်း။

"ခေါင်းငုံ့...ခေါင်းငုံ့"

ကိုဗာစကီးက သတိပေးလိုက်၍ တော်တော့သည်။ သို့မဟုတ်လျှင် မက်စ်သည် ဝါးပိုးဖြင့် လုပ်ထားသည့် ထုပ်တန်းကို ခေါင်းနှင့် ဝင်ဆောင့်မိပေလိမ့်မည်။

"နောက်ကျရင် ခင်ဗျားလဲ ခေါင်းငုံ့တာကို အကျင့်ရသွားမှာပါ၊ ကိုယ့်ကိုယ်ကို နှိမ့်ချတဲ့ သဘောပေါ့ဗျာ" ဟု ကိုဗာစကီးက နောက်သည်။

မက်စ်သည် ကြီးမားတုတ်ခိုင်သော သူ့ခန္ဓာကိုယ်ကြီးကို ကိုင်းကာ လူတွေပြည့်ကျပ်နေသည့် ဝင်းတစ်ခုထဲသို့ ဝင်လာခဲ့၏။ ဆူညံစွာ စကားပြောနေကြသည့်တိုင် သူတို့နှစ်ယောက်ကို မြင်လိုက်သည်သည့်အခါတွင် အတိတ်ငြိမ်ကြီး တိတ်သွားသည်။ ဖယောင်းတိုင် မီးမှိန်မှိန်ကလေးထဲတွင် မက်စ်သည် ခေါင်းမရှိသော မျက်နှာများ၊ ရုပ်သေးရုပ်များလို လှုပ်ရှားနေသည့် လက်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိသော လက်များကို ကြည့်နေသည်။ ကိုယ်ရေရောဂါသည်တို့ ရပ်ကွက်သို့ ရောက်နေပြီကို သူသိလေပြီ။

အဆိုးဆုံးမှာ အနံ့အသက်ပင်။ အနံ့အသက်က ပုပ်ဟောင်ဟောင် ကိုဇာစကီး ပထမဆုံး တွေ့စဉ်က ကဲ့သို့ပင် မက်စ်သည်လည်း သူ့မျက်လုံးများ ကိုပင် သူမယုံနိုင်။ ယိုယွင်းပျက်စီးနေသော ထိုခန္ဓာကိုယ်များ၏ ခြေရင်းတွင် ကလေးများသည် ပျော်ရွှင်စွာ ကစားနေသည်။ ကလေးတွေက ကြော်ငြာစာရွက် ထဲမှ ခုန်ထွက်လာသည့် အကောင်းပကတိ ကလေးငယ်များလို ဝဝကစ်ကစ် မျက်နှာဖောင်းဖောင်းကလေးတွေနှင့်။ ဆံပင်ဖြူဖြူနှင့် လူကြီးတစ်ယောက်က သူတို့ နှစ်ယောက်ကို ညစ်ပတ်နေသော အခန်းတစ်ခုဆီသို့ ခေါ်သွားသည်။ အခန်းထဲမှ ညည်းသံသဲ့သဲ့ကို ကြားရ၏။ အခန်းထဲသို့ ဝင်မည်အပြု ပါး တို့ တွန့်လိမ်နေသည့် မိန်းမကြီး နှစ်ယောက်က သူတို့ကို ဆီးတားသည်။ ကွမ်းသွေးတွေ ပေနေသည့် သူတို့ပါးစပ်မှ ဆဲရေးတိုင်းထွာသည့် စကားလုံးများ ထွက်လာ၏။

“ဝမ်းဆွဲသည်တွေလေ၊ ကျွန်တော်တို့ ရောက်လာတော့ သူတို့ စော်ကားတယ်လို့ ထင်နေတာပေါ့” ဟု ကိုဇာစကီးက ပြော၏။

အဘိုးကြီးက မိန်းမကြီး နှစ်ယောက်ကို ခပ်ကြမ်းကြမ်းတွန်းပစ်လိုက် ပြီး သူတို့နှစ်ယောက်ကို အထဲသို့ ခေါ်သွားသည်။ လူတစ်ယောက် ယူလာသည့် ဖယောင်းတိုင် မီးရောင်ထဲတွင် ဖြူရော်သော မျက်နှာ၊ ဟောက်ပက်ဆော မျက်လုံးများနှင့် သူမှတ်မိသော မျက်နှာတစ်ခုကို မြင်ရသည်။

“ဟင်...မိထာ” ဟု ကိုဇာစကီးက တအံ့တဩဖြင့် ခေါ်လိုက်သည်။

သူ့မိတ်ဆွေ ကိုယ်ရေရောဂါသည် တစ်ဦး၏ ဇနီးဖြစ်သူ မိထာသည် အားအင် ကုန်ခန်းနေလေပြီ။ သူ့တစ်ကိုယ်လုံးမှာလည်း ရေချိုးထားသည့်နှယ် သွေးတွေနစ်နေ၏။ သို့ရာတွင် သူ့ကို မြင်လိုက်သည့်အခါ၌ မိထာသည် ယဲ့ယဲ့ပြုံးသည်။

“ဆရာကြီး”

မက်စ်က အပေါ်ကလွှမ်းထားသည့်စောင်ကို ခွာလိုက်စဉ် မိထာ ကိုဇာစကီးကို လက်ကမ်းပေးသည်။



“မြန်မြန်လုပ်မှ ဖြစ်မယ်ဗျို့။ နို့မို့ရင် ကိစ္စများနိုင်တယ်”

မက်စ်က ပြောသည်။

ကိုယ်ရေရောဂါသည်၏ ပေါင်ကြားထဲတွင် သွေးတို့ စွန်းပေနေသော ခေါင်းကလေးတစ်လုံးကို မြင်ရသည်။ ကလေးမှာ အပြင်သို့ ထွက်နိုင်သော အားမရှိ။ အမေကလည်း ညှစ်မပေးနိုင်တော့။ ကလေးသည် အသက်မှ ရှိပါသေး၏လော မဆိုနိုင်။

မက်စ်က အမျိုးသမီး၏ လက်ကောက်ဝတ်သွေးကို စမ်းရင်း...

“နှလုံးမရပ်အောင် လုပ်ဖို့လိုတယ်”

ကိုဇာစကီးသည် သူအမြဲဆောင်ယူလာသည့် ဆေးအိတ်ကို နှိုက်ရှာသည်။ ထိုအထဲတွင် အရေးပေါ် ကုသရန် ဆေးအချို့အမြဲပါတတ်သည်။ ပုလင်းတစ်လုံး တို့ သွားတွေ့လိုက်၏။

“ကိုရာမင်းတော့ ပါတယ်”

မက်စ်က ရှုံ့လိုက်၏။

“ဒီထက် ကောင်းတဲ့ဆေး မပါတော့ဘူးလား၊ နှလုံးကို အားကောင်းစေတဲ့ ဆေးတစ်ခုခု”

သူ့အမေးကြောင့် စိတ်ပူနေသည့် ကြားကပင် ကိုဇာစကီးမရယ်ဘဲ နေနိုင်။

“ခင်ဗျားက ကျုပ်ကို မီယာမီက ဆေးဆိုင်ပိုင်ရှင်များ အောက်မေ့နေ သလား”

ထိုအခါကျမှ မက်စ်ကလည်း အားယူ၍ ပြုံးရသည်။ ကိုဇာစကီးသည် ဆေးတစ်ခွက်ကို ဖောင်းပြီးနောက် ရေထဲသို့ ဆေးစက်ချလိုက်သည်။ ထို့နောက် ကိုယ်ရေရောဂါသည် အမျိုးသမီး၏ အိပ်ရာဘေးတွင် ဒူးထောက်ထိုင်ချလိုက်ကာ သူ့ခေါင်းကို မ,ထူပြီး ဖြည်းညင်းစွာ ဆေးတိုက်သည်။ သူ့နဖူးပေါ်မှ ချွေးသီးချွေးပေါက်များသည် ဆေးခွက်ထဲသို့ ကျသွား၏။ တဲထဲမှာပင် ရှိန်သည် တစ်ရာ့တစ်ဆယ်လောက် ရှိလိမ့်မည်။

“ကဲ...အားရှိသမျှ ကြိုးစားပြီး ညှစ်ထုတ်ခိုင်းစမ်းဗျာ”

ဟု မက်စ်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဖာစကီးသည် ဘင်္ဂါလီဘာသာဖြင့် ပြောပြ၏။ မိထာသည် အားကုန်ညှစ်၏။ ညှစ်လိုက်ရသဖြင့် အသက်ကို မဝတဝရှုရင်း မောနေသည်။ နာကျင်လွန်းသဖြင့် မျက်ရည်တွေကျလာ၏။

"မဟုတ်ဘူး၊ ဒီလိုမညှစ်ရဘူး၊ ပြောစမ်းပါဦးဗျာ၊ ပထမ အသက်ဝဝအောင်ရှုထုတ်လိုက်၊ မြန်မြန်လုပ်လေ၊ မြန်မြန်"

မက်စ် တစ်ကိုယ်လုံးမှာလည်း ချွေးတွေ နစ်နေသည်။ မက်စ်သည် မျက်နှာမှ ချွေးများကို သုတ်လိုက်၏။ ပါးစပ်ထဲတွင် အော်ဂလီဆန်လာ အန်ချင်သလိုလို ဖြစ်လာသည်။ အပူရှိန်ကြောင့်လော...ကျွဲအူပြုတ်တွေ စား သောကြောင့်လော...၊ အနံ့အသက်တွေကြောင့်လော။ ရင်ထဲတွင် ပျို့လာ မနေနိုင်အောင် အန်ချင်လာလေပြီ။ ကိုဖာစကီးသည် စက္ကူကဲ့သို့ ဖြူဖွေးသွား သော မက်စ်၏ မျက်နှာကို ကြည့်ရင်း လက်ထဲတွင်ရှိသည့် ကိုရာမင်း ပုလင်း ထဲမှာ ဆေးရည်များကို ခွက်ထဲသို့ နောက်ထပ် လောင်းထည့်လိုက်သည်။

"ရော့...ရော့၊ ဒါလေးသောက်လိုက်"

မက်စ်သည် အမျိုးသမီးသောက်ထားသော ဆေးခွက်ကို စိုက်ကြည့်၏။

"ကျွန်တော်က ဘာဖြစ်လို့ သောက်ရမှာလဲ၊ ခင်ဗျား ရူးနေသလား"

"မတတ်နိုင်ဘူးလေ၊ သောက်မှ ဖြစ်မှာပေါ့၊ ခင်ဗျားကို ကြည့်နေကြတာ ခင်ဗျား ပျို့အန်နေတာကို မြင်ရင် ခင်ဗျားကို ဘယ်မှာ ယုံကြတော့မလဲ ကိုယ်ရေရောဂါသည်တွေ အကြောင်းကို ခင်ဗျား မသိပါဘူးဗျာ"

မက်စ်၏ မျက်နှာမှာ ပြာနှမ်း၍လာလေပြီ။

"သောက်လိုက်ပါဗျာ၊ ရောဂါကူးမှာကို စိတ်မပူပါနဲ့။ သူ့လို ကိုယ်ရေ ရောဂါမျိုး ခင်ဗျားမဖြစ်နိုင်ပါဘူး၊ ဒီရောဂါမျိုးက မကူးစက်တတ်ပါဘူး"

မက်စ်သည် ခွက်ကိုယူကာ မျက်လုံးကို မှိတ်လိုက်ပြီးနောက် ခွက်ထဲ ဆေးရည်တို့ကို တစ်ကျိုက်တည်း မော့ချလိုက်သည်။ မျက်လုံးတွင် ဆေးခြယ် ထားသည့် မိန်းကလေးတစ်ယောက်အနီးသို့ ရောက်လာပြီး သူ့ကို ကတ်ကြေး တစ်ခုဖြင့် ယပ်ခပ်ပေးသည်။ အနည်းငယ် နေသာထိုင်သာရှိသွား၏။ မက်စ် သည် ငုံ၍ အမျိုးသမီးအခြေအနေကို ကြည့်သည်။ ကလေးငယ်မှာ အပြင် ထွက်လာလေပြီ။ သို့ရာတွင် ထွက်ရိုးထွက်စဉ် မဟုတ်။ အပြင်သို့ ပြူထွက်



လာသည့် အရာသည် ကလေးငယ်၏ ခေါင်းမဟုတ်။ ကုပ်ပိုးဖြစ်နေသည်။ ကလေးအပြင်ရောက်အောင် လုပ်ရန်မှာ တစ်နည်းသာရှိသည်။ ကလေးကို လှည့်ပေးမှ ရတော့မည်။

"ကလေးက အသက်ကော ရှိသေးရဲ့လား"

"နားကျပ်မှ မရှိတာ၊ ဘယ့်နှယ်လုပ်ပြောနိုင်မလဲ"

မက်စ်သည် ကိုယ်ရေရောဂါသည် အမျိုးသမီး၏ ဗိုက်နားသို့ ကပ်၍ နားထောင်ကြည့်သည်။ ပြန်၍ ခေါင်းမော့လိုက်သည့်အခါတွင် သူ့မျက်နှာက စိတ်ပျက်သည့် အမူအရာ။

"နှလုံးခုန်သံတော့ မကြားရဘူး၊ ဒါပေမယ့် ဒါက အရေးမကြီးပါဘူး၊ ကလေးက အနေအထား မှားနေတယ်၊ ညှစ်အောင် ပြောစမ်းပါ"

ကိုရာမင်း၏ တန်ခိုးက စွမ်းသည်။ ကိုယ်ရေရောဂါသည် အမျိုးသမီး သည် ပို၍ ညှစ်အားကောင်းလာ၏။ ညှစ်လိုက်တိုင်း ကလေးကို တတ်နိုင် သလောက် လှည့်ပေးရမည်။ ထိုနည်းသာလျှင် ရှိတော့သည် မဟုတ်လော။

"ခင်ဗျား ဟိုဘက်ကသွားထိုင်ဗျာ၊ ကျွန်တော်က ကလေးကို လှည့်ပေးတုန်းမှာ ခင်ဗျားက သူ့ဗိုက်ကို အထက်ကနေအောက်ကို အသာကလေး ဖိချပေးစမ်း၊ ဒါမှ ကလေးအောက်ကို ရောက်လာမယ်"

ကိုဖာစကီးက တစ်ဖက်သို့ ရောက်သွားသည်နှင့် မက်စ်သည် ကလေးငယ်၏ ကုပ်ကြားထဲသို့ လက်လျှိုလိုက်သည်။ မိထာက နာလွန်းသဖြင့် ညည်းသည်။

"အသက်ကို အားရပါးရ ရှူပြီး ဖြည်းဖြည်း ပြန်ထုတ်၊ ကိုယ်ကို မလှုပ်နဲ့လို့ပြော"

ကိုယ်ရေ ရောဂါသည် အမျိုးသမီး၏ ကြွက်သားများသည် တင်းမာ လာကြ၏။ ခေါင်းကို နောက်သို့ လှန်ကာ မျက်နှာကို မဲ့ပြီးနောက် အားကုန် ညှစ်နေသည်။

နောက်အဖြစ်အပျက်များမှာ ယုံနိုင်စရာပင်မရှိ။ မက်စ်က ကလေးငယ်၏ ကုပ်ကို လက်ချောင်းများဖြင့် ဆွဲလှည့်နေစဉ် သူ့ခေါင်းပေါ်သို့ သိုးမွေးလုံး နှစ်လုံး ဖုတ်ခနဲကျလာကာ ထိုမှတစ်ဆင့် ကလေးအမေဗိုက်ပေါ်သို့ ကျသွားသည်။ တဲအမိုးတွင် အပူရှိန်ကြောင့် မသေဘဲ ကျန်ရစ်ခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



ကြွက်ကြီးနှစ်ကောင်ဖြစ်သည်။ ကြွက်ကြီးတွေက ကြောင်လောက်ရှိသည် မက်စ်သည် လန့်ဖျပ်သွားကာ လက်ကို ပြန်ရုပ်လိုက်သောကြောင့် သို့တည်းမဟုတ် ဗိုက်ပေါ်သို့ ကြွက်ကျလာသဖြင့် လန့်သွားသောကြောင့် မသိ။ ကလေး၏ ကိုယ်ခန္ဓာအနေအထားမှာ ပုံမှန်ဖြစ်သွားသည်။

"ညှစ်ပေး၊ ညှစ်ပေး" ဟု မက်စ်က ပြောသည်။ ဆယ်စက္ကန့်လော အကြာတွင်မူ အမြှုပ်တွေ၊ အရည်အချွဲတွေကြားထဲက အသားတစ်, တစ်တ မြင်ရ၏။ သွေးများသည် သူ့လက်ပေါ်သို့ စီးကျလာကြသည်။ မက်စ်သည် အသားတစ်ကလေးကို ဆုတစ်ခုကို ကောက်ယူလိုက်သလို ကောက်ယူလိုက်

ကလေးက အကောင်းပကတိ။ ယောကျ်ားကလေးဖြစ်ပြီး ခြောက်ပေ လောက်ရှိသည်။ ကလေး၏ ရင်သည် ဖောင်းလာကာ ပါးစပ်ဟလိုက်ပြီးနော အူဝဲသံပေးလိုက်သည်တွင် တစ်ဝင်းလုံး ဝမ်းသာသွားကြသည်။ ဝမ်းဆွဲသည တစ်ယောက်က ချက်ကြိုးကိုဖြတ်ပြီး ဂုန်နီကြိုးတစ်ချောင်းဖြင့် ချည်ပေးလို ၏။ တစ်ယောက်က အင်တုံတစ်လုံးဖြင့် ရေသယ်လာသည်။

မက်စ်သည် မည်းကြုတ်နေသော ကလေး၏ အသားအရောင် မြင်လိုက်သဖြင့် လန့်သွားသည်။ ကိုယ်ရေရောဂါသည်များကြားသို့ ဗြဟ္မာ လာရောက်လေ့မရှိသဖြင့် ကိုဗာစကီးကပင် ကင်ပွန်းမင်္ဂလာကို လုပ်ပေးရသည် ထိုစဉ် သူ့ခြေထောက်ကို တစ်စုံတစ်ယောက်လာထိသဖြင့် ငုံ့ကြည့်လိုက် ဘီးတပ်လှည်းကလေးဖြင့် ရောက်လာသော အန်နွာကို တွေ့ရသည်။

"ဆရာကြီး မွေးပေးလို့ ကျွန်တော့်သားကလေး အသက်ရှင်တာပါ

အန်နွာသည် ဆန်အနည်းငယ်ကို ယူလာပြီးနောက် ကိုဗာစကီး ပေး၏။

"ဆရာကြီး၊ ဒီဆန်တစ်ဆုပ်ကို ကျွန်တော့် သားလေးဘောမှာ ကြဲ ဆရာကြီးရယ်၊ ဒါမှ ကျွန်တော့်သားလေး စည်းစိမ်ချမ်းသာနဲ့ နေရမှာ"

ထိုနောက် အန်နွာသည် ဝမ်းဆွဲသည် တစ်ဦးထံမှ မီးခွက်ကို ယူသ ထုံးစံအရ ထိုမီးခွက်မှ မီးစာသည် နောက်တစ်နေ့မနက်အထိ လင်းနေရ မည်။ သို့မဟုတ်ဘဲ ငြိမ်းသွားလျှင် ကလေးငယ်သက်ဆိုးမရှည်ဟု ယူဆကြသ

သူ၏ ဇနီးလောင်းထံသို့ ပေးသည့် ပထမဆုံးစာထဲတွင် ထိုအကြောင်းကို အားပါးတရ ရေးထားသည်။



"ကိုယ်ရေရောဂါသည်တွေ အားလုံးလည်း ဝမ်းမြောက်ဝမ်းသာဖြစ် နေကြတယ်။ ဝမ်းသာလွန်းလို့ သူ့တို့ရဲ့ လက်ချောင်းမရှိတော့ဘဲ ငုံးတိတိ လက်တွေနဲ့ ကိုယ့်လည်ပင်းကို လာဖက်ကြတယ်။ သူတို့ရဲ့ မျက်နှာတွေနဲ့ ကိုယ့်မျက်နှာကို လာအပ်ကြတယ်။ ခြေကျိုးနေတဲ့ သူတွေကလည်း သူတို့ချိုင်း ထောက်ကြီးတွေကို ကိုင်ပြီး တဖျောင်းဖျောင်းရိုက်ကြတယ်။ ဝမ်းဆွဲသည် တွေကလည်း ပျော်ကြတယ်။ ကလေးတွေက ကိုယ်တို့ဖို့ ဘီစကွတ်တွေကို ယူလာကြတယ်။ စေတနာနဲ့ ကျွေးတာဆိုတော့ စားရတာပေါ့။ ကိုယ်ဖြင့် မျိုးလို့တောင် ကောင်းကောင်းမရဘူး။ အော်ဂလီဆန်နေတယ်။ ဝင်းထဲမှာ သူတို့ ကိုယ်ကထွက်တဲ့ အနံ့တွေက တဲကလေးထဲက အနံ့ထက်တောင် ဆိုးသေးတယ်လို့ ထင်တယ်။ ဒါပေမယ့် ကိုဗာစကီးကတော့ နေသားကျ နေပြီလေ။ လက်ချောင်းမပါဘဲ ငုံးတိတိလက်တွေကို ဆွဲပြီး အားပါးတရ နှုတ်ဆက်နေတယ်။ ဒါဟာ ကိုယ့်ရဲ့ ကာလကတ္တားက ပထမဆုံးညပဲလေ။"

## ၄၇

ကာလကတ္တားဆိုတဲ့ တောကြီးမြက်မည်းထဲမှာ ကျားတွေ၊ မြွေတွေတင် ဘာမဟုတ်ဘူး။ သိုးကလေးတွေ၊ ချိုးကလေးတွေလည်း ရှိပါတယ်။ တက္ကစီ ဒရိုင်ဘာတွေထဲမှာတောင် ရှိပါတယ်"

ဟာစရီပါးက ပြောတတ်သည်။

ယေဘုယျအားဖြင့် ပြောရလျှင် ကာလကတ္တားက တက္ကစီဒရိုင်ဘာများ သည် ဘယ်သူ့သေသေ ငတေမာပြီးရောဆိုသည့် လူစားများဖြစ်ကြသည်။ ထို့တွင် "လူမြင်းများ" အပေါ်ငဲ့ညှာထောက်ထားမှု ဆို၍လည်း နည်းနည်း လေးမျှမရှိ။ တက္ကစီဒရိုင်ဘာများသည် အနက်နှင့် အဝါကျား တက္ကစီကားများ တွင် မဟာရာဇာတွေလို အခန့်သားထိုင်ရင်း အခါအခွင့်သင့်တိုင်း များသမားများပေါ်တွင် မောက်မာကြသည်။ အနိုင်ကျင့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ယာဉ်အသွားအလာ ရှုပ်ချိန်တွင် တက္ကစီ "မဟာရာဇာ" သည် ဟာစရီပါးနှင့် သူ့လန်ချားကလေးကို မြောင်းထဲ အောင် တိုက်မိလိုက်သည်။

ဤတွင် အံ့ဖွယ်သရဲဖြစ်ရပ်တစ်ခု ပေါ်လာသည်။

တက္ကစီသည် တုံ့ခနဲရပ်သွားကာ ကားထဲမှ တက္ကစီဒရိုင်ဘာ ဆင်း သည်။ တက္ကစီဒရိုင်ဘာမှာ အရပ်ပုပု၊ သေးသေးညှက်ညှက်ဖြစ်ပြီး ကုပ်ပေါ် အမာရွတ်ကြီးတစ်ခု ကန့်လန့်တင်နေသည်။ ဒရိုင်ဘာမှာ မုတ်ဆိတ်ဖား ဦးပေါင်းထုပ်ကြီးနှင့် ဓားမြှောင်ကြီး ခါးထိုးထားသည့် ပန်ချာပီကြီးမဟု ဟာစရီပါးတို့ ဘီဟာနယ်သားဖြစ်ပြီး သူတို့ရွာနှင့် မိုင်နှစ်ဆယ်လောက် သည့် ဂင်္ဂါမြစ်ကမ်းပေါ်ရှိ ရွာကလေးတစ်ရွာမှဖြစ်သည်။ ဒရိုင်ဘာက မော် ကားပေါ်မှ ဆင်းလာကာ မြောင်းထဲသို့ကျသွားသည့် လန်ချားကလေး ကူ၍ ဆွဲတင်ပေးသည်။ ထိုမျှမကသေး။ သူနှင့်လိုက်ပြီး ဘန်ဂလာတင် တစ်ဖလားလောက် လိုက်သောက်ရန်လည်း ဖိတ်မန္တကပြုသည်။

နောက်တစ်နေ့တွင် တက္ကစီဒရိုင်ဘာသည် မိုးတွေ သည်းထန် ရွာနေသည့်ကြားမှာ သူ့တက္ကစီဖြင့် လန်ချားဆိပ်သို့ ပေါက်လာသည် သူတို့နှစ်ယောက်သည် မိမိတို့ ယာဉ်များကို ခဏခွဲခွာကာ ပန်းခြံနောက်ဘက် ဘုံဆိုင်ထဲတွင် ဆက်ရက်မင်း၏ စည်းစိမ်ကို ခံစားကြသည်။

တက္ကစီဒရိုင်ဘာ၏ အမည်မှာ မနစ်ရှိုင်းဖြစ်သည်။ သူသည် အစတုန်း ဘတ်စ်ကား ဒရိုင်ဘာဖြစ်၏။ တစ်ညတွင် အဝေးပြေး ဝေတစ်ရာလမ်းပေါ် သူ့ဘတ်စ်ကားကို ဓားပြတိုက်ခံရသည်။ ဓားပြတို့က ခရီးသည်များ ကားပေါ်မှ အဆင်းခိုင်းကာ ပါသမျှကို ယူကြသည်။ ထို့နောက် ဓား ခုတ်သတ်ကြသည်။ နောက်တစ်နေ့ မနက်တွင် ဓားဒဏ်ရာများဖြင့် မသေ မပျောက် ကျန်နေသော မနစ်ရှိုင်းကို တွေ့ရသည်။ ဘာကြောင့် မသေမပျော ကျန်ရစ်ခဲ့သည်ကိုမူ မည်သူမျှ မပြောနိုင်။ သို့ရာတွင် သူ့လည်ကုပ်ပေါ်မှ အမာရွတ်ကြီးက ကန့်လန့်ဖြတ် ကျန်ရစ်ခဲ့သည်။ ထိုအချိန်မှစ၍ သူ့နာမည်သည် ချိမော့ကား "အံ့ဘွယ်" ဟု တွင်ခဲ့ခြင်းဖြစ်သည်။

ဟာစရီပါး၏ အမြင်တွင် မနစ်သည် တကယ်လည်း အံ့ဖွယ်ဖြစ်နေသည် သို့ရာတွင် မသေမပျောက် ကျန်ရစ်ခဲ့သဖြင့် အံ့ဖွယ်ဖြစ်နေခြင်း မဟုတ်



ခြား အကြောင်းကြောင့်ဖြစ်သည်။ မနစ်က သူလို လန်ချားလှည်းသန်ကို ကိုင်ရသည်မဟုတ်။ ချောမွေ့နေသည့် မော်တော်ကား လက်ကိုင်ဘီးကို ကိုင်ရသည်။ သူ့ခြေထောက်လို ကတ္တရာလမ်းပေါ်၊ ချိုင့်တွေ ကျင်းတွေပေါ်တွင် ပြေးလွှားနေရသည် မဟုတ်။ မနစ်၏ ခြေထောက်များက ရော်ဘာ ခြေနင်းခုံကလေး သုံးခုပေါ်တွင် ကျွမ်းကျင်စွာ လှုပ်ရှားနေရုံမျှသာဖြစ်သည်။ သူ့လို ဈေးတွေ့သံတွေ့ အခွဲ့သားဖြင့် ခါးကျိုးမတတ် ရုန်းကန် လှုပ်ရှားရသည် မဟုတ်။ အမွှေးနုနုတ်မင်း၏ စစ်ရထားထက် အံ့သြဖွယ်ကောင်းသော ဓိမ်ကျသော ထိုင်ခုံပေါ်တွင် အေးအေးသက်သာ ထိုင်ကာ သူ့ကလေးတွေကို ထမင်းဝဝ ကျွေးနိုင်သူဖြစ်သည်။

ယခုနေ တက္ကစီတစ်စင်းလောက်များ မောင်းလိုက်ရလျှင် မည်မျှ ကောင်းကျမည်နည်း။

တစ်နေ့တွင် ဘိသျှဝါကာမ နတ်မင်း၏ လက်ရုံးလေးသွယ်တို့သည် သူ့လန်ချားအိုကလေးကို ထိလိုက်လျှင် ကာလကတ္တားမြို့ လမ်းမကြီးများပေါ် တွင် တဝီဝီပြေးနေသည့် အနက်နှင့် အဝါကျား တက္ကစီလေးတစ်စင်းဖြစ် သွားလျှင် မည်မျှ ကောင်းလေမည်နည်း။

ကာလကတ္တားမြို့ရှိ လန်ချားသမားအားလုံး တောင့်တကြသည့်နည်းတူ ဟာစရီပါးလည်း တက္ကစီလေးတစ်စင်းလောက်တော့ မောင်းချင်သည်။ မောင်းတတ်ချင်သည်။

တစ်နေ့တွင် အံ့ဖွယ်က ဟာစရီပါးကို သူနှင့်အတူ တက္ကစီလိုက်စီးဖို့ ခေါ်သည်။ ဟာစရီပါးအတွက် သည့်ထက်ကောင်းသည့် လက်ဆောင်မရှိနိုင်ပြီ။

"ရာမဓာတ်ထဲကလိုပေါ့ဗျာ၊ မျောက်စစ်တပ်ကြီးနဲ့ လင်္ကာဒီပကို ချီတက်သွားရလို့ ဝမ်းသာတာပေါ့"

ဟာစရီပါးက ပြောသည်။

ဟာစရီပါးသည် မည်မျှ ဓိမ်ရှိပါသနည်း။ ကူရှင်ကြီးကလည်း အိစက်လို့။ ဖြည်းနည်းကလေး လှုပ်လိုက်သည်နှင့် သူ့ခန္ဓာကိုယ်သည် ကူရှင်ကြီးထဲတွင် နစ်သွားသည်။ သူ့ရှေ့တွင် ကြည့်လိုက်တော့ မော်တော်ကား အင်ဂျင်စက်၏ ဂုဏ်မာရေးကို ညွှန်ပြနေသည့် ပစ္စည်းတွေ။ နာရီမျက်နှာပြင်ပေါ်က နာရီလက်တံတွေ၊ အိမ်မြှောင်ကလေးတွေ။

www.burmeseclassic.com

www.burmeseclassic.com



ကိုအံ့ဘွယ်က အပေါက်ကလေးထဲသို့ သော့တံကလေးတစ်ခု... လှည့်လိုက်သည်နှင့် စက်ခေါင်းဖုံး အောက်မှစက်သံမြည်လာသည်။ ထို... ခြေနင်းကလေးတစ်ခုကို နင်းလိုက်ပြီး လက်ကိုင်ဘီးအောက်က ... တစားလိုက်သည်။

"သိပ်အံ့သြဖို့ ကောင်းတယ်ဗျာ၊ ဘာမှ မလုပ်လိုက်ရဘူး။ ခြေ... ကလေးနဲ့ နင်းပြီး အတံကလေးကို ဟိုရွှေ့ သည်ရွှေ့လုပ်လိုက်... မော်တော်ကားကြီး ပြေးအောင်လုပ်နိုင်တယ်ဆိုတာ တော်တော့်ကို အံ့သြဖို့... တယ်၊ ပြီးတော့ ဗိုပြီး အံ့သြစရာကောင်းတာက အဲဒီလိုလုပ်ထားလို့... ကားကြီး သွားနေတာပဲဗျ၊ ပြီးတော့ နည်းနည်း အရှိန်မြန်ချင်လို့ ... လွယ်လွယ်ကလေးရယ်၊ အောက်က ခြေနင်းကလေးကို ခြေထောက်နဲ့ ... ကလေး နင်းထားလိုက်ရုံပဲ"

ဟာစရီပါးက ပြောသည်။ ဟာစရီပါးသည် တအံ့တသြဖြစ်... သူ့ရောင်းရင်းကြီး ကိုအံ့ဘွယ်လုပ်ပုံကို ငေးကြည့်နေသည်။ သူကော သ... ကားမောင်းရင် ဖြစ်မလားဟု သူစဉ်းစားနေသည်။ အံ့ဘွယ်သည် အရင်... တုန်းကလည်း တက္ကစီမောင်းသမား ဖြစ်ခဲ့မည်ထင်သည်။ ထို့ကြောင့်... သည်လောက် ကျွမ်းကျင်နေခြင်းဖြစ်ရမည်။ သို့မဟုတ်လျှင်လည်း ယခု... ရောက်မှ ကားမောင်းတတ်လာခြင်းလည်းဖြစ်နိုင်သည်။

ဒရိုင်ဘာ ကိုအံ့ဘွယ်က သူ့မိတ်ဆွေဝေခွဲမရဖြစ်နေပုံကို သိဟန်တူ...

"တက္ကစီမောင်းရတာက ခင်ဗျားတို့ လန်ချားကို ဆွဲရတာထက် ... ပါတယ်၊ ဟောဒီမှာကြည့်။ ဒါလေးကို အသာကလေးနင်းလိုက်ရင် ချက်ချ... ရပ်သွားတယ်။"

မော်တော်ကားက တုံ့ခနဲ ရပ်သွားသဖြင့် ဟာစရီပါး၏ ခေါင်းသည်... လေကာမှန်နှင့် သွားဆောင့်မိသည်။

အံ့ဘွယ်က သူ့ကိုကြည့်၍ တဟားဟားရယ်သည်။

လန်ချားသမား ဟာစရီပါးသည် ကမ္ဘာလောကသစ်ကို တွေ့နေသည်... ထိုကမ္ဘာလောကမှာ သူတို့လောကလို ကြွက်သားတွေကို ခိုင်းစားသည့်... လောကမဟုတ်။ စက်တွေကို ခိုင်းစားသည့် လောကဖြစ်သည်။ ပင်ပန်းအ... ကုန်ခြင်း မရှိသည့် လောကဖြစ်သည်။ အလုပ်လုပ်ရင်း စကားပြောနိုင်... ဆေးလိပ်သောက်နိုင်၊ ရယ်မောနိုင်သည့် လောကဖြစ်သည်။



တက္ကစီဒရိုင်ဘာ ကိုအံ့ဘွယ်သည် ကာလကတ္တားမြို့ကြီး၏ အထက်တန်း... သည့် နေရာမှန်သမျှကို ကောင်းကောင်းသိသည်။ ပန်းခြံလမ်းတစ်ဝိုက်က ...ကောင်းစား ပျော်ပွဲစားရုံများ၊ ညကလပ်များ၊ ဟိုတယ်များကိုလည်း ...သည်။ သူသည် သည်နားတစ်ဝိုက်က ဟိုတယ်ကြို့များ အားလုံးနှင့်လည်း ...ကျွမ်းသည်။ ဟိုတယ်ကြို့များက သူ့ကို တက္ကစီခကောင်းကောင်းပေးကြ...သည်။ ဟိုတယ်ကြို့များသည် ဟိုတယ်များမှ စားပွဲထိုးများနှင့် တံခါးစောင့်များ... ပေါင်းထားကြသည့် ပွဲစားများဖြစ်သည်။

သို့ဖြင့် သူတို့လုပ်ငန်းကြီးသည် အိပ်မက်တစ်ခုလို အဆင်ပြေနေသည်။

ပန်းခြံလမ်း ဟိုတယ်ရှေ့သို့ ရောက်သည့်အခါတွင် ကိုအံ့ဘွယ်သည် ...နေ့အဖို့ ပထမဆုံး ခရီးသည်နှစ်ဦးကို ရသည်။ ခရီးသည်များမှာ နိုင်ငံခြားသား...ဖြစ်၏။ သူတို့က လေဆိပ်သို့သွားချင်သည်။

"ဒီတုန်းမှာကိုအံ့ဘွယ်က တက္ကစီပေါ်က ဆင်းလာပြီး မော်တော်ကား...က်ဝဲဖက် လေကာမှန်နားမှာ ကပ်ထားတဲ့ သေတ္တာကလေးတစ်ခုက ခလုတ်...ကလေးတစ်ခုကို နှိပ်လိုက်တော့ ထောက်ဆို အလံကလေးလို ကတ်ပြားကလေး...ထောင်တက်လာတယ်ဗျာ။ အဲဒီသေတ္တာကလေးပေါ်မှာ ကျွန်တော်ကြည့်လို့...ရနိုင်တာကလေးရှိတယ်ဗျာ၊ ဒါနဲ့ လေယာဉ်ကွင်းသာ ရောက်ရော ကျွန်တော်... ဒီ သေတ္တာကလေးကိုပဲ စိုက်ကြည့်လာခဲ့တာပဲ၊ မော်တော်ကားပြေးနေတုန်းမှာ ...းစက္ကန့် ခြောက်စက္ကန့်လောက် အတွင်းမှာ သေတ္တာပေါ်မှာ ဂဏန်းကလေး ...တွ တစ်ခုပြီး တစ်ခု ပြောင်းသွားတယ်ဗျ၊ ကျွန်တော့် မိတ်ဆွေ ကိုအံ့ဘွယ်ရဲ့ ...တ်ထဲကို ကျပ်ပြားတွေ တစ်ပြားပြီး တစ်ပြားဝင်သွားတာကို မျက်စိနဲ့ ...ပ်အပ်မြင်နေရတာပေါ့ဗျာ၊ ဒီလို စက်မျိုးကလေး သေတ္တာမျိုးကလေးကို ...ါကာမ နတ်မင်းကြီးမှ တီထွင်နိုင်မှာပါဗျာ၊ လူတွေ တီထွင်လို့ရမှာ ...ဟုတ်ပါဘူး၊ ကြည့်လေ၊ သေတ္တာကလေးထဲက ကျပ်ပြားတွေ တစ်ပြားပြီး ...စ်ပြား ထုတ်ပေးနေတဲ့ စက်မျိုး ဘယ်သူ ထွင်နိုင်မှာလဲ၊ လူချမ်းသာ ...က္ကစီပိုင်ရှင်တွေကတော့ ချမ်းသာပြီးရင်း ချမ်းသာရင်းပေါ့၊ တကယ် ...ယုံနိုင်စရာကြီးဗျာ၊ ကျွန်တော်တို့ လန်ချားဝါလားတွေကတော့ ဒီလို ချက်ချင်း ...ကျပ်ပြားတွေတစ်ပြားပြီး တစ်ပြား ခုန်ထွက်နေတဲ့ စက်ကလေးမျိုးကို ဘယ်မှာ ...မြင်ဖူးပါ့မလဲ၊ ခရီးသွားလေလေ ပိုက်ဆံက တက်လာလေလေ၊ ကျွန်တော် ...တို့ လန်ချားတွေမှာတော့ သွားမယ့်ခရီးကို မေးပြီး ပိုက်ဆံကို ကြိုပြောထားတော့

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ပိုက်ဆံတက်လာစရာ မရှိတော့ဘူးပေါ့၊ ပိုက်ဆံတိုးတောင်းချင်လို့လဲ ခရီးသည်နဲ့ စကားတွေ ပြောနေရသေးတယ်၊ ဟော…သူတို့ စက်ကဆေးတွေကတော့ ဘယ်လောက် ဟန်ကျသလဲ၊ ခရီးသည်နဲ့လဲ စကားမပြောရဘူး၊ ခြေနင်းကလေးတစ်ချက် နင်းလိုက်တာနဲ့ ငွေစက္ကူတွေကရလာတာ စပါးကွင်းထဲ လယ်ကွင်းထဲမှာ စပါးပင်တွေ ပေါက်သလို ပိုက်ဆံတွေ ဘယ်က ဘယ်က ပေါ်လာမှန်း မသိဘူး၊ လေပြင်းတိုက်တဲ့နေ့မှာ နင်းဆီပွင့်များ ပွင့်ရင် မယုံနိုင်စရာကောင်းသလို လယ်ကွင်းတွေထဲက စပါးပင်တွေ ပေါက်သလို ငွေစက္ကူတွေ အပင်ဖြစ်ပြီး ပေါက်လာသလား အောက်မေ့ရတာ

ကိုအုံ့ဘွယ်က သူ့တက္ကစီကားကို လေယာဉ်ကွင်းအပြင်ဘက်မှာ ရပ်လိုက်သည့်အခါ မီတာ သေတ္တာပေါ်တွင် ပြထားသော ငွေအရေအတွက်များလွန်းသဖြင့် ဟာစရိပါးသည် မယုံနိုင်အောင်ဖြစ်နေသည်။ မီတာ သေတ္တာပေါ်တွင် ပြနေသည့် ဂဏန်းများသည် ကျပ်ငွေကို ပြသည့် ဂဏန်းမှ ဟုတ်ပါလေစဟုလည်း သူတွေးမိသည်။

သို့ရာတွင် ထိုငွေများသည် ကျပ်ကိုပြသည့် ဂဏန်းများဖြစ်ပါသည်။ အလိုလေးလေး ခရီးလေးတစ်ခေါက်အတွက် ကျသင့်ငွေမှာ သုံးဆယ့်ငါးကျပ်ဆိုပါကလား။ သည်ငွေသည် သူ့သီတင်းတစ်ပတ်စာ လုပ်ခလောက်ရှိသည်

လေယာဉ်ကွင်းမှ အပြန်တွင် ကိုအုံ့ဘွယ်သည် မော်တော်ကားဒါကာ နတ်လမ်းက မော်တော်ကားရုံကြီးတစ်ရုံဆီသို့ မောင်းလာခဲ့သည်။

"ခင်ဗျားမှာ ပိုက်ဆံကောင်းကောင်း စုမိပြီဆိုရင် နောင်ရေးအတွက် ဒီကို လာရတယ်ဗျ" ဟု ကိုအုံ့ဘွယ်က ဆိုသည်။

နောင်ရေးသို့ သွားရာလမ်းအတွက် လက်မှတ်မှာ စာရွက်အနီဖုံးထားသည့် စာအုပ်ကလေး တစ်အုပ်ဖြစ်ပြီး စာအုပ်ထဲတွင် တံဆိပ်ခေါင်းများ မှတ်ပုံတင် ဓာတ်ပုံနှင့် လက်ဗွေပုံစံများ နှိပ်ထားသည့် စာရွက်များရှိသည်။

ကိုအုံ့ဘွယ်၏ စကားသည် မှန်သည်။

ထိုစာအုပ်နီလေးမှာ လန်ချားသမားတို့ မျှော်မှန်းခဲ့ကြသည့် စာအုပ်ကလေး ဖြစ်သည်။ ထိုစာအုပ်ကလေးသည် လန်ချားသမားတစ်ယောက်ကို ဆင်းရဲတွင်းမှ ဆွဲတင်ကာ ဘဝသစ်တစ်ခုသို့ ပို့ဆောင်ပေးနိုင်သည့် စာအုပ်ကလေးဖြစ်သည်။ အခြားမဟုတ်ပါ။ အနောက် ဘင်္ဂလားပြည်နယ်၊ ဒရိုင်ဘာလိုင်စင်



ဖြစ်ပါသည်။ ကားရုံကြီးမှာလည်း အခြားမဟုတ်ပါ။ ကာလကတ္တားတွင်ရှိသည့် အရေးအကြီးဆုံးသော ဂရိုဝါး ကားမောင်း သင်တန်းကျောင်းဖြစ်ပါသည်။

ကျယ်ပြန့်လှသော ကားရုံကြီးအတွင်းတွင်မူ လော်ရီကားကြီးများ၊ ဘတ်စ်ကားကြီးများ၊ ကားအမောင်းသင် ကားများရှိပြီး ကားရုံကျယ်ကြီး၏ ထောင့်တစ်နေရာတွင်မူ ခုံရှည်များ ချထားသည့် သင်တန်းပို့ချနေရာရှိသည်။ နံရံများပေါ်တွင် မော်တော်ကား အစိတ်အပိုင်းအသီးသီး၏ ပုံကြီးများ၊ လမ်းများနှင့် အဝေးပြေးလမ်းမကြီးပေါ်တွင် တွေ့ရတတ်သည့် လမ်းပြ အမှတ်အသားများနှင့် ဖြစ်လေ့ဖြစ်ထရှိသော မော်တော်ကားတိုက်မှု သရုပ်ဖော်ပုံများကို ချိတ်ဆွဲထားသည်။ ထို့ပြင် ကာလကတ္တားမြို့၏ မြေပုံကြီးတစ်ခုကိုလည်း ချိတ်ဆွဲထားပြီး မြို့ပေါ်ရှိ လမ်းတကာတို့၏ အမည်များကိုလည်း စာရွက်တစ်ရွက်ဖြင့် သတ်သတ် ရေးပြထားသည်။

ကားရုံထဲတွင် ကြည့်စရာတွေ များလွန်းသဖြင့် ဟာစရိပါးသည် ဘာကို ကြည့်ရမည်ပင် မသိတော့ပြီ။

သူ့လို အနုတ်စုတ်ကုပ်စုတ် လန်ချားသမားသည် ထိုမော်တော်ကား ဒရိုင်ဘာ သင်တန်းကျောင်းကို အသို့လျှင် တက်နိုင်ပါမည်နည်း။ ကားမောင်းသင်တန်းကျောင်းကို တက်ပြီး လိုအပ်သည့် ဒရိုင်ဘာလိုင်စင်တို့ ဘာတို့လုပ်ရသည့် ကိစ္စအားလုံးအတွက် ငွေခြောက်ရာလောက် ကုန်မည်။ ထိုငွေသည် သုံးသည့်ငွေ မဟုတ်။ သူ့ရွာကို ပြန်ပို့သော လေးလပို့သည့် ငွေထက်ပင် များနေသေးသည်။ ထိုမျှသော ငွေကို သူမည်သို့ တတ်နိုင်မည်နည်း။

သို့တိုင် ကားပေါ်သို့ ပြန်တက်သည့်အခါ၌ ထိုစိတ်ကူးသည် သူ့အရေပြားပေါ်တွင် မင်ကြောင်ထိုးထားသည့်နှယ် စွဲနေလေပြီ။

"ဟုတ်တယ်၊ ငါအလုပ် ကြိုးစားလုပ်ရမယ်၊ အစားအသောက် ချွေတာမယ်၊ တစ်နေ့ကျရင် ငါ့လန်ချားမှာ သုံးတဲ့ ချူလေးကို အဝတ်သေတ္တာထဲမှာ ထည့်ပြီး သိမ်းတော့မယ်၊ လန်ချားကိုလဲ လန်ချားသူဌေးကို ပြန်အပ်လိုက်ရမယ်၊ ကားမောင်းတော့မှ ကားမောင်းတဲ့ လိုင်စင်ဘုတ်အုပ် အနီကလေးကို အင်္ကျီအနက် ကားကလေးထဲမှာ ကျကျနန ထည့်ထားရမယ်၊ လက်တိုင်ဘီးအောက်က အံကလေးထဲမှာ သေသေချာချာထည့်ထားရမယ်၊ အဲဒီလေးမှာ သီး မိုးပေါက်ကြီးတွေ တဝုန်းဝုန်းကျသလို ငါ့မီတာ သေတ္တာထဲကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ငွေဒင်္ဂါးတွေ တစ်ပြားပြီး တစ်ပြား ဝင်လာတာကို နားထောင်ရ... ထောက်ဆို တစ်ပြားကျလာလိုက်၊ နောက်တစ်ပြား ကျလာလိုက်"

## ၄၈

"ဒီမှာက မိယာမီဟီလ်တန် ဟိုတယ်ကြီးလိုတော့ မဟုတ်ဘူးဗျ၊ မိယာမီဟီလ်တ... က အခန်းကလေး တစ်ခန်းစာလောက်မှာ လူဆယ့်နှစ်ယောက်ကနေ... ဆယ့်ငါးယောက်အထိ နေကြတာ"

ကိုဗာစကီးက မက်စ်ကို တောင်းပန်သည်။

မက်စ်သည် သုခမြို့တော်၏ ဗဟိုချက်မတွင် ကိုဗာစကီးရှာပေးသ... အခန်းကျဉ်းကလေးကို တစ်ချက်ဝေ့ကြည့်လိုက်ရင်း မျက်နှာကို မဲ့လိုက်... သို့တိုင် အခြားသော အိပ်ခန်းများနှင့်စာလျှင် သူ့အခန်းသည် မင်းညီမင်းသ... တစ်ပါး၏ နန်းဆောင်တစ်ခုနှင့်တူသည်။ အခန်းကလေးထဲတွင် ကြောင်အိ... တစ်လုံး၊ အိပ်စင်တစ်ခု၊ စားပွဲတစ်လုံး၊ ခွေးခြေနှစ်လုံး၊ ရေပုံးတစ်လုံး ကရားတစ်လုံးရှိသည်။ နံရံပေါ်တွင် ချစ်စရာ ကလေးငယ်ကလေးတစ်ယောက်... ရိုက်ထားသည့် ပြက္ခဒိန်တစ်ချပ် ဆွဲထားသည်။ ထို့ပြင်မှက လမ်းကြားကလေး... မျက်နှာမူနေသည့် ပြတင်းပေါက်တစ်ပေါက် ရှိသည်ဟုပင် ပြောနိုင်သေးသည်... ကြမ်းပြင်က မြေကြီးမှ တစ်ပေလောက် ကွာနေသေးသဖြင့် အခြားသော... အခန်းများထက်သာပြီး မြောင်းရေသွားသည်။ မိုးတွင် ရေလျှံမည်ကို မစိုးရိမ်ရ... မြောင်းရေဝင်မည်ကို မစိုးရိမ်ရ။

"အိမ်သာကကော"

မက်စ်က စိုးရိမ်တကြီး မေး၏။

"အိမ်သာတွေက ဒီလမ်းကြားကလေးထိပ်မှာ ရှိတယ်၊ ဒါပေမယ့် ခုလောလောဆယ်မှာတော့ အိမ်သာ ခဏခဏ မတက်ရင် ကောင်းမယ်"

ကိုဗာစကီးက အားနာသလို ပြောသည်။



ကိုဗာစကီးသည် နားမလည်သလို သူ့ကို ကြည့်နေသော မက်စ်ကို ...မြင်သည့်အခါတွင် ရယ်ချင်သလို ဖြစ်နေ၏။ ထို့နောက်မှ မျက်နှာပိုးသတ် ...ထိုက်သည်။

"အိမ်သာ ခဏခဏ မသွားအောင် လုပ်တဲ့နည်းကတော့ တခြားဘာကိုမှ ...စားဘဲ ဆန်ကိုပဲစားဗျ။ ဆန်စားလိုက်ရင် ခင်ဗျား အူတွေကို ကွန်ကရိနဲ့ ...တော်ပြီးသား ဖြစ်သွားရော"

သူတို့နှစ်ယောက် နောက်ပြောင်ပြောနေစဉ် ဇန်ဒိုနာရောက်လာသည်။ ...က်စ်သည် အာသံသူမိန်းမပျို၏ အရှေ့တိုင်းဆန်သော အလှကို သဘောကျ ...သွား၏။ အနီရောင် ဆာရီဝတ်ထားသည့် ဇန်ဒိုနာသည် ပန်းချီကားကလေးထဲ ...မှ မင်းသမီးကလေးနှင့် တူနေသည်။

"သုခမြို့တော်ကို ရောက်လာတဲ့အတွက် ကြိုဆိုပါတယ် ဒေါက်တာ" ...ဟု ဇန်ဒိုနာက မရွံ့မရဲပြောပြီး သူ့ကို စံပယ်ပန်းတွေ ပေးသည်။

မက်စ်သည် စူးရှသည့် စံပယ်ပန်းအနံ့ကို တအား ရှူရှိုက်လိုက်ပြီးနောက် ...အသံဗလံများ၊ မျက်လုံးကို လာရိုက်နေသည့် မီးခိုးများ စသည့် ပတ်ဝန်းကျင်အရာ ...အားလုံးကို ခဏမေ့သွားသည်။ သူသည် မိုင်ထောင်ပေါင်းများစွာ ဝေးသော ...နေရာတစ်ခုသို့ ရောက်သွားသည်။ စံပယ်ပန်းနံ့သည် နွေရောက်လျှင် ဖလော်ရီဒါ ...ထ သူတို့အိမ်ရှေ့တွင် ပွင့်သည့် နှင်းပန်းနံ့တွေနှင့် တော်တော်တူသည်။ ...သည်လောက် ညစ်ပတ်နေသည့် ပတ်ဝန်းကျင်တွင် သည်လောက်မွှေးသည့် ...နံ့ကိုရသဖြင့် သူအံ့ဩနေသည်။

မိနစ်အနည်းငယ်အကြာတွင် ဇန်ဒိုနာ၏ ကောင်းမှုကြောင့် မက်စ်နေရမည့် ...အခန်းကလေးသည် အနည်းငယ် နေသာထိုင်သာ ရှိသွား၏။ ဇန်ဒိုနာသည် ...ကြောင်ကလေးတစ်ကောင်လို တိတ်ဆိတ်စွာ လှုပ်ရှားလျက်ရှိရာမှ ကြိုးခုတင်ပေါ် ...တွင် ဖျာတစ်ချပ်ခင်းပြီးပြီ။ ဆီမီးခွက်တွေကို ထွန်းပြီးပြီ။ အမွှေးတိုင်တွေကို ...မီးညှိပြီးပြီ။ စားပွဲပေါ်က ကြေးအိုးထဲတွင် ပန်းတွေ စိုက်ပြီးပြီ။

ထို့နောက် ဇန်ဒိုနာသည် မျက်နှာကြက်ဆီသို့ မော့်ကြည့်သည်။

"ကဲ...အပေါ်က ကိုယ်တော်၊ ညကျရင် မနှောင့်ယှက်နဲ့နော်။ ဆရာ ...ကောင်းကောင်း အိပ်ပေစေ။ ဆရာက တခြားပင်လယ်ရပ်ခြားက လာ... ...ပင်ပန်းလာတယ်၊ သိရဲ့လား"

www.burmeseclassic.com



ဤသည်မှာ သူနှင့်အတူနေရမည့် အခန်းဖော်ကို မက်စ် စတင်တွေ့ ဖြစ်သည်။

ခေါင်းမိုးကြားမှ စုတ်ထိုးသံကို ချက်ချင်းကြားရသည်။ ဗန်ဒိုနာ မက်ဒ်၏ လက်မောင်းကိုတို့ပြီး ဝမ်းသာအားရဖြင့်ကြည့်သည်။ အဖြူရောင် ဝိုင်းစက်သည့် မျက်လုံးထောင့်များတွင် အရစ်ကလေးတွေ ဝန်းယှက်လာသည်

"ဟော...နားထောင် ဒေါက်တာ၊ ကျွတ်ကျွတ်၊ ကျွတ်ကျွတ် ဒေါက်တာကို နှုတ်ဆက်နေတယ်"

မက်စ်သည် မျက်နှာကြက်ဆီသို့ လှမ်းကြည့်လိုက်၏။ အစိမ်းရောင် လဲ့လဲ့ ပြေးနေသော အိမ်မြှောင်တစ်ကောင်။

"အဲဒါ နိမိတ်ကောင်းတယ် ဆရာရဲ့၊ ဆရာအသက်နှစ်ပေါင်းတစ်ထောင် နေရမယ်တဲ့"

ဗန်ဒိုနာက ပြောသည်။

* * *

သုခမြို့တော်က ကိုယ်ရေပြား ရောဂါသည်များနှင့် အခြားလူနာများ ကုသရန်အတွက် ကိုဗာစကီး ငှားထားသည့် အခန်းကလေးမှာ လူမိုက်ဂိုဏ်း လက်ပစ်ဗုံး ဒဏ်ချက်ဖြင့် ပြိုပျက်သွားပြီးနောက် မက်စ်၏ အခန်းကလေးသည် သုခမြို့တော်၏ ဆေးပေးခန်းကလေးဖြစ်လာခဲ့သည်။မနက် ၇ နာရီမှ ည နာရီအထိ၊ တစ်ခါတစ်ရံ ထို့ထက် နောက်ကျသည်အထိ ကုသသည့် အခန်း ကလေးသည် ဧည့်ကြိုခန်း၊ စောင့်ဆိုင်းခန်း၊ လူနာကြည့်ခန်း၊ ခွဲစိတ်ခန်း စသည်ဖြင့် တစ်လှည့်စီဖြစ်နေသည်။ ထိုအခန်းကလေးသည် သုခမြို့တော် လူဦးရေ ခုနစ်သောင်းထဲမှ ရာပေါင်းများစွာသော လူနာများ၏ မျှော်လင့် အားကိုးစရာ နေရာကလေးဖြစ်နေသည်။

"ကျွန်တော်တို့ ဆေးပေးခန်း အပြင်အဆင်ကတော့တကယ့် ရှေးလူ စ ခေတ်သာသာကလိုပေါ့ဗျာ။ လူနာကြည့်ဖို့၊ လူနာဆေးထိုးဖို့ ကိစ္စအား အတွက် ကျွန်တော့်စားပွဲနဲ့ ခုတင်ကိုပဲ အသုံးပြုရတာပေါ့။ ပိုးသတ်ဖို့ ပစ္စည်း လည်း မရှိဘူး။ ကျွန်တော့်ဆရာဝန်ပစ္စည်းကလည်း ဘာရှိလို့လဲ။ ဓာတ်နာကလေး နှစ်ချောင်းသုံးချောင်းနဲ့ ကျွန်တော်ကျောင်းသားတုန်းက ကိုင်တဲ့ အိတ်ကလေး



ထဲက ခွဲစိတ်ဓားသုံးလေးချောင်းလောက်ပဲ ရှိတာပေါ့။ မီယာမီက ဘဲအဲထား ဆေးရုံမဟုတ်ဘူးလေ" ဟု မက်စ်က ပြောတတ်သည်။

သို့ရာတွင် ပတ်တီး၊ ဂွမ်းလိပ်နှင့် အနာကပ် ပိတ်ပါးတို့ လုံလုံလောက် လောက်ရှိသဖြင့် တော်သေးသည်ဟု ဆိုရမည်။ ကိုဗာစကီးနှင့် သူ့ကိုကြည်ညို သည့် ဘယ်လ်ဂျီယန်အမျိုးသမီးကြီးတစ်ဦး လှူထားသည့်ပလတ်စတာတွေ ရှိသည်။ မီးလောင်လျှင်၊ ရေနွေးပူလောင်လျှင် သုံးသည့် ပလတ်စတာများ ဖြစ်သည်။ ကိုဗာစကီးသည် ထိုပစ္စည်းများအားလုံးကို မက်စ်တို့ကို ပေးလိုက်၏။ ကိုဗာစကီးသည် ထိုပလတ်စတာ သေတ္တာများကို နေ့ပေါင်းများစွာ အကောက်ခွန် ဌာနသို့သွားပြီး အကောက်ခွန်ငွေ ကျပ်လေးရာနှင့် ပြီးပါမည့်အကြောင်း မနည်းပြောယူခဲ့ရသည်။ "လက်ဖက်ရည်ဖိုး" ကိုလည်း သူတို့ တောင်းသလောက် ပေးခဲ့ရသည်။ သူတို့ဖို့ အလိုဆုံးမှာ ဆေးဝါးများ ဖြစ်သည်။ မက်စ်တွင်ရှိသည့် ဆေးဝါးပစ္စည်းမှာ ဘာမျှမများ။ သတ္တုသေတ္တာ ကလေး တစ်လုံးမျှသာဖြစ်၏။ ထိုအထဲတွင် ကိုယ်ရေပြားရောဂါများအတွက် ဆာလ်ဖာပြား အနည်းငယ်၊ အဆုတ်ရောဂါသည်များအတွက် ရိုင်ဖိုမီဆိုင်း ဆေးပြားများ၊ ငှက်ဖျား ရောဂါသည်များအတွက် ကွီနိုင် ဆေးပြားများ၊ အရေပြားရောဂါများအတွက် လိမ်းဆေးဘူး အနည်းငယ်နှင့် အလွန်အမင်း အာဟာရ ချို့တဲ့နေသော ကလေးငယ်များကို ဝေငှရန်အတွက် ဗီတာမင်ဆေးပြားအချို့တို့ဖြစ်သည်။

ထို့နောက် ပြင်းထန်သည့် ရောဂါပိုးများ မဝင်နိုင်ရန်အတွက် ကျွေးသည့် ပင်နီစီလင်ဆေးပြား ဆယ်ပြားတို့ဖြစ်သည်။

သုခမြို့တော်က ပါးစပ်တယ်လီဖုန်းသည် သတင်းဖြန့်ချိရာတွင် တော် တော် ထိရောက်သည်။ ဆေးပေးခန်းကလေးဖွင့်ပြီး မကြာမီအတွင်းမှာပင် ထိုဆေးပေးခန်း၏ သတင်းသည် သုခမြို့တော်တစ်ခုလုံးသို့ ပျံ့နှံ့သွားလေပြီ။ လမ်းမြောင်ကလေးများ၊ ဝင်းများ၊ အလုပ်ရုံကလေးများထဲတွင် တခြား ဘာအကြောင်းကိုမျှ မပြောကြတော့။ သူတို့ကို ဆေးကုသရန်လာသည့် "အမေရိကန်သူဌေး" အကြောင်းကိုသာ ပြောနေကြသည်။ အမေရိကန်သူဌေး သည် ဓော်ဂျီလို အစွမ်းထက်သူ ဖြစ်ကြောင်း၊ ပြဒါးရှင်လုံးကို ရထားသူ ဖြစ်ကြောင်း၊ သူကုသလိုက်လျှင် ဆေးတောင်ဧရာဖြင့် တို့၊ လိုက်သလို ရောဂါမှန်သမျှ ယူပစ်လိုက်သလို ပျောက်ကင်းသွားကြောင်းဖြင့် ပြောနေကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဟာစကီးက မက်စ်၏ လုပ်ငန်းများတွင်ကူရန် ဗန်ဒိုနာကို တာဝန်ပေး ထားသည်။ ဆေးခန်းကို လာပြနေသူများထဲတွင် ဘယ်သူက အစစ်အမှန် လူနာဖြစ်ပြီး ဘယ်သူက လိမ်ညာ၍ လာပြခြင်းဖြစ်ကြောင်း၊ မည်သည့် လူနာက အရေးကြီးပြီး မည်သည့် လူနာက အရေးမကြီးသူဖြစ်ကြောင်း ရွေးတတ်ရန်မှာ ပါးနပ်ဖို့လိုသည်။ အကင်းပါးဖို့ လိုသည်။ ဗန်ဒိုနာသည် ထိုသို့သော အရည်အချင်းနှင့် ပြည့်စုံသူပေတည်း။

မကြာမီတွင် ဆေးပေးခန်းကလေးသို့ ရာချီ၍ ရှိသော ကလေးအမေများ သည် ကလေးတွေကို ချီပြီး ရောက်လာကြသည်။ အချို့က အနာစိမ်းတွေ ပေါက်လျက်။ အချို့က အိုင်းအနာကြီးတွေ ပေါက်လျက်။ အချို့က လည်ပင်း အကျိတ်ယောင်လျက်။ အချို့က ဝဲတွေပေါက်လျက်။ သို့ဖြင့် ကလေးအမျိုးမျိုးသည် အပူပြင်းသည့်အတွက်ဖြစ်သော ရောဂါမျိုးစုံ၊ သုခမြို့တော် တွင်ရှိသည့် ရောဂါပိုးမွှားမျိုးစုံတို့ကြောင့်ဖြစ်သော ရောဂါအသီးသီးဖြင့် သူတို့ ဆေးခန်းကလေးသို့ ရောက်လာကြသည်။ ကလေးသုံးယောက်လျှင် နှစ်ယောက်မှာ သန်ကောင်များ စွဲကပ်နေကြသည်။ အနောက်တိုင်းတွင်ဖြစ်ပွား သည့် ရောဂါများလောက်ကိုသာ သိပြီး အရှေ့တိုင်းတွင်ဖြစ်သည့် ရောဂါများ အကြောင်းကို မသိသည့် ဆရာဝန်တစ်ဦးအဖို့ကား သင်တန်းဆင်းဖို့ ကောင်း သော နေရာဖြစ်လေသည်။

ဗန်ဒိုနာသာ မရှိလျှင် မက်စ်သည် ထိုရောဂါများကို တော်တော် အခွဲရ ခက်ပေးလိမ့်မည်။ ဗန်ဒိုနာက ကလေးငယ်အချို့၏ မျက်လုံးများကို ပြကာ—

"ကလေးတွေရဲ့ မျက်လုံးသူငယ်အိမ်ထဲမှာ ခပ်ဖြူဖြူတွေ တွေ့တယ် မဟုတ်လား ဆရာ၊ အဲဒါက ကြက်မျက်သင့်တဲ့ လက္ခဏာလေ၊ နောက်တစ် နှစ် နှစ်နှစ်လောက်ဆိုရင် မျက်လုံးကွယ်တော့မှာ ဆရာ၊ သူတို့က ဆရာဘယ်တော့ လာတယ်ဆိုတာ မသိကြဘူး"

မက်စ်သည် အမှောင်တိုက်တွင် ရောက်နေရာမှ အလင်းရသူလို ဖြစ်လာသည်။

တတိယ ကမ္ဘာနိုင်ငံများတွင် ဓိဝကမ္မဗေဒ ဆိုင်ရာ ဆင်းရဲခေါင်းပါးမှုသည် သည်လောက် ကြီးသည်ဟု သူမထင်ခဲ့။ ကျောင်းမှ သင်ခဲ့ရသော သင်ခန်းစာများ သည် ထိုခေါင်းပါးမှုကြီးကို ရင်ဆိုင်ရန် အဆင်သင့်မဖြစ်။ ဝါထိန်သော



မျက်လုံးများ၊ ကိုယ်အလေးချိန် တောက်လျှောက်ကျဆင်းမှု၊ လည်ချောင်းကြီး ယောင်ယမ်းနေခြင်း စသည့် လက္ခဏာချက်များသည် သူသိခဲ့သမျှ၊ သင်ခဲ့ဖူး သမျှ စာအုပ်တွေထဲက ရောဂါတွေနှင့် တစ်ခုမျှ ကိုက်ညီခြင်းမရှိ။ သို့ရာတွင် ထိုအရာများသည် အိန္ဒိယပြည်တွင် တွေ့နေရသည့် လက္ခဏာချက်များဖြစ်ပြီး အသေအပျောက်နှုန်း အများဆုံးသော ရောဂါဖြစ်နေသည်။ ထိုရောဂါမှာ အခြားမဟုတ်။ ချောင်းဆိုးသွေးပါ အဆုတ်နာဖြစ်သည်။ အိန္ဒိယပြည်အဆုတ် ရောဂါဆိုင်ရာဌာနက အိန္ဒိယပြည်တွင် အဆုတ်ရောဂါစွဲကပ်နေသူပေါင်းမှာ (၁၉၈၁ ခုနှစ်တွင်) လူဦးရေ သန်းနှစ်ရာ့ခြောက်ဆယ်ရှိသည်ဟု ဆိုသည်။

သူရောက်ပြီး ပထမတစ်ပတ်အတွင်းတွင် မက်စ်သည် လူနာပေါင်း ၄၆၉ ယောက်ကို တတ်နိုင်သမျှ ကုသပေးခဲ့သည်။

"ကျွန်တော့် ဆေးခန်းရှေ့က လူတန်းကြီးဟာ ဆုံးပဲ မဆုံးနိုင်တော့ဘူးဗျာ၊ ကြည့်ပြီး နည်းနည်းလေးမှ စိတ်မကောင်းဘူး၊ တစ်ခါတလေကျတော့ ကျွန်တော့်စိတ်ထဲမှာ ဒဏ္ဍာရီ ပုံပြင်ထဲကဟာတွေကို တွေ့နေသလားလို့တောင် ထင်မိတယ်၊ ကလေးတွေဆိုတာ ဘာအဝတ်အစားမှ မပါဘူး၊ သူတို့ခါးမှာ ချည်းထားတဲ့ ဒိုတီကလေးတစ်ပိုင်းပဲပါတယ်။ ခါးပတ်ပတ်လည်မှာ ကြိုးကလေး ချည်ထားပြီး ချူကလေးဆွဲထားတယ်၊ အဝတ်အစားမပါတော့ နှလုံးတို့ အဆုတ်တို့ရဲ့ အသံကို နားထောင်ရတာကတော့ လွယ်ပါရဲ့၊ ဒါပေမယ့် သူတို့ရောဂါတွေကို ကုရတာကတော့ မလွယ်ဘူးဗျ။ ကိုယ်လုံးကလေးတွေက သေးသေးကလေးတွေ ဆိုတော့ လက်ထဲမှာ ကိုင်လိုက်ရင်, ငှါးရှဉ့်ကို ကိုင်လိုက်ရသလို ချော်ထွက်သွားတယ်၊ မိန်းမတွေ ဆိုတာကလဲ တစ်ကိုယ်လုံး ကြောင်တွေ ထိုးထားကြတယ်။ တချို့ဆိုရင် ခေါင်းကနေ ခြေဖျားအထိ ထိုးထားတာ၊ ဒီအထဲမှာ ယောကျ်ားတွေတွင် မကဘူး၊ မိန်းမတွေကလဲ ကြိတ်ဆာဆာရှိတိုင်း ကွမ်းတွေ စားထားလို့ သူတို့လျှာတွေကလဲ ရဲနေသဗျ။ ဒီတော့ လူနာလာပြရင် အဲဒါတွေကြောင့် ရောဂါကို ရုတ်တရက် ရှာလို့မရအောင် ဖြစ်နေတတ်သေးတယ်၊ သူတို့ဆိုးထားတဲ့ ဆေးတွေနဲ့ ကွမ်းသွေးတွေကြောင့် နေထိုင်မကောင်းဘူးဆိုပြီး လာပြရင် ကျွန်တော် ဘယ့်နှယ်လုပ်ပြီး အသား အရောင်ကို ခွဲခြားကြည့်နိုင်တော့မှာလဲ၊ ပါးစပ်တို့၊ လည်ချောင်းတို့ရဲ့ အမြှေးပါး ယောင်နေသလား ဘာလားဆိုတာ ကျွန်တော် ဘယ့်နှယ်လုပ်ခွဲ ခြားနိုင်တော့မှာလဲ၊ တချို့ကတော့လဲ ရောဂါကို ကျွန်တော် ခွဲခြားနိုင်အောင်

www.burmeseclassic.com



တတ်နိုင်သမျှ ကူညီကြပါတယ်လေ၊ ဒါပေမယ့် သူတို့ ကူညီပုံကိုလဲ ကြည့် ဗျ၊ ဥပမာ– ချောင်းဆိုးသွေးပါ အဆုတ်နာ စွဲနေလို့ ပိန်ချုံးနေတဲ့ အဘိုးကြီး တစ်ယောက်ကဆိုရင် အတင်းဖြစ်ညှစ်ချောင်းဆိုးပြီး ပါးစပ်ထဲက သွေး လက်ဖဝါးထဲ ထွေးပြသဗျ၊ လက်ဖဝါးထဲ သွေးခဲတုံးကြီး ထွေးပြနိုင်လို့ ကျေ နပ်သက် အားရနေလိုက်သေးတယ်၊ လက်ဖဝါးထဲက သွေးမှာ အဆုတ်ရော ပိုးတွေ သန်းပေါင်းများစွာ ကူးခတ်နေကြတာပေါ့၊ အဲ...ရောက်တဲ့နေ့က ကျွန်တော်လဲ မလုပ်မဖြစ်တဲ့ သန့်ရှင်းရေးလုပ်ငန်းတွေကို သေသေချာ ဂရုတစိုက် လုပ်ရတယ်၊ ဒါပေမယ့် ခက်တာက ကျွန်တော့် အခန်းထဲ လက်ဆေးစရာ ဇလုံကလေး တစ်လုံးတောင်ရှိတာ မဟုတ်ဘူး၊ လူနာတစ်ယော ကို ကိုင်တွယ်ပြီး နောက်လူနာတစ်ယောက်ကို မကြည့်ခင်မှာ လက်ဆေး ဇလုံမရှိဘူး၊ သူတို့ဆီမှာကတော့ ရောဂါပိုးတို့ နေမကောင်း ဖြစ်တာ နာဖျားမကျန်းဖြစ်တာတို့၊ သေတာတို့က အဆန်း မဟုတ်တော့ဘူး ရိုးသွားပြီ၊ မိန်းမတစ်ယောက်ဆိုရင် သူ့ခြေထောက်က အနာကြီး ဖြ ပေါက်နေတာကို ဆာရီနဲ့ သုတ်နေတယ်၊ ကျွန်တော်က လိမ်းဖို့ပေးလိုက် ဆေးကို လက်နဲ့ကော်ပြီး အနာကို လိမ်းတာမျိုးတွေလဲ ရှိသေးတယ်။

"တစ်ခါတလေလဲ ရယ်စရာကလေးတွေ တွေ့ရသေးတယ်၊ တစ် တော့ ကလေးငယ်တစ်ယောက်ကို စမ်းနေတုန်းကလေးက သေးနဲ့ ပေါ တောက် ပန်းလိုက်တာ ကျွန်တော့် မျက်နှာကို တည့်တည့် လာစဉ်တယ် ဒီတွင် ကလေးအမေလဲ ပျာပျာသလဲဖြစ်ပြီး ကျွန်တော့် မျက်နှာကို သူ့မျက်နှာ ပဝါအဖျားနဲ့ လိုက်သုတ်ပေးတယ်၊ တချို့လဲ ဆေးစာရွက်အဟောင်းကြီးတ ပြီး လာပြတယ်၊ ဗန်ဒိုနာကို အဖတ်ခိုင်းကြည့်တော့ လူနာက ရယ်ရသေးတယ ဆေးစာရွက်အဟောင်းကြီးကိုပြပြီး ဆေးလာတောင်းတယ်လေ၊ ဆေးစာ ဗန်ဒိုနာကို အဖတ်ခိုင်းကြည့်တော့ ကင်ဆာရောဂါ နောက်ဆုံးအဆင့် ရောက်နေလို့ တစ်နေ့ကို အက်စပရင် ခြောက်ပြားပေးရမယ်ဆိုတဲ့ ဆေး သူနဲ့ ဘာမှမဆိုင်ဘူး၊ နောက်တစ်ယောက်ကတော့ ရင်ဘတ်ကို ရိုက်ထား ဓာတ်မှန်ပြားကြီးကို သျှိုဝနတ်ရုပ်ကို ပင့်လာသလို သေသေချာချာ ကိုင် ပြီး လာပြတယ်၊ သူ့ဓာတ်မှန်ကို ကြည့်လိုက်တော့ သူ့ဓာတ်မှန်က အနှ နှစ်ဆယ်လောက်က ရိုက်ထားတဲ့ ဓာတ်မှန်။

"ဒါပေမယ့် သုခမြို့တော်မှာ တွေ့ရတဲ့ အဖြစ်တွေကတော့ အများအ ဖြင့် စိတ်မကောင်းစရာ၊ စိတ်မချမ်းသာစရာတွေပဲ များပါတယ်။ တစ်နေ့



တစ်ကိုယ်လုံး မီးတွေလောင်ထားတဲ့ ကလေးမကလေးတစ်ယောက် ကျွန်တော့်ဆီ ရောက်လာတယ်။ ဖြစ်ပုံက သူက မီးရထားလမ်းဘေးတစ်လျှောက်မှာ ရထား ခေါင်းတွဲက ကျကျန်ခဲ့တဲ့ ကျောက်မီးသွေးတုံးကလေးတွေကို လိုက်ကောက် နေတုန်းမှာ ရထားခေါင်းတွဲက အငွေ့မှုတ်ထုတ်လိုက်တာ။ မိန်းကလေးတစ် ယောက်ကတော့ မျက်နှာကလေးက လှပါရဲ့။ ဒါပေမယ့် သူ့မျက်နှာပေါ်မှာ အကွက်ကလေးတစ်ကွက် ပေါ်နေတယ်။ အကွက်ကလေးပေါ်ကို အပ်စိုက်ကြည့် လိုက်တာနဲ့ ဒီအကွက်ကလေးဟာ ကျွန်တော်တို့ တိုင်းပြည်မှာ မတွေ့ဖူးတဲ့ ရောဂါမျိုးဖြစ်တယ်ဆိုတာ သိလိုက်တယ်။ ချက်ချင်း သိလိုက်ပြီ၊ ကိုယ်ရေပြား ရောဂါလေ။ တစ်ခါမှာတော့ ကလေးအဖေ လူငယ်ကလေး တစ်ယောက်လာပြ တယ်။ သူ့ကို ကြည့်လိုက်တော့ ဆစ်ဖလစ်ရောဂါ အကြီးအကျယ် ဖြစ်နေပြီ။ ဒါနဲ့ ကျွန်တော့် လက်ထောက် အာသံသူ ဗန်ဒိုနာကတစ်ဆင့် သူ့ကိုရှင်းပြရ တယ်။ သူ့ရောဂါဟာ သူ့ဇနီးနဲ့ ကလေးအတွက် အများကြီး ဒုက္ခရောက်နိုင် တယ်လို့၊ နောက်ကလေးအမေတစ်ယောက်ကတော့ ကျွန်တော့်ဆီကို အသက် မရှိတော့တဲ့ အသားထုပ်ကလေးတစ်ထုပ် ယူလာတယ်လေ။ ကလေးကို ကြည့်လိုက်တော့ ဆုံဆို့နာကြောင့် ဆုံးသွားတာ။ လူဖြူဆရာကြီးက ကယ်ပေးတယ်ဆိုပြီး လာတဲ့ လူနာတွေကလည်း မနည်းဘူး။ တချို့က ကင်ဆာ ရောဂါသည်တွေ၊ အကြီးအကျယ် နှလုံးရောဂါဖြစ်နေတဲ့ ရောဂါသည် တွေ၊ ရူးသွပ်နေတဲ့ လူတွေ၊ မျက်စိကွယ်နေတဲ့ လူတွေ၊ ဆွံ့အနေတဲ့ လူတွေ၊ ကိုယ်ခန္ဓာ လှုပ်မရတော့တဲ့ လူတွေ၊ သွက်ချာပါဒလိုက်နေသူတွေ၊ ကျွန်တော် ဟာ ပျောက်စေ ဆရာဆိုပြီး မျှော်လင့်ချက်ကြီးနဲ့ လာကြတဲ့ လူနာတွေလေ။

"အဲဒီအထဲမှာ ကျွန်တော်မကြည့်ရက်ဆုံး၊ နောင်လည်း ဘယ်တော့မှ ကြည့်ချင်မှာ မဟုတ်တဲ့ လူနာကတော့ ဗိုက်မှန်ကားနဲ့ ပိန်ချုံးချည့်နဲ့နေတဲ့ ကလေးငယ်တွေပဲ။ အမေတွေက အားကိုးတကြီးနဲ့ အဲဒီကလေးတွေကို ခေါ်လာပြီး ကျွန်တော့် ခုတင်ပေါ်ကို လာပို့ကြတယ်။ ကလေးတွေက အသက်အခါလည်လောက်ရှိပြီ။ တချို့ဆိုရင်လည်း အခါလည်နဲ့ ခြောက်လ လောက်ရှိပြီ၊ ဒါပေမယ့် ချိန်ကြည့်လိုက်ရင် ကိုယ်အလေးချိန်က ကိုးပေါင်တောင် မပြည့်ချင်ဘူး။ ကလေးတွေက သိပ်ပြီး အာဟာရချို့တဲ့နေလေတော့ သူတို့ ငယ်ထိပ်ဟာ ဘယ်တော့မှ မစေ့တော့ဘူး။ ကယ်လ်စီယံဓာတ် ချို့တဲ့တော့ သူတို့ခေါင်းခွံရိုး တည်ဆောက်ပုံဟာ ပုံပျက် ပန်းပျက်ဖြစ်သွားပြီး ခေါင်းခွံက ဒိန်ရှု့ကလေးဖြစ်နေတော့ အင်္ဂလိပ်ပြည်မှာ ဆေးစိမ်ထားတဲ့ အဟောင်းဟောင်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေလို ဖြစ်နေတယ်။ ငယ်ငယ်က အာဟာရချို့တဲ့ခဲ့ကြလေ ချို့တဲ့မှု အတိုင်းအတာကိုလိုက်ပြီး သူတို့ဦးနှောက်ထဲက ဂရေးဆဲလ် အများအပြား ပျက်စီးကုန်ကြတယ်။ ကျွန်တော်က ဘယ်လောက်ပဲ ဆေးကု ကယ်ထား၊ ကယ်ထား၊ သူတို့တစ်တွေဟာ လူကောင်းပကတိ ဖြစ်လ တော့မှာ မဟုတ်ဘူး။ ကျွန်တော်တို့ ဆေးပညာ သတ်မှတ်ချက်အရ ဖြေ ဝမ်းတွင်းရူး လူနုံလူအ၊ အနှတွေ ဖြစ်ကုန်ကြတော့မှာပဲ။"

သူတွေ့နေရသည့် ကလေးများ၏ အခြေအနေမှာ တစ်တိုင်းပြည်လုံး ဖြစ်ပွားနေသည့် အာဟာရ ချို့တဲ့သည့် ကလေးငယ်များ၏ အလွန်သေး သည့် အစိတ်အပိုင်းကလေး တစ်ပိုင်းသာဖြစ်ပြီး နမူနာသဘောလောက် ရှိသေးကြောင်းကို နောင်တွင် မက်စ် တွေ့လာခဲ့ရသည်။ ကလေးများနှင့်ပတ် ၍ အခွင့်အာဏာ အပိုင်ဆုံးဌာနတစ်ခုဖြစ်သော အိန္ဒိယပြည် အာဟာရ ဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူး၏ အဆိုအရ အိန္ဒိယပြည်သည် ယနေ့ တွင် အာဟာရ ချို့တဲ့မှုကြောင့် လူတန်းမစေ့သော ကလေးငယ်များ ထုတ်လုပ်လျက်ရှိကြောင်းဖြင့် ပြောဆိုသွားခဲ့သည်။ သူ့အဆိုအရ နောက်လာ မျိုးဆက်များ၏ ကျန်းမာသန်စွမ်းရေးသည် သိသိသာသာကြီး ယုတ် ကျသွားမည်ဟု ဆိုသည်။ ယခုအချိန်တွင် အနည်းဆုံး အိန္ဒိယလူမျိုး ၁၄၀ ကျော်တို့သည် အာဟာရချို့တဲ့သော ရောဂါကို ခံစားနေကြရသည် ဆိုသည်။ အိန္ဒိယပြည်တွင် တစ်နှစ် တစ်နှစ်လျှင် ကလေးသန်းပေါင်း သန်း မွေးလျက်ရှိရာ ယင်းတို့အနက် ၃ သန်းသာလျှင် ကျန်းမာသန် သော လူကြီးအဖြစ်သို့ ရောက်လာကြမည်ဟုလည်း ထိုပါရဂူက ပြော သည်။ ယင်းကျန်ရစ်သူတို့အနက် လေးသန်းမှာ အသက်ရှစ်နှစ်မတိုင် သေဆုံးသွားကြသည်။

အာဟာရ ချို့တဲ့သဖြင့် ငါးနှစ်အောက် ကလေး ၅၁ ရာနှုန်းသော စိတ်ဓာတ်နှင့် အာရုံကြော ပြဿနာများ ပေါ်ပေါက်လာခဲ့ကြကာ ယင်းတို့ကြော အပြုအမူဆိုင်ရာ ချို့ယွင်းချက်များ ဖြစ်ပေါ်လာနိုင်သည်။ အရွယ်ရောက်သူ လူကြီးများမှာ လည်ပင်းကြီးရောဂါနှင့် အလားတူ ချို့ယွင်းချက်များ ပေါ်ပေါ လာကြမည်ဖြစ်သည်။

သူရောက်ပြီး ဒုတိယနေ့တွင် ခေါင်းမြီးခြုံထားသည့် မှုဆလင် အမျိုးသ ငယ်တစ်ယောက် ရောက်လာပြီး သူ့စားပွဲပေါ်သို့ အထုပ်ကလေးတစ်ခု



င်သည်။ အမျိုးသမီးငယ်သည် သူ့ကို ပြုံးပြုံးကြီး စိုက်ကြည့်ရင်း အကျႌ ငယ်သီးများကို ဖြုတ်သည်။ ထိုနောက် သူ့ရင်မှာအစုံကို လက်ဖြင့် ပြသည်။

"နို့မထွက်တော့ဘူး၊ ခန်းသွားပြီ...ခန်းသွားပြီ" ဟု အော်နေသည်။

ထို့နောက် သူ့မျက်လုံးများသည် နံရံတွင် ချိတ်ထားသည့် အရုပ်ကား သို့ ရောက်သွားကြ၏။ အရုပ်ကားမှာ နို့မှုန့်ကြော်ငြာ အရုပ်ကားဖြစ်သည်။ ရုပ်ကားပေါ်တွင် ပါးဖောင်းဖောင်းနှင့် ပြုံးရယ်နေသည့် ကလေးငယ် ယောက်။ ထိုကလေးငယ်၏ ပုံအောက်တွင် "သင့်ကလေးငယ်များကို န်းမာအောင် နက်စလေ ကုမ္ပဏီက ပြုလုပ်ပေးသည်" ဆိုသည့် ကြော်ငြာ ာန်းကို တွေ့ရသည်။ အမျိုးသမီးသည် ထိုရုပ်ပုံကိုကြည့်၍ တစ်ချက်အော် ည်။ ထို့နောက် နက်စလေ နို့မှုန့်ကုမ္ပဏီက ပြက္ခဒိန်ဆီသို့ တစ်ဟုန်ထိုး သွားကာ ပြက္ခဒိန်ကို အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားအောင် ဆုတ်ပစ်နေသည်။

ထိုစဉ် အခန်းကလေးထဲသို့ အမျိုးသမီးတစ်ယောက် ပြေးဝင်လာကာ ဆာအောက ရောက်နေသည့် မှုဆလင် အမျိုးသမီးငယ်ကို တွန်းပစ်လိုက်ပြီး င်ဆီသို့ ပြေးလာကာ လက်ထဲတွင် ပွေ့လာသည့် ကလေးငယ်ကို ထိုးပေး ည်။

"ဆရာကြီး ဒီကလေးကို ယူသွားပါ၊ ဒီကလေးကို မွေးပေးပါ" ဟု သည်။

ထိုအပြုအမူများသည် စိတ်ပျက်၍ မျှော်လင့်ချက် ကုန်ခန်းနေသော သားအမေများ၏ အခြေအနေကို ဖော်ပြနေသည့် အပြုအမူများဖြစ်သည်။

"ကိုယ့်ကလေးကို ဒီလောက်ချစ်တဲ့ အမေမျိုးတွေကို ကျွန်တော် ားဘယ်မှာမှ မတွေ့ဖူးဘူးဗျာ။ အမေတွေဟာ သူတို့ ကလေးငယ်တွေ ကို အငတ်ခံကြတယ်။ သူတို့ အသက်ကို စွန့်ကြတယ်။ သူတို့ ကလေး အသက်ရှင်မယ်ဆိုရင် သူတို့ရဲ့ အသက်သွေးကိုလည်း ပေးကြတယ်။ ချစ်တဲ့ မိခင်တွေရဲ့ အချစ်မျိုးကို ဘယ်မှာ တွေ့နိုင်မလဲ" ဟု မက်စ် က သည်။

မည်သို့ဖြစ်စေ မက်စ်အဖို့သော်မှ သုခမြို့တော်တွင် သူတွေ့ခဲ့ရသော းငယ်တို့၏ ဒုက္ခဝေဒနာ၊ မိခင်များ၏ မျက်လုံးထဲတွင် တောက်လောင်

www.burmeseclassic.com



နေသော သောကမီးတို့ကို သူ့တစ်သက်တွင် ဘယ်တော့မျှ မေ့နိုင်တော့ မဟုတ်။

ထိုနေ့ညတွင် ကာလကတ္တားမြို့တော်ကြီးသည် သူ့အတွက် နောက် မေ့နိုင်ဖွယ် မရှိသော အဖြစ်အပျက် တစ်ခုကိုလည်း ဖန်တီးပေးလိုက် ...

ကာလကတ္တားထုတ် သတင်းစာတစ်စောင်တွင် စာလုံးမည်းကြီး ... သတင်းတစ်ခု ပါလာသည်။ သတင်းက အခြားမဟုတ်။

"ကာလကတ္တား ဆရာဝန်ကြီးများက ဖန်ပြွန်သန္ဓေသားဖြင့် က... တစ်ယောက် မွေးပေးလိုက်ပြီ" ဆိုသည့် သတင်း။

## ၄၉

"မြွေဟောက်ဆိုတာ နှစ်ခါပေါက်တတ်တယ်လို့ ပြောကြတယ်ဗျ" ဟာစရီပါးက ပြောသည်။

"ခုလည်း ဒီအတိုင်းပဲ။ ဒုက္ခဆိုတာ တစ်ခုတည်းနဲ့ ဘယ်တော့မှ ... ဘူး။ ကျွန်တော့်ပဲ ကြည့်လေ။ ကျွန်တော့် အဆုတ်ထဲမှာ သွေး... အဖုများရှိတယ်။ ဟော ဖြစ်ချင်တော့ တစ်မနက်မှာ လမ်းကြိတ်စက်ကြီး... ဒီးဒီးမြည်သံကြောင့် ကျွန်တော်အိပ်ရာက လန့်နိုးလာတယ်၊ ချွေးမ... လာနေပြီလေ။ ဒီတော့ ကျွန်တော် မြန်မြန် အိပ်ရာက ထ,ရတယ်"

ဟာစရီပါးသည် လုံချည်ကို ကပိုကရိုဝတ်ကာ လမ်းမဆီသို့ ပြေးထွက် ခဲ့၏။ သူတို့ ဆင်းရဲသား ရပ်ကွက်ကလေးတစ်ခုလုံး အုန်းအုန်းကျွက်... ဆူညံလျက်။ သူတို့ ရပ်ကွက်ကလေးကို ပြောင်းရွှေ့တော့မည်ဟူသော ... ဟာလသတင်းများ ပေါ်ထွက်ခဲ့သည်မှာကြာလှပြီ။ ယခုသူပြောသည့်"ချွေး... တွေ ရောက်လာကြလေပြီ။ ရှေ့တွင် မြေညှိစက်ကြီးတစ်စီး။ ထို့... မော်တော်ကားနှစ်စီးဖြင့် ရဲတွေ။ သူတို့လက်တွင် နံပါတ်တုတ်များနှင့်မျက်... ဗုံးများကို ကိုင်လျက်။ သူတို့နောက်တွင် အနက်ရောင် အင်ဘာ... ကားကြီးတစ်စီး လိုက်လာပြီး ရှပ်အင်္ကျီပေါ်တွင် ခါးပြတ်အင်္ကျီအနက်...



...ထားသည့် ဒိုတီနှင့် ဘာဘူကြီး နှစ်ယောက် ကားပေါ်မှ ဆင်းလာကြသည်။ သူတို့နှစ်ဦးသည် ရဲအရာရှိ အကြီးအကဲနှင့် တီးတိုးတိုင်ပင်ကြပြီးနောက် ...နီးရှေ့တွင် ရပ်ကြည့်နေကြသည့် ကျူးကျော်ရပ်ကွက်မှ လူများဆီသို့ ...ရောက်လာကြသည်။

ဘာဘူနှစ်ယောက်အနက် လက်ထဲတွင် စာရွက်တွေ တစ်ထပ်ကြီး ...ကိုင်ထားသည့် အသက်ခပ်ကြီးကြီး ဘာဘူကစ၍ စကားပြောသည်။

"ခု မြူနီစီပယ်က ခင်ဗျားတို့ ရပ်ကွက်ကို ဖျက်ပြီး ပြောင်းရွှေ့ပေးဖို့ ...ကျွန်တော်တို့ကို တာဝန်ပေးလိုက်တယ်" ဟု ပြောသည်။

"ဘာဖြစ်လို့ ပြောင်းမှာလဲ" ဟု အသံတစ်သံက မေး၏။

ဘာဘူကြီး၏ မျက်နှာသည် တင်းမာသွား၏။ သူ့တစ်သက်တွင် ...ဤသို့ ဆင်းရဲသားက ပြန်လှန်မေးခွန်းထုတ်သည်ကို မတွေ့ဖူးသေး။

"ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ ရပ်ကွက်ဟာ မကြာခင် တည်ဆောက် ...တော့မယ့် မြေအောက်မီးရထားလမ်းနဲ့ မလွတ်ဘဲဖြစ်နေလို့"

သုခမြို့တော်ရှိ ရပ်ကွက်သားတို့သည် နားမလည်နိုင်သော အမူအရာဖြင့် ...တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်နေကြသည်။

"မြေအောက်ဘူတာဆိုတာ ဘာလဲဗျ" ဟု ဟာစရီပါးက သူ့အိမ်နား ...ချင်း အာရှန်းကို လှမ်းမေးသည်။ အာရှန်းမှာ နှံ့နှံ့စပ်စပ်ရှိပြီး အာဖဂန်နစ္စတန် ...အထိ ရောက်ဖူးသည်။

အာရှန်းမှာလည်း မြေအောက်ဘူတာဆိုသည်ကို မသိ။ ထိုစဉ် ဘာဘူက ...ရီကို ငုံ့ကြည့်ပြီး စကားပြောသည်။

"ခု ခင်ဗျားတို့ ပစ္စည်းတွေကို ပြောင်းရွှေ့ပေးဖို့ အချိန်နှစ်နာရီပေးလိုက် ...ယ်။ နှစ်နာရီထက်ကျော်ရင်တော့"

ဘာဘူသည် ဒုက္ခခံ၍ နောက်ထပ် ရှင်းလင်းဟောပြောခြင်း မပြုတော့ဘဲ ...မြေညှိစက်ကြီးဆီသို့ လက်ယမ်း၍ ပြလိုက်သည်။ မြူနီစီပယ် အရာရှိ ဘာဘူ ...ကြီးသည် မင်္ဂလာသတင်းတစ်ခုကို လာရောက်ပြောသကဲ့သို့ လေသံမှန်မှန်ဖြင့် ...ပြောပြီးသွားပြီ။ ဟာစရီပါးသည် သူ့အိမ်နီးနားချင်းများကို အကဲခတ်ကြည့် ...သည်။ တစ်ယောက်မျှ စကားမပြောကြ။ ငြိမ်ချက်သားကောင်းသဖြင့်

www.burmeseclassic.com



မြူနီစီပယ်က ဘာဘူကြီးပင် လန့်သွားသည်။ လာတုန်းကတော့ ရပ်ကွက်
ရပ်ကွက်သားများက ကန့်ကွက်ကြလိမ့်မည်၊ ဆူပူကြလိမ့်မည်၊ ခြိမ်းခြောက်
အကြမ်းဖက်ကြလိမ့်မည်ဟု ထင်ခဲ့သည်။

"ဒါပေမယ့် လူထုက ဘာမှမပြောဘူးဗျ။ ခြတို့ ပိုးဟပ်တို့
ရှင်းလင်းပစ်သလို ကျွန်တော်တို့ကို ရှင်းလင်းဖို့လာတာ မဟုတ်လား
ကျွန်တော်တို့လဲ ဘယ်သူကမှ ဘာတစ်လုံးမှ မပြောကြဘူး၊ ဟုတ်တာပေါ့
ကျွန်တော်တို့ ကျူးကျော်တဲသိုက်ကို ဘယ်သူက လွမ်းမှာလဲ။ ဒါ
ဒီတဲသိုက်ကလေးကို ကျွန်တော်တို့ ဘယ်မှာ လက်လွတ်ချင်ပါ့မလဲ
ဘာပဲဖြစ်ဖြစ် တဲစုတ်နဲ့ နေရတာက ပလက်ဖောင်းမှာ နေရတာထက်
တော်သေးတာပေါ့။ မိုးထဲလေထဲဆိုရင် ခေါင်းပေါ်မှာ အမိုးအကာက
ရှိသေးတော့ တော်သေးတာပေါ့" ဟု ဟာဇရီပါးက ပြောသည်။

လူထုက တုံ့ပြန်ခြင်း မပြုသည်မှာ အခြားကြောင့် မဟုတ်။

"ကျွန်တော်တို့မှာ တုံ့ပြန်နိုင်တဲ့အား မရှိတော့ဘူးလေ။ ကာလကတ္တား
မြို့ကြီးက ကျွန်တော်တို့ရဲ့ တုံ့ပြန်နိုင်အားတွေကို ဖျက်ဆီးပစ်ခဲ့ပြီးပြီ။ ဒီချောင်
ချောင်ကြားထဲမှာနေတဲ့ ကျွန်တော်တို့ တစ်တွေကို ဘယ်သူကမှ လာကြည့်
မရကြဘူး၊ ဟိုတုန်းက ကျွန်တော်တို့အပေါ်မှာ ခေါင်းပုံဖြတ် မိုက်ကြေး
နေတဲ့ လူမိုက်ဂိုဏ်းဆိုတာကလဲ ဘယ်ချောင်ရောက်နေမှန်း မသိတော့
အစအနတောင် မမြင်ဘူး၊ ဒီတော့ ကျွန်တော်တို့ ဘာတတ်နိုင်မှာ
လည်စင်းခံရုံပေါ့၊ ကျွန်တော်တို့မှာ ခံရတာတွေ များလွန်းတော့ တော်
တန်တန်ကို မဖြုန်တော့ဘူး၊ ခံနိုင်နေပြီ၊ ကံဆိုတာ ရှောင်လို့ရတာမှ မဟုတ်

ဘာဘူနှစ်ယောက်သည် မော်တော်ကားပေါ်သို့ တက်ကာ ပြန်ထွက်သွား
ကြသည်။ ထိုနေရာတွင် ရဲကားနှစ်စီး၊ မြေညှိစက်တစ်စီးနှင့် လူအုပ်သာ
ကျန်ရစ်ခဲ့သည်။

ထိုစဉ် ဟာဇရီပါးသည် အံ့သြစရာ အဖြစ်အပျက်တစ်ခုကို မြင်လိုက်
သည်။

သူ့အိမ်နီးချင်း အာရှွန်းသည် သူ့အိမ်ခေါင်မိုးကို ထောက်ထားသည့်
ဝါးလုံးတစ်လုံးကို ဆွဲဖြုတ်ကာ တရားဥပဒေ၏ ကိုယ်စားလှယ်များဆီသို့
ပြေးသွားသည်။ သူက စတင်လိုက်သည်နှင့် စောစောက ငြိမ်သက်နေသော



လူအုပ်သည် လှုပ်ရှားလာသည်။ တဲသိုက်ကလေးများသည် ပျောက်သွားကာ
ထိုတဲသိုက်ကို ဆောက်လုပ်ထားသည့် ပစ္စည်းများသည် ရဲသားများပေါ်သို့
မိုးကာဝဲကာဖြင့် ကျရောက်လာကြသည်။ ရဲများမှာ မြေကြီးပေါ်သို့ လဲကျ
တုန်လေပြီ။ ဤတွင် လူထုကလည်း သဲသဲမဲမဲဖြစ်လာ၏။ လူထုများသည်
ရဲများကို တုတ်များဖြင့် ရိုက်ကြသည်။ အုတ်ခဲကျိုးများ၊ ကျောက်ခဲများဖြင့်
ထုကြသည်။

ရန်ပွဲပြီးသွားသည့်အခါ၌ကား သူတို့ကျူးကျော်ရပ်ကွက်ကလေး မရှိတော့
ပြီ။ လေမုန်တိုင်းတိုက်သွားသကဲ့သို့ ဘာမျှ မကျန်တော့ပြီ။ မြေညှိစက်ဖြင့်
တိုက်ပစ်စရာ မလိုတော့ပြီ။ လူထု၏ ဒေါသက မြေညှိစက်အစား ဝင်လုပ်
ပေးသွားလေပြီ။ မြေအောက်မီးရထားလမ်းကို စီစဉ်ထားသည့်အတိုင်း
ဆောက်လုပ်နိုင်တော့မည်။

ရဲတို့ နောက်ထပ် မရောက်လာမီ ဟာဇရီပါးတို့ မိသားစုသည်
ကျူးကျော်ရပ်ကွက်ကလေးမှ ခပ်သုတ်သုတ် ထွက်ပြေးလာခဲ့ကြသည်။ သူတို့
တွင် ရှိသမျှသော ပစ္စည်းကလေးအားလုံး ဆုံးရှုံးသွားခဲ့ရလေပြီ။ ဘူတာရုံ
ကလေးတစ်ခုသို့ ရောက်သည့်အခါတွင် မီးရထားဥသြသံများကို ကြားရသည်။
ထွက်ပြေးလာခဲ့ကြသော အခြား ရာပေါင်းများစွာသော ဒုက္ခသည်များကဲ့သို့
ပင် ဟာဇရီပါးတို့ မိသားစုတစ်သိုက်သည်လည်း ဘူတာရုံ ပလက်ဖောင်းတွင်
နေရာကလေးတစ်နေရာလောက်ရဖို့ ဘုရားသခင်ကိုသာ အားကိုးရတော့မည်
ထင်သည်။

သို့ရာတွင် ထိုနေ့က ကာလကတ္တားရှိ မြို့ကို စောင့်သော မြို့စောင့်နတ်
တို့သည် မကြားယောင်တကား။

ထိုနေ့ တစ်မနက်လုံး သူတို့သည် ကာလကတ္တားမြို့ကြီးထဲတွင်
ယောင်လည်လည်ဖြစ်နေကြသည်။ နောက်ဆုံး မြို့ပတ်လမ်းတွင်ရှိသည့် ဘုရားရှိ
ခိုးကျောင်းတစ်ဆောင်၏ ဆင်ဝင်တွင် နေရာကလေး တစ်နေရာရသည်။ ထို
နေရာတစ်ဝိုက်တွင် အဒိဗာဆီလူမျိုးစုများ နေထိုင်သည့် ကျူးကျော်ရပ်ကွက်
ကလေးတစ်ခုရှိသည်။ အဒိဗာဆီလူမျိုးစုများမှာ အိန္ဒိယ မြောက်ပိုင်းတောင်
နေထိုင်သည့် တိုင်းရင်းသား ဌာနေလူမျိုးစုတစ်စုဖြစ်ပြီး သူတို့ အခြေအနေမှာ
များစွာ စိတ်ချမ်းမြေ့ဖွယ်ကောင်းသည်။ ထိုနေရာတစ်ဝိုက်မှာ လူနေကျဲခြင်
မီးသဖြင့် ရေအတွက် အဆင်ပြေသည်။ ထို့ပြင် ပတ်လမ်းအဝိုင်းကြီးနှင့်

www.burmeseclassic.com



နီးသဖြင့် ဟာစရီပါးအဖို့ မနက်ခင်း လန်ချားသွားဆွဲလျှင် ဂိတ်ကြီး... နီးသည်။ သူနှင့်အတူ လန်ချားတစ်လှည့်စီ ဆွဲသည့် လန်ချားသမား... ဘီဟာနယ်သား ဆံပင်ကောက်ကောက်နှင့် မှုဆလင်အမျိုးသားတစ်ဦးဖြစ်သည်။ သူ့အမည်မှာ ရာမာတူလာဖြစ်ပြီး လည်တွင် ကိုရန်ကျမ်းစာအုပ် ပုံသဏ္ဌာန် အရုပ်ကလေးကို ရွှေကြိုးဖြင့် ဆွဲထားသည်။ သူသည် မနက်လေးနာရီမှ ညသန်းခေါင်အထိ အလုပ်လုပ်သည်။ ခရီးသည်ရလျှင် ထို့ထက်ပင် နောက်ကျ သေးသည်။ ရာမတူလာသည် သူ့မိသားစုအတွက် ဖင်ငွေ ချွေတာသည့်သဘော ဖြင့် လန်ချားပေါ်တွင်ပင် အိပ်သည်။ ထိုသို့ အိပ်ရသည်မှာ လန်ချား လှည်းသန်ပေါ်တွင် ခြေတစ်ဖက်တစ်ချက်ကို တွဲလောင်းချ၍ အိပ်ရသဖြင့် မသက်မသာဖြစ်သည့်တိုင် အနည်းဆုံး လန်ချားကို သူခိုးမခိုးနိုင်သဖြင့် တစ်ဖက်က တွေးလျှင် တော်သေးသည်ဟုပင် အောက်မေ့ရတော့သည်။

ရာမာတူလာသည် အံ့ညြဖို့ကောင်းသည့် အဖော်တစ်ယောက်ဖြစ်သည်။ ဟာစရီပါး ချောင်းတဟွတ်ဟွတ်ဆိုးကာ သွေးအန်သည်ကို မြင်သွားပြီးနောက် ရာမာတူလာသည် မိတ်ဆွေရင်းချာ တစ်ယောက်၏ အမူအရာကို ပြလာခဲ့သည်။ မနက်လင်း၍ လန်ချားဂိတ်သို့ ဟာစရီပါး ရောက်ချိန်တန်၍ ရောက်မလာခဲ့လျှင် သူသည် ဟာရီဘာန် လမ်းသို့သွားကာ ဟာစရီပါး ပို့ရသည့် ကလေးနှစ်ယောက်ကို လန်ချားပေါ်တင်ပြီး ကျောင်းသို့ ပို့ရသည်။ မပို့၍ မဖြစ်ပါ။ လစဉ် "ဖောက် သည်" နှစ်ယောက်ကို ရနိုင်ဖို့ဆိုသည်မှာ တော်တော်ခက်သည့် ကိစ္စဖြစ် သည်။ အခြားသော လန်ချားသမားတို့အဖို့ ထိုဖောက်သည်မျိုးကို လက်မလွှတ် ပါ။ ထိုသို့သော ဖောက်သည်ကို လက်လွှတ်ရသည်မှာ များစွာ နစ်နာပါသည်။

ညနေဆိုလျှင်လည်း ရာမာတူလာသည် ဟာစရီပါးအလုပ်စောစော သိမ်းနိုင်ရန် လန်ချားဆိပ်သို့ စောစောစီးစီး ကြွတင် ရောက်လာတတ်သည်။ ထိုသို့ စောစောရောက်လာတိုင်း ရာမာတူလာသည် သူ့အစား အလုပ်ချိန်တွင် ဝင်ဆွဲပေးပြီး ရသည့် ပိုက်ဆံကို ဟာစရီပါးကို ပေးတတ်သည်။

ထိုနေ့ မနက်က သူ့ကို တွေ့သည့်အခါတွင် ရာမာတူလာသည် မျက်နှာပျက်နေသည်။ ဤသည်ကို ထောက်လျှင် ရာမာတူလာသည် မိမိ၏ အခြေအနေကို မြင်၍ စိုးရိမ်နေခြင်းဖြစ်ကြောင်းကို ဟာစရီပါး ရိပ်မိလိုက်သည်။ ဟာစရီပါးက သူတို့ ရပ်ကွက်ထဲက တဲအိမ်များ ဖျက်သည့် ကိစ္စကို ပြော သည်။ သို့ရာတွင် ရာမာတူလာ၏ မျက်နှာပေါ်မှ စိုးရိမ်ထိတ်လန့်သည့်



...ရိပ်အရောင်သည် ပျောက်သွားခြင်းမရှိ။ ရာမာတူလာသည် သူ့ကို ...စိုက်ကြည့်နေသည်။

"နေလို့ကောင်းရဲ့လား၊ ဆရာဝန်တို့ဘာတို့ ပြရင် ကောင်းမယ်ထင်တယ်၊ ...များကြည့်ရတာ မမှည့်သေးတဲ့ ရှောက်သီးလို စိမ်းနေတာပဲ၊ ကဲ...လန်ချား ...ပါတက်၊ ကျုပ် လိုက်ပို့မယ်၊ ဒီနေ့အဖို့တော့ ခင်ဗျားက ဈေးဦးပေါက် ခရီး ...သည်ပေါ့"

"ဒီနေ့မနက် ဈေးဦးပေါက်ဆွဲရတဲ့ မာရဝါရီ ကုန်သည်ကတော့ ...တ်ပေါ့ပေါ့ကလေးရယ်ပါကွာ"

ဟာစရီပါးက လန်ချားပေါ်သို့ တက်ထိုင်သည်။

နောက် ဆယ်မိနစ်အကြာတွင် ရာမာတူလာသည် ဟာစရီပါးကို ...လွတ်ပညာသင် ကျောင်းလမ်းရှိ အာယုဗ္ဗေဒဆေးတိုက် တစ်တိုက်ရှေ့သို့ ...လိုက်၏။ သူတို့ ရောက်သည့်အခါတွင် အလျင်ရောက်နေသော လူမမာ ...ယောက်ထိုင်စောင့်နေသည်ကို တွေ့ရ၏။

ဆေး ဆရာဝန်မှာ ခပ်ဝဝ ထိပ်ပြောင်ပြောင်ဖြစ်ပြီး ကုလားထိုင် ...ခုံပေါ်တွင် ထိုင်နေ၏။ သူ့ကို ကြည့်ရသည်မှာ ဆေးဆရာဝန်နှင့် ...။ မဟာရာဇာတစ်ပါး ညီလာခံဝင်နေသည်နှင့် တူသည်။ သို့မဟုတ်လျှင် ...သီး မြေပိုင်ရှင် သူကြီးတစ်ဦး တပည့်လက်သားများနှင့် တိုင်ပင်နှီးနှောနေသည် ... တူသည်။ အခန်းပတ်ပတ်လည် စင်များပေါ်တွင် အိန္ဒိယ အာယုဗ္ဗေဒ ...ဆေးကျမ်းများ၊ ဆေးမြစ်များ၊ ဆေးမှုန့်များ ထည့်ထားသည့် အိုးများ ပုလင်း ...များ စီတန်းလျက်ရှိ၏။ လူနာတစ်ယောက်ကို ကြည့်ပြီးတိုင်း ဆေးဆရာသည် ...ကားလှစွာသော အိုးများ၊ ပုလင်းများကို သယ်လာကာ ကောင်တာပေါ်တွင် ...ထားသည့် ချိန်ခွင်ကလေးတစ်လက်ဖြင့် ချိန်ပြီးနောက် ဆေးများကို ...တိကြီးစွာဖြင့် ချိန်တွယ် ဖော်စပ်ပေးနေသည်။

ဟာစရီပါး၏ အလှည့်သို့ ရောက်သည့်အခါတွင် ဆေးဆရာသည် ...တို့ သက်ဘမကင်းသည့် အကြည့်ဖြင့် ကြည့်ပြီးနောက် ခေါင်းပြောင်ကြီးကို ...တ်နေသည်။ ပထမဆုံးမေးသည့် မေးခွန်းမှာ အသက် ဘယ်လောက်ရှိပြီလဲ ...သည့် မေးခွန်းဖြစ်သည်။ ထို့နောက် စင်မြင့်ပေါ်မှ ဆယ်အိုးထက် မနည်းသော ...ဆေးအိုးများကို ချလာသည်။ ဆေးများကိုယူ၍ စပ်နေသည်မှာ တော်တော်နှင့်

www.burmeseclassic.com



မပြီးနိုင်။ ဆေးဆရာသည် ဆေးလုံးများ၊ ဆေးပြားများကိုသာမက အားဆေး
ဟု ဆိုသော ဆေးရည်များကိုလည်း ဖော်စပ်ပေးလိုက်သေးသည်။ ထို
ဆေးဖိုးဝါးခအဖြစ် ငွေနှစ်ဆယ်တောင်းသည်။ ထိုမျှသာ ငွေသည် လ
ဆေးဆရာတောင်းသည်ထက် များသည့်တိုင် ထိုဆေးထက် ကောင်း
ဆေးမရှိနိုင်ကြောင်း၊ အဆုတ်ရောဂါ ကုရာတွင် နာမည်ကြီးကြောင်း
ရာမာတူလာက ပြောပြသည်။ သူ့မိတ်ဆွေနှစ်ယောက်ပင်လျှင် ထိုဆေး
ကုသပေးသဖြင့် ပျောက်ကင်းခဲ့လေပြီ။

"ကျွန်တော်ကတော့ ရာမာတူလာ ပြောတာကို ယုံချင်ယောင်
နေရတာပေါ့လေ၊ ဒါပေမယ့် အဆုတ်မှာဖြစ်တဲ့ သွေးနီဖျားဆိုတာ ဘ
ပျောက်မလဲဗျာ၊ ကျွန်တော်သိတာပေါ့၊ တခြားလူမပြောနဲ့၊ ရမ်ကျန္တ
လူသန်ကြီးတွေတောင် ဘယ်မှာ ခံနိုင်လို့လဲ" ဟု ဟာစရီပါးက ပြော

ပန်းခြံလမ်းသို့ ပြန်လာစဉ် နောက်မှ မော်တော်ကားသံကြား
ကျွိခနဲရပ်လိုက်သော ကားဘီးပွတ်သံကို ကြားလိုက်ရသည်။ လှည့်၍ ကြည့်
သည့်အခါတွင် တက္ကစီဒရိုင်ဘာ ကိုအုံ့ဘွယ်။ သူ့မျက်နှာသည် ချက်အ
သုံးပုလင်းသောက်လာသူ၏ မျက်နှာကဲ့သို့ နီရဲလျက်။

"ကိုယ်က နေထိုင်လို့လည်း မကောင်း၊ စိတ်ဓာတ်လည်း ကျ
အချိန်မှာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ရဲ့ မျက်နှာကို မြင်လိုက်
ဟာ သူရိယနေမင်းကြီးကို မြင်လိုက်ရသလို အားရှိသွားတာပဲဗျာ"
ဟာစရီပါးက ပြောတတ်သည်။

"ဗျို့... ဟာစရီပါး၊ အမယ်လေး... ခင်ဗျားကို တွေ့ချင်နေတာ၊ ခင်
ကို သတင်းကောင်းတစ်ခု ပြောစရာရှိတယ်ဗျ၊ ဒါပေမယ့် ကျုပ်ကို အ
တစ်ခွက် တစ်ဖလားတော့ တိုက်ဦး"

ကိုအုံ့ဘွယ်သည် သူတို့နှစ်ယောက်ကို ကျောင်းလမ်းနောက်ဖေးလမ်း
တစ်ခုထဲရှိ တိတ်တိတ်ပုန်း ချက်အရက်ဆိုင်ကလေး တစ်ဆိုင်သို့ ခေါ်
သည်။ အရက်နှစ်လုံးမှာသည်။ ပထမခွက် သောက်ပြီးသည့်အခါတွင် ကိုအုံ့
၏ မျက်လုံးများသည် တဖျတ်ဖျတ် တောက်လာကြသည်။

"ကျုပ်တို့ ရပ်ကွက်က ကျုပ်အိမ်နီးချင်း တစ်ယောက်က တော
ပြန်တော့မယ်ဗျ၊ သူ့အခန်းအားမယ်။ သူ့အခန်းက တော်တော်



ာင်းတယ်။ အမိုးကလည်း တကယ့်အမိုး, မိုးထားတာ။ ပြီးတော့
ကာလည်းရှိတယ်။ တံခါးတစ်ပေါက်လည်းရှိတယ်။ အဲဒါ ခင်ဗျားကို
သိရလို့ လာပြောတာ"

ကျွန်တော် သူပြောတာတွေကို နောက်ထပ် ဘာမှမကြားတော့ဘူး။
န်တော့် မျက်စိတွေဟာ မှုန်ဝါးသွားပြီး ကျွန်တော့် နားထဲမှာ လန်ချားချူသံ
ွ မြည်လာတယ်။ ပြီးတော့ ကျွန်တော့် မျက်စိထဲမှာ မီးတောက်ကြီးတစ်ခု
မီးလုံးကြီးတစ်ခုလို ပေါ်လာပြီး ကျွန်တော့် ခေါင်းကို တစ်ယောက်ယောက်က
ာ်လိုက်သလို မူးလဲကျသွားတယ်။ ဘယ်လောက် ကြာသလဲ မသိဘူး၊
ကလုံးဖွင့်ကြည့်လိုက်တော့ ကျွန်တော်က မြေကြီးပေါ်မှာ ပက်လက်ကြီး
နေတယ်။ ကိုအုံ့ဘွယ်နဲ့ ရာမာတူလာက မျက်နှာကြီးတွေ နီရဲလို့။ သူတို့
က်သီးကြီးတွေနဲ့ ကျွန်တော့် ရင်ပတ်ကို တအုန်းအုန်းထုနေကြတယ်။
န်တော် သတိမေ့သွားလို့ သတိပြန်ရအောင် လုပ်နေကြတာလေ။

## ၅၀

ရာသစ်တွင် သူနှင့်အတူ ခွဲဝေနေကြသည့် ပိုးမွှားတိရစ္ဆာန်များအနက်
ာပ်များကိုမူ မကိစ် အခွံဆုံးဖြစ်သည်။ ပိုးဟပ်တွေကလည်း ရာထောင်ချီနေ
ည်။ မည်သည့် ပိုးသတ်ဆေးနှင့်မှ သတ်၍မရ။ တွေ့သမျှ အကုန်
ာ်ဖြတ် စားသောက်ကြသည်။ ပလတ်စတစ်များပင် မခံနိုင်။ နေ့လယ်တွင်
ာပ်များသည် ဘယ်ရောက်၍ ဘယ်ပျောက်နေကြသည်မသိ။ သို့ရာတွင်
ရောက်လာသည်နှင့် တပ်ချီ၍ ရောက်လာကြကာ တစ်ခန်းလုံး ရှောင်၍
ွတ်တော့။ မျက်နှာမရှောင်တစ်ကိုယ်လုံးပေါ်သို့ လျှောက်တက်တော့သည်။
တို့အထဲတွင် အမာဆုံးမှာ နွားချေးပိုးကောင်ကြီးများ ဖြစ်ကြသည်။
ာပ်များလို ပုပုဝိုင်းဝိုင်းမဟုတ်။ ရှည်မျောမျောကြီးတွေ ဖြစ်သည်။ သူတို့
ကြာက်ဆုံးမှာ ချောင်ကြိုချောင်ကြားမှ တွဲလောင်းကျနေသည့် အမွေး
နှင့် ပင့်ကူကြီးများဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ညနေတွင် မက်စ်သည် ကြိုးခုတင်ပေါ်တွင် လှဲ၍စာဖတ်နေသ ထိုစဉ် အကောင်တစ်ကောင် နံရံမှဆင်းလာသည်ကို မြင်လိုက်၏။ သူ မခုန်မီတွင် ထိုအကောင်က သူ့ခြေထောက်ကို ထိုးလိုက်သည်။ မက်စ် မနေနိုင်တော့ဘဲထ၍ အော်လိုက်မိသည်။ ကြောက်ခြင်းထက် နာကျင်ခြင်း ပိုသောကြောင့် ဖြစ်သည်။ မက်စ်သည် ထိုအကောင်ကို ဖိနပ်ဖြင့် နင်းခြေ လိုက်၏။ အခြားမဟုတ်။ကင်းမြီးကောက်ဖြစ်သည်။ အဆိပ်မပျံ့စေရန် ပေါင်ကို သားရေကြိုးတစ်ပင်ဖြင့် စည်းလိုက်သည်။ သို့ရာတွင် အချိန် ခဏနေလျှင် ပျို့အန်ပြီး ချွေးစီးကြီးတွေ ပြန်လာကာ မေ့လဲသွားတော့သ

"ကျွန်တော် ဘာမှ မသိလိုက်တော့ဘူးဗျာ။ သတိရလို့ ကြည့်လိုက် ကျွန်တော့်နဖူးပေါ်ကို အဝတ်တစ်ခု ရေဆွတ်ပြီး တင်ထားတာရယ်၊ ဇန်ဒီ မျက်လုံးတွေရယ်။ အဲဒါတွေကိုပဲ သိတော့တယ်။ အာသံသူ ဇန်ဒီနာ ကျွန်တော့်ကို ပြုံးကြည့်နေတယ်။ သူ့အပြုံးကို မြင်လိုက်ရတော့ ကျွန် တော်တော်အားရှိသွားတယ်။ ကျွန်တော့် တဲကလေးထဲမှာလည်း လူ နေတယ်။ တချို့က ကျွန်တော့် ခြေထောက်ကို နှိပ်ပေးနေကြတယ်။ က တွေက ကျွန်တော့်ကို ယပ်ခပ်ပေးနေကြတယ်။ တချို့က ကျွန်တော့်နား ကို ဂွမ်းစကလေးတွေနဲ့ တေ့ပေးထားကြတယ်။ ဂွမ်းစမှာလည်း ဘာတွေ ထားမှန်းမသိဘူး။ ဖြင်းလိုက်တဲ့ အနံ့။ အန်ချင်လာတာပဲ"

နောင်တွင် မက်စ်က ပြောပြသည်။

ထိုအဖြစ်အပျက်ကြောင့် မက်စ်သည် အိမ်နီးနားချင်းများနှင့် ရင်း သော မိတ်ဆွေများဖြစ်လာခဲ့ကြသည်။ သို့ရာတွင် ကင်းမြီးကောက်ထိုး သည့် ကိစ္စကို သူတို့တစ်တွေ အလေးအနက် မထားကြသည့်အတွက် သူအံ့ဩသည်။ သူတို့ဆီတွင် ကင်းမြီးကောက် အထိုးခံရသည့် ကိစ္စသည် ရိုးနေပြီ။ တစ်ယောက်ကမူ ကင်းမြီးကောက် အထိုးခံရသည်မှာ ခုနစ်ကြိမ် ဟု ဆိုသည်။

သို့ရာတွင် သူတို့ရပ်ကွက်၌ တစ်နှစ်တစ်နှစ် ကင်းမြီးကောက် ထိုး သေသူမှာ အယောက်နှစ်ဆယ်ခန့်ရှိသည်။ အများအားဖြင့်ကလေးများ ဖြစ် သည်။

"ငါကင်းမြီးကောက် ထိုးခံရလို့ လဲနေတာကို နင်ဘယ်လိုလုပ် သိသလဲ"

မက်စ်က မေးသည်။



"အိမ်နီးချင်းတွေက ဆရာကြီး တပိုတပါးသွားတာ မတွေ့ဘူး။ နေထိုင် မကောင်းဘူးလို့ ထင်နေကြတယ်။ ရေအိုးစင်မှာလည်း ဆရာကြီးကို တွေ့ဘူး။ နောက်တော့ ဆရာကြီး သေနေပြီထင်လို့ ကျွန်မကို လာခေါ်ကြတာ။ မှာတော့ ဘာမှ ဖုံးလို့မရဘူး။ အားလုံး သိနေကြတယ်။ ဆရာကြီး ဝိညာဉ် ထိုတောင် ဖုံးလို့ရမှာ မဟုတ်ဘူး"

ဇန်ဒီနာက ဖြေသည်။

## ၅၁

ထိုသတင်းကို ကြားရခြင်းသည် မင်္ဂလာတစ်ပါးဟု ဆိုလျှင် အကျယ်ချဲ့သည်ဟု ထိုကောင်းဆိုကြမည်။ သို့ရာတွင် ကိုဇာစကီးအဖို့သော်မူ ထိုသတင်းသည် သူ့သာသနာပြုလုပ်ငန်း မှန်မြတ်မှန်ကန်ကြောင်းကို ဘုရားသခင်က အတည် ပြုလိုက်သော အတိတ်ကောင်း နိမိတ်ကောင်းတစ်ရပ်ဟု ယူဆသည်။

ကိုဇာစကီးသည် သူ့သာသနာပြုလုပ်ငန်းကို လုပ်ရာတွင် ဒုက္ခဆင်းရဲတို့ ကို ကြုံတွေ့ခဲ့ပြီးဖြစ်၏။ စွန့်လွှတ်မှုတို့ကို ပြုလုပ်ခဲ့ပြီးဖြစ်၏။ ယခုမူ သူစိတ် တတ် နည်းနည်းကျချင်နေပြီ။

ကာလကတ္တား နွေရာသီသည် ပူလွန်း၏။ ထိုအထဲတွင် မြူနီစပယ် လ္လာ အလုပ်သမားတို့ သပိတ်မှောက်ကြသဖြင့် သုခမြို့တော်ကြီး တစ်ခုလုံး သည် အညစ်အကြေးအိုင်ကြီးသဖွယ် ဖြစ်လျက်ရှိကာ ဆိုးရွားသော အနံ့ များသည် ပတ်ဝန်းကျင် တစ်ခုလုံးကို ဖုံးအုပ်လျက်ရှိ၏။ ပူအိုက်သဖြင့် အိပ်၍ မပျော်နိုင်သည့် ညများ၌ ကိုဇာစကီးသည် သူ့ဇာတိ ပိုလန်ပြည်က ချော်မဆုံးနိုင်သော ကွင်းပြင်ကြီးများကိုလည်းကောင်း၊ ဘရစ်တန်နီ ကမ်းခြေမှ ပြုံးဖူးသော သောင်ပြင်ကြီးများကို လည်းကောင်း သတိရနေသည်။ မက်စ် ပြန်ရောက်နေထိုင်သည့်တိုင် ကိုဇာစကီး၏ စိတ်ဓာတ်သည် တား၍ ဆီး၍ မရနိုင်အောင် ကျဆင်းလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ စိတ်ညှစ်နေချိန်တွင် မင်္ဂလာရှိသော သတင်းကို ကြားရခြင်း သည်။ ထိုသတင်းကောင်းကို လာရောက်ပြောကြားသူမှာ အာရှစ်နှင့် ရှန်တာ ဖြစ်သည်။

"ဆရာကြီး၊ ဆရာကြီးအတွက် ကျွန်တော်တို့ ဝိုင်းထဲမှာ အခန်းတစ်ခန်း တွေ့ထားတယ်၊ အဲဒီအခန်းမှာ အရင်တုန်းကနေသွားခဲ့တဲ့လူက ထုပ်မှာကြိုး ချသေသွားတော့ ဒီအခန်းကို ဘယ်သူမှ မနေချင်ကြဘူး၊ လူတွေက ကြိုးဆွဲ သေတဲ့လူရဲ့အခန်းလို့ခေါ်ကြတယ်၊ ကျွန်တော်တို့ အခန်းနဲ့ကပ်လျက်အခန်း

ရှန်တာက ဝမ်းသာအားရပြောသည်။

ကိုဇာစကီးသည် ထိုဝိုင်းကလေးထဲတွင် အခန်းကလေးတစ်ခန်းရသည်။ ထိုမျှ ကျဉ်းမြောင်းသော ကွက်လပ်ကလေးထဲတွင် လူပေါင်းတစ်ရာခန့်နေသည် ဟု ခန့်မှန်းရသည်။ သူတို့သည် ထိုနေရာကျဉ်းကျဉ်းကလေးထဲတွင် အ မွေးလာခဲ့ကာ အတူသေသွားခဲ့ကြ၏။ အတူစားသောက်ကြ၍ အတူ ကြ၏။ အတူ ချောင်းဆိုး၊ အတူ ဘဲထွေးထွေး၊ အတူဆီးသွား၊ အ ဝမ်းသွားပြီး အတူငိုခဲ့ကြ၏။ ထိုနေရာကျဉ်းကျဉ်းကလေးထဲတွင် တစ်ယောက် ကို တစ်ယောက် ချစ်ခဲ့ကြပြီး တစ်ယောက်ကို တစ်ယောက် စော်ကားခဲ့ကြ တစ်ယောက်ကို တစ်ယောက် ကူညီခဲ့ကြပြီး တစ်ယောက်ကို တစ်ယော မုန်းခဲ့ကြ၏။

ကိုဇာစကီးသည် သူတို့တစ်တွေကို ပို၍ ကူညီနိုင်ရန်အတွက် ထိုဝိုင်း ကလေးထဲသို့ ပြောင်းချင်နေသည်မှာ ကြာပြီ။ ယခုမူ ရှန်တာနှင့် အာရှစ် ၏ ကူညီမှုကြောင့် ပြောင်းနိုင်ပြီ။

ရှန်တာနှင့် အာရှစ်တို့သည် သူတို့ ထုံးစံအရ ကိုဇာစကီးကို ထိုဝိုင်း ကလေးထဲရှိ ဆယ်အိမ်ခေါင်းထံ ခေါ်သွားသည်။ ဆယ်အိမ်ခေါင်းမှာ ယခင် သဘော်သား တစ်ယောက်ဖြစ်ပြီး ကာလကတ္တားတွင် သင်္ဘောဆိုက် ဆိပ်ကမ်းသို့တက်ပြီး အရက်မူးနေသဖြင့် သောင်တင်ကျန်ခဲ့သူဖြစ်သည်။ သူ့အမည်မှာ ကရစ်ရှနားဂျာဒိုးဖြစ်ပြီး သုခမြို့တော်တွင် နေလာခဲ့သည်မှာ ၂၇ နှစ်ရှိလေပြီ။ သူ့ခန္ဓာကိုယ်မှာ ပြားချပ်လျက်ရှိပြီး အသက်ရှူလျှင်လည်း တခွီးခွီးမြည်နေသည့်အတွက် ချောင်းဆိုးသွေးပါ ရောဂါရှင်ဖြစ်ကြောင်း အလွယ်တကူ သိနိုင်သည်။



သူတို့နေသည့် တဲတန်းလျားကလေးမှာ အလျားသုံးဆယ့်ငါးဆ အနံကိုးပေလောက်သာရှိမည်။ ထိုတဲတန်းလျား ကလေးထဲတွင် အိမ်ထောင် သည်ပေါင်း ဆယ့်တစ်အိမ်ထောင်ရှိပြီး လူဦးရေ ရှစ်ဆယ်ကျော်ခန့်ရှိမည် ဖြင်သည်။ သူတို့အားလုံးမှာ ဟိန္ဒူဘာသာဝင်တွေချည်းဖြစ်သည်။ သို့မှသာ နေ၍ဖြစ်ပေလိမ့်မည်။ ဘာသာမတူသူချင်း အတူတူနေ၍ ပြဿနာတွေ တက်ကုန်လိမ့်မည်။

မွတ်ဆလင် မိသားစုတစ်ခုသည် နွားကို အထွတ်အမြတ်ထားသော ဟိန္ဒူတစ်ဦးအနီးတွင် အမဲသားကို မည်သို့ချက်ပြုတ်စားနိုင်မည်နည်း။ ထိုနည်း တူပင် မွတ်ဆလင် မိသားစုတစ်ခုအနီးတွင် ဝက်သားကို မည်သို့ ချက်ပြုတ် စားနိုင်မည်နည်း။ ဘာသာရေး ထုံးတမ်းစဉ်လာကို ထိုမျှ အလေးထားသည့် ပတ်ဝန်းကျင်တွင် သတိထား၍ နေနိုင်မှ တော်ကာကျသည်။ နေ့တိုင်း၊ နာရီ တိုင်းတွင် ဘာသာတစ်ခုခုနှင့် သက်ဆိုင်သည့် ဘာသာရေးပွဲတော်၊ ဘာသာရေး ခမ်းအနားတစ်ခုခုတော့ ရှိတတ်သည်။ သို့ဖြင့်ဟိန္ဒူ၊ မွတ်ဆလင်၊ ဆစ်ခ်၊ ခရစ်ယာန် စသည့် ဘာသာဝင် အသီးသီးတို့သည် တစ်စုနှင့် တစ်စု ဘာသာ ရေး အကိုင်းရှိုင်းပြိုင်နေကြသကဲ့သို့ ရှိတော့သည်။

ဘာသာရေးပွဲတော်များအပြင် မွေးနေ့၊ ကင်ပွန်းတပ်၊ မင်္ဂလာဆောင် သည့် လူမှုရေး ပွဲလမ်းများကလည်း သူတို့ ဝိုင်းကလေးထဲတွင် အမြဲလိုလို ရှိတတ်သေးသည်။ ယနေ့တွင် မိန်းကလေး အပျိုဖော်ဝင်သည့် အထိမ်းအမှတ် ပွဲလျှင် နောက်တစ်နေ့တွင် သူတို့ဝိုင်းထဲက မင်္ဂလာဆောင်တော့မည့် ပျိုကလေးများစု၍ သျှိဝနတ်မင်းကို ပူဇော်ပွဲရှိသည်။ သူတို့ယူမည့် လင် သားကျိုးများသည် သျှိဝနတ်မင်းလို ကောင်းမြတ်သည့် မနသီ စိတ်သဘော သူဖြစ်ပါစေကြောင်း ဆုတောင်းကြခြင်းဖြစ်သည်။ နောက်တစ်နေ့တွင် ခင်လောင်းက ကိုယ်ဝန်ဆောင်သည့် ပထမလ အထိမ်းအမှတ်ကျင်းပသည့် ရှိသည်။ နောက်တစ်နေ့တွင်လည်း အတီးအမှုတ် အစုံအလင်နှင့် ကလေးကို ခင်းခွဲ့သည့်ပွဲရှိသည်။

သူ့အခန်းသစ်ကလေးသို့ ရောက်လာသည့် ညအချိန်က ကျင်းပနေသည့် ခမ်းအနားမှာလည်း စိတ်ဝင်စားစရာ ကောင်းသည်။

ထိုနေ့က အမျိုးသမီး ဆယ့်ငါးယောက်ခန့်တို့သည် ရေတွင်း အနီးတွင် အကာ သံကုန်ဟစ်၍ သီဆိုနေကြသည်။ လင်ဖန်းထဲတွင်လည်း လူ

www.burmeseclassic.com



ဝတ္ထုတွေ ပြည့်မောက်နေသည်။ ထမင်း၊ ငှက်ပျောသီး၊ ပန်းကုံးများ… အမွှေးတိုင်တွေလည်းပါသည်။

သူတို့ကိုကြည့်၍ တအံ့တဩဖြစ်နေသည့် ကိုဗာစကီးကို မြင်သည့်အ… တွင် ဆယ်အိမ်ခေါင်းက "အဲဒါ ကလေးလေးကို ရောဂါပျောက်အောင် … တင်နေကြတာလေ" ဟု ပြောသည်။

ကလေးငယ်မှာ ရေကျောက် ပေါက်နေသည်။ တီတိုလာမှာ ထိုရောဂါ… များကို ပျောက်ကင်းစေနိုင်သော တန်ခိုးရှိသည့် နတ်ဖြစ်သည်ဟု ဆိုကြသည်… ထိုနတ်ပွဲတွင် ဝိုင်းထဲရှိသူများ အားလုံး ပါဝင်ကြသည်။ ထိုနတ်တင်ပွဲမ… သုံးရက်လုံးလုံး အစားမစားဘဲ နေကြရသည်။ ထိုနတ်တင်ပွဲပြီးသည့်နောက်… စ၍ ကလေးငယ်ရောဂါမပျောက်မချင်း မည်သူမျှ ကြက်ဥ၊ … အသားစသည်တို့ကို မစားရတော့ပြီ။ မည်သူမျှ အဝတ်မလျှော်ရ၊ အဝတ်မလျှ… တော့ပြီ။ ထို့ကြောင့် ကိုဗာစကီး ရောက်လာသည့်အတွက် ထုံးစံအတိုင်း… စားပွဲသောက်ပွဲတွေ လုပ်ချင်သည့်တိုင် လုပ်ခွင့်မရတော့ပြီ။ သို့တိုင်အော… သုခမြို့တော်မှ လူများ၏ ကြိုဆိုမှုမှာ နွေးထွေးသဖြင့် ပွဲမလုပ်ရသည့်… အကြောင်းမဟုတ်ပါ။ သူတို့ဝိုင်းထဲတွင် နေသူအားလုံးက ကိုဗာစကီး… ပန်းကုံးတွေစွပ်၍ ကြိုဆိုကြသည်။ ရှန်တာနှင့် အခြားသော အမျိုးသမီး… က လာဘ်ကောင်းအောင်ဟု ဆိုကာ သူ့အခန်းကြမ်းပြင်ကို ဆေး… ခြယ်ပေးကြသည်။ ကိုဗာစကီးက သူတို့ အလယ်တွင်ရပ်ပြီး ကြိုဆို နှုတ်… ဆက်သည့် စာတစ်ပုဒ်ကို ဖတ်ပြရသည်။ ထိုစာမှာ ဘင်္ဂါလီ ကဗျာဆရာ… ရာဝိန္ဒြာနတ်တဂိုး၏ ကဗျာထဲမှ စာတစ်ပိုဒ်ဖြစ်သည်။

"လောကပွဲတော်သို့ သင့်ကို ကြိုဆိုပါ၏။ သင်၏ဘဝသည် ကောင်း… ရစေသတည်း" ဟု တဂိုး၏ ကဗျာထဲတွင် ပါသည်။

သုခမြို့တော်သို့ ပြောင်းလာသည့်အခါတွင် ကိုဗာစကီးကို ယခင်နေ… ဟောင်းက လူများကလည်း လိုက်၍ပို့ကြ၏။ ထိုအထဲတွင် အဘိုးအို ဆု… ယား၊ ဆာဗေး၏ အမေ၊ မျက်နှာချင်းဆိုင်မှ မီးသွေးဆိုင်ရှင်နှင့် သူနှစ်ပေါ… များစွာ နေထိုင်ခဲ့သည့် ရပ်ကွက်မှ ကလေးတွေတစ်သိုက်လုံး လိုက်ပို့သည်… စင်စစ် သူတို့ရပ်ကွက်ကလေးသည် ဘာမျှ မဝေး။ သို့တိုင် သူတို့ ရပ်ကွက်… ကလေးမှ ဆရာကြီးကိုဗာစကီး ပြောင်းသွားခြင်းသည် တခြားသော ဂြိုဟ်တစ်…



သို့ ပြောင်းသွားသည့်နှယ် သူတို့ ထင်မိကြသည်။ သူတို့အထဲတွင် ဆာဗေးကလေး၏ အမေပြောသည့် စကားမှာ စိတ်ခိုက်စရာ အကောင်းဆုံးပင်။

"ဆရာကြီး မသွားခင်မှာ ကျွန်မတို့အတွက် ဆုကလေး ဘာကလေး ပေးခဲ့ပါဦး ဆရာကြီးရယ်၊ ဆရာကြီးမရှိတော့ဘူးဆိုရင် ကျွန်မတို့မှာ အဖေအမေမဲ့ သားသမီးတွေဖြစ်ရတာနဲ့ အတူတူပဲ" ဟု သူက ပြောသည်။

ကိုဗာစကီးသည် လက်ကိုမြှောက်ကာ လက်ဝါးကပ်သင်္ကန်းပြု၍ အကြိမ်များစွာ ဆုတောင်းသည်။

"အသင့်တို့အားလုံး ကောင်းချီးမင်္ဂလာဖြစ်စေသတည်း။ အကြောင်းမူ အသင်တို့အားလုံးသည် ကျွန်ုပ်အဖ၏ သားသမီးများ ဖြစ်ကြသောကြောင့် ဖြစ်ပေ၏။ အသင်တို့ အားလုံးသည် ကမ္ဘာ့အလင်းရောင်ဖြစ်ပေ၏" ဆိုသော ဆုတောင်းကို ခပ်တိုးတိုး ရွတ်သည်။

ထို့နောက် ကိုဗာစကီးသည် ကြိုးဆွဲချ သေသွားသူ၏ အခန်းကလေးထဲသို့ ဝင်လာခဲ့ကာ သူ့အထုပ်အပိုးများကို နေရာချသည်။ ကောက်ရိုးဖြင့် ရက်ထားသည့် သူ့မြက်ဖျာကို ခင်းသည်။

"ဒါ ဆရာကြီးရဲ့ ပစ္စည်း အကုန်ပဲလား" ဟု အမျိုးသမီးတစ်ယောက်က အံ့တဩဖြင့် မေး၏။ သူခေါင်းညိတ်ပြ၏။

ချက်ချင်းဆိုသလိုပင် အိမ်နီးချင်းတစ်ဦးက ခွေးခြေတစ်လုံးကို ယူလာသည်။ နောက်တစ်ယောက်က ထမင်းအိုး၊ ဟင်းအိုးများကို ယူလာသည်။ နောက်တစ်ယောက်က မီးသွေးဖိုကလေးတစ်ဖို လာပေးသည်။ သို့ရာတွင် ကိုဗာစကီးသည် ထိုအရာကို ငြင်းလိုက်၏။ သူသည် သူတို့ ရပ်ကွက်ထဲက ဆင်းရဲတကာ့ အဆင်းရဲဆုံး လူတစ်ယောက်လိုနေချင်သည်။ ထိုသဘောဖြင့် ကြည့်လျှင် သူ့ဂေဟာသစ်သည် သူ့စိတ်တိုင်းကျဖြစ်နေသည်။ ထိုအခန်းကလေးမှာ လွန်ခဲ့သည့် ဆယ့်ငါးလလုံးလုံး ဘယ်သူမှ မနေရဲကြသဖြင့် နေမည့်သူမရှိ။ ထို့ကြောင့် အခန်းထဲတွင် ကြွက်တွေ ကိုလိုနီ ဖွဲ့နေကြသည်။ ကြွက်ကလေး၊ ကြွက်ကြီး၊ ကြွက်ဝ၊ ကြွက်ပိန်၊ အမြီးကြီးတွေ တစ်ပေလောက်ရှိသည့် ကြွက်အိုကြီးတွေ၊ တကျီကျီအော်နေသည့် ကြွက်ပေါက်စကလေးတွေ။ နည်းသည့် ကြွက်ဦးရေမဟုတ်။ ဒါဇင်ပေါင်းများစွာချီ၍ ရှိပေလိမ့်မည်။ ကြွက်တွင်းပေါက်တွင်လည်း သူတို့ပြေးကြသည်။ နံရံပေါ်မှလည်း ဆင်းလာကြသည်။

www.burmeseclassic.com



အခန်းထောင့်များထဲတွင်လည်း အောင်းနေကြသည်။ ကြမ်းပြင်တစ်ခုလုံးလည်း ကြွက်ချေးတွေချည်း။ သူတို့သည် ဘာကိုမျှ ကြောက်လန့်ဟန်မတူ။ သည်လောက မှုပြီး သည်လောက် မုန်တိုင်းတွေ တိုက်သည့်ကြားထဲက သူတို့တစ်ကောင် မသေ မပျောက်ကျန်ရစ်ခဲ့သည်မှာ တော်တော်တော့ အံ့သြဖို့ကောင်းသည်။ ထိုမျှမက သူတို့တစ်တွေ ကြီးထွားဖြိုးခိုင်နေသည်မှာ ပို၍ပင် အံ့သြဖို့ကောင်း နေသည်။ ကြိုးဆွဲချ သေဆုံးသွားသူ၏ အခန်းကလေးထဲတွင် သူတို့သာ အရှင်သခင်များဖြစ်နေကြသည်။

ကိုဗာစကီး ပထမဆုံးလုပ်ရသည့် အလုပ်ကား သူ့တွင် ပါလာသည့် ခရစ်တော်ပုံ ချိတ်ရန်အတွက် နံရံတစ်ကွက်လောက်ကို သူတို့ထံမှ တောင်းခြင်းဖြစ်သည်။ ထို့ပြင် သူတရားထိုင်ရန်အတွက် ကြမ်းပြင်တွင် တစ်နေရာလည်း တောင်းရသေးသည်။

`မေတ္တာနှင့် စေတနာ။ သည်နေရာကလေးသည် မ, တစ်ထောင်သား တို့ ပြွတ်သိပ် စုပြုံနေရသည့် နေရာကလေး။ သည်နေရာကလေးသည် မေတ္တာ နှင့် စေတနာကို ကျင့်သုံးရန် ပွားများရန်အတွက် အလွန်ကောင်းသည့် နေရာ ကလေး။ ထိုတရားများကို အကောင်အထည်ဖော်ရာတွင် ထို့ထက်ကောင်းသည့် နေရာ မရှိတော့ပြီ။ သည်နေရာတွင် လူများသည် လုံးဝပွင့်လင်းသော အခြေ အနေမျိုးတွင် နေထိုင်ကြသည်။ ခံစားချက်ကလေးတစ်ခု၊ အလုပ်ကလေး တစ်လုပ်၊ စကားကလေးတစ်လုံးကို ချက်ချင်း သိလိုက်၊ နားလည်လိုက်ကြသည်။ လူအမျိုးမျိုးနှင့် ရောနှော နေထိုင်ရသဖြင့် အစစအရာရာ သတိထားရသည်။ ကိုယ်လက် သုတ်သင်ချင်လျှင် လုံချည်ကို ပါးစပ်ဖြင့်ကိုက်၍ ကွယ်ထား ပြီးမှ ပြုရသည်။ အိမ်သာသုံးသည့် ခွက်တို့ကို ဆေးကြောရသည်။ လမ်းသွားလျှင် မြောင်းထဲတွင်ထိုင်၍ အပေါ့သွားနေသည့် အမျိုးသမီးတစ်ယောက် ကို မမြင်ယောင်ပြု၍ သွားရသည်။

ထိုနေ့ညနေတွင် တွေ့ရသော မြင်ကွင်းကြောင့် ကိုဗာစကီးသည် အတော်တုန်လှုပ်သွားခဲ့ရသည်။ ကိုဗာစကီးသည် အခန်းထဲရှိ ကြွက်များ၊ မှောင်းနှင့်ထုတ်သဖြင့် အပြင်ဘက်ဝရန်တာကလေးသို့ ထွက်လာခဲ့ရသည်။ သို့ရာတွင် သူ့အဖို့ နေရာမရှိပါ။ ဝရန်တာတွင် သူ့ထက်အလျင်စောရောက်သော သူများက အတုံးအရုံး အိပ်နေကြပါပြီ။ ထိုသို့ ပူလောင်အိုက်စပ်သော ညများ တွင် လူတိုင်းအပြင်သို့ ထွက်အိပ်တတ်ကြပါသည်။ ဝိုင်းတွင် အုတ်တံတိုင်း



မိုးနိမ့်ကလေး ကာရံထားသဖြင့် မြောင်းထဲမှ ရေပုပ်တွေ စီးမဝင်သည်မှာ တော် သေးသည်ဟုပင် ဆိုရတော့မည်။

ကိုဗာစကီးသည် အိပ်နေသူနှစ်ဦးကြားတွင် နေရာဝင်ယူလိုက်၏။

"နေရာမရှိတော့လို့ သူတို့ကြားထဲမှာ အတင်း တိုးဝှေ့ဝင်ရတယ်။ ဒါပေမဲ့ ဒါ မေတ္တာထဲက ငါးတွေလိုပေါ့ဗျာ" ဟု ကိုဗာစကီးက ပြောပြသည်။

* * *

သူ့အခန်းသစ်သို့ ပြောင်းလာခါစ ပထမညက အဖြစ်အပျက် နှစ်ခုကို ကိုဗာစကီး မမေ့နိုင်။

အခန်းနီးချင်း၏ ဟောက်သံများ၊ သူ့မျက်နှာပေါ်သို့ ဖြတ်သွားသော ကြွက်ချေးပိုးများနှင့် လင်းနို့အုပ်များ၊ အဆုတ်ရောဂါ စွဲကပ်သူတို့၏ ချောင်းဆိုး သံများနှင့် တံတွေးထွေးသံ၊ မြေကြွက်ကြီးများကို ဟောင်နေသည့် ခွေးလေ ခွေးလွင့်တို့၏ ဟောင်သံများ၊ အရက်မူးသမားတို့၏ ဆဲရေးတိုင်းထွာသံများ၊ ပြန်လာသော အမျိုးသမီးများ၏ ကြေးအိုးချင်း ထိသံများ။

ထိုအသံများသည် သူ့အဖို့ အကြောင်းမဟုတ်သေး။

သူ့စိတ်မချမ်းမသာအဖြစ်ရဆုံးအသံမှာ ခြောက်အိပ်မက်မှ လန့်နိုးလာ သော ကလေးငယ်များ၏ အလန့်တကြား ငိုသံများဖြစ်သည်။

ဒုတိယအသံမှာ ဆူညံသော ကြက်တွန်သံဖြစ်သည်။ ကလေးငိုသံတွေ ကြောင့် တစ်ညလုံး ကောင်းစွာ အိပ်မပျော်ခဲ့သည့် ကိုဗာစကီးသည် မနက်လေး နာရီလောက် မှေးမှေး မှေးမှေးဖြင့် အိပ်ပျော်သွားသည်။ ဘာမျှ မကြာလိုက်၊ ဆောက်အီးအီးအွတ်ဟူသော နားနားသို့ ကပ်၍ တွန်လိုက်သော ကြက်တွန် ကြောင့် အိပ်ရာမှ လန့်နိုးလာခဲ့သည်။ ထိုကြက်မှာ သူ့အခန်းနီးချင်းများ၏ ကြက်ဖြစ်ပြီး သူ့အခန်းရှေ့တိုင်တွင် ကြိုးဖြင့် လာချည်ထားသည်ကို တွေ့ရ သည်။

ကိုဗာစကီးသည် အပြင်သို့ထွက်၍ သူတို့အခန်းထဲသို့ လှမ်းကြည့်လိုက် ၏။ ထိုအခန်းတွင် နေသူများကို သူမတွေ့ရသေး။ သူတို့အလုပ်မှာ ညသန်း ခေါင်ကျမှ သိမ်းလေ့ရှိသဖြင့် သူ့အခန်းထဲတွင် လှဲနေစဉ် ညဉ့်နက်တွင်မှ ပြန်ရောက်လာသူများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် အမျိုးသမီး ငါးယောက်သည် ခေါင်းချင်းဆိုင် ဆာရီများကို ခြုံ၍ အိပ်နေကြသည်။ သို့ရာတွင် ထိုအမျိုးသမီးများမှာ အ ရှည်ရှည်၊ ကိုယ်လုံးထွားထွားတွေဖြစ်သည်။ ထိုမျှ အရပ်ရှည်သော အမျိုးသမီးများကို သူတစ်ခါမျှ မမြင်ဖူးသေး။

ထိုစဉ် အိပ်ရာမှ နိုးလာကာ သူတို့အချင်းချင်း ပြောနေသည့် စကား များကို ကြားရသည်။ သူတို့အသံက မိန်းမသံမဟုတ်။ ယောကျ်ားသံ ကြီးတွေ။

ထိုအခါကျမှ သူ့အခန်းနားချင်းများသည် မိန်းမရှာများဖြစ်နေသည် သူသိရသည်။

## ၁၂

မက်စ်သည် ဆေးပြင်းလိပ်ဘူးထဲမှ မွန်တီကရစ္စတို ဆေးပြင်းလိပ်တစ် ကို ထုတ်၍ ဖွာနေသည်။

ထိုစဉ် သူ့အထက်အမိုးပေါ်မှ တဖြုန်းဖြုန်းမြည်သော အသံများ ကြားလိုက်ရ၏။ သူသည် အပူပိုင်းဇုန်ရှိ လေမုန်တိုင်းများကို တွေ့ခဲ့ဖူးပြီ သို့ရာတွင် ထိုမျှ သဲသဲမဲမဲ ရွာချသော မိုးကို မမြင်ဖူးသေး။ မုတ်သုံ မတိုင်မီ မုန်တိုင်းတစ်ခု ကာလကတ္တားကို ဝင်ဆောင့်နေပြီ ဆိုသည့် အရိပ် ဖြစ်သည်။

မက်စ်သည် ပုလင်းထဲမှ ဝီစကီကို နှစ်ခွက်စာဆင့်၍ ငှဲ့လိုက်ပြီး ရေရောသေးဘဲ စောင့်နေသည်။ ကြာကြာ မစောင့်လိုက်ရပါ။ အုတ်ကြွပ်နှ ကြားမှ ရေသည် ရေတံခွန်ကြီးတစ်ခုသဖွယ် တဝေါဝေါ ဆင်းလာ သားပတ်လည်မှလည်း မိုးရေတွေ ဝင်လာသည်။ စက္ကန့်အနည်းငယ်အ တွင် သူ့အခန်းကလေးသည် ရေအိုင်ကြီး တစ်အိုင်လိုဖြစ်လာပြီး ရေ လျင်မြန်စွာ ပြည့်စပြုလာသည်။ အနီးရှိ အခန်းများမှ လူများသည် သူ ပစ္စည်းများကို ရေမစိုအောင် ရွှေ့ပြောင်းနေကြသည်။



မက်စ်သည် သူ့ဆေးသေတ္တာများ၊ ဆေးကုသရေး ကိရိယာများ သူကိုယ်ပိုင် အသုံးအဆောင်များနှင့် အာဟာရချို့တဲ့မှုတွင် စတုတ္ထနှင့် ပဉ္စမ အဆင့်သို့ ရောက်နေကြသော ကလေးငယ်များကို တိုက်ရန် ထားသည့် နို့မှုန့် ဘူး သေတ္တာသုံးလုံးကို ရွှေ့ပြောင်းရသည်။ "အသက်ကယ်ဘူး"ဟု သူခေါ် သော ဝီစကီသုံးလုံးနှင့် ဆေးပြင်းလိပ်ဘူးတို့ကို အပေါ်တွင် တင်သည်။

ထိုစဉ် တံခါးခေါက်သံ သဲ့သဲ့ကို ကြားလိုက်ရသဖြင့် မက်စ်သည် ခြေကျင်းဝတ်လောက် ရေထဲတွင် တစွက်စွက် လျှောက်လာခဲ့သည်။ တံခါးကို ဖွင့်၍ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည့်အခါတွင် မိုးရေတွေ စိုရွှဲ နေသည့် ကလေးမတစ်ယောက်ကို တွေ့လိုက်ရသည်။ သူ့လက်ထဲတွင် ရေတစ်စက်စက် ကျနေသော ထီးတစ်လက်ကို ကိုင်လျက်။ မက်စ်အတွက် သူ့အဖေက ထီးအပို့ခိုင်းလိုက်သဖြင့် လာပို့ခြင်းဖြစ်သည်။ မရှေးမနှောင်းဆို သလိုပင် အလုပ်လက်မဲ့ အခန်းနီးချင်းက အုတ်ခဲတွေကိုဆင့်၍ ထမ်းလာပြီး သူ့ကိုပေးသည်။ သေတ္တာများကို ရေမြုပ်မည်စိုးသဖြင့် သေတ္တာအောက်မှ ခုရန်ဖြစ်သည်။

ဆင်းရဲသား ရပ်ကွက်ကလေးတွင် အချင်းချင်း ကူညီရိုင်းပင်းခြင်းသည် အပြောသက်သက်မျှ မဟုတ်။

တစ်နာရီကျော်ခန့်ကြာသည့်အခါတွင် မိုးသည် တဖြည်းဖြည်း စဲစပြု သွား၏။ မက်စ်သည် ဂရင်းဟိုတယ်တွင် ခိမ်ကျကျ နေခဲ့ရသည့် အခန်းကလေး ကို အမှတ်ရနေသည်။ ထိုစဉ် သူ့အခန်းတံခါးကို အပြင်ဘက်မှ ဆောင့်တွန်းလိုက် သဖြင့် တံခါးသည် ပြုတ်ထွက်သွား၏။

ကြည့်လိုက်သည့် အခါတွင် လူသုံးယောက်။

တစ်ယောက်က သူ့လက်ကို ဖမ်းချုပ်လိုက်ပြီး သူ့ကို နံရံတွင် ကပ်ထားလိုက်သည်။ တစ်ယောက်က သူ့ဗိုက်ကို ဓားမြှောင်ဖြင့် ထောက်ထား သည်။

"နို့မှုန့်ဘူးတွေ ဘယ်မလဲ မြန်မြန်ပေး"

သူ့ကို ဓားမြှောင်ဖြင့် ထောက်ထားသူက တောင်းသည်။

မက်စ် နားမလည်နိုင်။ သူ့ထံတွင် လာ၍ နို့မှုန့်ဓားပြတိုက်နေခြင်း ဖြစ်ကြောင်းနောက်မှ သတိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟော့လူ...ပေးလေ မြန်မြန်၊ ဘယ်မလဲ နို့မှုန့်ဘူးတွေ”

မက်စ်က နို့မှုန့်သေတ္တာသုံးလုံးကို လက်ညှိုးထိုးပြသည်။

“ဟိုမှာ”

လူဆိုး သုံးယောက်သည် နို့မှုန့်သေတ္တာသုံးလုံးကို တစ်ယောက်တစ် လုံးစီ ထမ်း၍ ထွက်ပြေးကြသည်။ သွားခါနီးတွင် နှာခေါင်းကျိုးနှင့် လူက “ကျေးဇူးပဲဗျာ၊ ကျွန်တော်တို့ပြန်ပေးပါ့မယ်” ဟု အင်္ဂလိပ်လို ပြောသွားသည်။

အဖြစ်အပျက်က လျင်မြန်လွန်းသဖြင့် မက်စ်အဖို့ အိပ်မက်လိုဖြစ်နေ သည်။ မက်စ်သည် သူ့တံခါးကိုပြင်ဆင်သည်။ သို့ရာတွင်မရ။ တံခါးကို ပြင်တပ်နေစဉ် ဆိုးရွားသော အနံ့ကို ရသဖြင့် ငုံ့ကြည့်လိုက်၏။ အလိုလေး ...မစင်တုံးများပါတကား။ မိုးသည်းထန်လှသဖြင့် မြောင်းထဲက ရေ့လျှံတက် လာကာ သူ့အခန်းထဲသို့ ဝင်လာခြင်းဖြစ်သည်။

ထိုညက ဒုက္ခရောက်လိုက်သည့် ဖြစ်ခြင်း။ သူ့တွင် မီးခြစ်မရှိ၊ လက်နှိပ်ဓာတ်မီးမရှိ။ ရေသောက်စရာ ဖန်ခွက်မရှိ။ အားလုံး ရေအောက် ရောက်ကုန်ကြပြီ။

မက်စ်သည် သူ့ဇာတိ မီယာမီ ကမ်းခြေကို လွမ်းနေသည်။ သည်အချိန်ဆို လျှင် စံပယ်တွေ ပွင့်ကြတော့မည်။ ကမ်းစပ်တွင် ဆိုက်ထားသည့် လှေနံရံကို ရိုက်ပုတ်နေကြသော လှိုင်းသံများကို နားထောင်နေကြတော့မည်။

ဝေလီဝေလင်းတွင် တံခါးရွက် မရှိသော သူ့တံခါးပေါက်တွင် သဏ္ဍာန်တစ်ခုပေါ်လာသည်။ ကြည့်လိုက်တော့ ဗန်ဒိုနာ။

ဗန်ဒိုနာ၏ မျက်နှာပေါ်က အမူအရာကို အကဲခတ်ဖို့ ခက်နေသည်။ သူ့ကို ကြည့်ရသည်မှာ စိတ်လှုပ်ရှားနေဟန်ရှိ၏။ သူ့မျက်လုံးဝိုင်းဝိုင်းများ သည် ပြူးကျယ်နေကြသည်။

“ဆရာကြီး လုပ်ပါဦး၊ ကျွန်မ အမေ သိပ်ဆိုးနေတယ်၊ သွေးတွေ အန်နေတယ်။”

ခဏကြာလျှင် သူတို့နှစ်ယောက်သည် ပေါင်လည်လောက်အထိ နက် သော ရွှံ့ရေတွေထဲမှာ တစွက်စွက် လျှောက်လာခဲ့ကြသည်။ ဗန်ဒိုနာသည် ရှေ့ကသွားရင်း လက်တွင် ပါလာသည့် တုတ်တစ်ချောင်းဖြင့် ရေအောက်က



မြေကြီးကို စမ်းထောက်နေသည်။ ရေအောက်တွင် ရေမြောင်းပေါက်ကြီးတွေ ရှိသောကြောင့်ဖြစ်သည်။ တစ်ခါတစ်ရံတွင်လည်း ပေါလောမျောနေသည့် ခွေးသေကောင်၊ ကြွက်သေကောင်တို့ကို တုတ်ဖြင့် လှမ်းဖယ်ရသည်။ ညစ်ပတ် နောက်ကျိနေသည့် ရေထဲတွင် ကူးခတ်ကစားနေသည့် ကလေးများကြောင့် မက်စ် ရေမစိုအောင် သူတို့ကို အော်ရငေါက်ရသည်မှာလည်း အမောပင်။ ခြောက်အိပ်မက် တစ်ခုပမာ ထိုမျှလောက် ကြောက်ဖွယ်ကောင်းနေသည့် အခြေအနေထဲတွင် အသွားအလာမပျက်၊ အကစားမပျက်၊ အလုပ်အကိုင် မပျက် လှုပ်ရှားနေသည်မှာ အံ့သြဖို့ အကောင်းဆုံးဖြစ်သည်။ တစ်နေရာတွင် ဆိုက်ကားတစ်စီးပေါ်တွင် ဦးပေါင်းထုပ်ကြီး ပေါင်းထားသည့် လူတစ်ယောက်က ထိုင်ပြီး ဘေးတွင် ကလေးတွေ ဝိုင်းအုံနေကြသည်ကို တွေ့ရသည်။ ကလေးများ မှာ အချို့က ရင်ဆို့လောက်၊ အချို့က ခါးလယ်လောက်၊ အချို့က ပေါင်လယ်လောက် ရေထဲတွင် ဝိုင်းအုံရပ်နေကြသည်။

“ထိုးကြနော်...ထိုးကြ၊ အစိုးရထီကြီး ဖွင့်တော့မယ်၊ တစ်စောင်မှ ဆယ်ပြားထဲရယ်”

သည်လောက် ညစ်ပတ်နေသည့် ပတ်ဝန်းကျင်တွင် ထီလာဖွင့်နေသူက ရှိသေးသဖြင့် မက်စ် အံ့သြရသေးသည်။ ဟုတ်ပေလိမ့်မည်။ ဘီစကွတ်မုန့်ကလေး တစ်ချပ်နှင့် ချိုချဉ်တစ်လုံးတို့သည် အူဟောင်းလောင်း ဖြစ်နေသော ကလေးများ အဖို့ မဟာရာဇာပေးသည့် ဆုကြီးသဖွယ် ဖြစ်နေသည်။

ဗန်ဒိုနာ၏အမေမှာ သူထင်သလောက် အခြေအနေမဆိုး။ ထထိုင်ကာ သူမမှာ လာမေးသူများနှင့် စကားပြောနေလေပြီ။ ဗန်ဒိုနာ၏အမေမှာ ခေါင်း တွင် ဆံပင်ကျိုးတိုးကျဲတဲကို စုစည်းချည်ထားသည်။ သေးသေးညှက်ညှက် ကလေးဖြစ်ရသည့်အထဲတွင် အသက်ကြောင့် ကျုံ့ဝင်နေသဖြင့် ပို၍ပင် သေးငယ်နေသည်ဟု ထင်ရသည်။ သူနှင့် ကလေး ငါးယောက်တို့၏ အိပ်ရာ ဖြစ်သော ကွပ်ပျစ်ကလေး အထက်နံရံတွင် နတ်ရုပ်တွေ ရိုက်ထားသည့် တားချပ်တစ်ခုကို ချိတ်ထားပြီး ရှေ့တွင် ဆီမီးခွက်တစ်ခု ထွန်းထားသည်။

“ဆရာကြီးရယ်...ဘာဖြစ်လို့ ဒုက္ခရှာရတာလဲ၊ ကျွန်မ နေကောင်းပါ တယ်၊ ဘုရားက ကျွန်မကို မခေါ်သေးပါဘူး”

ဗန်ဒိုနာ၏အမေက ပြောသည်။ ထိုနောက် သူ့ကို လက်ဖက်ရည်နှင့် [illegible]ဖြင့် ဧည့်ခံသည်။ ထိုအခါကျမှပင် ဗန်ဒိုနာခမျာ ပြုံးနိုင်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိဘူးလေ၊ ရောက်တုန်းမှာ ကျွန်တော် စစ်ဆေးကြည့်ဦးမယ်"

"ဆရာကြီးကလဲ ကျွန်မ ဘာမှမဖြစ်ပါဘူး၊ နေကောင်းပါတယ်၊ အလကား...ဒုက္ခမရှာပါနဲ့"

"အမေ၊ ဒီက ဆရာကြီးက အမေရိက၊ ကလာတာ"

အမေရိက၊ ကလာတာဆိုသည့်စကားကို ကြားသည့်အခါတွင် အမေ... ကျန်သည့် ပရိသတ်ရော စိတ်ဝင်စားသွားကြသည်။

ဆင်းရဲသား ရပ်ကွက်တစ်ခုတွင် လူနာတစ်ယောက်ကို စစ်ဆေးရသည်မှာ မမြင်ကွယ်ရာတွင် မဟုတ်။ လူအများရှေ့မှာပင် စစ်ဆေးရခြင်းဖြစ်သည်။ လူတွေကလည်း ဝိုင်းကြည့်နေကြသည်။

နာရီဝက်ခန့် စစ်ဆေးပြီးသည့်အခါတွင် မက်စ်သည် နားကျပ်... အောက်သို့ချလိုက်သည်။

"ဘာမှပူမနေနဲ့၊ မင့်အမေက ကျောက်ဆောင်ကြီး တစ်ဆောင်... ခေါင်ခေါင်မြည်လို့"

မက်စ်က အားပေးနှစ်သိမ့်သည့် လေသံဖြင့် ပြောသည်။

ထိုစကားပြောပြီးနောက် မကြာမီမှာပင် စိတ်ထိခိုက်စရာတွေ ဖြစ်ပျက်... ခဲ့သည်။ ဇန်ဒိနာ၏အမေက ရေနွေးအိုးတည်ရန် ရေထ၍ ခပ်သည်။ ... အမေသည် ချောင်းတဟွတ်ဟွတ် ဆိုးလာကာ အသက်မရှူနိုင်တော့ဘဲ လဲကျ... လေသည်။ ပါးစပ်ထဲမှလည်း သွေးတွေ စီးကျလာသည်။ မက်စ်... ဇန်ဒိနာနှင့်အတူ အမေ့ကို ခုတင်ပေါ်သို့ ပွေ့တင်ပေး၏။ ဇန်ဒိနာက ပါး... တွင် ပေနေသည့် သွေးများကို သုတ်ပေးနေစဉ် အမေသည် ပါး... တလှုပ်လှုပ်နှင့် တစ်စုံတစ်ရာကို ရွတ်နေသည်။ ဘုရားစာရွတ်နေခြင်း... ကြောင်း မက်စ် သိလိုက်သည်။ အမေသည် သူ့အနီးတွင် ဝိုင်းအုံနေကြ... ပရိသတ်ကို လှမ်းကြည့်နေသည်။ သူ့မျက်နှာပေါ်တွင် ကြောက်ရွံ့ထိတ်လန့်... အရိပ်အရောင်ဆို၍ လုံးဝမရှိ။ ပကတိ တည်ငြိမ်အေးချမ်းလျက်။ မက်စ်... နှလုံးအားတိုးဆေးတစ်လုံး ထိုးပေးရန်ပြင်သည်။ သို့ရာတွင် အပ်ကို အသ... သို့ ထိုးစိုက်ချိန် မရလိုက်တော့ပြီ။ အဘွားအိုသည် ချက်ချင်း တောင့်... ပြုလာကာ သက်ပြင်းကြီးတစ်ချက်ကိုချ၍ ချုပ်ငြိမ်းသွားသည်။



အခန်းထဲတွင် အော်ဟစ် ငိုလိုက်သည့် အသံတစ်သံ ပေါ်လာသည်။ ထိုအသံမှာ ဇန်ဒိနာ၏အသံဖြစ်သည်။ ဇန်ဒိနာသည် သူ့အမေကိုဖက်၍ ငိုသည်။ ထိုနောက်တွင်ကား အော်ဟစ် ငိုယိုသံ၊ သံရှည်ဆွဲ၍ငိုသံ၊ ယူကျုံးမရ မြည်တမ်းသံတို့သည် ပွက်လောရိုက်သွားတော့သည်။ အမျိုးသမီးများက သူတို့မျက်နှာကို လက်သည်းဖြင့် ကုတ်ခြစ်၍ ငိုကြသည်။ အမျိုးသားများက သူတို့ခေါင်းကို လက်သီးဖြင့်ထု၍ ငိုကြသည်။ ကြောက်လန့်နေသော ကလေးငယ်များကလည်း သူတို့ မိဘများနည်းတူ ငိုကြသည်။ ဝိုင်းထဲရှိ အခြားသော တဲကုပ်ကလေးများမှလည်း ဝိုင်း၍ငိုကြသည်။

ခဏအကြာတွင်မှ ဇန်ဒိနာသည် စောစောက ရုတ်တရက် အရုပ်ကြိုးပြတ် ထိုင်ချလိုက်သကဲ့သို့ ခုလည်း ချက်ချင်း မတ်တတ်ရပ်လိုက်ကာ ဆာရီကိုပြင် ဝတ်သည်။ မျက်ရည်တို့ သွေ့ခြောက်သော မျက်လုံးများဖြင့် သတိကိုပြန်ထိန်း၍ မတ်တတ်ရပ်လိုက်သည်။

"ခဏကလေးအတွင်းမှာပဲ ဇန်ဒိနာဟာ လုပ်စရာရှိတာကို လုပ်တယ်။ အမိန့်ပေးစရာရှိတာကို ပေးတယ်။ ခိုင်းစရာရှိတာကို ခိုင်းတယ်။ နှစ်မိနစ်လောက် အတွင်းမှာ အာသံသူ သူငယ်မလေးဟာ အစစအရာရာကို စီစဉ်ပြီးသားဖြစ် နေပြီ။ သူ့မောင်ကိုခေါ်ပြီး တောက ဆွေမျိုးတွေကို အကြောင်းကြားဖို့ လွှတ်လိုက်တယ်။ အိမ်နီးနားချင်းတွေကိုတော့ အသုဘအခမ်းအနားအတွက် ဝယ်စရာရှိတာဝယ်ဖို့ ဈေးကို လွှတ်တယ်။ အလောင်းကို ခြယ်ဖို့ ပန်းဆီမွှန်၊ ယောင်းတိုင်၊ အမွှေးတိုင်၊ ထောပတ်ဆီ၊ ဂွမ်းစတို့၊ စံပယ်ကုံးတို့၊ နှင်းဆီကုံးတို့ကို အဝယ်ခိုင်းလိုက်တယ်"

အသုဘစရိတ်အဖြစ် သူ့ရွှေလက်ကောက်နှစ်ဖက်နဲ့ ရွှေနားဆွဲကလေးတို့ကို လမ်းထိပ်တွင်ရှိသည့် ငွေတိုးချေးစားသူ ပထန်ကြီးထံ ငွေတစ်ထောင်နှင့် သွားပေါင်ရသည်။ အသုဘသို့လာသည့် တောမှ ဆွေမျိုးများကို ကျွေးမွေးရန် အတွက် ဆန်နှစ်တင်း၊ ချာပါတီလုပ်ရန် ဂျုံ၊ ဟင်းသီးဟင်းရွက်၊ သကြား ဟင်းခတ် အမွှေးအကြိုင်တို့ကို ဝယ်ရသည်။ ထိုနောက် ပေါင်ဆုတ္တိ နှစ်... ဆရာတစ်ယောက်ကို ငွေတစ်ရာပေး၍ ငှားရသည်။ အသုဘတွင် ...ဘုံ... ရွတ်ဖတ်သရဇ္ဈာယ်ရန်ဖြစ်သည်။

နောက်သုံးနာရီကြာသည့်အခါတွင်မှ အသုဘချရန် အသင့်... ဖြစ်လေပြီ။ အမေ၏ အလောင်းကို အဝတ်ဖြူဖြင့်ပတ်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



တင်ထားသည့် အလောင်းစင်ပေါ်သို့တင်သည်။ ပန်းဆီတွေ ဆိုးထားသည့်လက်ခြေထောက်နှင့် မျက်နှာတို့ကို ဖော်ထားသည်။ မျက်နှာတွင်မူ အရေးအစင်းမရှိတော့။ သေခြင်းတရားသည် အရေးအစင်းများကို ဖျက်ပစ်လိုက်လေပြီ။ အလောင်းစင် ပတ်ပတ်လည်တွင် အမွှေးတိုင်တွေ ထွန်းထားသဖြင့် အမွှေးသည် မွှန်နေသည်။ သင်္ကန်းဝါဝါဝတ်ထားသည့် ဟိန္ဒူဘုန်းကြီးက လင်းကွင်းချပ်ကို တီးရင်း ဆုတောင်းစာများကို ရွတ်သည်။ ထိုနောက် သေသူ၏နဖူးကို ထောပတ်ဆီဖြင့် သုတ်လိုက်ပြီး ဘဝကူးကောင်းစေရန် အလောင်းစင်ပတ်ပတ်လည်ကို ဆန်မန်းပေါက်ပေါက်တို့ကြဲသည်။ ထိုနောက် ဆွေမျိုးတော်သူလေးယောက်က အလောင်းစင်ကို သယ်ကြသည်။ သူနှင့်အတူ နှစ်ပေါင်းများစွာ ဤအိမ်ခေါင်းကလေးထဲတွင် နေလာခဲ့သည့် အမေတစ်ယောက်အိမ်ခေါင်းကလေးထဲမှ ထွက်ခွာသည်ကို မြင်ရသည့်အခါ၌ကား ဗန်ဒီနာမချုပ်တည်းနိုင်တော့။ အခြားမိန်းမများကလည်း နောက်တစ်ကျော့ ငိုကြွေးသည်။ ထိုအချိန်၌ အလောင်းစင်မှာ ရွှံ့တွေဗွက်တွေကို ဖြတ်ကာ လမ်းထိပ်သို့ ရောက်နေလေပြီ။

အမျိုးသားများသာလျှင် အလောင်းစင်နှင့်အတူ မီးသင်္ဂြိုဟ်ရာစင်သို့ လိုက်ပါသွားကြသည်။ ဟိန္ဒူတို့ ထုံးတမ်းစဉ်လာအရ ဗန်ဒီနာ၏ အမေအလောင်းကို မီးသင်္ဂြိုဟ်ကြမည်ဖြစ်သည်။ ဟူဂလီမြစ်ကမ်းပေါ်ရှိ မီးသင်္ဂြိုဟ်ရာကွင်းသို့ ရောက်အောင် တစ်နာရီခန့်သွားရသည်။ အလောင်းကို ထမ်းလာသူများက အလောင်းကို ညောင်ပင်တစ်ပင်အောက်တွင်ချထားစဉ် ဗန်ဒီနာ၏အစ်ကိုအကြီးဆုံးက အလောင်းကိုသင်္ဂြိုဟ်ရန်အတွက် မီးသင်္ဂြိုဟ်စင်တစ်ခုငှားရန်နှင့် ရွတ်ဖတ်ပေးပါရန် ဟိန္ဒူဘုန်းကြီးတစ်ပါးကိုသွား၍ လျှောက်နေသည်။ အလောင်းကို မီးသင်္ဂြိုဟ်စင်ပေါ်သို့ တင်ပြီးသည့်အခါတွင် ပုဏ္ဏားတစ်ယောက်က ဂင်္ဂါမြစ်ရေကို သေသူ၏ နှုတ်ခမ်းပေါ်သို့ချပေးသည်။ သူ့သားအကြီးက အလောင်းကို သင်္ဂြိုဟ်ခြင်း မပြုမီ ငါးကြိမ်ရစ်ပတ်၍ ကန်တော့သည်။

အလောင်းတစ်လောင်းကို မီးသင်္ဂြိုဟ်ရာတွင် အနည်းဆုံး လေးနာရီလောက် ကြာတတ်သည်။ ထို့ကြောင့် မက်စ်သည် ထိုနေရာတွင် စောင့်မနေတော့ဘဲ ဗန်ဒီနာကို အားပေးနှစ်သိမ့်ခြင်းပြုရန်အတွက် ရပ်ကွက်ထဲသို့ ပြန်လာခဲ့သည်။ လမ်းထိပ်သို့ အရောက်တွင် သူ့ခြေထောက်သည် အောက်သို့ ကျွံသွားကာ ညစ်ပတ် မည်းနက်နေသည့် ရေစီးကြောင်းကြီးတစ်ခုသည် သူ့ပါးစပ်



နှာခေါင်း၊ မျက်စိတွေထဲသို့ ဝင်လာသည်ကို သိလိုက်သည်။ သူ့တစ်ကိုယ်လုံးသည် ရေစီးကြောင်းကြီးအောက်သို့ ရောက်သွားသည်ဟု ထင်လိုက်ရသည်။ မက်စ်သည် ရေစီးကြောင်းကြီးထဲမှ ကူးခတ်ထွက်သည်။ သို့ရာတွင် သူက ကူးလေလေ၊ အခြေအနေ ဆိုးလေလေ။ အောက်မှ ရေစီးကြောင်းကြီးသည် သူ့ကို စုတ်ယူသွားသည့်နှယ် ခံစားလိုက်ရသည်။ သူ့ဘဝတွင် နှစ်ကြိမ် သုံးကြိမ်လောက် ရေနစ်ဖူးသော်လည်း သူသည် ရေကူးသန်သူတစ်ယောက်ဖြစ်သဖြင့် အသက်ဘေးမှ ချမ်းသာရခဲ့ဖူးသည်။ ယခုမူ ညစ်ပတ်နေသည့် ရေစီးကြောင်းကြီးထဲတွင် သူမည်သို့ ကြိုးစား ကူးခတ်သည့်တိုင် ကူးခတ်နိုင်ခြင်းမရှိတော့။

သည်တစ်ချီတော့ ရေနစ်၍ သေရတော့မည်ဟု သူထင်လိုက်သည်။

လူများသည် သေခါနီးတွင် အတိတ်က ဖြစ်ပျက်ခဲ့သော အကြောင်းအရာတို့ကို လျှပ်တစ်ပြက် မြင်လိုက်ကြရသည်ဟု အဆိုရှိသည်။ ထိုအဆိုမှန်လေသည်လောမသိ။

"အဲဒီတုန်းက ဖလော်ရီဒါမှာရှိတဲ့ ကျွန်တော်တို့ အိမ်မှာ အမေက မွေးနေ့ကိတ်မုန့်ကြီးယူလာတာကို ကျွန်တော် မြင်လိုက်ရတယ်" ဟု မက်စ်က ပြောသည်။

မက်စ်သည် ထိုရုပ်ပုံကို မြင်လိုက်ပြီးနောက် သတိလစ်သွားသည်။

နောက်ဖြစ်သည့် အဖြစ်အပျက်များကိုမူ သူများတွေပြော၍ ပြန်သိရခြင်းဖြစ်သည်။ သုခမြို့တော်ထဲက အညစ်အကြေး မြောင်းကြီးထဲတွင် ကူးခတ်နေသည့် မက်စ်ကို အနီးတစ်ဝိုက်ရှိ လူများက မြင်လိုက်ကြသည်။ ဤတွင် အချို့က မြောင်းကြီးထဲသို့ ခုန်ဆင်းကာ သတိမေ့နေသော သူ့ခန္ဓာကိုယ်ကို ဆယ်ယူပြီး ဗန်ဒီနာ၏ အိမ်ကလေးသို့ သယ်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၅၃

"အားရပါးရရေချိုးပြီး ခင်ဗျားကိုယ်ခင်ဗျား သန့်ရှင်းရေးလုပ်ဦး၊ ကလိုရီ
သင်းတဲ့ ရေကလေး ဘာလေး မချိုးချင်ဘူးလား၊ ကျွန်တော် နေရာကော
ကောင်းတစ်ခုတွေ့ထားတယ်"

နောက်တစ်နေ့တွင် ကိုဗာစကီးက သုခမြို့တော် ရေဆိုးမြောင်း
အန္တရာယ်မှ မသေမပျောက်ကျန်ရစ်ခဲ့သူ မက်စ်ကို ပြောသည်။

မက်စ်က ခပ်ဆိုင်းဆိုင်းဖြင့်...

"ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ကြယ်ငါးပွင့်ဖိမ်ခံ ဟိုတယ်ကြီးတ
မှာ သွားပြီး ရေချိုးချင်တယ်ဗျာ"

"သိပ်ကောင်းတာပေါ့ဗျာ။"

နောက်တစ်နာရီခန့်ကြာသည့်အခါတွင် သူတို့နှစ်ယောက်သည် ဘတ်
ကားမှတ်တိုင်တစ်တိုင်တွင် ဆင်းကျန်ရစ်ခဲ့ကာ မြို့လယ်ကောင်ရှိ အကော
စား ဟိုတယ်ကြီး တစ်ခုအနီးသို့ ရောက်လာခဲ့ကြသည်။ ဟိုတယ်ရှေ့တွ
ကေပေါင်းများစွာ ကျယ်သည့် ဥယျာဉ်ကြီးတစ်ခုရှိပြီး အထဲတွင် အာရှတိုက်တွ
ရှိသည့် သစ်ပင်မျိုးစုံတို့ကို စိုက်ထားသည်။ ညောင်ပင်ကြီးများတွင် နွယ်ကြီ
တွေက တွဲလောင်းကျနေသည်။ သက်တမ်းတစ်ရာခန့်ရှိမည်ဟု ခန့်မှန်းရသ
တောင်တမာပင်ကြီးများမှ အကိုင်းအခက်အချို့မှာ မျှော်စင်ကြီးများလို မိုးသို့
လုတက်နေကြသည်။ မဟော်ဂနီပင်၊ ကျွန်းပင်၊ ပိရမစ်ပုံချွန်းတက်နေသည့်
သော်ကပင်၊ တတိုင်းမွှေးပင်၊ ထိုအပင်များ ပေါ်တွင် ကျေးငှက်အမျိုးမျိုးတို့က
မြည်ကျူးလျက်။ ဥဩငှက်၊ သစ်တောက်ငှက်၊ စွန်၊ ကျေးကုလား၊ ရေညှော
ကောင်၊ ပိန်ညင်း စသည့် ငှက်များကလည်း ယှဉ်ပါးနေကြသည်။

"ကြည့်စမ်းဗျာ။ တောထဲက ငှက်တွေကို ကြည့်ရတာ စိတ်ထို
ကြည်နူးသွားတာပဲ။ သူတို့ ဘာသာဘာဝ နေကြတာ ဘယ်လောက်ကြည့်လို



ကောင်းသလဲ။ ဘယ်လောက် လွတ်လပ်တဲ့ဘဝလဲ။ ခင်ဗျားလာတာကိုလဲ
မစိုက်ဘူး၊ သစ်ကိုင်းတစ်ကိုင်းကနေတစ်ကိုင်း၊ သစ်ပင်တစ်ပင်ကနေတစ်ပင်
ကူးလို့။ ပြီးတော့ ပိုးကောင်ကလေးကို ဖမ်းစားတယ်။ ပြီးတော့ မြည်ကျူး
တယ်။ သူ့အတောင်အလက်ကို သူဖြန့်ပြီး ကြွားတယ်"

ကိုဗာစကီးက ပြောသည်။

"ဒါပေါ့ဗျာ၊ ဒါကတော့ သူတို့ကျေးငှက်တွေရဲ့ ဘာသာဘာဝပဲ
တတ်လား"

"အဲဒါကိုက ချစ်စရာကောင်းနေတာပေါ့ဗျာ၊ ကြည့်စမ်း၊ ဟိုငှက်ကလေး
ဘာ ခင်ဗျားကိုတောင် မကြည့်ဘူး"

"ကျွန်တော်တို့ကို ကြည့်နေရင် သူလဲ စိတ်တွေ ရှုပ်ထွေးပြီး အတုအပ
တွေကို တတ်သွားမှာပေါ့"

မက်စ်က ပြောသည်။

"မှန်လိုက်လေဗျာ၊ လွတ်လပ်တဲ့ စိတ်ဆန္ဒဆိုတာ အဲဒါပေါ့။ ကျွန်တော်
မှာတော့ လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝိုင်းမှာ နေရတဲ့အတွက် လွတ်လပ်
တဲ့ ဆန္ဒဆိုတာ ဘယ်နည်းနဲ့မှ မရနိုင်ဘဲ ဖြစ်နေကြတယ်။ လူတွေမှာ
ပြဿနာတစ်ခုမဟုတ် တစ်ခုနဲ့ ကြုံနေကြရတယ်။ ခု ခင်ဗျားကိုပဲ ကြည့်လေ၊
ဆင်းရဲသားတွေကို ကူညီရအောင်ဆိုပြီး သူတို့ အသိုင်းအဝိုင်းမှာ သွားနေရတယ်။
သူတို့ ပြဿနာတွေကို နားလည်အောင် ကြိုးစားရတယ်။ သူတို့ အရှုပ်အထွေး
တွေကို ဘယ်လိုဖြေရှင်းပေးမလဲဆိုတာကို စဉ်းစားနေရတယ်"

"ဟုတ်တယ်၊ ဆင်းရဲသားရပ်ကွက်မှာဆိုတော့ ပြဿနာတွေက ပိုလို့
တောင် ရှုပ်ထွေးထွေလီနေသေးတယ်"

မက်စ်က ပြောသည်။

ကိုဗာစကီးက ငှက်တစ်ကောင်ကို ညွှန်ပြရင်း...

"ဒါတောင် သူ့မှာ သားသမီးတွေဆီကို ရောက်တော့ သောသာ ဆောင်း
ရှာသေးဘူး။ အမှန်ကတော့ ကလေးတွေပဲ သောကတွေ များပါရော့နဲ့
နေးဝေးကြတာ။ ဒီပြင်မကြည့်နဲ့လေ။ ကျုပ်တို့ သုခမြို့တော်ထဲက ကလေးတွေ
ကိုကြည့်ပါလား။ ကလေးတစ်ယောက်ရဲ့ မျက်လုံးထဲကို ကြည့်လိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်ကို သွားတွေ့တယ်လို့ စိတ်ထဲမှာ ထင်မိတယ်။ ကလေးတစ်
ဟာ ဟန်မဆောင်ဘူး။ အပေါယံတွေကို မလုပ်ဘူး။ အခြေအနေကိုက်ညီ
ရောယောင် မလိုက်ဘူး။ ပွင့်လင်းတယ်၊ ရိုးသားတယ်၊ ငှက်တစ်ကောင်
ငှက်တွေကို ကြည့်ပါလား။ ငှက်ဟာ သူ့ငှက်ဘဝကို ပြည့်စုံအောင် နေသွား

မက်စ်နှင့် ကိုဗာစကီးတို့သည် မြက်ခင်းပေါ်တွင် ထိုင်ကြ
သူတို့ နှစ်ယောက်အဖို့ ထိုရိပ်မြုံသည် သုခမြို့တော်နှင့် မိုင်, သန်းပေါင်
ဇွာ ဝေးသည့် နေရာဟု ထင်မှတ်နေကြသည်။

"ဟိုနှစ်တွေတုန်းက ကျွန်တော် စိတ်မာတ်ကျရင်၊ စိတ်ပူ
ဒီနေရာကိုလာပြီး ထိုင်လေ့ရှိတယ်၊ စိတ်ဓာတ် နည်းနည်းကျလာရင် ဘတ်
တစ်စီးပေါ် ခုန်တက်လိုက်ပြီး ဒီနေရာမှာ လာထိုင်တယ်၊ ထိုင်ပြီး ငှက်
ကြည့်၊ ဘုရားဆီ ဆုတောင်းတာပဲ၊ ချုံ, တစ်ချုံပေါ်မှာ ဝဲနေတဲ့ ပုစဉ်းတစ်
ကို ကြည့်တဲ့အခါ ကြည့်တယ်၊ သစ်တောက်ငှက်တစ်ကောင် မြည်နေ
နားထောင်တဲ့အခါ နားထောင်တယ်၊ နေဝင်ရင် အိပ်သွားတဲ့ ပန်းပွင့်က
တစ်ပွင့်ကို ကြည့်တဲ့အခါ ကြည့်တယ်၊ ဒီအရာတွေဟာ ကျွန်တော့်အဖို့
အသက်ကယ်ဘောတွေနဲ့ အတူတူပဲ"

ကိုဗာစကီးက ပြောသည်။

သူတို့နှစ်ယောက်သည် အတန်ကြာမျှ တိတ်ဆိတ်နေကြ၏။ ထို
ကိုဗာစကီးက မေးခွန်းတစ်ခုကို ရုတ်တရက် ကောက်မေးလိုက်သည်။

"ခင်ဗျားက ရေဝတီ မဟုတ်လား"

အုံ့အားသင့်နေသော မက်စ်ကို မြင်သည့်အခါတွင်မှ သူရုတ်တ
မေးလိုက်သော မေးခွန်းအတွက် တောင်းပန်သည်။

"အိန္ဒိယ လူမျိုးတွေဟာ ဒီမေးခွန်းကို မေးလေ့ရှိကြတယ်ဗျ၊ ဒီ
လူတစ်ယောက်ကို ဆုံးဖြတ်ရင် သူ့ဘာသာတရားကိုကြည့်ပြီး ဆုံးဖြတ်တ
တာကိုး၊ အရာရာကို ကိုးကွယ်ယုံကြည်မှုက ဖန်တီးပေးနေတယ်လေ"

"ဟုတ်တယ်၊ ကျွန်တော်က ရေဝတီတစ်ယောက်"

"အင်း၊ ခင်ဗျားက သာပေတာပေါ့ဗျာ၊ ကမ္ဘာမှာ ယုဒဘာသာ
အလှဆုံး ဘာသာတရားတစ်ခုဗျ"

"ဒါကတော့ ခင်ဗျားတို့ ခရစ်ယာန်တွေရဲ့ အမြင်ကိုး"

၁၄

ဗာစကီးသည် သူတို့ ဝိုင်းထဲသို့ ပြောင်းရွှေ့လာကြသော မိသားစုများကို
းကြည့်နေသည်။

"သူတို့ကို ကြည့်ရတာ သားသတ်ရုံကို အပို့ခံရတဲ့ ဆိတ်အုပ်တွေလိုပဲ၊
ခြစ်ဆံလို သေးကွေးနေတဲ့ ခြေထောက်နှစ်ချောင်းကြားမှာ ဒိုတီကို ခါးတောင်း
ကျိုက်ထားတဲ့ အဖေလုပ်သူက ခေါင်းပေါ်မှာ တောင်းတစ်လုံးကို ရွက်ထားတယ်၊
တောင်းထဲမှာတော့ အိမ်သုံးပစ္စည်းတွေပေါ့လေ၊ ကြေးအိုးရယ်၊ ပန်းကန်
ခွက်ယောက်တွေရယ်၊ သွပ်ပုံးတစ်လုံးရယ်၊ ရေပုံးရယ်၊ ရေအိုးတစ်လုံးရယ်၊
ဝတ်အစားနည်းနည်းရယ်၊ ပြီးတော့ ပွဲလမ်းသဘင်တို့ဘာတို့မှာ ဝတ်တဲ့
ဝတ်အစားကလေးရယ်၊ အဝတ်အစားတွေကို သတင်းစာစက္ကူတစ်ရွက်နဲ့
ထုပ်ပြီး ဂုန်နီကြိုးနဲ့ စည်းထားတယ်၊ အဖေလုပ်တဲ့ လူက ခပ်ပိန်ပိန်ရယ်၊
နံဆိတ်တွေကလဲ အရှည်ကြီး၊ ဆံပင်တွေကလဲ လိမ်ကောက် ကျပ်ခဲလို့၊
မုတ်ခမ်းမွေး ပါးမြိုင်းမွေးတွေကလဲ အပြိုင်အရိုင်း၊ မျက်နှာမှာလဲ အရေးအကြောင်း
တွေ ထင်နေပြီ၊ သူ့ကို ကြည့်ရတာကတော့ ပျော့ပျော့ပျောင်းပျောင်းပဲ၊ ဒါကို
ကြည့်ရင် အဖေလုပ်တဲ့သူဟာ အသက်မကြီးသေးဘူးဆိုတာ သိနိုင်တယ်၊
နောက်မှာ အသားလတ်လတ်နဲ့ မိန်းမတစ်ယောက် ဖတ်သီဖတ်သီနဲ့လိုက်လာ
တယ်၊ အဝါရောင် ဆာရီကို ဝတ်ပြီး ခေါင်းမြီးခြုံထားတယ်၊ သူ့ခါးပေါ်မှာ
အငယ်ဆုံး ကလေးကို ခါးတစ်ခွင်ပြီး ချီလာတယ်၊ သူ့နောက်မှာ ကျစ်ဆံမြီး
ပက်ချထားတဲ့ မိန်းကလေးတစ်ယောက်နဲ့ စွပ်ကျယ်အကျႌဝတ်ထားတဲ့
ကောင်လေးနှစ်ယောက်လိုက်လာတယ်။ တစ်ယောက်က ဆယ့်လေး နှစ်လောက်
ရှိ၊ နောက်တစ်ယောက်က ဆယ်နှစ်လောက်ပဲ ရှိဦးမယ်။"

ကိုဗာစကီးက သူ့ဝိုင်းထဲသို့ မိသားစုတစ်ခု ပြောင်းရွှေ့လာပုံကို
ပြောပြသည်။ ထိုမိသားစုမှာ အခြားမဟုတ်။ လန်ချားသမား ဟာစာရီ၏
မိသားစု ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို အိမ်သစ်သို့ ခေါ်လာသည့် အိမ်ပွဲစား လုပ်သူ တက္ကစီဒ ဘာက ဟာစရီပါးတို့ မိသားစုကို အပေါက်ဝမှ ဆီးကြိုသည်။ တက္ကစီဒရိုင်သည် သူ့ဆရာ ရပ်ကွက်လူမိုက်၏ အရက်ပုန်းဆိုင်မှ အရက်ပုလင်းများ ဖန်ခွက်များကိုလည်း ယူလာခဲ့သည်။ တက္ကစီဒရိုင်ဘာက နောက်ရောက်လာ ဧည့်သည်များအား အိမ်တက်မင်္ဂလာကျင်းပပေးခြင်းဖြစ်လေသည်။ ရပ်ကွက် ရှိ လူများကလည်း နောက်ပြောင်းလာသူများ အနီးသို့ ဝိုင်းအုံရောက်လာကြ တက္ကစီဒရိုင်ဘာက ဖန်ခွက်များကို လိုက်ပေးပြီး အရက်ကို လိုက်ငှဲ သူတို့နှင့် မိတ်ဆက်ပေးသည်။ ဟာစရီပါးမှာ ဘာလုပ်ရမည်မသိ။ တက်တက်ဖြင့် သူခိုင်းသမျှကို လိုက်လုပ်နေရသည်။ ရပ်ကွက်လူကြီး က သူတို့မိသားစုအား ကြိုဆိုကြောင်း နှုတ်ဆက်သည့်စကားပြော၏။

ထို အိမ်တက်မင်္ဂလာပွဲသို့ နောက်ဆုံး ရောက်လာသူမှာ ကိုဖာ ဖြစ်သည်။ သူတို့ မိသားစုများသည်လည်း သူ့အနီးတွင် နေသည့် မိန်းမ ကဲ့သို့ပင် သူ့အိမ်နီးနားချင်းများ မဟုတ်လော။

သည်မျှ ပူပြင်းသည့် ရာသီတွင် သည်မျှပြင်းသော အရက်ကို နည်း ပါးပါးတော့ သူသောက်နိုင်နေလေပြီ။ သို့ရာတွင် အချို့သူများမှာ ခံနိုင်စွမ်းမရှိ။ ကိုဖာစကီးသည် အရက်တစ်ခွက်ကို တစ်ကျိုက်တည်း လိုက်သော အိမ်ရှင်သစ် ဟာစရီပါးကို လှမ်းကြည့်လိုက်သည်။ ဟာစရီ မျက်လုံးများသည် ချက်ချင်း ပြူးကျယ်လာကြပြီးနောက် မျက်ဖြူကြီး လ သည်။ အားလုံးသူ့ကို ကြောင်ကြည့်နေစဉ် ဟာစရီပါးသည် ဒယိမ်းဒယိုင် လာကာ မြေကြီးပေါ်သို့ ဘိုင်းခနဲ လဲကျသွားလေသည်။ သူ့တစ်ကိုယ်လုံး အကြောဆွဲသည့်နှယ် ဆန့်ငင် ဆန့်ငင်ဖြစ်နေသည်။ လည်ပင်းနှင့် ပါးနှ သည် ပြည့်ဖောင်းလာကာ အန်တော့မည့်ပုံ ဖြစ်နေသည်။ ကိုဖာစ ဒူးထောက်ထိုင်ချလိုက်ပြီး ဟာစရီပါး၏ ခေါင်းကို ထူပေးသည်။

"အန်ချလိုက်လေ၊ အန်ချင်ရင် အန်ချလိုက်"

ကိုဖာစကီးက ပြော၏။ သူ့စကားများကို ကြားသည့်အခါတွင် ဟာစ ၏ နှုတ်ခမ်းများသည် တရွရွ လှုပ်လာကြသည်။ သို့ရာတွင် မအန်သော

"အန်ချလိုက်လေ၊ အန်...အန်"

ကိုဖာစကီးက ထပ်၍ ပြောသည်။ ဟာစရီပါး၏ လည်ချောင်းသံ



တဂဲဂဲမြည်သံကို သူကြားရသည်။ ခဏအကြာတွင် ရဲရဲနီနေသော အမြှုပ်များ သည် သူ့နှုတ်ခမ်းထောင့်မှ စီးကျလာကြသည်။ သူတို့ အိမ်နီးချင်းသစ် ါးစပ်မှ ထွက်လာသော အရေများသည် စောစောက သူတို့သောက်လိုက်သည့် ချက်အရက်များ မဟုတ်ကြောင်းကို အိမ်နီးချင်းများ သိလိုက်ကြသည်။

သူ့တွင်လည်း "အဖျားနီ" ရောဂါရှိသည်ကော။

ထိုနေ့ညနေ ဆင်းရဲသား ရပ်ကွက်ကလေးကို ဖုံးအုပ်နေသည့် မီးခိုးလုံး များ နောက်ကွယ်တွင် နေလုံးကြီး ပျောက်ကွယ်သွားသည့်အခါ၌ ခရုသင်းသံ တစ်ခုကြောင့် ကိုဖာစကီးသည် တရားထိုင်ရာမှ အာရုံပျက်သွားခဲ့သည်။ ထိုခရုသင်းသံသည် တောကျီးကန်းများ၏ မြည်သံကဲ့သို့ သူ့အဖို့ရိုးနေလေပြီ။ ထိုခရုသင်းသံမှာ အခြားမဟုတ်။ ဟာစရီပါးက သူ့အိမ်ခေါင်းကလေးကို ဟိန္ဒူဘာသာဝင်တို့ ထုံးစံအတိုင်း ခရုသင်းမှုတ်၍ အိမ်စောင့်နတ်တို့ကို ဖော်ပသနေခြင်းဖြစ်သည်။ ဟာစရီပါးသည် အိမ်တံခါးဝနှင့် အိမ်ထောင့်လေး ထောင့်တွင် အမွှေးတိုင်များကို စိုက်ထူ၍ မီးပူဇော်သည်။ ထိုနောက် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ ပသစေကြောင်း ခရုသင်းမှုတ်၍ ပူဇော်သည်။ သို့ရာတွင် သမ္မာဒေဝနတ်ကောင်း နတ်မြတ်တို့သည် ယခုအချိန်အထိ နားမကြား သော ရောဂါ စွဲကပ်နေကြလေသလော မသိ။

ကိုဖာစကီးသည် သူ့တန်းလျားကလေးထဲတွင် မိန်းမရှာများနှင့် ချောင်း ဆိုးသွေးပါရောဂါ စွဲကပ်နေသည့် ဟာစရီပါးတို့နှင့်အတူ နေရသည့်တိုင် တ်ဆိုင်းဝန်လေးခြင်း မရှိပါ။ အားလျှင် ကိုဖာစကီးသည် ဟာစရီပါးနှင့် သူ့သားအကြီးကို သူ့အခန်းကလေးရှေ့ရှိ ဝရန်တာတွင် လာရောက်နေထိုင်ရန် တိုက်တွန်းသည်။ ရာသီဥတုပူပြင်းသဖြင့် ဟာစရီတို့ အိမ်ခန်းကလေးထဲတွင် ပူတွေအိပ်၍မရ။ ထို့ကြောင့် သူ့အခန်းရှေ့က ဝရန်တာကလေးတွင် လာရောက် အိပ်ရန် ဖိတ်ခေါ်ခြင်းဖြစ်သည်။

ဟာစရီပါးတို့နှင့်အတူ အိပ်ရသည့် ထိုညကို ကိုဖာစကီးတစ်သက်တွင် မမေ့နိုင်။ အသက်ရှူလိုက်တိုင်း ဟာစရီပါး၏ အဆုတ်မှ တဂဲဂဲမြည်သော သံသည် ပန်းပဲဆရာ၏ ဖားဖိုမှ မြည်သံကဲ့သို့ မြည်ဟည်းနေတော့သည်။

ကိုဖာစကီးသည် ထိုအသံကို မျှော်လင့်ပြီးသားဖြစ်၍ အဆန်းသဟုတ် ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကိုဗာစကီးသည် ဟာစရီပါး၏ ဘေးကြမ်းပြင်တွင် လှဲအိပ်လိုက်သ
သူလှဲအိပ်လိုက်သည်နှင့် ဟာစရီပါးက သူ့ဘက်သို့ လှည့်ပြီး…

"ဆရာကြီး…မအိပ်သေးဘူး မဟုတ်လား၊ ကျွန်တော်စကားက
နည်းနည်း ပြောချင်လို့ပါ" ဟု ဟာစရီပါးက တောင်းပန်သည်။ ကိုဗာစကီး
ကား အဆန်းမဟုတ်တော့ပြီ။ ထိုသို့သော စကားမျိုးကို လူစိမ်းများ
မကြာခဏ ကြားခဲ့ဖူးပြီ။

"ပြောပါ၊ ဘာပြောချင်လို့လဲ" ဟု ကိုဗာစကီးက မေးသည်။ ဟာစ
သည် ခပ်ဆိုင်းဆိုင်းဖြစ်နေသည်။

"ကျွန်တော့် ဘီးဟာ ဒီဘဝအတွက် မကြာခင် အလည်ရပ်တော့

ထိုစကားများ၏ အဓိပ္ပာယ်ကို ကိုဗာစကီး ကောင်းစွာ နားလည်ပါသ
ဟာစရီပါးသည် သူ့ကံဇာတာ ကုန်တော့မည့်သဘောကို ပြောနေခြင်းဖြစ်
သည်။ ကိုဗာစကီးက သူ့စကားကို လက်မခံသယောင် ပြောနေသော်လ
အမှန်အားဖြင့်မူ သူစိတ်ကောင်းအောင် ဖြေသိမ့်ပြောနေရခြင်းသာ ဖြစ်လေသ
ညနေခင်းက အဖြစ်အပျက်ကို မြင်ပြီးသည့်နောက်တွင် ဟာစရီပါး
မည်သူမျှ မကယ်နိုင်တော့ကြောင်းကို ကိုဗာစကီး သိခဲ့လေပြီ။

"သေမှာကို ကျွန်တော် မကြောက်ပါဘူး ဆရာကြီး၊ ရွာက ထွက်
ကတည်းက ကျွန်တော့်ဘဝမှာ အခက်အခဲတွေကို ရင်ဆိုင်ခဲ့ရပြီး
တစ်နေ့မှာ…"

ဟာစရီပါးသည် စကားကို ဆက်မပြောသေးဘဲ ရပ်ထားသည်။

"တစ်နေ့မှာ ကျွန်တော့် ကံဟာ အကောင်းဘက် လှည့်လာပြီး နေ
ဘဝမှာ ဒီထက်ကောင်းတဲ့ နေရာကို ရောက်ဖို့ နီးလာပြီဆိုတာ ကျွန်တေ
သိလိုက်ပါပြီ"

ဆင်းရဲသား ရပ်ကွက်ထဲမှ လူများထဲတွင် ထိုမျှော်လင့်ချက်သ
အမြဲကိန်းဝပ်နေကြောင်းကို ကိုဗာစကီးတွေ့ခဲ့ဖူးသည်။ ထိုမျှော်လင့်ချက်သ
သေခြင်းတရားကို ရင်ဆိုင်ရာတွင် သူတို့အား တည်ငြိမ်မှုကို ပေးခဲ့သည

သို့ရာတွင် ယနေ့ည ဟာစရီပါး ပြောချင်သည့် စကားများ
ထိုစကားများ မဟုတ်။ ဟာစရီပါးသည် တံတောင်ဆစ်ပေါ်တွင် လက်ထော



ကိုယ်ကို ထူလိုက်ပြီးနောက်–

"ကျွန်တော် မသေချင်သေးဘူး ဆရာကြီး၊ ကျွန်တော့်မှာ…"

ဟာစရီပါးသည် စကားပြောရင်း ချောင်းတဟွတ်ဟွတ်ဆိုးလာသဖြင့်
ကားကို ဆက်မပြောနိုင်။ ကိုဗာစကီးက သူ့ကျောကို လက်ဖြင့် အသာဖိပေး
သည်။ သူတို့ ဘေးပတ်ဝန်းကျင်တွင် ဟောက်သံတွေ ဆူညံနေသည်။
ဝေးမှ အော်သံများနှင့် အသံချဲ့စက်မှ စကားပြောသံတို့ကို ကြားရ၏။
လှမ်းလှမ်းမှ ဆိုင်းသံဗုံသံများကို ကြားရသည်။ သူတို့သည် အတန်ကြာ
တ်ဆိတ်နေကြသည်။

သူ့အိမ်နီးချင်းသစ်သည် ညကြီးသန်းခေါင်တွင် ဘာတွေကိုများ
းတော နေသနည်းဟု ကိုဗာစကီး စဉ်းစားနေသည်။ သို့ရာတွင် ကြာကြာ
ောင့်လိုက်ရပါ၊ ဟာစရီပါးထံမှ စကားပြောသံကို သူကြားရသည်။

"ကျွန်တော် မသေချင်သေးဘူး ဆရာကြီး၊ ကျွန်တော် မသေခင်မှာ
န်တော့ သမီးကလေးအတွက် ယောက်ျားတစ်ယောက် ရှာပေးသွားရဦးမယ်"

အိန္ဒိယလူမျိုး ဖခင်တစ်ယောက်တွင် သမီးငယ်ကို လက်ထပ်ထိမ်းမြား
းရေးသည် မဟာဝတ္တရားကြီးဖြစ်သည်။ ဟာစရီပါး၏ သမီးငယ် အမိတ္တာမှာ
ဆက်ဆယ့်ခြောက်နှစ်သာ ရှိသေးသည်။ လမ်းဘေး ပလက်ဖောင်းနှင့်
င်းရဲသား ရပ်ကွက်များတွင် နေခဲ့ရသည့်တိုင် နုပျိုလန်းဆတ်လျက် ရှိသေး
ည်။ အိန္ဒိယ လူ့အဖွဲ့အစည်းတွင် အမျိုးသမီးဖြစ်ရသည်မှာ တော်တော်
ဖြစ်ရှိုးသည်။ အမိတ္တာသည် အိမ်အလုပ်များကိုလုပ်ရသည်။ အိပ်ရာက
တော့လည်း သူများတွေ အလျင်ထ,ပြီး အိပ်တော့လည်း နောက်ဆုံးမှ
ရာဝင်ရသည်။ သူ့ဘဝသည် ကျွန်တစ်ယောက် ဘဝနှင့် ဘာမျှမခြား
တ္တာသည် ကလေးအမေမဟုတ်သည့် အပျိုစင်ကလေးတစ်ယောက်ဖြစ်သည
င် သူ့မောင်ငယ်များကို ကြီးပြင်းလာအောင် မွေးမြူပေးခဲ့ရသည်။ သူတို့ကို
းကျောင်းခဲ့ရသည်။ သူတို့အတွက် ဟိုတယ်ကြီးများ အနီးတစ်ဝိုက်တွင်
ပစ်ထားသော စားကြွင်းစားကျန်များကို သွား၍ ရှာရသည်။ သူတို့
တ်အစားများကို ဖာထေးပေးရသည်။ သူတို့ခေါင်းက သန်းတွေတို
ပေးရသည်။ သူ့အဖေသည် သူ့သမီးအရွယ်မရောက်တရောက်အချိန်မှစ၍
မီးအတွက် လင်ကောင်းတစ်ယောက်ကို လိုက်ရှာရသည်မှာလည်း အတော

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ခက်သည်မှာ သူတို့တွင် မင်္ဂလာဆောင်တွင် တင်တောင်း... ငွေမရှိ။ အိန္ဒိယလူမျိုးတို့ ထုံးစံတွင် သမီးကညာ အရွယ်ရောက်လာ... မိမိတို့သမီးများကို ယောကျ်ားရှာပေးရသည်။ ယောကျ်ားလေးကို ငွေ... တောင်းရသည်။ ထိုလေ့ထုံးစံကို ဂန္ဒီကြီး ကိုယ်တိုင် ဖျက်ခဲ့သော်လည်း... ခေတ်သစ် အိန္ဒိယပြည်တွင် တော်တော်နှင့် မပျောက်သေး။ ယခုတိုင် ထွ... နေသေးသည်။

“ကျွန်တော့် သမီးလေးကို မျက်မမြင်ဒုက္ခိတတို့၊ ကိုယ်ရေရောဂါသည်... လမ်းမလျှောက်နိုင်တဲ့ လေဖြတ်နေတဲ့ ဒုက္ခိတတို့နဲ့ မပေးစားနိုင်ဘူး ဆရာ... ရယ်” ဟု ဟာစရီပါးက ရင်ဖွင့်သည်။

ငွေတင်တောင်းခြင်း မပြုသော မိန်းကလေး တစ်ယောက်ကို ထိုသို့... သူများကသာလျှင် လက်ခံပေလိမ့်မည်။ ဟာစရီပါးသည် အမျိုးမျိုး တ... တွက်၏။ သို့ရာတွင်မည်သို့ တွက်ချက်သည်ဖြစ်စေ နောက်ဆုံးတွင် ထိုအ... သာရနေ၏။ ယင်းမှာ အခြားမဟုတ်။ မည်မျှ ဓာတ်နိမ့်သော ယောကျ်ားက... တစ်ယောက်ကို တောင်းသည်ဖြစ်စေ၊ သူ့ဘက်က တင်တောင်းရမည့် ... ငါးထောင်ဖြစ်သည်။ ထိုငွေကို ရဖို့ဆိုလျှင် လန်ချား ဝင်ရိုးလှည်းသန်... ကြားတွင် နှစ်နှစ်လုံးလုံး မရပ်မနား ပြေးလျှင်ပြေး၊ သို့မဟုတ်လျှင် သူ... ရပ်ကွက်ထဲရှိ ငွေချေးစားသူ မဟာဂျန်ထံ တစ်သက်လုံး ကြွေးယူ၍ ကျွ... သာ ထိုငွေကို ရနိုင်ပေလိမ့်မည်။ သို့ရာတွင် သူဘယ်လောက် ပြေးနိုင်... နည်း။ ဘယ်လောက် သက်တမ်းရှည်မည်နည်း။

“ဒီလောက်တောင် သွေးတွေ အန်နေတာဗျာ၊ မနက်ထွက်တဲ့ နေ... ကြည့်ပြီး ညနေ နေဝင်တာကိုမှ မြင်ရပါတော့မလားလို့ ဘုရားတ, နေ့ရော...” ဟု ဟာစရီပါးက ပြောသည်။

ကိုဗာစကီးသည် ဟာစရီပါးကို မက်စ်ထံ သွား၍ အပ်သည်။ ... က သူ့ကို ပဋိဇီဝဆေးများနှင့် ဗီတာမင် ဆေးများ ကျွေးသည်။ ဆေးဝါး... တစ်ခါမှ မတွေ့ဖူးသည့် ခန္ဓာကိုယ်ကြီးသည် ထိုဆေးဝါးများကို တုံ့ပြန်ရာ... များစွာ ထက်သန်သည်။ ချောင်းဆိုးရောဂါသည် ခြားသွားကာ ဟာစရီပါး... နေ့၊ တစ်နေ့လုံး လန်ချား ဆွဲနိုင်သည့် အခြေသို့ ပြန်ရောက်လာခဲ့သ... ထိုနောက်တွင် မိုးတွေ သည်းထန်စွာ ရွာသွန်းကာ ကာလကတ္တားမြို့ တစ်... လုံးလောက်နီးပါး ရေတွေ လျှံသောအခါတွင် ဟာစရီပါးအဖို့ ငွေရှာ...



...ကောင်းသွားသည်။ ရေလျှံနေသော ရပ်ကွက်များထဲသို့ သွားစရာယာဉ်ဆို၍ လန်ချားတစ်ခုတည်းသာ ရှိတော့သည် မဟုတ်လော။ သို့ရာတွင် ဘယ်မျှ ကြိုးစား၍ ရှာသည်ဖြစ်စေ ငွေငါးထောင်ပြည့်ဖို့ဆိုသည်မှာ မလွယ်။

ထိုစဉ် အလိုက်သိသော ကံတရားသည် လူယောင်ဖန်ဆင်း၍ သူ့အနီးသို့ ရောက်လာလေသည်။ လူယောင်ဖန်ဆင်းထားသည့် ကံတရားမှာ အခြားသူ မဟုတ်ပါ။ ကာလကတ္တားမြို့ လမ်းတကာတွင် အလုပ်ရှာနေကြသော မိန်းမထိန်း တစ်ယောက်ဖြစ်ပါသည်။

တစ်နေ့သ၌ ဟာစရီပါးသည် လက်ဆွဲအိတ်တွေ၊ လက်ဆွဲသေတ္တာတွေနှင့် အမျိုးသမီးနှစ်ယောက်ကို အက်စ်အေအက်စ် လေကြောင်း ကုမ္ပဏီရှေ့တွင် ...ပေးရသည်။ သူတို့ ပစ္စည်းတွေ ချပေးပြီးတွင် ဟာစရီပါးသည် ချောင်းတဟွတ် ဟွတ်ဆိုးလာကာ လန်ချားကို မဆွဲနိုင်တော့ဘဲ ထိုင်ချလိုက်ရသည်။ သူ့အခြေ ...နေကို မြင်သည့်အခါတွင် အခြားလန်ချားသမားနှစ်ဦး ပြေးလာကာ သူ့ကို ...ထူပြီး သူ့လန်ချားထိုင်ခုံပေါ်သို့ တင်ပေးကြသည်။

ထိုစဉ် ကျောက်ပေါက်မာ ဗရပျစ်နှင့် လူတစ်ယောက် သူ့အပေါ်မှ ...ကြည့်နေသည်ကို ဟာစရီပါး မြင်လိုက်ရ၏။ ထိုလူ၏ မျက်လုံးတွင် ...နားကြင်နာသည့် အရိပ်အရောင်တွေ လွှမ်းနေသည်။

“နောင်ကြီးကို ကြည့်ရတာ နေသိပ်ကောင်းပုံ မရဘူး၊ ဘာဖြစ်လို့လဲဟင်”

ထိုလူက သူ့ကို ကြင်နာစွာ မေးသည်။ သူ့အမေးသည် ဟာစရီပါးကို ...တ်သက်သာရာ ရစေသည်။ လူဆန်သော မြို့ကြီးထဲတွင် ထိုသို့ တယုတယ ...စိုက်၍ မေးသူရှားပါဘိခြင်း။

ထိုလူက ဟာစရီပါး၏ ပါးနှင့် နှုတ်ခမ်းတွင် ပေနေသည့် သွေးစကို ...စွပ်ကျယ်အင်္ကျီလက်ဖြင့် သုတ်ပေးသည်။

“ဒီလောက် ချောင်းတွေ တဟွတ်ဟွတ်ဆိုးနေတာ ဘယ်မှာ လန်ချား ...လို့ ဖြစ်မလဲ၊ သိပ်, ပင်ပန်းမှာပေါ့”

“ပင်ပန်းတော့ ပင်ပန်းတာပေါ့ဗျာ”

“ဒီလိုဆိုရင် ခင်ဗျား အလုပ်တစ်ခု လုပ်မလား၊ လန်ချားဆွဲ... ...လစာလောက် မလိုချင်ဘူးလား၊ ပင်ပင်ပန်းပန်းလဲ မလုပ်ရ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာဗျ၊ နှစ်လစာ ဟုတ်လား၊ ဘယ်နှယ် ပြောပါလိမ့် ကျုပ်ညီး လိုချင်တာပေါ့"

ဟာစရိပါးက ပြောသည်။ သို့ရာတွင် တစ်ခါတုန်းက ဈေးကြီးရွေး သူ့ထံလာ၍ သွေးဝယ်ဖူးသော သွေးပွဲစားကို သူသွား၍ သတိရသည်။

"ဘာလဲ ကျုပ်က သွေးဖောက်ပေးရမှာလား၊ ဒီလိုဆိုရင်တော့ မ ဘူးဗျ၊ ကျုပ်သွေးက ပုပ်နေပြီ၊ လူ့ မပြောနဲ့ လင်းတတောင် ကြိုက်မှာမဟုတ် တော့ဘူး"

"ခင်ဗျားသွေး မဟုတ်ပါဘူးဗျ၊ အရိုးပါ"

"ဘာ...အရိုး၊ ဟုတ်လား"

လန့်ချားသမား ဟာစရိပါး၏ မျက်နှာပေါ်မှ ကြောက်ရွံ့ထိတ်လန့် အမူအရာကို မြင်သည့် အခါတွင် ပွဲစားက ပြုံးသည်။

"ဟုတ်တယ်၊ ခင်ဗျား ကျုပ်နဲ့ ကျုပ်ဆရာဆီကို လိုက်ခဲ့လေ။ ခင် အရိုးတွေကို ငွေငါးရာပေးဝယ်မယ်။ ခင်ဗျားသေသွားရင် အလောင်းကိုလာယူ ခင်ဗျားအရိုးတွေကို ယူသွားလိမ့်မယ်"

ထိုလူမှာ အိန္ဒိယပြည်ရှိ ထူးခြားသည့် အရောင်းအဝယ်လုပ်ငန်းတ မှ ပွဲစားတစ်ယောက်ဖြစ်သည်။ ထိုလုပ်ငန်းကြောင့် အိန္ဒိယပြည်သည် ကမ္ဘာ တွင် လူ့ရိုးအဓိက တင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ နှစ် နှစ်တိုင်းပင် အိန္ဒိယပြည်မှ ခန္ဓာကိုယ်အရိုးစုနှစ်သောင်းနှင့် ထောင်သောင်း များလှစွာသော အရိုးထုပ် အမျိုးမျိုးကို လေယာဉ်များ၊ သင်္ဘောများ အမေရိကန်၊ ဥရောပ၊ ဂျပန်နှင့် ဩစတေးလျနိုင်ငံများရှိ ဆေးကျောင်း တွင် အသုံးပြုရန် တင်ပို့ရောင်းချခဲ့သည်။ ထိုလုပ်ငန်းမှ ရသော ဝင်ငွေ တစ်နှစ်လျှင် စတာလင်ငွေပေါင်း တစ်သန်းကျော်ရှိသည်။ ထိုလုပ်ငန်း ဗဟိုဌာနမှာ ကာလကတ္တားဖြစ်သည်။ အိန္ဒိယပြည်တွင် ထိုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီပေါင်း ရှစ်ခုရှိပြီး အကောက်ခွန်ရုံးတွင် မှတ်ပုံတင်ထ ကြသည်။ ထိုလုပ်ငန်းအတွက် အစိုးရကလည်း တိကျသည့် စည်းမျဉ်းဥပ များကို ပြဋ္ဌာန်းထားသည်။ "နိုင်ငံခြားထုတ်ကုန် ပေါ်လစီလက်စွဲ" အမည် ပြဋ္ဌာန်းချက် တစ်စောင်ကို ထုတ်ထားပြီး ယင်းစာအုပ်၌ "ခရိုင်ရာဇဝတ်ဝန်ထ မနိမ့်သည့် ပုလိပ် အရာရှိတစ်ဦးက အလောင်းမှ ထုတ်ယူထားသော အရိုး



ဟုတ်မှန်ကြောင်း လက်မှတ်ရေးထားပါက အရိုးစုများနှင့် လူ့အရိုးများအား တင်ပို့ရောင်းချခြင်းကို ခွင့်ပြုသည်" ဆိုသည့် စာပိုဒ်တစ်ပိုဒ်ပါသည်။ ထိုအရိုးများကို ဆေးပညာ သုတေသန၊ သို့မဟုတ် ဆေးပညာ လေ့လာသင်ကြားမှု အတွက်မှ တစ်ပါး အခြားသော ကိစ္စများအတွက် တင်ပို့ခြင်းမပြုရဟုလည်း ထိုဥပဒေတွင် ပြဋ္ဌာန်းထားသည်။

အရိုးစုတင်ပို့ရေးလုပ်ငန်း ကာလကတ္တားတွင် ဖြစ်ထွန်းနေခြင်းမှာ ဆင်းရဲသားရပ်ကွက်များတွင် အသေအပျောက်များခြင်းကြောင့် မဟုတ်။ ဘီဟာနယ်မှ အလွန်ဇာတ်နိမ့်သည့် ဒွန်းစဏ္ဍားအနွယ်များ ကာလကတ္တားသို့ ထောင်ပေါင်းများစွာ ပြောင်းရွှေ့လာကြသောကြောင့်ဖြစ်သည်။ ထိုဇာတ်မျိုးမှာ မွေးကတည်းက သုဘရာဇာလုပ်ငန်းကို လုပ်လာခဲ့ကြသူများဖြစ်သည်။ တစ်ခါတစ်ရံတွင် ယင်းတို့သည် အလောင်းများမှ ပစ္စည်းများကို ချွတ်ယူလေ့ရှိကြသည်။ သူတို့သည် ဟူဂလီမြစ်အနီးရှိ မီးသဂြိုဟ်စင်များ၊ သုသာန်များနှင့် ဆေးရုံရေခဲတိုက်များအနီးတွင် နေထိုင်လေ့ရှိကြပြီး မည်သည့် လူတန်းစားနှင့်မျှ ရောနှောနေထိုင်ခြင်း မပြုကြ။ အရိုးကုန် တင်ပို့သူများထံ ပစ္စည်းများ သွင်းနေသူ အများစုမှာ သုဘရာဇာများ ဖြစ်ကြသည်။ ဟိန္ဒူတို့၏ ထုံးစံအရ ဆာဒူးများ၊ ကိုယ်ရေရောဂါသည်များ၊ တစ်နှစ်အောက် ကလေးငယ်များ၏ အလောင်းကို မီးရှို့သဂြိုဟ်ခြင်းမပြုရဘဲ မြစ်ထဲသို့ မျှောလေ့ရှိရာ သုဘရာဇာများသည် ဟူဂလီမြစ်ကမ်းအနီးရှိ မီးသဂြိုဟ်နေရာများတွင် ထိုင်စောင့်ကာ ထိုအလောင်းများကို ကောက်ယူပြီး အနီးရှိတဲများထဲတွင် ထိုအလောင်းများကို ခုတ်ထစ်၍ အရိုးများကို ထုတ်ယူတတ်ကြသည်။ အချို့ ဆင်းရဲသော အသုဘများချလာလျှင်လည်း ထိုသူများသည် မီးသဂြိုဟ်ရာ နယ်နိမိတ်အဝင်မှ ဆီးကြိုကာစရိတ်နည်းနည်းဖြင့် အားလုံးကိစ္စပြီးအောင် လုပ်ပေးမည်ဟု ဆိုကြသည်။ အချို့ အသုဘရှင်များမှာ မီးသဂြိုဟ်ရန် ထင်းဖိုး မတတ်နိုင်သဖြင့် အခက်ကြုံသည်နှင့် စရိတ်နည်းနည်းနှင့် သဂြိုဟ်ပေးမည်ဆိုသောသူတို့လက်သို့ အလောင်းများကို အပ်လိုက်ကြသည်။ သို့ဖြင့် မိမိတို့ ဆွေမျိုးသားချင်း၏ အလောင်းသည် အနီးရှိ တဲတစ်တဲထဲသို့ ရောက်သွားကာ ခုတ်ထစ်ဖြတ်တောက်ပြီးနောက် အရိုးကို အရိုးကုန်သည်ထံ ရောင်းလိုက်သည်ကို လုံးဝမသိလိုက်ကြ။ တစ်နေ့တွင် မိမိ၏ ခေါင်းခွံ၊ ကျောရိုး၊ သို့မဟုတ် မိမိ၏ အရိုးစုကြီး တစ်ခုလုံးသည်လည်း ဂျပန်၊ အမေရိကန်နှင့် ဩစတြေးလျရှိ ဆေးကျောင်း

www.burmeseclassic.com



သားများအတွက် နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်း ခံရမည် မခံရမည် မည်သူမျှ မပြောနိုင်ပြီ။

အရိုးစုများရနိုင်သည့် အခြားနေရာ တစ်နေရာမှာ ဆေးရုံရှိ ရင်ခွဲတိုက် ဖြစ်သည်။ မှန်မင်ပါ ရေခဲတိုက်တစ်ခုတည်းမှာပင်လျှင် လာရောက် မွေး သူ မရှိသဖြင့် သုဘရာဇာများ လက်သို့ အပ်ရသည့် အလောင်းပေါင်း တစ်နှစ်တစ်နှစ်လျှင် နှစ်ထောင်ငါးရာ ကျော်ကျော်ခန့်ရှိသည်။ အရိုး ဝယ်အားများလာလျှင် သုဘရာဇာများသည် ခရစ်ယာန် သင်္ချိုင်းများ မူဆလင်သင်္ချိုင်းများသို့ သွားကာ ခွေးအ, များနှင့် ပြိုင်၍ အရိုးကို လု တူးဖော်တတ်ကြသေးသည်။ အချုပ်အားဖြင့်ဆိုရလျှင် အရိုးကုန်ပစ္စည်း ပြတ်လပ်သွားသည်ဟူ၍တော့ မရှိပါ၊ သို့တိုင်အောင် အရိုးကုန်သည်များ လွန်စွာလာဘ်မြင်၍ လွန်စွာဉာဏ်သွားသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် သူတို့သည် အရိုးများ ပြတ်လပ်သွားခြင်း မရှိရလေအောင် အရိုးကုန်ပစ္စည်း အသင့်လှောင်ထားတတ်ကြပါသည်။ လှောင်နည်းမှာ အသက်ရှင်နေသော တစ်ယောက်ထံမှ အရိုးကို ကြိုတင်ဝယ်ယူထားခြင်းဖြစ်သည်။ ဤသို့ဆိုလျှင် ကုန်ပစ္စည်းပြတ်လပ်မည်ကို မစိုးရိမ်ရတော့ပြီ။ ကုန်ပစ္စည်းကို လိုသလောက် လှောင်ထားနိုင်ပြီ။ အကြောင်းမူ ကာလကတ္တားမြို့ကြီးသည် သေမည့်သူ ဒုနှံ့ဒေး။ ဆင်းရဲငတ်ပြတ်၍ သေအံ့မူးမူးဖြစ်နေသည့် လူတွေ အလျှံ ပေါကြွယ်နေသည့် မြို့ကြီး မဟုတ်လော။

"ငွေငါးရာ...ငွေငါးရာ" ဆိုသည့် စကားလုံးများသည် စည်ပိုင်းထဲ လိမ့်နေသည့် ထိဖွင့်သည့် ဂေါ်လီလုံးများလို သူ့ခေါင်းထဲတွင် တရှောင်းရှောင်း ပြေးနေကြသည်။ ပွဲစားဆိုသည်မှာ လူကဲခတ် အလွန်ကောင်းရသည်။ ယခု တစ်ချက် ကြည့်လိုက်ရုံဖြင့် သူ့အတွက် သားကောင်ကို အလွယ်တကူ ရ လိုက်ပြီးဖြစ်သည်။ ပစ္စည်းဆိုသည်မှာလည်း တွေ့တိုင်း ဝယ်၍မဖြစ်။ အာမ ချက်တော့ရှိမှ ဖြစ်မည်။ ကာလကတ္တားမြို့ကြီးမှ လမ်းမများပေါ်တွင် အသုဘ ကြီးတစ်ခုလုံး ပြုတ်ထွက်မတတ် ချောင်းဆိုးကာ သေအံ့မူးမူးတွေ တစ်ပုံတ ခေါင်းကြီး ရှိနေသည်မှာ မှန်သည်။ သို့ရာတွင် သူတို့ကို ဖမ်း, ကောက်ဝယ် မဖြစ်သေး။ သို့ရာတွင် အာမခံချက်ရှိရဦးမည်။ သူဝယ်သည့် ပစ္စည်းတွ မိသားစုရှိရမည်၊ မိတ်ဆွေအသိုင်းအဝိုင်းရှိရမည်။ အလုပ်ရှင် ရှိရဦးမည် တစ်နည်းပြောရလျှင် နေရပ်လိပ်စာနှင့် အမျိုးအမည်တော့ ရှိရဦးမည် သို့မဟုတ်လျှင် သူ့အလောင်းကို ဘယ်မှာ သွား၍ ကောက်ရမည်နည်း။



"ဘယ့်နှယ်လဲ...နောင်ကြီး၊ ငါးရာ ပေးမယ်"

ဟာစရီပါးသည် သူ့အဖြေကို မျှော်လင့်တကြီး စောင့်နေသော ကျောက်ပေါက်မာ ဗရဗျစ်နှင့် မျက်နှာကို လှမ်းကြည့်သည်။ ဟာစရီပါးသည် အတန်ကြာမျှ တိတ်ဆိတ်နေသည်။ ပွဲစားကလည်း စိတ်ရှည်ရှည်ဖြင့် သူ့အဖြေကို စောင့်နေသည်။ သူအဖို့ ထိုသို့သော ကိစ္စမျိုးသည် ရိုးနေပြီ။

"ဒါပေါ့ဗျာ၊ နံရံမှာ ကပ်ပြီး ပစ်သတ်ခံရမယ့် ရာဇဝတ်ကောင်တစ်ကောင် ကောင်မှ သူ့ခန္ဓာကိုယ်ကို ပိတ်စကလေးတစ်စရောင်းသလို ဘယ်မှာ ရောင်းချင် ပါမလဲ" ဟု သူပြောတတ်သည်။

"အင်း...ငွေငါးရာဆိုတော့လဲ နည်းတဲ့ ပိုက်ဆံမဟုတ်ဘူး" ဟု ဟာစရီပါး တွေးနေသည်။

ဟာစရီပါးသည် သူနှင့်အတူ လန်ချားကို တစ်လှည့်စီဆွဲရသည့် ရာမာတူကာနှင့်အတူ ထိုင်ရင်း သူ့အား ပြောထားသည့် အံ့သြစရာကောင်းသော အရောင်းအဝယ် ကမ်းလှမ်းချက်ကို စဉ်းစားနေသည်။ ချက်ချင်း ဆုံးဖြတ်၍ မရသဖြင့် မနက်ဖြန်ကျမှ အကြောင်းပြန်မည်ဟု ပွဲစားကို ပြောခဲ့သည်။ ရာမာတူလာမှာ မူဆလင်တစ်ယောက်ဖြစ်သည့်အတွက် သူသေလျှင် အလ္လာဟ် ဘုရားသခင်က သူ့ကို ကောင်းကင်ဘုံသို့ခေါ်မည်ဟု ယုံကြည်သူဖြစ်ရာ သေသည်၏ အခြားမဲ့၌ မိမိ၏ ခန္ဓာကိုယ်ကို ခုတ်ထစ်ရောင်းချခံသည့် အဖြစ်သည် လွန်စွာ စပ်ဆုပ်ဖွယ်ကောင်းသည့် ကိစ္စဖြစ်သည်။ မိမိတို့၏ ဘာသာတရားသည် ကိုယ်ခန္ဓာ အစိတ်အပိုင်းတို့ကို ဆေးသိပ္ပံပညာသို့ လှူဒါန်းခြင်းကိုပင် ခွင့်မပြု။ သို့တိုင်အောင် ရသည့်ငွေကို မြီးမြီးမြက်မြက်ရှိသဖြင့် သူကိုယ်တိုင်ပင် စိတ်ပါချင်သလို ဖြစ်နေသည်။

"ဟာစရီပါးရယ်၊ ခင်ဗျားအနေနဲ့ ကြည့်ရင် လုပ်ရမှာပဲ၊ ဘာမှ စဉ်းစားမနေနဲ့တော့၊ ခင်ဗျားတို့ ဘုရားကလဲ ခွင့်လွှတ်မှာပဲ၊ ကိုယ့်သမီးတို့ လက်ထပ်ပေးရဦးမယ် မဟုတ်လား၊ ဒါကိုလဲ ဘုရားသိမှာပဲ"

ရာမတူလာက တိုက်တွန်းသည်။

လယ်သမားတစ်ယောက်ဖြစ်ခဲ့သည့် ဟာစရီပါးသည်လည်း ဘုရား၏ ဒဏ်ခတ်မည်ကိုမှ ကြောက်သည်။ ဟိန္ဒူဘာသာဝင်တို့၏ အယူအဆအရ မိမိတို့၏ သေလွန်ပြီးသည့် အခြားမဲ့တွင် "ဝိညာဉ်ထူးပြောင်းနိုင်ရေး"

www.burmeseclassic.com

www.burmeseclassic.com



အတွက် ခန္ဓာကိုယ်ကြီးကို မီးရှို့ဖျက်ဆီးပစ်ရမည်။ ဤသို့ မီးရှို့ခြင်းဖြင့် အညစ်အကြေးတို့ ကင်းစင်နိုင်သည်ဟု ယူဆကြသည်။

"အင်း...ငါသေလို့ ငါ့အရိုးတွေနဲ့ ငါ့အသားတွေကို သားသတ်သမားတွေက ခုတ်ထစ်ဖြတ်တောက်ပစ်ကြရင် ငါ့သားသမီးတွေ ဘယ်လောက် ခံစားရမလဲ မသိဘူး" ဟု ဟာစရီပါး တွေးနေသည်။

နောက်ဆုံးတွင် ဟာစရီပါးသည် သူကိုယ်တိုင် မဆုံးဖြတ်နိုင်သော သဖြင့် ကိုဗာစကီးကို တိုင်ပင်ရန် စိတ်ကူးရသည်။ ကိုဗာစကီး၏ အယူအဆ မှာလည်း ရာမာတူလာနှင့် အတူတူပင်။

ခရစ်ယာန် အယူတွင်လည်း မိမိတို့ သေလွန်ပြီးသည့် အခြားမဲ့၌ ခန္ဓာကိုယ်ကြီးအား ဘုရားသခင်က ဖန်ဆင်းခဲ့သည့်အတိုင်း ကောင်းကင်ဘုံသို့ ပြန်လည် ရောက်ရှိရေးသည် အဓိကဖြစ်သည်။ သို့ရာတွင် ကိုဗာစကီးသည် ဆင်းရဲသား ရပ်ကွက်များတွင် ကာလအတန်ကြာမျှ နေခဲ့ရပြီဖြစ်သဖြင့် ဘာသာတရား၏ အဆုံးအမများနှင့် ဘဝတည်မြဲရေးအတွက် လိုအပ်ချက်များ ကြားတွင် ဇေ့စပ်လုပ်ခဲ့ရသည့် သဘောကို လက်ခံနေရလေပြီ။

"အင်းလေ၊ ခင်ဗျားမှာ သမီး မင်္ဂလာဆောင်ပေးဖို့ ဝတ္တရား ရှိနေသေးတာကိုး၊ ဒီတော့ ကောင်းကင်ဘုံကို မသွားခင် ဒီဘဝမှာ ကိုယ့်တာဝန်ကို ကျေပွန်အောင်တော့ လုပ်သွားပါ" ဟု ကိုဗာစကီးက ပြောသည်။

ဟာစရီပါးသည် အခန်းထောင့်တစ်နေရာတွင် မောင်ငယ်များ၏ သန်းရှာပေးနေသည့် သမီးငယ် အမိတ္တာကို ငေးကြည့်နေသည်။

* * *

ဂိုထောင် အဆောက်အအုံကြီး တစ်ခု အနီးတွင် ရှိသည့် နှစ်ထပ်အိမ်ကလေး သည် အခြားသော အိမ်ကလေးများလိုပင် စွတ်စိုထိုင်းမှိုင်းနေသည်။ ထို့ကြောင့် ရုတ်တရက်ကြည့်လိုက်လျှင် "မစ်ထရာနှင့် ကုမ္ပဏီ" ဟု ဆိုင်းဘုတ်တပ်ထား သည့် ထိုအိမ်ကလေးသည် ကာလကတ္တား မြို့တော်ကြီးရှိ အခြား အခြားသော အသေးစား လုပ်ငန်း ဌာနကလေးများနှင့် ဘာမျှ ခြားနားခြင်း မရှိ။ ထူးခြား ချက်ရှိသည်ဆိုလျှင် ယင်းမှာ ထိုကုမ္ပဏီက ရောင်းဝယ်သည့် လုပ်ငန်းသည် မည်သည့် လုပ်ငန်းဖြစ်ကြောင်းကို ဖော်ပြသည့် အမှတ်အသား မရှိခြင်းပင်



ဖြစ်သည်၊ ကျောက်ပေါက်မာ ထူလပျစ်နှင့် လူသည် ထိုအိမ်တံခါးကို ဆက်တိုက် ခေါက်လိုက်သည်တွင် ပြတင်းတံခါးတစ်ချပ် ပွင့်လာကာ လူတစ်ယောက်ခေါင်းပြူ၍ ထွက်ကြည့်သည်။

"ပစ္စည်းပါတယ်" ဟု သူက လှမ်းပြောသည်။

တံခါးမကြီး ပွင့်လာကာ အလုပ်သမားတစ်ယောက်က သူတို့နှစ်ယောက်ကို အထဲသို့ ဝင်လာရန် ခေါင်းညိတ်ပြလိုက်သည်။ အထဲသို့ ရောက်သည်နှင့် စူးရှပုပ်ဟောင်သော အနံ့ကြီးက သူတို့ကို ဆီးကြိုလိုက်သည်။ ဟာစရီပါးအဖို့ ဆိုလျှင် ထိုအနံ့ကြီးကို တစ်ခါမျှ မရှူရှိုက်ဖူး။ ဟာစရီပါးသည် ရှေ့သို့မသွားမိ သူ့ဆုံးဖြတ်ချက်ကို ပြင်ရမည်လားဟု ချီတုံ ချတုံ ဖြစ်နေသည်။ သို့ရာတွင် သူ့အဖော်က ရှေ့သို့ အတင်းတွန်းပို့နေသည်။ ထိုအခါကျမှ အိမ်ထဲတွင် အပုပ်နံ့ကြီး ထောင်းထောင်းထနေသည့် အကြောင်းရင်းကို သူသိတော့သည်။ ထိုနေရာကား ဒန်တေနှင့် ဒူရားတို့လို စာဆိုမျိုးသာလျှင် စိတ်ကူးဉာဏ် တွန့်မြူး၍ စာဖွဲ့နိုင်သော နေရာမျိုးဖြစ်သည်။ ထိုနေရာကား အရွယ်အစား အမျိုးမျိုးရှိသော အရိုးစုကြီးများ နံရံတစ်လျှောက်တွင် ထောင်၍ စီထားသော နေရာဖြစ်သည်။ အရိုးစုကြီးများသည် တစ္ဆေတွေ တန်းစီရပ်နေသည်နှင့် တူ နေသည်။ စားပွဲများနှင့် စင်များပေါ်တွင်လည်း အရိုးတွေ တောင်လိုပုံလျက် ရှိသည်။ လူ့ခန္ဓာကိုယ်၏ အစိတ်အပိုင်းအသီးသီးမှ အမျိုးမျိုးသော အရိုးထောင် ပေါင်းများစွာတို့သည် စားပွဲများ၊ စင်များပေါ်တွင် စုပုံလျက်ရှိကြ၏။ ရာပေါင်း များစွာသော ဦးခေါင်းခွံများ၊ ကျောရိုးများ၊ လည်ပင်းရိုးများ၊ လက်ဖျံရိုးများ နှင့် ခြေထောက်ရိုးများ၊ တင်ပါးဆုံရိုးကြီးများနှင့် ဒူးခေါင်းရိုးများ၊ လည်ပင်းနား မှ လှေပုံသဏ္ဌာန် အရိုးများကို သူမြင်ရသည်။ အံ့သြစရာအကောင်းဆုံးမှာ ဆူပါမားကက်ကြီးတစ်ခုတွင် ခင်းကျင်းပြသထားသကဲ့သို့ ထိုအရိုးများကို ဈေးခင်း၍ ပြသထားပုံပင်ဖြစ်သည်။ အရိုးတိုင်း၊ အရိုးစုတိုင်းပေါ်တွင်လည်း ဈေးနှုန်းများကို ဒေါ်လာဖြင့် ရေးထားပြီး ကတ်ပြားကလေးတွေ ချိတ်ထားသည်။ ကျောင်းသားများအား ပြသရန်အတွက် လှုပ်ရှားနိုင်အောင် လုပ်ထားသည့် လူကြီးတစ်ယောက်၏ အရိုးစု တစ်ခုလျှင် အမျိုးအစားနှင့် လက်ရာတို့ လိုက် ပြီး ဒေါ်လာ ၂၃၀ မှ ဒေါ်လာ ၂၅၀ အထိ ပေါက်ဈေးရှိသည်။ ကလေး တစ်ယောက်၏ အရိုးစုတစ်ခုလျှင် ဒေါ်လာ ၁၀၀ မှ ဒေါ်လာ ၁၂၀ ပေါက် ဈေးရှိပြီး လည်ပင်းရိုးတစ်စုံလျှင် ဒေါ်လာ ၄၀၊ ခေါင်းခွံတစ်လုံးလျှင် ၆

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာ ရှေးရှိသည်။ သို့ရာတွင် အသင့် ပြင်ဆင်ထားသော ပစ္စည်းတစ် ထို့ထက် ဆယ်ဆပိုပေးရသည်။

"မစ်ထရာနှင့် ကုမ္ပဏီ" တွင် အရိုးများကို ထုတ်ယူသည့်ပါရဂူ ကျွမ်းကျင်သူ ပါရဂူများ၊ ဆေးခြယ်သူများ၊ ပန်းပုဆရာများလည်းရှိသည် ထိုပညာသည်များမှာ မီးမှိန်မှိန် ထွန်းထားသည့် ချောင်ကလေးတစ်ချောင်ထဲ အလုပ်လုပ်ကြရသည်။ ခုတ်ထစ်ထားသည့် အလောင်းများကြားတွင် ဓာ ဖြင့် သူတို့တစ်တွေ အလုပ်လုပ်နေကြပုံမှာ သမိုင်းမပေါ်မီ ခေတ်က က တစ်ခု ပျက်စီးသွားပြီး ကျန်ရစ်ခဲ့သူများနှင့် တူနေသည်။ အချို့က အရိုး အသားများကို ခြစ်ထုတ်လျက်။ အချို့က အရိုးများကို နှာလျက်။ အချို့ အရိုးများကို ဆက်စပ်လျက်။ အချို့က ဆေးခြယ်လျက်။ အချို့လက်ရာ ဆိုလျှင် အလွန်ကောင်းသည်။ ခေါင်းခွံတစ်ခုတွင် ဖြုတ်နိုင် တပ်နိုင်သေ သွားရိုးများကို တပ်ထားသည်။ ယင်းတို့မှာ အမေရိကန်ပြည် အနောက်အလ ပိုင်းရှိ သွားကောလိပ်တစ်ခုမှ အထူးမှာယူ ပြင်ဆင်ထားခြင်းဖြစ်သည်။ ထို အဖိုးတန်သော ကုန်ပစ္စည်းများကို အိန္ဒိယပြည်မှ နိုင်ငံခြားသို့ တင်ပို့ရာ ကိစ္စမှာလည်း တော်တော် လက်ဝင်သည်။ ထိုပစ္စည်းအထုပ်များကို ထိခိုက် မရှိအောင် ကျနစွာ ထုပ်ပိုးပြင်ဆင်ရသည်။ ပထမတွင် ဂွမ်းဖြင့် သေချာ ပတ်ထည့်ရသည်။ ထိုနောက် အထူးချုပ်ထားသည့် အိတ်ကလေး တစ်အိတ်ထဲတွင် ထည့်ရသည်။ ထိုနောက် အထူးပြုလုပ်ထားသည့် ကတ် ထဲတွင် ထည့်ကာ အပေါ်တွင် "ထိခိုက်လွယ်သည်၊ အထူးသတိထား၍ ကို ပါ" ဆိုသည့် စာတန်းကို ရိုက်သည်။

ဟာစရီပါးသည် ထိုအရာများကိုကြည့်၍ တအံ့တသြဖြစ်နေသည်။

"ဘုရားရေ၊ ဒီအရိုးတွေဟာ အသက်ရှင်စဉ်တုန်းက ဒီလော ဂရုစိုက်မခံရခဲ့ရဘူး၊ ခုမှ ဂရုစိုက်ခံရတာပါလား" ဟု အောက်မေ့မိသေးသည်။

သို့ရာတွင် သုဘရာဇာများ ပို့လိုက်သည့် အရိုးတိုင်းသည် ထို အရေးပေးခံသည် မဟုတ်ပါ။ ခွေးအများ အကိုက်ခံထားရသဖြင့် ကျိုးပဲ့နေသော အရိုးများ၊ ရေထဲ မြေထဲတွင်အနေကြာခဲ့သဖြင့် အရည်အသွေးညံ့သည့် အ များမှာ အမှုန့်ကြိတ်စက်နှင့် ပေါင်းအိုးထဲသို့ ရောက်သွားပြီး နောက်ဆုံး ကော်ဖြစ်သွားကြသည်။ အခန်းထဲတွင် ပုပ်ဟောင်နေသော အနံ့မှာ ထိုအရိုးများ ဘေးထွက်ပစ္စည်းများကို ထုတ်လုပ်ရာမှ ပေါ်ထွက်လာခြင်း ဖြစ်ဟန်တူသည်



အိမ်အစွန်ဆုံး အခန်းကလေးတစ်ခန်းထဲတွင်မှ သက်ရှိအရိုးကိုဝယ်သည့် အဝယ်ဒိုင်အုပ်ကို တွေ့ရသည်။ ထိုလူသည် အဝတ်ဖြူကြီးကို ဝတ်ထားပြီး ညစ်ပတ်သည့် စားပွဲတစ်လုံးတွင် ထိုင်နေသည်။ သူ့ရှေ့စားပွဲပေါ်တွင်လည်း လားတူ ညစ်ပတ်၍ ဖုန်တွေပေနေသည့် ဖိုင်တွဲများ၊ မှတ်ပုံတင်စာရွက်များ၊ စာရင်းစာရွက်များကို တွေ့ရသည်။ သူ့ဘေးမှ ပန်ကာသည် ဆယ့်ငါးစက္ကန့် ျှင် တစ်ကြိမ် သူ့ဘက်သို့ လှည့်လာကာ သူ့ကို ခြိမ်းခြောက်နေသည် င်ရ၏။ အရုပ်တွေ ရေးခြယ်ထားသည့် မွေးခါစ ကလေးငယ်များ၏ ခေါင်းခွံမှာ စက္ကူဖိတုံးအဖြစ် အသုံးပြုထားသောကြောင့် ဘယ်မျှပန်ကာ တိုက်သည့်တိုင် စာရွက်များမှာ လွင့်ပျံ့ခြင်းမရှိပါ။ "မစ်ထရာနှင့် ကုမ္ပဏီ" သည် ကလေးငယ်များ၏ ခေါင်းခွံထောင်ပေါင်းများစွာကို နီပေါ၊ တိဘက်နှင့် ရုတ်ပြည်သို့ပင် တင်ပို့ရောင်းချသည်။ အခြားသော တိုင်းပြည်များကလည်း ရှိအရိုးများကို တင်သွင်းပြီး ဆေးလိပ်ခွက်များ ပြုလုပ်လေ့ရှိသည်။

အရိုးကုန်သည်ကြီးသည် ကုန်ကြမ်းပစ္စည်းဖြစ်သည့် လန်ချားသမား ဟာစရီပါးကို သေချာစွာ စစ်ဆေးကြည့်ရှုခြင်းပြု၏။ ဟာစရီပါး၏ ငေါထွက် သော ရင်ဘူးရိုး၊ ပခုံးရိုးနှင့် ငါးတစ်ကောင်၏ အရိုးလို ထင်းထင်းကြီး နေသော နောက်ကျောရိုးတို့ကို မြင်သည့်အခါတွင် ကျေနပ်သွားဟန်တူ၏။ ျှ သံသယ မရှိတော့ပြီ။ သူ့ကုန်ကြမ်းပစ္စည်းသည် အတုအပ မဟုတ် ကြောင်း သေချာပြီ။ သူ့ကုမ္ပဏီ၏ပစ္စည်းစာရင်းထဲသို့ သွင်းနိုင်ဖို့အတွက် အချိန် စွာ မစောင့်ရတော့ကြောင်းကို ရိပ်မိလိုက်ပြီ။ ငွေတိုး သိပ်မတက်တော့ပြီ။

အရိုးကုန်သည်ကြီးသည် ပွဲစားကို မျက်စိတစ်ဖက်မှိတ်၍ ပြလိုက်သည်။ ကျေနပ်ပြီဆိုသည့်သဘောဖြစ်၏။ နောက်ထပ်လုပ်စရာဆို၍ အရောင်းအဝယ် ချုပ်ချုပ်ရန်နှင့် ဟာစရီပါးနေသည့် ရပ်ကွက်နှင့် အနီးဆုံးတွင်ရှိသည့် သုဘရာဇာကို အကြောင်းကြားရန်သာ ကျန်တော့သည်။ သုဘရာဇာသည် အချိန် သည်နှင့် ဟာစရီပါးအလောင်းကို လာရောက်ယူဆောင်သွားပေလိမ့်မည်။

သူတို့ လုပ်ထုံးလုပ်နည်းတွေကို စောင့်ရသည်မှာ သုံးရက်ကြာသည်။ ရက်အဆုံးတွင်မှ ဟာစရီပါးသည် ပထမအရစ်အဖြစ် ငွေတစ်ရာငါးဆယ် ပ်တိတိကို ရရှိ၏။ အခြားသော ကုမ္ပဏီများကဲ့သို့ပင် မစ်ထရာနှင့် ဏီသည်လည်း ရင်းနှီးမြှုပ်နှံငွေများကို ကြာကြာ စောင့်ဆိုင်း က်ထပ်ကျန်ငွေများကိုမူ ဟာစရီပါး၏ ကျန်းမာရေး အခြေအနေကိုမူတည်

www.burmeseclassic.com



ချွတ်ယွင်းလာကြောင်း ခိုင်မာသော အထောက်အထားများ ရှိသည် ချက်ချင်းပေးချေမည်ဖြစ်ကြောင်းဖြင့် ပြောလိုက်သည်။

**၃၁**

စင်ပေါ်တွင် ရှုခင်းကလေး နည်းနည်းပါးပါး ပြင်လိုက်လျှင် လုံလော

ဇာတ်စင်အခမ်းအနားကို သည်လောက် ပြင်လိုက်သည်ဆိုလျှ ညစ်ပတ်မှုန်မှိုင်းခြင်း၊ ရွှံ့၊ အပုပ်နံ့၊ ယင်ကောင်များ၊ ခြင်များ၊ ပိုးဟ ကြွက်များ၊ ဆာလောင်မွတ်သိပ်ခြင်း၊ စိတ်ဆင်းရဲခြင်း၊ နာမကျန်းဖြစ်ခြင်း သေခြင်းစသည့် အနိဋ္ဌာရုံ အပေါင်းတို့သည် မေးမှိန်ပျောက်ကွယ်သွားကြ ပြီ။ လှပသော အိပ်မက်တို့မက်ရန် အချိန်တန်ပြီ။ မျက်လုံးတွေ ပြူးထွက်အေ ကြည့်နိုင်ပြီ။ ပိန်ချုံးနေသည့် ခန္ဓာကိုယ်များသည် အရယ်နှင့် အငိုမျာ သိမ့်သိမ့်တုန်နိုင်ကြပြီ။ ဤသို့ဖြင့် သုခမြို့တော်မှ လူအပေါင်းသည် သူတ ပုံသွင်းပေးခဲ့သော ရှေးဟောင်း ဇာတ်ပုံပြင်များကို ခုံခုံမင်မင် ကြည့်တတ်ကြသ

ဥရောပတိုက်ရှိ ဘုရားရှိခိုးကျောင်း လှေကားထစ်များပေါ်တွင် ခင်း ပြသသည့် သမ္မာကျမ်းစာလာ ပုံပြင်ဇာတ်လမ်းများကိုလည်း အိန္ဒိယပြည်မှလူ နှစ်ခြိုက်စွဲလမ်းစွာ ကြည့်တတ်ကြသည်။ အိန္ဒိယပြည်က သဘင်သည်များ ပန်တျာသည်များသည် ဆောင်းရာသီသုံးလပတ်လုံး ရပ်ရွာအနှံ့ လှည့်လည် ရာမာယဏဇာတ်ကို ကပြလေ့ရှိကြသည်။ ယခုလည်း လှည်းများပေါ် အခမ်းအနားတွေပြင်ကာ သဘင်သည်များသည် သုခမြို့တော် ဆင်းရဲ ရပ်ကွက်ကလေးထဲသို့ ရောက်လာခဲ့ကြကာ ကျွဲတဲနှစ်တဲကြားတွင် စခန်းချ သည်။ သူတို့ရောက်လာသည့် သတင်းသည် ကြင်နာသနားတတ် မုတ်သုန်ရာသီရောက်လာသည့် သတင်းကဲ့သို့ သုခမြို့တော်ရပ်ကွက်ကလေး တဲဝိုင်းများသို့ ချက်ချင်း ပျံ့နှံ့သွားခဲ့သည်။ ခဏကြာလျှင် သူတို့ကိုလာရော ကြည့်ရှုသူတွေ ထောင်ချီ၍နေလေပြီ။ သစ်တစ်ပင်၊ ငှက်တစ်ကော



မင်တစ်ကောင်ကိုမျှ မြင်ဖူးခြင်းမရှိသည့်ကလေးငယ်တို့သည် အရုပ်ရေးထား သည့် တောကား တောင်ကားများကို ကြည့်ကာ ကျေနပ်နေကြသည်။ ပျော်နေကြသည်။

တောအုပ်ထဲတွင်မှ လှပသည့် ရာမမင်းသားနှင့် တည်ကြည်သိမ်မွေ့ သည့် သီတာဒေဝီတို့သည် ချစ်တင်းစကားဆိုနေကြသည်။ ပထမပြကွက်မပြမီ စောကြီး ကတည်းကပင်လျှင် ဇာတ်စင်ရှေ့တွင် နက်မှောင်သော ခေါင်းများ၊ ချောင်စုံတောက်သော ဆံရစ်များသည် ပင်လယ်ကြီးတမျှဖြစ်နေသည်။ အနီးရှိ ခေါင်မိုးများပေါ်တွင်လည်း ပွဲကြည့်ပရိသတ်တွေ ဖွေးဖွေးလှုပ်လျက်။ ပရိသတ် ကန့်လန့်ကာဖွင့်မည့်အချိန်ကို မြင်ချင်လှပြီ။ မိမိတို့၏ ဆင်းရဲနွံ့ချာလှသော ဝမှ ခဏဖြစ်စေ ထွက်ပြေးချင်လှပြီ။ မိမိတို့ မျှော်လင့်ချက်များ တည်ရာ၊ ၏ နားနေရာသဖွယ်ဖြစ်သော ရာမာယဏ မဟာကဗျာကြီးထဲမှ ဇာတ်လမ်း ကို ကြည့်ချင်လှပြီ။

ရာမာယဏ ကဗျာကြီးသည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာခန့် နတ်တို့၏ စေ့ဆော် တိုက်တွန်းမှုကြောင့် ရသေ့ကြီးတစ်ပါးက ရေးဖွဲ့ခဲ့ သည့် မဟာကဗျာကြီးဖြစ်သည်ဟု ဆိုကြသည်။ ရာမာယဏ ဇာတ်အဖွင့်သည် ညြဖွယ် အချစ်ဇာတ်လမ်းဖြင့် အစပြုသည်။ ယောကျ်ားပီသ၍ ချောမောခန့် သားသည့် ရာမမင်းသားသည် သျှိုဝ၏လေးကို တင်နိုင်ခဲ့သဖြင့် သီတာမင်းသမီး ကို ရခဲ့သည်။ ဘုရင်က သမီးတော် သီတာဒေဝီနှင့် ရာမမင်းသားတို့ကို ထိမ်းနှန်းအပ်လိုသည်။ သို့ရာတွင် ဖိဖုရားတစ်ပါး၏ ကုန်းချောမှုကြောင့် သူတို့ကို ထိမ်းနှန်းအပ်ခြင်း မပြုတော့ဘဲ မြိုင်ရပ်သို့ နှင်လိုက်သည်။ တောထဲသို့ ရောက်တွင် သူတို့နှစ်ဦးအား ဘီလူးတို့က တိုက်ခိုက်ကြသည်။ ဘီလူးတို့၏ ကြီးအကဲဖြစ်သည့် ရာဝဏက သီတာဒေဝီကို ချစ်ခင်စုံမက်သွားသည်။ ရာဝဏသည် ရာမမင်းသားကို ဥပါယ်တမျဉ်ဖြင့် တောထဲသို့ မျှားခေါ်ပြီးနောက် တစ်ခက်တဲနန်းတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သော သီတာဒေဝီကို နှင်းရထားဖြင့် ခိုးပြေးသည်။ ရာဝဏသည် သီတာကို လင်္ကာဒိပကျွန်းသို့ ခေါ်ဆောင်သွားကာ ထောင်တန်း နောင်အိမ်ထဲတွင် ထည့်ပြီး ချစ်ရေးဆိုသည်။ သို့ရာတွင် အောင်မြင်ခြင်းမရှိ။

ရာမမင်းသားသည် သူ့ချစ်သူကို ပြန်ခေါ်ရန်အတွက် တောတွင်ရှိ သည့် မျောက်ဘုရင်၏ အကူအညီကို တောင်းရာ မျောက်ဘုရင်သည် ဟနုမန်

www.burmeseclassic.com

www.burmeseclassic.com



မျောက်ခင်းကို ဆည့်လိုက်သည်။ သို့ဖြင့် ဟနုမန်ခေါင်းဆောင်သည့် မျော… တောင်တာ ဗိုလ်ထုကြီးသည် ရှဉ့်များ၏ အကူအညီဖြင့် သိတာ… ခိုးသွားသည့် ရာဝဏနောက်သို့ လိုက်ကြသည်။ ဟနုမန်သည် တစ်ချက်… လင်္ကာဒီပကျွန်းသို့ ခုန်ကူးကာ အကျဉ်းကျနေသော သိတာဒေဝီကို တွေ့… သည်။ ဟနုမန်မျောက်မင်းသည် အခက်အခဲအမျိုးမျိုးကို ဖြတ်သန်း… ထိုသတင်းကို ရာမမင်းသားထံသို့ ပို့သည်။ ရာမမင်းသားက မျောက်… အကူအညီဖြင့် လင်္ကာဒီပကျွန်းသို့ တံတားခင်းကာ လင်္ကာဒီပ… ဝင်တိုက်သည်။ ဤတွင် ရာမမင်းသား၏ တပ်များနှင့် ဘီလူးတပ်များ… တိုက်ခိုက်ကြသည်။ နောက်ဆုံးတွင် ရာမမင်းသားက ရာဝဏကို အောင်… သည်။ ဤသို့ဖြင့် အကောင်းကအဆိုးကို အောင်နိုင်ခဲ့သည်။ သိတာဒေဝီ… လည်း အချုပ်အနှောင်မှ လွတ်လာသဖြင့် များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်ရ…

ဤတွင် အထင်လွဲမှုများ ပေါ်ပေါက်လာတော့သည်။ ရာမမင်းသား… သိတာဒေဝီကို တွန်းဖယ်လိုက်ကာ အခြားတစ်ပါးသော ယောကျာ်းတစ်ဦး… အိမ်တွင် နေခဲ့ပြီးသော မိန်းမတစ်ယောက်ကို ပြန်၍ပေါင်းသင်းခြင်း မပြု… ဆိုသည်။ ဤတွင် သိတာဒေဝီသည် အပြစ်ကျူးလွန်ခြင်း မရှိဘဲ အထင်… ရသည့်အတွက် မီးပုံတစ်ပုံပြုလုပ်စေပြီး မီးပုံတွင်းသို့ ခုန်ဆင်းသည်။ သို့… အကျင့်သီလ စင်ကြယ်ခြင်းကို မီးလျှံများကလည်း မဖျက်ဆီးနိုင်။ မီးလျှံ… သည် သိတာဒေဝီကို ကူးစက်လောင်ကျွမ်းနိုင်ခြင်းမရှိ။ ဤသို့ဖြင့် သိတာ… သူ့ချစ်လင် ရာမမင်းသားအပေါ်တွင် သစ္စာဖောက်ဖျက်ခြင်း မပြုကြောင်း… သက်သေထူခဲ့သည်။ နောက်ဆုံးတွင် ရာမမင်းသားက သိတာဒေဝီကို လက်ခံ… သူတို့နှစ်ဦး ပြည်တော်သို့ဝင်၍ နန်းသိမ်းကြသည်။

သုခမြို့တော်မှ နင်းပြားများသည် ပြဇာတ်ကြီး၏ ဇာတ်ကွက်တိုင်း… ရှုခင်းတိုင်း၊ အကွေ့အကောက်တိုင်းကို သိကြသည်။ ဇာတ်ဆောင်များ… ဇာတ်ရုံများ၊ လူရွှင်တော်များ၊ ကျွမ်းဘားသမားများ၏ လှုပ်ရှားမှုများ… ကြည့်ကာ ရယ်ကြသည်။ ငိုကြသည်။ ဝမ်းနည်းကြသည်။ ပျော်ကြသည်… သူတို့ ကိုယ်ပေါ်တွင် အစုတ်အပြတ်များကို ဝတ်ထားသည့်တိုင် ဇာတ်ဆော… များဝတ်သည့် ဘယက်တန်ဆာ၊ ဒွါဒရာတို့ကို ဝတ်ထားသည်ဟု ထင်မိကြသည်… ဇာတ်ဆောင်များကဲ့သို့ သူတို့ ပါးပြင်ပေါ်တွင်လည်း ဆေးနီးဆေးဝါတွေ ဆို… ထားသည်ဟု ထင်မိကြသည်။ အချို့ဆိုလျှင် ရာမပြဇာတ်ထဲမှ စာသားများကို…



…အလွတ်ရကြသည်။ စာပေမတတ်သည့်တိုင် ရာမဇာတ်မှ စာသားများကိုမှ သူတို့ ဆိုနိုင်ကြသည်။ လက်ဖက်ရည်ဆိုင်ရှင်အဘိုးအို ဆူရေးယားသည် …သည်းကောင်း၊ မေဘူနှင့် ဆယ်လီမာတို့၏ သားသမီးများသည် လည်းကောင်း၊ …အမှုဒင်လမ်းကြီးတွင် နေသည့် မီးသွေးသည်သည်လည်းကောင်း၊ ဆာလီမနှင့် အခြားသော မိန်းမရှာများသည် လည်းကောင်း၊ ကယ်ရာလာပြည်နယ်မှ သင်္ဘောသားပေါင်းသည် လည်းကောင်း သူတို့အားလုံးသည် ရာမဇာတ်မှ စာသားများကို ရွတ်ဆိုနိုင်ကြသည်။ ဇန်ဒိုနာနှင့် အာသံပြည်ဖွား သူ့ညီမများ သည် လည်းကောင်း၊ ရပ်ကွက်လူမိုက်နှင့် သူ့တပည့်များသည် လည်းကောင်း၊ …ဆလင်၊ ခရစ်ယာန်နှင့် ဟိန္ဒူများသည် လည်းကောင်း သူတို့အားလုံးသည် ပြစ်ကတတ်ဆန်း ဆင်ထားသည့် ဇာတ်စင်ရှေ့တွင် ညပေါင်းများစွာ ထိုင်၍ ရာမဇာတ်ကို ကြည့်ကြသည်။ ခွဲနပဲကောင်းသည့် ပွဲကြည့်ပရိသတ်ထဲတွင် ဟာစရီပါးလည်း အပါအဝင်ဖြစ်သည်။

"ဒီလောက်တောင် ရောဂါကြီးဖြစ်နေလျက်နဲ့တောင် သွားကြည့်သေးတယ်ဗျာ၊ သူ့ကို ကြည့်ရတာ ရာမကို ကြည့်ပြီး အားတက်လာပုံရတယ်၊ ဟနုမန်ကို ကြည့်ပြီး သတ္တိကောင်းလာပုံရတယ်" ဟု ကိုဇာစကီးက ပြောသည်။

အမှန်လည်း အမှန်ပင်။ ဟာစရီပါးအဖို့ ရာမဇာတ်ထဲမှ ဇာတ်ဆောင်များ သည် ရေထဲတွင် ကြဲကြဲခံနေသော သစ်ပင်ပင်စည်ကြီးများနှင့် တူသည်။ အသက်ကယ် ဘောကြီးများနှင့် တူသည်။

သူငယ်ငယ်တုန်းက အမေသည် ရေဖွေးနေသော လယ်ကန်သင်းရိုးများ ပေါ်တွင် သူ့ကို ခါးထစ်ခွင်ချီရင်း ရာမဇာတ်ထဲမှ ကဗျာလင်္ကာများကို ရွတ်ပြခဲ့ဖူးသည်။ ကြီးလာသည့်အခါတွင်လည်း သူတို့ရွာသို့ စာဟောဆရာတွေ လာတိုင်း ရွာကွက်လပ် တလင်းပြင်တွင် ရာမဇာတ် စာဟောကို မငြီးတမ်း နားထောင်ခဲ့ဖူးသည်။ ထိုလင်္ကာများသည် ရှေးပဝေသဏီကတည်းကပင် အိန္ဒိယလူမျိုးတို့ ယုံကြည်မှုကို အားသစ်လောင်းပေးခဲ့ရာ ကြာသော် ဘာသာ တရား၏ ပမာဏသို့ ဝင်ရောက်လာခဲ့သည်။ အိန္ဒိယပြည်တွင် ရာမဇာတ်ထဲက …တေးကဗျာတို့ကို နားမထောင်ဘဲ အိပ်ပျော်သွားခဲ့သည့် ကလေးငယ်ဆို၍ တစ်ယောက်မျှမရှိ။ ရာမဇာတ်ထဲမှ ကောင်းမြတ်ခြင်းနှင့် ဆိုးယုတ်ခြင်းတို့ တိုက်ပွဲကြောင့် ပေါ်လာခြင်းမရှိသော ကစားနည်းဆို၍ တစ်ခုမျှ မရှိ။ ရာမ ဇာတ်ထဲမှ သူရဲကောင်း ဇာတ်ဆောင်တို့၏ အကြောင်းကို မသိခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိသော ကျောင်းသုံးစာအုပ်ဆို၍ တစ်အုပ်မျှမရှိ။ မိန်းမကောင်း မိန်းမမြတ်တို့၏ အကြောင်းကို ဖော်ပြရာတွင် သီတာ၏ ဥပမာကို မပြသည့် မင်္ဂလာဆောင်ဆို၍ တစ်ခုမျှမရှိ။

နှစ်စဉ်နှစ်တိုင်းပင် ရာမ၏ အောင်ပွဲနှင့် ဟနုမန်၏ စိတ်သဘောထား ကြီးမြတ်မှုကို ဂုဏ်ပြုသည့် အနေဖြင့် ပွဲတော်ကြီးများ ကျင်းပကြသည်။ ညနေတိုင်းပင် ကာလကတ္တားရှိ ထောင်ပေါင်းများစွာသော သင်္ဘောကျင်း အလုပ်သမားများ၊ ကုန်တင်ကုန်ချ ကူလီများ၊ လန်ချားသမားများ၊ အလုပ် သမားများ၊ ငတ်ပြတ်နေသော လူဆင်းရဲများသည် တာရီးတွင်ထိုင်ထား စာဟောဆရာတို့ ဟောပြောသည့် ရာမဇာတ်ကို နားထောင်ကြသည်။ ထိုပရိသတ် သည် မြေကြီးတွင် ဖင်ချထိုင်ကာ မှိတ်ထားသော မျက်လုံးအစုံတို့ဖြင့် နား ထောင်ရင်း စိတ်ကူးပုံပြင်ထဲတွင် သူတို့၏ သဲပွင့်မျှလောက်သာရှိသော ပျော်ရွှင်မှုကလေးကို လိုက်ရှာကြရသည်။

သုခမြို့တော်မှ ရာမဇာတ် ပရိသတ်ထဲတွင် ကိုဗာစကီးလည်း ပါသည်။ သူ့တွင် အချိန်များများမရှိ။ သူတို့ပြောသည့် စကားများကိုလည်း ကောင်း ကောင်း နားမလည်။ သို့တိုင်အောင် သူလည်း ရာမဇာတ်ကို သဘောကျသည်။

"ရာမဇာတ်ဟာ ကျွန်တော့်အဖို့တော့ စွယ်စုံကျမ်းကြီးတစ်စောင်လို ဖတ်နေရသလိုပဲဗျ၊ အမွေးနံ့သာတွေ၊ လက်ဆောင်ပဏ္ဏာတွေ၊ လက်နက်စကြာ တွေ၊ နန်းတွင်းသားတို့ရဲ့ ဘဝတွေ၊ တောဆင်ရိုင်းတွေရဲ့ အလေ့အကျင့်တွေ အိန္ဒိယပြည်ရဲ့ တောပေါဝန်တွေဟာ ကျွန်တော့်အဖို့ လျှို့ဝှက်ဆန်းကြယ်တဲ့ အရာတွေ မဟုတ်တော့ဘူး၊ ဒါတွေအပြင် ကျွန်တော်သဘောအကျဆုံးကတော့ အိန္ဒိယလူမျိုးတွေရဲ့ စိတ်နေစိတ်ထားကို လေ့လာတဲ့နေရာမှာ ရာမဇာတ်ကို ကြည့်တာဟာ အကောင်းဆုံးသော နည်းလမ်းတစ်ခုပဲ၊ ဒီဇာတ်ကို ကြည့်လိုက်တာ နဲ့ အိန္ဒိယလူမျိုးတွေရဲ့ စိတ်နေစိတ်ထားကို ကျွန်တော် ပိုနားလည်ပြီး ကျွန်တော်ကိုယ်တိုင်လည်း သူတို့နဲ့ ထပ်တူထပ်မျှ ခံစားနေရတယ်၊ သူတို့ရဲ့ စိတ်ဓာတ်ကို လေ့လာဖို့အတွက် ကျွန်တော့်မှာ ပင်လယ်နီကြီးလည်း မခြား တော့ဘူး၊ လက်ဘ်ဒီပ ရေလက်ကြားကြီးလည်း မရှိတော့ဘူး၊ ဘုရားရဲ့ တန်ခိုးတော်ကို ပြောပြတဲ့ နေရာမှာ ကျွန်တော်တို့ဆီက အထူးထူးသော အံ့ဖွယ်ဘနန်းတွေကို ပြောစရာ မလိုတော့ဘူး၊ သီတာကို ပန်းအနံ့ အရှူခိုင်း ဖို့အတွက် ဟိမဝန္တာတောင်ကြီးကိုတောင် ရွှေ့ပေးနိုင်တဲ့ ဟနုမန်ရဲ့ တန်ခိုးစွမ်း



စကားကို ပြောပြလိုက်ရုံပဲ၊ ရာမဇာတ်ဟာ အိန္ဒိယလူမျိုးတွေကို နားလည်အောင် လေ့လာရာမှာ အကောင်းဆုံးနည်းလမ်း တစ်ခုပဲ" ဟု ကိုဗာစကီးက ပြော ပြသည်။

## ၅၆

သူ့အမည်မှာ နီဆာဖြစ်သည်။ သူသည် အသက် ဆယ့်နှစ်နှစ်ရှိပြီး မူဆလင်တစ် ယောက်ဖြစ်သည်။ နီဆာသည် နတ်တမန်တစ်ပါးဟု သူတို့ တဲဝိုင်းထဲရှိ လူအားလုံးက သဘောတူကြသည်။ သူ့မျက်နှာက ကြည်လင်တောက်ပလျက်။ သူ့အကြည့်က စူးရှတည်ကြည်လျက်။ သူ့အမူအရာက တည်ကြည်ခန့် ညားလျက်။ ထိုအချက်များကြောင့်ပင် သူသည် အခြားသူများနှင့်မတူ တမူထူး ခြားသူဖြစ်နေသည်။ ဖြူဖွေးတောက်ပသော သွားများပေါ်နေသည့် သူ့နှုတ်ခမ်း ကွဲကလေးနှင့် သူ့ပခုံးပေါ်တွင် အမြဲပါလာသော ပြူးကြောင်ကြောင် မျောက်တစ် ကောင်ကြောင့်လည်း သူ့ကို လူတိုင်းက မှတ်မိနေသည်။

နီဆာသည် သူတို့ သုခမြို့တော် တဲတိုက်ထဲရှိ မိသားစုမှ ပေါက်ဖွားလာသူ မဟုတ်။ တစ်ညနေ ဒါလဟိုဇီပန်းခြံထဲတွင် အလမ္ပာယ်ဆရာက ကောက်ရလာခဲ့ ခြင်းဖြစ်သည်။ နီဆာ၏ မိဘများမှာ ဘီဟာနယ်မှဖြစ်ပြီး သူ့ကို မကျွေးမွေးနိုင် တော့သဖြင့် အိမ်မှ နှင်ထုတ်လိုက်သည်။ နီဆာသည် ရထားတွဲခေါင်းပေါ်တွင် ခိုစီးကာ တံလုပ်မြို့တော်ကြီးသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ နီဆာသည် အမှိုက်ပုံတွင် စွန့်ပစ်ထားသည့် စားကြွင်းစားကျန်များကို ကောက်စားကာ မြို့တော်ကြီးထဲတွင် တလည်လည် ဖြစ်နေခဲ့ပြီးနောက် ဘာရားဘဇားခေ ဈေးကြီးအနီးက လမ်းကြားကလေးထဲတွင် သူ့အသက်မွေးဝမ်းကျောင်းအတွက် အသုံးလိုသည့် ပစ္စည်းတစ်ခုကို ရှာတွေ့ခဲ့သည်။ ယင်းမှာ အခြားမဟုတ်။ စာရာတွေပွနေသည့် ဂုန်နီအိတ်စုတ်တစ်လုံးဖြစ်သည်။ ငတ်ပြတ်နေသော အခြား ကလေးငယ်များနည်းတူ နီဆာသည် အမှိုက်ကောက်သူတစ်ဦးဖြစ်လာ ခဲ့သည်။ ညနေတိုင်းပင် နီဆာသည် တစ်နေ့ကုန်ကောက်၍ ရခဲ့သော အစုတ် များကို အစုတ်ရောင်းဝယ်သည့် ဒိုင်သို့သွားသွင်းသည်။ တစ်ခါတစ်ရံတွင်လည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ကုပ်နှစ်ကျပ်ရတာတ်သည်။ တစ်နေ့တွင် အဟောင်းရောင်းသူ တစ်ယောက်က ဟာနုမန်အမည်ရှိ မျောက်ကလေးတစ်ကောင်ကို ပေးလိုက်သည်။ ဟာနုမန်သည် သူနှင့်အတူပလက်ဖောင်းပေါ်တွင် လိုက်အိပ်သည်။ ထိုနေ့မှစ၍ သူနှင့် ဟာနုမန်သည် ရင်းနှီးသော အပေါင်းအဖော်ကြီးဖြစ်လာခဲ့သည်။ မိုးသည်းသည့်ရာသီ တွင် နီဆာသည် သူ့မျောက်ကလေးနှင့်အတူ မိုးလုံသည့်နေရာကို လိုက်ရှာ ပြီး အိပ်ရသည်။ တစ်ခါတစ်ရံတွင် ဆိုင်, မျက်နှာစာရှိ ယင်းလိပ်အကွယ် တစ်ခါတစ်ရံတွင်လည်း ချောင်ရင်ဂီ လမ်းမကြီးပေါ်ရှိ ပေါ်တီကိုများအောက်

သူ့ဝါသနာအပါဆုံးအရာမှာ ရုပ်ရှင်ဖြစ်သည်။ ပိုက်ဆံရသည်နှင့် နီဆာ သည် အထမ်းဖြင့်ပြသည့် လမ်းဘေးရုပ်ရှင်ကို မျောက်ကလေးနှင့်အတူ သွား ကြည့်သည်။ သူ့အကြိုက်ဆုံးမင်းသားမှာ ဒီလစ်ကူးမားဖြစ်သည်။ ဒီလစ်ကူးမား သည် မင်းညီမင်းသား မဟာရာဇာစသည့် အခန်းများက ပါလေ့ရှိပြီး အထည် အစား တောက်တောက်ပြောင်ပြောင်ဝတ်ကာ မိန်းမချောတွေ ဝိုင်းဝိုင်းလည် နေတတ်သည်။

နီဆာသည် သုခမြို့တော် ထဲက လူငယ်ကလေးတွေနှင့် ရောနှောရ ဘာမျှ အခက်အခဲမရှိပါ။ ကာလကတ္တားမြို့တော်ကြီး၏ ကတ္တရာလမ်းပေါ်တွင် နှစ်နှစ်တာမျှ ကျင်လည်ခဲ့ဖူးပြီဖြစ်သည့်အတွက် သူ့အတွေ့အကြုံသည် အခြား အခြားသော သူငယ်များအတွက် အလွန်လေးစားဖောက်သည့် အတွေ့အကြုံ ဖြစ်သည်။ အခြားသော သူငယ်များ၏ ဘဝသည်လည်း သူ့လိုပင် ကြမ်းတမ်း ပင်ပန်းသော ဘဝဖြစ်သည် မဟုတ်လော။ သူတို့သည် မွေးလာကတည်းက ဆင်းဆင်းရဲရဲ မွေးလာခဲ့ကြကာ လူမှန်း သိသည်နှင့် အလုပ်ကို ဝင်လုပ်ကြရသည်။ အချို့ သူငယ်ကလေးများမှာ ရေပုံးကြီးနှစ်လုံးကို ထမ်းပိုးဖြင့် မနိုင်တနိုင် ထမ်းကြရသည့်အတွက် သူတို့၏ ပျော့ပျောင်းသော အရိုးဖွဲ့စည်းမှုသည် ပြင်မရအောင် ပျက်စီးသွားကြသည့် အဖြစ်မျိုးတွေ ရှိသည်။ သူတို့အထဲတွင် ကျောင်းနေနိုင်သူဆို၍ လူ, ငါးဆယ်လျှင် တစ်ယောက်နှစ်ယောက်သာရှိသည်။ အသက် ၇ နှစ် ၈ နှစ်အရွယ်သို့ ရောက်လျှင်မူ သူတို့တစ်တွေသည် အလုပ် သမားကြီးတွေ ဖြစ်နေလေပြီ။ အားလုံး အလုပ်လုပ်နေရလေပြီ။ အချို့မှာ လက်ဖွေ့ အရောင်းသမားများဖြစ်လာကြသည်။ အချို့မှာလည်း ကုန်စိမ်းဆိုင်တွင် ဝင်အလုပ်လုပ်ကြရသည်။ သို့မဟုတ်လျှင်လည်း ဖိနပ်ချုပ်ဆိုင်၊ ကွမ်းယာဆိုင် ဘီဒီဆေးလိပ်ဆိုင်တို့တွင် အလုပ်ဝင်လုပ်ကြရသည်။ အချို့မှာလည်း လမ်းမကြီး



များရှိ စားသောက်ဆိုင်များတွင် မနက်မိုးလင်း အရုဏ်တက်မှ မိုးချုပ်အထိ အလုပ်လုပ်ကြရသည်။ အချို့မှာလည်း ရပ်ကွက်ထဲရှိ အလုပ်ရုံကလေးများတွင် အလုပ်ဝင်လုပ်ကြရသည်။ ကယ်ရာလာ ပြည်နယ်မှ သင်္ဘောသားဟောင်း၏ ကလေးနှစ်ယောက်မှာ တစ်ယောက်ကို ငွေတစ်ဆယ်ဖြင့် အလုပ်လုပ်ကြရပြီး သူ့မိဘနှစ်ဦးမှာ ကမ်းနားက ဂိုထောင်တစ်ခုတွင် သင်္ဘောများအတွက် ကြိုးများကျစ်ရသည်။ ထိုဝင်ငွေကလေးဖြင့် သူတို့မိသားစု စားသောက်နေကြခြင်း ဖြစ်သည်။

နီဆာ မရောက်မီတွင် သုခမြို့တော်ရှိ သူတို့ တဲသိုက်မှကလေး သုံးယောက် မှာ အစုတ်ကောက်သည့် အလုပ်ကို လုပ်နေကြပြီ။ သို့ရာတွင် အဝတ်စုတ် ကောက်ရသည့် အလုပ်မှာများစွာ အကျိုးရှိသည့် လုပ်ငန်း မဟုတ်ပါ။ သူတို့ လူဆင်းရဲရပ်ကွက်ကလေးထဲတွင်ဆိုလျှင် မည်သည့် ပစ္စည်းကိုမျှ စွန့်ပစ်လေ့မရှိ။ ကျောက်မီးသွေးခဲကလေး တစ်ခဲ၊ နွားချေးခြောက်တစ်ချပ်၊ အင်္ကျီစုတ်တစ်ထည်၊ ပုလင်းကွဲ တစ်လုံး အုန်းဆံဖတ်တစ်ဖတ်စသည့် ဆယ်ယူရသမျှသော ပစ္စည်း တို့သည် အဖိုးတန်တွေချည်းဖြစ်သည်။

"ဒီမှာတော့ အသုံးမကျတဲ့ ပစ္စည်းလောက်ပဲ ရှိတယ် ခင်ဗျ၊ ဒီတော့ အသုံးကျတဲ့ ပစ္စည်းလိုချင်ရင် ရှိတဲ့နေရာကို လိုက်ရှာရတယ်" ဟု နီဆာက ပြောသည်။

တစ်ညနေတွင် ထိုသို့ ပြောနေသံကို ဟာစရီပါး ကြားသည်။ ဤတွင် နီဆာသည် အဖိုးတန်ပစ္စည်းရှိမည့် နေရာကို သိတန်ကောင်းသည်ဟု သူတွေး မိသည်။ သူ့တွင် သမီးအတွက် ခန်းဝင်ငွေတင်တောင်းရန် ငွေလိုနေသည် မဟုတ်လော။ ထို့ကြောင့် သူ့သားငယ် ရှန်ဘူကို နီဆာနှင့်အတူထည့်ရန် စိတ်ကူးကာ ကိုဗာစကီးကို တိုင်ပင်ကြည့်သည်။

သားငယ် ရှန်ဘူသည် ခေါင်မိုးပေါ်သို့တက်ပြီး စွန်လွှတ်နေလေသည်။ ဟာစရီပါးကား အမြဲလိုလို ဂဏန်းတွက်နေသူဖြစ်သည်။

"မိုးရာသီကုန်ရင် ငါ့မှာ လန်ချားဆွဲလို့ရတဲ့ငွေက ရှစ်ရာ၊ အမိုးကို ရောင်းလို့ရတဲ့ငွေက ငါးရာ၊ ရှန်ဘူကို အဝတ်စုတ်ကောက်ခိုင်းလို့ရတဲ့ ငွေကလေးကလဲ မရှားဆိုရင် နှစ်ရာ၊ သုံးရာလောက်တော့ရမယ်၊ ဒီလိုဆိုရင် ငါ့မှာ ငွေနှစ်ထောင်လောက်တော့ ပြည့်သွားပြီ၊ လိုတဲ့ ငွေကလေးတော့

www.burmeseclassic.com



သူတို့အမေရဲ့ နားဆွဲကလေးကို မဟာဂျန်ဆီမှာ သွားပြီး ပေါင်ရမှာ... ဒီလောက်ဆိုရင် လိုတဲ့ငွေ ငါးထောင်တော့ ပြည့်သွားမှာပါ"

ဟာစရီပါးသည် ပုဏ္ဏားကြီးက သူ့သမီးအား လက်ထပ်ပေးနေသည်... ခြင်ယောင်နေသည်။

နိုပ်ပြီ။ သည်အတိုင်းဆိုလျှင် မိမိသည် အိပ်မက်မက်နေခြင်း မဟုတ်... မနက်လင်းသည်နှင့် မျောက်ကလေးကို ပခုံးပေါ်ထမ်းလာသည့် နှုတ်ခမ်း... ကလေးနှင့် နီဆာသည် သူ့သားငယ်ရှန်ဘူကို မိမိတို့၏ "ရတနာတွင်း" ရှိရာသို့ ခေါ်သွားပေလိမ့်မည်။ ထိုနေရာမှာ ကာလကတ္တား ရဲများက လိုင်... မရှိသည့် လန်ချားများကို မီးပုံရှို့ခဲ့သည့်နေရာဖြစ်သည်။ ထိုနေရာသည် သူတို့ လန်ချားသချိုင်းဖြစ်ဖူးသည်။ သို့တိုင် ပိုစတာစုတ်ကလေးတစ်... သံကောက်ကလေး တစ်ချောင်းသည်ပင် အဖိုးတန်ပစ္စည်းဖြစ်နေသော... ကာလကတ္တားလို မြို့တော်ကြီးတွင်မူ ထိုနေရာသည် တကယ့် "ရတနာသိုက်" ကြီးဖြစ်နေသည်။ ထို့ကြောင့် ဟာစရီပါးသည် နောက်တစ်နေ့တွင် သူ့သား... ရှန်ဘူအား ထို "ရတနာသိုက်ကြီး" သို့ ခေါ်သွားဖို့ နီဆာကို ပြောရသည်... နီဆာကလည်း သဘောတူသည်။

"ဟုတ်ပြီလေ၊ မနက်ဖြန်မနက် ရောက်လို့ မိန်းမရှာအိမ်က တောက်... ကြီး မြည်တဲ့အချိန်မှာ ဘာဘူ့သားကို နှိုးထားပါ၊ မိုးမလင်းခင် သွားမယ်"

* * *

နီဆာသည် သူ့ရဲဘော်တစ်သိုက်ကို ဟောင်ရာတံတားကြီးထိပ်... ခေါ်သွားသည်။ လူတွေ ပြည့်ကျပ်နေသည့် ဘတ်စ်ကားကြီးတစ်စီးအနီး... ရောက်သည့်အခါတွင် စပယ်ယာဘီးပေါ်ကို တက်လိုက်ရန် ပြောသည်... အခြားကောင်လေးသုံးယောက်က နောက်မှ ဘန်ပါပေါ်တွင် တွယ်လိုက်သည်... နေ့စဉ်နှင့်အမျှပင် ထောင်ချီ၍ သောင်းပေါင်းများစွာသော ကာလကတ္တား... ခရီးသည်တို့သည် ဘတ်စ်ကားခမပေးဘဲ ဤနည်းဖြင့် ခရီးသွားနေကြသည်... ဘတ်စ်ကားများကို ခိုးစီးသူများ၊ လိမ်လည်သူများတွင် သူတို့သာ မဟုတ်... စပယ်ယာများသည်လည်း လက်မှတ်တုများကို ဆုတ်ပေးပြီး ဘတ်စ်ကားခများ... ကို သူတို့အိတ်ထဲသို့ ထည့်နေကြပါသည်။ ထိုသို့ စပယ်ယာဘီးပေါ်၊ ဘန်ပါ... ပေါ်၊ နောက်ခြေနင်းခုံပေါ်၊ ကားဘော်ဒီပေါ်တွင် တွယ်လိုက်နေသူများ...



ကြည့်ရသည်မှာ ကျွမ်းကျင်သော ကျွမ်းဘား ကစားသမားများနှင့်ပင် တူနေသည်။ နေ့စဉ်နှင့်အမျှ ဆိုသလိုပင် ဘတ်စ်ကားပေါ်မှ လိမ့်ကျသေသူ၊ ခတ်ရထား မှ ခတ်လိုက်သေသူ၊ ဘီးကြားထဲကျ၍ သေသူတို့၏ သတင်းကို သတင်းစာများ ထဲတွင် ဖတ်နေရသည်။

"ဆင်းမယ်ဟေ့"

နီဆာ၏ အသံသည် ပုလောင်စပြုနေသော မနက်ခင်းလေးထဲတွင် ပေါ်လာသည်။ သူ့အမိန့်သံကို ကြားသည်နှင့် ကလေးငါးယောက်တို့သည် ဘတ်စ်ကားပေါ်မှ ကတ္တရာလမ်းပေါ်သို့ ခုန်ချလိုက်ကြ၏။ ဘတ်စ်ကားသည် မြို့အရှေ့စွန်းမှ မြို့ပြင်ဘက်သို့ ရောက်လာခဲ့သည်။ လမ်းဘေးတစ်ဖက်တစ်ချက် တွင်မူ ကျယ်ပြန့်သည့် စိမ့်တောကြီးရှိသည်။ ရှန်ဘူသည် အိပ်ချင်နေသေးသဖြင့် သူ့မျက်လုံးများကို ပွတ်၍ လိုက်လာခဲ့သည်။ ရှေ့တစ်မိုင်ခန့်အကွာ ကောင်းကင် ပြင်မှာ လင်းတများကြောင့် မည်းနေတော့သည်။

"ဟို...လင်းတတွေ ဝဲနေတဲ့ အနားကိုလား"

ရှန်ဘူကမေးသည်။ နီဆာက ခေါင်းညိတ်ပြ၏။ နီဆာသည် ပခုံးတစ် ဖက်တွင် ဂုန်နီအိတ်စုတ်၊ နောက်တစ်ဖက်တွင်သန်းရှာနေသည့် မျောက်ကလေးကို တင်ကာ သူတို့အုပ်စုကို ခေါင်းဆောင်ပြီး "ရတနာသိုက်" ရှိရာသို့ လာခဲ့သည်။ နီဆာသည် အဝတ်စုတ် ကောက်သမားတစ်ယောက် ဘဝတွင်မျော်သည်။ အဝတ်စုတ်ကောက်သမားဆိုသည်မှာ နေ့စဉ်နှင့်အမျှ အသစ်အဆန်းတို့ကို အမှိုက်ပုံထဲမှ တွေ့ရတတ်သည် မဟုတ်လော။ သူတို့သည် မိုင်ဝက်ခန့် လျှောက်လာခဲ့သည်။ ထိုနေရာသို့ အရောက်တွင် ပုပ်ဟောင်နေသည့် အပုပ်နံ့ကြီး ကြောင့် ရှန်ဘူသည် အထိတ်တလန့်ဖြစ်သွား၏။ သို့ရာတွင် ကာလကတ္တားမြို့ တော်၏ ပလက်ဖောင်းများပေါ်တွင် ကြီးပြင်းခဲ့ရသည့် သူ့အဖို့ ထိုအပုပ်နံ့များ သည် ချက်ချင်း ယဉ်ပါးသွားကြသည်။ သူတို့တစ်သိုက်သည် နီဆာ၏ နောက်မှ လိုက်လာခဲ့ကြသည်။ အမှိုက်ပုံကြီးပေါ်တွင်မူ သူတို့ထက်အရင် ယောကျ်ားတွေ၊ မိန်းမတွေ၊ ကလေးတွေ ရောက်နေကြလေပြီ။ အမှိုက်တွေများ ရှိသည့် အနီးသို့ အရောက်တွင် နီဆာက ရုတ်တရက် ရပ်လိုက်သည်။

"ဟေ့ကောင်တွေ၊ မြန်မြန်လုပ်ကြဟေ့၊ ဒီနေ့ ဟိုတယ်တွေနဲ့ ... တွေက အမှိုက်တွေ သွန်တဲ့နေ့၊ အကောင်းစားတွေ ပါတယ်၊ မြန်မြန်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ မြနိုစိပယ်အမှိုက်ကားများသည် တစ်ပတ်လျှင် တစ်ကြိမ် ဟိုတယ်များနှင့် ဆေးရုံများမှ ပစ္စည်းများကို လာရောက် စွန့်ပစ်လေ့ရှိသည်။ ထိုကားများ ရောက်လာလျှင် ထိုနေရာတွင် သူ့ထက်ငါဦးအောင် ထွက် ဆောက်ကြရသည်။ ပစ္စည်းများထဲတွင် တကယ့် အဖိုးတန်အကောင်းများ ပါတတ်သည်။ ဓာတ်ဘူးများ၊ ဆေးထိုးအပ်များ၊ ပတ်တီးလိပ်များ၊ ဂွမ်းစများ မီးသွေးများ၊ စားကြွင်းစားကျန်များ ဖြစ်သည်။

နီဆာက ရှန်ဘူကို လှမ်းခေါ်ကာ–

"မင်း အဲဒီနားကစောင့်၊ အလံနီစိုက်ထားတဲ့ အမှိုက်ကားတစ်စီး လာတာနဲ့ ငါ့ဆီကို လက်ခေါက်မှုတ်ပြီး အကြောင်းကြားလိုက်။ အလံနီထိုးလာရင် ဟိုတယ်ပစ္စည်းဖြစ်ဖြစ်၊ ဆေးရုံပစ္စည်းဖြစ်ဖြစ် ပါလာတတ်တယ်"

နီဆာက သူ့အိတ်ထဲက ငွေငါးကျပ်တန် တစ်ရွက်ကို ထောင်ပြကာ–

"ဒီမှာ ငါးကျပ်တန် မြင်ရဲ့လား။ မော်တော်ကား လာရင် ငါ ဒရိုင်ဘာကို ငါးကျပ်တန်ထောင်ပြမယ်။ ဒီတော့ ဒရိုင်ဘာက မောင်းတော်ကား ကို ဖြည်းဖြည်း မောင်းလိမ့်မယ်။ အဲဒီတုန်းမှာ ကားပေါ်ကို ခုန်တက်ရမယ်။ တို့တက်ပြီးရင် ဒရိုင်ဘာက ဟိုချောင်ကျတဲ့နေရာကို မောင်းသွားပြီး အမှိုက်တွေ ကို မြန်မြန်သွန်လိမ့်မယ်။ သွန်တာနဲ့ ကောင်းတဲ့ပစ္စည်းကို မြန်မြန်ရွေးကောက်။ နှေးနေရင် ဒီပြင်လူတွေ ရောက်လာလို့ ဘာမှမရလိုက်ဘဲ ရှိနေဦးမယ်"

နီဆာသည် ကွန်မန်ဒိုခေါင်းဆောင်တစ်ဦးလို သူ့လူတွေကို ညွှန်ကြား နေ၏။ ထိုနောက် သူတို့သည် သူတို့ သတ်မှတ်ထားသည့် နေရာအသီးသီးသို့ ပြေးသွားကာ လော်ရီကားအလာကို စောင့်နေကြသည်။ သူတို့နှင့်မလှမ်းမကမ်း ကျင်းကလေးထဲတွင် သူတို့လိုပင် လော်ရီကားအလာကို စောင့်နေသည့် အဝတ်စုတ် ကောက်သူများ ရောက်နေကြလေပြီ။ အများအားဖြင့် အမျိုးသမီး များနှင့် ကလေးများဖြစ်သည်။ အမျိုးသားများမှာမူ တိရစ္ဆာန်သေကောင်များ၏ ဝမ်းတွင်းသားများနှင့် ဟင်းသီးဟင်းရွက်အပိုင်းအစများကို ရေလုံအိုးကြီးများထဲ တွင် ထည့်ကာ အနီးရှိ ရေညှိတွေဖုံးနေသော ကန်ကြီးထဲတွင် စိမ်နေကြသည်။ ထိုနောက် ထိုအိုးများကို ပေါင်းခံ၍ အရည်ကို ထုတ်ယူကြပြီး ပုလင်းများဖြင့် ထည့်ကာ ကာလကတ္တားမြို့တွင်းရှိ ကစားဝိုင်းများ၊ ဘုံဆိုင်များသို့ သွားသွင်း လေ့ရှိကြသည်။ ဤသည်မှာ အိန္ဒိယပြည်တွင် နာမည်ကြီးသည့် ဘန်ဂလားခေါ်



ချက်အရက်များဖြစ်ပေါ်လာပုံ ဖြစ်သည်။ ထိုချက်အရက်ကြောင့် သေသူဦးရေ သည် သဘာဝသေးရန်ကြောင့် သေသူဦးရေထက် များသည်။

ပထမ အလံဝါစိုက်ထားသည့် အမှိုက်တင်ကားတစ်စီးရောက်လာသည်။ နောက် ဒုတိယတစ်စီး။ နောက် တတိယတစ်စီး။ သို့ရာတွင် အလံနီစိုက်ထား သည့် လော်ရီကားဆို၍ တစ်စီးမျှမမြင်ရသေး။ အားလုံးတုတ်တုတ်မျှ မလှုပ်ကြ။ ရှန်ဘူမှာကား မော်တော်ကားလာသည့် လမ်းကို မျက်လုံးကျွတ်ထွက်တော့မတတ် လှမ်းကြည့်နေလေပြီ။ သူ့တစ်သက်တွင် ထိုရှုခင်းကို တစ်ခါမှ မမြင်ဖူးသေး။

သူနှင့် ခပ်လှမ်းလှမ်းရှိ တောင်ကုန်းကလေး တစ်လုံးလောက်မြင့်သော အမှိုက်ပုံကြီး အောက်တွင်မှ မနက်ခင်းကောင်းကင်ကို နောက်ခံပြုကာ ဘဲလေးက ဓာတ်တစ်ခု ကနေသည်ကို မြင်ရသည်။ အခြားမဟုတ်ပါ။ တောင်းတွေ အထုပ်တွေ ကိုယ်စီကိုင်ထားသည့် အမျိုးသမီးများနှင့် ကလေးများ အမှိုက်ပုံ ကြီးပေါ်မှာ ပြေးလွှားနေကြခြင်းဖြစ်ပါသည်။ သူတို့လက်ထဲတွင်လည်း သံချိတ် တွေ ကိုင်ထားကြသည်။ လော်ရီကားတစ်စီးဆိုက်၍ အမှိုက်တွေ သွန်ချလိုက်တိုင်း သူတို့သည် ထိုအမှိုက်ပုံဆီသို့ ပြေးကာ အမှိုက်ပုံမှ ပစ္စည်းများကို အလုအယက် ကောက်နေကြသည်။ ကားတစ်စီးပေါ်မှ အမှိုက်တွေ သွန်လိုက်တိုင်း ထိုနေရာ တစ်ဝိုက်တွင် ဖုန်တွေ ထောင်းထောင်းထနေသည်။ ပို၍ အသည်းယားစရာ ကောင်းသည်မှာ အမှိုက်ပုံကြီးကို ညီအောင်လုပ်နေသည့် မြေညှိစက်ကြီးများ အနီးတွင် ဝိုင်းအုံပြေးလွှား လုယက်နေကြခြင်းဖြစ်သည်။ ကလေးများ ခြေချော် လက်ချော်ဖြစ်ကာ မြေညှိစက်ကြီးအောက်သို့ ရောက်သွားကြကာ မြေစာဖြစ်သွားတတ်ကြသည်။ ထိုနေရာတစ်ဝိုက်တွင် ထိုသို့ မြေညှိစက်၏ အစာဖြစ်သွားကြသော ကလေး ဘယ်နှစ်ယောက်ရှိပြီမသိ။

ရှန်ဘူသည် ထိုရှုခင်းကြီးကိုကြည့်ကာ ဇောချွေးပြန်လာသည်။ သူသည် ထိုကလေးများလို မြေညှိစက်နားတွင် သွား၍လုရဲပါမည်လော။ ထိုစဉ် စတုတ္ထ လော်ရီတစ်စီး ပေါ်လာပြန်သည်။ သို့ရာတွင် အလံနီစိုက်ထားသည်ကို မတွေ့ရသေး။ သူ့အထက် အမှိုက်ပုံပေါ်တွင်မူ ဘဲလေးကဓာတ်သည် ဆက်လက်ကပြနေဆဲ။ နေဒဏ် ဖုန်ဒဏ်ကို ခံနိုင်ရန်အတွက် အမျိုးသမီးများ နှင့် မိန်းကလေးများမှာ အဝတ်များကို ခေါင်းတွင် ဆောင်းထားကြရာ သူတို့ ကို ကြည့်ရသည်မှာ မိန်းမဆောင်မှ ရုံရွှေတော် မင်းသမီးများနှင့် တူသည်။ ယောကျာ်းလေးများမှာမူ သူတို့ထက် အဆမတန်ကြီးသည့် ဦးထုပ်တကြီးများကို

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ထားကြသဖြင့် ခပ်စောစောပိုင်း ရိုက်သော ရုပ်ရှင်ကားများထဲမှ ချာလီချက်ပလင်နှင့် တူနေသည်။ အဝတ်စုတ် ကောက်သူများတွင် ကိုယ်သန့် သန့်ရာပစ္စည်းကို ရွေးကောက်ကြသည်။ အမျိုးသမီးများနှင့် မိန်းကလေးများ မီးသွေးနှင့် ထင်းကို အဓိကထား၍ ကောက်ကြသည်။ ယောကျာ်းလေးများ သားရေ၊ ပလတ်စတစ်၊ ဖန် စသည်တို့ဖြင့် ပြုလုပ်သည့် ပစ္စည်းများ အရိုးများ၊ ကနုကမာပစ္စည်းများနှင့် စက္ကူများကို အဓိကထား၍ ကောက်ကြသည်။ အားလုံး အဓိကထား၍ ကောက်သောအရာမှာ စားစရာပစ္စည်းများဖြစ်သည်။ ယင်းတို့အထဲတွင် သစ်သီးပုပ်များ၊ အခွံများနှင့် ပေါင်မုန့်အစအနများ ပါ သည်။ ထိုပစ္စည်းများကို ကောက်ရသည်မှာ ခက်လည်းခက်၍ အန္တရာယ်လည်း များသည်။ ရှန်ဘူရှေ့တွင်ပင် အသားတစ်တုံးကို ကောက်လာသော ကလေးထံမှ ယောက်အား လင်းတကြီးတစ်ကောင်က တစ်ဟုန်ထိုး ဆင်းလာကာ သူ့လက်မှ သားတစ်ကို လုယူကိုက်ချီသွားသည်ကို မြင်လိုက်ရသည်။ လူနှင့် အလုအယက် ပြိုင်၍ အစာကောက်သူများမှာ လင်းတကြီးများသာ မဟုတ်သေးပါ။ ဝက်များ နွားများ၊ ဆိတ်များ၊ ခွေးဝဲစားများအပြင် ညအချိန်ဆိုလျှင် ခွေးအများနှင့် တောခွေးများလည်း ရောက်လာကြကာ ထိုနေရာတစ်ဝိုက်မှာပင် စတည်းချကြ သည်။ ပိုးမွှားတိရစ္ဆာန်တို့၏ ဦးရေကား သန်းနှင့်ချီ၍ပင် ရှိပေလိမ့်မည်။ သူတို့အထဲတွင် ယင်ကောင်များမှာ အများဆုံးပေတည်း။ ယင်ကောင် မည်းမည်း စိမ်းစိမ်းကြီးများမှာ အုပ်လိုက်ဖွဲ့၍ ပျံသန်းကာ တိရစ္ဆာန်များ၊ လူများ၏ ကိုယ်ခန္ဓာပေါ်သို့ပင် နားကြသည်။ အချို့က ခေါင်းမှာ၊ နားရွက်မှာ၊ ပါးစပ် နှာပေါက်များအထဲထိပင် ဝင်ရောက်ကြသည်။ သူတို့ကား အမှိုက်ပုံတို့တွင် အမြဲစခန်းချ အခြေတကျ နေထိုင်သော ဌာနေများပင်တည်း။

ပို၍ အံ့သြစရာကောင်းသည်မှာ ထိုမျှ ညစ်ပတ်နံစော်နေသည့် ပတ်ဝန်း ကျင်တွင် လူ့ဘဝကြီးသည် စဉ်ဆက်မပြတ် လှုပ်ရှားသွားလာမြဲ ဖြစ်နေခြင်းပင် ဖြစ်သည်။ ဘိုင်စကယ်ပေါ်တွင် အိုက်စကရင်ပုံး တင်လာသည့် ရေခဲချောင်းရောင်း သူများ၊ ဆိတ်ရေအိတ်ကြီးထဲတွင် ထည့်ထားသည့် ရေရောင်းသူများ၊ ဒေါပတ် ပတ်လည်တွင် အရက်ပုလင်းတွေ စီထားသည့် အရက်ပုန်းရောင်းသူများ အကြော်ရောင်းသူများသည် အမှိုက်ပုံကြီးများကြားတွင် လှည့်ပတ်ကာ အမှိုက် ကောက်သူတို့အား စားစရာများ လှည့်လည်ရောင်းချနေသည့် ရှုခင်းဖြစ်သည်။ အချို့သော နေရာတွင်မူ အစုတ်စုတ် အပြတ်ပြတ်ဖြစ်နေသည့် ဖဲထီးကိုဆောင်း ကာ ယင်တွေအုံနေသည့် ကလေးငယ်များကို ထိန်းပေးနေသည့် ကလေးထိန်း



များကိုပင် တွေ့ရသေးသည်။ အမေများက စိတ်ချလက်ချ အမှိုက်ကောက်နိုင် ရန် အငှားဖြင့် လာထိန်းပေးနေကြခြင်းဖြစ်လေသည်။

အမှိုက်ပုံကြီးသည် အမှိုက်များကို စွန့်ပစ်ရာ နေရာသာ မဟုတ်သေးပါ။ ကုန်ဖလှယ်ရေးဌာန၊ ဈေးကွက်၊ ငွေကြေး အလဲအလှယ်လုပ်ရာ ဌာနကြီး တစ်ခုလည်းဖြစ်ပါသည်။ ထိုနေရာတစ်ဝိုက်တွင် ပစ္စည်း အဟောင်းအမြင်း ရောင်းသူ၊ အတိုအစ ပစ္စည်းရောင်းသူတို့လည်း ဒုနဲ့ဒေး။ ပစ္စည်းကလည်း စုံသလားမမေးနှင့်။ အချို့က အမှိုက်ပုံထဲမှ ကောက်လာသော အဝတ်စုတ်များကို ချိန်ခွင်ဖြင့်ချိန်၍ ဝယ်သည်။ ညနေတိုင်လျှင် အဝတ်စုတ်ကောက်သည့် ဒိုင်ကြီးများက လော်ရီကြီးများဖြင့် ထိုအစုတ်များကို လာသိမ်းပြီး လျှော်ဖွပ်သန့်စင် ကာ အခြားပစ္စည်းများတွင် ပြန်သုံးရန်အတွက် စက်ရုံများသို့ ပြန်ရောင်းသည်။

ရှန်ဘူ၏ရင်သည် တဒိတ်ဒိတ် ခုန်လာသည်။ အခြားကြောင့် မဟုတ်။ ပြောထားသည့် အလံနီစိုက်ထားသည့် အမှိုက်တင် လော်ရီကြီးဝင်လာသည်ကို မြင်လိုက်သောကြောင့်ဖြစ်သည်။ ရှန်ဘူသည် ပါးစပ်ထဲသို့ လက်သွင်းကာ လက်ခေါက်မှုတ်၍ အချက်ပေးလိုက်၏။ မျောက်ကို ပခုံးတွင်ထမ်းထားသည့် နီဆာသည် ဖုန်လုံးကြီးတွေကြားမှ ပေါ်လာကာ အမှိုက်တင်ကား ရှေ့ခန်းဘေးနင်း ခုံပေါ်သို့ ခုန်တက်လိုက်ပြီး ဒရိုင်ဘာနှင့် ဆွေးနွေးသည်။ ဒရိုင်ဘာက ဘရိတ်အုပ်လိုက်ပြီး ကားကို ဖြည်းဖြည်းမောင်း၏။ အချက်ပြနေပြီ။ ဤတွင် သုခမြို့တော်မှ အမှိုက်ကောက်သူ ငါးယောက်တို့သည် အိမ်မြှောင်၏ လျင်မြန် ခြင်းမျိုးဖြင့် အမှိုက်တွေ တင်ထားသည့် လော်ရီကားနောက်ပိုင်းသို့ ခုန်တက် လိုက်လာခဲ့ကြသည်။

"ဟေ့ကောင်တွေ၊ အားလုံး ဝပ်ပြီးလိုက်လာခဲ့" ဟု နီဆာက အမိန့် ပေး၏။

လော်ရီကားသည် အမှိုက်ပုံစွန့်သည့် ကုန်းကြီးပေါ်သို့ ဂိယာပြောင်း၍ တက်လာခဲ့သည်။ ကားထဲမှ အမှိုက်ထဲတွင် သူရဲကောင်း ငါးယောက်တို့ သည် မည်သူမျှ မမြင်နိုင်အောင်ဝပ်၍ လိုက်လာခဲ့ကြသည်။

"အမှိုက်တွေက ညစ်ပတ်စေးကပ်နေပြီး နံလိုက်တာကလဲ မပြောပါနဲ့ တော့၊ အဆိုးဆုံးကတော့ အမှိုက်တွေထဲက လောက်တွေ ထွက်လာပြီး ကိုယ် ပေါ်ကို တရွရွ လျှောက်တက်နေတာပဲခင်ဗျ၊ ပြီးတော့ ပိုးဟပ်ကြီးတွေထဲက

www.burmeseclassic.com

www.burmeseclassic.com



နည်းတာကြီးတွေ မဟုတ်ဘူး၊ ခုန်ထွက်လာပြီး လက်မောင်းပေါ်၊ ကိုယ်ပေါ် အကုန် လျှောက်ပြေးတာပဲ” ဟု ရှန်ဘူက ပြောသည်။

အလုံပိတ်ထားသည့် အမှိုက်ကား ဒရိုင်ဘာသည် မြေညီစက်ကြီးဆီသို့ မောင်းမသွားဘဲ မျက်နှာချင်းဆိုင် တစ်နေရာသို့ ကွေ့မောင်းလာခဲ့သည်။ ဤသည်မှာ “သဘောတူညီချက်” ရရှိပြီး၍ ဖြစ်သည်။ နီဆာနှင့် သူ့ရဲဘော်များအား သူတို့ချည်း အမှိုက်ကားပေါ်တွင် ဆယ်မိနစ် ရှာခွင့်ပေးမည်ဖြစ်သည်။ ရုပ်ရှင်ကား တစ်ကားထဲမှ အနုကြမ်းစီးသကဲ့သို့ မော်တော်ကားသည် တစ်နေရာတွင် ရပ်လိုက်ကာ ကားပေါ်မှာ အမှိုက်များကို သွန်ချလိုက်သည်။ နီဆာနှင့် ရဲဘော်များသည် ခုန်ချကာ အမှိုက်များကို လှန်လှောကြသည်။ မွှေနှောက်ကြသည်။ ရွေးကောက်ကြသည်။ ထိုနောက်တပြိုင်နက် သူတို့သည် တိုက်ရာပါ ပစ္စည်းတို့ကို မြန်နိုင်သမျှ မြန်မြန်သယ်ပိုးကာ ထိုနေရာမှ မြန်နိုင်သမျှ မြန်မြန်ထွက်သွားကြသည်။ သူတို့၏ တိုက်ရာပါ ပစ္စည်းများထဲတွင် ပုလင်းများ ထမင်းအိုးကွဲ ဟင်းအိုးကွဲများ၊ ပန်းကန်ကွဲများ၊ ကျိုးပဲ့နေသော အသုံးအဆောင်များ ၊ အုတ်ကြွပ်ကျိုးများ၊ သွားတိုက်ဆေးဘူးဟောင်းများ၊ အားကုန်နေသည့် ဘက်ထရီအိုးများ၊ သံဘူးခွံများ၊ ပလတ်စတစ်ဖိနပ်စုတ်များ၊ အဝတ်စုတ်များနှင့် စက္ကူစုတ်များ စသည်တို့ ပါဝင်ပြီး အိတ်များကို သုံးဆမျှ ပြည့်အောင် ထိုးသိပ် ထည့်ထားကြသည်။

“ဟေ့ကောင်တွေ မြန်မြန်လုပ်ကြ၊ ဒီပြင်လူတွေ ရောက်လာလိမ့်မယ်”

သူတို့တစ်တွေ သည်နေရာမှ မြန်မြန်လစ်မှ ဖြစ်မည်။ သို့မဟုတ်လျှင် အခြားသော အမှိုက်ကောက်သူတွေ ရောက်လာကာ သူတို့ပစ္စည်းတွေကို လုယက်မည်ကို စိုးရိမ်ရသည်။ ရှန်ဘူသည် ပစ္စည်းတွေ အများကြီး ရလိုက်သဖြင့် ဝမ်းသာအားရ ဖြစ်နေသည်။ နောက်ဆုံးအကြိမ်အဖြစ် ပုပ်ဟောင် နံစော်နေသော အမှိုက်ပုံထဲသို့ သံချိတ်ကောက်ကို ထိုး၍ မွှေလိုက်သည်။ ပြီး... ဆွဲတင်ကာ ဝမ်းသာအားရ အော်လိုက်သည်။

“အမှိုက်တွေထဲမှာ ပြောင်ပြောင်ပြောင်နဲ့ မြင်လို့ ကျွန်တော် ထိုးကြည့်လိုက်တာ ခင်ဗျ၊ စိတ်ထဲမှာတော့ ပိုက်ဆံပြားတစ်ပြားလို့ ထင်လိုက်တာ ချိတ်ကို ဆွဲနှုတ်ကြည့်လိုက်တော့လားလား...လက်ကောက်တစ်ဖက်ခင်ဗျ လက်ကောက်မှာ လက်ပတ်နာရီတစ်လုံးလဲပါတယ်”

မုတ်သုံ ရာသီ ရောက်လာခဲ့ပြီ။ ရှန်ဘူ ကောက်ရခဲ့သည့် လက်ပတ်နာရီ၊ သူ့အရိုးကို ရောင်းထားသည့် ငွေနှင့် လန်ချားဆွဲခ၊ သူ့မိန်းမ၏ နားဆွဲကလေးကို အပေါင်ရသည့်ငွေ ပေါင်းလိုက်လျှင် သူ့သမီးကို လင်ကောင်းသားကောင်း ရအောင် သူလုပ်ပေးနိုင်တော့မည်။

သည်လိုဆိုလျှင် သူသေပျော်ပြီ။

“မိုးရွာချလိုက်တော့ မြို့ကြီးက လုံးလုံးကို ပြောင်းသွားတာပဲ ခင်ဗျ၊ ကျွန်တော်တို့ တောမှာဆိုရင် မိုးကို နေ့စဉ်နဲ့အမျှ မျှော်လိုက်ရတာ၊ မိုးတိမ်ကလေး တစ်စနစ်စလောက် မြင်ရင်ဖြင့် လူတွေ ဝမ်းသာလို့ မဆုံးနိုင်ဘူး၊ ဒီကြားထဲမှာ မိုးမြန်မြန်ရွာအောင် မိုးနတ်ကို ပူဇော်ရတယ်၊ နတ်ပွဲတွေ လုပ်ရတယ်၊ လယ်တွေမှာ စပါး အထွက်ကောင်းအောင် လက်ချမ်း နတ်သမီးကို ပသရတယ်၊ ဒါပေမယ့် ကာလကတ္တားမှာတော့ မြေယာကောင်းအောင်၊ သီးနှံအထွက်ကောင်းအောင် ဘယ်သူ့ကိုမှ ပသစရာမလိုဘူး၊ လမ်းတွေ၊ ပလက်ဖောင်းတွေ၊ ဘတ်စ်ကားတွေ၊ အိမ်တွေ၊ ထရပ်ကားတွေက ဘာအသီးအနှံမှ ထွက်တာ မဟုတ်တော့ သီးနှံအထွက်ကောင်းအောင်ဆိုပြီး ပူဇော်စရာလဲ မလိုဘူး၊ ကျွန်တော်တို့ တောမှာလို စပါးစိုက်တဲ့နေရာမှ မဟုတ်ဘဲကိုး၊ ဒါပေမယ့် မိုးကိုတော့ မျှော်တာပဲ ခင်ဗျ၊ အပူရှိန်က သိပ်ပြင်းတာကိုး၊ ဒီအပူချိန်အတိုင်းသာ နေသွားရရင် လမ်းမပေါ်မှာ ဗုန်းဗုန်းလဲသေသွားမှာပဲ၊ ဒီလို အပူရှိန်အောက်မှာ ယမမင်းကို စောင့်စေရာ မလိုတော့ဘူး၊ အလုပ်လုပ်နေရင်း၊ ကလေးကို လန်ချားနဲ့ ကျောင်းသွားပို့ရင်း၊ မာရဝါရီကြီးကို ရုပ်ရှင်ရုံလိုက်ပို့ရင်း သေသွားနိုင်တယ်။

“အဲဒီနေ့ကရော၊ ညကရော၊ နောက်တစ်နေ့အထိရော ရွာလိုက်တဲ့မိုး အုန်းအုန်းထ နေတာပဲ၊ မိုးတိမ်တွေကလဲ ပိန်းပိတ်လို့၊ တစ်မြို့လုံးကို အုံ့ဆိုင်း နေတာပဲ၊ နောက်တော့ တိမ်တွေက မီးခိုးတွေ၊ ဖုန်တွေနဲ့ လုံးထွေးပြီး

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူရတော့မှာ မဟုတ်သလို ဖြစ်လာတယ်၊ လမ်းမမှာ လူတွေဟာ ဘာ… တဲ့ အကြောင်းကြောင့်လဲ (?) ရန်ဖြစ်ကြတယ်၊ လမ်းက အမှိုက်ပုံတွေ… အစော်နံနေတဲ့ ကြွက်တွေနဲ့ ကျီးကန်းတွေတောင် ကြည့်ရတာ တစ်မျိုးဖြစ်… ဘယ်၊ ကလေးတွေကလဲ တအီအီ ငိုနေကြတယ်၊ ခွေးတွေကလဲ အဆက်မပြတ်… အူနေကြတယ်၊ ကျွန်တော့် စိတ်ထဲမှာ မိုးရွာတော့မယ်လို့ မထင်မိဘူး၊ … ပျက်တော့မယ်လို့ ထင်နေတယ်။

"လူတော်တော်များများကို ကျွန်တော် ဆေးရုံကို လိုက်ပို့တယ်… အသက်ရှူလို့ မရကြလို့တဲ့၊ ဒါပေမယ့် ဆေးရုံကို ရောက်တော့လဲ … မထူးပါဘူး၊ သူတို့ကို ပစ်ထားလိုက်ကြတာပဲ၊ တစ်ခါတော့ မြို့ပတ်လမ်း… နားက ပလက်ဖောင်းပေါ်မှာ အဘွားကြီးတစ်ယောက်လဲနေတာ တွေ့တာ… ကျွန်တော် သူ့ကို ဆေးရုံလိုက်ပို့တယ်။ အဘွားကြီးက ခန်းခြောက်နေပြီ… သူ့အရေက ဂျပ်ထူပြားကြီးလို ဖြစ်နေတယ်။ ဒါနဲ့ သူ့ကို အုန်းစိမ်းရေ… လုံး ဝယ်တိုက်ပြီး ကျွန်တော်ဆေးရုံကို လိုက်ပို့တယ်။

"ဒီလိုနဲ့ မိုးမရွာဘဲ ပူစပ်ပူလောင်ကြီးဖြစ်နေတယ်။ သုံးရက်မြောက်နေ့… ကျတော့ သဲမုန်တိုင်းကြီး တိုက်လာတယ်။ အို…ကာလကတ္တားတစ်မြို့လုံး… သဲတွေ အောက်မှာ ရောက်နေတာပဲ၊ ကြည့်ရတာကတော့ ဟိမဝန္တာတောင်… တရုတ်ပြည်ဘက်က တိုက်လာတဲ့ လေမုန်တိုင်းထင်တာပဲ။ ကြောက်စရာကောင်း… လိုက်တာ ခင်ဗျာ။ နေရာတကာမှာ သဲတွေချည်းပဲ။ လူတွေရဲ့ ပါးစပ်တွေထဲ… မှာ၊ နှာခေါင်းတွေထဲမှာ သဲတွေချည်းပဲ။ ကျွန်တော့်မှာလည်း ချောင်းဆိုးသွေး… ရောဂါကြောင့်လား၊ အဲဒီ သဲတွေကြောင့်ပဲလားတော့ မသိဘူး။ နှစ်ရက်သုံးရက်… လောက်လည်းရှိရော ကျွန်တော့် လန်ချားလှည်းသန်ကို မ,လို့ မရတော့ဘူး… မထနိုင်တော့ဘူး။ ဒါနဲ့ ကျွန်တော့် လန်ချားရှေ့က ထိုင်ခုံကလေးပေါ်မှာ… ခြေနှစ်ချောင်းထောင်ပြီး လှဲနေရတယ်။ အသက်ရှူလို့ ဝအောင်ဆိုပြီး ကြဲဖန်နေရ… တာလေ။ ခေါင်းထဲကလည်း မူး၊ မျက်စိကလည်းစပ်ပြီး ကျိန်းနေတယ်… ကျွန်တော့် ဝမ်းဗိုက်တွေကလည်း ကြွက်တက်လို့ အခုံးတွေ ဖြစ်နေတယ်… လန်ချားပေါ်မှာ ဘယ်လောက်ကြာအောင် လှဲနေသလဲမသိဘူး။ မိုးတိမ်တွေ… မည်းမှောင်နေတော့ နေလုံးကိုလည်း မမြင်ရဘူးမဟုတ်လား"

သို့ဖြင့် ကာလကတ္တားမြို့ကို ဖုံးအုပ်ခြောက်လှန့်နေသော ခြောက်အိပ်မက်… ကြီးသည် ရက်ပေါင်းများစွာ ကြာသည်။ သုခမြို့တော် အတွင်း၌ကား ရှိသမျှ…



…ရေတွင်းရေကန်တို့ ရေခန်းကုန်ကြပြီ။ ရေငွေ့ခာတ်ခန်းခြောက်၍ သေသူဦးရေမှာ… လည်း သုံးဆများလာခဲ့သည်။

မက်စ်တွင်ရှိသည့် ထိုးဆေးများမှာလည်း နာရီအနည်းငယ်အတွင်းတွင် …ကုန်သွားသည်။ ခြောက်ရက်မြောက်နေ့ မွန်းတည့်ချိန်တွင် အပူချိန်မှာ …ဖာရင်ဟိုက် ပြဒါးတိုင်တွင် ၁၁၇ ဒီဂရီရှိနေလေပြီ။ လေကလည်း ငြိမ်သွား…သဖြင့် သုခမြို့တော်သည် မီးလျှံစောင်ကြီး တစ်ထည်အောက်တွင် ရောက်နေသည့် …နှယ် ဖြစ်နေသည်။ သို့တိုင် မိုးတစ်စက်မှ မရွာသေး။ ဤတွင် သည်နှစ် မိုးရွာ…ပါတော့မည်လားဟု သံသယဖြစ်လာကြကာ သုခမြို့တော်ရှိ လူအားလုံးသည် …သူတို့အိမ်ခေါင်းကလေးထဲတွင် လှဲရင်း ကံကြမ္မာကိုသာ စောင့်ဆိုင်းနေရ…တော့သည်။

နောက်တစ်နေ့တွင် မိုးပြေးကလေးတစ်ချက် ရွာသွားသည့်အတွက် …လင့်ချက် ဝင်လာကြပြန်သည်။ သို့ရာတွင် နေ့လယ်ပိုင်းတွင်မူ နတ်အပေါင်း…တို့ကို ပူဇော်ပသ, သည့်တိုင် ပြဒါးတိုင်က အပူရှိန်သည် ကြောက်စရာ…ကောင်းလောက်အောင် တက်လာပြန်သည်။ ထိုအထဲတွင် လူနာတွေ တိုးလာ…သည့်အတွက် ထိုလူနာများကို မက်စ် လိုက်ကြည့်ရပြန်သည်။

တစ်နေ့တွင် လူနာများကို လိုက်ကြည့်ရာမှ သူ့အိမ်ခေါင်းကလေးထဲသို့ …က်စ် ပြန်လာခဲ့သည်။ မောမောဖြင့် သူ့အိပ်ရာပေါ်တွင် လှဲနေစဉ် မွှေးကြိုင်အေး…သော အရာတစ်ခုသူ့နဖူးကို လာထိသဖြင့် မက်စ်မျက်လုံးကို ဖွင့်ကြည့်လိုက်…သည်။ ဗန်ဒိုနာက ရေမွှေးဆွတ်ထားသည် ပဝါကလေးတစ်ထည်ဖြင့် သူ့နဖူး…ပေါ်မှ ချွေးများကို သုတ်ပေးနေခြင်းဖြစ်သည်။ မက်စ်သည် ဗန်ဒိုနာ၏ …လက်ကို ဖမ်းဆုပ်လိုက်ပြီးနောက် သူ့နှုတ်ခမ်းများဖြင့် ထိလိုက်သည်။ …ဗန်ဒိုနာ၏ လက်က မွှေးမြနူးညံ့နေသည်။ သူ့လက်မှ အီသာနံ့နှင့် အရက်ပျံနံ့က …စစ်နေသည်။ မက်စ်သည် ထိုမျှ ညစ်ကျူဖွယ်ကောင်းသော ပတ်ဝန်းကျင်တွင် …မျှ နူးညံ့၍ ထိုမျှမွှေးပျံ့သော လက်ကလေးကိုနမ်းလိုက်ရသည့်အတွက် အမော…ပြေသွားသည်။ အခန်းဝတွင် ရောက်နေသည့် လူမမာများသည် သူတို့နှစ်ယောက်… …ကြည့်၍ တအံ့တဩဖြစ်နေကြသည်။ ထိုသို့ လူမြင်ကွင်းတွင် ချစ်ခင်ကြင်နာစွာ …က်ဆံခြင်းမျိုးသည် အိန္ဒိယတွင် ထူးဆန်းသော ကိစ္စတစ်ခုဖြစ်နေသည်။

မက်စ်သည် ဗန်ဒိုနာ၏ လက်ကို လွှတ်လိုက်၏။ သို့ရာတွင် သူ့နဖူး…ပေါ်တွင် တင်ထားသည့် အဝတ်စကလေးကိုမူ ထိုအတိုင်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မက်စ်သည် ဇန်ဒီနာ၏ ချစ်ခင်ကြင်နာမှုကြောင့် အားရှိသလိုလို ဖြစ်သွားသည်။ သူသည် အယက်ဘန်းစား မိန်းမများနှင့် ဆက်ဆံခဲ့ဖူးပြီ။ သို့ရာတွင် ဇန်ဒီနာ၏ ချစ်ခင်ကြင်နာမှုလောက် မည်သူကမျှ နှစ်သိမ့်မှုမပေးနိုင်ခဲ့။ ဇန်ဒီနာတွင် အိုးအိမ်မရှိ။ အစေအပါးတွေမရှိ။ ခမ်းနားသည့် ခုတင်ကြီးမရှိ။ သူ့သကြားလုံးဆိုင်၊ အိမ်ခေါင်းကလေး၊ ချမ်းအေးခြင်းနှင့် ဆာလောင်မွတ်သိပ်ခြင်းတို့ကိုသာ သူသိသည်။ သို့ရာတွင် သူ၏ တောက်ပသော အပြုံး၊ ကြင်နာမှုနှင့် တစ်ဖက်သားကို ကူညီရိုင်းပင်းမှုတို့သည် များစွာသော စည်းစိမ်ဥစ္စာတို့ထက် တန်ဖိုးရှိသည်ဟု သူထင်သည်။ သူ့ဆေးခန်းကလေးသို့ နေ့စဉ်နှင့်အမျှ ရောက်လာသော လူနာများကြောင့် စိတ်ဓာတ်ပျက်ပြားသွားနိုင်သည့်တိုင် မက်စ်သည် ဇန်ဒီနာ၏ အားပေးနှစ်သိမ့်မှုတို့ကြောင့် ကြံ့ကြံ့ခံနိုင်ခဲ့သည်။

## ၅၈

“ညနေစောင်းလောက်မှာ မိုးတွေသည် သဲသဲမဲမဲ စရွာတော့တာပဲ။ မိုး တော်တော်များတယ်။ ကတ္တရာလမ်းပေါ်ကို ရွာချလိုက်တော့ ကတ္တရာလမ်း အငွေ့တွေ ပြန်နေတယ်”

ဟာစရီပါးက ပြောသည်။

လယ်သမား ဟာစရီပါးသည် မိုးခေါင်သဖြင့် သူ့လယ်မြေကို စွန့်၍ မြို့တော်သို့ ရောက်လာခဲ့ရခြင်းဖြစ်သည်။ သူ့အဖို့ မိုးဦးသည် နတ်ဒေဝ တို့ပေးသနားသည့် ဆုလာဘ်ကြီးဖြစ်သည်။ သည်အချိန်ဆိုလျှင် မိုးဦးကျသည် သူတို့ရွာတွင် ပျော်ရွှင်ကခုန်နေကြလိမ့်မည်။ သူ့အဖေနှင့် အစ်ကိုသည် လယ်ကန်သင်းရိုးတွင်ထိုင်ကာ လယ်ပြင်တွင် ရေတွေဖွေးနေသည်ကို ကြည့် ဝမ်းသာအားရ ဖြစ်နေကြပေလိမ့်မည်။ ဟာစရီပါးသည် ထိုရှုခင်းကို သူမြင် ကြုံမှ ကြုံရပါဦးမည်လောဟု တွေးကာ သက်ပြင်းတစ်ချက်ကိုချသည်။

မုတ်သုံရာသီ၏ ပထမဆုံး ရွာသော မိုးဦးမှာ တော်တော်သည်းသည်။ မိုးစက်များသည် သန်းပေါင်းများစွာသော လက်ချောင်းများဖြင့် ဗုံများ



တီးလိုက်သလို တဖုန်းဖုန်းမြည်နေတော့သည်။ ဟာစရီပါးသည် လန်ချားအမိုးကို တင်သည်။ သူ့တစ်ကိုယ်လုံး ရေတွေ စိုရွှဲသွားသဖြင့် သူပျော်သွားသည်။

“ခဏနေတော့ ပူနွေးနေတဲ့ မိုးစက်ပေါက်တွေ ကြားက မိုးသက်လေ ပြင်းပြင်းတိုက်လာလို့ တော်တော်အေးသွားတယ်။ မုန်တိုင်းကြောင့် လေပူတွေနဲ့ မွန်းကျပ်နေတဲ့ မြို့ကြီးပေါ်ကို လေအေးကြီးတိုက်လာတော့ ရေခဲသေတ္တာကြီးကို ဖွင့်လိုက်သလို အေးသွားတာပဲ။ အဲဒီအချိန်ကျတော့ မိုးသံလေသံတွေကိုပဲ ကြားရတော့တယ်။ တခြားဘာသံမှမကြားရတော့ဘူး။ လူတွေဟာ ပျော်လွန်းလို့ မိုးရေထဲထွက်ပြီး ပြေးနေကြတယ်။ ကိုယ်လုံးတီးနဲ့ ကလေးတွေက လမ်းကအမှိုက်တွေထဲမှာ ပြေးလွှားကစားနေကြတယ်။ အမျိုးသမီးတွေကလဲ မိုးရေထဲမှာ မိုးရေစိုခံနေကြတယ်။ သူတို့ကိုယ်ပေါ်က ဆာရီတွေဟာ ရေစိုပြီး ကိုယ်နဲ့ကပ်နေတော့ ထီးရိုးဝါးပင်မှာ ကပ်နေတဲ့ ဝါးအခွံတွေလို ဖြစ်နေတယ်”

“မြို့ပတ်လမ်းမှာရှိတဲ့ လန်ချားဂိတ်မှာဆိုရင် ကျွန်တော်တို့ လန်ချားသမားတွေ ပျော်လွန်းလို့ သီချင်းတွေဆိုလို့။ ကျွန်တော်တို့တစ်တွေ သီချင်းဆိုတော့ အနီးအနားတစ်ဝိုက်မှာရှိတဲ့ တခြားအလုပ်သမားတွေလဲ ရောက်လာပြီး ကျွန်တော်တို့နဲ့အတူ ဝိုင်းပြီး သီချင်းဆိုကြတယ်။ မြို့ကြီးတစ်မြို့လုံးဟာ သူ့ကိုယ်သူ သန့်ရှင်းစင်ကြယ်အောင် မြစ်ထဲကို ဆင်းပြီး ရေချိုးနေကြသလိုပဲ။ အဲ…တစ်ခု ပဲရှိတယ်။ ခု ကျွန်တော်တို့တစ်တွေ ရေချိုးနေတဲ့ မြစ်က မြေကြီးပေါ်က စီးလာတဲ့မြစ်မဟုတ်ဘူး။ ကောင်းကင်က စီးလာတဲ့မြစ်ကြီး။ ဒါတစ်ခုပဲ ခြားနားတယ်။ ကျွန်တော်တို့ မပြောပါနဲ့လေ။ ဟာရင်တန် ပန်းခြံထဲမှာရှိတဲ့ အန်းပင်ကြီးတွေတောင် ပျော်လို့ထင်ရဲ့။ ယိမ်းထိုးလှုပ်ရှားနေကြတယ်။ အရင် တုန်းက သစ်ဖုန်တွေတက်ပြီး လူအိုကြီးတွေလိုဖြစ်နေတဲ့ သစ်ပင်ကြီးတွေလည်း မိုးရေကြောင့် လန်းဆန်းနုပျိုလာကြတယ်။

“ဒီလိုနဲ့ ကျွန်တော်တို့တစ်တွေ ပျော်ရွှင်နေကြတာဟာ တော်တော် ကြာသွားတယ်။ မိုးရေထဲမှာ အတူရေချိုးကြရင်း ကျွန်တော်တို့တစ်တွေဟာ သိုရင်းအစ်ကိုတွေလို ဖြစ်သွားကြတယ်။ ကူလီတွေနဲ့ သူတောင်းစားတွေ၊ လန်ချားသမား တွေနဲ့ ဘာဘူတွေ၊ မာရဝါရီကုန်သည်ကြီးတွေနဲ့ ဘီဟာတာ လယ်သမား တွေ၊ ဟိန္ဒူနဲ့ မွတ်ဆလင်တွေ၊ ဇာတ်နိမ့်သူတွေနဲ့ ဇာတ်မြင့်သူတွေ။ ကျွန်တော်တို့ အားလုံးဟာ ကျွန်တော်တို့ကို အသက်ဆက်ပေးလိုက်တဲ့ မိုး… ကြီးတစ်ခုကို ကျင်းပနေကြသလိုပဲ။”

www.burmeseclassic.com



"ဒီလို မိုးသည်းထန်စွာ ရွာနေရာက ခဏနေတော့ မိုးဟာချက် ... တိတ်သွားပြီး နေထွက်လာတယ်။ ကာလကတ္တားမြို့ကြီးဟာ ပြောင်နေ... ဖွတ်တိုက်ထားတဲ့ ဇလုံကြီးတစ်လုံးလို ပြောင်လက်တောက်ပနေတယ်။ ခဏ... တော့ နောက်တစ်ကြိမ် မိုးတွေ ရွာလာပြန်တယ်။

ဟာစရိပါးသည် မိုးရွာသဖြင့် ပျော်နေသည်။

သုခမြို့တော် ဆင်းရဲသားရပ်ကွက်ကလေးထဲတွင် ရောက်နေ... မက်စ်သည်လည်း ချက်ချင်း ပြောင်းလဲသွားသော ရှုခင်းကိုကြည့်၍ အံ့ဩ... သည်။

"ခပ်စောစောက လူတွေဟာ သေလုမျောပါး ဖြစ်နေသလို၊ ခီဝိန်ချုပ်... မလို အပူရှိန်အောက်မှာ တလူးလူး တလိမ့်လိမ့်ဖြစ်နေကြတယ်။ ခုအော... မိုးရေတွေထဲမှာ မြူးလို့ပျော်လို့၊ ကလို့ခုန်လို့၊ တေးဆိုလို့၊ အော်ဟစ်... အမျိုးသားတွေက အင်္ကျီတွေကိုချွတ်ပြီး မိုးရေထဲကို ထွက်ပြေးကြတယ်... အမျိုးသမီးတွေက အဝတ်အစားတွေနဲ့ မိုးရေထဲမှာ လျှောက်ပြေးကြတယ်... သီချင်းတွေဆိုလို့၊ ကိုယ်လုံးတီးဖြစ်နေတဲ့ ကလေးတွေဟာ လမ်းမပေါ်မှာ... လျှောက်ပြေးကြတယ်၊ တကယ့် ပွဲတော်ကြီးတစ်ခု၊ အစဉ်အလာရိုးရာပွဲတော်ကြီး... တစ်ခု ကျင်းပနေသလိုပဲ" ဟု မက်စ်က ပြောသည်။

လမ်းထိပ်သို့ လှမ်းကြည့်လိုက်သည့်အခါတွင် အင်္ကျီမပါသည့် အရပ်... မြင့်မြင့် လူဖြူတစ်ယောက်ကို သူမြင်သည်။ အခြားသူမဟုတ်။ ကိုဗာစကီးပင်... လေသည်။ ကိုဗာစကီးသည်လည်း လူအုပ်အလယ်ခေါင်တွင် က,ခုန်နေလေပြီ...

သူ့ရင်ပေါ်တွင် ဆွဲထားသည့် ငွေသားလက်ဝါးကပ်တိုင် ဆွဲကြိုးသည်... စည်းချက်လိုက်သည့်နှယ် လှုပ်နေသည်။

၁၆

မိုးသည် သုံးရက်ဆက်၍ ရွာနေသည်။ ဘင်္ဂလားပြည်တွင် သည်လို မိုးမကြီး ခဲ့သည်မှာကြာပြီ။ သည်လောက် မိုးကောင်းနေပြန်သည့်အခါတွင်ကား သူတို့ ရပ်ကွက်ကလေးကို ရေလွှမ်းဖုံးတော့မည်လောဆိုသည့် စိုးရိမ်စိတ်တွေ ဝင်လာခဲ့ ကြကာ ရေကြီးတော့မည်ဟု တစ်ယောက်တစ်ပေါက် ပြောလာခဲ့ကြသည်။ သူတို့ စိုးရိမ်မည်ဆိုလျှင်လည်း စိုးရိမ်စရာ။ ဘင်္ဂလားသည် မကြာခဏ ရေကြီးတတ်သည် မဟုတ်လော။ ပထမ မိုးဦး ရွာချသဖြင့် ဝမ်းသာ၍ မဆုံး သေးမီ ထီး၊ ရွက်ဖျင်စ၊ မိုးကာစ၊ ပလတ်စတစ်စ၊ ဂျပ်ထူပြားစသည်တို့ကိုရှာရ ပြန်သည်။ အိမ်တွေ မိုးမလုံသဖြင့် အမိုးကို ဖာထေးရန်ဖြစ်သည်။ အိမ်တွေထဲသို့ ရေဝင်သဖြင့် ခပ်ထုတ်ရန် ရေပုံး၊ ရေခွက်၊ ရေအိုးစသည်တို့ကို ရှာရပြန်သည်။

သို့ရာတွင် ဘယ်လောက်ပင် ခပ်ထုတ်ထုတ် ရေက ပြန်ဝင်လာမြဲပင်။ သူတို့၏ သုခမြို့တော်သည် မြေပျော့ပေါ်တွင် တည်ထားပြီး အနိမ့်ပိုင်းတွင် ရောက်နေသဖြင့် လမ်းမမှ ရေများသည် သုခမြို့တော်သို့ စီးဝင်လာကြတော့ သည်။ နောက်ဆုံးခပ်ထုတ်၍ မနိုင်တော့သည့်အခါတွင် အုတ်ခဲများကို လိုက်ရှာ ရသည်။ အုတ်ခဲတွေကို ဆင့်ပြီး ကလေးများ၊ အဖိုးတန်ပစ္စည်းများ ကို တင်ထားရန်ဖြစ်သည်။ သို့ဖြင့် တတ်နိုင်သမျှ ရေကိုတားသည့်တိုင် မရတော့။ နောက်ဆုံးတွင် ကြောက်စရာကောင်းသည့် အသံကို ကြားလာရသည်။ ထိုအသံမှာ ရေလှိုင်းပုတ်သံဖြစ်သည်။

တစ်ညနေတွင်မူ သူ့အခန်းချင်း ကပ်လျက်မှ ခပ်သဲ့သဲ့အော်သံတစ်ခုကို မက်စ် ကြားလိုက်ရသဖြင့် အကျိုးအကြောင်းကို စုံစမ်းရန် တစ်ဖက်သို့ ကူးလာခဲ့သည်။ ပထမဆုံး မိုးရွာသည့်နေ့က သူ့ကို ထီးတစ်လက်လာပေးခဲ့ သည့် သူငယ်မလေးမှာ အိမ်ထဲသို့ ဝင်လာသည့် ညစ်ပတ်သော ရေထဲတွင် မှောက်လျက် မြုပ်လုမြုပ်ခင်ဖြစ်နေသည်ကို တွေ့ရသည်။ မက်စ်သည် သူ့ကို ဆတ်ခနဲ ဆွဲ... ဆယ်လိုက်ပြီးနောက် သူ့အခန်းသို့ ပွေ့ခေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်၌ သူ့အခန်းလေးမှာလည်း ဖွက်အိုင်ကြီးဖြစ်နေလေပြီ။ အညစ်အကြေး မြောင်းများ၊ နွားတင်းကုပ်များမှ လျှံကျလာသော ရေများသည် သူ့အခန်းကလေးကို ဖုံးနေလေပြီ။ ဇန်ဒိုနာက အဝတ်စတစ်ခုကို ယူလာ၍ ချက်နှာကြက် ထောင့်လေးထောင့်တွင် ကြိုးဖြင့် သိုင်းကာ ပုခက်လို လုပ်ပေးသဖြင့် ထိုအပေါ်မှာ နို့မှုန့်ဘူးများ၊ ဆေးပုလင်းများကို တင်ထားရသည်။ မိုးယိုသည့် နေရာများတွင်မူ ထီးကိုဖွင့်၍ ပက်လက်လှန်ချိတ်ထားသော်လည်း ထီးရွက်ထဲတွင် ရေပြည့်လာသည်နှင့် အပြင်သို့ ထုတ်၍ သွန်ပစ်ရသည်။

စိုစွတ်ထိုင်းမှိုင်းခြင်း၊ ညစ်ပတ်သောရေတို့ ဖုံးခြင်းစသည်တို့နောက်တွင် ဝေဒနာ ငတ်မွတ်ခြင်း လိုက်လာသည်။ ထင်းဆိုက်သည့် နွားချေးခြောက်များလည်း ရေစို၍ အရည်ပျော်ကုန်သဖြင့် ထမင်းဟင်းချက်စရာ ထင်းမရှိတော့။ မီးခြစ်များကလည်း ရေစိုနေ၍ မီးခြစ်ခြစ်၍ မရတော့။

"ဆရာကြီး၊ မီးခြစ်က ခြစ်လို့မရရင် ချိုင်းအောက်ကို ပူသွားအောင် ပွတ်ပေးရတယ်၊ အဲဒီတော့မှ အပူအငွေ့နဲ့ နည်းနည်းခြောက်သွားပြီး ယမ်းများ မီးစွဲတာ" ဟု ကာလီမက ပြောသည်။

ကိုဗာစကီးသည် သူပြောသည့်အတိုင်း မီးခြစ်ခွံကို ချိုင်းကြားထဲ ထိုးသွင်းကာ နာနာပွတ်သည်။ သို့ရာတွင် သူ့လိုအနောက်နိုင်ငံသားတစ်ဦး၏ ချိုင်းသည် မီးခြစ်ခွံကို အပူငွေ့ ပေးရန် မတတ်နိုင်ချေတကား။

သို့ဖြင့် ကိုဗာစကီးသည် မီးခြစ်ခြစ်သည့် အလုပ်ကို လက်လျှော့လိုက်ရသည်။

ကိုဗာစကီးသည် တဲပြင်သို့ ထွက်လာကာ မာဂရီတာ၊ ဆာလာဒင်နှင့် ဇန်ဒိုနာတို့ကို လိုက်ရှာသည်။ ရေက သူ့ရင်ခေါင်းလောက် ရောက်နေပြီ။ သူတို့၏ ကူညီရေးအဖွဲ့က လှုပ်ရှားမှုဖြစ်မည်။ အခြေအနေသည် တဖြည်းဖြည်း ဆိုးရွားလာနေပြီ။

သူတို့ ရပ်ကွက်ကလေးမှာသာမက ကာလကတ္တားတစ်မြို့လုံးသည် လည်း အလားတူ ခြောက်အိပ်မက်မျိုးကို ကြုံတွေ့နေရသည်။ ကာလကတ္တားမြို့ အရှေ့ပိုင်းရှိ မြေနိမ့်ရပ်ကွက်များတွင်ဆိုလျှင် လူ, ထောင်ပေါင်းများစွာတို့ သည် အိုးအိမ်များကို စွန့်ပစ်ထွက်သွားကြရသည်။ သို့မဟုတ်လျှင်လည်း အိမ်ခေါင်မိုးများပေါ်တွင် တက်နေကြရသည်။ ကာလကတ္တားတစ်မြို့လုံး



မှောင်မည်းလျက်။ ဓာတ်အား ပြောင်းစက်များနှင့် မြေအောက် လျှပ်စစ်ကြိုးများ သည် ရေအောက်သို့ ရောက်ကုန်ကြသည်။ မီးရထားများလည်း ရေလျှံသဖြင့် ရပ်ကုန်ကြပြီ။ အခြားသော ယာဉ်များလည်း ရပ်တန့်ကုန်ကြပြီ။ ဤတွင် ရိက္ခာ ပြဿနာပေါ်လာသည်။ အာလူးတစ်ပေါင်ကို ငါးကျပ်၊ ကြက်ဥတစ်လုံးကို တစ်ကျပ်ကျော်ကျော်ဖြစ်လာသည်။

မြို့, တစ်မြို့လုံးတွင် အခြားသော ယာဉ်များ မရှိသည့်အတွက် လန်ချား သမားများ ဝမ်းသာကြသည်။ ဟာ့စရီပါးမှာမူ သူ့သမီး မင်္ဂလာဆောင်ရန်အတွက် ငွေတွေ ဆက်တိုက်ရှာပြီး လမ်းတွေ ပိတ်ကုန်ပါစေဟုပင် ဆုတောင်းမိသေးသည်။

"ခါတိုင်းဆိုရင် ကာလကတ္တား လမ်းတွေပေါ်မှာ အနီရောင်နှစ်ထပ် ဘတ်စ်ကားကြီးတွေ၊ အဖြူနဲ့အပြာသုတ်ထားတဲ့ ဓာတ်ရထားတွေ၊ ဆာရာဂျီရဲ့ အဝါရောင်သုတ်ထားတဲ့ တက္ကစီတွေ၊ အင်ဘာဆေးဒါးကိုယ်ပိုင်ကားကြီးတွေ ပြေးမှုနေတာပဲ။ ခုတော့ ဘယ်နှယ်ရှိစ။ ဒီကားတွေအားလုံး ရပ်ကုန်ပြီ။ အင်ဂျင်ထဲ ရေဝင်တဲ့ကောင်နဲ့၊ ဘော်ဒီတစ်ဝက်လောက်အထိ ရွှံ့ထဲမြုပ်တဲ့ ကောင်နဲ့။ ခုတော့ မလှုပ်နိုင်တော့ဘူး၊ ဝမ်းသာလိုက်တာခင်ဗျာ၊ သူတို့ကို ကြည့်ရတာ ဟူဂလီမြစ်ကမ်းပေါ်မှာ တင်နေတဲ့ လှေပျက်၊ မော်တော်ပျက်၊ သင်္ဘောပျက်တွေ ကျနေတာပဲ၊ ကားပေါ်မှာ ခရီးသည်တွေ မရှိတော့ဘူး၊ ဒရိုင်ဘာတွေ, စပယ်ယာတွေလည်း မရှိတော့ဘူး၊ ကျွန်တော်တို့အပေါ် အနိုင်ကျင့်ခဲ့သမျှ, ဗိုလ်ကျခဲ့သမျှ ခုတော့မှ ပြန်ပြီးလက်စားချေခွင့် ရတော့တယ်၊ ခရီးသည်တွေကလည်း တစ်မျိုး၊ အရင်တုန်းကတော့ ကျွန်တော်တို့ကို မတန်တဆ ဈေးဆစ်တယ်၊ အနိုင်ကျင့်တယ်၊ သဟောက်သဟဲ လုပ်ကြတယ်၊ ခုတော့ ဘာရမလဲ၊ သူတို့တစ်တွေ ကျွန်တော်တို့တောင်းတဲ့ ဈေးကို ပေးရတော့ တာပေါ့၊ ရေတွေဖုံးနေတဲ့ လမ်းမတွေပေါ်ကို ကျွန်တော်တို့ လန်ချားတွေပဲ သွားရတယ် မဟုတ်လား၊ ကျွန်တော်တို့ လန်ချားကတော့ ဘီးတွေကလည်း အမြင့်ကြီး၊ ကျွန်တော်တို့ကလည်း ခြေထောက်နဲ့သွားရတာ၊ ဘယ်နေရာဖြစ်ဖြစ် ဝင်လို့ရတာပေါ့၊ လန်ချားသမားဆိုရင် ဟိုကခေါ် သည်ကခေါ်၊ လိုတဲ့ဈေး တောင်းပန်တဲ့လူက တောင်းပန်၊ ဒီတစ်ခါပဲ ကျွန်တော်တို့ အသာစီးရတော့ ကာလကတ္တားမြို့ကြီး ရေလွှမ်းတဲ့ အကြောင်းအတွက်ကြောင့် ကျွန်တော်တို့ဟာ အစော်ကားခံ၊ အငြင်းပယ်ခံ၊ အနိမ်ခံ မဟုတ်တော့ဘူး။ ခါတိုင်းဆိုရင် မြန်မြန်မသွားရ ကောင်းလားဆိုပြီး လန်ချားပေါ်က ခြေထောက်နဲ့ လှမ်းကန်ချင်

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်၊ သူတို့လိုရာခရီးကို ရောက်တာနဲ့ အစတုန်းက ဒီဈေးနဲ့ ဖြော စီးသားတာ မဟုတ်ဘူး၊ ရော့ မယူချင်နေ ယူချင်ယူဆိုပြီး သူတို့ ပေးချင်သ လမ်းမပေါ် ပစ်ချပြီး ပေးသွားတာမျိုးတွေ ကြုံဖူးတယ်၊ ခုတော့ သင်းတို့ တွေလည်း ဘယ့်နှယ်ရှိစ၊ သူ့ငှားပါ၊ ငါ့ငှားပါနဲ့ ဝိုင်းအုံပြီး လန်ချားခဆိုရင် အရင်ကထက် လေးငါးဆပေးပြီး စီးကြရတယ်၊ ကျွန်တော်တို့အတွက် ရတနာပုံ ဆိုက်တာပေါ့"

ဟာစရီပါးသည် သူ့တွက်ကိန်းနှင့်သူ ကျေနပ်နေသည်။

အတိုဆုံးခရီးကိုပင်လျှင် မိုးမကျမီက တစ်နေ့ဆွဲရသည့်အခ ပိုရသည်။ သို့ရာတွင် ပင်ပန်းသည်ကတော့ အမှန်။ ရေတွေဖုံးနေသ လမ်းပေါ်တွင် ဘာမျှမမြင်ရ၊ ရေအောက်တွင် ရောက်နေသည့် အတားအ တိုင်းသည် ထောင်ချောက်များသဖွယ် ဖြစ်နေကြသည်။ တခြားမပြော မြေကြီးပေါ်တွင်ရှိနေသည့် သံပြားစ တစ်ချပ်သည်ပင်လျှင် သူ့ခြေဖဝါး လာစိုက်နေနိုင်သည်။

"ပေါင်လယ်လောက်ရောက်တဲ့ ရေထဲမှာ လန်ချားဆွဲရတာဆို တစ်ခါတလေမှာလည်း ချွေးသေကောင်ပုပ်တို့၊ ကြွက်သေကောင်ပုပ်တို့ တက်နင်းမိတာပေါ့၊ ဒါပေမယ့် ဒါအသေးအဖွဲ့ပါ၊ တစ်ကိုယ်လုံးချွေး ပြိုက်ပြိုက်ကျနေတဲ့ ကိုယ်ပေါ်ကို မိုးပေါက်တွေ တရစပ်ပက်နေတာ အဆိုးဆုံးပဲ၊ ဒါတွေကို ဘယ်သုတ်နေနိုင်မှာတုန်း၊ တစ်ခေါက်ဆွဲပြီးတိုင်း အင်္ကျီကိုချွတ်ညှစ်ပြီး သုတ်နေဖို့လည်း အချိန်ရတာ မဟုတ်ဘူး။ ဒီ ကျွန်တော်တို့ တော်တော်များများမှာ အရေပြားရောဂါတွေ ဖြစ်ကုန်ကြတယ် တချို့ ခြေထောက်တွေဆိုရင် ဖူးရောင်ပြီး ပွတတကြီးတွေ ဖြစ်နေတယ် အနာတွေ၊ အပွန်းအပဲ့တွေကလည်း တစ်ကိုယ်လုံး ပြည့်နေတာပဲ၊ ပိုဆိုး ကတော့ ခန္ဓာကိုယ်က စိုလိုက်ခြောက်လိုက် ဖြစ်နေတာက အဆိုးဆုံး ကျွန်တော့်အတွက်တော့ ပိုဆိုးတာပေါ့၊ ကျွန်တော်တို့ လန်ချားသမား တော် များများဟာ အဆုတ်အအေးမိပြီး သေကုန်ကြတယ်၊ အဆုတ်အအေးမိတာ အနီဖျားလို့ ခေါ်တဲ့ ချောင်းဆိုးသွေးပါ ရောဂါလောက်တော့ မဆိုးဘူးထင်တယ် သူက တုန်ဖျားပြီး ခဏကြာတော့ ချောင်းတစ်ချက်မှ မဆိုးလိုက်ရ သေချင် သေသွားတာကိုး၊ ကျွန်တော့်လန်ချားကို တစ်လှည့်စီဆွဲတဲ့ ရာမာတူလ ကတော့ အဲဒီလို အအေးမိရောဂါဖြစ်တာ ကောင်းတယ်တဲ့၊ အနီဖျားလို



တာရှောင်ရှောင်ဖြစ်ပြီး သွေးတွေဘာတွေ အန်မနေဘူးတဲ့၊ ချက်ချင်း သေသွားတာ ခဲ့တဲ့"

ဟာစရီပါးက မိုးရွာသည့် ပထမနှစ်ရက်အတွင်း ဆွဲ၍ရသည့် လန်ချားခ ကို သူ့မိတ်ဆွေ တက္ကစီဒရိုင်ဘာကို ပြသည့်အခါတွင် တက္ကစီဒရိုင်ဘာသည် တအံ့တဩဖြစ်နေသည်။

"အလိုလို၊ နင့်အတွက်တော့ မိုးရွာတာမဟုတ်ဘူးဟေ့၊ ရွှေမိုး ငွေမိုးရွာ တာ" ဟုဆိုသည်။ သို့ရာတွင် လန်ချားသမား ဟာစရီပါး၏ ပျော်ရွှင်မှုသည် ကြာရှည်မခံလိုက်။

နောက်တစ်နေ့မနက် မြို့ပတ်လမ်းထိပ်ရှိ လန်ချားမှတ်တိုင်သို့ ရောက် သည့်အခါ လှည်းအိုကြီးတစ်စီးအနီးတွင် ဝိုင်းအုံနေကြသည့် အဖော်လန်ချား သမားများကို မြင်ရသည်။ ဟာစရီပါးသည် သူနှင့် လန်ချားဆွဲဖက် ရာမာတူ လာကို ရှာကြည့်၏။ ရှာ၍မတွေ့။ သူတို့လန်ချားဂိုဏ်တွင် အသက်အကြီးဆုံး ဖြစ်သည့် လန်ချားသမားကြီးက ပြောမှ အကျိုးအကြောင်းကို သူသိရသည်။

"ယေား ဟာစရီပါး၊ နင့်ကောင် ရာမာတူလာ မလကီးယားသွားပြီ။ နင့်ကောင် လန်ချားဆွဲလာရင်း မြောင်းဖုံးမရှိတဲ့ အပေါက်ကြီးထဲကို ကျသွားပါ ရောလား၊ မနေ့ကပါဆိုရင် မြောင်းဖုံးပေါက်ထဲကျလို့သေတာ သုံးယောက် တောင်ရှိသွားပြီ။ မြူနီစီပယ် ဘာဘူကြီးက ရေတွေမဝပ်ဘဲ မြန်မြန်စီးသွားအောင် မြောင်းဖုံးတွေကို အဖွင့်ခိုင်းထားတာတဲ့"

*　*　*

ကိုဗာစကီးသည် နီဇာမူဒင် လမ်းကြားရှိ မိမိ၏ အိမ်ဟောင်းကလေးရှေ့ မှ ဖြတ်လာခဲ့သည်။ ထိုစဉ် လက်ကလေးတစ်ဖက်က သူ့ကို လာထိ၏။ သူက လက်ကို လှမ်းဆွဲလိုက်သည်။ သို့ရာတွင် လက်သည် မလှုပ်မယှက်။ ကိုဗာစကီး ရေထဲတွင် မျောနေသည့် ခန္ဓာကိုယ်ကလေးကို ဆယ်ယူကာ ဆူရေးယား၏ လက်ဖက်ရည်ဆိုင်ရှေ့ ရေမမြုပ်သေးသည့် စင်မြင့်ကလေးတစ်ခုပေါ်သို့ တင်လိုက် သည်။ ထိုနောက် ရေတစွက်စွက်ထဲမှ ဖြတ်လာခဲ့ကာ မာဘူ၏ အိမ်တံခါးသို့ လှမ်းဆွဲလိုက်ပြီး သူ့အခန်းဘေးရှိ ဆာစီးယား၏ အမေ့အိမ်တံခါးကို ခေါက် သည်။ အထဲမှ ဘာသံမှ မကြားရ။ လမ်းကြားကလေးတစ်ခုလုံးသည် ရှင်း ရှိက်ပြီး၍ ဓာတ်ဆောင်တွေထွက်သွားသော ရိုက်ကွင်းတစ်ခုလို တိတ်ဆိတ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အသံဝလံဆို၍ မိုးစက်များ၏ တဖျန်းဖျန်းကျသံ၊ ရေလှိုင်းတို့ ရိုက်သံ နှင့် ဖြွက်တွင်းများထဲမှ ထွက်လာကာ ဟိုပြေးသည်ပြေး ပြေးနေကြသော ဖြွက်များ၏ တကျွိကျွိမြည်သံတို့ကိုသာ ကြားရသည်။ တစ်ခါတစ်ရံတွင် ဖြွက်များသည် ပလုံခနဲမြည်ကာ ရေထဲသို့ကျသွားကြသည်။ ကိုဗာစကီးသည် ရေအောက်မှ မြောင်းထဲသို့ ကျမည်စိုးသဖြင့် ခြေလှမ်းကို သတိကြီးစွာ လှမ်းရင်း တဖြည်းဖြည်း ရှေ့သို့ တိုးလာခဲ့သည်။ မက်စ်၏ အိမ်ရှေ့သို့အရောက် ရေထဲတွင် ဆုတောင်းဝတ်ပြုနေကြသော ကူညီရေးအသင်းဝင်များကို တွေ့ရသည်။

"ဆရာကြီး၊ ကျွန်တော်တို့တော့ ဒုက္ခရောက်ကုန်ကြပြီ။ လူတွေကလည်း ဟိုပြေးဒီပြေး ပြေးကုန်ကြပြီ။ ကျွန်တော်တို့ အရပ်ထဲကတော့ အားလုံး ပလီကြီးထဲမှာ ရောက်နေကြပြီ။ စုစုပေါင်း ငါးရာလောက်ရှိမယ် ထင်တယ်"

ဆာလာဒင်က ပြောသည်။ ထိုအရပ်ထဲရှိ မက်စရဂျစ် ပလီကြီးမှာ အထပ် ပေါင်းများစွာရှိသဖြင့် တော်သေးသည်ဟု ဆိုရမည်။

"ကျွန်မအထင်တော့ ဂင်္ဂါမြစ်မှာ ရေကြီးတယ်ထင်တာပဲ" ဟု မာဂရီတာ က ပြောသည်။ သူ့ဆာရီသည် ရေတွေစိုရွှဲနေသဖြင့် ကိုယ်လုံးတွင် ချပ်ချပ်ရပ်ရပ် ကပ်နေသည်။

"သတင်းကတော့ မကောင်းဘူး ဆရာကြီးရေ။ ကျွန်တော်တို့တစ်တွေ ရပ်ကြည့်နေလို့ မဖြစ်ဘူး။ တစ်ခုခုတော့ လုပ်မှဖြစ်မယ် ထင်တယ်" ဟု ကပြား ဂျွန်ကပြောသည်။

"ဟုတ်တာပေါ့" ဟု ကိုဗာစကီးက ပြောသည်။

ထို့နောက် အားလုံး တိတ်ဆိတ်နေကြသည်။ သူတို့အားလုံးသည် သူတို့လုပ်ရမည့် လုပ်ငန်းကို တွေး၍ ရင်လေးနေကြသည်။ လုပ်ရမည့်အလုပ်က နည်းသည့် တာဝန်ကြီး မဟုတ်။ သို့ရာတွင် သူတို့မှာ ဘာမှ အင်အားမရှိ။

"လောလောဆယ်ကတော့ လူတွေကို ကာလဝမ်းရောဂါကာကွယ်ဆေး ထိုးဖို့လိုတယ်။ ခဏနေရင် ဝမ်းရောဂါဖြစ်လာနိုင်တယ်"

မက်စ်ကစ၍ ပြောသည်။

"ခင်ဗျားမှာ ထိုးဆေး ဘယ်လောက်ရှိလို့လဲ"

ကိုဗာစကီးက မျက်နှာကြက်အောက် အဝတ်ပုခက်ပေါ်တွင် တင်ထား သည့် ဆေးသေတ္တာများကို လှမ်းကြည့်ရင်း မေး၏။



"ဘယ်ရှိမှာလဲ၊ နည်းနည်းလေးပဲ ရှိတာပေါ့၊ ကျန်တာကိုတော့ ဆေးရုံတွေမှာ လှည့်ပြီး အလှူခံရမှာပဲ"

ဆေးရုံတွေလှည့်ပြီး အလှူခံမည်ဆိုသဖြင့် သူ့စကားကို သဘောကျ၍ ပရိသတ်က ပြုံးကြသည်။

"အမေရိကန်ဟာ တော်တော် ခက်တာပဲ။ ဆေးရုံတွေလှည့်ပြီး အလှူခံလို့ ရမှာတဲ့လား။ မိယာမိကို ရောက်နေတာလို့များ ထင်နေသလား မသိဘူး" ဟု ကိုဗာစကီး တွေးနေသည်။

"အရေးကြီးတာက စားသောက်စရာတွေ ရှာရမယ် ခင်ဗျ။ ခုဆိုရင် အစားအသောက်ရှော၊ ရေရှော ပြတ်တဲ့လူတော်တော်များနေပြီ" ဟု ဆာလာဒင် က ပြောသည်။

"ဟုတ်တယ်၊ အဲဒါက ပိုအရေးကြီးတယ်" ဟု ကိုဗာစကီးက ထောက်ခံ၏။

"ဒါတွေထက် အရေးကြီးတာက အိမ်တွေထဲမှာ ကျန်ရစ်ခဲ့တဲ့ အဘိုးအို၊ အဘွားအိုတွေကို လိုက်ရှာပြီး ကယ်ဖို့လိုတယ်။ တချို့ဆိုရင် မသွားနိုင်၊ မလာနိုင်လို့ အိမ်တွေထဲမှာ ဒီအတိုင်း ပစ်ထားခဲ့ရတယ်။ ရေနစ်သေကုန်လိမ့်မယ်"

ဗန်ဒိုနာက ပြောသည်။ သူ့အသံသည် ပျော့ပျောင်းတိုးတိတ်သည့်တိုင် ပြတ်သားခိုင်မာသည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ နေဦးဗျ၊ ကိုယ်ရေပြားရောဂါသည်တွေကော ကျန်ပါသေးလား။ ကဲ... ကြာတယ်ဗျာ။ ခင်ဗျားတို့ သုံးယောက်က သက်ကြီး ရွယ်အိုတွေကို သွားခေါ်ကြ။ ကျွန်တော်နဲ့ ဂျွန်က ကိုယ်ရေပြားရောဂါသည်တွေကို သွားခေါ်ကြမယ်။ ပလီမှာ ပြန်ဆုံမယ်"

သောကြာနေ့တိုင်း ဝတ်တက်ခဲ့ကြသော ပလီကြီး။ ထိုညတွင်မူ ထို ပလီကြီးသည် ရေလယ်ခေါင်က မီးပြတိုက်ကြီးနှင့် တူနေသည်။ ရာပေါင်းများစွာသော ရေဘေးဒုက္ခသည်များသည် ပလီကြီး၏ ပြတင်းပေါက်များဆီသို့ တွယ်တက်လာခဲ့ကြကာ တစ်ယောက်ကို တစ်ယောက် တိုးဝှေ့ အော်ဟစ်ခေါ် နေကြသည်။ အချို့လည်း ရောက်လာနေကြဆဲ။ အဖေများက ကလေးသုံးလေး ယောက်ကို ပခုံးတွင် ထမ်းလျက်။ အမေများက မရှိမဲ့ ရှိမဲ့ ပစ္စည်းလေးတွေကို ထုပ်ပိုးကာ ခေါင်းပေါ်တွင် ရွက်လျက်။ တစ်ခါတစ်ရံတွင်လည်း နို့စို့ကလေး

www.burmeseclassic.com

www.burmeseclassic.com



ငယ်များကို ချီလျက်။ ရေထဲတွင် တစွက်စွက်နှင့် လျှောက်လာနေကြသည်။ ပလီကြီးမှာ ဝင်ပေါက်တစ်ပေါက်တည်းသာရှိသည့်အတွက် ထိုတံခါးကို ပြုံနေကြသည်။ အထဲသို့ရောက်သည့် အခါတွင်လည်း ဆူညံ အော်ဟစ်လျက် ဒုက္ခိတစ်၏ ငရဲခန်းပျို့ထဲကလို ကြောက်လန့်တကြား အော်လန့်တကြား အော်ဟစ်သံ၊ ငိုယိုသံ၊ ရန်ဖြစ်သံတို့ဖြင့်ဆူညံနေတော့သည်။ ရေမှာ ပလီအောက် ထပ်ကို စ၍ ဝင်နေပြီဖြစ်သဖြင့် အားလုံးသည် ပထမထပ်ကို လုတက်နေကြ သည်။ ထိုစဉ် အပြင်ဘက် လသာဆောင်မှာ မိုးရေတွေ စီးလာပြန်သဖြင့် ပထမထပ်တွင်လည်း ရေဝင်လာပြန်သည်။ အချို့ လူငယ်များက တံခါးများကို ပိတ်ကြသည်။ အချို့ကလည်း ဝင်လာသောရေများကို စားပွဲများ၊ ခုံများဖြင့် ဆို့ကြသည်။ အထဲတွင် မည်းမှောင်လျက်ရှိပြီး လူတွေက ကျိတ်ကျိတ်တိုး နေသဖြင့် အသက်ရှူရကျပ်ကာ အချို့မှာ မူးမေ့လဲကျသွားကြသည်။ ဝမ်းတစ်ခါ သွားနေသည့် ကလေးများကလည်း ဝမ်းတွေ သွားကြသည်။ ပထမဆုံး သေသွားသည့် ကလေးငယ်များ၏ အလောင်းကို ခေါင်းတွေပေါ်မှ ကောက်ပြီး တစ်ယောက်တစ်လက်ဖြင့် လက်ဆင့်ကမ်း အပြင်သို့ ထုတ်ရသည်။ သူတို့ ပလီထဲရောက်ပြီး မကြာမီမှာပင် သုခမြို့တော်ရှိ တဲသိုက်များကို ရေတိုက်စား ကာ အားလုံး ရေထဲပါသွားပြီဆိုသည့် သတင်းများ ပေါ်ထွက်လာခဲ့ သည်။

မီးရထားလမ်း တာရိုးကြီးအောက် အနိမ့်ပိုင်းတွင်ရှိသည့် ကိုယ်ရှေ့ဖြူး ရောဂါသည်တို့၏ ရပ်ကွက်ကလေးမှာ ယခုအချိန်တွင် ရေအောက်သို့ လုံး ရောက်သွားလေပြီ။ အချို့မှာ အိမ်ခေါင်မိုးများပေါ်တွင် တက်နေကြရသည်။ အချို့မှာလည်း နည်းနည်း သန်စွမ်းသူများက တစ်ယောက်ပေါ်တစ်ယောက် ဆင့်ပြီး အပေါ်သို့ မ,ထားရသည်။ ခြေတစ်ဖက်မရှိတော့သည့် အန်နှာမှာ ထိုတစ်ယောက်ပခုံးကို တစ်ယောက် တက်နင်းကာ မ,ထားသည့်အထဲတွင် ထိပ်ဆုံးမှ ရောက်နေသည်။

"ဗျို့...အန်နှာ၊ ကြည့်စမ်း...ခင်ဗျားကို လိုက်ရှာနေတာ"

ကိုဗာစကီးက အလန့်တကြား အော်သည်။

"ကိစ္စမရှိပါဘူး ဆရာကြီး။ ကျွန်တော်တို့အဖို့ ဒါမျိုးတွေရှိနေပြီ"

သူကမူ ပြုံး၍ပင် နေလိုက်သေးသည်။



သည်လောက် ဒုက္ခသုက္ခတွေကြားထဲမှာပင် ရယ်နိုင်ပြုံးနိုင်သော အန်နှာ ကို ကြည့်ပြီး ကိုဗာစကီး အံ့သြနေသည်။ "သူတို့တစ်တွေဟာ ဒုက္ခဆင်းရဲကို အဆုံးစွန် ခံစားရပြီးတဲ့နောက်မှာ ဘာကိုမှ မမှုကြတော့ဘူး။ သူတို့ဟာ ဒုက္ခရောက်နေတဲ့ ကမ္ဘာကြီးထဲမှာ အလင်းရောင်တွေပဲ" ဟု ကိုဗာစကီး တွေး မိသေးသည်။

"မိုးက ဆက်ရွာနေတုန်းပဲ။ တော်တော်ကြာ ခင်ဗျားတို့ အားလုံး ရေနစ်ကုန်လိမ့်မယ်" ဟု ကိုဗာစကီးပြောသည်။

ပြောမယ့်သာပြောရသည်။ အားမရှိလှ။ သူတို့ကိုယ်တိုင်ကပင်လျှင် ဒုက္ခသည်များကို ကယ်တင်နိုင်သည့်စွမ်းအား မရှိတော့။ စွမ်းအားတွေ ကုန်ခမ်းစပြုနေပြီ။ ထိုအချိန်၌ အနိမ့်ပိုင်းတစ်ခုလုံးမှာ ညစ်ပတ်မည်းမှောင်သည့် ရေတွေ ဒလဟော စီးဝင်လာကာ ရေအောက်သို့ ရောက်လုနီးပါးဖြစ်နေသည့် အတွက် သူတို့ ကယ်ဆယ်ရေးသမားများပင်လျှင် ရေမနစ်အောင် အနိုင်နိုင် ရုန်းရတော့မည့်ပုံ ပေါ်နေသည်။ ထို့ကြောင့် သူတို့အတွက် နောက်ထပ် အားဖြည့်ရန် လူရှာရမည်။ သို့ရာတွင် ရေတွေက တဝေါဝေါတက်ကာ အမှောင် တိုက်ကြီးစိုးနေသည့် ညမျိုးတွင် မည်သည့်နေရာကသွား၍ အကူအညီခေါ် ရမည်နည်း။

ထိုစဉ် မေးရိုးကားကား၊ နားရွက်ကားကား၊ ရက်စက်သည့် မျက်လုံးများရှိ သည့် လူတစ်ယောက်၏ ပုံသဏ္ဌာန်ကို ကိုဗာစကီး ချက်လှမ်းသတိရလိုက် သည်။ ထို့ကြောင့် မာဂရိတာနှင့် ရွှန်ကို လှမ်း၍ ခေါ်လိုက်သည်။

"ဒီမှာ ကျွန်တော် ဘာဘူကြီးဆီ သွားလိုက်ဦးမယ်၊ ကျွန်တော်တို့ကို ကူညီနိုင်တာ သူတစ်ယောက်ပဲရှိတော့တယ်" ဟု သူတို့ကို အော်ပြောသည်။

ဟုတ်သည်။ ဘာဘူကြီးသည် ထိုရပ်ကွက်ကလေးထဲတွင် လူမိုက်ဂိုဏ်း ခေါင်းဆောင်ဖြစ်သည့်တိုင် သူ့ထံသို့ပင် သွား၍ အကူအညီ တောင်းရတော့မည်။

အိမ်ကြီးက အထပ်လေးထပ်ရှိသည့် အုတ်တိုက်ကြီးဖြစ်သည်။ သေနတ်ထား တွေကလည်း အုတ်လှေကားကြီးတွေ ဖြစ်သဖြင့် သူ့တိုက်သည် တော်တော် ခိုင်ခံ့သည့်တိုက်ဟု ဆိုနိုင်သည်။ သူ့တိုက်ကြီးသည် ရေမြုပ်နေသော ရပ်ကွက်ထဲ တွင် ခံတပ်ကြီးတစ်ခုလို မားမားကြီး ထိုးထွက်နေသည်။ သူ့တိုက်ကိုမူ မီးစက်ဖြင့် အခန်းတိုင်းတွင် မီးတွေ ထိန်လင်းနေသည်။ မီးရောင်များသည်

www.burmeseclassic.com

www.burmeseclassic.com



အဝတ်တိုက်နံရံကို လာရိုက်နေသော လှိုင်းလုံးများပေါ်သို့ တလက်လက်ဖြာထွက်ကြသည်။

နန်းတော်မှ တကယ့်နန်းတော်ကြီး။ သည်မျှ ဒုက္ခတွေရောက်နေသည့်ကြားမှာပင် သူတို့မှာတော့ အနေအထိုင်မပျက်။ ခိမ်ခံမပျက်။ မိမိအိမ်ကလေးများ ရေမျောသွားသဖြင့် ကယ်ပါယူပါ တစာစာ အော်ဟစ်နေသော အသံများကလေးငယ်များ၏ ငိုသံများကို မကြားယောင်တကား။

ဘဘုကြီးသည် သူထိုင်နေကျ ကျောက်မျက်ရတနာတွေစီထားသည့် ကုလားထိုင်ကြီးပေါ်တွင် အမြိုင့်သားထိုင်လျက်။ သူ့သားကခေါ်လာသည့် ညစ်ပတ်သောရေတွေ တစ်စက်စက်ကျနေသည့် ကိုဗာစကီး၏ ရုပ်သဏ္ဍာန်ကို မြင်သည့်တိုင် သူ၏ ဖားပြုတ်မျက်နှာကြီးပေါ်တွင် အံ့အားသင့်ဟန်ဆိုသည် နည်းနည်းကလေးမျှမရှိ။

"မင်္ဂလာညပါ ဆရာကြီး၊ ဒီလောက် မိုးထဲ လေထဲမှာ ဘာတွေများ အရေးကြီးလို့ လာရတာလဲ"

ဘဘုကြီးက သူ၏ရန်သူဟောင်း ကိုဗာစကီးကို ခပ်စိမ်းစိမ်းကြည့်၍ မေးသည်။ ဘဘုကြီးက လက်ခုပ်တီးလိုက်သဖြင့် အစေခံတစ်ယောက်က လက်ဖက်ရည်နှင့် အဖျော်ရည်များကို ကြေးလင်ပန်းတစ်ချပ်ပေါ်တွင်တင်၍ ယူလာသည်။

"ကိစ္စကတော့ ကိုယ်ရေပြားရောဂါသည်တွေရဲ့ ကိစ္စပါ"

ကိုဗာစကီးက ပြော၏။

"ဒီကောင်တွေ ကိစ္စပေါ်ပြန်ပြီလား၊ ဆရာကြီးနဲ့ ကျွန်တော်တွေ့လိုက်ရင် ဒီကောင်တွေ ကိစ္စချည်းပါလား၊ ဆိုစမ်းပါဦး၊ ခုထစ်ခေါက်တော့ ဘာဖြစ်ပြန်ပြီလဲ"

"ရေတွေကြီးနေတယ် ဘဘုကြီး။ သူတို့ကိုကယ်ဖို့ လှေနဲ့လူတွေ လိုချင်ပါတယ်၊ နို့မို့ဆိုရင် အားလုံး ရေနစ်သေကုန်ကြမှာ"

သုခမြို့တော်၏ ဖခင်ကြီးသည် အခန်းအလယ်ကောင်တွင် ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီးနောက် လက်ခုပ်တီးလိုက်၏။ မော်တော်ဆိုင်ကယ် အပိုင်စားရထားသည့် သူ့တပည့်လူမိုက် အရှေ့သည် ပြန်လှည့်လာ၏။



သူတို့နှစ်ယောက် (ယင်းတို့မှာ ဖခင်ကြီး၏ လက်သပ်မွေး တပည့်များဖြစ်သည်) ဝင်လာကြသည်။

ကိုဗာစကီးသည် ထိုမျှရက်ရောလှသော ဖခင်ကြီး၏ အပြုအမူကို ကြည့်၍ အံ့အားသင့်နေသည်။ သည်လူတွေ ရေနစ်သေကုန်လျှင် မိမိ၏ ဝင်ငွေတွေ လျော့သွားတော့မည် စိုးရိမ်သောကြောင့်လော၊ သို့မဟုတ် တကယ်ပင် သနားကရုဏာ စိတ်ဝင်သွားသောကြောင့်လောဆိုသည်ကိုမူ သူမပြောနိုင်ပြီ။

သူတို့လှေကလေး ထွက်လာခဲ့စဉ် အပေါ်ထပ် ပြတင်းပေါက်မှ လှမ်းအော်ပြောနေသော ဖခင်ကြီး၏ စကားလုံးများကိုလည်း သူ့တစ်သက်တွင် မေ့နိုင်တော့မည်မထင်။

"ဟေ့ အရှေ့။ ဒီနေ့ညမှာ နေစရာမရှိတဲ့ ကိုယ်ရေရောဂါသည်တွေ အားလုံးကို ခေါ်လာခဲ့၊ ဒီနေ့ညငါ့အိမ်ကိုဖွင့်ပေးထားမယ်၊ ဒုက္ခရောက်နေတဲ့ လူတွေအားလုံး ခေါ်ခဲ့"

* * *

တစ်ကိုယ်လုံးစိုရွှဲနေသော မက်စ်၏ ကြီးမားသော ခန္ဓာကိုယ်ကြီးသည် မွှန့်သေတ္တာပေါ်သို့ ဗိုင်းခနဲလဲကျသွားသည်။ ထိုညတစ်ညလုံး တစ်မှေးမျှ အိပ်ခဲ့ရသေး။ သူ့တစ်သက်တွင်မူ ထိုညသည် အပင်ပန်းဆုံး၊ အဆင်းရဲဆုံးည အပင် ထင်သည်။ သူအိမ်ခေါင်းကလေးထဲသို့ ပြန်ရောက်သည့်အခါတွင် အရှေ့ဘက်ကောင်းကင်မှာ လင်းစပြုနေလေပြီ။ တစ်ညလုံး မိုးသည်းထန်စွာ ရွာခဲ့ပြီးနောက် မနက်လင်းစပြုသည့်အချိန်တွင် မိုးဖွဲကလေးတွေ ဆက်ကျနေဆဲ ဖြစ်၏။ ရေမှာလည်း ညတုန်းကလောက် အတက်မကြမ်းတော့။ မနေ့ည တစ်ညလုံး ဇန်ဒိုနာနှင့်အတူ ရေဘေးဒုက္ခသည်များကို လိုက်လံ ကယ်ဆယ်ခဲ့ရသည်။ သူ့လက်ထဲက ဆေးသေတ္တာကို ရေစိုမည်စိုးသဖြင့် ခေါင်းအထက်တွင် မြှောက်ကိုင်ထားခဲ့ရ၏။ ဇန်ဒိုနာသည် ထိုညက အဆိုးရွားဆုံး ရေလွှမ်းသည့် နေရာများ၊ အရေးကြီးဆုံး လူနာများ၏ နေရာများကို ရှင်းထဲခဲ့လည်း သိသည်။ ခေါင်းထဲမှလည်း သိသည်။ သူတို့နှစ်ဦးသည် သူတို့အား လာရောက် ကူညီသည့် လူငယ်များနှင့်အတူ အိမ်ခေါင်းကလေးတစ်ပေါက်မှ တစ်ပေါက် သို့ကူးကာ မျက်မမြင်ဒုက္ခိတများ၊ လေဖြတ်သဖြင့် အိပ်ရာထဲမှ မထနိုင်သူများ ချောင်းဆိုးသွေးပါ ရောဂါကြောင့် အိပ်ရာထဲတွင် လဲနေသည့် လူနာများ

www.burmeseclassic.com

www.burmeseclassic.com



သူတောင်းစားများနှင့်တကွ နို့စို့ကလေးငယ်များကို ရင်ခွင်တွင် ပိုက်ထား
ဆွဲ့အ နားမကြားဖြစ်နေသည့် အမျိုးသမီးတစ်ယောက်ကို ကယ်ဆယ်
ကြသည်။ တစ်နေရာတွင်သာ သူတို့ နောက်ကျသွားခဲ့ကြသည်။ ထိုနေ
သီတင်းပတ်တိုင်း ကိုဗာစကီးသွားရောက် တရားဟောခဲ့သည့် မျက်
ကိုယ်ရေရောဂါသည် အမျိုးသမီးတစ်ယောက်၏ တဲကလေးဖြစ်ပြီး သူတို့ရော
သွားသည့်အခါတွင် တဲရှင်မှာ ရေနစ်လျက် အလောင်းပင် ရေပေါ် ပေါ်လော
နေလေပြီ။ အမျိုးသမီး၏ လက်ကောက်ဝတ်တွင် ပုတီးကို ပတ်ထား
သူ့မျက်နှာသည် ပကတိတည်ငြိမ်အေးချမ်းလျက်ရှိသည်ကို သူတို့တွေ့ရသ
ဗန်ဒိုနာက မက်စ်နှင့်အတူ အလောင်းကို ရေလွတ်ရာ တစ်နေရာသို့ ရွှေ့ပေးရ

“အင်း ဒုက္ခငြိမ်းသွားတာပေါ့လေ၊ သူကိုးကွယ်နေတဲ့ ဘုရားသခင်
သူ့ခေါ်သံကို ကြားသွားလို့ ကယ်လိုက်တယ်လို့ပဲ အောက်မေ့ရမှာပေါ့”

ထိုမျှ ဒုက္ခသည်တွေ ရောက်နေသည့် ကြားထဲက ထိုမျှတည်ငြိမ်အေ
သံဝေဂယူသံကို ကြားရသည့်အခါတွင် မြင်ရသည့် ရှုခင်းကို သူ့တစ်သက်
မမေ့နိုင်တော့။ လူသတ္တဝါတို့ကို မေတ္တာထားတတ်သည့် ကိုဗာစကီးပင်လျှ
ထိုအပြုအမူမျိုးကို စိတ်ကူးခဲ့မိခြင်း မရှိ။ ဖခင်ကြီး၏ လက်သပ်မွေးအရှေ့
ဒုက္ခသည် အန်နွာကို ပွေ့ချီ၍ကာ သူ့အိပ်ရာပေါ်သို့ တင်ပေးသည်။
ကြီးအိမ်ရှိ အမျိုးသမီးများက သူတို့၏ပါးလွှာသောမျက်နှာဖုံးများကို ချွတ်
ချမ်းသဖြင့် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသော ကလေးငယ်များကို ပွတ်သ
ပေးကြသည်။ ထိုအချိန်ကား အပူရှိန်မှာ ဆယ်ဒီဂရီလောက် ထိုးကျသွားသော
လက်ကောက်တွေက တချွင်ချွင်မြည်နေသည့် ပုပုဝဝ ဇနီးသည် အမျိုးသမီး
က ထမင်းများနှင့် အငွေ့တထောင်းထောင်း ထနေသော အသားဟင်းမျာ
ယူလာသည်။ “ဖခင်ကြီး” ကိုယ်တိုင် ရွှေလက်စွပ်တွေ ဆင့်ဝတ်ထားသ
သူ့လက်ချောင်းများဖြင့် ရေဘေးဒုက္ခသည်များကို ဆီးကြိုပုံ၊ ပွဲရွှဲနေသော
ကိုယ်ရေရောဂါသည်တို့၏ ခန္ဓာကိုယ်များကို ဆီးကြိုခေါ်ယူပုံ၊ သူ့တိုက်
ရှိသည့် ပန်းကန်များဖြင့် ဒုက္ခသည်တို့အား အချိုမုန့်များ တည်ခင်းကျွေး
စသည့် မြင်ကွင်းများသည် တစ်ခါက သူ့ဆေးတိုက်ကလေးအား အိမ်
လက်ပစ်ဗုံးများဖြင့် ပစ်ခတ်ခဲ့သောအဖြစ်ကိုပင် မေ့ပျောက်သွားစေသည်။

“အဲဒီရေဘေးကြီးတုန်းက သုခမြို့တော်မှာရှိတဲ့ လူတွေဟာ ညီရင်းအစ
တွေလို တစ်ယောက်ကိုတစ်ယောက် ကူညီကြတယ်ဗျ၊ မူဆလင်တွေကတ



တွေကို သူတို့အိမ်တွေထဲကိုခေါ်ကြတယ်။ လူငယ်တွေက ရေနစ်ခံပြီး သက်ကြီး
ယ်အိုတွေကို ပခုံးပေါ်မှာထမ်းပြီး သယ်လာကြတယ်။ လန်ချားသမားတွေက
ီးတစ်ဝက်ကျော်ကျော်လောက် နစ်နေတဲ့ ရေထဲမှာ လူမမာတွေကို အဖိုးအခ
ယူဘဲ လွတ်ရာကျွတ်ရာကို သယ်ပို့ပေးကြတယ်။ စားသောက်ဆိုင်ပိုင်ရှင်တွေက
ိုင်တွေပိတ်ပြီး ပလီကြီးထဲမှာ စခန်းချနေတဲ့ ဒုက္ခသည်တွေကို စားစရာ
သောက်စရာတွေ လာပို့ပေးကြတယ်” ဟု ကိုဗာစကီးက တအံ့တသြပြောသည်။

ထိုမျှ ဒုက္ခရောက်နေသည့် အချိန်တွင် သူတို့သည် ဘုရားတရားကိုလည်း
မေ့ကြ။ သုံးပေလောက် ရေဝင်နေသည့် သူ့အခန်းကလေးသို့ ပြန်ရောက်
သည့်အခါတွင် ခရစ်တော်၏ ရုပ်ပုံတော် ရှေ့တွင် မီးတောက်လေးတွေ
တောက်နေသည့် ဖယောင်းတိုင်နှစ်တိုင်ကို သူတွေ့ရသည်။ အခြားသော ဒုက္ခ
သည်များနှင့်အတူ သူတို့အိမ်ကလေးကို စွန့်ပစ်မပြေးမီတွင် မိန်းမရှာ ကာလီမာ
သည် ကိုဗာစကီး၏ အခန်းသို့ဝင်ကာ ဖယောင်းတိုင် နှစ်တိုင်ထွန်းညှိပူဇော်
ထားခဲ့ခြင်းဖြစ်သည်။ မိုးရွာရပ်ပြီး ရေကျသွားရန် ကိုဗာစကီး၏ ဘုရားသခင်ထံ
င်၍ ဆုတောင်းပေးခဲ့ခြင်း ဖြစ်လေသည်။

သို့ရာတွင် ဆုသာတောင်းရသော်လည်း မိုးသည် စဲမသွားပါ။ ကာလကတ္တား
သူမြို့သားတို့သည် ရေဘေးကြီးကို ရက်ပေါင်းများစွာ ကြုံတွေ့နေကြရပါသည်။
က်စ် စိုးရိမ်ခဲ့သည့် အတိုင်း ကာလဝမ်းရောဂါနှင့် အူရောင်ငန်းဖျားရောဂါတွေ
ဖြစ်ပွားလာခဲ့သည်။ ထိုအတွက် ဆေးဝါးများမရှိ။ လူနာများကို ပြောင်းရွှေ့
ရာ နေရာမရှိ။ အသေအပျောက်တွေ ရှိလာသည်။ သို့ရာတွင် အလောင်း
ားကို မမြှုပ်နိုင်။ မီးသဂြိုဟ်ခြင်း မပြုနိုင်။ အလောင်းများသည် ရေတွေ
နေသည့် လမ်းများပေါ်တွင် ပေါလော မျောနေကြသည်။ နာရီအနည်းငယ်
လေး အတွင်းတွင် မက်စ်သည် လမ်းမပေါ်တွင် မျောနေသည့် အလောင်းတို
ကြာခဏဝင်၍ ခလုတ်တိုက်မိသည်။ အနီးတစ်ဝိုက်တွင် ရေတွေပြည့်လျှံနေသော်
ည်း သောက်စရာ ရေမရှိ။ အချို့ကမူ အဝတ်စုတ်များ၊ ထီးများတို့ ခံ၍
ယူလာသော မိုးရေကို သောက်လိုက်ကြသည်။ စားရေရိက္ခာ အခြေအနေမှာ
ည်း တော်တော်ဆိုးနေသည်။

ဆာလာဒင်သည် လှေတစ်စီးကို ရှာလာကာ ထိုလှေပေါ်တွင် အိုးကြီး
လုံးကို တင်ပြီး အိမ်ပေါက်စေ့လိုက်၍ ဆန်များ၊ ဂျုံများကို အလှူခံကာ
ပလီကြီးထဲရှိ ရေဘေးဒုက္ခသည်များအတွက် လာပို့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤ ဗရုတ်ဗရက် ကာလကြီးတွင် အထူးဆန်းဆုံးသောအရာမှာ ဘဝကြီးသည် ခါတိုင်းကဲ့သို့ အသွားအလာမပျက် လှုပ်ရှားနေခြင်းပင်ဖြစ်သည်။ ရေရုံးနေသည့် လမ်းကြားကလေးတစ်နေရာသို့ အရောက်တွင် မက်စ်သည် သူ့တစ်သက်တွင် မေ့နိုင်ဖွယ်ရာ မရှိတော့သော ရှုခင်းတစ်ခုကြောင့် ရပ်တန့်၍ ကြည့်နေမိသည်။ ယင်းမှာ ပခုံးလောက်အထိ နစ်သော ရေထဲတွင် ကလေး သိုက်သည် တဝုန်းဝုန်းကူးခတ်ပြေးလွှားရင်း စင်ကလေးတစ်ခုပေါ်တွင် အသ ကြီးတစ်ယောက် ရောင်းနေသည့်ပလတ်စတစ် ကားကလေးများ၊ အရုပ် များကို ဝိုင်းကြည့်နေကြခြင်းဖြစ်သည်။

မိုးနတ်၏ ဒေါသမာန်ဟုန်သည် ရှစ်ရက်နှင့် ရှစ်ညတိုင်တိုင် လျော့ ခြင်းမရှိသေး။ ထို့နောက်မှသာ တဖြည်းဖြည်းလျော့သွားခဲ့သည်။ သို့ရာတွင် မိုးကြောင့် ကျန်ခဲ့သည့် ရေများမှာ တစ်လလောက်အထိ မကျသေး။ ပျက် နေသည့် လမ်းများပေါ်တွင် ဘတ်စ်ကားအချို့ အရဲစွန့်ပြီး ထွက်လာကြသည်။ မိုးကြောင့် မိုင်လေးရာကျော်ခန့်ရှိ လမ်းများ ပျက်စီးသွားခဲ့ကြသည်။ လူငါးသိန်း ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ကာ ပစ္စည်းဆုံးရှုံးသွားကြသည်။ ပျက်စီးနေသော သို့မဟုတ် ဆောက်လုပ်ဆဲဖြစ်နေသော ထောင်ပေါင်းများစွာသော အဆောက်အအုံများ သည် ပြိုလဲကုန်ကြသည်။ ရပ်ကွက်အများအပြား လျှပ်စစ်ကြိုးတွေ ပြတ်ထွက် ကြသည်။ တယ်လီဖုန်းကြိုးတွေ ပြတ်ကုန်ကြသည်။ ရေလှောင်ကန်ပြို ရာပေါင်းများစွာတို့ ရေတွေ လျှံကုန်ကြသည်။

အထူးသဖြင့် ဆင်းရဲသားရပ်ကွက်များ၏ အခြေအနေမှာ ပို၍ဆိုးသည် ရေကျသွားသည့်အခါတွင် သုခမြို့တော်သည် ညစ်ညမ်းသော ရွံ့ဗွက်ရေအိုင်ကြီး ဖြစ်ကျန်ရစ်ခဲ့သည်။ ရွံ့တွေက စေးကပ်ကာ နံစော်လျက်။ ထိုရွံ့တွေထဲတွင် ခွေးသေကောင်များ၊ ကြွက်သေကောင်များ၊ အိမ်မြှောင်သေကောင်များ လူသေ အလောင်းများပင် ကျန်ရစ်ခဲ့ကြသည်။ အညစ်အကြေးတွေထဲမှ ယင်ကောင် သန်းပေါင်းများစွာတို့သည် ပေါက်ဖွားလာကြကာ ကျန်ရစ်သူ ထံ ဦးတည် ပျံသန်းလာခဲ့ကြသည်။ ကူးစက်သည့် ရောဂါတွေ ပေါ်လာသည် နောက်ထပ် ရောဂါပျံ့နှံ့ခြင်း မရှိစေရန် ပြွန်နှင့် ဗန်ဒိုနာတို့က မြူနီစီပယ် ပေးသော ပိုးသတ်ဆေးတန်ပေါင်းများစွာကို ယူလာပြီး ဖျန်းကြသည် သို့ရာတွင် ပိုးသတ်ဆေးပက်ဖျန်းပေးရသည့်အတွက် စေတနာ့ဝန်ထမ်းလုပ်သား များတွင် အထိအခိုက်တွေ ပေါ်လာသည်။ ပိုးသတ်ဆေးလောင်ကျွမ်းသူ



အရိုးကို စားမည်စိုးသည့်အတွက် မက်စ်သည် ဒဏ်ရာရသူ၊ လောင်ကျွမ်းသူ များ၏ လက်များ၊ ခြေများကို ဖြတ်တောက်ပေးခဲ့ရသေးသည်။

ထိုအချိန်လောက်တွင်ကား ကိုဗာစကီးမှာ မှတ်ဆိတ်မရိတ်ရသည်မှာ နှစ်ပတ်ရှိလေပြီ။ သူ့တစ်ကိုယ်လုံးမှာလည်း ညစ်ပတ်နံစော်ကာ သန်းတွေကက် နေလေပြီ။ ထိုအချိန်ကျမှပင် ကိုဗာစကီးသည် သူ့အိမ်ခေါင်းကလေးဆီသို့ ပြန်လာနိုင်တော့သည်။ အခြားသူများလည်း အသီးသီးပြန်ရောက်လာကြသည်။ အိမ်တွေကို ရှင်းကြရသည်။ အညစ်အကြေးတွေကို သုတ်သင်ကြရသည်။ မိန်းမရှာ ကာလိမာတို့ တစ်သိုက်လည်း ပြန်ရောက်လာကြကာ ကိုဗာစကီးကို နှုတ်ဆက်ကြသည်။

"ကျွန်တော်တို့လဲ ပြန်လာကြပြီ ဆရာကြီး၊ ဆရာကြီးကို မျှော်နေကြတာ" ဟု ကာလိမာက လှိုက်လှဲစွာ နှုတ်ဆက်၏။

သူမရောက်ခင်တွင် သူ့အခန်းကလေးကို မိန်းမရှာတစ်သိုက်က ပွတ်တိုက် ဆေးကြောပြီး နေသားတကျ ဖြစ်အောင် ပြင်ဆင်ပေးထားသည့်အခါတွင် ကိုဗာစကီး အံ့သြနေသည်။ သူ့ဘုရားစင်ကလေးကိုလည်း ပြည်ဆင်မွမ်းမံ ထားကြသည်။ ကိုဗာစကီးသည် သူတို့၏ စေတနာကို ထုတ်ဖော် ချီးကျူးမိသည်။

ကိုဗာစကီးသည် သူ့တဲကလေးထဲသို့ ပြန်ရောက်ပြီး တရားထိုင်နေစဉ် အသံတစ်သံကြောင့် အာရုံပျက်သွား၏။ အခြားမဟုတ်ပါ။ ဟာစရီပါးဖြစ် ပါသည်။ ဟာစရီပါးမှာ ထိုအတောအတွင်းတွင် များစွာ ပိန်ချုံးသွားခဲ့လေပြီ။ ကိုဗာစကီးသည် သူ့ကို ကောင်းကောင်းပင် မမှတ်မိချင်တော့။

"ဆရာကြီး ကျွန်တော် သေပျော်ပြီခင်ဗျ၊ ကြည့်စမ်း။ ကျွန်တော် ဒီအတွင်းမှာ ဘယ်လောက် စုမိခဲ့တယ် ထင်သလဲ။ ကျွန်တော့် သမီးကလေး အတွက် ယောကျ်ားတစ်ယောက် ကောင်းကောင်း ရှာပေးနိုင်ပြီခင်ဗျ"

ဟာစရီပါးသည် ငွေစက္ကူများကို ဖြန့်ပြနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

၆၀

သူ့တွင် ရှိသမျှသော ဥစ္စာပစ္စည်းတို့ကို ကြေးလင်ပန်းကလေးတစ်ချပ်ထဲတွင် စုပုံထားသည်။ ယင်းတို့မှာ ခရုသင်းတစ်ခု၊ လန်ချားတွင် တပ်သည့် ခေါင်းလောင်းကလေးတစ်လုံး၊ ဂင်္ဂါမြစ်ရေထည့်ထားသည့် အိုးကလေးတစ်လုံး၊ ထောပတ်ဆီအိုးတစ်လုံး၊ ခွပ်ခုရှိသည့် ဖယောင်းတိုင်တစ်ချောင်းတို့ဖြစ်သည်။ ထိုဖယောင်းတိုင်မှာ မီးနတ်ကို ပူဇော်သည့် အခါတွင် ထွန်းရန်ဖြစ်သည်။ သူ့အမည်မှာ ဟာရိဂိရိဖြစ်ပြီး အသက်လေးဆယ့်သုံးနှစ်ရှိပြီ။ သေးကွေးကျုံလှီသည့် ခန္ဓာကိုယ်ရှိပြီး နဖူးပေါ်တွင် မှဲ့ကြီးတစ်လုံးပေါက်လျက်ရှိသည်။ သူ့အလုပ်မှာ ဟိန္ဒူဘုန်းတော်ကြီးဖြစ်လေသည်။ သူသည် ဆင်းရဲသားရပ်ကွက်တွင် အဆင်းရဲဆုံးသော မဒရာစီများနေသည့် တဲတန်းကလေးအနီးတွင် တဲကလေးတစ်လုံးဖြင့် တစ်ယောက်တည်းနေသည်။ သူ့တဲရှေ့တွင် နတ်စင်ကလေးတစ်ခုရှိ၏။ ထိုနတ်စင်ကလေးကား ဆီတိုလာနတ်ခေါ် ကျောက်ရောဂါကို ကာကွယ်ပေးသည့် နတ်ဖြစ်သည်။ မည်းနက်သော မျက်လုံး၊ ဆေးနီရောင်ခြယ်ထားသည့် နဖူးနှင့် လည်ပင်းတွင် မြွေဆောက်ရုပ်များနှင့် ခြင်္သေ့ရုပ်များကို ထုထားသည့် ဆီတိုလာနတ်ရုပ်သည် ကာလီနတ်ထက်ပင် ကြောက်စရာအသွင်ကို ဆောင်နေသေးသည်။ ထိုရပ်ကွက်ကလေးထဲတွင် ဟိန္ဒူဘုန်းကြီးနာမည်ကြီးနေခြင်းမှာ ဆီတိုလာနတ်စင်ကြောင့် သက်သက်မဟုတ်။ သူ့ထံတွင် အိန္ဒိယအမျိုးသမီးငယ်တို့အား လင်ကောင်း သားကောင်းရှာပေးနိုင်သည်ဟု အဆိုရှိသော ဆင်၏ ဦးခေါင်းရှိသော ဂါနက်ရှ်နတ်ဘုရား၏ သမီးတော်ဖြစ်သော ဆန်တိုရှီမာတာနတ်ရုပ်ကြောင့်လည်းဖြစ်သည်။ လင်သားဆုပန်လိုသော အမျိုးသမီးငယ်တို့သည် သင့်လျော်သော ပူဇော်ပသကြေးဖြင့် ဟိန္ဒူဘုန်းတော်ကြီး ဝိရိထံရောက်လာကြကာ သူတို့အတွက် ပသပူဇော်ပေးရန် ပြောကြသည်။ ဟိန္ဒူဘုန်းကြီး တကာတို့အနက် ပူဇော်သကြေး အများဆုံးရသူများမှာ လက်ထပ်ထိမ်းမြားရေးကိစ္စကို ဆောင်ရွက်ပေးသည့် ဘုန်းကြီးများဖြစ်သည်။ ဝိရိသည် တစ်ဖက်က ထိုသို့



ပူဇော်ပသပေးသည့်အပြင် သူကိုယ်တိုင်ကလည်း ဗေဒင်အတတ်ကို တတ်သေးသည်။ ထို့ကြောင့် အမျိုးသမီးငယ်တို့၏ လက်ထပ်ထိမ်းမြားရေးကိစ္စနှင့် ပတ်သက်လာလျှင် ထိုရပ်ကွက် ကလေးထဲတွင် ဝိရိဆီသို့သာ ရောက်လာကြမြဲဖြစ်သည်။

သမီး လင်ကောင်းသားကောင်းမရမှာကို စိတ်ပူရှာသည့် ဟာစရီပါးသည် နောက်ဆုံးတွင် ဝိရိထံသို့ ရောက်လာခဲ့သည်။ တစ်ညနေ၌ ဝိရိသည် သူ့သမီးငယ်၏ မွေးနေ့နှင့် အချိန်ကိုမေးရန် လန်ချားသမား ဟာစရီပါးအိမ်သို့ ရောက်လာသည်။ ဟာစရီပါးက သူ့သမီး၏ မွေးနေ့၊ မွေးချိန်တို့ကို ပေးလိုက်သည့်အခါတွင် ဝိရိက...

"အေး...အေး...ကောင်းပြီ။ တွက်ချက်ပြီး မကြာခင် ပြန်လာပြောလည့်မယ်" ဟု ဆို၍ ပြန်သွားသည်။

ပြောသည့်အတိုင်းပင် ဝိရိသည် ရက်အနည်းငယ်အကြာတွင် ဟာစရီပါးအိမ်သို့ ရောက်လာပြန်သည်။

"မင်းသမီးရဲ့ ဇာတာကို စစ်ဆေးကြည့်ပြီး သူ့ဇာတာနဲ့ ကိုက်တဲ့ ကောင်လေးတစ်ယောက်ကို ငါတွေ့ထားတယ်ကွ၊ ငါ့အသိထဲက ဆိုပါတော့၊ ကောင်လေးရဲ့ မိဘမျိုးရိုးကတော့ အိုးထိန်းသည်တွေထဲကပဲ၊ ဒီနားတစ်ဝိုက်မှာ သူတို့အိုးဖုတ်တဲ့ဖို နှစ်ဖိုရှိတယ်။ တင့်တောင့်တင့်တယ်ထဲကပါပဲ။ မင်းတို့ဘက်က သဘောတူမယ်ဆိုရင် ကောင်လေးဘက်က မင်းတို့ကိုလာပြီး စကားပြောပါလိမ့်မယ်။

ဝိရိက ဝမ်းသာအားရဖြင့် ပြောသည်။

ဟာစရီပါး၏ ဝမ်းသာပုံမှာကား ဆိုဖွယ်မရှိတော့ပြီ။ ဟာစရီပါးသည် ဝိရိ၏ ခြေအစုံကို နဖူးဖြင့်ထိသည်။ ထို့နောက်လက်ကို နဖူးပေါ်သို့တင်၍ အရိုအသေပေးသည်။ ဝိရိကား ကိုယ့်သိက္ခာကိုယ် ရိုသေခြင်းမရှိသည့် ဘုန်းကြီးဖြစ်သည့် အလျောက် မအောင့်နိုင်တော့ပြီ။

ဟာစရီပါးက ဤသို့ အားကိုးတကြီး အမှုအရာပြလိုက်သည်နှင့် သူ့အခကြေးငွေအတွက် စရန်ငွေ ကြိုတင်ပေးရန်တောင်းသည်။

ဟာစရီပါး၏ အိမ်သို့ ဟိန္ဒူဘုန်းကြီးဝိရိရောက်လာခြင်းသည် သနားစရာ ရယ်ရှင်ဖွယ် ဇာတ်လမ်းတစ်ပုဒ် အစပြုရန် ဖန်တီးလာခြင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဗာစကီးသည် ထိုအနီးတစ်ဝိုက်တွင်နေသူဖြစ်သည့်အလျောက် ထိုဇာတ်လမ်းတွင် အရေးကြီးသူတစ်ယောက်ဖြစ်လာခဲ့သည်။

ထုံးစံအားဖြင့်ဆိုလျှင် လက်ထပ်ထိမ်းမြားခြင်းမပြုမီ နှစ်ဦးနှစ်ဖက်ကြောင်းလမ်းခြင်း၊ ခန်းဝင်ပစ္စည်းကိစ္စ၊ ငွေတင်တောင်းသည့်ကိစ္စတို့ကို အများရှေ့တွင် ပြောရမည်ဖြစ်သော်လည်း နှစ်ဖက်မိဘတို့သည် ငွေရေးကြေးရေးကိစ္စများကို လူပုံလယ်တွင် မပြောချင်ကြ။ လူရှင်းရာတွင် တိုးတိုးတိတ်တိတ်သာ ပြောချင်ကြသည်။

"ဒီလိုဆိုရင် ကျွန်တော့်အခန်းကိုလာခဲ့ပါလား" ဟု ကိုဗာစကီးက သူ့အခန်းကလေးကို အသုံးပြုရန် ဖိတ်ခေါ်သည်။

သို့ဖြင့် နှစ်ဖက်လူကြီးမိဘများသည် ကိုဗာစကီး၏ အခန်းထဲရှိ ခရစ်တော်၏ ရုပ်ပုံကားချပ်ရှေ့တွင်ထိုင်၍ စကားပြောကြသည်။ လူကြီးများသာ တက်ပြီး သတို့သားနှင့် သတို့သမီးတို့ကား မတက်ကြရ။ သူတို့သည် မင်္ဂလာဆောင်ပြီးမှသာ တစ်ယောက်ကိုတစ်ယောက် မြင်ဖူးကြမည် ဖြစ်သည်။

သတို့သားဘက်မှ အဖေမှာ မျက်နှာထားဆိုးဆိုး၊ ကိုယ်လုံးတောင့်တောင့်ဖြစ်ပြီး ခေါင်းတွင် မုန်ညင်းဆီတွေ ရွှဲနေအောင် လိမ်းထားသည်။ နှစ်ဖက်လူကြီးများ ဆိုရာတွင် မျက်နှာထားဆိုးဆိုး၊ ခေါင်းတွင် မုန်ညင်းဆီတွေ အရွှဲသားလိမ်းထားသည့် သတို့သား၏ အဖေ၊ သတို့သမီး၏ အဖေဖြစ်သည့် ဟာစရီပါး၊ ဗြဟ္မဏပုဏ္ဏားဖြစ်သည့် ဝီရိနှင့် ကိုဗာစကီးတို့ဖြစ်သည်။ နှစ်ဖက်မိဘများသည် နှုတ်ဆက်စကားပြောဆိုပြီးနောက် လိုရင်းကိစ္စကို စတင်ပြောဆိုကြသည်။

"ကျွန်တော့် သားက ရှာမှရှားဆိုတဲ့ သားမျိုး ခင်ဗျ။ ဒါကြောင့် သူ့ဇနီးဟာလဲ သူ့လိုပဲ အရည်အချင်းရှိတဲ့ မိန်းကလေးဖြစ်စေချင်တယ်"

သတို့သား၏ အဖေက ဆိုင်းမဆင့် ဗုံမဆင့် ကြေညာသည်။

သတို့သား၏ဘက်က စကားအသွားအလာကို ကြည့်၍ သူတို့ သဘောထားကို အားလုံး ရိပ်မိလိုက်ကြလေပြီ။ သတို့သား၏ အဖေသည် သတို့သား၏ ရုပ်ရည်ကို လည်းကောင်း၊ စာရိတ္တကို လည်းကောင်း တစ်လုံးတစ်ပါဒမျှ ပြောဆိုခြင်းမရှိ။ သူလိုချင်သည့် ငွေကိုသာ တင်တောင်းရန် ပြောနေသည်။



ဟာစရီပါးသည် ဘာပြန်ပြောရမှန်းမသိ။ ကိုဗာစကီး၏ မျက်နှာကိုသာ လှမ်းကြည့်နေသည်။ ကိုဗာစကီးကို သူဖိတ်ခဲ့ခြင်းမှာလည်း သူ့ကိုယ်စား ပြောစရာရှိသည်ကို ပြောရန် အားကိုးတကြီးဖြင့် ဖိတ်ခဲ့ခြင်းဖြစ်သည်။ ကိုဗာစကီးရှိနေလျှင် သတို့သားဘက်က သူတို့ထင်သလို တစ်ဖက်စီးနင်း ပြောနိုင်မည်မဟုတ်ဟု ယူဆခဲ့သည်။ သို့ရာတွင် ဟာစရီပါးအတွက် မှားသွားလေပြီ။

သတို့သားဘက်ကမူ ဟာစရီပါး ထင်သလို မဟုတ်။ ကိုဗာစကီးရှိနေခြင်းသည် သူတို့အတွက် အာမခံရန်လာသည်ဟု ထင်နေသည်။ သတို့သမီးဘက်က သူတို့တောင်းသော ငွေကိုမပေးနိုင်လျှင် ကိုဗာစကီးက ဝင်ပြောပေးလိမ့်မည်ဟု သူတို့ထင်နေသည်။

"ကျွန်တော့် သမီးကလဲ ခင်ဗျားသားလိုပါပဲ။ ခြွင်းချက်ထားရမယ့် သမီးမျိုးပါ" ဟု ဟာစရီပါးက အားကျမခံပြောသည်။

"ဟုတ်တာပေါ့ဗျာ၊ ကိုယ့်သမီးက အဖိုးတန်ဆိုရင် ခန်းဝင်ပစ္စည်းကိုလဲ များများပေးသင့်တာပေါ့" ဟု သတို့သား၏ အဖေကဆိုသည်။

"ဒါကတော့ ကျွန်တော်တို့ဘက်က ကိုယ့်တာဝန်ကို ကျေအောင်လုပ်မှာပါ"

"ကောင်းပါလေ့ဗျာ၊ ဒီလိုဆို ဘယ်လောက်များ တင်တောင်းမလဲ" ဟု ဆိုကာ သတို့သားအဖေက ဘီဒီဆေးလိပ်တစ်လိပ်ကို ညှိသောက်သည်။

အိန္ဒိယအမျိုးသမီးတစ်ယောက်အတွက် ခန်းဝင်ပစ္စည်းမှာ နှစ်မျိုးရှိသည်။ တစ်မျိုးမှာ သတို့သမီးတွင် ဝတ်စားထားသည့် လက်ဝတ်ရတနာများနှင့် အဝတ်အစားများဖြစ်၏။ ယင်းတို့မှာ သူ့ကိုယ်ပိုင်ပစ္စည်းများ ဖြစ်သည်။ နောက်တစ်မျိုးမှာ လက်ထပ်ပြီး ဇနီးမောင်နှံအတွက် ဖွဲ့သည့် လက်ဖွဲ့ပစ္စည်းများဖြစ်သည်။ ဟာစရီပါးသည် နှစ်ခုစလုံးထည့်ရန်ဖြစ်၏။ စာရင်းမှာ သိပ်မများလှပါ။ သို့ရာတွင် ပစ္စည်းတစ်ခုတိုင်းသည် မိုးထဲရေထဲတွင် လန်ချားခေါက်ရေများစွာ ဆွဲပြီးမှ ရခဲ့ခြင်းဖြစ်သည်။ စွန့်လွှတ်မှုပေါင်းများစွာကို လုပ်ပြီး၊ ခြိုးခြံမှုပေါင်းများစွာကို လုပ်ပြီးမှ ရခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပစ္စည်းတစ်ခုမေးလိုက်ရခြင်းသည် သူ့အသွေးအသားကို တစ်ဖဲ့ဖဲ့ပေးလိုက်ရသည် ဟု ထင်၏။ သတို့သမီးဘက်မှ စာရင်းတွင် ချည်ဆာရီနှစ်ထည်၊ ဆောင်းအင်္ကျီ

www.burmeseclassic.com



နှစ်ထည်၊ ရှောဇောင်တစ်ထည်၊ အိုးခွက်ပန်းကန်များနှင့် ဥသဖျာများဖြင့် လုပ်ထားသည့် လက်ဝတ်လက်စားတို့ဖြစ်သည်။ သတို့သား၏ မိသားစုအတွက် တင်တောင်းရသည့် ပစ္စည်းများမှာ ဒိုတီနှစ်ထည်၊ စွပ်ကျယ်အင်္ကျီများ ခန့်ချာပီ ဘောင်းဘီတစ်ထည်၊ လည်ပင်းမှ ဒူးအထိရှိသည့် အပေါ်အင်္ကျီရှည် တစ်ထည်တို့ဖြစ်သည်။ ထိုပစ္စည်းများသည် လူဆင်းရဲတစ်ယောက် ဖွဲ့ရသည့် ခန်းဝင်ပစ္စည်းများဖြစ်သည်မှာ မှန်သည်။ သို့ရာတွင် ထိုပစ္စည်းစုစုပေါင်းတန်ဖိုး သည် ငွေနှစ်ထောင်ခန့်ရှိလေရာ လူမမာ လန်ချာသမားတစ်ယောက်ဖြစ်သော ဟာစရီပါးလို ဆင်းရဲသားအဖို့ကား ဇောတိက၏စည်းစိမ်နီးပါးလောက်ရှိသည်။

သတို့သား၏ ဖခင်သည် စာရင်းကိုဖတ်ပြီးသည့် နောက်တွင် မျက်ခုံး နှစ်ဖက်ကို အထက်သို့ ချီလိုက်ပြီး အတန်ကြာ တိတ်ဆိတ်နေသည်။ ထိုနောက်မှ...

"ဒါ အရေးကုန်ပဲလား"

ဟာစရီပါးက ဝမ်းပန်းတနည်းဖြင့် ခေါင်းယမ်းပြလိုက်၏။ သို့ရာတွင် သတို့သား၏ ဖခင်ရှေ့တွင် မာနကို အချိုးမခံနိုင်။

"ကျန်တဲ့ တန်ဖိုးကတော့ဗျာ ကျွန်တော့် သမီးရဲ့ အရည်အချင်းတွေနဲ့ စာလိုက်ရင် ဘာမှ မပြောလောက်ပါဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် နောက်ထပ် ခြေချောင်းမှာ ဝတ်ဖို့ ခြေကွင်းကလေးနှစ်ကွင်းလောက်တော့ထည့်ဖို့ ကောင်းတာပေါ့ဗျာ။ ပြီးတော့ နှာခေါင်းမှာတပ်တဲ့ ကွင်းကလေးတစ်စုံရယ်၊ နဖူးမှာတပ်တဲ့ ရွှေပြား ကလေးရယ်လောက်တော့ ထည့်ဖို့ကောင်းတာပေါ့။ ကျုပ်တို့ မိသားစုအတွက် လက်ဆောင်ဆိုပါတော့"

ထိုသို့ပြောနေစဉ် ပုဏ္ဏားကကြားဖြတ်၍...

"နေကြဦးဗျ...နေကြဦး၊ ခင်ဗျားတို့ချင်း အလဲအလှယ် မလုပ်ခင် ကျုပ်အတွက် ဘယ်လောက် ဘယ်ရွေ့ဘယ်မျှ ကန်တော့မယ်ဆိုတာတော့ သတ်မှတ်သင့်တယ်ဗျ"

"စဉ်းစားထားတာရှိပါတယ် ဆရာကြီးရယ်၊ ဆရာကြီးဖို့ ဒိုတီနှစ်ထည်နဲ့ ဆရာကြီးရဲ့ ဇနီးဖို့ ဆာရီတစ်ထည် ကန်တော့ပါမယ်"



"ဒိုတီနှစ်ထည်နဲ့ ဆာရီတစ်ထည် ဟုတ်စ၊ နောက်နေပြန်ပြီ ထင်တယ်" ဟု ပုဏ္ဏားက ပြောသည်။

သူ့မိတ်ဆွေ ဟာစရီပါး၏ နဖူးပြင်ပေါ်တွင် ချွေးသီးကြီးတွေ စို့လာ သည်ကို ကိုဗာစကီး သတိပြုလိုက်မိသည်။

"အင်း...သင်းတို့ တစ်တွေဟာ ဟာစရီးပါးကိုယ်မှာ အဝတ်တစ်ဝင်မှ မကျန်အောင် နှုတ်ယူကြတော့မယ် ထင်တယ်" ဟု သူ့ဘာသာသူတွေးနေသည်။

ကာလီမာနှင့် အိမ်နီးချင်း တစ်သိုက်တို့ကား အပေါက်ဝမှ ရပ်၍ နားထောင်ကာ သူတို့သတင်းကို ဝိုင်းထဲရှိလူများသို့အမြဲ သတင်းပို့နေကြသည်။

သူတို့ဆွေးနွေးပွဲသည် နှစ်နာရီခန့် ကြာသည့်တိုင် မည်သည့်အခြေအနေမျိုး နှစ်ဖက်စလုံးက တင်းခံနေကြသည်။ စေ့စပ်ကြောင်းလမ်းသည့် ကိစ္စမျိုးဆိုသည် မှာ အလွန်လက်ဝင်သည့်အလုပ် မဟုတ်လော။

နောက်သုံးရက်အကြာတွင် ထိုနေရာမှာပင် ဒုတိယအကြိမ်ထပ်မံ တွေ့ဆုံ ပြောဆိုကြပြန်သည်။ ထုံးစံအတိုင်းပင် ဟာစရီပါးက သတို့သား၏ မိဘများ နှင့် ပုဏ္ဏားသို့ ကန်တော့မည့် ပစ္စည်းများ စာရင်းကို တင်ပြသည်။ နောက် ထပ် ပစ္စည်းကလေးတစ်ခု ထပ်ထည့်သည်မှအပ အခြားဘာမျှမထူး။ သို့ရာတွင် စောင့်ဆိုင်းနေရသည့် ထိုသုံးရက် အတွင်းတွင်မူ လန်ချာသမား၏ ခွန်အား တို့သည် ယုတ်လျော့ခဲ့ကြလေပြီ။ အသက်ရှူရသည်မှာ ပို၍ခက်လာ၏။ ယခင်က မက်စ်က ဆေးထိုးပေးခဲ့သဖြင့် သက်သာခဲ့သော်လည်း ယခုမူ ချောင်းသည် တဟွတ်ဟွတ်ပြန်ဆိုးလာသည်။ သူ့သမီးကလေးကိစ္စ မပြီးခင် သူသေမည်ကို စိုးရိမ်သည်။ ထို့ကြောင့် ဟာစရီပါးသည် သူတို့တောင်းသမျှကို လက်ခံရန် အဆင်သင့်ဖြစ်နေသည်။ သူသေသွားလျှင် သူ့သမီးကလေးကို မင်္ဂလာဆောင်ပေးနိုင်တော့မည် မဟုတ်ဟု သူတွေး၍ စိုးရိမ်နေသည်။ ယခု တစ်ကြိမ်တွင်မူ ပုဏ္ဏားက စ၍ စကားပြော၏။ သူ့တောင်းသည့် တောင်းဆိုချက် မှာ များလွန်းသဖြင့် သတို့သား၏ ဘက်နှင့် သတို့သမီး၏ဘက်တို့ ပထမဆုံး အကြိမ်တစ်ထပ်တည်းဖြစ်နေကြသည်။ သူ့တောင်းဆိုချက်ကို နှစ်ဖက်စလုံးက တစ်ညီတစ်ညွတ်တည်း ငြင်းပယ်ကြသည်။

"ကောင်းပြီလေ၊ ဒီဆိုလိုရင် ကျုပ်က ဒီကိစ္စကို မလုပ်ဘဲနေလိုက်မယ်" ဟု ပုဏ္ဏားကဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဘယ်ကောင်းမလဲဗျာ၊ ဒီလိုဆိုရင် ကျွန်တော်တို့မှာ နောက်ထပ် ဆရာတစ်ယောက် ရှာရတော့မလို ဖြစ်နေတာပေါ့" ဟု ဟာစရီပါးက ပြောလေ၏။

ဆရာကြီးက ရယ်လိုက်ကာ...

"သတို့သားနဲ့ သတို့သမီးရဲ့ ဇာတာတွေက ကျုပ်လက်ထဲမှာရှိ ခင်ဗျား သွားပြီး တခြားလူကို ငှားရင်လဲ ဘယ်သူမှလိုက်မှာ မဟုတ်ဘူး ကျုပ်အခါပေးနေတယ်ဆိုရင် ဘယ်သူဝင်ရဲမှာလဲ"

သူ့စကားကြောင့် ပိုင်းထဲတွင် ဆူညံဆူညံဖြစ်ကုန်သည်။ သူ့စကားဆုံး ကြားသည့်အခါတွင် တစ်ဦးက "ဒီပုဏ္ဏားတော်တော်ကောက်ကျစ်တဲ့ ပုဏ္ဏား" ဟု ဆိုသူက ဆိုကြသည်။ တချို့ကလည်း "ဒီ ပုဏ္ဏားကြီးက သတို့သားအဖေရဲ့ တကျိတ်တည်း တစ်ဉာဏ်တည်းလားမှ မသိဘာ" ဟု ဆိုကြသည်။ သူတို့ တဲကလေးတွင် ဆွေးနွေးပွဲသည် ရှေ့မတိုးနိုင်၊ နောက်မဆုတ်နိုင်ဘဲ အကျပ်တွေနေ သည်။ ဟာစရီပါးမှာ အဖျားတက်နေရာမှ လာရသဖြင့် အနည်းငယ် တုန်စပြုလေပြီ။

"ငါ့သမီး မင်္ဂလာပွဲကိုပျက်အောင် လုပ်ရဲလုပ်ကြည့်ပေါ့ကွာ၊ သင်းတို့ အရေခွံနွှာပစ်မယ်" ဟု စိတ်ထဲတွင် ကြိမ်းဝါးနေသည်။

ဟာစရီပါးသည် နီရဲသော မျက်လုံးများဖြင့် ပုဏ္ဏားကြီးကို စိုက်ကြည့်နေ လေသည်။

ပုဏ္ဏားဆရာကြီးက ပြန်ရန် မတ်တပ်ထသည်။ ဟာစရီပါးက သူ့ လက်ကောက်ဝတ်ကို ဖမ်းဆွဲထားလိုက်ရင်း "မပြန်ပါနဲ့ဦး ဆရာကြီးရယ်" ဟု တောင်းပန်သည်။

"ဒီလိုဆိုရင် ခုချက်ချင်း ငွေတစ်ရာ လက်ငင်းပေးဗျာ"

အားကိုးရာမဲ့ ဖြစ်နေသည့် အဖေနှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်နေကြသည်။ ခဏကြာလျှင် ထိုနှစ်ယောက်သည် ဒိုတီခါးကြားထဲတွင် နှိုက်နေကြသည်။

"ရော့...ခင်ဗျ" ဟု ဟာစရီပါးက သံပြတ်နှင့် ပြောကာ နဖူးပေါ်တွင် မှဲ့ကြီးတစ်လုံး ပေါက်နေသည့် ပုဏ္ဏားဆရာကြီး လက်ထဲသို့ ထည့်လိုက်သည်။

ထိုအခါတွင်ကား ပုဏ္ဏားဆရာကြီး၏ မျက်နှာသည် ဝင်းထိန်လာခဲ့ကာ သကာလောင်းထားသည့်နှယ် ဖြစ်နေလေပြီ။ သူတို့စေ့စပ်ဆွေးနွေးပွဲကိုလည်း



ပြီးစနိုင်လေပြီ။ မည်သည့် ဘုရင်၊ သို့မဟုတ် မည်သည့် သန်းကြွယ်သူဌေး၏ စေ့စပ်ပွဲမှ လူဆင်းရဲသား ရပ်ကွက်ကလေးထဲမှ ဆင်းရဲသားနှစ်ယောက်၏ စေ့စပ်ပွဲလောက် စကားများများ ပြောရမည်မထင်။ ခန်းဝင်ပစ္စည်း ကိစ္စကို ဆွေးနွေး ဖြေရှင်းရန်အတွက် သူတို့နှစ်ဖက်သည် ရှစ်ကြိမ်တိုင်တိုင် မျက်နှာ ချင်းဆိုင်ထိုင်၍ စကားပြောကြရသည်။ သူတို့ စေ့စပ်ဆွေးနွေးပွဲတွင် မှတ်ချည် ကျချည်တစ်လှည့်၊ ခြိမ်းခြောက်ချည်တစ်ခါလုပ်သည့် အခါများလည်းရှိသည်။ ပြသွားကြသည့်အခါများလည်းရှိ၍ ပြန်လည် စေ့စပ်သည့်အခါများလည်း ရှိသည်။ ပြန်၍ဆုံကြသည့်အခါတိုင်းလည်း တောင်းဆိုချက်အသစ်တွေ ပါလာ တတ်သည်။ ပထမနေ့တွင် သတို့သားဘက်ကဘိုင်စကယ်တစ်စီး တင်တောင်း ရမည်ဆိုသော်လည်း နောက်တစ်နေ့တွင် ဘိုင်စကယ် မဟုတ်တော့။ ထရန် စစ္စတာ ရေဒီယိုတစ်လုံးတင်ရမည်ဟု ဆိုသည်။ ပထမနေ့က ရွှေ တစ်အောင်စ တင်ရမည်ဟု ဆိုပြီး နောက်တစ်နေ့တွင် ထိုမျှနှင့် မဖြစ်သေး။ ဒိုတီတစ်ထည် ပါရဦးမည်ဟု ဆိုပြန်သည်၊ မင်္ဂလာပွဲ မကျင်းပမီ ခြောက်ရက်အလိုတွင်ကား မင်္ဂလာပွဲသည် ဖျက်ပစ်လိုက်ရမည့် အခြေအနေသို့ပင် ရောက်သွားပြန်လေပြီ။ သတို့သားဘက်က တင်တောင်းသည့် ပစ္စည်းထဲတွင် ဆာရီဆယ့်နှစ်ထည်ဟု ပါးလည်၍ လက်ခံခဲ့ခြင်းဖြစ်ကြောင်း၊ သတို့သမီးဘက်က ပြောသလို ဆာရီ ခြောက်ထည် မဟုတ်ကြောင်းဖြင့် အငြင်းပွားကြသောကြောင့်ဖြစ်သည်။ ဤတွင် သတို့သားဘက်က လူငယ်တစ်ယောက်က ကိုဗာစကီးထံသို့ ရောက်လာသည်။

"ဆရာကြီး ကြည့်ရှင်းပေးပါဦး၊ ပျောက်သွားတဲ့ ဆာရီခြောက်ထည် အတွက် ဆရာကြီးပဲ ကြားထဲက စိုက်ပေးပါ၊ ဆရာကြီး ကယ်တင်နိုင်ပါတယ်" ဟု လာ၍ပြောသည်။

သို့ဖြင့် သမီး မင်္ဂလာဆောင်နိုင်ရေးအတွက် မာရသွန်အပြေးပြိုင်ပွဲများ ကို ပြေးခဲ့ရသည့် ဂီလာန လန်ချားသမားသည် အားအင်ကုန်ခန်းလာခဲ့သည်။ နောက်တစ်နေ့မနက် လန်ချားကို သွား၍ ကောက်သည့်အခါ၌ကား မဟာပထဝီ မြေကြီးသည် သူ့ခြေထောက်အောက်တွင် အရည်ပျော်သွားသည့်နှယ် ထင်လိုက် ရသည်။

"ဆရာကြီးရယ်၊ ခြေလှမ်း လှမ်းလိုက်တိုင်း ကျွန်တော့် စိတ်ထဲမှာ အောက်က မြောင်းကြီးထဲကို ကျသွားသလို စိတ်ထဲမှာ ထင်လိုက်ရတယ်ဗျာ။ ပြီးတော့ ကျွန်တော့် ဘေးပတ်ပတ်လည်မှာရှိတဲ့ မော်တော်ကားတွေ၊ လန်ချားတွေ

www.burmeseclassic.com



ခေတ်ရေထားတွေ အားလုံးဟာလဲ ပွဲတော်မှာ ရဟတ်စီးသလို ချာချာလည်နေ တယ်လို့ ထင်လိုက်မိတယ်၊ ကျွန်တော့် နားထဲမှာ ဥဩဆွဲသံတွေကို ကြား လိုက်ရပြီးတဲ့နောက် မိုက်ခနဲဖြစ်ပြီး မှောင်ကြီးအတိ ကျသွားတော့တာပဲ" ဟု ဟာစရီပါးက ကိုဗာစကီးကိုပြောသည်။

လန်ချား လှည်းသန်များသည် ဟာစရီပါး၏ လက်မှ လွတ်ကျသွားသည်။ မူးမေ့လဲကျသွားခြင်းပေတည်း။

သတိရ၍ မျက်လုံးကို ဖွင့်ကြည့်လိုက်သည့်အခါတွင် လန်ချားပိုင်ရှင်၏ ကိုယ်စားလှယ်ဖြစ်သော မွတ်စတာဖာ၏ ပိန်ချုံးနေသော မျက်နှာကို သူမြင် လိုက်ရသည် မွတ်စတာဖာသည် တာဝန်အတိုင်း လန်ချားခများ လိုက်၍ ကောက်ခံစဉ် လန်ချားအနီးတွင် လဲကျနေသော ဟာစရီပါးကို တွေ့သွားခြင်း ဖြစ်သည်။

"ဟေ့ကောင်...အရက်တွေ သောက်လာပြီး လန်ချားဆွဲလို့ မရတော့ဘူး လား" ဟု လဲကျနေသည့် ဟာစရီပါး၏ ပခုံးကို လှုပ်၍ပြောသည်။

ဟာစရီပါးက သူ့ရင်ကို လက်ညှိုးဖြင့် ထိုးပြသည်။ ပါးစပ်ကမူ အသံ မထွက်နိုင်တော့ပြီ။

"မဟုတ်ဘူး...အစ်ကိုကြီး၊ ကျွန်တော့် အင်ဂျင်ပျက်သွားပြီ ထင်တယ်"

"ဘာ...မင်းအင်ဂျင် ပျက်သွားပြီ ဟုတ်လား၊ ဒီလိုဆိုရင်လဲ မင်းလန်ချား ကို အဘိုးကြီးဆီ ပြန်အပ်လိုက်တော့၊ အဘိုးကြီးက စည်းကမ်းကို မလိုက် နာရင် နည်းနည်းကလေးမှ မကြိုက်ဘူး။ သူ့အကြောင်း မင်းလဲ သိသားပဲ။ သူ မကြာခဏ ပြောတဲ့စကားကို မင်းကြားဖူးတယ် မဟုတ်လား။ ငါ့လန်ချားတွေ ကို ဆိတ်ပေါက်စ ကလေးတွေကို မဆွဲခိုင်းနိုင်ဘူး။ ကျွဲပေါက်တွေကိုပဲ အဆွဲခိုင်းမယ်ဆိုတာလေ"

ဟာစရီပါး ခေါင်းညိတ်သည်။ သူ့အမှုအရာထဲတွင် ဝမ်းနည်းကြေကွဲ ဟန်လည်း မရှိ။ မကျေနပ်ဟန်လည်း မပါ။ ရိုကျိုးမာန်လျှော့သည့် သဘော သာပါသည်။ သူသည် မြို့တော်ကြီး၏ ဥပဒေများကို သိပြီးဖြစ်၏။ အင်ဂျင် စက်ပျက်သွားသော လူတစ်ယောက်၏ ဘဝသည် သည်မြို့တော်ကြီးတွင် အသက်ကင်းမဲ့ သူမျှသာဖြစ်သည်။ သူသည် အသက်ရှင်နေသည့် လူတစ်ယောက် အဖြစ်မှ ရပ်စဲသွားခဲ့လေပြီ။ သူလန်ချားသမားဖြစ်ခါစက ဆေးရုံသို့ သူကိုယ်



တိုင် လန်ချားဖြင့် သယ်ပို့ပေးခဲ့သည့် ကူလီကို သူသွား၍ သတိရသည်။ လန်ချားတစ်စီး၏ လှည်းသန်နှစ်ဖက်ကြားတွင် လဲကျသေသွားကြသော ရမ်ကျုန္တရာနှင့် အခြားသော လန်ချားသမားများကို သူသွား၍ သတိရသည်။ အာသိဥတု၊ ငတ်မွတ်ခြင်းနှင့် လူလွန်မသား အလုပ်မျိုးကြောင့် သူတို့အင်အား သည် ကုန်ခန်းခဲ့ကြရသည်။ လောင်ကျွမ်းခဲ့ကြရသည်။ ပျက်စီးကြေမွသွားခဲ့ ကြရသည်။

ဟာစရီပါးသည် လန်ချားဘီးကြီး နှစ်ဘီးကို လည်းကောင်း၊ မည်းနက်နေ သော လန်ချားကိုယ်ထည်ကိုလည်းကောင်း၊ အပေါက်အပြဲတွေ ပြည့်နေသည့် ထိုင်ခုံကို လည်းကောင်း၊ လန်ချားအမိုးကိုလည်းကောင်း၊ လန်ချားအမိုးလုပ် ထားသည့် ရွက်ဖျင်စကိုလည်းကောင်း သံယောဇဉ်ကြီးတွယ်သည့်နှယ် နူးညံ့ တွင်နာစွာ ကြည့်နေသည်။

သည်အမိုး၊ သည်ထိုင်ခုံပေါ်တွင် ငယ်ရွယ်သူ မောင်မယ်တို့သည် ချစ်တင်းစကားဆိုခဲ့ကြသည်။ သည်အမိုး၊ သည်ထိုင်ခုံပေါ်တွင် မြို့တော်ကြီးရှိ ချမ်းသာ ခရီးသည် အပေါင်းတို့သည် မုတ်သုံ၏ ဒေါမာန်ကို ရင်ဆိုင်ခဲ့ကြသည်။

ဟာစရီပါးသည် ထိုအရာများကိုသာမက မိမိအား လန်ချားသမား ဘဝတစ်လျှောက်တွင် ညှဉ်းပန်းခဲ့သည့် ပစ္စည်းကိရိယာ နှစ်ခုဖြစ်သော လန်ချား လှည်းသန်နှစ်ချောင်းကိုလည်း သူလှမ်းကြည့်သည်။ မိမိ၏ ကွဲအက်ကြမ်း ရှနေ သော ခြေထောက်များသည် ဤတံလျှပ်မြို့တော်ကြီး၏ အရည်ပျော်နေသော ကတ္တရာစေး လမ်းမများပေါ်တွင် မိုင်ထောင်ပေါင်း ဘယ်မျှ ပြေးလွှားဖြတ်သန်း ခဲ့ပြီနည်း။

ဤသည်ကို သူမသိ။

သူသိသည်မှာ သူ့ခြေလှမ်းတိုင်းသည် သူ့ဘဝ၏ ကြမ္မာရဟတ်ကြီးကို တစ်ပတ်လည့်ရန်အတွက် ဆန္ဒ၏ စေခိုင်းချက်အရ လုပ်ရသော အလုပ်တစ်ခုဟု သာ သူသိသည်။ အသက်နှင့်ကိုယ် အိုးစားမကွဲစေရန်အတွက် သိလျက်နှင့် ခံနေရသော ဝိပါက်တစ်ခုဟုသာ သူသိသည်။ ကံမကောင်း အကြောင်း မလှ သည့်ဘဝမှ ထွက်ပြေးရန် ကြိုးစားနေသည့် ရုန်းကန်မှုတစ်ခုဟုသာ သူသိသည်။

ယခု ထိုကံကြမ္မာရဟတ်သည် ဆက်လက် လည်ပတ်ခြင်း မပြုတော့ဘဲ အပြီးတိုင် ရပ်နားတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ဟာစရီပါးသည် မြေကြီးပေါ်သို့ လဲနေရာမှ နေ၍ ဘိုင်စကယ်ပေါ်မှာ တားယားခွထိုင်နေသော လန်ချားသူဌေး၏ ကိုယ်စားလှယ်ကို မျက်လုံးပြူး အပြူးသားဖြင့်လှမ်းကြည့်သည်။

“ဆရာတို့လန်ချားကို ပြန်သိမ်းပါတော့ဗျာ၊ တခြားတစ်ယောက်ကို ပေးလိုက်ပါတော့၊ သူ့အဖို့ ဟန်ကျတာပေါ့”

ဟာစရီပါးသည် လဲနေရာမှ အားယူ၍ထ၏။ ထိုနောက် သူ၏ လန်ချား အမှတ် ၁၉၉၉ ကို နောက်ဆုံးအကြိမ်အဖြစ် ပန်းခြံလမ်း အဝိုင်းကြီးရှိ ရုံး တိုင်သို့ ပြန်ဆွဲလာခဲ့သည်။ သူ့မိတ်ဆွေများကို နှုတ်ဆက်နေစဉ် လန်ချား သူဌေး၏ ကိုယ်စားလှယ်သည် ပလက်ဖောင်းအစွန်းတွင် ရပ်နေသည့် လူငယ် တစ်ယောက်ကို လှမ်းခေါ်နေသည်။ သူတို့သည်လည်း ဒုက္ခသည်များ ဖြစ်သည်။ ဘင်္ဂလားနှင့် ဘီဟာနယ်တို့တွင် မိုးခေါင်သဖြင့် ကျေးလက်မှ ပြောင်းရွှေ့လာ ကြသည့် နောက်ဆုံး အသုတ်ထဲမှ ဒုက္ခသည်များ ပေတည်း။ သူတို့အားလုံး သည် လန်ချားလှည်းသန်နှစ်ချောင်းကြားတွင် နဖားကြိုးအတပ်ခံလိုသဖြင့် တန်းစီစောင့်နေကြသူများဖြစ်သည်။ ဟာစရီပါးသည် လန်ချားသူဌေး၏ ကိုယ်စားလှယ်က ရွေးလိုက်သည့် လူငယ်နားသို့ လျှောက်လာခဲ့ကာ ပြုံးပြသည်။ ထိုနောက် သူ့လက်ချောင်းတွင် စွပ်ထားသည့် ချူကလေးကို ချွတ်လိုက်၏။

ဟာစရီပါးသည် ကြေးချူကလေးကို လန်ချားလှည်းသန်ဖြင့် တချွင်ချွင် မြည်အောင်ရိုက်ရင်း...

“ရော့...ငါ့သား၊ ဒါလေးယူသွား၊ ဒီချူကလေးဟာ မင်းအတွက် အန္တရာယ်မရှိအောင် လုပ်ပေးတဲ့ အဆောင်လက်ဖွဲ့ကလေး”

အိမ်သို့မပြန်မီ ဟာစရီပါးသည် သူ့အရိုးကိုဝယ်သည့် အရိုးကုန်သည်ထံ မှ နောက်ထပ်ကျန်သည့်ငွေကို တောင်းရန် အရိုးကုန်သည်ထံသို့ ဝင်လာခဲ့သည်။ ငွေကိုင် စာရေးက သူ့ကို သေသေချာချာ ကြည့်သည်။ ဟာစရီပါး၏ ကိုယ် ခန္ဓာပျက်စီး ယိုယွင်းမှု အခြေအနေသည် စိတ်ချရလောက်ပြီဟု မြင်သည့်အခါ မှ ကျန်သည့်ငွေကို ထုတ်ပေး၏။

ခန်းဝင်ပစ္စည်းကိစ္စနှင့် ပတ်သက်၍ နှစ်ဖက်မိဘများသည် သုံးရက်တိုင် တိုင် အပြင်းအထန် ငြင်းခုံကြသည်။ ထုံးစံအတိုင်းဟာစရီပါး၏ အိမ်တွင် ကျင်းပသည့် အခမ်းအနားတွင် အများရှေ့မှောက်၌ ချိပ်ပိတ်ကြရသည်။



အမွေးတိုင်ထွန်းညှိကာ အုန်းပွဲ၊ ငှက်ပျောပွဲများဖြင့် တင်မြှောက်ပြီး ပုဏ္ဏား ဆရာကြီးက ဂါထာမန္တန်များ ရွတ်ဆိုသည်။ ပုဏ္ဏားဆရာကြီးက ဖိတ်ခေါ်သည့် အခါတွင် သတို့သမီး၏ မိဘဖြစ်သော ဟာစရီပါးက မိမိ၏ သမီးငယ်အား သတို့သားနောက်သို့ ထည့်လိုက်မည်ဖြစ်ကြောင်း၊ မိမိဘက်မှ ခန်းဝင်ပစ္စည်းများ ကိုလည်း တင်ပါမည် ဖြစ်ကြောင်းဖြင့် ပြောရသည်။ သို့ရာတွင် အခမ်းအနား၌ ပေါ်ပေါက်လာသော အဖြစ်အပျက်များကို မြင်သည့်အခါတွင် ကိုဗာစကီး များစွာစိတ်ဆိုးမိသည်။

သတို့သား၏ မိဘများက ခန်းဝင်ပစ္စည်းအဖြစ် တင်တောင်းသည့် ပစ္စည်းများကို ယခုစစ်ဆေးကြည့်လိုသည်ဟု တောင်းဆိုကြသည်။ ဤတွင် စာရင်းရှင်းကြရသည်။

“ကျွန်တော်ဖြင့် ကျွန်တော်ကိုယ်တိုင် ဘရားဘဇားဈေးကြီးထဲကို ရောက်သွားနေသလား ထင်မိတယ်ဗျ။ တင်တောင်းတဲ့ ပစ္စည်းတွေကို တစ်ခုချင်း ကောက်ကိုင်ပြီး ဒီပစ္စည်းက ဒီလောက်တန်တယ်ဆိုတာ ဟုတ်ရဲ့လား၊ သူတို့ ကိုတင်တောင်းတဲ့ ဆာရီက လှလဲမလှဘူး၊ ထရန်စစ္စတာ ရေဒီယိုကလဲ အညံ့ စားကြီး၊ အို အရိုးများသော ချေးခါးသော လုပ်နေလိုက်ကြတာ၊ ဟာစရီပါးဗိုက် ထဲမှာ နောက်ဆုံးကျန်တဲ့ အသက်ကလေး ထွက်မသွားတာ တော်လှပြီ” ဟု ကိုဗာစကီးက နောင်တွင် ပြောပြသည်။

မင်္ဂလာပွဲ ကျင်းပခါနီးတွင်လည်း ပြဿနာတက်သေးသည်။

သတို့သား၏ ဆွေမျိုးများသည် မင်္ဂလာအခမ်းအနားပြင်ဆင်ရာသို့ လာကြည့်ကြသည်။

“ကျုပ်တို့ဘက်ကချည်း လူတစ်ရာလောက် လာမှာဗျ၊ ကျွေးဖို့မွေးဖို့ နေရာထိုင်ခင်းရှိရဲ့လား” ဟု သတို့သား၏အဖေက မေးသည်။

ကိုဗာစကီးသည် ထိုင်ရာမှထ၏။

“ဗျာ...လူတစ်ရာ ဟုတ်လား၊ အစတုန်းကတော့ လူငါးဆယ်လောက်ပဲ လာမယ်လို့ နှစ်ဖက်သဘောတူထားကြတာ မဟုတ်လား”

အကျွေးအမွေးနှင့် ပတ်သက်၍လည်း စကားများကြရသေးသည်။ ဤ သည့်ပွဲတွင် အချိုထည့်ရမည်။ ဟိုပွဲတွင် သစ်သီးထည့်ရမည်။ သည်ပွဲတွင်

www.burmeseclassic.com

www.burmeseclassic.com



ဟင်းသီးဟင်းရွက်ထည့်ရမည်ဟု လုပ်ကြရသေးသည်။ ဟာစရီပါးထား ချောင်ပိတ်မိနေလေပြီ။

"ကောင်းပြီ၊ ခင်ဗျားတို့ထည့်ခိုင်းတာတွေထည့်မယ်၊ ဒါပေမယ့် လူတစ်ယော ကတော့ များတယ်၊ နှစ်ဆယ်လောက်လျှော့ဗျာ"

"အလိုလေးဗျာ၊ နှစ်ဆယ်တော့ မလျှော့နိုင်ဘူး၊ အများဆုံးလျှော့နိုင်ရင် ဆယ်ယောက်ပဲ"

"ဒါဖြင့် ဆယ့်ငါးယောက်တော့ လျှော့ဗျာ"

"ကဲ...ကဲ ကြာတယ်၊ ဆယ့်နှစ်ယောက်လျှော့မယ်၊ ဒီထက်တော့ တစ်ယောက်မှ မလျှော့နိုင်တော့ဘူး"

"ကဲ...ကဲ၊ ထားပါ၊ ဆယ့်နှစ်ယောက်ပဲထားပါ"

ပြဿနာ ပြီးပြတ်စေရန် ဟာစရီပါးက အလျှော့ပေးသည်။ သို့ရာတွင် ပြဿနာသည် ထိုမျှနှင့် မပြီးသေး။

"အတီးအမှုတ်သမားတွေကကော၊ ဘယ်နှစ်ယောက်ခေါ်ထားသလဲ" ဟု သတို့သား၏ ဦးလေးတော်သူတစ်ယောက်က မေးသည်။

"ခြောက်ယောက်"

"နည်းလှချေလားဗျာ၊ ကျွန်တော့်တူလို လူရဲ့ မင်္ဂလာဆောင်မှာ ဒီလောက်နဲ့တော့ ဘယ်ဖြစ်မလဲ၊ အနည်းဆုံး ဆယ်ယောက်ဝိုင်းလောက်တော့ ခေါ်မှာပေါ့"

"ကျွန်တော်တို့ ရပ်ကွက်မှာတော့ အကောင်းဆုံး ဝိုင်းပဲခင်ဗျ၊ ကျွန်တော် တို့ အရပ်ထဲက ဆရာကြီးရဲ့ အိမ်မှာ တီးမှုတ်နေတဲ့ ဝိုင်းပဲ"

ဟာစရီပါးက ပြောသည်။

"အကောင်းဆုံးတွေဘာတွေ နားမလည်ဘူးဗျာ၊ နောက်ထပ်နှစ်ယောက် လောက်တော့ ထည့်ဦးဗျာ" ဟု ဦးလေးက ပြောသည်။

ထိုနောက်တွင် တောင်းဆိုချက်တစ်ရပ် လာပြန်သေးသည်။

ဗေဒင် ကိန်းခန်းကြောင့်လား၊ ဘာလားမသိ။ အိန္ဒိယမင်္ဂလာဆောင်များ သည် ညသန်းခေါင်ယံတွင် ကျင်းပလေ့ရှိကြသည်။ ကိုယ်ရေးရောဂါသည်



အန်နွာနှင့် မိထာတို့၏ လက်ထက်ပွဲကို သန်းခေါင်တွင် ကျင်းပခဲ့ကြသည်။ အမိတ္တာနှင့် သတို့သားလောင်း၏ ဇာတာများကို တွက်ချက်သည့်အခါတွင်လည်း သူတို့၏ အိမ်ထောင်ရေး အဆင်ပြေမှုသည် ထိုအချိန်ကို ပြဋ္ဌာန်းရွေးချယ်ပေး သည်။ ယခုလည်း ဗေဒင်ဆရာကြီးက သူတို့ကို တွက်ချက်ပေးပြီးနောက် ထိုအချိန်တွင် လက်ထပ်မည်ဟု ဆိုသည်။

"ဒီလိုဆိုရင် မီးစက်တို့ဘာတို့ ဘယ်မှာလဲဗျ၊ သန်းခေါင်မှာဆောင်တဲ့ မင်္ဂလာဆောင်က မှောင်ကြီး မည်းမည်းထဲဆောင်ရမှာလား၊ မီးတို့ဘာတို့ရှိမှ ကောင်းမှာပေါ့" ဟု သတို့သားအဖေကဆိုသည်။

ဟာစရီပါး ဘာမျှမပြောနိုင်။ ချွေးတွေ စိုရွှဲနေသည့် ကျောကို နံရံတွင် ကပ်ထားသည်။ ရင်ထဲတွင် အသက်ရှူကျပ်လာကာ ပျို့ချင်အန်ချင်လာသဖြင့် မနည်းချုပ်တည်းထားရသည်။ ယခုတစ်ကြိမ်တွင်လည်း သူ့အောက်မှ မြေကြီး သည် အရည်ပျော်၍ ဆင်းသွားသည်ဟု ထင်လိုက်ရသည်။ မျက်နှာများ၊ နံရံများ၊ အသံများသည် မြူမှုန်ဝိုးဝါးတို့အထဲတွင် ရောထွေးကုန်ကြသည်။ "ဟာစရီပါးသည် ဝရန်တာတိုင်ကို ကိုင်ထားရင်း ငါဘယ်တတ်နိုင်ပါ့မလဲ၊ ငါဘယ့်နှယ်လုပ်ပြီး မီးစက်ကြီးတစ်လုံးကို ငှားနိုင်ပါ့မလဲ၊ ငါ့သမီးမင်္ဂလာဆောင် ကို အမြတ်ထုတ်ပြီး ငါ့ကို လည်မျိုညှစ်နေကြတာ" ဟု စိတ်ထဲတွင် ညည်း နေသည်။

သို့ရာတွင် သတို့သားဘက်မှ တောင်းဆိုချက်သည်လည်း မတရားဟု မပြောသာ။

လျှပ်စစ်ဓာတ်အားမရသဖြင့် အမှောင်ထဲတွင် အသက်ရှင်နေကြရသည့် သုခမြို့တော်မှ ဆင်းရဲသားများအဖို့ မီးရောင်တွေ ထိန်လင်းခြင်းမရှိသော ပွဲတော်ဟူ၍ မရှိနိုင်။ အန်နွာတို့ မင်္ဂလာဆောင်တုန်းကပင် မီးရောင်တွေ ထိန်ထိန်ဝေအောင် ထွန်းခဲ့သေးသည် မဟုတ်လော။ သည်လို မီးရောင်ထိန်နေခြင်း သည်ပင်လျှင် မိမိတို့၏ ဆင်းရဲဒုက္ခအပေါင်းတို့ကို ခုခံဆန့်ကျင်ရာ နည်း မဟုတ်လော။

ဟာစရီပါးသည် ခေါင်းကို ဝမ်းပန်းတနည်း ယမ်းကာ လက်နှစ်ဖက်ထို့ ခါပြသည်။ မိမိသည် ဘဝတွင် မိဘတို့ပြုအပ်သော နောက်ဆုံးဝတ္တရားတစ်ခု ထမ်းဆောင်နေခြင်းဖြစ်သည်။ ယခုမိမိသည် ကြာကြာနေရတော့မည် မထင်။

www.burmeseclassic.com

www.burmeseclassic.com



သည်အချိန်ရောက်ခါမှ နောက်သားစဉ်မြေးဆက်တိုင်အောင် ကြွေးတင် ကျွန်ဖြစ်ကျွန်ရစ်ခဲ့အောင် လုပ်ခဲ့သည်ဆိုလျှင် ရာဇဝင်ရိုင်းတော့မည်။ ယခုပင် ခြေလက်ထပ်စဉ်က ဇနီးသည် တင်တောင်းခဲ့သည့် လက်စွပ်နှစ်ကွင်းနှင့် နားဆွဲတို့ကိုလည်းကောင်း၊ အမြိုက်ပုံထဲမှ သူ့သားငယ် ရှန်ဘူကောက်ရခဲ့သည့် နားရိုးကိုလည်းကောင်း၊ အပေါင်ဆိုင်ပို့ခဲ့ပြီးပြီ။ သူကိုယ်တိုင်လည်း သေသည်အထိ အလုပ်လုပ်ခဲ့ပြီးပြီ။ သူ့အရိုးတို့ကိုလည်း ရောင်းခဲ့ပြီးပြီ။ သူတတ်နိုင်သည်ထက် လုပ်ခဲ့ပြီးပြီ။ ခု တစ်ကြိမ်တွင်မူ သူမတတ်နိုင်တော့။

"ဒါမှ မကျေနပ်သေးဘူးဆိုရင်တော့ ကျွန်တော်လဲ မတတ်နိုင်တော့ဘူးဗျာ၊ ခင်ဗျားတို့ မကျေနပ်ရင် မင်္ဂလာကိစ္စကို ဖျက်လိုက်ဖို့ပဲ ရှိတော့တယ်။ ကျွန်တော့မှာတော့ တစ်ပြားမှ မရှိတော့ဘူး"

ဟာစရိုပါးက စကားတစ်လုံးနှင့်တစ်လုံးကြား အသက်ကို ခက်ခဲစွာရှူရင်းတစ်လုံးချင်း ပြောသည်။

သို့ဖြင့် လက်ထပ်မင်္ဂလာကျင်းပဖို့ နှစ်ဆယ့်လေးနာရီပင် မလိုတော့သော အချိန်အထိ နှစ်ဖက်အကျပ်တွေ့နေကြသည်။ ထိုအကျပ်အတည်းသည် မင်္ဂလာကိစ္စကြီး တစ်ခုလုံးကိုပင် ပျက်စီးသွားစေနိုင်သည်။

ဘာမဟုတ်သည့် ကိစ္စကလေးဖြင့် မင်္ဂလာပွဲပျက်တော့မည့် အခြေအနေကို မြင်သည့်အခါတွင် ကိုဗာစကီးစိတ်မကောင်းဖြစ်နေသည်။

"ဒီနားက မလှမ်းမကမ်းမှာ လျှပ်စစ်မီးရတဲ့ ဝိုင်းတစ်ဝိုင်း ကျွန်တော်တွေ့ထားတယ်၊ ဒီတော့ အဲဒီကလူတွေကို ပြောပြီး လျှပ်စစ်ကြိုးသွယ်လိုက်ပါလား၊ မီးလုံးလေးငါးလုံးလောက် ထွန်းထားလိုက်ရင် လင်းသွားမှာပါ"

ဟာစရိုပါးက သူ့ကို ကျေးဇူးတင်သည့်အကြည့်ဖြင့် ကြည့်လိုက်ပုံကို သူ့တစ်သက် ဒမေ့နိုင်တော့မည့် မထင်တော့။

သို့ရာတွင် ကိစ္စမပြတ်သေးပါ။ လက်ထပ်မင်္ဂလာပွဲကျင်းပဖို့ ၇ နာရီလောက်အလိုတွင် ပြဿနာတစ်ခုတက်လာပြန်သည်။ သို့ရာတွင် ပြဿနာတက်သူမှာ ဟာစရိုပါးကိုယ်တိုင်ဖြစ်သည်။

မင်္ဂလာဆောင်တစ်ခု မည်မျှအဆင့်အတန်းရှိမရှိဆိုသည့် ကိစ္စမှာ မင်္ဂလာသတို့သားက မင်္ဂလာသတို့သမီးအိမ်သို့ မည်သို့မည်ပုံ လာသနည်း၊ မည်သည့် အခမ်းအနားမျိုးဖြင့်လာသနည်းဆိုသည့်အချက်ကိုတည်၍ အကဲဖြတ်



လေ့ရှိကြသည်။ ပစ္စည်းတတ်နိုင်လျှင် တတ်နိုင်သလို လာကြသည်။ ခမ်းခမ်းနားနား မလုပ်နိုင်လျှင်ရှိစေ သည်လောက် ရှုံ့တွေ့၊ ဗွက်တွေ့ ထူထပ်သည့်အချိန်မျိုးတွင် မြင်းဖြင့်လာလေ့ရှိကြသည်။ ထို့ကြောင့် ဟာစရိုပါးက သတို့သားမည်သည့်ယာဉ်ဖြင့် လာမည်နည်းဟု သတို့သားအဖေကို မေးသည်။

"လန်ချားနဲ့ လာမှာဗျ"

ဟာစရိုပါးသည် ထိုစကားကြောင့် တက်သွားတော့မည်လားဟုပင် ကိုဗာစကီး ထင်လိုက်မိသည်။

"ဘာ...လန်ချားနဲ့ ဟုတ်လား"

သတို့သား၏ အဖေက ခေါင်းညိတ်ပြသည်။

ဟာစရိုပါးက သူ့ကို စိမ်းစိမ်းကြီး ကြည့်လိုက်၏။

"ကျုပ်သမီးဟာ သူ့ဆီကိုလန်ချားနဲ့လာတဲ့ သတို့သားမျိုးကို ဘယ်တော့မှ လက်မထပ်ဘူးဗျ၊ ဒီလောက်တော့လဲ ကျုပ်တို့ အောက်တန်းမကျသေးဘူး၊ တော်ပြီ၊ ခင်ဗျားသားကို တက္ကစီနဲ့လာခိုင်းပါ၊ တက္ကစီလောက်မှ မစီးရင်တော့ ကျုပ်သမီးကို ကျုပ်ပြန်ခေါ်သွားရလိမ့်မယ်"

ဤတွင် သူတို့ရပ်ကွက်ထဲတွင်ရှိသည့် တက္ကစီဒရိုင်ဘာက ထိုကိစ္စကို တာဝန်ယူပါမည်ဟုဆိုသဖြင့် ပြေလည်သွားသည်။

သူ့သမီး အမိတ္တာသည် ကြွေတွေဖောက်ထားသည့် မရမ်းရောင်ဆာရီကို ဝတ်ကာ မျက်နှာကို ချည်ပဝါပါးပါးကလေးဖြင့် အုပ်ထားပြီး ခေါင်းကိုငုံ၍ လိုက်လာသည်။ ဖိနပ်မပါသော သူ့ခြေထောက်များသည် ပန်းဆီဆိုးထားသဖြင့် နီပြေပြေအရောင်သန်းနေကြ၏။ ခြေချောင်းများနှင့် ခြေကျင်းဝတ်တွင် သုခန်းဝင်ပစ္စည်းအဖြစ် တင်တောင်းရသည့် ကျောက်မျက်ရတနာများကို ဆင်ယင်ထားသည်။ သူ့အမေနှင့် ဝင်းထဲမှ အမျိုးသမီးများ နောက်မှ လိုက်လာသည့် အမိတ္တာသည် ဝင်းအလယ်ခေါင်တွင်ရှိသည့် ကောက်ရိုးဖျာပေါ်တွင် နေရာယူတော့မည်။ ထိုကောက်ရိုးဖျာ၏ ရှေ့တည့်တည့်တွင်မူ အမွှေးတိုင်များ ထွန်းညှိထားသည့် မီးဖိုတစ်လုံးရှိသည်။ ဟာစရိုပါးသည် မိဘတို့၏ နောက်ဆုံးသတ္တုရားကြီးတစ်ခုကို ကျေပွန်စွာ ထမ်းဆောင်ပြီးလေပြီဟု ပီတိ သောမနဿတို့ ဝေဖြာသော မျက်နှာဖြင့် သူ့သမီးကိုကြည့်နေသည်။ ထိုရှုခင်းသည် သူ့အတွက်

www.burmeseclassic.com



အလှအခဆုံးရှုခင်းတစ်ခု၊ သူ့ဘဝတွင် ခြောက်လှန့်နေခဲ့သော အိပ်မက်ဆိုးများ မှုက်လှည့်ပြလိုက်သည့်နှယ် တမုဟုတ်ချင်း ပျောက်ကွယ်သွားစေသော ရှုခင်း တစ်ခု မဟုတ်လော။ သူတို့ ကာလကတ္တားမြို့ကြီးကို ရောက်ခါစ ဝလက်ဖောင်းပေါ်တွင်နေစဉ် ဆာလောင်ချမ်းအေးသဖြင့် တစာစာ အော်ငိုနေ သော သမီးငယ် အမိတ္တာ။ ဂရင်းဟိုတယ်ရှေ့က အမှိုက်ပုံတွေထဲတွင် မောင်ငယ် ရှန်ဘူနှင့်အတူ စားစရာသောက်စရာတို့ကို ရှာဖွေခဲ့ရသည့် အမိတ္တာ။ ချောင်ရိုး လမ်းမကြီးတွင် ခွက်ကလေးတစ်လုံးဖြင့် တောင်းရမ်းခဲ့သည့် အမိတ္တာ...

ကဲ အခု ဟာစရီပါး အောင်ပွဲခံပြီ။ အနိုင်ရပြီ။ ဆိုးရွားလှသည့် ကံကြမ္မာကို ဂလဲ့စားချေနိုင်ပြီ။ ဘာတတ်နိုင်သေးသနည်း။

ဘင်ခရာဝိုင်းက တဒုန်းဒုန်းတီးသည်။ ထိုနောက် သီချင်းဆိုသံ အော်သံများကို ကြားရသည်။ သူ့တဲဝိုင်းရှေ့တွင် ဒန်းနီရောင်ဆိုးဆေးများကို ပိန်းနေအောင် ဆိုးထားသည့် ကချေသည်များက ကခုန်လိုက်ပါလာကြသည်။ သို့ဖြင့် ခမ်းနားသော မင်္ဂလာဆောင်လှူတန်းကြီးသည် မီးခိုးငွေ့တွေ ဖုံးနေသည့် ဝင်းထဲသို့ ဝင်ရောက်လာလေသည်။

ထုံးစံအရ သတို့သားက သတို့သမီးကို ဆီးကြိုကာ မျက်နှာဖုံးကို ဖွင့်ရသည်။ ထိုအခါကျမှ သတို့သားနှင့် သတို့သမီးသည် မျက်လုံးချင်းဆုံမိကြ သည်။ ထိုနောက် ပုဏ္ဏားက သတို့သားအား သတို့သမီးဘေးတွင် ဝင်ထိုင်ရန် အချက်ပြသည်။ သတို့သမီးနှင့် သတို့သား စုံညီယှဉ်တွဲထိုင်ပြီးသည်နှင့် ပုဏ္ဏားက ရှေးအစဉ်အဆက် ရွတ်ဖတ်ခဲ့သည့် ဂါထာမန္တန်တို့ကို သင်္သကရိုက် ဘာသာဖြင့် ရွတ်ဆိုသည်။ ထိုမန္တန်များကို နားထောင်သူများလည်းမသိ၊ ရွတ်နေသည့် ပုဏ္ဏားကိုယ်တိုင်လည်း နားလည်၍တော့မဟုတ်။

သတို့သား၏ လက်ယာဘက်တွင် လူပျိုရံအတွက် နေရာရှိသည်။ သို့ရာတွင် ထိုနေရာသည် လွတ်နေကြောင်းကို မင်္ဂလာပွဲ ပရိသတ်တို့ သတိထားမိကြသည်။ ဟာစရီပါးက ထိုနေရာကို သူတို့ ဆရာကြီးဖြစ်သည့် ကိုဗာစကီးထိုင်ရန် မေတ္တာရပ်ခံသည်။ ကိုဗာစကီးကလည်း ထိုင်မည်ဟုဆိုသည်။ သို့ရာတွင် ထိုင်ချိန်မရလိုက်ပါ။

မင်္ဂလာဆောင် လှူတန်းကြီး သူတို့ဝင်းထဲ ဝင်လာသည်နှင့် ဟာစရီပါးမှာ ရင်ကျပ်လာကာ အသက်ရှူ မရအောင်ဖြစ်လာသဖြင့် ကိုဗာစကီးသည် သူ့ကို



တဲထဲသို့ ခေါ်လာခဲ့သည်။ ခပ်စောစောက ရွှင်လန်းသောပီတိဖြင့် ပြုံးရယ်နေခဲ့ သည့် ဟာစရီပါး၏ မျက်လုံးများနှင့် ပါးစပ်သည် ပြင်းပြသော ဝေဒနာကြောင့် မှိတ်သွားကာ ရှုံ့မဲ့လျက်ရှိလေပြီ။ ခိုက်ခိုက်တုန်နေရာမှ ရပ်သွားသည့် အခါတွင် တော့ ဟာစရီပါး၏ ခန္ဓာကိုယ်ကြီးသည် တောင့်တင်းကာ မလှုပ်မယှက်ဖြစ် နေသည်။ ထိုနောက် လျှပ်စစ်နှင့် ထိခိုက်သည့်နှယ် သူ့ရင်နှင့် သူ့ခြေထောက်သား များသည် ဆတ်ခနဲဆတ်ခနဲ လှုပ်နေကြသည်။ ပါးစပ်မှာ ဟနေသည်။ နှုတ်ခမ်းများမှာလည်း ပြာနှမ်းလေပြီ။ ဤသည်မှာ အသက်ရှူရန် ခက်ခဲကြောင်း ကို ပြနေသည့် လက္ခဏာများဖြစ်သည်။

ကိုဗာစကီးသည် သူ့အပေါ်တွင် ခွထိုင်လိုက်ကာ ရင်ခေါင်းတစ်လျှောက် ကို အားကုန်နှိပ်ပေးသည်။ ထိုအချိန်၌ကား လန်ချားသမား ဟာစရီပါး၏ ကိုယ်မှာ အရိုးပေါ်အရေတင်မျှသာ ရှိတော့သဖြင့် သူ့ကို နှိပ်ရခြင်းသည် လူကို နှိပ်ရသည်နှင့်မတူ။ ကမ္ဘဋ္ဌာန်းကောင်ကြီးကို နှိပ်နေရသကဲ့သို့ သာရှိတော့ သည်။ သူ့လက်ချောင်းများ အောက်တွင် ဟာစရီပါး၏ နံရိုးများသည် တကျွတ်ကျွတ်မြည်နေကြ၏။ လူပျိုရံအဝတ်အစားကို ဝတ်ထားသည့် ကိုဗာစကီး က အတင်းနှိပ်သည့်အခါတွင် အံ့သြစရာကောင်းသည်ဟုပင် ပြောရတော့မည်။ ဖြူဖွေးနေသည့် လူပျိုရံအဝတ်အစားကို ဝတ်ထားသည့် ကိုဗာစကီးက တအား နှိပ်ပေးသည့်အခါတွင် အသားမရှိသော ခန္ဓာကိုယ်ထဲမှ အသက်မြှင်းမြှင်းကလေး တစ်ချက်ထွက်လာသည်။ မိမိသည် အင်ဂျင်စက်ကို ပြန်လည်အောင်တော့ လုပ်နိုင်ပြီဟု ကိုဗာစကီး ယူဆလိုက်၏။ ထိုနောက် ကိုဗာစကီးသည် အားတက်လာကာ ဟာစရီပါး၏ ပါးစပ်ကို တေ့ပြီးလျှင် အနီဖုများစွဲကပ်နေသည့် သူ့အဆုတ်များထဲသို့ လေကို ဖြည်းဖြည်းမှန်မှန် မှုတ်သွင်းသည်။

နောင်တွင် ကိုဗာစကီးက ပြင်သစ်ပြည်ရှိ သူ့လုပ်ဖော်ကိုင်ဖက် သာသနာပြုတစ်ဦးထံသို့ ဤသို့ရေးခဲ့သည်။

"ကျွန်တော်က ပါးစပ်ချင်းတေ့ပြီး လေမှုတ်သွင်းတော့ ဟာစရီပါး မျက်လုံးပွင့်လာတယ်။ သူ့မျက်လုံးမှာ မျက်ရည်တွေဝဲလို့။ တော်တော် ဝေဒနာခံစားရမယ် ထင်တာပဲ။ ကျွန်တော် သူ့ပါးစပ်ထဲကို ရေတစ်စက်ချင်း ချလိုက်တယ်။ ဒါပေမယ့် ရေကို မမျိုနိုင်တော့ဘူး ထင်တယ်။ ချသသမျှ ရေတွေ ပါးစပ်က စီးကျလာယ်။ အသက်လည်း မြှင်းမြှင်းကလေးပဲ ရှူတော့တယ်။ တစ်ခါတလေကျတော့ နားကို စွင့်ပြီး အသံတွေကို နားထောင်နေတယ်

www.burmeseclassic.com



ထင်တယ်။ မင်္ဂလာဆောင်က တီးမှုတ်နေကြတဲ့ အသံတွေ၊ လူသံတွေနဲ့ သူကြားဟန်တူတယ်။ ပြီးတော့ ဝမ်းသာလို့လား မသိဘူး။ တစ်ချက်ပြုံးတယ်။ ပြီးတော့ အားတက်လာလို့ ထင်ရဲ့။ ကျွန်တော့်အနားကို ကပ်ပြီး တလှုပ်လှုပ်နဲ့ စကားတွေ ပြောနေတယ်။ ကျွန်တော့် နားမှာတော့ ဆရာကြီး၊ ဆရာကြီးဆိုတဲ့ အသံကိုပဲ သဲသဲကွဲကွဲကြားရတယ်။ ကျန်တဲ့အသံတွေကိုတော့ ဘာမှ မသဲကွဲဘူး။

"ခဏကြာတော့ ဟာစရီပါးဟာ ကျွန်တော့် လက်ကို ဖမ်းဆုပ်ပြီး ညှစ်နေတယ်။ သူ့လက်ချောင်းတွေက အားရှိသလိုလို ဖြစ်နေလို့ ကျွန်တော် တောင် အံ့အားသင့်နေတယ်။ လန်ချားလှည်းသန်နှစ်ချောင်းကို နှစ်ပေါင်းများစွာ ကိုင်ခဲ့တဲ့ သူ့လက်တွေဟာ ခုထက်ထိ ပြွတ်ထူကြီးတွေလို သန်မာနေတုန်းပါလား။ ပြီးတော့ ကျွန်တော့်ကို တောင်းပန်တိုးလျှိုးနေတဲ့ မျက်လုံးတွေနဲ့ မော့ကြည့်နေတယ်။ ပြီးတော့ ကျွန်တော့်ကို ဆရာကြီး, ဆရာကြီးလို ဘင်္ဂါလီဘာသာနဲ့ခေါ်တယ်။ ဒီတစ်ခါတော့ သူ့ဇနီးနဲ့ သားသမီးတွေကို ကြည့်ရှုစောင့်ရှောက်ဖို့ ပြောချင်တယ်ဆိုတာ ကျွန်တော် နားလည်လိုက်ပြီလေ။ ကျွန်တော်ကလည်း သူ့ကို စိတ်အေးအေးထားဖို့ ပြောတယ်။ ဟာစရီပါး ကြာကြာ မနေရတော့ဘူးဆိုတာ ကျွန်တော်သိလိုက်ပြီ။ ဒါကို သူလည်းသိပုံရတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော့်ကို မကြာခဏ လှမ်းလှမ်းကြည့်ပြီး သူ့ဝင်းထဲက လူမသိသူမသိ အသာထွက်ခွာသွားချင်တဲ့ သဘောကို လက်ဟန်ခြေဟန်နဲ့ ပြတယ်။ ကြည့်ရတာကတော့ သူသေသွားတဲ့အတွက် သူ့သမီးကလေးရဲ့ မင်္ဂလာဆောင်ပျက်သွားမှာ စိုးရိမ်ပုံရတယ်။ သူနောက်ဆုံးမှာ ဒီလိုပဲ ဖြစ်မယ်ဆိုတာ ကျွန်တော် သိတယ်လေ။ ဒါကြောင့် ကျွန်တော်က ဟာစရီပါးကို သူ့ဝင်းထဲကို မြန်မြန်ပြောင်းရွှေ့ဖို့ စီစဉ်ရတယ်။ မနက် ၃ နာရီလောက်ကျတော့ ကျွန်တော်ရယ်၊ ကာလီမာရယ်၊ အဝတ်စုတ်ကောက်တဲ့ သူ့သား ရှန်ဘူရယ်။ ကျွန်တော်တို့ သုံးယောက် လန်ချားသမား ဟာစရီပါးကို လူမသိအောင် သူ့ဝင်းထဲကို အသာပြန်ရွှေ့ပြောင်းလာခဲ့ကြတယ်။ မင်္ဂလာဆောင်မှာ ပျော်နေသူတွေကတော့ ဒါတွေကို ဘာမှမသိကြဘူးပေါ့။ ကျွန်တော်တို့ ရပ်ကွက်ဖခင်ကြီး နောက်ထပ် အရက်တွေပို့ပေးလို့ မင်္ဂလာဆောင်လာတဲ့ လူတွေလည်း သောက်ကြ စားကြနဲ့ တော်တော်မူးကုန်ကြပြီ။ ဟာစရီပါးဟာ သူ့အိမ်က ထွက်ရတော့မယ်ဆိုတာကို သိပုံရတယ်။ ကျွန်တော်တို့တစ်တွေ သူ့ကို ရွှေ့လာတော့ နာမာစတေး လုပ်တယ်ဗျ။ လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်မှာ တင်ထားတယ်။ အားလုံးကို နှုတ်ဆက်ပါတယ်ဆိုတဲ့ သဘောပေါ့လေ"



"ဒီနောက်တော့ သိပ်မကြာပါဘူး။ မနက် ငါးနာရီလောက်ကျတော့ ဟာစရီပါး အမောဖောက်လာပြီး တစ်ကိုယ်လုံး တုန်လာတယ်။ ပြီးတော့ ပါးစပ်ကိုဟပြီး အသက် ပြင်းပြင်းရှူတာ ပါးစပ်ထဲက သွေးတွေဒလဟော ထိုးအန်တော့တာပဲ။ ဒီနောက်မှာ ရင်ဘတ်ထဲက ချွဲသံတွေ ပေါ်လာတယ်။ ဒီနောက် တစ်ချက် ရှိုက်လိုက်ပြီး အသက်ထွက်သွားတော့တာပါပဲ။ ကျွန်တော် လည်း သူ့မျက်လုံးကို ပိတ်ပေးလိုက်ပြီး သေသူတွေအတွက် တောင်းတဲ့ဆုတောင်း ကို ရွတ်နေတယ်"

ဟာစရီပါး၏ အလောင်းကို အဝတ်ဖြူတစ်စဖြင့် လွှမ်းထားပြီး ပန်းတွေ တင်ထားသည်။ နောက်နာရီဝက်ခန့်အကြာတွင် အလောင်းကို အနီးအနားတွင်ထားကာ ထိုင်နေသော ကိုဗာစကီး၊ ကိုအံ့ဘွယ်တို့၏ အခန်းတံခါး ကို ခေါက်သံပြင်းပြင်းကို ကြားရသည်။ တက္ကစီ ဒရိုင်ဘာက တံခါးကို သွား၍ ဖွင့်ပေးလိုက်၏။ ခပ်မှောင်မှောင် အရိပ်ထဲတွင် မည်းနက်နေသော အသား မည်းမည်း မျက်နှာနှစ်ခုကို သူမြင်လိုက်ရသည်။

သူတို့အထဲမှ တစ်ယောက်က...

"ကျုပ်တို့က အရိုးရောင်းတဲ့ဆိုင်ကပါ၊ သေသွားတဲ့ လူက ကျုပ်တို့ဆီကို အရိုးရောင်းထားတဲ့ စာချုပ်ရှိတယ်၊ ဒါကြောင့် အရိုးတွေလာယူတာ" ဟု ပြောသည်။

၆၁

ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံများသည် ဆူညံစွာ မြည်ဟည်းနေကြသည်။ ကိုဗာစကီးသည် မျက်စိကို မှိတ်ထားလိုက်ကာ လက်ညှိုးကို ထောင်လိုက်ပြီး စတင်၍ တရားဟောသည်။

"ခေါင်းလောင်းတွေ တီးနေပြီ၊ နားထောင်" ဟု ကိုဗာစကီးက ပြောသည်။

ထို ခေါင်းလောင်းသံများက "အချင်းတို့၊ ငါတို့၏ ကယ်တင်ရှင်ကြွလာ သော ခရစ်တော် မွေးဖွားချိန်သို့ ရောက်လေပြီ" ဟု ကြွေးကြော်နေကြသကဲ့သို့ ရှိသည်။ ထိုနေ့တား နာတာလူးပွဲတော် အကြိုညတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ကာလကတ္တားမြို့တော်ရှိ ဘုရားရှိခိုးကျောင်းများ ခေါင်းလောင်းသံများသည် မြည်ဟည်းကာ မင်္ဂလာအခါတော်ကို ကြွေးကြော်ကြသည်။ ကာလကတ္တားတွင် ခရစ်ယာန်ဘာသာဝင် ဦးရေသည် အနည်းငယ်မျှသာ ရှိသည့်တိုင် ကာလကတ္တားမြို့သူမြို့သားများသည် အခြားသော ဘာသာ မိုဟာမက်၊ ဗုဒ္ဓ၊ ကရိသျှနာ၊ ဆစ်ဘာသာဝင်တို့၏ ဂုရုနာနက်၊ ဂျိန်းဘာသာဝင်တို့၏ မဟာဝီရတို့၏ အထိမ်းအမှတ်နေ့များကို ကျင်းပကြသကဲ့သို့ ခရစ်တော်၏ အထိမ်းအမှတ်ကိုလည်း စည်ကား သိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ အိန္ဒိယပြည်တွင် အစိုးရ ရုံးပိတ်ရက်များအနက် ရက်ပေါင်း နှစ်ဆယ်မှာ ဘာသာရေးနေ့များဖြစ်ကြသည်။

ထိုည၌ ဘုရားရှိခိုးကျောင်းတွင် ပြင်ဆင်မွမ်းမံထားပုံမှာ နန်းတော်၌ ကျင်းပသည့် မဟာရာဇာတစ်ဦး၏ ယော်နန်းတစ်ခုနှင့် တူနေသည်။ လူသွားစင်္ကြံ များနှင့် မလှမ်းမကမ်းရှိ ဘုရားရှိခိုးကျောင်းဝင်းကွက်လပ်ထဲတွင် ပုခက်တစ်လုံးကို ဆင်ထားပြီး ထိုပုခက်အနီးတွင် သက်ရှိနီးပါး အရွယ်ရှိသော ရုပ်ပုံများကို ထုထားသည်။ ယင်းမှာ ဘက်သလယ်ဟမ်မြို့ နွားစာခေါင်းထဲတွင် ခရစ်တော်ကို မွေးဖွားခဲ့သည့် အထိမ်းအမှတ်အဖြစ် ထုလုပ်ထားခြင်းဖြစ်သည်။ ထိုနေရာ တစ်ဝိုက်တွင် ထောင်ပေါင်းများစွာသော အိုးမဲ့အိမ်မဲ့များသည် ချမ်းအေးသည့် ညများတွင် တိုးဝှေ့အိပ်ခဲ့ကြဖူးသည်။ လူတွေ ကလည်းမျိုးစုံ။ တောက်ပသည့် ဆာရီရောင်စုံများကို ဝတ်ကာ ရွှေချည်ထိုး ပဝါများကို ခေါင်းတွင် ခြုံထားသည့် အမျိုးသမီးများ၊ မင်းညီမင်းသားများ သဖွယ် ဝတ်ဆင်ထားကြသည့် အမျိုးသား များနှင့် ကလေးလူငယ်အားလုံးသည် ပန်းကုံးများ၊ မီးရောင်စုံများ ဆင်ယင်ထား သည့် ဘုရားရှိခိုးကျောင်း မုခ်ဦးကွက်လပ်တစ်ဝိုက်တွင် ကြိတ်ကြိတ်တိုးနေ တော့သည်။ နှင်းဆီပန်းများ၊ စံပယ်ပန်းများနှင့် သစ္စာပန်းကုံးများသည် တရားပလ္လင်ကို ဖုံးအုပ်လျက်။ သုခမြို့တော်မှ အမျိုးသမီးတစ်ဦးက သူ့ခင်ပွန်း အား ကာလဝမ်းရောဂါမှ ပျောက်ကင်းအောင် ကုသပေးခဲ့သည်ကို ကျေးဇူးဆပ် သည့် အနေဖြင့် ဓမ္မသီချင်းဆိုသည့် အဖွဲ့တစ်ဖွဲ့ လာရောက်ကူညီသည်။ လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ရာက ထိုဘုရားရှိခိုးကျောင်း ဆောက်ပြီးနောက် ထိုဝင်းထဲတွင် မြှုပ်နှံခဲ့သည့် ဗြိတိသျှလူမျိုးတို့ အမည်ကမ္ပည်းစာများ ထိုးထား သည့် စာတန်းကြီးများကို ချိတ်ဆွဲထားရာ တိုင်လုံးကြီးများ အနီးတွင် ပန်းကုံး တွေ၊ သစ်ကိုင်းတွေ ဖုံးအုပ်နေသည်မှာ မုခ်ဦးကြီးတစ်ခုသဖွယ် ဖြစ်နေသည်။



ထိုစဉ် ဖြောက်အိုးဖောက်သံကို ကြားရသည်။ ထို့နောက် အော်ဂင်တီးသံ၊ ထို့နောက် ဓမ္မတေးဆိုသံ၊ ဤသည်တို့မှာ မြင့်မြတ်သန့်စင်သော ကလေးငယ် မွေးဖွားခြင်းကို ကြိုဆိုသည့် အထိမ်းအမှတ်ဖြစ်သည်။ ဦးပေါင်းထုပ်ဖြူနှင့် ပိုးဝတ်ရုံနီကြီးကို ဝတ်ထားသဖြင့် ခါတိုင်းထက် သားနားတောက်ပနေသည့် ဂိုဏ်းအုပ် ဘုန်းတော်ကြီး အယ်ဘာတိုကော်ဒေရိုသည် ဘုန်းတော်ကြီးများ ဝတ်ရွတ်စဉ်ဆိုသည့် အဖွဲ့သားများ ခြံရံလိုက်ပါလျက် ဘုရားရှိခိုးကျောင်း မုခ်ဦးကို ဖြတ်သန်းကာ တရားပလ္လင်ဆီသို့ လျှောက်လာခဲ့သည်။ သန်းခေါင်ယံ ဝတ်ပြုဆုတောင်းပွဲကို ပထမဆုံးအကြိမ် မြင်ဖူးသည့် မက်စ်က "ဒီလောက် နှံချာဆင်းရဲတဲ့ ပတ်ဝန်းကျင်မှာ ဒီလောက် ကြီးကျယ်ခမ်းနားတာမျိုးကို ဒီတစ်ခါပဲ မြင်ဖူးသေးတယ်" ဟု နောင်တွင် ပြောခဲ့သည်။ တစ်ခါတုန်းကမူ ထိုဂိုဏ်းအုပ် ဘုန်းတော်ကြီးသည် ကိုဗာစကီးအား အရှိအသေတန်မည် စိုးသဖြင့် ထိုလူဆင်းရဲ ရပ်ကွက်ထဲသို့ သွားပြီး မနေဖို့ တားခဲ့ကြောင်းကို မက်စ်မသိ။

ကာလကတ္တားမြို့တစ်မြို့လုံးရှိ ဘုရားရှိခိုးကျောင်းထဲတိုင်းတွင် အလားတူ ဆုတောင်းပွဲများ ကျင်းပခဲ့ကြသည်။ ပန်းခြံလမ်းအနီးရှိ စိန့်တောမတ် ဘုရား ရှိခိုးကျောင်းရှေ့တွင်မူ ကိုယ်ပိုင်ကားများ၊ တက္ကစီများနှင့် လန်ချားများသည် ခရစ်တော်၏ မွေးနေ့အကြိုညတွင် လာရောက်ဝတ်ပြုသူတို့ကို လာရောက် ပို့ပေးကြသည်။ ပန်းခြံလမ်းနှင့် အနီးတစ်ဝိုက်ရှိ လမ်းသွယ်များတွင်လည်း ပန်းကုံးတွေ၊ မီးရောင်စုံတွေဝေလျက်။ ထိုတစ်ညလုံး ကာလကတ္တားမြို့ကြီးသည် နာတာလူးပွဲတော် သီချင်းသံများဖြင့် ပဲ့တင်ထပ်လျက်ရှိတော့သည်။ လမ်းမများ ပေါ်တွင် ကလေးများသည် သူတို့ ဆင်းရဲသားရပ်ကွက် အလုပ်ရုံများမှ ထုတ် လုပ်လိုက်သည့် စန်တာကလော့စ် အရုပ်များကို ရောင်းနေကြသည်။ တချို့က ကတ်ထူပြားဖြင့် လုပ်ထားသည့် နာတာလူး ထင်းရှူးပင်များနှင့် ပုခက်ကလေးများ လက်ဝါးကပ်တိုင် ကလေးများကို ရောင်းနေကြသည်။ ဆိုင်ကြီးဆိုင်ငယ် အသွယ်သွယ်တို့သည် ပြတင်းပေါက်များကို ဖွင့်ထားကြကာ နာတာလူး လက်ဆောင်များကို ရောင်းနေကြသည်။ ဝိုင်အရက်ပုလင်းများ၊ အရက်ပုလင်း များ၊ ဘီယာပုလင်းများ၊ သစ်သီးခြင်းများ၊ မုန့်မျိုးစုံနှင့် သစ်သီးခြောက်များ စသည်ဖြင့် စားသောက်ဖွယ်တွေ စုံနေသည်။ ချမ်းသာသည့် အိန္ဒိယအမျိုးသမီး များက အစေခံများ လိုက်ပါလျက် သန်းခေါင်ယံ ညစာစားပွဲအတွက် ဝယ်စရာရှိသည်တို့ကို ခပ်သုတ်သုတ် ဝယ်နေကြသည်။ နာမည်ကျော် ရေခဲမုန့်

www.burmeseclassic.com

www.burmeseclassic.com



နှင့် မုန့်မျိုးစုံဆိုင်ကြီးဖြစ်သည့် ဖလူရီ မုန့်ဆိုင်တွင် ဝယ်သူတွေ ကြိတ်ကြိတ်တိုးနေကြသည်။ အချို့ကလည်း မော်လင်ရှ၊ ဂရင်းဟိုတယ်၊ ပန်းခြံဟိုတယ်စသည်တို့သို့ သွားကြသည်။ ဂရင်းဟိုတယ် ဆိုလျှင် ထိုင်စရာနေရာပင်မရှိတော့။ စားပွဲများကို ကြိုတင်ဝယ်ထားသဖြင့် နောက်မှ ရောက်လာသူတို့မှာ ရောင်းခြင်းမပြုနိုင်တော့ပြီ။ ဂရင်းဟိုတယ်မှ နှစ်ယောက်စာ ညစာအတွက်ကျသင့်ငွေမှာ ကျပ်သုံးရာဖြစ်သည်။ ယင်းမှာ ဟာစရီပါး၏ အရိုးများကိုရောင်းရသည့် ငွေနှင့် ညီမျှသည်။

သို့ရာတွင် သုခမြို့တော်ရှိ လမ်းကြားကလေးများထဲတွင်မူ နာတာလူးပွဲတော် အကြိုညသည် ထိုမျှလောက် ခမ်းနားခြင်းမရှိ။ ခရစ်ယာန် ဘာသာဝင်တို့၏ နေအိမ်များတွင်မူ ပန်းကုံးများ၊ မီးပွင့်များကို ဆင်ယင်ထားကြသည်။ အသံချဲ့စက်များက နာတာလူး သီချင်းများနှင့် ဓမ္မသီချင်းများကို ဖွင့်နေကြသည်။ အိမ်တိုင်းအိမ်တိုင်း သူ့နည်းနှင့်သူ နာတာလူးပွဲတော် အကြိုညအတွက်ပြင်ဆင် မွမ်းမံကြသည်။ မာဂရိတာမှာ ကိုဗာစကီး မရှိခိုက်တွင် သူ့အိမ်ကိုဆေးပြန်သုတ်ကာ ကြမ်းပြင်ကို ဆေးခြယ်ထားပေးသည်။ ခရစ်တော်၏ပုံတော်အောက်တွင် ပုခက်ကလေး တစ်လုံးကို ချထားသည်။ ခရစ်တော်မွေးဖွားသည့် ဇာတိကို မွမ်းသော ဓမ္မသစ် ကျမ်းစာအုပ်ကို ဖွင့်ထားသည်။ အမွေးတိုင်များနှင့် ဖယောင်းတိုင်များကို ထွန်းညှိထားသည်။ မျက်နှာကြက်တွင်ပန်းကုံးတွေ ချိတ်ဆွဲထားသည်။

သုခမြို့တော်က နာတာလူးပွဲတော် အကြိုည၌ မည်သည့် နေရာတွေမည်မျှ ပြင်ဆင်ထားကြသည်ဆိုစေ၊ ကိုဗာစကီး၏ အိမ်ခေါင်းကလေးရှေ့တွင်ထူထားသည့် ဝါးလုံးတိုင်ပေါ်မှ ကြယ်ပွင့်ပုံ ချိုးထားသော မီးပုံးကြီးမှာအလှဆုံးဖြစ်သည်။ ဟိန္ဒူအဘိုးကြီး အဇီးနှင့် မူဆလင် အမျိုးသား ဆာလာဒင်တို့သည် စိတ်ကူးရကာ ထိုကြယ်ပွင့် မီးပုံးကြီးကို ဝါးလုံးတိုင် ထိပ်ဖျားတွင်ချိတ်ဆွဲခဲ့ကြခြင်းဖြစ်သည်။ ထိုကြယ်မီးပုံးကြီးသည် သုခမြို့တော်ရှိ ဆင်းရဲသားအပေါင်းတို့အား "အို…အချင်းတို့၊ ကြောက်ရွံ့ခြင်း မဖြစ်ကြကုန်လင့်၊ သင်တို့ချည်းသာ အထီးတည်းရှိသည်မဟုတ်။ သခင်ခရစ်တော်သည် ဤလိုမင်္ဂလာအချိန် ညချမ်းအချိန်တွင် မွေးဖွားသန့်စင်တော်မူခဲ့၏။ သင်တို့အားကယ်တင်မည့်သူသည် ရောက်လာတော့မည်" ဟု သုခမြို့တော်ရှိ ဆင်းရဲသားအပေါင်းတို့အား ပြောဆိုနေသကဲ့သို့ ရှိသည်။



ထိုည၌ သူတို့ပြောသည့် "ကယ်တင်ရှင်" သည် ဘုရားရှိခိုးကျောင်းမှသင်းအုပ်ဆရာ၏ တိုက်တွန်းချက်အရ သူတို့နှင့်အတူ ရှိနေသည်။ ခိုက်ခိုက်တုန်အောင် အေးချမ်းသဖြင့် ကိုဗာစကီးသည် ပခုံးနှင့် ခေါင်းကို တဘက်တစ်ထည်ဖြင့် ခြုံကာ မာဂရက်တာတို့ ဝင်းထဲတွင် လာရောက်စုဝေးကြသောဝတ်ပြုသူ ငါးဆယ်တို့ကို တရားရေအေးတိုက်ကျွေးလျက်ရှိသည်။ သေတ္တာကြီးနှစ်လုံးပေါ်တွင် ကန့်လန့်တင် ခင်းကျင်းထားသည့် သစ်သားစင်ကလေးပေါ်တွင်သူဝတ်ပြု ဆုတောင်းပွဲ ကျင်းပပေးခဲ့သည်မှာ ဘယ်နှစ်ကြိမ်ရှိပြီနည်း။ ဘယ်နှစ်နာရီ ရှိပြီနည်း။ လေးငါးနှစ်လော။ ခြောက်နှစ်လော။ ခုနစ်နှစ်လော။ အတိတ်နှင့် အနာဂတ်တို့မပါဘဲ ဤကမ္ဘာလောကတွင် အချိန်ကို မည်သူမျှတိုင်းထွာခြင်း ပြုနိုင်မည်နည်း။ လူများစွာတို့၏ ဘဝသည် ပစ္စုပ္ပန်ဟူသော စက္ကူကလေးပေါ်တွင် တွယ်ငြိထားသည့် အရာမျှသာ မဟုတ်လော။

ကိုဗာစကီးသည် ညအမှောင်ထဲတွင် ဝေ့ဝဲပျံ့လွင့်လာသည့် ဓမ္မသီချင်းသံများကို နားထောင်ရင်း တွေးနေသည်။

သူ့အဖို့ ဤသူဆင်းရဲ ရပ်ကွက်သည် ဘုန်းကြီးကျောင်း၊ တရားဓမ္မကို ရှာမှီးရာနေရာ။

ဘုရားသခင်၏ အလိုတော်အတိုင်း ကျင့်ကြံရာတွင် လူဆင်းရဲရပ်ကွက်တစ်ခုထက် ကောင်းသောနေရာသည် လောက၌ မရှိဟူသော အတွေးသည်ထိုနာတာလူး ညတွင် ပို၍ လေးနက်လာခဲ့သည်။ ခရစ်တော်သခင် ယေရှုကိုမွေးဖွားသန့်စင်ခဲ့ရာ ဘယ်သယ်ဟမ်မြို့နှင့် ဤသုခမြို့တော်တို့သည် ဘာခြားနားသေးသနည်း။ ကိုဗာစကီးသည် ကောင်းချီးမင်္ဂလာပေးခြင်း မပြုမီ ပရိသတ်အား စကားအနည်းငယ် ပြောချင်စိတ် ပေါ်လာသည်။

"ကျုပ်တို့ ကမ္ဘာလောကကြီးမှာ စည်းစိမ်ချမ်းသာ ကြွယ်ဝသူတွေကိုအသိအမှတ်ပြုဖို့၊ ချီးကျူးဖို့ကိစ္စဟာ အင်မတန်လွယ်တယ်။ ဒါပေမယ့်ဆင်းရဲမှုရဲ့ ချမ်းသာစည်းစိမ်၊ ဒုက္ခရဲ့ချမ်းသာစည်းစိမ်ကိုတော့ လူဆင်းရဲများသာလျှင် နားလည်နိုင်ပေတယ်"

ထိုစကားများ မဆုံးမီတွင် ထူးဆန်းသည့် အချင်းအရာတစ်ခု ပေါ်ပေါက်လာခဲ့သည်။ ပထမတွင် လေပြင်းကြီးတစ်ချက် တိုက်လိုက်သည်။ ထို့နောက်ဝင်းကြီးတစ်ခုလုံး ပူလောင်သည့် လေပွေကြီးတစ်ချက် ဝင်တိုက်လိုက်သကဲ့သို့ခြင်း

www.burmeseclassic.com



ပန်းကုံးတွေ ပြုတ်ကျကုန်ကြသည်။ မီးတိုင်တွင် ထွန်းထားသည့် မီးတွေ ငြိမ်းကုန်ကြသည်။ ကိုဗာစကီး၏ အိမ်ရှေ့တွင် စိုက်ထားသည့် ဝါးလုံးတိုင်မှ ကြယ်ပွင့်မီးပုံးကြီး ပြုတ်ကျသွားသည်။ တချို့ အိမ်မိုးတွေ လန်ကုန်ကြသည်။ ထိုနောက်တွင် ကောင်းကင်အနှံ့မှ မြည်းဟည်းသော မိုးချုန်းသံကြီးပေါ်ထွက်လာခဲ့သည်။ မုတ်သုံသည် နောက်တစ်ခေါက်များ ပြန်ဝင်လာလေသလောဟု ကိုဗာစကီး တွေးလိုက်မိသေး၏။ သို့ရာတွင် လေသည် ချက်ချင်းတိတ်သွားကာ အားလုံးပြန်၍ ငြိမ်သက်သွားကြသည်။

"ဒါ့ကြောင့် ဆင်းရဲသားများသာလျှင် ဒုက္ခရဲ့ စည်းစိမ်ချမ်းသာကို သိနိုင်တယ်။ ဒီလိုမှသာလျှင် လောကကြီးမှာ တွေ့ရမယ့် ဆင်းရဲဒုက္ခအပေါင်းဆိုရဲရဲရင့်ရင့် ခံနိုင်စွမ်းရှိတယ်။ မတရားမှုတွေကို ရင်ဆိုင်နိုင်စွမ်း ရှိကြတယ်။ သခင်ယေရှုဟာ ဆင်းရဲသားတွေကြားမှာ မွေးဖွားသန့်စင်လာတာ တခြားကြောင့် မဟုတ်ဘူး။ သူ့ရဲ့ ကရုဏာတော်ရဲ့ တရားတော်ကို လူဆင်းရဲများထံက မ္ဘာလောကကြီးကို သင်ကြားပေးနိုင်အောင် မွေးဖွားလာခြင်း ဖြစ်တယ်"

"သုခမြို့တော်က ဒကာဒကာမ အပေါင်းတို့။ မျှော်လင့်ချက် မီးတိုင်ကို ကိုင်ဆောင်သူများဟာ သင်တို့တစ်တွေသာဖြစ်တယ်။ ကျားတို့သည် ကလေးငယ်နှင့်အတူ လဲ၍အိပ်နိုင်သော နေ့တစ်နေ့ကို မကြာမီ ရောက်တော့အံ့။ မြွေပွေးသည် ချိုးငှက်နှင့်အတူ နေနိုင်သော နေ့တစ်နေ့ကို မကြာမီရောက်တော့အံ့။ တစ်နေ့ ကမ္ဘာပေါ်တွင် လူမျိုးအားလုံးတို့ ညီရင်းအစ်ကို မောင်ရင်းနှမကဲ့သို့ နေနိုင်သော နေ့တစ်နေ့သည် မကြာမီ ရောက်တော့အံ့"

ကိုဗာစကီးသည် တရားဟောပြီးနောက် စားသောက်ဖွယ်တို့ကို စားသောက်မည်ဟု ပြင်သည်။ မုန့်ကို ကောက်ယူ၍ ကောင်းကင်သို့ ပသသည်။ ကောင်းကင်ကို မျှော်ကြည့်လိုက်စဉ် ထူးဆန်းသောအရာတစ်ခုကို အိမ်ခေါင်မိုးများထက်တွင် သူသတိပြုလိုက်မိသည်။ လျှင်မြန်စွာ သွားနေသော မည်းမှောင်သည့် တိမ်တိုက်ကြီးများထဲတွင် လျှပ်စီးတို့ ဝိုးဝိုးဝင်းဝင်း လက်နေသည်ကို သူမြင်လိုက်ရသည်။ ထိုနောက်ကောင်းကင်တစ်ခုလုံး မြည်ဟည်းကာ မိုးချုန်းသံများ ပေါ်ထွက်လာပြန်သည်။ ထိုနောက် လေပြင်းကြီးတွေ တိုက်လာလေသည်။ လေပြင်းသံဖြင့် သူတို့အားလုံးကို လေထဲသို့ စုပ်ယူတော့မလားဟု ထင်ရသည်။

ချက်ချင်းဆိုသလိုပင် မိုးတိမ်တို့သည် ပွန္နေးသည့် မိုးရေများကို



ဒလဟော သွန်ချလိုက်လေသည်။ ထိုစဉ် "မုန်တိုင်းဝင်ဆောင့်နေတယ်။ မုန်တိုင်း မုန်တိုင်း" ဟူသော ဂျွန်၏အော်သံကို ကြားလိုက်ရသည်။

* * *

ထိုညက ကာလကတ္တားမြို့တော်၏ တစ်ဖက်အစွန်း အလီပုရဝ်တွက်ရှိကိုလိုနီခေတ် အိမ်ကြီး တစ်ဆောင်ထက်တွင် လူတစ်ယောက်သည် တဖြည်းဖြည်း ပြင်းထန်လာနေသော လေမုန်တိုင်းကြီး ဟစ်အော်သံကို နားစိုက်ထောင်လျက်ရှိသည်။ သူ့အလုပ်မှာ ထိုလုပ်ငန်းနှင့်ဆိုင်သော အလုပ်ဖြစ်သဖြင့် ထိုသို့ စူးစိုက် နားထောင်နေရခြင်းဖြစ်၏။

ပန်ဂျပ်ပြည်နယ်သား တစ်ဦးဖြစ်သည့် အသက်သုံးဆယ့်ရှစ်နှစ်အရွယ် ရန်ဂျစ်ဆင်းသည် ထိုနာတာလူးပွဲတော်ည ကာလကတ္တားမြို့တော်ဒေသရှိ မိုးလေဝသနှင့် ဇလဗေဒဌာနတွင် တာဝန်ကျလျက်ရှိသည်။ သူတို့ဌာနရုံးဝင်းထဲမှ သက်တမ်းတစ်ရာရှိ ညောင်ပင်ကြီးများ ကြားတွင် တစ်ခါက ဘင်္ဂလီစာဆိုကြီး ရာဗိန္ဒြယာနတ်တဂိုးသည် သူ့ကဗျာများကို စပ်ဆိုခဲ့ဖူးသည်။ ထိုညောင်ပင်ကြီးများကြားတွင် ရှိသည့် သူတို့ဌာနမှ အသံဖမ်းတိုင်များသည် အိန္ဒိယပြည် ကမ်းရိုးတန်း တစ်လျှောက်တွင်ရှိသည့် မိုးလေဝသဌာနများမှ သတင်းပို့ချက်များကို ဖမ်းယူရရှိနေသည်။ ဘင်္ဂလားပြည်နယ်၊ အာသံပြည်နယ်၊ ကပ္ပလီကျွန်းစုနှင့် မြန်မာနိုင်ငံ ရန်ကုန်မှ အသံလွှင့်သတင်းပေးပို့ချက်များကိုလည်း ဖမ်းယူရရှိနေသည်။ ထို့ပြင် အမေရိကန်နှင့် ဆိုဗီယက်တို့ လွှင့်တင်ထားသည့် မိုးလေဝသ ဂြိုဟ်တုများမှ သတင်းပို့ချက်များနှင့် မြေပုံများကိုလည်း တစ်နေ့လျှင် နှစ်ကြိမ်ရနေသည်။ အာရေဗျ ပင်လယ်နှင့် ဘင်္ဂလား ပင်လယ်အော်တို့သည် အမြဲတမ်းလိုလို မုန်တိုင်းကြီးများကို အားပျိုးပေးနေသည့် လေဖိအားနည်း ရပ်ဝန်းဒေသများဖြစ်ကြသည်။ ပင်လယ် မျက်နှာပြင်နှင့် ကောင်းကင်အမြင့်ကြားတွင် လေဖိအားနည်း ရပ်ဝန်းဒေသများဖြစ်ကြသည်။ ပင်လယ်မျက်နှာပြင်နှင့် ကောင်းကင်အမြင့်ကြားတွင် လေဖိအားနည်း ရပ်ဝန်းများဖြစ်ပေါ်ခြင်းအပူချိန်ကွားခြားမှု များပြားခြင်းတို့ကြောင့် လေပြင်း မုန်တိုင်းကြီးများ ဖြစ်ပေါ်လာလေ့ရှိကာ မီဂါတန်များစွာ အားရှိသော ဟိုက်ဒရိုဂျင်ဗုံးများနှင့် ညီမျှသည့် အားတို့ကို ဖြေလွှတ်ပေးတတ်သည်။ ထိုလေမုန်တိုင်းများကြောင့် တစ်ခါတစ်ရံတွင် လူရာပေါင်းများစွာ၊ တစ်ခါတစ်ရံ ထောင်ပေါင်းများစွာ သေကြေပျက်စီးတတ်သည်။ အင်္ဂလန်ပြည်လောက်ရှိသော ဒေသကြီးတစ်ခုတို့

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအတွင်း ရေအောက်သို့ ဆွဲမြှုပ်ပစ်လိုက်တတ်သည်။ အိန္ဒိယပြည်ကြီး၏ အဘိုးတ် အမှတ်သညာသည် ထိုလေမုန်တိုင်းကြီးများ၏ ခြောက်အိပ်မက်များကြောင့် သွေးပျက်လုခမန်းဖြစ်ရသည့်အကြိမ်တွေ မရေတွက်နိုင်တော့။

ထိုညကမူ မိုးလေဝသဌာနမှ ရန်ဂျစ်ဆင်းသည် ဘာမျှ အထူးစိုးရိမ်ခြင်းမဖြစ်။ အပူပိုင်းဇုန် လေဖိအားနည်းမှုများသည် မုန်တိုင်းကြီးများ အမြဲဖြစ်လာသည် မဟုတ်။ အထူးသဖြင့် ယခုလို မုတ်သုံရာသီနှောင်းပိုင်းတွင် ဆိုလျှင် ဘာမျှစိုးရိမ်ဖွယ်မရှိ။ ည ၇ နာရီတွင် အမေရိကန်မိုးလေဝသဂြိုဟ်တုက ပေးပို့သည့် ဓာတ်ပုံများကို ကြည့်လိုက်လျှင်လည်း စိတ်အေးစရာ။ ရန်ဂျစ်ဆင်းသည် ဂြိုဟ်တုမှပေးသည့် ဓာတ်ပုံကို သေချာစွာကြည့်သည်။ စထရာတိုမြူးလက်စ် တိမ်တိုက်များ စုဝေးနေသည့် နေရာတစ်ဝိုက်လည်း သည်လောက်အန္တရာယ်ဖြစ်မည့် လက္ခဏာ မတွေ့ရ။ ထို တိမ်တိုက်သည် ကာလကတ္တားမြို့တောင်ဘက် မိုင်ရှစ်ရာအကွာ ပင်လယ်ပြင်တွင် ရှိနေပြီး အရှေ့မြောက်မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည် ရွေ့လျားနေသည်။ ကမ်းရိုးတန်းရှိ မိုးလေဝသဌာနများမှ တယ်လီပရင်တာဖြင့် ပို့ပေးသည့် နောက်ဆုံး သတင်းပို့ချက်ရောက်လာသည်မှာလည်း ဘာမျှ မကြာသေး။ တစ်နာရီလောက်သာ ရှိသေးသည်။ ထိုနေရာတစ်ဝိုက်တွင် လေဖိအားနည်းရပ်ဝန်းဒေသ ဖြစ်ပေါ်နေသည်ဟု သတင်းပို့ချက်များတွင် ဖော်ပြသည့်တိုင် လေတိုက်နှုန်းမှာ တစ်နာရီမိုင်သုံးဆယ်မျှသာရှိသည်။ ရန်ဂျစ်ဆင်းသည် စိတ်ချသွားကာ သူလည်း အများနည်းတူ နာတာလူးပွဲတော်ကို ဇိမ်ကျကျ ဆင်နွှဲမည်ဟု စိတ်ကူးရသည်။

ရန်ဂျစ်ဆင်းသည် သူ့လက်ဆွဲအိတ်ကိုဖွင့်ကာ သူ့ဇနီးပြင်ဆင်ပေးလိုက်သည့် သံဘူးနှစ်ဘူးကို ထုတ်သည်။ ဘူးထဲတွင် ချိစ်တုံးကလေးများကို ဆော့စ်နှင့် လူးထည့်ထားသည့် ငါးဟင်း၊ ဟင်းသီးဟင်းရွက်ကြော်နှင့် ပေါင်မုန့်တို့ဖြစ်သည်။ သန်းခေါင်ယံ ညစာအတွက်မူ အသင့်လျော်ဆုံးပေတည်း။ ရန်ဂျစ်ဆင်းသည် အခြားဘူး, တစ်ဘူးကို ဖွင့်ကာအထဲမှ ရမ်အရက်ကို ဖောက်ပြီးဖန်ခွက်တစ်လုံးတွင် ထည့်သည်။ ရန်ဂျစ်ဆင်းသည် လေပြင်းတိုက်သဖြင့် ပြတင်းပေါက်များက တချွန်းချွန်းမြည်နေသည်ကိုသတိမထားမိ။ ရမ်တစ်ခွက်ကို အားရပါးရ မော့ချလိုက်ကာ အစာကို စားနေသည်။ စားသောက်ပြီးသည့် အခါတွင် နောက်ထပ် ရမ်တစ်ခွက်ကို ထပ်ယူသည်။ ထိုင်ရာမှ ထပြီး တစ်ဖက်ခန်းရှိ တယ်လီပရင်တာကို လှမ်းကြည့်သည်။ သေချာသည်။ ဘာ

www.burmeseclassic.com



သတင်းမျှ နောက်ထပ် ဝင်ရောက်လာခြင်းမရှိ။ ထို့ကြောင့်နေရာတွင် ပြန်ထိုင်ကာ လက်ကျန် ရမ်တစ်ခွက်ကို ထပ်သောက်သည်။ သည်လိုဖြင့် ဘာမျှ ထူးခြားခြင်း မရှိသည့် ည, တစ်ညကို ကုန်ဆုံးရဦးတော့မည်။

ည နာရီပြန်နှစ်ချက်တွင်မူ တယ်လီပရင်တာမှ မြည်သံကြောင့် သူ အိပ်ရာမှ လန့်နိုးလာသည်။ မဒရပ် ကမ်းခြေရှိ ဝိရှခါပတ္တနံ မိုးလေဝသစခန်းမှ သတင်းပို့ချက် ဝင်လာနေသည်။ တစ်နာရီလျှင် မိုင်တစ်ရာသုံးဆယ်ခန့်ရှိသည့် လေမုန်တိုင်းတစ်ခု တိုက်ခတ်နေကြောင်း သတင်းဖြစ်သည်။ ခဏကြာလျှင် နိကိုဘာ ကျွန်းစုရှိ မိုးလေဝသစခန်းမှ ထိုသတင်းကို အတည်ပြုသည်။ ယမန်နေ့က ရှိခဲ့သော လေဖိအားနည်းမှုကြောင့် မုန်တိုင်းကြီးတစ်ခုဖြစ်ပေါ်နေလေပြီ။ မိုးနတ်ဖြစ်သည့် ဣန္ဒြာ၏ ဒေါသသည် ဘင်္ဂလားပင်လယ်အော်တစ်ဝိုက်ထိုဖြတ်သန်းနေလေပြီ။

နောက်တစ်နာရီခန့်အကြာတွင် မုန်တိုင်းထဲတွင် ရောက်နေသည့် အင်ဒိုနီးရှား သင်္ဘောတစ်စီးမှ လွှင့်လိုက်သော အက်စ်အိုအက်စ် အသံလွှင့်ချက်တစ်ခုကို ရရှိသည်။ သည်အတိုင်းဆိုလျှင် အန္တရာယ်ကြီးသည်မှာ သေချာနေပြီ။ သင်္ဘောမှာလတ္တီကျု ၁၇ ဒီဂရီနှင့် လောင်ဂျီကျု ၉၁ ဒီဂရီတွင် ရောက်နေသည်။ ထိုအတိုင်းဆိုလျှင် မုန်တိုင်းသည် ဘင်္ဂလားကမ်းခြေနှင့် မိုင်, သုံးရာငါးဆယ်ခန့်ဝေးသည်။ လေမုန်တိုင်းသည် ယမန်နေ့က အရှေ့မြောက်ဘက်သို့ ရွေ့လျားနေရာမှ ဦးတည်ချက် ပြောင်းသွားကာ မြောက်ဘက် ကာလကတ္တားဆီသို့ တည့်တည့်ကြီးလာနေသည်။

ရန်ဂျစ်ဆင်းသည် အချိန်မဖြုန်းနိုင်။ ရုံး, အဆောက်အအုံတောင်ဝဲတစ်ဖက်ရှိ မိသားစုနှင့်အတူ အိပ်ပျော်နေသော သူ့အထက်အရာရှိဖြစ်သူ အင်ဂျင်နီယာချုပ် ဂုပတ္တားကို လှမ်း၍ သတင်းပို့သည်။ ထိုနောက် အနီးတွင်ရှိသည့် အောလ်အင်ဒီးယား အသံလွှင့်ဌာနခွဲသို့ လည်းကောင်း၊ ပြည်ထဲရေး ဝန်ကြီးရုံးသို့လည်းကောင်း လှမ်း၍ သတင်းပို့သည်။ ယင်းမှာပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်းကြီး ကျရောက်တော့မည်ကို ဒေသရှိ လူထုကို အသိပေးနိုင်ရန်ဖြစ်သည်။ ထိုနောက် သူ့စားပွဲအောက်ဘက်ရှိ ဗီရိုတစ်လုံးပေါ်တွင်ရှိသော ရေဒီယိုတယ်လီဖုန်းကိုကောက်ကိုင်သည်။ ပြီး မိုးလေဝသဌာနချုပ်သို့ အကြောင်းကြားသတင်းပို့သည်။ ဌာနချုပ်က ကာလကတ္တားမြို့ထဲရှိ အမြင့်ဆုံး အဆောက်အအုံပေါ်တွင် ထားသည့် နောက်ဆုံးပေါ် ကိရိယာတစ်ခုဆီသို့ သတင်းပို့သည်။

www.burmeseclassic.com



အိန္ဒိယ မိုးသေဝသဌာနရုံး မှန်ခုံး အမိုးကြီးအောက်မှ ထိုးထွက်နေသော အသံဖမ်းအိုင်များက မိုင်ပေါင်းလေးရာ အကွာတွင်ရှိနေသည့် ဆိုင်ကလုံးမုန်တိုင်းကို ရှာဖွေနိုင်သည်။ လေမုန်တိုင်း၏ ဗဟိုချက်မ အကျယ်အဝန်းကို တိုင်းတာနိုင်သည်။ ပစ်မှတ်ကို သိသည်နှင့် ရှာသွန်းနိုင်ဖွယ်ရှိသည့် မိုးရေထုထည်ပမာဏကို တွက်ချက်နိုင်သည်။

သို့ရာတွင် လွန်ခဲ့သည့် ဆယ်နှစ်အတွင်း ဘင်္ဂလားကမ်းခြေကို ဝင်ဆောင့်ခဲ့သည့် မုန်တိုင်းများစွာကို ဖမ်းယူပေးခဲ့သော ရေဒါကြီးသည် ထိုညက ပိတ်ထားလျက်သားဖြစ်သည်။

နောက်တစ်နေ့မနက် ၇ နာရီအထိ ထိုရေဒါကို မဖွင့်နိုင်ခဲ့။

## ၆၂

သုခမြို့တော်သို့ ခြောက်နှစ်ကြာမျှ စွန့်စွန့်စားစားသွားရောက်နေထိုင်ပြီး ရွာသို့ပြန်လာခဲ့သည့် လယ်သမားဟာရှစ်ဂို့ရှ်သည် ထိုညက မအိပ်နိုင်သေး။ ဂို့ရှ်၏ ဇနီး ကလေးသုံးယောက်တို့နှင့်အတူ သက်ကယ်မိုး ရွှံ့တဲကလေးကို ဝိုင်းဝန်းတိုက်ခတ်နေသည့် မိုးဒဏ်နှင့် လေဒဏ်တို့ကို ကြိုးစားတွန်းလှန်နေသည်။ ဇန်ဂါလာအမည်ရှိ သူ့ရွာကလေးသည် မြေဩဇာ မကောင်းသည့်လယ်ကွင်းများ အလယ်ကောင်တွင် အထီးကျန်တည်ရှိနေပြီး တစ်ခါက အရှေ့ပါကစ္စတန်ဟုခေါ်၍ ယခု ဘင်္ဂလားဒေ့ရှ်ဟုခေါ်သော နေရာမှ ပြေးလာကြသည့် ဒုက္ခသည်များ စုဝေးနေထိုင်သည် ရွာကလေးဖြစ်သည်။ တစ်ရွာလုံးမှာ သူ့လိုပင် ရွှံ့တဲကလေးများဖြင့် ဖြစ်ကတတ်ဆန်း တည်ထားသည့် ရွာကလေးဖြစ်သည်။ ထိုဒေသသည် ကမ္ဘာပေါ်တွင် အဆင်းရဲဆုံး ဒေသကလေးတစ်ခုဖြစ်ပြီး စိမ့်တောကြီး ဖြစ်သည်။ လမ်းဟူ၍ ကောင်းကောင်းမွန်မွန်မရှိ။ နေရာအနှံ့တွင် မြစ်များ၊ ချောင်းများ၊ တူးမြောင်းများ၊ မြစ်ဝများဖြင့် ရှုပ်ယှက်ခတ်နေသည်။ သူတို့ဒေသသည် လူသူ မှီတင်းနေထိုင်ဖို့ ကောင်းသည့်နေရာမဟုတ်။ အမြဲတစေပင် သဘာဝဘေးအန္တရာယ် တစ်ခုခုနှင့်တော့ ကြုံနေရသည်။ ရေကြီးခြင်း၊ လေမုန်တိုင်းတိုက်ခြင်း၊ လေဆင်နှာမောင်းကျရောက်ခြင်း၊ မိုးခေါင်



ခြင်း၊ ကမ်းပြိုခြင်း၊ ရေကာတာကျိုးခြင်း၊ ပင်လယ်ရေနစ်ဝင်ခြင်း စသည်တို့သည် သူတို့ရွာကလေးသို့ အမြဲတစေ ရောက်လာတတ်သည်။ မြေကလည်း ညံ့လိုက်သည့်မြေ။ တစ်ဧကထွက် စပါးသည် ဘာမျှမပြောပလောက်။ ဆန်ကြိတ်လိုက်လျှင် ဆယ့်ငါးပေါင်လောက်သာရသည်။ ထိုဒေသရှိ လယ်သမားနှစ်သန်းကျော်တို့သည် ထိုမြေရိုင်းရေရိုင်းထဲတွင် မဝရေစာကို မသေရုံတမည် ရှာဖွေစားနေရကြခြင်းဖြစ်သည်။ ထိုအထဲတွင် ပင်လယ်သို့ထွက်၍ ငါးဖမ်းကြရသည်။ ထိုဒေသတွင် ငါးပေါသည့်တိုင် သူတို့တွင် ခေတ်မီ ငါးဖမ်း ထိရိုးဟာဆို၍ ဘာမျှမရှိ။ ထိုအခါတွင် သူတို့သည် ငါးရအောင် နတ်သိကြားဆုတောင်းသာ အားကိုးရတော့သည်။ ယင်းတို့အနက် ငါးသိန်းခန့်မှာ ဘာအလုပ်မှ မရှိသည့် လယ်ကူလီများဖြစ်ပြီး သူတို့ အလုပ်မှာလည်း ကောက်စိုက်ချိန်နှင့် လယ်ရိတ်ချိန်တို့တွင်သာရှိသည်။ ကျန်အချိန်များတွင်မူ တောထဲသို့သွား၍ ထင်းခုတ်ခြင်း ပျားဖွပ်ခြင်းတို့ဖြင့်သာ အသက်မွေးကြရသည်။ သူတို့ဝင်ရသည့် တောကြီးကလည်း နည်းသည့်တောကြီး မဟုတ်။ အင်္ဂလန်တစ်ပြည်စာလောက် ကျယ်ဝန်းအမေဇုန်တောကြီးလို လူသူရောက်ရန် ခဲယဉ်းသည့်နေရာ ဖြစ်သည်။ ရွှံ့မိကျောင်းများနှင့် ကျားရဲတို့ပေါပြီး တစ်နှစ်လျှင် ထိုသတ္တဝါများ လက်ချက်ဖြင့် အနည်းဆုံး လူလေးငါးရာခန့် အသက်ဆုံးရှုံးကြရသည်။

ဟာရှစ်ဂို့ရှ် သုခမြို့တော်မှ ပြန်လာသည့်အခါ၌ ဟာရှစ်ဂို့ရှ်တွင် တောသားတစ်ယောက်အဖို့ စီးပွားရေး ကောင်းသည်ဟု ပြောနိုင်သော အမှတ်အသားတစ်ခုပါလာခဲ့သည်။ ယင်းမှာ အခြားမဟုတ်။ ထရန်စစ္စတာ ရေဒီယိုကလေးတစ်လုံးဖြစ်သည်။ ထိုနေ့မနက် ခြောက်နာရီခန့်တွင် ဂို့ရှ်၏ ရေဒီယိုအသံဖမ်းစက်မှ အသံသည် မပီမသဖြစ်နေသည်။ သို့တိုင် တဂျစ်ဂျစ်မြည်နေသည့် ရေဒီယိုထဲမှ နေ၍ မကြာခဏ သတိပေးနေသော အသံလွှင့်ချက် တစ်ခုကို သူကြားနေရသည်။ သူသည် ရေဒီယိုကို နားနားသို့ကပ်၍ နားထောင်သည်။ ထိုအခါတွင်ထား သတိပေးချက်ကို သူချက်ချင်းနားလည်လိုက်လေပြီ။ ခဏကြာလျှင် ဂို့ရှ်နှင့် သူ့မိသားစုသည် မိုးရေထဲသို့ ပြေးထွက်လာခဲ့ကြသည်။ သုခမြို့တော်ဆိုသည့် လူဆင်းရဲရပ်ကွက် ငရဲခန်းတွင် ခြောက်နှစ်လုံးလုံး အငတ်ခံကာ ပင်ပန်းတကြီး ရှာဖွေလုပ်ကိုင်ခဲ့ရသည့် အသီးအပွင့်ကလေးများဖြစ်သော တဲအိမ်ကလေးနှင့် တကွ မျိုးစပါးများ၊ ဓာတ်မြေဩဇာများကို ထားပစ်ခဲ့ရလေပြီ။ ထိုနောက် သူ့လယ်ကွင်း၊ ပင်ပင်ပန်းပန်း တူးခဲ့ရသည့် ငါးကန်ကလေးနှင့်သဲထဲမှ ငါးကြင်း သားပေါက်ကလေးများ၊ နွားခြံထဲတွင် အော်ဟစ်နေကြသည့်

www.burmeseclassic.com

www.burmeseclassic.com



နွားနှစ်ကောင်၊ ဟိမဝန္တာမှ သိုးကြီးများကဲ့သို့ ချိုကုပ်ကုပ်နှင့် နို့အုံကြီးတွဲလောင်းကျနေသည့် သူ့နွားမကလေး မိနီတို့ကိုလည်း ထားပစ်ခဲ့ရလေပြီ။ ဝို့ရှိုသည် မိုးပြိုသလို ပြိုဆင်းလာသော လေမုန်တိုင်းကြီးကြားမှ နေ၍ သူ့တဲအိမ်ကလေးကို ငြိမ်ကြည့်သည်။ ထိုနောက် ငိုနေသော သူ့မိန်းမ၏ လက်မောင်းကို ဖျစ်ညှစ်၍ အားပေးစကား ပြောသည်။

မုန်တိုင်းကြီးတစ်ချက် အဝှေ့လိုက်တွင် ငှက်သိုက်ကလေးလို ပြုတ်ပါသွားသော သူ့တဲအိမ်ကို မိုးရေစက်တွေ ကြားမှာ သူခပ်ဝါးဝါးမြင်လိုက်သည်။

* * *

အလယ်တွင် မည်းမည်း အစက်ကလေးတစ်စက်ရှိသည်။ အဖြူရောင် ပက်ကျိုကြီးတစ်ကောင်၏ ပုံသဏ္ဌာန်သည် အစိမ်းရောင်လဲ့လဲ့ ပြေးနေသည့် ဖန်သားပြင်တွင် ရုတ်တရက်ပေါ်လာသည်။ ဂဏန်းတွေ ရေးထားသည့် ခရိုနိုမီတာ၏ လက်ဝဲဖက် ထိပ်တွင်မူ အချိန်နာရီကို လိမ္မော်ရောင် စာလုံးများနှင့် ရေးထားသည်။ အချိန်က နံနက် ၇ နာရီ ၃၆ မိနစ်။ ကာလကတ္တားမြို့ဆီသို့ လာနေသော လေမုန်တိုင်းကြီးကို ကာလကတ္တားရေဒါက ယခုတွေ့နေပြီ။ နေရာမှာ မြောက်လတ္တီကျူ ၁၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၉ ဒီဂရီ။ မုန်တိုင်း၏ အကျယ်အဝန်းမှာ ငါးရာငါးမိုင်။ မုန်တိုင်း၏ မျက်လုံးဟုခေါ်ကြသော ဗဟိုချက်မ၏ အကျယ်အဝန်းမှာ နှစ်ဆယ့်နှစ်မိုင်။ ကမ်းရိုးတန်းတစ်လျှောက်ရှိ မိုးလေဝသစခန်းများမှ ပေးပို့သော သတိပေးချက်များကို ရေဒါစခန်းက အတည်ပြုနေပြီ။ သူတို့တွေ့နေရသည့် လေမုန်တိုင်းသည် သာမန်လေမုန်တိုင်း မဟုတ်။ အိန္ဒိယ မိုးလေဝသ ပါရဂူများ အဆိုအရ အပြင်းထန်ဆုံးသော ဆိုင်ကလုံး မုန်တိုင်းကြီးဖြစ်သည်။ နာရီဝက်ခန့် အကြာတွင်မူ အသေးစိတ် သတင်းများ ရနေလေပြီ။ ထိုအသေးစိတ် အချက်အလက်များသည် သူတို့၏ စိုးရိမ်မှုကို ကြီးထွားလာစေခဲ့သည်။ ပက်ကျိုပုံသဏ္ဌာန်အဖြူစက် အလယ်ကောင်ရှိ အနက်ပြောက်ကလေးမှာ ဆိုင်ကလုံးမုန်တိုင်း၏ "မျက်စိ" ဖြစ်သည်။ ထိုနေရာသည် ဆိုင်ကလုံး၏ ဗဟိုချက်မဖြစ်သည်။ ဆိုင်ကလုံးမုန်တိုင်း "မျက်လုံး" ကို မြင်နေရသည့်တိုင် ဘေးပတ်ပတ်လည်တွင် အငွေ့လိုလို ဖြူဖြူအရိပ်များကို မြင်နေရကာ တဖြည်းဖြည်းများပြားလာသဖြင့် တစ်ခါတစ်ခါတွင် "မျက်လုံး" ကို သဲကွဲစွာ မမြင်ရတော့ဘဲ မှုန်ဝါးပျောက်ကွယ်



သွားတတ်သည်။ အခြားကြောင့်မဟုတ်။ လေမုန်တိုင်းသည် တန်သန်းဝေါင်းများစွာရှိသော ရေထုကို ယူဆောင်လာသည့်သဘောဖြစ်သည်။

ထိုနေ့မနက်က ရေဒါကြည့်သည့် စက်မှုပညာရှင် ဟာရက်ခါနာသည် တာဝန်ကျသဖြင့် ရေဒါစင်ပေါ်တွင် ရောက်နေသည်။ ခါနာသည် ရေဒီယိုတယ်လီဖုန်းကို ကောက်ကိုင်ကာ မိုးလေဝသနှင့် စလေတေခုံးချုပ်သို့ သတင်းပို့သည်။ ခါနာသည် အိန္ဒိယဆိုင်ကလုံးများ ဖြတ်ကျော်သောဒေသတို့ မြေနှောက်ရာ ဘုံဘေနယ်သားဖြစ်သည်။ ထို့ကြောင့် ရေဒါမျက်နှာပြင်ပေါ်တွင် ပေါ်လာသော လေပွေမုန်တိုင်းများကို အကြိမ်ပေါင်းများစွာ လိုက်ထိန်းကြည့်ခဲ့ဖူးသည်။ သို့ရာတွင် ထိုလေမုန်တိုင်းများ၏ "မျက်လုံး" များပေါ်တွင် ယခုလို နဂါးငွေ့တန်းလို ဖြူဖြူအငွေ့တွေ ထွက်နေသည့် လေမုန်တိုင်းမျိုးကား တစ်ခါမှ မတွေ့ဖူးသေး။ ခါနာသည် သူတွေ့ရှိသည့် အချက်အလက်များကို ဆိုင်ရာသို့ သတင်းပို့ပြီးနောက် မျှော်စင်ပေါ်သို့ တက်လာခဲ့သည်။ မျှော်စင်ပေါ်မှ လှမ်းကြည့်လျှင် ကာလကတ္တားမြို့ကို အပေါ်စီးမှ လှမ်းမြင်ရသည်။ ခါနာသည် ထီးစုတ်ကလေးကို ခေါင်းပေါ် ဆောင်းကာ မိုးရေများကြားမှ မြင်ရသော ရှုခင်းကို လှမ်းကြည့်လိုက်၏။ သံပေါင်ကြီးတွေ ခတ်ထားသည့် ဟောင်ရာတံတားကြီးကို မိုးရေတွေကြားထဲမှာ မြင်ရသည်။ သူ့အနီးတွင်မူ သုခမြို့တော်မှ အမိုးများ၊ လက်ဝဲဘက်တွင်မူ ကာလကတ္တားဘူတာရုံကြီး၏ ပန်းနုရောင် အမိုးခုံးခုံးကြီးကို မြင်ရ၏။ ထိုနောက် လှေသမ္ဗန်တွေ ဆိုက်ထားသည့် မြစ်ဆိပ်၊ ထိုနောက် ကျယ်ပြန့်သည့် မိုင်ဒန်ကွင်းကြီး။ ရှည်လျားလှသည့် စာရေးဆရာအသင်းတိုက် အဆောက်အအုံ။ နောက်ဆုံးတွင် ကာလကတ္တားမြို့တော်ကြီး၏ များပြားလှသော အဆောက်အအုံတို့၏ အမိုးများ၊ လသာဆောင်များ။

ကံကောင်းသည်ဟု ဆိုရမည်။ မုန်တိုင်းတည်းဟူသော ကြောက်မက်ဖွယ် သတ္တဝါကြီးသည် ကာလကတ္တားမြို့ထဲသို့ ရောက်မလာသေး။ ပင်လယ်ပြင်မှာ ရှိနေသေးသည်။ မနေ့ညကတည်းက ကာလကတ္တားမြို့ကြီးကို သဲသဲမဲမဲ ဖျန်းပက်နေခဲ့သော လေနှင့် မိုးတို့သည် ထိုမုန်တိုင်းကြီး၏ ရှေ့ပြေးမျှသာရှိသေးသည်။

* * *

တံငါသည် ဆူဘတ်စ်နစကာသည် အသက် နှစ်ဆယ့်ခြောက်နှစ်သာ ရှိသေးသည်။ သူ့အသက်ရှင်နေခြင်းမှာ ပကတိစိတ်ဖြင့် အလိုမလျှော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားခဲ့ခြင်းကြောင့်ဖြစ်သည်။ သူတို့ရွာထဲသို့ ရေလုံးကြီးတွေ နံရံကြီးတစ်ခုလို ဝင်လာသည့်အခါတွင် နာစကာသည် ထွက်ပြေးခြင်းမပြု။ သူ့ဆီသို့ လာနေသော ဒီရေလှိုင်းလုံး မြင့်မြင့်ကြီးထဲသို ခုန်ဆင်းလိုက်ပြီး ကုန်းပေါ်သို့ ပါသွားသည်။ ထို့နောက်တွင် သူဘာဖြစ်သွားသည်ကို သူကောင်းကောင်း မမှတ်မိတော့။ သတိရ၍ ကြည့်လိုက်သည့်အခါတွင် သူသည် သူ့ရွာမှ ခြောက်မိုင်ခန့်ဝေးသည့် ဘုရားကျောင်း တစ်ကျောင်းရှိ ပြတင်းပေါက်ကို တွယ်ဖက်မိလျက်သား ဖြစ်နေသည်ကို တွေ့ရသည်။ သူ့အနီး ပတ်ဝန်းကျင်တွင် အပျက်အစီး တွေချည်း။ အသက်မသေ ကျန်ရစ်သူဆို၍ သူတစ်ယောက်တည်းသာ ရှိသည်။ အချိန်က မနက် ၁၀နာရီ။ လည်နေသောဂျင်ကြီးသည် ကမ်းခြေကို ဝင်ဆောင့်နေလေပြီ။

တကယ့်ငရဲလေ။ ရေနှင့် မီးတို့၏ ငရဲကြီး။ ပထမတွင် ကြီးမားသော မျက်လုံးကြီးတစ်ခု ဆင်းလာသကဲ့သို့ ပတ်ဝန်းကျင် တစ်ခုလုံးသည် လင်းထိန်သွားကာ ကောင်းကင်တစ်ခုလုံးသည် မျက်စိကျိန်းလုမတတ် တဝင်းဝင်း တလျှပ်လျှပ်ဖြစ်နေသည်။ တိမ်တိုက်များတွင်ရှိသည့် လျှပ်စစ်ဓာတ်တို့ ပွတ်တိုက်မိရာမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ သည်လောက်ပြင်းထန်၍ သည်လောက် ကြောက်ဖွယ် ကောင်းသော လောင်မီးကြီးကို သူတို့တစ်သက်တွင် တစ်ခါမျှ မတွေ့စဖူး။ ထိုလောင်မီးကြီးကြောင့် အလျား မိုင်တစ်ရာ့နှစ်ဆယ်၊ အနံမိုင် သုံးဆယ်ခန့် ကျယ်သော ဒေသအတွင်းရှိ သစ်ပင်ထိပ်ဖျားများ အားလုံးသည် လောင်ကျွမ်း ညှိုးခြောက်သွားကြသည်။ ထို့နောက် ပင်လယ်ကြီးသည် ပွက်ပွက်ဆူလာကာ လှိုင်းတို့သည် နံရံကြီးပမာ အလျားလိုက် ပြေးတက်လာကာ ကုန်းပေါ်သို့ ရောက်လာကြသည်။ လေအားနှင့်အညီ ပြင်းစွာတက်လာသော ဒီရေအားတို့ကြောင့် အိမ်များ၊ တဲများ၊ သစ်ပင်များသည် ထောင်းထောင်း ညက်ညက် ကြေပျက်သွားကြသည်။ အမှုန့်ဖြစ်သွားကြသည်။ ကောက်ကွေး တွန့်လိမ်သွားကြသည်။ တံငါလှေများသည် လေထဲတွင် မြောက်တက်သွားကြကာ အဝေးမိုင်ပေါင်းများစွာသို့ ရောက်သွားကြသည်။ ဘတ်စ်ကားများ၊ မီးရထားတွဲများသည် ကောက်ယူလွှင့်ပစ်လိုက်သော ကောက်ရိုးမျှင် ကလေးများ ပမာ ကောက်ရိုးထုံးများသဖွယ် မြောက်တက်သွားကြပြီး အဝေးသို့ လွှင့်စဉ်သွားကြသည်။ လူနှင့် ကျွဲနွား တိရစ္ဆာန်ထောင်ပေါင်းများစွာရှိသော ကုန်းမြေတစ်ဝိုက်သည် ပင်လယ်ရေငန်၊ သဲ၊ ရွှံ့၊ အပျက်အစီး၊ အသေကောင်များနှင့် ပြည့်နှက် ဖုံးလွှမ်းနေတော့သည်။ စက္ကန့် အနည်းငယ်အတွင်း၌ လူသုံးသန်း မိုတင်းနေ



ထိုင်ပြီး ဝွါတီမာလာ နိုင်ငံလောက်ကြီးသည့် နယ်မြေတစ်ဝိုက်သည် မြေပုံပေါ်မှ ချက်ချင်းပျောက်သွားသည်။

အခြားလူထောင်ပေါင်းများစွာကဲ့သို့ မုန်တိုင်းကြီး၏ ပြင်းထန်သော စီးကြောင်းအလယ်တွင် ရောက်နေသည့် ဂို့ရှ်နှင့် သူ့မိသားစုသည် ကုန်းကလေး တစ်ခုပေါ်တွင်ရှိသည့် ပလီတစ်ခုကြောင့်သာလျှင် အသက်ရှင် ကျန်ရစ်ခဲ့ကြခြင်းဖြစ်သည်။

"နောက်ဆုံးတော့ ကျွန်တော့် မိန်းမနဲ့ ကလေးတွေက ကျွန်တော့်ကို ဆွဲထားကြတယ်၊ ကျွန်တော်ကလဲ သူတို့ကို အတင်းဆွဲပြီး တောင်ကုန်းကလေးဆီ ကို ရောက်အောင် အတင်းလာရတယ်၊ ကျွန်တော်တို့ ရောက်တော့ ပလီထဲမှာ လူတွေ ပြည့်နေပြီလေ၊ ဒါနဲ့ ပလီနားရောက်တော့ ကျွန်တော်က ပြတင်းပေါက် သံတိုင်ကို ဆွဲတက်တယ်၊ တစ်ဖက်ကလဲ မိန်းမနဲ့ ကလေးကို လှမ်းဆွဲထားရ သေးတယ်၊ အဲဒီနေ့က တစ်နေ့လုံးနဲ့ တစ်ညလုံး အဲဒီပြတင်းပေါက် ပေါင် ကလေးပေါ်မှာ တွဲလောင်းခိုနေကြရတယ်၊ နောက်တစ်နေ့ မနက်ရောက်တော့ ပလီပေါ်မှာ အသက်ရှင် ကျန်ရစ်ခဲ့တဲ့ လူဆိုလို့ နှစ်ဆယ်လောက်ပဲ ကျန် တော့တယ်"

ကြောက်ဖွယ် လေမုန်တိုင်းကြီး တိုက်နေသည်မှာ ဆယ်နာရီမျှ ကြာသည်။ နောက်ဆုံးတွင် မုန်တိုင်းသည် ပင်လယ်ပြင်ဘက်ဆီသို့ ပြန်ထွက်သွားသည်။ နောက်နှစ်ရက် အကြာတွင် ဂို့ရှ် မိသားစုများ၊ ကျန်ရစ်သူများသည် အတွင်း ဘက် မိုင်သုံးဆယ်ကွာ ကင်းနင်းမြို့ကလေးသို့ ရောက်လာခဲ့ကြသည်။ မျက်တွင်းတွေ ဟောက်လျက်။ ဆာလောင်မွတ်သိပ်လျက်။ လဲကျမသွားရန် တစ်ယောက်ကို တစ်ယောက်တွဲလျက်။ သူတို့အားလုံး အိပ်ပျော်ရင်း လမ်း လျှောက်နေကြသူများပမာ ဝဲယာကိုလည်း မကြည့်။ သူတို့သည် အပျက်အစီး တွေ ပြည့်နေသည့် နေရာများကိုဖြတ်ကာ မိုင်ပေါင်းများစွာ ခြေကျင်လျှောက် လာခဲ့ကြသည်။ နေရာတကာတွင် မကြာခဏဆိုသလို အလောင်းများကို တက်နင်းမိပြီး လဲကျကြသည်။ ကင်းနင်းရှိ ဆေးပေးခန်းကလေးတွင် ရှိနေသည့် သူနာပြု ဆရာမသည် ထိုဒုက္ခသည်များ၏ မြင်ကွင်းကို ဘယ်တော့မှ မမေ့ပျောက်နိုင်ဖွယ် မရှိတော့။

"ဟို...မိုးကုတ်စက်ဝိုင်းမှာ တရွေ့ရွေ့လာနေတဲ့ ဒုက္ခသည် လူအုပ်ကြီး မြင်လိုက်ရတော့ စိတ်မကောင်းလိုက်တာရှင်၊ အဝေးကြီးက မြင်ရတာတောင်

www.burmeseclassic.com



သူတို့ကို ကြည့်ရတာ စိတ်မချမ်းသာစရာကြီး။ တစ်ချို့က အိုးခွက်ကလေးတွေကို ထုပ်ပြီး ခေါင်းပေါ်မှာ ရွက်လို့။ တစ်ဖက်က ကလေးကိုချီ။ တစ်ဖက်က ဒဏ်ရာရတဲ့ လူတွေကို တွဲခေါ်လာရသေးတယ်။ တစ်ချို့လဲ မိဘတွေ ရေနစ်သေခဲ့ကြတဲ့လူနဲ့၊ သားသမီးရေနစ်သေခဲ့တဲ့လူနဲ့၊ လင်တို့ မယားတို့ ရေနစ်သေခဲ့ကြတဲ့ လူနဲ့၊ အသေအပျောက်မရှိတဲ့ မိသားစုရယ်လို့ မရှိသလောက်ဘဲ၊ သူတို့အားလုံးဟာ ကလေးတွေ ရေနစ်သေခဲ့တာ၊ အိမ်တွေ ရေအောက်ရောက်သွားတာ၊ လယ်ကွင်းတွေ ရေအောက်ရောက်သွားတာကို မြင်ခဲ့ကြရတယ်လေ"

* * *

ထိုမုန်တိုင်းကြီး၏ ပမာဏသည် ဘယ်မျှကြီးမားသည်ကို ကာလကတ္တားမြို့ကြီးသည် ကောင်းကောင်း မသိသေး။ သုံးရက်ကြာမှသာ သိကြတော့သည်။ မုန်တိုင်းကြီးကြောင့် တယ်လီဖုန်းတိုင်တွေ၊ ကြိုးတွေ၊ ကြေးနန်းဆက်သွယ်ရေး လမ်းကြောင်းတွေ၊ မော်တော်ကား လမ်းမတွေ၊ ရေကြောင်း သွားလာရေးယာဉ်တွေ ပျက်စီးကုန်ကြသည်။ အာဏာပိုင်များသည် ထိုမုန်တိုင်းကြီးအတွက် ကြိုတင် သတိပေးခြင်း၊ ကြေညာခြင်း မပြုနိုင်ခဲ့သည့်အတွက် သူတို့အပေါ်တွင် တာဝန်ရှိမည်ကို စိုးရိမ်သဖြင့် အပျက်အစီး စာရင်းကို ရုတ်တရက် ကြေညာခြင်း မပြုသေး။ ပထမဆုံး ထုတ်ပြန်သည့် ကြေညာချက်တွင် အပျက်အစီး စာရင်းကို အနည်းငယ်မျှသာ ဖော်ပြခြင်း ပြုသည်။ ထိုလေမုန်တိုင်းသည် သာမန်လေမုန်တိုင်းတစ်ခုသာ ဖြစ်ကြောင်း၊ ထိုမုန်တိုင်းမျိုးသည် အိန္ဒိယပြည် ကမ်းရိုးတန်းတစ်လျှောက်တွင် နှစ်တိုင်း ကြုံတွေ့ရတတ်ကြောင်းဖြင့် ဖော်ပြသည်။ ထိုဒေသတစ်ဝိုက်ကို အပြင်လူများလာရောက်ကြည့်ရှုမည် စိုးသည့်အတွက် ရဲများ၊ အစောင့်များချ၍ ပိတ်ထားသည်။

ထွက်ပြေးလာသည့် ဒုက္ခသည်များထံမှ သတင်းများကို ကြားသိရသည့်အခါတွင်မှ အားလုံး ထိတ်လန့် တုန်လှုပ်ကုန်ကြသည်။ သတင်းစာများမှာ အဆိုးဆုံးဖြစ်သည်။ အချို့သတင်းစာများက လူပေါင်းတစ်သောင်းမှ နှစ်သောင်းအထိ သေဆုံးသည်ဟု ရေးကြသည်။ ကျွဲနွားပေါင်း ငါးသောင်းခန့် ရေနစ်သေဆုံးသည်ဟု အချို့ ရေးကြသည်။ အိမ်ခြေပေါင်း နှစ်သန်းခွဲခန့် ပျက်စီးသည်ဟု တချို့ကဆိုကြသည်။ အချို့ကလည်း လယ်မြေဧက တစ်သန်းခန့် ပျက်စီးကြောင်း၊ ရေကာတာမိုင်ပေါင်း တစ်ထောင့်ငါးရာခန့် ကျိုးပျက်သွားကြောင်း ရေတွင်းပေါင်း သုံးလေးထောင်ခန့် ပျက်စီးသွားကြောင်းဖြင့် အမျိုးမျိုး ရေးကြသည်။ စနစ်ကျသော ကယ်ဆယ်ရေးလုပ်ငန်းများ မရှိသောကြောင့် ငတ်မွတ်ခြင်း၊ ရေရှားခြင်း၊ အအေးမိခြင်းတို့ကြောင့် လူပေါင်းနှစ်သန်းခန့် သေသေးနှင့် ကြုံနေရကြောင်းဖြင့် ဆိုကြသည်။



ကမ္ဘာတွင် ကပ်ရောဂါဖြစ်စေ၊ သဘာဝ ကပ်ဆိုးများဖြစ်စေ ကျရောက်လာသည်နှင့် မည်သည့် နေရာတွင်မဆို ကယ်ဆယ်ရေးလုပ်ငန်းနှင့် ဆက်သက်၍ အငြင်းအခုံဖြစ်ရသည်များ ရှိသည်။ အချင်းချင်း သဘောကွဲလွဲရသည်များ ရှိသည်။ ဆင်းရဲလွန်းလှသည့် ထိုနေရာမျိုးလောက် ကယ်ဆယ်ရေးလုပ်ငန်း အရေးတကြီး လိုအပ်နေသည့် နေရာမျိုးဟူ၍ ကမ္ဘာတွင် တခြားရှိမည်မထင်။ သို့ရာတွင် ကာလကတ္တားနှင့် ဒေလီအာဏာပိုင်တို့သည် ကယ်ဆယ်ရေး လုပ်ငန်းကို တော်တော်နှင့် မလုပ်နိုင်ကြသေး။ သုံးရက်ကြာမှ သူတို့ ကယ်ဆယ်ရေး လုပ်ငန်းကို စတင်လုပ်ဆောင်နိုင်ကြသည်။

ထိုသုံးရက်အတွင်း၌ အစိုးရမဟုတ်သည့် အခြားပုဂ္ဂိုလ်များသည် လုပ်စရာရှိသည်တို့ကို ကောက်ကာငင်ကာ လုပ်ကြသည်။ ဘင်္ဂလီသူတော်စင်တစ်ဦးဖြစ်သည့် ရာမကရိသျှဏမစ်ရှင်မှ ဘုန်းတော်ကြီးများသည် ဟိန္ဒူနှင့် အခြားသော လူမျိုးများ အချင်းချင်းကြားတွင် မေတ္တာတရား ကရုဏာတရားပွားများကြရန် လိုက်လံ ဆော်ဩကြသည်။ သူတို့သည် ဒေလီ၊ မဒရပ်နှင့် ဘုံဘေမြို့တို့မှ အမြန်ရောက်လာကြကာကယ်ဆယ်ရေးလုပ်ငန်းများကို စတင် လုပ်ဆောင်ကြသည်။ ပျက်စီးသည့် ဒေသတစ်ဝိုက်ကို စောင့်ကြပ်နေသည့် ရဲများက သူတို့အား မုန်တိုင်းတိုက်သည့် ဒဏ်ခံရသည့် ဒေသထဲသို့ ဝင်ခွင့်ပြုလိုက်ကြသည်။ ဖိနပ်မပါသည့် အလ္လာဒါန၏ တမန်တော်များဖြစ်သော သူတို့တစ်တွေသည် မုန်တိုင်းဒဏ်ခံရသည့် ဒေသထဲသို့ ဝင်ရောက်လာကြကာ ကျန်ရစ်သူများကို လိုက်ရှာကြသည်။ မိဘမဲ့ကလေးများကို ကယ်ဆယ်လာခဲ့ကြသည်။

သူတို့တစ်တွေ လုပ်ပုံနှင့် ပတ်သက်၍ အသက်သုံးဆယ့်ငါးနှစ်ခန့်ရှိ အမျိုးသမီးတစ်ယောက်က ဤသို့ပြောသည်။

"အစတုန်းကတော့ သူတို့ကို တစ်ကယ့်သူတော်စင်တွေလို့ ထင်ခဲ့တာပါရှင်၊ တစ်ယောက်ကတော့ ခင်ဗျားသမီးအတွက် ဘာမှ စိတ်မပူနဲ့၊ ဖွန်တော်စောင့်ရှောက်ထားမယ်တဲ့၊ ခင်ဗျားလုပ်စရာရှိတာကိုသာ လုပ်တဲ့၊ ဒီအတော

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ ကျွန်တော်တို့ အလုပ်ရှာပေးထားမယ်တဲ့၊ နှစ်လလောက်ဆိုရင် ငွေလေးငါးရာစုပြီးဆောင်းပြီးတာနဲ့ အိမ်ကိုပြန်ပို့ပေးမယ်တဲ့၊ လောလောဆယ် မှာလဲ ခင်ဗျားသုံးဖို့ ငွေတစ်ရာ ယူသွားဦးတဲ့၊ ကျေးရူးတင်လိုက်တာရှင် မောင်မင်းကြီးသားတွေရဲ့ ကျေးဇူးကြီးပါပေတယ်ဆိုပြီး ကျွန်မ သူတို့ ခြေရင်း မှာထိုင်ပြီး ဦးသုံးကြိမ်ချမိတယ်၊ သမီးလေးကိုလဲ သူတို့နဲ့ ထည့်လိုက်တယ်"

သို့ရာတွင် ထိုအမျိုးသမီးသည်လည်း အခြားသော လေဘေးဒုက္ခသည်များ နည်းတူ သူ့သမီးငယ်ကို နောက်ထပ်မတွေ့ရတော့။ ဘုန်းကြီးဟန်ဆောင်လာ သူများသည် ပြည့်တန်ဆာခေါင်းများဖြစ်ကြောင်းကို သူမသိ။

သို့ရာတွင် ကာလကတ္တားမြို့သူမြို့သားများ၊ အထူးသဖြင့် ဆင်းရဲ သားရပ်ကွက်ရှိ လူများ၊ စေတနာရှင်များကြောင့် လေဘေးဒုက္ခသည်များအဖို့ တော်သေးသည်ဟုဆိုရမည်။ မက်စ်သည် မြို့သူမြို့သားများ၏ စေတနာကို ဘယ်တော့မျှ မေ့နိုင်မည်မဟုတ်တော့။ လေဘေးသတင်းကို ကြားသည်နှင့် လူထောင်ပေါင်းများစွာတို့သည် ဆေးရုံများ၊ အလှူခံဌာနများ၊ လေဘေးဒုက္ခသည် စခန်းများ၊ ကျန်းမာရေးဌာနများ၊ ကလပ်များ၊ ပလီများ၊ ဆေးပေးခန်းများသို့ အပြေးအလွှားရောက်လာကြကာ စောင်တစ်ထည်၊ အဝတ်တစ်ခု၊ ဖယောင်း တစ်တိုင်၊ ဆန်တစ်ဘူး၊ ဆီတစ်ဇွန်း၊ သကြားတစ်ခဲ၊ ရေနံဆီတစ်ပုလင်း၊ မီးထည့်သည့်နွားချေးတစ်ခဲ စသဖြင့် တတ်နိုင်သမျှ ယူလာကြသည်။ အမျိုး အမည်မသိသော အဖွဲ့အစည်းများစွာတို့သည် စက်တပ်ယာဉ်များ၊ ဆိုက်ကား များ မော်တော်ကားများ၊ တက္ကစီများ၊ လက်တွန်းလှည်းများဖြင့် ကယ်ဆယ်ရေး ပစ္စည်းများကို လိုက်လံအလှူခံကာ လာရောက် ပို့ပေးကြသည်။ ဘုရားရှိခိုး ကျောင်းများ၊ ဘာသာရေးအသင်းများ၊ သမဂ္ဂများ၊ ခရစ်ယာန်ဂိုဏ်းများက စုဆောင်း လှူဒါန်းကြသည်။ ထိုအဖွဲ့အစည်းများ၏ လှူပ်ရှားဆောင်ရွက်ပုံသည် အိန္ဒိယပြည်ရှိ ဘဝအမျိုးမျိုးမှ လှုပ်ရှားမှုများကို ဆက်စပ်ရေးထားသည့် မိုးဆေး ပန်းချီကားကြီး တစ်ချပ်နှင့် တူနေသည်။ ကိုဗာစကီး၊ မက်စ်၊ အရှူ တိုတယ်၊ မာဂရက်တာ၊ ဆာလာဒင် စသည့် သုခမြို့တော်ရှိ ကူညီရေး အသင်းဝင်များသည် ထိုကိစ္စတွင် အားတက်သရော ပါဝင် လှုပ်ရှားကြသည်။ ထိုတို့အထဲတွင် ဆွံ့အ, နားမကြား ဖြစ်နေသည့် ဖွန်ပါတစ်ယောက်ပင် ပါလိုက်သေးသည်။ သူတို့က ဆန်၊ နို့မှုန့်၊ ဆေးဝါး၊ စောင်နှင့် ရွက်ဖျင်တဲများ ကို ထရပ်ကား တစ်စီးတိုက်စာရှာပေးသည်။ ယင်းတို့မှာ ဖခင်ကြီးနှင့်



အမေရိကန်ပြည်ရှိ မက်စ်၏ ဖခင်တို့က လှူဒါန်းခြင်းဖြစ်သည်။ သို့ရာတွင် သူတို့ပစ္စည်းများကို လေဘေးဒေသသို့ သွားရောက် မပို့နိုင်။ စာရွက်ကလေး တစ်ရွက်က တားဆီးထားသည်။ ထိုစာရွက်ကလေးမှာ အာဏာပိုင်တို့ထံမှ ခွင့်ပြုချက် လက်မှတ်ကလေး တစ်စောင်ဖြစ်သည်။ မက်စ်နှင့် ကိုဗာစကီးသည် ထိုသီတင်းတစ်ပတ်လုံး တစ်ရုံးမှ တစ်ရုံးသို့ ပြေးကာ ထိုလက်မှတ်ကလေးကို ရအောင် လိုက်ကြသည်။ သို့ရာတွင် သူတို့ မျှော်လင့်သလို လွယ်လွယ်နှင့်မရ။ မျက်နှာဖြူတွေ ဖြစ်နေသဖြင့် သူတို့ကို သင်္ကာမကင်း အကြည့်ခံကြရ သည်။ ဤတွင် မက်စ်သည် ကြံဖန်ပြောရတော့သည်။

"ကျွန်တော်တို့က မာသာထရီဇာနဲ့ အလုပ်လုပ်နေတဲ့ လူတွေပါ"

ကိုဗာစကီးကလည်း လိုက်၍ ခေါင်းညိတ်သည်။

"ဩော် ဟုတ်လား၊ ဒီလိုဆိုရင် သွားသွား"

ဆိုင်ရာအစောင့်က သူတို့ကို ဝင်ခွင့်လက်မှတ် စာရွက်ကလေးကို လက်မှတ်ထိုးပေးလိုက်သည်။

မြစ်ဝကျွန်းပေါ်က လမ်းခရီးသည် အောက်ဆုံးထပ်ငရဲသို့ သွားရသည့် လမ်းနှင့် တူသည်။ ကာလကတ္တားမြို့တော်နှင့် ဆယ်မိုင်ခန့်ကွာပြီး လမ်း တစ်လျှောက်လုံးမှာ ရွှံ့ဗွက်တွေချည်းဖြစ်သည်။ လမ်းတစ်လျှောက်လုံးတွင် ပြိုလဲပျက်စီးနေသော အိမ်တွေကိုချည်း မြင်ရသည်။ သူ့အသားမည်းနှင့် မလိုက်သည့် ဦးပေါင်းနီကို ပေါင်းထားသည့် ဒရိုင်ဘာသည် ရေခဲလျှောစီး ပြိုင်သူတစ်ယောက်လို ရွှံ့ဗွက်တွေ ဒရစပ်ပေါက်နေသည့် လမ်းတစ်လျှောက်တွင် မော်တော်ကားကို ကျင်လည်စွာ မောင်းလာခဲ့သည်။ ပါးစပ်မှ ကျိန်ဆဲသည်။ ဘာရိတ်ကို နင်းသည်။ ကိုယ်မှ ချွေးယိုစီးသည်။ စက်ခေါင်းထိ ရောက်နေသည့် ရေတွေထဲတွင် လေးလံသည့် ထရပ်ကား ဘီးကြီးများသည် အမြဲလိုလို ချော် နေကြသည်။ ခဏကြာလျှင် လေဘေး ဒုက္ခသည်အုပ်ကြီးများကို ထင်ထင်ရှားရှား စ၍ မြင်ရလေပြီ။

"ဒုက္ခသည်တွေမှာ ထောင်သောင်းချီပြီး ရှိမယ်ထင်တယ်။ သူတို့အားလုံး ရင်ဆို့လောက် ရေထဲမှာ ရောက်နေကြတယ်။ ကလေးတွေကို ပခုံးပေါ် တင်လို့။ တချို့ကလည်း အိမ်ထုပ်တန်းတွေမှာ ခြောက်ရက်လုံးလုံး တွယ် တက်ပြီး ကယ်ဆယ်မယ့်သူ အလာကို စောင့်နေကြတယ်။ အားလုံး သိမ်းသည်း

www.burmeseclassic.com

www.burmeseclassic.com



မစားရ၊ ရေလည်း မသောက်ကြရဘူး။ ကျွန်တော်တို့ကားလာတာမြင်တော့ ထုပ်တန်းတွေပေါ်က ရေထဲကို ခုန်ဆင်းလာပြီး ကျွန်တော်တို့ကားဆီ ပြေးလာကြတယ်။ ကားပေါ်ကို အတင်းလုတက်ကြတယ်။ ကျွန်တော်တို့က ကားပေါ်ကို မတက်ဖို့၊ ကျွန်တော်တို့မှာ ပစ္စည်းပါတဲ့အတွက် ပြန်ဆင်းဖို့၊ ဆေးဝါးတွေနဲ့ ရောက်လာတာလို့ ပြောပေမယ့် အချည်းနှီးပဲ။ နောက်တော့ မနည်းပြောယူတော့မှ ကျွန်တော်တို့ ကားပေါ်က ဆင်းပေးပြီး ကားကို ဆက်သွားခွင့်ပြုလိုက်ကြတယ်။ ကျွန်တော်တို့ ကားဟာ ရေထဲမှာ စမ်းပြီး မောင်းလာခဲ့တယ်။ ခဏနေတော့ ကားစက်ထဲ ရေတွေဝင်ပြီး ကားလည်း ရပ်သွားတယ်။ ရှေ့ဆက်မောင်းလို့ မရတော့ဘူး။ ဒီတွင် ကျွန်တော်တို့တစ်တွေမှာပါလာတဲ့ ရော်ဘာလှေတွေကို ချပြီး အဲဒီလှေတွေပေါ်မှာ ပစ္စည်းတွေ တင်တယ်။

"အဲဒီတော့ ညရောက်နေပြီ။ ကျွန်တော်တို့ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းလို့။ မီး၊ ရေဆိုလို့ တစ်ချက်မှ မရှိဘူး။ အဲ ပိုးစုန်းကြူးတွေထလက်တဲ့ အရောင်ထဲမှာတော့ ကျိုးပဲ့နေတဲ့ သစ်ပင်တွေ၊ ပြိုပျက်နေတဲ့ အိမ်တွေကို ရေးရေးမြင်ရတယ်။ ချုံတွေပေါ်မှာလဲ လေမုန်တိုင်းကြောင့် ရွှံ့တွေ၊ သဲတွေဖုံးလို့။ အစိမ်းရောင်ဆိုလို့ ဘာမှမရှိတော့ဘူး။ ဓာတ်ကြိုးတွေ ပြတ်ကျလို့ ဓာတ်လိုက်သေတာတွေကလဲ မနည်းဘူး။ ဒီတုန်းမှာ အမှောင်ထဲက ဗုံသံတွေ၊ အော်သံတွေကို ကြားရတယ်။ လေဘေး ဒုက္ခသည်တွေဟာ ကုန်းမြင့်ကလေးတစ်ခုပေါ်မှာရှိတဲ့ ရွာကလေးတစ်ရွာထဲမှာ ဝင်ခိုပြီး ကယ်ဆယ်မယ့် သူတွေအလာကို စောင့်နေကြတယ်။ ကျွန်တော်တို့မှာ ဘာတွေပါလာမှန်းမသိ။ ဘယ်သူတွေမှန်းလဲ မသိပေမယ့် သူတို့ကို ကယ်ဆယ်ဖို့ ရောက်လာတဲ့ လူတွေဆိုပြီး ဝမ်းသာလို့ မဆုံးကြဘူး။ ကျွန်တော်တို့ကို မှူလာကြီးတစ်ယောက် လာကြိုပြီး ပလီတဲတစ်ခုထဲကို ခေါ်သွားတယ်"

မက်စ်က သူ့အိမ်သို့ အထက်ပါအတိုင်း စာရေးသည်။

ထိုညတွင် ရွာထဲသို့ ခြေချလိုက်သည်နှင့် ဆရာဝန်ဖြစ်သော မက်စ်သည် ထူးခြားသည့် အချင်းအရာတစ်ခုကို သတိပြုလိုက်မိသည်။ သူတို့ ရောက်လာသည့် အတွင်းမှာ သူတို့ထံသို့ ဝမ်းသာအားရ ပြေးလာသည့် ကလေးငယ်များ၏ ဝမ်းဗိုက်များဖြစ်သည်။ သူတို့ ဝမ်းဗိုက်များမှာ ရှုထွက်ယောင်းကိုင်းလျက်ရှိကာ ဝမ်းဗိုက်တစ်ခုလုံး သန်ကောင်များ ပြည့်နှက်နေခြင်းပင်ဖြစ်သည်။ ထိုအထဲတွင် ကိုဗာစကီးသည် ထူးခြားသည့် မိန်းမတစ်ယောက်ကို သတိပြုလိုက်မိ



သည်။ ထိုမိန်းမသည် ကလေးငယ် တစ်ယောက်ကို ရင်ခွင်တွင် ပိုက်ထားကုန်းကလေး တစ်ခုပေါ်တွင် ရပ်နေသည်။ ထိုအမျိုးသမီးငယ်သည် ညည်းတွားခြင်းလည်း မရှိ။ တောင်းပန် တိုးလျှိုးခြင်းလည်းမပြု။ ကျောက်ရုပ်တစ်ရုပ်လို အပျက်အစီးပုံတွေ ကြားထဲတွင် မားမားမတ်မတ် ရပ်နေသည်။ ကမ္ဘာကြီးတစ်ခုလုံးရှိသည့် ဆင်းရဲဒုက္ခ အပေါင်းတို့သည် သူ့မျက်နှာပေါ်တွင်လာ၍ အရုပ်ရေးထားသကဲ့သို့ ရှိတော့သည်။ ဣန္ဒြေကြီးလှသော သူ့ဟန်ပန်သည် အချိန်ကာလ၏ အပြင်ဘက်၊ အချိန်ကာလ၏ အလယ်ဗဟို၌ ရပ်တန့်နေသကဲ့သို့ရှိသည်။ ထို မိခင်ပျိုသည် အစမရှိသော အနာဒိကာလကြီး အဆုံးမရှိသော အနန္တကာလကြီးတစ်ခုလုံး ထိုအတိုင်းပင် ရပ်နေတော့မည်လောဟု ထင်ရတော့သည်။ ဟုတ်သည်။ ထိုကလေးငယ်နှင့် မိခင်ပျိုသည် ဘင်္ဂလီမိခင်ပျိုဖြစ်သည်။ ဒုက္ခဆင်းရဲတို့ဖြင့် ကြုံတွေ့လိုက်ရသော ထိုနှစ် နာတာလှေကာလ၏ သင်္ကေတဖြစ်သည်။

ကိုဗာစကီးသည် ထိုရှုခင်းကို ကြည့်၍ အံ့အားသင့်နေသည်။

သူသည် အရာအားလုံးကို မြင်ခဲ့ဖူးသည်ဟု ထင်ခဲ့သည်။ အရာအားလုံးကို ခွဲဝေ ခံစားခဲ့ပြီးပြီဟု ထင်ခဲ့သည်။ အရာအားလုံးကို နားလည်ခဲ့ပြီးပြီဟု ထင်ခဲ့သည်။ အပြစ်ကင်းမဲ့သူတို့၏ ဒုက္ခအပေါင်းတို့နှင့် ပတ်သက်၍ သူသိခဲ့ပြီးပြီ။ နားလည်ခဲ့ပြီးပြီ။ သူမျှဝေခံခဲ့ပြီးပြီဟု ထင်ခဲ့သည်။ ကမ္ဘာတွင် အစွန့်ပယ်ခံရဆုံး၊ လျစ်လျူအပြုခံရဆုံး၊ အငြင်းပယ်ခံရဆုံးသော ထိုလူများကို သနားကြင်နာတော်မူသော ဘုရားသခင်သည် အဘယ်ကြောင့် ထိုမျှသော ဆင်းရဲဒုက္ခအပေါင်းတို့ကို ခံစားရန် လျစ်လျူပြုခဲ့သနည်း။ ဘုရားဝတ်ကျောင်းအဆောင်ဆောင်တို့တွင် ထွန်းညှိပူဇော်ခဲ့သည့် အမွှေးတိုင်များမှ အမွှေးနံ့များသည် အပြစ်မဲ့သောသူများ အနီးမှ မရဏ၏ အနံ့အသက်ကို အဘယ့်ကြောင့် လွှင့်စဉ်အောင် ဖယ်ရှားခြင်း မပြုခဲ့ပါသနည်း။

ဟုတ်သည်။မရဏ၏ အနံ့။ ထိုနေရာတစ်ဝိုက်မှ အလောင်းများအလုသေကောင်များကို ဖယ်ရှားရန် ငွေကြေးမြောက်မြားစွာပေး၍ ဆိုင်ရာတို့က ခိုင်းလိုက်သော်လည်း အစိုးရက လွှတ်လိုက်သည့် သူဘရာစာများသည် နှစ်ရက်နှင့် တစ်ပိုင်းသာ လုပ်ပြီးနောက် ထွက်ပြေးကုန်ကြသည်။ ထိုမျှ များပြားသော လူသေ အလောင်းများထဲမှ မည်သူသည် ဟိန္ဒူ၊ မည်သူသည် မူဆလင်ဟု မည်သို့ ရွေးထုတ်နိုင်မည်နည်း။ မည်သူ့ကို မီးသင်္ဂြိုဟ်၍ မည်သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



မြေမြှုပ်ရသည်ဟု မည်သို့ခွဲခြားနိုင်မည်နည်း။ အကျဉ်းထောင်တစ်ခုမှ အကျဉ်းသားများအား ဆုလာဘ်ပေး၍ ထိုအလောင်းကောင်များကို ဖယ်ရှားခိုင်းသည့်တိုင် သူတို့လည်း ကြာကြာမလုပ်နိုင်ကြ။ နောက်ဆုံးတွင် အစိုးရက စစ်သားများကို လွှတ်လိုက်သည်။ စစ်သားများတွင် မီးကျည်များ ပါလာခဲ့ကြသည်။ ထိုမီးကျည်များဖြင့် အဝေးမှ ပစ်ဖောက်၍ အလောင်းများကို မီးရှို့ကြရသည်။ အလောင်းတို့ကို မီးရှို့သည့် အနံ့ကြီးသည် ကာလကတ္တားမြို့ အထိပင် ရောက်လာသည်။

ယခုမူ အသက်ရှင် ကျန်ရစ်ခဲ့သူများကို ကယ်ဆယ်ရဦးမည်။ ကိုဗာစကီးနှင့် အပေါင်းအသင်းများသည် မိုင်ပေါင်းများစွာ ကျယ်ဝန်းသည့် ရေလွှမ်းဘေးကြီးသည့် ဒေသထဲတွင် လေးပတ်လုံးလုံး ဒုက္ခသည်များကို လိုက်လံရှာဖွေကြသည်။ သူတို့သည် ဒုက္ခသည် အစုများ တစ်စုပြီး တစ်စုထံ သွားရောက်ကာ ကာကွယ်ဆေးများကို ထိုးပေးကြသည်။ မကျန်းမာသူ တစ်သောင်းငါးထောင်ခန့်ကို ဆေးဝါးကုပေးခဲ့ကြသည်။ ကလေးငယ်နှစ်သောင်းခန့်ကို ဆေးထိုးပေးခဲ့ကြသည်။ ရိက္ခာထုပ် နှစ်သောင်းငါးထောင်ခန့်ကို ဝေငှပေးကြသည်။ ထိုမျှသော ပစ္စည်းတို့သည် ပင်လယ်ကြီးထဲတွင် ရေတစ်ပေါက်ချသည့်နှယ်သာ ရှိသည်။ သို့ရာတွင် ထိုရေတစ်ပေါက်သည် ထိုနေရာသို့ မရောက်လျှင် အလဟဿ ဖြစ်ရမည့် ရေ, တစ်ပေါက်ဖြစ်သဖြင့် ရောက်သံလောက် အမြတ်ဟုပင် သဘောထားရတော့သည်။ သူတို့ ပစ္စည်းများ ဝေငှပြီးနောက် သုခမြို့တော်သို့ ပြန်မည့် မနက်တွင် ဒုက္ခသည်များက သူတို့အတွက် နှုတ်ဆက်ပွဲကလေးတစ်ခု ကျင်းပသည်။ သူတို့တွင် ဘာမျှကျန်ရစ်ခဲ့ခြင်းမရှိ။ သူတို့ အိုးအိမ် ပစ္စည်းနှင့် လယ်ယာတို့သည်ပင် အားလုံး ရေအောက်သို့ ရောက်ခဲ့ကြပြီ။ သို့တိုင် ထိုလူများသည် သူတို့ကို လာရောက် ကယ်ဆယ်ခဲ့သည့် ကျေးဇူးရှင်များအား ကျေးဇူးတင်ကြောင်း ပြသနိုင်ကြသေးသည်။ သူတို့ကို ဖြေဖျော် က,ပြနိုင်ကြသေးသည်။ သူတို့ကို သီဆို က, ပြနိုင်ကြသေးသည်။ ကျေးဇူးတရားနှင့် ပျော်ရွှင်မှုကို ထုတ်ဖော်ပြ,သနိုင်ကြသေးသည်။ သူတို့ကို ကြည့်၍ "ဒုက္ခတို့သည် များမြောင်ကြီးကျယ်ပါပေ၏။ သို့ရာတွင် လူသားသည်ကား ထိုဒုက္ခဆင်းရဲတို့ထက် ကြီးကျယ်ပေ၏" ဆိုသည့် ဘင်္ဂလီ စာဆိုကြီး တဂိုး၏ စာကို ကိုဗာစကီး အမှတ်ရမိသေးသည်။ အခမ်းအနားပြီးဆုံးသည့် အခါတွင် အဝတ်အစား စုတ်စုတ်ပြတ်ပြတ် ဝတ်ထားသည့် ကလေးမလေး တစ်ယောက်က အားလုံးကိုယ်စား ကိုဗာစကီးကို လက်ဆောင်တစ်ခုပေးသည်။ သူတို့သည်



အခြားသော ဘာသာဝင်များဖြစ်သည့်တိုင် ခရုစ်ကလေးဖြင့် လုပ်ထားသည့် လက်ဝါးကပ်တိုင် တစ်ခုကို ပေးခြင်းဖြစ်သည်။

ကလေးမကလေးက လက်ရေးခပ်သော့သော့ဖြင့် စာရွက်ကလေးတစ်ရွက်ကိုလည်း ပေးသည်။ ကိုဗာစကီးသည် ထိုစာရွက်ကလေးကို ဖတ်ကြည့်လိုက်၏။

"သင်တို့အား ကောင်းချီးမင်္ဂလာဖြစ်စေသောဝ်။ သင်တို့သည် လွန်ခဲ့သော တွင် အားလုံး ဆုံးရှုံးချိန်၌ ကျွန်ုပ်တို့အား လာရောက် ကူညီခဲ့ကြ၏။ လွန်ခဲ့သော တို့နှလုံးသားထဲတွင် မျှော်လင့်ချက် အလင်းရောင်တို့ ဆိတ်သုဉ်းချိန်၌ သင်တို့သည် ကျွန်ုပ်တို့ကို လာရောက် ကူညီခဲ့ကြပေ၏။ သင်တို့သည် ငတ်မွတ်သူတို့ကို ကျွေးမွေးခဲ့၏။ အဝတ်အစား မရှိသူတို့ကို အဝတ်ဆင်ပေးခဲ့၏။ ဒုက္ခဆင်းရဲ ရောက်သူတို့ကို ဂရုစိုက်ခဲ့ကြ၏။ သင်တို့ ကျေးဇူးကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဇာတိကို ပြန်လည် ရရှိခဲ့ကြ၏။

"ယခုအချိန်မှစ၍ သင်တို့သည် ကျွန်ုပ်တို့၏ ရင်းချာသော မိတ်ဆွေများဖြစ်ခဲ့ကြပြီ။ သင်တို့ ထွက်ခွာသွားသဖြင့် ကျွန်ုပ်တို့ ဝမ်းနည်းခြင်း ဖြစ်ရပါ၏။ ကျွန်ုပ်တို့၏ ထာဝရ ကျေးဇူးစကားကို အစဉ်ဖော်ပြပါ၏။ ဘုရားသခင်သည် သင်တို့အား အသက်ရာကျော်ရှည်ရန် မှိုင်းမပါစေဟု ကျွန်ုပ်တို့ ဆုတောင်းလိုက်ပါသည်၊ လေဘေးဒုက္ခသည်များ" ဟု ပါရှိသည်။

ထိုသဘာဝကပ်ဘေးကြီးဆိုက်ပြီး တစ်ပတ်အကြာ တစ်မနက်တွင် သုခမြို့တော်နှင့် ကာလကတ္တားမြို့ရှိ ရပ်ကွက်များ အားလုံးသည် ထူးထူးခြားခြား လှုပ်လှုပ်ရွရွဖြစ်လျက်ရှိ၏။ မက်စ်သည် ဗြောက်အိုးဖောက်သံများနှင့် အော်သံများကြောင့် အိပ်ရာမှ လန့်နိုးလာခဲ့ကာ အပြင်သို့ ထွက်လာခဲ့သည်။ သူ့အိမ်နီးချင်းများသည် က, ခုန်လျက်။ တေးဆိုလျက်။ လက်ခုပ်သြဘာတီးလျက်။ အော်ဟစ်လျက်။ ကလေးငယ်များက အော်ဟစ်မြူးတူးကာ တစ်ယောက်ကိုတစ်ယောက် လိုက်တမ်း ပြေးတမ်း ကစားနေကြသည်။ တစ်ယောက်ကို တစ်ယောက် မုန့်တွေ၊ သကြားလုံးတွေ ဝေငှကာ လက်ဖက်ရည်ဖြင့်တည်ခင်း ဧည့်ခံနေကြသည်။ လူငယ်များက ဗြောက်အိုးများကို အိမ်ခေါင်မိုးများပေါ်သို့ ပစ်တင် ဖောက်နေကြသည်။ ယနေ့တွင် ဧည့်ခံပွဲတော်မျှရှိသည်ဟု တစ်ခါမျှ ပြောသံမကြားစဖူး။ ဘာကြောင့် ထိုမျှ ပျော်ရွှင်မြူးတူးနေကြသည်ကို မက်စ် စဉ်းစား၍မရ။ ထိုစဉ် လက်ထဲတွင် ဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ထုံးထို ကိုင်ကာ သူ့ထံပြေးလာနေသော ဗန်ဒိုနာကို လှမ်းမြင်လိုက်ရသည်။ အသယ်သူ့ စိန်းမပျို ကလေးအား ထိုမျှ ရွှင်လန်းမြူးတူးနေသည်ကို သူတစ်ခါမျှ မမြင်ဖူးသေး။ သူ့မျက်လုံးများသည် တစ်လက်လက် တောက်ပလျက်။ အနီးသို့ရောက်လာသည့် အခါတွင် ဗန်ဒိုနာက အမောတကော ပြောသည်။

“ဆရာကြီး၊ ဆရာကြီး၊ ဘာမှ မကြားသေးဘူးလား၊ ခု ကျွန်မတို့နိုင်ငံ ပြီ၊ ကျွန်မတို့လဲ ဆရာကြီးတို့လို အားကြီးတဲ့ နိုင်ငံတစ်ခုဖြစ်လာပြီ။ ဆရာကြီးတို့လို၊ အင်္ဂလိပ်တွေလို၊ တရုတ်တွေလို၊ ရုရှားတွေလို ကျွန်မတို့ထဲ နိုင်ငံကြီးဖြစ်လာပြီလေ၊ ကျွန်မတို့လယ်တွေအတွက် တူးမြောင်းတွေ ဖောက်ပြီး ရေသွယ်နိုင်တော့မယ်၊ တစ်နှစ်ကို သီးထပ်တွေ အများကြီးစိုက်နိုင်တော့မယ်။ ကျွန်မတို့ ဆင်းရဲသား ရပ်ကွက်တွေမှာ မီးရောင်တွေ ထိန်ထိန်ဝေတော့မယ်။ ကျွန်မတို့တစ်တွေ မတောင့်မတ၊ မကြောင့်မကြ စိတ်တိုင်းကျ ဝဝစားနိုင်တော့ မယ်၊ ကျွန်မတို့ ဘာစ်တွေ ရှေ့လျှောက် မဆင်းရဲတော့ဘူး၊ ချမ်းသာတော့မယ်။ ဒီနေ့မနက်တွင် ကျွန်မတို့ ခေါင်းဆောင် အင်ဒိရာဂန္ဒီက ရေဒီယိုက ကြေညာ သွားတယ်၊ ကျွန်မတို့ရဲ့ ပထမဆုံး အဏုမြူဗုံးကို ဖောက်ခွဲစမ်းသပ်လို့ အောင်မြင်သွားပြီတဲ့”

* * *

# နိဂုံး

ဤစာအုပ်တွင် မှတ်တမ်းတင်ထားသည့်အဖြစ်အပျက်များ ပြီးသည့်နောက် သုခမြို့တော်တွင် နေထိုင်သူများ၏ နေထိုင်မှု အခြေအနေများမှာ အထောက်အတန့် တိုးတက်လာခဲ့ပါပြီ။ တစ်နေ့တွင် လူငယ် ပြင်သစ် ကျောင်းဆရာမတစ်ဦး သုခမြို့တော်သို့ ရောက်သွားခဲ့သည်။ ထိုဆရာမလေးသည် ပြင်သစ်ပြည်သို့ ပြန်ရောက်သည့်အခါတွင် သုခမြို့တော်တွင် သူတွေ့ခဲ့ရပုံများကို သူ့တပည့်များ အား လိုက်လှဲစွာ ပြောပြသည်။ တပည့်များသည် သူတို့ ဆရာမလေးပြော သည့် စကားများကြောင့် လွန်စွာ စိတ်ထိခိုက်ခြင်းဖြစ်ကာ သုခမြို့တော်မှ ဆင်းရဲသားများကို ကူညီရန်အတွက် အသင်းကလေးတစ်သင်းကို ဖွဲ့ကြသည်။ ထို့နောက် မိမိတို့ရှာဖွေရရှိသည့် ရန်ပုံငွေများ၊ ပစ္စည်းများကို သုခမြို့တော်ရှိ အပြန်အလှန် ကူညီရေး ကော်မတီသို့ ပို့ပေးသည်။ မကြာမီ သူတို့ အသင်း ကလေးသည် အသင်းဝင်သုံးရာခန့် ဖြစ်လာခဲ့သည်။ မကြာမီ ပြင်သစ် မဂ္ဂဇင်းတစ်စောင်ထဲတွင် ဆောင်းပါးတစ်ပုဒ်ပါလာသဖြင့် အသင်းဝင်ဦးရေသည် ဆယ်ဆတိုးလာခဲ့သည်။ နောက်တစ်နှစ်အကြာတွင် ဆောင်းပါးတစ်စောင်ကြောင့် အသင်းဝင်ဦးရေသည် နှစ်ဆတိုးလာပြန်သည်။

ထို့နောက်တွင် အိန္ဒိယပြည်ကို ချစ်သည့် ပြင်သစ်လူငယ်နှစ်ယောက် တို့က သုခမြို့တော်တွင် သွားရောက် နေထိုင်ကာ ဝိုင်းဝန်းကူညီခဲ့ကြသဖြင့် သုခမြို့တော်ရှိ အပြန်အလှန် ကူညီရေး ကော်မတီသည် ခွန်သစ်အားသစ်တွေ တိုးလာခဲ့သည်။ ဥရောပမှ ပေးပို့သည့် ရန်ပုံငွေများ၊ အလှူငွေများဖြင့် သုခ မြို့တော်ရှိ ကော်မီဝင်တို့သည် သုခမြို့တော်တွင် ဆေးပေးခန်းများ၊ မကျန်းမာ သော ကလေးငယ်များအတွက် ဂေဟာများ၊ ကိုယ်ဝန်ဆောင် စောင့်ရှောက် ရေးဌာနများ၊ အသက်ကြီးသူများနှင့် မရှိဆင်းရဲသူများအတွက် စားမြိန်ရိပ်သာ များ၊ လူငယ်များအတွက် သင်တန်းကျောင်းများ၊ လူကြီးများအတွက် စက်မှုပညာသင်ပေးသည့် ဝပ်ရှော့များ စသည်တို့ကို ထူထောင်ပေးခဲ့ကြသည်။ အဆုတ်ရောဂါ ရှာဖွေရေးနှင့် ကာကွယ်ဆေးများထိုးရန် လှုထုတို ဆောင်ကြခဲ့ ကြသည်။ ထိုလုပ်ငန်းများသည် တဖြည်းဖြည်းကျယ်ပြန့်လာခဲ့ကာ ထောင်ချီ ဆင်းရဲနွမ်းပါးလှသော ဘင်္ဂလားပြည်နယ်အနှံ့အပြားတွင် တူးမြောင်းများ

www.burmeseclassic.com



ဖောက်ခြင်း၊ ရေတွင်းများ တူးပေးခြင်းစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်လာနိုင်ခဲ့သည်။

ဘင်္ဂလားပြည်နယ်အစိုးရနှင့် ကာလကတ္တား မြူနီစီပယ်တို့သည်လည်း သူတို့တတ်နိုင်သလောက် ဝိုင်းဝန်းကူညီပါသည်။ ယခုအချိန်တွင် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် လူဆင်းရဲရပ်ကွက်များတွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို လုပ်နေလေပြီ။ သုခမြို့တော်ထဲက လမ်းကြားလမ်းမြောင်ကလေးများကို လမ်းခင်းပြီးလေပြီ။ တချို့ လမ်းများကို ရေမဝင်အောင် ဖို့ပြီးလေပြီ။ ယင်လုံအိမ်သာများကိုလည်း တူးပြီးလေပြီ။ အဝီစိတွင်းများကို တူးပြီးလေပြီ။ အချို့သောနေရာ တော်တော်များများတွင် လျှပ်စစ်မီးများကိုလည်း သွယ်ပြီးလေပြီ။ ဤတိုးတက်မှုများသည် ကြိုတင် မျှော်မှန်းထားခြင်းမရှိသော ရလဒ်များကိုလည်း ယူဆောင်လာခဲ့သည်။ သုခမြို့တော်ထဲက လမ်းမများပေါ်သို့ လန်ချားများ၊ တက္ကစီများ ဝင်ထွက်လာနိုင်သဖြင့် သုခမြို့တော်ထဲက ကုန်သည်ကလေးတွေ၊ လက်မှု လုပ်ငန်းရှင် ကလေးတွေ၊ အရောင်းအဝယ် လုပ်ငန်းကလေးတွေ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြသည်။ တကယ်ပြောရလျှင် သုခမြို့တော်သည် ကာလကတ္တားမြို့၏ အချက်အချာနေရာ၊ ဟောင်းရာတံတားကြီးနှင့် ဘူတာကြီးရှိရာနှင့် ဆိုလျှင် ဘာမျှမဝေး။ ဆယ်မိနစ်လောက် လျှောက်လိုက်လျှင် ရောက်သွားသဖြင့် ဆယ့်ငါးမိုင်၊ မိုင်နှစ်ဆယ်ဝေးသည့် မြို့စွန်ကလူချမ်းသာရပ်ကွက်တွေ၊ လူနေရပ်ကွက်တွေထက် အများကြီး ကောင်းသည်။ သို့ဖြင့် သုခမြို့တော်ထဲတွင် အခန်းခ၊ အိမ်ခတို့သည် ရုတ်ခြည်းတိုးတက်သွားကာ ရွှေပေါင်လုပ်ငန်းသည်လည်း ဖွံ့ဖြိုးလာခဲ့သည်။ ဤသို့ဖြင့် သုခမြို့တော်၏ စီးပွားရေးအခြေအနေသည်လည်း ပြောင်းလဲသွားခဲ့သည်။ ဤတွင် အချို့သော စီးပွားရေးသမားတို့ကလည်း မြေယာများကို ဝယ်၍ တိုက်တာအိမ်ခြေသစ်တွေ ဆောက်ကြသည်။ အချို့နေရာများတွင် သုံးထပ်လေးထပ်တိုက်တွေ နေ့ချင်းညချင်း ပေါ်လာကြသည်။ ဤတွင် နဂိုဌာနေတို့မှာ တခြားနေရာသို့ ပြောင်းရွှေ့ကြရသည်။

အခြေအနေသစ်တွင် ပထမဆုံးသားကောင် ဖြစ်ရသူများမှာ ကိုယ်ရေပြားရောဂါသည် များဖြစ်သည်။ ဘင်္ဂလားပြည်နယ်တွင် အစိုးရပြောင်းသဖြင့် သုခမြို့တော်ထဲက လူမိုက်ခေါင်းဆောင်အဖို့လည်း သူယခင်ကရရှိနေခဲ့သည့် ထောက်ခံမှုမျိုးကို မရတော့ဘဲ ဖြစ်သွားသည်။ သို့ရာတွင် သုခမြို့တော်တွင် နောက်ထပ် လူမိုက်ဂိုဏ်းတစ်ဂိုဏ်းပေါ်လာပြန်ကာ ထိုဂိုဏ်းမှ လူမိုက်များက



ကိုယ်ရေပြားရောဂါသည်များကို အတင်းပြောင်းခိုင်းခဲ့သည်။ ကိုယ်ရေပြားရောဂါသည်များသည် တစ်စုံတစ်ရာကန့်ကွက် ဆူပူခြင်း မပြုဘဲ အသာအယာပင် ထွက်ခွာသွားခဲ့ကြသည်။

အန်န္ဒာတို့ မိသားစုနှင့် ကိုယ်ရေပြားရောဂါသည် တော်တော်များများသည် ကိုဗာစကီး၏ ဆောင်ရွက်ပေးမှုကြောင့် သီလရှင်ထရီဇာ၏ ဂေဟာတွင် ခိုလှုံရာရခဲ့ကြသည်။

ဆိုင်ကလုံးမုန်တိုင်း တိုက်ပြီးသည့်နောက် သုံးပတ်အကြာတွင် အရုဏ်နှင့် ရှန်တာကိုရှီတို့သည် စန္ဒာဗန်တောအနီးရှိ လေမုန်တိုင်းကြောင့် ပျက်စီးနေသော သူတို့ရွာကလေးသို့ ပြန်လာခဲ့ကြသည်။ သူတို့သည် သုခမြို့တော်ထဲတွင် ကြမ်းတမ်းသည့် ဘဝကို တွေ့ခဲ့ရပြီးပြီ။ ထို့ကြောင့် ဒေါင်ကျကျ၊ ပြားကျကျ ခံနိုင်သော ခွန်အားကို သူတို့ရခဲ့ကြပြီ။ ထိုခွန်အား၊ ထိုသတ္တိတို့ဖြင့် သူတို့သည် သူတို့လယ်ကွင်းကို ရှင်းလင်းသည်။ လယ်သမား ဘဝဟောင်းကို ပြန်ခဲ့ကြသည်။ သုခမြို့တော်တုန်းက အေးအတူပူအမျှ ခွဲဝေစားခဲ့ဖူးသော အကျင့်တို့ကြောင့် ရွာသို့ ပြန်ရောက်သည့်အခါတွင်လည်း ဖြစ်သမျှအကြောင်းကို အိမ်နီးချင်း အပေါင်းနှင့်အတူ ခွဲဝေစားနိုင်သော သတ္တိအားမာန်ကို ရခဲ့ကြပြီ။ သူတို့အတွက် အကျိုးကျေးဇူးကို ဆောင်ရွက်ရကောင်းမှန်း သိလာခဲ့ပြီ။

သို့ရာတွင် ဝမ်းနည်းစရာ ကောင်းသည်မှာ ရှန်တာကို မိသားစု၏ နမူနာသည် တစ်ခုတည်းသော နမူနာဖြစ်နေခြင်းပင်ဖြစ်သည်။ ယနေ့ထက်တိုင်အောင် သုခမြို့တော် အိမ်ခေါင်းကလေးတွေထဲမှ ထွက်လာကာ မိမိတို့ ဇာတိသို့ ပြန်လာသူဟူ၍ ရှားလှဘိခြင်း။ သို့ရာတွင် မကြာမီက ဖြစ်ပေါ် တိုးတက်မှုများကြောင့် မျှော်လင့်ချက် နည်းနည်းတော့ ရှိလာသည်။ ဘင်္ဂလားပြည်နယ်က စိုက်ပျိုးရေး ဈေးကွက်သည် တိုးတက်လာခဲ့သဖြင့် ကျေးလက်မှ ကာလကတ္တားမြို့တော်ကြီးသို့ ထွက်ပြေးလာသည့် လူဦးရေ တဖြည်းဖြည်းလျော့လာခဲ့သည်။ ယနေ့ အချိန်တွင် ပြည်နယ်၏ သုံးပုံနှစ်ပုံသော ဒေသများတွင် တစ်နှစ်လျှင် နှစ်သီးထွက်အောင် သီးထပ်စိုက်ပျိုးနိုင်လာခဲ့သည်။ ကျွန်းတစ်ခုမှာ သုံးသီးစိုက်ပင် စိုက်နိုင်လာသည်။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်တုန်းကဆိုလျှင် အိန္ဒိယပြည် အရှေ့တောင်ပိုင်း တစ်ခုလုံးတွင် အလုပ်အကိုင် ရှာဖွေနိုင်သည့် နေရာသည် ကာလကတ္တား တစ်ခုတည်း တစ်နေရာတည်းသာရှိခဲ့သည်။ သို့ရာတွင် ယခု ဩရိဿ၊ ဘိဟာ စသည့် ပြည်နယ်များတွင် စက်မှုလုပ်ငန်းသစ်များ ပေါ်ထွန်းလာခဲ့သဖြင့် ကျေးလက်လူထုသည် ယခင်ကလို ကာလကတ္တား

www.burmeseclassic.com



တစ်မြို့တည်းကို လာရောက်စုရုံးခြင်း မရှိတော့ဘဲ ပျံ့နှံ့သွားခဲ့သည်။ ထို့ကြောင့် နောက်ထပ် ကပ်ဆိုးကြီးတစ်ခုခုသာ ပေါ်ပေါက်ခဲ့ခြင်း မရှိလျှင် ကာလကတ္တားရှိ လူဦးရေကို တည်ငြိမ်အောင် လုပ်နိုင်သော အနေအထားတွင် ရောက်ရှိနေမည် ဖြစ်သည်။ မြို့ကြီးပေါ်တွင် ခိုလှုံနေသည့် ဆင်းရဲသားများကို သူတို့ နေရပ်ရွာများဆီသို့ ပြန်ပို့နိုင်သည့် အနေအထားသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

မက်စ်သည် အမေရိကန်ပြည်ထောင်စုသို့ ပြန်လာခဲ့သည်။ သုခမြို့တော်တွင် နေခဲ့သည့် အကြောင်းကို ပြန်ပြောင်းပြောရာတွင် သူကနှစ်ဆယ်ရာစုနှစ်အတွင်း လူသားတစ်ယောက် ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံ အမျိုးမျိုးတို့အနက် လကမ္ဘာသို့သွားသည့် ခရီးမှလွဲ၍ သုခမြို့တော်သို့ ရောက်ခဲ့ရသည့် အတွေ့အကြုံသည် အလွန်ထူးခြားဆန်းကြယ်သော အတွေ့အကြုံဖြစ်သည်ဟု ပြောသည်။ အခြားသော ဆရာဝန်များနှင့် အမျိုးသမီးများလည်း သုခမြို့တော်မှ နေသူတို့အား ကူညီရန်အတွက် နောက်ထပ် ရောက်လာခဲ့ကြသည်။ မက်စ်အဖို့သော်မူ သုခမြို့တော်တွင် နေထိုင်ရခြင်းကြောင့် အခြားလူများနှင့် ဆက်ဆံရာတွင်လည်းကောင်း၊ ဘဝကို ကြည့်မြင်ရာတွင် လည်းကောင်း အများကြီး ပြောင်းလဲသွားခဲ့သည်။

"သုခမြို့တော်က ကျွန်တော့် ညီတော်နောင်တော်တွေရဲ့ အပြုံးတွေဟာ ကျွန်တော့် ရင်ထဲမှာ ဘယ်တော့မှ ငြိမ်းမှာ မဟုတ်တဲ့ အလင်းရောင်တွေ" ဟု မက်စ် မကြာခဏပြောတတ်သည်။

တစ်နေ့သ၌ ဟာစရီပါး၏ ဇနီးသည် မုဆိုးမဖြစ်သူ အာလောကသည် တံဆိပ်ခေါင်းတွေ အပြည့်ကပ်ထားသည့် အညိုရောင် စာအိတ်တစ်လုံးကို ကိုဗာစကီးထံ ယူလာပြီးပြသည်။

ထိုစာမှာ ပြည်ထဲရေးဌာနမှ စာတစ်စောင်ဖြစ်ကြောင်း ကိုဗာစကီး ချက်ချင်း သိလိုက်ရသည်။ ကိုဗာစကီးသည် ရင်တထိတ်ထိတ်ဖြင့် စာကို ဖောက်ဖတ်လိုက်သည်။

"အိန္ဒိယပြည် အစိုးရသည် ဖော်ပြပါ ကိုဗာစကီးဆိုသူလျှောက်ထားသော နိုင်ငံသားလက်မှတ်ကို ထုတ်ပေးကာ အခွင့်အရေးများနှင့် တာဝန်များ၊ ပိုင်ဆိုင်ခွင့်များကို အပ်နှင်းခံရပြီ ဖြစ်ကြောင်းဖြင့် စာတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသားဖြစ်ပြီတဲ့။ ကိုဗာစကီး၏ ရင်ထဲတွင်မူ သုခမြို့တော်ရှိ နှလုံးသားပေါင်း မြောက်မြားစွာတို့သည် သူ့ရင်ထဲတွင် စုပေါင်းခုန်လျက်ရှိသည်ဟု ထင်သည်။



ကိုဗာစကီးသည် ဝမ်းသာ လွန်းသဖြင့် မျက်လုံးအစုံကို မှိတ်ကာ ဝရန်တာတိုင်ကို မှီထားလိုက်သည်။

အတန်ကြာတော့မှ မျက်လုံးကို ဖွင့်ပြီး သူ့လည်တွင် ဆွဲထားသည့် လက်ဝါးကပ်တိုင် ဆွဲကြိုးကလေးကို သေသေချာချာ ငုံ့ကြည့်သည်။ လက်ဝါးကပ်တိုင်ကလေးပေါ်တွင် သူ့အမေက ရေးထိုးပေးလိုက်သည့် နေ့စွဲနှစ်ခုရှိသည်။ တစ်ခုက စ,မွေးသည့် နေ့စွဲ။ နောက်တစ်ခုက သူသာသနာ့ဘောင်သို့ ဝင်သည့် နေ့စွဲ။

သူ့မျက်လုံးများသည် မှုန်ဝါးသွားကြကာ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာကြသည်။ ပီတိမျက်ရည်၊ ဝမ်းသာ၍ ကျသည့်မျက်ရည်။ လက်ဝါးကပ်တိုင်ပေါ်တွင် လွန်ခဲ့သည့် နှစ်များက သူကိုယ်တိုင် ရေးထိုးခဲ့သည့် အိန္ဒိယအမည်ကလေးတစ်ခုရှိသည်။ သူသည် ထိုအမည်ကလေးရှေ့က ကွက်လပ်ကလေးကို သေချာစွာ ကြည့်နေမိသည်။ ထိုအမည်မှာ "ပရမ္မာနန်" ဟူသော အမည်ဖြစ်ပြီး ဘုရားသခင် ချစ်မြတ်နိုးသူတို့၏ ကောင်းချီးပေးခံရသူဟု အဓိပ္ပာယ် ထွက်သည်။

ဟုတ်သည်။ ထိုအမည်သည် သူနှင့် ဆင်းရဲသူ၊ အနှိမ်ခံရသူ၊ အောက်ကျသူ၊ အဖိနှိပ်ခံရသူ၊ သုခမြို့တော်မှ နင်းပြားများနှင့် သူ့ကို တစ်သားတည်းဖြစ်အောင် ဆက်စပ်ပေးလိုက်သည့် အမည်ဖြစ်သည်။ သူကိုယ်တိုင် ရေးထိုးထားသည့် အမည်ကလေးနောက်တွင် ကိုဗာစကီးသည် အိန္ဒိယမိသားစု ညီနောင်ရင်းချာများနှင့် တစ်သားတည်းဖြစ်သွားသည့် ထိုရက်စွဲကို သည်နေ့ပင် ထပ်၍ ရေးထိုးရပေဦးမည်။

ထိုနေ့သည် သူ့တစ်သက်တွင် တတိယ အရေးကြီးသည့် ရက်စွဲ မဟုတ်လော။ ။


မြသန်းတင့်

www.burmeseclassic.com

www.burmeseclassic.com

# မြသန်းတင့်

## သုခမြို့တော်



အုံ့မှိုင်းကြီးကျယ်၍
အလွန်ပယ်ကြွယ်ဝသော
အိန္ဒိယပြည်
ကာလကတ္တားမြို့ရှိ
သုခမြို့တော်ဟု ခေါ်သော
လူဆင်းရဲ ရပ်ကွက် တစ်ခုမှ
အမှဲ့တကာ့ထွက်ခေါင်
ဖွတ်မင်းနောင်တို့၏
မယုံနိုင်စရာ
မယုံရက်စရာ
အဖြစ်အသနစ်များ

**The City of Joy**

**Dominique Lapierre**

www.burmeseclassic.com